# ဥပဒေသုတေသနနည်းလမ်းများ

# RESEARCH METHODS FOR LAW

ဘာသာပြန် – စံပယ်ခိုင်၊ သစ်မင်းအိမ်

MIKE MCCONVILLE AND WING HONG CHUI (EDITORS)

**Second Edition**

# Research Methods for Law

## Second Edition

Edited by Mike McConville and Wing Hong Chui

Translated to Myanmar language by Sabae Khine and Thit Min Eain.
Edited by May Thida Aung

စံပယ်ခိုင်နှင့် သစ်မင်းအိမ် ဘာသာပြန်၍ မေသီတာအောင် တည်းဖြတ်သည်။

Cover design by Za Mal Din

မျက်နှာဖုံးဒီဇိုင်း - ဇမာဒင်

This Burmese translation is copyrighted and published with the support of DANIDA. All rights relating to Burmese translation are reserved.

Reproduction of this Burmese translation book is subject to the permission of the copyright owner.

Available @ https://kantkawtaw-library.org/available-ebooks

Edinburgh University Press is one of the leading university presses in the UK. We publish academic books and journals in our selected subject areas across the humanities and social sciences, combining cutting-edge scholarship with high editorial and production values to produce academic works of lasting importance. For more information visit our website: edinburghuniversitypress.com

© editorial matter and organisation Mike McConville and Wing Hong Chui 2007, 2017

© the chapters their several authors 2007, 2017

Edinburgh University Press Ltd
The Tun – Holyrood Road
12 (2f) Jackson's Entry
Edinburgh EH8 8PJ

First edition published in 2007

Typeset in 11/13 Ehrhardt by
Servis Filmsetting Ltd, Stockport, Cheshire,
and printed and bound in Great Britain by
CPI Group (UK) Ltd, Croydon CR0 4YY

A CIP record for this book is available from the British Library

ISBN 978 1 4744 0321 4 (paperback)
ISBN 978 1 4744 0425 9 (webready PDF)
ISBN 978 1 4744 0322 1 (epub)

The right of the contributors to be identified as authors of this work has been asserted in accordance with the Copyright, Designs and Patents Act 1988 and the Copyright and Related Rights Regulations 2003 (SI No. 2498).

မာတိကာ

ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းအတွက် စကားချီးနှင့် ကျေးဇူးတင်လွှာ...............................i
ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းအတွက် စကားချီးနှင့် ကျေးဇူးတင်လွှာ...............................ii
နိဒါန်းနှင့် အကျဉ်း ..........................................................................................................၁
စာအုပ်၏ ရည်ရွယ်ချက်များ...........................................................................................၂
ဥပဒေသုတေသနပုံစံများ ................................................................................................ ၅
စာအုပ်၏ ဖွဲ့စည်းတည်ဆောက်ပုံ ........................................................................................ ၁၁
ထပ်မံဖတ်ရှုရမည့် စာအုပ်စာတမ်းများ.............................................................................. ၁၉
မှတ်စုများ .....................................................................................................................၂၃
အခန်း (၁) အရည်အသွေးအခြေပြုသုတေသနဟာန် ဥပဒေသုတေသန............................... ၂၆
နိဒါန်း ........................................................................................................................ ၂၆
အယူအဆအခြေပြုသုတေသန ........................................................................................၃၀
အယူအဆအခြေပြုမဟုတ်သောသုတေသန ........................................................................၃၂
အယူအဆအခြေပြုသုတေသနသည် အရည်အသွေးအခြေပြု ဖြစ်ပါသလား?.................. ၃၄
အယူအဆအခြေပြုသုတေသနနည်းစနစ် ..........................................................................၃၇
အယူအဆအခြေပြုမဟုတ်သောသုတေသန- ပြဿနာများ၊ မူဝါဒ နှင့် ဥပဒေပြုပြင်ပြောင်းလဲရေး.............................................................................................၅၄
သုံးသပ်ချက်.................................................................................................................၆၃
ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ............................................................၆၅
မှတ်စုများ ....................................................................................................................၆၇
အခန်း (၂) အရေအတွက်အခြေပြုဥပဒေသုတေသန.........................................................၁၂၂
နိဒါန်း ........................................................................................................................၁၂၂
အရေအတွက်အခြေပြုသုတေသနအား မည်သည့်အတွက်ကြောင့် လေ့လာပါသလဲ?...... ၁၂၅

အရေအတွက်အခြေပြုသုတေသနဒီဇိုင်းရှိ အဆင့်များ ......................................................... ၁၃၁

အချက်အလက်ကောက်ယူသည့် အဓိက နည်းစနစ်များ......................................................... ၁၄၁

အချက်အလက်များ ခွဲခြမ်းစိတ်ဖြာဆန်းစစ်သည့် နည်းလမ်းများ ............................................ ၁၄၉

အရေအတွက်အခြေပြုသုတေသနနှင့် ဆက်စပ်သည့် ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များ ....... ၁၅၁

ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ.................................................... ၁၅၂

မှတ်စုများ ........................................................................................................ ၁၅၃

အခန်း (၃) လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ သုတေသန ပြုခြင်း – ဖြစ်ရပ်အခြေပြု လေ့လာမှုမှရရှိသည့် သင်ခန်းစာ များ ............................................................................ ၁၅၉

နိဒါန်း ............................................................................................................ ၁၅၉

သုတေသန၏ နောက်ခံအကြောင်းအရာ ................................................................ ၁၆၂

သုတေသနမေးခွန်း ဖော်ထုတ်ခြင်း........................................................................ ၁၆၅

မည်သည့်အချိန်တွင် မည်သည့်နေရာ၌ အင်တာဗျူးမေးမြန်း မည်ကို ဆုံးဖြတ်ခြင်း ........ ၁၆၈

အရည်အသွေးအခြေပြုအင်တာဗျူးမေးမြန်းခြင်း........................................................ ၁၇၀

လက်လှမ်းမီရန် စေ့စပ်ညှိနှိုင်းခြင်း........................................................................ ၁၇၃

သုတေသန၏ တက်တက်ကြွကြွ အင်တိုက်အားတိုက်ရှိသည့် သဘောသဘာဝ............. ၁၇၆

အချက်အလက်များအား အကောင်ဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း.............................. ၁၈၃

သုံးသပ်ချက်........................................................................................................ ၁၈၄

ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ.................................................... ၁၈၅

မှတ်စုများ ........................................................................................................ ၁၈၆

အခန်း (၄) ပညာရပ်စုံ ချိတ်ဆက်လေ့လာခြင်းဖြင့် ဥပဒေသုတေသန ပြုခြင်း .................. ၁၈၈

နိဒါန်း – နည်းလမ်း ရရှိခြင်း! .............................................................................. ၁၈၈

‘ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု’ ........................................................................ ၁၉၂

စံနမူနာပြု ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုနှင့် သုံးပွင့်ဆိုင် ချိတ်ဆက်မှု ........................ ၂၀၅

သာခေက (၃) ရပ် ........................................................................................ ၂၁၈

နိဂုံးချုပ်ရသော် သင်အနေဖြင့် သဘောပေါက်နားလည်ပါသလား? .............................. ၂၄၄

ထပ်မံ ဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ .................................................. ၂၄၅

မှတ်စုများ ........................................................................................................ ၂၄၆

အခန်း (၅) အမှုစစ်ဆေးခြင်းလုပ်ငန်းစဉ် နှိုင်းယှဉ်ဆက်စပ်လေ့လာ ခြင်းတွင် သဘောတရားနှင့် နည်းလမ်းပေါင်းစပ်ခြင်း.............................................................................................. ၂၅၉

နိဒါန်း ............................................................................................................ ၂၅၉

သဘောတရားရေးရာစိန်ခေါ်မှု ................................................................................ ၂၅၉

နောက်ခံအကြောင်းအရာပုံစံတူပြုခြင်း ...................................................................... ၂၇၀

နည်းလမ်း ........................................................................................................ ၂၇၅

နောက်ခံအကြောင်းအရာနှိုင်းယှဉ်လေ့လာမှု .............................................................. ၂၈၀

အကဲဖြတ်ခြင်း .................................................................................................. ၂၉၃

ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ...................................................... ၂၉၇

မှတ်စုများ ........................................................................................................ ၂၉၈

အခန်း (၆) နှိုင်းယှဉ်လေ့လာမှုအခြေပြုဥပဒေ ............................................................ ၂၈၄

နိဒါန်း ............................................................................................................ ၂၈၄

ကိုလံဘီယာလက်တွေ့စမ်းသပ်မှု-နှိုင်းယှဉ်လေ့လာသူ၏ ချဉ်းကပ်နည်း........................ ၂၈၇

စိတ်ကူးဉာဏ်အခြေပြု နှိုင်းယှဉ်ဥပဒေ ...................................................................... ၂၉၉

ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ......................................................၃၀၄

မှတ်စုများ ........................................................................................................၃၀၅

အခန်း (၇) လူမှုရေးရာဥပဒေလေ့လာမှုများနှင့် ဥပဒေသုတေသနရှိ သုတေသနဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့် ဂုဏ်သိက္ခာ..........................................................၃၅၃

နိဒါန်း ............................................................................................................၃၅၃

ကျင့်ဝတ်လား လိုက်နာရမည့် စည်းမျဉ်းလား?........................................................၃၅၄
ကျင့်ဝတ်ဆိုတာ ဘာလဲ? ........................................................................................၃၅၇
ကျင့်ဝတ်ကို မည်သို့ထိန်းသိမ်းသနည်း? .....................................................................၃၅၈
ကျင့်ဝတ်ဆိုင်ရာ အဓိက ပြဿနာရပ်များ .................................................................. ၃၆၂
ကျင့်ဝတ်ဆိုင်ရာပြဿနာများအား တုံ့ပြန်ဆောင်ရွက်ခြင်း .........................................၃၇၈
သုတေသနကျင့်ဝတ်ထိန်းသိမ်းရေးကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း .........၃၇၉
သုံးသပ်ချက်.........................................................................................................၃၈၀
ကျေးဇူးတင်လွှာ .................................................................................................၃၈၁
ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ......................................................၃၈၁
မှတ်စုများ ..........................................................................................................၃၈၅
အခန်း (၈) ဘရာဇီးနိုင်ငံရှိ မြေယာမဲ့များ၏ အခွင့်အရေးလှုပ်ရှားမှုအား သုတေသနပြုခြင်း .၃၅၃
နိဒါန်း ...............................................................................................................၃၅၃
ဘရာဇီးနိုင်ငံရှိ အစိုးရနှင့် မြေယာမဲ့များ၏ လှုပ်ရှားမှုအကြောင်း သုတေသနပြုခြင်း၏ နိုင်ငံရေး ..........................................................................................................၃၅၄
သုတေသနစီမံချက် ရေးဆွဲခြင်း.............................................................................၃၆၀
လေးစားလိုက်နာမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောင့်တက်ခြင်း - ပဋိပက္ခကြုံတွေ့ရသည့် လက်တွေ့ကွင်းဆင်း လုပ်ငန်းရှိ လိုအပ်သည့် သဘောထားဆန္ဒ..................................၃၈၁
အမျိုးစုံလင်ကွဲပြားမှုမှ ခြုံငုံသုံးသပ် ကောက်ချက်ချခြင်း ..........................................၃၈၃
သုံးသပ်ချက်.........................................................................................................၃၈၈
ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ..................................................... ၃၉၂
မှတ်စုများ .......................................................................................................... ၃၉၂
အခန်း (၉) လက်တွေ့မျက်မြင်အခြေပြုဥပဒေပညာရပ် ကြီးစိုးမှုအား ငြင်းပယ်ခြင်း-ပညာရှင် ရေးသားသောစာတမ်း ရွေးချယ်ခြင်း၊ သုတေသနပြုခြင်းနှင့် ပိုမိုကောင်းမွန်သော ရေးသားခြင်း နည်းလမ်းတစ်ခု ............................................................................................................၄၀၃

ခေတ်ပြိုင်လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသန၏ ကြီးစိုးမှုအား မလိုလားနိုင်မှု အကြောင်း....................................................................................................၄၀၄
ဥပဒေတွင် ရှာဖွေတွေ့ရှိသောအချက်များ ...................................................................၄၀၅
အစဉ်အလာဥပဒေ အယူအဆအခြေပြု ဝေဖန်ချက် ......................................................၄၀၆
ခေါင်းစဉ်တစ်ခုရွေးချယ်ခြင်း ........................................................................................၄၀၉
ထုတ်ဝေရန်နေရာ- ဥပဒေဂျာနယ်တစ်ခု ရွေးချယ်ခြင်း ...............................................၄၁၀
စာရေးသူနှင့်သက်ဆိုင်သည့် ကျင့်ဝတ်အကြောင်းခံများကို ပျက်ကွက်ခြင်း သို့မဟုတ် မှုန်ဝါးစေခြင်း – ဉာဏဆိုင်ရာ မရိုးဖြောင့်မှုရှိ အကြောင်းမသင့်သော ဖက်ရှင်သစ်တစ်ခု .၄၁၁
နောက်ခံအကြောင်းအရာ ဥပဒေချဉ်းကပ်နည်းလမ်းမှ ဥပဒေ စာတမ်းရေးသားခြင်းဆီသို့၄၁၂
နိုင်းယှဉ်လေ့လာမှုချဉ်းကပ်နည်းလမ်း-ဥပဒေပြုပြင်ပြောင်းလဲရေး ကော်မရှင်စံနမူနာပုံစံများ ...................................................................................................................၄၁၄
ပညာရပ်ဆိုင်ရာစာတမ်း ရေးသားခြင်းအတွက် သိုမှီးရာ-သင့်ဘာသာရပ်၏ သဘောတရား တစ်ခု ......................................................................................................................၄၁၆
ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက် ရေးသားခြင်း သာဓကများ......................၄၁၈
သုံးသပ်ချက်–ဥပဒေဆိုင်ရာစိတ်ကူးစိတ်သန်းတစ်ခု ဖွံ့ဖြိုး တိုးတက် အောင် ပြုလုပ်ခြင်း ၄၃၂
ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ...................................................... ၄၃၂
မှတ်စုများ ...................................................................................................................၄၃၃
အခန်း (၁၀) အပြည်ပြည်ဆိုင်ရာဥပဒေအားသုတေသနပြုခြင်း .......................................၄၄၀
ဥပဒေအကယ်ဒမီနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ..........................................................၄၄၀
အပြည်ပြည်ဆိုင်ရာဥပဒေရှိသုတေသနနည်းလမ်းများ .................................................၄၄၁
ဓလေ့ထုံးတမ်း .............................................................................................................၄၄၇
ယေဘုယျသဘောတရားများ .........................................................................................၄၅၇
တရားရေးဆိုင်ရာဆုံးဖြတ်ချက်များ ..............................................................................၄၆၃
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ .......................................၄၆၉

စည်းနှောင်အားနည်းသည့်ဥပဒေ....................................................................................၄၇၃
ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ....................................................................၄၇၄
မှတ်စုများ ..............................................................................................................................၄၇၅
အခန်း (၁၁) လက်တွေ့မျက်မြင်အခြေပြုနည်းစနစ်နှင့်သဘောတရား၏ဖွံ့ဖြိုးတိုးတက်မှု...၄၈၃
နိဒါန်း ....................................................................................................................................၄၈၃
ကနဦးစူးစမ်းရှာဖွေခြင်း ...........................................................................................................၄၈၃
သုတေသနနိုင်ငံရေး ..................................................................................................................၄၉၀
ယေဘုယျပြုနိုင်သောသုတေသနသင်ခန်းစာအချို့ ...................................................................... ၄၉၂
နိုင်ငံခြားသားတစ်ဦးအနေဖြင့် သုတေသနပြုခြင်း ......................................................................၄၉၄
အချက်အလက်မှ သီအိုရီဆီသို့ ..................................................................................................၄၉၇
ချဲ့ထွင်ထားသောသီအိုရီ.............................................................................................................၅၀၂
ရှုမြင်ချက်များအကျယ်ဖွင့်ခြင်း ......................................................................................................၅၀၆
သုံးသပ်ချက်.................................................................................................................................၅၀၉
အဆုံးသတ်မှတ်စု .........................................................................................................................၅၁၁
ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ...................................................................... ၅၁၂
မှတ်စုများ .....................................................................................................................................၅၁၃
ပါဝင်ရေးသားသူများမှတ်တမ်း ......................................................................................................520
ဝေါဟာရအဓိပ္ပာယ်.........................................................................................................................527

# ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းအတွက် စကားချီးနှင့် ကျေးဇူးတင်လွှာ

ဤစာအုပ်အား ဒုတိယအကြိမ်ထုတ်ဝေရာတွင် ရရှိနိုင်သမျှ သုတေသနနည်းလမ်းများဖြစ်သည့် ဥပဒေကို တိတိကျကျလိုက်နာသည့်နည်းလမ်း၊ လက်တွေ့မျက်မြင် အခြေပြုနည်းလမ်း၊ ဥပဒေအားနှိုင်းယှဉ်သည့်နည်းလမ်းနှင့် သဘောတရား ရေးရာအခြေပြုသည့်နည်းလမ်းတို့ကို အဆင့်တိုင်းရှိ ဥပဒေကျောင်းသားများအား ခိုင်ခိုင်မာမာလက်လှမ်းမီ အထိအတွေ့ရရှိစေရန် ရည်ရွယ်သည်။ ခက်ခဲသော်လည်း စေ့ဆော်မှုပေးနိုင်သောနည်းဖြစ်ရန် မျှော်လင့်ပါသည်။ ကျောင်းသားများ လေ့လာသင်ကြားနေစဉ်အတွင်း လက်တွေ့မျက်မြင်အခြေပြုရှုထောင့်၊ ဥပဒေကို တိတိကျကျလိုက်နာသည့်ရှုထောင့် စသည့်ရှုထောင့်ပေါင်းစုံနှင့် ထိတွေ့လာစေရန် မျှော်လင့်ထားသည်။ လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသန၊ အပြည်ပြည်ဆိုင်ရာ ဥပဒေသုတေသနနှင့် ဥပဒေအား နှိုင်းယှဉ်သုတေသနပြုခြင်းများအပြင် အယူအဆအခြေပြု သုတေသနတို့ကို လက်ခံကျင့်သုံးသည့် သုတေသနနည်းစနစ်များနှင့် နည်းစနစ်ပိုင်းဆိုင်ရာ အကြောင်းအရာများ၏ မတူကွဲပြားသည့် အမြင်များကိုလည်း ပေးစွမ်းပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဥပဒေနှင့် လူမှုရေးသိပ္ပံများမှ လိုက်လျောညီထွေ ပြုပြင်ထားသည့် သုတေသနနည်းလမ်းမျိုးစုံကို လက်တွေ့ကွင်းဆင်း သုတေသနပြုလုပ်ခြင်းတွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာတရားစီရင်ရေး၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဥဇာပစ္စည်း မူပိုင်ခွင့်ဥပဒေစသည့် တရားဥပဒေဆိုင်ရာ ဖြစ်စဉ်များအား စုံစမ်းဖော်ထုတ်ခြင်းတို့တွင်လည်းကောင်း ကနဦးမိတ်ဆက်ပေးခဲ့သည်။ ဥပဒေသုတေသနနှင့် သုတေသနကျင့်ဝတ်များတွင် ပညာရပ်စုံချိတ်ဆက် လေ့လာမှုဆိုင်ရာ အခန်းအသစ်များတိုးချဲ့ခြင်းဖြင့် စာအုပ်အား ပြင်ဆင်တည်းဖြတ် ထားပါသည်။

စာအုပ်၏ အဓိက ရည်ရွယ်ချက်မှာ ဥပဒေနယ်ပယ်အသီးသီးနှင့် ဆက်စပ်၍ မရှိမဖြစ်လိုအပ်သော သုတေသနနည်းစနစ်များ၊ ချဉ်းကပ်နည်းများနှင့် နည်းလမ်းအချို့ကို မိတ်ဆက်ပေးရန် ဖြစ်ပါသည်။ အခန်းတစ်ခန်းချင်းစီသည် ဥပဒေသုတေသနနယ်ပယ် အားလုံးနှင့် သင့်လျော်သည့် အရည်အသွေးအခြေပြု နည်းလမ်းများ သို့မဟုတ် အရေအတွက် အခြေပြု နည်းလမ်းများအား ဆန်းစစ်ခြင်းဖြင့် သုတေသနစွမ်းရည်များကို ယေဘုယျဆန်ဆန် မိတ်ဆက်တင်ပြထားသည်။ သို့တည်းမဟုတ် သီးခြားကျွမ်းကျင်မှုများကို အသုံးချခြင်းအား ပိုမိုသိနားလည်လာစေမည့် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ဉာဏပစ္စည်းဆိုင်ရာဥပဒေ၊ အများဆိုင်ဥပဒေ၊ နှိုင်းယှဉ်ဥပဒေနှင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေး စသည့်နယ်ပယ် အမျိုးမျိုးတို့နှင့် ထိတွေ့ဆောင်ရွက်ခြင်းဖြင့် သုတေသနစွမ်းရည်အား ယေဘုယျကျကျ မိတ်ဆက်ပေးပါသည်။

စာအုပ်တစ်အုပ်လုံးတွင် နည်းပညာဆိုင်ရာ ပြဿနာရပ်များကိုသာမက သုတေသီ တစ်ယောက်၏ တာဝန်ဝတ္တရားနှင့် သုတေသနဆိုင်ရာ ကျင့်ဝတ်ရှုထောင့်ကို အလေးပေး ဖော်ပြသွားပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အခန်းကဏ္ဍအသီးသီး၌ စိတ်အားထက်သန်စွာ ပါဝင်ထောက်ပံ့ပေးခဲ့ကြသူများအားလုံးနှင့် အခန်းအသီးသီးအားပြင်ဆင်ရာတွင် ၎င်းတို့၏ ပြီးပြည့်စုံသော အားစိုက်ထုတ်မှုများအတွက်လည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုပါသည်။ (၂၀၁၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ရခြင်း အတွက် ကြေကွဲ ဝမ်းနည်းရသော) Geoffrey Wilson ၏ သင်ခန်းစာကို ပြန်လည်ထုတ်ဝေရန် ရက်ရက်ရောရောခွင့်ပြုခဲ့သော Chuo တက္ကသိုလ်၏ ကျေးဇူးကြွေးသည်လည်း ကျွန်ုပ်တို့၌ တင်ရှိနေပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဤစာအုပ်အား ပုံနှိပ်ထုတ်ဝေရန် အရေးအသားပြင်ဆင်ရာတွင် ကူညီပြင်ဆင်ခဲ့သည့်အတွက် Sonia McConville ကိုလည်း ကျွန်ုပ်တို့ ကျေးဇူးတင်ရှိပါသည်။

အီဒင်ဘတ်တက္ကသိုလ်ပုံနှိပ်တိုက်မှ John Watson၊ Ellie Bush နှင့် Eddie Clark တို့၏ ပံ့ပိုးကူညီမှုနှင့် လမ်းညွှန်မှု ရရှိခဲ့ခြင်းသည်သာမက စီမံကိန်းအတွက် ကတိကဝတ်ဖြင့် မူပိုင်ခွင့်ရယူခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအဆင့်တိုင်းတွင် မပျက်မကွက် ကူညီထောက်ပံ့ပေးခဲ့ခြင်းအတွက်လည်း အလွန်ပင် ကျေးဇူးတင်ပါသည်။ စာတည်းဖြတ်သူ Anna Stevenson ၏ စိတ်ရှည်ရှည်ဖြင့် အသေးစိတ် အာရုံစူးစိုက် တည်းဖြတ်ပေးခဲ့မှုအတွက် ကျွန်ုပ်တို့ အလွန်ပင် ကျေးဇူးတင်ခဲ့ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စနစ်တကျ စုံစမ်းမေးမြန်းခြင်းလမ်းကြောင်းမှတဆင့် လူမှုအဖွဲ့အစည်း၏ ကဏ္ဍပေါင်းစုံကို ပိုမိုနားလည် သဘောပေါက်လာစေရန် ကြိုးပမ်းကြသူများအားလုံးကို ဆန္ဒမွန်ပြုပါကြောင်းဖြင့် နိဂုံးကမွတ် အဆုံးသတ်အပ်ပါသည်။

Mike McConville နှင့် Wing Hong Chui

# ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းအတွက် စကားချီးနှင့် ကျေးဇူးတင်လွှာ

ဥပဒေသုတေသနကို ရည်ရွယ်ချက်မျိုးစုံဖြင့် ဆောင်ရွက်နိုင်သည်။ အချို့သူများသည် ဥပဒေဆိုင်ရာ ပြဿနာတစ်ရပ်အား နားလည်သဘောပေါက်ရန်အတွက် သက်ဆိုင်သည့် ဥပဒေ အရင်းအမြစ်များ ဖော်ထုတ်ရန် ဥပဒေသုတေသနနည်းလမ်းကို အသုံးပြုကြသည်။ ရှေ့နေများအား

အကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာသုတေသနကို ထိရောက်သည့် အပြုအမူဖြင့် ပြုလုပ်ရန် မျှော်လင့်သည် ဆိုသည့်အချက်မှာ ထင်ရှားပါသည်။ ၎င်းတို့၏ အမှုသည်အတွက် အမှန်တကယ် ကုန်ကျစရိတ်များကြောင့် ထိုနည်းလမ်းကို လက်ခံကျင့်သုံးကြသည်။ အခြားသူများက ကျွန်ုပ်တို့၏ ဥပဒေအမြင်ရှုထောင့်များနှင့် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဥပဒေစနစ်၏ လုပ်ငန်း ဆောင်ရွက်ပုံ အသိပညာ ဗဟုသုတများ တိုးချဲ့ရန်အတွက် သုတေသနကို နည်းလမ်းတစ်ခုအဖြစ် အသုံးချပေလိမ့်မည်။ လက်ရှိဥပဒေနှင့် အဆိုပြု ဥပဒေများ ပြဋ္ဌာန်းရာတွင် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများကိုစုံစမ်းဖော်ထုတ်ရန် ဥပဒေပြုပြင်ပြောင်းလဲရေး ကော်မရှင်များကဲ့သို့သော အဖွဲ့အစည်းများမှ အထောက်အပံ့ပြုထားသည့် မူဝါဒဆိုင်ရာ ထည့်သွင်း စဉ်းစားမှုများကလည်း သုတေသနဆောင်ရွက်ရန် တွန်းအားပေးပေလိမ့်မည်။ ထပ်တိုး၍ဆိုရသော် ကျောင်းသားများသည် ၎င်းတို့ကိုယ်တိုင် သုတေသနပြုရန် လိုအပ်ပြီး ၎င်းတို့၏ လေ့လာမှုများအား ပြဋ္ဌာန်းစာအုပ်များတွင်သာ ကန့်သတ်ဘောင်ခတ်ထားရန် မလိုတော့ပေ။

လက်တွေ့ကမ္ဘာတွင် သုတေသနပြုခြင်းသည် ပို၍အရေးကြီးကြောင်းနှင့် ဥပဒေ သုတေသနပြုခြင်းသည် ရှုပ်ထွေးသောလုပ်ငန်းဖြစ်ကြောင်းကို မည်သူမျှငြင်းဆိုမည်မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ ဥပဒေကျောင်းသားများ၊ ဥပဒေဘွဲ့ရများ၊ ဥပဒေပညာဖြင့် အသက်မွေး ဝမ်းကျောင်းပြုသူများနှင့် တက္ကသိုလ်ဆရာရှေ့နေများသည် ဥပဒေသုတေသနအား အကောင် အထည်ဖော်ဆောင်နိုင်ရန်အတွက် မည်မျှအထိ ကျွမ်းကျွမ်းကျင်ကျင် ပြင်ဆင်ထားကြပါသနည်း။ ဆေးသိပ္ပံ၊ လူမှုရေးသိပ္ပံ သို့မဟုတ် လူမှုရေးရာလေ့လာမှုပညာ နောက်ခံရှိ သုတေသီများနှင့် ၎င်းတို့၏ သုတေသနကျွမ်းကျင်မှုများအား မည်သို့နှိုင်းယှဉ်မည်နည်း။ မျက်နှာသစ်သုတေသီ အတွက် မည်သို့သောအခက်အခဲများကို စောင့်ကြိုနေနိုင်ပါသနည်း၊ ထိုအခက်အခဲများအား စနစ်တကျ အစီအစဉ်ဆွဲခြင်းဖြင့် ရှောင်ရှားနိုင်မည်လော သို့မဟုတ် ဖြေရှင်းနိုင်ပါမည်လော။ ဤအချက်များသည် အမှန်တကယ်ပင် ခက်ခဲသောမေးခွန်းများဖြစ်ပြီး ပြီးပြည့်စုံသော အဖြေကို ရှာဖွေရန် လက်ရှိတည်းဖြတ်ထားသည့် စာအုပ်က မရည်ရွယ်ပါ။ တကယ်တမ်းတွင်မူ ဥပဒေလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပိုမိုသိမြင်လာစေရန်၊ ဥပဒေ ပြဿနာရပ်များကို အသေးစိတ် ပိုမိုနားလည်သဘောပေါက်စေရန်နှင့် လူ့အဖွဲ့အစည်းအတွက် အရေးပါသော တွေ့ရှိချက်များကို ဖော်ထုတ်နိုင်ရန်အလို့ငှာ ဥပဒေသုတေသနကို မည်ကဲ့သို့အသုံးချရမည့် အကြောင်း လေ့လာရန် စိတ်ပါဝင်စားသူများအတွက် ယေဘုယျဆန်၍ လက်တွေ့ကျသည့် လမ်းညွှန်ချက်ကို ဆောင်ကြဉ်းပေးပါသည်။ အမှန်တကယ်ပြုလုပ်မည့် သုတေသီများအနေဖြင့် အရေးကြီးသော သုတေသန လုပ်ငန်းမစတင်မီ မေးမြန်းရန် လိုအပ်သည့် မေးခွန်းများကိုလည်း သတ်မှတ်ပေးပါသည်။

ထို့ကြောင့် ဤစာအုပ်၏ အဓိကရည်ရွယ်ချက်မှာ မတူညီသော ဥပဒေနယ်ပယ် အသီးသီးနှင့် ဆက်စပ်သည့် မရှိမဖြစ်လိုအပ်သော သုတေသနနည်းစနစ်များ၊ ချဉ်းကပ်နည်းများနှင့် နည်းလမ်းအချို့ကို မိတ်ဆက်ပေးရန်ဖြစ်သည်။ အခန်းတစ်ခန်းချင်းစီသည် ဥပဒေသုတေသန နယ်ပယ်အားလုံးနှင့် သင့်လျော်သည့် အရည်အသွေးအခြေပြု နည်းလမ်းများ သို့မဟုတ် အရေအတွက်အခြေပြု နည်းလမ်းများကို ဆန်းစစ်ခြင်းဖြင့် သုတေသန စွမ်းရည်များကို ယေဘုယျဆန်ဆန် မိတ်ဆက်တင်ပြထားသည်။ သို့တည်းမဟုတ် သီးခြား ကျွမ်းကျင်မှုများကို အသုံးပြုခြင်းအား ပိုမိုသိမြင်နားလည်လာစေမည့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ဉာဏပစ္စည်းဆိုင်ရာ ဥပဒေ၊ အများဆိုင်ဥပဒေ၊ နှိုင်းယှဉ်ဥပဒေနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစသည့် နယ်ပယ်အမျိုးမျိုးတို့နှင့် ထိတွေ့ဆောင်ရွက်ခြင်းဖြင့် သုတေသန စွမ်းရည်ကို ယေဘုယျကျကျ မိတ်ဆက်ပေးပါသည်။ ပြည့်စုံလက်ခံပြီးဖြစ်သည့် စည်းမျဉ်း စည်းကမ်း ဥပဒေစီရင်ထုံးဆိုင်ရာ သုတေသန၊ လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသန၊ အပြည်ပြည် ဆိုင်ရာဥပဒေနှင့် ဥပဒေများအား နှိုင်းယှဉ်လေ့လာ သုတေသနပြုခြင်း အပါအဝင် သီးခြားဥပဒေသုတေသန အမျိုးအစားသုံးမျိုးအကြောင်း ကျွန်ုပ်တို့ ပိုမိုသိရှိလာစေမည့် ခေတ်ရှေ့ပြေးသော စာအုပ် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။

အဆိုပါသုတေသနနည်းလမ်းတစ်ခုချင်းစီ၏ ရှုပ်ထွေးမှုများကြောင့် သုတေသန ချဉ်းကပ်မှု သို့မဟုတ် သုတေသနနည်းလမ်းများအားလုံးကို စာအုပ်တစ်ခုတည်းအတွင်း ခြုံငုံမိစေရန် မဖြစ်နိုင်ပေ။ သို့ရာတွင် သုတေသန ချဉ်းကပ်မှုအချို့အကြောင်းကို နောက်ပိုင်း အခန်းများတွင် အသေးစိတ်ရှင်းပြမည်ဖြစ်ကြောင်းနှင့် အခြားအခန်းများကို အတိုချုံး မိတ်ဆက်ပေးမည်ဖြစ်ပြီး စာဖတ်သူများကို နောက်ထပ်ဖတ်ရှုရမည့် စာအုပ်စာတမ်းများအား ဆက်လက်လေ့လာရန် လမ်းညွှန်ထားကြောင်း နိဒါန်းတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ဤစာအုပ်ကို ပြည့်စုံလက်ခံပြီးဖြစ်သည့် စည်းမျဉ်းစည်းကမ်း ဥပဒေစီရင်ထုံးဆိုင်ရာကိုသာ အသုံးပြုသည့် ရှေ့နေများနှင့် လူမှုရေးရာဥပဒေ သုတေသီများသာမက လူမှုဗေဒ၊ နိုင်ငံရေးသိပ္ပံနှင့် စိတ်ပညာကဲ့သို့သော ဆက်စပ်ဘာသာရပ်များရှိ သုတေသီများအပါအဝင် ပရိသတ်များထံ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန် အတွက် ရေးသား ပြုစုထားခြင်း ဖြစ်ပါသည်။

နောက်ဆုံးတွင်မှ ပြောရသော်ငြား အရေးကြီးသည့်အချက်အနေဖြင့် ဖော်ပြလိုသည်မှာ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အခန်းကဏ္ဍအသီးသီး၌ စိတ်အားထက်သန်စွာ ပါဝင် ထောက်ပံ့ပေးခဲ့ကြသူများအားလုံးနှင့် အခန်းအသီးသီးအား ပြင်ဆင်ရာတွင် ၎င်းတို့၏ ပြောင်မြောက်သည့် အားစိုက်ထုတ်မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်လိုပါသည်။ Geoffrey Wilson ၏ သင်ခန်းစာကို ပြန်လည်ထုတ်ဝေရန်အတွက် ရက်ရက် ရောရော ခွင့်ပြုခဲ့သော Chuo တက္ကသိုလ်၏ ကျေးဇူးကြွေးသည်လည်း ကျွန်ုပ်တို့၌ တင်ရှိနေပါကြောင်း မှတ်တမ်းတင်အပ်

ပါသည်။ ဟောင်ကောင် တရုတ်တက္ကသိုလ်မှ  Eastman Chan အား ဤစာအုပ်အား ပုံနှိပ်ထုတ်ဝေရန်အတွက် အရေးအသားပြင်ဆင်ရာတွင် ကူညီခဲ့သည့်အတွက် လည်းကောင်း၊ ဟောင်ကောင် တရုတ်တက္ကသိုလ်မှ Alice Chan Ka-yee အား နည်းပညာအကူအညီနှင့် ပံ့ပိုးမှုအတွက်လည်းကောင်း၊ ဝိဇ္ဇာနှင့် လူမှုဘာသာရပ်များအတွက် သုတေသနနည်းလမ်းများအား စီးရီးအလိုက်တည်းဖြတ်ပေးသူ Gabriele Griffin အား ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အပြုသဘောဆောင် မှတ်ချက်များနှင့် အထောက်အပံ့များပေးခဲ့သည့် အတွက်လည်းကောင်း၊ အီဒင်ဘတ်တက္ကသိုလ်ပုံနှိပ်တိုက်မှ Jackie Jones အား သုတေသန လုပ်ငန်းအတွက် ကတိကဝတ်ပြုခဲ့သည့်အတွက်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

Mike McConville နှင့် Wing Hong Chui

# နိဒါန်းနှင့် အကျဉ်း

Mike McConville နှင့် Wing Hong Chui

ဥပဒေပညာရပ်တွင် သမိုင်းကြောင်းအရ ကျယ်ပြန့်သည့် အစဉ်အလာနယ်ပယ် နှစ်ခု ရှိသည်။ ပထမတစ်ခုကို ယေဘုယျအားဖြင့် 'ပြည့်စုံလက်ခံပြီးဖြစ်သောဥပဒေနှင့် စီရင်ထုံး ဥပဒေ' ('black-letter law') ဟု ခေါ်သည်။ 'ပြည့်စုံလက်ခံပြီးဖြစ်သောဥပဒေနှင့် စီရင်ထုံး ဥပဒေ' ('black-letter law') သည် သီးသန့် မဟုတ်သည့်တိုင် ဥပဒေနယ်ပယ်အတွင်းရှိ ထိန်းသိမ်းထားသည့် စည်းမျဉ်းများအပေါ်တွင် အထူးအလေးအနက်ထား ပြုစုထားသည်။ ဥပဒေနယ်ပယ်ပြင်ပရှိ အခြားပညာရပ်ဆိုင်ရာများကို ရည်ညွှန်းကိုးကားချက် အနည်းအကျဉ်းသာ ပြုလုပ်ခြင်း သို့မဟုတ် လုံးဝကိုးကားခြင်းမရှိဘဲ တရားရုံး စီရင်ချက်များနှင့် ဥပဒေပြုအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေများကို ဖတ်ရှုခြင်းဖြင့်သာ အဆိုပါ စည်းမျဉ်းများကို ရှာဖွေပါသည်။ စီရင်ချက်ချမှတ်ပြီး ဖြစ်သည့် အမှုတွဲများမှ စည်းမျဉ်းနှင့် စံတန်ဖိုးများကို ထုတ်နုတ်ယူခြင်းနှင့် အဆိုပါ စီရင်ချက် ချမှတ်ပြီးဖြစ်သည့် အမှုတွဲများကို အစီအစဉ်၊ ကျိုးကြောင်းဆီလျော်မှုနှင့် သီအိုရီပိုင်းဆိုင်ရာ ပေါင်းစပ် ရှာဖွေနိုင်ရေးအတွက် စနစ်တကျ ပြန်လည်စုစည်းထားခြင်းသည် အစဉ်အလာဥပဒေ ပညာရပ်နယ်ပယ်အတွက် အသုံးဝင်သောအရာများ ဖြစ်သည်။

၁၉၆၀ ဝန်းကျင်နှစ်များတွင် ပေါ်ပေါက်ခဲ့သည့် ဥပဒေပညာ၏ ဒုတိယ အစဉ်အလာ နယ်ပယ်ကို 'နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေနှင့် ဆက်စပ်၍ ဥပဒေကို လေ့လာမှု' (law in context) ဟု ရည်ညွှန်းသည်။ ဤချဉ်းကပ်မှုတွင် ဥပဒေကို လေ့လာခြင်း မဟုတ်ဘဲ ခြုံငုံသုံးသပ်မည့် သို့မဟုတ် ခြုံငုံသုံးသပ်နိုင်စွမ်းရှိသည့် လူ့အဖွဲ့အစည်းအတွင်းရှိ ပြဿနာများကို လေ့လာခြင်းဖြစ်သည်။ ဥပဒေကိုယ်တိုင်သည်ပင် ပြဿနာများနှင့် ပြည့်နှက်နေသည်ဟု ရှုမြင်သည့်အမြင်နှစ်မျိုးရှိလာသည်။ ပထမအမြင်မှာ ဥပဒေသည် လူမှုပြဿနာများကို ဖြစ်ပွားစေရန် တွန်းအားပေးသည့်အချက် သို့မဟုတ် လူမှုပြဿနာ၏အရင်းခံ ဖြစ်သည် ဟူသော အမြင်ဖြစ်သည်။ ဒုတိယအမြင်မှာ ဥပဒေသည် ပြဿနာ တစ်ခုလုံး သို့မဟုတ် ပြဿနာ၏ တစ်စိတ်တစ်ပိုင်းကို ဖြေရှင်းနိုင်သော်လည်း နိုင်ငံရေးနှင့် လူမှုရေးကို ပြန်လည် အစီအစဉ်တကျ ဖြစ်စေခြင်းအပါအဝင် ဥပဒေနှင့် ဖြေရှင်းခြင်းမဟုတ်သည့် အခြားသော ဖြေရှင်းနည်းများကို ဟန့်တားပိတ်ပင်ခြင်းမရှိဘဲ ပိုမိုလိုလားသည်ဟူသော အမြင်ပင်ဖြစ်သည်။ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းတိုင်းတွင် စတင်သင်ကြားနေပြီဖြစ်သည့် ဥပဒေပညာတွင် အခြားသော အမြင် သဘောထားများကို ပိုမိုထည့်သွင်းနိုင်ရန် 'နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေနှင့် ဆက်စပ်၍ ဥပဒေကို လေ့လာမှု' (law in context) က ဖန်တီးပေး ပါသည်။

အဆိုပါ အစဉ်အလာနယ်ပယ်နှစ်ခုအပြင် ဥပဒေပညာရပ်သည် ထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုနှင့် ကြီးမားသည့် စိန်ခေါ်မှုများကို ကြုံတွေ့လျက်ရှိသည်။ ပြောင်းလဲမှု တစ်ခုမှာ ကမ္ဘာနှင့်အဝှမ်း လျင်မြန်စွာ ဆက်စပ်လာသော ဥပဒေလောက၏ သွင်ပြင်လက္ခဏာ ဖြစ်သည်။ (ယခင်ကာလတွင် သုတေသီအများစု လက်လှမ်းမီမှုမရှိခဲ့သော) ကမ္ဘာအနှံ့ရှိ ဥပဒေစနစ်များအား ဖော်ထုတ်လေ့လာဆန်းစစ်ထားသည့် နည်းနာများကို အဆင်သင့် လက်လှမ်းမီရရှိခြင်းအဖြစ် ရှုမြင်လာကြသည်။ သုတေသနနှင့် ပညာရပ်နယ်ပယ်သည် အခြားအမြင်ရှုထောင့်များကို အလေးအနက်ထားထည့်သွင်း၍ ပြည်တွင်းအခြေအနေနှင့် ဆီလျော်အောင်စဉ်းစားရန် အနည်းဆုံး လိုအပ်လာသည်။ ထပ်မံ၍ လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များကဲ့သို့ နိုင်ငံဖြတ်ကျော် တရားစီရင်ပိုင်ခွင့်ရှိသော စာချုပ်စာတမ်းများသည် ရှောင်လွှဲ၍မရနိုင်ဘဲ ပြည်တွင်းဥပဒေစနစ် အတွင်း ထိုးဖောက်ဝင်ရောက်သည်။ ထို့နောက် အမျိုးသားဥပဒေစနစ်များကို လည်ပတ်စေခြင်း သို့မဟုတ် စစ်ဆေးမေးမြန်းခြင်းတို့အတွက် တာဝန်ရှိသူများအား အဆိုပါသဘောတူစာချုပ် များအပေါ် အလေးအနက်ထား ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလာစေရန် လှုံ့ဆော်ပါသည်။ ကမ္ဘာသည် အတော်ကျယ်ပြန့်ပြီး အလွယ်တကူရှာဖွေရန် ခက်ခဲသည့်အချိန်တွင်တောင်မှ အထက်ပါကိစ္စသည် ဖြစ်နိုင်ခြေရှိသည်။

ထို့အပြင် ဥပဒေပညာသင်ကြားရာ၌ စာမေးပွဲများဖြင့် အလွတ်ကျက်လေ့လာမှုကို ဆန်းစစ်သည့် သင်ကြားမှုအခြေပြုစနစ်မှသည် ကျောင်းသားများအား ၎င်းတို့ပညာရေးအတွက် ကိုယ်တိုင်တာဝန်ယူမှုကိုအားပေးသည့် လေ့လာသင်ယူမှုပတ်ဝန်းကျင်သို့ ပြတ်ပြတ်သားသား ရွေ့လျားပြောင်းလဲလျက်ရှိသည်။ အဆိုပါလေ့လာသင်ယူမှု ပတ်ဝန်းကျင်တွင် သင်ခန်းစာ စာစဉ်လေ့ကျင့်ခန်းများကို အဓိကထားစစ်ဆေးသည့် သုတေသန ဆောင်ရွက်မှုများလည်း ပါဝင်သည်။ ယခုအခါ ဥပဒေကျောင်းသားများသည် ယခင်ထက်ပို၍ သုတေသနအပေါ် ပိုမိုအခြေပြုလာကြသည်။ သုတေသနသည် ဘွဲ့လွန်ကျောင်းသားများသာ ကျက်စားရာနယ်ပယ် မဟုတ်တော့ဘဲ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်း၏ ခွဲခြားမရသည့် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်လာသည်။ ဥပဒေသုတေသနနှင့် ပညာရပ်သည် ယခင်ကာလများထက် နယ်ပယ် ပိုမို ကျယ်ပြန့်လာ၍ ရှုပ်ထွေးကာ အားထုတ်မှု ပိုမိုလိုအပ်လာသည်။ ယခင်အချိန်က ဥပဒေပညာ သင်ယူသည့် လူများထက် လက်ရှိ ဥပဒေသုတေသီများအနေဖြင့် သွားလာနိုင်မည့် လမ်းကြောင်းများ ပိုမိုများပြားပြီး ပို၍ကျယ်ပြန့်သည့် ကျွမ်းကျင်မှုနှင့် ယှဉ်ပြိုင်မှု နယ်ပယ် လိုအပ်ပါသည်။

## စာအုပ်၏ ရည်ရွယ်ချက်များ

ဥပဒေအရင်းအမြစ်နှင့် သင့်လျော်သည့် ဥပဒေပညာ အထောက်အကူပြု ပစ္စည်းများကို ဖော်ထုတ်နိုင်မည့် ကျွမ်းကျင်မှုမျိုး ကျောင်းသားတိုင်းတွင် ရှိစေရန်အတွက် ဥပဒေကျောင်းတိုင်း

သည် ဘွဲ့လွန်ကျောင်းသားများအတွက်သာမက ဘွဲ့ယူကျမ်းပြုစုမည့် ဘွဲ့ကြို ကျောင်းသားများ အတွက်ပါ ဥပဒေသုတေသနပြုနည်း လမ်းညွှန်နှင့် အဆင့်မြင့်သုတေသန နည်းလမ်းဆိုင်ရာ သင်တန်းကို ကမ်းလှမ်းကြသည်။ ဥပဒေသုတေသနသည် အလွန်ရှုပ်ထွေးသည့်လုပ်ငန်း ဖြစ်သည်မှာ ငြင်းမရသည့် အချက်ဖြစ်ပြီး 'ၑင်းသည် အချက်အလက်ရှာဖွေခြင်း မျှသာမက အဓိကအားဖြင့် နားလည်သဘောပေါက်ရန် ကြိုးစားမှုပင်ဖြစ်သည်'။[၁] ပညာရပ်နှင့် လက်တွေ့ နယ်ပယ် နှစ်ခုစလုံးတွင် ရှေ့နေများသည် ရှာဖွေတွေ့ရှိထားသည့် အချက်အလက် များအကြောင်း နက်နက်နဲနဲ စဉ်းစားရန် လိုအပ်သည်။ ထို့အပြင် အချက်အလက်နှင့် ဒေတာများ ရှာဖွေ စုဆောင်းခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် တင်ပြခြင်းတို့အတွက် အကောင်းဆုံးနည်းလမ်းများ ကိုလည်း သေချာစဉ်းစားရန်လိုသည်။ အင်္ဂါရပ်အများအပြားရှိသည့်အနက် အားကောင်းခိုင်မာသည့် ဥပဒေသုတေသနနှင့် စာရေးသားနည်း ကျွမ်းကျင်မှုများသည် ဥပဒေဆိုင်ရာလက်တွေ့နှင့် ပညာရပ်နယ်ပယ်အတွက် အခြေခံလက်နက်များ ဖြစ်သည်။ ရှေ့နေနှင့် သုတေသနကျောင်းသား အဖြစ် ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ရှေ့နေများ၏ ပညာရပ်နယ်ပယ်နှင့် လက်တွေ့နယ်ပယ်အကြားရှိ ဥပဒေနှင့် ဥပဒေသုတေသနအား အသုံးပြုသည့်အမြင်များ ထင်ထင်ရှားရှား ကွဲပြားခြားနားနေမှုကို Nicholas Hancox က ပြသခဲ့သည်။ လေ့လာတွေ့ရှိချက် တချို့မှာ 'ပညာရှင်ရှေ့နေများသည် ဥပဒေ၏ အလုပ်လုပ်ပုံအပြင် လူနှင့် အဖွဲ့အစည်းများအပေါ် ၎င်း၏ အကျိုးသက်ရောက်မှု တို့ကို နားလည်သဘောပေါက်လိုသော်လည်း လက်တွေ့နယ်ပယ်ရှိ ရှေ့နေများက *ဘာ့ကြောင့်* ဥပဒေက ပြောသလဲ ဆိုတာကို စိတ်မဝင်စားကြပေ' ဟူ၍ ဖြစ်သည်။ 'ပညာရှင်ရှေ့နေများကသာ ကိစ္စရပ်များသည် ပြင်ပတွင်မည်သို့ ပြီးမြောက်သွားသလဲ ဆိုသည်ကို စိတ်ဝင်စားကြသည်'၊ 'ပညာရှင်များသည် ၎င်းတို့(ကပင်) ခေါ်ဝေါ်သမုတ်ကြသည့် ပြည့်စုံ လက်ခံပြီးဖြစ်သော ဥပဒေနှင့်စီရင်ထုံးဥပဒေ (Black letter law) ကို စိတ်ဝင်စားမှု နည်းပါးလေ့ ရှိသည်'။ ထို့အပြင် 'စာအုပ်စာတမ်းများပုံနှိပ်ထုတ်ဝေခံရရေးသည် ရှေ့နေပညာရှင်များအတွက် အထူးအရေးကြီးသော်လည်း လက်တွေ့နယ်ပယ်ရှိ ရှေ့နေများကမူ စာအုပ်ရေးသားရန် မည်သည့်အခါမျှအချိန်မရှိကြပေ' ဆိုသည့် အချက်များကိုလည်း Nicholas Hancox က လေ့လာ တွေ့ရှိခဲ့သည်။[၂] Nicholas Hancox ၏ တွေ့ရှိချက်များသည် ဓမ္မဓိဋ္ဌာန်မကျဟု လက်ခံရင်း ပညာရပ်နှင့် လက်တွေ့နယ်ပယ်အကြားရှိ မတူညီသည့် မျှော်မှန်းချက်များကြောင့် အဆိုပါနယ်ပယ် နှစ်ခုအကြားတွင် ကွဲပြားမှုသည် မရှောင်လွှဲနိုင်သည့် ဖြစ်ရိုးဖြစ်စဉ်ပင် ဖြစ်သည်။ ပညာရပ်ဆိုင်ရာ ဥပဒေသုတေသနသည် ပြီးပြည့်စုံ၍ ဥပဒေဆိုင်ရာသုံးသပ်ချက်များ ချမှတ်နိုင်ကြောင်း သိသာထင်ရှားသည်။ တပြိုင်တည်းတွင် လက်တွေ့နယ်ပယ်ရှိ ရှေ့နေများသည် အမှုသည်များ အတွက် ဥပဒေစည်းမျဉ်းများ၊ အခွင့်အာဏာလုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများ စသည့် အတတ်ပညာဆိုင်ရာ အကြံဉာဏ်နှင့် ဗဟုသုတများပေးရန် တာဝန်ရှိပါသည်။ ထို့ကြောင့် ပညာရှင်နှင့် လက်တွေ့သမားရှေ့နေတို့သည် ဥပဒေနှင့် ဥပဒေသုတေသန၏ အဓိပ္ပာယ်ကို

ဖွင့်ဆိုရာတွင် ကွဲပြားခြားနားခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဥပဒေပညာရပ်ကို အဆင့်မြှင့်တင်ရန်အတွက် ကျောင်းသား၊ ရှေ့နေနှင့် ပညာရှင်များသည် သက်ဆိုင်ရာကိစ္စရပ်တစ်ခုအား နားလည်သဘောပေါက်ရေးစုံစမ်းရာတွင် အကောင်းဆုံး နည်းလမ်းကိုရွေးချယ်ရာ၌ သဘောထားကြီးပြီး လိုက်လျောညီထွေရှိရန် တိုက်တွန်းလိုသည်။[၃]

အလွှာအားလုံးရှိ ဥပဒေကျောင်းသားများအတွက် ဥပဒေကြောင်းကို တိတိကျကျ လိုက်နာသည့် နည်းလမ်း (legalistic method)၊ လက်တွေ့မျက်မြင်အခြေပြုနည်းလမ်း (empirical method)၊ နှိုင်းယှဉ်လေ့လာသည့်နည်းလမ်း (comparative method) နှင့် သဘောတရားအခြေပြုနည်းလမ်း (theoretical method) စသည့် ၎င်းတို့ လိုလားသည့် သုတေသနနည်းလမ်းများကို ရနိုင်သမျှ လက်လှမ်းမီ အကျွမ်းတဝင်ရှိစေရန် ယခုပြန်လည် ပုံနှိပ်ထုတ်ဝေသည့် စာအုပ်က ဖြည့်ဆည်းပေးမည် ဖြစ်သည်။ သို့မှသာ ပညာသင်ကာလ အတွင်း ဆောင်ရွက်ရန် ရည်မှန်းထားသည့် သုတေသနများကို အမြင်ရှုထောင့် ပေါင်းစုံမှ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ အစဉ်အလာဥပဒေသုတေသန၏ ကျဉ်းမြောင်းသည့် သတ်မှတ်ချက်ဘောင်ကို ဆန့်ကျင်၍ သုတေသနနည်းလမ်းဆိုင်ရာ ကိစ္စများနှင့် သုတေသန နည်းစနစ်များအပေါ် အတူယှဉ်တွဲရှုမြင်နိုင်ရန် ဤစာအုပ်က ဆောင်ကြဉ်းပေးပါသည်။ အတိအကျဆိုရသော် အဓိကကျသည့် ဥပဒေသုတေသနပုံစံ (၃) မျိုး ဖြစ်သည့် လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသန (empirical legal research)၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် နှိုင်းယှဉ်လေ့လာမှု အခြေပြုဥပဒေသုတေသန (international and comparative legal research) နှင့် အယူအဆအခြေပြုသုတေသန (doctrinal research) များကို စုစည်းလေ့လာဆန်းစစ်သွားမည် ဖြစ်သည်။ ထိုသို့လေ့လာရာ၌ ဥပဒေနှင့် လူမှုရေးသိပ္ပံတို့တွင် ချမှတ်အသုံးပြုလျက်ရှိသည့် သုတေသန နည်းလမ်းမျိုးစုံတို့ကို ဥပဒေဖြစ်စဉ်အား လေ့လာရာတွင် အသုံးပြုနိုင်ရန် မိတ်ဆက်ပေးမည်ဖြစ်သည်။ ဥပဒေဖြစ်စဉ်ကို လေ့လာမှုဆိုသည်မှာ လက်တွေ့ကွင်းဆင်းလေ့လာခြင်းအပြင် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေတို့တွင် သုတေသန ပြုလုပ်ခြင်းတို့ပင် ဖြစ်သည်။[၄]

သတိပြုရမည်မှာ အဆိုပါ သုတေသနနည်းလမ်းများ စုစည်းမှုသည် လက်ရှိအသုံးပြုနေကြသည့် ဥပဒေနည်းလမ်းများအားလုံး ပါဝင်သည်ဟု အဓိပ္ပာယ် မသက်ရောက်စေဘဲ စာရေးသူ၏ သုတေသနအတွေ့အကြုံအပေါ် အခြေပြု၍ ရွေးချယ်ထားသည့် သုတေသန ဥပမာများ ပါဝင်ခြင်း ဖြစ်သည်။[၅] သုတေသန နည်းလမ်းများရွေးချယ်မှု၏ အကြောင်းရင်း၊ လက်တွေ့ သုတေသနအတွေ့အကြုံ၏ အရေးပါပုံနှင့် သုတေသနဖြစ်စဉ်အတွင်း တွေ့ကြုံရသည့် ရွေးချယ်ရန်ခက်ခဲမှုနှင့် ပြဿနာများကို ဆန်းစစ်ခြင်းတို့အပေါ် အထူးအသားပေး ရေးသားထားသည်။ သုတေသနစီမံကိန်းကို စတင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း

များ သို့မဟုတ် အဆင့်များကို အခန်းတစ်ခုစီတိုင်းတွင် တူညီစွာ အသားပေး ဖော်ပြထားသည်။ သို့မှသာ ရွေးချယ်ထားသည့် ခေါင်းစဉ်ကို သုတေသနပြု လေ့လာရာတွင် ရွေးချယ်ထားသည့် နည်းလမ်းသည် အသင့်လျော်ဆုံး ဟုတ်၊ မဟုတ် မေးခွန်းထုတ်ရန် လိုအပ်ကြောင်းနှင့် သုတေသန လုပ်ငန်းစဉ် အတောအတွင်း ပြန်လည်ဆင်ခြင်သုံးသပ်ရန် လိုအပ်ကြောင်း သုတေသန ပညာရှင်အား သတိပေးနိုင်မည် ဖြစ်သည်။[၆]

# ဥပဒေသုတေသနပုံစံများ

## အယူအဆအခြေပြုသုတေသန (Doctrinal research)

ကမ္ဘာတလွှားရှိ ဥပဒေသုတေသနသင်တန်းများ၌ သင်ကြားပို့ချသည့် ပြဋ္ဌာန်းစာအုပ်များတွင် ချမှတ်ထားသည့် မြောက်မြားစွာသော ဥပဒေသုတေသနဆိုင်ရာခေါင်းစဉ်များ တွေ့မြင်နိုင်သည်။[၇] ပြဋ္ဌာန်းစာအုပ်အများစုတွင် ပါရှိသည့် ဥပဒေသုတေသန နည်းလမ်းများမှာ အစဉ်အလာ မဟုတ်သည့် ပညာရပ်စုံပါဝင်သော သုတေသန စီမံကိန်းများထက် 'ပြည့်စုံလက်ခံပြီးဖြစ်သည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေနှင့် စီရင်ထုံးဥပဒေ' (black letter law) ကို သုတေသနပြုရန် အတွက်သာ အများအားဖြင့် ရည်ရွယ်ပါသည်။ အဆိုပါစာအုပ်များသည် ကျောင်းသားများအတွက် အခြေခံသုတေသန ကျွမ်းကျင်မှုကို ရရှိနိုင်သည်။ အခြေခံသုတေသန ကျွမ်းကျင်မှုများတွင် ဥပဒေအရင်းအမြစ်ဆိုင်ရာ ဗဟုသုတ၊ အမှုများနှင့် ပြဋ္ဌာန်းဥပဒေများကို ရှာဖွေခြင်း၊ အညွှန်းနှင့် ကိုးကားချက်များ အသုံးပြုနည်း၊ Westlaw နှင့် LexisNexis တို့ကဲ့သို့သော ကွန်ပျူတာအတွင်း အချက်အလက် သိုလှောင်သိမ်းဆည်းထားသည့် စနစ်များအား အသုံးပြုနည်းတို့ ပါဝင်သည်။ တစ်နည်းဆိုရသော် 'black-letter law' ချဉ်းကပ်မှု သို့မဟုတ် အယူအဆ အခြေပြု သုတေသနသည် ဥပဒေကို ရှင်းလင်းရန်အတွက် တရားရုံးစီရင်ချက်များနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေများအပေါ်တွင် များစွာ မှီတည်နေပါသည်-

> [ဥပဒေပညာဌာန/ ဥပဒေကျောင်း] အများစုတွင် အကြောင်းအရာ လေ့လာဆန်းစစ်မှုအတွက် လိုအပ်သောကုန်ကြမ်းများဖြင့် ပြည့်နှက်နေသည့် ကိုယ်ပိုင်သီးသန့် စာကြည့်တိုက်များ ရှိကြသည်။ လိုအပ်သော ကုန်ကြမ်းများတွင် ဥပဒေ ဖတ်စာအုပ်များ၊ စီရင်ထုံးဥပဒေ၊ ဥပဒေပြုအဖွဲ့က ချမှတ်သော ဥပဒေများနှင့် အင်တာနက်မှ အမြောက်အမြား ရရှိသည့် အချက်အလက် ကုန်ကြမ်းများ စသည်တို့ပါဝင်သည်။ ပြည်သူများ၏နေ့စဉ်လူမှုဘဝ သရုပ်မှန်ကို အပြင်ထွက်ပြီး သုတေသနပြုရန် မလိုအပ်ပေ။[၈]

မူလရင်းမြစ်နှင့် တဆင့်ခံရရှိသည့် အချက်အလက်စာရင်းစုတို့ ပါဝင်သော ခိုင်လုံသည့် ပြဋ္ဌာန်းစာအုပ်များကို ပုံစံကွဲဖြင့် လေ့လာဆန်းစစ်ထားသည့် ပြည့်စုံလက်ခံပြီး ဖြစ်သော ဥပဒေနှင့်

စီရင်ထုံးဥပဒေ (black letter) သုတေသနသည် အကြောင်းအရာ တစ်ခုချင်း အပေါ် မူတည်၍ ဥပဒေကို စီမံဖွဲ့စည်းရန်၊ ပြုပြင်ရန်နှင့် ရှင်းလင်းရန် ရည်ရွယ်သည်။ ‘Black-letter’ သုတေသန၏ ယူဆချက်များအနက် တစ်ခုမှာ ‘ဥပဒေပညာရပ်၏ ဝိသေသလက္ခဏာသည် ၎င်းဥပဒေကိုယ်တိုင် ထံမှ ထုတ်နှုတ်ယူထားခြင်း ဖြစ်သည်’ဟူ၍ ဖြစ်သည်။[၉] ဗြိတိန်နိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် ဥပဒေလက်တွေ့အသုံးချ သင်တန်းတွင် သင်ကြားပို့ချရမည့် ဥပဒေသုတေသန ကျွမ်းကျင်မှုများကို David Stott က ရှင်းလင်းစွာ ဖော်ပြပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

- ရှေ့နေ သို့မဟုတ် အမှုသည်၏ ရည်မှန်းချက်များကို သတ်မှတ်ရန်၊
- အချက်အလက်အမှန်များကို ဖော်ထုတ်၍ လေ့လာဆန်းစစ်ရန်၊
- အကြောင်းခြင်းရာ ပြဿနာများပေါ်ပေါက်သည့် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ဖော်ထုတ်ရန်၊
- ဆက်စပ်သည့် အချက်အလက်များကို စုံစမ်းရန်အတွက် အရင်းအမြစ်များကို ဖော်ထုတ်ရန်၊
- နောက်ထပ် အချက်အလက်များ ထပ်မံလိုအပ်မှု ရှိ၊ မရှိ စူးစမ်းစိစစ်ရန်၊
- ဥပဒေဆိုင်ရာ ပြဿနာရပ်များကို ဖော်ထုတ်လေ့လာဆန်းစစ်ရန်၊
- အချက်အလက်များအတွက် သင့်လျော်သည့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို အသုံးချရန်၊
- ဥပဒေဆိုင်ရာနှင့် အကြောင်းခြင်းရာ ပြဿနာရပ်များကို အချင်းချင်း ချိတ်ဆက်ရန်၊
- စာရွက်စာတမ်းများတွင် ပါရှိသည့်ဥပဒေ၊ အကြောင်းခြင်းရာနှင့် အခြားပြဿနာ များကို ဖော်ထုတ်ရန်၊
- တင်ပြထားသည့် ဥပဒေ၊ အကြောင်းခြင်းရာနှင့် အခြားပြဿနာများကိုဖော်ထုတ် နိုင်ရန် အမှုသည်၏ ညွှန်ကြားချက်များကို လေ့လာဆန်းစစ်ရန်၊
- သုတေသနတွေ့ရှိချက်များကို ရှင်းလင်း၊ အသုံးတည့်၍ ယုံကြည်စိတ်ချရသည့် ပုံစံဖြင့် တင်ပြရန်။[၁၀]

အထက်ပါ စာရင်းများသည် ပထမနှစ်ဘွဲ့ကြိုကျောင်းသားများအတွက် အဓိကသတ်မှတ် ထားသည့် သုတေသနနည်းလမ်းအတန်း၏ ကျွမ်းကျင်မှုအစိတ်အပိုင်းများကို အနှစ်ချုပ် ထားခြင်းသာဖြစ်ပြီး ပြီးပြည့်စုံမှုမရှိသေးပါ။ စာကြည့်တိုက်ကို အသုံးပြု၍ ဥပဒေသုတေသနပြုခြင်းနှင့် ကွန်ပျူတာကို အသုံးပြု၍ ဥပဒေသုတေသနပြုခြင်းသည် ဥပဒေကျောင်းသားများနှင့် ရှေ့နေသစ်များအတွက် မျှဝေပေးရမည့်အရာဟု ယေဘုယျ သဘောတူကြပါသည်။ ဥပဒေသုတေသန သင်ကြားပေးခြင်း သည် အထူးသဖြင့် ဥပဒေစာကြည့်တိုက်မှူး ရှုထောင့်မှကြည့်လျှင် လွယ်ကူသောအလုပ်တော့ မဟုတ်ပေ။ သင်တန်းသည် သတင်းအချက်အလက်များကို ရှာဖွေခြင်းအပေါ်သာ အလေးမထား

သင့်ဘဲ ဥပဒေအယူအဆကို ကျောင်းသားများမှ သဘောပေါက်နားလည်မှုကို မြှင့်တင်သင့်သည်။[၁၁] ဥပဒေကျောင်းသားများနှင့် သက်ဆိုင်သည့်အချက်များအနက် ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသားများ အဆင့် သုတေသနကျမ်းများ ပြုစုရာတွင် အများစုသည် 'black letter' သုတေသနသာဖြစ်သည်။ ထို့အပြင် ဥပဒေ ထပ်မံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ စည်းမျဉ်းများကို ဆန်းစစ်ရန်နှင့် အကြံပြုချက်များပေးရန် အနက်အဓိပ္ပာယ် ဖွင့်ဆိုသည့် နည်းလမ်းများ သို့မဟုတ် ဥပဒေဆိုင်ရာ ကျိုးကြောင်းဆီလျော်မှုရှိ၊ မရှိ ဆန်းစစ်သည့် နည်းလမ်းများကို အသုံးပြုလျက်ရှိနေမြဲ ဖြစ်သည်။[၁၂]

## လက်တွေ့မျက်မြင်အခြေပြု သုတေသနပညာရပ်/ လူမှုဥပဒေရေးရာ လေ့လာမှုများ

မကြာသေးသောနှစ်များအတွင်း သုံးသပ်သူအများအပြားက ဥပဒေနှင့် ဥပဒေစနစ်၏ အာဏာသက်ရောက်မှု ကိုနားလည်သဘောပေါက်ရန် ဆောင်ရွက်ရာတွင် အယူအဆ အခြေပြုလေ့လာဆန်းစစ်မှုအား ၎င်း၏ 'တရားသေဆန်ဆန်၊ ပုံသေကားကျ တွေးခေါ်ဆင်ခြင်မှုနှင့် သီးသန့်ဆန်သော' ချဉ်းကပ်မှုကို ဝေဖန်လျက်ရှိသည်။[၁၃] ဥပဒေကို လေ့လာရာတွင် ပညာရပ်ပေါင်းစုံအခြေပြု လေ့လာချဉ်းကပ်မှုကို မြှင့်တင်ပေးသည့် (လူမှုဥပဒေ လေ့လာမှုများ (socio-legal studies) ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေလေ့လာမှုများ (feminist legal studies)၊ ဝေဖန်ဆန်းစစ်မှုအခြေပြုဥပဒေလေ့လာမှုများ (critical legal studies) နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေလေ့လာရာတွင် ချဉ်းကပ်နည်းအသစ်များ စသည့်) ဘွဲ့လွန် ပညာရေး အစီအစဉ်အသစ်များအား ဗြိတိန်၊ အမေရိကန်နှင့် အခြားနိုင်ငံများရှိ ဥပဒေကျောင်းများတွင် စီစဉ်ပေးနေသည်ကို အခိုင်အမာတွေ့ရှိရသည်။[၁၄] ဥပဒေပညာ သင်ကြားသူများသည် လက်တွေ့မျက်မြင် အခြေပြုဥပဒေသုတေသန (empirical legal research) နှင့်အတူ လူမှုဥပဒေသုတေသန (socio-legal research) များ ပေါ်ထွက်လာရေးကို အောက်ပါအတိုင်း အထူး အလေးပေးလျက်ရှိကြသည်-

> ဗြိတိသျှတက္ကသိုလ် ဥပဒေကျောင်းများသည် ဥပဒေသုတေသနနှင့် ပညာရပ်ဆိုင်ရာ သဘောသဘာဝတွင် အခြေခံကျသော ပြုပြင်ပြောင်းလဲမှုကို လက်ရှိ အကောင်အထည်ဖော်နေကြသည်။ အဆိုပါကျောင်းများတွင် တစ်ချိန်က အယူအဆအခြေပြု ဆန်းစစ်လေ့လာမှု (doctrinal analysis) သီးသန့်သာ လွှမ်းမိုးနေခဲ့ကြသော်လည်း မျိုးဆက်သစ် ဥပဒေပညာရှင်များသည် အယူအဆအခြေပြုလုပ်ငန်းများကို စွန့်ခွာလာခြင်း သို့မဟုတ် လူမှုဘာသာရပ်များနှင့် လူမှုရေးသိပ္ပံဘာသာရပ်များထံမှရရှိသော ချဉ်းကပ်မှု နည်းလမ်းများနှင့် နည်းစနစ်များကို ထိုအယူအဆအခြေပြုဆန်းစစ်မှုများတွင် ရောနှောပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိသည်......... [အဆိုပါ] ပြောင်းလဲမှုသည်

ဥပဒေကျောင်းသားများအား အမှန်တကယ် လွတ်လွတ်လပ်လပ် လေ့လာဆည်းပူးခွင့်ရှိသည့် ပညာရေးကို ရရှိနိုင်စေရန် ဦးတည်ပေလိမ့်မည်။ ဥပဒေကျောင်းများ၏ တက္ကသိုလ်ပရဝဏ်အတွင်း ဉာဏ်ပညာအခြေပြု ဆွေးနွေးမှုများကိုလည်း နေရာအနှံ့ ပိုမိုဖြစ်ပေါ်လာစေမည် ဖြစ်သည်။[၁၅]

အယူအဆအခြေပြု မဟုတ်သည့် ချဉ်းကပ်မှုနည်းလမ်းများ (non-doctrinal approach) သည် လူမှုဘာသာရပ်နှင့်လူမှုရေးသိပ္ပံဘာသာရပ်များမှ သုတေသနနည်းလမ်းများအား အသုံးပြုပြီး ပိုမိုကျယ်ပြန့်သော လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများတွင် ဥပဒေပညာကို နှိုင်းယှဉ်လေ့လာခြင်းဖြစ်သည်။ အဓိကအားဖြင့် စီရင်ထုံးဥပဒေများ ကိုးကား၍ ဥပဒေကို နားလည်သဘောပေါက်အောင် လေ့လာမှုပြုရာတွင် အယူအဆအခြေပြုသုတေသန၏ နယ်ပယ်နှင့် အသုံးချနိုင်မှု ဘောင်ကျဉ်းမြောင်းသည့်အတွက် ၎င်းအယူအဆအခြေပြုသုတေသန၏ အကန့်အသတ်များကို လူမှုဥပဒေရေးရာပညာရှင်များက ထောက်ပြကြသည်။ ကျောင်းသားများနှင့် ဥပဒေပညာရှင် များအတွက် အဆိုပါအစဉ်အလာ သုတေသနနည်းလမ်းသည် အယူအဆအခြေပြု မဟုတ်သည့် မေးခွန်းများကို ဖြေဆိုနိုင်ခြင်းမရှိပေ။[၁၆] Roger Cotterrell က အောက်ပါအတိုင်း မှတ်ချက်ပြုသည်-

> အယူအဆအခြေပြုဥပဒေများကိုသာ သီးသန့်ရေးသားခဲ့သည့် ဆယ်စုနှစ်များစွာသည် ခေတ်သစ် လက်တွေ့မျက်မြင်အခြေပြု လူမှုဥပဒေလေ့လာမှု (empirical socio-legal studies) အတွေ့အကြုံရှိသည့် ဆယ်စုနှစ်အနည်းငယ်နှင့် နှိုင်းယှဉ်ပါက ဥပဒေဆိုတာ ဘာလဲဟူသည်နှင့် ဥပဒေက ဘာလုပ်သည်ဟူသော တန်ဖိုးရှိသည့် ဗဟုသုတ အနည်းငယ်ကိုသာ လူမှုရေးရာဖြစ်စဉ်အဖြစ် ထုတ်လုပ်နိုင်ခဲ့ပါသည်.....[၁၇]

ဥပဒေသုတေသနအတွက် အထောက်အပံ့များအဖြစ် လူမှုဗေဒ၊ နိုင်ငံရေးသိပ္ပံ၊ ဘောဂဗေဒ၊ စိတ်ပညာ၊ သမိုင်းနှင့် အမျိုးသမီးဝါဒကဲ့သို့ အခြားပညာရပ်များအား အသုံးပြုခြင်း၏ ကောင်းကျိုးနှင့် ဆက်စပ်မှုကို ကျယ်ပြန့်စွာသိမြင်ခဲ့ကြသည်။ ပညာရပ်စုံအခြေပြု သို့မဟုတ် လူမှုဥပဒေရေးရာသုတေသနသည် ဥပဒေဆိုင်ရာ အကျယ်တဝင့်ရေးသားချက်ကို ၎င်း၏ သဘောတရားနှင့် အယူအဆအခြေပြုမူဘောင် (conceptual framework) အရ ပိုမိုကျယ်ပြန့်စေသည်။ လေ့လာမှု၏ ဦးတည်ချက်ကို အဆိုပါမူဘောင်က ဦးဆောင်လမ်းပြ ပေးမည်ဖြစ်ပြီး ၎င်း၏ သီးသန့် သုတေသနနည်းလမ်းများက သုတေသနမေးခွန်းများကို ဖြေဆိုရန် လက်တွေ့ မျက်မြင် အထောက်အထားများ ရရှိလာစေမည်ဖြစ်သည်။ ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဥပဒေဆိုင်ရာ ယထာဘူတဝါဒီများ (legal realists) နှင့် လူမှုဥပဒေ ပညာရှင်များသည် ဥပဒေနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာလှုပ်ရှားမှုကို စတင်ခဲ့ကြသည်။ ထို့အပြင် ‘စာအုပ်ထဲက ဥပဒေ (law in books)’ နှင့် ‘အကောင်အထည်ဖော် ကျင့်သုံးသည့် ဥပဒေ (law in actions)’

တို့အကြား ခြားနားချက်အား နားလည်သဘောပေါက်စေရန်နှင့် လူမှုအဖွဲ့အစည်းအတွင်း ဥပဒေ အာဏာသက်ရောက်ခြင်းတို့၏ အရေးတကြီးလိုအပ်ချက်တို့ကို ထောက်ပြခဲ့သည်။ ဥပဒေ ပြုပြင်ပြောင်းလဲမှုသည် လူထုအတွက် ကောင်းကျိုးပြုသည့် အကျိုးကျေးဇူးရရှိရန်နှင့် လူထု အကျိုးစီးပွားကို ကာကွယ်ရန် ဆောင်ကြဉ်းပေးနိုင်မှု ရှိ၊ မရှိ ဖြင့် ဥပဒေဆိုင်ရာ ယထာဘူတ ဝါဒီများနှင့် လူမှုဥပဒေရေးရာ ပညာရှင်များက ဥပဒေစနစ်ကို ဆန်းစစ်ရာတွင် စိတ်ဝင်စားသည်။[၁၈] ထို့အတူပင် ၁၉၈၀ ပြည့်လွန်နှစ်များ၌ လူမှုဗေဒ၊ မနုဿဗေဒနှင့် စာပေဆိုင်ရာ သီအိုရီ ကဲ့သို့သော ပညာရပ် နယ်ပယ်များတွင် တွေ့ရှိရသော စိတ်ကူးအကြံဉာဏ်များနှင့် နည်းလမ်းများအား ဝေဖန်ဆန်းစစ်မှု အခြေပြု ဥပဒေလေ့လာမှုများ (critical legal studies) ၌ ပေါင်းစပ် ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။[၁၉] ခြုံငုံပြောဆိုရသော် ဥပဒေပညာ နယ်ပယ်ရှိ အထက်ဖော်ပြပါ ချဉ်းကပ်မှုနည်းလမ်းများသည် ဥပဒေနှင့် ကျား-မရေးရာ၊ လူမှုအဆင့်အတန်း၊ လူမျိုး၊ ဘာသာ၊ အခွင့်အာဏာနှင့် သက်ဆိုင်သည့် အခြားလူမှုဆက်နွယ်မှုများအကြား ဆက်စပ်မှုကို လေ့လာရန်အတွက် အစဉ်အလာဥပဒေ လေ့လာဆန်းစစ်ခြင်း၏ အခြားနည်းလမ်း တစ်ခုအဖြစ် စီစဉ်ပေးပါသည်။ ထို့အပြင် ရှေ့နေများကို လေ့လာဆန်းစစ်မှုနှင့် နောက်ဆုံးပေါ် သုတေသနကို ထိတွေ့လုပ်ဆောင်သွားရန်လည်း အားပေးအားမြှောက် ပြုပါသည်။[၂၀] ပို၍ လက်တွေ့ဆန်ဆန် ဆိုရလျှင် ပညာရပ်စုံ အခြေပြု ဥပဒေသုတေသနသည် အောက်ဖော်ပြပါ အတိုင်း အလားအလာ အတော်များများကို ကမ်းလှမ်းပေးပါသည်-

> လုံးဝလက်တွေ့ကျသည့် အခေါ်အဝေါ်အသုံးအနှုန်းအရ ပညာရပ်စုံလင်မှုသည် ပိုမို ပြိုင်ဆိုင်မှု ပြင်းထန်လာသည့် ပညာရပ်နယ်ပယ်တွင် ထုတ်ကုန်အမျိုးမျိုး ထွက်ရှိ လာရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ကို ကမ်းလှမ်းနေသည်။ 'ပညာရပ်စုံ အခြေပြုအမြင်ရှုထောင့်' သည် သုတေသီ၏ သုတေသနအလုပ်ကို ဂုဏ်သတင်းကြီးသော ပညာရပ်ဆိုင်ရာဂျာနယ် သို့မဟုတ် ပုံနှိပ်ထုတ်ဝေသည့် စာပေတိုက်တို့တွင် ပုံနှိပ် ထုတ်ဝေခွင့် ရရှိနိုင်ရန် ကူညီပေးသည်။ ပညာရပ်စုံအခြေပြု သုတေသနသည် သုတေသနရန်ပုံငွေ အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများအတွက် ပိုမိုစိတ်ဝင်စားမှု ရရှိစေပါသည်။ အထူးသဖြင့် ဥပဒေပညာရှင်များအတွက် အဆိုပါ ပညာရပ်စုံ အခြေပြုသုတေသနသည် ဥပဒေသီးသန့်သုတေသနများအတွက် ရရှိနိုင်မည် မဟုတ်သော သုတေသနရန်ပုံငွေ အထောက်အပံ့များကို ရရှိစေသည်။[၂၁]

ပို၍ဆိုရသော် လူမှုဥပဒေရေးရာပညာရပ်သည် အရေအတွက်အခြေပြုသုတေသန (quantitative research) နှင့် အရည်အသွေးအခြေပြု သုတေသန (qualitative research) အပါအဝင် လက်တွေ့ အသုံးချ လူမှုရေးသိပ္ပံ သုတေသနနည်းလမ်းများကျယ်ပြန့်စွာ ပါဝင်သည်။[၂၂] အဆိုပါ သုတေသန နည်းလမ်းများသည် ဥပဒေ၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖြစ်စဉ်များ၏ လုပ်ဆောင်ပုံများကို

ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ ဥပမာအားဖြင့် အိမ်ရာမဲ့ ဥပဒေအား အကောင်အထည်ဖော်ရာတွင် ဦးဆောင်သည့် ဒေသဆိုင်ရာအာဏာပိုင်များ၏ တရားရုံး၌ စီရင်ချက်ချမှတ်ခြင်း သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်း အခန်းကဏ္ဍကို လေ့လာရာ၌ Dave Cowan နှင့် လုပ်ဖော်ကိုင်ဖက်များက လူမှုဥပဒေရေးရာ လေ့လာဆန်းစစ်မှုကို အသုံးပြုသည်။[၂၃] ၁၉၉၆ ခုနှစ် အိမ်ရာအက်ဥပဒေ၌ ပါရှိသည့် အိမ်ရာမဲ့ ဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာ၌ ဒေသအာဏာပိုင်များသည် ဌာနတွင်း သုံးသပ်ချက်ပြုလုပ်ချိန်တွင် ဆုံးဖြတ်ချက်များကို စိတ်တိုင်းကျ ချမှတ်ခဲ့သည်ဆိုခြင်းကို Dave Cowan ၏ သုတေသနအဖွဲ့က အရေအတွက် အခြေပြုနှင့် အရည်အသွေးအခြေပြု အချက်အလက် နှစ်မျိုးစလုံးအပေါ် အခြေပြု၍ အတည်ပြုသည်။ ထို့အပြင် အဆိုပါဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ပေးရန် နစ်နာကြောင်း လျှောက်ထားသူ အများစုသည် အတားအဆီးများကို ကြုံတွေ့ရကြောင်း သုတေသနအဖွဲ့က အတည်ပြု တွေ့ရှိရသည်။ ၎င်းတို့၏ လေ့လာမှုအရ တရားရေးဆိုင်ရာအဖွဲ့အစည်း တစ်ခုက မည်သို့ လုပ်ငန်းဆောင်ရွက်သည်နှင့် ဥပဒေပြုပြင် ပြောင်းလဲမှုသည် မျှော်မှန်းရလဒ်အတိုင်း ရရှိခြင်းရှိ၊ မရှိ ဆန်းစစ်ရာတွင် ကိန်းဂဏန်း အချက်အလက် (hard data) များအား မည်သို့စုဆောင်းသည် တို့ကို လက်တွေ့ပြသပါသည်။ ဤသို့ဖြင့် လိုအပ်သည့် မူဝါဒနှင့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကိုလည်း ထောက်ပြသည်။ လက်တွေ့မျက်မြင်အခြေပြု ဥပဒေပညာနှင့် အယူအဆအခြေပြု သုတေသနသည် တစ်ခုနှင့်တစ်ခု လိုက်ဖက်ညီ ထောက်ပံ့နေပြီး ပညာရှင်ရှေ့နေများက အကြံပြုသည့်အတိုင်း ဥပဒေရေးရာ ကိစ္စရပ်များကို ဆန်းစစ်ရာတွင် သုတေသနနည်းလမ်း နှစ်ခုစလုံးကို တပြိုင်နက်တည်း အသုံးပြုနိုင်သည်။[၂၄] မည်သို့ပင်ဆိုစေကာမူ ယနေ့ခေတ် ဥပဒေကျောင်းများက ဥပဒေဆိုင်ရာ လူမှုရေးရာမူဝါဒအပေါ် အလေးအနက်ထားမှုသည် လုံလောက်ခြင်း ရှိ၊ မရှိနှင့် ကျောင်းသားများအား ဥပဒေသုတေသနတွင် လက်တွေ့အသုံးချ လူမှုရေးသိပ္ပံ ဘာသာရပ်များကို အသုံးချမှု ဆိုင်ရာ သင်တန်းပေးမှုသည် လုံလောက်ခြင်း ရှိ၊မရှိ တို့အပေါ် သံသယရှိကြသည်။ အဆိုပါ လိုအပ်ချက်အား ဖြည့်ဆည်းရန်အလို့ငှာ လက်တွေ့မျက်မြင် အခြေပြု သုတေသနက ဥပဒေကို မည်သို့ နားလည်သဘောပေါက်၍ သင်ယူနိုင်သည်ကို ပြောင်းလဲနိုင်ကြောင်း ဤစာအုပ်ဖြင့် လက်တွေ့ ရှင်းလင်း ပြသပေးမည်ဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာဥပဒေသုတေသနနှင့် နှိုင်းယှဉ်လေ့လာမှုဆိုင်ရာ ဥပဒေ သုတေသန

ဤစာအုပ်တွင် ပါဝင်သည့် ဥပဒေသုတေသန တတိယအမျိုးအစားမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေသုတေသနနှင့် နှိုင်းယှဉ်လေ့လာမှုဆိုင်ရာ ဥပဒေသုတေသနပင် ဖြစ်သည်။ အဆိုပါ သုတေသနကို ဤစာအုပ်တွင် ထည့်သွင်းရခြင်း၏အကြောင်းရင်းမှာ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေ ဆိုင်ရာထက် ကျော်လွန်သောစာရွက်စာတမ်းများ၏ လွှမ်းမိုးမှုပိုလာခြင်းကြောင့်

လည်းကောင်း၊ ဥပဒေပညာရှင်များသည် စီရင်ပိုင်ခွင့်အာဏာအမြောက်အမြားမှ စာချုပ်စာတမ်းများကို ကိုးကားရန် ပိုမိုလိုအပ်ခြင်းကြောင့်လည်းကောင်း၊ ခေတ်ပြိုင် ဥပဒေကျောင်းများသည် ၎င်းတို့ကျောင်းသားများအား ပိုမိုဝေဖန်ဆန်းစစ်တွေးတောရန် လိုလားခြင်းကြောင့် လည်းကောင်း ဖြစ်ပါသည်။ ဤသုတေသနပုံစံသည် ရှေးရိုးစဉ်လာဥပဒေအမျိုးစားများကို ဆန့်ကျင်ပြီး အများဆိုင်နှင့် ပုဂ္ဂလိကဆိုင်ရာ နိုင်ငံတကာဥပဒေကို ပြည်တွင်းဥပဒေ၊ ဥရောပဥပဒေတို့ဖြင့် လည်းကောင်း၊ နှိုင်းယှဉ်လေ့လာမှု နည်းလမ်းများဖြင့်လည်းကောင်း ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထိုသို့ ပေါင်းစပ်လေ့လာခြင်းဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဥပဒေစနစ်များ၏ လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် နားလည်သဘောပေါက်စေသည်။ ထို့အပြင် အပြန်အလှန်မှီခိုလျက်ရှိသည့် ယနေ့ခေတ်ကမ္ဘာတွင် ပြည်သူ့ရေးရာမူဝါဒ ရေးဆွဲမှုအပေါ် အပြည်ပြည်ဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုကို နားလည်လာစေသည်။

# စာအုပ်၏ ဖွဲ့စည်းတည်ဆောက်ပုံ

စာအုပ်ကို အခန်း (၁၁) ခန်းဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါအခန်းများနှင့်အတူ ဥပဒေတွင် အသုံးများသည့် သုတေသနနည်းလမ်းများအား ထည့်သွင်းထားပြီး၊ ဥပဒေ သုတေသန ဆောင်ရွက်နိုင်ရေးအတွက် ဆန်းသစ်သောအကြံဉာဏ်အပေါ် ဆွေးနွေးရာတွင် အမှန်တကယ် ဆောင်ရွက်ထားသည့် သုတေသနစီမံကိန်းများကို သရုပ်ပြဥပမာ အနေဖြင့် အသုံးပြုထားသည်။ သုတေသနနည်းလမ်းတစ်ခုစီ၏ အကန့်အသတ်များကိုလည်း ဖော်ပြထားသည်။ အရေးပါမှု ကျယ်ပြန့်သော်လည်း ဂရုထားလေ့မရှိသည့် သုတေသနကျင့်ဝတ်များအကြောင်းကိုလည်း အခန်းတိုင်းတွင် ထည့်သွင်းထားသည်။ အထူးသဖြင့် အခန်း (၇) တွင် ပိုမို ရှင်းလင်းပြည့်စုံစွာ ဖော်ပြထားသည်။ သင့်လျော်သည့် သုတေသနစာအုပ်စာတမ်းများကို စုစည်းထားသည့် ကျမ်းကိုးစာရင်းကိုလည်း စာအုပ်ထဲတွင် ဆက်လက်ဖတ်ရှုလေ့လာသင့်သည့် အပိုင်းအနေဖြင့် ထည့်သွင်းထားသည်။

အခန်း (၁) မှ (၄) အထိ ဥပဒေဆိုင်ရာဆွေးနွေးမှု လက်တွေ့နယ်ပယ်အတွက် အခြေခံဖြစ်သည့် အရည်အသွေးအခြေပြုနှင့် အရေအတွက်အခြေပြုသုတေသနနည်းလမ်းများ အကျဉ်းကို ဖော်ပြထားသည်။ အခန်း (၁) တွင် Ian Dobinson နှင့် Francis Johns က ကိန်းဂဏန်းအချက်အလက်နှင့်မသက်ဆိုင်သော အရည်အသွေးအခြေပြုသုတေသနအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုပြီး ကိန်းဂဏန်းအချက်အလက်နှင့်ဆိုင်သော အရေအတွက်အခြေပြု သုတေသနနှင့် ကွဲပြားခြားနားပုံကို ရေးသားသည်။ အယူအဆ၊ ပြဿနာ၊ မူဝါဒနှင့် ဥပဒေ ပြုပြင်ပြောင်းလဲမှု အခြေပြု သုတေသနများဟူ၍ ကျယ်ပြန့်သည့် အစိတ်အပိုင်း (၄) ပိုင်းကို ခွဲခြားဖော်ပြသည်။ စတင်ဆောင်ရွက်မည့် သုတေသနသည် မည်သည့် သုတေသနအစိတ်အပိုင်း တစ်ခုတွင် ကျရောက်သည်ဖြစ်စေ သို့မဟုတ် အစိတ်အပိုင်းများပေါင်းစပ်ထားခြင်းတွင် ကျရောက်သည်

ဖြစ်စေ ဂရုမထားဘဲ အရည်အသွေးအခြေပြု ချဉ်းကပ်မှုနည်းလမ်းပေါင်းစုံကို အသုံးပြု သင့်သည်။ သုတေသီ၏ ရည်ရွယ်ချက်မှာ တွေ့ရှိသည့်အရာအပေါ်မူတည်၍ ကောက်ချက် (သို့မဟုတ် ဆိုလိုချက်) တစ်ချို့ကို ရရှိစေရန်ဖြစ်သည်။ အဆိုပါအမြင်တွင် ဥပဒေ သုတေသနသည် ပညာရပ်ဆိုင်ရာ သို့မဟုတ် ပညာရှင်ဆန်ဆန် သုတေသနပုံစံများနှင့် ကွဲပြားခြားနားမှု မရှိကြောင်း တွေ့ရှိရပြီး လက်တွေ့မျက်မြင်အခြေပြု နည်းလမ်းများကို တိတိကျကျ အသုံးပြုသင့်သည်။ သို့သော် ထိုကဲ့သို့ လက်တွေ့မျက်မြင်အခြေပြုနည်းလမ်းများကို အသုံးပြုခြင်းသည် စေ့စေ့စပ်စပ် သိမြင်သည့် ပညာရပ်ကျွမ်းကျင်မှု အဆင့်တစ်ခုလိုအပ်သည်။ ထို့ကြောင့် ဥပဒေသုတေသန အများအပြားသည် အဆင့်မမီ ဖြစ်ရခြင်းဖြစ်သည်။ ဤအခန်းသည် ဥပဒေသုတေသန ပညာရှင်အလောင်းအလျာအား အဆိုပါအဆင့်မမီဖြစ်ရသည့် ကိစ္စရပ်အပေါ် ဂရုပြုမိစေရန် သတိပေးပြီး အကျိုးဆက်အနေဖြင့် နမူနာသုတေသနများကို ရည်ညွှန်း ကိုးကားခြင်းဖြင့် ပိုမိုကောင်းမွန် စနစ်ကျသော နည်းလမ်းဖြင့် အရည်အသွေးအခြေပြု ဥပဒေ သုတေသနအား မည်သို့ အကောင်းဆုံး ဆောင်ရွက်မည်ကို ရှာဖွေသွားမည်ဖြစ်သည်။

အခန်း (၂) ၏ အဓိကအလုပ်မှာ အရေအတွက်အခြေပြုသုတေသနနည်းလမ်းများ၏ သဘာဝနှင့် လူမှုဥပဒေရေးရာလေ့လာမှုများတွင် ထည့်သွင်းအသုံးပြုပုံများကို စစ်ဆေးရန် ဖြစ်သည်။ Wing Hong Chui က အရေအတွက်အခြေပြုနည်းလမ်းများ၏ ရည်ရွယ်ချက်များနှင့် အဓိကအချက်များကို ခြုံငုံသုံးသပ်ခြင်းဖြင့်စတင်ပြီး အရည်အသွေးအခြေပြုနည်းလမ်းများနှင့် နှိုင်းယှဉ်ပြသည်။ အရေအတွက်အခြေပြုသုတေသနရှိ သီအိုရီ၏ အခန်းကဏ္ဍကို လေ့လာ ဆန်းစစ်ပြသည်။ လက်တွေ့မျက်မြင်အခြေပြု သုတေသနအတွက် အယူအဆများကို တိုင်းတာခြင်းနှင့် နမူနာကောက်ယူခြင်း နည်းဗျူဟာများကဲ့သို့ သုတေသနဒီဇိုင်းပုံစံများကို ရေးသားဖော်ပြသည်။ ရေးကာလနှင့် ခေတ်ပြိုင်ကာလ အရေအတွက်အခြေပြု လေ့လာမှုများကို နမူနာများဖြင့် ရှင်းလင်းဖော်ပြပြီးနောက် စစ်တမ်းကောက်ယူခြင်း၊ စမ်းသပ်ခြင်းနှင့် အခြားသူများ ဆီက တဆင့်ခံရရှိသည့် အချက်အလက်အရင်းအမြစ်များကို လေ့လာဆန်းစစ်ခြင်း (secondary data analysis) စသည့် အချက်အလက်ကောက်ယူသည့် အဓိက နည်းစနစ်များကို အလေးထား တင်ပြထားသည်။ နည်းစနစ်တစ်ခုချင်းစီ၏ ကျိုးကြောင်းဆီလျော်မှု၊ အားသာချက်နှင့် အားနည်းချက်များကို သီးသန့်ဖော်ပြထားသည်။ အရေအတွက် အခြေပြုသုတေသနရှိ အရေအတွက်ဆိုင်ရာအချက်အလက် လေ့လာဆန်းစစ်မှုနှင့် ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များ (အသေးစိတ်ကို အခန်း (၇) တွင် ဆွေးနွေးထားသည်) အပေါ် ဆန်းစစ်မှုတို့၏အကြောင်းကို ဆွေးနွေးရင်း ဤအခန်းကို အဆုံးသတ်ထားသည်။

လူမှုဓလေ့ထုံးတမ်းများအားသိပ္ပံနည်းကျလေ့လာသည့် သုတေသန (ethnographic research) ၏ အဓိကကျသော ဝိသေသများကို အခန်း (၃) တွင် ဖော်ထုတ်ထားပြီး လူမှုဥပဒေ

ဆိုင်ရာ အစဉ်အလာကို ထိန်းသိမ်းရာတွင် မဟာဝိဇ္ဇာနှင့် ပါရဂူဘွဲ့ ကျောင်းသားများသည် အရေးပါသည့် ထောက်ပံ့မှုများကို မည်သို့ဆောင်ရွက်နိုင်ကြောင်း တင်ပြထားသည်။ အရှည်အသွေး အခြေပြု သုတေသနရှိ သီအိုရီ၏အခန်းကဏ္ဍကိုလည်းကောင်း၊ သုတေသနမေးခွန်းများကို ဖန်တီးရာတွင် တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း၊ အခွင့်အလမ်းကို ရရှိ ထိန်းသိမ်းရာတွင် အမျိုးစုံတွေ့ကြုံရသည့် သဘောသဘာဝများနှင့် စပ်လျဉ်း၍လည်းကောင်း တန်ဖိုးကြီးအမြင်များကို တင်ပြသည်။ Satnam Choongh က ပါရဂူဘွဲ့အတွက် ရဲစခန်းများရှိ လုပ်ထုံးလုပ်နည်းဆိုင်ရာ မှုတမှုများအကြောင်း ကျမ်းပြုစုရန် သုတေသန ဆောင်ရွက်ရာတွင် ရရှိခဲ့သည့် သူ၏ ကိုယ်ပိုင် အတွေ့အကြုံအား အသုံးပြု၍ မည်သည့်နေရာတွင် မည်သို့ အင်တာဗျူးရမည်ကို လက်တွေ့ကျကျ လမ်းညွှန်ထားပါသည်။ ထို့အပြင် အတွေ့အကြုံများနှင့် လေ့လာချက်များအပေါ် အမြင်များ ထုတ်နှုတ်နိုင်ရန် မည်သို့ အင်တာဗျူး တည်ဆောက်ရမည်၊ ဥပဒေနှင့် လူမှုဗေဒအမြင်များအကြား နေ့စဉ်အပြန်အလှန် အကျိုးပြုမှုနှင့် ဖြစ်စဉ်တို့ကို မည်သို့လေ့လာမှတ်တမ်းတင်၍ စိစစ်သုံးသပ် ရမည်တို့ကို ထုတ်နှုတ် တင်ပြထားပါသည်။

ဥပဒေသုတေသနတွင် ပညာရပ်စုံလေ့လာမှု၏ အဓိပ္ပာယ်နှင့် တန်ဖိုးကို Paul Roberts က အခန်း (၄) တွင် စူးစမ်းရှာဖွေထားပါသည်။ ဘာသာရပ်တစ်ခုအဖြစ် ဥပဒေ၏နယ်နိမိတ်၊ ဖွဲ့စည်းပုံနှင့်ဆိုင်သော အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ မေးခွန်းများနှင့် အခန်း (၄) ကို စတင်ထားပြီး ကောင်းမွန်ပြည့်စုံသော သုတေသနနည်းလမ်း၏ စံနှုန်းများအပေါ် ယေဘုယျ ဆွေးနွေးထားသည်။ တွေးခေါ်ဆင်ခြင်မှုဆိုင်ရာ ယေဘုယျစည်းမျဉ်းများဖြစ်သည့် ‘ပညာရပ်ဆိုင်ရာစုံစမ်းစစ်ဆေးမှု၏ သုံးပွင့်ဆိုင်ချိတ်ဆက်မှု’ (Eternal Triangle of Intellectual Inquiry (ET)) အကြောင်းကို အသေးစိတ် မိတ်ဆက်ရှင်းပြသည်။ အယူအဆအခြေပြု ဥပဒေပညာရပ် (doctrinal legal scholarship) ၏ အစဉ်အလာပုံစံများနှင့် ဆက်စပ်သည့်တိုင် ‘သုတေသနနည်းလမ်းကျ တွေးခေါ်နိုင်ရေး’သည် ဥပဒေသုတေသန ပညာရှင်များအတွက် အရေးကြီးကြောင်း ဤအခန်းက အသားပေးဖော်ပြသည်။ သုတေသန နည်းလမ်းကျ တွေးခေါ်ခြင်းသည် သုတေသနမေးခွန်းများကို ဂရုတစိုက်ဖော်ထုတ်ခြင်းဖြစ်သည်ဟု Roberts က ရှင်းပြပါသည်။ ထို့အပြင် အဆိုပါမေးခွန်း များအား ဖြေဆိုနိုင်မည့် သင့်လျော်သည့်နည်းလမ်းကို ရွေးချယ်ခြင်း သို့မဟုတ် ဆက်စပ်သည့် အချက်အလက်များ ထုတ်ပေးနိုင်မည့် နည်းလမ်းများကို ပေါင်းစပ်အသုံးပြုရန် ရွေးချယ်ခြင်း ဖြစ်သည်ဟုလည်း Roberts က ရှင်းပြပါသည်။ အဆိုပါ သုတေသနနည်းလမ်းများ ရွေးချယ်ခြင်းသည် ထပ်ခါတလဲလဲ သွက်သွက်လက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ဖြစ်သည်။ ဥပဒေ သုတေသီများသည် ၎င်းတို့ စုံစမ်းစစ်ဆေးမှုများနှင့် ဆက်စပ်၍ မည်သည့် သုတေသနနည်းလမ်းကို အသုံးပြုသည်ဖြစ်စေ ပညာရပ်စုံပါဝင်သည့် စာအုပ် စာပေနှင့် သုတေသန အချက်အလက်များအား ကျွမ်းကျင်လိမ္မာစွာ အနက်အဓိပ္ပာယ် ဖော်ဆောင်၍ ပါးပါးနပ်နပ် အသုံးချတတ်ရန် လိုအပ်လာကြောင်း Roberts က ဆွေးနွေးပါသည်။ ပညာရပ်စုံ ပါဝင်သည့်

လေ့လာမှုနယ်ပယ်သည် ပါရဂူဘွဲ့ကျောင်းသားများနှင့် ပညာရပ်ဆိုင်ရာ သုတေသန ပညာရှင်များ အတွက် အစဉ်အမြဲမဟုတ်သော်လည်း ယေဘုယျအားဖြင့် လိုအပ်လာသည်။ စာရေးသူကိုယ်တိုင် လေ့လာထားသည့် ပြစ်မှုဆိုင်ရာတရားစီရင်ရေး သုတေသနမှ ကောက်နှုတ်ထားသည့် ဖြစ်ရပ်လေ့လာမှု (၃) ခုဖြင့် နိဂုံးချုပ်ထားသည်။ ထို့အပြင် ဥပဒေနှင့် ဒဿနိကဗေဒ၊ ဥပဒေနှင့် လူမှုဗေဒ/ လူမှုဥပဒေရေးရာလေ့လာမှု၊ ဥပဒေနှင့် သိပ္ပံပညာအကြား ကြားခံဆက်သွယ်ပေးသော ထိရောက် အကျိုးရှိသည့် ပညာရပ်စုံအခြေပြုမှုကို သရုပ်ဖော်၍ နိဂုံးချုပ်ထားသည်။ ကိုယ်ပိုင် သုတေသန ပြဿနာများနှင့် မေးခွန်းများအတွက် သုတေသနနည်းလမ်းဆိုင်ရာ အရိပ်အမြွက်၊ အကြံဉာဏ်များ အပြင် အကြိမ်ကြိမ်ကြိုးစားစမ်းသပ်သည့် နည်းဗျူဟာများနှင့် နည်းစနစ်များကို ခန့်မှန်း တွက်ချက်ရန် စာဖတ်သူများအား ဖိတ်ခေါ်ထားပါသည်။

ကမ္ဘာပေါ်တွင် ဥပဒေလေ့လာမှုများ၏ တစ်နေ့တစ်ခြား အရေးပါလာမှုကို ကိုင်တွယ် ဖြေရှင်းရန် အခန်း (၅) နှင့် အခန်း (၆) တွင် ဖော်ပြထားသည်။ အခြားသောတရားစီရင်ပိုင်ခွင့် စနစ်များကို အပြန်အလှန် လေ့လာသည့် သုတေသန (cross-jurisdictional research) မှ ဖြစ်ပေါ်လာသည့် ခက်ခဲရှုပ်ထွေးသည့် ဥပဒေသီအိုရီတစ်ခုကို Mark Findlay နှင့် Ralph Henham က သရုပ်ဖော်ရှင်းပြခဲ့သည်။ အကြောင်းအရာ၊ နှိုင်းယှဉ်မှု၊ အပြန်အလှန် အကျိုးပြုမှုနှင့် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုဆိုင်ရာ အခြေခံကျသောကိစ္စရပ်များကို စစ်ဆေးမေးမြန်းခြင်းဖြင့် အကြောင်းအရာ နှိုင်းယှဉ်လေ့လာဆန်းစစ်မှု သုတေသနနည်းလမ်းနှင့် သီအိုရီများအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအချက်များကို အခန်း (၅) က ချမှတ်ထားသည်။ အဆိုပါ ကိစ္စရပ် အတွက် နိုင်ငံတကာတရားခွင်များတွင် ဖြစ်နိုင်ခြေရှိသည့် စစ်ဆေးစီရင် ဆုံးဖြတ်ချက် ချမှတ်ခြင်းကို လေ့လာဆန်းစစ်မှု ပြုနိုင်ရန်အလို့ငှာ ကွဲပြားသည့် လုပ်ထုံးလုပ်နည်းများရှိ ရာဇဝတ်မှု စစ်ဆေးစီရင်ခြင်းများကို အခန်း (၅) အနေဖြင့် လေ့လာဆန်းစစ်ထားပါသည်။ ဖြစ်ရပ် လေ့လာဆန်းစစ်မှုတစ်ခု၏ အယူအဆဆိုင်ရာ မူဘောင်သည် အခြေခံသဘောတရားများနှင့် လုပ်ငန်းစဉ်များကို ခွဲခြားသတ်မှတ်နိုင်သည့် ဖွဲ့စည်းမှုနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုတို့အတွက် အခင်းအကျင်းတစ်ခုကို ဖန်တီးပေးသည်။ အဆိုပါ အခြေခံသဘောတရားနှင့် လုပ်ငန်းစဉ်များသည် ရာဇဝတ်မှုကို စစ်ဆေးကြားနာသည့် တရားခွင်ရှိ ပါဝင်သူများမှ စည်းမျဉ်းများနှင့် အရင်းအမြစ်များ အသုံးချခြင်းအတွက် အရေးတကြီးလိုအပ်ပါသည်။ ရွေးချယ်ထားပြီးဖြစ်သည့် အကြောင်းအရာ တစ်ခုချင်းစီအတွင်း လေ့လာဆန်းစစ်မှု၏ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ၊ စီစဉ်မှုဆိုင်ရာနှင့် အပြန်အလှန် အကျိုးပြုမှုဆိုင်ရာ အလွှာအဆင့်ဆင့်ကို သိမြင်လက်ခံလာနိုင်စေရန်အတွက် သဘောတရားရေးရာအခြေခံကို ဖွံ့ဖြိုးဖြစ်ပေါ်လာစေခြင်း ဖြစ်သည်။ လူမှုရေးရာဥပဒေ သုတေသနအတွက် ထပ်တလဲလဲ အသုံးပြုသည့် နည်းပညာများဖြစ်သည့် ဖြစ်ရပ်လေ့လာမှု သုတေသနနည်းလမ်းနှင့် နောက်ဆက်တွဲ ပုံစံငယ်ပြုလုပ်ခြင်းတို့အတွက် အရေးပါသည့် သဘော တရားရေးရာ အခြေခံကို အသေးစိတ် စီမံခြင်းအား အခန်း (၅) ၏ နိဂုံးပိုင်းတွင် ဖော်ပြသည်။

အခန်း၏ ကျန်ရှိသောအပိုင်းများသည် ဥပဒေသုတေသနကို ရှင်းလင်းစွာ တင်ပြထားသည်။ ထို့အပြင် သီအိုရီအား ပေါ်လွင်ထင်ရှားစေပြီး ၎င်း၏ အသုံးဝင်မှုကို သရုပ်ပြနိုင်သည့် နည်းလမ်းတစ်ခုကိုလည်း စီစဉ်ထားပေးသည်။

ဥပဒေများ နိုင်းယှဉ်လေ့လာရခြင်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို ဖြေဆိုရန် အတွက် အခြေခံမေးခွန်းများအား Geoffrey Wilson က အခန်း (၆) တွင် ဖော်ထုတ်ထားပါသည်။ ဥပဒေများနိုင်းယှဉ်လေ့လာခြင်းကို ပြည်တွင်းဥပဒေလေ့လာမှု၏ တိုးချဲ့လေ့လာမှုတစ်ရပ်အဖြစ် ရှုမြင်လေ့ရှိကြပြီး ပြည်တွင်းဥပဒေစနစ်အပေါ် ၎င်း၏ အကျိုးပြုမှုများအား ကျိုးကြောင်းသင့် ဖော်ပြထားသည်။ နိုင်းယှဉ်လေ့လာမှုဝါဒအား ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်လက်ခံခြင်းဖြင့် ဥပဒေ သုတေသီများအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်စေကြောင်း ဤအခန်းက ဖော်ညွှန်း ပြသထားသည်။ ကိုလံဘီယာတက္ကသိုလ်မှ ပြုလုပ်သည့် စမ်းသပ်မှုက ဖြစ်ပေါ်လာသော အလားအလာများက နိုင်းယှဉ်လေ့လာရာတွင် ချဉ်းကပ်မှုနည်းလမ်းဆိုင်ရာ အကြောင်းအရာကို ပြန်လည်စဉ်းစား သုံးသပ်စေသည်။ အဆိုပါချဉ်းကပ်မှုသည် လူ့အဖွဲ့အစည်းနှင့် တစ်ဦး တစ်ယောက်ချင်းစီ ကြုံတွေ့ရသည့် အဓိကပြဿနာများကို ကိုင်တွယ်ဖြေရှင်း၍ ဥပဒေနှင့် လက်တွေ့ဘဝအကြား ချိတ်ဆက်မှုများ ရှင်းရှင်းလင်းလင်းဖြစ်ပေါ်ရေး ဦးတည်စေပါသည်။ ၎င်းအပြင် နိုင်းယှဉ်လေ့လာမှု သုတေသနကို အသုံးပြု၍ သတင်းအချက်အလက် လည်ပတ်ခြင်းနှင့် ၎င်းအပေါ် ဖြစ်နိုင်ခြေရှိသည့် တုံ့ပြန်ချက်တို့အကြား ကွဲပြားခြားနားမှုအချို့အား အခန်း (၆) က စဉ်းစားဖော်ထုတ် ထားပါသည်။

ဥပဒေသုတေသနအားလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုဖြစ်သော သုတေသန ကျင့်ဝတ်များအကြောင်းကို Mark Israel က အခန်း (၇) တွင် ဆွေးနွေးထားပါသည်။ ဥပဒေ ပညာရပ်နယ်ပယ်တွင် သုတေသနဆောင်ရွက်ရာ၌ လိုက်နာရမည့် ကျင့်ဝတ်ပိုင်းကို ပြစ်မှုဗေဒ ကဲ့သို့သော ပညာရပ်နယ်ပယ်နှင့် နိုင်းယှဉ်ပါက အနည်းအကျဉ်းသာ ရေးသားလေ့ရှိခဲ့ကြသည်။ ထို့အစား လူမှုဥပဒေပညာရှင်များသည် ၎င်းတို့၏ သုတေသန နည်းလမ်းများနှင့် ဘာသာရပ်များ အပေါ် သုတေသနကျင့်ဝတ်များ ချဉ်းနင်းဝင်ရောက်လာမှုကို လေ့လာဆန်းစစ်ခြင်းနှင့် ခုခံခြင်း တို့တွင် ပိုမိုအားထည့်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ ဗြိတိန်နိုင်ငံနှင့် ပိုမို ကျယ်ပြန့်သော နိုင်ငံတကာအတွေ့အကြုံများအပေါ်အခြေပြု၍ လက်တွေ့လိုက်နာရမည့် ကျင့်ဝတ်များကို ဖွံ့ဖြိုးစေခြင်းနှင့် ထိန်းကျောင်းပေးမည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ အကြားသာမက လူမှုဥပဒေရေးရာလေ့လာမှုအပေါ် အကျိုးသက်ရောက်စေမည့် အဓိက ကျင့်ဝတ် ဆိုင်ရာ ကိစ္စရပ်များအကြားရှိ ပေါ်ပေါက်နိုင်သည့် အားပြိုင်မှုများကို Israel က ရှာဖွေလေ့လာ ထားသည်။ ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များတွင် ကြိုတင်အသိပေးထားသည့် သဘောတူညီချက်၊ လျှို့ဝှက်ချက်၊ ထိခိုက်နာကျင်စေမှုနှင့် အကျိုးကျေးဇူး၊ တရားမျှတမှု၊ သုတေသနဆိုင်ရာ

ဂုဏ်သိက္ခာကိုထိန်းသိမ်းခြင်းနှင့် သုတေသနကျင့်ဝတ်များကို ချိုးဖောက်ခြင်း၊ အကျိုးစီးပွား ဝိရောဓိဖြစ်မှု (conflicts of interest)[i] နှင့် သုတေသီ၏ ဘေးကင်းလုံခြုံရေးတို့ ပါဝင်သည်။ သုတေသီများသည် ၎င်းတို့တွေ့ကြုံရသည့် ကျင့်ဝတ်ဆိုင်ရာ ပြဿနာများသာမက သုတေသန ကျင့်ဝတ်ဆိုင်ရာ ကော်မတီများ၏ လိုအပ်ချက်များကို မည်သို့ တုံ့ပြန်ရမည်ကို ဤအခန်းက စဉ်းစားပေးထားပါသည်။ ထိုသို့စဉ်းစားရာတွင် သုတေသန ပညာရှင်များသည် ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ထောက်ပံ့ပေးသည့် အယူအဆကို နားလည်နိုင်စွမ်း ဖွံ့ဖြိုးလာရန် လိုအပ်ချက်၊ လက်တွေ့နှင့် တွေ့ကြုံလာနိုင်သည့် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများကို သိမြင် လက်ခံနိုင်စွမ်းအား မြှင့်တင်မှုလိုအပ်ချက်၊ အဆိုပါ စိန်ခေါ်မှုများ ပေါ်ပေါက်လာပါက လက်ဦးမှု ရယူကာ ပြုလုပ်ရမည့် နည်းလမ်းများအကြောင်း ပိုမို နားလည်သဘောပေါက်လာစေရေး လိုအပ်ချက်များကိုလည်းကောင်း ငြင်းခုံဆွေးနွေးပါသည်။ အဆိုပါ ဆွေးနွေးချက်များနှင့်အတူ သုတေသနကို လေ့လာဆန်းစစ်မည့် ယန္တရားအား ပိုမို အကျိုးရှိ ထိရောက်စွာ ပုံဖော်နိုင်ရေးအတွက် တစ်ဦးချင်းသာမက ပညာရှင်အဖွဲ့အစည်းအနေဖြင့်ပါ ဆောင်ရွက်နိုင်ခြေ များအား လူမှုဥပဒေပညာရှင်များအတွက် ကမ်းလှမ်းပေးသည်။ လူမှုဥပဒေ ပညာရှင်များသည် သုတေသနကျင့်ဝတ်များကို များစွာ ဖြည့်ဆည်းပံ့ပိုးပေးရမည်သာမက အကယ်၍ သုတေသန ကျင့်ဝတ်များအား အခြားပညာရပ်များတွင်သာ ဆက်လက်ဆိုင်းငံ့ထားပါက ၎င်းတို့တွင်များစွာ ဆုံးရှုံးနိုင်သည်ကို Mark Israel က အထက်ပါ သက်သေသာဓကများနှင့် ပြသပါသည်။

အခန်း (၈) တွင် သုတေသီ၏ ဂုဏ်သိက္ခာ၊ အတွေးအခေါ်အံဝင်ခွင်ကျဖြစ်မှု၊ သတင်းအချက်အလက်များ စုဆောင်းပြီး တွက်ချက်မှုတို့နှင့် သက်ဆိုင်သည့် အရေးကြီး မေးခွန်းများကို George Meszaros က အခန်း (၈) တွင် သရုပ်ဖော် ရှင်းပြထားသည်။ ထို့အတူ အချက်အလက်များ လက်လှမ်းမီရရှိနိုင်မှုအခက်အခဲကို ကျော်လွှားနိုင်ရန်အတွက် နှိုင်းယှဉ် လေ့လာမှုသုတေသနသည် ဥပဒေ၊ နိုင်ငံရေးနှင့် သီအိုရီတို့ဖြင့် မည်သို့ပေါင်းစပ် နိုင်မည်ကိုလည်း သက်သေသာဓကများနှင့် ရှင်းလင်းရေးသားသည်။ ပဋိပက္ခသည် ဥပဒေ၏ ဗဟိုချက် ဝိသေသ ဖြစ်ပြီး လူမှုဥပဒေရေးရာ စုံစမ်းလေ့လာမှုများအတွက်လည်း လက္ခဏာတစ်ရပ်ဖြစ်သည်။ ၎င်း ပဋိပက္ခသည် ကမ္ဘာ့နေရာ အတော်များများတွင် သုတေသီများအတွက် အရေးပါသော သုတေသနနည်းလမ်းများဆိုင်ရာ ပြဿနာရပ်များ ဖြစ်ပေါ်စေသည်။ သို့သော် ဖွံ့ဖြိုးဆဲ နိုင်ငံများ၏ ဝိသေသလက္ခဏာဖြစ်သည့် လူမှုရေးရာဖိအား ကြီးကြီးမားမားများနှင့် ယှဉ်တွဲလျက် မရေရာသော

---

[i] သုတေသနဆောင်ရွက်ရာတွင် အကျိုးစီးပွားဝိရောဓိဖြစ်မှု (conflicts of interest) ဆိုသည်မှာ ငွေကြေး သို့မဟုတ် အခြားသော ကိုယ်ရေးကိုယ်တာဆိုင်ရာ အချက်များကို အပေးအယူပြုခြင်း ပါဝင်သည်။ ထို့အပြင် သုတေသနပြုလုပ်စဉ် သို့မဟုတ် သုတေသနကို အစီရင်ခံရာတွင် သုတေသီ၏ ပညာရပ်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် အပေးအယူ ပြုလုပ်ခြင်းတို့ကို ရည်ညွှန်းသည်။

ဥပဒေဆိုင်ရာ အဖွဲ့အစည်းများသည် သုတေသီများအပေါ် ၎င်းတို့၏ သီးခြား သုတေသန ဆိုင်ရာ လိုလားတောင့်တချက်များ ထားရှိလာကြသည်။ သုတေသီများ၏ ကိုယ်ပိုင်လက္ခဏာ၊ လေ့လာမည့် သုတေသနအကြောင်းအရာများကို ပိုင်းခြားသတ်မှတ်ခြင်း၊ အချက်အလက်များရယူခြင်းနှင့် ကိုင်တွယ်အသုံးချခြင်း အစရှိသည့် ပြဿနာတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တမူထူးခြား နေခြင်းမရှိဘဲ ပုံမှန်ဖြစ်ရိုးဖြစ်စဉ် ပြင်းပြင်းထန်ထန် ချဲ့ကား ပြောဆို နေခြင်းမျှသာဖြစ်သည်။ အန္တရာယ်ရှိသော စွန့်စားမှု (high stakes) သည် သုတေသန၏ ပင်မသွေးကြော ဖြစ်သည့် အချက်အလက်များအား စုဆောင်း၍ တွက်ချက်ခြင်းဖြစ်ပြီး ၎င်းသည် နိုင်ငံရေးအရ သက်ရောက်မှုများကို အလျင်အမြန် ရယူရန်လိုအပ်သည်။ ဖြစ်နိုင်ခြေရှိသည့် အဆိုးဝါးဆုံး ဖြစ်ရပ်တစ်ခု၏ နောက်ခံအကြောင်းရင်းအပေါ်တွင် အဆိုပါ ပြဿနာရပ်များအား Meszaros က ဤအခန်း၌ ကိုင်တွယ်ဖြေရှင်းပြသည်။ ဆိုးဆိုးဝါးဝါး ဖြစ်နိုင်ခြေရှိသည့် ဖြစ်ရပ်ဆိုသည်မှာ နှစ်စဉ်နှစ်တိုင်း လူဒါဇင်နှင့် ချီ၍ အသတ်ခံနေရသည့် မြေယာပဋိပက္ခ၏ ဆန့်ကျင်ဘက် အဖွဲ့များကို လေ့လာသည့် သုတေသနစီမံကိန်းဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် သုတေသနသည် မြေယာကို သိမ်းပိုက်ထားသည့် အစွန်းရောက် လှုပ်ရှား သူများနှင့် တရားသူကြီး၊ ဥပဒေအရာရှိများအကြား လှုပ်ရှားရခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် နစ်နာသူဘက် ရပ်တည်သူများနှင့် အဆိုပါ နစ်နာသူဘက် ရပ်တည်သူများအား အမြဲဖမ်းဆီး ထိန်းသိမ်းလေ့ရှိသည့် နိုင်ငံ့လုံခြုံရေး တာဝန်ရှိသူများအကြား သုတေသနလေ့လာမှုပြုခြင်း ဖြစ်သည်။ အဆိုပါ အခြေအနေက သီးခြားအခက်အခဲများ ဖြစ်ပေါ်နေခဲ့စဉ် ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ သုတေသီများ အမြဲကြုံတွေ့နေရသည့် ပြဿနာများနှင့် အကျပ်ရိုက်ခြင်း တို့ကိုလည်း ဖြစ်ပွားလာစေခဲ့သည်။ အဆိုပါ ပြဿနာရပ်များအတွက် စိတ်ဆန္ဒပြင်းပြသည့် သုတေသန ပညာရှင်များသည် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

အခန်း (၉) နှင့် (၁၀) သည် (ဘွဲ့ကြိုကျောင်းသားများ ဆောင်ရွက်သည့် သုတေသန စီမံကိန်းများတွင် ပင်တိုင်ဖြစ်သည့်) အယူအဆအခြေပြုသုတေသန (doctrinal research) ကို မည်သို့ အကောင်အထည်ဖော်မည်နှင့်ဆက်စပ်၍ လမ်းညွှန်မှုပေးပါသည်။ ထို့အပြင် လူသိများကာ ပိုမိုထင်ပေါ်လာသည့် နယ်ပယ်များဖြစ်သည့် ဉာဏပစ္စည်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့တွင် သုတေသန မည်သို့ဆောင်ရွက်ရမည်ကိုလည်း လမ်းညွှန်ပါသည်။ အသေးစိတ်ဆိုရသော် ခေတ်ပြိုင် သုတေသနတွင် လက်တွေ့မျက်မြင်အခြေပြု သို့မဟုတ် အရေအတွက်အခြေပြု နည်းလမ်းများ လွှမ်းမိုးလာသည့်အပေါ် စိုးရိမ်မှုရှိကြောင်းကို Michael Pendleton က အခန်း (၉) တွင် ရေးသား ဖော်ပြသည်။ ထိုကဲ့သို့ လက်တွေ့မျက်မြင်အခြေပြု သုတေသနလွှမ်းမိုးလာသည့် ကမ္ဘာလုံးဆိုင်ရာ အလားအလာသည် တက္ကသိုလ်ရန်ပုံငွေ ထောက်ပံ့မှုပုံစံကြောင့်ဖြစ်သည်ဟု သူက အချက်အလက် ဖြင့် ဆွေးနွေးသည်။ တက္ကသိုလ် ရန်ပုံငွေထောက်ပံ့မှုသည် လူမှု ဘာသာရပ်များ၊ လူမှုရေးသိပ္ပံနှင့် ဥပဒေပညာတို့အား ရန်ပုံငွေထောက်ပံ့ရာတွင် သိပ္ပံဘာသာရပ် ထောက်ပံ့မှုပုံစံဖြင့် ချမှတ်

ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ တိုးတက်မှုကို ဝေဖန်ဆန်းစစ်ရင်း စာရေးသူက မေးခွန်း ထုတ်သည်မှာ လက်တွေ့မျက်မြင်အခြေပြု မဟုတ်သည့် အစဉ်အလာ ဥပဒေသုတေသန ဆိုသည်မှာ ဘာလဲ၊ ၎င်း၏ ကောင်းကျိုးများနှင့် အဆိုပါသုတေသနကို တစ်ဦးတစ်ယောက်က မည်သို့ ဆောင်ရွက်မည်လဲ စသည်တို့ဖြစ်သည်။ အယူအဆအခြေပြု အစဉ်အလာ ဥပဒေ သုတေသန လေ့လာဆန်းစစ်မှု ဥပမာများနှင့် ဝေဖန်ချက်တို့ကို အသုံးပြု၍ အဆိုပါ အယူအဆ အခြေပြု ချဉ်းကပ်မှုကို ရှင်းလင်း ပြသပါသည်။

ဥပဒေပညာရပ်တွင် အပြည်ပြည်ဆိုင်ရာဥပဒေသည် ဆယ်စုနှစ်တစ်ခုထက်ပို၍ သိသာ ထင်ရှားစွာ ဖြစ်ထွန်းလာသည့် နယ်ပယ်တစ်ခုဖြစ်ကြောင်းကို အခန်း (၁၀) တွင် Stephen Hall က အချက်အလက်နှင့်တကွ ဆွေးနွေးထားသည်။ ‘ကမ္ဘာပြုမှုဖြစ်စဉ်’ (Globalization) ဟု သိမြင်ကြသည့် နိုင်ငံတကာနယ်ပယ်တွင် အပြန်အလှန်မှီခိုမှု အားကောင်းလာခြင်းနှင့် စစ်အေးခေတ်လွန် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုများ တိုးပွား လာခြင်းတို့ကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေပညာလေ့လာမှု ပိုမိုကျယ်ပြန့်လာခြင်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေ ‘အရင်းအမြစ်များ’၏ သဘောသဘာဝက ဤနယ်ပယ်ရှိ ပညာရပ်ဆိုင်ရာ လေ့လာမှုနည်းလမ်းကို ရှောင်လွှဲမရဘဲ ပုံဖော်သည်။ အခြားနယ်ပယ်များရှိ ရှေ့နေများက အဆိုပါ အပြည်ပြည်ဆိုင်ရာဥပဒေရင်းမြစ်များကို ထူးခြားသည့် အလေ့အထအဖြစ် အထူးဂရုပြုမိကြသည်။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ အပြည်ပြည်ဆိုင်ရာဥပဒေသည် ဗဟိုချုပ်ကိုင်မှုမရှိသော အပြည်ပြည်ဆိုင်ရာ ဥပဒေစနစ်၏ သဘောတူညီမှုအခြေပြု သဘောသဘာဝမှ မလွှဲမရှောင်သာ ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်သည်။ အတွေ့အကြုံမရှိသော သုတေသီများသည် သုတေသန နည်းလမ်းများဆိုင်ရာ မှားယွင်းနိုင်ခြေများအား တစ်ခါတစ်ရံ ကြုံတွေ့ရနိုင်သည့်အတွက် ၎င်းတို့ကို ရှောင်ရှားနိုင်ရန်အလို့ငှာ ထိုမှားယွင်းနိုင်ခြေများကို ဖော်ထုတ်မည့်အမြင်ဖြင့် အဆိုပါ အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ် တစ်ခုချင်းစီကို ဤအခန်းက ရှာဖွေဖော်ထုတ် ထားပါသည်။ ငယ်ရွယ်သည့် သုတေသီများအတွက် လေ့လာရှာဖွေရာတွင် အလားအလာရှိသော ပညာကြွယ်ဝသည့် နယ်ပယ်အဖြစ် ဖန်တီးပေးနိုင်ရန် ဥပဒေသုတေသန ခေါင်းစဉ်များကိုလည်း ပြည့်ပြည့်စုံစုံ မဟုတ်သော်ငြား အမြောက်အများ ရှာဖွေဖော်ထုတ်ထားသည်။

နောက်ဆုံးအခန်းသည် နှစ်ပေါင်း (၃၀) ကြာ ဆောင်ရွက်ခဲ့သည့် စီမံကိန်းအပေါ် လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။ အခြား အထောက်အကူပြု ဆောင်ရွက်မှုများနှင့် ချိတ်ဆက်မှု များကိုဖော်ထုတ်ရန်၊ ဥပဒေသုတေသနအတွက် စိန်ခေါ်မှုများနှင့် ဖြစ်နိုင်ခြေများကို လမ်းညွှန်မှု ပေးနိုင်ရန် အဆိုပါ စီမံကိန်းကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည် ဖော်ခဲ့သည်။ သူ သို့မဟုတ် သူမ၏ ကိုယ်ပိုင်အမြင်နှင့် သဘောထားရှုထောင့်များကို အဓိက တာဝန်ရှိသူအနေဖြင့်

အဆက်မပြတ် စစ်ဆေးမေးမြန်းခြင်းသည် သုတေသီအတွက် အရေးကြီးကြောင်း ဤအခန်းက ဖော်ပြသည်။ သုတေသန ဆောင်ရွက်ရာတွင် အသုံးပြုသည့် ချဉ်းကပ်မှုပေါင်းစုံကို Mike McConville က လေ့လာစိစစ်ထားသည်။ ထို့အပြင် အခြေခံ သဘောတရားများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ဥပမာများဖြင့် သရုပ်ဖော်တင်ပြထားသည်။ ဖြန်ဖြေ ညှိနှိုင်းသည့် တရားမျှတမှုဆိုင်ရာကိစ္စရပ် (ပြစ်မှုဆိုင်ရာ တရားခွင်တွင် နိုင်ငံတော်သည် စွဲချက်တင်ထားသော ပြစ်မှုနှင့် စပ်လျဉ်း၍ တရားခံ အပြစ်ရှိကြောင်း ထွက်ဆိုချက်ကို တရားခံထံမှ ရယူရန်ကြိုးပမ်းခြင်း) နှင့်ပတ်သက်၍ ဤအခန်းသည် 'ဖြစ်စဉ်အသစ်များကို ရှာဖွေဖော်ထုတ်သည့် သုတေသန' (revelatory research) မှသည် အချက်အလက်အသေးစိတ်များကို ရှာဖွေစုဆောင်းမှု အပေါ် အခြေပြုသည့် 'မီတသီအိုရီ' (meta-theory[ii]) ဆီသို့ ဆင့်ကဲတိုးတက်ပြောင်းလဲသည့် ချဉ်းကပ်မှုဖြစ်စဉ်ကို ခြေရာကောက်ပါသည်။ အခြားအခန်းများရှိ ကိစ္စရပ်များကို ဇာတ်လမ်းများ အဖြစ် စုဆောင်း၍ နှိုင်းယှဉ်လေ့လာခြင်း၊ 'အထက်မှအောက်' နှင့် 'အောက်ခြေမှသည် အထက်ဆီသို့' သီအိုရီတည်ဆောက်ခြင်း၊ လက်လှမ်းမီရရှိခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အံဝင်ခွင်ကျ ဖြစ်ခြင်းနှင့် သုတေသန ဝိသေသလက္ခဏာသာမက သုတေသနကျင့်ဝတ်နှင့် နိုင်ငံရေးစသည်တို့ကို ရှာဖွေပါသည်။

# ထပ်မံဖတ်ရှုရမည့် စာအုပ်စာတမ်းများ

## အယူအဆအခြေပြုသုတေသန

C. M. Bast and M. Hawkins, *Foundations of Legal Research and Writing* (5th edn) (Clifton Park, NY: Delmar Cengage Learning, 2013).

C. Chatterjee, *Methods of Research in Law* (2nd edn) (Horsmonden: Old Bailey Press, 2000).

P. Clinch, *Legal Research: A Practitioner's Handbook* (2nd edn) (London: Wildy, Simmonds & Hill Publishing, 2013).

G. Holburn, *Butterworths Legal Research Guide* (2nd edn) (London: Butterworths, 2001).

---

[ii] မီတသီအိုရီ ဆိုသည်မှာ အခြေခံသီအိုရီ၊ လက်တွေ့မျက်မြင်အခြေပြုသုတေသန သို့မဟုတ် လက်တွေ့ လုပ်ဆောင်မှုတို့ထက် ကျော်လွန် လေ့လာခြင်းဖြစ်သည် (Fleetwood & Ackroyd, 2004)။ မီတသီအိုရီသည် ကျယ်ပြန့်သော ရှုထောင့်အမြင်များကို ရည်ညွှန်းပြီး သဘာဝအရှိတရားနှင့် ပတ်သက်၍ အဆိုပြုချက်ကို ဆောင်ရွက်သည်။ မီတသီအိုရီသည် သီအိုရီအရ သုတေသနနှင့် လက်တွေ့ လုပ်ဆောင်ချက်အပေါ် အခြေပြုပါသည်။

W. H. Putman, *Legal Research, Analysis, and Writing* (4th edn) (Clifton Park, NY: Delmar Cengage Learning, 2013).

D. Stott, *Legal Research* (2nd edn) (London: Cavendish Publishing, 1999).

K. J. Vandevelde, *Thinking Like a Lawyer: An Introduction to Legal Reasoning* (2nd edn) (Boulder, CO: Westview Press, 2011).

## လက်တွေ့မျက်မြင်အခြေပြုဥပဒေပညာရပ်

C. Bell, 'A Note on Participant Observation' (1969) 3 *Sociology* 417.

C. M. Campbell and P. Wiles, 'The Study of Law in Society in Britain' (1976) 10 *Law and Society Review* 547–78.

N. L. Channels, *Social Science Methods in the Legal Process* (Totowa, NJ: Rowman & Littlefield, 1985).

M. Clarke, 'Survival in the Field: Implications of Personal Experience in Field Work' (1975) 2 *Theory and Society* 95.

S. Cohen and L. Taylor, 'Prison Research: A Cautionary Tale' (1975) 31 *New Society* 253.

D. Cope, *Fundamentals of Statistical Analysis* (St Paul, MN: Foundation Press, 2005).

L. Epstein and A. D. Martin, *An Introduction to Empirical Legal Research* (Oxford: Oxford University Press, 2014).

M. O. Finkelstein, *Quantitative Methods in Law: Studies in the Application of Mathematical Probability and Statistics to Legal Problems* (New York: Free Press, 1978). *Journal of Empirical Legal Studies* (Oxford: Blackwell).

J. H. Schlegel, *American Legal Realism and Empirical Social Science* (Chapel Hill, NC: University of North Carolina Press, 1995).

## လူမှုဥပဒေရေးရာလေ့လာမှုများ

R. Banakar and M. Travers (eds), *Theory and Method in Socio-legal Research* (Oxford: Hart Publishing, 2005).

A. Bradney, Conversations, Choices and Chances: *The Liberal Law School in the Twenty-first Century* (Oxford: Hart Publishing, 2003).

A. Bryman, *Social Research Methods* (4th edn) (Oxford: Oxford University Press, 2012).

R. Collier, '"We're All Socio-legal Now"? Law Schools and the Knowledge Economy – Reflections on the UK Experience' (2004) 26 *Sydney Law Review* 503.

D. Cowan and D. Wincott (eds), *Exploring the 'Legal' in Socio-Legal Studies* (London: Palgrave Macmillan, 2016).

D. Freeman (ed.), *Exploring the 'Socio' in Socio-Legal Studies* (Basingstoke: Palgrave Macmillan, 2013).

D. J. Galligan (ed.), *Socio-legal Studies in Context: The Oxford Centre Past and Present* (Oxford: Blackwell, 1995).

I. Horowitz (ed.), *The Rise and Fall of Project Camelot* (Cambridge, MA: MIT Press, 1967).

L. Humphreys, *Tearoom Trade* (London: Duckworth, 1970). *Journal of Law and Society* (Oxford: Blackwell).

*Law and Society Review* (Oxford: Blackwell).

P. Thomas, *Socio-legal Studies* (Aldershot: Dartmouth, 1997).

M. van Hoecke, *Methodologies of Legal Research* (Oxford: Hart Publishing, 2011).

A. Vidich, J. Bensman and M. Stein (eds), *Reflections on Community Studies* (New York: Wiley, 1964).

D. Watkins and M. Burton (eds), *Research Methods in Law* (London: Routledge, 2013).

## အပြည်ပြည်ဆိုင်ရာနှင့် နှိုင်းယှဉ်လေ့လာမှုဆိုင်ရာ ဥပဒေသုတေသန

M. Adams and J. Bornhoff (eds), *Practice and Theory in Comparative Law* (Cambridge: Cambridge University Press, 2014). *Asian Journal of Comparative Law* (Cambridge: Cambridge University Press).

U. Drobnig, 'The International Encyclopedia of Comparative Law: Efforts Toward a World Wide Comparison of Law' (1972) 5(2) *Cornell International Law Journal* 113.*Electronic Journal of Comparative Law* (http://www.ejcl.org).

G. Frankenburg, 'How to Do Projects with Comparative Law – Notes of An Expedition to the Common Core' (2006) 6 *Global Jurist Advances* 1.

J. Hage, 'Comparative Law as Method and the Method of Comparative Law', Maastricht European Private Law Institute Working Paper No. 2014/11 (23 May 2014)(http://ssrn.com/abstract=2441090 or http://dx.doi.org/10.2139/ssrn.2441090).

J. Husa, 'Melodies on Comparative Law: A Review Essay' (2005) 74 *Nordic Journal of International Law* 161.

O. Kahn-Freund, 'Comparative Law as an Academic Subject' (1966) 82 *Law Quarterly Review* 40.

R. Peerenboom, C. J. Petersen and A. H. Y. Chen, *Human Rights in Asia: A Comparative Legal Study of Twelve Asian Jurisdictions, France and the USA* (London: Routledge, 2006).

M. Rheinstein, 'Comparative Law – Its Functions, Methods and Usages' (1968) 22 *Arkansas Law Review* 415.

G. Samuel, *An Introduction to Comparative Law Theory and Method* (Oxford: Hart Publishing, 2014).

J. Stone, 'The End to Be Served by Comparative Law' (1968) 25 *Tulane Law Review* 325.

R. Zimmermann and M. Reimann (eds), *The Oxford Handbook of Comparative Law* (Oxford: Oxford University Press, 2006).

## ဥပဒေသမိုင်းဆိုင်ရာ သုတေသန

J. B. Ames, *Lectures on Legal History and Miscellaneous Legal Essays* (Cambridge, MA: Harvard University Press, 1913).

D. Cairns, *Advocacy and the Making of the Adversarial Criminal Trial 1800–1865* (Oxford: Oxford University Press, 1999).

D. Ibbetson, 'Historical Research in Law' in M. Tushnet and P. Cane (eds), *The Oxford Handbook of Legal Studies* (Oxford: Oxford University Press, 2005). *Journal of Legal History* (Abingdon: Taylor & Francis).

J. Langbein, *The Origins of Adversary Trial* (Oxford: Oxford University Press, 2005).

*Law and History Review* (Chicago, IL: University of Illinois Press). *Legal History Connections* (Professor Bernard Hibbitts of the University of Pittsburg at http://law.pitt.edu/people/bernard-j-hibbitts). *Legal History & Historical Research* (https://law.hofstra.edu/pdf/Library/library_guide_historicalresearch.pdf).

F. W. Maitland, *English Law and the Renaissance: With Some Notes* (Cambridge: Cambridge University Press, 1901).

M. McConville and C. Mirsky, *Jury Trials and Plea Bargaining* (Oxford: Hart Publishing, 2005).

S. F. C. Milsom, *Historical Foundations of the Common Law* (2nd edn) (London: Butterworths, 1981).

A. Musson and C. Stebbins (eds), *Making Legal History* (Cambridge: Cambridge University Press, 2012). The Legal History Review (Leiden: Brill).

I. Ward, *Sex, Crime and Literature in Victorian England* (Oxford: Hart Publishing, 2014).

## အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေသုတေသန

K. T. Barlett, 'Feminist Legal Methods' (1990) 103 Harvard Law Review 829. *Columbia Journal of Gender and Law* (http://cjgl.cdrs.columbia.edu).

J. Conaghan, 'Reassessing the Feminist Theoretical Project in Law' (2000) 27 *Journal of Law and Society* 351.

J. Conaghan and Y. Russell, 'Rape Myths, Law and Feminist Research' (2014) 22(1) *Feminist Legal Studies* 25. *Feminist Legal Studies* (link.springer.com/journal/10691). *Harvard Journal of Law and Gender* (www.law.harvard.edu/students/orgs/jlg).

F. Heidensohn, *Women and Crime* (Basingstoke: Macmillan, 1996).

S. Hesse-Biber, C. Gilmartin and R. Lydenberg (eds), *Feminist Approaches to Theory and Methodology: An Interdisciplinary Reader* (New York: Oxford University Press, 1999).

L. Smith, 'What is Feminist Legal Research' in W. Tomm (ed.), *The Effects of Feminist Approaches on Research Methodologies* (Waterloo, ON: Wilfrid University Press for the Calgary Institute for the Humanities, 1989).

# မှတ်စုများ

၁ M. J. Lynch, 'An Impossible Task but Everybody Has to Do It – Teaching Legal Research in Law Methods' (1997) 89 *Law Library Journal* 415.

၂ N. Hancox, 'What Lawyers Want: Comparing Academics with Practitioners', paper presented at the 7th Annual Conference of the Learning in the Law Conference, 7 January 2005, University of Warwick.

[၃] T. Hutchinson, *Researching and Writing in Law* (2nd edn) (Pyrmont, New South Wales: Lawbook Co., 2006) 7.

[၄] ဤထပ်မံတည်းဖြတ်ထုတ်ဝေသည့် အကြိမ်တွင် ၎င်းတို့ရေးသားပြုစုသည့် သုတေသနပုံစံနှင့် ပတ်သက်၍ စာရေးသူများသည် အတွေ့အကြုံရရှိခဲ့သည်။ စာရေးသူများသည် အစဉ်အလာအမျိုးမျိုးနှင့် ခေတ်ပြိုင်ဥပမာများကို အသုံးပြု၍ စာဖတ်သူများအတွက် သဘောတရားရေးရာ ဆွေးနွေးမှုနှင့် လက်တွေ့ကျသော ညွှန်ကြားမှုများကို သက်သေသာဓကများ အသုံးပြု၍ ရေးသား ဖော်ပြသည်။

[၅] ဥပမာအားဖြင့် ဥပဒေသမိုင်းလေ့လာမှုသုတေသနနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေ သုတေသန နည်းလမ်းသည် ယခု ထပ်မံတည်းဖြတ်ထုတ်ဝေသည့် အကြိမ်တွင် ဖော်ပြပါရှိခြင်းမရှိပေ။ မည်သည့် နေရာမဆို စာသားများအပေါ် ဆွေးနွေးတိုင်ပင်ရန် စာဖတ်သူများကို တိုက်တွန်းပါသည် (အခန်းအဆုံးတွင် ပါရှိသည့် ထပ်မံလေ့လာဖတ်စုသင့်သည့် စာအုပ်စာတမ်းစာရင်းကို ကြည့်ပါ)။

[၆] D. A. Schon, *The Reflective Practitioner: How Professionals Think in Action* (New York: Basic Books, 1983); J. Mason, *Qualitative Researching* (London: Sage, 2002).

[၇] See, for example, D. Stott, *Legal Research* (2nd edn) (London Cavendish, 1999); I. Nemes and G. Coss, *Effective Legal Research* (2nd edn) (Chatswood, New South Wales: Butterworths, 2001); P. Clinch, M. Barber, C. Jackson and N. Wakefield, *Teaching Legal Research* (2nd edn) (Warwick: UK Centre for Legal Education, 2006); T. Hutchinson, *Researching and Writing in Law* (2nd edn) (Pyrmont, New South Wales: Lawbook, 2006). ယခုအခန်း၏ နောက်ဆုံးပိုင်းရှိ ထပ်မံလေ့လာဖတ်ရှုရမည့် စာအုပ်စာတမ်းစာရင်းကို ကျေးဇူးပြု၍ တိုင်ပင်ဆွေးနွေးပါရန်။

[၈] P. Hillyard, 'Invoking Indignation: Reflections on Future Directions of Socio-legal Studies', (2002) 29 *Journal of Law and Society* 650.

[၉] E. L. Rubin, 'Law and the Methodology of Law' (1997) *Wisconsin Law Review* 525.

[၁၀] D. Stott, *Legal Research* (2nd edn) (London: Cavendish, 1999) 3.

[၁၁] R. K. Mills, 'Legal Research Instruction in Law School, the State of the Art or, Why Law School Graduates Do Not Know How to Find the Law' (1977) 70 *Law Library Journal* 343; D. J. Dunn, 'Why Legal Research Skills Declined, or When Two Rights Make a Wrong' (1993) 85 *Law Library Journal* 49; Lynch, note 1 above, 428.

[၁၂] ယခုလေ့လာတွေ့ရှိချက်သည် အင်္ဂလန်၊ ဟောင်ကောင်၊ ဩစတေးလျနှင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် ရရှိခဲ့သည့် တည်းဖြတ်သူများ၏ များပြားသော သင်ကြားရေးအတွေ့အကြုံအပေါ် အခြေခံထားပါသည်။

[၁၃] D. W. Vick, 'Interdisciplinary and the Discipline of Law' (2004) 31 *Journal of Law and Society* 164.

[၁၄] See, for example, R. W. Gordon, 'Lawyers, Scholars, and the "Middle Ground"' (1993) 91 *Michigan Law Review* 2075; R. Banakar and M. Travers (eds), *Theory and Method in Socio-*

*legal Research* (Oxford: Hart Publishing, 2005).

[၁၅] A. Bradney, 'Law as a Parasitic Discipline' (1998) 25 *Journal of Law and Society* 71.

[၁၆] P. Goodrich, 'Of Blackstone's Tower: Metaphors of Distance and Histories of the English Law School' in P. B. H. Birks (edn), *Pressing Problems in Law. What are Law Schools For?* (vol. 2) (Oxford: Oxford University Press, 1996) 59.

[၁၇] R. Cotterrell, *Law's Community: Legal Theory in Sociological Perspective* (Oxford: Oxford University Press, 1995) 296. Also cited in Bradney, note 15 above, 73. သို့ရာတွင် အချို့သော ပညာရှင်များက ဥပဒေပညာဆိုင်ရာ ဂုဏ်သိက္ခာသည် ခြိမ်းခြောက်မှုနှင့် ကြုံတွေ့နေရ သည်ဟူသော အမြင်ကို ကိုင်စွဲထားသည်။ အဘယ့်ကြောင့်ဆိုသော် ဥပဒေမဟုတ်သည့် ပညာရပ်များမှ အယူအဆ၊ သီအိုရီနှင့် သုတေသနနည်းလမ်းများကို ငှားရမ်းအသုံးပြုထားသည့် လူမှုရေးရာ ဥပဒေ လေ့လာမှုများ ပိုမိုများပြားလာခြင်းကြောင့် ဖြစ်သည်။ See, for example, G. Jones, '"Traditional" Legal Scholarship: A Personal View' in Birks, note 16 above, 14.

[၁၈] D. Cowan, S. Halliday and C. Hunter, 'Adjudicating the Implementation of Homelessness Law: The Promise of Socio-legal Studies' (2006) 21 *Housing Studies* 382.

[၁၉] Vick, note 13 above, 184.

[၂၀] R. Collier, 'The Law School, the Legal Academy and the "Global Knowledge Economy" – Reflections on a Growing Debate: Introduction' (2005) 14 *Social & Legal Studies* 259.

[၂၁] Vick, note 13 above, 171.

[၂၂] T. E. George, 'An Empirical Study of Empirical Legal Scholarship: The Top Law Schools' (2006) 81 *Indiana Law Journal* 141; R. Banakar and M. Travers, 'Law, Sociology and Method' in Banakar and Travers, note 14 above, 17.

[၂၃] D. Cowan, S. Halliday and C. Hunter, 'Adjudicating the Implementation of Homelessness Law: The Promise of Socio-legal Studies' (2006) 21 *Housing Studies* 382.

[၂၄] J. Baldwin and G. Davis, 'Empirical Research in Law' in P. Cane and M. Tushnet (eds), The Oxford Handbook of Legal Studies (Oxford: Oxford University Press, 2003) 881.

# အခန်း (၁)
# အရည်အသွေးအခြေပြုသုတေသနဟာန် ဥပဒေသုတေသန

Ian Dobinson နှင့် Francis Johns

## နိဒါန်း

၂၀၀၀ ပြည့်နှစ်တွင် အလွန်ထင်ရှားသော လူမှုရေးသိပ္ပံပညာရှင်နှစ်ဦးဖြစ်သည့် Lee Epstein နှင့် Gary King တို့က အောက်ပါအတိုင်း အခိုင်အမာ မိန့်ဆိုသည်မှာ-

> 'လက်တွေ့မျက်မြင်အခြေပြုသုတေသန'ဟူသော စကားရပ်သည် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုကျော်ကာလကတည်းက ဥပဒေပညာလေ့လာလိုက်စားမှုတွင် မထူးဆန်းသည့်အရာဖြစ်ခဲ့သည်။ သို့သော်လည်း ဥပဒေပါမောက္ခများက လက်တွေ့မျက်မြင် အခြေပြုခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်း၌ အလုံးစုံပြုပြင်ပြောင်းလဲရေး၏ အဓိကကျသော သင်ခန်းစာများအား အလေးဂရုမပြုဘဲ ကောက်ချက်စည်းမျဉ်းများ (Rules of Inference) ကို အနည်းငယ်မျှသာ သတိပြုမိကာ စည်းမျဉ်းများစွာနှင့် ကိုက်ညီမှု နည်းပါးသော သုတေသနကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း တွေ့မြင်ရသည်။[၁]

၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့ပြီးသည့် စာတမ်းခေါင်းစဉ်တွင် 'လက်တွေ့မျက်မြင်အခြေပြု' စကားရပ်ပါရှိသည့် အမေရိကန်ဥပဒေ သုံးသပ်လေ့လာရေး သုတေသနစာတမ်းအားလုံးကို သုတေသီများက ဆန်းစစ်လေ့လာခဲ့ပါသည်။ သုတေသီတို့၏ ကောက်ချက်တွင် စိတ်အားလျော့ဖွယ်အဖြစ် အခိုင်အမာပြဆိုထားသည်မှာ သုတေသနတစ်ခုစီတိုင်းက လက်တွေ့မျက်မြင် အခြေပြုသုတေသန၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်ကြောင်း ဖြစ်သည်။[၂]

ဥပဒေပါမောက္ခတစ်ဦးက လူမှုရေးသိပ္ပံပညာရှင်များ၏ အထူးဝေဖန်မှုကိုခံရသော ၎င်း၏ သုတေသနအတွက် အောက်ပါတိုင်းတုံ့ပြန်ခဲ့သည်။

> လက်တွေ့မျက်မြင်အခြေပြု ဥပဒေပညာသည် နည်းစနစ်ပြဿနာကို လုံးဝ အလေးမထားကြောင်းနှင့် 'ကောက်ချက်စည်းမျဉ်းကို နားလည်သဘောပေါက်ခြင်း၊ ရှင်းပြသခြင်း သို့မဟုတ် လျော်ညီအောင်ပြုပြင်ခြင်း'ကို ဥပဒေဆန်းစစ်လေ့လာသည့် မည်သည့် သုတေသန စာတမ်းတစ်စောင်ကမျှ အလေးမထားကြောင်းကို Epstein နှင့် King တို့က တိကျသောစကားရပ်များဖြင့် ဖော်ပြထားသည်။ အံ့သြဖွယ်တော့ မဟုတ်ပါ။ ဖြစ်နိုင်သည်မှာ ၎င်းတို့၏အဆိုကို သတိလက်လွတ် ခြုံပြောသည့် သဘာဝရှိ၍ တကယ့်ကို စာရေးသူတို့က မှားယွင်းပါသည်။[၃]

သို့သော် Manderson နှင့် Mohr တို့က ဒွန်တွဲပေါ်ပေါက်သော ပြဿနာများကို ၎င်းတို့တွေ့မြင်သည့်အတိုင်း ထုတ်ဖော်ထားသည်မှာ-

> တစ်ဖက်တွင် ပြဋ္ဌာန်းစာအုပ်များ၌ ပါရှိသော အကြောင်းအရာအရ နားလည်ထားသည့် 'ဥပဒေ သုတေသန'၏ အကန့်အသတ်ရှိသော အယူအဆနှင့် အခြားတဖက်တွင် တက္ကသိုလ်နှင့် ဘွဲ့လွန်ဆွေးနွေးပွဲ ခန်းမများ၌ တင်ပြရသည့် များပြားရှုပ်ထွေးသော သုတေသန လောကအကြား ထူးခြားသည့်ကွဲလွဲချက်ဖြစ်သည်။[၄]

အထက်ပါလေ့လာမှုများသည် ဥပဒေသုတေသနနှင့်ပတ်သက်၍ အရေးကြီးသောမေးခွန်းပြဿနာများကို ထုတ်ဖော်ပြသသော်လည်း ဥပဒေကျောင်းများတွင် ဆောင်ရွက်လျက်ရှိသော ဥပဒေသုတေသန အမျိုးအစားများအား ဆန်းစစ်လေ့လာရန် သို့မဟုတ် အကဲဖြတ်ရန်မှာ ဤအခန်း၏ အဓိကရည်ရွယ်ချက် မဟုတ်ပါ။ ဆိုခဲ့ပြီးသည့်အတိုင်း Epstein နှင့် King တို့သည် ဥပဒေကျောင်းများရှိ ဘွဲ့လွန်ကျောင်းသားများနှင့် ပညာရှင်များက ဆောင်ရွက်ပြီးစီးပြီးနှင့် ဆက်လက်ဆောင်ရွက်ဆဲ ဥပဒေသုတေသနများ၏ အရည်အသွေးဆိုင်ရာ အဓိက ပြဿနာကို ဖော်ထုတ်ခဲ့သည်။[၅] ၎င်းတို့၏ အမြင်မှာ လက်တွေ့မျက်မြင်အခြေပြုသုတေသနနှင့် အဆိုပါသုတေသနတွင် အသုံးချနိုင်သော ယေဘုယျစည်းမျဉ်းများနှင့် ပတ်သက်လာလျှင် ဥပဒေပညာရှင်အများအပြားသည် အစိမ်းသက်သက် အတွေ့အကြုံ မရှိသူများဖြစ်သည်။ ထိုသို့ အဓိက ဖြစ်ရသည့်အကြောင်းရင်းမှာ ဘွဲ့လွန်သုတေသနကျောင်းသားများအနေဖြင့် သင်ယူခဲ့ရသော ပညာရေး၏ လိုအပ်ချက်ကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ဥပဒေပညာရှင် အများအပြားသည် လိုအပ်သော လက်တွေ့မျက်မြင်အခြေပြုသုတေသနကို အနာဂတ်ဘွဲ့လွန်ကျောင်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်သည့် အတိုင်းအတာမှာ ကန့်သတ်ချက်ရှိပါသည်။ အမှန်အတိုင်းဆိုရလျှင် မူဝါဒနှင့် ဥပဒေပြုပြင်ပြောင်းလဲရာ၌ ဥပဒေသုတေသန၏ အရေးပါမှုသည် ထည့်သွင်းစဉ်းစား ရမည့် အကြောင်းအရာဖြစ်သည်။ မှတ်သားထားချက်အရ ၎င်းတို့၏ ကောက်ချက်မှာ အငြင်းပွားဖွယ်ဖြစ်သော်လည်း ပြောဆိုချက်များမှာ ယုတ္တိရှိသည်။[၆]

ဤအချက်ကို အခြေပြုလျက် ယခုအခန်း၏ အဓိက ရည်မှန်းချက်မှာ လက်တွေ့ မျက်မြင်အခြေပြုဥပဒေသုတေသနကို အကောင်းဆုံးလုပ်ဆောင်နိုင်မည့် နည်းလမ်းကို ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ သို့ရာတွင် 'အကောင်းဆုံး သို့မဟုတ် ကောင်းမွန်သောအလေ့အထ' ချဉ်းကပ်နည်း၏ အစိတ်အပိုင်းအရ ကျွန်ုပ်တို့၏ ခေါင်းစဉ်အတွက် အခြေခံကျသော အချက်များကို ဦးစွာဖော်ထုတ်ရန် လိုအပ်ပါမည်။ ထို့ကြောင့် အများအားဖြင့် မျက်မှောက်ကာလတွင် ဆောင်ရွက်လျက်ရှိသော ဥပဒေသုတေသနအများစု ပါဝင်သည်ဟု ယူဆနိုင်သည့် အမျိုးအစားများကို ဖော်ထုတ်ခြင်းဖြင့် စတင်ပါသည်။[၇] အယူအဆအခြေပြုသောအုပ်စုနှင့် အယူအဆအခြေပြု

မဟုတ်သောအုပ်စုဟူ၍ အုပ်စုနှစ်ခု ခွဲခြားနိုင်ပါသည်။ အရည်အသွေးအခြေပြု ဥပဒေသုတေသန နည်းလမ်းကို ကိန်းဂဏန်းအခြေပြု မဟုတ်သောနည်းလမ်းဟု ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆို ထားကာ အရေအတွက်အခြေပြု (ကိန်းဂဏန်းအခြေပြု) သုတေသနနှင့် ခွဲခြားထားပါသည် (အခန်း (၂) ကို ကြည့်ပါ)။ ပညာရပ်ဆိုင်ရာပညာရှင်များနှင့် ကျောင်းသားများက လုပ်ဆောင်သော ပညာရပ်ဆိုင်ရာ ဥပဒေ သုတေသနနှင့် ကျွမ်းကျင်အတတ်ပညာရှင်များ (ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ) အတွက် အစိုးရ[၈]နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက လုပ်ဆောင်သော ဥပဒေသုတေသန ဟူ၍လည်း ခွဲခြားထားပါသည်။ အရည်အသွေး အခြေပြုနည်းလမ်းနှင့် အရေအတွက် အခြေပြု နည်းလမ်း နှစ်ရပ်စလုံးအရ အားလုံးသည် ဥပဒေသုတေသန ဖြစ်သော်လည်း ပညာရပ်ဆိုင်ရာ ပညာရှင်များ သို့မဟုတ် ကျောင်းသားများ ကြိုးပမ်းအားထုတ်ထားသည့် ပညာရပ်ဆိုင်ရာ ဥပဒေ သုတေသနနှင့် ဥပဒေပြုပြင်ပြောင်းလဲရေး ကော်မရှင်က လုပ်ဆောင်သည့် သုတေသနတို့ အကြားတွင်လည်း သိသိသာသာ ကွဲပြားခြားနားမှုများ ရှိပါလိမ့်မည်။ ရှိနိုင်သည့် ကွာခြားချက် များစွာထဲမှ ကွာခြားချက်တစ်ခုမှာ တက္ကသိုလ်အဆင့်တွင် ရရှိနိုင်သည့် အရင်းအမြစ်နှင့် အစိုးရထံမှ ရရှိနိုင်သည့်ပံ့ပိုးမှုတို့ ဖြစ်သည်။ ဤစာ၏ရည်ရွယ်ချက်အရ ဥပဒေကျောင်းအဆင့်တွင် လုပ်ဆောင်သော ဘွဲ့လွန်သုတေသနကို ဇဟိုပြုမည်ဖြစ်သည်။ ထိုသို့ဆိုသော်လည်း ဥပဒေ ကျောင်းမှ ပြုလုပ်ခြင်းမဟုတ်သည့် သုတေသနထံမှလည်း မှန်ကန်သော ချဉ်းကပ်မှုပုံစံနှင့် ပတ်သက်၍ များစွာလေ့လာသင်ယူနိုင်ပြီး အစိုးရသုတေသနအဖွဲ့က လုပ်ဆောင်ထားသည့် နမူနာ သုတေသနအချို့ကို နောက်ပိုင်းတွင် ရည်ညွှန်းထားပါသည်။ ၎င်းတို့ကို စံနှုန်းအဖြစ် အသုံးပြုရန် မဟုတ်ဘဲ ‘အလေ့အထကောင်း’၏ နမူနာများကို သိသာအောင်ပြသရန်သာဖြစ်ပြီး၊ သုတေသန ပါဝင်သော ဘွဲ့သင်တန်းတွင် အကျုံးဝင်မည့် ဥပဒေဘွဲ့လွန်ကျောင်းသားများနှင့် ဆရာများကို သိရှိစေရန်နှင့် နည်းလမ်းပေး နိုင်ရန် ရည်ရွယ်ပါသည်။

Epstein နှင့် King တို့က အခိုင်အမာတင်ပြသော အရည်အသွေးအခြေပြု ဥပဒေ သုတေသနနှင့် အရေအတွက်အခြေပြုဥပဒေသုတေသန နှစ်ခုစလုံးသည် လက်တွေ့မျက်မြင် အခြေပြု သုတေသန ဖြစ်သည် ဟူသောအဆိုကို ကျွန်ုပ်တို့လက်ခံပါသည်။

> ကမ္ဘာကြီးကို လေ့လာစူးစမ်းထားခြင်းအား အခြေပြုထားသည့်အရာက လက်တွေ့ မျက်မြင်အခြေပြု သုတေသနဖြစ်သည်။ တစ်နည်းဆိုရသော် ကမ္ဘာကြီး၏ အဖြစ်အပျက် အကြောင်းခြင်းရာများ ဟုဆိုရသော အချက်အလက်အပေါ် အခြေခံထားသည့် သုတေသနက လက်တွေ့မျက်မြင်အခြေပြုသုတေသန ဖြစ်စေနိုင်သည်။ ဤအဖြစ်အပျက် အကြောင်းခြင်းရာများသည် အတိတ်သမိုင်းအကြောင်း သို့မဟုတ် မျက်မှောက်ခေတ် အခြေအနေ၊ ဥပဒေ သို့မဟုတ် စီရင်ထုံးဥပဒေအပေါ် အခြေခံထားသည့်အချက်များ၊ တွေ့ဆုံမေးမြန်းခြင်း သို့မဟုတ် စစ်တမ်း ကောက်ယူခြင်းတို့မှ ရရှိလာသော ရလဒ်များ၊

> မှတ်တမ်းဝင် ဆင့်ပွား သုတေသန သို့မဟုတ် မူလအချက်အလက်ကောက်ယူမှု တွေ့ရှိချက်ရလဒ်များ ဖြစ်နိုင်ပါသည်။ အချက်အလက်များသည် တိကျမှု သို့မဟုတ် မတိကျမှု၊ အတန်အသင့်သေချာမှု သို့မဟုတ် လွန်စွာမသေချာမှု၊ တိုက်ရိုက် လေ့လာစူးစမ်းမှု သို့မဟုတ် ကြားခံထားကာ သွယ်ဝိုက်လေ့လာမှုတို့ ဖြစ်နိုင်ပြီး မနုဿဗေဒ၊ အဓိပ္ပာယ်ကောက်ယူခြင်း၊ လူမှုရေးသိပ္ပံ၊ စီးပွားရေး၊ ဥပဒေရေးရာ၊ နိုင်ငံရေး၊ ဇီဝဗေဒ၊ ရူပဗေဒ သို့မဟုတ် သဘာဝတရားစသည်တို့နှင့် သက်ဆိုင်သည်လည်း ဖြစ်နိုင်ပါသည်။ အကြောင်းအရာများက ကမ္ဘာကြီးနှင့် သက်ဆိုင်နေသမျှ အဖြစ်အပျက် အကြောင်းခြင်းရာများသည် အချက်အလက်များဖြစ်ပြီး လိုအပ်၍ဖြစ်စေ၊ လေ့လာ စူးစမ်း၍ ဖြစ်စေ ရရှိလာသော အချက်အလက်များနှင့် ပတ်သက်နေသမျှ သုတေသနသည် လက်တွေ့မျက်မြင် အခြေပြု သုတေသနပင် ဖြစ်သည်။[၉]

ဤသည်မှာ အလွန်တရာကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ဖြစ်ပြီး အလွန့်အလွန် ကျယ်ပြန့်သည်ဟု ကန့်ကွက်နိုင်ပါသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဥပဒေကျောင်းအများအပြား၌ သင်ပေးသည့် ဥပဒေသုတေသနသည် ၎င်း၏ ရှုမြင်သုံးသပ်ချက်အရ အလွန်ပင် ကျဉ်းမြောင်း ပါသည်။ ဥပဒေသုတေသနဟု ခေါ်ဆိုရသောစာများတွင် အလွန်ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ဆို ထားသည့် အယူအဆအခြေပြုသုတေသနနှင့် အများဆုံးပတ်သက်သည်ကို ဖော်ပြထားပါသည်။ အထူးသဖြင့် ဥပဒေကျောင်းမှ ပညာရှင်များက လုပ်ဆောင်သည့် သုတေသနနှင့် ဘွဲ့လွန် ကျောင်းသားများက လုပ်ဆောင်သည့် သုတေသနတို့သည် ဤသည်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟု Manderson နှင့် Mohr တို့က ရှုမြင်ထားပါသည်။

> မကြာသေးမီက ကျွန်ုပ်တို့အဖွဲ့ထဲမှတစ်ဦးက ဆောင်ရွက်ခဲ့သော ဩစတေးလျနိုင်ငံရှိ ဥပဒေကျောင်းများ၌ လုပ်ဆောင်ခဲ့သည့် ဘွဲ့လွန်သုတေသနစစ်တမ်းအရ ပါရဂူဘွဲ့ ဆိုင်ရာ သုတေသနစီမံကိန်းအားလုံး၏ (၂၀) ရာခိုင်နှုန်းကသာ 'အယူအဆအခြေပြု သုတေသန' အဖြစ် အားရကျေနပ်စွာ ဖော်ပြကြသည်။ အခြားသော (၂၀) ရာခိုင်နှုန်းက ဥပဒေပြုပြင်ပြောင်းလဲရေး အခြေပြုစာတမ်း အသွင်ရှိသည်။ ဥပဒေပြုပြင်ပြောင်းလဲရေး အခြေပြုစာတမ်းဆိုသည်မှာ ဥပဒေပညာရပ်၏ရှုပ်ထွေးသော အဓိပ္ပာယ်ဖွင့်ဆိုချက် ချဉ်းကပ်မှုပုံစံနှင့် ဆင်တူသည့် လူမှုရေးစံနှုန်းရှုထောင့်မှ ကြည့်ရှုသည့်အရာများ ပါဝင် နိုင်သည်။ အခြားတဖက်တွင် ကိုလိုနီနယ်ချဲ့ဝါဒအလွန်၊ လူ့အခွင့်အရေး၊ ကမ္ဘာပြုမှု ဖြစ်စဉ်နှင့် ဥပဒေဆိုင်ရာသရုပ်မှန်ဝါဒီ၊ ဝေဖန်ဆန်းစစ်ရေးဆိုင်ရာ ဥပဒေလေ့လာမှုပုံစံနှင့် ဖွဲ့စည်းတည်ဆောက်ပုံ အရေးပါမှုဝါဒအား ဆန့်ကျင်သည့် ဥပဒေလေ့လာမှု ပုံစံတို့ကို ဆွဲထုတ်လာခြင်း စသည်တို့သည် ဥပဒေနှင့် လူမှုဝန်းကျင်အရွေ့ သုတေသနတွင် အလွန် လျှင်မြန်စွာ တိုးတက်ကြီးထွားလာကြောင်းကို ထင်ဟပ်စေပါသည် (မင်းဒါဆင်၂၀၀၁;

ဂိုးလ်ရင်း ၁၉၉၈: ၁၆၈-၇၁)။ (၁၇) ရာခိုင်နှုန်းသည် သဘောတရားဆိုင်ရာ သုတေသနနှင့် ရင်းနှီးပြီး၊ အခြား (၁၇) ရာခိုင်နှုန်းသည် ပညာရပ်နယ်ပယ် တစ်ခုထက်ပိုသော သုတေသန ဟုဆိုပါသည်။ ကျန်ရှိသော (၂၆) ရာခိုင်နှုန်းက အပြည်ပြည်ဆိုင်ရာ သို့မဟုတ် နှိုင်းယှဉ် လေ့လာမှုပုံစံဟု ဖော်ပြခဲ့ကြပါသည်။[၁၀]

## အယူအဆအခြေပြုသုတေသန

ပြီးခဲ့သောကာလနှင့် လက်ရှိ ဥပဒေသုတေသန အများစုကို ဤခေါင်းစဉ်တွင် ထည့်သွင်း နိုင်ပါသည်။ အယူအဆအခြေပြု သို့မဟုတ် သဘောတရားရေးရာအခြေပြု ဥပဒေသုတေသန တို့အား သီးခြားနယ်ပယ်တစ်ရပ်တွင် ဥပဒေဆိုသည်မှာ ဘာလဲဟူသည်ကို မေးခွန်းထုတ်သည့် သုတေသနဟု ရိုးရှင်းသောစကားရပ်များဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ သက်ဆိုင်သောဥပဒေနှင့် အတူ (မူလပင်ရင်း အချက်အလက်ဟုဆိုရသော) စီရင်ထုံးဥပဒေများကို သုတေသီတို့က စုစည်းပြီး နည်းလမ်းရှာကြသည်။ ဤနည်းလမ်းကို သမိုင်းကြောင်းရှုထောင့်မှ မကြာခဏကြည့်လေ့ရှိပြီး သုတေသနဂျာနယ်တွင် ထုတ်ဝေထားပြီးသည့် စာတမ်းများ၊ စီရင်ထုံးဥပဒေများနှင့် ပြဋ္ဌာန်း ဥပဒေများအပေါ် သုံးသပ်ရေးသားထားမှုများ စသည့် တစ်ဆင့်ခံ အချက်အလက်များလည်း ပါဝင် နိုင်ပါသည်။ သုတေသီ၏ အဓိက သို့မဟုတ် တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဥပဒေ အစုအဝေးနှင့် ယင်းတို့အား မည်သို့အသုံးပြုပုံတို့ကို ဖော်ပြရန်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သုတေသီက ဥပဒေဆိုင်ရာကျိုးကြောင်းသင့် ဆင်ခြင်မှုနှင့် ပြဋ္ဌာန်းဥပဒေတို့ မည်သို့ဖွံ့ဖြိုး တိုးတက် လာပုံကို ပြသရန်အတွက် ဥပဒေဆိုင်ရာလေ့လာဆန်းစစ်မှုကို ပေးနိုင်ပါသည်။ သို့ဆိုလျှင် စံနှုန်းအခြေပြု သို့မဟုတ် သဘောတရား သက်သက် ဦးတည်သော သုတေသနအဖြစ် ရှုမြင် နိုင်ပါသည်။

သဘောတရားသက်သက်ဦးတည်သော သုတေသနသည် လက်တွေ့အသုံးချ သုတေသန မဟုတ်ဟု Epstein နှင့် King တို့က ဆိုထားပါသည်။[၁၁] ဥပဒေသုတေသနတွင် ပါဝင်သော လုပ်ဆောင်မှုသည် လူမှုရေးသိပ္ပံအဖြစ် ထည့်သွင်းစဉ်းစားရန် ရနိုင်/မရနိုင်ကို အခြားတနေရာတွင် အသေးစိတ် ဆွေးနွေးထားပါသည်။[၁၂] အဓိက အကြောင်းပြချက်များမှာ ဥပဒေသည် အာဏာ ပါသော၊ စည်းမျဉ်းအခြေခံထားသော ပညာရပ်နယ်ပယ် ဖြစ်ပြီး အယူအဆအခြေပြု လေ့လာ စူးစမ်းမှုက ပြင်ပလောက၏ မည်သည့်အကြောင်းအရာကိုမှ မထုတ်ဖော်ဘဲ မိမိဥပဒေ အကြောင်း အရာကိုသာ ပြန်လည်ကိုးကားခြင်း မျှသာဖြစ်သည်။ သို့ရာတွင် အဆိုပါ အကြောင်းပြချက်တွင် ဥပဒေဆိုင်ရာသရုပ်မှန်ဝါဒီက ဖော်ထုတ်ထားသကဲ့သို့ ဥပဒေသည် လူမှုဝန်းကျင်နှင့် ပါဝင် ပတ်သက်လာလျှင် သို့မဟုတ် သုတေသီက တရားစီရင်ပိုင်ခွင့်ဆိုင်ရာ အခွင့်အာဏာများထက် ကျော်လွန်ကာ နှိုင်းယှဉ်ဥပဒေ ပြဿနာများကို ထည့်သွင်းစဉ်းစားနိုင်လျှင် အဆိုပါသုတေသနသည်

လူမှုရေးသိပ္ပံသုတေသန၏ လိုအပ်သော အစိတ်အပိုင်းအချို့အား ရရှိထားနိုင်သည်ကို အသိအမှတ်ပြုထားပါသည်။

သို့ဖြစ်ရာ ဥပဒေသုတေသနသည် လူမှုရေးသိပ္ပံသုတေသနမဟုတ်ပါဟု အခြေအနေတစ်ရပ်က ယူဆထားသည်ကို ကျွန်ုပ်တို့ သဘောမတူပါ။ အယူအဆ အခြေပြု သုတေသနသည် အရှည်အသွေးအခြေပြုဖြစ်သည်ဟု ငြင်းခုံရခြင်းမှာ ကိန်းဂဏန်း အချက်အလက်များ မပါရှိရုံသက်သက်ကြောင့် မဟုတ်ဘဲ မျက်မှောက်ခေတ် ပညာရပ်ဆိုင်ရာဥပဒေ သုတေသနသည် တင်းကြပ်သည့် သိပ္ပံနည်းကျနှင့် ပုံစံကျ ချဉ်းကပ်မှုတို့၏ ပြင်ပသို့ ရောက်ရှိနေခြင်းကြောင့်သာ ဖြစ်သည်။ မျက်မှောက်ခေတ် ဥပဒေသုတေသီတို့က ဥပဒေကြေညာခြင်း သို့မဟုတ် စာပေသက်သက်ကိုသာ လေ့လာဆန်းစစ်သည် မဟုတ်ပါ။ သိရှိထားသော လူမှုရေးအခြေအနေအတွင်း အထက်တရားရုံး တစ်ရုံးက စမ်းသပ်ကောင်း စမ်းသပ်နိုင်သည့် သီးခြားကောက်ချက်များ (တစ်နည်းအားဖြင့် မှားယွင်းသည်ဟု သက်သေ ပြနိုင်သော) နှင့်အတူ အယူအဆအခြေပြု စာပေများကို စစ်ဆေးနိုင်သည်။

မည်သည့်ကိစ္စရပ်တွင်မဆို အဆိုပါရည်ညွှန်းချက်သည် အတော်လေး အဓိပ္ပာယ်မဲ့နိုင်သည်။ အထူးသဖြင့် ဥပဒေသုတေသနကို ကောင်းမွန်သောအလေ့အထ ရှုထောင့်မှ စဉ်းစားရန် ရည်ရွယ်ချက်ရှိသည့်အခါတွင် ဖြစ်နိုင်သည်။ အယူအဆအခြေပြုနည်းလမ်းကို လုပ်ဆောင်ရာ၌ ဥပဒေသုတေသီတို့၏ ဘေးကျပ်နံကျပ်အခြေအနေကို သိရှိလက်ခံရန် အရေးကြီးပါသည်။ ဥပဒေဆိုသည်မှာ ဘာလဲ ဆိုသည်ကို ဆုံးဖြတ်ရန် စီရင်ထုံးဥပဒေ သို့မဟုတ် ပြဋ္ဌာန်းဥပဒေတို့အား ဥပဒေအရင်းအမြစ်များမှတဆင့် အကဲဖြတ်နိုင်သော်လည်း ဥပဒေကို အသုံးချခြင်းကို အကဲဖြတ်ရန်မှာ အငြင်းပွားဖွယ်ရာ ဖြစ်သည်။ အမှန်စင်စစ် ဤသည်က သုတေသနကို ရှေးဦးစွာ ပြုရခြင်း၏ အကြောင်းရင်း ဖြစ်နိုင်ပါသည်။ အယူအဆအခြေပြုသုတေသန၏ အစိတ်အပိုင်းတစ်ခုတွင် နည်းပညာအရ လက်တွေ့မျက်မြင်အခြေပြု သုတေသနနည်းစနစ် မပါဝင်သော်လည်း တွေ့ရှိချက်အပေါ် ကောက်ချက်များဆွဲယူခြင်းပြုလိမ့်မည်မဟုတ်ဟု မဆိုလိုပါ။

ဥပဒေသုတေသီ အများအပြားသည် သီးခြားဥပဒေဖော်ပြချက်တစ်ရပ် တွေ့ရှိခြင်းကို ဦးတည်သည့် သုတေသနနှင့် ဥပဒေဆိုင်ရာ ကျိုးကြောင်းသင့်ဆင်ခြင်ပုံ အဆင့်ဆင့်ကို နက်နက်ရှိုင်းရှိုင်း ဆန်းစစ်လေ့လာသည့် သုတေသနတို့အကြား အဆင်သင့် ခွဲခြားနိုင်ခြင်းမရှိသေးပါ။ သာဓကပြရလျှင် စံချိန်မီ ဥပဒေပညာရပ်ဆိုင်ရာစာအုပ် '*ဥပဒေကိုလေ့လာခြင်း*'[၁၃] တွင် Glanville Williams က ဥပဒေ သုတေသန အမျိုးအစားနှစ်မျိုးကို ဖော်ထုတ်ထားသည်။ တစ်မျိုးမှာ 'အကြောင်းအရာတစ်ရပ်အပေါ် ဥပဒေက တိတိကျကျဖော်ပြထားသည်ကို သေချာသိစေရန် လေ့လာ စိစစ်သော အလုပ်ဖြစ်ပြီး' အခြားတစ်မျိုးမှာ 'ဥပဒေ၏ပါဝင်ပတ်သက်မှု အတိုင်းအတာကို သိရှိရန် လေ့လာလိုသည့် ရှေ့နေများ' (တစ်ခါတစ်ရံ ပညာရှင်ရှေ့နေ၊ သို့ရာတွင် အမြဲတမ်း

မဟုတ်ပါ) က ဆောင်ရွက်သောအလုပ်ဖြစ်သည်။[၁၄] အမှန်မှာ Williams က အယူအဆအခြေပြု သုတေသန တစ်မျိုးတည်း၌ပင် မတူညီသည့်အဆင့်ကို ဖော်ပြခြင်းသာ ဖြစ်သည်။ ချဉ်းကပ်နည်း နှစ်မျိုးစလုံးအတွက် အသုံးပြုသည့် သုတေသနနည်းစနစ်မှာ အတူတူပင် ဖြစ်သည်။

ဤအခန်း၏ ပဓာနကျသော ရည်ရွယ်ချက်မှာ ဥပဒေသုတေသီတို့အား ၎င်းတို့ လုပ်ဆောင်နေသော သုတေသနအမျိုးအစား၏ အရေးပါပုံကို နားလည်သဘောပေါက်စေရန်နှင့် သုတေသန ရလဒ်ကောင်း ထွက်ပေါ်နိုင်စေမည့် စနစ်ကျသောပုံစံဖြင့် ချဉ်းကပ်ရန်အတွက် လိုအပ်သလို အကူအညီပေးရန်ဖြစ်ပါသည်။

## အယူအဆအခြေပြုမဟုတ်သောသုတေသန

အခြားဥပဒေသုတေသနအားလုံးအား ပြဿနာအခြေပြု သုတေသန၊ မူဝါဒနှင့် ဥပဒေ ပြုပြင်ပြောင်းလဲရေးအခြေပြု သုတေသနဟူ၍ ယေဘုယျအားဖြင့် အမျိုးအစား(၃)မျိုး ခွဲခြားနိုင်ပါသည်။ ဤအမျိုးအစားများသည် တစ်ခုသာပါဝင်ရမည်မဟုတ်ဘဲ မည်သည့် သုတေသန အမျိုးအစားက အများစုပါဝင်နေသည်ကို အကဲဖြတ်ခြင်းဖြင့် ဖော်ထုတ်ရန် လက်ခံထားကြသည်။ ၎င်းတို့ အကြား အချင်းချင်းချိတ်ဆက်မှု မကြာခဏပေါ်ပေါက်ခြင်းအတွက် အတူတကွဖြစ်သည်ဟုလည်း သုံးသပ်နိုင်ပါသည်။ အမှန်အားဖြင့် အယူအဆအခြေပြု၊ ပြဿနာအခြေပြု၊ မူဝါဒနှင့် ဥပဒေပြုပြင်ပြောင်းလဲရေး သုတေသနအမျိုးအစား (၄) မျိုးစလုံးသည် သုတေသနစီမံကိန်းကြီး တစ်ခု၏ အစိတ်အပိုင်းအဖြစ် ပါဝင်နိုင်သည်။ သာဓကအားဖြင့် သုတေသီတစ်ဦးက သီးခြားနယ်ပယ် တစ်ခုတွင် တည်ဆဲဥပဒေတစ်ရပ်ကို သတ်မှတ်ခြင်းအားဖြင့် စတင်နိုင်သည် (အယူအဆ အခြေပြု)။ ထို့နောက်တွင်မှ ဥပဒေအပေါ် သက်ရောက်နေသော လက်ရှိပြဿနာများကို ထည့်သွင်း စဉ်းစားခြင်း၊ တည်ဆဲဥပဒေအား ထောက်ကန်ပေးသော မူဝါဒ၊ (ဥပမာ) အဆိုပါမူဝါဒ၏ အပြစ် ချို့ယွင်းချက်ကို မီးမောင်းထိုးပြခြင်းတို့ လိုက်ပါလာမည်။ ဤအရာက သုတေသီအား ဥပဒေ အပြောင်းအလဲကို အဆိုပြုရန် (ဥပဒေပြုပြင်ပြောင်းလဲရေး) ဖြစ်စေပါသည်။

အထက်ကပြထားသော သာဓကထဲတွင်ပါရှိသော အယူအဆအခြေပြု အစိတ်အပိုင်းကို လက်တွေ့မျက်မြင်အခြေပြုမဟုတ်သကဲ့သို့ ရှုမြင်နိုင်သော်လည်း ပြဿနာသုံးသပ်ခြင်း၊ မူဝါဒ အကဲဖြတ်ခြင်းနှင့် ဥပဒေပြုပြင်ပြောင်းလဲရေးလိုအပ်ချက်တို့အတွက် အရည်အသွေးအခြေပြု သို့မဟုတ် အရေအတွက်အခြေပြု သို့မဟုတ် ယင်းတို့နှစ်ခုပေါင်းစပ်ထားသော လက်တွေ့မျက်မြင် အခြေပြု သုတေသနချဉ်းကပ်နည်း လိုအပ်နိုင်ပါသည်။ သဘောသဘာဝအရ အဆိုပါသုတေသန သည် သက်သေနှင့် ကျိုးကြောင်းဆင်ခြင်သုံးသပ်မှုအပေါ် အခြေပြု ကောက်ချက်ဆွဲထားသော သုတေသနဖြစ်သည်။ သရုပ်ဖော် ရှင်းလင်းချက်ပုံစံအများစု၏ သာဓကဖြစ်သော ပြဋ္ဌာန်းဥပဒေကို လေ့လာသည့် မူဝါဒဆိုင်ရာသုတေသန၌ပင် အဘယ်ကြောင့် ဤဥပဒေမျိုး ပြဋ္ဌာန်းရကြောင်းအား

အတိုင်းအတာတစ်ရပ်အထိ ရှင်းလင်းချက်ပေးရသည်။ အခြားသော သုတေသနများက ဤအကြောင်းအရာကို သမိုင်းကြောင်းအရ ရှင်းပြရန် နည်းလမ်းရှာကြသည်။ ထိုနည်းလမ်းတွင် သက်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလာစေမည့် မူဝါဒတိုးတက်လာမှုအပေါ် သက်ရောက်မှုရှိသည့် အယူခံတရားရုံးအမှုများကိုပါ ထည့်သွင်းစဉ်းစားမှုမျိုး ပါရှိနိုင်ပါသည်။

အခြားသုတေသနများက လက်ရှိဥပဒေပြဿနာကို ရိုးရိုးရှင်းရှင်း ဖော်ပြနိုင်ပါသည်။ မှတ်သားထားသကဲ့သို့ ဤအရာက အကဲဖြတ်သုတေသနနည်းစနစ်ကို လိုက်နာသည့် ဥပဒေပြုပြင်ပြောင်းလဲရေးသို့ ဦးတည်နိုင်ပါသည်။ အဆိုပါသုတေသနမျိုးသည် ဥပဒေတစ်ရပ်ရပ် က အလုပ်မဖြစ်ကြောင်း ပြသနိုင်ရန် စီရင်ထုံးဥပဒေများစုစည်းခြင်းဖြင့် အစပြုရပါသည်။ တစ်နည်းအားဖြင့် အမှုစစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ရပ်ရပ်တွင် ကျင့်ထုံးဆိုင်ရာ ပြဿနာ ရှိ၊မရှိ အကဲဖြတ်ရန် သုတေသီက အမှုများကို လေ့လာဆန်းစစ်နိုင်ပါသည်။ ဤသည်ကို အခြေခံ၍ လက်ရှိဥပဒေသည် ပြင်ဆင်ရန်လိုအပ်ကြောင်း သို့မဟုတ် ရုပ်သိမ်းရန်လိုအပ်ကြောင်း သို့မဟုတ် ဥပဒေအသစ်တစ်ခု လိုအပ်ကြောင်းအား သုတေသီက အကြမ်းဖျဉ်း ကောက်ချက်ချနိုင်သည်။

ပြဿနာ၊ မူဝါဒနှင့် ဥပဒေပြုပြင်ပြောင်းလဲရေးအခြေပြု သုတေသနတွင် သက်ဆိုင်သော လူမှုရေးဆိုင်ရာအချက်အလက်များ နှင့်/သို့မဟုတ် လက်ရှိဥပဒေ၏ လူမှုဘဝ သက်ရောက်မှုနှင့် ကျင့်သုံးမှုတို့ကို ထည့်သွင်းစဉ်းစားခြင်း အမြဲလိုလို ပါဝင်လေ့ရှိသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ပြုလုပ်မည့် ဥပဒေသုတေသနမျိုးတွင် စစ်တမ်းကောက်ယူမှုများနှင့် ထိခိုက်နစ်နာသူ တစ်ဦးချင်းကိုသော်လည်းကောင်း၊ အုပ်စုအမျိုးမျိုးတို့ကိုသော်လည်းကောင်း တွေ့ဆုံမေးမြန်းမှုများ ပါဝင်နိုင်သည်။ အဆိုပါ သုတေသနကို လူမှုရေးရာဥပဒေသုတေသနအဖြစ် ရည်ညွှန်းလေ့ရှိသည်။ အုပ်စုကို ချဲ့ကြည့်ရလျှင် လူမှုရေးရာဥပဒေသုတေသနသည် မတူကွဲပြားသောသုတေသန အမျိုးအစားများစွာ ခြုံငုံပါဝင် နိုင်သည်။ ဤသုတေသန အမျိုးအစားကို အသေးစိတ်ဖော်ပြရန်နှင့် ဆန်းစစ် လေ့လာရန်အတွက်မှာ ဤအခန်း၏ ပြင်ပနယ်ပယ်တွင် ရောက်ရှိနေပါသည်။[၁၅] ဆိုရလျှင် ဥပဒေနှင့် လူမှုဥပဒေလေ့လာမှု နှစ်ခုစလုံး အကျုံးဝင်စေရန် အယူအဆအခြေပြု မဟုတ်သည့် နည်းလမ်းဖြင့် ပို၍ ယေဘုယျဆန်သော ချဉ်းကပ်မှုကို လုပ်ဆောင်ရသည်။ လုပ်ဆောင်သည့် သုတေသနက မည်သို့ပင် ဥပဒေသုတေသန အမျိုးအစားဖြစ်စေ၊ လူမှုရေးရာဥပဒေသုတေသန အမျိုးအစားဖြစ်စေ သို့မဟုတ် အမျိုးအစားနှစ်ခုစလုံးကို ပေါင်းစပ် ထားသည်ဖြစ်စေ အရည်အသွေး အခြေပြုချဉ်းကပ်မှု အမျိုးမျိုးကို အသုံးပြုသင့်သည်။ သုတေသီ၏ ရည်မှန်းချက်သည် တွေ့ရှိချက် အခြေပြုကောက်ချက်များ (သို့မဟုတ် ယူဆချက်များ)ထံ ရောက်ရှိရန် အတွက် ဖြစ်သင့်သည်။ ဤသို့ဆိုလျှင် ဥပဒေသုတေသနသည် အခြားသော ပညာရပ်ဆိုင်ရာ သို့မဟုတ် ပညာရှင်များ၏ သုတေသနများနှင့် ကွဲပြားမှု မရှိတော့ပါ။ ခြားနားသည်မှာ အသုံးပြုသော လက်တွေ့မျက်မြင် အခြေပြုနည်းလမ်းပင် ဖြစ်သည်။ သို့သော် အဆိုပါ လက်တွေ့မျက်မြင် အခြေပြုနည်းလမ်းကို

အသုံးပြုရန်မှာ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အဆင့်အတန်းတစ်ခု လိုအပ်ပါသည်။ ဤနေရာတွင် King နှင့် Epstein[၁၆] တို့၏ အဆိုအရ လုပ်ဆောင်ထားသော ဥပဒေသုတေသနများမှာ လိုအပ်သည့် ပညာရပ်အဆင့်အတန်း ပြည့်မီခြင်းမရှိပါ။ ဤအခန်းသည် ဥပဒေသုတေသီဖြစ်သူများအား အဆိုပါ ကြုံတွေ့ရမည့် အန္တရာယ်ကို သတိပေးရန် ကြိုးပမ်းထားသည်။ ထို့ပြင် သာဓကများကို ကိုးကား၍ အရည်အသွေးအခြေပြု နည်းစနစ်က မည်သို့ကောင်းမွန်ကြောင်းကို ဆွေးနွေးမည်။

## အယူအဆအခြေပြုသုတေသနသည် အရည်အသွေးအခြေပြု ဖြစ်ပါသလား?

အကယ်၍သာ စနစ်ကျသောချဉ်းကပ်မှုဖြင့် ဥပဒေကို အလွယ်တကူ ရှာဖွေဖော်ထုတ်နိုင်လျှင် မည်သူက သုတေသန လုပ်ဆောင်သည်ဖြစ်စေ တူသောဥပဒေကို ရှာဖွေတွေ့ရှိပါမည်။ သို့ဆိုလျှင် အယူအဆအခြေပြုသုတေသနသည် ဤနည်းလမ်းအရ အရေအတွက် အခြေပြု ဖြစ်သည်ဟု ငြင်းခုံနိုင်သည်။ ၂၀၀၆ ခုနှစ်တွင် Hutchinson က အယူအဆအခြေပြု သုတေသနအား အရေအတွက်အခြေပြုနှင့် ညီမျှသကဲ့သို့ ဖော်ပြခဲ့သော်လည်း အရည်အသွေးအခြေပြု အမျိုးအစား ထဲတွင်လည်း မထည့်သွင်းခဲ့ပါ။[၁၇] ၎င်းတို့၏သုတေသနများတွင် အယူအဆအခြေပြုထက် ကျော်လွန်ပြီး လူမှုရေးသိပ္ပံသုတေသန နည်းစနစ်များအား ရွေးချယ်ကျင့်သုံးရန် ချဉ်းကပ်မှု နည်းလမ်းကို ချဲ့ထွင်ရာ၌ ရှေ့နေများ၏ ဝန်လေးမှုနှင့် မစွမ်းဆောင်နိုင်မှု ကိုလည်း Hutchinson က မှတ်ချက်ပြုထားသည်။ သူမက အရည်အသွေးအခြေပြုအား 'သီးခြားကိစ္စရပ်များတွင် ပတ်သက်ခြင်း'ထက် 'တွေ့ကြုံရသည့်အတိုင်း လူမှုရေး ဆက်ဆံရေးနှင့် အရှိတရား' ကို[၁၈] စူးစမ်း ရှာဖွေခြင်းအဖြစ် သတ်မှတ်ဖော်ပြထားသည်။[၁၉] ဤသို့ အယူအဆအခြေပြုသည် အရည်အသွေး အခြေပြုမဟုတ်သည့် သွင်ပြင်လက္ခဏာဆောင်ခြင်းမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ အဘယ်ကြောင့်ဆိုသော် တည်ဆောက်ပြီးသည့် ဥပဒေသုတေသန နမူနာများသည် ဥပဒေကို ရှာဖွေရန် ဓမ္မဓိဋ္ဌာန်ကျသော ချဉ်းကပ်မှုနည်းလမ်း တစ်နည်းနည်းရှိကြောင်း ထုတ်ဖော်နိုင်ခဲ့ခြင်း ကြောင့်ဖြစ်သည်။ သို့သော်၂၀၁၂ ခုနှစ်တွင် Hutchinson နှင့် Duncan က ဆိုထားသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

> ယခင်ကာလများထက် ယခုအချိန်တွင် ခေတ်မီဆန်းပြားသော သုတေသန အကြောင်း အရာတွင်း သုတေသနပြုလုပ်နေသော ပညာရပ်ဆိုင်ရာရှေ့နေများသည် အယူအဆ အခြေပြု သုတေသနကို လုပ်ဆောင်သည့်အခါ မည်သည့်အရာကိုလုပ်ဆောင်သည်အား ရှင်းလင်းပြရန်နှင့် မှန်ကန်ကြောင်းအတည်ပြုရန်မှာ မရှိမဖြစ် ပြုလုပ်ရပါသည်။ အခြားသောပညာရပ် နယ်ပယ်များတွင် အသုံးပြုသကဲ့သို့ ရှေ့နေများသည် ၎င်းတို့၏ သုတေသနနည်းစနစ်ကို ပညာရပ် ဝေါဟာရတွင် ရှင်းလင်းဖော်ပြရန် လိုအပ်ပါသည်။[၂၀]

အယူအဆအခြေပြုသုတေသနသည် အရည်အသွေးအခြေပြု မဟုတ်ဟူသော ယူဆချက်မှာ တရားသူကြီးများက အသုံးပြုသော ကျိုးကြောင်းသင့်ဆင်ခြင်ပုံမျိုးနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်ကို ကျွန်ုပ်တို့ သဘောတူပါသည်။ တရားသူကြီးများက ခြံုယူဆင်ခြင်မှုပြုသည်မှာ အကြောင်းအရာနှင့်စပ်ဆိုင်သည့် အခွင့်အာဏာ အဆင့်ဆင့်တို့အား ခွဲခြမ်းစိတ်ဖြာခြင်း၊ အခွင့်အာဏာများထံမှ ဥပဒေအခြေခံမူသဘောတရား ဆင်းသက်လာစေခြင်းနှင့် မိမိရှေ့မှောက်ရောက်ရှိလာသော အကြောင်းအရာတွင် ၎င်းတို့ကိုအသုံးပြုခြင်းတို့ဖြစ်သည်။ ဥပဒေနှင့် အကြောင်းခြင်းရာတို့အကြားရှိ အားကြီးသောဆက်နွယ်မှုကို 'ကြားခံအဆင့်ချဉ်းကပ်မှု'ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။[၂၁] အင်္ဂလိပ်ရိုးရာဥပဒေစနစ်ရှိ ရှေ့နေသည် အကြောင်းခြင်းရာများအပေါ်မှ အသုံးချနိုင်မည့် အခြေခံမူသဘောတရား ရရှိလာသည်အထိတိုင် အမှုများကို ခွဲထုတ်ခြင်းနည်းလမ်းကို အသုံးပြုသည်။ ဤသည်မှာ စပ်ဆိုင်သော စီရင်ထုံးအားလုံးကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းထံမှ အခြေခံမူသဘောတရား ရလာသည့်နေရာ၌ ခြုံငုံဆင်ခြင်မှုကို အသုံးပြုသည့် ဖယ်ထုတ်ခြင်းနည်းလမ်း ဖြစ်သည်။

လူမှုရေးသိပ္ပံရှုထောင့်ကို ပြန်သွားရလျှင် တရားစီရင်ရေး၌ အယူအဆအခြေပြုသုတေသီက လုပ်ဆောင်သည့် ခြုံယူဆင်ခြင်ခြင်းသည် ၎င်းသုတေသနနည်းလမ်းအရ အရည်အသွေးအခြေပြု သုတေသနဖြစ်သည်ဟု ထောက်ခံနိုင်ပါသည်။

> အကျဉ်းချုပ်အနေဖြင့် အရည်အသွေးအခြေပြု အချက်အလက်ခွဲခြမ်းစိတ်ဖြာ လေ့လာမှု၏ အစိတ်အပိုင်းအဖြစ် ထုတ်ဖော်ထားသည့် ယူဆချက်သည် စင်စစ်အားဖြင့် အဓိပ္ပာယ်များနှင့် အနက်ဖွင့်ဆိုခြင်းများအပေါ် ဗဟိုပြုသော ကွဲပြားမှုများ သို့မဟုတ် ယူဆချက်များအကြားရှိ ဆက်နွယ်မှုဖော်ပြချက်တစ်ခု သို့မဟုတ် ဖော်ပြချက်အစု ဖြစ်ပါသည်။ သဘောတရားများသည် အရည်အသွေးအခြေပြုခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်မှုက မည်သို့လုပ်ဆောင်သည်အပေါ် လွှမ်းမိုးမှုရှိသည်။ အရည်အသွေးအခြေပြု သုတေသီက သဘာဝဖြစ်စဉ်၏ ပိုမိုအသုံးဝင်သည့် နားလည်သဘောပေါက်မှုအတွက် သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြရန် သို့မဟုတ် ချဲ့ထွင်ရန် အားထုတ်သည်။ အနက်အဓိပ္ပာယ်များအပေါ် ဗဟိုပြုမှုသည် အရည်အသွေးအခြေပြု သုတေသနကို ကောင်းကောင်းမွန်မွန် လုပ်ဆောင်ရန် ခက်ခဲစေပါသည်။ အဘယ်ကြောင့်ဆိုသော် အနက်အဓိပ္ပာယ်သည် အရေအတွက်အခြေပြု ကိန်းဂဏန်းစာရင်းထက် ပို၍ ရှုပ်ထွေးသိမ်မွေ့သောကြောင့် ဖြစ်သည်။[၂၂]

အခြေခံအားဖြင့် ဥပဒေကို သိကောင်းသိနိုင်မည် ဖြစ်သော်လည်း ကြိုတင်မှန်းဆနိုင်ရန် မလိုအပ်ပါ။ အယူအဆအခြေပြု သုတေသနသည် ပြဋ္ဌာန်းဥပဒေအမှန်နှင့် ဆက်စပ်သည့် အမှုများကို တွေ့အောင်ရှာဖွေပြီးနောက် ဓမ္မဓိဋ္ဌာန်ကျကျ မှန်၊မမှန် စစ်ဆေးနိုင်သော ဥပဒေ ဖော်ပြချက်

ပြုလုပ်ခြင်း သက်သက် မဟုတ်ပါ။ ၎င်းသည် စာရွက်စာတမ်းများကို ရွေးချယ်ခြင်း၊ ချိန်ဆခြင်း၊ ထက်အောက်စဉ်နှင့် အခွင့်အာဏာများကို ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာနည်းစနစ် ဖြစ်သကဲ့သို့ လူမှုဝန်းကျင်အခြေအနေနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို နားလည်သဘော ပေါက်ခြင်းလည်း ဖြစ်သည်။ ၎င်းသည် စာပေကို ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်း သက်သက် မဟုတ်ပါ။ ၎င်းသည် မိမိကိုယ်ကိုပြန်လည်ကိုးကားမှုပြုသော လေ့ကျင့်မှုမျှသာ မဟုတ်ပါ။ သုတေသီတစ်ဦးက လူမှုဝန်းကျင်အခြေအနေဆုံးဖြတ်ချက်များကို နားလည် သဘောပေါက်လာပြီး လက်တွေ့ဖြစ်ရပ် အခြေအနေအမျိုးမျိုးကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် ကောက်ချက်များကို ဆွဲသည်။ မည်သို့ပင်ဆိုစေ အကြံပြုချက်ပေးခြင်း၊ အမှုအကြောင်းကို လေ့လာလိုက်စားခြင်းတို့ဖြင့် မျက်မှောက်ခေတ် ပညာရပ်ဆိုင်ရာဥပဒေသုတေသနသည် ပြင်ပလောကနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းအပြင် ပြင်ပလောကအကြောင်း ဖော်ညွှန်းရေးသားခြင်းလည်း ပြုကြသည်။ ပေးထားသည့် အခြေအနေများတွင် မည်သည့် ဥပဒေဖြစ်ရမည် ဟူသော ကြိုတင်ခန့်မှန်းချက်တစ်ရပ်ရပ်အား နောက်ဆုံးတွင် တရားရုံး၌ ဟုတ်မှန်ကြောင်း စမ်းသပ်ခံရကောင်း ခံရနိုင်သည်။ ထို့အတွက်ကြောင့် အယူအဆအခြေပြု သုတေသနသည် အရည်အသွေးအခြေပြုဖြစ်သည်ဟု ငြင်းချက်ထုတ်နိုင်သည်။ တင်းကျပ်သည့် လူမှုရေးသိပ္ပံ သို့မဟုတ် အတွေးအခေါ်ပညာရပ် ရှုမြင်ပုံအရ မည်သည့်ကိစ္စရပ်တွင်မဆို အကယ်၍ ဤအနေအထားသည် ထောက်ခံနိုင်ဖွယ် မဖြစ်လျှင်ပင် ဥပဒေစည်းမျဉ်းများကို အရည်အသွေးအခြေပြု ချဉ်းကပ်နည်း၏ စည်းမျဉ်း သို့မဟုတ် ဖွဲ့စည်းမှုဖြင့် လေ့လာချဉ်းကပ်လျှင် သုတေသီအတွက် ထိခိုက်စရာမရှိနိုင်ပါ။

ပညာသင်ရှေ့နေများကို သုတေသနနည်းစနစ်များ သိနားလည်သဘောပေါက်စေရန်အတွက် လေ့ကျင့်သင်ကြား ပေးထားခြင်းမရှိပါ။ ၎င်းတို့သည် မူသဘောတရား တစ်စုံတစ်ရာကို ထောက်ခံရန် ထက်အောက်စဉ်နှင့် အခွင့်အာဏာတို့အပေါ် အားထားမည်။ အယူအဆအခြေပြု ဥပဒေသုတေသနသည် ဥပဒေ၏ အနက်အဓိပ္ပာယ် သို့မဟုတ် မူလအစအား စုံစမ်းစရာမလိုဘဲ ဥပဒေကို တွေ့ရှိသည့်အပေါ် အခြေခံ၍ အစဉ်အလာအရ လုပ်ဆောင်သည်။[၂၃] Epstein နှင့် King တို့က ရှေ့နေနှင့် သိပ္ပံပါရဂူတို့၏ ချဉ်းကပ်နည်းအား နှိုင်းယှဉ်ဖော်ပြသည်။ ရှေ့နေကို အမှုသည်၏ ရှုမြင်ပုံမှ ချဉ်းကပ်ရန် တိုက်တွန်းသော်လည်း သိပ္ပံပါရဂူအတွက်မူ ဆန့်ကျင်ဘက် အနေအထားများကို အသိအမှတ်ပြုရန် လိုအပ်သည်။ ‘အမှုသည်ကို စိတ်ကူးစမ်းသပ်မည့် အယူအဆအနေဖြင့် ပြုမူဆက်ဆံသည့် ရှေ့နေတစ်ဦးသည် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခံရလိမ့်မည်။ စိတ်ကူးစမ်းသပ်မည့် အယူအဆကို အမှုသည်တစ်ဦးကဲ့သို့ မြှင့်တင်ပြောဆိုသည့် သိပ္ပံပါရဂူသည် လျစ်လျူရှု ခံရလိမ့်မည်။’[၂၄]

Hutchinson နှင့် Duncan က အယူအဆအခြေပြု သုတေသနထုံးချဉ်းကပ်နည်းကို အရေးတကြီးပြောင်းလဲရန် လိုအပ်နေသည့်အကြောင်း အောက်ပါအတိုင်းကောက်ချက်ချ ထားသည်။

> သို့ရာတွင် မျက်မှောက်ခေတ်ပညာရပ်နယ်ပယ်တစ်ခုထက်ပိုသော မူဘောင်အတွင်း လုပ်ဆောင်သည့် သုတေသနကို ဥပဒေအနည်းအကျဉ်းမျှသာ လေ့ကျင့်သင်ယူထားသည့် အခြားပညာရပ်နယ်ပယ်မှ လူများက ညွှန်ကြားခြင်း၊ ဖတ်ရှုခြင်းနှင့် ပို၍အရေးပါသည်မှာ 'အကဲဖြတ်ခြင်း' ပြုသည့်အခါ သုတေသနနည်းလမ်းကို ရှင်းလင်းထုတ်ဖော်ခြင်းသည် အလွန်အရေးပါသည်။ အထူးသဖြင့် ရန်ပုံငွေထောက်ပံ့ခြင်းက အရည်အသွေးနှင့် ဆက်နွှယ်နေသည့်အခါတွင်ဖြစ်ပြီး အရည်အသွေးသည် သုတေသနနည်းစနစ် ရှင်းလင်းမှု အပေါ် မူတည်သည်။[၂၇]

## အယူအဆအခြေပြုသုတေသနနည်းစနစ်

အယူအဆအခြေပြုဥပဒေသုတေသနကို အရည်အသွေးအခြေပြုက အသိအမှတ်ပြုထား သကဲ့သို့ ဥပဒေဆိုသည်မှာ ကြောင်းကျိုးသင့်သော်လည်း ပြည့်စုံမှုမရှိပါ။ ဥပဒေသည် အရှိအတိုင်း သီးခြား ခွဲထုတ်ထား၍မရနိုင်ကြောင်းသိရှိထားသည်ကို လက်ခံထားသကဲ့သို့ ရှေ့နေများသည် သုတေသန နည်းစနစ်တွင် လေ့ကျင့်သင်ကြားထားခြင်း မရှိကြောင်းကို အသိအမှတ်ပြုရန်လည်း အရေးကြီး သည်။ ယခု ရည်ရွယ်ချက်မှာ ဥပဒေ၏သဘာဝကို ထည့်သွင်းစဉ်းစားထားသည့် အယူအဆ အခြေပြုဥပဒေ သုတေသနနည်းစနစ်ကို တည်ဆောက်ရန်ဖြစ်သည်။ သုတေသန နည်းစနစ်၏ ရည်ရွယ်ချက်များကို ရရှိစေရန် လူမှုရေးသိပ္ပံကိုပင် ထပ်မံ ရည်ညွှန်းနိုင်သည်။

> သုတေသနနည်းစနစ်နယ်ပယ်ကို နည်းပညာ၊ သုတေသနရပ်ဝန်းနှင့် သုတေသန နည်းစနစ်ဆိုင်ရာစည်းမျဉ်းများဆိုသည့် ဤအစိတ်အပိုင်း(၃)ခုဖြင့် အတူတကွ ဖွဲ့စည်း သည်။ ဂုဏ်သိက္ခာနှင့် တရားဝင်ခိုင်မာမှုစံသတ်မှတ်ချက်အချို့သို့ရောက်ရှိရန် သုတေသန အားလုံးက ထိုသုတေသနနည်းစနစ် နယ်ပယ်ကို မဖြစ်မနေ ကျော်ဖြတ်ရမည်။ ၎င်းက သုတေသီ၏ စိတ်ကူး ယုံကြည်မှုများနှင့် ထင်မြင်ချက်များကို သုတေသန ပြုလုပ်ခြင်းမှ ထုတ်ဖော်ထားသည့် အချက်အလက်နှင့် သက်သေအထောက်အထား တို့အား ကွင်းဆက် ပုံဖော်ပေးသည့်အရာအဖြစ် လုပ်ဆောင်သည်။ အကယ်၍ ဤနယ်ပယ်က ကောင်းစွာ လုပ်ဆောင်နိုင်လျှင် ၎င်းသည် ဆိုးဝါးသည့် သုတေသန ဖြစ်သွားခြင်းမျိုးမှ ကြိုတင် တားဆီးနိုင်မည့် စစ်ထုတ်ကိရိယာအဖြစ် လုပ်ဆောင်မည်။[၂၈]

ဤခွဲခြမ်း စိတ်ဖြာဆန်းစစ်လေ့လာမှုသည် သုတေသနကို ခြုံငုံ၍ရည်ညွှန်းသည်။ အယူအဆ အခြေပြု ဥပဒေသုတေသနနှင့်ဆိုလျှင် သုတေသနနည်းစနစ်က အလွန်တိတိကျကျ ဖြစ်သွား

လိမ့်မည်။ သက်ဆိုင်သော ပြဋ္ဌာန်းဥပဒေများ၊ အမှုများနှင့် ဒုတိယအရင်းအမြစ် ဥပဒေဆိုင်ရာ စာအုပ်စာတမ်းများအား ဖော်ထုတ်ခြင်းကို လူမှုရေးသိပ္ပံ၏ ပညာရပ်စာပေများအား သုံးသပ်လေ့လာခြင်းနှင့် တူသည်ဟု ရှုမြင်နိုင်သည်။ Fink က ပညာရပ်စာပေ လေ့လာဆန်းစစ်ခြင်းကို ‘သုတေသီများ၊ ပညာရှင်များနှင့် ပညာရပ်ကို လက်တွေ့ လုပ်ကိုင်သူများမှ ထုတ်လုပ်ထားသော ပြီးပြည့်စုံ မှတ်တမ်းတင်ထားသည့် စာတမ်းများကို ထုတ်ဖော်ခြင်း၊ အကဲဖြတ်ခြင်း နှင့် ပေါင်းစပ်ခြင်းတို့အတွက် စနစ်တကျ ရှင်းရှင်းလင်းလင်း ပြန်လည်ဖော်ထုတ်နိုင်သော နည်းစနစ်’ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။[၂၇] ပို၍တိကျစေရန် ပညာရပ်စာပေများကို စေ့စေ့စပ်စပ်လေ့လာဆန်းစစ်ခြင်း အတွက် Fink ၏ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။[၂၈]

၁။ သုတေသနမေးခွန်းများရွေးချယ်ခြင်း၊
၂။ ကိုးကားချက် သို့မဟုတ် စာတမ်းအချက်အလက်စာရင်းပြုစု ရွေးချယ်ခြင်း၊
၃။ အချက်အလက်ရှာဖွေမှုသုံး စကားရပ်များရွေးချယ်ခြင်း၊
၄။ လက်တွေ့စစ်ဆေးမှု မှတ်ကျောက်အသုံးချခြင်း၊
၅။ သုတေသနနည်းစနစ်ဆိုင်ရာ စစ်ဆေးမှုမှတ်ကျောက်အသုံးချခြင်း၊
၆။ လေ့လာသုံးသပ်မှုပြုလုပ်ခြင်း၊
၇။ လေ့လာမှုရလဒ်များကိုပေါင်းစပ်ခြင်း။

ဤအခန်း၏ရည်ရွယ်ချက်အတွက် လူမှုရေးသိပ္ပံသုတေသန ပညာရပ်နယ်ပယ်အား ထင်ဟပ်စေသည့် Fink ကို စံနည်းလမ်းအဖြစ် အသုံးထားသည်။ ၎င်းသည် ပညာရပ် စာပေများကို ဗဟိုပြုသောကြောင့် ဥပဒေပညာရပ်တွင်လည်း လျော်ညီအောင် ပြုနိုင်သည့် စံနမူနာအဖြစ် တွေ့မြင်နိုင်သည်။ အောက်တွင်ဖော်ပြထားသော အချက်များသည် ဥပဒေ သုတေသနအတွက် အကောင်းဆုံး ချဉ်းကပ်မှု မဟုတ်သော်လည်း ဥပဒေအတွင်း သုတေသန ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်မှု၏ အစပြုမှုအနေဖြင့် ရှုမြင်နိုင်သည်။ မေးမြန်ရမည့် မေးခွန်းတစ်ခုမှာ ဤသတ်မှတ်ချက်များကို အယူအဆအခြေပြုဥပဒေသုတေသနတွင် မည်ကဲ့သို့ အောင်မြင်စွာ အသုံးပြုနိုင်မည်နည်း ဖြစ်သည်။ ဤအဆင့်များ၏ အဓိကအချက် တစ်ချက်ချင်းစီအား လေ့လာ၍ အသုံးပြုပုံကို ထည့်သွင်းစဉ်းစားကြည့်လျှင် အကျိုးရှိပါသည်။ အထူးပြု လေ့လာရန်မှာ ပထမအချက် (၅) ချက် ဖြစ်သည်။ ဥပဒေသုတေသန နယ်ပယ်တွင် ဤအချက် (၅)ချက်သည် ပြည့်စုံသည့်ချဉ်းကပ်မှု နည်းလမ်း၏ အခြေခံအုတ်မြစ် ဖြစ်နိုင်ပါသည်။ နောက်ဆုံးအချက် (၂) ချက်မှာ ပညာရပ်ဆိုင်ရာ စာပေကို ပြန်လှန်ချိတ်ဆက်ခြင်းနှင့် အယူအဆအခြေပြု သုတေသနတွင် အကျုံးမဝင်သည့် လက်တွေ့ကွင်းဆင်း လေ့လာမှု သုတေသနရလဒ်များကို နှိုင်းယှဉ်ကာ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာခြင်း ဖြစ်သောကြောင့် ဥပဒေနှင့် သက်ဆိုင်မှု သိပ်မရှိပါ။

## သတ်မှတ်ချက် ၁ - သုတေသနမေးခွန်းရွေးချယ်ခြင်း

အယူအဆအခြေပြုသုတေသနအတွက် မေးခွန်းသည် အခြေအနေတရပ်တွင် အသုံးပြုနိုင်သည့် ဥပဒေထံမှ ပေါ်ပေါက်လာနိုင်သည်။ မူဝါဒဆိုင်ရာသုတေသနကဲ့သို့ မဟုတ်ဘဲ အကဲဖြတ်ရမည့် သိသာသောတန်ဖိုးမရှိပါ။ တည်ရှိပြီးသော ယူဆချက်မှာ ထိုနေရာတွင် တွေ့ရှိနိုင်သည့် ဥပဒေ ရှိသည်ဟူ၍ဖြစ်သည်။ သို့သော် သုတေသနနည်းလမ်းသည် ရွေးချယ်ကျင့်သုံးမည့် ဖြစ်နိုင်ခြေကို ပြီးမြောက်ရန် ရည်ရွယ်သည်။ Manderson နှင့် Mohr[၂၉] တို့က သတိပေးထားသည်မှာ ဥပဒေ လေ့ကျင့်သင်ကြားခြင်း၏ ပင်ကိုယ်သဘောသဘာဝသည် ပညာရှင်အနေဖြင့် သုတေသန လုပ်ဆောင်ရန် မဟုတ်ဘဲ ရှေ့နေအဖြစ် သုတေသနလုပ်ဆောင်ရန်သာဖြစ်သည်။ တွေ့ရှိထားသည့် အရင်းအမြစ်များတွင် ကျိုးကြောင်းဆင်ခြင်မှုပြုခြင်းကို အသုံးပြုခဲ့ခြင်းမှ ဥပဒေက ဖြစ်ပေါ် လာသည် ဆိုသည့်အချက်ကိုလည်း အသိအမှတ်ပြုရန် အရေးပါသည်။

## သတ်မှတ်ချက်၂ - ကိုးကားချက်(သို့) စာတမ်းအချက်အလက်စာရင်းပြုစု ရွေးချယ်ခြင်း

အယူအဆအခြေပြု သုတေသနအတွက် ဤအချက်သည် အရေးကြီးဆုံးသော ခြေလှမ်းဖြစ်သည်။ အယူအဆသဘောတရား ဥပဒေသည် အခွင့်အာဏာနှင့် ထက်အောက်စဉ်အပေါ်တွင် အခြေပြု ထားသည်။ ရည်ရွယ်ချက်မှာ ဥပဒေကဘာလဲဆိုသည့် မည်သည့်ဖော်ပြချက်မဆို ပြဋ္ဌာန်းဥပဒေ သို့မဟုတ် စီရင်ထုံးဥပဒေဖြစ်သည့် မူလအခွင့်အာဏာအပေါ် အမြဲတမ်း အခြေခံရန်ဖြစ်သည်။ ဂျာနယ်သုတေသနများ သို့မဟုတ် ပြဋ္ဌာန်း စာအုပ်များကဲ့သို့သော ဒုတိယ အရင်းအမြစ်များသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အထောက်အကူပြု အသုံးဝင်သော်လည်း မူလ အရင်းအမြစ်များကို အစားထိုး၍မရပါ။

ရှေ့နေအနေဖြင့်ဆိုသည်ထက် ပညာရှင်အနေဖြင့် သုတေသနပြုရန် ရည်မှန်းထားရာ ဖြစ်သည့် အယူအဆအခြေပြုသုတေသနတွင် သုတေသနနည်းစနစ်သည် စေ့စပ်သေချာမှု၊ စနစ်ကျနမှု၊ မှန်ကန်ကြောင်းထင်ရှားပြနိုင်မှုနှင့် ပြန်လည်ဖော်ထုတ်နိုင်မှုတို့ ရှိသင့်ပါသည်။ ရှာဖွေမှု သဘောသဘာဝအပေါ်မူတည်၍ ချဉ်းကပ်မှုနည်းလမ်းများစွာရှိသည်။ အောက်ပါ စာရင်းထဲ၌ သုတေသနပြုရာတွင် အသုံးပြုရမည့်ကိရိယာနှင့် ၎င်းတို့၏ အသုံးဝင်ပုံ သုံးသပ်ထားချက်များ ပါရှိပါသည်။ ဤအခန်းသည် အရင်းအမြစ်များ အသုံးပြုနည်းကို မဖော်ပြထားသော်လည်း အဘယ်ကြောင့် အသုံးပြုသင့်ကြောင်း၊ ၎င်းတို့၏တန်ဖိုးနှင့် သုတေသနနည်းစနစ်၏ မည်သည့် နေရာတွင် ကိုက်ညီကြောင်းကို ရှင်းပြမည်။

### *စွယ်စုံကျမ်း စာအုပ်များ*

သုတေသနမေးခွန်းသည် အခြေအနေတစ်ရပ်ရပ်တွင် အသုံးချနိုင်သော ဥပဒေနှင့် ပတ်သက် သည့်အခါ စွယ်စုံကျမ်းစာအုပ်များက အစပြုမှုဖြစ်နိုင်ပါသည်။ ‘စွယ်စုံကျမ်း စာအုပ်များ’ ဟူသော

စကားရပ်တွင် ဥပဒေစွယ်စုံကျမ်းသာမက စီရင်ပိုင်ခွင့်နယ်ပယ်တစ်ခုရှိ ဥပဒေများပါဝင်ရန် ကြိုးပမ်းထားသည့် ရည်ညွှန်းကိုးကားချက် ပုံနှိပ်စာဆောင်များလည်း ပါဝင်သည်။ သို့မှသာ ဆွေးနွေးချက်များက စာအုပ်အစုံပါဝင်မည်။

## *ဥပဒေစွယ်စုံကျမ်း*

အထင်ရှားဆုံးသောအင်္ဂလိပ်ရိုးရာဥပဒေစွယ်စုံကျမ်းမှာ *Halsbury's Laws of England* ဖြစ်ပါသည်။ ၎င်းကို LexisNexis က ဗြိတိသျှနိုင်ငံတွင် ထုတ်ဝေထားပါသည်။ သုတေသန နည်းစနစ်သဘောသဘာဝအရ ၎င်း၏ အခြေခံသဘောတရားကို သဘောပေါက်ရန်မှာ မုချ လိုအပ် ပါသည်။ ၎င်းကို အစီအစဉ်လိုက်တင်ပြချက်ရေးသားမှုပုံစံဖြင့် ရေးသားထားသည်။ ဆိုလိုသည်မှာ ၎င်းတွင် ဥပဒေ တင်ပြချက်များ သို့မဟုတ် ဖော်ပြချက်များ အတွဲလိုက်ဖြင့် ဖွဲ့စည်းထားပြီး ဖော်ပြ ချက်တိုင်းကို ပြဋ္ဌာန်းဥပဒေ သို့မဟုတ် စီရင်ထုံးဥပဒေဖြစ်သည့် မူလ အခွင့်အာဏာဖြင့် ထောက်ခံ ပေးထားသည်။ *Halsbury*က ဥပဒေ၏ သမိုင်းကိုကြည့်ရန် ကြိုးပမ်းမည်မဟုတ် သို့မဟုတ် ၎င်း၏ လူမှုရေးနောက်ခံအကြောင်းတရားကို ဆန်းစစ်မည် မဟုတ်သလို ဥပဒေနှင့် ပတ်သက်သော ထင်မြင်ချက်များကိုလည်း ဖော်ပြမည်မဟုတ်ပါ။ အကယ်၍ ဥပဒေအခြေခံမှုတစ်ရပ်ကို မူလ အခွင့်အာဏာက မထောက်ခံထားပါက ထိုအခြေခံမှုသည် ပေါ်ထွက်မလာနိုင်ပါ။ အခွင့်အာဏာ အပေါ် မှီတည်သော ပညာရပ်နယ်ပယ်အတွင်းရှိ အချက်အလက် အရင်းအမြစ်ကို ရွေးချယ်ရာတွင် *Halsbury*သည် အသုံးဝင်သော အစပြုမှုဖြစ်ပါသည်။ *Halsbury*ကို တရားရုံးတွင် ကိုးကားနေကျ ဖြစ်သော်လည်း ၎င်းသည် ပင်ကိုယ်အရ ဥပဒေအရင်းအမြစ် မဟုတ်ပါ။ အခွင့်အာဏာကို ရှာဖွေရန်အတွက် ယင်းကို အသုံးပြု၍ နောက်တစ်ဆင့်၌ မူလဥပဒေ အရင်းအမြစ်တွင် မဖြစ်မနေ အချက်အလက် ရှာဖွေရပေမည်။

အခြားနိုင်ငံများတွင်လည်း အလားတူအသုံးပြုနိုင်သော *Halsbury* ပုံစံ စွယ်စုံကျမ်းများ ရှိပါသည်။ ပြည်တွင်း LexisNexis ကုမ္ပဏီများက လက်ရှိထုတ်ဝေထားသည်မှာ *The Laws of Scotland: Stair Memorial Encyclopaedia, Halsbury's Laws of Australia, Halsbury's Laws of Hong Kong, Halsbury's Laws of India, Halsbury's Laws of New Zealand*တို့ဖြစ်ပါသည်။ ဩစတေးလျနိုင်ငံတွင် Westlaw ကထုတ်ဝေထားသော *Australia Legal Encyclopaedia* ရှိသည်။ အစီအစဉ်လိုက် တင်ပြချက်ရေးသားမှုပုံစံဖြင့် ရေးသားရန် ရည်ရွယ် ထားသော်လည်း *Halsbury* ကဲ့သို့ နယ်ပယ်စုံမှ အကြောင်းအရာအားလုံးကို မလွှမ်းခြုံနိုင်ပါ။ အစီအစဉ် လိုက်တင်ပြချက် ရေးသားမှုပုံစံဟု ခေါ်ဆိုရသော ရေးသားမှုသည်လည်း အဆင့်တူပညာရပ် နယ်ပယ်ရှိ *Halsbury* ကဲ့သို့ အသုံးမပြုထားပါ။

အမေရိကန်ပြည်ထောင်စုတွင် ပြည့်စုံလက်ခံပြီးဖြစ်သောဥပဒေနှင့် စီရင်ထုံးဥပဒေ (Black Letter Law) နှင့် အပြိုင်ဖြစ်သည်မှာ Westlaw ကထုတ်ဝေထားသော *American*

*Jurisprudence* နှင့် *Corpus Juris Secundum: Complete Restatement of the Entire American Law as developed by All Reported Cases* တို့ဖြစ်သည်။ ပုံစံတူသည့် အချို့ ပြည်နယ်အခြေပြု ဥပဒေသိပ္ပံပညာ (*Jurisprudence*) စာအုပ်များလည်းရှိပါသေးသည်။

ပြည့်စုံလက်ခံပြီး ဖြစ်သောဥပဒေနှင့် စီရင်ထုံးဥပဒေ၏ တင်းကျပ်သော ချဉ်းကပ်နည်းဖြင့် ဥပဒေကိုချဉ်းကပ်သကဲ့သို့ *Halsbury* ကို စံနူန်းသီးသန့်သာ ဖြစ်သည့်အတွက် ဥပဒေသုတေသန၏ သွင်ပြင်လက္ခဏာ သင်္ကေတအဖြစ် တွေ့မြင်နိုင်ပါသည်။ ၎င်းသည် ဥပဒေကိုဖော်ပြရန် ထုံးပုံကျ သို့မဟုတ် သိပ္ပံနည်းကျချဉ်းကပ်နည်းကို ကိုယ်စားပြုသည်။ အစဉ်အလာအတိုင်း ဖြစ်သော ဥပဒေ စွယ်စုံကျမ်းသည် ဥပဒေကို ဓမ္မဓိဋ္ဌာန်ကျသောချဉ်းကပ်နည်းဖြစ်သည်ဟု ယူဆရန် အမှားတစ်ခု ဖြစ်နိုင်ပါသေးသည်။ ဥပဒေစွယ်စုံကျမ်းအား ဝေဖန်ခံရနိုင်သော အချက် နှစ်ချက်ရှိသည်။ တစ်ခုမှာ ၎င်း၏ ပြည့်စုံလက်ခံပြီးဖြစ်သော ဥပဒေနှင့် စီရင်ထုံးဥပဒေပုံစံ တင်းကျပ်သည့် ချဉ်းကပ်နည်းမှ ဆင်းသက်လာသည်ဟု ဂုဏ်သတင်းရှိသော်လည်း ဥပဒေကိုကိုယ်စားပြုမည့်အမှုများကို ရွေးချယ် ရာ၌ အာဏာပိုင်များက ပါဝင်ပတ်သက်မှု ရှိနေသေးသည်။ ထို့ပြင် ဥပဒေကို ပြည့်စုံလက်ခံပြီး ဖြစ်သည့်ဥပဒေနှင့် စီရင်ထုံးဥပဒေအနေဖြင့်သာ ရှုမြင်ရန်မသင့်။ ဥပဒေအသုံးချပုံနည်းလမ်းကို မူဝါဒက အဆုံးအဖြတ် ပေးနိုင်သည်။

မည်သို့ပင်ဖြစ်စေ အယူအဆအခြေပြုနည်းစနစ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဤစာအုပ်များသည် အသုံးဝင်သော အစပြုမှုဖြစ်သည်။ ၎င်းတို့တွင် ရှည်လျားသော အစဉ်အလာ နှင့် တည်တံ့သော ထုတ်ဝေမှုသမိုင်းကြောင်းရှိပြီး ဥပဒေစာကြည့်တိုက်ကြီးများတွင် အွန်လိုင်း သို့မဟုတ် စာအုပ်အနေဖြင့် ရယူဖတ်ရှုနိုင်သည်။ ဤဥပဒေစွယ်စုံကျမ်းများကို အခြေခံအဖြစ် အသုံးပြုသော မည်သည့်သုတေသနမဆို သုတေသတစ်နည်းလမ်း၏ ယုံကြည်စိတ်ချရသော၊ ပြန်လည်ကူးယူ နိုင်သောအဆင့်အနေဖြင့် ရှုမြင်နိုင်သည်။

## *စီရင်ထုံးပေါင်းချုပ်*

ဥပဒေစွယ်စုံကျမ်း၏ အခြားအရင်းအမြစ်တွင် စီရင်ထုံးပေါင်းချုပ်များလည်း ပါဝင်သည်။ ဤစာအုပ် များသည် ဥပဒေနယ်ပယ်ကို ခြုံငုံဖော်ပြထားခြင်းမရှိဘဲ အမှုအကြောင်းခြင်းရာနှင့် စီရင်ချက်များ ကိုသာ အကျဉ်းချုပ်ဖော်ပြထားသည်။ ထို့ပြင် ၎င်းတို့အား ဥပဒေခေါင်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် အမျိုးအစားခွဲခြားထားပုံအတိုင်း သို့မဟုတ် ဥပဒေအမျိုးအစားခွဲခြားသည့် နည်းစနစ်အတိုင်း အမျိုး အစားခွဲခြား သတ်မှတ်ထားသည်။ ဤစာအုပ်များက ဥပဒေနယ်ပယ်၏ သိနားလည်မှုကို သုတေသန ပြုထားသည်ဟု ယူဆသည်။ မျှော်မှန်းထားချက်မှာ သုတေသီက သုတေသနပြုရန် လိုအပ်သည့် ခေါင်းစဉ်တစ်ခု၏ အနည်းငယ်ထူးခြားနေသော အခြေအနေကို သိနေသည့်အခါ ဥပဒေအား မည်သို့ အသုံးချရမည်ကိုသိမြင်ရန်အတွက် သက်ဆိုင်သောဥပဒေ သို့မဟုတ် အလားတူ အကြောင်းခြင်းရာတို့ကို တွေ့ရှိစေရန် အမှုများမှ တဆင့်ကြည့်ရန် လိုအပ်ပါသည်။

ဗြိတိသျှနိုင်ငံတွင် အဓိကစာအုပ်မှာ *The Digest* ဖြစ်ပြီး ယခင်အချိန်၌ *English and Empire Digest* ဟု သိကြကာ LexisNexis Butterworths မှ ထုတ်ဝေထားသည်။ အင်္ဂလိပ် အမှုများ၏ စီရင်ချက်များသာမက အခြားဗြိတိသျှဓနသဟာယနိုင်ငံများနှင့် ဥရောပနိုင်ငံများမှ အရေးကြီးသည့် အမှုစီရင်ချက်များလည်းပါရှိသည်။

ဩစတေးလျနိုင်ငံတွင် *The Digest* ကဲ့သို့ပြုစုရေးဆွဲထားသော *First Point* ကို Westlaw မှ ပုံနှိပ်ထုတ်ဝေထားသည်။ ဩစတေးလျနိုင်ငံ တစ်နိုင်ငံတည်း၏ အမှုစီရင်ထုံးပေါင်းချုပ် ဖြစ်သော်လည်း ဩစတေးလျနိုင်ငံ ပြည်နယ်များနှင့် ဒေသအားလုံးအပြင် ပြည်ထောင်စု တရားစီရင်ပိုင်ခွင့်ရှိ အမှုအားလုံး ပါဝင်သည်။ *The Digest* နှင့် မတူသည်မှာ *First Point* သည် စာအုပ်တွင် ပါရှိသောအကြောင်းအရာများကို လက်ရှိသတိပြုရမည့်ဝန်ဆောင်မှု၊ အမှုအညွှန်းတို့ဖြင့် ပေါင်းစပ်စုစည်းထားခြင်းဖြစ်သည်။

ကနေဒါနိုင်ငံရှိ ဥပဒေစွယ်စုံကျမ်းစာအုပ်သည် Westlaw Canada တွင် ရနိုင်သော *Canadian Encyclopedic Digest* ဖြစ်သည်။

အစတွင် ဥပဒေစွယ်စုံကျမ်းသည် ဥပဒေနယ်ပယ်တစ်ခုကို အမှုစာရင်းအား စပ်ဆိုင်သော ပြဋ္ဌာန်းဥပဒေနှင့်အတူ ခြုံငုံသုံးသပ်ပေးရန်ဖြစ်သည်။ သို့ရာတွင် စီရင်ထုံးပေါင်းချုပ် (*Digest*) သည် သုတေသန လုပ်ဆောင်နေသည့် အကြောင်းအရာနယ်ပယ်အောက်တွင် စေ့စပ်သေချာစွာ ခွဲခြားထားသည့် တရားရေးဆိုင်ရာ အခွင့်အာဏာများကို ဖော်ပြပေးသည်။ ရှေ့နေတစ်ဦးက အငြင်းပွားလျက်ရှိသော အခြေအနေကို ထောက်ခံပေးမည့် စီရင်ချက်ကိုသာ ရွေးချယ်ပေလိမ့်မည်။ ပညာရပ်ဆိုင်ရာ သုတေသီအနေဖြင့် စီရင်ချက်အားလုံးကို ထည့်သွင်းစဉ်းစားရမည်။ ဤသည်မှာ သုတေသန၏ နောက်ဆုံးအဆင့်လည်း မဟုတ်ပါ။ စီရင်ထုံးဥပဒေနှင့် ပြဋ္ဌာန်းဥပဒေတို့ကို အများလက်ခံမှုနှင့် နောင်လာမည့် တရားရုံးသုံးသပ်ချက်များအတွက် စစ်ဆေးကြည့်ရန် လိုအပ်သည်။

### *အမှုအညွှန်းများ*

အမှုတစ်မှုအတွက် မှန်ကန်သည့် ကိုးကားမှု သို့မဟုတ် ပြိုင်တူကိုးကားမှုများကို ရှာဖွေရန်အတွက် အမှုအညွှန်းများကို အသုံးအများဆုံးဖြစ်သည်။ သို့သော် ၎င်းတို့၏ အဓိက ရည်ရွယ်ချက်သည် သုတေသီကို အမှုအခြေအနေနှင့် ယင်းအမှုထဲတွင်ဖော်ပြထားသောဥပဒေမူသဘောတရားများအား အခြားသောအမှုများ၌ ဆွေးနွေးထားချက်များဖြင့် စစ်ဆေး ကြည့်ရှုနိုင်ရန် ဖြစ်သည်။

အမှုအခြေအနေ စစ်ဆေးကြည့်ခြင်းဆိုသည်မှာ ဥပဒေကောင်းတစ်ခု ဟုတ်၊ မဟုတ် သိမြင်ရန် အမှု၏ နောက်ဆက်တွဲ ကိုင်တွယ်မှုအခြေအနေအား ခြေရာခံခြင်းပင်ဖြစ်သည်။ အမှု၏ ထူးခြားချက်ကိုဖော်ပြရန် သုံးသည့် မှတ်ချက်များအကြား ရှင်းလင်းကွဲပြားအောင် ပြုခြင်းဟုလည်း

ဆိုလိုသည်။ ဥပမာအားဖြင့် ‘လိုက်နာခဲ့သည်’၊ ‘အသုံးပြုခဲ့သည်’ နှင့် ‘ခွဲထုတ်ထားခဲ့သည်’ ဆိုသည့် မှတ်ချက်ပြု စကားရပ်များအကြား ရှင်းလင်းကွဲပြားအောင် ပြုခြင်းဖြစ်သည်။ အကယ်၍ အမှုတစ်ခုကို လိုက်နာခြင်းပြုပါက နောက်အမှုတွင်လည်း အလားတူ အကြောင်းခြင်းရာများ ပါရှိမည်ဟု မျှော်မှန်းထားခြင်းဖြစ်သည်။ အကယ်၍ အမှုတစ်ခုကိုအသုံးပြုခဲ့ပါက ဥပဒေမူသဘောတရားကို မတူညီသည့် အကြောင်းခြင်းရာ အခြေအနေများအပေါ် မှီတည်လျက် ကိုးကားမည်ဖြစ်သည်။ သိသာထင်ရှားသည်မှာ အမှုတစ်ခုမှဖြစ်လာသည့် ဥပဒေအား နောက်အမှုများက လိုက်နာရုံမျှ မဟုတ်ဘဲ အသုံးပြုခြင်းခံရပါက ပို၍အခြေခံကျ၍ အရေးပါသည့် ဥပဒေမူသဘောတရားကို ကိုယ်စားပြုလိမ့်မည်။ အကယ်၍ အမှုတစ်ခုကို နောက်အမှုတွင် အသုံးမပြုဘဲ ခွဲခြားထားပါက ဖြစ်နိုင်သော အဓိပ္ပာယ်နှစ်မျိုးမှာ အမှုသည် လုံးဝ စပ်ဆိုင်မှုမရှိခြင်း သို့မဟုတ် မှီတည် ကိုးကားခဲ့သော ဥပဒေမူသဘောတရားက ဘောင်ကျဉ်းမြောင်း၍ မူလအမှု၏ အခြေအနေများ အတွက်သာ ကန့်သတ်ထားသင့်ခြင်းကြောင့် ဖြစ်သည်။

မှတ်သားရမည်မှာ အမျိုးအစားခွဲခြားသတ်မှတ်ခြင်း လုပ်ငန်းစဉ်သည် ပုဂ္ဂလိကဆန်သည့် တည်းဖြတ်မှုအစိတ်အပိုင်းတစ်ရပ် ပါဝင်ပတ်သက်နိုင်ပါသည်။ ဥပဒေထံသို့ နည်းလမ်းတကျ ချဉ်းကပ်မည့် ယူဆချက်အား ထောက်ခံရန် ထိုအမျိုးအစားခွဲခြား သတ်မှတ်ခြင်းကို အားကိုးအားထားပြုနိုင်သည်။ သို့ရာတွင် မတူညီသောအကဲဖြတ်ချက်များတွင် အမှုတစ်ခုတည်း၌ ပါဝင်နေသော အားပြိုင်နေသည့် အမှုအညွှန်းများကို နှိုင်းယှဉ်မှုပြုခြင်းမျိုး ဖြစ်လာနိုင်သည်။ ဤမှတ်ချက်ကိုပြုရခြင်းမှာ ဥပဒေ၏စွမ်းအားကို အထူးအလေးပေးရန် ဖြစ်သည်။

အယူအဆအခြေပြုသုတေသနသည် စိစစ်အတည်ပြုနိုင်သော စည်းမျဉ်းများကို ဓမ္မဓိဋ္ဌာန်ကျကျ သတ်မှတ်ရန်သက်သက်မျှသာ မဟုတ်ပါ။ ၎င်းသည် နည်းလမ်းတကျ ချဉ်းကပ်သည့် ယူဆချက်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ စွယ်စုံကျမ်း၌ ရှာဖွေထားသော အမှုများကို စစ်ဆေးကြည့်ရှုရန် အမှုအညွှန်းကို အသုံးပြုခြင်းသည် သုတေသီက အမှီပြုလိုသည့် အမှု၏ စီရင်ဆုံးဖြတ်ချက် တန်ဖိုးကိုဆုံးဖြတ်ရန် မရှိမဖြစ် အရေးပါသည်။

ဩစတေးလျအမှုများအတွက် အွန်လိုင်းမှရနိုင်သော အမှုအညွှန်းများမှာ *Case Base*, *First Point* (*Australia Digests* နှင့် *the Australia Case Citator* တို့ကို ပေါင်းစပ် ထားသောရလဒ်)နှင့် Westlaw တွင်ရနိုင်သော *Keycite* တို့ဖြစ်သည်။ AustLII တွင်လည်း LawCite ရှိသည်။ အမှုများကို ပြန်လှန်ကိုးကား ရည်ညွှန်းထားချက်များ ပါဝင်သည့် အလုံးစုံ အလိုအလျောက်ဖြစ်သော အချက်အလက်စာရင်းစု (database) ဖြစ်သည်။ အခြားစီးပွားဖြစ် ထုတ်ဝေသော အမှုအညွှန်းများနှင့် မတူသည်မှာ ၎င်းတွင်တည်းဖြတ်သူ၏ ကြားဝင်စွက်ဖက်မှု မရှိပါ။ အမှု၏အရေးပါမှုကို အမှုတွင် ပါဝင်သည့် ဥပဒေ၏အရေးပါမှုအစား အမှုကို အကြိမ်မည်မျှ ကိုးကားမှုပြုခံရခြင်းဖြင့် ဆုံးဖြတ်သည်။

*Keycite* တွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိသျှ၊ ကနေဒါနှင့် ဟောင်ကောင်မှ အမှုများ ပါဝင်သည်။ *CaseBase* သည် ဩစတေးလျစီရင်ချက်များတွင် အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိသျှတို့၏ စံနမူနာအမှု စီရင်ချက်များကို ကိုးကားထားသည့်အခါ ရည်ညွှန်းသည်။

အမေရိကန်ပြည်ထောင်စု အမှုများအတွက် *Shepard's* ကို Lexis.com တွင် ရယူကြည့်ရှုနိုင်ပြီး *Keycite* ကို Westlaw တွင်ရယူကြည့်ရှုနိုင်သည်။

ရှေ့နေတစ်ဦးသည် အဆိုပြုချက်ကို ထောက်ခံမည့် အခွင့်အာဏာအား ရှာဖွေရန် အမှုအညွှန်းကို အသုံးပြုမည်ဖြစ်သည်။ ပညာရပ်ဆိုင်ရာ ပညာရှင်တစ်ဦးသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုတိုင်း သို့မဟုတ် ဥပဒေအသုံးပြုမှုတိုင်းကို အကျေအလည် ပုံဖော်ဆွေးနွေးထားချက်အား သေချာစေရန် အမှုအညွှန်းကို အသုံးပြုသင့်သည်။

အမှုတွင် ဆွေးနွေးထားသော ဥပဒေပြဿနာကို အတိုချုပ်ဖော်ပြမှုအနေဖြင့် အမှုအညွှန်းကို ကြည့်ရှုမည်ဆိုပါကလည်း အသုံးဝင်နိုင်သည်။ အမှုအညွှန်းကို အသုံးပြု၍ စံနမူနာပြ အမှုတစ်ခု ရှာဖွေခြင်းက အလားတူ ပြဿနာများပါရှိသော အမှုများကိုပါ ရှာတွေ့လိမ့်မည်။[၃၀] အဓိက စကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေနည်း (Boolean Search) ဖြင့် ရှာဖွေခြင်းမျိုးထက် ပို၍ထိရောက်သော ချဉ်းကပ်နည်းဖြစ်နိုင်ပါသည်။ အောက်တွင် ဖော်ပြထားသည့် ကန့်သတ်မဲ့ စကားလုံး အချက်အလက် ရှာဖွေမှု ဆွေးနွေးချက်များကို နမူနာ အဖြစ်ကြည့်ပါ။

## *ပြဋ္ဌာန်းဥပဒေများ*

နယ်ပယ်တစ်ခုကို ပြဋ္ဌာန်းဥပဒေက လွှမ်းမိုးနေသည့်အခါ သက်ဆိုင်ရာအရင်းအမြစ် ရှာဖွေခြင်း သည် ယေဘုယျအားဖြင့် လွယ်ကူရှင်းလင်းပါသည်။ သို့ရာတွင် အများလက်ခံမှုနှင့် တရားရေး ဆိုင်ရာ သုံးသပ်ချက်ကို စစ်ဆေးကြည့်ရှုရန် မရှိမဖြစ်လိုအပ်သည်။ အများလက်ခံမှုကို စစ်ဆေး ကြည့်ရှုခြင်းသည် ပုံမှန်လုပ်ထုံးလုပ်နည်းဖြစ်သည်။ ပြဋ္ဌာန်းဥပဒေတစ်ခု သို့မဟုတ် ပုဒ်မတစ်ခုကို တရားရေးဆိုင်ရာ သုံးသပ်ချက် ရှိမရှိ စစ်ဆေးကြည့်ရှုခြင်းက အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် အသုံးပြုခြင်း တို့နှင့်ပတ်သက်၍ ကိုယ်ပိုင်ယူဆချက်က လမ်းလွဲတင်ပြမှုမဖြစ်စေရန် ဖြစ်သည်။ ပြဋ္ဌာန်းဥပဒေပြုလုပ်ခဲ့သည့် နောက်ခံအကြောင်းအရာကို စစ်ဆေး ကြည့်ရှုခြင်းကလည်း အသုံးဝင်နိုင်သည်။ ဥပမာအားဖြင့် သက်ဆိုင်ရာပါလီမန်၌ ဆွေးနွေးငြင်းခုံမှုနှင့် အထူးသဖြင့် ဥပဒေ မူကြမ်း ဒုတိယ အကြိမ်ဖတ်ကြားခြင်း (Second-reading speeches) တို့ဖြစ်သည်။

## *ပြဋ္ဌာန်းဥပဒေမှတ်ချက်များ*

လုပ်နိုင်သောနည်းလမ်းတစ်ခုမှာ ပြဋ္ဌာန်းဥပဒေမှတ်ချက်တစ်ခုကို အသုံးပြုခြင်းဖြစ်သည်။ ဤစာအုပ်များသည် ဥပဒေပြင်ဆင်မှုများနှင့် ပြောင်းလဲမှုစတင်သည့် နေ့စွဲကို ရှာဖွေ ဖော်ထုတ်ခြင်း

အပါအဝင် ပြဋ္ဌာန်းဥပဒေ၏ အချိန်နှင့်အမျှ ပြောင်းလဲနေမှုများကို ခြေရာခံလိုက်သည်။ ပြဋ္ဌာန်းဥပဒေမှတ်ချက်က တရားရေးဆိုင်ရာသုံးသပ်ချက် ရှိရာနေရာကိုလည်း ညွှန်ပြသည်။ ပြဋ္ဌာန်းဥပဒေမှတ်ချက် အားလုံးနီးပါးက ဥပဒေနှင့် နည်းဥပဒေတို့အား သုံးသပ်ထားသည့် အမှုများကို ယေဘုယျအားဖြင့် စာရင်းပြုစုထားသည့်အပြင် တရားရုံးဆုံးဖြတ်ချက် တွင် သုံးသပ်ခံရသော သီးသန့် ပုဒ်မများကိုလည်း စာရင်းပြုစုထားသည်။

သုတေသီက သက်ဆိုင်ရာဥပဒေ၏ နောက်ဆုံးအခြေအနေကို ရှာဖွေပြီး အသုံးဝင်သည့် အမှုကိုးကားချက်များ ရှာဖွေတွေ့ရှိခဲ့သည်နှင့်တပြိုင်နက် အမှုများတွင်ပါရှိသည့် ပြဿနာများအား နောက်ဆက်တွဲ ကိုင်တွယ်ဖြေရှင်းမှု ရှိမရှိ တွေ့ရှိရန် အမှုအညွှန်းတွင် စစ်ဆေး ကြည့်ရှုသင့်သည်။

ဩစတေးလျနိုင်ငံတွင် LexisNexis နှင့် Westlaw နှစ်ခုစလုံးက ဩစတေးလျ၏ အဓိကကျသော စီရင်ပိုင်ခွင့်နယ်မြေများအတွက် ပြဋ္ဌာန်းဥပဒေမှတ်ချက်ကို ထုတ်ဝေထားသည်။ စီရင်ပိုင်ခွင့်နယ်မြေတိုင်းရှိ အမှုအချက်အလက်စာရင်းစုတွင် ဥပဒေပြဋ္ဌာန်းချက်များကို ရှာဖွေကာ လွယ်ကူစွာ မှတ်ချက်ပေးနိုင်သည်။

အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်ပြည်ထောင်စု၏ ကိုဒ်ဥပဒေနှင့် ပြည်နယ်အများစု၏ ကိုဒ်ဥပဒေတို့အတွက် ပြီးပြည့်စုံသော ပြဋ္ဌာန်းဥပဒေမှတ်ချက်ပုံစံများရှိသည်။ ဥပမာများမှာ *United States Code Service ၊ United States Code Annotated၊ Deering's California Codes Annotated* နှင့် *Lexis Nexis Florida Annotated Statutes* တို့ဖြစ်သည်။

## *ဗြိတိသျှပါလီမန်နေ့စဉ်ထုတ်မှတ်တမ်းအစီရင်ခံစာ*

ပြဋ္ဌာန်းဥပဒေကို စေ့စပ်သေချာစွာ ချဉ်းကပ်ရာတွင် ပြဋ္ဌာန်းဥပဒေကို ဖန်တီးပြုလုပ်ခြင်း၏ အခြေအနေများအား သုတေသနပြုခြင်း ပါဝင်နိုင်သည်။ စီရင်ပိုင်ခွင့်နယ်မြေအချို့တွင် ပုဒ်မတစ်ခု၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ဆုံးဖြတ်ရန် ပံ့ပိုးပေးနိုင်မည့် ပြင်ပအရင်းအမြစ်အပေါ် အားထားစေနိုင်သည့် ပြဋ္ဌာန်းဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု ပြဋ္ဌာန်းချက်များ ပါ ရှိသည်။ ယင်းတွင် ဥပဒေမူကြမ်း ဒုတိယအကြိမ်ဖတ်ကြားခြင်း (Second-readings speeches) ပါရှိနိုင်သည်။[၃၁]

ပြဋ္ဌာန်းဥပဒေကို သုတေသနပြုရာ၌ ၎င်းဥပဒေ၏ ရည်ရွယ်ချက်များ သိရှိနိုင်ရန် အလို့ငှာ သက်ဆိုင်ရာ ပါလီမန်နေ့စဉ်ထုတ်မှတ်တမ်းအစီရင်ခံစာကို ကိုးကားမှုက အသုံးဝင် နိုင်ပါသည်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ပါလီမန်နေ့စဉ်ထုတ်မှတ်တမ်းအစီရင်ခံစာကို တရားဝင် အသုံးပြုနိုင်ခွင့် ရှိမရှိကို အက်ဥပဒေတစ်ခု၏တိကျသော သုံးသပ်မှုရရှိရန် ဥပဒေမူကြမ်း ဒုတိယအကြိမ်ဖတ်ကြားခြင်းက အသုံးဝင်နိုင်ပါသည်။

### *တဆင့်ခံအရင်းအမြစ်များ*

ယခုထိ ပြုလုပ်ပြီးသည့် လေ့လာသုံးသပ်မှုသည် မူလအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုအား ခြေရာခံခြင်း၌သာ အလေးဂရုပြုထားသည်။ အယူအဆအခြေပြု ဥပဒေပြဿနာကို မည်ကဲ့သို့ ဆန်းစစ်လေ့လာရမည်ဟူသည့် ချဉ်းကပ်နည်း ဖွံ့ဖြိုးတိုးတက်ရာတွင် တဆင့်ခံ အရင်းအမြစ် စာရွက်စာတမ်းများကလည်း အရေးပါနိုင်သည်။ ၎င်းတို့က သက်ဆိုင်ရာ နယ်ပယ်တွင် မည်သူက ဦးဆောင်သူများဖြစ်သည်ကို သုတေသီအား သိစေနိုင်ပါသည်။ စေ့စပ်နက်နဲသော အယူအဆ အခြေပြုသုတေသနသည် နယ်ပယ်တစ်ခုအတွင်း ယခင်က လုပ်ဆောင်ခဲ့သည့်အလုပ်ကို အသိအမှတ်ပြုရမည်။ ၎င်းတို့သည် ဥပဒေနှင့် ပတ်သက်သည့် အကြောင်းအရာကို တည်ဆောက်ရာတွင်လည်း အသုံးဝင်သည်။

### *ပြဋ္ဌာန်းစာအုပ်များ*

အယူအဆအခြေပြုသုတေသနနည်းလမ်းတစ်ခုက ပြဋ္ဌာန်းစာအုပ်များနှင့် ချိန်ညှိဆွေးနွေးခြင်း မပြုသေးလျှင် ပြည့်စုံလိမ့်မည်မဟုတ်။ ယင်းတို့သည် အခွင့်အာဏာ မရှိသော်လည်း စာဖတ်သူအား လက်ခံယုံကြည်နိုင်စေသည်။ ၎င်းတို့သည် ဥပဒေနယ်ပယ်တစ်ရပ်ရပ်ရှိ စံပုံစံ ဖော်ပြချက်အဖြစ် မကြာခဏ ကိုယ်စားပြုသည်။[၃၂] ရှည်ရှည်လျားလားရေးသားထားသည့် စာအုပ်များသည် စာရေးသူ ယုံကြည်စိတ်ဝင်စားသည့် ဥပဒေနယ်ပယ်နှင့် ခိုင်မာစွာဆက်စပ်နေပေမည်။ ဥပမာ- *Cross on Evidence, Palmer on Bailment, Nimmer on Copyright, Bowsted on Agency, Chisum on Patents, Wigmore on Evidence, Corbin on Contracts* တို့ဖြစ်သည်။ အမည်သည် နောက်ထပ်ထုတ်ဝေမှု အသစ်များဖြင့် စာရေးသူကို သက်တမ်းရှည်စေမည့် တန်ဖိုးရှိလိမ့်မည်။

### *ကာလအပိုင်းအခြားနှင့် ထုတ်ဝေသောစာစောင်များ/ဂျာနယ်များ*

ယင်းတို့သည် ပညာရပ်ဆိုင်ရာ စာတမ်းများပါဝင်သည့် လစဉ် (သို့မဟုတ်) နှစ်စဉ် ပုံမှန်ထုတ်ဝေသည့် လက်ရာများဖြစ်သည်။။ ဥပမာ- *The Journal of Legal Education သို့မဟုတ် Journal of Contract Law* တို့ဖြစ်သည်။ ကာလအပိုင်းအခြားနှင့် ထုတ်ဝေသော စာစောင်/ဂျာနယ်များသည် ဥပဒေဂျာနယ် သို့မဟုတ် ဥပဒေပြန်လည်သုံးသပ်ချက်စာစောင် ပုံစံမျိုးဖြစ်နိုင်ပါသည်။ ၎င်းတို့နှစ်ခုကို သေချာစွာခွဲခြားရန်လိုအပ်သည်။ ဥပဒေဂျာနယ်ကို ဥပဒေအဖွဲ့အစည်းများ သို့မဟုတ် ရှေ့နေအသင်းတို့ကဲ့သို့ အသက်မွေးဝမ်းကျောင်းဆိုင်ရာအဖွဲ့များက ထုတ်ဝေလေ့ရှိပြီး တည်ဆဲဥပဒေအား လက်တွေ့ အသုံးပြုခြင်းအား အဓိကထားသည့် စာတမ်းအတိုများပါဝင်သည်။ ဥပဒေပြန်လည်သုံးသပ်ချက် စာစောင်ကို တက္ကသိုလ်များက ထုတ်ဝေလေ့ရှိပြီး လက်တွေ့ပိုင်းအစား သီအိုရီကို အဓိကထားသည့် နက်နဲသောစာတမ်းများ ပါဝင်ပြီး ပညာရပ်နယ်ပယ်တူများမှ ပြန်လည်သုံးသပ်ချက် (Peer reviewed) ပါဝင်နိုင်သည်။ အတိအကျ လိုက်နာရမည့် စည်းမျဉ်း

မရှိသည်ကို သတိပြုရမည်ဖြစ်သည်။ 'ဂျာနယ်' နှင့် 'ပြန်လည်သုံးသပ်ချက် စာစောင်' ဟူသော စကားရပ်များကို မတိမကျ သုံးနိုင်သည်။ သို့သော်ငြားလည်း လက်တွေ့နှင့် ကာလအပိုင်းအခြားနှင့် ထုတ်ဝေသည့် ပညာရပ်ဆိုင်ရာ စာစောင်/ဂျာနယ်များအကြား တသမတ်တည်းဖြစ်သည့် ကွဲပြားမှု ရှိသည်။

အယူအဆအခြေပြုသုတေသနအတွက် သုတေသနနည်းလမ်းကို ကြိုတင်ပြင်ဆင်ရာ၌ လက်တွေ့နှင့် ပညာရပ်ပိုင်းဆိုင်ရာ ချဉ်းကပ်နည်းအကြား ရွေးချယ်မှုပြုရန် အရေးကြီးသည်။ အကယ်၍ အယူအဆအခြေပြုသုတေသနသည် အသုံးပြုနိုင်မည့်ဥပဒေ ရှာဖွေခြင်းနှင့်ဆိုင်သည့် မေးခွန်းကိုသာ မေးမြန်းခြင်းဖြစ်လျှင် ဂျာနယ်များကိုသာ သုတေသနပြုခြင်းက လုံလောက်ပါသည်။ သို့ရာတွင် အယူအဆအခြေပြုသုတေသန၏ ရည်ရွယ်ချက်သည် ဥပဒေတွင် တွေ့ရှိသည့် မည်သည့်အချက်ကိုမဆို ဝေဖန်ဆန်းစစ်လိုခြင်းဖြစ်လျှင် ဥပဒေခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာခြင်းအတွက် သီအိုရီဆိုင်ရာအခြေခံအားတည်ဆောက်ရန် ပညာရပ်ဆိုင်ရာဥပဒေ ပြန်လည်သုံးသပ်ချက် စာစောင်များကို သုတေသီက ကြည့်ရှုရန် လိုအပ်ပါသည်။

### *စာတမ်းများရှာဖွေခြင်း*

သုတေသီတစ်ဦးသည် သက်ဆိုင်ရာ စာတမ်းများရှာဖွေရန် LexisNexis ၊ WestLaw သို့မဟုတ် Heinonline ကဲ့သို့သော အွန်လိုင်းဥပဒေသတင်းအချက်အလက်ပေါင်းစုတွင် လွတ်လွတ်လပ်လပ် ရိုက်နှိပ်ရှာဖွေနိုင်သည်။ သို့သော် သုတေသီအား သက်ဆိုင်ရာဝန်ဆောင်မှု၏ ပိုင်ဆိုင်မှုများအရ သော်လည်းကောင်း၊ သုတေသီ၏ အဓိကစကားလုံးနှင့် စကားဆက်သုံး (Boolean) အချက်အလက် ရှာဖွေနိုင်မှုအစွမ်းတို့ကသော်လည်းကောင်း ကန့်သတ်ထားသည် (အောက်တွင် ကြည့်ပါ)။

အွန်လိုင်းရှာဖွေမှုမလုပ်မီ ဥပဒေဂျာနယ်အညွှန်းကို ကိုးကားပါက အသုံးဝင်ပါသည်။ အသုံးဝင်ဆုံး ဥပဒေစာတမ်း၏ ဂျာနယ်အညွှန်းမှာ ထုတ်ဝေသူ H.W Wilson ၏ *Index to Legal Periodicals* ဖြစ်ပြီး အတိုကောက်အားဖြင့် *ILP* ဖြစ်သည်။ ဤစာအုပ်သည် အမေရိကန် ပြည်ထောင်စု၊ ကနေဒါ၊ ဗြိတိသျှ၊ အိုင်ယာလန်၊ ဩစတေးလျနှင့် နယူးဇီလန်တို့မှ ဥပဒေဂျာနယ် များကို အညွှန်းပြုလုပ်ထားသည်။ ဤအညွှန်းတို့သည် သာမန်စာရင်းမဟုတ်ဘဲ ထည့်သွင်းထား သော စာတမ်းတိုင်းကို ဥပဒေအရအရည်အချင်းပြည့်ဝသည့် အညွှန်းပြုစုသူများက ဖတ်ရှု၍ အညွှန်း ပြုလုပ်ထားကြောင်းသဘောပေါက်နားလည်ရန် အရေးကြီးပါသည်။ ဆိုလိုသည်မှာ အညွှန်းရှာဖွေမှု အစပြုခြင်းအားဖြင့် အကြောင်းအရာတစ်ခုချင်းနှင့် ပတ်သက်သည့် ဂျာနယ် စာတမ်းတိုင်းကို ရှာဖွေတွေ့ရှိနိုင်မည်။ *ILP*ကိုအွန်လိုင်း သို့မဟုတ် စာအုပ်ဖြင့်လည်း ရရှိနိုင်သည်။

အခြားသော အညွှန်းများတွင် IAC ကထုတ်ဝေသော အွန်လိုင်းသီးသန့် *Legal Resource Index (or Legal Trac)* နှင့် ဩစတေးလျ၊ နယူးဇီလန် နှင့်ပစိဖိတ်ဒေသတွင်း ကာလ အပိုင်းအခြားနှင့်ထုတ်ဝေသော ဥပဒေစာစောင်/ဂျာနယ်များကို အညွှန်းပြုလုပ်ထားသည့် ဩစတေးလျ အစိုးရ၏ *Attorney General's Information Service (AGIS)* ပါရှိပါသည်။ သို့ဖြစ်ရာ အယူအဆအခြေပြု ဥပဒေ သုတေသနအတွက် အရင်းအမြစ်ရွေးချယ်မှုနှင့်ပတ်သက်၍ ဖြစ်နိုင်သည့်နည်းလမ်းမှာ (၁) ဥပဒေကို ခြုံငုံသုံးသပ်မှုပြုလုပ်ရာတွင် ဥပဒေစွယ်စုံကျမ်းဖြင့် ချိန်ညှိဆွေးနွေးခြင်းနှင့် အခွင့်အာဏာများ၏ ကနဦးစာရင်းကို စုစည်းခြင်း၊ (၂) ထည့်သွင်းပါက အသုံးတည့်မည့် အခြားသော အခွင့်အာဏာရှိ၊ မရှိ သိနိုင်ရန်အတွက် စီရင်ချက်ပေါင်းချုပ်ကို ကိုးကားခြင်း၊ (၃) နောက်ဆုံးအမှုများကို ထပ်ပေါင်းထည့်ရန် လက်ရှိအသိပညာပေး ဝန်ဆောင်မှုနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ (၄) အမှုအညွှန်းကို အကိုးအကားပြုမည့် အခွင့်အာဏာတစ်ရပ်ရပ်၏ အနေအထားအား စစ်ဆေးကြည့်ရှုရန် အသုံးပြုသည့်အပြင် နောက်ထပ်ရှိနိုင်သော အခွင့်အာဏာကို ရှာဖွေဖော်ထုတ်သည့် အနေဖြင့် အသုံးပြုခြင်း (၅) အကယ်၍ ပြဋ္ဌာန်းဥပဒေက ဆက်စပ်နေလျှင် လက်ရှိ အသိပညာမြှင့်တင်ရေးဝန်ဆောင်မှုကို အသုံးပြု၍ အများလက်ခံနိုင်မှုအား ကြည့်ရှုစစ်ဆေးခြင်း၊ ပြဋ္ဌာန်းဥပဒေမှတ်ချက်ကို အသုံးပြု၍ သို့မဟုတ် အွန်လိုင်းရှာဖွေမှုဖြင့်(စာပိုဒ်ထဲတွင် အဓိပ္ပာယ် ရှင်းလင်းမှုမရှိပါက ပါလီမန် အရင်းအမြစ်များက အသုံးဝင်နိုင်သည်) တရားရေးဆိုင်ရာ သုံးသပ်မှုကို စစ်ဆေးကြည့်ရှုခြင်းနှင့် (၆) နယ်ပယ် တစ်ခုအတွင်းရှိ အခြားသောသုတေသီများ၏ ချဉ်းကပ်နည်းများနှင့် နှိုင်းယှဉ်ခြင်းပြုရန် အရေးကြီးသကဲ့သို့ ဥပဒေအတွက် နောက်ခံအကြောင်းအရာ တစ်ခုကို တည်ဆောက်ပေးသည့်အတွက် တဆင့်ခံအရင်းအမြစ်များ၏ စစ်တမ်းကိုကောက်ယူခြင်း စသည်တို့ ဖြစ်သည်။

သုတေသနလုပ်ငန်းတာဝန်များအတွက် ဤအဆင့်များရှိ အကြောင်းအရာ အသေးစိတ်ကို မှတ်တမ်းတင်ထားမှသာ ပြန်လည်ထုတ်ဖော်အသုံးပြုနိုင်မည်။ ဥပဒေသည် ပြောင်းလဲနိုင်သည့်အပြင် ပြဿနာများကိုအရေးယူဆောင်ရွက်မှုက နောက်ပိုင်းတွင်ထွက်ပေါ်လာသည့် ဥပဒေ သို့မဟုတ် ရှင်းလင်းချက်တွင် ဘောင်ဝင်နိုင်သောကြောင့် ရလဒ်များသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည်။ ဤသုတေသနသည် အသုံးပြုနိုင်မည့် စည်းမျဉ်းတစ်ခု၏ ခိုင်မာသည့်ဖော်ပြချက်အဖြစ် ရလဒ်ထွက်ပေါ်လာမည်မဟုတ်ဆိုသည်ကို မှတ်သားရမည်။ စာသားများအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာခြင်း၏ တွေ့ရှိချက်ကိုသာ အခြေပြုသည် မဟုတ်ဘဲ အငြင်းပွားမှု တရပ်ရပ်၏ အကြောင်းခြင်းရာများ သို့မဟုတ် အများလက်ခံသော စည်းမျဉ်း အသုံးပြုနိုင်မည့် လူမှုရေးနောက်ခံ အကြောင်းအရာများအပေါ်လည်း အခြေခံ၍ကောက်ချက်များ ဆွဲနိုင်သည်။

## သတ်မှတ်ချက်၃ - အချက်အလက်ရှာဖွေမှုသုံးစကားရပ်များရွေးချယ်ခြင်း

ဥပဒေသုတေသနသည် အွန်လိုင်းမှရနိုင်သောအချက်အလက်များ၏ ကျယ်ပြန့်သည့် အချက်အလက်စာရင်းစုကို လွယ်ကူစွာ ရယူနိုင်ခြင်းအားဖြင့် ပုံစံပြောင်းသွားသည်။ စာကြည့်တိုက် ပြင်ပအကြောင်းအရာဟူသည့် ကြားခံနည်းလမ်း ပြောင်းလဲခြင်းက ဥပဒေသုတေသန၏ သဘောသဘာဝကို ပြောင်းလဲစေသည်။ ယခုအခါ ဥပဒေသုတေသန၏ ပုံစံအစီအစဉ်ကျမှု အားနည်းခြင်းက အခွင့်အာဏာအပေါ်အလေးထားမှုကို စိန်ခေါ်သည်။

> ကျွန်ုပ်တို့သည် အင်္ဂလိပ်ရိုးရာဥပဒေ၏ စီရင်ထုံးဖတ်ရှုခြင်းမှတဆင့် အလုံးစုံ ရှာဖွေတွေ့ရှိနိုင်သည့် စကြာဝဠာတွင် နေထိုင်သည်မဟုတ်တော့ပါ…မျက်မှောက်ခေတ်တရားရုံးချုပ်အတွက် မူလအပ်နှင်းထားသော အပြီးသတ်အာဏာ ဆိုသည်မှာ မရှိတော့ပါ။ အရင်းအမြစ်တစ်ခုကို ပြောင်းလဲကာပုံစံတမျိုးမျိုးဖြင့် အရင်းအမြစ် များစွာ ဖန်တီးပေးစွမ်းနိုင်သည်…[၂၂]

Fink က အွန်လိုင်းဝန်ဆောင်မှုအသုံးပြုလျှင် အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေနည်း (Boolean search) တည်ဆောက်ပုံ၏ အရေးပါမှုကို အလေးထားသည်။ သို့ရာတွင် အွန်လိုင်းတွင်ရရှိနိုင်သော ဥပဒေဆိုင်ရာစာရွက်စာတမ်းပမာဏ ကြီးမားလွန်းမှုကြောင့် အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေနည်း သို့မဟုတ် စကားလုံးအကန့်အသတ်မဲ့ အချက်အလက်ရှာဖွေနည်းက ရှေ့ဆက်လုပ်ဆောင်ရန် အထိရောက်ဆုံးနည်းလမ်း မဖြစ်နိုင်သည်ကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။[၂၄]

အွန်လိုင်းဝန်ဆောင်မှုများသည် *အင်တာနက်စာမျက်နှာဖတ်ရှုရန်* သို့မဟုတ် *အချက်အလက်ရှာဖွေရန်*အတွက် ပုံစံထုတ်ထားခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်မှုနှင့် ချဉ်းကပ်သင့်သည်။ အင်တာနက်စာမျက်နှာဖတ်ရှုခြင်း ဆိုသည်မှာ အချက်အလက်စာရင်းစု (Database) တည်ဆောက်ပုံ အပေါ်မူတည်၍ အက္ခရာစဉ်လိုက် စီထားသောစာရင်း၊ မာတိကာ၊ နေ့စွဲအလိုက် သို့မဟုတ် အညွှန်းလမ်းကြောင်းအတိုင်း မောက်(စ်)(Mouse)ကို အသုံးပြုကာ စာရွက်စာတမ်းများကို ရှာဖွေခြင်းဖြစ်သည်။ *အချက်အလက်ရှာဖွေခြင်း* ဆိုသည်မှာ အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေနည်းစနစ်ကို အသုံးပြု၍ စာရွက်စာတမ်းများကို ရှာဖွေခြင်းဖြစ်သည်။ အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေ နည်း၏ အားနည်းချက်မှာ ရှာဖွေမှုနှင့် အံဝင်သည့်တွေ့ရှိချက် အလွန်များပြားခြင်း သို့မဟုတ် အံဝင်သည့်တွေ့ရှိချက်က အမှန်တကယ် သက်ဆိုင်ခြင်းရှိ၊ မရှိ သေချာမှုမရှိခြင်း တို့ဖြစ်သည်။

အင်တာနက်စာမျက်နှာဖတ်ရှုခြင်းက သုတေသီအား ပိုမိုစနစ်ကျသော တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သည့်နည်းစနစ်ဖြင့် ရှာဖွေမှုကို ချဉ်းကပ်စေနိုင်သည်။ ဥပမာ ဤအကြောင်းအရာထဲတွင် အညွှန်း၏ အရေးပါမှုကို အလေးထားရန်ပါရှိသည်။ အညွှန်းများသည် အယူအဆပေါ်

အခြေပြုခြင်းနှင့် ထက်အောက်အစဉ်အလိုက် စီစဉ်ထားခြင်းတို့ဖြစ်သည်။ အသုံးပြုသူက ကျယ်ပြန့်သည့် အကြောင်းအရာထဲမှ အထူးပြုအကြောင်းအရာ သို့မဟုတ် ပိုမိုဆက်စပ်မှုရှိသော ပြန်လှန် ရည်ညွှန်းထားသည့်နယ်ပယ်ကို ပိုမိုနက်ရှိုင်းစွာ ရှာဖွေနိုင်သည်။ အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေနည်းသည် အညွှန်းတစ်ခုအတွက် လိုအပ်ချက်မရှိအောင် ပြုလုပ်သည်ဟူသော ယူဆချက်ရှိနိုင်ပါသည်။ သို့သော် ဆန့်ကျင်ဘက်က အမှန်ဖြစ်သည်။ အွန်လိုင်းတွင် ရရှိနိုင်သည့်သတင်းအချက်အလက်က အလွန်အမင်းများလေ အချက်အလက် စာရင်းစုကို မှန်ကန်စွာညွှန်းခြင်းက ပိုအရေးကြီးလေဖြစ်သည်။

အွန်လိုင်းတွင်ရှာဖွေသည့်အခါ အချက်အလက်ပံ့ပိုးသူက အချက်အလက်စာရင်းစုကို အင်တာနက် စာမျက်နှာ ဖတ်ရှုနိုင်သည့်ပုံစံ တည်ဆောက်ထားလျှင် အချက်အလက်ရှာဖွေရန် အတွက် အဓိကစကားလုံးနှင့် စကားဆက်သုံးအချက်အလက်ရှာဖွေနည်းထက် ပိုမိုစေ့စပ် သေချာသော ချဉ်းကပ်နည်းဖြစ်နိုင်ပါသည်။ အကယ်၍ရွေးချယ်စရာမရှိဘဲ အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေနည်းကို အသုံးပြုရကာ အချက်အလက်စာရင်းစုတွင် ရှာဖွေရမည်ဆိုပါက အချက်အလက်ရှာဖွေရာတွင် အသုံးပြုမည့်စကားရပ်အား ဂရုစိုက်ရန် လိုအပ်ပါသည်။ လက်တွေ့ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူနှင့် ကျောင်းသားများကို နှစ်ပေါင်း အတော်များများ ဥပဒေ သင်ကြားပေးခြင်းမှ သိရှိခဲ့ရသည်မှာ အဓိကစကားလုံးနှင့် စကားဆက် သုံး၍ အချက်အလက် အောင်အောင်မြင်မြင်ရှာဖွေနိုင်ခြင်းတွင် ကျွမ်းကျင်မှု အစိတ်အပိုင်း တစ်ရပ် ပါဝင်နေခြင်း ဖြစ်သည်။ ဥပဒေစကားရပ်များ၏ လေးနက်မှု အတိမ်အနက်ကို နားလည် သဘောပေါက်ခြင်းနှင့် အသုံးပြုသူများက ရှာဖွေရန် ခက်ခဲသည့် သို့မဟုတ် နားလည်ရန် မဖြစ်နိုင် သည့် ဥပဒေ စကားရပ်များကြား ယုတ္တိကျကျ ဆက်နွယ်မှု၏ လုပ်ဆောင်မှု တို့အကြားတွင် ဟန်ချက်ညီမှုရှိသည်။ အခြားခက်ခဲသော အခြေအနေတစ်ခုမှာ အဓိကစကားလုံးနှင့် စကားဆက် သုံး အချက်အလက် ရှာဖွေနည်း ကျွမ်းကျင်မှုကို အတွေ့အကြုံဖြင့် တိုးတက်လာစေနိုင်သည် ဆိုသော်လည်း သုတေသီများစွာတို့သည် ကျွမ်းကျင်သူဖြစ်သည်အထိ ဤရှာဖွေနည်းကို အသုံးမပြုကြပေ။

ဂူဂဲလ် (Google) နှင့်ကျွမ်းဝင်သော ပုံမှန်အင်တာနက်အသုံးပြုသူများသည် ၎င်းတို့၏ ဥပဒေ အချက်အလက်စာရင်းစုများတွင် အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက် ရှာဖွေခြင်းက တူညီသည့် အောင်မြင်မှုအဆင့်မျိုး မပေးနိုင်သည်ကို စိတ်ပျက်ကြပေလိမ့်မည်။ ရှာဖွေသည့်စကားရပ်များပေါင်းစပ်ထားခြင်းအရလည်းကောင်း၊ အဆိုပါ စာရွက်စာတမ်းကို ညွှန်ပြ သည့် အခြားအင်တာနက်စာမျက်နှာများအရ လည်းကောင်း ရှာဖွေမှုနှင့်ကိုက်ညီသော စာရင်းကို ပေးခြင်းဖြင့် ဂူဂဲလ်က အလုပ်လုပ် ဆောင်သည်ကို ဂူဂဲလ်အသုံးပြုသူအများစုက သဘော မပေါက်ကြပါ။ ဂူဂဲလ်၏ ရှာဖွေမှုနှင့် ကိုက်ညီသောစာရင်းသည် အပြောင်းအလဲ ရှိနိုင်ပြီး

အင်တာနက်အသိုက်အဝန်းက အရေးကြီးသည်ဟုသတ်မှတ်သော စာမျက်နှာများအတိုင်း သတ်မှတ်သည်။ ဤသည်က မည်သည့်ရှာဖွေမှုမဆို သုတေသီကရှာဖွေနေသော သတင်း အချက်အလက်ကို ကြိုတင်ခန့်မှန်း သိရှိနိုင်သည်။

ဥပဒေသတင်းအချက်အလက်ပံ့ပိုးသူများတွင် ဤကဲ့သို့သော ခေတ်မီဆန်းပြားမှုနှင့် အပြန်အလှန် တုံ့ပြန်မှုမျိုးမရှိပါ။ ရှာဖွေမှုရလဒ်သည် စကားရပ်များအသုံးပြုခြင်းနှင့် သုတေသီက တည်ဆောက်ထားသည့် စကားရပ်များအကြားရှိ ယုတ္တိကျကျဆက်နွယ်မှု အပေါ်တွင်သာ အလုံးစုံ အခြေတည်နေသည်။

ဤသည်ကိုအခြေပြု၍ အသုံးပြုသူအများစုက ‘နှင့်’ (‘AND’) ဆိုသည့် စကားဆက် သို့မဟုတ် ရလဒ်ကောင်းထွက်စေမည့် မရှိမဖြစ် စကားစု အသုံးပြုရှာဖွေမှုထက် ပိုမိုရှုပ်ထွေးသည်မျိုးကို အသုံးပြုမည်မဟုတ်ပါ။ ဤအရာသည် အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေမှု အယူအဆ သင်ခန်းစာအတွက် နေရာတော့မဟုတ်ပါ။ သို့ရာတွင် စနစ်ကျသည့် ဥပဒေသုတေသန အယူအဆနှင့် နီးကပ်မှုရှိသည့် အရိပ်အမြွက်ပင်ဖြစ်သည်။ အင်္ဂလိပ်ရိုးရာ ဥပဒေစနစ် ကျင့်သုံးသောနိုင်ငံများတွင် အမှုအမည်များကို ဥပဒေမူသဘောတရား၏ အနှစ်သာရအရ အတိုချုပ်ဖော်ပြထားကြောင်း တွေ့မြင်နိုင်သည်။ အင်္ဂလိပ်ရိုးရာဥပဒေစနစ်၏ ဥပဒေ အသက်မွေးဝမ်းကျောင်းလောကတွင် အမှုအမည် *Donoghue v. Stevenson* ကို မိတ်ဆက်ရန် သို့မဟုတ် ရှင်းပြရန်မလိုအပ်ပါ။ အခြားစီရင်ပိုင်ခွင့်နယ်မြေများတွင်လည်း ဥပဒေနယ်ပယ် တစ်ခုစီ၌ အလားတူ အမှုမျိုးရှိပါလိမ့်မည် - *Roe v. Wade; Delgamuukw v. British Columbia; Associated Provincial Picture Houses v. Wednesbury; ACLU v. Reno; Waltons v. Maher*. ရှုပ်ရှုပ်ထွေးထွေး တွေးတောခြင်းမရှိဘဲ အခြားစာတမ်းနှင့်အမှုတွင် ကိုးကားထားသည့် အမှုအမည် တစ်ခုသာပါရှိသည့် ရှာဖွေမှုကို တည်ဆောက်နိုင်သည်။ ယင်းသည် အရေးပါသည့် ကိုက်ညီချက်များကို အမှတ်တမဲ့ ဖယ်ထုတ်မိခြင်းမရှိဘဲ ရှာဖွေမှု နယ်ပယ်ကျဉ်းမြောင်းစေနိုင်မည့် အလွန်ထိရောက်သည့် နည်းလမ်း ဖြစ်သည်။

အဓိကကျသည့် စာရေးသူတို့၏အမည်ဖြင့်လည်း အလားတူရှာဖွေမှုပြုနိုင်သည်။ ‘Glanville Williams’ ဟူသော စကားလုံးပါဝင်သောရှာဖွေမှုမှ ဥပဒေပညာရေးဆိုင်ရာ စာရွက်စာတမ်းများ ပြန်လည်ရရှိနိုင်သည်။ ‘Stanley Fish’ ဟူသော စကားလုံး ပါဝင်သော ရှာဖွေမှုမှ ဥပဒေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့နှင့်ဆိုင်သော စာရွက်စာတမ်း ပြန်လည်ရရှိနိုင်သည်။ ဥပဒေသုတေသန အကြောင်းအရာတွင် အဆိုပါရှာဖွေမှုများကို သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ အဓိကကျသည့် အမှုများနှင့် စာရေးသူများဟု အသိအမှတ် ပြုထားကြသည်။ ၎င်းတို့သည် အများက ယုံကြည်လက်ခံနိုင်သော ဥပဒေသုတေသနနည်းစနစ် စတင်တည်ဆောက်ရာတွင် မရှိမဖြစ် အရေးပါသည့်အစိတ်အပိုင်း ဖြစ်သည်။

## သတ်မှတ်ချက် ၄ နှင့် ၅ - လက်တွေ့စိစစ်မှုမှတ်ကျောက်နှင့် သုတေသန နည်းလမ်းဆိုင်ရာ စိစစ်မှုမှတ်ကျောက်အသုံးချခြင်း

ဤသတ်မှတ်ချက်များကို အတူတကွထားရှိရခြင်းမှာ ဥပဒေစာပေကို တမူထူးခြားသည်ဟု ယူဆထားခြင်းကြောင့်ဖြစ်သည်။ သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကိုယ်တိုင် ရွေးချယ်ရခြင်းမှာ ဥပဒေသည် လိုက်နာရမည့် ဦးစားပေးမှုနှင့် ထက်အောက်စဉ်အလိုက် ခွဲခြားထားသောကြောင့် ဖြစ်သည်။ အထက်တရားရုံး၏ စီရင်ချက်ကို အောက်တရားရုံး၏စီရင်ချက်ထက် ပို၍ အလေးပေး ခံရလိမ့်မည်။ သို့ရာတွင် Manderson နှင့် Mohr တို့က သတိပေးထားသကဲ့သို့ ရှေ့နေများသည် ရှေ့နေလိုက်ရန်အတွက် လေ့ကျင့်ခံထားရသူများ ဖြစ်သဖြင့် ပညာရပ်စာပေ သုံးသပ်လေ့လာရန် ရွေးချယ်မှုတွင် အားထုတ်ရပါလိမ့်မည်။[၃၅] အရင်းအမြစ်များစစ်ဆေးခြင်းသည် အရည်အသွေး အပေါ်အခြေပြုသည်ဖြစ်စေ သို့မဟုတ် ဆက်စပ်မှုအပေါ် အခြေပြုသည်ဖြစ်စေ သုတေသီ၏ ဥပဒေဆိုင်ရာ ရပ်တည်ချက်ကို ထောက်ခံပေးခြင်းရှိ၊ မရှိအပေါ်တွင် အခြေခံခြင်းမျိုး မလုပ်သင့်ပါ။

အင်္ဂလိပ်ရိုးရာဥပဒေစနစ်၏ ရှေ့နေများအတွက် စိန်ခေါ်မှုမှာ ဥပဒေနှင့်အကြောင်း ခြင်းရာများကြားရှိ ဆက်နွှယ်မှုဖြစ်သည်။ အမှုအတောအတွင်း ချမှတ်သော ဆုံးဖြတ်ချက် တစ်ခုသည် အငြင်းပွားမှုပေါ်ပေါက်စေသည့် အကြောင်းခြင်းရာဖြစ်သည်။ သုတေသီနှင့် ဆက်စပ်သော ဥပဒေကို သုတေသနလုပ်ဖြစ်စေသည့် အကြောင်းခြင်းရာများ သို့မဟုတ် အခြေအနေများက သတ်မှတ်သည်။ သုတေသီသည် အလားတူ အကြောင်းခြင်းရာနှင့် ဥပဒေအခြေခံမှုများ ပေါင်းစပ်ခြင်းအားဖြင့် ဆောင်ရွက်သည်။[၃၆] ဤလုပ်ငန်းစဉ်ကို အထက်တွင်လည်း ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ ဤနေရာတွင်အသုံးပြုသော ကျိုးကြောင်းဆင်ခြင်မှုသည် စိစစ်ခြင်း၏ အစိတ်အပိုင်းသာ ဖြစ်သည်။

## သတ်မှတ်ချက် ၆ နှင့် ၇ - လေ့လာသုံးသပ်မှုပြုလုပ်ခြင်းနှင့် လေ့လာမှု ရလဒ်ကိုပေါင်းစပ်ခြင်း

အထက်တွင်ဖော်ပြထားသည့်အတိုင်း Fink ၏ စာရင်းထဲမှ ထိုနောက်ဆုံးအဆင့်များကို လူမှုရေး သိပ္ပံ အကြောင်းအရာများတွင် လုပ်ဆောင်သည့် လက်တွေ့သုတေသန၏ ပညာရပ်စာပေ သုံးသပ် လေ့လာခြင်းတွင် အသုံးပြုသည်။ ဥပဒေသုတေသနပညာရပ်စာပေ သုံးသပ်လေ့လာခြင်းသည် ဥပဒေဟုဖော်ပြသည့် မူလအရင်းအမြစ်များ သို့မဟုတ် ဥပဒေကိုခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်သည့် တဆင့်ခံအရင်းအမြစ်များအပေါ် အခြေပြုသည်။ ဥပဒေသုတေသနတွင် စာရွက် စာတမ်းများ လေ့လာသုံးသပ်မှုလုပ်ငန်းစဉ်နှင့် ရလဒ်များပေါင်းစပ်ခြင်းသည် ခြုံငုံဆင်ခြင်ခြင်း လုပ်ငန်းစဉ် တစ်ရပ် ဖြစ်သည်။ အခွင့်အာဏာများကို အကျဉ်းချုပ်ပြီး အသိအမှတ်ပြုဖော်ပြလိမ့်မည်။ ခြုံငုံဖော်ပြထားသည့် မူသဘောတရားသည် စစ်တမ်းကောက်ယူခြင်းမှ ဆင်းသက်လာသည်။

ဤခြုံငုံဆင်ခြင်သော ချဉ်းကပ်နည်းသည် တရားရေးဆိုင်ရာ ကျိုးကြောင်းသင့် ဆင်ခြင်သုံးသပ်မှုပင် ဖြစ်သည်။

ဤအနေအထား၌ သမားရိုးကျ ဥပဒေသုတေသနနှင့် ပိုမိုစေ့စပ် သေချာစနစ်ကျသည့် နည်းစနစ်အခြေပြု ဥပဒေသုတေသနတို့တွင် ယင်းအဆင့်များကို အသုံးပြုခြင်း၏ ခြားနားချက်မှာ သုသေတနရလဒ်က ပိုမိုယုံကြည်စိတ်ချရမှုရှိခြင်းပင်ဖြစ်သည်။

အချုပ်အားဖြင့် ရှေ့တွင် ဖော်ပြထားသည့် စာပိုဒ်များသည် ဥပဒေသုတေသနပြုလုပ်ရန် ပြီးပြည့်စုံသော ချဉ်းကပ်နည်းတစ်ခု ချမှတ်ထားခြင်းဖြစ်သည်။ ထိုချဉ်းကပ်နည်းသည် ဖြစ်နိုင်သမျှ ဆက်စပ် စာရွက်စာတမ်းများအားလုံး ရှာဖွေတွေ့ရှိမှု သေချာစေရန် အဓိကအရင်းအမြစ်များအပေါ် မှီတည်နေသည့် နည်းစနစ်တစ်ရပ်ကို တည်ဆောက်ထားခြင်းဖြစ်သည်။ ဆိုလိုရင်းအချက်တစ်ခုကို သက်သေပြခြင်းအပေါ် အခြေခံ၍ သုတေသနကို ပြုလုပ်ခြင်းမဟုတ်ပေ။ သို့ရာတွင် စာရွက်စာတမ်းဖြင့် မှတ်တမ်းတင်ခြင်းနှင့် မူရင်းမှ ထပ်ဆင့်ပွားလုပ်နိုင်ခြင်းဆိုသည့် စနစ်တကျ ချဉ်းကပ်နည်းတစ်ရပ်ကို အသုံးချခြင်းသာဖြစ်သည်။ လူမှုရေးသိပ္ပံပုံစံကို ဥပဒေသုတေသနတွင် အလုံးစုံ အသုံးပြုနိုင်မည်မဟုတ်ပေ။ အကြောင်းမှာ အရင်းအမြစ် စာရွက်စာတမ်းများက မတူသည့် လမ်းကြောင်းများမှ ဆင်းသက်လာခြင်းကြောင့် ဖြစ်သည်။ သို့သော် စေ့စပ်သေချာမှု၊ ဘက်မလိုက်မှုနှင့် မူပွားနိုင်သော နည်းစနစ်တို့၏ စည်းမျဉ်းများကို အသုံးပြုနိုင်သည်။

အရင်းအမြစ်များဖြစ်သည့်အတွက် အထက်တွင် ဖော်ပြထားသော သာဓကများအား ယင်းတို့၏ တန်ဖိုးကို ပေးစွမ်းရန်အားထုတ်ကြိုးပမ်းမှုနှင့် အသုံးဝင်သည့်စာအုပ်စာပေများအဖြစ် ရိုးရိုးရှင်းရှင်း ရှုမြင်နိုင်သည်။ ထို့အပြင် ထိုသာဓကများကို ဥပဒေသုတေသန၏ မည်သည့်နေရာ၌ သင့်လျော်မည်ကိုလည်း ကြည့်ရှုသင့်သည်။ ၎င်းတို့သည် လုံးဝပြည့်စုံသည့် အသွင်မဆောင်ပါ။ စီရင်ပိုင်ခွင့်တစ်ခုစီအတွက် သက်ဆိုင်ရာအရင်းအမြစ်များအတွက် ပြည့်စုံသည့် သုံးသပ်ချက်နှင့် အသုံးပြုပုံတို့သည် အခြား ထုတ်ဝေမှုများတွင် ပါဝင်သည်။[၃၇]

အယူအဆအခြေပြုသုတေသနကိုကြည့်ရှုရာတွင် အဓိကအချက် နှစ်ချက်တွေ့ရသည်။ ပထမအချက်မှာ ဥပဒေသည် ဓမ္မဓိဋ္ဌာန်ကျကျ သေချာစေနိုင်မည်မဟုတ်ပါ။ ထိုသို့ ရှာဖွေတွေ့နိုင်မည်လည်း မဟုတ်ပါဆိုသည့်အချက်ဖြစ်သည်။ ဒုတိယအချက်မှာ ရှေ့နေများကို ထိရောက်သည့် သုတေသနနည်းလမ်းဖြင့် အသေအချာ လေ့ကျင့်ပေးထားခြင်းမရှိခြင်း ဖြစ်သည်။ အထက်တွင် ဖော်ပြထားသည့်အဆင့်များကို စဉ်းစားရာတွင် အခြေခံကျသည့်အကြောင်းမှာ ဥပဒေကို အရှိအတိုင်းလက်ခံသည့်ဝါဒီ ဖြစ်ကြောင်းတွေ့မြင်နိုင်သည်။ သို့သော် စည်းမျဉ်းများနှင့်ဆိုင်သည့် လူမှုရေးအခြေအနေကို နားလည်သဘောပေါက်မှုအခြေခံဖြင့်သာ သက်ဆိုင်ရာဥပဒေအား စူးစမ်းရှာဖွေခြင်းနှင့် ဥပဒေအသုံးချခြင်းဆိုင်ရာ ငြင်းခုံဆွေးနွေးမှု ဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဆက်လက်

လုပ်ဆောင်နိုင်သည်။ ဥပဒေသည် မိမိကိုယ်ကိုပြန်ကိုးကားမှုပြုရုံ သက်သက် မဟုတ်ဘဲ လက်တွေ့လောကနှင့်ပတ်သက်၍ ကျွန်ုပ်တို့အား တစ်စုံတစ်ခုကိုလည်း သင်ကြားပေးနိုင်သည်။ အယူအဆအခြေပြုဥပဒေသုတေသနကို အရည်အသွေးအခြေပြုကဲ့သို့ ရှုမြင်နိုင်ခြင်းသည် ယုံကြည်လက်ခံနိုင်မည့် အယူအဆအခြေပြုဥပဒေသုတေသန နည်းစနစ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးဆီ ဦးတည်သည့် ပထမခြေလှမ်းဖြစ်ကြောင်း အသိအမှတ်ပြုရမည်။

## အယူအဆအခြေပြုမဟုတ်သောသုတေသန- ပြဿနာများ၊ မူဝါဒနှင့် ဥပဒေပြုပြင်ပြောင်းလဲရေး

ဤခေါင်းစဉ်အောက်ရှိ အရည်အသွေးအခြေပြုသုတေသနကို ယေဘုယျအားဖြင့် သရုပ်ဖော်သည့်ပုံစံနှင့် အကဲဖြတ်ဆန်းစစ်သည့်ပုံစံ ဟူ၍အမျိုးအစား နှစ်မျိုးခွဲခြားနိုင်သည်။ ဘွဲ့လွန် သုတေသနတွင် သရုပ်ဖော်သည့်ပုံစံစစ်စစ် တွေ့ရလိမ့်မည် မဟုတ်သော်လည်း အဆိုပါသုတေသနတွင် သရုပ်ဖော်သည့် အစိတ်အပိုင်းပါဝင်နိုင်သည်ဟု ငြင်းခုံနိုင်သည်။ သုတေသန စီမံကိန်း၏ ဤအစိတ်အပိုင်း သို့မဟုတ် အဆင့်ကို ဆောင်ရွက်ခြင်းသည် ရုံဖန်ရံခါ ပညာရပ်စာပေ သုံးသပ်လေ့လာမှုပုံစံဖြစ်ပြီး အယူအဆအခြေပြုပင် ဖြစ်နိုင်သည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဤအခန်း၏ ပထမပိုင်းတွင် သတ်မှတ်ထားသော ဥပဒေသုတေသနပြုခြင်းဆိုင်ရာ ပညာရပ် စာပေများနှင့် ပတ်သက်သည့် လမ်းညွှန်ချက်ကို အမှီပြုရမည်။

သုတေသနသည် သရုပ်ဖော်သည့်ပုံစံ သို့မဟုတ် အကဲဖြတ်ဆန်းစစ်သည့်ပုံစံ သို့မဟုတ် နှစ်ခုပေါင်းစပ်ထားသည့်ပုံစံ စသည်တို့အနက် မည်သည့်ပုံစံဖြစ်ကြောင်း စဉ်းစားရာတွင် ၎င်း၏ ရည်မှန်းချက်များက ဘာလဲဆိုသည်ကို ပထမဆုံးဖော်ထုတ်ရာ၌ သုတေသီ၏ ရှုထောင့်မှ ကြည့်လျှင် အသုံးဝင်သည်။ ဤသည်က ချမှတ်ထားသည့် သုတေသန မေးခွန်းများနှင့် သုတေသန နည်းလမ်းကို ရွေးချယ်သတ်မှတ်ပေးလိမ့်သည်။

ကောင်းမွန်သော ဥပဒေသုတေသနအားလုံးသည် သုတေသီကရယူလိုသည့် တိကျသည့် ပန်းတိုင် သို့မဟုတ် ပန်းတိုင်များကို ဖော်ထုတ်ခြင်းမှ စတင်သင့်သည်။ ထို့နောက် ယေဘုယျစည်းမျဉ်းများအား မဖြစ်မနေလိုက်နာပြီး သုတေသနကို လုပ်ဆောင်ရမည်။ Fink က အချက် (၅) ချက် လိုအပ်သည်ဟု သတ်မှတ်ထားသည်-

၁။ တိကျသော သုတေသနမေးခွန်းများ

၂။ တိကျမှန်ကန်သော နမူနာ

၃။ ခိုင်လုံသော အချက်အလက်စုဆောင်းခြင်း

၄။ သင့်လျော်သည့် ခွဲခြမ်းစိတ်ဖြာလေ့လာမှုနည်းလမ်းများ

၅။ အချက်အလက်အခြေပြု အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများ[၃၈] တို့ဖြစ်ကြသည်။

King နှင့် Epsteinတို့က 'သုတေသနသည် အရည်အသွေးအခြေပြု သို့မဟုတ် အရေအတွက်အခြေပြုတို့အနက် မည်သည့်နည်းလမ်းဖြစ်စေကာမူ ခိုင်လုံသောကောက်ချက်များ ရရှိရန် မရှိမဖြစ် အရေးပါသည့် အချက်များအဖြစ် အကြံပြုတင်ပြထားသည့် စည်းမျဉ်း (၄) ခု ရှိသည်။ ၎င်းတို့မှာ (၁) စိတ်ဝင်စားသည့်အရာ၏ လူအုပ်စုကို သတ်မှတ်ဖော်ထုတ်ခြင်း၊ (၂) ရနိုင်သမျှ အချက် အလက်များ စုဆောင်းခြင်း၊ (၃) အချက်အလက် စူးစမ်းလေ့လာရန် ရရှိလာသည့် လုပ်ငန်းစဉ်ကို မှတ်တမ်းတင်ခြင်း၊ (၄) ဘက်လိုက်သည့် ရွေးချယ်မှုကိုရှောင်ရှားသည့် နည်းလမ်းဖြင့် အချက်အလက် စုဆောင်းခြင်းတို့ဖြစ်သည်။[၃၉]

နောက်တွင်ပါလာသည့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုက Fink ၏ သတ်မှတ်ချက် (၅) ချက်ကို အသုံးပြုသည့် အရည်အသွေးအခြေပြုဥပဒေသုတေသန၏ အစိတ်အပိုင်းများကို ရွေးချယ်ထည့်သွင်းစဉ်းစားသည်။ ထိုသုတေသနစီမံကိန်းကိုရွေးချယ်ရခြင်းမှာ Fink သတ်မှတ်ချက်များကို လိုက်နာထားကြောင်း ပြသရန် ဖြစ်သည်။

## သတ်မှတ်ချက် ၁- တိကျသော သုတေသနမေးခွန်းများ

သုတေသီသည် တိကျသည့် သုတေသနမေးခွန်းများကို ဖော်ထုတ်ခြင်းဖြင့် စတင်သင့်သည်။ ဩစတေးလျနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာပြစ်မှုကျူးလွန်သူများအား တားဆီးကာကွယ်ထိန်းသိမ်းရေး စာတမ်းတစ်ခုတွင် စာရေးသူတို့က ၎င်းတို့၏ယေဘုယျရည်မှန်းချက်သည် 'ဩစတေးလျ နိုင်ငံတွင် ပြစ်မှုပြန်လည် ကျူးလွန်နိုင်ခြေမြင့်မားသည်ဟု ယူဆထားသူများအား ကြိုတင်တားဆီး ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် လက်တွေ့ကျင့်သုံးမှု နှစ်ရပ်စလုံးကို စစ်ဆေးရန်' ဟုဖော်ပြခြင်းဖြင့် အစပြုထားသည်။[၄၀] စာတမ်းကို အလွန်အရေးပါသော သုတေသန မေးခွန်း (၅) ခုကို အပိုင်း (၂) ပိုင်းဖြင့် ပိုင်းခြားထားသည်။

အပိုင်း ၁

- လိင်ပိုင်းဆိုင်ရာပြစ်မှုကျူးလွန်သူများ ကြိုတင်တားဆီးကာကွယ် ထိန်းသိမ်းရေး ဥပဒေနှင့် ဥပဒေစနစ်တို့ကားအဘယ်နည်း။
- ဤဥပဒေစနစ်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုကအဘယ်နည်း။
- ၎င်းတို့အား တရားစီရင်ရေးက မည်ကဲ့သို့တုံ့ပြန်ဆောင်ရွက်သနည်း။

အပိုင်း ၂

- ဤဥပဒေစနစ်ကို လက်တွေ့အားဖြင့် မည်ကဲ့သို့ကျင့်သုံးဆောင်ရွက်နေသနည်း။
- ၎င်းတို့၏ အားသာချက်နှင့် အားနည်းချက်တို့ကားအဘယ်နည်း။[၄၁]

ဤသည်က ရှင်းလင်းတိကျပြီး စာရေးသူတို့အနေဖြင့် ဆက်လက်၍ အပိုင်း (၂) ပိုင်းစလုံးအတွက် သုတေသန နည်းစနစ်ကိုမှတ်စုပြုထားသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အပိုင်း (၁) သည် သရုပ်ဖော်ပုံစံနှင့် အယူအဆအခြေပြု နှစ်မျိုးစလုံးဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် အပိုင်း (၂) သည် 'Queensland၊ Western Australia နှင့် New South Wales ရှိ စီမံချက်လုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် ရဲအရာရှိများ၊ စာရိတ္တပြုပြင်ရေးလုပ်ငန်းအရာရှိများ၊ လူမှုရေး လုပ်သားများ၊ ရှေ့နေများ၊ စိတ်ပညာရှင်များနှင့် စိတ်ရောဂါအထူးကု ဆရာဝန်များအား အသေးစိတ် တွေ့ဆုံမေးမြန်းမှု (၈၆) ခု' ကို ခွဲခြမ်းစိတ်ဖြာဆန်းစစ် လေ့လာချက်ပေါ် အခြေခံထားသည်။[၄၂] ဖော်ပြထားသည့်အတိုင်း သုတေသနမေးခွန်းများသည် ရှင်းလင်းတိကျသည့်အတွက် စာရေးသူ တို့အား အောက်ဖော်ပြပါ ကောက်ချက်များ ချမှတ်စေနိုင်သည်။

> ကြိုတင်တားဆီးထိန်းသိမ်းရေးစီမံချက်ဆိုင်ရာ ဥပဒေမူဘောင်များကို ချမှတ်နေစဉ် အတွင်း တရားစီရင်ရေးမှ မူဘောင်များကို လျော့ပေါ့စွာအသုံးပြုခြင်းနှင့် မတိကျသည့် ပြစ်ဒဏ်ချမှတ်ထားသည့် သက်သေအထောက်အထားများ တွေ့ရှိရသည်ကို တရား စီရင်ရေး အဖွဲ့ဝင်များအနေဖြင့် သတိကြီးစွာထားရမည်ဟု ငြင်းခုံထားသည်။ အရေးကြီး ဆုံးမှာ ၎င်းတို့၏လုပ်ငန်းနှင့်ပတ်သက်၍ လွန်စွာစိုးရိမ်ပူပန်မှုရှိကြောင်းကို ပြစ်ဒဏ် ပြီးဆုံးသည့်နောက်ပိုင်း ကြိုတင်တားဆီးကာကွယ် ထိန်းသိမ်းရေးအား အကောင်အထည် ဖော်ဆောင်ရွက်နေသူများက ဖော်ပြသည့်အမြင်နှင့် ကြီးကြပ်ရေး စီမံချက်များက ထုတ်ဖော်ထားသည့် အမြင်တို့ ဖြစ်သည်။[၄၃]

ဆန့်ကျင်ဘက်အနေဖြင့် စာတမ်းရှိသုတေသနမေးခွန်းများ၌ မုဒိမ်းမှုစစ်ဆေး စီရင်မှုများတွင် 'မုဒိမ်းကျင့်ခံရသူများက အပြစ်ရှိသည်ဟု မှားယွင်းသောယုံကြည်ချက်' (rape myths) ဆက်လက် တည်ရှိနေမှုအပေါ် ရေးသားချက်မှာ ရှင်းလင်းမှုသိပ်မရှိပါ။[၄၄] မည်သို့ဆိုစေ ပဓာနကျသည့် မေးခွန်းမှာ အဆိုပါယုံကြည်ချက် ဆက်လက်တည်ရှိနေခြင်းအပေါ် ယင်းရေးသားချက်က ဖော်ပြခြင်း ရှိ၊ မရှိ ဟူ၍ဖြစ်သည်။ စာတမ်းနိဒါန်းပိုင်း၏ အဆုံးတွင် သုတေသီများက ဖော်ပြ သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

> အထူးသဖြင့် ကျွန်ုပ်တို့၏လေ့လာဆန်းစစ်မှုသည် 'လိင်'၊ 'မုဒိမ်းမှု'နှင့် 'သဘောတူညီချက်' တို့၏ အငြင်းပွားဖွယ်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အရင်းခံ၍ အမှုတည်ဆောက်သည့် နည်းလမ်းအမျိုးမျိုး၊ သဘောတူညီမှုကို ဆက်သွယ်သည့် စံနမူနာပုံစံ….နှင့် ရေးသားဖော်ပြ ချက်အမျိုးမျိုးတွင် မြင်သာသည့် ပြောင်းလဲမှု ရှိ၊မရှိတို့ကို ဖော်ထုတ်ရန် ဖြစ်သည်။

ထို့အပြင် စာတမ်းသည် အဆိုပါ ယုံကြည်ချက်တည်ရှိမှုကို ကြိုတင်ကောက်ချက်ချထားသည်။ ၎င်းအား ဤနေရာတွင် မေးခွန်းထုတ်ခြင်းမပြုပေ။ သုတေသန၏အရည်အသွေးနှင့် စာတမ်းက ပြဿနာမရှိသော်လည်း သုတေသနမေးခွန်းများကို ရှင်းလင်းစွာ ထုတ်ဖော်ထားမှု မရှိသည်က ပထမဆုံး သတ်မှတ်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

တိကျသော သုတေသနမေးခွန်းကို သတ်မှတ်ရန် သေချာစွာဂရုစိုက်မှုနှင့် စဉ်းစား တွေးခေါ်မှု လိုအပ်သည်။ ရန်ပုံငွေနှင့် အချိန်ကာလကဲ့သို့သော အရင်းအမြစ် ပြဿနာများက ဤမေးခွန်းကို ဘောင်ကန့်သတ်နိုင်သည်။ အထူးသဖြင့် အဆိုပါမေးခွန်းများကို အဖြေပေးနိုင်ရန် သင့်လျော်သော နည်းစနစ်လိုအပ်သည့်အခါတွင် ဖြစ်သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကြိုတင် တားဆီး ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနသည် ဩစတေးလျသုတေသနကောင်စီ ရန်ပုံငွေက ထောက်ပံ့ထားပြီး ဥပဒေပညာရပ်တွင် လုပ်သက်များစွာရှိသည့် အတွေ့အကြုံ ရှိသူနှစ်ဦးက လုပ်ဆောင်နေကြောင်း သိရှိထားရန် လိုအပ်သည်။[၅၅] မုဒိမ်းမှု စစ်ဆေးစီရင်ရေး စာတမ်းတွင်လည်း ပညာရပ်ဆိုင်ရာ အတွေ့အကြုံရင့်ကျက်သူများက လုပ်ဆောင်ထားသော်လည်း ထောက်ပံ့ငွေမရရှိကြောင်း ပေါ်ပေါက်သည်။ ကျောင်းသားတစ်ဦးနှင့် ပညာရပ်ဆိုင်ရာ ကြီးကြပ်သူ ရှုထောင့်အရ ပထမ သုသေသနနမူနာသည် သုတေသနစီမံကိန်းတွင် ရှိရမည့် အဆင့်ထက်များစွာ ကျော်လွန်နေမည်။ သို့သော် ဒုတိယ သုတေသနစာတမ်းသည် ဘွဲ့လွန် အဆင့်တွင် လုပ်ဆောင် ထားသည့် အမျိုးအစား၏ နမူနာဖြစ်နိုင်သည်။

## သတ်မှတ်ချက် ၂- တိကျမှန်ကန်သောနမူနာ

တိကျမှန်ကန်သောနမူနာ ရွေးချယ်ရာတွင် မုဒိမ်းမှုစစ်ဆေးစီရင်ခြင်း သုတေသနသည်လည်း ဥပမာကောင်းတစ်ခုဖြစ်သည်။ စာတမ်းတွင် အမှုစုစုပေါင်း (၁၂) မှုတွင် (၁၀) မှုကို ရွေးချယ် ထားကြောင်း မှတ်သားထားသည်။

> သဘောတူညီမှုနှင့်ပတ်သက်၍ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် စွပ်စွဲခံရသူ၏ သဘောတူညီမှုဆိုင်ရာ အသိပညာတို့သည် ပြဿနာ ဖြစ်လာသောအခါ အရွယ်ရောက်ပြီးသူဖြစ်သည့် နစ်နာသူ၏ တိုင်တန်းချက်များ ပါဝင်နေသော အမှုများကို ရှာဖွေပြီးသည့်နောက်တွင် ၂၀၁၀ နှင့် ၂၀၁၁ခုနှစ် အတွင်း အယူခံရုံး အစီရင်ခံစာမှ အမှု (၁၀)မှုကို သတ်မှတ်ဖော်ထုတ်နိုင်ခဲ့သည်။ ကနဦးလေ့လာမှု ကန့်သတ်ချက်နှင့် သက်ဆိုင်ရာ တရားစီရင်ရေးခွင့်ပြုချက်များအရ အမှုစစ်ဆေးစီရင်ပြီးသည့် အမှု(၁၀)မှု အတွက် စာရွက်စာတမ်း အပြည့်အစုံကို ရရှိခဲ့သော်လည်း ဤရှာဖွေမှုသည် အကျုံးဝင်သည့်အမှု စုစုပေါင်း (၁၂)မှုကို ဖော်ထုတ်ခဲ့သည်။[၅၆]

အချိန်ကာလကိုတိုးမြှင့်ခြင်းအားဖြင့် ပိုမိုများပြားသောနမူနာကို ရွေးချယ်နိုင်ခဲ့ပေလိမ့်မည်ဟု ငြင်းချက်ထုတ်နိုင်ပေသည်။ သို့သော် ၂၀၀၇ ခုနှစ်တွင် စတင် မိတ်ဆက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများ၏ ဖြစ်လာနိုင်ခြေ အကျိုးဆက်ကို ထည့်သွင်းစဉ်းစားရန် သုတေသီတို့၏ ရည်ရွယ်ချက်ကြောင့် ကန့်သတ်ချက်သည် မှန်ကန်ကြောင်းပြောနိုင်သည်။

သို့ရာတွင် အခြား ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်မှုစီမံကိန်း ရေးသားချက်တွင် နမူနာရွေးချယ်သတ်မှတ်ခြင်းက ရှင်းလင်းမှုသိပ်မရှိပါ။ တဖန် သုတေသနရလဒ်အပေါ် ဤအကျိုးသက်ရောက်မှုကို မှတ်ချက်မပြုဘဲ ထုတ်ဝေထားသောစာတမ်းမှာ ရှင်းလင်းမှု မရှိကြောင်းကို မှတ်သားထားခြင်းမျှသာ ဖြစ်သည်။ မြောက်ပိုင်းဒေသရှိ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာလုပ်ပိုင်ခွင့် ပြုပြင် ပြောင်းလဲရေး အကြောင်းအရာရှိ ‘စံကျအောင်ပြုလုပ်ခြင်းဆိုင်ရာ ရေးသားချက်’ (normalization discourse) ဆိုင်ရာ သွင်ပြင်လက္ခဏာများ လေ့လာမှုတွင် Howey က သူမ၏ သုတေသနသည် အရည်အသွေး အခြေပြုလေ့လာဆန်းစစ်မှုကို အဓိက အခြေခံထားသည်ဟု ဖော်ပြခဲ့သည်။ ပါလီမန် နေ့စဉ်ထုတ် မှတ်တမ်း အစီရင်ခံစာနှင့် အစိုးရထံမှရရှိသည့် အခြား စာရွက်စာတမ်းများ အပါအဝင် ၂၀၀၆ မှ ၂၀၁၀ ခုနှစ်အတွင်း စာအုပ်တော်တော်များများ တွင်မြင်ရသည့် “စံကျအောင် ပြုလုပ်သည်” (normalise) ဟူသည့် စကားလုံးကို အရည်အသွေးအခြေပြု လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သည်။[၄၇] ဤနေရာတွင် သုတေသန နည်းစနစ်နှင့် ပတ်သက်၍ မေးခွန်း ထွက်ပေါ်လာခြင်းမရှိဘဲ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် နမူနာသတ်မှတ်ခြင်းဆိုင်ရာ အကြောင်းပြချက်သည် ရှင်းလင်းမှု မရှိသည်သာ ဖြစ်သည်။

တဖန် အရင်းအမြစ်၏ သက်ရောက်မှုကို လျော့တွက်ရမည်တော့မဟုတ်ပါ။ ဩစတေးလျ မိသားစုဥပဒေစနစ်တွင်းရှိ အမှီခိုကင်းသည့် ကလေးသူငယ်ရှေ့နေများ (Independent Children’s Lawyers (ILCs)) ကို လေ့လာရာတွင် ဥပမာအားဖြင့် မိသားစုရေးရာ လေ့လာမှုဆိုင်ရာ ဩစတေးလျအင်စတီကျူ့(Australian Institute of Family Studies) (ဖယ်ဒရယ်အစိုးရ အင်စတီကျူ့) က အိုင်အယ်(လ်)စီ အက်(စ်) ((ILCs) (၁၄၉) ဦး၊ အိုင်အယ်(လ်)စီအက်(စ်) မဟုတ်သောရှေ့နေ (Non-ILCs Legal practitioners) (၁၉၂) ဦး၊ မိသားစုဥပဒေရှေ့နေ မဟုတ်သူ (non-legal family law professional) (၁၁၃) ဦးနှင့် တရားရေးအရာရှိ (judicial officer) (၅၄)ဦးတို့အား အွန်လိုင်းစစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့သည်။[၄၈]

ဥပဒေသုတေသနအတွက် King နှင့် Esptein တို့၏ အခြေခံစည်းမျဉ်း (၄) ခုထံ ပြန်သွားရလျှင် ပထမနှစ်ခုဖြစ်သော (၁) စိတ်ဝင်စားသည့်အရာ၏ လူအုပ်စုကို သတ်မှတ်ဖော်ထုတ်ခြင်း၊ (၂) ရနိုင်သမျှ အချက်အလက် စုဆောင်းခြင်းကို မှတ်သားထိုက်သည်။[၄၉] တချို့ကိစ္စရပ်များတွင် အချက်အလက် ပမာဏများပြားခြင်းသည် ရနိုင်ရုံသာမက လိုလည်းလိုအပ်သည်။ ၂၀၀၂ မှ ၂၀၀၄ ခုနှစ်အတွင်း Tasmania တရားရုံးချုပ်က ချမှတ်သော တစ်စိတ်တစ်ပိုင်း သို့မဟုတ်

လုံးဝရပ်စဲခြင်း ပြစ်ဒဏ်များအကြောင်းလေ့လာမှုတွင် Bartels က အမှု(၃၅၁)မှု၌ ချမှတ်ထားသော ပြစ်ဒဏ်များ အပေါ် တရားရုံး၏ မှတ်ချက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာ ဆန်းစစ်ခဲ့သည်။[၅၀]

ဤနေရာ၌ သိထားရမည်မှာ အချက်အလက်များကို ရနိုင်သမျှနှင့် လိုသလောက် စုဆောင်းရန် မတတ်စွမ်းနိုင်လျှင် အမှန်တကယ် အဆိုပြုထားသောသုတေသန လုပ်ဆောင်ချက်မှာ သံသယဖြစ်ဖွယ်ရာရှိသည်။ သုတေသနကို စွန့်ပစ်သင့်သည်ဟု မဆိုလိုသော်လည်း သတ်မှတ်ထားသော သုတေသနမေးခွန်းနှင့် နောက်ဆက်တွဲ သုတေသနနည်းစနစ်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း အကြံပြုပါသည်။ ကောက်ယူထားသည့် အချက်အလက်နှင့် ပတ်သက်သော သုတေသန ချို့ယွင်းချက်က သုတေသနရှာဖွေတွေ့ရှိချက်၏ ကျိုးကြောင်းခိုင်လုံမှုကို မေးခွန်းထုတ်ဖွယ် ဖြစ်စေသည်။

## သတ်မှတ်ချက် ၃ နှင့် ၄ - ခိုင်လုံသော အချက်အလက်စုဆောင်းမှုနှင့် သင့်လျော်သော ခွဲခြမ်းစိတ်ဖြာလေ့လာမှုနည်းလမ်းများ

ယခင် ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုနှစ်ရပ်က ဤသတ်မှတ်ချက်များ၏အရေးပါမှုကို နှိုင်းယှဉ်ခွဲခြားကြည့်ရန် အခွင့်အရေးတစ်ရပ်ပေးခဲ့သည်။ 'မုဒိမ်းကျင့်ခံရသူများက အပြစ်ရှိသည်ဟု မှားယွင်းသောယုံကြည်ချက်' (rape myths) လေ့လာမှုတွင် သုတေသီက စုစုပေါင်းအမှု (၁၂) မှုအနက် (၁၀) မှု၏ အမှုတွဲအပြည့်အစုံကို ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခဲ့သည်။ အမှုတွဲများအား 'ဘာသာစကား လေ့လာသုံးသပ်သောနည်းလမ်း (discursive method)ကို အသုံးပြုခဲ့သည်။ ထိုနည်းလမ်းဖြင့် "လူမှုရေးရာ အပြန်အလှန်ဆက်နွှယ်မှု" သို့မဟုတ် "ပြောဆိုမှုများ"၏ သိသာထင်ရှားသော အကြောင်းအရာအတွင်း တရားရုံး၌ အပြန်အလှန် "စကားပြောဆိုမှု" တည်ဆောက်ပုံ၊ စကားလုံး အဓိပ္ပာယ်၊ အသံအနေအထား' (micro-linguistic courtroom conversations) တို့ကို ဝေဖန်စစ်ဆေးခဲ့သည်။[၅၁] အဓိကအာရုံစိုက်သည့် အကြောင်းအရာမှာ သက်သေများအား စစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်း ဖြစ်သည့်အပြင် အကယ်၍ သက်သေခံချက်ပေးပါက စွပ်စွဲခံရသူကို မေးမြန်းခြင်းလည်း ပါဝင်သည်။ သုတေသနပြုသူများက ဆက်လက်မှတ်တမ်းတင်ထားခဲ့သည်မှာ ၎င်းတို့သည် အဓိပ္ပာယ်ကောက်ယူမှုပြုခြင်း (making- meaning) ကို 'စစ်ဆေးသောနည်းလမ်း တစ်ခုဖြစ်သည့် ခိုင်မာသည့် သုတေသန နည်းစနစ်အား ကျား/မတန်းတူဝါဒထောက်ခံသူ သုတေသနနှင့် လူမှုရေးသိပ္ပံ သုတေသန နှစ်မျိုးစလုံးထံမှ ရယူထားသည်ဆိုသည့်အချက်ဖြစ်သည်။ ဥပဒေ၏ပုံစံနှင့် လုပ်ငန်းတာဝန်တို့တွင် လည်းကောင်း ဥပဒေကြောင်းအရ စစ်ဆေးစီရင်မှုတွင် ၎င်းကို ကျင့်သုံးမှုတွင်လည်းကောင်း ကိစ္စရပ်နှစ်ခု စလုံး၌ ပေါ်ပေါက်လေ့ရှိသည့် "အဓိပ္ပာယ်ကောက်ယူမှုပြုခြင်း"ကို စစ်ဆေးသည့် နည်းလမ်း'ဖြစ်သည်။[၅၂]

'ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာပိုင်ဆိုင်ခွင့် ပြုပြင်ပြောင်းလဲရေး လှေ့လာမှုတွင် ဌာနေတိုင်းရင်းသားရေးရာဝန်ကြီး (Minister for Indigenous Affairs) က မြေယာပိုင်ဆိုင်ခွင့် ပြုပြင်ပြောင်းလဲရေးကို ဌာနေတိုင်းရင်းသားလူမျိုး အသိုက်အဝန်းနှင့် မြို့နယ်တို့ကို "စံကျအောင်ပြုလုပ်ခြင်း" (normalisation) အနေဖြင့် အကျဉ်းချုပ်ထားသည်' ဟု သုတေသီက မှတ်သားထားသည်။[၅၃] ရွေးချယ်သည့်နည်းစနစ်မှာ ပါလီမန်နေ့စဉ်ထုတ်မှတ်တမ်း အစီရင်ခံစာနှင့် အစိုးရထံမှရသော အခြားစာရွက်စာတမ်းများတွင်တွေ့ရှိရသော "စံကျအောင် ပြုလုပ်သည်" (normalise) ဟူသောစကားလုံးကို အရည်အသွေးအခြေပြု လေ့လာဆန်းစစ်မှု စနစ်ဖြစ်သည်။[၅၄] သို့သော်အထက်တွင်ပါရှိသော စကားပြောဆိုမှုအား ခွဲခြမ်းစိတ်ဖြာဆန်းစစ် လေ့လာမှုနှင့် နှိုင်းယှဉ်ရလျှင် ဤနေရာ၌ ရွေးချယ်ထားသော သုတေသနနည်းစနစ်မှာ မရှင်းလင်းပါ။ သုတေသီက အောက်ပါအတိုင်းဖော်ပြထားသည်-

> စာသားများ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ ကိစ္စရပ်အဖြစ် ကျွန်ုပ်က စုံစမ်းစစ်ဆေးမှု ပြုခဲ့သည်။ မူဝါဒချမှတ်သူတို့က မြောက်ပိုင်းဒေသ၏ ကိုလိုနီသမိုင်းကြောင်းကို မြင်ယောင်စေသော ဌာနေတိုင်းရင်းသားလူမျိုးဟူသည့် တည်ဆောက်မှုအပေါ် အခြေခံသော ဌာနေတိုင်းရင်းသား လူမျိုးစုအသိုက်အဝန်းကို စံကျအောင်ပြုလုပ်ရန် စိတ်သဘောထားရှိ၊ မရှိကိုလည်းကောင်း၊ "စံကျအောင် ပြုလုပ်ခြင်း" (normalization discourse) ၏ သွင်ပြင်လက္ခဏာများသည် အချိန်နှင့်အမျှ အပြောင်းလဲမှုရှိ၊မရှိ ကိုလည်းကောင်းနှင့် ရှိခဲ့ပါက မည်ကဲ့သို့ ပြောင်းလဲသည်ကို စုံစမ်းစစ်ဆေးမှု ပြုခြင်းဖြစ်သည်။[၅၅]

ဤနေရာ၌ ပြဿနာများပေါ်ပေါက်လာသည်။ သုတေသီက သင့်လျော်၍ သက်ဆိုင်သော အချိန်ကာလ (ဥပဒေပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍) ဟု ထည့်သွင်းစဉ်းစားစဉ် အမှန်တကယ် အချက်အလက်များကို ကောက်ယူစုဆောင်းမှုအကြောင်းနှင့် ကောက်ယူမှုဖော်ပြချက် သတင်းအချက်အလက်မှာ ကန့်သတ်ချက်ရှိသည်။ "စံကျအောင် ပြုလုပ်သည်" (normalise) ဟူသော စကားရပ် စာထဲ၌ပါရှိခြင်းက အဓိကလိုအပ်ချက် ဖြစ်နေသည်။ စကားပြောဆိုမှုအား ဆန်းစစ်လေ့လာမှုနှင့် စပ်လျဉ်း၍ သုတေသနနည်းစနစ်မှာ အလွန် ယေဘုယျဆန်သည်။ သုတေသီက အောက်ပါ အတိုင်း ဖော်ပြထားသည်မှာ-

> "စံကျအောင်ပြုလုပ်သည်" (normalise) ဟူသော စကားလုံးပါသည့် စာသားတိုင်းတွင် ၎င်း၏အဓိပ္ပာယ်ကို သတ်မှတ်ရန်အလို့ငှာ စကားရပ်အသုံးပြုပုံ၏ သီးခြားလက္ခဏာများအား အဓိက အာရုံစိုက်သည်။ ဤလက္ခဏာများတွင် အသုံးပြုသည့်အကြိမ်၊ စာရေးသူ သို့မဟုတ် ပြောဆိုသူ၊ စံကျအောင်ပြုလုပ်ခြင်းဆိုင်ရာ ရေးသားချက်၏ အကြောင်းအရာ (ဥပမာ- မြေယာ လုပ်ပိုင်ခွင့်၊ ရေးတိုင်းရင်းသားလူမျိုးအသိုက်အဝန်း၊ ရေးတိုင်းရင်းသားလူမျိုး ကိုယ်တိုင်)၊ ဖော်ပြထားသော စံကျအောင်ပြုလုပ်ခြင်းဆိုင်ရာ

ရေးသားချက်၏ ရည်ရွယ်ချက်၊ ရှေးတိုင်းရင်း သားလူမျိုးနှင့် အသိုက်အဝန်းတို့ကိုဖော်ပြပုံ၊ ရှုမြင်ပုံနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ ပါဝင်သည်။[၅၆]

## သတ်မှတ်ချက် ၅ - အချက်အလက်ကိုအခြေခံသော အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုများ

King နှင့် Epstein တို့၏အဆိုအရ ၎င်းတို့ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခဲ့သော ဥပဒေသုတေသနတွင် ဝေဖန်မှုအများဆုံးနေရာမှာ ဤနေရာဖြစ်သည်။[၅၇] အချက်အလက် ကောက်ယူမှုနှင့် အသုံးပြုသော သုတေသနနည်းစနစ်က ကောက်ချက်အများအပြားကို မှန်ကန်ကြောင်း မပြနိုင်ဟု ၎င်းတို့ကပြောဆိုထားသည်။

အထက်တွင်ပါရှိသော ပြောဆိုရေးသားချက်လေ့လာမှု နှစ်ခုအား နှိုင်းယှဉ်ခြင်းက အဓိကဆိုလိုရင်းကို ထင်ရှားစေသည်။ မုဒိမ်းမှုစစ်ဆေးစီရင်ခြင်း သုတေသနတွင် သီးခြားသတ်မှတ်ထားသည့် ပြောဆိုရေးသားမှုအား စစ်ဆေးသောနည်းစနစ်ကို ရွေးချယ်ခဲ့ပြီး သတ်မှတ်ကာလအတွင်းရှိ မုဒိမ်းမှုများကိုစစ်ဆေးခြင်း၌ ရာနှုန်းပြည့်လုနီးပါး အသုံးပြုခဲ့သည်။ သို့သော် သုတေသီများက ၎င်းတို့၏ ကောက်ချက်များကို လွန်စွာသတိထားပါသေးသည်။

> ဗစ်တိုးရီးယန်း မုဒိမ်းမှုစစ်ဆေးစီရင်ခြင်း (Victorian rape trials) (၁၀) မှုကို စူးစမ်းရှာဖွေလေ့လာဖော်ထုတ်ချက်များမှ အကြံပြုညွှန်ပြသည်မှာ သဘောတူညီမှုကို ဆက်သွယ်သည့်ပုံစံ (communicative model of consent) ကို စတင်မိတ်ဆက်မှုကြောင့် မုဒိမ်းမှုဖြစ်ပွားသောနေရာ၌ ပြောဆိုမှုများတွင် သိသာမြင်သာသော ပြောင်းလဲမှုအချို့ရှိနိုင်ပါသည်။ ဤပုံစံသည် အစိုးရရှေ့နေများ (prosecutors)အား အနည်းဆုံး လက်တစ်ဆုပ်စာအမှုများတွင် နစ်နာသူ - တိုင်တန်းသူ (victim-complainant) က သဘောတူညီသည်၊ မတူညီသည်ကို သေချာစေရန် ၎င်းတို့လုပ်ဆောင်မှုအဆင့်များအပေါ် အခြေခံ၍ စွပ်စွဲခံရသူ(accused person) က သဘောတူညီမှု နှင့်ပတ်သက်၍ သတိပြုမိခြင်း (consent awareness) အပေါ် အလေးဂရုပြု စဉ်းစားသည့်ဘက်သို့ ပြောင်းလဲစေနိုင်သည်။[၅၈]

နမူနာတွင် အသေးစိတ်မှုအချို့ရှိသော်လည်း ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာ ပိုင်ဆိုင်ခွင့်ပြုပြင် ပြောင်းလဲရေးလေ့လာမှုတွင် အသုံးပြုသောသုတေသနနည်းစနစ်မှာ မရှင်းလင်းပါ။ ထို့အပြင် “စံကျအောင်ပြုလုပ်သည်” (normalise) ဟူသော စကားလုံး အသုံးပြုသောအကြိမ်ရေသို့မဟုတ် ၎င်း၏ ကွဲပြားခြားနားမှုတို့မှလွဲ၍ သုတေသနနည်းစနစ်အား မည်ကဲ့သို့အသုံးပြုသည်ကို အသေးစိတ်မပါရှိပါ။ ဤအတိုင်းအတာအထိ သုတေသီ၏ အဓိကကောက်ချက် ခိုင်မာမှုနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လာသည်။ ‘နိဂုံးချုပ်အနေဖြင့် အထက်တွင် ရှာဖွေဖော်ထုတ်

ခဲ့သော စံကျအောင်ပြုလုပ်ခြင်းဆိုင်ရာ ရေးသားချက် (normalization discourse) ဆိုင်ရာ ပြောဆိုရေးသားမှု၏ အဓိက လက္ခဏာရပ်ရှိ ပြောင်းလဲမှုများသည် ဥပဒေတည်ဆောက်ပုံ ပြုပြင်ပြောင်းလဲမှုတွင် ပြိုင်တူ ပြောင်းလဲခြင်းကြောင့် ထင်ဟပ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်က အခိုင်အမာပြောရဲသည်။'[၅၉] ဤ ကောက်ချက်သည် ခိုင်မာမှု ရှိနိုင်သော်လည်း လုပ်ဆောင်သော သုတေသနအပေါ် အခြေခံ၍ ၎င်းအား မှန်ကန်ကြောင်းပြသရန် ခက်ခဲသည်။

အစောပိုင်းတွင်ဖော်ပြထားသကဲ့သို့ အထက်ပါလေ့လာမှုနှစ်ခုစလုံးသည် ငွေကြေး ထောက်ပံ့မှု ရရှိခဲ့ခြင်းမရှိပါ။ ငွေကြေး ထောက်ပံ့မှုသည် အလွန်အရေးပါသောအချက်ဖြစ်သည်။ ထပ်မံ၍ သုတေသီက သတိပြုရမည့် အကန့်အသတ်များမှာ လုပ်ဆောင်နေသော စီမံကိန်း တစ်ရပ်ရပ်၏ အမျိုးအစားနှင့် လုပ်ငန်းအတိုင်းအတာအပေါ် ငွေကြေးထောက်ပံ့မှု အနည်းငယ် သို့မဟုတ် မရရှိနိုင်ခြင်း ဖြစ်သည်။

ကြိုတင်တားဆီးကာကွယ် ထိန်းသိမ်းရေးလေ့လာမှုတွင် ဩစတေးလျသုတေသန ထောက်ပံ့ရေး ကောင်စီက သုတေသနကို ငွေကြေးထောက်ပံ့ထားသည်။ သုတေသနမေးခွန်းကို သီးခြားဖော်ပြထားကာ နမူနာသတ်မှတ်ခြင်း၊ ကောက်ယူသော အချက်အလက်နှင့် သုတေသန နည်းစနစ်တို့ကလည်း ခိုင်မာကောင်းမွန်သည်။ ဤအတိုင်းအတာအထိ ရောက်ရှိနေသော ကောက်ချက်များအပေါ် ယုံကြည်မှုရှိနိုင်သည်။ နိုင်ငံ၏ စီမံကိန်းအမျိုးမျိုးတွင် လုပ်ကိုင်နေသူ များအား တွေ့ဆုံမေးမြန်းမှုရလဒ်များ နှင့်စပ်လျဉ်း၍ သုတေသီက ၎င်း၏ကောက်ချက်များတွင် သတိထားနေပါသေးသည်။

> သို့သော်လည်း ထပ်မံပြစ်မှု ကျူးလွန်နိုင်ခြေအား လျှော့ချခြင်းအစား 'အမှန်တကယ်' မကျူးလွန်ကြောင်း သေချာစေရန် ထိုကဲ့သို့သော စီမံချက်များဖြင့် လုပ်ကိုင်နေသူများ အတွက် ဖြေရှင်းရန်လိုအပ်သော လက်တွေ့ပြဿနာများရှိကြောင်းကို သိရှိရသည်... အထောက်အထားအခြေခံသော ကုသမှုနှင့် ပြစ်မှုကျူးလွန်သူ စာရိတ္တပြုပြင် ပြောင်းလဲ ရေးမှတဆင့် လူမှုအသိုက်အဝန်းကို လက်တွေ့အမှန်တကယ်ကာကွယ်မည့် အဆိုပါ စီမံချက်များကို သေချာလုပ်ဆောင်ရန် ဂရုစိုက်ရမည်။ ထို့ကြောင့် ဤစီမံချက် များတွင် လုပ်ကိုင်သူများထံမှ စိုးရိမ်ပူပန်မှုများကိုလည်း အလေး ဂရုပြုသင့်သည်။[၆၀]

အဆိုပါ သတိထားမှုကို လွတ်လပ်သောကလေးသူငယ်ရှေ့နေများ (Independent Children Lawyers-ICLs) စီမံချက်တွင်လည်း ထုတ်ဖော်ထားသည်။ သုတေသီများက ကောက်ချက် ချထားသည်မှာ 'အိုင်စီအယ်(လ်)၏ အခန်းကဏ္ဍတွင် စဉ်းစားဖွယ်ကောင်းသောတန်ဖိုး ရှိသည်' ဟုသတ်မှတ်ထားသည်။ 'အချက်အလက်အထောက်အပံ့အရ အရည်အချင်း ပြည့်ဝသော အိုင်စီအယ်(လ်)၏ ပါဝင်မှုသည် လူငယ်များနှင့် ကလေးများအတွက် ပိုမိုကောင်းမွန်သည့် ရလဒ်

ရရှိစေရန် ဖြည့်ဆည်းပေးနိုင်သော်လည်း အုပ်စုများတွင် ပါဝင်သူအားလုံးက အိုင်စီအယ်(လ်) ရေ့နေ၏ အရည်အချင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်'။[၆၁]

နောက်ဆုံးအားဖြင့် Tasmania ရပ်စဲပြစ်ဒဏ်များအကြောင်း လေ့လာမှုတွင် အသုံးပြုသော အချက်အလက်စုဆောင်းမှုနှင့် သုတေသနနည်းစနစ်တွင် စာရေးသူအား မှန်ကန်စွာ ကောက်ချက်ချစေနိုင်သည်မှာ 'ကျွန်ုပ်၏အမြင်တွင် ဤစာတမ်းရှိ လေ့လာဆန်းစစ်မှုများသည် တရားရေးအရာရှိများအတွက် သက်ဆိုင်ရာအချက်များအား ပိုမိုပြည့်စုံ ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်ရန် လိုအပ်ချက်တစ်ရပ်ကို ပြသနေသည်။ သက်ဆိုင်ရာအချက်များဆိုသည်မှာ ပြစ်ဒဏ်ရပ်စဲခြင်းနှင့် လျော်ညီစေမည့် စပ်ဆိုင်သောအချက်များအပြင် ဆုံးဖြတ်ချက် ချမှတ်မှုအတွက် အခြေပြုသော သက်သေနှင့် ပတ်သက်သော အချက်' ဟူ၍ ဖြစ်ပါသည်။[၆၂]

## သုံးသပ်ချက်

ဘွဲ့လွန်ဥပဒေကျောင်းသားများက ကွဲပြားသော သုတေသနအမျိုးမျိုးကို ဆောင်ရွက် ပြီးသကဲ့သို့ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ သမိုင်းကြောင်းအရ အယူအဆအခြေပြု သုတေသန များစွာ ရှိခဲ့ပြီး အဓိကအားဖြင့် ဥပဒေအခြေခံမူသဘောတရားကို ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်းနှင့်အတူ ၎င်းတို့တိုးတက်လာခဲ့ပုံ၊ ကျင့်သုံးပုံတို့နှင့် ပတ်သက်သည်။

ဥပဒေသုတေသနလမ်းကြောင်းတွင် အဓိကပြောင်းလဲမှုရှိ၊ မရှိဆိုသည်မှာ အငြင်းပွားဖွယ်ရာ ဖြစ်သည်။ သို့သော် အစောပိုင်းတွင်မှတ်သားထားသကဲ့သို့ Manderson နှင့် Mohr တို့၏ ဩစတေးလျ ဥပဒေကျောင်းများလေ့လာမှု တွေ့ရှိချက်တွင် ပါရဂူဘွဲ့ဆိုင်ရာ သုတေသန စီမံကိန်း အားလုံး၏ (၂၀) ရာခိုင်နှုန်းကသာ အယူအဆအခြေပြုဖြစ်ပြီး၊ အခြား (၂၀) ရာခိုင်နှုန်းက ဥပဒေပြုပြင်ပြောင်းလဲရေး၊ (၁၇) ရာခိုင်နှုန်းက 'သဘောတရားရေးရာဆိုင်ရာ'၊ အခြား (၁၇) ရာခိုင်နှုန်းက ပညာရပ်နယ်ပယ် တစ်ခုထက်ပိုသောနှင့် ကျန်ရှိသော (၂၆) ရာခိုင်နှုန်းက အပြည်ပြည်ဆိုင်ရာ သို့မဟုတ် နှိုင်းယှဉ်လေ့လာမှုပုံစံဖြစ်သည်ဟု ဖော်ပြခဲ့ကြပါသည်။[၆၃]

ဤတွေ့ရှိချက်များကို အခြေပြု၍ ဘွဲ့လွန်ဥပဒေကျောင်းသား အများအပြားသည် အရေအတွက် သို့မဟုတ် အရည်အသွေးအခြေပြုသုတေသန သို့မဟုတ် နှစ်ခုပေါင်းစပ်ခြင်းကို လုပ်ဆောင်နေကြောင်းထင်ရှားသည်။ ဤအခန်းသည် အရည်အသွေးအခြေပြု သုတေသနနှင့် သက်ဆိုင်သည်။ ယခင်က အယူအဆအခြေပြုနှင့် သဘောတရားရေးရာဆိုင်ရာ သုတေသန တို့အား လက်တွေ့မျက်မြင်အခြေပြုသောနည်းလမ်းကို အသုံးမပြုရုံမျှဖြင့် လက်တွေ့ အသုံးချ သုတေသန မဟုတ်ကြောင်း ရှုမြင်ကြသည်။ ဤသို့ဆိုလျှင် ယင်းသည် အရေအတွက် အခြေပြု သုတေသန မဟုတ်သကဲ့သို့ အရည်အသွေးအခြေပြု သုတေသနလည်းမဟုတ်ပါ။ သို့သော် ဤအခန်းတွင် အယူအဆအခြေပြုသုတေသနသည် ထက်အောက်စဉ်နှင့် အခွင့်အာဏာကို

ထည့်သွင်းစဉ်းစားလျက် စာရွက်စာတမ်းများ ရွေးချယ်ခြင်းနှင့် ချိန်ထိုး အကဲဖြတ်ခြင်းတို့အပြင် လူမှုရေးအကြောင်းအရာများအား နားလည်သဘောပေါက်ခြင်းနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း စသည့် ဖြစ်စဉ်တစ်ရပ်ရပ် ဖြစ်ခြင်းအပေါ်အခြေပြု၍ အရည်အသွေးအခြေပြု သုတေသန ဖြစ်သည်ဟု ဆိုထားသည်။ ဘွဲ့လွန်ကျောင်းသားများအား အယူအဆအခြေပြု သုတေသန လုပ်ဆောင်ခြင်းအား လမ်းညွှန်ရာတွင် လူမှုရေးသိပ္ပံပညာရပ်သုတေသနကို သုတေသန နည်းစနစ်၏ ရည်ရွယ်ချက်များဆိုသည့် အဓိပ္ပာယ်မျိုးဖြစ်သကဲ့သို့ ရည်ညွှန်းကိုးကားနိုင်သည်ဟု ကျွန်ုပ်တို့ ငြင်းခုံကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်သော ဥပဒေများ၊ အမှုများနှင့် တဆင့်ခံအရင်းအမြစ် ဥပဒေစာရွက်စာတမ်းများ ဖော်ထုတ်ခြင်းကို လူမှုရေးသိပ္ပံပညာရပ်ရှိ ပညာရပ်ဆိုင်ရာ စာပေသုံးသပ်လေ့လာခြင်းနှင့် ဆင်တူသည်ဟု ရှုမြင်နိုင်သည်။ Hutchinson နှင့် Duncan တို့က အယူအဆအခြေပြု သုတေသနသည် သမိုင်းကြောင်းဆိုင်ရာ နှင့်/ သို့မဟုတ် အကြောင်းအရာများကို ဆန်းစစ်လေ့လာမှု ပါဝင်နိုင်သည်ဟု မှတ်သားထားသည်။[၆၄]

အခြားဥပဒေသုတေသနကို အရည်အသွေးအခြေပြု သုတေသနအဖြစ် အတော်လေး ထူးခြားစွာ သတ်မှတ်နိုင်သည်။ ကျွန်ုပ်တို့က အဆိုပါ သုတေသနများကို ပြဿနာများ၊ မူဝါဒနှင့် ဥပဒေပြုပြင် ပြောင်းလဲရေးဟူသော ခေါင်းစဉ် (၃) ခု အောက်တွင် အမျိုးအစားခွဲခြားထားသည်။ အခြားအမျိုးအစားများလည်းရှိနိုင်သော်လည်း ဤအမျိုးအစားများက အဓိကလုပ်ဆောင်ကြသည့် အရည်အသွေးအခြေပြုသုတေသနများကို ဖော်ပြထားသည်ဟု အခိုင်အမာပြောနိုင်သည်။ အဆိုပါ သုတေသနများသည် ဥပဒေဆိုင်ရာ၊ လူမှုဥပဒေဆိုင်ရာ သို့မဟုတ် နှစ်ခုပေါင်းစပ်ထားခြင်း ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့ကလည်းသိရှိပါသည်။

ဤအခန်း၏အဓိကရည်မှန်းချက်မှာ ဘွဲ့လွန်ကျောင်းသားများကို အယူအဆအခြေပြု၊ သဘောတရားရေးရာဆိုင်ရာ၊ ပြဿနာ၊ မူဝါဒနှင့် ဥပဒေပြုပြင်ပြောင်းလဲရေး စသည့် အရည် အသွေးအခြေပြု ဥပဒေသုတေသနကို မည်ကဲ့သို့ အကောင်းဆုံးလုပ်ဆောင်ရမည်ကို ၎င်းတို့၏ ပညာရပ်ဆိုင်ရာ ကျမ်းကြီးကြပ်သူကဲ့သို့ ကောင်းစွာလမ်းညွှန်မှုပေးရန်ဖြစ်သည်။ ဥပဒေ သုတေသန အမျိုးအစားအားလုံးတွင် ဘုံတူညီသောအချက်မှာ သုတေသနမေးခွန်းကို စေ့စပ် သေချာစွာဖြင့် တိတိကျကျ သတ်မှတ်ရန်လိုအပ်ခြင်းဖြစ်သည်။ ထို့အပြင် သုတေသီက ပါဝင်ပတ်သက်သော မည်သည့်အရင်းအမြစ်ကိုမဆို ထည့်သွင်းစဉ်းစားရမည်။ ဤအရာက အချိန်ကာလ တစ်ခုတည်းအတွက်သာ ပူပန်ရသော အယူအဆအခြေပြုသုတေသနအတွက် ပြဿနာမဟုတ်ပါ။ သို့သော် ဥပမာအားဖြင့် လူတွေ့တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခြင်းနှင့် တရားရုံး လေ့လာမှုများတွင် အဓိကအရင်းအမြစ်များ ပါဝင်မည်ဖြစ်သော်လည်း ငွေကြေး မရှိခြင်း သို့မဟုတ် ကန့်သတ်ချက်ရှိသော ငွေကြေးထောက်ပံ့မှုတို့ဖြင့် တစ်ယောက်တည်း လုပ်ဆောင်ရသော အခါမျိုး၌ ဘွဲ့လွန်ကျောင်းသားတွင် စိုးရိမ်ပူပန်စရာရှိသည်။

ဤသည်က ရွေးချယ်ထားသော သုတေသနနည်းစနစ်အပေါ် ပြန်လည်သက်ရောက်မှု ရှိလိမ့်မည်။ အယူအဆအခြေပြုနှင့် သဘောတရားရေးရာဆိုင်ရာသုတေသနအတွက် လူမှုရေး သိပ္ပံပညာရပ်ဆိုင်ရာ စာပေသုံးသပ်လေ့လာမှုများ၏ နည်းစနစ်အတိုင်း ကျွန်ုပ်တို့ အကြံပြုထားသည်။ ပြဿနာ၊ မူဝါဒနှင့် ဥပဒေပြုပြင်ပြောင်းလဲရေးသုတေသနအတွက် သုတေသနနည်းစနစ်များစွာရှိသည်။ ၎င်းတို့တွင် ပညာရပ်ဆိုင်ရာစာပေသုံးသပ်လေ့လာမှုအပြင် တွေ့ဆုံမေးမြန်းမှုများ၊ စစ်တမ်းကောက်ယူမှုများနှင့် လေ့လာစူးစမ်းမှုများပါဝင်သည်။ လူမှုရေးသိပ္ပံနှင့် လူမှုဥပဒေသုတေသန နည်းစနစ်စည်းမျဉ်းများ သို့မဟုတ် လမ်းညွှန်ချက်များသည် အသုံးဝင်သော စံအမှတ်အသား ဖြစ်သည်။ ၎င်းတို့တွင် ဦးတည်အုပ်စုကို မှန်ကန်စွာ သတ်မှတ်ရန်၊ ခိုင်လုံသောအချက်အလက် စုဆောင်းရန်၊ သင့်လျော်သော လေ့လာဆန်းစစ်မှုနည်းလမ်း ကို အသုံးပြုရန်၊ အချက်အလက် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို အခြေပြုရန် တို့ပါဝင်သည်။

ထို့အပြင် သုတေသီသည် အချက်အလက်များကို ရနိုင်သမျှကောက်ယူ စုဆောင်းသင့်သည်။ အချက်အလက်စုဆောင်းမှု လုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရမည်။ အချက်အလက်စုဆောင်းရာတွင် ဘက်လိုက်မှုကို ရှောင်ရှားသောနည်းလမ်းဖြင့် ကောက်ယူသင့်သည်။ ဤစည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကိုပုံဖော်ပြသနိုင်ရန် ကျပန်းနည်းဖြင့် ရွေးချယ် ထားသော စာတမ်းပုံစံ ထုတ်ဝေထားသည့် သုတေသနစီမံကိန်းများနှင့် အစီရင်ခံစာများကို ရွေးချယ်ထားသည်။ ဤနမူနာများကို နှိုင်းယှဉ်နိုင်ရန်ရည်ရွယ်၍ အုပ်စုတူ ဖွဲ့ထားသည်။ လိုအပ်ချက်များ ဖော်ထုတ်တွေ့ရှိထားလျှင်လည်း သုတေသနသည် တန်ဖိုးမရှိဟု ဖော်ပြရန် မဟုတ်ပါ။ လိုအပ်ချက်များ သို့မဟုတ် ဝေဖန်မှုများကို ဖော်ထုတ်သည်မှာ ဘွဲ့လွန်ကျောင်းသားများကို သတိပေးရန်နှင့် အခြားသော သုတေသနများကို ကိုးကား၍ အဆိုပါပြဿနာများကို မည်ကဲ့သို့ ရှောင်ရှားနိုင်ကြောင်း အကြံပြုရန်ဖြစ်သည်။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ


L. Bartels, 'To Suspend or Not to Suspend: A Qualitative Analysis of Sentencing Decisions in the Supreme Court of Tasmania' (2009) 28(1) *University of Tasmania Law Review* 23.

R. C. Berring, 'Legal Research and Legal Concepts: Where Form Molds Substance' (1987) 75 *California Law Review* 15.

R. C. Berring, 'Collapse of the Structure of the Legal Research Universe: The Imperative of Digital Information' (1994) 69 *Washington Law Review* 9.

R. C. Berring, 'On Not Throwing Out the Baby: Planning the Future of Legal Information' (1995) 83 *California Law Review* 615.

R. Carson, R. Kaspiew, S. Moore, J. Deblaquiere, J. De Maio and B. Horshall, 'The Role and Efficacy of Independent Children's Lawyers' (2014) 94 *Family Matters* 58.

S. Davies, 'From Law to "Legal Consciousness": A Socio-legal Pedagogical Expedition' (2013) 29(2) *Law in Context* 42.

M. Duggan and D. Isenbergh, 'Commentary: Poststructuralism and the Brave New World of Legal Research' (1994) 86 *Law Library Journal* 829.

C. N. Edwards, 'In Search of Legal Scholarship: Strategies for the Integration of Science into the Practice of Law' (1998) 8 *Southern California Interdisciplinary Law Journal* 1.

J. A. Farmer, 'A Poststructuralist Analysis of the Legal Research Process' (1993) 85 *Law Library Journal* 391.

K. Howey, 'Normalising What? A Qualitative Analysis of Aboriginal Land Tenure Reform in the Northern Territory' (2014-15)18(1) *Australian Indigenous Law Review* 4.

T. Hutchinson, *Researching and Writing in Law* (2nd edn) (Pyrmont, New South Wales: Lawbook Co., 2006).

T. Hutchinson and N. Duncan, 'Defining and Describing What We Do: Doctrinal Legal Research' (2012) 17(1) *Deakin Law Review* 83.

P. Keyzer and B. McSherry, 'The Preventive Detention of Sex Offenders: Law and Practice' (2015) 38(2) *University of New South Wales Law Journal* 792.

K. L. Koch, 'A Multidisciplinary Comparison of Rules-Driven Writing: Similarities in Legal Writing, Biology Research Articles, and Computer Programming' (2005) 55 *Journal of Legal Education* 234.

M. Leiboff and M. Thomas, *Legal Theories in Principle* (Pyrmont, New South Wales: Lawbook Co., 2004).

G. Mitchell, 'Empirical Legal Scholarship as Scientific Dialogue' (2004) 83 *North Carolina Law Review* 167.

D. Monsma, 'The Academic Equivalence of Science and Law: Normative Legal Scholarship in the Quantitative Domain of Social Science' (2006) 23 *Thomas M.Cooley Law Review* 157.

L. Noaks and E. Wincup, *Criminological Research: Understanding Qualitative Methods* (London: Sage, 2004).

P. Ogden, 'Mastering the Lawless Science of Our Law: A Story of Legal Citation Indexes' (1993) 85 *Law Library Journal* 1.

N. Pantaloni, 'Legal Databases, Legal Epistemology, and the Legal Order' (1994) 86 *Law Library Journal* 679.

A. Powell, N. Henry, A. Flynn and E. Henderson, 'Meanings of "Sex" and "Consent"' (2013) 22(2) *Griffth Law Review* 456.

G. Samuel, 'Is Law Really a Social Science? A View from Comparative Law' (2008) 67(2) *Cambridge Law Journal* 2.

## မှတ်စုများ

[၁] L. Epstein and G. King, 'Empirical Research and the Goals of Legal Scholarship: The Rules of Inference' (2002) 69 *University of Chicago Law Review*, 1.

[၂] Ibid., 115-16.

[၃] R. L. Revesz, 'Empirical Research and the Goals of Legal Scholarship: A Defense of Empirical Legal Scholarship' (2002)69 *University of Chicago Law Review* 169,171.

[၄] D. Manderson and R. Mohr, 'From Oxymoron to Intersection: An Epidemiology of Legal Research' (2002) 6 *Law/Text/Culture* 159.

[၅] Epstein and King, note 1 above.

[၆] လက်ရှိအချိန်တွင် UTS က အမ် အေ နှင့် ပီအိတ်(ချ်) ဒီ သင်တန်း ဘာသာရပ်များအတွက် မယူမနေရ သုတေသနအပိုင်းများကိုသင်ကြားရန်ထည့်သွင်းကမ်းလှမ်းထားသည်။

[၇] အဆိုပါ အမျိုးအစားများကိုတစ်ခုတည်းသာလက်ခံရမည်မဟုတ်ဘဲ သုတေသနစီမံကိန်း တစ်ခုက သုတေသနနယ်ပယ်များစွာပါဝင်လွှမ်းခြုံနိုင်သည် ဟု မှတ်သားရမည်။

[၈] မှတ်ချက်-သာဓက- ဗြိတိသျှပြည်ထဲရေးဌာနရုံးနှင့်ဩစတေးလျဥပဒေပြုပြင်ပြောင်းလဲရေး ကော်မရှင်။

[၉] Epstein and King, note 1 above, 2-3.

[၁၀] Manderson and Mohr, note 4 above, 164. စာရေးသူတို့သည် အားကိုးအားထားပြုနိုင်မည့် လတ်တလောသုတေသနကိုမတွေ့ထားပါ။ သို့ရာတွင်တစ်ခုထက်ပိုသော ပညာရပ်နယ်ပယ်နှင့် လူမှုရေး ဥပဒေသုတေသနကို ပိုမိုဗဟိုပြုထားသည်လည်း ရှိနိုင်ပါသည်။ သာဓကအနေဖြင့် S. Davies, 'From Law to "Legal Consciousness": A Socio-legal Pedagogical Expedition' (2013) 29(2) Law in Context 42. ကိုကြည့်ပါ။

[၁၁] Epstein and King, note I above, 3. သို့ရာတွင် စာရေးသူတို့က 'စံနှုန်းအခြေပြုက အဓိက

ရည်ရွယ်ချက်ဖြစ်သော စာတမ်းအများအပြား၌ပင်လျှင် ၎င်းတို့၏ စံနှုန်းအခြေပြု ဆိုလိုရင်းကို ထောက်ခံရန်အတွက် လက်တွေ့မျက်မြင်အကြောင်းပြချက်များကို မကြာခဏအသုံးပြုလေ့ရှိသည်’ ဟုခြွင်းချက်ပြုထားသည်။

[၁၂] See, for example, G. Samuel, ‘Is Law Really a Social Science? A View from Comparative Law’ (2008) 67 (2) Cambridge Law Journal 288; D. Monsma, ‘The Academic Equivalence of Science and Law: Normative Legal Scholarship in the Quantitative Domain of Social Science’ (2006) 23Thomas M. Cooley Law Review 157.

[၁၃] G. Williams, Learning the Law 12th edn) (London: Sweet & Maxwell, 2002).

[၁၄] Ibid., 206-7.

[၁၅] သုတေသနနည်းစနစ်၏ကျယ်ပြန့်သော(လူမှုရေးသိပ္ပံ) စာပေအစု ကိုဂရုပြုပါ။ အရည်အသွေးအခြေပြုရှုဒေါင့်မှ ကြည့်လျှင် နမူနာ၊ စစ်တမ်းမေးခွန်းပုံစံ၊ တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ စာပေ ပါဝင်သည်။

[၁၆] Epstein and King, note 1 above.

[၁၇] T. Hutchinson, Researching and Writing in Law (2nd edn) (Pyrmont, New South Wales: Lawbook Co., 2006) 31–42.

[၁၈] Ibid., 85.

[၁၉] Ibid., 87.

[၂၀] T. Hutchinson and N. Duncan, ‘Defining and Describing What We Do: Doctrinal Legal Research’ (2012) 17(I) Deakin Law Review 83

.

[၂၁] K.M. Hansen, ‘The US Legal System: Common Values, Uncommon Procedures’ (2004) 69 Brokyln Law Review 702.

[၂၂] D. Ezzy, *Qualitatives Analysis, Practice and Innovation* (Crows Nest, NewSouth Wales: Allen & Unwin, 2002) 5.

[၂၃].Manderson and Mohr, note 4 above, 162.

[၂၄] Epstein and King, note I above, 9.

[၂၅] Hutchinson and Duncan, note20 above, 119.

[၂၆] J. O. Davidson and D. Layder, *Methods, Sex and Madness* (London: Routledge, 1994) 35.

[၂၇] A. Fink, Conducting Research Literature Reviews: From the Internet to
Paper (2nd edn) (Thousand Oaks, CA: Sage) 3.

[၂၈] Ibid., 3-5.

[၂၉] Manderson and Mohr, note 4 above, 159.

[၃၀] အညွှန်းစနစ်အမျိုးအစားကဲ့သို့ အမှုအညွှန်း၏ဆွေးနွေးချက်အတွက် P. Ogden, 'Mastering the Lawless Science of Our Law: A Story of Legal Citation Indexes' (1993) 85Law Library Journal 1. ကိုကြည့်ပါ။

[၃၁] Acts Interpretation Act 1901 (Cth) s 15AA. See also Australian state equivalents. ဗြိတိသျှနိုင်ငံတွင် the Interpretation Act 1978(UK) က မူရင်းမဟုတ်သောစာရွက်စာတမ်းများကိုခွင့်မပြု၊ သို့သော် Pepper (Inspector of Taxes) v. Hart [1993] 1 All ER 42, [1993] AC 593 (စကားလုံးများက ဒွိဟဖြစ်နေခြင်း၊ မရှင်းလင်း၊ မရှင်းသောအခြေအနေကိုဖြစ်စေသော ပါလီမန်စာရွက်စာတမ်းများ ကိုးကားချက်) ကိုကြည့်ပါ။ အမေရိကန်ပြဋ္ဌာန်းဥပဒေ အနက်အဓိပ္ပာယ် ဖွင့်ဆိုသောထုံးနည်း၏ စာပေစုစည်းမှုကို K. Llewellyn, 'Remarks on Theory of Appellate Decisions and the Rules or Cannons About How Statutes are to be Construed' (1959) 3 Vanderbilt Law Review 395 တွင် တွေ့နိုင်ပါသည်။

[၃၂]အဓိက ဥပဒေပြဋ္ဌာန်းစာအုပ်အရေးပါမှု၏တစ်ခုသောသာဓကအတွက်F. R. Shapiro, 'The Most-Cited Legal Books Published since 1978' (2000) 29 Journal of Legal Studies 397. The works cited are listed at http://lib.law.washington.edu/ref/mostcited.html (this is a US analysis) ကိုကြည့်ပါ။

[၃၃] R. C. Berring, 'Symposium on Law in the Twentieth Century: Legal Information and the Search for Cognitive Authority' (2000) 88 California Law Review 1688, 1890. See also M. E. Katsh, Law in a Digital World (New York: Oxford University Press, 1995).

[၃၄] For an overview of the impact on Boolean searching on legal research, see C. M. Bast and R. C. Pyle, 'Legal Research in the Computer Age: A Paradigm Shift?' (2001) 93 *Law Library Journal* 285.

[၃၅] Manderson and Mohr, note 4 above.

[၃၆] Hansen, note 21 above, 689.

[၃၇] 37. See, for example, R. Mersky and D. Dunn, *Fundamentals of Legal Research (University Textbook Series)* (8th edn) (New York: West Group, 2002); Hutchinson, note 17 above; P. A. Thomas and J. Knowles, *Knowles & Thomas: Effective Legal Research* (London: Sweet & Maxwell, 2006).

[၃၈] Fink, note 27 above, 138.

[၃၉] Epstein and King, note 1 above, 99

[၄၀] P. Keyzer and B. McSherry, 'The Preventive Detention of Sex Offenders: Law and Practice' (2015) 38(2) University of New South Wales Law Journal 792, at 793.

[၄၁] Ibid.

[၄၂] Ibid.

[၄၃] Ibid.

[၄၄] A. Powell, N. Henry, A. Flynn and E. Henderson, ‘Meanings of “Sex” and “Consent”’ (2013) 22(2) Griffth Law Review 456.

[၄၅] Keyzer and McSherry, note 40 above, 793.

[၄၆] Powell, Henry, Flynn and Henderson, note 44 above, 457

[၄၇] K. Howey, ‘Normalising What? A Qualitative Analysis of Aboriginal Land Tenure Reform in the Northern Territory’ (2014-15) 18(1) Australian Indigenous Law Review 4.

[၄၈] R. Carson, R. Kaspiew, S. Moore, J. Deblaquiere, J. De Maio and B.Horshall, ‘The Role and Efficacy of Independent Children’s Lawyers’ (2014) 94 Family Matters 58.

[၄၉] Epstein and King, note 1 above, 99.

[၅၀]L. Bartels, ‘To Suspend or Not to Suspend: A Qualitative Analysis of Sentencing Decisions in the Supreme Court of Tasmania’ (2009) 28(1) University of Tasmania Law Review 23.

[၅၁] Powell, Henry, Flynn and Henderson, note 44 above, 458.

[၅၂] Ibid.

[၅၃] Howey, note 47 above, 4.

[၅၄] Ibid.

[၅၅] Ibid., 5.

[၅၆] Ibid.,8.

[၅၇] Epstein and King, note 1 above.

[၅၈]Powell, Henry, Flynn and Henderson, note 44 above, 476.

[၅၉] Howey, note 47above, 19.

[၆၀] Keyzer and McSherry, note 40 above, 822.

[၆၁] Carson, Kaspiew, Moore, Deblaquiere, De Maio and Horshall, note 48 above, 68.

[၆၂] Bartels, note 50 above, 62.

[၆၃] Manderson and Mohr, note 4 above.

[၆၄] Hutchinson and Duncan, note 20 above, 117-18

# အခန်း (၂)
# အရေအတွက်အခြေပြုဥပဒေသုတေသန
## Wing Hong Chui

## နိဒါန်း

လူမှုရေးရာဥပဒေသုတေသန[၁]တွင် အရေအတွက်အခြေပြုချဉ်းကပ်မှုများကို အသုံးပြုခြင်း၏ အကြောင်းပြချက်နှင့် အားသာချက်များကို မိတ်ဆက်ရန်သာမက ဤချဉ်းကပ်မှုများသည် လူမှုရေးရာဥပဒေသုတေသန၊ ပြစ်မှုဆိုင်ရာ တရားမျှတမှု အကြောင်းအရာများနှင့် မည်သို့ သင့်လျော်ကြောင်း သရုပ်ဖော်ပြသရန်တို့သည် ဤအခန်း၏ ရည်ရွယ်ချက်များဖြစ်သည်။ အရေအတွက်အခြေပြုသုတေသနနည်းလမ်းများအသုံးပြုခြင်းဖြင့် ထွက်ပေါ်လာသည့် မေးခွန်းများစွာကို ဖြေဆိုရန်အတွက် ဒီဇိုင်းရေးဆွဲ မိတ်ဆက်တင်ပြထားသည့် အခန်း ဖြစ်သည်။ ဥပမာအားဖြင့် ဤနည်းလမ်း၏ အဓိကရည်ရွယ်ချက်က ဘာဖြစ်ပါသလဲ? သုတေသနဆိုင်ရာ ယေဘုယျလုပ်ငန်းစဉ်တွင် သီးခြား ဆောင်ရွက်ရမည့်အဆင့်များက ဘာဖြစ်ပါသလဲ? စုံစမ်းစစ်ဆေးမှုမှ ရရှိလာသည့် အချက်အလက်မှုကြမ်းများအနက် မည်သည့် အချက်အလက်များကို အရေအတွက်အခြေပြုသုတေသနပညာရှင်များက မည်သည့်နည်းလမ်းဖြင့် ထုတ်နှုတ်ရရှိပါသလဲ? ယုံကြည်စိတ်ချရပြီး ကျိုးကြောင်းညီညွတ်ခိုင်လုံသည့် အချက်အလက်များအား သုတေသနပညာရှင်များက မည်သို့ ကောက်ယူပါသလဲ? အရည်အတွက်အခြေပြုအချက်အလက် ခွဲခြမ်းစိတ်ဖြာလေ့လာ ဆန်းစစ်ခြင်း၏ အသုံးများသည့် နည်းလမ်းများမှာ ဘာဖြစ်ပါသလဲ? ဤမေးခွန်းများအား နည်းစနစ်တကျ ဖြေဆိုခြင်းဖြင့် ကျောင်းသားများနှင့် တက္ကသိုလ်ပညာရှင်များသည် ဗဟုသုတဆည်းပူးရန်အတွက်သာမက ဥပဒေနှင့် တရားမျှတမှု နယ်ပယ်များတွင် အရေအတွက်အခြေပြု သုတေသနအား ကျယ်ကျယ်ပြန့်ပြန့် ကောင်းကောင်းမွန်မွန် အသုံးပြုနိုင်မည် ဖြစ်ကြောင်း မျှော်လင့်ရသည်။

ဥပဒေကျောင်းသားအချို့၊ အသက်မွေးဝမ်းကြောင်းလုပ်ကိုင်လျက်ရှိသည့် ရှေ့နေများနှင့် ဥပဒေပညာရှင်များသည် ဥပဒေ၏ ရှုထောင့်ပေါင်းစုံနှင့် ဥပဒေစနစ်များ၏ လည်ပတ်ဆောင်ရွက်ပုံကို စစ်ဆေးရာတွင် လူမှုရေးရာ သုတေသနနည်းလမ်းများကို အသုံးပြုခြင်း၏ သင့်လျော်မှုအား မေးခွန်းထုတ်ကြသည်။ ဥပမာအားဖြင့် Lloyd E. Ohlin က သူ၏ လေ့လာတွေ့ရှိချက်အား အောက်ပါအတိုင်း မျှဝေခဲ့သည်–

> အခြားပြည်သူ့ရေးရာမူဝါဒနည်းလမ်းများအား ရွေးချယ်ရန်အတွက် အခြေခံများနှင့် လူမှုရေးရာပြဿနာများကို ဖြေရှင်းခြင်းနှင့် ဆက်စပ်သည့် ဆွေးနွေးချက်များအား ဥပဒေ

> ကျောင်းသားများက ပိုမို စိတ်ဝင်စား ကြသည်။ မတူညီသည့် အယူအဆရေးရာ အဆိုပြုချက်များအတွက် သက်သေအချက်အလက် အသေးစိတ်နှင့် သုတေသန ဒီဇိုင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများ၊ လူမှုရေးသိပ္ပံပညာရှင်များ၏ စိတ်ပါဝင်စားမှုအား သီအိုရီ ရေးဆွဲခြင်းနှင့် ပတ်သက်၍ ကျောင်းသားများက သည်းခံနိုင်မှုနည်းပါး ကြသည်။[၂]

အလားတူပင် Julius G. Getman က အောက်ပါအတိုင်း အသိအမှတ်ပြုထားသည်-

> [လက်တွေ့မျက်မြင် အခြေပြု] သုတေသနကို ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့် အချိန်ပမာဏသည် အစဉ်အလာဥပဒေလေ့လာဆန်းစစ်သည့် ဆောင်းပါး များရေးသားရန် ပေးရသည့် အချိန်နှင့် နှိုင်းယှဉ်ပါက အလွန်များပြားသည်.... ဥပဒေ ပညာကို စနစ်တကျလေ့လာလိုသည့် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဘက်များကမူ ၎င်းလက်တွေ့မျက်မြင်အခြေပြု သုတေသနပြုခြင်းအား အဆင့်နိမ့်သည်ဟု ယူဆ ကြသည်။ ဥပမာ လူ့အခွင့်အရေးစံနမူနာပုံစံတစ်ခု သို့မဟုတ် အမေရိကန် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပထမဆုံး ပြင်ဆင်ဖြည့်စွက်ချက်ဆိုင်ရာ သီအိုရီအသစ် ရေးဆွဲခြင်းကဲ့သို့ ရှိသင့်ရှိထိုက်သည့် အသိဉာဏ်သည် လက်တွေ့မျက်မြင်သုတေသနတွင် ပါရှိရန် မလိုအပ်ကြောင်း ၎င်းတို့က ယုံကြည်ကြသည်။[၃]

လက်တွေ့မျက်မြင်အခြေပြုသုတေသနနှင့် ဆန့်ကျင်ဘက်အားဖြင့် အယူအဆအခြေပြု သုတေသနအား လက်ခံမှုအရှိဆုံး သုတေသနစံနမူနာအဖြစ် သတ်မှတ်ကြသည်။[၄] အယူအဆ အခြေပြုသုတေသနသည် စာကြည့်တိုက် အခြေပြု၍ စာပေအား အလေးထားဖတ်ရှုခြင်း ဖြစ်ပြီး မူလအရင်းခံ အရင်းမြစ်များ [ဥပမာ ပြဋ္ဌာန်းဥပဒေနှင့် စီရင်ထုံး ဥပဒေ] နှင့် [ဥပဒေအဘိဓာန်၊ ပြဋ္ဌာန်းစာအုပ်များ၊ ဂျာနယ်ဆောင်းပါးများ၊ အမှုတွဲ စာပဒေသာနှင့် ဥပဒေစွယ်စုံကျမ်း ကဲ့သို့][၅] တဆင့်ခံရရှိသည့်အရင်းအမြစ်ကို ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်း ဖြစ်သည်။ ဥပဒေ သုတေသနပြဋ္ဌာန်းစာအုပ် အများအပြားအား သုံးသပ်လေ့လာသောအခါ အဆိုပါစာအုပ်များပါ အကြောင်းအရာ အများစုသည် ဖြစ်ရပ်မှန် အချက်အလက်များနှင့် ဥပဒေဆိုင်ရာပြဿနာများအား သတ်မှတ်ဖော်ထုတ်ကာ ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်းနှင့် သက်ဆိုင်ကြောင်း တွေ့ရှိရသည်။ ၎င်းစာအုပ်များအကြား မည်သည့်စာတမ်းကမျှ ဥပဒေရေးရာ လေ့လာမှုများတွင် လက်တွေ့ မျက်မြင်အခြေပြုသုတေသန ထည့်သွင်းအသုံးပြုမှုအကြောင်းကို မဆွေးနွေးထားကြပေ။[၆] သို့ရာတွင် လူမှုရေးသိပ္ပံပညာရပ်ဆိုင်ရာ အသိအမြင်များနှင့် သုတေသနနည်းလမ်းများကို ထိထိရောက်ရောက် ပိုမို အသုံးချရန် ရှေ့နေများအား ဥပဒေပညာရှင်အများအပြားက တောင်းဆို ကြသည်။ ဥပဒေပညာနှင့် လူမှုရေးသိပ္ပံ ပညာအကြား ပေါင်းစပ်ဆောင်ရွက်ခြင်းသည် ဥပဒေစနစ်နှင့် ၎င်း၏ စီမံအုပ်ချုပ်မှုကို မြှင့်တင်စေသည်သာမက ဥပဒေပြုပြင်ပြောင်းလဲရေးကို

လမ်းညွှန်ပေးခြင်းကိုပါ ရည်ရွယ်ကြောင်း အဆိုပါပညာရှင်များက အသိအမှတ်ပြု ကြသည်။[၇] ဥပမာ ဥပဒေအပေါ် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုနှင့် ဥပဒေစနစ်၏ အလုပ်လုပ်ပုံများကို ပိုမိုမြင့်မားစွာ သိမြင်နိုင်ရန်အတွက် လက်တွေ့မျက်မြင်အခြေပြုသုတေသနအား ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုရန် Lee E. Teitelbaum က အောက်ပါအတိုင်း ရှင်းလင်းတိကျစွာ အကြံပြု တိုက်တွန်းသည်–

> ဥပဒေသည် ရလဒ်တချို့ထွက်ပေါ်စေရေး ရည်ရွယ်ပါက ၎င်းဥပဒေများသည် *မျှော်လင့် ထားသည့်* ရလဒ်များအား *အမှန်* ထွက်ပေါ်စေခြင်း ရှိမရှိ၊ *အခြား* ရလဒ်များအား ထွက်ပေါ်ခြင်း ရှိမရှိနှင့် သတ်မှတ် ဖော်ထုတ်သည့် ရလဒ်များသည် တစ်ဦးတစ်ယောက်က ကြိုတင်မျှော်လင့်သကဲ့သို့ ဥပဒေ၏ အကျိုးအကြောင်းနှင့် ညီညွတ်မှုရှိမရှိ မေးခွန်း များအား စစ်ဆေးရန် အရေးကြီးသည်။ [စာလုံးစောင်းများသည် မူရင်းစာသားဖြစ်သည်][၈]

ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုရသော် လူမှုရေးသိပ္ပံပညာ သုတေသနနည်းလမ်းများအား အရေအတွက် အခြေပြုနှင့် အရည်အသွေးအခြေပြုနည်းလမ်းများဟု နှစ်မျိုး ခွဲခြားနိုင်သည်။ ဤအခန်းတွင် အယူအဆ အခြေပြု နည်းလမ်းမဟုတ်သည့် အရေအတွက်အခြေပြုနည်းလမ်းအား မိတ်ဆက်တင်ပြထားသည်။ ဥပဒေ၊ ဥပဒေရေးရာ ဆောင်ရွက်သူများနှင့် ဥပဒေရေးရာ ဆောင်ရွက်ချက်များ၏ ရှုပ်ထွေးမှုကို စုံစမ်းစစ်ဆေးရန်အလို့ငှာ အရေအတွက် အခြေပြု သုတေသနနည်းလမ်းအား အစဉ်အလာဥပဒေသုတေသနအတွက် နောက်ဆက်တွဲနည်းလမ်းအဖြစ် အသုံးပြုကြောင်း ယခုမှစ အလေးထား ဖော်ပြသွားမည် ဖြစ်သည်။ အထူးသဖြင့် ပြစ်မှုဆိုင်ရာ တရားမျှတမှုနှင့် ပြစ်မှုဗေဒ[၉]၊ ကုမ္ပဏီဥပဒေ[၁၀]နှင့် မိသားစုဆိုင်ရာ ဥပဒေ[၁၁]နယ်ပယ်များအတွက် အရေအတွက်အခြေပြု သုတေသန နည်းလမ်းသည် ထိထိရောက်ရောက် အားကောင်းပါသည်။ ဤသုတေသနနည်းလမ်းအား ဘက်ပေါင်းစုံမှ ကောင်းစွာ နားလည်သဘောပေါက်ခြင်းဖြင့် အချက်အလက်များအား သိပ္ပံနည်းကျနှင့် နည်းစနစ်တကျ မည်သို့ စုဆောင်း ပြီးနောက် ခွဲခြမ်း စိတ်ဖြာလေ့လာဆန်းစစ်ရပုံနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များကို ဖန်းတီးပေးသည်။[၁၂]

အခန်း၏ ကျန်သောအပိုင်းအား အစိတ်အပိုင်း (၅) ခုအဖြစ် ထပ်မံ ခွဲခြား တင်ပြထား ပါသည်။ ပထမအပိုင်းတွင် အရေအတွက်အခြေပြုနည်းလမ်းများ၏ ရည်ရွယ်ချက်များနှင့် အဓိက အင်္ဂါရပ်များအား အကျဉ်းချုံး၍ အရည်အသွေးအခြေပြုနည်းလမ်းများနှင့် နှိုင်းယှဉ် တင်ပြ ထားသည်။ အရေအတွက်အခြေပြု သုတေသနရှိ သီအိုရီ၏ အခန်းကဏ္ဍကို ဒုတိယအပိုင်းတွင် ဆန်းစစ်ထားသည်။ တတိယအပိုင်းတွင် လက်တွေ့မျက်မြင်အခြေပြု သုတေသနအတွက် နမူနာ ရွေးချယ်ခြင်း နည်းဗျူဟာများနှင့် အယူအဆများကို တိုင်းတာခြင်းကဲ့သို့ သုတေသနဒီဇိုင်းများအား ခွဲခြမ်းစိတ်ဖြာ ဖော်ပြထားသည်။ အစဉ်အလာနှင့် ခေတ်ပြိုင် အရေအတွက် အခြေပြုလေ့လာမှု

များအား ဥပမာများဖြင့် သရုပ်ဖော်ခြင်းဖြင့် စတုတ္ထအပိုင်းသည် စစ်တမ်းကောက်ယူခြင်း၊ လက်တွေ့သုတေသနပြုခြင်းနှင့် တဆင့်ခံရရှိသည့် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်းစသည့် အချက်အလက်ကောက်ယူသည့် အဓိကနည်းစနစ်များ အကြောင်း အလေးပေးဖော်ပြထားသည်။ နည်းစနစ် တစ်ခုချင်းစီ အသုံးပြုခြင်း၏ ကျိုးကြောင်းဆီလျော်မှု၊ အားသာချက်နှင့် အားနည်းချက်များကို အထူးပြု ဖော်ထုတ်သွားမည် ဖြစ်သည်။ အရေအတွက်အခြေပြု အချက်အလက် ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်မှုအပေါ် ဆွေးနွေးပြီးနောက် အရေအတွက် အခြေပြုသုတေသနရှိ ကျင့်ဝတ်ဆိုင်ရာ ပြဿနာများကို ဆန်းစစ်ခြင်းဖြင့် ဤအခန်းကို အဆုံးသတ်ထားသည်။

## အရေအတွက်အခြေပြုသုတေသနအား မည်သည့်အတွက်ကြောင့် လေ့လာပါသလဲ?

### အရေအတွက်အခြေပြုသုတေသန၏ အင်္ဂါရပ်များ

အရေအတွက်အခြေပြုနည်းလမ်းသည် သုတေသနဆောင်ရွက်ရန်အတွက် လူမှုရေးသိပ္ပံပညာရပ်မူဘောင်များ သို့မဟုတ် ချဉ်းကပ်မှုများအနက် နည်းလမ်းတစ်ခု ဖြစ်သည်။ စိတ်ပညာ၊ လူမှုရေးပညာ၊ နိုင်ငံရေးသိပ္ပံနှင့် ဥပဒေရေးရာလေ့လာမှုများကဲ့သို့ မတူညီသည့် ပညာရပ်နယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပြီးဖြစ်သည်။[၃၃] အရေအတွက်အခြေပြု ချဉ်းကပ်မှုကို Martyn Hammersley က အောက်ပါအတိုင်း ရှင်းလင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုထားသည်–

> ‘အရေအတွက်အခြေပြုနည်းလမ်း’ အသုံးအနှုန်းသည် သိပ္ပံနည်းကျသုတေသန စံနမူနာပုံစံအဖြစ် သဘာဝ သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်မှုများကို ချမှတ်ကျင့်သုံးခြင်းဟု အများအားဖြင့် ရည်ညွှန်းကြသည်။ ၎င်း၏ အဓိက အင်္ဂါရပ်များမှာ လေ့လာသည့် ဖြစ်ရပ်များအား အရေအတွက်အနေဖြင့် တိုင်းတာခြင်းဖြစ်ပြီး အဆိုပါ ဖြစ်ရပ်များအား လွှမ်းမိုးလျက်ရှိသည့် သီအိုရီဆိုင်ရာ အချက်အလက်များအား နည်းစနစ်တကျ ထိန်းချုပ်ခြင်း ဖြစ်သည်။[၃၄]

အရေးကြီးသည့် အချက်များအနေဖြင့် အရေအတွက်အခြေပြုချဉ်းကပ်မှုများသည် ဇယား (၂.၁) တွင် ဖော်ပြထားသကဲ့သို့ အရည်အသွေးအခြေပြု ချဉ်းကပ်မှုများနှင့် ကွဲပြားခြားနားသည်။ အရည်အသွေးအခြေပြု သုတေသနနှင့် ဆန့်ကျင်ဘက်အားဖြင့် တစ်ဦးတစ်ယောက်က စိတ်ဝင်စားမှုရှိသည့် အပြုအမူ သို့မဟုတ် ဖြစ်ရပ်တစ်ခုကို ရှင်းလင်းဖော်ပြရာတွင် လက်ရှိ သီအိုရီများ၏ သင့်လျော်မှုအား လက်တွေ့စမ်းသပ်ရန် သို့မဟုတ် အတည်ပြု စစ်ဆေးရန်အတွက်

အရေအတွက်အခြေပြုသုတေသနကို အသုံးပြုသည်။ ဤလုပ်ငန်းစဉ်သည် လူမှုရေးရာ ဖြစ်ရပ် သို့မဟုတ် အပြုအမူကို နားလည်သဘောပေါက်ရန်အလို့ငှာ အသိအမြင်သစ်များကို ဖော်ထုတ်ခြင်း သို့မဟုတ် သီအိုရီအသစ်များ တည်ဆောက်ခြင်းတို့နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည်။[၁၅] အရေအတွက်အခြေပြုသုတေသနသည် ကိန်းဂဏန်းများ၊ စာရင်းအင်းဇေဒ၊ ခိုင်မာသည့် အချက်အလက်များနှင့် သက်ဆိုင်ပြီး အရည်အသွေးအခြေပြု သုတေသနသည် အများအားဖြင့် စကားလုံးပုံစံများ ဖြစ်သည်။ သုတေသနပြုရန် ဖွဲ့စည်းတည်ဆောက်ရာတွင် အရည်အသွေး အခြေပြု သုတေသနပညာရှင်များသည် အရေအတွက်အခြေပြု သုတေသနပညာရှင်များထက် ပိုမို လိုက်လျောညီထွေ ရှိကြသည်။ အရေအတွက်အခြေပြု သုတေသနဆောင်ရွက်သောအခါ စည်းမျဉ်းများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများဖြင့် လိုက်နာဆောင်ရွက်သင့်သည်။ ဤအခန်း၏ ရှေ့လာမည့် အပိုင်းတွင် စည်းမျဉ်းများအကြောင်း အသေးစိတ် လေ့လာသွားမည် ဖြစ်သည်။ အရည်အသွေးအခြေပြု သုတေသနသည် သုတေသန ပညာရှင်၏ ပုဂ္ဂလိက တန်ဖိုးများနှင့် ဘက်လိုက်မှုများ လွှမ်းမိုးလျက်ရှိစဉ်[၁၆] အရေအတွက်အခြေပြု သုတေသနသည် တွေ့ရှိချက် များအား ဓမ္မဓိဋ္ဌာန်ကျကျ အစီရင်ခံတင်ပြရန် ရှာဖွေပြီး သုတေသနပညာရှင်၏ အခန်းကဏ္ဍသည် ဘက်လိုက်မှုကင်းရသည်။[၁၇] ဓမ္မဓိဋ္ဌာန်ကျခြင်းသည် အရေအတွက်အခြေပြုလေ့လာမှုများနှင့် အများအားဖြင့် သက်ဆိုင်ပြီး ဤဓမ္မဓိဋ္ဌာန်ကျမှုကို ရရှိရန်အတွက် သုတေသနပညာရှင်သည် လေ့လာလိုသည့် အကြောင်းအရာများအား ကျပန်း သတ်မှတ်ခြင်း၊ လက်တွေ့သုတေသန ပြုရာတွင် ထိန်းချုပ်အုပ်စုအသုံးပြုခြင်းနှင့် ကိန်းဂဏန်းစာရင်းများအား ကျွမ်းကျင်စွာ တွက်ချက်ခြင်းတို့ဖြင့် ဘက်လိုက်မှုများအား တားဆီးရန် ကြိုးစားသည်။

ဇယား (၂.၁) အရည်အသွေးအခြေပြုနှင့် အရေအတွက်အခြေပြု နည်းလမ်းများ၏ အဓိကအင်္ဂါရပ်များ

| အရေအတွက်အခြေပြုနည်းလမ်း | အရည်အသွေးအခြေပြုနည်းလမ်း |
|---|---|
| အယူအဆလက်တွေ့စမ်းသပ်ခြင်း | စိတ်ကူးစိတ်သန်းအပေါ် အခြေပြုခြင်း |
| ခိုင်မာခြင်း | ပျော့ပြောင်းခြင်း |
| တိကျခြင်း | လိုက်လျောညီထွေရှိခြင်း |
| ဓမ္မဓိဋ္ဌာန်ကျခြင်း | ပုဂ္ဂလိကဓိဋ္ဌာန်ကျခြင်း |
| စိတ်ကူးထင်မြင်ချက်ဖြင့် တန်ဖိုးမသတ်မှတ်နိုင်ခြင်း | နိုင်ငံရေးဆန်ခြင်း |
| လက်တွေ့မျက်မြင်ဝါဒ (Positivism) | ကိုယ်တိုင် လေ့လာသင်ယူမှု ဝါဒ (Constructivism)/ အနက်အဓိပ္ပာယ်ဖော်ဆောင်မှုဝါဒ (interpretivism) |

P. Halfpenny ရေးသားသည့် 'အရည်အသွေးအခြေပြုအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ခြင်း' (1979) 27 *Sociological Review* 799 မှ လျော်ညီအောင် ပြုပြင်ရေးသားထားသည်။ D. Silverman ရေးသားသည့် *အရည်အသွေး အခြေပြု သုတေသနပြုခြင်း - လက်တွေ့လက်စွဲစာအုပ်* (London: Sage, 2000) ပါ ဇယား (၁.၁) စာမျက်နှာ ၂ တွင်လည်း ရည်ညွှန်းကိုးကား ထားသည်။

## လက်တွေ့မျက်မြင်ဝါဒဆိုင်ရာ စံနမူနာ

သုတေသနဆောင်ရွက်ရာတွင် အရေအတွက်အခြေပြုသုတေသနအား 'သိပ္ပံနည်းကျ' အဖြစ်ဆုံး နည်းလမ်းအဖြစ် လက်ခံလေ့ရှိသည်။ ၎င်းအား လက်တွေ့မျက်မြင်သုတေသန၊ လက်တွေ့မျက်မြင် အခြေပြုစူးစမ်းလေ့လာ တိုင်းတာခြင်းနှင့် သီအိုရီရေးဆွဲပြီးသုတေသနပြုခြင်းနည်းလမ်းဟုလည်း တစ်ခါတစ်ရံ ခေါ်ဝေါ်ကြသည်။ 'လက်တွေ့မျက်မြင်' သုတေသနဟု ခေါ်ဝေါ်ရခြင်းအကြောင်းမှာ လက်တွေ့စမ်းသပ်မှုများရှိ အကျိုးနှင့် အကြောင်း ဆက်နွှယ်မှုအား စစ်ဆေးခြင်း၏ အရေးပါမှု အပေါ် အထူးအလေးထားခြင်းကြောင့် ဖြစ်သည်။ ကိန်းရှင်းများအကြား ဆက်နွှယ်မှုအား ကိန်းဂဏန်းဖြင့် ဖော်ပြခြင်းပင် ဖြစ်သည်။ ပြင်ပအကြောင်းတရား သက်ရောက်မှုဆိုင်ရာ ဒဿနိကဗေဒအား တစ်နည်းမဟုတ် တစ်နည်းဖြင့် ထင်ဟပ်ပြသပါသည်။ လောကအား လွှမ်းမိုးချုပ်ကိုင်ရန်အတွက် ဥပဒေများနှင့် သီအိုရီများ၏ တည်ရှိမှုကို အကြံပြုလျှက် ဖြစ်ရပ်များ သို့မဟုတ် တွေ့ရှိချက်များသည် ရလဒ်အချို့ သို့မဟုတ် နောက်ဆက်တွဲအကျိုးတရားအချို့ကို ဖြစ်ပေါ်စေပါသည်။[၁၈] အစစ်အမှန် အရှိတရား သို့မဟုတ် သဘာဝ နိယာမများအား လေ့လာနိုင်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ သုတေသနဖြင့် ရှာဖွေတွေ့ရှိနိုင်သည်။ လက်တွေ့မျက်မြင်ဝါဒ၏ သမိုင်းကြောင်း အရ အခြေခံရင်းမြစ်များအား (၁၈) ရာစု ဉာဏ်အလင်းပွင့်ခေတ်များဆီသို့ ပြန်ပြောင်း ခြေရာခံ နိုင်သည်။ ထိုအချိန်တွင် သိပ္ပံပညာပေါ်ပေါက်လာခြင်းသည် သီအိုရီပိုင်းဆိုင်ရာ ရှင်းလင်းချက်နှင့် အရှိတရားကို ကျော်လွန်လေ့လာသည့် အယူအဆဆိုင်ရာ ရှင်းလင်းချက်များအား စိန်ခေါ်လျက်ရှိသည်။[၁၉] ထိုအချိန်မှစ၍ သဘာဝလောက သို့မဟုတ် လူမှုအဖွဲ့အစည်းအား သေသေချာချာ စူးစမ်းလေ့လာမှုပြုပြီး အချက်အလက်များ သို့မဟုတ် အပြုအမူများအား ဓမ္မဓိဋ္ဌာန်ကျကျ တိုင်းတာခြင်းတို့ဖြင့် နားလည်သဘောပေါက်သင့်ကြောင်း ဟူသည့်အမြင်ကို လက်တွေ့မျက်မြင်ဝါဒီများက စွဲကိုင်ထားကြသည်။ အဆိုပါ လက်တွေ့မျက်မြင်တွေ့ရှိမှုများမှ သီအိုရီများအား ရေးဆွဲဖွံ့ဖြိုးစေပြီး သုတေသနပြုခြင်းဖြင့် မှန်ကန်ကြောင်း စဉ်ဆက်မပြတ် အတည်ပြု စစ်ဆေးသင့်သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ၎င်းသီအိုရီများသည် ဥပဒေများ ဖြစ်လာပြီး တူညီသည့် ဖြစ်ရပ်များအား ရှင်းလင်းပြသရန်အတွက် အသုံးပြုနိုင်ပေမည်။[၂၀] လက်တွေ့မျက်မြင်ဝါဒဆိုင်ရာ ယူဆချက်များအား Robson က အောက်ပါအတိုင်း လိုရင်း တိုရှင်း ရှင်းလင်းထားပါသည်–

- ဓမ္မဓိဋ္ဌာန်ကျသော ဗဟုသုတ (အချက်အလက်များ) အား အတွေ့အကြုံ သို့မဟုတ် စူးစမ်းလေ့လာ ရှာဖွေခြင်းမှ တိုက်ရိုက် ရရှိနိုင်ပြီး ၎င်းသည် သိပ္ပံပညာရပ်အတွက် ရရှိနိုင်သည့် တစ်ခုတည်းသော ဗဟုသုတ ဖြစ်သည်။
- သိပ္ပံပညာသည် စိတ်ကူးထင်မြင်ချက်ဖြင့် တန်ဖိုးမသတ်မှတ်နိုင်ဘဲ ပကတိတန်ဖိုး ရှိသည်။
- သိပ္ပံပညာသည် အရေအတွက်ဆိုင်ရာအချက်အလက်များအပေါ် များစွာ အခြေပြုပြီး တင်းကျပ်သည့် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအသုံးပြုခြင်းမှ ဆင်းသက်လာကာ အခြေခံအားဖြင့် သာမန် အသိဉာဏ်နှင့် ကွဲပြားသည်။
- သိပ္ပံပညာဆိုင်ရာ အဆိုများအားလုံးသည် အချက်အလက်များအပေါ် အခြေပြုပြီး အယူအဆများသည် ၎င်း အချက်အလက်များအပေါ် အခြေခံကာ လက်တွေ့ သုတေသနပြုခြင်း ဖြစ်သည်။
- သိပ္ပံပညာ၏ ရည်ရွယ်ချက်သည် ကျိုးကြောင်းဆက်နွယ်နေသော ဥပဒေများကို အားလုံးအတွက် ဖြစ်ပေါ်စေခြင်း ဖြစ်သည်။
- ဖြစ်ရပ်တစ်ခုကို ရှင်းလင်းတင်ပြခြင်းသည် ယေဘုယျဥပဒေနှင့် ရိုးရိုးစင်းစင်း ဆက်စပ်ပါသည်။[၂၁]

## အရေအတွက်အခြေပြုဒီဇိုင်းများ၏ အဓိကကျသော ရည်ရွယ်ချက်များ

အဆိုပါယူဆချက်များအပေါ် အခြေပြုပြီး အရေအတွက်အခြေပြုသုတေသနဒီဇိုင်းပုံစံ (၃) မျိုး[၂၂] အား သတ်မှတ် ထားပါသည်။ ၎င်းတို့မှာ *စူးစမ်းရှာဖွေလေ့လာသည့် ဒီဇိုင်း* (*exploratory*)၊ *ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်သည့် ဒီဇိုင်း* (*descriptive*) နှင့် *ရှင်းလင်းပြသသည့် ဒီဇိုင်း* (သို့မဟုတ် *ကျိုးကြောင်းဆက်နွယ်သည့် ဒီဇိုင်း*) (*explanatory* or *causal*) များ ဖြစ်သည်။[၂၃]

ဥပဒေသုတေသနအများအပြားသည် *စူးစမ်းရှာဖွေလေ့လာသည့်* ဒီဇိုင်းများ ဖြစ်ကြပြီး သီးသန့် ပြဿနာတစ်ရပ် သို့မဟုတ် ဖြစ်ရပ်တစ်ခုကို စစ်ဆေးရန် ဒီဇိုင်းရေးဆွဲထားပါသည်။ သုတေသနပညာရှင်သည် အနည်း အကျဉ်းသာ သိမြင် နားလည်သဘောပေါက်သည့် ဥပဒေရေးရာ အပြုအမူ၊ စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ သို့မဟုတ် ပြဿနာများတွင် စိတ်ဝင်စားပေလိမ့်မည်။ ဥပမာအားဖြင့် တရားမျှတမှုကို လက်လှမ်းမီခြင်းနှင့် ဆက်စပ်၍ ပြည်သူ့ရေးရာနှင့် အိမ်ထောင်ရေး ဆိုင်ရာအမှုများတွင် ကိုယ်တိုင် ကိုယ်စားပြုလျှောက်တင်ခြင်း အတိုင်းအတာကို ခန့်မှန်း တွက်ချက်ရန် အားထုတ်မှုကို တွန်းအားပေးသည်။ အဆိုပါအမှုများတွင် နှစ်စဉ် လူမည်မျှသည် ၎င်းတို့ကိုယ်တိုင် ကိုယ်စားပြု လျှောက်တင်ရန်အတွက် ရွေးချယ်ကြသပါလဲ? ရှေ့နေမှ ကိုယ်စားပြုလိုက်ပါဆောင်ရွက်ရန် ကိုယ်တိုင် ကိုယ်စားပြု လျှောက်တင်သည့် အမှုသည်မည်မျှက

လိုလားပါသလဲ? တရားခွင်တွင် တရားလို သို့မဟုတ် တရားပြိုင် များ၏ ကိုယ်တိုင်ကိုယ်စားပြု လျှောက်တင်ခြင်းနှင့် ဆက်နွယ်နေသည့် ကိစ္စရပ်များအား စူးစမ်းလေ့လာရန် ရည်ရွယ် ထားသည့် သုတေသနမေးခွန်း ဥပမာများပင် ဖြစ်သည်။[၂၄] အကြမ်းဖျင်းဆိုရသော် စူးစမ်းရှာဖွေသည့် လေ့လာမှုများ၏ မူလရည်ရွယ်ချက်များမှာ သုတေသနပြဿနာများအကြောင်း အသိအမြင်နှင့် အယူအဆများကို ကနဦး ရရှိရန် ဖြစ်ပြီး အဆိုပါပြဿနာများနှင့် ဆက်စပ်ပတ်သက်နေသည့် အချက်အလက်များအား သတ်မှတ် ဖော်ထုတ်ရန် ဖြစ်သည်။ ဤအရေအတွက်အခြေပြု သုတေသနအား 'ရှေ့ပြေးလေ့လာမှု' သို့မဟုတ် ကြီးမားသည့် သုတေသနစီမံကိန်း၏ ပထမ အဆင့်အနေဖြင့် အသုံးပြုလေ့ ရှိသည်။[၂၅]

*ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်* လေ့လာမှုများ၏ အဓိက ရည်ရွယ်ချက်မှာ စိတ်ဝင်စားသည့် ဖြစ်ရပ်တစ်ခုအား သရုပ်ဖော် မှတ်တမ်းတင်ရန် ဖြစ်သည်။ လူများ၊ အဖွဲ့အစည်းများ၊ အခြေအနေများ၊ ဖြစ်စဉ်နှင့် ဖြစ်ရပ်များ၏ လက္ခဏာများအား ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်ခြင်းဖြင့် သုတေသနပြဿနာတစ်ရပ်၏ သဘောသဘာဝနှင့် နယ်ပယ်ကို အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်သည့် သုတေသနဒီဇိုင်းများရှိ စံနမူနာပြု သုတေသန မေးခွန်းများမှာ 'ဘာတွေ ဖြစ်ပျက်နေသလဲ?'၊ 'ဘယ်လိုဘယ်ပုံ ဖြစ်ပျက်နေသလဲ?'၊ 'ဘာတွေ ဖြစ်ပျက်နေဆဲလဲ?' တို့ ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာလေ့လာမှုများသည် ဖြန့်ကျက်လေ့လာခြင်း (cross-sectional) သို့မဟုတ် ကာလအစဉ်အတိုင်းလေ့လာခြင်း (longitudinal) တို့ ဖြစ်နိုင်သည်။ ဖြန့်ကျက် လေ့လာခြင်းသည် လေ့လာမှုတွင် ပါဝင်သည့် အချက်အလက်များအား လျှပ်တပြက် တင်ပြပြီး အဆိုပါအချက်အလက်များအား သတ်မှတ်ချိန်တစ်ခုခုတွင် ကောက်ယူပါသည်။ ကာလအစဉ် အတိုင်းလေ့လာခြင်းဆိုသည်မှာ နမူနာတစ်ခု သို့မဟုတ် မတူညီသည့် နမူနာအုပ်စု တစ်ခုအတွင်းရှိ အချက်အလက် တစ်ခုစီကို အချိန်ကာလ နှစ်ကြိမ် သို့မဟုတ် ထို့ထက်ပိုသည့် အချိန်ကာလအတွင်း တိုင်းတာခြင်းဖြစ်သည်။ အကြိမ်ကြိမ် ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်လေ့လာမှုရှိ တူညီသည့် လူများ သို့မဟုတ် အကြောင်းအရာများအတွက် တူညီသည့်အချက်အလက်များအား ထပ်ခါထပ်ခါ တိုင်းတာရခြင်းမှာ အချက်အလက် များ၏ အချိန်နှင့်အမျှ ပြောင်းလဲမှုကို တိုင်းတာရန် ဖြစ်သည်။ ဥပမာ ပြစ်မှုဆိုင်ရာ တရားမျှတမှု စနစ်အပေါ် ပြည်သူများ၏ သဘောထားနှင့် ယုံကြည်မှုအဆင့်ကို တိုင်းတာရန်အလို့ငှာ သဘောထားစစ်တမ်းကောက်ယူခြင်း သို့မဟုတ် လူမှုအဖွဲ့အစည်းဆိုင်ရာ စစ်တမ်းကောက်ယူခြင်းများကို ငါးနှစ်တစ်ကြိမ် ဆောင်ရွက်ရပေလိမ့်မည်။

အရေအတွက်အခြေပြုသုတေသနဒီဇိုင်း၏ တတိယမြောက် ယေဘုယျ ရည်ရွယ်ချက်မှာ *ရှင်းလင်းပြသခြင်း* ဖြစ်သည်။ အရာဝတ္ထုများအား ရှင်းလင်းတင်ပြရန် ဒီဇိုင်းရေးဆွဲထားပြီး အချက်အလက်တစ်ခု သို့မဟုတ် ထို့ထက် ပိုသော အချက်အလက်များသည် အခြားတစ်ခုနှင့် မည်သို့ ဆက်စပ်ကြောင်း သတ်မှတ်ဖော်ထုတ်ခြင်း ဖြစ်သည်။[၂၆] အကျိုးတရား ဖြစ်ပေါ်စေခြင်းအား

၎င်းသုတေသနက အလေးထားလေ့လာသည်။ အဆိုပါ လေ့လာမှုများသည် ဘာ့ကြောင့် ဖြစ်ပေါ်သလဲဆိုသည့် မေးခွန်းနှင့် ဆက်စပ်လေ့ရှိပါသည် (ဥပမာအားဖြင့် X သည် ဘာ့ကြောင့် Y နှင့် ဆက်သွယ်သလဲ)။ ၎င်းတို့သည် ဆက်နွှယ်မှုကို ရှာဖွေသည့် သို့မဟုတ် လက်တွေ့ စမ်းသပ်သည့် သုတေသန ဒီဇိုင်းများ ဖြစ်ပေသည်။ လူအချို့သည် ဥပဒေကို ဘာ့ကြောင့် လိုက်နာပြီး လူအချို့က ဘာ့ကြောင့် မလိုက်နာသလဲအား ရှင်းလင်း ပြသသည့် လေ့လာမှုများ ဖြစ်သည်။[၂၇] အပြစ်ပေးခံရမည်အပေါ် လူများ၏ ကြောက်ရွံ့စိတ်ကြောင့်လား? သို့မဟုတ် ဥပဒေအာဏာပိုင်များ၏ တရားဝင်ဖြစ်မှုကို ပြည်သူများက ယုံကြည်မှုကြောင့်လား? ဟူသည့် ကျိုးကြောင်း ဆက်နွှယ်မှုကို ရှာဖွေသည့် လေ့လာမှုများသည် နှစ်ခု သို့မဟုတ် ထို့ထက်ပိုသည့် ကိန်းရှင်များအကြား ဆက်နွှယ်မှုများ၏ ပမာဏနှင့် လားရာကို တိုင်းတာနိုင်ရန် ဖြစ်သည်။ စာရင်းအင်းပညာသဘောအရ ဆက်စပ်မှုပြကိန်းများသည် အချက်အလက်နှစ်ခုအကြားရှိ ဆက်စပ်မှုက အားကောင်း ခိုင်မာကြောင်း ပြသနိုင်ပါက ကျိုးကြောင်းဆက်စပ်မှုအား လက်တွေ့ သုတေသနပြုသည့် ဒီဇိုင်းအသုံးပြုခြင်းဖြင့် လက်တွေ့စမ်းသပ်နိုင်ပါသည်။ ကျိုးကြောင်း ဆက်နွှယ်မှု ယေဘုယျအယူအဆသည် ရိုးစင်းပြီး လွယ်ကူရှင်းလင်း ကြောင်း ထင်ရသော်လည်း အမှန်အားဖြင့် မျှော်လင့်ထားသည်ထက် ပိုမို ရှုပ်ထွေးသည်။ Thomas Cook နှင့် Donald Campbell တို့က ဖော်ပြခဲ့သည့်အတိုင်း ကျိုးကြောင်းဆက်နွှယ်မှုအတွက် စံနှုန်း (၃) ရပ်ရှိပါသည်။ ၎င်းတို့မှာ အမည်အားဖြင့် အကြောင်းရင်း (သို့မဟုတ် ဆက်စပ်သည့်အချက်အလက်/ လွတ်လပ်ကိန်းရှင် independent variable) သည် အကျိုးရလဒ် (သို့မဟုတ် လေ့လာသည့် အချက်အလက်/မှီခိုကိန်းရှင် dependent variable) ထက် အချက်အလက် နှစ်ခုအကြား စောလျင်စွာ အချင်းချင်းဆက်သွယ်မှုရှိပါသည်။ လွတ်လပ်ကိန်းရှင်နှင့် မှီခိုကိန်းရှင်များအကြား ဆက်နွှယ် ခြားနားမှုများအား အခြားနည်းဖြင့် ယုတ္တိရှိရှိ ရှင်းလင်းမဖော်ပြနိုင်ပေ။[၂၈] ဤအချက်အရ စံနှုန်း (၃) ချက်နှင့် ကိုက်ညီမှုမရှိသည့် မည်သည့် ဆက်နွှယ်မှုမျိုးမဆို ကျိုးကြောင်းဆက်စပ်မှု မရှိပေ။

သုတေသနကျောင်းသားများနှင့် သုတေသနလက်သင်ပညာရှင်များက မေးလေ့မေးထ ရှိသည့် မေးခွန်းများအနက် တစ်ခုမှာ သုတေသနဒီဇိုင်းပုံစံတစ်ခုသည် အခြားပုံစံများထက် သာလွန်မှု ရှိပါသလား။ ဤမေးခွန်းအား ဖြေဆိုရန် အမှန်အားဖြင့် ခက်ခဲပါသည်။ အကြောင်းရင်းမှာ သုတေသနဒီဇိုင်းရွေးချယ်မှုသည် သုတေသနပညာရှင်က ပထမဆုံးဖြေဆို လိုသည့် မေးခွန်းများ အပေါ် များစွာမူတည်ပါသည်။ ဥပမာအားဖြင့် သုတေသနမေးခွန်းသည် ပြစ်ဒဏ်ချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် ဆက်စပ်သည့် အချက်များအား ဖော်ထုတ်ရန် သို့မဟုတ် ကလေးသူငယ် ပြစ်မှုကျူးလွန်ခြင်း၏ နိမိတ်လက္ခဏာများအား အကောင်းဆုံး သဘောပေါက် နားလည်ရန် ဖြစ်ပါက ရှင်းလင်း ဖော်ပြသည့် သုတေသနဒီဇိုင်းသည် အသင့်လျော်ဆုံး ဖြစ်သည်။ အကယ်၍ သုတေသနမေးခွန်းသည် တရားရုံးအမှုများ စစ်ဆေးရာတွင် ကိုယ်စားလိုက်ပါ

ဆောင်ရွက်ပေးမှုမရှိသည့် အမှုသည်များ ကြုံတွေ့ရသည့် ပြဿနာများကို နားလည်သဘောပေါက်ရန်ဖြစ်ပါက ရှင်းလင်းဖော်ပြချက် သို့မဟုတ် စူးစမ်းလေ့လာရှာဖွေသည့် လေ့လာမှုသည် သင့်လျော်ကြောင်း ထင်ရသည်။ သုတေသနဒီဇိုင်းတစ်ခုစီတွင် မတူညီသည့် အားသာချက်များရှိသော်ငြား သုတေသန ဒီဇိုင်း (၃) မျိုးစလုံးအနက် တစ်ခုတည်းသာ လက်ခံရမည် မဟုတ်ကြောင်း စိတ်ထဲမှတ်သားထားရန် အရေးကြီးသည်။ သုတေသန၏ ရည်ရွယ်ချက်များနှင့် ဦးတည်ချက်များအပြင် အရေအတွက်အခြေပြုလေ့လာမှု ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အခြားအချက်များ ရှိသည်။ အဆိုပါအချက်များမှာ သုတေသန ဆောင်ရွက်မည့် နယ်ပယ်ရှိ ယခင်ရှိနှင့်ပြီးသား လေ့လာမှုများ၊ ဖြစ်နိုင်ခြေ၊ လေ့လာမည့် အခြေအနေ၊ အလားအလာရှိသည့် လေ့လာမည့် အကြောင်းအရာများအား လက်လှမ်းမီမှု၊ လေ့လာမည့်အဖွဲ့နှင့် လေ့လာရာတွင် ကျင့်သုံးရမည့် ကျင့်ဝတ်များအား ဆက်စပ်ပေါင်းစည်းခြင်း နှင့် ဆန်းစစ်အကဲဖြတ်ကာ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့ ပါဝင်သည်။[၂၉] ကိုယ်စားလှယ် လိုက်ပါဆောင်ရွက်ခွင့် မရရှိသည့် အမှုသည်များသည် ဥပဒေအတတ်ပညာရှင်များအား ယုံကြည်မှု မရှိကြောင်း မြောက်များစွာသော လေ့လာမှုများက ပြသပြီး ဖြစ်ပါက ဤနယ်ပယ်တွင် နောက်ထပ် ခွဲခြမ်းစိတ်ဖြာ ဖော်ပြသည့် လေ့လာမှု ထပ်မံ မလိုအပ်တော့ချေ။ ထိုလေ့လာမှုအစား လူများက ၎င်းတို့ကိုယ်တိုင် ကိုယ်စားပြုရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းများနှင့် ရှေ့နေများ၊ တရားစီရင်ရေး အရာရှိများကဲ့သို့ ဥပဒေအတတ်ပညာရှင်များအပေါ် ၎င်းတို့၏ ယုံကြည်မှုအဆင့်များအကြား ဆက်စပ်မှုကို စူးစမ်းလေ့လာခြင်းသည် ဤဥပမာအတွက် ဆီလျော်သည့် နောက်ထပ် လေ့လာသင့်သည့် အဆင့်ဖြစ်သည်။ လေ့လာမှု ဖြစ်နိုင်ခြေနှင့် ပတ်သက်သည့် မေးခွန်းများစွာကို မေးမြန်းသင့်သည်။ အဆိုပြုလေ့လာမှုသည် သတ်မှတ်အချိန်ကာလအတွင်း အမှန်တကယ် ဆောင်ရွက်ပြီးစီးနိုင်မလား? သုတေသနတွင် ပါဝင်ပေးမည့် ဖြေဆိုသူများ လုံလုံလောက်လောက် ရှိပါသလား? သုတေသနဆောင်ရွက်ရန် လုံလောက်သည့် အရင်းမြစ်များ ဥပမာ လူအင်အားနှင့် ငွေကြေးတို့ ရှိပါသလား? သုတေသနစီမံကိန်းကို စီမံခန့်ခွဲပြီး အကောင်အထည်ဖော်ရန် စုံစမ်းစစ်ဆေးသူများတွင် ကျွမ်းကျင်မှုနှင့် စွမ်းရည်များ ရှိပါသလား? သုတေသန အကြောင်း အရာများအတွက် လက်တွေ့စမ်းသပ်မှုသည် အန္တရာယ်ရှိပါသလား? အရေအတွက် အခြေပြု သုတေသနလုပ်ငန်းစဉ်ရှိ အဆင့်များအား ဖော်ပြခြင်းဖြင့် အဆိုပါမေးခွန်းများအနက် မေးခွန်း အချို့အား အခန်း၏ အောက်ဖော်ပြပါ အပိုင်းတွင် ဖြေရှင်း ဖော်ပြသွားမည် ဖြစ်သည်။

## အရေအတွက်အခြေပြုသုတေသနဒီဇိုင်းရှိ အဆင့်များ[၃၀]

အရေအတွက်အခြေပြုသုတေသနသည် ကောင်းစွာဖွဲ့စည်းတည်ဆောက်ထားသည့် ချဉ်းကပ်မှုကို ချမှတ်ပေးပြီး ရှင်းလင်း၍ ကျိုးကြောင်းဆီလျော်သည့် အစီအစဉ်အတိုင်း ဖြစ်ရပ်များ၊ အဆင့်များ ဖြစ်ပေါ်လေ့ ရှိသည်။ ကျယ်ကျယ်ပြန့်ပြန့်ဆိုရသော် ချဉ်းကပ်မှုအား စီစဉ်ခြင်းနှင့် အကောင်

အထည်ဖော်ခြင်းဟူ၍ အဆင့် (၂) ဆင့်အဖြစ် ခွဲခြား ထားသည်။ အရေအတွက်အခြေပြု သီးသန့်သုတေသန ဆောင်ရွက်ရန်အတွက် လုပ်ထုံးလုပ်နည်းများအား ပုံ (၂.၁) တွင် ဖော်ပြထားသည်။ အဆင့် (၇) ဆင့်ပါ လုပ်ငန်းစဉ်သည် သုတေသနမေးခွန်းများအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် အယူအဆများအား စီစဉ်ခြင်းတို့ဖြင့် စတင်ပါသည်။

ပုံ (၂.၁) လေ့လာမှုတစ်ခုအား စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း အဆင့်များ

စီစဉ်သည့်အဆင့်

အဆင့် ၁။ မေးခွန်းနှင့် အယူအဆများအား သတ်မှတ်၍ ကိန်းရှင်များအား ဖော်ထုတ်သတ်မှတ်ခြင်း

↓

အဆင့် ၂။ ဒီဇိုင်းဖွဲ့စည်းပုံ သတ်မှတ်ခြင်း

↓

အဆင့် ၃။ လေ့လာမည့် အုပ်စုများနှင့် နမူနာများအား သတ်မှတ်ဖော်ထုတ်ခြင်း

↓

အဆင့် ၄။ တိုင်းတာမှုဒီဇိုင်းများနှင့် အမျိုးအစားသတ်မှတ်ခြင်း– လုပ်ငန်းလည်ပတ်မှုဆိုင်ရာအခိပ္ပာယ်များ

↓

အဆင့် ၅။ အယူအဆများအား ဖြေရှင်းရန်အတွက် စာရင်းအင်းဆိုင်ရာ စမ်းသပ်မှုရွေးချယ်ခြင်း

↓

အကောင်အထည်ဖော်သည့် အဆင့်

အဆင့် ၆။ အစီအမံရေးဆွဲ၍ အချက်အလက်ကောက်ယူခြင်း

↓

အဆင့် ၇။ အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း၊ သုံးသပ်ချက်များ ချမှတ်ခြင်းနှင့် လုပ်ငန်းစဉ်အားစိစစ်အကဲဖြတ်ခြင်း

T. R. Black ရေးသားသည့် *လူမှုရေးသိပ္ပံသုတေသနအား သဘောပေါက်နားလည်ခြင်း* (ဒုတိယအကြိမ်တည်းဖြတ်ခြင်း) (London: Sage, ၂၀၀၂) ပုံ (၁.၁)၊ စာမျက်နှာ ၆ မှ လျော်ညီအောင် ပြုပြင်မွမ်းမံထားသည်။ လေ့လာမှုတစ်ခုအား အဆင့်တစ်ခုချင်းစီအလိုက် အစီအစဉ်တကျ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအား ပုံတွင် တင်ပြထားပြီး သုတေသန လက်တွေ့ ဆောင်ရွက်ရာတွင် သုတေသန လုပ်ငန်းစဉ်သည်

ပရမ်းပတာဖြစ်သည့်အချိန်တွင် အဆိုပါအဆင့်များအား အစီအစဉ်တကျပုံစံအတိုင်း ဆောင်ရွက်ခြင်း မဟုတ်ကြောင်း စာဖတ်သူများက သတိချပ်ရမည် ဖြစ်သည်။

ထို့နောက် ဒီဇိုင်းဖွဲ့စည်းပုံရွေးချယ်ခြင်း၊ လေ့လာမည့် အုပ်စုများနှင့် နမူနာများအား သတ်မှတ်ဖော်ထုတ်ခြင်း၊ တိုင်းတာမှု ဒီဇိုင်းနှင့် လေ့လာမှုရှိ အချက်အလက်များနှင့် အကြောင်းအရာ အကျဉ်းချုပ်ဆိုင်ရာ အယူအဆများအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အယူအဆများအား လက်တွေ့စမ်းသပ်ရန်အတွက် စာရင်းအင်းအခြေခံ လက်တွေ့သုတေသနပြုချက်များအား ရွေးချယ်ခြင်း၊ သုတေသန အစီအမံနှင့် အချက်အလက်ကောက်ယူခြင်းအား အကောင်အထည်ဖော်ခြင်းနှင့် အချက်အလက် ခွဲခြမ်းစိတ်ဖြာလေ့လာ ဆန်းစစ်ခြင်း၊ လေ့လာတွေ့ရှိချက်များအား ခြုံငုံသုံးသပ်ခြင်းနှင့် သုတေသန လုပ်ငန်းစဉ်အား အကဲဖြတ် စိစစ်ခြင်းတို့ကို ဆောင်ရွက်သည်။ သုတေသနစက်ဝန်းတစ်ခု၏ အဆုံးသည် အခြားတစ်ခု၏ အစ ဖြစ်နေပြီး သိပ္ပံပညာဗဟုသုတ တိုးတက်မှုကို ထင်ဟပ်ပြသ ပါသည်။[၃၀]

## အဆင့် (၁) သုတေသနမေးခွန်းများ၊ အယူအဆများနှင့် ကိန်းရှင်များအား ဖော်ထုတ် သတ်မှတ်ခြင်း

အရေးအတွက်အခြေပြုလေ့လာမှုဒီဇိုင်းရှိ ပထမအဆင့်အနေဖြင့် သုတေသနပြဿနာများအား သုတေသန သီးသန့် မေးခွန်းများနှင့် သုတေသနရည်ရွယ်ချက်များပုံစံဖြင့် သတ်မှတ်ဖော်ထုတ်ခြင်း ဖြစ်သည်။ လူမှုရေးသိပ္ပံ ပညာရှင် များက အတိုကောက်အနေဖြင့် FINER (ဖြစ်နိုင်ခြေ (feasible), စိတ်ဝင်စားမှုရှိသော (interesting), ဆန်းသစ်သော (novel), ကျင့်ဝတ်ကိုက်ညီသော (ethical), သင့်လျော်သော (relevant)) ကို အသုံးပြုကြပြီး သုတေသနမေးခွန်း အရည်အသွေးကို ဆန်းစစ်ကြသည်။[၃၂] သုတေသနမေးခွန်းများအား ဖော်ထုတ်ရာတွင် 'ဘာလဲ' (what) ၊ 'ဘယ်အချိန်' (when) ၊ 'ဘယ်သူ' (who) ၊ 'ဘယ်နေရာ' (where) ၊ 'ဘယ်အရာ' (which) နှင့် 'ဘယ်လို' (how) ဟူသည့် စကားလုံးများအား အသုံးပြုလေ့ရှိကြသည်။'ဘာလဲ'၊ 'ဘယ်အချိန်'၊ 'ဘယ်သူ'၊ 'ဘယ်နေရာ' ဟူသည့် မေးခွန်းများသည် ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်အဖြေများ ရှာဖွေရာတွင်အသုံးပြုကြပြီး 'ဘာ့ကြောင့်' ဟူသည့် မေးခွန်းများအား နားလည်သဘောပေါက်ခြင်းနှင့် ရှင်းလင်းတင်ပြခြင်းကို ရှာဖွေရာတွင် အသုံးပြုသည်။ ထို့နောက် 'ဘယ်လို' မေးခွန်းအား ပြောင်းလဲမှုကို ဆောင်ကြဉ်းရန်အတွက် အရေးယူ ဆောင်ရွက်ချက် များကို ရှာဖွေရန်အတွက် အသုံးပြုသည်။[၃၃] အကယ်၍ သုတေသန မေးခွန်းများသည် တိတိကျကျ မဟုတ်ဘဲ ဖြေဆိုရန် မလွယ်ကူပါက ကျန်ရှိသည့် သုတေသနဆောင်ရွက်ချက်များသည် အကျိုးမရှိ အဓိပ္ပာယ် မဲ့စေသည်။ ယေဘုယျဆန်သည့်မေးခွန်းမှ အသေးစိတ်မေးမြန်းသည့်မေးခွန်းသို့ ပြောင်းလဲ

ခြင်းသည် တစ်ခါတစ်ရံ အချိန်တစ်ခုယူသည်။ မည်သို့ပင်ဆိုစေကာမူ သုတေသန လုပ်ငန်းစဉ်၏ နောက်အဆင့်ကို ဆက်မသွားမီ ပြည့်စုံအောင် ဆောင်ရွက်ရန် လိုအပ်သည်။

သုတေသနပြဿနာတစ်ရပ် သို့မဟုတ် မေးခွန်းတစ်ခုကို သုတေသနပညာရှင်တစ်ဦးသည် မည်သို့ အဓိပ္ပာယ် ဖွင့်ဆိုနိုင်သလဲ သို့မဟုတ် မည်သို့ဘောင်ကန့်သတ်သလဲဟု မေးကောင်းမေးမြန်းနိုင်သည်။ အရေအတွက်အခြေပြု လေ့လာမှု၏ အစောပိုင်းကာလ တိုးတက်မှုဖြစ်စဉ်ရှိ အရေးပါသည့် အပိုင်းအနေဖြင့် ပုံနှိပ်ထုတ်ဝေပြီးဖြစ်သည့် စာအုပ်စာတမ်းများ သို့မဟုတ် သီအိုရီများကို ကျယ်ကျယ်ပြန့်ပြန့် ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခြင်း ဖြစ်သည်။[၃၄] သုတေသန အောက်ရှိ အကြောင်းအရာနှင့် အသင့်လျော်ဆုံးဖြစ်သည့် သီအိုရီတစ်ခု သို့မဟုတ် သီအိုရီအစုလိုက် ရွေးချယ်ခြင်းသည် ပဓာနကျပါသည်။ သီအိုရီတစ်ခုသည် အဆိုပြုချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါဝင်လေ့ရှိပြီး တစ်ခုချင်းစီတွင် ကိန်းရှင်များအကြား သို့မဟုတ် အယူအဆများအကြား အချင်းချင်း ဆက်နွယ်မှုကို ရှင်းလင်း ပြသသည့် နိမိတ်ပြအရည်အသွေးများ ရှိကြသည်။[၃၅] ဤအခန်းအစောပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း သီအိုရီ တစ်ခုအား လက်တွေ့စမ်းသပ်ရန် သို့မဟုတ် အတည်ပြုရန်အတွက် အရေအတွက်အခြေပြုလေ့လာမှုများသည် ကိန်းရှင်များကို ကောက်ယူပြီး ၎င်းတို့၏တွေ့ရှိချက်များက ရှာဖွေတွေ့ရှိထားသည့် အရာကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်လိမ့်မည်။ ထိုအခါ သီအိုရီ သို့မဟုတ် ဗဟုသုတကို ပိုမိုမြင့်မားစေမည် ဖြစ်သည်။ ပုံ (၂.၂) တွင် ဖော်ပြထားသကဲ့သို့ အရေအတွက်အခြေပြုလေ့လာမှု၏ သီအိုရီဆိုင်ရာမူဘောင်ရွေးချယ်ခြင်းသည် သုတေသန ပညာရှင်များအား သုတေသနမေးခွန်းများ သို့မဟုတ် အယူအဆများအား ဖော်ထုတ်ရန် လမ်းညွှန်ပေးပြီး အချက်အလက်ကောက်ယူသည့် လုပ်ထုံးလုပ်နည်းကို ထောက်ပံ့ပေးသည်။

ကောင်းမွန်သည့် သီအိုရီဆိုင်ရာ သို့မဟုတ် အယူအဆဆိုင်ရာ မူဘောင်မရှိပါက အရေအတွက်အခြေပြု သုတေသနပညာရှင်သည် လက်တွေ့သုတေသနပြုရန်နှင့် တိုင်းတာရန် အတွက် အယူအဆများ၊ ယူဆချက်များ သို့မဟုတ် ကိန်းရှင်များ အတွဲလိုက် ထုတ်လုပ်နိုင်ခြင်း မရှိပေ။[၃၆] Chava Frankfort-Nachmias နှင့် David Nachmias တို့က အောက်ပါအတိုင်း အကြံပြုထားပါသည် -

> အယူအဆတစ်ခုသည် ပြဿနာတစ်ရပ်ကို သုတေသနပြုလေ့လာရန်အတွက် အဆိုပြုထားသည့် အဖြေတစ်ခုဖြစ်သည်။ ရှင်းလင်းဖော်ပြချက်နှင့် မှီခိုကိန်းရှင်များအကြား ရှင်းလင်းတိကျစွာ ဖော်ပြထားသည့် ဆက်နွယ်မှုပုံစံဖြင့် ဖော်ပြထားသည်။ အယူအဆများသည် မျက်မြင် လက်တွေ့စမ်းသပ်ပြီးမှသာလျှင် အတည်ပြုနိုင်သည့် အတွက် အဆိုပြုအဖြေများ ဖြစ်ကြသည်။[၃၇]

ပုံ (၂.၂) အရေအတွက်အခြေပြုသုတေသနတွင် သီအိုရီများအသုံးပြုခြင်း




J. W. Creswell ရေးသားသည့် သုတေသနဒီဇိုင်း – အရည်အသွေးအခြေပြု၊ အရေအတွက်အခြေပြုနှင့် ပေါင်းစပ်နည်းလမ်းများ ဆိုင်ရာ ချဉ်းကပ်မှုများ (စတုတ္ထအကြိမ်မြောက် တည်းဖြတ်ခြင်း) (Thousand Oaks, CA: Sage, ၂၀၁၄) ပုံ (၇.၄) စာမျက်နှာ ၁၂၅ မှ လျော်ညီအောင် ပြုပြင်ထားသည်။

ဥပမာတွင် ဖော်ပြထားသကဲ့သို့ လူမှုရေးသိပ္ပံသုတေသန၏ ဥပဒေဆိုင်ရာ ကိုက်ညီသင့်လျော်မှုကို တရားရုံး များက ဘာကြောင့် လျစ်လျူရှုလေ့ရှိသလဲအား ရှင်းလင်းပြသရန် လေ့လာမှုက အဆိုပြုထားသည်။[၃၈] သီအိုရီ အမျိုးအပြားအား သုတေသနပညာရှင်များက ဦးစွာ စိစစ်ရမည်။ ဥပမာများအနက် အချို့မှာ 'တရားသူကြီးများသည် ရှေးရိုးစွဲများဖြစ်ကြပြီး လူမှုရေး သိပ္ပံပညာရှင်များသည် လစ်ဘရယ်ကျသူများ ဖြစ်ကြသည်' ဟူသော သီအိုရီနှင့် 'သိပ္ပံနည်းကျ မတွေးတောခြင်းသည် လူ့သဘာဝပင် ဖြစ်သည်' ဟူသော သီအိုရီနှင့် 'လူမှုရေးသိပ္ပံ သီအိုရီမှ အထောက် အပံ့ရယူရန်လိုအပ်သည်ကို တရားသူကြီးများက မယုံကြည်ကြခြင်း' ပင် ဖြစ်သည်။ အဆိုပါသီအိုရီများသည် အကြောင်းအရာအပေါ် နည်းစနစ်တကျ လေ့လာမှု ကြီးကြီးမားမား ဆောင်ရွက်ခြင်းနှင့် ယခင်သုတေသနတွင် ပါဝင်သူများ သို့မဟုတ် သာမန်လူများ ထင်မြင်ချက်နှင့် မှန်းဆချက်များပေးခြင်းတို့မှ ဆင်းသက်လာသည်။[၃၉] ၎င်းသီအိုရီများအပေါ် အခြေပြု၍ လေ့လာမှုတွင် အသုံးပြုသည့် ယူဆချက်တစ်ခုမှာ လူမှုရေးသိပ္ပံသုတေသနဆိုင်ရာ သက်သေ အချက်အလက်များ၏ ဥပဒေဆိုင်ရာ လျော်ကန်သင့်မြတ်မှုနှင့် လက်ခံနိုင်ခြင်းတို့အပေါ်

ဆုံးဖြတ်ချက် ချမှတ်ရာတွင် တရားသူကြီးများနှင့် ဥပဒေကျောင်းသားများရှိ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာအမြင်သဘောထားများက အကျိုးသက်ရောက်ခြင်း ဖြစ်သည်။ လေ့လာမှုရှိ လွတ်လပ်ကိန်းရှင်များ[၆၀]သည် 'တရားသူကြီးများနှင့် ဥပဒေ ကျောင်းသားများ၏ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အမြင်သဘောထားများ' ဖြစ်ပြီး လေ့လာသည့် အချက်အလက်သည် 'လူမှုရေးသိပ္ပံသုတေသနဆိုင်ရာ သက်သေအချက်အလက်များ၏ ဥပဒေဆိုင်ရာ လျော်ကန်သင့်မြတ်မှုနှင့် လက်ခံနိုင်ခြင်းတို့အပေါ် ဆုံးဖြတ်ချက်များ' ဖြစ်သည်။ သို့သော် အဆိုပါ အချက်အလက်များသည် အကြမ်းထည်ဆန်ပြီး ကျယ်ပြန့်လွန်းနေသေးသည့်အတွက် ထပ်မံ၍ အသေးစိတ် ရှင်းလင်းဖော်ပြရန် လိုအပ်သည် (အောက်ပါအတိုင်း အဆင့် ၄ တွင် ကြည့်ပါ)။

## အဆင့် (၂) ဒီဇိုင်းဖွဲ့စည်းပုံသတ်မှတ်ခြင်း

သတ်မှတ်ထားသည့် သုတေသနပြဿနာနှင့် မေးခွန်းများသာမက ဖော်ထုတ်ထားသည့် သီအိုရီဆိုင်ရာမူဘောင်ရရှိပြီး နောက်တစ်ဆင့်အနေဖြင့် သုတေသနဒီဇိုင်းတစ်ခုလုံးအား သတ်မှတ်ခြင်းဖြစ်သည်။ ဆွေးနွေးထားသကဲ့သို့ အရေအတွက်အခြေပြုသုတေသနသည် လေ့လာမှု၏ ရည်ရွယ်ချက်ကို ရရှိစေရန် အလို့ငှာ စူးစမ်းလေ့လာရှာဖွေသည့် ဒီဇိုင်း၊ ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်သည့် ဒီဇိုင်း သို့မဟုတ် ရှင်းလင်းပြသသည့် ဒီဇိုင်းများအား ချမှတ်အသုံးပြုနိုင်သည်။ ဒီဇိုင်းသည် ကိန်းရှင်များအား မည်သို့ ကောက်ယူပြီး ခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြောင်း ညွှန်ပြသည်သာမက သုတေသန ပညာရှင်အား သုတေသနမေးခွန်းများအား နည်းစနစ်တကျ ဖြေဆိုရန်အတွက် မောင်းနှင်ပေးသည့် ဆောင်ရွက်ချက် အစီအမံများလည်း ဖြစ်သည်။ လက်တွေ့စမ်းသပ်ချက်သုတေသနဒီဇိုင်း၊ ဖြန့်ကျက်လေ့လာခြင်း (cross-sectional) သို့မဟုတ် စစ်တမ်းကောက်ယူခြင်းဒီဇိုင်း၊ တဆင့်ခံအရင်းမြစ်များအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း၊ ဖြစ်ရပ်အခြေပြု ဒီဇိုင်း၊ အုပ်စုဖွဲ့အကြိမ်ကြိမ် လေ့လာသည့် သုတေသန (prospective research) ဒီဇိုင်းနှင့် နှိုင်းယှဉ်လေ့လာခြင်း ဒီဇိုင်းများသည် သုတေသနပညာရှင်များအတွက် လက်လှမ်းမီရရှိနိုင်သည်။ ဤအခန်း၏ အပိုင်း (၄) တွင် အဆိုပါဒီဇိုင်းများအနက် အချို့အား အသေးစိတ်ဆွေးနွေးသွားမည် ဖြစ်သည်။

## အဆင့် (၃) လေ့လာမည့် အုပ်စုများနှင့် နမူနာများအား သတ်မှတ်ဖော်ထုတ်ခြင်း

အရေအတွက်အခြေပြုလေ့လာမှုမှ လက်ခံယုံကြည်နိုင်ဖွယ် သုံးသပ်ချက်များရရှိနိုင်ခြင်းနှင့် ပတ်သက်သည့် မေးခွန်းများကို သုတေသနပညာရှင်သည် ကြုံတွေ့ရလေ့ရှိသည်။ အသင့်လျော်ဆုံး နမူနာကောက်ယူသည့် နည်းလမ်းကို ရွေးချယ်ရန် အရေးကြီးပြီး နမူနာဘောင်အတွင်းမှ နမူနာများအား ရွေးချယ်သတ်မှတ်ရမည် ဖြစ်သည်။[၆၁] ထိုသို့ရွေးချယ်သတ်မှတ်ရာတွင်

တွေ့ရှိချက်များမှ ထုတ်နှုတ်ယူသည့် သုံးသပ်ချက်များသည် ခြုံငုံကောက်ချက်ချခြင်း ဖြစ်ရမည်။[၆၂] အရေအတွက်အခြေပြုသုတေသနပညာရှင်များသည် ဖြစ်နိုင်စွမ်းရှိသည့် နမူနာရွေးချယ်ခြင်းကို အသုံးပြု ရမည်။ အုပ်စုကြီးအတွင်းရှိ လူများ၊ ဦးတည်အုပ်စုများ၊ ဆင်ခြေဖုံးအရပ်များနှင့် အစုအဖွဲ့များကဲ့သို့ နမူနာယူနစ် တစ်ခုသည် လေ့လာမှုအတွက် ရွေးချယ်ခံရရန် တူညီသည့် အခွင့်အရေးရှိရမည်။ ဥပမာအားဖြင့် တက္ကသိုလ် ပရဂုဏ်အတွင်းရှိ ဥပဒေကျောင်းသားအားလုံးကို သုတေသနပညာရှင်က လေ့လာလိုပါက ကျောင်းသားများ၏ လက်ရှိ ကျောင်းတက်နေဆဲ အခြေအနေနှင့် ပညာသင်ကြားမှုပုံစံအား အဓိပ္ပာယ်သတ်မှတ်ရန် မည်သည့်အချက်များ အသုံးပြုမည်ကို ဆုံးဖြတ်ရမည်။ ဥပမာ ကျောင်းသားများသည် ဘွဲ့ကြိုနှင့် ဘွဲ့လွန် ကျောင်းသား များ၊ အချိန်ပြည့် ကျောင်းသားနှင့် အချိန်ပိုင်းကျောင်းသားများ၊ ဒေသခံ ကျောင်းသားနှင့် နိုင်ငံခြားကျောင်းသားများ၊ ညေ့ကျောင်းသားများ၊ နောက်ဆုံးနှစ် ကျောင်းသားများ၊ ကျောင်းမှ နှုတ်ထွက်သွားသူများ၊ သို့မဟုတ် ကျောင်းဝင်ခွင့်မှတ်ပုံတင် ထားပြီးသော်လည်း ကျောင်းတက်ခြင်း ရွှေ့ဆိုင်းထားသူများ စသည်တို့ ဖြစ်နိုင်သည်။ လေ့လာမည် ဖြစ်သော အမှန်တကယ် တည်ရှိသည့် အုပ်စုကြီး အရေအတွက် သို့မဟုတ် နမူနာမူဘောင်ကို သတ်မှတ်ပြီးပါက နောက်လာမည့် အလုပ်သည် နမူနာသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကျောင်းသား အပြည့်အစုံစာရင်းအား ရယူထားရမည်။ ထို့နောက် သုတေသနတွင် ပါဝင်ရန် ဖိတ်ခေါ်မည့် ကျောင်းသားများအား ရွေးချယ်မည့်နည်းလမ်းကို သတ်မှတ်ရမည် ဖြစ်သည်။

ဖြစ်နိုင်ခြေရှိသည့် နမူနာရွေးချယ်ခြင်းပုံစံ (၃) မျိုးရှိပါသည်။ ၎င်းတို့မှာ ပုံကျနမူနာ လွှယ်လင့်တကူ ကောက်ယူခြင်း (simple random sampling) ၊ နည်းစနစ်တကျ နမူနာ ရွေးချယ်ခြင်း (systematic sampling) နှင့် အလွှာခွဲ၍ နမူနာရွေးချယ်ခြင်း (stratified sampling) တို့ဖြစ်ပြီး ၎င်းတို့၏ ကိုယ်စားပြုမှုပမာဏ မြင့်မားခြင်းကြောင့် အဆိုပါ နမူနာရွေးချယ်ခြင်း ပုံစံများအား အသားပေးဖော်ပြလေ့ရှိသည်။ ထို့ကြောင့် တွေ့ရှိချက်များအား ခြုံငုံ ကောက်ချက်ချ သုံးသပ်နိုင်သည်။[၆၃] နမူနာရွေးချယ်ရာတွင် ပုံကျနမူနာ လွှယ်လင့်တကူ ကောက်ယူခြင်းအား အများဆုံး အသုံးပြုကြသည်။ အကြောင်းမှာ ၎င်း၏ ရွေးချယ်မှု လုပ်ထုံးလုပ်နည်းများသည် ဘက်လိုက်မှုအား ရှောင်လွှဲရန် အကောင်းဆုံးနည်းလမ်းဖြစ်ခြင်းကြောင့် ဖြစ်သည်။ ကျောင်းသားများ၏ ပုံစံနှင့် အနေအထားအား အဓိပ္ပာယ် သတ်မှတ်သည့် ယခင်ဥပမာကို အသုံးပြုခြင်းဖြင့် နမူနာဘောင်အတွင်းရှိ ဥပဒေကျောင်းသား ဦးရေ ၁၀၀၀ အနက် သုတေသန ပညာရှင်သည် နမူနာအနေဖြင့် ကျောင်းသား ၂၀၀ ဦးအား ရွေးချယ်ရန် ဆုံးဖြတ်ကြောင်း ယူဆနိုင်သည်။ ထိရောက်သည့် နည်းလမ်းမှာ ကျောင်းသားတစ်ဦးချင်းစီအား အမှတ်စဉ် ၁ မှ ၁၀၀၀ အထိ သတ်မှတ်ထားပြီးနောက် ကွန်ပျူတာအသုံးပြု၍ လည်းကောင်း၊ သုတေသန နည်းလမ်းများ ဖတ်စာအုပ်အများစုတွင် ရရှိနိုင်သည့် သတ်မှတ်ထားပြီးသား ပုံကျ အမှတ်စဉ်များမှလည်းကောင်း ကျောင်းသား အယောက် ၂၀၀ ဦးအား ပုံကျ သတ်မှတ်နိုင်သည်။

ပုံကျနမူနာ လွယ်လင့်တကူ ကောက်ယူခြင်းနှင့် မတူညီသည့်အချက်မှာ နည်းစနစ်တကျ နမူနာရွေးချယ်ခြင်းသည် နမူနာများအား စုစုပေါင်းနမူနာအရေအတွက် ရသည်အထိ နမူနာဘောင်အတွင်း သတ်မှတ်ထားသည့် နံပါတ်စဉ်မြောက်အတိုင်း (၃ ယောက်မြောက် / ၆ ယောက်မြောက်စသည်ဖြင့် $n^{th}$) နည်းစနစ်တကျ အစီအစဉ်အတိုင်း ရွေးချယ်သွားခြင်း ဖြစ်သည်။ အကယ်၍ ဥပဒေကျောင်းသား ၁၀၀၀ ဦးအား ၂၀၀ ဖြင့် စားပါက ရွေးချယ်ရမည့် နမူနာကြားပမာဏမှာ ၅ ဖြစ်သည်။ ထို့ကြောင့် သုတေသနပညာရှင်သည် မည်သည့်နံပါတ်ကိုမဆို အစမှတ်အဖြစ် ရွေးချယ်ပြီးနောက် ဂဏန်း ၅ ခုမြောက်ရောက်တိုင်း နမူနာတစ်ခုရွေးချယ်သွားပြီးနောက် ဥပဒေကျောင်းသား နမူနာ ၂၀၀ ဦးကို ဖန်တီးနိုင်မည် ဖြစ်သည်။ လုပ်ငန်းစဉ်သည် ပုံကျနမူနာရွေးချယ်ခြင်းပါဝင်ပြီး နည်းစနစ်ကျ နမူနာရွေးချယ်ခြင်းသည် ပုံကျဖြစ်ပါက ရရှိထားသည့် နမူနာသည် ယောကျ်ားများ သီးသန့်ချည်းသာပါဝင်နိုင်ချေရှိနိုင်သည်။ သို့သော် ထိုသို့ ဖြစ်ရန်အလွန်ပင် ခဲယဉ်းပါသည်။ ထို့အတူ သေးငယ်သည့် အုပ်စုခွဲများဖြစ်သည့် နိုင်ငံခြားကျောင်းသားများသည် ကိုယ်စားပြုမှု မပြည့်မီခြင်း သို့မဟုတ် မပါဝင်ခြင်းတို့ ဖြစ်နိုင်သည်။ ထို့ကြောင့် အဆိုပါ စာရင်းအင်းဆိုင်ရာပြဿနာများကို ရှောင်ရှားရန်အတွက် အလွှာလိုက်ခွဲခြား၍ နမူနာရွေးချယ်သည့် လုပ်ထုံးလုပ်နည်းအား အကြံပြုကြသည်။

ဇယား (၂.၂) အများစုတွေ့ရှိရသည့် ဖြစ်နိုင်ခြေမညီမျှသည့် နမူနာရွေးချယ်ခြင်း (non-probability sampling) အနှစ်ချုပ်

| ဖော်ပြချက် | |
|---|---|
| ရည်ရွယ်ချက်ရှိရှိနမူနာရွေးချယ်ခြင်း (Purposive) | သီးခြားလက္ခဏာရပ်များအပေါ် အခြေခံ၍ နမူနာရွေးချယ်ခြင်း |
| ခွဲတမ်းဖြင့် နမူနာရွေးချယ်ခြင်း (Quota) | အုပ်စုကြီးအတွက် အချိုးကျ လက္ခဏာရပ်များအတိုင်း ခွဲတမ်း ဖြည့်ဆည်းရန်အတွက် တစ်ခုချင်းစီကို ရွေးချယ်ခြင်း |
| ဆင့်ကဲနမူနာရွေးချယ်ခြင်း/နှင်းဘော်လုံးနည်း နမူနာရွေးချယ်ခြင်း (Snowball) | အလိုရှိသည့် လက္ခဏာရပ်များ သို့မဟုတ် သီးခြားအချက်များရှိသည့် အကြောင်းအရာများက သင့်လျော်သည့်အခြား အကြောင်းအရာ အမည်များကို ပေးခြင်းဖြင့် နမူနာ တဖြည်းဖြည်းချင်း ကောက်ယူခြင်း |
| လက်သင့်ရာ (သို့မဟုတ် မတော်တဆ) နမူနာရွေးချယ်ခြင်း (Convenience or accidental) | သုတေသနပညာရှင်အတွက် နမူနာများကို လွယ်လင့်တကူ သို့မဟုတ် အဆင်သင့်ရရှိနိုင်ခြင်း သို့တည်းမဟုတ် သုတေသနပညာရှင်က နမူနာများကို မတော်တဆ တွေ့ကြုံနိုင်ခြင်း |

T. R. Black ရေးသားသည့် *လူမှုရေးသိပ္ပံသုတေသနအား နားလည်သဘောပေါက်ခြင်း* (ဒုတိယအကြိမ် တည်းဖြတ်ခြင်း) (London: Sage, ၂၀၀၂) ၅၄-၅ မှ လျော်ညီအောင် ပြုပြင်ထားသည်။

အလွှာခွဲခြားခြင်းသည် နမူနာမရွေးချယ်ခင် နမူနာမူဘောင်အား အဖွဲ့ခွဲများ၊ အုပ်စုခွဲများ သို့မဟုတ် အလွှာများ အဖြစ် အမြောက်အများ ခွဲခြားရန် ရည်ရွယ်ပါသည်။ အလားအလာရှိသော သုတေသန ပူးပေါင်းပါဝင်သူများအား မဖယ်ထုတ်နိုင်စေရန် အလို့ငှာ အလွှာတစ်ခုစီသည် အထူးသီးသန့်ဖြစ်ပြီး ပြည့်စုံစေ့စပ်ရမည် ဖြစ်သည်။ အလွှာခွဲခြား၍ နမူနာရွေးချယ်ခြင်း၏ စံနမူနာပြဥပမာတစ်ခုမှာ အုပ်စုကြီးတစ်ခု (ကျောင်းသား ၁၀၀၀ ဦး) ကို ကျား-မဖြစ်တည်မှုဖြင့် ခွဲခြားပြီးနောက် အုပ်စုတစ်ခုစီမှ ကျောင်းသား ၁၀၀ စီ ရွေးချယ်ခြင်း ဖြစ်သည်။ ကျိုးကြောင်း ခိုင်ခိုင်လုံလုံ တည်ဆောက်ထားပါက ကျား-မ၊ အသက်နှင့် လူမျိုးများထက် အခြား လက္ခဏာရပ်များအား နမူနာမူဘောင်အား အလွှာများအဖြစ် ခွဲခြားရာတွင် အသုံးပြုနိုင်သည်။ သို့မဟုတ်လျှင် အချိုးညီနမူနာ[၆၆]အား မျှော်လင့်နိုင်သည်။ ဤနမူနာရွေးချယ်ခြင်း၏ အားသာချက်တစ်ခုမှာ ပုံကျနမူနာရွေးချယ်ခြင်းနှင့် နည်းစနစ်တကျ နမူနာ ရွေးချယ်ခြင်းတို့ ထက်စာပါက အုပ်စုကြီးအား ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံနိုင်စေသည်။ သို့သော် ဤလုပ်ထုံး လုပ်နည်းသည် အလွှာများခွဲခြား သတ်မှတ်ခြင်းနှင့် အလွှာတစ်ခုစီ၏ လက္ခဏာရပ်များအား သတ်မှတ်ရာတွင် အားထုတ် ကြိုးပမ်းမှုကောင်းကောင်း လိုအပ်ခြင်းပင် ဖြစ်သည်။[၆၇]

မငြင်းဆန်နိုင်သည်မှာ လက်တွေ့ဘဝတွင် ဖြစ်နိုင်ခြေရှိသည့် နမူနာရွေးချယ်မှု အသုံးပြုခြင်းသည် ကြုံရာ ကျပန်းရွေးချယ်ခြင်းအား အကြောင်းအမျိုးမျိုးကြောင့် အမြဲမပြတ် အသုံးပြုရန် မဖြစ်နိုင်ပေ။ အကြောင်းအမျိုးမျိုး ဆိုသည်မှာ သုတေသနပညာရှင် မသိနိုင်သည့် အကန့်အသတ်ရှိသော အရင်းအမြစ်နှင့် နမူနာရွေးချယ်ခြင်းမူဘောင်တို့ ဖြစ်သည်။ အဆိုပါ အခြေအနေများအောက်တွင် ရည်ရွယ်ချက်ရှိရှိနမူနာရွေးချယ်ခြင်း (Purposive)၊ ခွဲတမ်းဖြင့် နမူနာရွေးချယ်ခြင်း (Quota)၊ ဆင့်ကဲနမူနာရွေးချယ်ခြင်း/နှင်းဘော်လုံးနည်း နမူနာရွေးချယ်ခြင်း (Snowball)၊ လက်သင့်ရာ (သို့မဟုတ် မတော်တဆ) နမူနာရွေးချယ်ခြင်း (Convenience or accidental) ကဲ့သို့ ဖြစ်နိုင်ခြေ မညီမျှသည့် နမူနာရွေးချယ်ခြင်း (non-probability sampling) သည် အခြားနည်းလမ်းတစ်ခု ဖြစ်သည်။ ဖြစ်နိုင်ခြေ မညီမျှသည့် နမူနာရွေးချယ်ခြင်းအား စူးစမ်းလေ့လာရှာဖွေသည့် လေ့လာမှုနှင့် ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်သည့် လေ့လာမှုများတွင် အများဆုံး အသုံးပြု ကြသည်။ ဖြစ်နိုင်ခြေမညီမျှသည့် နမူနာရွေးချယ်ခြင်းပုံစံ (၄) မျိုး၏ အကြမ်းဖျင်း ဖော်ပြချက်အား ဇယား (၂.၂) တွင် ဖော်ပြထားသည်။

## အဆင့် (၄) သုတေသနတိုင်းတာမှုများအား ဒီဇိုင်းရေးဆွဲခြင်းနှင့် ကိန်းရှင်များအား အမျိုးအစားသတ်မှတ်ခြင်း

နမူနာရွေးချယ်ခြင်း လုပ်ထုံးလုပ်နည်းပြီးဆုံးသောအခါ နောက်တစ်ဆင့်အနေဖြင့် မည်သည့် သုတေသနတိုင်းတာမှုများအား အသုံးပြုသင့်ကြောင်းနှင့် မည်သည့် အယူအဆများ သို့မဟုတ် ကိန်းရှင်များအား ရေတွက်သင့်ကြောင်း သို့မဟုတ် တိုင်းတာသင့်ကြောင်း ဆုံးဖြတ်ရန် ဖြစ်သည်။ အရေးအတွက် အခြေပြုသုတေသန ပညာရှင်များသည် စစ်တမ်းမေးခွန်းလွှာနှင့် လက်တွေ့ စမ်းသပ်မှုတို့ကဲ့သို့ သုတေသနတိုင်းတာမှုတွင် မည်သည့် အရာကို တိုင်းတာမည် သို့မဟုတ် မည်သည့်အရာကို တွက်ချက်မည်အား ဆုံးဖြတ်ရမည် ဖြစ်သည်။ ဥပမာအားဖြင့် လေ့လာရာတွင် ကျား-မ ဖြစ်တည်မှုသည် အရေးပါသည့် ဦးတည်ချက်ဖြစ်ပါက ကျား သို့မဟုတ် မ ဟူ၍ အတန်းအစား (၂) မျိုးဖြင့် အတန်းအစားအလိုက် ကိန်းရှင်များ သို့မဟုတ် ကွဲပြားခြားနားသော ကိန်းရှင်များအား အသုံးပြုသင့်သည်။ အကယ်၍ ပြစ်မှုဆိုင်ရာ တရားမျှတမှုစနစ်နှင့် ပြစ်မှုဆိုင်ရာ မတရားခွဲခြားဖိနှိပ်ခံရခြင်းတို့အပေါ် ပြည်သူများ၏ သဘောထားကို စစ်ဆေးခြင်းသည် လေ့လာမှုတစ်ခု၏ အဓိကရည်ရွယ်ချက်ဖြစ်ပါက ကိန်းရှင်များ စဉ်ဆက်မပြတ် ဖန်တီးပေးသည့် သဘောထား တိုင်းတာမှုစကေးများကို အသုံးပြုသင့်သည် (ဥပမာအတွက် ပြန်လည် ပြင်ဆင်ထားသည့် ဥပဒေသဘောထား မေးခွန်းလွှာများ၊[၄၆] ပြစ်မှုဆိုင်ရာဥပဒေစနစ်မေးခွန်းလွှာများ[၄၇] အပေါ် သဘောထားများ၊ ဒုက္ခရောက်သူအား အပြစ်တင်ခြင်းနှင့် လူမှုအဖွဲ့အစည်းအပေါ် အပြစ်တင်ခြင်း ပမာဏများ[၄၈]ကို ကြည့်ပါ)။ အဆိုပါ စကေးများတွင် အပြုသဘောဆောင်သည့် ထွက်ဆိုချက်များအပြင် မကောင်းသည့် ထွက်ဆိုချက်များလည်း ပါဝင်လေ့ရှိသည်။ အဆိုပါ ထွက်ဆိုချက်များမှ ဖြေဆိုသူများသည် 'များစွာသဘောတူသည်'၊ 'သဘောတူသည်'၊ 'မဆုံးဖြတ်တက်ပါ'၊ 'သဘောမတူပါ'၊ 'လုံးဝသဘောမတူပါ' စသည်ဖြင့် ဖြစ်နိုင်ခြေရှိသည့် တုံ့ပြန်ချက် (၅) ခုအနက် တစ်ခုကို အမှန်ခြစ်ပြီး ရွေးချယ်နိုင်သည်။ ဥပမာအားဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေစနစ်အပေါ် သဘောထားကို တိုင်းတာသည့် စကေးတွင် ထွက်ဆိုချက် (၃၈) ချက်ပါသည့် စာရင်းပါဝင်ပြီး တရားသူကြီးများ၊ ခုံသမာဓိ လူကြီးမင်းများ၊ တရားပြိုင်ဝတ်လုံတော်ရရှေ့နေ၊ အစိုးရရှေ့နေ၊ ဥပဒေနှင့် ပြစ်မှုကျူးလွန်သူများအား အပြစ်ပေးခြင်း တို့ပါဝင်သည်။ ၎င်း (၃၈) ချက်သည် ပြစ်မှုဆိုင်ရာတရားမျှတမှုစနစ်ရှိ ဂုဏ်သိက္ခာ၊ လုပ်ပိုင်ခွင့်အာဏာနှင့် တရားမျှတမှု စသည့် သဘောထားများကို တိုင်းတာသည်။ သို့သော် သဘောထား၊ အမြင်နှင့် ရှုထောင့်များအား တိုင်းတာသည့် နည်းစနစ်များသည် ယုံကြည်စိတ်မချရသေးခင် သုတေသနပညာရှင်များအား ကျိုးကြောင်းညီညွတ် ခိုင်လုံကြောင်း သက်သေပြရန်အတွက် နှစ်ပေါင်းများစွာ အချိန်ယူရ ပါသည်။[၄၉]

## အဆင့် (၅) အယူအဆများအား ဖြေရှင်းရန်အတွက် စာရင်းအင်းဆိုင်ရာ လက်တွေ့ စမ်းသပ်မှုများ ရွေးချယ်ခြင်း

တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် နမူနာများအား လက်တွေ့စမ်းသပ်ရန်အလို့ငှာ ကိန်းရှင်များ မကောက်ယူခင်နှင့် ကောက်ယူပြီးနောက် သုတေသနပညာရှင်များသည် စာရင်းအင်းဆိုင်ရာ လက်တွေ့စမ်းသပ်မှုများ သို့မဟုတ် နည်းစနစ်များကို ရွေးချယ်ရပေလိမ့်မည်။ ဥပမာအားဖြင့် အဆိုပြုလေ့လာမှုတစ်ခုအနေဖြင့် ပြစ်မှုဆိုင်ရာ တရားမျှတမှုစနစ်အပေါ် ကျား-မ အမြင် သဘောထားကွဲပြားမှုကို စူးစမ်းရှာဖွေရန် ကြံရွယ်ထားပါသည်။ တန်ဖိုးများ ပုံနှိပ်ခြင်း ပျမ်းမျှတန်ဖိုးကဲ့သို့ ရိုးစင်းသည့် စာရင်းအင်းတွက်ချက်မှုအသုံးပြုခြင်းအပြင် ယောကျ်ားများနှင့် မိန်းမများအကြား စာရင်းအင်းပညာသဘောအရ သိသိသာသာကွဲပြားခြားနားမှု ရှိ၊ မရှိကိုလည်း လေ့လာမှုက ရှာဖွေပါသည်။ အဆိုပါ ကွဲပြားခြားနားမှုများသည် အကြောင်းတိုက်ဆိုင်မှု တစ်ခုတည်းဖြင့် မတွေ့ရှိရကြောင်းအား တိုင်းတာရန်အတွက် ကြိုတင်သတ်မှတ်ထားသည့် ယုံကြည်လက်ခံနိုင်ဖွယ် အဆင့် တစ်ခု (သို့မဟုတ် သိသာထင်ရှားမှု အဆင့် ဟု တစ်ခါတစ်ရံတွင် ခေါ်ဆိုသည်) အား အသုံးပြုသင့်သည်။ ကွဲပြားခြားနားမှု အယူအဆ သို့မဟုတ် အယူအဆများကို လက်ခံရန် သို့မဟုတ် ပယ်ချရန်အတွက် ၉၀ (သို့မဟုတ် $p < 0.10$)၊ ၉၅ (သို့မဟုတ် $p < 0.05$) သို့မဟုတ် ၉၉ (သို့မဟုတ် $p < 0.01$) တန်ဖိုးရှိ သိသာထင်ရှားမှုအဆင့်ကို အသုံးပြုသင့်ပါသည်။ အသုံးအများဆုံး ယုံကြည် လက်ခံနိုင်ဖွယ်အဆင့်မှာ ၉၅% ဖြစ်ပြီး အဓိပ္ပာယ်မှာ ၉၅% မှန်ကန်နိုင်ပြီး တပြိုင်နက်တည်းမှာပင် ၅% မမှန်နိုင်ကြောင်း အလားအလာရှိခြင်းဟု အဓိပ္ပာယ် ရသည်။ သိသာထင်ရှားမှုအဆင့်များအား ဖြစ်နိုင်ခြေရှိခြင်းဆိုင်ရာ သီအိုရီကို အသုံးပြုပြီး ကိန်းရှင်များအကြား ဆက်နွယ်မှုကို တိုင်းတာရာတွင် အများဆုံး အသုံးပြုကြသည်။ ထို့အပြင် ဖြစ်နိုင်ခြေနမူနာရွေးချယ်ခြင်းအသုံးပြုထားသည့် လေ့လာမှုရှိ ပျမ်းမျှတန်ဖိုးနှစ်ခုကြား ကွဲပြား ခြားနားမှုကို တိုင်းတာရန်အတွက်လည်း အသုံးပြုလေ့ရှိသည်။ (ခွဲခြမ်းစိတ်ဖြာသရုပ်ဖော် လေ့လာမှုနှင့် စူးစမ်းရှာဖွေလေ့လာမှုအတွက်) ခွဲခြမ်းစိတ်ဖြာဆန်းစစ်သည့် စာရင်းအင်းနည်းလမ်း များနှင့် (စူးစမ်းရှာဖွေလေ့လာမှုနှင့် ရှင်းလင်းပြသသည့် လေ့လာမှုအတွက်) ကောက်ချက် ဆွဲယူနိုင်သည့် နည်းလမ်းများအား ဤအခန်း၏ အပိုင်း (၄) တွင် မိတ်ဆက် တင်ပြသွားမည် ဖြစ်သည်။

## အချက်အလက်ကောက်ယူသည့် အဓိက နည်းစနစ်များ

ပုံ (၂.၁) ကို ပြန်လည် ရည်ညွှန်းခြင်းဖြင့် အဆင့် (၆) သည် အချက်အလက်ကောက်ယူခြင်းနှင့် သက်ဆိုင်ပါသည်။ အရေအတွက်အခြေပြုလေ့လာမှုတွင် ကိန်းရှင်များအား မူလရင်းမြစ် (primary) နှင့် တဆင့်ခံရရှိသည့် အရင်းမြစ် (secondary) ဟူ၍ အဓိကပုံစံ (၂) ရပ်အဖြစ် အမျိုးအစား ခွဲခြားထားသည်။ မူလရင်းမြစ် ကိန်းရှင်များသည် သုတေသနပညာရှင်က စစ်တမ်းကောက်ယူခြင်း၊ လက်တွေ့စမ်းသပ်ခြင်းနှင့် အင်တာဗျူး မေးမြန်းခြင်းကဲ့သို့ နည်းစနစ်များ အသုံးပြုခြင်းဖြင့် ထုတ်လုပ်သော အချက်အလက် 'အသစ်' များကို ရည်ညွှန်းပါသည်။ တဆင့်ခံရရှိသည့်

ကိန်းရှင်များသည် အခြားသုတေသနပညာရှင်များက အခြားရည်ရွယ်ချက်များအတွက် နဂိုမူလ ရရှိသည့် စာရင်းအင်း အချက်အလက်ကုန်ကြမ်းများနှင့် အချက်အလက်များကို ရည်ညွှန်းသည်။[၅၀] မူလရင်းမြစ်ကိန်းရှင်များနှင့် တဆင့်ခံ ရရှိသည့် အရင်းအမြစ်များအား ညှိနှိုင်းပေါင်းစပ်ခြင်းနှင့် လေ့လာစိစစ်ခြင်းသည် အချိန်ယူလေ့ရှိပြီး အခြေအနေအများစုတွင် လေ့လာမှုမစတင်မီ စီမံခန့်ခွဲရေးဆိုင်ရာသဘောတူညီမှု ရရှိရန် လိုအပ်သည်။ သုတေသနပညာရှင်များက စိတ်ဝင်စားသည့် ဦးတည်အုပ်စု၊ အချက်အလက်အစုများ သို့မဟုတ် သုတေသနနေရာများအား ကြီးကြပ်သူများက ငြင်းပယ်နိုင်သည်။ ထို့ကြောင့် သုတေသနအရွယ်အစား၊ ရည်ရွယ်ချက်များ၊ ဒီဇိုင်းနှင့် နမူနာရွေးချယ်ခြင်း နည်းလမ်းများအား အလျော့အတင်း ပြုလုပ်ရန် တစ်ခါတစ်ရံ လိုအပ်သည်။

Alan Bryman က အကြံပြုထားသည့်အတိုင်း[၅၁] အရေအတွက်အခြေပြုလူမှုရေးသိပ္ပံသုတေသနနည်းလမ်း (၅) ခု ရှိပါသည် (ဇယား ၂.၃ ကို ကြည့်ပါ)။ အဆိုပါနည်းလမ်းတစ်ခုချင်းစီတွင် ကိုယ်ပိုင် အင်္ဂါရပ်များနှင့် အားသာချက်များ ရှိသည်။ အရေအတွက်အခြေပြုသုတေသနဥပမာများအား သရုပ်ဖော်ပြသခြင်းဖြင့် လက်တွေ့ စမ်းသပ်မှုအခြေပြုသုတေသန၊ စစ်တမ်းကောက်ယူမှုအခြေပြု သုတေသနနှင့် တဆင့်ခံအရင်းမြစ်များအား ခွဲခြမ်း စိတ်ဖြာဆန်းစစ်ခြင်းအပါအဝင် နည်းလမ်း (၃) မျိုးအား လူမှုရေးသိပ္ပံနှင့် ဥပဒေသုတေသနနယ်ပယ်တွင် ၎င်းတို့၏ ကျယ်ကျယ်ပြန့်ပြန့် အသုံးဝင်ပုံကို သရုပ်ဖော်ပြသည့်အနေဖြင့် မိတ်ဆက်တင်ပြထားသည်။

ဇယား (၂.၃) အရေအတွက်အခြေပြုသုတေသန အဓိက နည်းလမ်း (၅) မျိုး

| နည်းလမ်း | လက္ခဏာများ | အားသာချက်များ |
|---|---|---|
| လူမှုစစ်တမ်းကောက်ယူခြင်း | ပုံကျနမူနာရွေးချယ်ခြင်း<br>ကိန်းရှင်များအား တိုင်းတာခြင်း | ကိုယ်စားပြုမှု<br>အယူအဆများအား စမ်းသပ်နိုင်မှု |
| လက်တွေ့စမ်းသပ်ခြင်း | လက်တွေ့စမ်းသပ်မှုကို လှုံ့ဆော်ခြင်း<br>'ထိန်းချုပ်အုပ်စု' အား လှုံ့ဆော်ခြင်း မပြုပါ | တိကျသည့် တိုင်းတာမှု ရရှိခြင်း |
| တရားဝင်ထုတ်ပြန်ထားသည့် စာရင်းဇယားများ | ယခင်က ကောက်ယူထားသည့် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း | အချက်အလက်အုပ်စု အများအပြား ရရှိခြင်း |
| 'သေသေချာချာ စီစဉ်ထားသည့်' | ကြိုတင်သတ်မှတ်ထားပြီး ဖြစ်သည့် 'အစီအစဉ်' အတိုင်း | ယုံကြည်စိတ်ချရသည့် လေ့လာတွေ့ရှိချက်များ |

| | | |
|---|---|---|
| စူးစမ်းလေ့လာမှု | လေ့လာတွေ့ရှိချက်များအား မှတ်တမ်းတင်ခြင်း | ရရှိခြင်း |
| အကြောင်းအရာ ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်း | မီဒီယာများ၏ ထွက်ကုန် အများအပြားကို ရေတွက်ရာတွင် အသုံးပြုသည့် အတန်းအစား များအား ကြိုတင် သတ်မှတ်ခြင်း | တိုင်းတာရာတွင် ယုံကြည်စိတ်ချမှု ရှိခြင်း |

D. Silverman ရေးသားသည့် အရေအသွေးအခြေပြုသုတေသန ဆောင်ရွက်ခြင်း - လက်တွေ့နည်းကျ လက်စွဲစာအုပ် (*Doing Qualitative Research: A Practical Handbook*) (London: Sage ၂၀၀၀) ပါ ဇယား (၁.၂) ၃

## လက်တွေ့စမ်းသပ်မှု

လက်တွေ့စမ်းသပ်မှုသုတေသနအား အခြားအရေအတွက်အခြေပြုနည်းလမ်းများထက် လက်တွေ့ မျက်မြင်ဝါဒ သို့မဟုတ် သဘာဝသိပ္ပံပညာဆိုင်ရာ အခြေခံသဘောတရားများအပေါ် တည်ဆောက် ထားသည်။ ၎င်းအား စမ်းသပ်ခန်း သို့မဟုတ် ကွင်းဆင်းဆောင်ရွက်လေ့ရှိပြီး အချက်အလက်နှစ်ခု သို့မဟုတ် ထို့ထက်ပိုသည့် ကိန်းရှင်များအကြား ဆက်နွှယ်မှုကို စစ်ဆေးရန်အလို့ငှာ သုတေသန ပညာရှင်သည် ထိန်းညှိထားသည့် ဝန်းကျင်အတွင်း ထိန်းညှိထားသည့် အခြေအနေအချို့အား ကောင်းစွာကိုင်တွယ်အသုံးပြုရန် အားထုတ်ပါသည်။ ကိန်းရှင်များအား ကောင်းစွာကိုင်တွယ် အသုံးပြုရခြင်းမှာ ဆက်နွှယ်မှု၏ ဖြစ်နိုင်ခြေရှိသည့် အခြားအကြောင်းပြချက်များအား ဖယ်ထုတ်ရန် ဖြစ်သည်။ ထိုကဲ့သို့ ပုံကျ လက်တွေ့စမ်းသပ်မှုပြုခဲ့သည့် လက်တလော လေ့လာချက်မှာ Natalie Taylor နှင့် Jacqueline Joudo တို့က ဆောင်ရွက်သည့် ခုံသမာဓိ အဖွဲ့ဝင်များ ဆုံးဖြတ်ချက် ချမှတ်ရာတွင် လိင်ပိုင်းဆိုင်ရာစော်ကားခံရသည့် အရွယ်ရောက်ပြီးသူ တရားလိုအား ဗီဒီယို ကြိုတင် ရိုက်ကူးပြီး တယ်လီဗေးရှင်းဖြင့် ပြသသည့် သီးသန့်သက်သေခံ ထွက်ဆိုချက်၏ အကျိုးသက်ရောက်မှုအား လေ့လာခြင်းဖြစ်သည်။[၁၂] လေ့လာမှု၏ ရည်ရွယ် ချက်မှာ သက်သေခံထွက်ဆိုချက် နည်းလမ်း (ဆိုလိုသည်မှာ လူကိုယ်တိုင်ထွက်ဆိုချက်၊ CCTV သို့မဟုတ် ဗီဒီယိုမှတဆင့် ထွက်ဆိုချက်) နှင့် သက်သေခံထွက်ဆိုချက်၏ စိတ်လှုပ်ရှားမှု အတိုင်းအတာ (ဆိုလိုသည်မှာ စိတ်လှုပ်ရှားမှုမရှိခြင်း သို့မဟုတ် စိတ်လှုပ်ရှားခြင်း) သည် လိင်ပိုင်းဆိုင်ရာ စော်ကားခံရသည့် အရွယ်ရောက်ပြီးသူ တရားလိုနှင့် တရားပြိုင်တို့အပေါ် ထားရှိသည့် ဂျူရီအဖွဲ့ဝင်လူကြီးများ၏ အမြင်သဘောထားအပေါ် မတူညီသည့်အကျိုး သက်ရောက်မှု ရှိ၊ မရှိအား စုံစမ်းစစ်ဆေးရန် ဖြစ်သည်။ ဤနေရာတွင် လက်တွေ့စမ်းသပ်မှုသည် အဖွဲ့များအကြား နှိုင်းယှဉ်လေ့လာခြင်းအပေါ် အခြေပြုထားပြီး သြစတေးလျနိုင်ငံရှိ နယူး ဆောက်ဝေး ရှေ့နေချုပ် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းဖြစ်သည်။ ဒေသခံပြည်သူများမှ လူစုစုပေါင်း ၂၁၀ ဦးအား လေ့လာမှုအတွက် ရွေးချယ်ထားပြီး မူလတရားရုံးသရုပ်ပြတရားခွင် ၁၈

ခုတွင် ပူးပေါင်းပါဝင်စေသည်။ အဆိုပါလူများအား နစ်နာသူသက်သေခံ ထွက်ဆိုသည့် နည်းလမ်း (၃) မျိုးအနက် တစ်မျိုးမျိုးနှင့် နစ်နာသူမှ တင်ပြချက် ပုံစံ (၂) မျိုးတို့တွင် ပုံကျ နေရာချထားသည်။[၅၃] နမူနာရှိ မတူညီသည့်အဖွဲ့များအား တူညီသည့်ကိန်းရှင်များဖြင့် ထိန်းချုပ်ထားသည့် အခြေအနေအချို့ (ဆက်စပ်သည့် အချက်အလက်အဖြစ်) တွင် ရရှိစေသည်။ မှီခိုကိန်းရှင်ရှိ တစ်ခုနှင့် တစ်ခုအကြား ကွဲပြားခြားနားမှု များအတွက် အဆိုပါ အဖွဲ့များအား စမ်းသပ်ပါသည်။ ဤလက်တွေ့ စမ်းသပ်မှုတွင် အဓိကလေ့လာတွေ့ရှိချက်တစ်ခုမှာ သက်သေခံ ထွက်ဆိုချက် နည်းလမ်းနှင့် နစ်နာသူ၏ တင်ပြချက်များသည် ဂျူရီအဖွဲ့၏ ရလဒ်များအပေါ် သိသာထင်ရှားစွာ အကျိုးသက်ရောက်မှု မရှိခြင်းကြောင်း တွေ့ရှိရပါသည်။ သို့သော် ဂျူရီအဖွဲ့ဝင်၏ ပုဂ္ဂလိက ယုံကြည်မှုဖြစ်သည့် ကျိုးကြောင်းဆီလျော်သည့် သံသယထက် ကျော်လွန်၍ စီရင်ချက် ချမှတ်ရန် လိုအပ်ချက်နှင့် ‘သဘောတူညီချက်’ ၏ ဆိုလိုရင်းကို နားလည်သဘောပေါက်ရာတွင် ခက်ခဲခြင်းတို့သည် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်အား ချမှတ်ရန် စဉ်းစားချင့်ချိန်ရာ၌ သက်ရောက်မှုရှိသည့် အရေးပါသည့်အချက်များ ဖြစ်ကြသည်။ အနှစ်ချုပ်ရသော် သုတေသနရည်ရွယ်ချက်များအတွက် ဆက်စပ်သည့်အချက်တစ်ခု သို့မဟုတ် ထို့ထက်ပိုသည့်အချက်များအား အမှန်တကယ် လက်တွေ့စမ်းသပ်မှုတစ်ခုက လွှမ်းမိုးချုပ်ကိုင်ပြီး စမ်းသပ်သည့်အုပ်စု သို့မဟုတ် ထိန်းချုပ်ထားသည့်အဖွဲ့အတွက် ပုံကျ နေရာချထားခြင်းတို့ ပါဝင်သည်။[၅၄]

လက်တွေ့စမ်းသပ်သည့် သုတေသနဒီဇိုင်းအား ကိန်းရှင်များအကြား ကျိုးကြောင်းဆက်စပ်မှု တည်ဆောက်သည့် အကောင်းဆုံးနည်းလမ်းအဖြစ် စဉ်းစားထားသော်လည်း တကယ့်လက်တွေ့ဘဝအခြေအနေ သို့မဟုတ် သဘာဝ အခြေအနေတွင် အသုံးပြုရန် လက်တွေ့ မကျပေ။ ပြစ်မှုကျူးလွန်သူအား ထောင်ဒဏ်ချမှတ်ခြင်း၏ အကျိုး သက်ရောက်မှုကို တိုင်းတာရန် သုတေသနစီမံကိန်းတစ်ခုက ရည်ရွယ်ပါက အကျဉ်းသား ရာဇဝတ်သားများအား ပုံကျ နေရာချခြင်းသည် ဖြစ်နိုင်ခြေမရှိဘဲ ခွင့်ပြုချက်ရရှိမည်မဟုတ်ချေ။ ထောင်ဒဏ် ကျခံရပြီးဖြစ်သည့် အဆိုပါ ရာဇဝတ်သားများအား လက်တွေ့စမ်းသပ်မှုသုတေသနအကျိုးအလို့ငှာ လူမှုအသိုက် အဝန်းမှ ပြစ်ဒဏ် စီရင်ခြင်း သို့မဟုတ် လူမှုရေးပြစ်ဒဏ်ကဲ့သို့ အခြားအပြစ်ပေးသည့်ပုံစံရရှိရန် နေရာချခြင်းသည် ကျင့်ဝတ်နှင့် မလျော်ညီပေ။ ထို့အစား လက်တွေ့စမ်းသပ်မှုတစ်စိတ်တစ်ပိုင်း ပါဝင်သည့် ဒီဇိုင်းနှင့် လက်တွေ့စမ်းသပ်မှုမပါရှိသည့် ဒီဇိုင်းများအား အမှန်တကယ် လက်တွေ့ စမ်းသပ်မှုသုတေသနအတွက် အစားထိုးအသုံးပြုနိုင်သည်။ ၎င်းအရေးအတွက် အခြေပြုသုတေသန ဒီဇိုင်း (၃) ခု၏ တဖြည်းဖြည်းပြောင်းလဲမှုကို ဇယား (၂.၄) တွင် ဖော်ပြထားပါသည်။

ဇယား (၂.၄) အရေးအတွက်အခြေပြုသုတေသနဒီဇိုင်းများ၏ တဖြည်းဖြည်းပြောင်းလဲမှု

| လက်တွေ့စမ်းသပ်မှု | တစ်စိတ်တစ်ပိုင်းလက်တွေ့စမ်းသပ်မှု | လက်တွေ့စမ်းသပ်မှုမပါဝင်ခြင်း (ဆက်နွှယ်မှုစစ်တမ်းကောက်ယူခြင်း) |
|---|---|---|
| • လွတ်လပ်ကိန်းရှင် (ကိန်းရှင်များ) အား ကိုင်တွယ်အသုံးပြုခြင်း<br>• လေ့လာသည့် အဖွဲ့များအား ပုံကျနေရာချခြင်း | • လေ့လာသည့် အဖွဲ့များအား ပင်ကိုအားဖြင့် တွေ့ရှိရခြင်း<br>• လေ့လာသည့် အကြောင်းအရာ၏ လက္ခဏာရပ် (လက္ခဏာရပ်များ) အား စာရင်းအင်းနည်းဖြင့် ထိန်းချုပ်ခြင်း | • လွတ်လပ်ကိန်းရှင်များတွင် အပြောင်းအလဲကို ပင်ကိုအားဖြင့် တွေ့ရှိရခြင်း<br>• လေ့လာသည့် အကြောင်းအရာ၏ လက္ခဏာရပ် (လက္ခဏာရပ်များ) ကို စာရင်းအင်းနည်းဖြင့် ထိန်းချုပ်ခြင်း |

K F. Punch ရေးသားသည့် *လူမှုရေးသုတေသနမိတ်ဆက် – အရေအတွက်အခြေပြုနှင့် အရည်အသွေးအခြေပြု ချဉ်းကပ်မှုများ* (ဒုတိယအကြိမ် တည်းဖြတ်ခြင်း) (Thousand Oaks, CA: Sage, ၂၀၀၅) ပုံ (၅.၂) စာမျက်နှာ ၇၃

တစ်စိတ်တစ်ပိုင်းလက်တွေ့စမ်းသပ်မှုသုတေသနဒီဇိုင်းသည် သုတေသနပညာရှင်က လက်တွေ့စမ်းသပ်မှု ဒီဇိုင်းကို ဆောင်ရွက်နိုင်သကဲ့သို့ နီးပါးတူညီသော်လည်း လေ့လာသည့် အကြောင်းအရာများနှင့် အဖွဲ့များ နှိုင်းယှဉ်ရာတွင် ပုံကျ နေရာချထားခြင်း မပါဝင်ပေ။ နမူနာ၏ လက္ခဏာများအား ယှဉ်တွဲခြင်းကဲ့သို့ အဖွဲ့နှစ်ခုစလုံးနှင့် သက်ဆိုင်သည့်ဆက်စပ် အချက်အလက်အား စာရင်းအင်းနည်းအရ ထိန်းချုပ်ခြင်းကို သုတေသန ပညာရှင်များက အသုံးပြုပြီးနောက် ကိန်းရှင်များအကြား ကောက်ချက်များချမှတ်ပါသည်။ လက်တွေ့စမ်းသပ်မှု သာမက တစ်စိတ်တစ်ပိုင်း လက်တွေ့စမ်းသပ်မှု သုတေသနနှင့် ဆန့်ကျင်ဘက်အနေဖြင့် လက်တွေ့စမ်းသပ်မှု မဟုတ်သည့် နည်းလမ်းသည် ကျိုးကြောင်းဆက်နွှယ်တည်ဆောက်ရန် မရည်ရွယ်သော်ငြား ကိန်းရှင်များအကြား ဆက်နွှယ်မှုများ သို့မဟုတ် ဆက်စပ်ပတ်သက်မှုများ တွေ့ရှိနိုင်ခြင်း ရှိမရှိအား စုံစမ်းစစ်ဆေးပါသည်။ ၎င်းကို ဆက်နွှယ်မှုစစ်တမ်းကောက်ယူခြင်းဟု တစ်ခါတစ်ရံ ခေါ်ဝေါ်ပါသည်။

## စစ်တမ်းကောက်ယူခြင်း

စစ်တမ်းကောက်ယူခြင်းကို လက်တွေ့စမ်းသပ်မှုမပါသည့် ဒီဇိုင်း၏ အစိတ်အပိုင်းအဖြစ် ဆောင်ရွက်လေ့ရှိပြီး လူမှုဘဝ၏ မတူညီသည့် ရှုထောင့်များအပေါ် လူအများ၏ သဘောထားများ၊ ယုံကြည်ချက်များ၊ အမြင်များနှင့် ထင်မြင်ချက်များကို နားလည်သဘောပေါက်စေမည့်

စံနမူနာနည်းလမ်းများ ဖြစ်ကြသည်။ စစ်တမ်းကောက်ယူမှု အများအပြားသည် ကိန်းရှင်များရှိ အရေအတွက် အုပ်စုကြီးတစ်ခုအား အသေးစိတ်သရုပ်ဖော်ပြ၍ ကိန်းရှင်များ အကြား ဆက်နွှယ်မှု သို့မဟုတ် ဆက်စပ်မှုကို ရှာဖွေပါသည်။ ဥပမာအားဖြင့် မတူညီသည့် နိုင်ငံ (၆) ခုရှိ ဥပဒေ ကျောင်းသားများ၏ အမြင်သဘောထားကို နားလည်သဘောပေါက်စေရန် လက်တလော လေ့လာမှုတစ်ခုက ကြိုးပမ်း ပြီးနောက် ကျောင်းသားများ၏ နောက်ခံအကြောင်းအရာနှင့် ဥပဒေ၊ ရှေ့နေများ၏ အမြင်သဘောထားများအကြား ဆက်စပ်မှုအချို့အား ဖော်ထုတ်ပြသရန် ကြိုးစားအားထုတ်သည်။[၅၅] အခြေခံအားဖြင့် အပိတ်မေးခွန်းများပါဝင်သည့် မေးခွန်းလွှာပုံစံကို အသုံးပြုလျက် စစ်တမ်းကောက်ယူသည်။ အပိတ်မေးခွန်း တစ်ခုစီအရ နှစ်သက်ရာ ရွေးချယ် ဖြေဆိုနိုင်သည့် ဖြေဆိုမှုကဲ့သို့ ကြိုတင်ဒီဇိုင်းရေးဆွဲထားသည့် ဖြေဆိုချက်အစုနှင့် 'ဟုတ်တယ် သို့မဟုတ် မဟုတ်ဘူး' မေးခွန်းများအား သုတေသနတွင်ပါဝင်သူများက ရွေးချယ်ရန် စီစဉ်ပေး ထားသည်။ အပိတ်မေးခွန်းအတွက် အဖြေများသည် ကုဒ်သတ်မှတ်ပြီး ခွဲခြမ်းစိတ်ဖြာဆန်းစစ်ရန် အလွန်လွယ်ကူသော်လည်း အမှန်အားဖြင့် သုတေသန ပညာရှင်အတွက် ဖြစ်နိုင်ခြေ ရှိသည့် အဖြေအားလုံး ပြီးပြည့်စုံအောင် ရရှိရန် အလွန်ပင် ခက်ခဲပါသည်။

စစ်တမ်းကောက်ယူရန်အတွက် မေးခွန်းလွှာအတွက် အချက်အလက်ကောက်ယူသည့် အဓိက နည်းလမ်း (၂) သွယ်ရှိပါသည်။ ၎င်းတို့မှာ ဖြေဆိုသူကိုယ်တိုင် စီမံသည့် မေးခွန်းလွှာ (self-administered) နှင့် အင်တာဗျူး မေးမြန်းသူက စီမံသည့် မေးခွန်းလွှာ (interviewer-administered) ဟူ၍ ဖြစ်သည်။[၅၆] ဖြေဆိုသူကိုယ်တိုင် စီမံသည့် မေးခွန်းလွှာတွင် စာတိုက်မှ ပေးပို့သည့် မေးခွန်းလွှာများ၊ အိမ်အရောက်ပို့ပေးပြီး ပြန်လည်သိမ်းဆည်းသည့် မေးခွန်းလွှာများနှင့် အွန်လိုင်းမေးခွန်းလွှာများ ပါဝင်သည်။ အင်တာဗျူးမေးမြန်းသူကစီမံသည့် မေးခွန်းလွှာများသည် ကြိုတင်ပြင်ဆင်ထားသည့် မေးခွန်းများဖြစ်ကြပြီး လူချင်းတွေ့ဆုံအင်တာဗျူးခြင်းနှင့် တယ်လီဖုန်း ဖြင့် စစ်တမ်းကောက်ခြင်းတို့ ပါဝင်သည်။ ဤစစ်တမ်းကောက်ယူသည့် နည်းလမ်း ပုံစံများ၏ အားသာချက်နှင့် အားနည်းချက် များကို ဇယား (၂.၅) တွင် အနှစ်ချုပ် တင်ပြထားပါသည်။

ဇယား (၂.၅) စစ်တမ်းကောက်ယူခြင်း နည်းလမ်းများ၏ အားသာချက်နှင့် အားနည်းချက်များ

| စစ်တမ်းကောက်ယူခြင်း နည်းလမ်း ပုံစံများ | အားသာချက် | အားနည်းချက် |
|---|---|---|
| ဖြေဆိုသူများအား အသုံးပြုသည့် စစ်တမ်းကောက်ယူမှု ယေဘုယျ ပုံစံများအားလုံး | • သဘောထားများ၊ တန်ဖိုးများ၊ ယုံကြည်မှုများနှင့် စေ့ဆော်မှု များကို လေ့လာရန်အတွက် အတော်ပင် ရိုးစင်း၍ ရှင်းလင်းသည့် ချဉ်းကပ်မှု | • မှတ်ဉာဏ်နှင့် စိတ်အားထက်သန် မှုကဲ့သို့ ဖြေဆိုသူများ၏ လက္ခဏာရပ် များကြောင့် ကိန်းရှင်များအပေါ် |

| | | |
|---|---|---|
| | • အချက်အလက်အများအပြားအား စံသတ်မှတ်နိုင်ခြင်း | အကျိုးသက်ရောက်မှု ရှိခြင်း<br>• ဖြေဆိုသူများက ၎င်းတို့၏ ယုံကြည်မှုများနှင့် တန်ဖိုးများကို အတိအကျ အစီရင်မခံဘဲ ၎င်းတို့အား ပုံရိပ်ကောင်း ထင်ဟပ်စေမည့် နည်းလမ်းအတိုင်း တုံ့ပြန်နိုင်ခြင်း |
| ဖြေဆိုသူကိုယ်တိုင် စီမံသည့် စစ်တမ်းကောက်ယူမှုများ | • ကုန်ကျစရိတ် နည်းနည်းဖြင့် ပိုမို များပြားသည့် နမူနာလေ့လာ နိုင်ခြင်း<br>• လုပ်သားအင်အား အနည်းငယ် ဖြင့် သုတေသနပညာရှင် များအား လေ့ကျင့်ပေးနိုင်ခြင်း သို့မဟုတ် စုဆောင်းပေးနိုင်ခြင်း<br>• အမည်လျှို့ဝှက်ထားနိုင်ခြင်း | • ဖြေဆိုနှုန်းသည် နည်းပါးနိုင်သဖြင့် ခြုံငုံကောက်ချက်ချရာတွ င် အကန့်အသတ်ရှိခြင်း<br>• စစ်တမ်းကောက်ယူသည့် မေးခွန်းများအား အလွယ်တကူ နားလည်မှုလွဲခြင်း သို့မဟုတ် ကျော်သွားခြင်း<br>• ဖြေဆိုသူသည် မေးခွန်းလွှာအား ပြီးပြည့်စုံအောင် ဖြေဆိုလိုစိတ် ရှိမရှိ မသေချာခြင်း |
| အင်တာဗျူးမေးမြန်းသူ က စီမံသည့် စစ်တမ်းကောက်ယူမှုများ | • မေးခွန်းများ၏ အဓိပ္ပာယ်ကို သေချာရှင်းပြနိုင်ခြင်း<br>• ဖြေဆိုသူသည် မေးခွန်းအား အလေးအနက်ထား ဖြေဆိုခြင်း ရှိမရှိ ပြောပြနိုင်ခြင်း | • နမူနာအနည်းငယ်သာ မေးမြန်း နိုင်ခြင်း<br>• ကျား-မကွဲပြားမှုနှင့် အသက်ကဲ့သို့ အင်တာဗျူးမေးမြန်းသူ ၏ လက္ခဏာရပ်များ ကြောင့် အဖြေများတွင် ဘက်လိုက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း |

| | | |
|---|---|---|
| | | • အမည်အား လျှို့ဝှက်ပေးထားရန် အာမမခံနိုင်ခြင်း |

C. Robson ရေးသားသည့် *တကယ့်လက်တွေ့သုတေသန – လူမှုရေးသိပ္ပံပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်သူ သုတေသန ပညာရှင်များအတွက် အရင်းအမြစ်* (ဒုတိယအကြိမ် တည်းဖြတ်ခြင်း) (Oxford: Blackwell, ၂၀၀၂) စာပုံး (၈.၂) ၂၃၃-၄ နှင့် P. M. Nardi ရေးသားသည့် *စစ်တမ်းကောက်ယူမှုသုတေသနဆောင်ရွက်ခြင်း – အရေအတွက်အခြေပြုနည်းလမ်းများအတွက် လမ်းညွှန်* (တတိယအကြိမ် တည်းဖြတ်ခြင်း) (Boulder, CO: Paradigm Publishers ၂၀၁၄) စာပုံး (၁.၄) ၂၀-၂ တို့မှ လျော်ညီအောင် ပြုပြင်ရေးသား ထားသည်။

## တဆင့်ခံအရင်းမြစ်များအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း

အသုံးများသည့် အရေအတွက်အခြေပြုအခြားသုတေသနနည်းလမ်းမှာ တဆင့်ခံအရင်းမြစ်များအား ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှု ဖြစ်သည်။ အယူအဆ 'အသစ်' များအတွက် အချက်အလက် 'အဟောင်း' များအသုံးပြုခြင်း ဖြစ်သည်။ သုတေသနပညာရှင်များသည် အဆိုပါကိန်းရှင်များအား မည်သို့ ကောက်ယူခဲ့ခြင်းနှင့် ပတ်သက်၍ သိကျွမ်းခြင်း မရှိကြပေ။ ယေဘုယျပြောဆိုရသော် တဆင့်ခံရရှိသည့် အချက်အလက် အရင်းမြစ် (၃) မျိုးရှိသည်။ ၎င်းတို့မှာ စစ်တမ်းကောက်ယူခြင်း၊ တရားဝင်စာရင်းဇယားကိန်းရှင်များနှင့် တရားဝင်မှတ်တမ်းများတို့ ဖြစ်သည်။ ဥပဒေစနစ်ရှိ တရားမနှင့် ပြစ်မှုဆိုင်ရာနယ်ပယ် နှစ်မျိုးစလုံးရှိ တဆင့်ခံရရှိသည့် ကိန်းရှင်များ သို့မဟုတ် အချက်အလက်ဘဏ်တိုက်အချို့အား ယခုအခါ အွန်လိုင်းတွင် အများပြည်သူလက်လှမ်းမီ ရယူနိုင်ပြီဖြစ်သည်။ ၎င်းတို့အနက် အချို့ကိန်းရှင်များသည် အသုံးပြုသူများ ထပ်မံခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရန်အတွက် အင်တာနက်မှ ဒေါင်းလုပ်ချ သိမ်းဆည်းနိုင်သည်။ အချက်အလက်ဘဏ်တိုက်အတွက် အကောင်းဆုံးဥပမာမှာ *အွန်တေရီယိုပြည်နယ်တွင် တရားမျှတမှုကို လက်လှမ်းမီခြင်း (၁၉၈၅-၁၉၈၈)* (*Access to Justice in Ontario, 1985-1988*) ဖြစ်ပြီး ဝေကွန်ဆင်တက္ကသိုလ်၏ တရားမ တရားစွဲဆိုခြင်းဆိုင်ရာ သုတေသနစီမံကိန်းက သတင်းအချက်အလက် စုဆောင်းခြင်း ဖြစ်သည်။[၅၇] အခြားသတင်း အချက်အလက်ဘဏ်တိုက်တွင် *Alaska Plea Bargaining Study (1974-1976)* နှင့် *Survey of Tort Litigants in Three State Courts (1989-1990): United States* တို့ ဖြစ်ကြသည်။[၅၈] တဆင့်ခံ ရရှိသည့် ကိန်းရှင်များ ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုအသုံးပြုခြင်းဖြင့် အားသာချက်များ ရှိပါသည်။ အချက်အလက် ကောက်ယူခြင်းအတွက် အချိန်ကုန် သက်သာခြင်း၊ စစ်တမ်းကောက်ယူခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ကုန်ကျစရိတ်သက်သာခြင်း၊ အရည်အသွေးကောင်းမွန်သည့် ကိန်းရှင်များကို ဘဏ်တိုက်သဖွယ် အများအပြား အဆင်သင့် ရရှိနိုင်ခြင်းနှင့် ခက်ခဲသည့် အုပ်စုကြီးများကို လေ့လာရန် လက်လှမ်းမီနိုင်ခြင်းတို့ ဖြစ်သည်။ သို့သော်

သုတေသနမေးခွန်းများအား ဖြေဆိုရန် အခြားသူများ၏ ကိန်းရှင်များအား အသုံးပြုခြင်းသည် သုတေသနပညာရှင်များအတွက် စိန်ခေါ်မှုများအား ဖြစ်ပေါ်စေပြီး ကုန်ကြမ်းကိန်းရှင်များအား မတူညီသည့် သီအိုရီပိုင်းနှင့် နည်းစနစ်ပိုင်းဆိုင်ရာ စိတ်ဝင်စားမှုနောက်ခံအကြောင်းအရာများမှ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု ဖြစ်ပေါ် စေနိုင်ပါသည်။[၅၉]

ဇယား (၂.၆) ပျမ်းမျှ တန်ဖိုးဖြစ်လိုဟန်ရှိခြင်း (central tendency) အား တိုင်းတာမှုများ/ ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်စာရင်းအင်းပညာအခြေခံများ

| တိုင်းတာမှု | အကြမ်းဖျင်းဖော်ပြချက် |
|---|---|
| ပျမ်းမျှကိန်း (mean) | 'သင်္ချာနည်းအရ တွက်ချက်သည့် ပျမ်းမျှတန်ဖိုး' – ဖြစ်ရပ်အားလုံး အတွက် တန်ဖိုး အားလုံးပေါင်းအား ဖြစ်ရပ်အရေအတွက် စုစုပေါင်းဖြင့် သင်္ချာနည်းအရ စားထားခြင်း ဖြစ်သည်။ |
| ကြိမ်များကိန်း (mode) | တန်ဖိုးများ ထပ်ခါထပ်ခါ ပါဝင် ပျံ့နှံ့လျက်ရှိရာတွင် ရာခိုင်နှုန်း အများဆုံးပါဝင်သည့် အတန်းအစား |
| အလယ်ကိန်း (median) | တန်ဖိုးများ အစဉ်လိုက် ပျံ့နှံ့လျက်ရှိရာတွင် အလယ်ခေါင်အကျဆုံး တန်ဖိုး |

M. Henn ၊ M. Weinstein နှင့် N. Foard တို့ ရေးသားသည့် *လူမှုရေးသုတေသနအတွက် အကျဉ်းချုံး မိတ်ဆက်ခြင်း* (*A Short Introduction to Social Research*) (London: Sage, ၂၀၀၆) ဇယား (၈.၂) ၂၀၇ မှ ဆီလျော်အောင် ပြင်ဆင် ရေးသားထားသည်။

## အချက်အလက်များ ခွဲခြမ်းစိတ်ဖြာဆန်းစစ်သည့် နည်းလမ်းများ

အရေအတွက်အခြေပြုသုတေသန ဒီဇိုင်း၏ နောက်ဆုံးအပိုင်းအနေဖြင့် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ပြီး အနက်အဓိပ္ပာယ်ပြန်ဆိုခြင်း ဖြစ်သည် (ပုံ ၂.၁ ကို ကြည့်ပါ)။ အရေအတွက် အခြေပြုအချက်အလက်များ ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုအား အဓိက ပုံစံ (၃) မျိုး ခွဲခြားနိုင်သည်။ အမည်အားဖြင့် လက္ခဏာတစ်ရပ် သို့မဟုတ် အချက်အလက်တစ်ခုအပေါ် ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်ခြင်း (univariate descriptive) ၊ အချက်အလက်နှစ်ခုအား တွဲစပ် ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်ခြင်း (bivariate descriptive) နှင့် ရှင်းလင်းပြသခြင်း (explanatory) တို့ ဖြစ်သည်။[၆၀] ၎င်းတို့အား ရည်ရွယ်ချက်ပေါင်းစုံအတွက် အသုံးပြုကြပြီး လူမှုဖြစ်စဉ်များ၏ လက္ခဏာရပ်များအား ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်ခြင်း၊ သုတေသနအတွင်း တိုင်းတာထားသည့် ကိန်းရှင်များအကြား ဆက်နွယ်မှုအား နားလည် သဘောပေါက်ရန်၊ ခန့်မှန်းရန်၊ ရှာဖွေရန်နှင့် ရှင်းလင်းပြသရန်တို့အတွက် အသုံးပြုကြသည်။ အချက်အလက်တစ်ခုအပေါ် ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်ခြင်းသည် လေ့လာမှုအတွင်းရရှိသည့် အချက်အလက်တစ်ခုစီ၏ အခြေခံ အနှစ်ချုပ်ကို ဖော်ပြခြင်းဖြင့် အချက်အလက်များ၏ အကြောင်းအရာ ပုံရိပ်အား လျှပ်တစ်ပြက်ပြသခြင်း

ဖြစ်သည်။ တန်ဖိုးများ ပျံ့နှံ့မှု ကြိမ်နှုန်းဖြင့် အများအားဖြင့် တင်ပြလေ့ရှိပြီး ပျမ်းမျှ တန်ဖိုး ဖြစ်လိုဟန်ရှိခြင်း (central tendency) ကို တိုင်းတာသည့် ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်သည့် ကိန်းဂဏန်းများဖြစ်သည့် ပျမ်းမျှကိန်း (mean) ၊ ကြိမ်များကိန်း (mode) နှင့် အလယ်ကိန်း (median) တို့ဖြင့်လည်း အများအားဖြင့် တင်ပြလေ့ရှိသည် (ဇယား ၂.၆ ကို ကြည့်ပါ)။

အချက်အလက်တစ်ခုအပေါ် ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုနှင့် ဆန့်ကျင်ဘက်အားဖြင့် အချက်အလက်နှစ်ခုအား တွဲစပ် ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်ခြင်း (bivariate descriptive) သည် ကိန်းရှင်များအား အတူတကွကြည့်ရှုရန် ကြိုးစားမှုအဖြစ် ရည်ညွှန်းကြသည်။ အချက်အလက် နှစ်ခုအား တွဲစပ်ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုတွင် အဓိက ရည်ရွယ်ချက် (၂) ရပ် ရှိပါသည်။ ၎င်းတို့မှာ အချက်အလက်နှစ်ခုအတွက် တန်ဖိုးများအကြား တူညီမှုများနှင့် ကွဲပြားမှုများကို စူးစမ်း လေ့လာရန်၊ အချက်အလက်နှစ်ခုအကြား အချင်းချင်းဆက်စပ်မှုကို ဖော်ထုတ်သတ်မှတ်ရန် ဖြစ်သည်။ ပထမ ရည်ရွယ်ချက်ကို ရရှိရန်အတွက် တန်ဖိုးများအား ပျမ်းမျှကိန်း သို့မဟုတ် ပျမ်းမျှကိန်းပုံစံဖြင့် နှိုင်းယှဉ်ပါသည် (ဥပမာ ပြစ်မှုဆိုင်ရာ တရားမျှတမှုစနစ်အပေါ် သဘောထားများနှင့် သက်ဆိုင်သည့် ဖြေဆိုသူ အမျိုးသား နှင့် အမျိုးသမီးတို့၏ တန်ဖိုးများအကြား ခြားနားမှုများ)။ ဥပမာ အသက်အရွယ်နှင့် ဥပဒေချိုးဖောက်သည့် အပြုအမူများအကြား အချင်းချင်းဆက်စပ်မှု သို့မဟုတ် ဆက်နွယ်မှုကို တိုင်းတာခြင်း ကဲ့သို့ အချက်အလက် နှစ်ခုအကြား ဆက်နွယ်မှုအင်အားကို တည်ဆောက်ရန်အတွက် ဆက်စပ်မှုပြကိန်းကဲ့သို့ စာရင်းအင်းဆိုင်ရာ စမ်းသပ်မှုများကို အသုံးပြုသည်။

ရှင်းလင်းပြသသည့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုသည် လက္ခဏာရပ်များအား ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်ခြင်းနှင့် ဆက်နွယ်မှုများအား တည်ဆောက်ခြင်းတို့ထက် ကျော်လွန်ပြီး 'ဘာလဲ' ဆိုသည့် မေးခွန်းများအစား 'ဘာ့ကြောင့်' ဆိုသည့် မေးခွန်းများအား ဖြေကြားသည်။[၆၁] လူမှုဘဝရှိ အစီအစဉ်များနှင့် သက်ရောက်မှုများအတွက် ဖြစ်ရပ်တစ်ခု သို့မဟုတ် ဖြစ်ရပ်များစွာအား ရှာဖွေရန် အားထုတ်ပါသည်။ တစ်နည်းဆိုရသော် အချို့အချက်များသည် ဘာ့ကြောင့် ရလဒ်ထွက်ပေါ် စေသလဲအား စုံစမ်းစစ်ဆေးရန်အတွက် ဖြေရှင်းချက်များအား ရှာဖွေပါသည်။ အချက်အလက် အများအပြားအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုနည်းလမ်းပေါင်းစုံ ဖြစ်သည့် logistic regression ၊ factorial analysis ၊ discriminant analysis နှင့် structural equation modelling တို့ကိုလည်း လေ့လာသည့် အချက်အလက် နှစ်ခု သို့မဟုတ် ထို့ထက်ပိုသော ကိန်းရှင်များက ဆက်စပ်သည့် အချက်အလက် နှစ်ခု သို့မဟုတ် ထို့ထက်ပိုသော ကိန်းရှင်များအပေါ် အကျိုးသက်ရောက်မှု ရှာဖွေလေ့လာရန်အတွက် အသုံးပြုသည်။[၆၂] အချက်အလက် အများအပြားအား နည်းစနစ်တကျ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်ရန်အလို့ငှာ လူမှုရေးသိပ္ပံပညာအတွက် စာရင်းအင်းပညာ အသုံးချ ပရိုဂရမ် (Statistical Package for the Social Sciences - SPSS)[၆၃] နှင့် Stata[၆၄] တို့ကဲ့သို့

ကွန်ပျူတာဆော့ဝဲလ် အသုံးချ ပရိုဂရမ်များသည် သုတေသနပညာရှင်များအတွက် စာရင်းအင်း ပညာနှင့် သင်္ချာပညာ တွက်ချက်နည်း အမျိုးအပြားကို ဖန်တီးပေးသည်။

## အရေအတွက်အခြေပြုသုတေသနနှင့် ဆက်စပ်သည့် ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များ

ဤအခန်းအား နိဂုံးချုပ်ရန်အလို့ငှာ လူမှုရေးရာသုတေသန သို့မဟုတ် လူမှုရေးရာဥပဒေ သုတေသန၏ အခြေခံ သဘောတရားအချို့အား ဆွေးနွေးသွားမည် ဖြစ်သည်။ လူမှုရေးပညာ၏ မတူညီသည့် နယ်ပယ်များတွင် ဗဟုသုတကို အဆင့်မြင့်တင်ရန် အရေးကြီးနေစဉ် သုတေသန ပညာရှင်များသည် ၎င်းတို့၏ လက်တွေ့မျက်မြင်အခြေပြု လေ့လာမှုများကို ကျင့်ဝတ်နှင့် လျော်ညီသည့်နည်းလမ်းများအတိုင်း ဆောင်ရွက်သွားရန် မျှော်လင့်ကြသည်။ ယခင် အတွေ့အကြုံများမှ သင်ယူခြင်းဖြင့် သုတေသနပြုရာတွင် မေးခွန်းထုတ်စရာ ကျင့်ဝတ်နှင့် မလျော်ညီသည့် ဆောင်ရွက်မှုများ အမျိုးအပြား တွေ့ရသည်။ ဥပမာအားဖြင့် လူများအား လေ့လာမှုတွင် ၎င်းတို့၏ သဘောတူညီချက် သို့မဟုတ် အသိအမြင်မပါဘဲ ပါဝင်စေခြင်း၊ ရည်ရွယ်ချက်ရှိရှိ ပါဝင်လာစေရန် လှည့်ဖြားခြင်း၊ စမ်းသပ်မှု၏ ရည်ရွယ်ချက်နှင့် သဘောသဘာဝအကြောင်း ကိန်းရှင်များအား ထိန်ချန်ထားခြင်း၊ သို့မဟုတ် ပါဝင်သူများအား ကိုယ်ကာယဒုက္ခ၊ စိတ်ခံစားမှု ဒုက္ခနှင့် စိတ်ပိုင်းဆိုင်ရာ ဒုက္ခများ ဖြစ်ပေါ်စေခြင်းတို့ ဖြစ်သည်။[၆၅] ဥပမာအားဖြင့် စတန်းဖို့တ်အကျဉ်းထောင်စမ်းသပ်မှုသည် နမူနာကောင်းတစ်ခု ဖြစ်သည်။ အတုနေအကျဉ်းသားများနှင့် အကျဉ်းထောင် အရာရှိများအပေါ် အကျဉ်းကျခြင်း၏ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကို လေ့လာသည့် ဖြစ်ရပ်မှန် လေ့လာမှုသည် သုတေသနတွင် ပါဝင်သူများအား ဒုက္ခကြုံတွေ့စေခဲ့သည်။ ထို့ကြောင့် စမ်းသပ်မှုအား စတင်ပြီး (၆) ရက်အကြာ ဖျက်သိမ်းခဲ့ရသည်။[၆၆] လူမှုရေးသိပ္ပံပညာရှင်များ၊ လူမှုရေးရာဥပဒေ လေ့လာမှုများနှင့် ပြစ်မှု ဗေဒဆိုင်ရာ အဖွဲ့အစည်းများတွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များရှိပြီး မည်သည့်အရာက လက်ခံနိုင်ပြီး မည်သည့်အရာများက လက်မခံနိုင်သည့် အပြုအမူများဖြစ်ကြောင်း ဖော်ပြ ထားသည်။ ကျင့်ဝတ်များသည် ကြိုတင်အသိပေး သဘောတူညီချက် ရယူခြင်း၊ ပုဂ္ဂိုလ်ရေး လွတ်လပ်မှု၊ ပုဂ္ဂိုလ်ရေးအချက်များ ဦးစားပေး ထိန်းသိမ်းခြင်း၊ အမည်လျှို့ဝှက်ထားခြင်း၊ ဒုက္ခရောက်ခြင်းနှင့် နောက်ဆက်တွဲအကျိုးများအား ထည့်သွင်းစဉ်းစားချက်များ ပါဝင်သည်။[၆၇] အနှစ်ချုပ်ရသော် သုတေသနပညာရှင်များသည် ပါဝင်သူများ၊ ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့အစည်းများနှင့် စောင့်ကြပ်စစ်ဆေးသူများကို ၎င်းတို့၏ သုတေသနအကြောင်းအား တတ်နိုင်သမျှ ရှင်းလင်းတိကျစွာ ရှင်းပြခြင်းဖြင့် ပညာရှင်ဂုဏ်သိက္ခာကို မြှင့်တင်ရန် အားပေးရမည်။ ထို့အပြင် သုတေသနတွင် ပါဝင်သူများအတွက် ပုဂ္ဂိုလ်ရေး အချက်အလက်များ ဦးစားပေး ထိန်းသိမ်းခြင်းနှင့် အမည်လျှို့ဝှက်ပေးခြင်းတို့သာမက ၎င်းတို့ထံမှ သဘောတူညီချက်

ကို စာဖြင့်သာမက နှုတ်ဖြင့်ပါ တောင်းခံခြင်းဖြင့် ပါဝင်သူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်မည် ဖြစ်သည်။

ထို့အပြင် ဤအခန်းအစောပိုင်းတွင် အကြံပြုထားသကဲ့သို့ အရေအတွက်အခြေပြု သုတေသနပညာရှင် များသည် နည်းစနစ်ပိုင်း စံချိန်စံညွှန်း မြင့်မြင့်မားမားအကို အသုံးပြုရန် လိုအပ်ပြီး မှန်ကန်တိကျမှုအတွက် ကြိုးပမ်းရမည် ဖြစ်သည်။ လက်သင်သုတေသနပညာရှင် များသည် ၎င်းတို့၏ စာရင်းအင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်မှုသည် ယူဆချက်များအား အထောက်အပံ့ပေးသည့် ရလဒ်များ မရရှိပါက လည်းကောင်း အချက်အလက် များအကြား ဆက်စပ်မှုကို မရှာတွေ့ပါကလည်းကောင်း စိုးရိမ်တတ်ကြသည်။ အရေအတွက်အခြေပြု သုတေသန၏ အဆုံးစွန်ရည်မှန်းချက်မှာ လူမှုရေးရာဖြစ်ရပ်မှန်ကို တိတိကျကျ ထင်ဟပ်ပြနိုင်သည့် ဗဟုသုတများကို ချဲ့ထွင် နိုင်ရန်ဖြစ်ပြီး ဗဟုသုတအစိတ်အပိုင်းတစ်ရပ် သို့မဟုတ် သီအိုရီ တစ်ခုအား ချက်ကျလက်ကျမဟုတ်ဘဲ ကျိုးကြောင်းမဲ့ ခုခံကာကွယ်ရေးသားရန် မဟုတ်ပေ။ ထို့အပြင် အရေအတွက်အခြေပြု လေ့လာတွေ့ရှိချက်များအား ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ပြီး အနက်အဓိပ္ပာယ်ပြန်ဆိုရန်နှင့် တွေ့ရှိချက်များအား တိတိကျကျ တင်ပြနိုင်ရန်တို့အတွက် အခြေခံနှင့် အဆင့်မြင့် စာရင်းအင်းပညာတွက်ချက်မှု ဗဟုသုတ ကျွမ်းကျင်မှုကောင်းကောင်းလည်း သုတေသနပညာရှင်အတွက် မရှိမဖြစ် လိုအပ်သည်။ ထို့ကြောင့် စာရင်းအင်းတွက်ချက်မှုကြောင့် လှည့်စားခံရခြင်းမှ ကာကွယ်ရန် အကောင်းဆုံးနည်းမှာ ကိန်းဂဏန်းအချက်အလက်များအား လျစ်လျူရှု ချန်မထားရန် ဖြစ်ပါသည်။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ

N. Blaikie, *Analyzing Quantitative Data* (London: Sage, 2003).

P. Cane and H. N. Kritzer, *The Oxford Handbook of Empirical Legal Research* (Oxford: Oxford University Press, 2010).

R. H. Carver and J. G. Nash, *Doing Data Analysis with SPSS Version 18.0* (Boston, MA: Brooks/Cole Cengage Learning, 2012).

J. W. Creswell, *Research Design: Qualitative, Quantitative, and Mixed Methods Approaches* (4th edn) (Thousand Oaks, CA: Sage, 2014).

L. Epstein and A. D. Martin, *An Introduction to Empirical Legal Research* (Oxford: Oxford University Press, 2014).

D. E. Gray, *Doing Research in the Real World* (3rd edn) (London: Sage, 2014).

M. Henn, M. Winstein and N. Foard, *A Critical Introduction to Social Research* (2nd edn) (Thousand Oaks, CA: Sage, 2006).

P. M. Nardi, *Doing Survey Research: A Guide to Quantitative Methods* (3rd edn) (Boulder, CO: Paradigm Publishers, 2014).

C. Robson, *Real World Research: A Resource for Users of Social Research Methods in Applied Settings* (3rd edn) (Chichester: Wiley, 2011).

N. Salkind, *Statistics for People Who (Think They) Hate Statistics* (5th edn) (Thousand Oaks, CA: Sage, 2014).

D. J. Treiman, *Quantitative Data Analysis: Doing Social Research to Test Ideas* (San Francisco, CA: Jossey-Bass, 2009).

D. Watkins and M. Burton (eds), *Research Methods in Law* (London: Routledge, 2013).

## မှတ်စုများ

၁ လူမှုရေးရာဥပဒေသုတေသနအား ဥပဒေကျောင်းများ သို့မဟုတ် လွတ်လပ်သည့် သုတေသနအဖွဲ့အစည်းများတွင် အခြေပြုသည့် ပညာရပ်ဆိုင်ရာဝန်ထမ်းက အများအားဖြင့် ဆောင်ရွက်လေ့ရှိပြီး 'လူမှုဗေဒနှင့် သီးသန့်ချည်နှောင်ထားသည့် ပညာရပ် ပေါင်းစုံ ပါဝင်သည့် ဘာသာရပ်တစ်ခုဖြစ်ရန်အတွက် အဆိုပြုချက်များ သို့မဟုတ် ရည်မှန်းချက်များ ဖြစ်သည်'။ R. Banakar and M. Travers, 'Law, Sociology and Method' in R. Banakar and M. Travers (eds), *Theory and Method in Socio-legal Research* (Oxford: Hart Publishing, 2005) 1 ကို ကြည့်ပါ။

၂ L. E. Ohlin, 'Partnership with Social Sciences' (1970–1) 23 *Journal of Legal Education* 206.

၃ J. G. Getman, 'Contributions of Empirical Data to Legal Research' (1985) 35 *Journal of Legal Education* 493.

၄ T. Hutchinson, *Researching and Writing in Law* (3rd edn) (Pyrmont, New South Wales: Lawbook Co., 2010) 7. Hutchinson အရဆိုရသော် အယူအဆအခြေပြုသုတေသနအား 'ဥပဒေဆိုင်ရာကဏ္ဍတစ်ရပ်အား လွှမ်းမိုးသည့် စည်းမျဉ်းများအား စနစ်တကျ ရှင်းလင်းဖော်ပြပြီး စည်းမျဉ်းများအကြား ဆက်နွယ်မှုကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်၍ အခက်အခဲကြုံတွေ့ရသည့် နယ်ပယ်များအား ရှင်းလင်းပြသခြင်း သာမက အနာဂတ်ကာလဖွံ့ဖြိုးမှုအတွက်ပါ ခန့်မှန်းပေးသည့် သုတေသန' အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ (စာမျက်နှာ ၇)

၅ Ibid., 7–9, 19.

၆ ဤအခန်းအား ရေးသားရန် ပြင်ဆင်ရာတွင် ဥပဒေသုတေသနဆိုင်ရာ ပြဋ္ဌာန်းစာအုပ် အမြောက်အများကို အသုံးပြုရေး တိုင်ပင်ခဲ့သည်။ ဥပမာအတွက် S. Barber and M. A. McCormick, *Legal Research* (New York: Delmar Publishers, 1996); D. Stott, *Legal Research* (2nd edn) (London: Cavendish, 1999); I. Nemes and G. Coss, *Effective Legal Research* (3rd edn) (London: Sweet & Maxwell, 2012); R. Watt, *Concise Legal Research* (6th edn) (Annandale, New South Wales:

Federation Press, 2009); P. Cane and H. M. Kritzer (eds), *The Oxford Handbook of Empirical Legal Research* (Oxford: Oxford University Press, 2010) တို့ကို ကြည့်ပါ။

၇ W. B. Lockhart, 'Social Research and the Law' (1970) 23 *Journal of Legal Education* 1; H. Zeisel, 'Of Social Science Research Methods and Competency for Lawyers Therein' (1970–1) 23 *Journal of Legal Education* 240; D. Bok, 'A Flawed System of Law Practice and Training' (1983) 33 *Journal of Legal Education* 570; P. E. Leighton, 'The Case for Empirical Research' (1984) 18 *The Law Teacher* 13; R. Tomasic, 'Using Social Science Research Methods in the Study of Corporate Law' (1996) 3 *Canberra Law Review* 24–5; T. S. Ulen, 'A Nobel Prize in Legal Science: Theory, Empirical Work, and the Scientific Method in the Study of Law' (2002) 4 *University of Illinois Law Review* 875; T. E. George, 'An Empirical Study of Empirical Legal Scholarship: The Top Law Schools' (2006) 81 *Indiana Law Journal* 141.

၈ L. E. Teitelbaum, 'An Overview of Law and Social Research' (1985) 35 *Journal of Legal Education* 466.

၉ ဥပမာအတွက် R. D. King and E. Wincup (eds), *Doing Research on Crime and Justice* (2nd edn) (Oxford: Oxford University Press, 2008); P. Francis, V. Jupp and P. Davies (eds), *Doing Criminological Research* (2nd edn) (London: Sage, 2011); S. Bushway and D. Weisburd (eds), *Quantitative Methods in Criminology* (Aldershot: Ashgate, 2005); A. R. Piquero and D. Weisburd (eds), *Handbook of Quantitative Criminology* (New York: Springer, 2010) ကို ကြည့်ပါ။

၁၀ ဥပမာအတွက် P. Grabosky and J. Braithwaite, *Of Manners Gentle: Enforcement Strategies of Australian Business Regulatory Agencies* (Melbourne: Oxford University Press, 1986); M. I. Weinstein, 'Share Price Changes and the Arrival of Limited Liability in California' (2003) 32 *Journal of Legal Studies* 1 ကို ကြည့်ပါ။

၁၁ ဥပမာအတွက် G. R. Mullane, 'Evidence of Social Science Research: Law, Practice, and Options in the Family Court of Australia' (1998) 72 *Australian Law Journal* 434; S. Mechoulan, 'Divorce Laws and the Structure of the American Family' (2006) 35 *Journal of Legal Studies* 143 ကို ကြည့်ပါ။

၁၂ J. Monahan and L. Walker, 'Teaching Social Science in Law: An Alternative to "Law and Society"' (1985) 35 *Journal of Legal Education* 480. လူမှုရေးသိပ္ပံပညာ ဗဟုသုတနှင့် သီအိုရီအား ဥပဒေတွင် အသုံးပြုနိုင်ရေးအတွက် သုတေနသနည်းစနစ်နှင့် စာရင်းအင်းတွက်ချက်မှုပညာများအား အခြေခံ နားလည်သဘောပေါက်ခြင်းသည် ဥပဒေကျောင်းသားများအတွက် မရှိမဖြစ်လိုအပ်သည်။ D. Kaye, 'Thinking Like a Statistician' (1984) 34 *Journal of Legal Education* 97; D. L. Faigman, 'To Have and Have Not: Assessing the Value of Social Science to the Law as Science and Policy' (1989) 38 *Emory Law Journal* 1004 ကိုလည်း ကြည့်ပါ။

[၁၃] John W. Creswell အရဆိုရသော် ချဉ်းကပ်မှု (၃) ခုမှာ အရေအတွက်အခြေပြုနည်းလမ်း၊ အရည်အသွေးအခြေပြု နည်းလမ်းနှင့် ပေါင်းစပ်နည်းလမ်းတို့ ဖြစ်ကြသည်။ နည်းလမ်းတစ်ခုချင်းစီသည် 'ဗဟုသုတ၊ စုံစမ်းစစ်ဆေးမှု နည်းဗျူဟာနှင့် သီးသန့်နည်းလမ်းများတွင် ပါဝင်သည့် အဆိုပြုချက်များအား အတူတကွ ဆောင်ကြဉ်းပေး'သည်။ J. W. Creswell, *Research Design: Qualitative, Quantitative, and Mixed Methods Approaches* (4th edn) (Thousand Oaks, CA: Sage, 2014) xxii ကို ကြည့်ပါ။

[၁၄] M. Hammersley, 'What is Social Research?' in M. Hammersley (ed.), *Principles of Social and Educational Research: Block 1* (Milton Keynes: Open University Press, 1993) 39.

[၁၅] M. Henn, M. Weinstein and N. Foard, *A Short Introduction to Social Research* (London: Sage, 2006) 1. အရေအတွက် အခြေပြုသုတေသနသည် သီအိုရီပိုင်းဆိုင်ရာ အမြင်သစ်များကို ဖြစ်ပေါ်စေပြီး လက်ရှိ အရည်အသွေးအခြေပြု စံနမူနာများအား ချေပသည်။ ဥပမာအတွက် M. McConville and C. Mirsky, *Jury Trials and Plea Bargaining* (Oxford: Hart Publishing, 2005) ကို ကြည့်ပါ။

[၁၆] N. Denzin and Y. Lincoln (eds), *The Sage Handbook of Qualitative Research* (4th edn) (Thousand Oaks, CA: Sage, 2011) 4.

[၁၇] ဤအရာသည် အနည်းဆုံး သရုပ်ဖော်ပြသည်။ သို့သော် ကောက်ယူမည့် အချက်အလက်များအား အလွန်အမင်း ရွေးချယ်ခြင်းနှင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့တွင် ပုဂ္ဂလိကအမြင်များ ပါဝင်သည်။

[၁၈] Creswell, note 13 above, 7.

[၁၉] Henn, Weinstein and Foard, note 15 above, 11. လက်တွေ့မျက်မြင်ဝါဒချဉ်းကပ်မှု အပြည့်အစုံအား Auguste Comte's *The Positive Philosophy* (New York: AMS Press, 1974) တွင် တွေ့မြင်နိုင်သည်။

[၂၀] Henn, Weinstein and Foard, note 15 above, 12. See also D. E. Gray, *Doing Research in the Real World* (3rd edn) (London: Sage, 2014) 18.

[၂၁] C. Robson's *Real World Research: A Resource for Social Scientists and Practitioner–Researchers* (2nd edn) (Oxford: Blackwell, 2002) Box 2.1 မှ ဤယူဆချက်များအား ထုတ်နှုတ်ပြီး လျော်ညီအောင် ပြုပြင်ရေးသားထားပါသည်။

[၂၂] သုတေသနဒီဇိုင်းအား 'သုတေသနစီမံကိန်းတစ်ခု စီစဉ်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပါဝင်သည့် ကိစ္စရပ်များ အားလုံးဖြစ်သည်။ ပြဿနာကို သတ်မှတ်ဖော်ထုတ်ခြင်းမှသည် ရလဒ်များအား အစီရင်ခံတင်ပြခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းတို့အထိ ပါဝင်သည်' ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ K. F. Punch, *Introduction to Social Research: Quantitative and Qualitative Approaches* (2nd edn) (Thousand Oaks, CA: Sage, 2005) 62 ကို ကြည့်ပါ။

[၂၃] D. E. McNabb, *Research Methods for Political Science: Quantitative and Qualitative Research* (2nd edn) (New York: M. E. Sharpe, 2010) 96–140

[၂၄] ဥပမာအတွက် L. Mather, 'Changing Patterns of Legal Representation in Divorce: From Lawyers to Pro Se' (2003) 30 *Journal of Law and Society* 137; P. Pleasence, H. Genn, N. J. Balmer, A. Buck and A. O'Grady, 'Causes of Action: First Findings of the LSRC Periodic Survey' (2003) 30

*Journal of Law and Society* 11; R. Moorhead and M. Sefton, *Litigants in Person: Unrepresented Litigants in First Instance Proceedings* (London: Department of Constitutional Affairs, 2005) တို့ကို ကြည့်ပါ။

[၂၅] McNabb, note 23 above, 105–96.

[၂၆] M. G. Maxfield and E. Babbie, *Research Methods for Criminal Justice and Criminology* (6th edn) (Belmont, CA: Wadsworth Thomson Learning, 2011) 18.

[၂၇] ဥပမာအတွက် T. Tyler, *Why People Obey the Law* (Princeton, NJ: Princeton University Press, 2006) ကို ကြည့်ပါ။

[၂၈] T. Cook and D. Campbell, *Quasi-experimentation: Design & Analysis Issues for Field Settings* (Boston, MA: Houghton MiÜin, 1979).

[၂၉] B. M. Melnyk and R. Cole, 'Generating Evidence through Quantitative Research' in B. M. Melnyk and E. Fineout-Overholt (eds), *Evidence-based Practice in Nursing and Healthcare: A Guide to Best Practice* (Philadelphia, PA: Lippincott Williams and Wilkins) 242–50.

[၃၀] ဤအပိုင်းတွင် ဆွေးနွေးချက်သည် စီစဉ်သည့်အဆင့်တွင် ပါဝင်သည့် အဆင့်များနှင့် ဆက်စပ်သည်။ ဤအခန်း၏ အပိုင်း (၄) နှင့် အပိုင်း (၅) သည် အဆင့် ၆ နှင့် အဆင့် ၇ တို့နှင့် အသီးသီး ချိတ်ဆက်ပါသည်။

[၃၁] Henn, Weinstein and Foard, note 15 above, 48.

[၃၂] S. R. Cummings, W. S. Browner and S. B. Hulley, 'Conceiving the Research Question' in S. B. Hulley, S. R. Cummings. W. S. Browner, D. Grady and T. B. Newman (eds), *Designing Clinical Research* (4th edn) (Philadelphia, PA: Wolters Kluwer Health, 2013) 14–22.

[၃၃] N. Blaikie, *Analyzing Quantitative Data* (London: Sage, 2003) 13

[၃၄] D. E. McNabb, note 23, 32.

[၃၅] Gray, note 20 above, 5.

[၃၆] သုတေသန အဆိုပြုယူဆချက်များသည် ရှင်းလင်းဖော်ပြချက်များအား ရှာဖွေသည့် 'ဘာ့ကြောင့်' မေးခွန်းများကို ဖြေဆိုရန် လိုအပ်လေ့ ရှိသည်။ ဆန့်ကျင်ဘက်အားဖြင့် 'ဘာလဲ' ဟူသည့် မေးခွန်းများသည် သီးသန့်ပြဿနာတစ်ရပ်အတွက် ရှင်းလင်း ဖော်ပြချက်ကို ရှာဖွေပါသည်။ အဆိုပြုယူဆချက်များအစား သုတေသနမေးခွန်းများအား ဖွံ့ဖြိုးစေသင့်သည်။

[၃၇] C. Frankfort-Nachmias and D. Nachmias, *Research Methods in the Social Sciences* (7th edn) (New York: Worth Publishers, 2008) 56.

[၃၈] R. E. Redding and N. D. Reppucci, 'Eºects of Lawyers' Socio-political Attitudes on Their Judgments of Social Science in Legal Decision Making' (1999) 23 *Law and Human Behavior* 31–2.

[၃၉] Robson, note 21 above, 61–2.

[၄၀] ဆက်စပ်သည့်အချက်အလက်များသည် ကျိုးကြောင်းဆက်နွှယ်မှု အဆိုပြုယူဆချက်၏ ပထမပိုင်းဖြစ်ပြီး

၎င်းသည် လေ့လာသည့် အချက်အလက်အား ကောင်းသည့်ဘက်မှလည်းကောင်း၊ ဆိုးသည့်ဘက်မှ လည်းကောင်း ပြောင်းလဲမှု ဖြစ်နိုင်သည်။

[၆၁] နမူနာရွေးချယ်သည့်မူဘောင်သည် အရည်အချင်းပြည့်မီသော အုပ်စုများ၏ အရင်းအမြစ်ဖြစ်ပြီး ၎င်းမှ နမူနာကို ထုတ်ယူသည်။ Robson, note 21 above, 240 ကို ကြည့်ပါ။

[၆၂] ခြုံငုံကောက်ချက်ချခြင်း (ပြင်ပ ကျိုးကြောင်းညီညွတ်ခိုင်လုံခြင်းဟု တစ်ခါတစ်ရံ ခေါ်သည်) သည် လေ့လာသည့် နမူနာတစ်ခုမှ ရရှိသည့် သုံးသပ်ချက်များသည် အဆိုပါနမူနာကောက်ယူထားသည့် အုပ်စုကြီး တစ်ခုအတွက် သုံးသပ်ယူဆနိုင်သည့် အတိုင်းအဆကို ရည်ညွှန်းသည်။

[၆၃] ဖြစ်နိုင်ခြေရှိသောနမူနာရွေးချယ်ခြင်းဆိုင်ရာ မတူညီသည့် နည်းလမ်းများအား အသေးစိတ် ဆွေးနွေး နိုင်ရန်အတွက် W. L. Neuman, *Social Research Methods: Qualitative and Quantitative Approaches* (7th edn) (Harlow: Pearson, 2013) ၏ အခန်း (၈) ကို ဖတ်ရှုပါ။

[၆၄] အချိုးညီနမူနာတစ်ခုဆိုသည်မှာ အလွှာတစ်ခုချင်းစီအလိုက် နမူနာကောက်ယူထားသည့် အရေအတွက် သည် နမူနာမူဘောင်ရှိ စုစုပေါင်း အရေအတွက်နှင့် အချိုးကျပါသည်။

[၆၅] T. R. Black, *Understanding Social Science Research* (2nd edn) (London: Sage, 2002), 52.

[၆၆] D. A. Kravitz, B. L. Cytler and P. Brock, 'Reliability and Validity of the Original and Revised Legal Attitudes Questionnaire' (1993) 17 *Law and Human Behavior* 661–77.

[၆၇] T. A. Martin and E. S. Cohn, 'Attitudes Toward the Criminal Legal System: Scale Development and Predictors' (2004) 10 *Psychology, Crime and Law* 367–91

[၆၈] C. L. Mulford, M. Y. Lee and S. C. Sapp, 'Victim-blaming and Society-blaming Scales for Social Problems' (1996) 26 *Journal of Applied Social Psychology* 1324–36.

[၆၉] A. Bryman and D. Cramer, Quantitative Data Analysis for Social Scientists (revised edn) (London: Routledge, 1994) 70–4 ကို ကြည့်ပါ။ တိုင်းတာမှုတစ်ခု၏ ယုံကြည်စိတ်ချရမှုသည် ရှေ့နောက်ညီညွတ်မှုကို ညွှန်းဆိုပါသည်။ ကျိုးကြောင်း ညီညွတ်ခိုင်လုံသည့် တိုင်းတာမှုတစ်ခုဆိုသည်မှာ တိုင်းတာရန် ဟန်ဆောင်လိုသည့် အရာများအား တိုင်းတာခြင်းပင် ဖြစ်သည်။

[၇၀] M. Riedel, *Research Strategies for Secondary Data: A Perspective for Criminology and Criminal Justice* (Thousand Oaks, CA: Sage, 2000) 1. ရာဇဝတ်မှုတွင် မတရားဖိနှိပ်ခံရသူများအား စစ်တမ်းကောက်ယူခြင်းနှင့် ရာဇဝတ်မှုများအား တူညီစွာအစီရင်ခံနိုင်ရေး အစီအစဉ်ကဲ့သို့ တဆင့်ခံ အရင်းမြစ်မှ ရရှိသည့် အချက်အလက်များအား အမေရိကန်နိုင်ငံရှိ ရာဇဝတ်မှုများလေ့လာနေသည့် ပညာရှင်များက အသုံးပြုကြသည်။

[၇၁] A. Bryman, *Quantity and Quality in Social Research* (London: Unwin Hyman, 1988) 11–12.

[၇၂] N. Taylor and J. Joudo, *The Impact of Pre-recorded Video and Closed Circuit Television Testimony by Adult Sexual Assault Complainants on Jury Decision-making: An Experimental Study* (Research and Public Policy Series No. 68) (Canberra, Australian Capital Territory: Australian Institute of Criminology, 2005).

[၅၃] Ibid., iii.

[၅၄] Punch, note 22 above, 69.

[၅၅] M. Asimow, S. Green£eld, G. Jorge, S. Machura, G. Osborn, P. Robson, C. Sharp and R. Sockloskie, 'Perceptions of Lawyers – A Transnational Study of Student Views on the Image of Law and Lawyers' (2005) 12 *International Journal of the Legal Profession* 409.

[၅၆] Gray, note 20 above, 376–8.

[၅၇] W. A. Bogart and N. Vidmar, *Access to Justice in Ontario*, 1985–1988 (Ann Arbor, MI: Inter-university Consortium for Political and Social Research, 1999). Available at www.icpsr.umich.edu/icpsrweb/NACJD/ studies/9729

[၅၈] Riedel, note 51 above, 32.

[၅၉] D. Burton, 'Secondary Data Analysis' in D. Burton (ed.), *Research Training for Social Scientists: A Handbook for Postgraduate Researchers* (London: Sage, 2000) 348–51; N. Allum and S. Arber, 'Secondary Analysis of Survey Data' in N. Gilbert (ed.), *Researching Social Life* (3rd edn) (London: Sage, 2008) 385–8; Punch, note 22 above, 103.

[၆၀] Blaikie, note 33 above, 29.

[၆၁] Blaikie, note 33 above, 30.

[၆၂] အချက်အလက်အများအပြားအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုကို အသုံးပြုခြင်းနှင့် ပတ်သက်၍ နောက်ထပ် အသေးစိတ် သိရှိ လိုပါက စာရင်းအင်းပညာပြဋ္ဌာန်းစာအုပ်ဖြစ်သည့် N. J. Salkind, *Statistics for People Who (Think They) Hate Statistics* (5th edn) (Thousand Oaks, CA: Sage, 2014) ကို ဥပမာအနေဖြင့် ကြည့်ပါ။

[၆၃] R. H. Carver and J. G. Nash, *Doing Data Analysis with SPSS Version 18.0* (Boston, MA: Brooks/Cole Cengage Learning, 2012).

[၆၄] S. Rabe-Hesketh and B. Everitt, A *Handbook of Statistical Analyses Using Stata* (4th edn) (Boca Raton, FL: Chapman & Hall/CRC, 2007); A. C. Acock, *A Gentle Introduction to Stata* (revised 3rd edn) (College Station, TX: Stata Press, 2012).

[၆၅] Robson, note 21 above, 69.

[၆၆] C. Haney, C. Banks and P. Zimbardo, 'A Study of Prisoners and Guards in a Simulated Prison' in E. Aronson (ed.), *Readings about the Social Animal* (7th edn) (New York: W. H. Freeman and Company, 1995) 52–67.

[၆၇] M. Israel, 'Strictly Confidential? Integrity and the Disclosure of Criminological and Socio-legal Research' (2004) 44 *British Journal of Criminology* 715.

# အခန်း (၃)

# လူမှုခလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ သုတေသနပြုခြင်း – ဖြစ်ရပ်အခြေပြုလေ့လာမှုမှရရှိသည့် သင်ခန်းစာ များ

Satnam Choongh

## နိဒါန်း

**လွန်**ခဲ့သည့် ဆယ်စုနှစ် (၂) ခု အတောအတွင်း ရဲလုပ်ငန်းသုတေသနနှင့် ၎င်း၏ ရန်ပုံငွေ အထောက်အပံ့များနှင့် ပတ်သက်သည့် နိုင်ငံရေးအခြေအနေသည် အတော်ပင် ပြောင်းလဲခဲ့ ပါသည်။ 'ရဲလုပ်ငန်းရှိ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်၊ ရဲလုပ်ငန်းစံနှုန်းများ သွေဖည်မှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ ကိစ္စရပ်များထက် ရဲလုပ်ငန်းဆိုင်ရာအလေ့အကျင့်ကောင်းများ အတွက် ရှာဖွေမှု' အပေါ် ပိုမိုအလေးထားသည့် သုတေသနများအား ၁၉၈၀ ပြည့်လွန်နှစ် နောက်ပိုင်းကာလများတွင် ပို၍ ဆောင်ရွက်လိုလာကြကြောင်း စာရေးသူတစ်ဦးက မှတ်ချက်ပြုထားသည်။[၁] အဆိုပါ သုတေသနအား 'လက်တွေ့ကျပြီး' 'ရာဇဝတ်မှုလျှော့ချရေး ပဓာနထားသည့် ဦးတည်ချက်ဖြင့် ဆောင်ရွက်သော' သုတေသနအဖြစ် ဖော်ပြသည်။[၂] ၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ အစိုးရ အဆက်ဆက်သည် သုတေသန ရန်ပုံငွေထောက်ပံ့ရာတွင် 'ငွေကြေး အတွက်သာ တန်ဖိုးထား' စဉ်းစားဆောင်ရွက်ကြသည်ဟူသော အချက်ကြောင့် ထောက်ပံ့ကြောင်း မငြင်းဆိုနိုင်ပေ။ အကျိုးဆက်အားဖြင့် ပြစ်မှုဆိုင်ရာတရားမျှတမှုအကြောင်း လေ့လာသည့် လက်တလော သုတေသန အများစုအနေဖြင့် အစိုးရက နောက်ဆုံး ဆောင်ရွက်သည့် ရာဇဝတ်မှု လျှော့ချရေး ကနဦးလုပ်ငန်းများသည် အလုပ်ဖြစ်၊ မဖြစ် ဆိုသည့် အပေါ်သာ ဦးတည် လေ့လာကြခြင်းပင် ဖြစ်သည်။ ဤကဲ့သို့ နိုင်ငံရေးအခြေအနေတွင် လျစ်လျူရှုထားခြင်း ခံရသည့် အလေ့အကျင့် များအား ရှာဖွေဖော်ထုတ်၍ ရှင်းလင်းတင်ပြရန် အလို့ငှာ ရာဇဝတ်မှုဆိုင်ရာ လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများ၏ အပြုအမူအပေါ် အလေးထားသည့် လေ့လာမှုများအတွက် ထိရောက်သည့် ရန်ပုံငွေ ထောက်ပံ့မှုများရရှိရန် အလားအလာ မရှိနိုင်ပေ။

ဤနောက်ခံအကြောင်းခြင်းရာနှင့် ဆန့်ကျင်၍ ပြစ်မှုဗေဒရှိ အစဉ်အလာကောင်းများ ရှင်သန်နိုင်ရေးအတွက် ရာဇဝတ်မှုဆိုင်ရာ လုပ်ငန်းစဉ်အတွင်းရှိ ပါဝင်ပတ်သက်သူများ၏ နေ့စဉ်လုပ်ရှားမှုများကို အသေးစိတ်လေ့လာရန် ပါရဂူဘွဲ့ကျောင်းသားနှင့် မဟာဝိဇ္ဇာဘွဲ့ ကျောင်းသားများသည် (အနည်းဆုံး ရေတိုကာလအနေဖြင့်) အရေးပါကြောင်း တွေ့ရှိရပါသည်။

ရဲအရာရှိများ၊ ရှေ့နေများ၊ လူမှုကူညီရေးလုပ်သားများ၊ ခံဝန်ချုပ်ဖြင့် လွှတ်ထားသူများကို ကြီးကြပ်သူအရာရှိများ၊ သံသယတရားခံများ၊ ပြစ်မှုကျူးလွန်သူများ၊ အကျဉ်းသားများ သို့မဟုတ် အကျဉ်းထောင်အရာရှိများက ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် လောကအတွင်း လုပ်ငန်းဆောင်တာများသည် မည်မျှ အဓိပ္ပာယ်ရှိကြောင်း၊ ရာဇဝတ်မှုဆိုင်ရာ လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ရာတွင် ၎င်းတို့၏ အမြင်သဘောထားများက မည်သို့ လွှမ်းမိုးနေကြောင်းတို့အား ရှာဖွေ ဖော်ထုတ်သည့် လေ့လာမှုများ ဖြစ်သည်။ ပညာရပ်နယ်ပယ် ဆိုင်ရာ စကားအသုံးအနှုန်းအရ ၎င်းကို 'လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ လေ့လာသည့် (ethnographic)' သုတေသနဟု ရည်ညွှန်းလေ့ရှိကြပြီး ၎င်း၏ ထူးခြားသည့် ဝိသေသ လက္ခဏာရပ်များအား အောက်ပါအတိုင်း အနှစ်ချုပ်ထားပါသည်–

> လေ့လာမည့်အကြောင်းအရာများ၏ တကယ့်လက်တွေ့အခြေအနေများတွင် နှစ်နှစ်ကာကာ ပျော်ဝင်လေ့လာခြင်းဖြင့် မသိမသာကွဲပြားသည့် သတင်းပေးပို့ချက်များအား အရင်ဦးဆုံး သိသိသာသာ ဂရုတစိုက် ဦးစားပေးရွေးချယ်ခြင်းဖြစ်သည့်အတွက်ကြောင့် လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျလေ့လာခြင်းသည် အရေအတွက်အခြေပြု အချက်အလက်များထက် အရည်အသွေးအခြေပြုအချက်အလက်များအား ဦးစားပေး ရွေးချယ်ပါသည် (ထုံးစံအတိုင်း ဦးစားပေးရွေးချယ်လေ့ရှိသည်)။ ဆက်စပ်လျက်ရှိသည့် ဒုတိယအချက်အနေဖြင့် လူမှုဓလေ့ထုံးတမ်းများအားသိပ္ပံနည်းကျ လေ့လာခြင်းသည် လက်တွေ့မျက်မြင်အခြေပြုလေ့လာခြင်းထက် သက်ဆိုင်သူဇာတ်ကောင်များအတွက် လူမှုရေးဆောင်ရွက်ချက်များ၏ အဓိပ္ပာယ်နှင့် သီးသန့် လူမှုအကြောင်းအရာများအား အသေးစိတ် သဘောပေါက် နားလည်မှုများအပေါ် ပိုမို အလေးထား လေ့လာပါသည်။ ထို့ကြောင့် တတိယအချက်အနေဖြင့် လူမှုရေးသိပ္ပံပညာအား သဘာဝသိပ္ပံပညာရပ် လေ့လာသည့် နည်းလမ်းအတိုင်း လေ့လာနိုင်သည်ဟူသည့်အမြင်ကို လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျချဉ်းကပ်မှုက အပြတ်အသတ်ငြင်းဆိုသည်။ အကြောင်းရင်းမှာ သဘာဝသိပ္ပံပညာတွင် လေ့လာသည့် ဖြစ်စဉ်များသည် လူသားများက ပြုမူဆောင်ရွက်သကဲ့သို့ ၎င်းတို့၏ တကယ့်လက်တွေ့ဘဝအဓိပ္ပာယ်များအဖြစ် မမှတ်ယူနိုင်ခြင်းကြောင့် ဖြစ်သည်။ အဆိုပါ အချက်သုံးချက်က .... လူမှုဓလေ့ ထုံးတမ်းများအား သိပ္ပံနည်းကျ လေ့လာသည့် အစဉ်အလာ၏ အားသာချက်များအတွက် ပေါင်းစည်းလျက် ဦးဆောင်ပေးခြင်းကို ပြုလုပ်ပေးသည်.... ဆိုလိုသည်မှာ နေ့စဉ် လူမှုဘဝတွင် စွဲစွဲမြဲမြဲ အရေးပါလေ့ရှိသည့် ဓလေ့ထုံးတမ်းဆိုင်ရာအဓိပ္ပာယ်များနှင့် စံအဖြစ် သတ်မှတ်ထားသည့် စည်းနှောင်မှုအချို့အား ဖော်ထုတ်နိုင်စွမ်း ရှိသည်။[၃]

သဘောသဘာဝအားဖြင့် လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ သုတေသနပြုခြင်း (ethnographic research) သည် စူးစမ်းရှာဖွေလေ့လာခြင်း ဖြစ်သည်။ စမ်းသပ်ရမည့် အခိုင်အမာ အယူအဆတစ်ခုဖြင့် စတင်ထားခြင်းမရှိသကဲ့သို့ ယေဘုယျအားဖြင့် ဆက်စပ်လွှမ်းခြုံနေသည့် သီအိုရီအချို့ကိုလည်း အတည်ပြုခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းလည်း မပြုပေ။ အရည်အသွေး အခြေပြုသုတေသနကို စိတ်ဝင်စားသည့် ကျောင်းသားသည် လူမှုအကြောင်းအရာတစ်ခုအကြောင်း အများအားဖြင့် ရှာဖွေလေ့ရှိပြီး ပါဝင်ပတ်သက်သည့် ဇာတ်ကောင်များသည် လူမှုအဖွဲ့အစည်း တည်ဆောက်မှုအတွင်း တစ်ခုနှင့် တစ်ခုသာမက ပြင်ပအခြေအနေနှင့်ပါ မည်သို့ ချိတ်ဆက် ကြောင်း ကောင်းစွာနားလည်သဘောပေါက်ရန်အတွက်လည်း ရှာဖွေပါသည်။ ဤနားလည် သဘောပေါက်မှုက နောင်အခါ မူဝါဒအခြေပြု အချေအတင်ဆွေးနွေးရာတွင် အသုံးဝင်သည် သာမက သီအိုရီ ဖော်ထုတ်ရာတွင်လည်း ကောင်းစွာ ဖြည့်ဆည်းနိုင်ကြောင်း ပြသနိုင်ပေလိမ့်မည်။ သို့သော် အဆိုပါရလဒ်များအား အသေအချာ ဖြေရှင်းနိုင်မည် သို့မဟုတ် အာမခံနိုင်မည် မဟုတ်ချေ။ သုတေသနတစ်ခု၏ အောင်မြင်မှုအား ၎င်းတို့၏ ပေးစွမ်းနိုင်မှုဖြင့် မဆုံးဖြတ်ကြပေ။ ထို့အပြင် ဤအချက်သည် ဝါရင့်သုတေသီက မပေးနိုင်သည့် အစိတ်အပိုင်းများအား ပါရဂူဘွဲ့ကျောင်းသား သို့မဟုတ် မဟာဝိဇ္ဇာဘွဲ့ကျောင်းသားများက ဆောင်ရွက်ပေးနိုင် ကြောင်းအား ဖော်ပြလိုရင်း ဖြစ်သည်။ လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျလေ့လာသည့် သုတေသနအတွက် အသုံးပြုရသည့် အချိန်အများအပြားနှင့် နောက်ဆက်တွဲ ကုန်ကျစရိတ် များအား သံသယဝင်နေသည့် ရန်ပုံငွေ အထောက်အပံ့ပေးသောအဖွဲ့များအား အကျိုးသင့် အကြောင်းသင့် ရှားရှားပါးပါး ရှင်းပြနိုင်ခြင်းဖြစ်သည်။ ၎င်းရန်ပုံငွေ ထောက်ပံ့ပေးသည့် အဖွဲ့များသည် အချက်အလက်များကို စာရင်းအင်းပညာဖြင့် အလွယ်တကူ တွက်ချက်နိုင်ပြီး ချက်ချင်းအကောင်အထည်ဖော်နိုင်သည့် ဝန်ဆောင်မှုဖြစ်သော အရေအတွက် အခြေပြု အချက်အလက်များအား အများအားဖြင့် အငမ်းမရ လိုလားကြသည်။ ပါရဂူဘွဲ့ ကျောင်းသားနှင့် မဟာဝိဇ္ဇာဘွဲ့ကျောင်းသားများသည် အထွေအထွေ အသုံးစရိတ်များအပေါ် သာမက ရန်ပုံငွေ အထောက်အပံ့ပေးသည့် အဖွဲ့အစည်း၏ လိုလားချက်များအပေါ်တွင် စိုးရိမ်ရန်မလိုအပ်ပေ။ အကယ်၍ ကြိုးစားလုပ်ကိုင်ပါက အသေးစိတ် လေ့လာချက်စာတမ်း (monograph) တစ်ခု အတွက် လိုအပ်သော အချက်အလက်များ ရှာဖွေထုတ်ဖော်ရာတွင် လိုအပ်သည့် ကာလကြာရှည် လုပ်ကိုင်နိုင်ရန် ပါရဂူဘွဲ့ကျောင်းသားနှင့် မဟာဝိဇ္ဇာဘွဲ့ကျောင်းသားများတွင် လိုက်လျော ညီထွေရှိမှုကို ပိုင်ဆိုင်ထားကြသည်။

သို့သော် စီမံကိန်းတစ်ခု အောင်မြင်ရန်အတွက် လိုအပ်သည့်အချိန်နှင့် အရင်းအမြစ် များသည် လုံလောက်မှုမရှိချေ။ ထို့ကြောင့် ကွင်းဆင်းလေ့လာရာတွင် မည်သို့ ပြင်ဆင်မည်၊ အနည်းဆုံးလိုအပ်ချက် ပြည့်မီစေရေး မည်သို့ ရရှိနိုင်မည်၊ အချက်အလက်များကို ရနိုင်သမျှ မည်သို့ စုဆောင်းမည်၊ အချက်အလက်များအား သင့်တင့်လျောက်ပတ်စွာ မည်သို့ထိန်းသိမ်း ပြီးနောက်

သေသေချာချာ နားလည်သဘောပေါက်အောင် မည်သို့ပြုလုပ်မည်၊ အချက်အလက် များကို အတတ်နိုင်ဆုံး ရနိုင်သမျှအသုံးချသည့်နည်းလမ်းဖြင့် သုတေသနစီမံကိန်းကို မည်သို့ ရေးသားပြုစုမည် စသည်တို့ကို သိရှိရန် အရေးကြီးသည်။ မည်သည့် သုတေသနစီမံကိန်းကမျှ အစီအစဉ် ချမှတ်ထားသည့်အတိုင်း တသွေမတိမ်း ဆောင်ရွက်နိုင်သည်မရှိပါ။ အတတ်နိုင်ဆုံး ဘက်ပေါင်းစုံ ခြုံငုံမိစေရေး စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ကြောင်း ရိုးရိုးသားသား ပြောကြားသည့် သုတေသီ အနည်းငယ်သာရှိနိုင်သည်။ မမေးမြန်းလိုက်ရသည့် မေးခွန်းများ၊ မတွေ့ကြုံလိုက်ရသည့် အခိုက်အတန့်များနှင့် နောင် အခွင့်အခါအတွက် သိမ်းဆည်းထားခြင်းက အကောင်းဆုံးဖြစ်စေနိုင်မည့် မြွတ်ဟလိုသည့် စကားလုံးများအတွက် ဝမ်းနည်းမှုများ အမြဲတမ်း ရှိနေပေလိမ့်မည်။ ဤအခန်း၏ ရည်ရွယ်ချက်မှာ အဆိုပါ ဝမ်းနည်းမှုများအား အနည်းဆုံး ဖြစ်စေရန်အတွက် ထောက်ပြချက်အချို့ကို တင်ပြခြင်းပင် ဖြစ်သည်။

ဤသို့ထောက်ပြနိုင်မည့် နည်းလမ်းအနေဖြင့် စာရေးသူ၏ ပါရဂူဘွဲ့အတွက် ဆောင်ရွက်သည့် ကွင်းဆင်းလေ့လာမှုများတွင် လက်တွေ့မျက်မြင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြခြင်းဖြင့် ဆောင်ရွက်သွားရန် မျှော်လင့်ထားသည်။ ထို့အပြင် အတွေ့အကြုံအချို့ကိုလည်း မိတ်ဆက်ခြင်းဖြင့် အခြားသူများက ၎င်းတို့ကိုယ်ပိုင် ကွင်းဆင်းလုပ်ငန်းအား စီမံအကောင်အထည်ဖော်သည့်အခါ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ စာရေးသူအနေဖြင့် လက်တွေ့မျက်မြင် အခြေပြုသုတေသနလုပ်ငန်းကို ပထမဆုံးအကြိမ်စတင် ဆောင်ရွက်ခြင်းဖြစ်ပြီး ဘာသာရပ်ဆိုင်ရာအကြောင်း တစ်လုံးမျှ ဖတ်ရှုခြင်းမရှိ၊ သုတေသန နည်းလမ်းများအကြောင်း မည်သည့်သင်တန်းမျှ တက်ရောက်ခဲ့ခြင်း မရှိဘဲ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (သုတေသနသည် ကောင်းမွန်သည့် အသေးစိတ်လေ့လာ ရေးသားချက်အဖြစ် နောက်ပိုင်းတွင် ပုံနှိပ်ဖော်ပြခြင်းခံရသော်လည်း[၄]) စာရေးသူက ‘မဆင်မခြင် ဆောင်ရွက်ခဲ့သည်’ ဟု လူတချို့က ပြောကောင်း ပြောဆိုပေလိမ့်မည်။ (အနည်းငယ် ရင့်ကျက်လာ၍) ပြန်ပြောင်းတွေးကြည့်သောအခါ ဤနည်းလမ်းအတိုင်း ဆက်လက် ဆောင်ရွက်ခြင်းသည် တော်လွန်းသောကြောင့် မဟုတ်ကြောင်း စာရေးသူက လက်ခံနိုင်သည်။ မရေရာမသေချာမှုနှင့် စိတ်ပျက်လက်လျှော့မှုများကို ရှောင်ရှားနိုင်ရင်း အတော်ပင် ပြည့်စုံသည့် အသေးစိတ်အချက်အလက်များ ကောက်ယူရန် လုံလောက်သည့် အချိန်ကို အသေအချာ ရရှိခဲ့နိုင်ခဲ့သောကြောင့် စာရေးသူအနေဖြင့် ရရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတ မနည်းခဲ့ပေ။

## သုတေသန၏ နောက်ခံအကြောင်းအရာ

စာရေးသူ၏ စိတ်ဝင်စားသည့် နယ်ပယ်မှာ တရားခွင် စစ်ဆေးမှုမတိုင်မီ ပြစ်မှုဆိုင်ရာ ကျင့်ထုံးများ ဖြစ်ပြီး စာရေးသူ၏ လေ့လာလိုသည့်နယ်ပယ်သည် ပြစ်မှုဆိုင်ရာလုပ်ငန်းစဉ်အတွင်း ရဲဝန်ထမ်းများသည် အခရာကျသည့် အခန်းကဏ္ဍအဖြစ် ပါဝင်ကြောင်းရှုမြင်ချက်အပေါ် အခြေခံထားခြင်း

ဖြစ်သည်ကို စာရေးသူက အစကတည်းကပင် သိရှိသည်။ အကြမ်းဖျင်းအားဖြင့် ရဲဝန်ထမ်း၏ အာဏာနှင့် သံသယတရားခံ၏ အခွင့်အရေးများအပေါ် စာရေးသူက စိတ်ပါဝင်စားမှုရှိပြီး ၎င်းတို့နှစ်ဦးကြား အပြန်အလှန် တုံ့ပြန်မှုသည် ပြစ်မှုဆိုင်ရာ သက်သေခံချက်နှင့် ပတ်သက်၍ တရားဝင်ချမှတ်ထားသည့် စည်းမျဉ်းများအပေါ် မည်သို့သက်ရောက်မှု ရှိပုံကိုလည်း စိတ်ဝင်စားပါသည်။ စာရေးသူက ပါရဂူဘွဲ့ သုတေသနအား လက်တွေ့မျက်မြင် အခြေပြုနည်းလမ်းဖြင့် ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်ထားသော်လည်း ၎င်းနည်းလမ်းအား မည်သည့်ပုံစံဖြင့် ဆောင်ရွက်ရမည်ကို လုံးဝ ရှင်းလင်းနားလည်ခဲ့ခြင်းမရှိပေ။ အကြောင်းရင်းမှာ ကိုယ်တွေ့မျက်မြင် အခြေပြု ဒဿနအသုံးပြုနေစဉ် အတောအတွင်း စမ်းသပ်နိုင်သည့် ရှင်းလင်း ပြတ်သားသော အယူအဆများ သို့မဟုတ် သီအိုရီများအား ဖော်ထုတ်ခဲ့ခြင်းမရှိသည့် အတွက်ကြောင့်ဖြစ်သည်။ ၁၉၈၀ ဝန်းကျင်နှစ်များတွင် ပေါ်ပေါက်ခဲ့သည့်ရဲများ၏ အာဏာနှင့် သက်သေခံချက်စည်းမျဉ်းများ အကြောင်း အချေအတင် ဆွေးနွေးမှုအား ရည်ညွှန်းကိုးကားလျက် အကြောင်းအရာ ချိတ်ဆက် အခြေပြုလေ့လာခြင်းဖြင့် စာရေးသူ၏ ဇဝေဇဝါ ဖြစ်နေခြင်းအား ရှင်းလင်းရန် အရေးတကြီး လိုအပ်လာသည်။

ပြစ်မှုဆိုင်ရာလုပ်ငန်းစဉ်၏ စံနမူနာများဖြစ်ကြသည့် Packer ရေးသားသည့် 'ရာဇဝတ်မှု ထိန်းချုပ်ရေး (Crime Control)' နှင့် 'မျှတမှုရှိသော တရားရေးလုပ်ငန်းစဉ် (Due Process)' တို့ကို လေ့လာခြင်းဖြင့် စာရေးသူက သုတေသနကို စတင်သည်။[၅] အဆိုပါ စာအုပ်များသည် အင်္ဂလိပ် ပြစ်မှုဆိုင်ရာတရားမျှတမှုစနစ်ကို အကောင်အထည်ဖော်ကြောင်း ရေးသားချက်များအပေါ် များစွာ လွှမ်းမိုးမှု ရှိသည်။ အဆိုပါ လုပ်ငန်းစဉ်စံနမူနာပုံစံ (၂) ခုသည် ကျယ်ကျယ်ပြန့်ပြန့် ပဋိပက္ခ ဖြစ်နေသည့် စိုးရိမ်စိတ်များအား ရှင်းလင်းပြတ်သားစွာ သတ်မှတ်ဖော်ထုတ်ထားသည်။ ၎င်းစိုးရိမ်စိတ်များသည် ၁၉၇၀ ပြည့်နှစ် အစောပိုင်းကာလများ ကတည်းက ရဲများ၏ အာဏာနှင့် ပြုမူကျင့်ကြံပုံများအကြောင်း ဆွေးနွေးငြင်းခုံမှုများမှ အခြေခံ ပေါက်ပေါက်လာသည်။ ရဲများက မည်သည့်အာဏာများကို ပိုင်ဆိုင်သင့်သလဲနှင့် သံသယ တရားခံများအား မည်သည့် အခွင့်အရေးများ ပေးသင့်သလဲအပေါ် ဆွေးနွေးငြင်းခုံမှုသည် ရဲများအား အာဏာပိုမိုအပ်နှင်းသင့်ကြောင်း လက်ခံသည့် အုပ်စုနှင့် ရဲများက လိုသည်ထက်ပို၍ အာဏာများစွာရရှိနေကြောင်း ချေပပြောဆိုသည့်အုပ်စုနှစ်ခုအကြား အဓိကအချက်အဖြစ် ငြင်းခုံကြသည်။ ရဲများအား အာဏာ ကျယ်ကျယ်ပြန့်ပြန့် အပ်နှင်းသင့်ကြောင်းပြောဆိုသူများက ရာဇဝတ်သားများအား မြန်မြန် ဆန်ဆန် ထိထိရောက်ရောက် ဖမ်းဆီး၍ ပြစ်ဒဏ်ချမှတ်နိုင်ရန် အတွက်ဟုဆိုကာ လက်ခံကြသည်။ အချို့ကမူ ရဲများ၏ လက်ရှိ အာဏာများသည် ကျယ်ပြန့်လွန်းပြီး အပြန်အလှန်ထိန်းကျောင်းမှု မရှိခြင်းကြောင့် သံသယတရားခံများအား လူမဆန်သည့် ဖိနှိပ်မှုများ ပြုလုပ်နေကြပြီး တရားဥပဒေကို ပျက်စီးအောင် လုပ်ဆောင်နေကြကြောင်း ခုခံချေပကြသည်။

၁၉၈၁ ခုနှစ်တွင် ဖိလစ်ကော်မရှင် အစီရင်ခံစာ ပုံနှိပ်ထုတ်ဝေခဲ့ပြီးချိန်မှစ၍ အဆိုပါ ဆွေးနွေးငြင်းခုံမှုသည် တဖန်ပြန်လည် အားကောင်းလာသည်။[၆] ဤအစီရင်ခံစာတွင် 'လူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအကြား သင့်လျော်သည့် ဟန်ချက်ထိန်းညှိမှုအား စဉ်းစားရန် လိုအပ်ကြောင်း' ၎င်းတို့၏ အကြံပြုချက်အနေဖြင့် ကော်မရှင်အဖွဲ့ဝင်များက ထည့်သွင်းဖော်ပြခဲ့ကြသည်။ ဤအကြံပြုချက်ကြောင့် ပညာရှင်များနှင့် မှတ်ချက်ပြုသူများက အစီရင်ခံစာအား သေချာဖတ်ရှုကြပြီးနောက် ချက်ချင်းပင် သင့်လျော်သည့် ဟန်ချက်ထိန်းညှိမှုကို အမှန်တကယ် စဉ်းစားရန် လို၊ မလို တစ်ဦးနှင့် တစ်ဦး သဘောထားမတိုက်ဆိုင်မှုများအကြောင်း ရေးသားဖော်ပြသည့် ဆောင်းပါးနှင့် စာအုပ်များ ရုတ်ခြည်း ထွက်လာကြသည်မှာ အံ့ဩဖွယ် မဟုတ်ပေ။ စာရေးသူအပါအဝင် တစ်လောကလုံးက ဤအရေးကို စိတ်ဝင်စားအောင် ပြုလုပ်သည့်အရာမှာ လက်တွေ့အကောင် အထည်ဖော်နေသည့် ပြစ်မှုဆိုင်ရာ လုပ်ငန်းစဉ်ရှိ ရှုထောင့်ပေါင်းစုံအား လက်တွေ့ကျကျ လေ့လာထားသည့် ဆွေးနွေးချက်များကို ဖိလစ်ကော်မရှင်တွင် အတွဲလိုက် ထည့်သွင်းထားခြင်းကြောင့် ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များက ၎င်းတို့၏အကြံပြုချက်များအပေါ် အခြေခံထားသည့်ယူဆချက်အား စမ်းသပ်ရန်အတွက် လက်တွေ့မျက်မြင် အချက်အလက်များက အခွင့်အလမ်းကို ဖန်တီးပေးသည်။ ရဲများက ၎င်းတို့အာဏာကို ကျင့်သုံးဆောင်ရွက်ပုံနှင့် သံသယတရားခံများက ၎င်းတို့၏ အခွင့်အရေး အသုံးပြုပုံတို့အကြောင်း ကော်မရှင်အဖွဲ့ဝင် များက အမှန်တကယ် သိရှိခြင်းဖြင့် အကြံပြုထားခြင်း ရှိ၊ မရှိ စမ်းသပ်နိုင်သည်။ ဤလေ့လာမှုများမှ ဖော်ပြသည့်အရာများက စာရေးသူအား စွဲဆောင်ခဲ့ပြီး ရဲစခန်းများ၏ ချုပ်နှောင်ထားရှိမှုအတွင်း အမှန်တကယ် ဖြစ်ပျက်ခဲ့သည့်အရာများ ထပ်မံရှာဖွေခြင်းဖြင့် ဆွေးနွေးငြင်းခုံမှုကို ထပ်မံဖြစ်ပေါ်ခြင်းသည် အကောင်းဆုံးနည်းလမ်း ဖြစ်ကြောင်း စာရေးသူအား ယုံကြည်လာစေ ခဲ့သည်။

ဖိလစ်ကော်မရှင်၏ အကြံပြုချက်များအား ရဲနှင့် ပြစ်မှုဆိုင်ရာ သက်သေခံအက်ဥပဒေ ၁၉၈၄ ခုနှစ် (Police and Criminal Evidence Act - PACE) ၏ ပြဋ္ဌာန်းချက်များတွင် အနည်းနှင့်အများ ထင်ဟပ်နေကြောင်း တွေ့မြင်ရသည်။ ဖမ်းဆီးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းသိမ်းခြင်း၊ စစ်ကြောခြင်းစသည့် အာဏာများကို ပိုမိုအပ်နှင်းထားသော်ငြား ၎င်းပြဋ္ဌာန်းချက်များသည် သံသယတရားခံများအတွက် အခွင့်အရေးနှင့် ကာကွယ်မှုများ အပြည့်အဝ အာမခံထားခြင်းကြောင့် အသားတင်ကောင်းကျိုးရရှိကြောင်း ဥပဒေကို ထောက်ခံသူများက ခုခံပါသည် (ဥပဒေအကြံဉာဏ်ရယူပိုင်ခွင့်၊ ရဲစစ်ကြောရေးတွင် အသံသွင်းထားခြင်း၊ လွတ်လပ်သည့် အချုပ်ခန်းအရာရှိခန့်အပ်ခြင်းဖြင့် ကာကွယ်ပေးခြင်း၊ အကြီးတန်းအရာရှိများက စစ်ကြောရေးအား ပုံမှန်စစ်ဆေးခြင်း တို့ဖြစ်သည်)။ ၁၉၉၀-၉၁ ခုနှစ် တွင် စာရေးသူက ၎င်း၏ ပါရဂူဘွဲ့ စတင်ဆောင်ရွက်သကဲ့သို့ PACE အက်ဥပဒေ အကောင်အထည်ဖော်ခြင်းအပေါ် လက်တွေ့မျက်မြင်အခြေပြုလေ့လာမှုများ၏ ရလဒ်များသည်လည်း စတင် ထွက်ပေါ်လာခဲ့

ကြသည်။ သံသယတရားခံများသည် ၎င်းတို့၏ ရပိုင်ခွင့်များအား အသိပေးထားခြင်း ရှိ၊ မရှိ၊ ၎င်းတို့ ရပိုင်ခွင့်များအား ကျင့်သုံးနိုင်ခြင်း ရှိ၊ မရှိ၊ ဥပဒေ အကြံဉာဏ်ရပိုင်ခွင့်ဟု ဆိုရာ၌ သံသယ တရားခံများသည် ပညာရှင်များ၏ ဥပဒေအကြံဉာဏ်များကို ပြည့်ပြည့်ဝဝ လက်လှမ်းမီ ရရှိခြင်း ရှိ၊ မရှိနှင့် စစ်ကြောရေး အသံသွင်းရာတွင် ရဲများသည် စည်းမျဉ်းများ လိုက်နာခြင်း ရှိ၊ မရှိတို့အား အဆိုပါလေ့လာမှုများက အများအားဖြင့် သေသေချာချာ လေ့လာစုံစမ်းကြသည်။

## သုတေသနမေးခွန်း ဖော်ထုတ်ခြင်း

စာရေးသူကိုယ်ပိုင် လက်တွေ့မျက်မြင်လေ့လာမှုဆောင်ရွက်ရန် စိတ်အားထက်သန်သော်ငြား Packer ရေးသားသည့် 'ရာဇဝတ်မှု ထိန်းချုပ်ရေး (Crime Control)' နှင့် 'မျှတမှုရှိသော တရားရေးလုပ်ငန်းစဉ် (Due Process)' စသည့် စံနမူနာများထက် ကျော်လွန်သည့် ပြစ်မှုဆိုင်ရာ လုပ်ငန်းစဉ်သီအိုရီတစ်ခုအား ဖော်ထုတ်ရန် အမှန်တကယ် လိုအပ်နေသည့် အမြင်ဖြင့် ကနဦး စတင်ပါသည်။ 'လူ့အဖွဲ့အစည်း' ၏ အခွင့်အရေးနှင့် ယှဉ်၍ သံသယတရားခံများ၏ အခွင့်အရေး များအား 'ဟန်ချက်ထိန်းညှိရန်' ဖိလစ်ကော်မရှင်၏ ချဉ်းကပ်မှုသည် ကျေနပ်ဖွယ်မရှိ၊ အကျိုးမဖြစ်ထွန်းစေကြောင်း တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာ လုပ်ငန်းစဉ်အတွင်းရှိ သံသယ တရားခံ၏ အခန်းကဏ္ဍနှင့် သက်ဆိုင်သည့် သီအိုရီအသစ် မဖော်ထုတ်ပါက PACE အက်ဥပဒေ ထောက်ခံသူများနှင့် ဆန့်ကျင်ဝေဖန်သူများအကြား ဆွေးနွေးငြင်းခုံမှုသည် အဓိပ္ပာယ်ရှိရှိ ရှေ့ဆက် ဆွေးနွေးရန် မဖြစ်နိုင်ကြောင်း ယုံကြည်လာစေသည်။ ဤသီအိုရီ အသစ်သည်မည်သည့် အကြောင်းအရာဖြစ်နိုင်သည်ကို စာရေးသူအနေဖြင့် မသေချာသော်လည်း အကြောင်းအရာ (၂) ခုက စာရေးသူအား ယုံကြည်လက်ခံလာစေသည်။ ၎င်းတို့မှာ (၁) ပဋိပက္ခဆန်သည့် တရားရေး စနစ်ရှိ ရဲနှင့် သံသယတရားခံတို့၏ အခန်းကဏ္ဍအကြောင်း ဆက်စပ်လွှမ်းခြုံသည့် သီအိုရီမရှိဘဲ မည်သည့် ကွင်းဆင်းလေ့လာမှုကိုမျှ စတင်ရန်မဖြစ်နိုင်ခြင်းနှင့် (၂) အင်္ဂလိပ်ပြစ်မှုဆိုင်ရာ တရားမျှတမှု သမိုင်းလေ့လာသူများက ဤအချိန်အထိ သတိမမူမိကြသည့် တရားခွင်မတိုင်မီ လုပ်ထုံးလုပ်နည်းများ၏ သမိုင်းကြောင်းဆိုင်ရာ တိုးတက်မှုအကြောင်းအား နားလည် သဘောပေါက်မှုအပေါ် ၎င်းသီအိုရီကို အဓိက အခြေခံ၍ တည်ဆောက်ခြင်းတို့ ဖြစ်သည်။

နောက်ဆုံးအနေဖြင့် အင်္ဂလိပ်ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းသမိုင်းအား ကျယ်ကျယ် ပြန့်ပြန့် တူးဆွရှာဖွေခြင်းအတွက် စာရေးသူက ပထမ (၁၈) လကို အသုံးပြုခဲ့သည်။ 'တရားမျှတမှု' သီအိုရီသဘောသဘာဝအား ယေဘုယျအကြောင်းအရာအဖြစ်သာမက လုပ်ထုံး လုပ်နည်းဆိုင်ရာ တရားမျှတမှု သီအိုရီသဘောသဘာဝအား အထူးပြု၍ စာရေးသူ ရှာဖွေတွေ့ရှိခဲ့သမျှ စာအုပ် စာပေတိုင်းအား ဖတ်ရှုခဲ့သည်။ ဤကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုခြင်း (၁၆ ရာစု အလယ်ခေတ်အကြောင်း Marian ကနဦး စုံစမ်းစစ်ဆေးမှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ တရားမျှတမှု၏ သဘောသဘာဝအား စာတမ်းမူကြမ်းရေးသားခြင်းနှင့်အတူ ရောနှော

ဆောင်ရွက်ခြင်း) ဖြင့် မည်သည့်အရာကိုမျှ အချည်းအနှီးမဖြစ်စေဘဲ နောက်ဆုံးတွင်မှ ထွက်ပေါ်လာသည့် သုတေသနစာတမ်းအတွက် တန်ဖိုးမဖြတ်နိုင်သည့် အစိတ်အပိုင်းဖြစ်လာစေသည်။ သို့သော် စာရေးသူ ရှာဖွေလျက်ရှိသည့် 'လူမှုရေးရာ ဖြစ်ရပ်မှန်များအား နားလည်သဘောပေါက်ရန် ဦးစားပေးဖော်ထုတ်ထားသည့် သီအိုရီ (grand theory)' မှုကား ရုပ်လုံးမပေါ်လာသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပေ။

ဤအချက်က လက်တွေ့မျက်မြင်အခြေပြုသုတေသနဆောင်ရွက်ရာတွင် ပထမဦးဆုံးရရှိသည့် သင်ခန်းစာပင် ဖြစ်သည်။ အရည်အသွေးအခြေပြုသုတေသန ဆောင်ရွက်လိုသူများအတွက် အထူးသင့်လျော်သည့် သင်ခန်းစာတစ်ခုလည်းဖြစ်သည်။ လက်တွေ့မျက်မြင်အခြေပြုသုတေသန စတင်သန္ဓေတည်ပေါက်ပွားနိုင်သည့် မူဘောင်တစ်ခု ဖြစ်ပေါ်လာနိုင်ချေရှိသော ယေဘုယျဆန်သည့် သီအိုရီများအား စဉ်းစားချင့်ချိန်ရာတွင် လက်တွေ့မျက်မြင် အခြေပြုသုတေသနသည် လေ့လာသည့်အကြောင်းအရာများ၏ လက်တွေ့ဆန်မှုများအပေါ် အခြေခံရမည်ဖြစ်သည်ဟူသော သင်ခန်းစာပင် ဖြစ်သည်။ ပြစ်မှုဆိုင်ရာလုပ်ငန်းစဉ်သည် ရဲစခန်းတွင် မည်သို့အသုံးပြုသနည်းဆိုသည်အား စာရေးသူက အဓိက စိတ်ဝင်စားပါက အဓိကလေ့လာရမည့်အချက်မှာ အဆိုပါနေရာရှိ သက်ဆိုင်သူများ (ရဲနှင့် သံသယတရားခံများ) အပေါ် အလေးထားရမည်ဖြစ်ပြီး အဆိုပါသက်ဆိုင်သူများအား စူးစမ်းလေ့လာ၍ စကားပြောဆိုနိုင်သည့် စီမံကိန်းတစ်ခု ဖန်တီးရမည် ဖြစ်သည်။ ဤသုံးသပ်ချက် မချမှတ်နိုင်မီ Bottoms ၏ လေ့လာတွေ့ရှိချက်ကို အောက်ပါအတိုင်း ဖတ်ရှုရပြီးနောက် စာရေးသူအနေဖြင့်ခံစားရသည့် စိတ်ပျက်မှုကို ရှောင်ရှားနိုင်ခဲ့သည်–

> လူမှုဝေ့ထုံးတမ်းများအား သိပ္ပံနည်းကျ သုတေသနပြုသည့် အစဉ်အလာနည်းလမ်းများရှိ စာရေးဆရာများသည် သီအိုရီဆိုင်ရာ ခြုံငုံကောက်ချက်ချမှုများအပေါ် အတော်ပင်သံသယရှိသူများဖြစ်ကြောင်း ယေဘုယျအားဖြင့် ပြောဆိုနိုင်သည်။ ၎င်းတို့အတွက် သီးခြားလူမှုရေးရာအခြေအနေများ၏ တသီးတသန့် အကြောင်းအရာများသည် အားလုံးအရေးပါခြင်းကြောင့် အဆိုပါ တသီးတသန့်အကြောင်းအရာများမှ ခြုံငုံကောက်ချက်ချရာတွင် တစ်ခါတစ်ရံ ခက်ခဲကြောင်း တွေ့ရှိရသည်။ ၎င်းတို့ ခြုံငုံ ကောက်ချက်ချသည့်အတိုင်းအတာအရ သီအိုရီတည်ဆောက်ရာတွင် ၎င်းတို့သည် နှုတ်ယူဆင်ခြင်တွက်ဆသည့် ချဉ်းကပ်မှုထက် ခြုံငုံဆင်ခြင်သည့် ချဉ်းကပ်မှုကို ပိုမို အားသန်မှု ရှိသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အယူအဆများအား နည်းလမ်းတကျ စမ်းသပ်ခြင်းထက် သီးသန့်လူမှုရေးရာအခြေအနေများအား နားလည်သဘောပေါက် ခြင်းမှ 'တစ်စ တစ်စ' ပေါ်ထွက်လာသည့် သီအိုရီကို တည်ဆောက်ရန် ပိုမို လိုလားကြောင်း ပြောဆိုနိုင်သည်။[၇]

ထိုကဲ့သို့ ပြောဆိုခြင်းဖြင့် စာရေးသူက ရဲစခန်းသို့ စူးစမ်းလေ့လာရန် လာရောက်ခြင်းသည် ဘာ့အတွက်ဆိုသည်သာမက ဘာ့ကြောင့် လာရောက်သလဲဆိုသည့် သင့်တင့်လျောက်ပတ်သည့် အယူအဆခိုင်ခိုင်မာမာ မရှိဘဲ ရဲစခန်းသို့ ဝင်ရောက်၍ လှည့်ပတ် အချိန်ဖြုန်းရန် မဖြစ်နိုင်ခြေ။ လက်တွေ့မျက်မြင်အခြေပြုစီမံကိန်းတစ်ခုအနေဖြင့် လိုအပ်သည်မှာ ရရှိသည့်အချိန်နှင့် အရင်းအမြစ် အကန့်အသတ်အတွင်း လက်တွေ့ကျသည့် ရလဒ်များ ထွက်ပေါ်လာရေးပင် ဖြစ်သည်။ သို့သော် အဆိုပါရလဒ်သည် ရဲလုပ်ပိုင်ခွင့်များအကြောင်း အရေးပါသည့် ဆွေးနွေး ငြင်းခုံမှုကိုလည်း ပံ့ပိုးပေးမှု ဖြစ်စေနိုင်သည်။ မြောက်အမေရိကတွင် အများစု ထုတ်ဝေသည့် လုပ်ထုံးလုပ်နည်းမျှတမှုဆိုင်ရာ စာအုပ်စာတမ်းများ ဖတ်ရှုခြင်းဖြင့် ပြစ်မှုဆိုင်ရာလုပ်ငန်းစဉ် အကြောင်း ရေးသားသောအခါ ဗြိတိသျှတို့၏ ရေးသားချက်များတွင် လစ်ဟာချက်ရှိနေကြောင်း စာရေးသူက သတ်မှတ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ပညာရှင်များနှင့် မတူသည်မှာ သံသယတရားခံများသည် ရဲလုပ်ထုံးလုပ်နည်းများအား တရားမျှတကြောင်း ရှုမြင်ခြင်း ရှိ/မရှိအား ဗြိတိသျှ ပြစ်မှုဗေဒပညာရှင်များက အလေးထားမှုအားနည်းခြင်းပင် ဖြစ်သည်။ ထို့အပြင် ထိုကဲ့သို့ လေ့လာဆန်းစစ်ရာတွင်လည်း သံသယတရားခံများက အသုံးပြုသည့် စံနှုန်းများ သို့မဟုတ် မူဘောင်ကိုလည်း တစိုးတစိမျှ မသိရှိကြပေ။ သို့ဖြစ်၍ သံသယတရားခံများက ရဲစခန်းလုပ်ထုံး လုပ်နည်းများအပေါ် ရှုမြင်သည့် အမြင်သဘောထားများအား ရှာဖွေသည့် လက်တွေ့မျက်မြင် အခြေပြုလေ့လာမှုကို လေ့လာခြင်းဖြင့် ကောင်းကျိုးများ ရရှိမည်ဟု စာရေးသူက ဆုံးဖြတ်ခဲ့သည်။

ရဲများက ပြုမူဆက်ဆံရာတွင် မျှတမှုရှိ/မရှိအား သံသယတရားခံများက မည်သို့ အကဲဖြတ်ဆန်းစစ်သနည်းကို စာရေးသူက ရှာဖွေလိုခဲ့သည်။ ထိုကဲ့သို့ မျှတမှုအား အကဲဖြတ် ဆန်းစစ်ခြင်းအပေါ် ပြစ်မှုအမျိုးအစားက သက်ရောက်မှုရှိ/မရှိ၊ ပြစ်မှု၏ ရလဒ်က သက်ရောက်မှု ရှိ/ မရှိ၊ ရဲအာမခံခွင့်ပြုခြင်း သို့မဟုတ် ရဲအာမခံခွင့်မပြုခြင်းက သက်ရောက်မှု ရှိ/ မရှိနှင့် ပြစ်မှုကိုင်တွယ်ရာတွင် တာဝန်ခံ (ယူနီဖောင်းဝတ်ရိုးရိုးရဲ သို့မဟုတ် အထူးရဲ) ရဲအရာရှိ အမျိုးအစားများက သက်ရောက်မှု ရှိ/ မရှိ တို့ကိုလည်း စာရေးသူက ရှာဖွေလိုခဲ့သည်။ ထို့အပြင် ထပ်တူထပ်မျှ အရေးကြီးသည့် အချက်မှာ သံသယတရားခံများသည် တရားမျှတမှုအား မည်သို့ အကဲဖြတ်ဆန်းစစ်သနည်းအား ရှာဖွေလိုသည်။ တစ်နည်းအားဖြင့် ပြစ်မှုဆိုင်ရာ လုပ်ငန်းစဉ်ရှိ (ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ စစ်ကြောမေးမြန်းခြင်းနှင့် ရဲစခန်းတွင် ရှိနေစဉ်အတွင်း ရဲများနှင့် ထိတွေ့ဆက်ဆံခြင်း စသည့်) သီးခြားအစိတ်အပိုင်းများအား သံသယတရားခံများက မည်သို့ အကဲဖြတ်ဆန်းစစ်သနည်းကိုလည်း စူးစမ်းလေ့လာလိုသည်။ တရားမျှတမှုတစ်ခုလုံးအား ခြုံငုံ သုံးသပ်ရာတွင် သီးခြားဆန်းစစ်ချက်များက မည်သည့်အကျိုးသက်ရောက်မှု ဖြစ်စေသနည်း ကိုလည်း စာရေးသူက ရှာဖွေလိုပါသည်။ နောက်ဆုံးအနေဖြင့် အကယ်၍ တရားမျှတမှုအား လေ့လာဆန်းစစ်ရာတွင် လူမျိုးကသော်လည်းကောင်း၊ ရဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်အတွေ့အကြုံများရှိခြင်းနှင့် ရဲလုပ်ငန်းများဆောင်ရွက်မှုအပေါ် ယေဘုယျ သဘောထား

များကသော်လည်းကောင်း မည်မျှ အတိုင်းအတာအထိလွှမ်းမိုးမှု ရှိ၊ မရှိ ရှာဖွေတွေ့ရှိပါက စာရေးသူအနေဖြင့် ပိုမို ခက်ခဲသည့် လုပ်ငန်းဆိုင်ရာ အချက်အလက်အမှန်ကို သေသေချာချာ သိရှိလာမည် ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်ဆိုရသော် သုတေသန၏ ရလဒ်အား သံသယတရားခံများအတွက် 'အသံ' ကို ဆောင်ကြဉ်းပေးနိုင်ရန်ဖြစ်သည်။ စာရေးသူက အင်တာဗျူးဖြေဆိုသူများ၏ ယုံကြည်မှုကို ရရှိပြီး စာရေးသူအား ပွင့်ပွင့်လင်းလင်း အသေးစိတ်ပြောဆိုရန် စည်းရုံးဆွဲဆောင်နိုင်မှသာလျှင် ဤလုပ်ငန်းသည် အလုပ်ဖြစ်မည့်အကြောင်း နားလည်သဘောပေါက်ခဲ့သည်။ သို့ဖြစ်၍ မေးခွန်းများဖော်ထုတ်ခြင်းနှင့် သံသယတရားခံများအား မည်သည့်နေရာတွင် မည်သို့ အင်တာဗျူးမေးမြန်းမည် ဆုံးဖြတ်ခြင်းသည် အတိမ်းအစောင်းမခံဘဲ အရေးကြီးပါသည်။ မေးခွန်းများအား ဖော်ထုတ်ရာတွင် အရည်အသွေးအခြေပြုသုတေသနကောင်းတစ်ခုသည် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ထားသည့် မေးခွန်းများဖြင့် မေးမြန်းသည့် အင်တာဗျူးပုံစံ အသုံးပြုရန် လိုအပ်သည်။ 'ဤသုတေသနပုံစံမျိုး ဆောင်ရွက်ရာတွင် အောင်မြင်မှုသည် သုတေသီ၏ ကိုယ်ရည်ကိုယ်သွေးအပေါ် မှီခိုနေပြီး ၎င်း၏ အဓိကနည်းလမ်းမှာ စိတ်ကွန့်မြူးသည့် ထိုးထွင်းဉာဏ်ဖြစ်ကြောင်း' အတွေ့အကြုံရှိသည့် ပြစ်မှုဗေဒပညာရှင်က ရေးသားထားသည်။[၈] ဤအဆိုသည် ကေန်မုချ မှန်ကန်နေစဉ် မျှတသည့် အခြေခံအချက် တစ်ချို့ ရှိနေပါသေးသည်။ အဆိုပါအချက်များအား ဆက်လက်လိုက်နာပါက အင်တာဗျူး မေးမြန်းရာတွင် ရလဒ်ကောင်းများ ထွက်ပေါ်လာမည့် အလားအလာ ပိုမိုဖြစ်ပေါ် လာနိုင်မည် ဖြစ်သည်။

## မည်သည့်အချိန်တွင် မည်သည့်နေရာ၌ အင်တာဗျူးမေးမြန်းမည်ကို ဆုံးဖြတ်ခြင်း

သုတေသနအား အကောင်အထည်ဖော်ရန်အလို့ငှာ စာရေးဆရာအများအပြားသည် အဆက်အသွယ် ရရှိမှုအကြောင်း ရေးသားကြသော်ငြား စာရေးသူ အထူးပြုပြောကြားလိုသည့် အကြောင်းအရာများအနက် တစ်ခုမှာ အဆက်အသွယ်ရရှိခြင်းသည် တစ်ကြိမ်တည်းနှင့် ပြီးပြည့်စုံသည့် ဖြစ်ရပ်မဟုတ်ကြောင်းပင် ဖြစ်သည်။ စာရေးသူအနေဖြင့် ရဲစခန်းနှင့် အဆက်အသွယ်ရရှိသော်ငြား စာရေးသူ၏ သုတေသနတွင် ပါဝင်လိုစိတ် ရှိမရှိ တစ်ဦးချင်းစီအား မေးမြန်းရန် ချဉ်းကပ်သောအခါ အထောက်အကူ အနည်းငယ်သာရပါသည်။ အမှန်အားဖြင့် ရဲစခန်းတွင် စာရေးသူအခြေပြုခြင်းသာမက အချုပ်ခန်းတိုက်တွင် သံသယတရားခံအများ အပြားက စာရေးသူအား တွေ့မြင်ရခြင်း (အချုပ်ခန်းတိုက်တွင် ရဲအရာရှိများနှင့် တစ်ခါတစ်ရံ စကားလက်ဆုံပြောခြင်း) သည် သံသယတရားခံများက စာရေးသူအား စကားပြောစေရန် ဆွဲဆောင်သိမ်းသွင်းရာတွင် အဟန့်အတား ကြီးကြီးမားမား ဖြစ်ခဲ့ပါသည်။ သံသယ တရားခံ တစ်ဦးစီအား လော့လာချိန်ဆပြီးနောက် သူ သို့မဟုတ် သူမအား ပူးပေါင်းရန်အတွက် ဆွဲဆောင်

သိမ်းသွင်းရာတွင် မည်သည့်အရာက ဖြစ်နိုင်သည်နှင့် မည်သည့်အရာက မဖြစ်နိုင်သည်ကို ချင့်ချိန်ဆုံးဖြတ်ရသည်။

ရဲစခန်းတွင် စာရေးသူက အခြေခံပြီး ရဲများက စီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက် ချမှတ်ပြီးလျှင် ပြီးချင်း (ဆိုလိုသည်မှာ သံသယတရားခံများအား စွဲချက်တင်ခြင်း၊ ဆွဲချက်ပယ်ဖျက်ခြင်း သို့မဟုတ် နောက်ထပ်စုံစမ်းမေးမြန်းရန်အတွက် အာမခံပေးခြင်း စသည်တို့ဖြစ်သည်) သံသယတရားခံများအား ချဉ်းကပ်ပါသည်။ အင်တာဗျူးဖြေဆိုသူများသည် အသေးစိတ် စကားပြောရန်နှင့် ၎င်းတို့အတွက် ရင်းနှီးမှု လုံးဝမရှိသည့် လူစိမ်းများနှင့် ကြာကြာ စကားပြောရာ၌ သက်တောင့်သက်သာဖြစ်နေရန် သိသိသာသာ အရေးကြီးပါသည်။ သို့ဖြစ်၍ အင်တာဗျူး မေးမြန်းရန်အတွက် နေရာရွေးချယ်ရာတွင် စာရေးသူက အတော်ပင် ဂရုတစိုက် ရွေးချယ်ပါသည်။ အချုပ်ခန်းတိုက်၏ အထိအတွေ့ဖိအားမှ လွတ်ကင်းသည့်နေရာသို့ အင်တာဗျူးဖြေဆိုသူအား ခေါ်ထုတ်ချင်ပြီး ၎င်းတို့အား ထိန်းသိမ်းချုပ်နှောင်ထားခြင်းသည် ပြီးဆုံးကြောင်း နားလည် သဘောပေါက်စေလိုကာ ၎င်းတို့သည် အချိန်မရွေး လွတ်မြောက်နိုင်ကြောင်း စာရေးသူက သိမြင်စေလိုခဲ့သည်။ သုတေသနနေရာနှစ်ခုစလုံးတွင် အင်တာဗျူးသည့် အခန်းငယ်တစ်ခု စီစဉ်ထားရှိပေးရန် ရဲများအား စာရေးသူက ဆွဲဆောင်စည်းရုံးခဲ့သည်။ အဆိုပါအင်တာဗျူး အခန်းသည် သံသယတရားခံများအား စစ်ကြောမေးမြန်းရာတွင် အသုံးပြုသည့် အခန်းများအနက် တစ်ခု အပါအဝင် မဖြစ်စေရန် သေသေချာချာ ကြိုးစားခဲ့သည်။ အခန်းအား ရဲစခန်းထွက်ပေါက်နှင့် အတော်ပင် နီးနီးကပ်ကပ်ဖြစ်စေရန် စာရေးသူက သေသေချာချာရွေးချယ်ခဲ့သည်။ ပြည်သူများထံမှ မျက်မြင်သက်သေ ထွက်ဆိုချက် ရယူရာတွင် အသုံးပြုလေ့ရှိသည့် အခန်းတစ်ခု ဖြစ်သည်။ သံသယတရားခံများအား စာရေးသူနှင့် စကားပြောဆို အချိန်ဖြုန်းလိုသည့် ဆန္ဒရှိပါက လည်းကောင်း၊ အချိန်မရွေး လွတ်လွတ်လပ်လပ် ၎င်းတို့ ပြန်လိုသည့် အချိန်တွင် ထပြန်ချင်ပါက လည်းကောင်း ၎င်းတို့၏ သဘောထား ဆန္ဒအပေါ်သာ မူတည်ကြောင်း ကြိုတင် အသိပေးခြင်းဖြင့် အင်တာဗျူးကို စတင်သောအခါ ယုံကြည်လက်ခံမှုဆိုသည်မှာ ရပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်မှ ရရှိစေသည့် ကတိနှင့် အာမခံချက် ပေးခြင်းပင် ဖြစ်ကြောင်း အဓိပ္ပာယ် သက်ရောက်စေသည်။

အချုပ်ခန်းတွင် ချုပ်မိန့်ဖြင့် ထိန်းသိမ်းခံနေရသည့် သံသယတရားခံများအတွက်မူ ဤချဉ်းကပ်မှုသည် သိသာထင်ရှားစွာ ဖြစ်နိုင်ခြေမရှိသည့်အတွက် ၎င်းတို့အား ရဲစခန်း အချုပ်ခန်းတိုက်များအတွင်းသာ အင်တာဗျူးခဲ့ပါသည်။ သို့သော် အချုပ်ခန်းတိုက်အတွင်းရှိ ချုပ်မိန့်ဖြင့် နေထိုင်သူများသည် တစ်ဦးတစ်ယောက်အား စကားပြောနိုင်မည့် အခွင့်အရေးကို ဝတ်မွတ် တောင့်တနေကြောင်း များမကြာမီ စာရေးသူက သိရှိခဲ့သည်။ အကြောင်းမှာ စကားပြောခြင်းဖြင့် အချိန်ဖြုန်းနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။ အမှန်အားဖြင့် သုတေသနက စာရေးသူအား ဆက်စပ်သည့် သင်ခန်းစာ (၂) ခု သင်ကြားပေးခဲ့သည်။ ပထမသင်ခန်းစာမှာ

မေးခွန်းတွင် ပါရှိသည့် ဖြစ်ရပ်တစ်ခု သို့မဟုတ် ဖြစ်ရပ်များသည် အနေးနှင့် အမြန် မေ့မိန် သွားပါက သုတေသနတွင် ပါဝင်ရန် တစ်ဦးတစ်ယောက်အား စည်းရုံးသိမ်းသွင်းနိုင်စွမ်းသည် လျော့နည်း သွားနိုင်ခြင်းဖြစ်သည်။ ဒုတိယသင်ခန်းစာအနေဖြင့် အကယ်၍ တစ်ဦး တစ်ယောက် အား ချက်ချင်းအင်တာဗျူးရန် အခွင့်အရေးရပါက ၎င်းကို မလွတ်တမ်း ဆုပ်ကိုင်ထားရမည် ဖြစ်သည်။ စာရေးသူ၏ မူလအကြံအစည်မှာ ရဲစခန်းတွင် အရေးယူ ဆောင်ရွက်နေသည့် သံသယ တရားခံများ၏ အမည်နှင့် နေရပ်လိပ်စာကို ပေးရန်အတွက် ရဲများအား သိမ်းသွင်းရန် ဖြစ်သည်။ သို့မှသာ အဆိုပါ သံသယတရားခံများက သုတေသနတွင် ပါဝင်နိုင်ခြင်း ရှိ၊ မရှိ စာဖြင့်ရေးသား မေးမြန်းနိုင်မည် ဖြစ်သည်။ အချက်အလက် ကာကွယ်ခြင်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာရောက်မည်ကို စိုးရိမ်ခြင်းကြောင့် ရဲများက အဆိုပါ အချက်အလက်များကို မစီစဉ်ပေးနိုင်ကြပေ။ နောက်ထပ် ဖြစ်နိုင်ခြေရှိသည့် အကြောင်းရင်းမှာ စာဖြင့် ရေးသားပြီး တုံ့ပြန်ဖြေကြားခြင်းသည် ဖြစ်နိုင်ခြေ နည်းပါးလွန်းခြင်းကြောင့် ဖြစ်သည်။

ရဲစခန်းတွင် အင်တာဗျူးမခံနိုင်သော်လည်း နောင်တွင် အင်တာဗျူးခံရန် ဆက်သွယ် မည်ဟု ကတိပေးထားသည့် မည်သူတစ်ဦးတစ်ယောက်ကမျှ လက်တွေ့တွင်မူ ထိုသို့ မဆက်သွယ် ကြောင်း စာရေးသူက သိရှိခဲ့ရသည်။ သံသယတရားခံအချို့အား ၎င်းတို့အမည်နှင့် နေရပ်လိပ်စာ အသေးစိတ်ပေးရန် စည်းရုံးသိမ်းသွင်းခဲ့သော်ငြား ၎င်းတို့အား အင်တာဗျူး မေးမြန်းရန်အတွက် စီစဉ် နေရာချထားရန်ကြိုးစားခြင်းသည် အလွန်အချိန်ကုန်ကြောင်း စာရေးသူက တွေ့ရှိခဲ့ရ ပါသည်။ စာရေးသူက ဆက်သွယ်သော်အခါ အများစုသည် စိတ်ဝင်စားမှု အနည်းငယ်သာပြကြပြီး အခြားသူများကမူ တွေ့ဆုံရန် အချိန်နှင့် နေရာကို စီစဉ်သော်လည်း ရောက်ရှိလာခြင်း မရှိကြပေ။ စာရေးသူဆောင်ရွက်ခဲ့သည့် အိမ်သို့သွားရောက်၍ အင်တာဗျူးခြင်းသည်လည်း စိတ်ကျေနပ်ဖွယ် မကောင်းသည့် အိမ်တွင်းရေးအခြေအနေများကြောင့် ရလဒ်ကောင်းမထွက်ခဲ့ပေ။ တယ်လီဖုန်းများ ဝင်လာခြင်း၊ အိမ်တံခါးမတွင် လူများ ဝင်ထွက်သွားလာခြင်း၊ ကလေးအော်ဟစ်သံများနှင့် ခွေးများ၏ စူးစူးဝါးဝါး ဟောင်သံများသည် အင်တာဗျူးမေးမြန်းခြင်းအား အမြဲတစေ အနှောင့်အယှက် ဖြစ်စေခဲ့သည်။

## အရည်အသွေးအခြေပြုအင်တာဗျူးမေးမြန်းခြင်း

လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ သုတေသနပြုရာတွင် အဓိကကျသည့် အချက်မှာ လေ့လာနေသည့် လူများက အသုံးပြုသည့် သွယ်ဝိုက်ရည်ညွှန်းချက်များအား နားလည် သဘောပေါက်လိုစိတ် ရှိခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ မေးခွန်းများသည် အင်တာဗျူး ဖြေဆိုသူများ အား ၎င်းတို့အကြောင်းများအား ကိုယ်ပိုင်စကားလုံးဖြင့်သာမက ကိုယ်ပိုင်အရှိန်ဖြင့်သာ ပြောဆိုခွင့် ပြုရမည် ဖြစ်သည်။ စာရေးသူက သိရှိလိုသည့် ကိစ္စရပ်များအားစာရင်း ပြုစုထားသော်လည်း တုံ့ပြန်ဖြေဆိုချက် အသေးစိတ်ကိုရရှိရန် အကောင်းဆုံးနည်းလမ်းအဖြစ် အင်တာဗျူးအား

အချိန်ယူပြီး မေးခွန်းအစဉ်လိုက်အတိုင်း မဟုတ်ဘဲ လွတ်လွတ်လပ်လပ် ဖြေဆိုစေခြင်းပင် ဖြစ်ကြောင်း စာရေးသူအနေဖြင့် အစောဆုံးသိရှိခဲ့ရပါသည်။

ကိန်းကြီးခန်းကြီးမနိုင်ဘဲ သက်တောင့်သက်သာဖြင့် စကားပြောဆိုနိုင်မည့် အခြေအနေအား တည်ဆောက်ရန်အတွက် တတ်နိုင်သမျှ ကြိုးစားအားထုတ်ရမည် ဖြစ်သည်။ ဤကဲ့သို့ အခြေအနေအား အခြားအရာများထက် တန်ဖိုးဆုတ်ယုတ်စေသည့် ကိစ္စရပ်တစ်ခုမှာ အသံသွင်းစက်ဖြင့် အသံဖမ်းယူခြင်းပင် ဖြစ်သည်။ ဖြစ်နိုင်ခြေရှိသည့် အကြောင်းရင်းမှာ ရဲစခန်းတွင် ထိန်းသိမ်းခံထားရသည့် သူများအတွက် အော့နှလုံးနာဖွယ် နာကျင်ခံစားရသည့် အတွေ့အကြုံ၏ အဓိကအစိတ်ပိုင်းသာမက စိတ်ပင်ပန်းရဆုံးအပိုင်းမှာ ရဲများက စစ်ကြော မေးမြန်းရာတွင် အသံသွင်းထားခြင်းကြောင့် ဖြစ်သည့်အတွက် နောက်ထပ် အသံသွင်းစက်ဖြင့် အသံဖမ်းယူခြင်းအား စိုးထိန့်ကြောက်လန့်နေခြင်းပင် ဖြစ်သည်။ တစ်ဦးချင်းစီက အင်တာဗျူးရန် သဘောတူသည့်အချိန်အထိ အင်္ကျီအိတ်ကပ် သို့မဟုတ် လက်ဆွဲအိတ်ထဲတွင် အသံသွင်းစက်အား သိမ်းဆည်းထားပါက ၎င်းစက်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကြောက်ရွံ့မှုကို ချေဖျက်နိုင်ကြောင်း စာရေးသူက အစောကတည်းကပင် သိရှိခဲ့ရသည်။ အသံသွင်းကြောင်း ကြိုတင်သဘောတူညီချက်ပေးရန် ငြင်းဆန်ခြင်းထက် ၎င်းသဘောတူညီချက်ကို ရုပ်သိမ်းရန် ပိုမို ခက်ခဲပါသည်။ ထို့အပြင် အင်တာဗျူးဖြေဆိုသူများအား အသံသွင်းစက်ဖြင့် အသံဖမ်း ယူခြင်းဖြင့် ရရှိသည့် အကျိုးအမြတ်များကို သေချာစွာ ပြောဆိုရှင်းလင်းပါသည်။ အင်တာဗျူး ဖြေဆိုသူ၏ ဇာတ်ကြောင်းအား ၎င်းကိုယ်တိုင်ပြောပြထားသည့်အတိုင်း တိတိကျကျ အသေအချာ မှတ်တမ်းတင်နိုင်ရန်အတွက် အသံသွင်းရခြင်း ဖြစ်ကြောင်း ရှင်းပြပါသည်။ နောက်ဆုံးတွင် အင်တာဗျူးအား အသံသွင်းခြင်းသည် မဖြစ်မနေ လုပ်စရာမလိုကြောင်း သံသယတရားခံများအား ပြောကြားပြီးနောက် အကယ်၍ ၎င်းတို့သည် အသံသွင်းခြင်းကြောင့် စိတ်မသက်မသာ ခံစားရပါက အသံသွင်းစက်ကို ကိုယ်တိုင် အမြဲတမ်း ပိတ်ထားနိုင်ကြောင်း ပြောကြားပါသည်။ ဤသို့ပြောကြားရာတွင် စာရေးသူက စားပွဲပေါ်ရှိ အသံသွင်းစက်အား အင်တာဗျူးဖြေဆိုသူဘက် ရွှေ့ပေးသည့်အပြုအမူနှင့် ၎င်းအသံသွင်းစက်သည် အင်တာဗျူးချိန် အတောအတွင်း ဖြေဆိုသူသဘောကျ စီမံနိုင်ပြီး မည်သည့်အချိန်မဆို စက်ပိတ်နိုင်ကြောင်းကို ရှင်းပြပါသည်။

အင်တာဗျူးအစီအစဉ်အား ဒီဇိုင်းရေးဆွဲခြင်းဖြင့် သံသယတရားခံများအား ယေဘုယျ အကြောင်းအရာများကို မမေးမြန်းခင် ၎င်းတို့အား အသေးစိတ်အကြောင်းအရာများအား ပြောကြားမည့် အခွင့်အရေးရရှိစေပါသည်။ ထို့ကြောင့် ဥပမာအားဖြင့် ရဲများ၊ ရဲလုပ်ငန်းနှင့် ဥပဒေအပေါ် လူတစ်ဦးချင်းစီ၏ သဘောထားများကို ယေဘုယျအားဖြင့် စာရေးသူက ရှာဖွေလေ့လာလိုခြင်း ဖြစ်သည်။ ဤသို့ လေ့လာရခြင်းမှာ တရားမျှတမှုအား အကဲဖြတ်ဆန်းစစ်ရာတွင် ယခင်ပတ်သက်ဆက်နွှယ်မှုများက လွှမ်းမိုးခြင်း ရှိမရှိကိုသာမက အဆိုပါ ယခင်က

ပတ်သက်ဆက်နွှယ်မှုများသည် ရဲများအပေါ် ထားရှိသည့် သဘောထား (အကောင်း သို့မဟုတ် အဆိုး) များအဖြစ် ပြောင်းလဲဖြစ်ပေါ်ခြင်း ရှိမရှိအား သိရှိလိုခြင်းကြောင့် ဖြစ်သည်။ သို့သော် ၎င်းယေဘုယျဆန်သည့် မေးခွန်းများအား အင်တာဗျူးပြီးဆုံးသည့်အချိန်အထိ စာရေးသူက ချန်လှပ်ထားသည်။ အကြောင်းမှာ အဆိုပါမေးခွန်းများသည် ဆွေးနွေးချက်များ ပါဝင်သည့် ချဉ်းကပ်မှုလိုအပ်ပြီး အင်တာဗျူးမေးမြန်းနေစဉ်တလျှောက်လုံး ဖြေဆိုသူအနေဖြင့် မေးမြန်းသူကို သာမက အင်တာဗျူးမေးမြန်းသည့် လုပ်ငန်းစဉ် နှစ်ခုစလုံးနှင့်ပါ ရင်းနှီးကျွမ်းဝင်နေရန် လိုအပ်ခြင်းကြောင့် ဖြစ်သည်။ စစချင်းမေးမြန်းရမည့် မေးခွန်းများမှာ အရေးမကြီးသော်ငြား ဖော်ရွေသည့် မေးခွန်းများဖြစ်ပါက အကောင်းဆုံးဖြစ်သည် ('ဆိုတော့ ဒီမှာနေတာ ဘယ်လောက်ကြာပြီလဲ?'၊ 'ဘယ်အချိန်ကတည်းက သူတို့နဲ့ စတင်သိကျွမ်းခဲ့သလဲ?' ၊ 'အိမ်ကို ဘယ်လို ပြန်ရောက်လာသလဲ?'၊ 'ဆိုတော့ ခင်ဗျားက Grimeston ကလား?' စသည်ဖြင့်)။

ဖမ်းဆီးခံရသည်မှစတင်ပြီး စွဲချက်တင်ခံရသည်အထိ ကြုံတွေ့ရသည့် အတွေ့အကြုံများအားလုံးကို တတ်နိုင်သမျှ အသေးစိတ်ပြောပြရန် သံသယတရားခံများအား မေးမြန်းပါသည်။ သံသယတရားခံများက မတရားသဖြင့် ဆက်ဆံခြင်းခံရသည်ဟု ၎င်းတို့က ထင်မြင်သည့် ထူးခြားဖြစ်ရပ်များအား ပြောပြသောအခါ ထောက်ခံကြောင်းသဘောထားအား စာရေးသူက အမြဲပြသပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အား မယုံကြည်ကြောင်း ထင်မြင်ချက်ကို မပြသလိုသောကြောင့် ဖြစ်သည်။ ထိုကဲ့သို့ မယုံကြည်ကြောင်း ပြသသည့် မည်သည့်အပြုအမူမဆို အပြန်အလှန် ရင်းနှီးမှု တည်ဆောက်ခြင်းအား ပျက်စီးဆုံးရှုံး စေနိုင်ပါသည်။ အင်တာဗျူးနေစဉ်တလျှောက်လုံး စာရေးသူ၏ ရည်ရွယ်ချက်မှာ စကားကို သက်တောင့်သက်သာနှင့် ချောချောမွေ့မွေ့ ပြောဆိုင်နိုင်မည့် ဝန်းကျင်ကို အထောက်အကူပေးရန် ဖြစ်ပြီး အင်တာဗျူးဖြေဆိုသူ တစ်ဦးချင်းစီအား အစကြောင်းပေးခြင်း သို့မဟုတ် စကားကိုဦးဆောင်ပေးခြင်း စသည့် မည်သည့်အရာကိုမျှ လုပ်ဆောင်မည်မဟုတ်ပေ။ သံသယတရားခံများအား အမည်လျှို့ဝှက်ထားမည် ဖြစ်ကြောင်း ကတိပေးပြီး ၎င်းတို့ ပြောဆိုသမျှသည် ၎င်းတို့အမှုအား ကိုင်တွယ်ရာတွင် အကျိုးသက်ရောက်စေမည် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောပြထားသည်။ ရဲများအပေါ်တွင် လွှမ်းမိုးမှုမရှိကြောင်း၊ ရဲများနှင့် ပတ်သက်ရသည့် တစ်ခုတည်းသော အကြောင်းမှာ ရဲဌာနတွင် စာရေးသူအား လေ့လာခွင့်ရအောင် ပြုခြင်းသာဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ စာရေးသူသည် ရှေ့နေတစ်ဦးမဟုတ်ကြောင်းနှင့် ဥပဒေအကြံပေးခြင်းဖြင့် ကူညီနိုင်မည် မဟုတ်ကြောင်းကိုလည်း အလေးအနက်ထား ရှင်းပြခဲ့ပါသည်။

ခြုံငုံရည်မှန်းချက်အနေဖြင့် စာရေးသူကိုယ်တိုင်အား အမည်မဖော်ပြဘဲ သံသယတရားခံ၏ အသံအား ဖော်ထုတ်လိုပြီး ဤသို့ဖော်ထုတ်ရာတွင် စာရေးသူအနေဖြင့် အင်တာဗျူးဖြေဆိုသူများအား ဘေးဒုက္ခမရောက်စေဘဲ အကောင်းဆုံးဆောင်ရွက်သွားရန် ဖြစ်ပါသည်။

သို့သော် သံသယတရားခံများက စာရေးသူထံမှ မည်သည့်အထောက်အပံ့ကိုမျှလည်း ရရှိမည်မဟုတ်ကြောင်း သေချာအောင် ပြုလုပ်ထားမည် ဖြစ်ပါသည်။ မေးခွန်းများအား လွတ်လပ်စွာ ဖြေဆိုနိုင်မည့် နည်းလမ်းဖြင့် မေးမြန်းသွားမည်ဖြစ်ပြီး သံသယတရားခံများအား ၎င်းတို့၏ အတွေ့အကြုံများအား ပြောကြားနိုင်မည့် လမ်းကြောင်းတစ်ခုအနေဖြင့် စီစဉ်ထားရှိပါသည်။ သုတေသီ၏ အခန်းကဏ္ဍမှာ နားထောင်ပြီး စူးစမ်းရှာဖွေရန် ဖြစ်သည်။ ထို့ထက်ပို၍ 'အင်တာဗျူးမေးမြန်းသူ၊ နားထောင်သူတစ်ဦးအနေဖြင့်မဟုတ်ဘဲ မျက်မြင်သက်သေအနေဖြင့် စုဆောင်းရရှိသည့် အကြောင်းအရာများနှင့် သင်ကိုယ်တိုင် ရင်းနှီးကျွမ်းဝင်အောင် အားစိုက်ထုတ်ရမည်ဖြစ်သည်။ သို့သော် သံသယတရားခံများ၀န်းကျင်တွင် ဖြစ်ပွားလျက်ရှိသည့် အရာများအား ၎င်းတို့ မည်သို့ တုံ့ပြန်သည်ကို မျက်မြင်သက်သေအဖြစ် ရင်းနှီးကျွမ်းဝင်အောင် အားစိုက်ရမည် ဖြစ်သည်'။[၆]

## လက်လှမ်းမီရန် စေ့စပ်ညှိနှိုင်းခြင်း

ရဲအကြောင်း သုတေသနဆောင်ရွက်လျက်ရှိသည့် သုတေသီများက သတိပြုမိသည့် အချက်များမှာ ရဲစခန်းသည် ကန့်သတ်ထားသည့် ရဲပိုင်နက်နယ်မြေဖြစ်ပြီး ရဲစခန်းများအတွင်း လူမသိသူမသိဖြစ်ပွားသည့် လျှို့ဝှက်မှုများအား ရဲများက နီးနီးကပ်ကပ် စောင့်ကြပ်နေကြသည်။ အကြောင်းမှာ အဆိုပါ လူမသိသူမသိဖြစ်ပွားမှုများသည် ရဲများအား ၎င်းတို့လိုချင်သည့် ရည်ရွယ်ချက်အများအပြားကို ရရှိစေခြင်းကြောင့် ဖြစ်သည်။ ရဲစခန်း၏ အချုပ်ခန်းတိုက်အတွင်း စာရေးသူရှိနေခြင်းသည် ရဲများအတွက်လည်း အံ့အားသင့်စေပြီး တစ်ခါတစ်ရံတွင် စိတ်မသက်မသာဖြစ်စေသည်။ ရဲအရာရှိအများစုသည် အတော်ပင် ခင်မင်ရင်းနှီးကြသော်ငြား အချုပ်ခန်းစောင့်တပ်ကြပ်ကြီးများအနက် တစ်ဦး၏ အောက်ဖော်ပြပါ မှတ်ချက်က စာရေးသူအား မည်မျှအတိုင်းအတာထိ လက်သင့်ခံထားသည်ကို စဉ်းစား ချင့်ချိန်ဖွယ်ရာ ဖြစ်စေသည်–

> နားထောင်။ ငါ သတိထားမိရသလောက် ခင်ဗျားက ငါ့အချုပ်ခန်းနေရာအတွက် နောက်ထပ် ပြဿနာတစ်ခုပဲ။ ခင်ဗျားဒီမှာ ရှိနေပြီး ဘာတွေဖြစ်ပျက်နေတာကို ကြည့်ဖို့ အထူးအခွင့်အရေးရတာပဲ။ ငါဆိုလိုတာက ရဲစခန်းကိုလာပြီး ဟိုဟိုဒီဒီ ကြည့်နိုင်တဲ့လူ အများအပြား မရှိဘူး။

နမူနာအစိတ်အပိုင်းဖြစ်လာမည့် သံသယတရားခံ တစ်ယောက်ချင်းစီအပေါ် လက်လှမ်းမီရန် စေ့စပ်ညှိနှိုင်းခြင်းနှင့် ဆိုင်သည့်အချက်ကို ဤမှတ်ချက်က ထောက်ပြပါသည်။ ရဲစခန်းနှစ်ခုစလုံး၏ ကြီးကြပ်ရေးမှူးချုပ်များသည် အချုပ်ခန်းတိုက်တွင် စာရေးသူအား ရှိနေရန် ခွင့်ပြုထားပြီးသော်ငြား အချုပ်ခန်းစောင့်တပ်ကြပ်ကြီးများကိုလည်း ဤခွင့်ပြုချက်ကို အသိပေးထားမည်မှာ အသေအချာပင် ဖြစ်သည်။ ရဲစခန်းရှိ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန (Crime

Investigation Department - CID) မှ ယူနီဖောင်းဝတ်နှင့် အရပ်ဝတ် အရာရှိများသည် စာရေးသူအား ကိုယ်တိုင်မိတ်မဆက်ခင်အထိ မည်သူဆိုတာ မသိရှိပေ။ သို့မဟုတ် အချုပ်ခန်းစောင့် တပ်ကြပ်ကြီးအား စာရေးသူမည်သူဆိုသည်နှင့် ဘာလာလုပ်သည်ကို မေးမြန်းချိန် မတိုင်ခင်အထိ စာရေးသူအား မသိရှိကြပေ။ ရဲစခန်း အရှေ့တံခါးမှ ဝင်လျှင်ဝင်ချင်း စာရေးသူ အနေဖြင့် ရဲများနှင့် ကောင်းမွန်သည့် ဆက်ဆံရေးဖန်တီးရမည့် အလုပ်က စောင့်ကြိုနေသည်။ Reiner က မှတ်ချက်ပြုသကဲ့သို့ '[၎င်း]တို့ကိုယ်တိုင် သုတေသနပြုခံရသည့် အကြောင်းအရာအဖြစ် ယုံကြည်လက်ခံလာသောအခါ သုတေသနအတွက် တရားဝင် ခွင့်ပြုချက်ရရှိမှုသည် ယေဘုယျအားဖြင့် ခက်ခဲနိုင်သည်။ အထူးသဖြင့် သံသယအား စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်း တစ်ခုအဖြစ် အသုံးပြု၍ သုတေသီအတွက် ခက်ခဲစေနိုင်သည်'။[၁၀]

အခြားသူများအနေဖြင့် ရဲစခန်းတွင် သုတေသနဆောင်ရွက်ရာ၌ တရားဝင် ဝင်ရောက်ခွင့်ခွင့်ပြုချက်ရရှိရန် ခက်ခဲကြောင်း ထုတ်ဖော် ပြောကြားကြသော်လည်း စာရေးသူ ပြုလုပ်သည့် သုတေသန၏ စိတ်ဝင်စားစရာ အကောင်းဆုံးအပိုင်းများအနက်တစ်ခုမှာ ရဲစခန်းတွင် မိမိကိုယ်ကိုယ် နေရာချထားရန် ဆုံးဖြတ်ရာတွင် တမင်လုပ်ယူရခြင်း မဟုတ်ဘဲ ရဲများက အကြံပြုသည့်အတိုင်း ပေါ့ပေါ့ပါးပါး ချမှတ်ခဲ့သည်။ 'ဘယ်လောက်ပင် သေသေချာချာ ကြိုတင်စီမံထားသည်ဖြစ်ပစေ သုတေသနအား လက်တွေ့အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အတိုင်း ဒီဇိုင်းဆွဲရသည်။ လက်စသတ်ထားသည့် စာတမ်းတစ်ခုသည် သုတေသန ဆောင်ရွက်နေစဉ်အတွင်း ချမှတ်ထားသည့် ကြီးကြီးသေးသေး ဆုံးဖြတ်ချက် ရာပေါင်းများစွာ၏ ရလဒ်ဖြစ်သည်'။[၁၁] စာရေးသူအား ရဲစခန်းတွင် နေရာချထားရန် ချမှတ်သည့် ဆုံးဖြတ်ချက်သည် 'ဆုံးဖြတ်ချက်အကြီး' တစ်ခုဖြစ်ပါက သုတေသန၏ နောက်ဆုံးရလဒ်အဖြစ် ထွက်ပေါ်လာသည့် သုတေသနကျမ်း၏ သဘောသဘာဝအပေါ် အကျိုးသက်ရောက်မှု ကြီးကြီးမားမားဖြစ်ပေါ်စေပါသည်။

စာရေးသူတွင် ရဲတပ်ဖွဲ့နှင့် ယခင်က မည်သည့် ဆက်ဆံရေးမျှမရှိခဲ့ဘဲ စာရေးသူ၏ လေ့လာမှုသည်လည်း အစိုးရက တရားဝင် ထောက်ပံ့ပေးထားခြင်း မဟုတ်ပေ (ဆိုလိုသည်မှာ အစိုးရအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် လေ့လာမှု မဟုတ်ပေ)။ စာရေးသူတွင် သုတေသီအဖြစ် အတွေ့အကြုံလည်း မရှိချေ။ ကံကောင်းသည်မှာ စာရေးသူ၏ သုတေသနကျမ်းကြီးကြပ်သူမှာ ထင်ပေါ်ကျော်ကြားသည့် ပြစ်မှုဗေဒပညာရှင်တစ်ဦးဖြစ်ပြီး ရဲတပ်ဖွဲ့နှင့် အဆက်အသွယ်ရှိကာ ယခင်က ပြည်ထဲရေးရုံး၏ ရန်ပုံငွေဖြင့် သုတေသနကို ဆောင်ရွက်ဖူးသူဖြစ်သည်။ သူက စာရေးသူအား လက်ထောက်ရဲချုပ်နှင့် တွေ့ဆုံဆွေးနွေးစေပြီး သံသယ တရားခံများက ၎င်းတို့အပေါ် ရဲများက မည်မျှမျှမျှတတ ဆက်ဆံသနည်းဟူသည့် စာရေးသူ၏ စိတ်ဝင်စားမှု အကြောင်း ရှင်းပြခဲ့သည်။ ရဲများက ဤစိတ်ဝင်စားမှုကို သုတေသနယူဆချက် အဖြစ်

အတော်ပင် စိတ်မသက်မသာ ဖြစ်ခဲ့ကြသည်။ အဖမ်းခံရပြီး ရဲစခန်းသို့ ခေါ်ယူခံရသည့် မည်သူမဆို ရဲကောင်းကြောင်း ပြောမည်မဟုတ်ကြောင်းဖြင့် ချေပပြောဆိုကြသည်။ အဖမ်းခံရသူများသည် အံ့အားသင့်ဖွယ် ကျေနပ်နိုင်ကြောင်းနှင့် ထပ်မံ၍ မမျှတမှုဟု ခံယူရခြင်း၏ အကြောင်းရင်းကို သုတေသနက သတ်မှတ်ဖော်ထုတ်နိုင်မည်ဖြစ်ပြီး အဆိုပါ အကြောင်းရင်းများအား ဖြေရှင်းနိုင်မည့် လွယ်ကူ၍ လက်တွေ့ကျသည့် နည်းလမ်းများကို ဖော်ထုတ်နိုင်မည် ဖြစ်ကြောင်း စာရေးသူတို့က ရှင်းပြသည်။ ဤခုခံချက်က ရဲများအား ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်း ရှိ၊ မရှိကို စာရေးသူအနေဖြင့် မသေချာ သော်လည်း စာရေးသူကရဲများအား ဦးတည်လေ့လာမည် မဟုတ်ဆိုသည့် အချက်ကြောင့် စာရေးသူအား အန္တရာယ်ကောင်အဖြစ် မရှုမြင်ဘဲ ၎င်းတို့ကို သိမ်းသွင်းနိုင်ခြင်း ဖြစ်လိမ့်မည်။

ဤဆွေးနွေးပွဲသည် သုတေသနလုပ်ငန်းစဉ်၏ အရေးပါသည့် အပိုင်း ဖြစ်သည်။ သို့သော် ငယ်ရွယ်ပြီး အတွေ့အကြုံမရှိသည့်အပြင် အတော်ပင် စိတ်ပါဝင်စားမှုလွန်ကဲသည့် ကျောင်းသား တစ်ဦးအနေဖြင့် ၎င်း၏ အရေးပါမှုကို ထိုအချိန်က မသိမြင်နိုင်ခဲ့ပေ။ ရဲများက စာရေးသူအား ကူညီလိမ့်မည်ဟု ရိုးရိုးသားသားပင် ယူဆခဲ့သည်။ လက်လှမ်းမှီရန် စေ့စပ်ညှိနှိုင်း ဆွေးနွေးမှုတွင် အတွေ့အကြုံရှိသည့် လူတစ်ဦး၏ နောက်ခံထောက်ပံ့ပေးခြင်းနှင့် ကျွမ်းကျင်မှု၏ အရေးပါပုံကို အပိုင်းတစ်ခုလုံးက သရုပ်ဖော် ပြသပေးသည်။ သုတေသနအား သေချာပြင်ဆင်ပြီး စီမံကိန်းအဖြစ် ရောင်းချနိုင်ကြောင်းနှင့် ရဲများအား အန္တရာယ်မဖြစ်စေဘဲ ၎င်းတို့အတွက် အကျိုးအမှန် ဖြစ်ထွန်း စေမည်ဖြစ်ကြောင်း စာရေးသူ၏ သုတေသန ကြီးကြပ်သူဆရာက အသေအချာ ပြောကြားသည်။

စီမံကိန်း၏ ကနဦး ရရှိသည့် စိတ်ကူးစိတ်သန်းမှာ စာရေးသူအနေဖြင့် ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသူများအား တစ်စိတ်တစ်ပိုင်း ပြင်ဆင်ထားသည့် မေးခွန်းများဖြင့် အင်တာဗျူးမေးမြန်းရန် ဖြစ်သည်။ သို့ဖြစ်၍ ရဲများထံမှ လိုအပ်သည့် တစ်ခုတည်းသော အကူအညီမှာ ၎င်းတို့၏ ဖမ်းဆီးထိန်းသိမ်းထားသည့် စာရင်းများကို စာရေးသူအား ကြည့်ရှုခွင့် ပေးရန် ဖြစ်သည်။ သို့မှသာ လွန်ခဲ့သည့် (၆) လအတောအတွင်း ရဲလုပ်ငန်းစဉ်များ ပြီးမြောက် သွားသည့် သံသယတရားခံများအနက် ကိုယ်စားပြု နမူနာ၏ အမည်များနှင့် လိပ်စာများအား သတ်မှတ်ဖော်ထုတ်နိုင်မည် ဖြစ်သည်။ ကြိုတင်စီမံထားခဲ့သည်မှာ ၎င်းတစ်ဦးချင်းစီ၏ အမည်များကို ချရေးပြီးနောက် ရဲစခန်းပြင်ပတွင် ၎င်းတို့အား (၎င်းတို့၏ နေအိမ်တွင် လည်းကောင်း၊ အကျဉ်းထောင်တွင်လည်းကောင်း သို့မဟုတ် စာရေးသူ၏ ကောလိပ်တွင် လည်းကောင်း) အင်တာဗျူးရန် ဖြစ်ပါသည်။ သို့ရာတွင် ရှင်းပြထားပြီး ဖြစ်သကဲ့သို့ ဤသို့ ပြုလုပ်ခြင်းသည် အချက်အလက်များကာကွယ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ရာရောက်ကြောင်း ရဲများက စိုးရိမ်ကြသည့်အတွက် စာရေးသူအတွက် သံသယ တရားခံများ၏ နမူနာတစ်ခုကို ကောက်ယူရန် အလွယ်ကူဆုံး နည်းလမ်းမှာ ရဲစခန်းသို့ သွားရောက်၍ အချုပ်သားထိန်းသိမ်းခန်းတွင် ကိုယ်တိုင်သွားနေရန် ဖြစ်သည်။ ရဲများက ၎င်းတို့၏

စစ်ကြောမေးမြန်းခြင်းလုပ်ငန်း ပြီးဆုံးပြီးနောက် ထွက်ပေါ်လာသည့် စစ်ချက်နှင့် အတူ ဆုံးဖြတ်ချက်ချမှတ်ပြီးပါက ထိုအချုပ်သား ထိန်းသိမ်းခန်းတွင် သံသယတရားခံများအား ချဉ်းကပ်၍ တွေ့ဆုံမေးမြန်းသွားရန် ဖြစ်သည်။

ရဲစခန်းတွင် ရဲများအား လေ့လာရန် မဟုတ်ဟူသည့် အခြေခံသဘောတူညီချက်ဖြင့် ရဲစခန်းအတွင်း စာရေးသူ ဝင်ခွင့်ရရှိထားသော်လည်း ရဲစခန်းမှ လွတ်လာသည့် သံသယ တရားခံများ သို့မဟုတ် အချုပ်ခန်းအတွင်း ချုပ်မိန့်ဖြင့် စောင့်ဆိုင်းနေရသည့် သံသယ တရားခံ များကိုသာ ချဉ်းကပ်ခွင့် ရသည်။ ရဲတပ်ဖွဲ့ သို့မဟုတ် ရဲအရာရှိ တစ်ဦးချင်းစီ၏ လျှို့ဝှက်ချက်ကို ကာကွယ်ပေးရသည့် ကိစ္စရပ်များအကြောင်း စာရေးသူအနေဖြင့် ပြန်လည် အမှတ်ရ မိသလောက် လုံးဝ ဆွေးနွေးခဲ့ခြင်း မရှိပါ။ သို့သော်လည်း ရဲတပ်ဖွဲ့အမည် ဖုံးကွယ်ထားခြင်းနှင့် မည်သည့် ရဲအရာရှိကိုမျှ တစ်ဦးချင်းစီ သေသေချာချာအမည် မဖော်ထားခြင်းသည် သုတေသနရလဒ် ထွက်ပေါ်ရန်အတွက် အပေးအယူလုပ် ညှိနှိုင်းခြင်းမဟုတ်ဘဲ ဖြစ်သင့်သည့်အတိုင်း ဆောင်ရွက် ခြင်းသာ ဖြစ်ပါသည်။ သို့ရာတွင် ပို၍ အရေးကြီးသည်မှာ အယ်ဒီတာ၏ ထိန်းချုပ်မှု ပြဿနာပင် ဖြစ်သည်။ ဤအချက်အား ရဲများနှင့် တိုင်ပင်ခဲ့ခြင်းမရှိဘဲ ပြန်တွေးမိသည့်အခါ ယင်းအချက်ကို ရဲများနှင့် တိုင်ပင်ခဲ့သင့်သည်ဟု စာရေးသူက ဆန္ဒဖြစ်ပေါ်မိသည်။ ဤသို့ ရဲများနှင့် တိုင်ပင်ခြင်းဖြင့် အသေးစိတ်ရေးသားချက် စာတမ်းငယ် ပုံနှိပ်ထွက်ပေါ်လာချိန်တွင် မလိုလားအပ်သည့် ကတောက်တဆဖြစ်ခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ယဉ်ကျေးဖွယ်အပြုအမူအနေဖြင့် စာရေးသူက ရဲများအား စာတမ်း မူကြမ်းပေးပို့ခြင်းဖြင့် မှတ်ချက်ပေးနိုင်မည့် အခွင့်အလမ်း ရရှိစေခဲ့သည်။ ထိုသို့ဖြင့် ရဲများတွင် ရှိနေနိုင်မည့် သဘာဝကျသည့် အလေးထားရမည့် စိုးရိမ်ပူပန်မှုများကို သို့မဟုတ် စာတမ်းရှိ သိသာ ထင်ရှားသည့် အမှားများကို စာရေးသူက အမှန်ပြင်ဆင်နိုင်မည် ဖြစ်သည်။ အစီရင်ခံရာတွင် မျှတမှုမရှိသည်ကို တွေ့ရှိရကြောင်း ရဲများက ဝေဖန်ထောက်ပြသည့် စာကို ရဲများထံမှ စာရေးသူက လက်ခံရရှိပြီး စာအုပ်အဖြစ် ထုတ်ဝေရန် ၎င်းတို့က ငြင်းဆန်ကြသည်။ အချုပ်ခန်းအတွင်းဝင်ရောက် လေ့လာခွင့်ပြုအတွက် ပေးချေရမည့် တန်ဖိုးကဲ့သို့ စာရေးသူ၏ ပုံနှိပ်ထုတ်ဝေခြင်းကို တားမြစ်ခွင့်အဖြစ် သဘောတူထားမှု မရှိကြောင်းအား စာရေးသူက ယဉ်ယဉ်ကျေးကျေး ထောက်ပြထားသည့် ပြန်စာတစ်စောင်ကို ရဲများဆီ ရေးသား၍ ပေးပို့ခဲ့ပါသည်။

## သုတေသန၏ တက်တက်ကြွကြွ အင်တိုက်အားတိုက်ရှိသည့် သဘောသဘာဝ

သံသယတရားခံများအား အင်တာဗျူးခြင်း စတင်ခြင်းမပြုမီ ရဲစခန်းဖွဲ့စည်းပုံနှင့် အသားကျရန် အတွက်သာမက သံသယတရားခံများအား ရဲများက ကိုင်တွယ်အသုံးပြုသည့် လုပ်ထုံးလုပ်နည်း များအား စူးစမ်းလေ့လာရန်အလို့ငှာ ရဲစခန်းနှစ်ခုစလုံးဆီသို့ စာရေးသူက တစ်ခဏ သွားရောက်၍

အခြေအနေကြည့်ရှုရန် စီစဉ်ပါသည်။ ရဲစခန်းတွင် စာရေးသူ နေထိုင်သည့် အချိန်ကို ရဲများက တိတိပပ သတ်မှတ်ထားခြင်းမရှိပေ။ သို့ဖြစ်သောကြောင့် အတော်အတန် သက်တောင့်သက်သာဖြင့် အချိန်တစ်ခဏယူပြီးနောက် သံသယတရားခံများအား မချဉ်းကပ်မီ လုပ်ထုံးလုပ်နည်းများမည်သို့ ရှိသည်ကို တတ်နိုင်သမျှ ကြိုးစားကြည့်ရှုပါသည်။ စာရေးသူ ဖန်တီးထားသည့် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ထားသော မေးခွန်းဖြင့် အင်တာဗျူးမေးမြန်းခြင်း (semi-structured interview) ကို ဆောင်ရွက်ရန် ရည်ရွယ်ချက်အတွက် သံသယတရားခံများအား စတင်ချဉ်းကပ်သောအခါ သင့်လျော်သည့် နမူနာဆိုင်ရာ အချက်အလက်များ စုဆောင်းရာတွင် စာရေးသူခန့်မှန်းထားသည်ထက် အချိန်အတော်ပင်ယူရကြောင်း စတင် သိမြင်လာသည်။ မည်သည့်အချိန်တွင် တစ်စုံတစ်ဦးက အဖမ်းခံရနိုင်သည် သို့မဟုတ် လွတ်မြောက်နိုင်သည်နှင့် ပတ်သက်၍ စာရေးသူက မသိရှိရသည့်အပြင် ၎င်းသံသယတရားခံများက အင်တာဗျူးရန် သဘောတူ၊ မတူ မသိရှိရသည့် အခြေအနေ ဖြစ်နေကတည်းက စာရေးသူသည် အချုပ်ခန်းတိုက်ဝန်းကျင်နှင့် ရဲစခန်းစားသောက်ဆိုင်တို့တွင် စောင့်ဆိုင်းရင်း နေ့နေ့ညည နာရီအတော်ကြာ အချိန်ဖြုန်းခဲ့ရပါသည်။ (၈) နာရီကြာမြင့်သည့် အချိန်ဆိုင်း စုစုပေါင်း (၁၄၄) ဆိုင်းထက် ပိုမို၍ စာရေးသူက လေ့လာစူးစမ်းခဲ့ပါသည်။

လက်တွေ့ကွင်းဆင်းလုပ်ငန်းအတွက် လက်စွဲစာစောင်များဖတ်ရှုရန် စာရေးသူ အနေဖြင့် စိတ်ဝင်စားမှု သိသိသာသာ မရှိသော်ငြား ကွင်းဆင်းလုပ်ငန်းဆောင်ရွက်သူများရှိ စိုးရိမ်ပူပန်မှုများ အနက် တစ်ခုအကြောင်းကို ပြစ်မှုဗေဒဆိုင်ရာ စာပေဖတ်ရှုခြင်းဖြင့် စာရေးသူ သိရှိခဲ့သည်။ ၎င်းပူပန်မှုမှာ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်သူများရှိနေခြင်းသည် လေ့လာ နေသည့် လူများ၏ အပြုအမူအပေါ် အကျိုးသက်ရောက်စေနိုင်ကြောင်းပင် ဖြစ်သည် ('သုတေသီ၏ သက်ရောက်မှု' ဟု ခေါ်ဆိုကြသည်)။ သို့ဖြစ်၍ တတ်နိုင်သမျှ သိုသိုသိပ်သိပ် နေခြင်းဖြင့် အခြေအနေနှင့် တစ်သားတည်းဖြစ်အောင် ကြိုးစားသွားရန် စာရေးသူက ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် စာရေးသူက အမှန်တကယ်ရှိနေကြောင်းကို ရဲများက ကံကောင်းထောက်မစွာ မေ့လျော့နိုင်စေသည်။ ဤဗျူဟာနှင့် ပတ်သက်သည့် အခက်အခဲတစ်ခုမှာ စာရေးသူက မြန်မြန်ဆန်ဆန် ငြီးငွေ့လွယ်ခြင်း ဖြစ်သည်။ စာရေးသူ၏ ပင်ကိုယ် သဘာဝမှာ (အချုပ်ခန်းတိုက်စောင့် တပ်ကြပ်ကြီးနှင့် အချုပ်ခန်းတိုက်များမှ 'အချုပ်သားများ' အား စုစည်းယူဆောင်သည့်အလုပ် လုပ်ဆောင်နေသည့် ၎င်း၏ လက်ထောက်များ၊ အချုပ်သား ထိန်းသိမ်းခန်းသို့လာရောက်သည့် စုံစမ်းစစ်ဆေးရေး အရာရှိများ၊ လူမှုကူညီရေးလုပ်သားများ၊ တရားရုံးရှေ့နေများ၊ ဆရာဝန်များနှင့် အထူးသဖြင့် အဆာပြေအစားအသောက်များ ယူလာပေးသည့် စားသောက်ဆိုင်ဝန်ထမ်းများကဲ့သို့) တွေ့မြင်နေရသည့် လူတစ်ဦးနှင့် ထိုင်စကားပြောကာ အချိန်တွေ ကုန်ဆုံးလျက် ရင်းရင်းနှီးနှီး ရောနှောဆက်ဆံလိုခြင်း ဖြစ်သည်။

စာရေးသူ၏ ခြုံငုံသုံးသပ်ချက်မှာ ဤသို့ဆောင်ရွက်ခြင်းသည် အန္တရာယ်မဖြစ်စေဘဲ ဖြစ်နိုင်ပါက စာရေးသူရှိနေခြင်းဖြင့် ရဲများက 'ခင်မင်နှစ်လို့ဖွယ် လူသားအဖြစ်' ရှုမြင်ပြီး သက်တောင့်သက်သာ ဖြစ်နေအောင် လုပ်ဆောင်ရမည် ဖြစ်သည်။ သို့ရာတွင် ဤနည်းအားဖြင့် အထောက်အကူပြုကြောင်းအား စာရေးသူက သံသယဝင်လာသည်။ အကြောင်းမှာ စာရေးသူက သံသယတရားခံများအား စကားပြောရုံသပ်သပ် ရှိနေခြင်းဖြစ်ကြောင်း မေးမြန်းသူတိုင်းအား (မမေးမြန်းသည့် သူများကိုတောင်မှ) အခွင့်အရေးရသမျှ ရှင်းလင်းပြောကြားနေရခြင်းကြောင့် ဖြစ်သည်။ အမှန်အားဖြင့် ရဲများ၏ အမြင်တွင် စာရေးသူ၏ စိတ်ဝင်စားမှု (သံသယ တရားခံများက လုပ်ထုံးလုပ်နည်းများသည် မျှတကြောင်း ထင်မြင်မှု ရှိမရှိ လေ့လာအားထုတ်မှု) ကြောင့် စာရေးသူအား အတော်ပင် နုံအ၍ စိတ်ကူးယဉ်ဆန်သည့် ကျောင်းသားအဖြစ် ရှုမြင်ကြသည့် အတွက် စာရေးသူအား အန္တရာယ်ပေးမည့်သူအဖြစ် မမြင်ကြခြင်းပင် ဖြစ်သည်။ အချိန်အနည်းငယ် ကြာသော် 'အငြင်းပွားဖွယ်' ကိစ္စရပ်များအကြောင်း အရာရှိများအား ပြောကြားရာတွင် တစ်ယူသန် မဟုတ်ကြောင်း ပြသခြင်းဖြင့် မနစ်နာနိုင်ကြောင်း စာရေးသူက ဆုံးဖြတ်လိုက်သည်။ သို့သော် ရဲများက ၎င်းတို့အလုပ်ကို မည်သို့မည်ပုံ ဆောင်ရွက်ကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ပြစ်မှုဆိုင်ရာ တရားမျှတမှုစနစ်အပေါ် ၎င်းတို့၏ ယေဘုယျအမြင်များအား အမှန်အကန် စိတ်ဝင်စား သူတစ်ဦးအနေဖြင့် ပြသခြင်းဖြင့် ရဲများနှင့် စကားပြောဆိုရာတွင် အခက်အခဲ မရှိပေ။ ရည်ရွယ်ချက်မှာ စာရေးသူ၏ ကိုယ်ပိုင် ထင်မြင်ယူဆချက်များအား ပြင်းပြင်းထန်ထန် စကားကမ်းလှမ်းခြင်းထက် မေးခွန်းများအား အမြဲတစေ မေးမြန်းရန်သာ ဖြစ်သည်။ အကယ်၍ စာရေးသူက သဘောမတူကြောင်း ပြောဆိုပါက (စာရေးသူ ချုပ်တည်းရန် ခက်ခဲသည့် အရိုးစွဲနေသည် ညာဉ် ဖြစ်သည်) မသေချာမရေရာမှုနှင့် အံ့အားသင့်မှုတို့ကို အသားပေး ဖော်ပြရင်း ပြေပြေပြစ်ပြစ် ပြောဆိုပါသည် ('ကောင်းပါပြီ ဒီအတွက်တော့ ကျွန်တော် သိပ်မသေချာပါဘူး'၊ 'တကယ်ကြီး? ကျွန်တော်တော့ဖြင့် သိပ်အံ့ဩတာပဲ' ၊ 'လုပ်စမ်းပါ၊ ဒါက အမြဲတမ်းဖြစ်နေမှာ မဟုတ်ပါဘူး၊ ဖြစ်နိုင်လို့လား?' စသည်ဖြင့်)။ ထို့ကြောင့် ဥပမာအားဖြင့် သံသယတရားခံအားလုံးနီးပါး ဘာ့ကြောင့် စစ်ကြော မေးမြန်းခြင်းခံရသလဲဆိုသည့် အကြောင်းရင်းအပေါ် စာရေးသူ၏ ကိုယ်ပိုင်အမြင်များ စတင် ဖြစ်ပေါ်လာသော်လည်း အောက်ပါအတိုင်း ၎င်းကိစ္စအား အစ်အောက်မေးမြန်းပါသည် –

> ခင်ဗျားဝန်ခံချက်အရ ပြစ်မှုထင်ရှားစီရင်ဖို့ လုံလောက်သည့် သက်သေအချက်အလက်များ ရှိနေလျှင်တောင်မှ ဘာ့ကြောင့် ခင်ဗျားက ထပ်မေးရသလဲဆိုတာ ကျွန်တော့်ကို ပြောပြပေးပါ။ ဗီဒီယိုမှ အထောက်အထားကို အနည်းနှင့်အများ ရရှိပြီး ဖြစ်တာတောင်မှ ခင်ဗျားက မေးမြန်းဆဲဖြစ်သည့် ဆိုင်မှ ပစ္စည်းများကို အလစ်သုတ်သည့် အမှုကဲ့သို့ သိသာထင်ရှားသည့် အမှုများကို ကျွန်တော်က ဆိုလိုတာပါ။ ဘာ့ကြောင့်ပါလဲ?

ပြီးတော့ ဒီလိုမေးမြန်းခြင်းဖြင့် ခင်ဗျားက ဘာကို ရှာဖွေတာလဲ? မေးမြန်းတဲ့အခါ ခင်ဗျားက ဘယ်လိုပုံစံချ မေးမြန်းပါသလဲ?

သုတေသနအား ဆက်လက်ဆောင်ရွက်နေစဉ် အချုပ်သားထိန်းသိမ်းခန်းအတွင်း စာရေးသူအရှေ့ ဖြစ်ပျက်သမျှ အရာတိုင်းကို ပိုမို စတင် စိတ်ဝင်စားလာပါသည်။ ရဲနှင့် သံသယတရားခံ များအကြား ထိတွေ့ဆက်ဆံမှု သဘောသဘာဝကို အသေးစိတ် ကြည့်မြင်ရန် (ထို့နောက် ၎င်းအကြောင်း နာရီအတော်ကြာ စဉ်းစားဆင်ခြင်ရန်) ထူးခြားသည့် အခွင့်အလမ်း ကောင်းတစ်ခု ဖြစ်ပါသည်။ အချုပ်သားထိန်းသိမ်းခန်း၏ နေ့စဉ်အဖြစ်အပျက်များ အကြောင်း စာရေးသူ စိတ်ပါဝင်စား လာပြီး ရဲနှင့် သံသယတရားခံများ တစ်ဦးနှင့် တစ်ဦး မည်သို့ စကားပြောသည်၊ တစ်ဦးနှင့် တစ်ဦးကြား အချက်ပြ ဆက်သွယ်မှု၊ သံသယတရားခံများနှင့် ၎င်းတို့ကိုယ်ပိုင် အမူအကျင့်များကို ဖော်ပြရာတွင် ရဲများက အသုံးပြုသည့် အခေါ်အဝေါ်များ၊ သံသယ တရားခံများမှ မည်သည့်အရာကို မျှော်လင့်ထားသည်နှင့် အဆိုပါမျှော်လင့်ထားချက်ရရှိရန် ၎င်းတို့အား မည်သို့ ဆက်သွယ်ပုံ၊ ရဲများက ပြောပြသည့် သံသယတရားခံများအကြောင်းနှင့် ရဲလုပ်ငန်း၏ ယေဘုယျ သဘောသဘာဝတို့ကို ပို၍ စိတ်ဝင်တစား ရှိလာသည်။ ထို့နောက် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ထားသည့် မေးခွန်းများဖြင့် အင်တာဗျူးမေးမြန်းရာတွင် သံသယ တရားခံများ ပြောကြားချက်နှင့် အချုပ်သားထိန်းသိမ်းခန်းတွင် စာရေးသူတွေ့ရှိချက်များ အကြား ချိတ်ဆက် ဆက်သွယ်မှုများကို စတင် ကောက်ယူပါသည်။

စစချင်းတွင် လေ့လာတွေ့ရှိချက်များရှိ လူမှုဗေဒဆိုင်ရာ အရေးပါသည့် အချက်များအား စာရေးသူက သတိမမူမိခဲ့ပေ။ အချုပ်သားစာရင်းစာအုပ်ကို စာရေးသူ မရရှိခဲ့သည့်အပြင် အဆိုပါစာရင်းစာအုပ်အပေါ် တွေ့မြင်ချက် သို့မဟုတ် ထင်မြင်ချက်များကို စာရေးသူက ချရေးနိုင်ခြင်း မရှိခဲ့ပေ။ တရားရုံးရှေ့နေများ၊ ဆရာဝန်များ၊ လူမှုကူညီရေး လုပ်သားများနှင့် စိတ်ဝင်စားဖွယ်ကောင်းသည့် စကားစမြည်ပြောဆိုချက်များကိုလည်း စာရေးသူက အသံမသွင်း ခဲ့ချေ။ စာရေးသူ အသံသွင်းသင့်ပြီး အသံလည်း သွင်းနိုင်ခဲ့သည့် ရဲအရာရှိများနှင့် စကားပြောဆိုမှု အများအပြား ရှိခဲ့ပါသည်။ သို့ရာတွင် သုတေသနဆောင်ရွက်ရင်း ရက်သတ္တပတ်အနည်းငယ် အကြာတွင် တိတ်ဆိတ်ငြိမ်သက်သည့် အခိုက်အတန့်များ၌ စာရေးသူအနေဖြင့် လူအများ ပြောကြားချက်များနှင့် စာရေးသူတွေ့မြင်ခဲ့သည်များအား တတ်နိုင်သမျှ အပြည့်စုံဆုံး ချရေးရန် ဆုံးဖြတ်ချက်အား ကံကောင်းထောက်မစွာ ချမှတ်ခဲ့သည်။ ရဲစခန်းမှ ပြန်လာပြီးနောက် မှတ်စုများကို ပြန်ဖတ်သည့်အခါမှ အရေးပါသည့်အချက်များ တစ်ခါတစ်ရံ ထွက်ပေါ်လာသည်။ အခြားကိစ္စများတွင်မူ စာရေးသားနေစဉ် လက်တွေ့ကွင်းဆင်းလုပ်ငန်း တစ်ခုလုံးအကြောင်း ပြန်စဉ်းစားသော်အခါမှသာ သိသာထင်ရှားသည့် အချက်များကို စာရေးသူက တွေ့မြင်ရသည်။

အခြေအနေအချို့တွင် တစ်ဦးတစ်ယောက်က ယုံကြည်မှုဖြင့် ပြောကြားချက်များသည် နောက်ဆုံးတွင်မူ မှတ်သား၍ အစီရင်ခံရမည့် အချက်အလက်များ၏ အစိတ်အပိုင်းဖြစ်သင့် မဖြစ်သင့်သည်နှင့် ပတ်သက်၍ ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်သည်။ စာရေးသူ၏ လေ့လာချက်တွင် ဥပမာအားဖြင့် ရဲများသည် လေ့လာမှု၏ ဦးတည်ချက်မဟုတ်ဘဲ သံသယ တရားခံများကိုသာ ဦးတည်လေ့လာကြောင်း ရဲများက ရှင်းရှင်းလင်းလင်း လက်ခံထားကြသည်။ အချုပ်သားထိန်းသိမ်းခန်းအတွင်း တွေ့မြင်ခဲ့ရသည်များအား လေ့လာအစီရင်ခံရန် အတွက် စာရေးသူက ရှိနေကြောင်း ရဲများက နားလည်သိရှိထားသော်လည်း စာရေးသူနှင့် စကားစမြည် ပြောဆိုသည့် ရဲအရာရှိများက ၎င်းတို့ ပြောကြားသမျှအား မှတ်တမ်းယူထားလိမ့်မည် မဟုတ်ကြောင်းသာမက သုတေသနလေ့လာမှု၏ အစိတ်အပိုင်းအဖြစ် အသုံးပြုလိမ့်မည် မဟုတ်ကြောင်းကိုလည်း အသိမပေးထားပေ။ သို့ရာတွင် စာရေးသူ ကောက်ယူခဲ့သည့် နည်းလမ်းအတိုင်း ရရှိသည့် အချက်အလက်များအား အသုံးပြုခြင်းအတွက် စိတ်စနိုးစနောင့် မဖြစ်ပေ။ သံသယတရားခံများကဲ့သို့ အမည်လျှို့ဝှက်ထားခြင်းမှတပါး အခြား ကတိကဝတ်များ မပြုခဲ့ပါ။ အခြားသူများ၏ ယူဆချက်များသည် ၎င်းတို့အတွက်သာဖြစ်ပြီး အဆိုပါယူဆချက် များကို ပြင်ဆင်ခြင်းအား သုတေသီဖြစ်သည့် စာရေးသူ၏ အခန်းကဏ္ဍအဖြစ် မစဉ်းစားပါ။ သို့ရာတွင် မည်သည့် အာမခံချက်များနှင့် ကတိများအား အစကတည်းက စီစဉ်ထားသင့်ကြောင်း အသေအချာ စဉ်းစားနိုင်ရန်အတွက်သာ အကြံပြုပါသည်။ အားလုံးအတွက်မဟုတ်သော်ငြား အခြားလူမှုရေးရာအခြေအနေ အများစုအတွက် ကတိ သို့မဟုတ် အာမခံချက်ပေးပါက သုတေသီသည် ၎င်းကတိနှင့် အာမခံချက်များအား လိုက်နာရန်အတွက် ကျင့်ဝတ်ဆိုင်ရာ ဝတ္တရား (ကိစ္စအချို့အတွက်မူ ဥပဒေဆိုင်ရာ တာဝန်များ) ရှိလာလိမ့်မည် ဖြစ်သည်။

ယခင်ကာလများကတည်းက သုတေသီများသည် လက်တွေ့ကွင်းဆင်း ဆောင်ရွက်သူများ တွေ့ကြုံရသည့် 'နီးနီးကပ်ကပ် ဆောင်ရွက်ခြင်း' နှင့် 'အဝေးမှ ဆောင်ရွက်ခြင်း' များအကြားရှိ အားပြိုင်မှုကို သတိပြုမိခဲ့ကြသည်။ ထို့အပြင် လေ့လာလျက်ရှိသူများအကြား လက်တွေ့ ကွင်းဆင်း ဆောင်ရွက်သူများက ၎င်းဘဝကို မြုပ်နှံထားခြင်းနှင့် မြင်တွေ့ကြားသိရသည်များအား ရှင်းလင်း ခွဲခြမ်းစိတ်ဖြာရာတွင် လုံလုံလောက်လောက် ဘက်လိုက်မှုကင်းရှင်းရခြင်းတို့အကြား အားပြိုင်မှု တို့ကိုလည်း သတိပြုမိကြသည်။[၃၂] စာရေးသူအနေဖြင့် သံသယတရားခံများချည်းကိုသာ လေ့လာမှုပြုပါက သို့မဟုတ် ရဲများကိုသာ လေ့လာပါက ဤအားပြိုင်မှုသည် စာရေးသူအတွက် အခက်အခဲ ကြီးကြီးမားမား မကြုံတွေ့ရပေ။ အချုပ်သားထိန်းသိမ်းခန်းအတွင်း ရဲများနှင့် ကာလကြာရှည် ထိတွေ့ဆက်ဆံပြီး ဖြစ်ပျက်သမျှအပေါ် ၎င်းတို့၏ အမြင်သဘောထားများ နားထောင်ခဲ့၍ ရရှိသည့် အချက်အလက်များအား သံသယတရားခံတစ်ဦး သို့မဟုတ် ထို့ထက် ပိုသည့် သံသယတရားခံများနှင့် မိနစ် ၃၀ မှ ၄၅ မိနစ်အထိ ပုံမှန် အချိန်ပေး ပြောဆိုခြင်းဖြင့် ရရှိသည့် အချက်အလက်များနှင့် အပြန်အလှန် ချိန်ညှိရသည်။ သံသယ တရားခံများနှင့်

တွေ့ဆုံစကားပြောရာတွင် ရဲများနှင့် ရဲစခန်းတို့၏ လုပ်ထုံးလုပ်နည်းများအကြောင်းကို လည်းကောင်း၊ သံသယတရားခံများ၏ အမြင်ရှုထောင့်များအကြောင်းကိုလည်းကောင်း ပြောကြားကြသည်။ မည်သို့ပင်ဆိုစေကာမူ ပါးနပ်ချက်ချာသည့် လက်တွေ့ ကွင်းဆင်းဆောင်ရွက်သူအား ဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ တွေ့ရှိသမျှကို လက်မခံရန် ၎င်းတို့ ကိုယ်တိုင်အား အမြဲတစေ သတိပေးနေစေရန် အကြံကောင်းပေးရသည်။ တွေ့ရှိသမျှကို ငြင်းပယ်ခြင်းထက် ကျယ်ကျယ်ပြန့်ပြန့် ချင့်ချိန်ရန်၊ မြင်ရကြားရသမျှအပေါ် တစ်ကြိမ်ထက်ပို၍ အပြန်ပြန်အလှန်လှန် သုံးသပ်ရန် လိမ္မာပါးနပ်နေရမည်။ အင်တာဗျူးအဆိုင်းတစ်ခု ပြီးဆုံးတိုင်း ကွင်းဆင်းကောက်ယူသည့် မှတ်စုအား ဖတ်ရှု၍ စဉ်းစားဆင်ခြင်ခြင်းဖြင့် အင်တာဗျူးအတွင်း စူးစမ်း၍ ကြားသိခဲ့ရသမျှ အကြောင်းအရာတစ်ခုလုံးအား တစ်ပိုင်းစီ ဆက်စပ် ရုပ်လုံးဖော်နိုင်မည့် နည်းလမ်းကောင်း တစ်ခုဖြစ်ကြောင်း စာရေးသူက တွေ့ရှိခဲ့ရသည်။ ရဲစခန်း လုပ်ထုံးလုပ်နည်းများအား 'ပြဿနာမရှိ ပြေလည်ကြောင်း' ရှုမြင်ရန် လွယ်ကူလွန်းသည်။ ထိုအမြင်ဖြစ်ပေါ်လာစေရန် စာရေးသူက လေ့လာမှုတွင် အောက်ပါအတိုင်း ရေးသားခဲ့သည် –

> ရဲစခန်းတွင် တွေ့မြင်ရသည့် အပြန်အလှန်ထိတွေ့ဆက်ဆံမှုသည် အခြားသော အစိုးရ အဆောက်အဦများဖြစ်သည့် ဒေသကောင်စီရုံး သို့မဟုတ် ဆေးရုံ ပြင်ပလူနာဌာနရှိ ပြည်သူများနှင့် အစိုးရဝန်ထမ်းများအကြား ဖြစ်ပွားသည့် ဆက်ဆံရေးနှင့် ကွဲပြားမှု မရှိပါ။ သံသယတရားခံများနှင့် ရဲများအကြား သိသာထင်ရှားသည့် ပဋိပက္ခများမရှိပါ။ ရဲများသည် အတော်ကလေး ပုံစံကျပြီး တင်းကြပ်သော်ငြား ယဉ်ကျေးကြပြီး သံသယတရားခံ များသည် လုပ်ရိုးလုပ်စဉ်များကို ခုခံကြောင်း မတွေ့မြင်ရပါ။

သို့သော် သေသေချာချာအနီးကပ် ခွဲခြမ်းစိတ်ဖြာ၍ ကြာရှည်စွာ စူးစမ်းလေ့လာခြင်းဖြင့် လုပ်ဆောင်ချက်အပေါ် သိသိသာသာ ခြားနားသည့် အမြင်သဘောထားများအား ဖော်ထုတ်ခဲ့သည်။ စာရေးသူ၏ အမြင်အရဆိုသော် စီမံကိန်းသည် စိတ်ဝင်စားဖွယ် အရာတစ်ခုကို အောင်အောင်မြင်မြင် ဖော်ထုတ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဖြစ်ပျက်ခဲ့သည့် နေ့စဉ် အဖြစ်အပျက်များ၊ ပြောဆိုသုံးနှုန်းမှုများနှင့် အမြင်များအား အသေးအမွှားကအစ မှတ်တမ်းတင်ရန် စာရေးသူက စိတ်ဝင်စားခဲ့သည်။ စီမံကိန်းတစ်ခုလုံးကို ကြည့်ပါက လူမှုရေးရာ မှတ်တမ်းအဖြစ် ထိုက်တန်ကြောင်း ဖော်ပြနိုင်သည်။ စာရေးသူ မြင်တွေ့ခဲ့ရသည့် (ထို့အပြင် ကြားသိခဲ့ရသည့်) ဖြစ်စဉ်တစ်ခုလုံးသည် စာရေးသူအား ဆွဲဆောင်သိမ်းသွင်းခဲ့သည်။ လမ်းများပေါ်တွင်သာမက ရဲစခန်းအတွင်း၌ ဖြစ်ပျက်ခဲ့သမျှ အများစုအား Packer ရေးသားသည့် 'ရာဇဝတ်မှု ထိန်းချုပ်ရေး (Crime Control)' နှင့် 'မျှတမှုရှိသော တရားရေးလုပ်ငန်းစဉ် (Due Process)' ပုံစံဖြင့် နားလည်သဘောပေါက်အောင် ရှင်းပြနိုင်ခြင်း မရှိပေ။ သို့သော် ထိန်းချုပ်မှုနှင့် သက်ဆိုင်သည့်

လူမှုရေးရာစည်းကမ်းထိန်းသိမ်းရေးပုံစံ၏ မရှိမဖြစ်လိုအပ်သည့် ဖယ်ရှားမရသည့် အစိတ်အပိုင်း တစ်ခု ဖြစ်သည်။[၃၃] နောက်ဆုံးလေ့လာချက်တွင် စာရေးသူက အောက်ပါအတိုင်း ရေးသား ခဲ့သည်–

> သံသယတရားခံအများစုသည် ၎င်းတို့အား ရဲစခန်းကို ခေါ်ဆောင်လာသောအခါ ရဲများက ၎င်းတို့အပြုအမူအပေါ် ထိန်းချုပ်ခြင်းအား လက်ခံကြသည်။ ဘယ်နေရာမှာ ထိုင်၊ ဘယ်အချိန်ရပ်၊ နေရာအတိအကျ ဘယ်နေရာမှာ ရပ်၊ ဘယ်အချိန်စကားပြောနှင့် ဘယ်အချိန်ထိ တိတ်တိတ်ဆိတ်ဆိတ်နေစသည်တို့..... ဖြစ်ကြသည်။ ရဲထိန်းချုပ်မှုကို ခုခံသူများသည် ကိုယ်ထိလက်ရောက် ကျူးလွန်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဆဲဆို ကြိမ်းမောင်းခံရခြင်းတို့ကို တွေ့ကြုံရနိုင်ချေရှိပြီး အာမခံငြင်းပယ်ခံရခြင်း၊ ပိုမို ပြင်းထန်သော ပြစ်ဒဏ်ကို ချမှတ်ခံရခြင်း သို့မဟုတ် ခြုံစောင်၊ သောက်ရေသုံးရေ၊ လေ့ကျင့်ခန်းနှင့် စီးကရက်သုံးစွဲခွင့် ငြင်းပယ်ခံရခြင်းတို့ ကြုံတွေ့ရနိုင်သည်။ ဤအချက်များသည် ထိန်းသိမ်းကြပ်မတ်ရာတွင် အများအားဖြင့် သိက္ခာချမ်းထားရမည့် ဗဟုသုတများဖြစ်သည်။ သံသယတရားခံအချို့ကသာ ရဲများက ၎င်းတို့အား ဆက်ဆံသည့် နည်းလမ်းအပေါ် ဆန့်ကျင်ကြသည်မှာ ထူးဆန်းအံ့ဩဖွယ် မဟုတ်ချေ.....
>
> လူတစ်ဦးတစ်ယောက်အား ဖမ်းဆီး၍ အထက်တွင်ဖော်ပြထားသည့် လုပ်ငန်းစဉ်များ အတိုင်း ဆောင်ရွက်ရန် အခွင့်အာဏာကို ရဲများအား လက်နက်အဖြစ် ပေးထားသည်။ ထိန်းသိမ်းကြပ်မတ်ရာတွင် အခွင့်အာဏာအား အသုံးချရန် လိုအပ်သည့်အခါ ရဲများက အဆိုပါ လက်နက်အား အသုံးပြုကြသည်။ ရဲများ၏ 'အခွင့်အရေး' ဖြစ်သည့် ရပ်တန့် ရှာဖွေ မေးမြန်း ခြောက်လှန့်ခြင်း သို့မဟုတ် ရန့်ရင်းကြမ်းတမ်းမှုကို ဆန့်ကျင်သည့် မည်သူမဆို 'ထိပ်တုံးခတ်ခြင်း' ခံရနိုင်ပြီး အကျဉ်းချ အချုပ်ချမှတ် ခံရနိုင်သည်။ တရားရုံးတွင် မည်သို့ ဖြစ်ပျက်ခဲ့သည် ဖြစ်စေ ရဲများအား ၎င်းတို့မျှော်လင့်သည့်အတိုင်း လေးစားရန် ပျက်ကွက်သူများအား မည်သို့ဖြစ်ပျက်တတ်သည်ကို သံသယတရားခံအား ပြသလေ့ ရှိသည်။ အမှန်အားဖြင့် အချို့ကိစ္စရပ်များတွင် မည်သို့မျှဘာဖြစ်ဖြစ် စွဲချက်တင်လိုစိတ် မရှိဘဲ ရဲစခန်းတွင် ထိန်းသိမ်းထားခြင်းဖြင့် ပြစ်ဒဏ်ချမှတ်သည့် လုပ်ငန်းအား ပြီးဆုံးစေသည်။

ဤတွေ့ရှိချက်သည် လှည့်ကွက်အနေဖြင့် စာရေးသူ ဆောင်ရွက်သည့် သုတေသန၏ မမျှော်လင့်ထားသည့် အစိတ်အပိုင်းဖြစ်ပြီး ၎င်းက စိတ်ဝင်စားဖွယ် အချက်အလက်များ ပေးကာ စာပေအတွက် မူလတွေ့ရှိချက်အနေဖြင့် ဖြည့်ဆည်းပေးပါသည်။ စာရေးသူ၏ အတွေ့အကြုံ သည် Bottoms ၏ လေ့လာတွေ့ရှိချက် မှန်ကန်မှုကို ထောက်ခံပါသည်။ အထက်တွင် ဖော်ပြထား သကဲ့သို့ လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ လေ့လာသည့် သုတေသနသည် လူမှုရေးရာ အခြေအနေများ၏ သီးခြားလက္ခဏာများအား လေ့လာခြင်း ဖြစ်သည်။ ပိုမို ကျယ်ပြန့်သည့်

လုပ်ငန်းစဉ်အကြောင်း ရှင်းပြနိုင်သည့် ယေဘုယျသီအိုရီကို ကူညီဖော်ထုတ်ရာတွင် နားလည်သဘောပေါက်ခြင်း ရှိမရှိ သိမြင်ရန်အတွက် သုတေသီက ကြိုးစားရမည် ဖြစ်ခြင်းကြောင့် ၎င်းသီးခြားလက္ခဏာများအား နားလည်သဘောပေါက်ရမည် ဖြစ်သည်။ ထို့ကြောင့် ဤလေ့လာမှုနယ်ပယ်အတွက် အမြင်ရှုထောင့်သစ်ကို ဖွင့်လှစ်ပေးမည့် ပြစ်မှုဆိုင်ရာ လုပ်ငန်းစဉ် စံနမူနာပုံစံ သို့မဟုတ် သီအိုရီတစ်ခုကို စာရေးသူအနေဖြင့် ဖော်ထုတ်ရန် စိတ်အားထက်သန်သော်ငြား ၎င်းသီအိုရီကို 'ရာဇဝတ်မှု ထိန်းချုပ်ရေး (Crime Control)' နှင့် 'မျှတမှုရှိသော တရားရေးလုပ်ငန်းစဉ် (Due Process)' တို့အား ယှဉ်ပြိုင် ခွဲခြမ်းစိတ်ဖြာ လေ့လာစမ်းသပ်မှု အပြင်ဘက် လွတ်မြောက်ရာသို့ ဆောင်ကြဉ်းပေးခြင်းဖြင့် စာရေးသူက အမှားတစ်ခုကို ပြုလုပ်ခဲ့သည်။ ၎င်းအမှားမှာ ဤစံနမူနာ ပုံစံသစ် သို့မဟုတ် ခွဲခြမ်းစိတ်ဖြာ လေ့လာမှု မူဘောင်အား အောက်စဖို့ဒ်တက္ကသိုလ် Bodleian စာကြည့်တိုက် တစ်နေရာတွင်သာ မြှုပ်နှံသွားမည်ဟု ယူဆခြင်းပင် ဖြစ်သည်။ တကယ့်လက်တွေ့မှာမူ စာရေးသူမြင်တွေ့ရသည့် အမြင်သစ်အား ခရိုင်ရဲစခန်း (၂) ခုရှိ အချုပ်ခန်းများတွင် နေ့စဉ် ဖြစ်ပျက်မှု အသေးစိတ်များအတွင်း စွဲမြဲစွာ လက်ခံ အသုံးပြုကြသည်။

## အချက်အလက်များအား အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း

အရည်အသွေးအခြေပြု သုတေသနသည် အချိန်ကုန်လူပန်းကြောင်း စာရေးသူက ယခင်ကတည်းကပင် သတိပြုမိပါသည်။ (ကောင်းစွာ ဆောင်ရွက်ပါက) ၎င်း၏ ရလဒ်သည် အသေးစိတ် ပြည့်စုံခြင်းကြောင့် အရည်အသွေးမြင့်မားသည်။ 'ငြင်းခုံဖွယ်ရာဖြစ်သော်လည်း ကျိုးကြောင်းညီညွတ်ခိုင်လုံမှုမြင့်မားခြင်း၏ တန်ဖိုးသည် အကန့်အသတ်ရှိသည့် သုတေသန ဆောင်ရွက်သည့် နေရာနှင့် အချိန်တို့အပေါ် မူတည်လေ့ရှိခြင်းကြောင့် ၎င်းတို့၏ ကိုယ်စားပြုမှု အပေါ် ပြဿနာများကြုံတွေ့ရလေ့ရှိသည်'။[၁၄] စာရေးသူ၏ သုတေသနတွင် ကန့်သတ်ချက် များစွာ ရှိပါသည်။ ရဲတပ်ဖွဲ့တစ်ခုအတွင်းရှိ ရဲစခန်း (၂) ခုကိုသာ လေ့လာခြင်းဖြစ်ပြီး သံသယ တရားခံ (၈၀) ဦးကိုသာ အင်တာဗျူးပါသည်။ အမျိုးသမီးနှင့် ကလေးသူငယ်များအား အင်တာဗျူးနိုင်ခြင်း မရှိဘဲ နမူနာအတွင်းရှိ လူနည်းစုတိုင်းရင်းသား သံသယတရားခံ အရေအတွက်မှာ အရမ်းနည်းလွန်းသည်။ ထို့ကြောင့် ယေဘုယျ အမြင်သဘောထားများအပေါ် ဤလက္ခဏာရပ်များ၏ အကျိုးသက်ရောက်မှုအကြောင်း အဓိပ္ပာယ်ရှိသည့် သုံးသပ်ချက်များ မချမှတ်နိုင်ခဲ့ပါ။ PACE အက်ဥပဒေက အာမခံချက်ပေးထားသည့် အခွင့်အရေးနှင့် အကာအကွယ်များအား သံသယ တရားခံများက ကျင့်သုံးနိုင်ခွင့် ရှိသည့် အတိုင်းအတာကို စာရေးသူက စစ်ဆေးလိုသော်လည်း ရဲထိန်းသိမ်းရေး မှတ်တမ်း သို့မဟုတ် ရဲစစ်ကြောမေးမြန်းရေး မှတ်တမ်းများကို အသုံးပြုခွင့်

မရှိခြင်းကြောင့် စာရေးသူ၏ လေ့လာနိုင်စွမ်းကို အဟန့်အတား ဖြစ်စေခဲ့သည်။ ထို့အပြင် ရဲအရာရှိများအား တရားဝင် အင်တာဗျူးခွင့်ကိုလည်း မရရှိခဲ့ခြင်း ကြောင့် ဖြစ်သည်။

သို့ရာတွင် ကွင်းဆင်းကောက်ယူသည့် အချက်အလက်များအား ပြုစုရေးသားရာတွင် တွေ့ရှိချက်များအား ရနိုင်သမျှ စာပေအားလုံးရှိ အကြောင်းအရာများတွင် ဆန်းစစ်ရန် ဖြစ်နိုင်ပါသည် (ထို့အပြင် ဆန်းစစ်ရန်လိုအပ်ကြောင်း စာရေးသူက ပြောပါသည်)။ ထို့ကြောင့် စာရေးသူအနေဖြင့် မည်သည့် စစ်ကြောမေးမြန်းမှုများကို မလေ့လာခဲ့သော်ငြား နောက်ဆုံး လေ့လာချက်တွင် ရဲများ၏ စစ်ကြောမေးမြန်းခြင်းအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြ ထားသည့် အခန်း ထည့်သွင်းထားသည်။ ထိုအခန်းတွင် သံသယတရားခံများ၏ စစ်ကြောရေး အတွေ့အကြုံများနှင့် အမြင်သဘောထားများကို ထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် သုတေသန နည်းလမ်းမျိုးစုံအသုံးပြု၍ စစ်ကြောရေးအကြောင်း ရှာဖွေတွေ့ရှိထားသည့် လူမှုဗေဒ၊ စိတ်ပညာနှင့် ဥပဒေပညာနယ်ပယ်တို့ရှိ အခြားလေ့လာမှုများမှ အကြောင်းအရာများ ကိုလည်း ထည့်သွင်းဖော်ပြပါသည်။ နောက်ဆုံးအစီရင်ခံစာသည် အချက်အလက် ကြွယ်ဝသည် သာမက စာရေးသူ၏ သုံးသပ်ချက်များအား စမ်းသပ်နိုင်သည့် နည်းလမ်းများကိုလည်း ဖော်ပြထားသည်။ ထို့နည်းတူ ရဲစခန်းအတွင်း စာရေးသူ၏ အချိန်အကုန်လုံးကို အသုံးပြုခဲ့သော်ငြား အသေးစိတ် ရေးသားချက်စာတမ်းငယ်သည် ထိန်းသိမ်းကြပ်မတ်သည့် ရဲလုပ်ငန်းများသည် လမ်းမပေါ်တွင် မည်သို့ ဖြစ်ပွားပုံနှင့် ဆက်စပ်သည့် အရေးပါသော အခန်းကိုလည်း ထည့်သွင်းထားသည်။ နောက်တစ်ကြိမ်ထပ်၍ သံသယတရားခံများက စာရေးသူအား ပြောပြသည့် ဖမ်းဆီးခံရသည့် အတွေ့အကြုံသာမက ရဲများနှင့် ၎င်းတို့အကြား ပုံမှန်ထိတွေ့ ဆက်ဆံပုံ အကြောင်းများကိုလည်း ဖော်ပြထားသည်။ ဤအကြောင်းအား အချက်အလက် ပြည့်စုံ ကြွယ်ဝခြင်း အကြောင်းအရာနှင့် ရဲလုပ်ငန်းများကို မည်သူလုပ်ဆောင်သနည်း၊ မည်သို့ လုပ်ဆောင်သနည်းစသည့် အကြောင်းအရာ များအား ရေးသားရာတွင် ထည့်သွင်း ဖော်ပြ ပါသည်။

## သုံးသပ်ချက်

သုတေသနနည်းလမ်းအများစုသည် စီမံကိန်း စတင်စိတ်ကူးခြင်း၊ နောက်ဆုံးအကောင်အထည် ဖော်ခြင်းနှင့် ရေးသားပြုစုခြင်းတို့အကြား မှန်းချက်နှင့် နှမ်းထွက် မကိုက်မည်မှာ သေချာ သလောက်ပင် ဖြစ်သည်။ မေးခွန်းလွှာများသည် မျှော်မှန်းထားသလောက် အလုပ်မဖြစ်ကြောင်း အကြိမ်ကြိမ် ကြုံတွေ့ရပြီး ထပ်ခါထပ်ခါ ပြင်ဆင်ရေးသားရမည် ဖြစ်သည်။ တစ်ဦးတစ်ယောက် ထင်မြင်သကဲ့သို့ သက်သေပြရန် အဆင်သင့်ရရှိနိုင်သော စာရင်းအင်းများသည် မရေမရာသော အဖြေမထွက်ခြင်းမျိုး ဖြစ်နိုင်သည်။ ပူးပေါင်းမည်ဟု ပြောဆိုထားသူများသည်လည်း ပါဝင်ခြင်း မရှိသလို မျက်နှာဖုံးတွင် အကြောင်းအရာတစ်ခုကို ကြိမ်ဖန်များစွာ ပါဝင်သည်ဟု ကတိပြု ထားသည့် စာအုပ်များတောင်မှ ၎င်းအကြောင်းအရာကို စာအုပ်အတွင်း တွေ့ရှိရန် ခက်ခဲသည်။

စိတ်ကူးစိတ်သန်းနှင့် လိုက်လျောညီထွေပြုပြင်လိုစိတ်သည် သုတေသီများတွင် ရှိရမည့် အရင်းအနှီး ဖြစ်သည်။

မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်လိုဟန်ရှိသည့်အတွက် စိတ်ကူးစိတ်သန်းနှင့် လိုက်လျောညီထွေဖြစ်ရေး လိုအပ်ချက်သည် အရည်အသွေးအခြေပြု သုတေသနတွင် သိသိသာသာ အထူးလိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အရည်အသွေးအခြေပြု သုတေသန သို့မဟုတ် လူမှုခလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ လေ့လာသည့်သုတေသနသည် အခြေခံအားဖြင့် စူးစမ်းလေ့လာသည့် သုတေသန ဖြစ်သည်။ အပြင်ထွက်၍ စူးစမ်း လေ့လာလိုသူများသည် မမျှော်လင့်ထားသည့် အရာများနှင့် ကိုက်ညီအောင် ပြင်ဆင်ထားသင့်သည်။ ပို၍ အရေးကြီးသည်မှာ အဆိုပါမမျှော်လင့်ထားသည်များကို လက်ခံနိုင်စွမ်း ရှိရန်လိုသည်။ အခြား သုတေသနပုံစံများထက် ပိုသည်မှာ လူမှုခလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ လေ့လာသည့် သုတေသနသည် သုတေသီတစ်ဦးချင်းစီ၏ လူမှုရေးရာကျွမ်းကျင်မှုအပေါ် များစွာ မှီတည်ပါသည်။ စူးစမ်းလေ့လာရာတွင်သာမက နားထောင်ရာတွင် စိတ်ဆန္ဒ ထက်သန်မှု၊ စွမ်းဆောင်ရည်နှင့် စိတ်ဝင်စားမှု ရှိရမည်။ သို့မဟုတ် Goffman က အကြံပြု သကဲ့သို့ မျက်မြင် သက်သေ၏ အခန်းကဏ္ဍထက် ကျော်လွန်၍ အခြားသူများက မည်သို့ အနက်အဓိပ္ပာယ် ကောက်ယူနိုင်သည် ဟူသည့် စွမ်းဆောင်ရည်က ၎င်းတို့လောကနှင့် ဆက်စပ်နိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင်အား ပုံသွင်း၍ လွှမ်းမိုးပါသည်။[၁၇] သူလိုငါလို သာမန်မျှဟု ထင်ရပြီး မထူးခြားသည့် အကြောင်းအရာများသာမက လေ့လာခံရသည့် လူများက သာမန်အဖြစ်သာ ချဉ်းကပ်သည့် အကြောင်းအရာတို့အား လူမှုဗေဒဆိုင်ရာ အမြင်သစ်ရရှိရန်အလို့ငှာ သေသေချာချာ ရှင်းပြရန် လိုအပ်သည်။ ကွင်းဆင်းလေ့လာရန် မသွားရောက်ခင် စာရေးသူ ကိုယ်တိုင် ‘လူမှုရေးရာ ဖြစ်ရပ်မှန်များအား နားလည် သဘောပေါက်ရန် ဦးစားပေး ဖော်ထုတ်ထားသည့် သီအိုရီ (grand theory)’ အား အသုံးပြုရန်အတွက် အကောင်းဆုံး အားစိုက်ထုတ်ရမည့်အပြင် ကံကောင်းသည့် အချက်မှာ ကွင်းဆင်းလေ့လာမှု လုပ်ငန်းများအား စီမံကိန်းကို စေ့စေ့စပ်စပ် စီမံအကောင်အထည်ဖော်ခြင်းဖြင့် စာရေးသူက အကောင်းဆုံး ချဉ်းကပ်ခဲ့သည်။ ထို အနှစ်သာရက စာရေးသူအား သံသယ တရားခံများက ပြောကြားသည်များကို နားထောင်ရန် တွန်းအားပေးခဲ့သည်။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ

A. Bottoms, ‘The Relationship Between Theory and Research in Criminology’ in R. D. King and E. Wincup (eds), *Doing Research on Crime and Justice* (Oxford: Oxford University Press, 2003).

R. M. Emerson and M. Pollner, 'Constructing Participant/Observation Relations' in M. R. Pogrebin (ed.), *Qualitative Approaches to Criminal Justice: Perspectives From the Field* (Thousand Oaks, CA: Sage, 2003).

J. Flood, 'Researching Barrister's Clerks' in R. Luckham (ed.), *Law and Social Enquiry: Case Studies of Research* (Uppsala: International Centre for Law in Development, 1981).

J. Foster, 'Two Stations: An Ethnographic Study of Policing in the Inner City' in D. Downes (ed.), *Crime and the City: Essays in Memory of John Barron Mays* (Basingstoke: Macmillan, 1989).

R. Gold, 'Roles in Sociological Field Investigation' in G. McCall and J. Simmons (eds), *Issues in Participant Observation* (Reading, MA: Addison-Wesley, 1969).

P. Hillyard and J. Sim, 'The Political Economy of Socio-legal Research' in P. A. Thomas (ed.), *Socio-legal Studies* (Aldershot: Dartmouth, 1997).

D. Hobbs and T. May (eds), *Interpreting the Field: Accounts of Ethnography* (Oxford: Clarendon, 1993).

T. Jefferson and J. Shapland, 'Criminal Justice and the Production of Order and Control: Criminological Research in the UK in the 1980s' (1994) 34 *British Journal of Criminology 265*.

J. V. Maanen, 'Notes on the Production of Ethnographic Data in an American Police Agency' in R. Luckham (ed.), *Law and Social Enquiry: Case Studies of Research* (Uppsala: International Centre for Law in Development, 1981).

R. Wright and T. Bennett, 'Exploring the Offender's Perspective: Observing and Interviewing Criminals' in K. Kemp (ed.), *Measurement Issues in Criminology* (New York: Springer, 1990)

## မှတ်စုများ

[၁] R. Reiner, 'Police Research' in R. D. King and E. Wincup (eds), *Doing Research on Crime and Justice* (Oxford: Oxford University Press, 2000) 215.

[၂] Ibid., 225.

[၃] A. Bottoms, 'The Relationship Between Theory and Research in Criminology' in R. D. King and E. Wincup (eds), *Doing Research on Crime and Justice* (Oxford: Oxford University Press,

2000) 30.

[၄] S. Choongh, *Policing As Social Discipline* (Oxford: Oxford University Press, 1997).

[၅] H. Packer, *The Limits of the Criminal Sanction* (Stanford, CA: Stanford University Press, 1968).

[၆] *Report of the Royal Commission on Criminal Procedure* (Cmnd. 8092) (London: HMSO, 1981).

[၇] Bottoms, note 3 above, 30.

[၈] M. Maguire, 'Researching "Street Criminals": A Neglected Art' in R. D. King and E. Wincup (eds), *Doing Research on Criminal Justice* (Oxford: Oxford University Press, 2000) 127.

[၉] E. Goffman, 'On Fieldwork' (1989) 18 *Journal of Contemporary Ethnography* 125.

[၁၀] Reiner, note 1 above, 220–1.

[၁၁] H. Becker, 'Review of "Sociologists at Work: Essays on the Craft of Social Research"' (1965) 30 *American Sociological Review* 602–3.

[၁၂] See R. M. Emerson and M. Pollner, 'Constructing Participant/Observation Relations' in M. R. Pogrebin (ed.), *Qualitative Approaches to Criminal Justice: Perspectives from the Field* (Thousand Oaks, CA: Sage, 2003) 28.

[၁၃] M. McConville and C. Mirsky 'Guilty Plea Courts: A Social Disciplinary Model of Criminal Justice' (1995) *Social Problems* 2(42) 216.

[၁၄] Reiner, note 1 above, 219.

[၁၅] Goffman, note 9 above.

# အခန်း (၄)
# ပညာရပ်စုံ ချိတ်ဆက်လေ့လာခြင်းဖြင့် ဥပဒေသုတေသန ပြုခြင်း

Paul Roberts

## နိဒါန်း – နည်းလမ်း ရရှိခြင်း!

ဥပဒေသုတေသနရှိ ဥပဒေနည်းစနစ်များဆိုင်ရာ အခြေခံများအား မကြုံစဖူး စိတ်ပါဝင်စားလာကြကြောင်း လက်တလော နှစ်များအတွင်း ဘွဲ့လွန်သင်တန်းများ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းနှင့် အထူးပြုစာပေတစ်ရပ်အဖြစ် အလျင်အမြန် ဖွံ့ဖြိုးလာခြင်းတို့က ထင်ဟပ်ပြသနေပါသည်။[၁] လူမှုဗေဒနှင့် ပြစ်မှုဗေဒ[၂]များကဲ့သို့ ဆက်စပ်ပညာရပ်များနှင့် နှိုင်းယှဉ်ကြည့်ပါက ဥပဒေပညာတွင် သုတေသနနည်းလမ်းများအား အတော်ပင် နောက်ကျ၍ အသုံးပြုကြောင်း တွေ့ရှိရသည်။ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန် တွန်းအားပေးသည့် အချက်များစွာ ရှိပါသည်။ ၎င်းအချက်များအနေဖြင့် သုတေသနအစီအစဉ်များအား ပုံဖော်ရာတွင် ကောင်းမွန်သည့် သုတေသနမူဘောင် (Research Excellence Framework - REF) နှင့် ၎င်းမူဘောင်အသုံးပြုကြသည့် ယခင်လူများ၏ လွှမ်းမိုးမှုများ၊ သုတေသနရန်ပုံငွေ ထောက်ပံ့ရာတွင် သုတေသနကောင်စီ (Research Council) ၏ စံနှုန်းများ၊ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများနှင့် ပညာရှင်အစုအဖွဲ့များက ချမှတ်သည့် ပိုမို ရှင်းလင်းတိကျသည့် ကျင့်ဝတ်ဆိုင်ရာ လိုအပ်ချက်များ၊ ဥပဒေပညာ ပါရဂူဘွဲ့ သုတေသနအတွက် ကျယ်ကျယ်ပြန့်ပြန့် ချမှတ်ထားသည့် ပြဋ္ဌာန်းချက်များတို့ ပါဝင်သည်။ ၁၉၉၀ ပြည့်နှစ်အစောပိုင်းကာလများတွင် စာရေးသူက ဥပဒေ ကထိက ဖြစ်လာသောအခါ စာရေးသူ အလုပ်လုပ်သည့် ဥပဒေကျောင်းရှိ လုပ်ဖော်ကိုင်ဖက် အများစုသည် စာရေးသူကဲ့သို့ ပါရဂူဘွဲ့မရရှိကြသေးပေ။ ယနေ့တွင်မူ ဥပဒေဌာနတွင် ကထိက ရာထူးအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ရာ၌ ပါရဂူဘွဲ့သည် အခြားပညာရပ်နယ်ပယ် အများစုတွင်မူ ဆယ်စုနှစ်များစွာကြာ အသုံးပြုခဲ့ကြသကဲ့သို့ မရှိမဖြစ် လိုအပ်ချက် ဖြစ်လာပါသည်။

ဥပဒေသုတေသနတွင် သုတေသနနည်းစနစ်များဘက်သို့ လှည့်လာခြင်းဖြင့် ကောင်းကျိုးများစွာ ရရှိစေပါသည်။ စာရေးသူ၏ အမြင်အရဆိုသော် သုတေသနနည်းစနစ် အသုံးပြုခြင်းဖြင့် ဥပဒေသင်ကြားရေးစနစ်နှင့် ပညာရပ်နယ်ပယ်အတွက် ပြည့်စုံကောင်းမွန်စေသည့် လက္ခဏာတစ်ရပ်အဖြစ် ကိုယ်စားပြုသည်။ လက်တွေ့အသုံးချသူများအတွက် ဥပဒေပညာအား အသက်မွေးဝမ်းကြောင်းပညာရပ်အဖြစ် နယ်ပယ်ကျဉ်းမြောင်းစွာ အသုံးချခြင်းမှ အရည်အချင်းပြည့်ဝသော တက္ကသိုလ်ပညာရပ်အဖြစ်သို့ ပြုပြင်ပြောင်းလဲရာတွင် သုတေသန နည်းစနစ်

အသုံးပြုခြင်းဖြင့် အောင်မြင်စေပါသည်။ ၎င်းတက္ကသိုလ်ပညာရပ်သည် အပြန်အလှန် ဆင်ခြင်သုံးသပ်၍ ဆန်းစစ်ဝေဖန် ချင့်ချိန်တတ်သည့် သင့်လျော်သော ဉာဏ်ပညာ အခြေခံများ ပါဝင်သည်။[၃] ကိုယ်ပိုင်နည်းစနစ်များအား ကောင်းစွာ နားလည်သဘောပေါက်ခြင်း မရှိပါက ပညာရပ်နယ်ပယ်သည် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျွမ်းကျင်မှုထက် မပိုဘဲ သိပ္ပံပညာဆိုသည်ထက် နည်းပညာဟုသာ ခေါ်ဆိုထိုက်သည်။ ဥပဒေသုတေသနအတွက် ခေတ်မီဆန်းသစ်သည့် နည်းစနစ်တစ်ခု ဖွံ့ဖြိုးလာခြင်းသည် ဥပဒေပညာအား တက္ကသိုလ်တွင် သာမက ပညာရေးလောကတစ်ခုလုံးရှိ အခြားဌာနများနှင့် အပြန်အလှန် အသိအမြင်ကြွယ်ဝစွာ ပြောဆိုဆက်ဆံ၍ ဉာဏ်ရည်အဆင့်အတန်းအတူတူ ပေါင်းစပ် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

စာရေးသူပြောဆိုခဲ့သလို ဤဖွံ့ဖြိုးမှုများသည် ကောင်းကျိုး*များစွာ* ဖြစ်ထွန်းစေပါသည်။ နည်းစနစ်ပိုင်းဆိုင်ရာ အသားပေးခြင်းဖြင့် စွန့်စားရခြင်းနှင့် အားနည်းချက်များ ပေါ်ပေါက်လာနိုင်ချေ ရှိပါသည်။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံ ဥပဒေသုတေသန၏ အဖွဲ့အစည်းဆိုင်ရာ အခြေခံအဆောက်အအုံသည် သုတေသီအဖွဲ့များအား (ငွေအမြောက်အမြားရရှိသည့် သုတေသနရန်ပုံငွေ ရရှိစေရန် ဆွဲဆောင်နိုင်မည့်) စိတ်ကူးမှန်းဆမှုနှင့် စာကြည့်တိုက်အခြေပြု နည်းလမ်းများ အသုံးပြုခြင်းကို လျစ်လျူရှုကာ လက်တွေ့မျက်မြင်လေ့လာမှု စီမံကိန်းများချည်းသာ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် သုတေသနအစီအစဉ်များအား တိမ်းချော်ကျဉ်းမြောင်းကာ ပုံပျက်သွားစေလိမ့်မည် ဖြစ်သည်။ ရေခံမြေခံကောင်းသော်ငြား ကိုယ်တိုင် ကြိုးစားအားထုတ်မှုဖြင့် ပညာရှင်များ သို့မဟုတ် ပါရဂူဘွဲ့ကျောင်းသားများအား အယူအဆ အခြေပြု ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုများအား ပိုမို ဆောင်ရွက်စေရန် တွန်းအားပေးခြင်းတို့ကြောင့်လည်း သုတေသနအား တိမ်းချော် ပုံပျက်စေမည်ဖြစ်သည်။ Marx နှင့် Engels တို့က ပေါင်းစပ်ရေးသားခြင်းကို ပုံဖော်ခဲ့သည်မှာ မငြင်းသာပေ။ သို့သော် မှတ်တမ်းတင်ထားသည့် သမိုင်းကြောင်းအရ အပြောအများဆုံးမှာ ပညာရှင်တစ်ဦးချင်းစီသည် ၎င်းတို့ကိုယ်ပိုင် ကလောင်အမည်များဖြင့်သာ ရေးသားကြပြီး အထူးသဖြင့် Marx တစ်ဦးတည်း ရေးသားသည့် *အရင်းရှင်* (*Das Kapital*) ၏ အောင်မြင်မှုအား လူပြောအများဆုံး ဖြစ်သည်။[၄] ပုံသေကားကျဖြစ်နေသည့် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများသည် တရားဝင် သုတေသနအစီအမံများအား တစ်ခါတစ်ရံ ဟန့်တားနိုင်သည်သာမက အဖွဲ့အစည်းများအနေဖြင့် အချက်အလက်များ ရယူခွင့်[၅] သို့မဟုတ် သုတေသနဆောင်ရွက်မည့် နေရာများသို့ သွားရောက်ခွင့်ကိုလည်း ငြင်းပယ်ရန် အကြောင်းပြချက်များ အဆင်သင့်ပေးဖို့ ဖြစ်နိုင်သည်။ အထူးသဖြင့် 'အချက်အလက်များ ကာကွယ်ခြင်း' အား မရေမရာ ကိုးကား၍ အကြောင်းပြချက် ပေးခြင်းဖြင့် ငြင်းပယ်သည်။ လက်ရှိ ဆွေးနွေးချက်နှင့် ပိုမို သက်ဆိုင်သည့် အချက်မှာ ဥပဒေဘွဲ့လေ့လာမှုတွင် ကောင်းစွာ မပြင်ဆင်ခဲ့သော ဥပဒေဘွဲ့ရများက သုတေသန နည်းစနစ်ဆိုင်ရာ မေးခွန်းများအကြောင်း နက်နက်နဲနဲ စဉ်းစားသောအခါ သုတေသနနည်းလမ်း

များ၏ အခြေခံ ဝိသေသ လက္ခဏာအား သဘောပေါက် နားလည်မှု လွဲလေ့ ရှိကြသည်။ ပါရဂူဘွဲ့ အဆိုပြုကျမ်း တင်စဉ်သော်လည်းကောင်း သို့မဟုတ် သုတေသနရန်ပုံငွေလျှောက်စဉ်သော် လည်းကောင်း ၎င်းတို့၏ သုတေသနနည်းစနစ်ဆိုင်ရာ ချဉ်းကပ်မှုအား ဖော်ပြခိုင်းသောအခါ သုတေသန အနှစ်ချုပ်အတွင်းသို့ အသင့်ရှိပြီးသား သာမန်ပုံသေနည်းကိုသာ ထည့်သွင်း အသုံးပြုလိုစိတ် ရှိကြသည်။ 'သုတေသနနည်းစနစ်ပိုင်း' သည် ဆွဲဆောင်မှုမရှိဘဲ အမြင်မရှိသည့် ဗျူရိုကရက် အရာရှိများက သတ်မှတ်သော ဖောင်ဖြည့်ရသည့် အလုပ်ကဲ့သို့ အဓိပ္ပာယ်မဲ့သည့် အလုပ်သာသာပင် ဖြစ်ကြောင်း တွေ့ရှိရသည်။ အသင့်ချုပ်ပြီးသားအင်္ကျီသည် လူတိုင်းနှင့် အံဝင်ဂွင်ကျဖြစ်လေ့ မရှိကြကြောင်း အားလုံးသိရှိပြီး ဖြစ်ပါသည်။ ဤရှိဘော့ဖက်ရှင် (မပြေပြစ်သည့် ဒီဇိုင်း) ရှိ နည်းစနစ်များ ရရှိသည့် ကျောင်းသားများ သို့မဟုတ် ပညာရှင်များသည် အခြေခံအားဖြင့် သုတေသနနည်းစနစ်များကို 'မကျွမ်းဝင်' ကြပေ။ မှန်မှန်ကန်ကန် နားလည် သဘောပေါက်မှသာ နည်းစနစ်များသည် သုတေသနအတွက် အထောက်အကူ ဖြစ်စေမည် ဖြစ်သည်။ လိုအပ်သည့်အကြောင်းချင်းရာမှာ သုတေသနစီမံကိန်းတစ်ခု၏ နယ်ပယ်နှင့် ကျိုးကြောင်းဆက်စပ်သည့် လိုအပ်ချက်များအကြောင်း နည်းစနစ်တကျ စဉ်းစား တွေးခေါ် နိုင်စွမ်းပင် ဖြစ်သည်။ ပညာသားပါသည့် သုတေသနမေးခွန်းများအား တည်ဆောက်၍ အဆိုပါမေးခွန်းများအား ဖြေဆိုရန်အတွက် လိုအပ်သည့် အချက်အလက်များအား အခြေခံကျကျ ရှာဖွေဖော်ထုတ်ပေးမည့် သုတေသန ဗျူဟာ ဖြစ်လာအောင် ဆောင်ရွက်ရာတွင် နည်းစနစ်တကျ စဉ်းစားတွေးခေါ်ခြင်းသည် မရှိမဖြစ် အစိတ်အပိုင်း ဖြစ်ပါသည်။ အောက်တွင် စာရေးသူက ရှင်းပြသကဲ့သို့ နည်းစနစ်သည် သီအိုရီနှင့် အချက်အလက်များအကြား ကျိုးကြောင်းဆီလျော်သည့် ချိတ်ဆက်မှုကို သတ်မှတ်ပေးသည်။ အဆိုပါ သီအိုရီနှင့် အချက်အလက်အကြား ချိတ်ဆက်မှု မရှိပါက သုတေသီသည် 'ဆင်ကန်းတောတိုး' ဖြစ်မှာ အသေအချာပင် ဖြစ်ပြီး အချိန်ကုန် (ငွေကုန်) ကာ ဒီဇိုင်းရေးဆွဲ ထားသည့် စီမံကိန်းသည် စင်စစ်အားဖြင့် မအောင်မမြင် ဖြစ်စေမည် ဖြစ်သည်။

သုတေသနနည်းစနစ်အား 'အရေအတွက်အခြေပြု' (ကိန်းဂဏန်းများအခြေပြု) သာမက 'အရည်အသွေးအခြေပြု' (ပြည့်စုံသည့် အကြောင်းအရာအခြေပြု) ပုံစံဖြင့် အများအပြား တွေ့ရှိရသည်။ အဆိုပါ နည်းစနစ်များအား မတူညီသည့် ရည်ရွယ်ချက်များအတွက် နည်းလမ်း ပေါင်းစုံဖြင့် ပေါင်းစပ်ပြီး အကြမ်းဖျင်းသဘော အနည်းနှင့်အများ အောင်အောင်မြင်မြင် ဖော်ထုတ် နိုင်ကြသည်။ ဖြစ်နိုင်ပါက အကြောင်းအရာပိုင်းအား လိုက်လျောညီထွေ ပြင်ဆင်ခြင်းဖြင့် အခြားသုတေသီများက ယခင်လေ့လာမှုများတွင် အသုံးပြု ခဲ့ကြသည့် အားထုတ်စမ်းသပ် ထားသော နည်းစနစ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ဆင့်ပွား အသုံးပြုရန်အတွက်လည်း သင့်လျော်လေ့ ရှိသည် (ထို့အပြင် ပါရဂူဘွဲ့ကျောင်းသားများအတွက် လက်တွေ့ကျကျ လိုအပ်သည်)။ အခြား နယ်ပယ်နှင့် သက်ဆိုင်သည့် သုတေသနနည်းစနစ် ဆိုင်ရာ စာပေများအား အတော်အသင့် သိကျွမ်းလာစေရန်အတွက် အောင်မြင်သည့် သုတေသန နည်းစနစ်များအား

သင်ယူလေ့လာခြင်းသည် လက်တွေ့ကျပြီး အရေးပါသည့် အကြောင်းရင်း တစ်ခုဖြစ်သည်။ ခက်ခဲနက်နဲသော စာရင်းအင်းပညာ နမူနာပုံစံများမှလွဲ၍ သုတေသန နည်းစနစ်များရှိ ညွှန်ကြားချက်အများစုမှာ သဘောပေါက်နားလည်ရန်ခက်ခဲသည့် အကြောင်းအရာထက် ပင်ကိုယ် အသိဉာဏ်ကို အသုံးချခြင်းနှင့် ဆင်တူပါသည်။ သို့သော် အတွေ့အကြုံ ပြည့်ဝသည့် သုတေသီများထံမှ အရေးကြီးအကြံပြုချက်များရရှိခြင်းနှင့် အခြားသူများ၏ အားနည်းချက်များကို ဆင့်ပွားအသုံးပြုခြင်းအား ရှောင်ကြဉ်ခြင်းတို့၏ အရေးပါမှုကိုလည်း လျော့မတွက်သင့်ပေ။ ရှင်းလင်းအောင် ပြောရမည်ဆိုလျှင် အဆင်သင့် ထည့်သွင်းအသုံးပြုခြင်း သို့မဟုတ် အသုံးပြုပြီးသားကို ပြန်လည်ပြင်ဆင်သုံးစွဲခြင်းတို့အား *မစဉ်းစားရန်အတွက်* ကန့်ကွက်ခြင်း ဖြစ်သည်။ အကြောင်းအရာတစ်ခုအတွက် အကောင်းဆုံး လိုက်ဖက်သည့် နည်းစနစ်တစ်ခု သို့မဟုတ် ပေါင်းစည်းထားသည့် နည်းစနစ်များသာမက သုတေသနမေးခွန်း များအား အသေးစိတ် ဂရုတစိုက် ရွေးချယ်နိုင်ရန်အတွက် ဉာဏ်ပညာအား ရနိုင်သမျှ လွတ်လွတ်လပ်လပ် အသုံးပြုခြင်းသည် ပါးနပ်ချက်ချာသည့် နည်းစနစ်ပိုင်းဆိုင်ရာ စဉ်းစားချက် ဖြစ်သည်။

ဥပဒေသုတေသနတွင် နည်းစနစ်တကျ ဆင်ခြင်တွေးခေါ်မှုရှိ ထင်ရှားသည့် ရှုထောင့် တစ်ခုအဖြစ် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုအကြောင်း ဤအခန်းက အသေးစိတ် ရေးသား ဖော်ပြပေးသွားမည် ဖြစ်သည်။ သုတေသနအား 'ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု' အဖြစ် မည်သို့အဓိပ္ပာယ်ဖွင့်ဆိုသနည်းဆိုသည်ကို ပထမပိုင်းတွင် အသေးစိတ် အတိအကျ ဖော်ပြ သွားမည်ဖြစ်ပြီး ဥပဒေသုတေသနအတွက် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုအစိတ်အပိုင်း၏ ပိုမိုအသုံးချနိုင်မှုအား ဒုတိယပိုင်းအနေဖြင့် သတ်မှတ်ဖော်ထုတ်သွားမည် ဖြစ်သည်။ တတိယနှင့် စတုတ္ထပိုင်းများတွင် ပြစ်မှုဆိုင်ရာ တရားမျှတမှုအကြောင်း စာရေးသူ၏ ကိုယ်ပိုင်သုတေသနမှ ထုတ်နှုတ်ထားသည့် သရုပ်ဖော် တင်ပြချက်များနှင့် ဖြစ်ရပ်အခြေပြုလေ့လာမှုများမှတဆင့် ခုခံချေပဆွေးနွေးချက်များအား ထပ်မံ တင်ပြသွားပါမည်။ နမူနာများ ရွေးချယ်ရာတွင် မည်သည့် အကြောင်းအရာပေါ်မျှ မူတည် မထားပေ။ စာဖတ်သူများက ၎င်းတို့စိတ်ပါဝင်စားသည့် ကိုယ်ပိုင် ပညာရပ်နယ်ပယ်များရှိ အကြောင်းအရာများ၊ ပြဿနာရပ်များနှင့် ဆွေးနွေးငြင်းခုံချက်များအား နီးနီးကပ်ကပ် အပြိုင် မှန်းဆနိုင်ရန် စာရေးသူက မျှော်လင့်ထားသည်။ နည်းစနစ် ဆိုင်ရာ အခြေခံ သဘောတရားများအား ဥပဒေပညာနယ်ပယ်တွင် အကျုံးဝင်သည့် အထူးပြု အကြောင်းအရာတိုင်း အတွက် အသုံးချရန်အတွက် စာရေးသူ၏ အကောင်းဆုံး ဗဟုသုတများအား အောက်ဖော်ပြပါ ဆွေးနွေးချက်တွင် ရှင်းလင်းဖော်ပြထားပါသည်။ သို့သော် နည်းစနစ် ပိုင်းဆိုင်ရာ အကျယ်တဝင့် ရေးသားချက်များအား တိုးတက်ဖွံ့ဖြိုးအောင် မငုံ့မရဲ ဆောင်ရွက်ရာတွင် ပညာရပ်ဆိုင်ရာ အချို့နယ်ပယ်ခွဲများသည် အခြားနယ်ပယ်များထက် ပို၍ အဆင့်မြင့် လာကြသည်။ အခန်း၏ အဓိက ဆွေးနွေးသုံးသပ်ချက်များအား ပြန်လည်တင်ပြခြင်းဖြင့် အတိုချုံးသုံးသပ်ပြီးနောက် ဝေဖန်ထောက်ပြသည့် မေးခွန်းတစ်ခုဖြင့် ယခုတင်ပြချက်အား အဆုံးသတ် ရပ်နားပါသည်။

## ‘ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု’

သုတေသနအား ‘ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု’ အဖြစ် မည်သည့် အဓိပ္ပာယ်ဖြင့် သတ်မှတ်သနည်း? ပို၍ အသေးစိတ်ဆိုရသော် ဥပဒေနယ်ပယ်ရှိ သုတေသနအား ‘ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု’ အဖြစ် မည်သည့်အဓိပ္ပာယ်ဖြင့် သတ်မှတ်ပါသနည်း? အင်္ဂလိပ်စကားလုံး ‘Inter’ သည် မြို့များအကြား ပြေးဆွဲသည့် မီးရထားများ သို့မဟုတ် တက္ကသိုလ်များအကြား ယှဉ်ပြိုင်သည့် အားကစားပြိုင်ပွဲကဲ့သို့ လက်တင်ဘာသာဖြင့် ‘အကြောင်းအရာ/အဖြစ်အပျက် နှစ်ခုအကြား ဆက်နွယ်မှု’ ကို ပြသည့် ‘between’ ဟု အဓိပ္ပာယ်သက်ရောက်သည်။ ထို့ကြောင့် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုသည် ပညာရပ်များအကြား ဆက်နွယ်ပြီး ချိတ်ဆက် လေ့လာခြင်း ဖြစ်သည်။ အောက်စဖိုဒ့်အင်္ဂလိပ်အဘိဓါန်က အနက်အဓိပ္ပာယ်ဖွင့်ဆိုသည်မှာ ‘ပညာရပ် နယ်ပယ် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပညာရပ်များသာမက သင်ယူလေ့လာမှု နယ်ပယ်ခွဲများနှင့် သက်ဆိုင်ခြင်း၊ ပညာရပ်နယ်ပယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပညာရပ်နယ်ပယ်များမှ အကျိုးရလဒ် ရရှိခြင်း သို့မဟုတ် ထိုပညာရပ်နယ်ပယ်များအတွက် အကျိုးပံ့ပိုးပေးခြင်း’ ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု သုတေသနသည် ‘ပညာရပ်နယ်ပယ်’ နှစ်ခု သို့မဟုတ် ထို့ထက်ပို၍ အတူတကွ အကျိုးရှိရှိ လေ့လာခြင်း/ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ပညာရပ်နယ်ပယ်များ ကိုယ်တိုင်က အမှန်တကယ် သို့မဟုတ် ရည်ရွယ်ထားသည့် အကျိုးခံစားရရှိသူများအဖြစ် ဖြစ်နေမည် မဟုတ်ကြောင်းကို သတိပြုရမည်။ သုတေသီသည် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုမှ အကျိုးရရှိခြင်း ရှိ မရှိ နှင့် မည်သို့ အကျိုးရရှိသည်၊ ပညာရပ် အချင်းချင်း ချိတ်ဆက် လေ့လာခြင်းဖြင့် ပညာရပ်နယ်ပယ်များကိုယ်တိုင် တိုးတက်မှု သို့မဟုတ် အကျိုးသက်ရောက်မှု ရှိ မရှိကို အဓိက အလေးထား အာရုံစိုက် သတ်မှတ်ခြင်းဖြင့် သွယ်ဝိုက် ဆောင်ရွက်သင့်သည်။ ပညာရပ်များအကြား ပေါင်းစပ်မှုများမှ သုတေသီသည် အကျိုးရနိုင်ချေ ရှိကြောင်း တစ်ဦး တစ်ယောက်က ဆိုကောင်းဆိုလိမ့်မည်။ အပြုသဘောဆောင် ပညာရပ်စုံ ချိတ်ဆက် လေ့လာမှုသည် ပညာရပ်များအကြား သဟဇာတရှိရှိ အမြဲတစေ ဆက်စပ်နေမည် ဖြစ်ကြောင်း ယူဆပါက ဤမှန်းဆချက်သည် မမှန်ကန်ဘဲ လမ်းလွဲသွားစေမည် ဖြစ်သည်။ သဘောထား ကွဲလွဲမှု၊ ပြင်းထန်သည့် ဆွေးနွေးငြင်းခုံခြင်းနှင့် သဘောထားမတိုက်ဆိုင်မှု၊ ကွဲပြားခြားနားသည့် အမြင်နှင့် သဘောထားမျိုးစုံတို့သည် ကွဲပြားမှုမရှိဘဲ တစ်သားတည်း ရှိသည့် ပေါင်းစည်းမှုနှင့် သဟဇာတဖြစ်မှုတို့ထက် တစ်ခါတစ်ရံ သရုပ်မှန်ကို အရှိအတိုင်း ဖော်ထုတ်ကာ ရလဒ်ကောင်း ပိုမို ထွက်ပေါ်စေသည်။

ခေတ်ပြိုင်ဥပဒေသုတေသနတွင် မြင်သာသည့် ပညာရပ်စုံချိတ်ဆက်လေ့လာမှု အကြောင်း သရုပ်ဖော်ပြသမှုပေါင်းစုံအား ဝေးဝေးလံလံ ရှာဖွေရန် မလိုအပ်ပါ။ ဥပမာအားဖြင့် ဥပဒေနှင့် ဒဿနိကဗေဒအကြား၊ ဥပဒေနှင့် ဘောဂဗေဒအကြား၊ ဥပဒေနှင့် လူမှုဗေဒအကြား၊

ဥပဒေနှင့် နိုင်ငံရေးသိပ္ပံအကြား၊ ဥပဒေနှင့် စာပေလေ့လာမှုအကြား၊ လက်တလောအားဖြင့် ဥပဒေနှင့် လူမှုဘာသာရပ်များအကြား အချိန်ကြာကြာ တည်ရှိခဲ့သည့် ပညာရပ်ဆိုင်ရာ အပြန်အလှန် ချိတ်ဆက်ဖလှယ်မှုများသည် ပုံမှန်လုပ်ရိုးလုပ်စဉ် စံသတ်မှတ်ချက်များ အဖြစ် ထည့်သွင်းသွားနိုင်သည့် အတိုင်းအတာအထိ ဖွံ့ဖြိုးလာလျက်ရှိပြီး ဖြစ်သည်။ အဆိုပါ ပညာရပ်စုံ ပေါင်းစပ်ချိတ်ဆက်လေ့လာခြင်းအတွက် ပို့ချသည့် အထူးသင်ရိုးများအား စီစဉ် ဖွင့်လှစ်လာ ကြပြီး သင်ရိုးအများစုတွင် ကိုယ်ပိုင်ပညာရပ်ဆိုင်ရာဂျာနယ်၊ အသိုက်အဝန်းနှင့် အသင်းအဖွဲ့ များသာမက နှစ်စဉ်ကျင်းပသည့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများလည်း ရှိကြသည်။ ဥပဒေပညာရပ် တွင်လည်း အထူးပြုဘာသာရပ်များ ပိုမို တိုးပွားနိုင်ခြေသည် ယေဘုယျအားဖြင့် များပြားလာသည်။ နိုင်ငံရေးမဟာမိတ်ဖွဲ့ခြင်းများနှင့် ပညာရပ်အလိုက်စုဖွဲ့မှုတို့ ပေါင်းစပ်ခြင်းဖြင့် ဤလှုပ်ရှား တက်ကြွမှုသည် ပညာရပ်ဆိုင်ရာမူကွဲများ ထွက်ပေါ်လာစေသည်။ ဥပမာ 'ဥပဒေနှင့် လူမှု အဖွဲ့အစည်း'၊ 'လူမှုရေးရာ ဥပဒေလေ့လာမှုများ' နှင့် 'ဥပဒေဆိုင်ရာလူမှုဗေဒ' တို့ ကဲ့သို့ ပညာရပ်ဆိုင်ရာ မူကွဲများသည် သိပ်ကွဲပြားခြားနားမှု မရှိသည့် သုတေသနနည်းစနစ်များဖြင့် ပိုင်းခြားသတ်မှတ်ထားသည်။ ၎င်းသုတေသနနည်းစနစ်များသည် အတွင်းလူ အနေဖြင့် ကြည့်ပါက လက်တွေ့ဖြစ်တည်မှုအား သိသာထင်ရှားစွာ နက်နက်နဲနဲ အကျယ်ချဲ့နိုင်ကြောင်း တွေ့ရှိရပြီး အပြင်လူအများစုက နားလည်သဘောပေါက်ရန် မလွယ်ကူဘဲ အရေးမပါကြောင်း တွေ့မြင် ကြသည်။[6] ဥပမာအားဖြင့် ဥပဒေသိပ္ပံပညာနှင့် ဥပဒေဒဿနိကဗေဒအကြား သို့မဟုတ် ဥပဒေလူမှုဗေဒနှင့် လူမှုရေးရာဥပဒေ လေ့လာမှုများအကြားကဲ့သို့ ပညာရပ်စုံ ချိတ်ဆက် လေ့လာမှုဆိုင်ရာဥပဒေလေ့လာမှုများ၏ ပညာရပ် မူကွဲများအကြား သိသာထင်ရှားသည့် သုတေသနနည်းစနစ်များဆိုင်ရာ (နှင့် နိုင်ငံရေးဆိုင်ရာ) ကွဲပြားခြားနားမှုများ အမှန်တကယ် ရှိလိမ့်မည် ဖြစ်သည်။ သို့သော် ရှိရင်းစွဲ အယူအဆအခြေပြုသုတေသနနည်းစနစ် ကွဲပြား ခြားနားချက်များ သို့မဟုတ် သီးခြားဖြစ်လာသည့် လက်တွေ့မျက်မြင်အခြေပြု သုတေသန နည်းစနစ် ကွဲပြားခြားနားချက်များအား ခြေရာကောက်ခြင်းထက်စာပါက ၎င်းကွဲပြားခြားနားမှု များသည် အနက်အဓိပ္ပာယ် သမုတ်ချက်ဖြစ်ပြီး အဖွဲ့အစည်းက ကျင့်သုံးသတ်မှတ်ချက်ဆိုင်ရာ ကိစ္စရပ်များ ဖြစ်ကြသည်။ နယ်ပယ်ပိုမို ကျဉ်းမြောင်းပြီး တစ်သီးတစ်ခြား ရပ်တည်နေသည့် ပညာရပ်မူကွဲများသည် ကျဉ်းမြောင်းသည့် မျှော်မှန်းချက်နှင့် သေးသိမ်သည့် သမားရိုးကျ အယူအဆဖြစ်လာနိုင်သည့် အန္တရာယ်ရှိလာသည့်အတွက် ဖန်တရာတေနေသည့် စကားများဖြင့် အပ်ကြောင်းထပ်လာပြီး ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု၏ မရှိမဖြစ် ဆိုလိုရင်း အနှစ်သာရအား အယုံအကြည်မဲ့လာစေသည်။

ခေတ်ပြိုင်ဥပဒေသုတေသနတွင် ပညာရပ်စုံချိတ်ဆက်လေ့လာမှုသည် နေရာအနှံ့ အလွန် ကျယ်ကျယ်ပြန့်ပြန့် တည်ရှိကာ အကျွမ်းတဝင်ဖြစ်နေခြင်းက ပညာရပ်ဆိုင်ရာ ပဟေဠိ တစ်ခု အဖြစ် ဖော်ပြနေသည်။ ဥပဒေပညာရပ်သည် အကြမ်းဖျင်းအားဖြင့် ပညာရပ်စုံချိတ်ဆက်

လေ့လာမှု ဖြစ်ပြီးပါက မည်သည့်သဘောမျိုးဖြင့် ဥပဒေသုတေသနတွင် အခြားသော ပညာရပ်တစ်ခု သို့မဟုတ် ထို့ထက်ပိုသော ပညာရပ်များနှင့် ထိတွေ့ပေါင်းစပ်မှုများ ပါဝင်နေပါသလဲ? ဥပမာအားဖြင့် ၎င်းအချက်အား ဥပဒေတွင် 'ကျွန်ုပ်တို့အားလုံးသည် ယခုအခါ လူမှုရေးရာ ဥပဒေပညာရှင်များ ဖြစ်ကြသည်' ဟု တစ်ခါတစ်ရံ ပြောဆိုကြသည်။[၇] သို့သော် ဤအကြောင်းသည် မှန်ကန်ပါက ပညာရပ်စုံ ချိတ်ဆက်၍ အလဲအလှယ်လေ့လာမှုနှင့် ပညာရပ်နယ်ပယ်ခြားနားမှုအစိတ်အပိုင်းသည် မည်သည့်နေရာသို့ ပျောက်ဆုံးကုန်ပါသလဲ? အခြားတစ်ဖက်မှ ရှုမြင်ကြည့်ပါက တူညီသည့်အနက်အဓိပ္ပာယ်အား ကျွန်ုပ်တို့ မေးမြန်း နိုင်သည်။ လူမှုရေးရာသုတေသန (သို့မဟုတ် ဒဿနိကဗေဒဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ သို့မဟုတ် မည်သည့်ပညာရပ်ဆိုင်ရာ သုတေသနမဆို) နှင့် ဆန့်ကျင်ဘက် ဥပဒေရေးရာ အလေးပေး ဆောင်ရွက်သည့် ဥပဒေဆိုင်ရာ ပညာရပ်အကြောင်းနှင့်ပတ်သက်၍ (ယခုအခါ) မည်သည့်အရာက ကွဲပြားခြားနားပါသလဲ? အစဉ်အလာဥပဒေပညာရပ်က နစ်မြုပ်ပျောက်ကွယ်သွားပြီး သမားရိုးကျ နည်းစနစ်များ ကွယ်ပျောက်သွားသည့် ကာလတွင် ပညာရပ်စုံချိတ်ဆက် လေ့လာမှုသည် ဒီရေအလား တိုးပွားလာပါသလား? အဆိုပါ သမားရိုးကျနည်းစနစ်များ ကွယ်ပျောက်သွားချိန်တွင် ဥပဒေသုတေသနအား ပညာရပ်စုံ ချိတ်ဆက်လေ့လာသည့် ချဉ်းကပ်မှုများ၏ အောင်မြင်မှုသည် အမှန်တကယ် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုအဖြစ် ကြာကြာ တည်ရှိနိုင် ပါသလား? ထို့နောက် ကျယ်ပြန့်သည့် ကိုယ်ပိုင် သုတေသနနည်းစနစ် အစီအမံအသုံးပြုရန် သို့မဟုတ် သိသာ ထင်ရှားသည့် သုတေသနနည်းလမ်းအစုံလိုက်ရှိရန် မလိုအပ်ဘဲ အခြားပညာရပ်များနှင့် ပေါင်းစပ်၍ သုတေသနနည်းစနစ်များအား အသုံးပြုရန် အတွက် နယ်ပယ်တစ်ခု သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ တွေ့ဆုံဆွေးနွေးသည့် နေရာတစ်ခုအား အကြောင်းအရာအလိုက် ရွေးချယ်သတ်မှတ်ရာတွင် ဥပဒေသည် ပြစ်မှုဗေဒကဲ့သို့သော ခေတ်သစ်အထူးပြုပညာရပ်နှင့် တူညီသည်။[၈] ယနေ့ခေတ် ဗြိတိန်နိုင်ငံရှိ ဥပဒေကျောင်းများတွင် အလုပ်လုပ်ကိုင်နေသည့် ပါရဂူဘွဲ့ ကျောင်းသားများနှင့် ပညာရှင်များက ချမှတ်ထားသည့် သုတေသနနည်းစနစ်များသည် သီအိုရီဆိုင်ရာနည်းလမ်း ပေါင်းစုံက ဖော်ထုတ်တွေ့ရှိထားသည့် ဤခွျတ်ယွင်းချက်အား တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုနိုင်သည်။ သုတေသန နည်းစနစ်ပိုင်းအရ ခိုင်မာပြီး အဓိပ္ပာယ် ပြည့်ဝသည့် မည်သည့် နည်းလမ်းဖြင့်မဆို 'ဥပဒေ' သုတေသနအား မဖြစ်မနေဆောင်ရွက်ရန် ဥပဒေကျောင်းများတွင် အခြေပြုသည့် ပညာရှင်များ အနေဖြင့် မလိုအပ်ပေ။

ခေတ်ပြိုင်ဥပဒေသုတေသန၏ သဘောသဘာဝအပေါ် နှိုင်းယှဉ် ထင်ဟပ်ပြခြင်းဖြင့် ပိုမို ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်အတွက် အလင်းပြလေ့ရှိသည်။ အမှန်အားဖြင့် အင်္ဂလိပ်စကားမပြောဆိုသည့် နိုင်ငံအများစုတွင် ဥပဒေပညာသင်ကြားခြင်းနှင့် သုတေသန ပြုခြင်း တော်တော်များများပင် အယူအဆအခြေပြုအဖြစ် ကျန်ရှိနေသေးသည်။[၉] အခြား ပညာရပ်နယ်ပယ်

အများစုထက် ဥပဒေပညာရပ်သည် တရားစီရင်ပိုင်ခွင့်အား ပိုမိုအခြေပြုသော်လည်း အင်္ဂလိပ် ဥပဒေ (သို့မဟုတ် အခြား မည်သည့် ပြည်တွင်းအစဉ်အလာဥပဒေမဆို) သည် ဥပဒေ၏ နယ်ပယ် အကျယ်အဝန်း၊ အကြောင်းအရာနှင့် နည်းစနစ်များအား ဘာသာရပ် တစ်ခုအဖြစ် အလိုအလျောက် ဖော်ထုတ်သတ်မှတ်ကြောင်း မည်သူကမျှ အလေးအနက် စဉ်းစားထားခြင်း မရှိပါ။ ဥပဒေသိပ္ပံ ပညာနှင့် ဥပဒေအယူဝါဒတို့အကြား ကွဲပြားခြားနားချက်သည် ဤနေရာ၌ တည်ရှိနေသည်။ ထို့အပြင် ၎င်းခြားနားချက်အတွက် အနည်းငယ် ဆင်တူယိုးမှား အသုံးအနှုန်းဖြစ်သည့် ‘ဥပဒေ သိပ္ပံပညာ’ သည် အင်္ဂလိပ်လူမျိုးများ ကြားရသည့်အခါ နားမခံသာဖြစ်စေသော်လည်း အခြားဥရောပ ဘာသာစကားများတွင် အသုံးပြုနေကျ ဖြစ်သည်။ ထို့အပြင် ကျိုးကြောင်းပြ တွေးတောဆင်ခြင်ခြင်းနှင့် အယူအဆရေးရာ ခွဲခြမ်း စိတ်ဖြာ လေ့လာမှု အစဉ်အလာပုံစံများက ပညာရပ်စုံ ချိတ်ဆက်လေ့လာသည့် ချဉ်းကပ်မှုများ အပါအဝင် ခေတ်ပြိုင် ဗြိတိန်ဥပဒေပညာရပ် နယ်ပယ်၊ သင်ကြားမှုတို့နှင့် ယခုတိုင် အဓိက သက်ဆိုင်လျက်ရှိနေသည့် အတိုင်းအတာအား လျစ်လျူရှုရန် သို့မဟုတ် ဘေးချိတ်ရန် လွယ်ကူပါသည်။

စာရေးသူက ၎င်း၏ ကျောင်းသားများအား ‘ရှေ့နေတစ်ဦးကဲ့သို့ တွေးတောဖို့’ အတွက် သင်ကြားရန် ယခင်က တောင်းဆိုခြင်း မရှိခဲ့ဘဲ ယခုအခါ မကြာခဏတောင်းဆိုလေ့ရှိသည်။ စာရေးသူ၏ လေ့လာဆန်းစစ်ချက်အပေါ် မူတည်၍ ဤတောင်းဆိုချက်သည် ဥပဒေသိပ္ပံ ပညာအရ ‘အတွင်းလူ’ ၏ သဘောအမြင်မျှသာဖြစ်ပြီး ကိုယ်ပိုင်သုတေသန နည်းစနစ်အား ဥပဒေ သုတေသန၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထင်ထင်ရှားရှား ဖြစ်ပေါ်စေသည်။ ထို့နောက် ဥပဒေပညာတွင် ပညာရပ်စုံ ချိတ်ဆက်လေ့လာ၍ အမှန်အကန် သုတေသနပြုနိုင်ရန် အယူအဆရေးရာ ဖြစ်နိုင်ခြေအား ထိန်းသိမ်းနိုင်သည်။ နိုင်ငံရေးသိပ္ပံပညာ (သို့မဟုတ် ဘောဂဗေဒ၊ ဒဿနိကဗေ၊ လူမှုဗေဒ အစရှိသည်ဖြင့်) သုတေသနနည်းစနစ်များ သို့မဟုတ် အမြင်သဘောထား များနှင့် ပေါင်းစပ်ထားသည့် ဥပဒေသုတေသနသည် ‘ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု’ ပင် ဖြစ်သည်။ ထိုကဲ့သို့ ပညာရပ်စုံချိတ်ဆက်လေ့လာရာတွင် နှိုင်းယှဉ်လေ့လာသည့် ဥပဒေ ပညာရပ်သည် ၎င်းအား နှိုင်းယှဉ်လေ့လာသည့် အတိုင်းအတာအပေါ် မူတည်၍ ယဉ်ကျေးမှုနှင့် ဘာသာစကားသာမက တရားစီရင်ပိုင်ခွင့်နယ်ပယ်များအတွင်း ဖြတ်ကျော် ချိတ်ဆက်လေ့လာ သည်။[၁၀] ပဋိညာဉ်နှင့် တရားမနစ်နာမှု ဥပဒေ သို့မဟုတ် ကုမ္ပဏီဥပဒေနှင့် ကုန်သွယ်ရေးဆိုင်ရာ ဘဏ္ဍာရေးဥပဒေတို့ကဲ့သို့ ခြားနားကွဲပြားသော သီးသန့်ဥပဒေများနှင့် ပေါင်းစပ်ထားသည့် သုတေသနသည် ကျွန်ုပ်တို့အား ‘ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု’ အဖြစ် မထင်မြင်မိစေပါ။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ ရေပန်းစားသည့် ခွဲခြမ်းစိတ်ဖြာမှုများအား ဥပဒေဘာသာရပ် နယ်ပယ် အတွင်းပိုင်းအဖြစ် ကျွန်ုပ်တို့က မှတ်ယူခြင်းကြောင့်ဖြစ်ပါသည်။ ဥပဒေပညာရပ်နှင့် သင်ကြားမှုဆိုင်ရာ အမျိုးစုံလင်သည့် အကြောင်းအရာများအား ခွဲခြမ်း စိတ်ဖြာရာတွင် လက်တွေ့ ကျကျ[၁၁] အဆင်ပြေသည့် နည်းလမ်းများ ဖြစ်ကြသည်။ ပညာရပ်ဆိုင်ရာ အတွင်းသဘော

ခွဲခြမ်းစိတ်ဖြာမှုထက်စာပါက ပြင်ပအကြောင်းအရာဖြစ်သည့် အခြားသော အသိပညာဆိုင်ရာ စုံစမ်းစစ်ဆေး လေ့လာမှုနှင့် ပညာရပ်နယ်ပယ်များမှ ဥပဒေအား ခွဲခြားကန့်သတ်ထားသည့် ဘောင်များကို ကျော်လွန်လေ့လာသည့် သုတေသနအတွက် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုဆိုင်ရာ အယူအဆအား ရည်ရွယ်ချက်ရှိရှိ ထိန်းထားရမည် ဖြစ်သည်။ ထို့အပြင် ၎င်းပြင်ပ သတ်မှတ်ခွဲခြားခြင်းသည် အဓိကအားဖြင့် *အကြောင်းအရာ*ပေါ် မူမတည်ပေ။ အုပ်ချုပ်မှု၊ ကုန်သွယ်ရေး၊ မိသားစု၊ အလုပ်အကိုင်ဆိုင်ရာ၊ ထိခိုက်နစ်နာမှုအား ကြိုတင်ကာကွယ်ခြင်း သို့မဟုတ် တရားမျှတမှုတို့သည် လုံးလုံးလျားလျား 'ဥပဒေဆိုင်ရာ' ကိစ္စတစ်ခုတည်းသာ မဟုတ်ဘဲ ၎င်းတို့သည် 'နိုင်ငံရေး'၊ 'လူမှုဗေဒ'၊ 'ဒဿနိကဗေဒ' သို့မဟုတ် အခြားသော အစဉ်အလာ ပညာရပ်ဆိုင်ရာ သီးခြားဂုဏ်သတ္တိထက်ပိုပါသည်။ အခြေခံအားဖြင့် အကြောင်းအရာထက် *နည်းစနစ်* ဖြစ်ပါသည်။ ၎င်းနည်းစနစ်တွင် မေးခွန်းထုတ်ထားသည့် သီးသန့် သုတေသန မေးခွန်းများ၊ ထိုမေးခွန်းအား မည်သို့ ဖြေဆိုမည်နည်းနှင့် သုတေသန မေးခွန်းများအား မည်သို့ဖြေဆိုခြင်းဖြင့် ဆန်းစစ်သနည်းတို့ ပါဝင်သည်။ ၎င်းနည်းစနစ်ဖြင့် ပညာရပ်နယ်ပယ် တစ်ခုအား အခြားနယ်ပယ်တစ်ခုနှင့် ခွဲခြားထားပါသည်။

ဥပဒေသုတေသနနည်းစနစ်အဖြစ် မည်သည့်အရာက ထင်ထင်ရှားရှား ဖြစ်စေပါသလဲ? ယခင်စာပိုဒ်များသည် ဤမေးခွန်းအတွက် အလုပ်ဖြစ်သော်လည်း လွယ်ကူရိုးစင်းသည့် အဖြေကို မရရှိနိုင်ချေ။ ထို့အစား မေးခွန်း၏ သီအိုရီပိုင်းဆိုင်ရာနှင့် နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု တွေ့ရှိချက်အား စာရေးသူက ဆောင်ကြဉ်းပေးပြီးနောက် ဖြစ်နိုင်ခြေရှိသည့် အဖြေရရှိရန် နိမိတ်ပြခြင်း၊ သုတေသနမေးခွန်းအတွင်း ပုန်းလျှိုး ကွယ်နေသည့် သီအိုရီဆိုင်ရာ စိန်ခေါ်မှုများအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ၎င်းမေးခွန်းအား ဖြေဆိုရန် ကြိုးစားအားထုတ်မှု မှန်သမျှ မည်သည့် အတွက်ကြောင့် သေချာပေါက် အငြင်းပွားဖွယ် ဖြစ်နေရကြောင်းအား ရှင်းလင်ခြင်းတို့အား စာရေးသူက ဆောင်ရွက်သွားမည်ဖြစ်သည်။ ဥပဒေသုတေသန နည်းစနစ်များဆိုင်ရာ သီအိုရီကဲ့သို့ ဥပဒေနည်းစနစ်အတွက် အရေးပါသော အလုပ်တစ်ခုမှာ ဥပဒေ သုတာသနဆောင်ရွက်စဉ် တစ်လျှောက်လုံး ဖြေဆိုနိုင်သည်သာမက မဖြေဆိုနိုင်သည့် မေးခွန်း အမျိုးအစားများအား သတ်မှတ်ပြီး ရှင်းလင်းဖော်ပြရန်ဖြစ်သည်။ ချွတ်ယွင်းမှုတွေ့ရှိချက်သည် သီအိုရီဆိုင်ရာ ချဉ်းကပ်မှုတစ်မျိုးဖြစ်ပြီး အခြားအရာများအနက် သုတေသနမေးခွန်းများအတွက် အသုံးပြုနိုင်သည်။ စာဖတ်သူအနေဖြင့် သတိမပြုမိသည့် ကိစ္စရပ်မှာ နည်းစနစ်ပိုင်းဆိုင်ရာ ဆွေးနွေးချက်တွင် စာရေးသူတို့အနေဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့ပြီးခြင်းပင် ဖြစ်သည်။

ဥပဒေသုတေသနနည်းစနစ်များ၏ အယူအဆတိုင်းသည် ဥပဒေဆိုင်ရာ သီအိုရီ တစ်ခုအား လိုက်နာကျင့်သုံးရမည့်အရာတစ်ခုအဖြစ် ကြိုတင်ကောက်ချက်ချကြသည်။ ၎င်းလိုက်နာကျင့်သုံးရမည့် အရာအား 'ဥပဒေရေးရာ' နာမဝိသေသအဖြစ် ရည်ညွှန်းထားသည်။ သို့သော်

ကွဲပြားခြားနားသည့် ဥပဒေဆိုင်ရာသီအိုရီ အများအပြား ရှိပါသည်။ သတ်သတ်မှတ်မှတ်ရှိသည့် တရားဥပဒေအစဉ်အလာများအား စကားအသုံးအနှုန်းများ အနည်းငယ် ပြောင်းလဲခြင်းဖြင့် ဥပဒေဆိုင်ရာ အယူအဆများအား ဖွံ့ဖြိုးစေမည် ဖြစ်သည်။ အင်္ဂလိပ်-အမေရိကန် ဥပဒေ စနစ်သည် ဥပဒေ၏ သဘောသဘာဝအကြောင်း မေးခွန်းအား အဓိကထား စဉ်းစားပါသည်။ ထိုသို့ စဉ်းစားရာတွင် ဥပဒေသည် အခြေခံအားဖြင့် စည်းမျဉ်းများ သို့မဟုတ် အခြေခံရမည့်မူများ ဟုတ်မဟုတ်သော်လည်းကောင်း[၁၂]၊ ဥပဒေဆိုင်ရာ ကျိုးကြောင်း ညီညွတ်ခိုင်လုံမှုရှိခြင်းသည် သမိုင်းကြောင်းဆိုင်ရာ နောက်ခံအချက်အလက်များ၊ လူမှုဗေဒဆိုင်ရာ အချက်အလက် ('ဥပဒေလက်တွေ့မျက်မြင်ဝါဒ') များနှင့် သက်ဆိုင်သည့် မေးခွန်းဖြစ်၊ မဖြစ်သော်လည်းကောင်း[၁၃]၊ သို့မဟုတ် ဥပဒေဆိုင်ရာကျိုးကြောင်းညီညွတ်ခိုင်လုံခြင်းသည် တရားမျှတမှု ('သဘာဝနိယာမ') ဆိုင်ရာ စံသတ်မှတ်ချက်များအား မရှိမဖြစ် ပေါင်းစပ်ရန် လို၊ မလိုသော်လည်းကောင်း[၁၄] စသည့် အချက်တို့အား အဓိက ထည့်သွင်းစဉ်းစားပါသည်။ သို့ရာတွင် အရိုးစွဲနေသည့် နိုင်ငံရေးအမူအကျင့်များနှင့် ငြင်းခုံမှုများကြောင့် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည့် အဆိုပါ ဆွေးနွေးမှုအချို့အား ရင်းနှီးကျွမ်းဝင်မှု မရှိသေးသည်ကို မြင်ရသည်။ ထို့ကြောင့် အစ္စလာမ် နှင့် Mosaic ဥပဒေစနစ်သာမက အာဖရိကမျိုးနွယ်စုဆိုင်ရာဓလေ့ထုံးစံများသည် ဥပဒေအပေါ် မတူညီသည့် အမြင်သဘောထားများအား တိုးပွားစေပြီး[၁၅] အပြန်အလှန်အားဖြင့် ကွဲပြားခြားနားသည့် သုတေသနနည်းစနစ်များကို သွယ်ဝိုက်ညွှန်ပြနေသည်။ ဟီဘရူး သို့မဟုတ် အာရပ်[၁၆] တို့၏ လက်တွေ့ကျသည့် ဗဟုသုတအား ဥပဒေသုတေသနအတွက် မရှိမဖြစ်အရေးပါသည့် နည်းလမ်းတစ်ခုအဖြစ် အနောက်နိုင်ငံမှ ပညာရှင်အနည်းငယ်က မှတ်ယူကြသည်။ ဥပမာအားဖြင့် မူလလူမှု အသိုက်အဝန်းထုံးတမ်းအစဉ်အလာအား မနုဿဗေဒရှုထောင့်မှ လေ့လာမှုများ ပြုလုပ်ခြင်း မရှိသကဲ့သို့ပင် ဖြစ်သည်။[၁၇] မက်စ်ဝါဒီများ (Marxists) ကမူ လူတန်းစားခွဲခြားသည့် အတွေးအမြင်စနစ်၏ သရုပ်သကန်တစ်ခု သို့မဟုတ် လူတန်းစား ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းအတွက် နည်းလမ်းတစ်ခုအဖြစ်မျှသာ ဥပဒေအား သတ်မှတ်သည်။[၁၈] အဆိုပါ အယူအဆရေးရာ ယုံကြည်ချက်များက ၎င်းတို့ကိုယ်ပိုင် သုတေသန အစီအစဉ်အား ဆောင်ရွက်ရန် တွန်းအားပေးသည်။ ဥပဒေနှင့် အစိုးရသည် အခြေခံအားဖြင့် ဖိုဝါဒ ကြီးစိုးကြောင်း တယူသန် အမျိုးသမီးဝါဒီများ၏ အမြင်သဘောထားနှင့် အတူတူပင် ဖြစ်သည်။[၁၉] စာရေးသူ၏ ကိုယ်ပိုင်အမြင်ကမူ ဥပဒေရှိ နိုင်ငံရေး သို့မဟုတ် လူမျိုးရေးဆိုင်ရာ ယုံကြည်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဥပဒေနှင့် တရားရေးဆိုင်ရာ အဖွဲ့အစည်းများအပေါ် အတွင်းအမြင်ရှုထောင့်တစ်ခုဖြင့် စစ်မှန်သည့် ဥပဒေသုတေသန၏ ထူးခြားသော သွင်ပြင်လက္ခဏာကို ဖော်ပြပါသည်။ ဥပဒေသုတေသနသည် သုတေသန နည်းစနစ်အား ကြိုတင်ကောက်ချက်ချပြီး အဖွဲ့အစည်းဆိုင်ရာ မူလရင်းမြစ်များနှင့် ပေါင်းစပ် ဆောင်ရွက်ခြင်းတို့ဖြင့် 'ဥပဒေအား လေးလေးနက်နက် အကောင်အထည်ဖော်ခြင်း'

ဖြစ်သည်။ အဖွဲ့အစည်းဆိုင်ရာ မူလရင်းမြစ်များတွင် သဘောတူစာချုပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ပြဋ္ဌာန်းဥပဒေများနှင့် လိုက်နာကိုးကားရမည့် စီရင်ထုံးများသာမက ကျင့်ထုံးများ၊ ‘အားထုတ် ကြိုးစားရမည့် စည်းနှောင်အားမရှိသည့်’ စံနှုန်းသတ်မှတ်ချက်များ၊ စာအုပ်များထဲရှိ ဥပဒေနှင့် ၎င်းတို့အား အကောင်အထည်ဖော်သည့်အခါ ချိန်ညှိပေးသည့် တရားဝင် သတ်မှတ်ထားခြင်း မရှိသော လုပ်ရိုးလုပ်စဉ်လုပ်ငန်းများလည်းပါဝင်သည်။[၂၀] ဥပဒေအား လေးလေးနက်နက် အကောင်အထည်ဖော်ရန်အလို့ငှာ သက်ဆိုင်သည့် ဥပဒေအား ကျိုးကြောင်းလျော်ညီစွာ အသေးစိတ်သိရှိရမည်ဖြစ်သည်။ ထိုသို့သိရှိခြင်းဖြင့် အယူအဆဆိုင်ရာ သီးသန့်အကြောင်းအရာများ၊ အဓိကကျသည့် အဖွဲ့အစည်းအာဏာပိုင်များ၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် နဂိုမူရင်းနည်းစနစ်များနှင့် ခြေခြေမြစ်မြစ်ရှိသည့် ကျိုးကြောင်းပြ တွေးတောဆင်ခြင်မှုများအား ကျွမ်းကျင်ပိုင်နိုင်မှုကို ပေါ်လွင်စေသည်။ ဥပဒေသုတေသနရှိ အတွင်းအမြင်ရှုထောင့်သည် ဥပဒေအား အယူအဆဖော်ထုတ်ခြင်းနှင့် ကျင့်သုံးခြင်းတို့အကြားရှိ မည်သည့် တရားသေ ကွဲပြားခြားနားချက်များကိုမဆို ပယ်ချပါသည်။ ကျယ်ပြန့်သည့် အမြင်အရဆိုသော် သုတေသီကိုယ်တိုင် ဥပဒေကျင့်သုံးရာတွင် စည်းပြင်ရှိ ပွဲကြည့် ပရိသတ်တစ်ဦးထက် ကစားပွဲတွင် တက်တက်ကြွကြွပါဝင်ကစားသူတစ်ဦးကဲ့သို့ ပါဝင် ပတ်သက်သူတစ်ဦး ဖြစ်လာပါသည်။

တရားဥပဒေအစဉ်အလာအတွင်းရှိ အတွင်းကျကျ ပါဝင်ပတ်သက်သူတစ်ဦးအနေဖြင့် စိတ်ပါလက်ပါ ထောက်ခံချက်တစ်ခုတည်းဖြင့် တန်းတူမသတ်မှတ်သင့်ပေ။ အရည်အချင်းပြည့်မီသည့် စံသတ်မှတ်ချက်မှာ သိမှုဆိုင်ရာကျွမ်းကျင်လိမ္မာမှုပင် ဖြစ်သည်။ ကျင့်ဝတ်ဆိုင်ရာ ဆန်းစစ်သုံးသပ်အကဲဖြတ်ခြင်းမဟုတ်ဘဲ သုတေသီအနေဖြင့် သိရှိပြီး ရှာဖွေဖော်ထုတ်နိုင်သည့် အရာ ဖြစ်သည်။ ရောမဥပဒေများသည် ကာလအတော်ကြာကတည်းက ပျက်ပြယ်ပြီးဖြစ်သလို နာဇီဥပဒေများသည်လည်း မနှစ်မြို့ဖွယ် ဆိုးဝါးသည်ဟူသည့် အချက်ကို ထည့်သွင်းမစဉ်းစားဘဲ ကိုယ်တိုင်ကိုးကားထားသည့် ကျိုးကြောင်းညီညွတ်မှုဆိုင်ရာ စံနှုန်းအရ ရောမဥပဒေ သို့မဟုတ် နာဇီဥပဒေ၏ အခန်းကဏ္ဍအား မှန်မှန်ကန်ကန် သို့မဟုတ် မှားမှားယွင်းယွင်း ဖော်ပြနိုင်သည်။ ဤဖော်ပြချက်များသည် ‘အမြင်ရှုထောင့်တစ်ခုမှ ပြောဆိုရေးသားချက်များ’ သို့မဟုတ် ကျင့်ဝတ်ပိုင်းဆိုင်ရာများနှင့် ပြည့်စုံနေခြင်းထက် စံအဖြစ် သီးသန့် သတ်မှတ်ထားသည့် စနစ်တစ်ခုအရ တရားမျှတမှုဆိုင်ရာ ကတိကဝတ်အဆိုပြုချက်များ ဖြစ်ကြသည်။ ဗဟုသုတပြည့်စုံကြွယ်ဝပြီး စိတ်ကူးဉာဏ်ကွန့်မြူးသည့် ဥပဒေသုတေသီများသည် အဆိုပါအတွင်းအမြင် သဘောများအား လက်လှမ်းမီနိုင်ကြသည်။ ကိုယ်ပိုင်အမြင်ထက်ကျော်လွန်ပပျောက်ခြင်းမရှိဘဲ အနည်းဆုံး သိသာသည့်ပမာဏအချို့အထိ အတ္တဟိတကို စွန့်လွှတ်ပြီး ပရဟိတ္တဖြစ်လာခြင်း မရှိပါက ‘အခြားသူများ’ အကြောင်း ဘယ်သောအခါမျှ အပြည့်အစုံမသိရှိနိုင်ပေ။ ဗဟုသုတကောင်းများ ထွက်ပေါ်လာရန် ခက်ခဲသည့် စိတ်ပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု တစ်ခါတစ်ရံ လိုအပ်ပြီး အန္တရာယ်ရှိသည့် အယူအဆများအား ထိပ်တိုက်ရင်ဆိုင်ခြင်း သို့မဟုတ် မနှစ်မြို့ဖွယ် ကောင်းသည့်

လူများနှင့် တစ်ယောက်ချင်း အချိန်တစ်ခဏ ဝိုင်းဖွဲ့ရခြင်းတို့ လိုအပ်သည်။ အခြေခံလူအခွင့်အရေးများနှင့် ဥပဒေစိုးမိုးမှုအား အလေးထားပြီး အသင့်အတင့် ကောင်းမွန် လည်ပတ်နေသည့် လစ်ဘရယ်ဒီမိုကရေစီစနစ်တွင် ဥပဒေသုတေသီသည် တရားဥပဒေနယ်ပယ်အတွက် အတွင်းကျကျ ပါဝင်ရမည်ဖြစ်သည်။ ထိုသို့ပါဝင်ရာတွင် အဖွဲ့အစည်းဆိုင်ရာ စံနှုန်းများနှင့် အလေ့အကျင့်များ သို့မဟုတ် ၎င်းတို့၏ အစိတ်အပိုင်း တစ်ချို့အား မတူညီသည့် ဆန္ဒပြင်းပြမှု အမျိုးမျိုးဖြင့်သာမက ကျင့်ဝတ်ပိုင်းဆိုင်ရာအရ တက်တက်ကြွကြွ ထောက်ခံမှုများ ပါဝင်နေမည်ဖြစ်သည်။ ပြင်းပြသည့် သိလိုစိတ်အား စံနှုန်းသတ်မှတ်ချက် အမြင်ဖြင့် ဟန်ချက်ညီညီ ပေါင်းစပ်ခြင်းသည် အနာဂတ်ကာလအတွက် ဖြစ်နိုင်ခြေရှိသည့် စံနမူနာ ဖြစ်ပေါ်လာပေလိမ့်မည်။ ခေတ်စားနေသည့် ရှေးရိုးစွဲဝါဒအား အလိုအလျောက် လေးစား လိုက်နာခြင်း သို့မဟုတ် အာဏာရှိသူများအား ဖော်လံဖားခြင်းတို့အား မရည်ညွှန်းပါ။ လစ်ဘရယ်ကျကျ တရားဥပဒေနှင့် လျော်ညီမှုအပေါ် အပြတ်သားဆုံး ဝေဖန်ချက်အချို့မှာ ပါတီဝင်ကဒ်ပြား ကိုင်ဆောင်ထားသည့် လစ်ဘရယ်သမားများဖြစ်ကြပြီး ၎င်းတို့၏ဝေဖန်ချက် များအားလုံးသည် ပို၍တိတိကျကျ ပြတ်သားကြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် လစ်ဘရယ်စံနှုန်းများအား လေးလေးနက်နက် ခံယူကြပြီး 'သဘောကျနှစ်သက်သည့်' အတွင်းအမြင်ရှုထောင့်မှ အတွင်းကျကျ အတိအကျ သိရှိကြခြင်းကြောင့် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့နှင့်သက်ဆိုင်သည့် အတွင်းအမြင်ရှုထောင့်သည် ဤနေရာတွင် နိုင်ငံရေးဆိုင်ရာ ကျင့်ဝတ်သိက္ခာအားဖြင့် မဟုတ်ဘဲ သိမှုဗေဒအားဖြင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုပြီး ထည့်သွင်း ပေါင်းစပ်ထားခြင်းဖြစ်သည်။ လူတစ်ဦးသည် အတွေးအခေါ်များ သို့မဟုတ် ကျင့်သုံးပုံများအား သုတေသနနည်းစနစ်နှင့် သင့်လျော်သည့် အသိအပညာအမြင်အရ 'အသိအမှတ်ပြု' နိုင်သည်။ အမှန်ယုံကြည်သူတစ်ဦး၏ အတွင်းအမြင်ရှုထောင့်ကို ချမှတ်ကာ ၎င်းတို့ယုံကြည်သည့်စနစ်၏ ယုတ္တိဗေဒအား စိတ်ဖြာ ရှင်းလင်း၍ (ဖြစ်နိုင်ခြေရှိသည့် အကျိုးသင့်အကြောင်းသင့် စိတ်ဖြာ ရှင်းလင်းနိုင်သည့် အတိုင်းအတာတစ်ခုအထိ) ဦးစီးဦးရွက်ပြုနိုင်သည်။ ထိုသို့ဦးစီးဆောင်ရွက်နေစဉ် အဆိုပါ အတွေးအခေါ်များနှင့် ကျင့်သုံးပုံများအား ကျင့်ဝတ်သိက္ခာအရ မနှစ်မြို့ဖွယ်ရာ ဖြစ်ကြောင်း မှတ်ယူဆဲပင် ဖြစ်သည်။ ဆန်းစစ်ဝေဖန်နိုင်းချင့်တွေးတောရာတွင် ဆင်ခြင်တုံတရားနှင့် တွေးခေါ်မြော်မြင်မှုတို့ကိုယ်တိုင်သည်ပင် နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများ ဖြစ်ကြပါသည်။[၂၁]

ဥပဒေစနစ်အတွင်းရှိသူများက ဆောင်ရွက်သည့် ဥပဒေသုတေသနစစ်စစ်နှင့် အခြားပညာရပ်နယ်ပယ်များရှိ ပြင်ပလေ့လာသူများက ဆောင်ရွက်သည့် ဥပဒေအကြောင်း သုတေသနတို့အကြား ဖော်ထုတ်တင်ပြထားသည့် ကွဲပြားခြားခြားချက်အား လိုသည်ထက်ပို၍ စာရေးသူအနေဖြင့် ဖော်ပြမသင့်ပေ။ ၎င်းကွဲပြားခြားနားချက်အား အစဉ်မပြတ်ဖြစ်ပေါ်နေသည့် ပညာရပ်နယ်ပယ်အဖြစ်သာ ရှုမြင်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ နိုင်ငံခြားဘာသာ စကားကျွမ်းကျင်မှုက ဖြစ်လေ့ဖြစ်ထရှိသော အလားတူအချက်ကို ဖော်ပြသည်။ လူအချို့သည်

မွေးရာပါဗီဇအရ ဘာသာစကားနှစ်မျိုး တတ်ကျွမ်းသည်။ နိုင်ငံခြားဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်သူများတောင်မှ အများအားဖြင့် သတိပြုမိနိုင်သော လေသံဖြင့် စကားပြောကြပြီး ဘာသာစကားဆိုင်ရာ မသိမသာကွဲပြားချက် သို့မဟုတ် ဘာသာစကားပြောဆိုရာတွင် ယဉ်ကျေးမှုအနက်အဓိပ္ပာယ်များပါဝင်သည့် မသိမသာကွဲပြားချက်အချို့အား သတိမပြုမိ နိုင်ကြပေ။[၂၂] နိုင်ငံခြားဘာသာစကားတတ်မြောက်မှု အခြေခံကျကျ တိုးတက်စေရန်အတွက် နည်းလမ်းတကျ ကျွမ်းကျင်တတ်မြောက်မှုက လူတစ်ဦးအား လက်ဟန်ခြေဟန်ဖြင့် အနည်းငယ် အထောက်အပံ့ပေးသည့်တိုင်အောင် အခြေခံသိသင့်သိထိုက်သည့် ဝေါဟာရများ သိကျွမ်းစေခြင်းဖြင့် တစ်ရက်ပြီးတစ်ရက် ပိုမိုတိုးတက်လာနိုင်စွမ်းရှိစေသည်။ ဘာသာ စကားတတ်ကျွမ်းမှု၏ အခြေခံအကျဆုံးအဆင့်အနေဖြင့် နှုတ်တိုက်ကျက်ရသည့် နှုတ်ဆက် စကားအချို့ကို ပြောကြားခြင်းက ဒေသခံများအား ရင်းနှီးကျွမ်းဝင်သည့် အသုံးအနှုန်းဖြင့် ဆက်သွယ်ရန် ကြိုးစားအားထုတ်ခြင်းကို သရုပ်ဖော်ပြသသည်။ သို့သော် ဘာသာစကား ပြောကြားခြင်းအဖြစ် ဘောင်ဝင်တန်းဝင်ရန် ခက်ခဲနေသေးသည်။ အလားတူ သုတေသန တွင်လည်း အချို့ပညာရှင်များသည် နဂိုဗီဇအားဖြင့် 'ဘာသာစကားနှစ်မျိုးအား ကျွမ်းကျွမ်း ကျင်ကျင်' ပြောဆိုနိုင်သူများကဲ့သို့ ပညာရပ်နယ်ပယ် နှစ်ခု (သို့မဟုတ် နှစ်ခုထက်ပိုသော နယ်ပယ်များ) ရှိ နည်းစနစ်များအား ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်ကြသည်။ ပညာရပ် နယ်ပယ်ကန့်သတ်ချက်များအား အခက်အခဲမရှိ အလွယ်တကူ ကျော်ဖြတ်နိုင်ပြီး နယ်ပယ် တစ်ခုစီတွင် နဂိုမူလ တတ်ကျွမ်းသူကဲ့သို့ 'ဖြတ်သန်း" နိုင်ကြသည်။ ဤကျွမ်းကျင် တတ်မြောက်မှုအဆင့်ကို ရရှိရန်အတွက် ယေဘုယျအားဖြင့် အချိန်၊ အားထုတ်မှုနှင့် အတွေ့အကြုံ အတော်များများကို ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။ ပညာရပ်စုံ ချိတ်ဆက်လေ့လာသည့် သုတေသီအများစုသည် ၎င်းတို့၏ မူလဘူတ 'အစွဲ' များအား စွဲကိုင်ထားဆဲပင် ဖြစ်သည်။ ၎င်းသုတေသီများတွင် အတွင်းသဘောသိကျွမ်းမှု၊ အမြင်ရှုထောင့်များနှင့် အဆင့်မြင့်မြင့်ဆောင်ရွက်နိုင်သော်ငြား ရှေ့နေမဟုတ်သူများက ၎င်းတို့၏ 'မူလ' ပညာရပ်နယ်ပယ်ရှိ အနက်အဓိပ္ပာယ်ကောက်ယူသည့် 'ဝါကျအထားအသို' နှင့် နည်းစနစ်ဆိုင်ရာ ကြိုတင်ယူဆချက်များမှ တဆင့် တရားဥပဒေဆိုင်ရာ ဖြစ်ရပ်များအား ထုတ်နှုတ်ယူလိုကြသည်။ ဒေသထွက် အစစ်အမှန် ပြန်လည်ထုတ်လုပ်ခြင်းထက် တန်ဖိုးရှိသည့် စပ်မျိုးများ (စဉ်းစားကြည့်ပါက ကြက်သားမဆလာ အနှစ်ချက်ကဲ့သို့) ကို ထုတ်လုပ်ကြပေလိမ့်မည်။ အခြားသော သုတေသန နည်းစနစ်များ အကြောင်း ခရေစေ့တွင်းကျမဟုတ်ဘဲ အနည်းငယ်သာ သိရှိသည့် သုတေသီများအနေဖြင့် ၎င်းတို့၏အားနည်းချက်များအား နားလည်သဘောပေါက်ရန် လိုအပ်သည်။ သို့သော် ၎င်းတို့အား အမြင့်ဆုံးအရည်အချင်းဖြစ်သည့် ပညာရပ်စုံချိတ်ဆက်လေ့လာမှုအား ပြုလုပ်ရန် ကြိုတင်ဟန့်တားခြင်း မဟုတ်ပေ။ ပညာရပ်စုံအပြန်အလှန်ချိတ်ဆက်လေ့လာ အကျိုးပြုမှုအား အမှန်အကန် မြင့်တင်ရန်အတွက် လုံလောက်သည့် အချင်းချင်း နားလည် သဘောပေါက်မှု ရှိနေသမျှ ပညာရပ်အစုံအလင် ပေါင်းစပ်လေ့လာခြင်းသည် ၎င်းတို့အတွက် အကောင်းဆုံး

ရွေးချယ်စရာ ဖြစ်သည်။ ထို့ထက်ပို၍ဆိုရသော် တတ်မြောက် ကျွမ်းကျင်မှုအဆင့် တစ်ဆင့်ပြီး တစ်ဆင့် တတ်လှမ်းရန်အလို့ငှာ ပါဝင်သူများအား အချိန်နှင့်အမျှ ကူညီထောက်ပံ့ပေးမည့် ပညာရပ်တန်ဖိုးသည် အဆိုပါပေါင်းစပ်ဆောင်ရွက်ခြင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည်။ သို့သော် အခြားပညာရပ်အကြောင်း အနည်းငယ်မျှ သိသူများအတွက်မူ ဗဟုသုတ နည်းနည်း ကလေး သိရုံမျှဖြင့် ဆောင်ရွက်ခြင်းက အန္တရာယ်ရှိသည်ဟူသော ဆိုရိုးစကား တစ်ခုကို အသုံးချနိုင်သည်။

ဥပဒေသုတေသနအား နားလည်သဘောပေါက်ရန် ခက်ခဲနေသည့် ပညာရပ်နယ်ပယ် ပြင်ပမှ လေ့လာသူများက အကြမ်းထည်အဖြစ် နားလည်သဘောပေါက်ရန် ဥပဒေပညာရှင်များကို ဆွဲဆောင်သိမ်းသွင်းရန် လိုအပ်သည်။ သို့သော် ထိုကဲ့သို့ ရှုံ့ချချိုးနှိမ်ရာရောက်သည့် သဘောထား ဆန်းစစ်ချက်များကို အမြဲတမ်း ခွင့်မပြုပေ။ မသိနားမလည်မှုနှင့် နားလည် သဘောပေါက် လွဲခြင်းတို့အား တစ်ခါတစ်ရံတွင် သတိထားမိသော်ငြား ပညာရပ်ဆိုင်ရာ အလေ့အထများတွင် ကွဲပြားခြားနားသော အကျိုးအမြတ်များနှင့် ကိုယ်ပိုင်သုတေသန လုပ်ငန်းစဉ်ဆိုင်ရာ လက္ခဏာရပ် များပါရှိကြသည်။ ထို့ကြောင့် တူညီသည့် နေရာများအား ဥပဒေပညာရှင်များအဖြစ် ရှုမြင် ကြသောအခါ အခြားပညာရပ်နယ်ပယ်များမှ သုတေသီများက ပင်ကိုယ်အားဖြင့် မတူညီသည့် အရာများအား သတိမူမိကြလေ့ရှိပြီး တူညီသည့်အရာများအား ကွဲပြားခြားနားစွာ အနက်အဓိပ္ပာယ် ဖွင့်ဆိုလေ့ရှိကြသည်။ အဓိကကျသောအချက်များနှင့် အတိုင်းအဆကို ချိန်ညှိခြင်းဖြင့် ကွဲပြား ခြားနားသော နည်းစနစ် ရွေးချယ်မှုများက မတူညီသည့် အမြင်ရှုထောင့်များအား ဖော်ပြပါသည်။ ၎င်းသုတေသန နည်းစနစ်များအား သက်ဆိုင်သည့် သုတေသနအစီအစဉ်များနှင့်အညီ တိတိကျကျ ချိန်ညှိနိုင်သည်။ ဥပဒေရေးရာ စံနှုန်းများနှင့် အဖွဲ့အစည်းများ၏ စနစ်တစ်ခုအတွင်းရှိ အတွင်းလူ ဖြစ်သူများပီပီ ဥပဒေသုတေသီများသည် ဥပဒေစံနှုန်းများနှင့် အဖွဲ့အစည်းများ၏ အချိန်နှင့်အမျှ အနည်းအကျဉ်းစီ ပြောင်းလဲနေသည်များနှင့် ထိတွေ့ ဆောင်ရွက်နေရသည်။ သို့သော်လည်း ထိုအရာသည် အခြားပညာရပ်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် ဥပဒေဖြစ်ရပ်များအား ပို၍ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်သည့် သာမန်အကြမ်းစား ခွဲခြမ်းစိတ်ဖြာဆန်းစစ်ချက်များကို ပျက်ပြယ်စေမည် မဟုတ်ပါ။ သို့သော်ငြား သာမန်ကျွမ်းဝင်ရုံမျှဖြင့် ပြင်ပမှလေ့လာသူများသည် တရားဥပဒေဆိုင်ရာ အသေးစိတ်အချက်များအား လုံလုံလောက်လောက် အလေးထားမှုမရှိကြောင်း ဥပဒေပညာရှင်များအား သတိထားမိလာစေသည်။ ပညာရပ်ဆိုင်ရာ စိတ်ပါဝင်စားမှုနှင့် သုတေသန မေးခွန်းများအကြား ဆက်နွယ်မှုသည် နည်းစနစ်ပိုင်းဆိုင်ရာ စုံစမ်းမေးမြန်းမှု၏ အဓိက အစိတ်အပိုင်းဖြစ်ပြီး ရှေ့လာမည့်အပိုင်းတွင် ထပ်မံ ရှာဖွေစူးစမ်း ဖော်ထုတ်ထားသည်။ ဥပဒေ သုတေသီရှိ သိသာထင်ရှားသည့် အတွင်းအမြင်ရှုထောင့်အား စိတ်ပါဝင်စားမှုနှင့် ပညာရပ် ဆိုင်ရာအသေးစိတ်ဗဟုသုတတို့ ပေါင်းစပ်ခြင်းဖြင့် ဖွဲ့စည်းထားကြောင်း ဤနေရာတွင် သတိပြုမိရန် လုံလောက်သည်။ ဥပမာအားဖြင့် ပြစ်မှုဆိုင်ရာ စစ်ဆေးစီရင်ခြင်းများအား

စူးစမ်းလေ့လာနေသည့် လူမှုဗေဒပညာရှင် တစ်ဦးသည် *Browne* နှင့် *Dunn*[၂၈] အမှုရှိ စည်းမျဉ်းများ၏ လုပ်ဆောင်ပုံကို 'မြင်တွေ့' နိုင်မည် မဟုတ်ချေ။ သို့မဟုတ် အဆိုပါ သက်သေခံလျက်ရှိသော လျှို့ဝှက်ဆန်းကြယ်သည့် အယူဝါဒများအား လူမှုဗေဒပညာရှင်များက မသိမြင်နိုင်ပါက ဇာတ်ကြောင်းပြန်ပြောဆိုချိန် ဖြစ်နိုင်သည့် စည်းမျဉ်းများချိုးဖောက်မှု[၂၉] တို့ကို 'မြင်တွေ့' နိုင်မည်မဟုတ်ပါ။ တရားခွင်တွင် ပါဝင်သူများကိုယ်တိုင် အဆိုပါအယူဝါဒများအား ဘယ်သောအခါမျှ ထုတ်ဖော်ပြောဆိုခြင်း မရှိလျှင်သော်လည်းကောင်း သို့မဟုတ် ဥပဒေ တတ်ကျွမ်းသူများသာလျှင် အဓိပ္ပာယ်ဖော်နိုင်သည့် အသုံးအနှုန်းများဖြင့် အဆိုပါအယူဝါဒများအား တိုက်ရိုက်ဖွင့်မပြောဘဲ သွယ်ဝိုက်၍သာ ဖော်ထုတ်မှသာလျှင် လူမှုဗေဒပညာရှင်သည် ၎င်းအယူဝါဒများ၏ လက်တွေ့ကျကျ အကောင်အထည်ဖော်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်း များအား တွေ့မြင်နိုင်သည်။ ရှေ့နေသာလျှင် အဆိုပါ မထင်ရှားသည့် ဥပဒေဆိုင်ရာအသေးအဖွဲ့ ကိစ္စရပ်များအား သတိပြုမိနိုင်ကြောင်း တုံ့ပြန်ရမည်။ သို့သော် *အဆိုပြု အယူအဆအရ* မည်သည့်အကြောင်းအရာကို ပြောဆိုနေကြောင်း မသိမြင်သည့် တစ်ဦးတစ်ယောက်ထံမှ လာသည့် မျက်ကန်းစုံမိတ် မှတ်ယူခြင်းလည်း ဖြစ်နိုင်သည်။ ဤအချက်အား သာဓကပြရန်အတွက် စာရေးသူက ဖုံးကွယ်နေသည့် သက်သေခံချက်ဆိုင်ရာအယူအဆ တော်တော်များများအား တမင်တကာ ရည်ညွှန်းလျက်ရှိသည်။ တစ်ဆင့်ကြား သို့မဟုတ် 'မုဒိမ်းမှုတွင် နစ်နာသူအား ကာကွယ်ရန်အတွက် တင်သွင်းလာသည့် သက်သေအချက်အလက်အား ကန့်သတ်သည့် ဥပဒေ' 'rape shield law' များကဲ့သို့ မြင်တွေ့ရလေ့ရှိသည့် နောက်ထပ် ဥပမာများမှာ ပြင်ပမှ လေ့လာသူ များက ဥပဒေအယူအဆများ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ကျင့်သုံးပုံများအား နားလည်သဘော ပေါက်ကြောင်း ၎င်းတို့က ထင်မြင်သည့် ဆက်စပ် အချက်အား ကောင်းကောင်း သရုပ်ဖော် ပြသခြင်းပင်ဖြစ်သည်။ သို့သော် ၎င်းတို့၏ နားလည် သဘောပေါက်မှုသည် လွဲချော်တိမ်းစောင်းကာ မပြည့်မစုံ သို့မဟုတ် လုံးဝမှားယွင်းမှုများ ဖြစ်နိုင်ပါသည်။ နည်းစနစ်ပိုင်းဆိုင်ရာအရ ကျိုးကြောင်း ညီညွတ်ခိုင်လုံ၍ ရှင်းလင်းနားလည် စေသည့် သုတေသနကို ဆောင်ရွက်ရန်အလို့ငှာ တာဝန်ကျေပွန်သော သုတေသီများသည် ယခုအခါ လိုအပ်သည်ဟု ၎င်းတို့ခံယူထားသည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို ၎င်းတို့ ကိုယ်တိုင် ဖြည့်ဆည်းရန် ကြိုးစားအားထုတ်ကြမည်မှာ သံသယဖြစ်ဖွယ်မရှိပေ။ သို့သော် 'မကျွမ်းဝင်သည့် အရာများအား မသိရှိခြင်း' ကဲ့သို့ Rumsfeld သီအိုရီအရ အချက်အလက်များအား ငြင်းဆန်လိုခြင်း အတွေးအခေါ်ရှိသော အခန်းအတွင်း အဆိုပါ ချီးမွမ်းထိုက်သည့် ရည်မှန်းချက်များသည် ပိတ်လှောင်မိနေဆဲ ဖြစ်ပါသည်။ ပညာရပ် ဆိုင်ရာ အထူးပြုခြင်းကြောင့် နားလည်သဘောပေါက်မှု မရှိခြင်းအား သုတေသီများက ၎င်းတို့ကိုယ်တိုင် သိမြင်လက်ခံမှု မရှိပါက ဗဟုသုချို့တဲ့မှုများက ဆက်လက် တည်ရှိနေမည် ဖြစ်သည်။

ဥပဒေသုတေသနတွင် ကွဲပြားခြားနားသော ပညာရပ်ဆိုင်ရာ နည်းစနစ်အယူအဆအား အနိမ့်ဆုံး အလုပ်ဖြစ်သည့် အယူအဆတစ်ခုအဖြစ် ထိန်းသိမ်းထားရန် စာရေးသူက လုံလုံလောက်လောက် ပြောကြားပြီးဖြစ်သည်ဟု မျှော်လင့်ပါသည်။ အခြားအဖွဲ့အစည်းဆိုင်ရာ စံနှုန်းများအရ ထည့်သွင်းထားသည့် ပညာရပ်နယ်ပယ်များအား ထောက်ခံသောအားဖြင့် နောက်ထပ် မည်သည့်ခုခံချေပခြင်းမျိုးမပြုလုပ်ဘဲ တူညီသည့်ယူဆချက်ကို စာရေးသူက ချမှတ်ပေလိမ့်မည်။ ၎င်းပညာရပ်များတွင် ဒဿနိကဗေဒ၊ နိုင်ငံရေး၊ ဘောဂဗေဒ၊ လူမှုဗေဒ၊ သမိုင်း၊ အင်္ဂလိပ်စာပေ၊ ဂန္ထဝင်စာပေ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ စက်မှုပညာ၊ ဘူမိဗေဒ၊ စာရင်းအင်း ပညာနှင့် မှုခင်းဆေးပညာသိပ္ပံတို့ ပါဝင်သည်။ ၎င်းပညာရပ်များသည် တက္ကသိုလ် သို့မဟုတ် အထက်တန်းတွင် စာမေးပွဲများအတွက် မဖြစ်မနေသင်ယူရသည့် ဘာသာရပ်များဖြစ်သည်။ လက်တလောရည်ရွယ်ချက်များအတွက် အနက်အဓိပ္ပာယ်ကို တိတိကျကျ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ဆိုရန် မလိုအပ်ပါ။ ပညာရပ်များအား အမျိုးအစားခွဲခြားမှုများ သီးသန့်အနေဖြင့်မလိုအပ်ပါ။ (ဥပမာ၊ နှိုင်းယှဉ်ဆင်ခြင်ခြင်းဖြင့် တွေးခေါ်ဆင်ခြင်ခြင်း၊ ခြုံငုံကောက်ချက်ချခြင်း၊ ကျိုးကြောင်း ဆက်စပ် ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း၊ ကျမ်းဂန်လာ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းကဲ့သို့) နည်းလမ်းများကို များစွာယေဘုယျပြု၍ အထူးသတ်မှတ်ပါက ၎င်းနည်းစနစ်အများအပြားအား ပညာရပ်နယ်ပယ်အကြား မျှဝေသွားမည်ဖြစ်သည်။ ပညာရပ်နယ်ပယ်များအကြား ဆက်စပ်နေသည့် စစ်မှန်၍ ဆွေးနွေးငြင်းခုံရနိုင်သည့် ဖြစ်ရပ်များသည် ကွန်ပ်တို့နှင့် ဆက်စပ်ရန် မလိုအပ်ပေ။ ထင်ထင်ရှားရှားကွဲပြားသည့် ပညာရပ်ဆိုင်ရာ ဝိသေသလက္ခဏာတစ်ရပ်၊ အမြင် သဘောထားများအား ထင်ထင်ရှားရှား ဖော်ပြနိုင်သည့် နည်းစနစ်တစ်ခု သို့မဟုတ် နည်းစနစ်များ၊ ထူးခြားသည့် သုတေသန အစီအစဉ် (အစီအစဉ်များ) အား ဥပဒေပညာသည် ကြာရှည်ထိန်းသိမ်း ထားနိုင်သမျှ ပညာရပ်စုံအချင်းချင်း ချိတ်ဆက်လေ့လာမှုအတွက် အခြား ပညာရပ်နယ်ပယ်များနှင့် နယ်ပယ်တစ်ခုချင်းစီသော်လည်းကောင်း၊ ပြိုင်တူသော်လည်းကောင်း ပေါင်းစပ်လေ့လာနိုင်မည့် အဓိပ္ပာယ်ပြည့်ဝသည့် အခွင့်အလမ်းရှိစေမည် ဖြစ်သည်။ ဆက်သွယ်မှုကို အမြဲတမ်း ဖော်ပြသည့် အထောက်အပံ့မရှိဘဲ အစဉ်အလာပညာရပ်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်းအား ဆက်လက်ဆောင်ရွက် နိုင်သည်။ ၎င်းအစဉ်အလာ ခွဲခြမ်းစိတ်ဖြာခြင်းများသည် လူသားများ၏ ဗဟုသုတအား ထိထိရောက်ရောက် နားလည်နိုင်ပြီး အဆင်သင့် လက်လှမ်းမီနိုင်သည့် ပုံစံများဖြင့် စုစည်းရာတွင် လက်တွေ့ ကြုံတွေ့ရသည့် စိန်ခေါ်မှုများအား ပထမဦးဆုံး လက်တွေ့ကျကျ တုံ့ပြန်နိုင်သည်။ သတင်းအချက်အလက် တိုးတက်များပြားလာသည့် ခေတ်သစ် ပညာအဖွဲ့အစည်းနှင့် ကိုက်ညီအောင် ပညာရပ်ဆိုင်ရာ ဘာသာရပ်များနှင့် ပညာရပ်များ ခွဲခြမ်းစိတ်ဖြာမှုများသည် နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်း လာကြသည်။ ထို့အပြင် အများအားဖြင့် ရှောင်လွဲမရနိုင်အောင် ဒွန်တွဲနေသည့် ပညာရပ် အထူးပြုလေ့လာခြင်းကိုလည်း နိုင်နင်းစွာ ကိုင်တွယ်လာကြသည်။ သီးသန့်နယ်ပယ်ဆိုင်ရာ ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် နည်းစနစ်များအား ဖွဲ့စည်းခြင်း၊ ပြန်လည်

ရှာဖွေဖြင်း၊ ဝေမျှခြင်းနှင့် ထုတ်လုပ်ခြင်းတို့အတွက် ပညာရပ်များအား နယ်ပယ်အလိုက် ခွဲခြားခြင်းသည် (အတိုင်းအတာတစ်ခုအထိ) အလုပ်ဖြစ်ပါသည်။ ဥပမာအားဖြင့် အဆိုပါ ပညာရပ်ဆိုင်ရာ နည်းစနစ်များသည် ကျွန်ုပ်တို့အား စာကြည့်တိုက်တွင် မည်သည့်နေရာတွင် ရှာဖွေရမည်၊ အင်တာနက်တွင် မည်သည့် အဓိက စကားရပ်သုံးပြီး ရှာဖွေရမည်၊ ထပ်တူကျနေသည့် သုတေသန စိတ်ပါဝင်စားမှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိသူများအား မည်သို့ နေရာချရမည်တို့ကို လမ်းညွှန်ပေးသည်။ ပညာရပ်များအား ခွဲခြားရာတွင် မရှိမဖြစ်လိုအပ်သည့် လက်တွေ့ကျသည့် အလေ့အကျင့်ကောင်းများအား မလျှော့တွက်သင့်ပေ သို့မဟုတ် ပို၍ဟိတ်ဟန်များသည့် မည်သည့်အရာကိုမဆို လိုသည်ထက်ပို၍ အစွဲမထုတ်သင့်ပေ။

သို့သော် ပညာရပ်စုံချိတ်ဆက်လေ့လာမှုအစစ်အတွက် နောက်ထပ် (နည်းစနစ်ဆိုင်ရာ) မရှိမဖြစ်လိုအပ်ချက်တစ်ခု ရှိပါသည်။ ပညာရပ်ဆိုင်ရာ နည်းစနစ်များနှင့် အမြင်ရှုထောင့်များအား ဆတိုးပွားခြင်း သို့မဟုတ် ယှဉ်တွဲခိုင်းနှိုင်းခြင်းထက် ပိုလွန်၍ ပညာရပ်စုံ ချိတ်ဆက် လေ့လာမှု သုတေသနအား ချဲ့ထွင်ရမည် ဖြစ်သည်။ အနိမ့်ဆုံးအနေဖြင့် အားလုံးပါဝင်သည့် ဆွေးနွေးမှု သို့မဟုတ် ထည့်သွင်းပေါင်းစပ်ခြင်း၏ အစိတ်အပိုင်းအချို့အား ပေါင်းစပ်ပါဝင်ရန်အတွက် ပညာရပ်စုံချိတ်ဆက်လေ့လာမှုအား ချဲ့ထွင်ရမည် ဖြစ်သည်။ ပညာရပ်စုံ ချိတ်ဆက် လေ့လာမှုသည် ပညာရပ်အစုံအလင် ပေါင်းစပ်လေ့လာမည့် သုတေသနဖြစ်နေရန် မရှိမဖြစ် မလိုအပ်ပေ။ ပညာရပ်နယ်ပယ် ကန့်သတ်ချက်များအား ဖြတ်ကျော် လေ့လာရုံမျှထက် လျှော့နည်းသည့် 'ပညာရပ်ကျော်ဖြတ်' လေ့လာသည့် သုတေသနသည် ပညာရပ်စုံ ချိတ်ဆက် လေ့လာမှုအဖြစ် အလိုအလျောက် အဆင့်မီပါသည်။ ပေါင်းစပ်ထားသည့် အကြောင်းအရာများ သို့မဟုတ် ပေါင်းဆုံသည့် အကြောင်းအရာများမရှိသည့် ခြားနားသော ပညာရပ်ဆိုင်ရာ ဇာတ်ကြောင်းများ စုစည်းထားခြင်းအား ပညာရပ်စုံချိတ်ဆက်လေ့လာသည့် ဆွေးနွေးမှုအဖြစ် မသတ်မှတ်ချေ။ ယှဉ်တွဲခိုင်းနှိုင်းခြင်းသည် အကျယ်တဝံ့ဟောပြော ရေးသားချက်မဟုတ်ပါ။ ပညာရပ်ဆိုင်ရာအမြင်များအား ယှဉ်တွဲခိုင်းနှိုင်းခြင်းဖြင့် အဆက်အစပ် ရှိသည့် ဖြစ်စဉ် တစ်ခုတည်း သို့မဟုတ် တစ်စုတစ်စည်းတည်း အမြင်ရရှိအောင် လုံးဝလိုက်လျောအောင် ပြုပြင်ခြင်း သို့မဟုတ် လျှော့ချထားခြင်းမျိုးအဖြစ် အစဉ်အမြဲမမှတ်ယူနိုင်ပေ။ ရှေ့နောက် ညီညွတ်၍ အဆက်အစပ် ရှိခြင်းသည် သီအိုရီပိုင်းဆိုင်ရာ အချက်အလက်တစ်ခုဖြစ်ပြီး အများနှင့်ဆိုင်သည့် အခြေအနေတွင် တဖက်စောင်းနင်းမဖြစ်အောင် ဆွဲယူထိန်းညှိထားခြင်းဖြင့် ပုံသွင်းပါသည်။ သီးခြားအခြေအနေများ အတွင်းနှင့် သီးသန့်ရည်ရွယ်ချက်များအတွက် ထိုသို့ ချိန်ညှိခြင်းဖြင့် တစ်သီးတစ်သန့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုနှင့် ပေါင်းစပ်ဆောင်ရွက်မှုကို ထပ်မံ လိုအပ်ပါသည်။ အမှန်အားဖြင့် 'ပညာရပ်စုံချိတ်ဆက်လေ့လာမှု' ကိုယ်တိုင်က သီအိုရီပိုင်းဆိုင်ရာ စုံစမ်းလေ့လာမှုများ ဦးတည် ပြုလုပ်ရန် နောက်ပိုင်းတွင်လိုအပ်လာသည်။[၂၇] သုတေသန နည်းစနစ်ပေါင်း မြောက်များစွာထဲမှ ပေါ်ထွက်လာသည့် ပညာရပ်ခွဲတစ်ခုအဖြစ် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုအား ကျွန်ုပ်တို့

သတ်မှတ်နိုင်မလား သို့မဟုတ် အဓိက သုတေသန နည်းစနစ်များနှင့် သုတေသနနည်းလမ်းများအား သီးခြားကွဲထွက်နေသည့် ပညာရပ်နယ်ပယ် အစိတ်အပိုင်းအဖြစ် သတ်မှတ်လျှင် ပို၍ သင့်လျော်မည်လား စသည့်မေးခွန်းများသည် ကျွန်ုပ်တို့အတွက် အကျပ်အတည်းဖြစ်စေမည့် မေးခွန်းမဖြစ်စေပါ။ ဥပဒေသုတေသန နည်းလမ်းများနှင့် ပတ်သက်၍ ကျွန်ုပ်တို့ ကနဦး အလေးထားရမည့်ကိစ္စမှာ အဆိုပါနည်းလမ်းများအား အသေးအဖွဲ့ အလုပ် သို့မဟုတ် အမြောင် အလုပ်တစ်ခုအဖြစ် သတ်မှတ်ခြင်း ဖြစ်သည်။ အဆိုပါအသေးအဖွဲ့ အလုပ်အား တစ်သီးတစ်သန့် ခွဲခြားသတ်မှတ်ခြင်းများသည် နဂိုမူလ သုတေသန ရည်ရွယ်ချက်များအား ဆွဲဆောင် မြှင့်တင်နိုင်စွမ်းရှိသည့် အတိုင်းအတာအထိ သို့မဟုတ် ဆန့်ကျင်ဘက်အားဖြင့် နဂိုမူလ သုတေသန ရည်ရွယ်ချက်များအား ရရှိရန် ဟန့်တားစေတတ်သော အတိုင်းအတာအထိ အကျိုးသက်ရောက်စေသည်။

## စံနမူနာပြု ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုနှင့် သုံးပွင့်ဆိုင် ချိတ်ဆက်မှု

ကျွန်ုပ်တို့သည် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ ကိစ္စရပ်များအကြောင်း အတော်ပင် အကျေအလည် ဆွေးနွေးခဲ့ကြပြီး ဥပဒေတွင် 'ပညာရပ်စုံချိတ်ဆက်လေ့လာမှု' သုတေသန၏ ဖြစ်နိုင်ခြေအား ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်သည်။ တစ်စုံတစ်ခု ဖြစ်နိုင်ခြေရှိကြောင်း အချက်မှာ အမှန်အားဖြင့် နှစ်လိုဖွယ် ကောင်းရန် မလိုအပ်ချေ သို့မဟုတ် ချီးကျူးထိုက်ဖွယ် မလိုအပ်ချေ။ ကနဦးဆွေးနွေးချက်၏ အသေးအဖွဲ့ မဟုတ်သည့် ဂယက်ထမှုမှာ ဥပဒေသုတေသနသည် ပင်ကိုယ်အားဖြင့်သော်လည်းကောင်း သို့မဟုတ် စံနမူနာအားဖြင့်သော်လည်းကောင်း ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုမဟုတ်ဘဲ ဥပဒေအကြောင်း လူမှုဗေဒသုတေသနပြုခြင်း (သို့မဟုတ် ဒဿနိကဗေဒ၊ နိုင်ငံရေး၊ ဘောဂဗေဒ အစရှိသည့် နည်းများဖြင့် သုတေသနပြုခြင်း) နှင့် ဆန့်ကျင်ဘက်အနေဖြင့် အစစ်အမှန် အဓိပ္ပာယ်ပြည့်ဝသည့် ဥပဒေရေးရာသီးသန့် သုတေသန ပြုခြင်း ဖြစ်သည်။ ဥပဒေသုတေသနသည် ဥပဒေသီးသန့်ဖြစ်ပြီး ပြင်ပပညာရပ်များ၏ လွှမ်းမိုးမှု လုံးဝမပါရှိဘဲ ရေမရောသည့် မူလအစစ်အမှန်ဖြစ်ကြောင်း တစ်ဦးတစ်ယောက်က ယုံကြည် လောက်အောင် ပြောနိုင်ပေလိမ့်မည်။ ဤကဲ့သို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု အခြေခံသည် စံနမူနာပြုလောက်သည့် နည်းစနစ်ဆိုင်ရာ မေးခွန်းကို ပေါ်ထွက်စေသည်။ ၎င်းမေးခွန်းမှာ ဥပဒေသုတေသနသည် ဘာ့ကြောင့် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု အမြဲတမ်း ဖြစ်သင့်သနည်း? အကယ်၍ ဥပဒေတွင် ပညာရပ်စုံ ချိတ်ဆက် လေ့လာမှု၏ ပိုမိုအသုံးချနိုင်သည့် အပိုင်းက မည်သည့်အရာ ဖြစ်ပါသနည်း?

ယနေ့ခေတ်တွင် ဥပဒေအပါအဝင် သီးခြားပညာရပ်နယ်ပယ်တိုင်းတွင် ပညာရပ်စုံ ချိတ်ဆက်လေ့လာခြင်းသည် သုတေသနအတွက် အကျိုးရှိသည့်အရာတစ်ခုအဖြစ် လိုအပ်

ကြောင်း ကျယ်ကျယ်ပြန့်ပြန့်ယူဆကြသည်။[၂၆] သို့သော် ပထမဆုံးသာဓကအနေဖြင့် စာရေးသူ၏ အမြင်မှာမူ ဥပဒေသုတေသနရှိ ပညာရပ်စုံ ချိတ်ဆက်လေ့လာခြင်း၏ တန်ဖိုးသည် သုတေသီက ရွေးချယ်သည့် သုတေသနမေးခွန်း (မေးခွန်းများ) အပေါ် လုံးလုံးလျားလျား မူတည်နေပြီး ၎င်းသည် အချိုးအကွေ့လည်း ဖြစ်သွားနိုင်သည်။ ယေဘုယျအားဖြင့် ဤအချက်သည် ပညာရပ်စုံချိတ်ဆက် လေ့လာခြင်း၏တန်ဖိုးအပေါ် သံသယဝင်အောင် ဖန်တီးခြင်း မဟုတ်ချေ။ ဆန့်ကျင်ဘက်အားဖြင့် ပညာရပ်စုံချိတ်ဆက်လေ့လာခြင်းသည် ဥပဒေသုတေသီများအတွက် အလွန်အသုံးဝင်သည့် ကျွမ်းကျင်မှုအရည်အချင်းဖြစ်ပေါ်စေပြီး သုတေသန စီမံကိန်းအမျိုးအစားအများစုအတွက် မရှိမဖြစ် အပြည့်အဝလိုအပ်ကြောင်း စာရေးသူက စွဲစွဲမြဲမြဲ ယုံကြည်ထားသည်။ အပြန်အလှန် အားဖြင့် ပညာရပ်စုံ ချိတ်ဆက်လေ့လာခြင်း မဟုတ်သည့် အတွက်ကြောင့် ဥပဒေသုတေသနသည် ဆိုးဝါးပြီး နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းကြောင်း ထင်မြင်ခြင်းသည် အခြေအမြစ်မရှိသည့် ပညာရပ်ဆိုင်ရာ ကောက်ချက်တစ်ခုထက် ကြိုတင် ချမှတ်ခြင်းထက် မပိုပေ။ ပါးနပ်ချက်ချာသော နည်းစနစ်သည် ‘မတူညီသည့် အခြေအနေများအတွက် လိုက်ဖက်သည့် နည်းလမ်းများ’ ရွေးချယ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ၎င်းအဓိပ္ပာယ်သည် ယာယီလက်ခံထားသည့် နည်းစနစ်ပုံစံ သို့မဟုတ် တရားသေလက်ခံထားသည့် နည်းစနစ်ပုံစံများအား လိုက်လျောညီညွတ်မှုကို မစဉ်းစားခြင်းနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည်။ သာမန် အဆင့်မျှရှိသည့် ဥပဒေသုတေသနသည် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုအား ခပ်ညံ့ညံ့ ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် အံ့အားသင့်ဖွယ် ဖြစ်မလာနိုင်ပေ။ ဤလုပ်ဆောင်ချက်သည် စိတ်ဝင်စားဖွယ်မကောင်းသည့် အရာအဖြစ် မည်ကာမတ္တသာ ထွက်ပေါ်လာစေမည် ဖြစ်သည်။

အောက်ပါ ပုံ (၄.၁) တွင် ဖော်ထုတ်ထားသည့်အတိုင်း ရှင်းလင်းသည့်ရုပ်ပုံရိုးဖြင့် ဥပဒေ သုတေသနရှိ အကြောင်းအရာ၊ စေ့ဆော်မှုနှင့် နည်းလမ်းများအကြား နက်နက်ရှိုင်းရှိုင်း ဆက်နွှယ်မှုကို ထပ်မံစူးစမ်းလေ့လာထားပါသည်။ ၎င်းဆက်နွှယ်မှုအား အတိုကောက်အားဖြင့် ET ဟုခေါ်သည့် ပညာရပ်ဆိုင်ရာစုံစမ်းစစ်ဆေးမှု၏ သုံးပွင့်ဆိုင်ချိတ်ဆက်မှုဟု စာရေးသူက အမည်သမုတ်ပါသည်။

ပုံ (၄.၁) ပညာရပ်ဆိုင်ရာစုံစမ်းစစ်ဆေးမှု၏ သုံးပွင့်ဆိုင်ချိတ်ဆက်မှု




ပါရဂူဘွဲ့အဆိုပြုကျမ်းများ ပြင်ဆင်ရေးသားခြင်းနှင့် သုတေသနရန်ပုံငွေ လျှောက်လွှာများ ရေးသားခြင်းအပါအဝင် ပညာရပ်ဆိုင်ရာ အလုပ်အမျိုးအစားများအတွက် ကျိုးကြောင်းဆက်စပ်မှုနှင့် အသေးစိတ်စဉ်းစားမှုတို့အား ထည့်သွင်းနိုင်ရန်အတွက် ET အား အသုံးပြုနိုင်ပါသည်။ ၎င်း ET တွင် 'အတောမသတ်မေးနေရမည့်' မေးခွန်း (၃) ခု ပါဝင်သည်။ ပထမမေးခွန်းမှာ အကြောင်းအရာအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုင်ရာ မေးခွန်း ဖြစ်ပြီး အယူအဆဆိုင်ရာ ရှင်းလင်းချက် သို့မဟုတ် အယူအဆအား ထင်ထင်ရှားရှား ရှင်းလင်းပြခြင်း တို့ပါဝင်လေ့ရှိသည်။ ဤမေးခွန်းအတွက် အဖြေများသည် သုတေသနက စုံစမ်းစစ်ဆေးလိမ့်မည့် နယ်ပယ်၊ အကြောင်းအရာ သို့မဟုတ် ကိစ္စရပ်များအား သတ်မှတ် ဖော်ထုတ်ပါသည်။ ရိုးရိုးစင်းစင်း ဆိုရသော် သုတေသနက *ဘာ*အကြောင်းလဲ? ဒုတိယမေးခွန်းအနေဖြင့် သိလိုစိတ်ကို စေ့ဆော်သည့် မေးခွန်း ဖြစ်သည်။ မည်သည့် သုတေသနစီမံကိန်းကိုမဆို အကောင်အထည်ဖော်ရန်အတွက် ကျိုးကြောင်းပြချက်နှင့် ဤမေးခွန်းက သက်ဆိုင်သည်။ အဆိုပြုသုတေသနသည် *ဘာ့ကြောင့်*

အရေးပါသလဲ သို့မဟုတ် စိတ်ဝင်စားဖို့ကောင်းသလဲ? မရေမတွက် နိုင်လောက်အောင် များပြားပြီး အလားအလာရှိသည့် အခြားသော သုတေသန စီမံကိန်းများထဲမှ အဆိုပါ သီးသန့် သုတေသန အကြောင်းအရာများနှင့် မေးခွန်းများကို ရွေးချယ်ခြင်းအတွက် အကြောင်းရင်းအား စေ့ဆော်မှု မေးခွန်း၏ အဖြေက ပံ့ပိုးပေးသည်။ တတိယမေးခွန်းမှာ နည်းလမ်းနှင့် နည်းစနစ်များ အကြောင်း ဖြစ်သည်။ သုတေသနအား *မည်သို့* အကောင်အထည် ဖော်မည်ကို အသေးစိတ် သတ်မှတ် ဆုံးဖြတ်ရန် လိုအပ်သည်။ ဤစာအုပ် အနှံ့အပြားတွင် သရုပ်ဖော် ဆွေးနွေးထားသကဲ့သို့ သုတေသနနည်းလမ်းများစွာအနက်မှ ဥပဒေသုတေသီများက ရွေးချယ်နိုင်ကြသည်။ သုတေသန နည်းလမ်းများ၏ သီအိုရီဖြစ်သည့် နည်းစနစ်သည် နည်းလမ်းများအား ရွေးချယ်ရာတွင် သီအိုရီ ဆိုင်ရာ ကျိုးကြောင်းပြချက်အား ဆောင်ကြဉ်းပေးသည်။ ET ၏ တတိယမေးခွန်းအတွက် ပြီးပြည့်စုံသည့် အဖြေများမှာ 'မည်သို့?' ဟူသည့် မေးခွန်းသည် ရွေးချယ်ထားသည့် သုတေသန နည်းလမ်းများသည် လက်ရှိအလုပ်အတွက် သင့်လျော်ကြောင်း ရှင်းပြသင့်သည်။ ထိုသို့ ရှင်းပြရာတွင် အခြားနည်းလမ်းများသည်လည်း ဘာ့ကြောင့်အသုံးပြုသင့်ကြောင်း သို့မဟုတ် အခြားနည်းလမ်းများအား အစားထိုး အသုံးပြုလိုက သုံးနိုင်ကြောင်းအားလည်း ရှင်းပြသင့်သည်။

အတောမသတ်မေးနေရမည့်မေးခွန်း (၃) ခုအား သတ်မှတ်ဖော်ထုတ်ရန်အတွက် ET ၏ အဓိကအချက်သည် မရိုးစင်းပေ။ ၎င်းမေးခွန်း (၃) ခုအား စာရင်းတွင် လွယ်လွယ်ကူကူ ဖော်ပြထား သော်လည်း မေးခွန်း တစ်ခုနှင့် တစ်ခု 'သုံးပွင့်ဆိုင်' ဆက်သွယ်မှုအား အသားပေး တင်ပြ ထားသည်။ ပို၍ အရေးကြီးသည်မှာ မည်သည့် သုတေသန စီမံကိန်းတစ်ခု (သို့မဟုတ် အခြား ပညာရပ်ဆိုင်ရာ စုံစမ်းစစ်ဆေးမှု) ၏ 'ဘာလဲ?'၊ 'ဘာ့ကြောင့်' နှင့် 'ဘယ်လို?' မေးခွန်းများသည် အချင်းချင်း မှီတည်နေကြပြီး ၎င်းတို့အတွက် အဖြေများသည် အချင်းချင်း အပြန်အလှန် မှုတည်လျက်ရှိနေသည်။ အဆိုပါ မေးခွန်း (၃) ခုအားလုံးအတွက် ခြုံငုံမိကာ အဆက်အစပ်ရှိ၍ လွယ်ကူရှင်းလင်းသည့် အဖြေများမရှိဘဲနှင့် ကျေနပ်လောက်ဖွယ် အဖြေကို မပေးနိုင်ပေ။ အချင်းချင်းမှီတည်နေသည့် အချက်အား သက်သေသာဓကနှင့် ထင်ထင်ရှားရှား ပြသနိုင်ရန် အလို့ငှာ စာရေးသူက ၎င်း၏ ဘွဲ့လွန် LLM ကျောင်းသားများအား စာမေးပွဲအား အလေးထားခြင်း ရှိမရှိ တစ်ခါတစ်ရံ မေးမြန်းပါသည်။ စာသင်ခန်းအတွင်းရှိ ကျောင်းသားတိုင်းက အမြဲတမ်း အလေးထားကြောင်း ဖြေဆိုကြသည်။ ထို့နောက် စာရေးသူက ပြောလိုသည့် 'စာမေးပွဲ' ဆိုသည်မှာ အင်္ဂလိပ်စာသင်ကျောင်းများတွင် အသက် (၇)နှစ် အရွယ် ကျောင်းသားများ ဖြေဆိုရသည့် အဓိကကျသည့် ပထမအဆင့် စာမေးပွဲပင်ဖြစ်ကြောင်း အတိအကျ သတ်မှတ်လိုက်သည်။ ထိုကဲ့သို့ အယူအဆရှင်းရှင်းလင်းလင်း သတ်မှတ်ခြင်းဖြင့် တက္ကသိုလ် ကျောင်းသားအများစုသည် အဆိုပါ 'စာမေးပွဲများ' အား ယခုအခါ အလေးမထားတော့ပေ။ သို့သော်ငြား အနည်းငယ်သော ကျောင်းသားများက ၎င်းတို့ အလေးထားကြောင်း မလျှော့တမ်း ပြောဆိုနေသေးသည်။ ထပ်မံ စုံစမ်းရသလောက် အဆိုပါ ကျောင်းသားများတွင် ပထမအဆင့် စာမေးပွဲအား မကြာခင် ဖြေဆိုမည့်

ကလေးများ၊ တူ-တူမများ သို့မဟုတ် ဆွေမျိုးသားချင်းများ ရှိကြကြောင်း အဓိကတွေ့ရှိရသည်။ အချို့သော အလေးအနက်ထားသူများကမူ ၎င်းတို့တွင် စာမေးပွဲဖြေဆိုရမည့် ဆွေမျိုးသားချင်း ကလေးများ မရှိသော်ငြား လူငယ်လူရွယ်အားလုံးအတွက် ပညာရေးကို အလေးထားကြောင်း ပြောကြားပါသည်။ ၎င်းအချက်သည် အတော်ပင် သဘာဝကျသည်။ ဤအချက်သည် စာရေးသူအား အသိအမြင် ရစေပြီး ၎င်း၏ နဂိုမူလ အပေါ်စားဆန်သည့် ပရိယာယ်အား အသိအမြင် အလင်းရခြင်းအဖြစ် အကျိုးသင့်အကြောင်းသင့် ရှင်းပြပါသည်။ အကြောင်းအရာအရ 'စာမေးပွဲ' သည် 'LLM စာမေးပွဲများ' အား ရည်ညွှန်း ကြောင်း LLM ကျောင်းသားများက သဘာဝအလျောက် ယူဆကြသည်။ သို့သော် စာရေးသူက ထိုကဲ့သို့ အမှန်တကယ် မပြောခဲ့ပေ။ အဓိကကျသည့် အယူအဆများအား အလေးထားပြီး အတိအကျ အနက်အဓိပ္ပာယ်သတ်မှတ်ရန် အလွန်အရေးကြီး သည်မှာ အသေအချာပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သုတေသနမေးခွန်းများအတွင်း ပေါင်းစပ်ထားသည့် အဓိကကျသော အယူအဆအများစုအား နည်းလမ်းပေါင်းစုံဖြင့် အနက် အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။ ထို့အပြင် ပရိသတ်များသည် တစ်ဦးတစ်ယောက်က မျှော်မှန်းထားသည့် အဓိပ္ပာယ်အား ချက်ချင်း ဖမ်းဆုပ်ယူလိမ့်မည် ဖြစ်ကြောင်း အသေအချာ မမှတ်ယူနိုင်ပေ။ 'ဘာလဲ?' ဟူသည့် မေးခွန်းအား ကျိုးကြောင်းသင့် ကောင်းမွန်စွာ သတ်မှတ်သောအခါ 'ဘာ့ကြောင့်?' ဟူသည့် မေးခွန်းအား ယုံကြည်မှုရှိရှိ ဖြေဆိုနိုင်မည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့သည် တရားမျှတမှု ပျက်ယွင်းရခြင်းအား ဘာ့ကြောင့်အလေးထား ရသလဲနှင့် သုတေသနကို ဘာ့ကြောင့် အလေးထားရသလဲ တို့သည် သိသာထင်ရှားသည်ဟု ထင်မြင်ရ သည်။ သို့သော် ၁၇ ရာစု စုန်းမများအား တရားစီရင်ခြင်းများအကြောင်း၊ စတာလင်၏ ပါတီ သန့်စင်ရေးကြောင့် နစ်နာသူများအကြောင်း၊ အင်္ဂလန်နှင့် ဝေလပြည်နယ်များ၊ အခြား တရားစီရင်ရေးစနစ် သို့မဟုတ် ကမ္ဘာ့နေရာအနှံ့အပြားရှိ ခေတ်ပြိုင် ပြစ်မှုဆိုင်ရာစစ်ဆေး စီရင်မှုများက မှားယွင်းစွာ ပြစ်ဒဏ် ချမှတ်ခြင်းအကြောင်း ပြောကြားသောအခါ အမြင်ကွဲပြားမှုများ ဖြစ်ပေါ်လာကြသည်။ တရားမျှတမှုပျက်ယွင်းရခြင်းကြောင့် နစ်နာသူများအားလုံးအတွက် တစ်ဦးတစ်ယောက်က ဟုတ်ကောင်းမှန်စွာ အလေးထားကောင်း ထားပေလိမ့်မည်။ သို့သော် စာရေးသူ၏ ကျောင်းသားများကဲ့သို့ 'စာမေးပွဲ' မြုပ်ကွက်က ထွက်ပေါ်လာသောအခါ တစ်ဦးတစ်ယောက် သည် တူညီသည့် အကြောင်းပြချက်များကြောင့်ဖြစ်စေ သို့မဟုတ် နည်းလမ်းတစ်ခု တည်းကြောင့်ဖြစ်စေ ၎င်းနစ်နာမှုများအားလုံးအကြောင်း အလေးထားလိမ့်မည် မဟုတ်ပေ။

အယူအဆဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် စေ့ဆော်မှုထက် အမြဲအလျင် ဖြစ်ကြောင်း မယူဆနိုင်ဘဲ ကျိုးကြောင်းဆက်စပ်မှု၏ လွှမ်းမိုးခြင်းကြောင့် ဆန့်ကျင်ဘက် နည်းလမ်းဖြစ်သည့် စေ့ဆော်မှုကအလျင်ဖြစ်ကြောင်း ပြောဆိုလိုဟန်ရှိသည်။ စိတ်ပညာ သဘောအရ အမှန်အကန် စံနမူနာပြုရသည့် စေ့ဆော်မှုက သုတေသနပညာရှင်များ၏ စိတ်ပါဝင်စားမှုများကို တစ်စုံတစ်ခုသော အကြောင်းအရာ၊ ပြဿနာ သို့မဟုတ် ကိစ္စရပ်ဖြင့် ဦးစွာ

ရင်ထဲထိအောင် ဆွဲဆောင်သွားရန် လက်ဦးမှု ရယူပေလိမ့်မည်။ ထို့နောက် သုတေသန စီမံကိန်း၏ တိုင်းတာရမည့် အချက်အလက်များအား ပို၍ အသေအချာ သတ်မှတ်သွားရန်အတွက် စေ့ဆော်မှုကို ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ သို့သော် အယူအဆ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့် စေ့ဆော်မှုသည် အပြန်အလှန် မူတည်နေကြောင်း ET က သင်ကြား သွားသည်။ ကျိုးကြောင်းဆက်စပ်မှုအသိနှင့် သာမန်ဗဟုသုတများအပေါ်သာ မူတည်၍ ကနဦး စိတ်တိမ်းညွတ်မှုနှင့် စိတ်ပါဝင်စားမှု သိစိတ်တို့အား အတည်ပြုပေလိမ့်မည်။ သို့တည်းမဟုတ် မေးခွန်းပါ အကြောင်းအရာ၊ ပြဿနာ သို့မဟုတ် ကိစ္စရပ်အား ပိုအလေးထားပြီး လေ့လာ စုံစမ်း၍ သုတေသနမေးခွန်း (မေးခွန်းများ) အား တစ်ချက်ချင်း ကောင်းကောင်း ဖော်ပြ သောအခါ အဆိုပါအတည်ပြုသည့်ကိစ္စရပ်သည် စိတ်ပျက်ဖွယ် ကောင်းပေလိမ့်မည်။ နီးနီးကပ်ကပ် လေ့လာပါက ကနဦးအနေဖြင့် ကြိုက်နှစ်သက်သည့် သုတေသန အကြောင်းအရာ၊ ပြဿနာ သို့မဟုတ် ကိစ္စရပ်သည် အားလုံးပြီးဆုံးပါက (သင့်အတွက်) အလွန် စိတ်ဝင်စားစရာ မကောင်းကြောင်း တွေ့မြင်ရပေလိမ့်မည်။ စေ့ဆော်မှုများသည် မလွဲသာမရှောင်သာဘဲ ဘက်လိုက် ရပြီး အမျိုးမျိုးကွဲပြားခြင်း ဖြစ်သည်။ ရည်စူးထားသည့် ပညာသင်ဆု ရရှိနိုင်မှု သို့မဟုတ် သီးခြား အကြောင်းအရာများအပေါ် စီမံကိန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ထောက်ပံ့သူ၏ လိုလားချက်များကဲ့သို့ လွှမ်းမိုးသည့် အကြောင်းအချက်များ ရှိနိုင်သည်။ 'ငွေကြေးနောက် လိုက်ရန်' သင့်အနေဖြင့် စိတ်တိမ်းညွတ်ကောင်း တိမ်းညွတ်နိုင်ပြီး ၎င်းဖြစ်ရပ်အတွက် ရှက်စရာမလိုပေ။[၂၇] သုတေသနအကြောင်းအရာ သို့မဟုတ် ဒီဇိုင်းသည် လိုသည်ထက်ပို အသေးစိတ် ပြီးပြည့်စုံလွန်းပါက သုတေသနအတွက် ရန်ပုံငွေ ရှာဖွေရာတွင် ဆွဲဆောင်နိုင်ခြင်းမရှိပေ။ ဥပဒေအတိုင်ပင်ခံ အလုပ်၊ အစိုးရနှင့် ဈေးကွက်အကြား ပူးပေါင်း ဆောင်ရွက်ခြင်း များကဲ့သို့ ဈေးကွက်အခြေပြုအစိတ်အပိုင်းများပါဝင်သည့် သုတေသနသည် အခြားရှေ့နေအား မက်လုံးပေး ဆွဲဆောင်နိုင်သည့် နောက်ထပ် အချက်တစ်ခုဖြစ်သည်။ အကျိုးရလဒ် ခံစားရသူ သို့မဟုတ် အခြား 'ပါဝင်ပတ်သက်သူ' တွင် ၎င်းတို့ ထောက်ပံ့လိုသည့် သုတေသန၏ အသုံးတည့်ပုံ အကြောင်း အမြင်နှင့် မျှော်လင့်ချက်များ ခိုင်ခိုင်မာမာ ရှိကြသည် (ထပ်မံ ထည့်သွင်းစရာ မလိုသော်ငြား ဤကိစ္စသည် ကျင့်ဝတ်ဆိုင်ရာ အလေးအနက် ထည့်သွင်း စဉ်းစားရမည့် အချက်များဖြင့် သုတေသနနည်းစနစ်များအပေါ် ဖိအားဖြစ်စေသည်)။[၂၈] သုတေသီကိုယ်တိုင် ပုဂ္ဂိုလ်ရေးအရ အာမခံနိုင်သည့် သုတေသနစီမံကိန်း တစ်ခုအဖြစ်သာမက စေ့ဆော်မှုအကြောင်း မေးခွန်းအတွက် သင့်လျော်သည့် အဖြေများသည် လိုက်ဖက်သည့် ပရိသတ်များအား သင့်သုတေသနသည် ဘာ့ကြောင့် အရေးပါပြီး ဘာ့ကြောင့် လူများက အလေးထားသင့်ကြောင်း ဆွဲဆောင်နိုင်သင့်သည်။ ကောင်းကွက်အနေဖြင့် ဗဟုသုတ ပိုမိုကျယ်ပြန့်စေခြင်းအား ဤအချက်က ဟန့်တားစေမည် မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၏ နိုင်ငံရေးဆရာများက လူသားများ၏ အခြေအနေအား ဆင်ခြင်သုံးသပ်ရန်အတွက် 'အကျိုးရလဒ်'၊ စီးပွားရေးတိုးတက်မှုနှင့် မူဝါဒဆိုင်ရာ

ပြုပြင်ပြောင်းလဲမှုများကို ပိုလိုလားသည်ဟု ထင်မြင်ရကြောင်း ပြောဆိုရပေမည်။ သုတေသန၏ ရည်ရွယ်ချက်များနှင့် နယ်ပယ်အဝန်း အဝိုင်းအား သင့်လျော်သလို သတ်မှတ်ရမည် ဖြစ်ပြီး 'ဘာလဲ' နှင့် 'ဘာ့ကြောင့်' မေးခွန်းများအား အပြန်အလှန် ဟန်ချက်ညီညီ တည်တည်ငြိမ်ငြိမ် ထိန်းညှိရင်း ဆောင်ရွက်သွားရပေမည်။

တစ်ခါက ညွှန်းဆိုခဲ့သည့်အတိုင်း အကြောင်းအရာသတ်မှတ်သည့် မေးခွန်းနှင့် စေ့ဆော်သည့် မေးခွန်းများအချင်းချင်း အပြန်အလှန် အမှီသဟဲဖြစ်ခြင်းအား အလေးထားဖော် ညွှန်းပါက ၎င်းအား နားလည်သဘော ပေါက်ရန် မခက်ခဲပါ။ ET ၏ တတိယအချက်ဖြစ်သည့် နည်းလမ်းအကြောင်းမေးခွန်းများ၏ အရေးပါမှုအား အနည်းအကျဉ်းသာ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုကြသည်။ အကြောင်းအရာနှင့် စေ့ဆော်မှုများအတွက် နည်းလမ်းဆိုင်ရာ မေးခွန်းများသည် အပြန်အလှန် မူတည်နေခြင်းကြောင့် ET သည် သုံးပွင့်ဆိုင် ဖြစ်နေရခြင်း ဖြစ်သည်။ သင်သိရှိနေသည့် အကြောင်းအရာ၏ အခြေအနေများအား သင်မည်သို့ သိရှိပုံသည် ထိုသို့သိရှိရန်အတွက် သင်ဘာကြောင့် အလေးထားသည်အား တဖန်ပြန်လည် လွှမ်းမိုးပါသည်။ စဉ်းစားကြည့် ရအောင်။ 'ဘုရား[၂၆]မှသာလျှင် သိရှိနိုင်သည့် ဗဟုသုတ' 'GoK' ဖြစ်ပါက လူသား သုတေသီ မည်သူမျှ ၎င်းကို ရှာဖွေတွေ့ရှိနိုင်ခြင်းမရှိနိုင်ဘဲ ၎င်းဗဟုသုတအား ရရှိရန် ရည်ရွယ်ချက်ဖြင့် သုတေသနစီမံကိန်းတစ်ခုအား ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ရန် ကြိုးစားမှုသည် လေထဲတိုက်အိမ်ဆောက်သကဲ့သို့ပင် စိတ်ကူးယဉ်ဆန်နေပေလိမ့်မည်။ အဆိုပါ အဆိုပြု အယူအဆအရ လိုချင်သည့် ရလဒ်ရရှိရန်အတွက် ကျိုးကြောင်းညီညွတ်ခိုင်လုံသည့် မည်သည့် နည်းလမ်းမျှ ရှိမည် မဟုတ်ပေ။ ဘုရားမှသာလျှင် သိရှိနိုင်သည့် အသိပညာ၏ အပြင်ဘက်ရှိ ဗဟုသုတများအား လူသားများက ကြိုးစားရရှိနိုင်သည်ဖြစ်သည့်အတွက် ဘုရားမှသာလျှင် သိရှိနိုင်သည့် အသိပညာအား တိတိကျကျ သတ်မှတ်ရန် အရေးကြီးပါသည်။ ထို့အပြင် လက်ရှိ အနေအထားရှိ ဗဟုသုတသည် ပြည့်စုံပြည်ဝခြင်း မရှိသည့်အတွက် (လက်တွေ့ရရှိသည့် အသိပညာသည် အမြဲတစေ ပြီးပြည့်စုံမှုမရှိသည့်အတွက်) ဘုရားမှ သာလျှင် သိရှိနိုင်သည့် အသိပညာအား တိုင်းတာဖော်ပြသည့် အချက်အလက်အတိအကျသည် တိုင်းတာမရရှိနိုင်ဘဲ မသေမချာ ဖြစ်နိုင်ပါသည်။ ဘုရားမှသာလျှင် သိရှိနိုင်သည့် အသိပညာ၏ ပြင်ပနယ်နိမိတ် အဆုံးအား ပို၍ တိတိကျကျ စမ်းသပ် သတ်မှတ်ရန် သုတေသနစီမံကိန်း တစ်ခုအား ဒီဇိုင်းရေးဆွဲရန်အတွက် ကြိုးစားမှု လုပ်သင့်ပါသည်။ သို့သော် ဘုရားမှသာလျှင် သိရှိနိုင်သည့် အသိပညာအား ပြည့်ပြည့်စုံစုံ သတ်မှတ်ပြီးပါက ဘုရားကသာ မည်သည့်အရာကို သိရှိကြောင်းအား ကျွန်ုပ်တို့က ယုံကြည်ချက်ရှိရှိ သတ်မှတ်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဘုရားမှသာလျှင် သိရှိနိုင်သည့် အသိပညာ ဆိုသည်မှာ သေမျိုးဖြစ်သည့် လူသားများ လက်လမ်း မမှီနိုင်သည့် သဗ္ဗညုတဉာဏ်ပင် ဖြစ်သည်။ ဘုရားမှသာလျှင် သိရှိနိုင်သည့် အသိပညာ အကြောင်း အလေးထားခြင်းမှ ကျွန်ုပ်တို့အား သေချာပေါက် တားဆီးခြင်း မဟုတ်ပေ။ ဥပမာအားဖြင့်

ကျွန်ုပ်တို့အကြောင်း ဘုရားသာလျှင် သိရှိကြောင်း သို့မဟုတ် ကျွန်ုပ်တို့ အနာဂတ်လားရာကို ဘုရားသာလျှင် သိရှိကြောင်းအား ကျွန်ုပ်တို့ စိုးရိမ်ကောင်း စိုးရိမ်နိုင်သည်။ သို့သော် သုတေသီများကမူ အထူးသဖြင့် ၎င်းတို့ သုတေသနပြုလုပ်ခြင်းဖြင့် ရရှိလာနိုင်သည့် ဗဟုသုတများအား အလေးထားခြင်းမျိုးကဲ့သို့ ဘုရားမှသာလျှင် သိရှိနိုင်သည့် အသိပညာအကြောင်း အလေးထားမည် မဟုတ်ပေ။ သို့သော် နည်းလမ်းဆိုင်ရာ မေးခွန်းကမူ နောက်ထပ် နည်းစနစ်ပိုင်းဆိုင်ရာအရ သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုအတွက် မကျော်လွှားနိုင်သည့် အဟန့်အတားဖြစ်စေသည်။

ဥပဒေသုတေသနဆိုသည်မှာ ဖြစ်နိုင်ခြေရှိသည်များအား လေ့လာသည့် အနုပညာတစ်ရပ်ဖြစ်သည့်အတွက်ကြောင့် ဘုရားမှသာလျှင် သိရှိနိုင်သည့် အသိပညာကဲ့သို့ တူညီသည့် ဗဟုသုတများအတွက် အမဲလိုက်ထောင်ချောက်အတွင်း မကျဆင်းရန် လိုအပ်သည်။ တကယ့်လက်တွေ့ ဥပဒေသုတေသနသည် အမျိုးမျိုးသော အခက်အခဲ အတားအဆီးများအောက်တွင် ဆောင်ရွက်ရသည်။ အတွေ့အကြုံမရှိသေးသည့် သုတေသီများက ၎င်းတို့ သုတေသနဒီဇိုင်းရေးဆွဲရာတွင် ရည်မှန်းချက်မြင့်မြင့်မားမား ထားလိုစိတ်ရှိကြသည်။ အဘယ့်ကြောင့်ဆိုသော် အချက်အလက်များအား စုဆောင်းကာ ခွဲခြမ်းစိတ်ဖြာလေ့လာ၍ ရေးသားရာတွင် အချိန်မည်မျှကြာမည်အား ၎င်းတို့က လျှော့တွက်ကြလေ့ရှိခြင်းကြောင့်ဖြစ်သည်။ ('အချက်အလက်' များသည် စာကြည့်တိုက်အခြေပြု ရှာဖွေရရှိနိုင်ခြင်း သို့မဟုတ် အင်တာနက်မှ ရရှိနိုင်ခြင်း အစရှိသည်တို့ ပါဝင်နိုင်ပြီး၊ လက်တွေ့မျက်မြင်သုတေသနအတွက်သာ ဤတွေ့ရှိချက်က ကန့်သတ်ထားခြင်း မဟုတ်ပါ။) ငွေမကုန်ခင် နောက်ဆုံးအချိန်သတ်မှတ်ချက်အတွင်း ပြီးစီးရန်အတွက် သုတေသန စီမံကိန်းများအား ပြန်လည်ချိန်ကိုက်ရန် လိုအပ်ပါသည်။ သုတေသီ သို့မဟုတ် သုတေသနအဖွဲ့၏ ကျွမ်းကျင်မှုများနှင့် ဗဟုသုတတို့ကြောင့် နောက်ထပ် အခက်အခဲ အတားအဆီးများ ကြုံတွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် အရည်အချင်း သို့မဟုတ် အတွေ့အကြုံ မည်မျှရှိသည်ဖြစ်စေ အရာရာတိုင်းကို မသိရှိနိုင်ဘဲ နောက်ထပ်လိုအပ်သည့် ကျွမ်းကျင်မှုများ ရရှိရန် အချိန်မည်မျှကြာမည်ကိုလည်း မသိရှိနိုင်ပေ။[၃၀] သုတေသန ဆောင်ရွက်မည့် နေရာများ သို့မဟုတ် အချက်အလက်အမျိုးအစားပုံစံများအား လက်လှမ်းမီရန် ကြိုးပမ်းရာတွင်လည်း မကောင်းသတင်းနှင့် ကျော်ကြားသည့် ပြဿနာများ ကြုံတွေ့နိုင်သည်။ ဤအခက်အခဲများသည် အခြားသူများ ဖော်ပြထားသည်ကို မတူကွဲပြားစွာ စဉ်ထားခြင်းဖြစ်သည်။ အစကတည်းက အဆိုးမမြင်လွန်းရန် အရေးကြီးပါသည်။ သုတေသီများသည် တစ်ခါတစ်ရံတွင် ကံကောင်းပြီး ရှားရှားပါးပါး ရရှိသည့် အခွင့်အရေးများအား အချိန်ကိုက် နေရာကိုက် ဖမ်းဆုပ်နိုင်ကြသည်။[၃၁] ဤကဲ့သို့ အခြေအနေများတွင် နည်းစနစ်ပိုင်းဆိုင်ရာ စံနမူနာပုံစံများ၏ ကောင်းမွန်ပြည့်စုံမှုအား တစ်ယောက်ယောက်က အရမ်း အလေးမထားလွန်းသင့်ပေ။ လက်တွေ့ကျကျ ဆန်းစစ်ပါက နည်းစနစ်ပိုင်းဆိုင်ရာ စံနမူနာသည် ဗဟုသုတကောင်းထွက်ပေါ်စေခြင်းအတွက် ရန်သူဖြစ်နေ တတ်သောအခါ

ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှုအပေါ် စူးစမ်းလေ့လာသည့် သုတေသန (Action research)၊ ပါဝင်သူများအား စူးစမ်းလေ့လာခြင်း (participant observation) နှင့် လက်သင့်ရာ နမူနာ ရွေးချယ်ခြင်း (convenience sampling) များသည် ပြည့်စုံသင့်လျော်သည့် ရွေးချယ်မှုများပင် ဖြစ်သည်။ သို့ရာတွင် နည်းစနစ်များအား ရွေးချယ်မှုကို ရှင်းရှင်းလင်းလင်း အကျိုးအကြောင်း ပြဆိုပြီး အကောင်အထည်ဖော်ရာတွင် လက်တွေ့တွေ့ကြုံရသည့် မည်သည့် အခက်အခဲမျိုးမဆို သုတေသနအစီရင်ခံစာတွင် အပြည့်အစုံကို အစဉ်သဖြင့် ဖော်ပြရမည် ဖြစ်သည်။ ပူးပေါင်း ဆောင်ရွက်ခြင်းမရှိသည့် အဖွဲ့အစည်းဆိုင်ရာ ကြီးကြပ်သူများက ပိတ်ပင်ထားခြင်းကြောင့် နည်းစနစ်ပိုင်းဆိုင်ရာ ဆန္ဒပြင်းပြမှုများအား သုတေသီများက မကြာခဏ ရှာဖွေသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ ထို့နောက် ပြဿနာဖြေရှင်း ကျော်လွှားနည်းများအား တီထွင် ဖန်တီးမည်လား သို့မဟုတ် ဆွေးနွေးညှိနှိုင်းခြင်းများတွင် အချိန်နှင့် အင်အားများ ထပ်မံရင်းနှီး မြှုပ်နှံမည်လားအပေါ် တစ်ယောက်ယောက်က ဆုံးဖြတ်ရပေ လိမ့်မည်။ သို့တည်းမဟုတ် တစ်ယောက်ယောက်၏ ဆုံးရှုံးမှုများအား ဖြတ်တောက်ရန်နှင့် သုတေသနအား တိုင်းတာရမည့် အချက်များကို ပြန်လည်သတ်မှတ်ခြင်း သို့မဟုတ် အခြား စီမံကိန်းအား ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရပေသည်။ အခြားသုတေသနဒီဇိုင်းများသည် ကိုင်တွယ်ဖြေရှင်း၍ မရနိုင်သည့် ကျင့်ဝတ်ဆိုင်ရာ ကန့်ကွက်ချက်များ ဖြစ်ပေါ်လာနိုင်ချေ ရှိသည်။ သို့မဟုတ် စစ်မက်ဖြစ်ပွား နေသည့်ဒေသတွင် လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံ နည်းကျလေ့လာခြင်းကဲ့သို့ သုတေသီ အများစုအတွက် အာရုံစူးစိုက်ဆောင်ရွက်ရန် အန္တရာယ် များလွန်းပါသည်။ နည်းလမ်းဆိုင်ရာ သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာ ခွင့်ပြုချက်များအတွက် ပြဿနာဖြစ်နိုင်ခြေများအား ကြိုတင်ခန့်မှန်း နိုင်သည့် မည်သည့် စီမံကိန်းများတွင်မဆို သင့်လျော်သည့် အရေးပေါ်အစီမံအား ကြိုတင် ပြင်ဆင်ထားရန် အကြံပြုပါသည်။

ဆက်စပ်လွှမ်းခြုံနေသည့် သုတေသနမေးခွန်းများအား ဖြေကြားရန်အတွက် သင့်လျော် သည့် သုတေသနဒီဇိုင်းအား ရွေးချယ်ရမည်မှာ ပဓာနကျသော အချက်ပင် ဖြစ်သည်။ ဘာလဲ၊ ဘာ့ကြောင့်နှင့် ဘယ်လို ဟူသည့် ET အပေါ် အချက် (၃) ချက်စလုံးအား အပြန်အလှန် အထောက်အပံ့ပေးပြီး ဟန်ချက်ညီ ကိုယ်တိုင် ထိန်းညှိခြင်းဖြင့် ဤအချက်အား ရရှိစေမည် ဖြစ်သည်။ တဒင်္ဂ သို့မဟုတ် အပြောင်းအလဲမရှိသည့် စီမံကိန်းဒီဇိုင်းထက် စိတ်ကူး အကြံဉာဏ် အသစ်များဖြင့် အင်တိုက်အားတိုက် ထပ်ခါတလဲလဲ စဉ်းစားခြင်းဖြင့် စီမံကိန်း ဒီဇိုင်း ရေးဆွဲခြင်းကို တိုးတက်လာစေသည်။ အဆင့်ဆင့် တိုးတက် ပြောင်းလဲလာသည့် လုပ်ငန်းစဉ် ဖြစ်ပြီး သုတေသနဆက်လက်ဆောင်ရွက်နေစဉ် ပြုပြင်ရန် လိုအပ်သည့် မှားယွင်းသော အစပျိုးမှုများနှင့် လမ်းချိုးများ ရှိနိုင်သည်။ သုတေသန စီမံကိန်းအများစုသည် အကြောင်းအရာပိုင်း စိတ်ပါဝင်စားမှု သို့မဟုတ် ဘာသာရပ် အထူးပြု စုံစမ်းလေ့လာမှုအား ဆောင်ရွက်ရန် စေ့ဆော်ခြင်းမှ စတင်လာသည်မှာ သံသယဖြစ်ဖွယ် မရှိသော်ငြား သုံးပွင့်ဆိုင်အား ကနဦး ထည့်သွင်းစဉ်းစားမည့်

အချက်အဖြစ် ညွှန်ပြနေသည့် အခြေခံသဘောတရားလောက် အရေး မကြီးပေ။ ဥပမာအားဖြင့် သုတေသနကျွမ်းကျင်မှု အသစ်များအား ဖွံ့ဖြိုးတိုးတက်စေရန် စိတ်အားထက်သန်သည့် သုတေသီများသည် လက်တွေ့မျက်မြင်အခြေပြု အင်တာဗျူးခြင်း သို့မဟုတ် မေးခွန်းလွှာဖြင့် ဆောင်ရွက်မည့် သုတေသနအား အကောင်အထည်ဖော်ရန် (ပြောဆိုရန်) အတွက် ဆုံးဖြတ်ပေလိမ့်မည်။ ထို့နောက် အံဝင်ဂွင်ကျဖြစ်စေရန် သင့်လျော်သည့် အကြောင်းအရာအား ရှာဖွေဖော်ထုတ် ပေလိမ့်မည်။ မေးခွန်း (၃) ခု အစဉ်လိုက်ဖြစ်ခြင်းအား ထည့်သွင်းမစဉ်းစားဘဲ ET အကြောင်း အချက် (၃) ချက်အား အားလုံးလွှမ်းခြုံသည့် သုတေသန မေးခွန်း (မေးခွန်းများ) က သတ်မှတ်သည့် အချက်အလက်များအတွင်း သုံးနားညီ ချိတ်ဆက်ခြင်းဖြင့် နည်းစနစ်တကျ ကိုင်တွယ်ဖြေရှင်းရမည်။

ကောင်းမွန်ပြည့်စုံသည့် သုတေသနနည်းစနစ်တစ်ခု ဖွံ့ဖြိုးစေမည့် ပညာရပ်ဆိုင်ရာ လုပ်ငန်းစဉ်တွင် သတိပြုမိလောက်သည့် တူညီမှုတစ်ခု ရှိသည်။ အကောင်းဆုံးသုတေသန ဆိုသည်မှာ စူးစမ်းလေ့လာရှာဖွေသည့် ခရီးရှည်တစ်ခု ဖြစ်သည်။ သင်ဘာကို ရှာဖွေတွေ့ရှိမည်လဲ ဆိုသည်ကို အတော်ကြာကြာ သင်ဘယ်တော့မျှ မသိရှိရပေ။ သို့မဟုတ် အဆိုပါ ခရီးရှည် တစ်လျှောက်တွင် မည်သည့် အတားအဆီးအခက်အခဲများသာမက အခွင့်အလမ်းများ ရှိနေသည် ကိုလည်း သင် ဘယ်တော့မျှ မသိရှိရပေ။ အယူအဆဖြင့်ပြုစုထားသည့် သုတေသန ဒီဇိုင်းအား အောင်အောင်မြင်မြင် အသက်သွင်းနိုင်ပြီး အမှန်တကယ် ‘အလုပ်ဖြစ်’ မဖြစ် ကိုလည်း သင် ဘယ်တော့မျှ သေသေချာချာ မသိရှိရပေ။ ထို့ကြောင့် အမြဲမပြတ် မေးမြန်းနေရမည့် မေးခွန်းများအတွက် ဖြေဆိုရာတွင် အတိုင်းအတာတစ်ခုအထိ လိုက်လျောညီထွေ ဖြစ်နေရန် လိုအပ်သည်။ ထပ်မံ အကျယ်ချဲ့ရသော် အားလုံးလွှမ်းခြုံသည့် သုတေသနမေးခွန်း (မေးခွန်းများ) အား အတိအကျ ဖော်ထုတ်ခြင်းအား ဆက်လက်ဆန်းစစ်ခြင်းလည်း လိုအပ်သည်။ အဆိုပါ ဆန်းစစ်ခြင်းအား သုတေသနစီမံကိန်းစက်ဝန်း ကြာရှည်သည့် တစ်လျှောက်လုံး တွင်လည်း ပြုလုပ်ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ဖြစ်သည့် ရလဒ်များအား ရေးသား ဖြန့်ဖြူးချိန်အထိ ပြုလုပ်သွားရန် လိုအပ်ပါသည်။ အပြန်အလှန်အားဖြင့် မှားယွင်းစွာ ရေးဆွဲထားသည့် သုတေသန ဒီဇိုင်းသည် မအောင်မြင်နိုင်ကြောင်း ဖော်ပြထားသည့် သရုပ်ဖော်ပုံက မှန်ကန်ကြောင်း ပြောဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သုတေသနမေးခွန်း (မေးခွန်းများ) အား အသေးစိတ် ယုတ္တိရှိရှိ ဖြေဆိုရန် မတတ်နိုင်သောကြောင့် ဖြစ်သည်။ အဓိကကျသည့် ‘သီအိုရီ-အချက်အလက် ဆက်နွှယ်ချက်’ ရှိ ဆိုးဆိုးဝါးဝါး ချို့ယွင်းချက်အား တစ်စုံတစ်ယောက်က ဖော်ထုတ်နိုင် ပေလိမ့်မည်။ အကောင်းဆုံးအခြေအနေများအောက်တွင် အကောင်အထည် ဖော်သည့်တိုင်အောင် သင့်လျော်သည့် ‘အချက်အလက်များ’ (ဆိုလိုသည်မှာ မည်သည့် အချက်အလက်အမျိုးအစားမဆို) သည် သက်ဆိုင်သည့် နည်းစနစ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုများအား လုံးဝ လက်လှမ်းမမီနိုင်ကြောင်း အဓိပ္ပာယ်သက်ရောက်သည်။ ဤကဲ့သို့ အရေးပါသည့် ‘သီအိုရီ-အချက်အလက် ဆက်နွှယ်မှု’ သည်

နည်းစနစ်ပိုင်းဆိုင်ရာရှိ 'ကျိုးကြောင်းဆီလျော်မှု ရှိခြင်း' အား အလေးထားပါသည်။ ET ၏ နည်းလမ်းများအကြောင်း မေးခွန်းများအပေါ် ပြီးပြည့်စုံသည့် အဖြေများတွင် သီအိုရီပိုင်းဆိုင်ရာ (နည်းစနစ်ပိုင်းဆိုင်ရာ) အစိတ်အပိုင်း ပါဝင်သည်။ ၎င်းအစိတ်အပိုင်းသည် အားလုံးလွှမ်းခြုံသည့် သုတေသနမေးခွန်း (မေးခွန်းများ) အား ဖြေဆိုရန်အတွက် လျော်ကန်သင့်မြတ်သည့် အချက်အလက်များအား သင့်လျော် လိုက်ဖက်သည့် နည်းလမ်းများအသုံးပြု၍ မည်သို့ရရှိသနည်းအား ရှင်းလင်းဖော်ပြပါသည်။

ဥပဒေတွင် သုတေသနမေးခွန်းများအားလုံးသည် ပညာရပ်စုံချိတ်ဆက် လေ့လာသည့် သုတေသနနည်းလမ်းများအား မလိုအပ်ပါ။ ဥပမာအားဖြင့် အချို့သုတေသနမေးခွန်းများသည် အယူအဆအခြေပြုသီးသန့် ဖြစ်သည်။ ဥပဒေရှိ အခြေခံအကျဆုံး သုတေသန မေးခွန်း အမျိုးအစားမှာ 'ဥပဒေစနစ် *y* ရှိ ဥပဒေ *x* က ဘာလဲ' ပုံစံဖြစ်ပြီး အဆိုပါမေးခွန်းအတွက် အဖြေများမှာ အယူအဆအခြေပြုခွဲခြမ်းစိတ်ဖြာလေ့လာမှုဆိုင်ရာ သမားရိုးကျဥပဒေနည်းလမ်းများအား အသုံးပြုကြသည်။ ၎င်းသမားရိုးကျဥပဒေနည်းလမ်းများတွင် ပြဋ္ဌာန်းဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် အဂလိပ်ရိုးရာဥပဒေဆိုင်ရာ အမှုအခြေပြု ကျိုးကြောင်းဆင်ခြင် ရေးသားနည်းတို့ ပါဝင်သည်။ ဤကဲ့သို့ ရှင်းလင်းဖော်ပြသည့် ပုံစံသည် နည်းစနစ်ပိုင်းဆိုင်ရာ ပြည့်စုံကောင်းမွန်ပြီး ရှေ့နေများက လက်တွေ့ကျင့်သုံးသည့် ဥပဒေသုတေသနအများစုအား ချက်ကျလက်ကျ အသားပေးဖော်ပြသည်။ အယူအဆဆိုင်ရာ ရှင်းလင်းဖော်ပြချက်သည် အငြင်းပွားဖွယ်ဖြစ်နိုင်ခြေရှိပြီး တစ်ခါတစ်ရံတွင် အယူအဆဆိုင်ရာ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ ရွေးချယ်ခြင်း၊ စစ်ထုတ်ခြင်း၊ ပေါင်းစပ်ဖန်တီးခြင်းနှင့် ကျွမ်းကျင်လိမ္မာသည့် အခြေအတင် ချက်ကျလက်ကျ ဆွေးနွေးခြင်းတို့ အမြဲမပြတ်လိုအပ်သည်။ ပညာရပ်ဆိုင်ရာ ဥပဒေအမြင်ရှုထောင့်မှ ကြည့်ပါက ရှင်းလင်းဖော်ပြသည့် သုတေသနအစစ်အမှန်နှင့် ပတ်သက်သည့် ပြဿနာမှာ အစဉ်အဆက် နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့် မဟုတ်ဘဲ စိတ်ဝင်စားဖွယ်ကောင်းသည့် အရာများ လုံလုံလောက်လောက် ပါဝင်မှုနည်းပါးပြီး (လုံးဝမပါဝင်ကြောင်းလည်း ပြောသင့်သည်) ပါရဂူဘွဲ့ သုတေသန သို့မဟုတ် အဓိက ပညာရပ် လေ့လာမှုအတွက် သင့်လျော်သည့် ပညာရပ်အမျိုးအစားအဖြစ် အရည်အသွေး မီရန် ဉာဏ်ရည်ဉာဏ်သွေးလည်း လုံလုံလောက်လောက် မပါဝင်ပေ။ ဥပဒေပညာရပ် နယ်ပယ်တွင် အယူအဆအခြေပြု ရှင်းလင်းဖော်ပြချက်သည် ရည်မှန်းချက်ပိုမို မြင့်မားသည့် စီမံကိန်းများအတွက် ရှေ့ပြေးနိမိတ်တစ်ခု အမြဲတစေ ဖြစ်နေသည်။ ၎င်း စီမံကိန်းများတွင် အယူအဆပိုင်း ပြန်လည်တည်ဆောက်ခြင်း၊ တရားစီရင်ရေးစနစ်များ အမျိုးအစားခွဲခြားခြင်း၊ စံနမူနာပြု ဝေဖန်ရေး၊ တရားစီရင်ပိုင်ခွင့်စနစ်များအပြန်အလှန်နှိုင်းယှဉ်ခြင်း သို့မဟုတ် တရားရုံးများတွင် ဖြေရှင်းသည့် မူဝါဒဆိုင်ရာအငြင်းပွားမှု၊ ဥပဒေပြုလွှတ်တော်များ သို့မဟုတ် အခြား သက်ဆိုင်သူများအပေါ် ဆောင်ရွက်သည့် စီမံကိန်းတို့ ပါဝင်သည်။

အားလုံးလွှမ်းခြုံသည့် သုတေသနမေးခွန်း (မေးခွန်းများ) အားဖြေဆိုရန် လိုအပ်သည့် အချက်အလက်များအား ထွက်ပေါ်လာရန်အတွက် ပညာရပ်စုံချိတ်ဆက်လေ့လာမှု နည်းလမ်းများအဖြစ် လိုအပ်နေသရွေ့ ပညာရပ်စုံ ချိတ်ဆက်လေ့လာသည့် သုတေသနအား လိုအပ်ခြင်းဖြစ်သည်။ ပညာရပ်စုံ ချိတ်ဆက်လေ့လာသည့် မည်သည့်နည်းလမ်းများအား လိုအပ်ပါသနည်း? သတ်မှတ်ထားသည့် သုတေသနမေးခွန်းများပေါ်တွင် အားလုံးမှီတည်နေပါသည်။ အများအားဖြင့် ကြုံတွေ့ရသည့် နည်းစနစ်ပိုင်းဆိုင်ရာ ထောင်ချောက်တွင် အယူအဆသီးသန့် အခြေပြုချဉ်းကပ်မှုအပေါ် အခြေခံ သတ်မှတ်ထားသည့် သီးသန့်အစီအစဉ်များ၏ 'အကျိုးရှိ ထိရောက်မှု' အား စောဒကတက်ခြင်းပါဝင်သည်။ ဥပဒေသည် လက်တွေ့ ထိရောက်မှုရှိမရှိ ဆိုသည်အား အယူအဆအခြေပြု ဆန်းစစ်လေ့လာမှုက မသတ်မှတ်ပေးနိုင်ပါ။ ယခုအခါ လူမှုရေးရာဥပဒေစာပေများတွင် များပြားသော စာစုများ မည်မည်ရရ ရှိလာပြီး အမျိုးစုံလင်သော ဆောင်ရွက်ချက် နယ်ပယ်များစွာ ပါဝင်သည်။ ၎င်းတွင် ဥပဒေ၏ တရားဝင်စာသားက ဖျန်ဖြေခြင်း၊ သင့်လျော်ကိုက်ညီအောင် ပြုပြင်ခြင်း၊ ပြန်လည် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လစ်လျူရှုခြင်းတို့ကို လက်တွေ့တွင် ပုံမှန် မည်သို့ ဆောင်ရွက် သနည်းအား သရုပ်ဖော်ပြသပါသည်။[၃၂] အကောင်းဆုံးမှာ ထိန်းသိမ်းကွပ်ကဲသည့် သီးခြား နည်းစနစ်များ၏ အကျိုးရှိထိရောက်မှု အလားအလာအား အနည်းနှင့် အများဆိုသလို တစ်ဦးတစ်ယောက်က မှန်မှန်ကန်ကန် နည်းလမ်းတကျ ထင်မြင်ချက်ပေးနိုင်သည်။ ထိုသို့ ထင်မြင်ချက်ပေးရာတွင် သင့်လျော်သည့် အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများကိုသာမက လူ့အပြုအမူအပေါ် ခြုံငုံသုံးသပ်ခြင်းမျိုးဖြစ်သည်။ အကျိုးရှိ ထိရောက်မှုအား တိုင်းတာဆုံးဖြတ်မှုများသည် 'ဥပဒေအား အကောင်အထည်ဖော်ခြင်း' (law in action) အား သုတေသနပြုသည့် နယ်ပယ်ပင် ဖြစ်သည်။ အကျိုးရှိထိရောက်မှုအား သုတေသနပြုခြင်းသည် တကယ့်လက်တွေ့ဘဝတွင် ဥပဒေ၏ သက်ရောက်မှုအား လက်တွေ့ကျကျ စုံစမ်းစစ်ဆေးခြင်းဖြင့် အချက်အလက်အသစ်များ ထွက်ပေါ်စေသည်။ တစ်နည်းအားဖြင့် သို့မဟုတ် ထပ်မံဖြည့်စွက်ရသော် လက်ရှိ သုတေသန အချက်အလက်များ၊ တရားဝင် စာရင်းအင်းများ၊ မူဝါဒဆိုင်ရာစာအုပ်စာတမ်းများ သို့မဟုတ် အခြား ဆက်စပ် အကျုံးဝင်သည့် မှတ်တမ်းများအား စာကြည့်တိုက်အခြေပြုလျက် စစ်ဆေးလေ့လာခြင်းလည်း ပါဝင်သည်။ လက်တွေ့မျက်မြင်အခြေပြု သုတေသနနည်းလမ်းများမှ ရရှိသည့် ဗဟုသုတသည် အဆိုပါ အမှန်တကယ်ဆောင်ရွက်သည့် လက်တွေ့မျက်မြင်အခြေပြုသုတေသန ဆောင်ရွက်ခြင်းကိုသာ ကန့်သတ်မထားပါ။ ဆန့်ကျင်ဘက်အားဖြင့် (အရေအတွက်အခြေပြု သုတေသနရှိ စာရင်းအင်းတွက်ချက်နည်း ပုံစံများအပါအဝင်) လက်တွေ့မျက်မြင် အခြေပြု သုတေသန နည်းလမ်း များသည် ဥပဒေနယ်ပယ်အားလုံးအတွက် မရှိမဖြစ်လိုအပ်သည့် နည်းစနစ်များ ပါဝင်သည့် ဣစ္ဆာသယအိတ်တစ်လုံးအဖြစ် သတ်မှတ်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွမ်းကျင်မှု ကောင်းကောင်းရှိသည့် ဥပဒေသုတေသီသည် အကျိုးရှိထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်သလို ၎င်း၏

ကိုယ်ပိုင်သုတေသနမေးခွန်းများနှင့် ဆက်စပ်နေသည့် လက်ရှိ လက်တွေ့ မျက်မြင် အချက်အလက်များအား မြော်မြင်ဆင်ခြင် အသုံးချတတ်ရန်လည်း လိုအပ်ပါသည်။[၃၃] နှံ့နှံ့စပ်စပ် စစ်ဆေးပြီးပါက သုတေသီများသည် ၎င်းတို့ရှာဖွေ နေသည့်ဥပဒေ သို့မဟုတ် အခြား ဥပဒေရေးရာမေးခွန်းများ၏ ထိရောက်မှုနှင့် ဆက်စပ်နေသည့်အချက်အလက်များ အနည်းငယ်သာရှိကြောင်း သို့မဟုတ် လုံးဝမရှိကြောင်း ရှာဖွေတွေ့ရှိလာလိမ့်မည်။ ယေဘုယျအားဖြင့် မသိနားမလည်ခြင်းသည် ၎င်း၏ ကိုယ်ပိုင်အခွင့်အရေးအရ စိတ်ဝင်စားဖွယ် သုတေသန တွေ့ရှိချက်တစ်ခု ဖြစ်ကောင်း ဖြစ်နိုင်သည်။ အဆိုပါ အချက်အလက်အား ထွက်ပေါ်စေရန် အတွက် မည်သူကမျှ ဘာ့ကြောင့် မစိုးရိမ်ကြသနည်း။ ၎င်းတို့အား ထွက်ပေါ်စေရန်အတွက် လက်တွေ့ကြုံတွေ့နေရသည့် အခက်အခဲများ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ အခက်အခဲများ ရှိနေပါသလား။ ဥပဒေပညာရှင်များက ရှာဖွေသင့်သည့် ပြဿနာတစ်ရပ်အဖြစ် ၎င်းအကြောင်းအရာက ဖြစ်ပါသလား။[၃၄] လက်ရှိတွေ့မြင်နေရသည့် အသိပညာအခြေခံရှိ ထင်ရှားသည့် လစ်ဟာချက်များအား ရိုးရိုးစင်းစင်း အသားပေးဖော်ပြခြင်းသည် ခေတ်စားနေသည့် ယူဆချက်များအပေါ် အဟုတ်ကြီး ထင်မြင်နေခြင်းအား မဟုတ်မှန်ကြောင်း ပြသရန်အတွက် လုံလောက် နိုင်ပါသည်။ အဆိုပါ ယူဆချက်များသည် လက်တွေ့ကျကျ မရှိခြင်းအား သရုပ်ဖော်ပြသခြင်းဖြင့် မဟုတ်မှန်ကြောင်း ပြသသည်။ နည်းစနစ်ပိုင်းဆိုင်ရာ အသုံးအနှုန်းအရဆိုသော် အကျိုးရှိ ထိရောက်မှုအပေါ် အတွေးမှားခြင်းအား သုတေသနမေးခွန်းအား ပြန်လည် သတ်မှတ်ခြင်းဖြင့် ကုစားနိုင်လေ့ရှိသည်။ ထိုအခါ ဥပဒေ၏ လက်တွေ့ကျကျ အကျိုးရှိထိရောက်မှုအား ဆန်းစစ်ရန်အတွက် မည်သည့် ပြောကြားချက်ကိုမဆို စွန့်ပယ်ခြင်း သို့မဟုတ် လုံးဝ အဆင့်လျှော့ချခြင်းဖြင့် အယူအဆအခြေပြု နည်းလမ်းများ အလုံးစုံ အသုံးပြုကာအဖြေရှာနိုင်သည်။ ဤကဲ့သို့ အဆင့်လျှော့ချသည့် နည်းဗျူဟာရှိ အန္တရာယ်မှာ မူလသုတေသနအစီအစဉ်မှ ကျန်ရစ်သည့် အစိတ်အပိုင်းသည် အများအားဖြင့် ရှင်းလင်းဖော်ပြချက်သာ ဖြစ်ပြီး ပညာရပ်တစ်ခုအဖြစ် အရည်အသွေးပြည့်မီရန် အတွက် အလွန်ပင် သရုပ်ဖော် ရေးသားပြသရမည် ဖြစ်သည်။ အကျိုးဆက်အားဖြင့် သုတေသနအား မူလဒီဇိုင်းရေးဆွဲသည့် အဆင့်ကတည်းကပင် ဥပဒေ၏ အကျိုးရှိထိရောက်မှုကို အကဲဖြတ်သည့် နည်းစနစ်ဆိုင်ရာ လိုအပ်ချက်များအား ရှင်းရှင်း လင်းလင်း ကွဲကွဲပြားပြားရှိနေရန် လိုလာသည်။ ပြဿနာ ဆိုးဆိုးဝါးဝါး တွေ့ကြုံရပါက လိုက်ဖက်သည့် အခြားနည်းလမ်းတစ်ခုအား မဖြစ်မနေရွေးချယ်ရန် နည်းစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်အား နောက်ကျမှ သိရှိခြင်းကြောင့် ဆိုသည်ထက် တစ်ဦးတစ်ယောက်က သုတေသနနည်းဗျူဟာများအား သင့်လျော်သလို အစီအမံချမှတ်ရန်လည်း လိုအပ်သည်။

ပညာရပ်စုံချိတ်ဆက်လေ့လာသည့် နည်းလမ်းများအား ကျိုးကြောင်းဆီလျော်မှုအရ အတင်းကာရော မလိုအပ်သော်ငြား ၎င်းသည် သုတေသနအစီအစဉ်အား သိသာထင်ရှားသည့် နည်းဖြင့် မြှင့်တင်နိုင်ပါက လိုချင်တပ်မက်ကောင်း တပ်မက်နိုင်သည်။ ဥပမာအားဖြင့် ဥပဒေ

သမိုင်းသည် ယေဘုယျအားဖြင့် သမိုင်းအား ကျိုးကြောင်းဆင်ခြင် ရေးသားချက်များ (သီအိုရီနှင့် သမိုင်းလေ့လာမှု နည်းလမ်း) ဖြင့် ပြည့်စုံကြွယ်ဝနေပေလိမ့်မည်။ စံနမူနာပြု ဥပဒေ လေ့လာ ဆန်းစစ်ခြင်းအား ကိုယ်ကျင့်တရား၊ နိုင်ငံရေးဒဿနအမြင်များနှင့် ထဲထဲဝင်ဝင် ချိတ်ဆက်ခြင်းဖြင့် မြှင့်တင်နိုင်သည်။ လူမှုရေးရာဥပဒေလေ့လာမှုများအား လူမှုရေးသီအိုရီများအကြောင်း ကျယ်ကျယ် ပြန့်ပြန့် စူးစမ်းလေ့လာခြင်းဖြင့် အခြေအတင် ဆွေးနွေးနိုင်သည်။ စာသားများပြည့်နှက်နေပြီး ဆွေးနွေးချက်များ လိုအပ်သည့် ဥပဒေသဘောသဘာဝအရ ဥပဒေသုတေသနပုံစံ အများအပြား သည် ဘာသာဗေဒ၊ ဝေါဟာရဗေဒ၊ စကားတန်ဆာဆင်ခြင်းနှင့် စာပေလေ့လာမှု များတွင် စွဲစွဲမြဲမြဲ အခြေတည်ခြင်းဖြင့် အကျိုးကျေးဇူး ရရှိနိုင်သည်။ ဥပဒေရှိ လူမှုရေးရာ အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များအရ အခြားလေ့လာမှုနယ်ပယ်များအနက် လူသားစိတ်ပညာ၊ အသိဉာဏ်အား သိပ္ပံနည်းကျလေ့လာခြင်း၊ ဂိမ်းသီအိုရီ၊ မြို့ပြပထဝီဝင်နှင့် မနုဿဗေဒတို့သည် အသုံးဝင် လေ့ရှိနိုင်သည်။ တစ်သီးတစ်ခြား စူးစမ်းလေ့လာမှုများ၏ ရလဒ်များအား ပိုမိုခိုင်မာစေရန် (သုံးနားညီစနစ်ဖြင့် တိုင်းတာရန်) အတွက် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု အမြင်များအား တစ်ခါတစ်ရံ အသုံးပြုကြသည်။ သို့တည်းမဟုတ် ဆက်စပ် သုတေသနမေးခွန်းများအား ရင်းမြစ်တူညီသည့် နယ်ပယ်များအတွင်း သုတေသန နယ်ပယ်အား ချဲ့ထွင်နိုင်စေသည် သို့မဟုတ် ကိုင်တွယ်နိုင်စေသည်။ နည်းလမ်းများအားလုံး တူညီသော်ငြား နည်းစနစ်ပိုင်း ခိုင်မာမှုနှင့် ပြီးပြည့်စုံမှုတို့သည် လိုအပ်သည့် အရည်အချင်းများလည်း ဖြစ်သည်။ ဤအချက်ရှိ သတ်မှတ်ချက် များသည် သီအိုရီ သို့မဟုတ် နည်းစနစ်ပိုင်းဆိုင်ရာထက် လက်တွေ့ ကျသည်။ သုတေသနသည် ဖြစ်နိုင်စွမ်းကို တိုင်းတာသည့် အတတ်ပညာပင်ဖြစ်ရာ စီမံကိန်းတိုင်းသည် အချိန်နှင့် ရန်ပုံငွေအပေါ် မူတည်၍ တစ်နေရာရာတွင် ရပ်တန့်ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလားအလာရှိသည့် သုတေသနမေးခွန်းများသည် သဘောတရားအရ အကန့်အသတ်မရှိ ဖြစ်ကြပြီး သုတေသန နည်းလမ်းများအား နည်းလမ်းပေါင်းစုံဖြင့် ပေါင်းစပ်နိုင်ကြသည် (အဘယ့်ကြောင့်ဆိုသော် အဆင့်တစ်ချို့ သို့မဟုတ် သတ်မှတ်ချက် အချို့အောက်တွင် ဥပဒေ သို့မဟုတ် အခြားအရာတိုင်းသည် မည်သည့်အရာနှင့်မဆို ဆက်နွှယ် နေခြင်းကြောင့် ဖြစ်သည်)။ ကန့်သတ်ချက်များအား အလိုအလျောက် အသိစိတ်ဖြင့် တမင်တကာ ချမှတ်ရမည်။ သုတေသီသည် အမြဲမပြတ်မေးမြန်းနေရမည့် ET ၏ မေးခွန်း (၃) ခုအား ပွင့်လင်းမြင်သာပြီး နည်းစနစ်ပိုင်းအရ ခိုင်ခိုင်မာမာရှိသည့် ပုံစံဖြင့် စဉ်ဆက်မပြတ် ဖြေဆိုခြင်းဖြင့် ဤအခြေခံ တာဝန်အား ဆောင်ရွက်ရမည် ဖြစ်သည်။

## သာဓက (၃) ရပ်

သာမန်အသုံးအနှုန်းများဖြင့် ယခုအချိန်အထိ ဆွေးနွေးလျက်ရှိပြီး နည်းစနစ်ပိုင်း အကြမ်းဖျင်း ဆွေးနွေးချက်သည် ကံမကောင်းစွာဖြင့် စိတ်ဝင်စားဖွယ်မကောင်းဘဲ ခက်ခဲနက်နဲဟန် ရှိလာ

သည်။ ၎င်းခက်ခဲနက်နဲမှုများကို တစ်စိတ်တစ်ပိုင်း ဖြေဖျောက်ရန်အလို့ငှာ ဥပဒေသုတေသနရှိ ပညာရပ်စုံချိတ်ဆက်လေ့လာမှု၏ အဓိကအချက်များအား ရှင်းလင်းဖော်ပြရန် လွန်ခဲ့သည့် ဆယ်စုနှစ် (၂) ခုအတွင်း ဆောင်ရွက်ခဲ့သည့် စာရေးသူ၏ ကိုယ်ပိုင်သုတေသနမှ ထုတ်နုတ်ထားသော သာဓက (၃) ခုအား ဤအပိုင်းတွင် မြင်သာအောင် တင်ပြသွားမည်ဖြစ်သည်။ ပြီးပြည့်စုံသည့် သဘောမျိုးမဟုတ်ဘဲ စံနမူနာအဖြစ်ထက်စာပါက သရုပ်ဖော်ပြသခြင်း အဖြစ်သာ ဤသာဓက (၃) ခုအား ရည်ရွယ်တင်ပြသွားမည် ဖြစ်သည်။ ၎င်းတို့သည် (က) ဥပဒေနှင့် ဒဿနိကဗေဒ (ခ) ဥပဒေနှင့် လူမှုဗေဒ နှင့် (ဂ) ဥပဒေနှင့် သိပ္ပံပညာတို့အကြား ပေါင်းကူး ဆက်သွယ်ပေးမှုတို့အပေါ် မူတည်ထားပါသည်။ သီးသန့် အထူးပြုထားသည့် ဘာသာရပ်ခွဲ အကြောင်း ထည့်သွင်းမစဉ်းစားဘဲ ဥပဒေသုတေသနရှိ နည်းစနစ်အခြေခံများအား ယေဘုယျ အားဖြင့် ဥပမာပေးတင်ပြရန် ရည်ရွယ်ပါသည်။

## ၁။ ပြစ်မှုဆိုင်ရာဥပဒေရှိ ဒဿနအမြင်ဆိုင်ရာ အခြေခံများ

အင်္ဂလိပ်ပြစ်မှုဆိုင်ရာဥပဒေရှိ သဘောတူခွင့်ပြုထားသည့် လူပုဂ္ဂိုလ်အား သေစေလောက် အောင် မပြင်းထန်သည့် ပြစ်မှုများနှင့် အထူးသဖြင့် ဆက်စပ်သည့် သဘောတူညီချက်၏ အခန်းကဏ္ဍသည် ဗြိတိန်နိုင်ငံရှိ အထက်လွှတ်တော် (House of Lords) က အငြင်းပွားဖွယ် *Brown* စီရင်ထုံး[၃၅] ချမှတ်ပြီးနောက် ရေးပန်းစားသော ကိစ္စရပ်တစ်ခု ဖြစ်လာသည်။ ကိုယ်ခန္ဓာအား တမင်တကာ ဒဏ်ရာရအောင် ပြုလုပ်ခြင်းအတွက် အမှန်တကယ် သဘောတူညီချက်သည် ပြစ်မှုဆိုင်ရာ တာဝန်မကင်းကြောင်းကို ယေဘုယျအားဖြင့် မငြင်းဆိုနိုင်ကြောင်း ၎င်းစီရင်ထုံးက အခိုင်အမာ ဖွင့်ဆိုသည်။ အင်္ဂလိပ်ဥပဒေတွင် လက်တွေ့ လက်ရောက်မှု သို့မဟုတ် အလားတူ (တို့ထိမှုမျှသာ) အတွက် တစ်ဦးတစ်ယောက်က ကျိုးကြောင်းခိုင်လုံစွာဖြင့် သဘောတူခွင့်ပြုလိုက်လျှောနိုင်သည်။ သို့သော် အမြဲတစေ ထိခိုက်ဒဏ်ရာရနေပါက 'နစ်နာသူက' သဘောတူခွင့်ပြုထားသည် ဆိုသော်ငြား ပြစ်မှုမြောက်ပါသည်။[၃၆] အရပ်စကားဖြင့်ဆိုရသော် ခန္ဓာကိုယ်တွင် ဒဏ်ရာ အနည်းငယ်မျှသာ ရရှိသော်ငြား 'သဘောတူ ခွင့်ပြုခြင်းသည် ခုခံကာကွယ်ခြင်း မဟုတ်' ကြောင်း ပြောဆိုကောင်း ပြောဆိုနိုင်မည်ဖြစ်သည်။ သို့သော်ငြား ဥပဒေကြောင်းအရ အကျိုးသက်ရောက် ပါက ပြစ်မှုဆိုင်ရာ ဥပဒေအရ ခုခံကာကွယ်ခြင်းအား ဟုတ်မှန်ကြောင်း ပြသခြင်းထက် လက်ရောက်မှုကျူးလွန်ခြင်းသည် တရားဥပဒေနှင့် မညီညွတ် မှားယွင်းသည်ဟူသည့် အယူအဆအား သဘောတူခွင့်ပြုခြင်းက ပြောင်းပြန်လှန် ပစ်နိုင်သည်။ အကယ်၍ 'နစ်နာသူ' က ကျိုးကြောင်းလျော်ညီစွာ သဘောတူခွင့်ပြုပါက ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းသည် ကိုယ်ကာယပိုင်းဆိုင်ရာ ဂုဏ်သိက္ခာအား မှားယွင်းစွာ ချိုးဖောက်ကြောင်း သက်သေမပြနိုင်ပေ။ *Brown စီရင်ထုံး*ပါ အယူခံဝင်သူများအားလုံးသည် ဒဏ်ရာအနည်းအကျဉ်း ရစေသည့် sadomasochistic လိင်မှုကိစ္စအား ဆန္ဒရှိသူများ ဖြစ်ကြသည်။ ၎င်း sadomasochistic လိင်မှုကိစ္စတွင် ညှင်းပန်းခြင်းဖြင့် ရရှိသည့် ကာမဆန္ဒသာယာမှုနှင့် တစ်ပါးသူ နာကျင်မှုတွင်

သာယာကျေနပ်ခြင်းတို့ ပါဝင်သည်။ ၎င်းစိတ်အခြေအနေ နှစ်ရပ်စလုံးအပေါ် ဆေးပညာရှင်များက အလေးထားခြင်း မရှိကြပေ။ ကိုယ်ခန္ဓာတွင် အမှန်တကယ် နာကျင်စေသည့် ကိုယ်ထိလက်ရောက် ကျူးလွန်မှုနှင့် ဒဏ်ရာရရှိကြောင်း ပြစ်မှုထင်ရှားခြင်း တို့သည် ပိုမို အငြင်းပွားဖွယ် ဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် အားကစားများနှင့် အခြား 'ကိုယ်ကာယအသုံးပြုရသည့် ဖျော်ဖြေမှုများ'[၃၇] အား သာမန်အားဖြင့် ပြစ်မှုဆိုင်ရာပြဋ္ဌာန်းချက်မှ ချွင်းချက် ခွင့်ပြုထားသည်။ အကြောင်းရင်းမှာ လက်ဝှေ့ကြိုးစင်ပေါ်တွင် မရည်ရွယ်ဘဲ (သေဆုံးနိုင်ချေ သို့မဟုတ် ဦးနှောက်ပျက်စီးနိုင်ချေရှိသော) သတ်ပုတ်ထိုးကြိတ်မိခြင်းအတွက် တစ်ဦးတစ်ယောက်က ဥပဒေနှင့်အညီ သဘောတူနိုင်သည်။[၃၈] သို့သော် မျိုးပွားအင်္ဂါ အစိတ် အပိုင်းများအား ဖက်ယားပင်နှင့် ပွတ်ခြင်း သို့မဟုတ် ချွန်ထက်သည့် အရာများဖြင့် ထိုးသွင်းခြင်းတို့အား ခွင့်မပြုပေ။ ကျွန်ုပ်တို့အများစုသည် အလွန်အမင်းနာကျင်သော မျိုးပွားအင်္ဂါ ထိခိုက်မှုအတွက် ဆန္ဒရှိမည်မဟုတ်သလို လိုလိုလားလား သဘောတူခွင့်ပြုလေ့ မရှိကြပါ။ သို့သော် ရဲများနှင့် တရားရုံးများသည် ၎င်းတို့၏ အကန့်အသတ်သာရှိသည့် အရင်းအမြစ်များ ('အခွန်ဆောင် ပြည်သူများ၏ ငွေများ') အား ဤကဲ့သို့ လိင်မှုကိစ္စတွင် ပျော်မွေ့သူများအား စုံစမ်းစစ်ဆေး အပြစ်ပေးခြင်းတို့တွင် ဖြုန်းတီးနေသည်ကို ခက်ခက်ခဲခဲ နားမလည်နိုင် ဖြစ်နေသည်။ ထို့အပြင် ထိုကဲ့သို့ လိင်မှုကိစ္စအား အခြားမည်သူ့ကိုမျှ ထိခိုက်ခြင်း မရှိဘဲ ၎င်းတို့ ကိုယ်ပိုင်အိမ်တွင် လုံလုံခြုံခြုံ ပြုလုပ်ကြသူများအား စုံစမ်းစစ်ဆေး အပြစ်ပေးသည့် အပေါ် နားမလည်နိုင် ဖြစ်ရသည်။

*Brown စီရင်ထုံး* ပါ ဆုံးဖြတ်ချက်သည် ဥပဒေကော်မရှင်အား ပြစ်မှုဆိုင်ရာဥပဒေရှိ သဘောတူညီချက်ဆိုင်ရာ ပြဿနာအား တဖန် ပြန်လည် စစ်ဆေးနိုင်သည့် အခွင့်အလမ်းအား အဆင်သင့် ရရှိစေသည်။ အထက်လွှတ်တော်၏ စီရင်ချက်အား တုံ့ပြန်နိုင်သည့် အခွင့်အလမ်း ကောင်းတစ်ခုမျှသာမက ရေရှည်ကာလအစီအစဉ်တွင် နည်းဗျူဟာကျသည့် အရွေ့အဖြစ် အင်္ဂလန်နှင့် ဝေလပြည်နယ်တို့အတွက် ပြီးပြည့်စုံသော ပြစ်မှုဆိုင်ရာ ကိုဓဥပဒေအား ဖွံ့ဖြိုးလာစေရေးအတွက် ပိုအခရာကျသည့် အခွင့်အလမ်းဖြစ်ပါသည်။[၃၉] လူတစ်ဦးတစ်ယောက် အပေါ် ကျူးလွန်သည့် ပြစ်မှုများ တစ်ဆင့်ပြီးတဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီချက်အား ခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် ကြားဖြတ်အကြံပြုချက်များနှင့် ပြည့်နေသည့် အကြံဉာဏ် ရယူသည့် စာတမ်းတစ်စောင်အား ပြုစုခဲ့ သည်။[၄၀] ထို့ကြောင့် သဘောတူညီချက်ဖြင့် ပြုလုပ်သော အမှန်တကယ် ကိုယ်ခန္ဓာ ထိခိုက်နစ်နာမှုသည် ဥပဒေနှင့် အညီဖြစ်လာသည်။ လက်ခံကျင့်သုံးနေသည့် အင်္ဂလိပ်ရိုးရာဥပဒေ ချွင်းချက်များအတွင်း မပါဝင်ပါက သဘော တူသည်ဖြစ်စေ မတူသည်ဖြစ်စေ ပို၍ အပြင်းအထန် အကြမ်းဖက် နာကျင်စေခြင်းမှုကား ပြစ်မှုမြောက်ဆဲပင် ဖြစ်သည်။ လက်တွေ့အလုပ်ဖြစ်ရေးအတွက်သာ ထင်ထင်ရှားရှား ဦးစားပေးထားခြင်းနှင့် သီအိုရီအခြေပြုမှု မရှိခြင်းတို့ကြောင့် ဥပဒေကော်မရှင်၏ အကြံပြုချက် စာတမ်း (LCCP) အမှတ် ၁၃၄ သည် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခံရသည်။ ထိုဝေဖန်သူများထဲတွင် အခြေခံမူဝါဒ ဦးတည်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် အားပေးခဲ့ကြသည့် သဘောထားမှတ်ချက် ပေးသူများပင် ပါဝင်သည်။[၄၁] တုံ့ပြန်ချက်အနေဖြင့် ဥပဒေကော်မရှင်သည် ပုံမှန်နည်းလမ်းအတိုင်း

ဖြစ်သည့် နောက်ဆုံး အစီရင်ခံစာကို ထုတ်ပြန်ရန် ဆက်လက် ဆောင်ရွက်ခြင်းမပြုဘဲ ဒုတိယ အကြိမ် အကြံပြုချက် တောင်းခံခြင်းကို မထင်မှတ်ဘဲ ဆောင်ရွက်ခဲ့သည်။ ဤဒုတိယအကြိမ် အကြံပြုချက်ပေးသည့် လုပ်ငန်းစဉ်တွင် ပိုမိုခိုင်မာ အားကောင်းသည့် အတွေးအခေါ်ပိုင်းဆိုင်ရာ အမြင်များထည့်သွင်းရန်အတွက် အတိုင်ပင်ခံ ပညာရှင်အဖြစ် စာရေးသူက ပါဝင်ဆောင်ရွက်ခဲ့သည်။

ပို၍ ကြီးမားထူထဲသော အကြံပြုချက်စာတမ်း (LCCP) အမှတ် ၁၃၉ အား အချိန်ကိုက် ပုံနှိပ် ထုတ်ဝေခဲ့သည်။[၆၂] ၎င်းစာတမ်းတွင် ရှုပ်ထွေးနက်နဲ၍ မသိမသာကွဲပြားသည့် ပြုပြင် ပြောင်းလဲရေးနည်းများ ပိုမိုပါဝင်ပါသည်။ ဤနေရာတွင် ၎င်းအသေးစိတ်နည်းများအား ထိန်းသိမ်းထားရန် မလိုအပ်ပါ။ ပို၍ ဆက်စပ်အကျုံးဝင်သည်ကို ပြဆိုရသော် စာရေးသူ ပြုစုထားသည့် အသေးစိတ်ရှင်းလင်းချက်များပါဝင်သော စာတမ်းငယ် တစ်ခုလုံးကိုသော် လည်းကောင်း သို့မဟုတ် အနည်းငယ်ကိုလည်းကောင်း ပုံနှိပ်ထုတ်ဝေရန် ဥပဒေ ကော်မရှင်က ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ စာတမ်းငယ်၏ ခေါင်းစဉ်မှာ ‘သဘောတူညီချက်နှင့် ပြစ်မှုဆိုင်ရာ ဥပဒေ – ဒဿနအမြင်ဆိုင်ရာ အခြေခံများ’ ဖြစ်ပြီး အကြံပြုချက် စာတမ်း (LCCP) အမှတ် ၁၃၉ ၏ နောက်ဆက်တွဲအဖြစ် ‘Mr. Paul Roberts ထံမှ ကျွန်ုပ်တို့ လက်ခံရရှိထားသည့် အထွေထွေ အကြံပြုချက်များ’ ဟူ၍ အမည်တပ်ထားသည်။ ဥပဒေပြုပြင် ပြောင်းလဲရေး မူဝါဒများ သို့မဟုတ် ဆောင်ရွက်ချက်များအား သီးသန့် အကြံပြု ဆွေးနွေးထားခြင်းထက် ပြစ်မှုဆိုင်ရာဥပဒေရှိ အကျိုးပျက်စီးနစ်နာမှုအပေါ် သင့်လျော်သည့် သဘောတူညီမှု၏ အခန်းကဏ္ဍအကြောင်း စဉ်းစားခြင်းအတွက် ကျိုးကြောင်းဆက်စပ်မှုကွန်ရက်အား စာရေးသူ၏ စာတမ်းငယ်က အတိုချုံး ရေးသားဖော်ပြထားသည်။ စာတမ်းငယ်သည် ပြစ်မှုဆိုင်ရာဥပဒေ၏ ကျင့်ဝတ်ဆိုင်ရာ ကန့်သတ်ချက်များအကြောင်း ဒဿနိကဗေဒအမြင်ဖြင့် သီအိုရီဖော်ထုတ်ခြင်းအပေါ် အခြေခံ ထားသည်။ ထို့အပြင် ပြစ်မှုအဖြစ် ဥပဒေ သတ်မှတ်ပြဋ္ဌာန်းသည့် ဆုံးဖြတ်ချက်များသည် အသုံးဝင်ကြောင်း သို့မဟုတ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်ဟူသော အခြေခံပိုကျသည့် တန်ဖိုးများ ဖြစ်သည့် ပုဂ္ဂလိက ကိုယ်ပိုင်လုပ်ပိုင်ခွင့်၊ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေး လွတ်လပ်မှု၊ ရုပ်ပိုင်းဆိုင်ရာ တည်ကြည်မှုနှင့် အစစ်အမှန်ဖြစ်မှုတို့အားလည်း ဒဿနိကဗေဒ အမြင်ဖြင့် သီအိုရီဖော်ထုတ် ထားသည်။ ‘အကယ်၍ ကျွန်ုပ်တို့က ဤအကြံပြုချက်အား [အကြံပြုချက်စာတမ်း (LCCP) အမှတ် ၁၃၉] ကို ဖြေဆိုသူများအတွက် ရရှိနိုင်အောင် ဆောင်ရွက်ပါက ၎င်းတို့အား များစွာ အထောက် အကူပြုနိုင်ပေမည်’ ဟု ကော်မရှင်က စဉ်းစားခဲ့သည်။ နောက်ဆက်တွဲ (ဂ) တွင် ရေးဆွဲထားသည့် ခုခံချေပ ဆွေးနွေးချက် အယူအဆသည် အကြံပြုချက်စာတမ်း၏ အဓိကအပိုင်းတွင် ပါဝင်သော ခိုင်မာသည့် အဆိုပြုချက်အချို့အား တဖြည်းဖြည်း တန်ဖိုးလျော့ပါးစေမည့် အလားအလာ ရှိသည်။[၆၃] အထူးသဖြင့် ဒဏ်ရာအနာတရဖြစ်ခြင်း၏ ပြင်းထန်မှုအပေါ် ကနဦး သို့မဟုတ် အလုံးစုံ မူတည်ထားသည့် ‘အရေအတွက် အခြေပြု ချဉ်းကပ်မှု’ သည် အလွန်ကွဲပြား ခြားနားသည့် လူမှုအသိုက်အဝန်းနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေအနေများအတွင်း ပြစ်မှုဆိုင်ရာ ဥပဒေ၏ ကိုယ်ကျင့်တရားဆိုင်ရာ ကန့်သတ်ချက်များအား ကျေကျေနပ်နပ် သတ်မှတ်နိုင်ခြင်း မရှိကြောင်း

စာရေးသူက ခုခံချေပ ဆွေးနွေးခဲ့ပါသည်။ အဆိုပါ အခြေအနေများအတွင်း၌ သဘောတူညီချက်သည် ပြစ်မှုဆိုင်ရာ တာဝန်မကင်းခြင်းအား အချည်းအနှီးဖြစ်စေနိုင်ခြေရှိသည်။

အကြံပြုချက်စာတမ်း (LCCP) အမှတ် ၁၃၉ သည် ပါးလွှာသေးငယ်သည့် ယခင်စာတမ်းထက် စုံလင်ကွဲပြားသည့် လူထုပရိသတ်ထံမှ တုံ့ပြန်ချက်များ ပိုမို ရရှိသည်။ ပြစ်မှုဆိုင်ရာ ဥပဒေရှိ သဘောတူညီချက်အပေါ် ဒုတိယအကြိမ်မြောက် အကြံပြုချက်တောင်းခံခြင်းသည် အနှစ် ၂၀ ကျော်လာသည့်တိုင်အောင် ခရေစေ့တွင်းကျ အသေးစိတ်လုပ်ဆောင်ရသော တန်ဖိုးရှိသည့် အလေ့အကျင့်တစ်ခု ဖြစ်ကြောင်း စာရေးသူက ယုံကြည်လက်ခံနေဆဲ ဖြစ်သည်။[၄၄] သို့ရာတွင် ထပ်မံ၍ အကြံပြုချက်တောင်းခံခြင်းမှ လက်ခံရရှိသည့် တုံ့ပြန်ချက်များအရ ဥပဒေကော်မရှင်သည် ဤအကြောင်းအရာနှင့် ပတ်သက်သည့် နောက်ဆုံး အစီရင်ခံစာအား မထုတ်ပြန်နိုင်ခဲ့ပါ။ လူပုဂ္ဂိုလ်အား သေစေလောက်အောင် မပြင်းထန်သည့် အင်္ဂလိပ်ပြစ်မှုဆိုင်ရာဥပဒေသည် ရေးကျသည့် လက္ခဏာရပ်များနှင့် လူပုဂ္ဂိုလ်အပေါ် ကျူးလွန်သည့် ပြစ်မှုများ အက်ဥပဒေ ၁၈၆၁ ခုနှစ်ပါ စာသားများဖြင့် ယနေ့ထိတိုင် လွှမ်းမိုးနေဆဲ ဖြစ်သည်။[၄၅] ထို့ကြောင့် ဥပဒေပြုပြင်ပြောင်းလဲရေး တိုက်ရိုက် အသုံးအနှုန်းအရ အကြံပြုချက်စာတမ်းနှစ်စောင်စလုံးသည် ဥပဒေပြုပြင်ပြောင်းလဲရေးအတွက် မည်သည့် ရလဒ်မျှ မထွက်ပေါ်ခဲ့ပေ။ ထပ်မံပြုလုပ်မည့် အကြံပြုချက်တောင်းခံခြင်း အလေ့အကျင့်တွင် ဒဿနိကဗေဒ အရင်းအမြစ်များအား ထပ်မံ ပေါင်းစပ်ထည့်သွင်းခြင်းကို ဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်တစ်ခုခု ထွက်ပေါ်လာနိုင်မည်လားအပေါ် တစ်ဦးတစ်ယောက်က အံ့သြကောင်း အံ့သြပေလိမ့်မည်။[၄၆] လစ်ဘရယ်ဒီမိုကရေစီစနစ်တွင် ဥပဒေပြုပြင် ပြောင်းလဲရေးအား တရားဝင်နည်းလမ်းတကျ ဆောင်ရွက်ရန် အထောက်အပံ့ပေးမည့် ကျိုးကြောင်းဆီလျော်မှုရှိရှိ၊ အချက်အလက် ပြည့်ပြည့်စုံစုံနှင့် ဆွဲဆောင်နိုင်သည့် ခုခံဆွေးနွေးချက်အား ယုံကြည်လက်ခံထားသည့် တန်ဖိုးအပေါ် အားလုံး မူတည်နေပါသည်။ တစ်ဦးတစ်ယောက်၏ ပထမ ဦးစားပေးသည် အဓိကကျသည့် အောင်မြင်မှုဖြစ်ပါက အကြံပြုချက်စာတမ်း (LCCP) အမှတ် ၁၃၄ ဖြင့် အားထုတ်ကြိုးစားခဲ့သည့် နည်းလမ်းတကျ မပြည့်မစုံ ချဉ်းကပ်မှုနည်းလမ်း (quick-and-dirty approach) အား အသုံးပြုရန် အများစုက အကြံပြုတိုက်တွန်းကြသည် (သို့သော်ငြား ဤနည်းဗျူဟာသည် ကြိုးစားခဲ့သော်လည်း မအောင်မြင်ကြောင်း ဤဥပမာဖြင့် အမှတ်ရစေသည်)။ စာရေးသူ၏ ကိုယ်ပိုင်အမြင်အရ ဆိုသော် အကြံပြုချက်စာတမ်း (LCCP) အမှတ် ၁၃၉ သည် ပြစ်မှုဆိုင်ရာဥပဒေရှိ သဘောတူခွင့်ပြုချက်၏ အခန်းကဏ္ဍက ဖော်ထုတ်ထားသည့် ရှုပ်ထွေးပွေလီသည့် ပြဿနာပေါင်းစုံကို အားထည့်ဖော်ပြထားသည်။ ထို့နောက် ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးငြင်းခုံနိုင်ရန် အတွက်သာမက ချက်ကျလက်ကျ ပြန်လည် စဉ်းစားဆင်ခြင်နိုင်ရန်အတွက်ပါ လမ်းဖွင့်ထားပေးသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းအပေါ် ဒဿနိက အမြင်ဆိုင်ရာ သတင်းစကားပါးခြင်းအား မေးခွန်းမထုတ်ဘဲ နိုင်ငံရေးအရ ရှုံ့ချခြင်းကို မဆိုင်းမတွ လက်ခံနိုင်ကြသည်။[၄၇]

ဥပဒေသုတေသနရှိ ပညာရပ်စုံချိတ်ဆက်လေ့လာခြင်းအတွက် ပထမဆုံး သာဓကမှာ အဆင့်အများအပြားအား မျက်စိဖွင့်ပေးခြင်း ဖြစ်သည်။ သတ်မှတ်ထားသည့် သုတေသန

မေးခွန်းများအား အစဉ်အလာ လက်တွေ့မျက်မြင် ဥပဒေခွဲခြမ်းစိတ်ဖြာလေ့လာမှုအား အားကိုးအားထားပြုခြင်းဖြင့် မဖြေဆိုနိုင်သောအခါ ပညာရပ်စုံချိတ်ဆက်လေ့လာမှုနည်းလမ်းများ လိုအပ်ကြောင်း ဤပထမဆုံးသာဓကဖြင့် အခြေခံကျကျ သရုပ်ဖော်ပြသပါသည်။ အကြံပြုချက်စာတမ်း (LCCP) အမှတ် ၁၃၄ သည် ၎င်း၏ ကျဉ်းမြောင်းသည့် အယူအဆ အခြေခံအပေါ် မူတည်၍ ပြုစုထားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာ တာဝန်ရှိမှုကို တရားဝင်တိုင်းတာသည့် အချက်အလက်များအား သတ်မှတ်ရန်အတွက် အင်္ဂလိပ်ရိုးရာဥပဒေတွင် ပညာရပ်ဆိုင်ရာ အရင်းအမြစ်များ မရှိပေ။ သို့တည်းမဟုတ် ၎င်းရှိ အယူအဆဆိုင်ရာ အတန်းအစားများနှင့် အတန်းအစားအလိုက် ကွဲပြားခြားနားခြင်းအား ချိန်ညှိရန်အတွက်တောင်မှ ပညာရပ်ဆိုင်ရာ အရင်းအမြစ်များ မရှိပေ။ ကိုယ်ကျင့်တရားနှင့် နိုင်ငံရေးတန်ဖိုးများအား သတ်မှတ်ရန်အလို့ငှာ ဒဿနဆိုင်ရာ အကူအညီရရှိရန်အတွက် အကြံပြုချက်စာတမ်း (LCCP) အမှတ် ၁၃၉ က ထောက်ပံ့ပေးသည်။ ထိုသို့ထောက်ပံ့ပေးခြင်းဖြင့် ဥပဒေစည်းမျဉ်းများအတွက် ယုံကြည် စိတ်ချရသည့် သီအိုရီပိုင်းဆိုင်ရာ ကျိုးကြောင်း ဆီလျော်မှုကို ပေးအပ်နိုင်ပြီး အပြန်အလှန် အားဖြင့် အသေးစိတ် ပြစ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းရန် မူကြမ်းပြုစုရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။[၆၈] ဥပဒေ ပြုပြင်ပြောင်းလဲရေးတွင် ဒဿနိကဗေဒအား လက်တွေ့ကျကျ ထည့်သွင်း အသုံးချခဲ့ကြောင်း ဤဥပမာက သိသာထင်ရှားစေသည်။ ဒဿနိကဗေဒနှင့် 'လက်တွေ့အသုံးချ အသိဉာဏ်' အကြား နီးနီးကပ်ကပ်ဆက်နွယ်မှုကို သိမြင်ပြီးဖြစ်သည့် စာဖတ်သူများကမူ ဤအချက်အား ထူးခြားအံ့သြလိမ့်မည်မဟုတ်ပေ။ သို့သော် 'ဒဿနိကဗေဒ' အား ဆင်စွယ်နန်းတော်ကဲ့သို့ စိတ်ကူးမျှော်မှန်းသည့် စာဖတ်သူများအတွက်မူ ၎င်းတို့၏ မှားယွင်း နေသည့် ထင်မြင်ယူဆချက်များအား ပြန်လည်ဆင်ခြင်စဉ်းစားနိုင်ရန်အတွက် 'လက်တွေ့ကမ္ဘာ' ရှိ ပြဿနာများမှ လုံးလုံးလျားလျား ခွဲထုတ်လိုက်ရန် တွန်းအားဖြစ်သည်။ ဒဿနိကဗေဒအား ခက်ခဲနက်နဲခြင်းထက် နားမလည်နိုင်သော သီအိုရီဆိုင်ရာ ပဟေဠိတစ်ခုနီးပါး ဖြစ်သည့်ပညာရပ် တစ်ခုအဖြစ် အများအပြား လက်ခံထားသည်။[၆၉] ထို့အပြင် ဥပဒေပြုပြင် ပြောင်းလဲရေး သမားများက တစ်ခါတစ်ရံ လမ်းလိုက်လွဲနေတတ်သော်ငြား ယခင်အပိုင်းတွင် တင်ပြထားသည့်အတိုင်း သုတေသနမေးခွန်းများနှင့် လိုက်ဖက်သည့် နည်းလမ်းများအား တွဲစပ်နိုင်ရေးအတွက် ပညာရပ်ဆိုင်ရာ မှန်ကန်တိကျခိုင်မာခြင်း (နည်းစနစ်ပိုင်းဆိုင်ရာ မှန်ကန်တိကျခိုင်မာခြင်း အပါအဝင်) အား အသေးစိတ်လေ့လာရန် အမြဲလိုအပ်ပါသည်။

ဤဥပမာရှိ ဒဿနအမြင်ဆိုင်ရာ ခုခံချေပဆွေးနွေးချက်အား အားကိုးအားထားပြုခြင်းအား 'ပညာရပ်စုံချိတ်ဆက်လေ့လာမှု' အဖြစ် အမှန်အကန် အရည်အသွေးပြည့်မီကြောင်း မေးခွန်းထုတ်ရမည် ဖြစ်သည်။ အားလုံးပြီးဆုံးပြီးနောက် သီအိုရီဆိုင်ရာ ကျိုးကြောင်းဆီလျော်မှုရှိခြင်းသည် အယူအဆအခြေပြုလေ့လာဆန်းစစ်မှုများအတွက် မရှိမဖြစ် ဖြစ်သည်။ ထို့ကြောင့် ပြင်ပမှနေ၍ ပညာရပ်စုံချိတ်ဆက်လေ့လာမှုအား တင်သွင်းခြင်းထက်စာပါက သမားရိုးကျ ဥပဒေနည်းလမ်း၏ အစိတ်အပိုင်းအဖြစ် အကျိုးသင့်အကြောင်းသင့် သတ်မှတ်ရမည် ဖြစ်သည်။ အချက် (၄) ချက်ဖြင့် တုံ့ပြန်နိုင်သည်။ ပထမအချက်မှာ (သီအိုရီအရ ကောင်းမွန်သည့်) အယူအဆအခြေပြု

လေ့လာဆန်းစစ်မှုနှင့် ဒဿနအမြင်ဆိုင်ရာ ခုခံချေပဆွေးနွေးခြင်းတို့အကြား အသေအချာ နီးနွယ်ဆက်စပ်မှုရှိပြီး ၎င်းဆက်နွယ်မှုသည် တိတိကျကျ အနက်အဓိပ္ပာယ် ဖွင့်ဆိုသည့် နည်းလမ်းများ၊ အယူအဆဆိုင်ရာ လေ့လာဆန်းစစ်ခြင်းနှင့် ကျိုးကြောင်းဆီလျော်သည့် ကောက်ချက်များတွင် ဝေမျှအခြေပြုလျက်ရှိကြသည်။ ပညာရပ်နယ်ပယ် နှစ်ခုစလုံးသည် ဘာသာစကားအား တိတိကျကျ လိုက်နာကြပြီး ရှင်းလင်းတိကျစွာ ဖွင့်ဆိုဖော်ပြရန်အတွက် ဆန္ဒပြင်းပြကြသည်။ နှိုင်းချင့်သုံးသပ်ခြင်းနှင့် တိုးတက်ကောင်းမွန်လာအောင် ပြုပြင်မွမ်းမံခြင်းနှစ်မျိုးစလုံးအပေါ် ခုခံချေပဆွေးနွေးမှု အရည်အသွေးက အဓိက မှီတည်နေသည်။ မည်သို့ပင်ဆိုစေကာမူ ဒုတိယအချက်အနေဖြင့် (ဥပဒေ၏ သီအိုရီပိုင်းအဖြစ်) ဥပဒေသိပ္ပံပညာ နှင့် (တရားဥပဒေအကြောင်းအရာများနှင့် သက်ဆိုင်သည့် ဒဿနိကဗေဒ၏ အစိတ်အပိုင်းအဖြစ်) ဥပဒေ၏ ဒဿနိကဗေဒတို့အကြား လက်တွေ့ကျကျ ခုခံချေပနိုင်သည့် ဆန့်ကျင်ဘက် အရာများအား ကွဲကွဲပြားပြားတည်ဆောက်ရန် ဖြစ်နိုင်သည်။ ဤသို့တည်ဆောက်ရာတွင် ဤအခန်း၏ အစောဆုံးအပိုင်းတွင် ဖော်ပြပြီးဖြစ်သည့် ပညာရပ်များအား ခွဲခြားထားသည့် အဖွဲ့အစည်းဆိုင်ရာ ဝိသေသလက္ခဏာရပ်များအရ တည်ဆောက် သွားရမည် ဖြစ်သည်။ အကြံပြုချက်စာတမ်း (LCCP) အမှတ် ၁၃၉ တွင် စာရေးသူ၏ အကြံပြု ထည့်သွင်းချက်များသည် ဒဿနိကဗေဒဆိုင်ရာ အရင်းအမြစ်များအပေါ် များစွာ မှီတည်ထားခြင်းကြောင့် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုအဖြစ် စာရေးသူက သတ်မှတ်ထားသည်။ ၎င်းဒဿနိကဗေဒ အရင်းအမြစ်များသည် ပညာရပ်ဆိုင်ရာ သို့မဟုတ် လက်တွေ့လုပ်ကိုင်လျက်ရှိသည့် ပြစ်မှုဆိုင်ရာရှေ့နေ၏ စံသတ်မှတ်ချက် အစိတ်အပိုင်းများ မဟုတ်ခြင်းကြောင့် ဖြစ်သည်။ ၎င်း၏ ခုခံချေပဆွေးနွေးချက်များသည် အယူအဆဆိုင်ရာ ကျိုးကြောင်းဆက်စပ်မှုရပ်တန့်လေ့ရှိသည့် အဆင့်ထက်ကျော်လွန်ပြီး အလိုအလျောက် ကျော်လွန်သွားသည်။ ထို့အပြင် ဆွေးနွေးသည့်အရာအပေါ် ခိုင်မာသည့်သက်သေမရှိဘဲမှတ်ယူခြင်းထက် (မေးခွန်းများအား တောင်းဆိုသည့် ပုံစံ - question-begging fashion) ကျော်လွန်ခုခံချေပ ဆွေးနွေးပါသည်။ မည်သို့ပင်ဖြစ်စေ တတိယအချက်အနေဖြင့် ဥပဒေသိပ္ပံပညာနှင့် ဥပဒေဒဿနိကဗေဒတို့အကြား ကွဲပြားခြားနားခြင်းသည် ဆက်စပ်သည့် အတိုင်းအဆ ပမာဏဖြစ်ပြီး ကြည့်ရှုသူ၏ အမြင်ပေါ်တွင်သာ မူတည်ပြီး အချိန်နှင့်အမျှ ပြောင်းလဲမည်မှာ အသေအချာပင် ဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်း၏ သီအိုရီဆိုင်ရာ အခြေခံများအပေါ် အသေးစိတ်လေ့လာခြင်းသည် လက်တလောနှစ်များတွင် လျင်လျင်မြန်မြန် ဖွံ့ဖြိုးလာကြသည်။ ဥပမာအားဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ က ဒဿနိကဗေဒဘာသာရပ်မှ စာရေးသူက မောင်ပိုင်စီးထားသည့် ခုခံချေပဆွေးနွေးချက်များနှင့် အယူအဆတစ်ချို့တို့အား ဥပဒေအတွင်း ထည့်သွင်းထားပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် ပြစ်မှုဆိုင်ရာဥပဒေသီအိုရီ၏ နယ်ပယ်ခွဲတစ်ခုအဖြစ် မှတ်မှတ်သားသား ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ဖြစ်သည်။[၅၀] ဤဖြစ်ရပ် တစ်ခုလုံးသည် ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပြီး ဥပဒေဆင့်ကဲ ပြောင်းလဲတိုးတက်လာခြင်းအတွက် ဉာဏ်ပညာ ပြည့်စုံသည့် ပညာရပ်အဖြစ် ပညာရပ်စုံချိတ်ဆက် လေ့လာမှုအား ထည့်သွင်းခြင်းအပေါ် ကြိုဆိုပါသည်။ စတုတ္ထနှင့် နောက်ဆုံးအချက်အနေဖြင့် ယနေ့ခေတ်ကာလတွင် ဥပဒေအထူးပြု ဘာသာရပ် များစွာ၏ သီအိုရီအခြေခံများ ဖွံ့ဖြိုးတိုးတက်လာရန် ရေးရှုပြီး သိသာထင်ရှားသည့် ယေဘုယျ အလားအလာဖြစ်သော်ငြား အချို့

အကြောင်းအရာများနှင့် ဥပဒေနယ်ပယ်များသည် အခြားနယ်ပယ်များထက် သီအိုရီအရ ပို၍ အချက်အလက် ပြည့်စုံနေဆဲပင်ဖြစ်သည်။ ပညာရပ်စုံ ချိတ်ဆက်လေ့လာခြင်းအပေါ် နားလည် သဘောပေါက်မှုအား ဥပဒေအထူးပြု ဘာသာရပ်ခွဲများအကြား ကွဲပြားခြားနားစွာ အသုံးချ ပေလိမ့်မည်။ ဥပမာအားဖြင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ သီအိုရီဖော်ထုတ်ခြင်း သို့မဟုတ် ရုပ်လွန် ပညာဆိုင်ရာ အမြင်များအား ကာလရှည်ကြာ ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု၏ အဆုံးသတ် ရလဒ်အဖြစ် ဥပဒေပညာရပ် အချို့နယ်ပယ် များတွင် နှလုံးသွင်း လက်ခံကာ ယဉ်ပါးအောင် ပြုလုပ်ပြီး ဖြစ်ကြသည်။ စွန်းဦးတီထွင်သူ ပညာရှင်များက ဆောင်ရွက်မည့် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု သုတေသနအတွက် အခွင့်အလမ်းအသစ်များအား တင်ပြခြင်းဖြင့် အယူအဆအခြေပြု လေ့လာဆန်းစစ်မှုရှိ အခြားနယ်ပယ်များအတွက် မသက်ဆိုင်သော ပြင်ပအကြောင်းအရာအဖြစ် ရှုမြင်ကောင်း ရှုမြင်ပေ လိမ့်မည်။

## ၂။ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းများအား လူမှုရေးရာ ဥပဒေ သုတေသန ပြုခြင်း

ဘရစ္စတိုတက္ကသိုလ်တွင် Chris Willmore ဦးဆောင်သည့် လက်တွေ့မျက်မြင်အခြေပြု စီမံကိန်း တစ်ခု၌ သုတေသီအဖြစ် စာရေးသူအား ငှားရမ်းချိန်တွင် လူမှုရေးရာဥပဒေ သုတေသနတွင် စာရေးသူအနေဖြင့် မတော်တဆ ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ပြစ်မှုဆိုင်ရာ တရားမျှတမှုဆိုင်ရာ Runciman တော်ဝင် ကော်မရှင် (၁၉၉၁-၉၃)[၅၁] ၏ ကိုယ်စား ပြစ်မှုဆိုင်ရာ အမှုတွဲများ[၅၂]တွင် မှုခင်းဆေးပညာသိပ္ပံအချက်အလက် သက်သေများ၏ အခန်းကဏ္ဍအား စူးစမ်းလေ့လာရန် ရည်ရွယ်သည်။ ဤစွမ်းဆောင်ရည် အတောအတွင်းသာမက လူမှုရေးရာဥပဒေပညာရှင် (Gwynn Davis) နှင့် ပြစ်မှုဗေဒပညာရှင် (Rod Morgan) တို့၏ လမ်းညွှန်ချက်အောက်တွင် ပြစ်မှုဆိုင်ရာတရားမျှတမှု ပညာရှင်များ[၅၃] နှင့်အတူ တစ်စိတ်တစ်ပိုင်း ပြင်ဆင်ထားသည့် အရည်အသွေးအခြေပြုအင်တာဗျူး အတွေ့အကြုံကို စာရေးသူ ရရှိခဲ့သည်။ အဆိုပါ အင်တာဗျူးအတွေ့အကြုံအား စာရေးသူ၏ ပါရဂူဘွဲ့ ကျောင်းသားများအား ထိုအချိန် ကတည်းကပင် ပြန်လည် မျှဝေခဲ့သည်။ အဆိုပါ အကျိုးများ သည့် ပူးပေါင်းဆောင်ရွက်မှုများတွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုများအား တရားစွဲဆိုမှု ဆိုင်ရာ Crown ဝန်ဆောင်မှု (Crown Prosecution Service-CPS) ရှိ အလုပ် (နှင့် လုပ်ငန်းခွင်များ) တွင် ဗဟိုပြုထားသည့် နောက်ထပ်ပြုလုပ်သည့် သုတေသနလည်း[၅၄] ပါဝင်သည်။

ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုများသည် ပညာရပ်စုံချိတ်ဆက် လေ့လာသည့် နည်းလမ်းများ လိုအပ်သည့် စံနမူနာ သုတေသနအမျိုးအစားဖြစ်သည်။ အမှန်အားဖြင့် ဤအကြောင်းအရာအား လူသားဆိုင်ရာသိပ္ပံပညာရပ်များရှိ ကဏ္ဍတစ်ရပ်အတွက် ‘မူပိုင်ခွင့်’ ချမှတ်ပေးရန်မှာ မဖြစ်နိုင်သကဲ့သို့ အဓိပ္ပာယ်လည်း မရှိပေ။ ပြစ်မှုဗေဒပညာသည် ပင်ကိုယ်အားဖြင့် ပညာရပ်စုံချိတ်ဆက်လေ့လာမှုပင်ဖြစ်ပြီး ရဲလုပ်ငန်းလေ့လာမှုများ၊ ထိခိုက် နစ်နာသူများအား စိတ်ပညာသဘောဖြင့် လေ့လာခြင်း (victimology) နှင့် ထောင်များကို

စီမံအုပ်ချုပ်ခြင်း အတတ်ပညာ (penology) တို့ကဲ့သို့ ပြစ်မှုဗေဒ၏ သီးသန့်ဘာသာရပ် အခွဲများသည် တရားလိုရှေ့နေဆိုင်ရာမူဝါဒနှင့် ကျင့်သုံးပုံများတွင် အထူး စိတ်ပါဝင်စား ကြသည်။ တရားစွဲဆိုမှုများ (သို့မဟုတ် တရားစွဲဆိုမှု မရှိခြင်း) သည်လည်း ဣတ္ထိယဝါဒီ ပညာရှင်များနှင့် ဆန်းစစ်ဝေဖန်နိုင်း ချိန်တတ်သော ပြစ်မှုဗေဒပညာရှင်များမှ ဆောင်ရွက်သည့် အားလုံးနှင့် ဆက်နွှယ်နေသော လေ့လာမှု ဝိသေသတစ်ခုပင် ဖြစ်သည်။[၇၅] အဆိုပါ သုတေသနအား နှိုင်းယှဉ် လေ့လာသည့် အမြင်များဖြင့် အချက်အလက် ပိုမို ပြည့်ပြည့်စုံစုံရှိစေပြီး သီအိုရီမူဘောင်အတွင်း ထည့်သွင်းခြင်းဖြင့် ဂလိုဘယ်လိုင်ဇေးရှင်းဖြစ်စဉ်၊ လူသားအားလုံး သာတူညီမျှရှိခြင်းဝါဒ (cosmopolitanism)၊ အန္တရာယ်၊ ယုံကြည်မှု၊ တရားဝင်ဖြစ်မှုနှင့် ဂုဏ်သိက္ခာတို့ကို အလေးထား ပါသည်။[၇၆] သေချာရန်အလို့ငှာ ပြစ်မှုကြောင်းအရ တရား စွဲဆိုမှုများအကြောင်း မေးမြန်းထားသည့် စိတ်ဝင်စားဖွယ် သုတေသနမေးခွန်းများ ရှိပါသည်။ ၎င်းမေးခွန်းများအား အယူအဆအခြေပြု ဥပဒေခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်မှု အစဉ်အလာ နည်းလမ်းများအား အခြားလိုက်ဖက်သည့် နည်းစနစ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုများနှင့် ပေါင်းစပ် အသုံးပြုခြင်းဖြင့်သာ ဖြေဆိုနိုင်ပါသည်။ ဥပမာအားဖြင့် သီးခြား တရားစီရင်ပိုင်ခွင့် စနစ်တစ်ခုတွင် စွဲချက်တင်ရန်အတွက် သို့မဟုတ် အမှုများအား ဆက်လက်မစစ်ဆေးရန် တရားလိုပြရှေ့နေ၏ ဆင်ခြင်တုံတရားသည် တရားရေး ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအား လိုလိုလားလား လက်ခံမည်လား၊ လက်ခံပါက မည်သည့် အတိုင်းအတာအထိ လက်ခံမည်လဲ ဟူသည်ကို တစ်ဦးတစ်ယောက်က မေးမြန်းကောင်း မေးမြန်းနိုင်သည်။[၇၇] သို့တည်းမဟုတ်ပါက တရားလိုပြရှေ့နေ၏ အချို့သော လုပ်ဆောင်မှု ပုံစံများသည် အမှုစစ်ဆေးမှုများအား အမြဲတမ်း သို့မဟုတ် အကန့်အသတ်မရှိ ရပ်ဆိုင်းသွားရေး အတွက် လုပ်ငန်းစဉ်များအား အလွဲသုံးစား ပြုလုပ်ခြင်းဖြစ်ပါသလားဟူ၍လည်း မေးခွန်းထုတ် နိုင်သည်။[၇၈] ဤမေးခွန်းများသည် အနှစ်သာရရှိပြီး သီအိုရီအရ စိတ်ဝင်စားဖွယ်ကောင်းသည့် သုတေသနမေးခွန်းများဖြစ်ကြသည်။ ဝီရိယနှင့် စိတ်ကူးစိတ်သန်း ပေါင်းစပ်လက်ကိုင်ပြုပါက သီးခြား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နောက်ခံဝန်းကျင်များရှိ တရားရေးဆိုင်ရာ ပြန်လည် သုံးသပ်ခြင်းအတွက် သင့်လျော်သည့် နယ်ပယ်ဆိုင်ရာ အယူအဆအခြေပြုကိစ္စရပ်များအား ၎င်းမေးခွန်းများက ထပ်မံဖော်ထုတ် ပေးပါသည်။ ထို့အပြင် တရားသူကြီးများနှင့် ခုံသမာဓိ အဖွဲ့ဝင်များအကြား အာဏာနှင့် တာဝန်ယူမှုတာဝန်ခံမှုများ ခွဲဝေခြင်း၊ တရားသူကြီး သို့မဟုတ် ကြားနေခုံသမာဓိလူကြီးများက နှစ်ဖက်လျှောက်လဲချက်များကို ကြားနာစစ်ဆေးခြင်းပြုရသည့်ပုံစံ (adversarial model) ရှိ ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအတွက် ထည့်သွင်းအသုံးပြုခြင်း၊ သက်သေနှင့် အထောက် အထားများအား မေးခွန်းထုတ်ခြင်း၊ အစရှိသည်တို့နှင့် သက်ဆိုင်သော အယူအဆ အခြေပြု ကိစ္စရပ်များအားလည်း ဖော်ထုတ်ပါသည်။ ဤကဲ့သို့သော အကြောင်းအရာ များသည် ပညာရပ်စုံချိတ်ဆက် လေ့လာမှုအား (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သီအိုရီ၊ နှိုင်းယှဉ် လေ့လာမှု နိုင်ငံရေး၊ ပြစ်မှုဆိုင်ရာ လုပ်ငန်းစဉ်ရှိ လူမှုရေးရာဥပဒေလေ့လာမှု၊ တရားမျှတမှု ဆိုင်ရာ ဒဿနိကသီအိုရီများ၊ လူမှုရေးရာ သီအိုရီသဘောတရား အစရှိသည်တို့မှ) ထည့်သွင်းရန် ဖိတ်ခေါ်သည်။ သို့ရာတွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုများနှင့် နီးနွှယ်နေသည့် အရေးပါ သည့်

သုတေသနမေးခွန်းအချို့အား သမားရိုးကျ အယူအဆအခြေပြုနည်းလမ်းများဖြင့် ကိုင်တွယ်ဆောင်ရွက်နိုင်ကြောင်း စာရေးသူက မငြင်းပယ်လိုပါ။ အယူအဆအခြေပြု ချဉ်းကပ်မှုအားလုံးသည် တရားစွဲဆိုရာတွင် အဖွဲ့အစည်းဆိုင်ရာနယ်ပယ်များရှိ အစိတ်အပိုင်း အနည်းငယ်ကိုသာ 'ခဲရာခဲဆစ်' ကိုင်တွယ် ဆောင်ရွက်နိုင်သည်ဟူသည့် ရိုးစင်းသည့် အချက်ပင် ဖြစ်သည်။ ထို့ကြောင့် အကြောင်းအရာပိုင်း ပိုမို ကျယ်ပြန့်သည့် ဆောင်ရွက်မှုများ သို့မဟုတ် အားလုံးကို ပိုမိုခြုံငုံမိသော ဆောင်ရွက်မှုများကို ရည်မှန်းထားသည့် မည်သည့် သုတေသန အစီအစဉ်မဆို ပညာရပ်စုံချိတ်ဆက်လေ့လာမှု အစိတ်အပိုင်းများအား လိုလိုလားလား လက်ခံယုံကြည်ရမည်ဖြစ်သည်။

ပြစ်မှုကြောင်းအရတရားစွဲဆိုမှုများရှိ စိတ်ဝင်စားဖို့အကောင်းဆုံးနှင့် အရေးပါဆုံး အစိတ်အပိုင်းအများစုကို ဥပဒေအစီရင်ခံစာများအား အကြမ်းဖျင်း ကြည့်ရှုခြင်း သို့မဟုတ် ပြဋ္ဌာန်း ဥပဒေစာရင်းမှတ်တမ်းအား ပြန်လည်စိစစ်ခြင်းဖြင့် စုံစမ်းဖော်ထုတ်ခြင်း မပြုနိုင်ပေ။ အကြောင်းရင်းများမှာ အမျိုးစုံလင်သည့် နည်းလမ်းပေါင်းစုံရှိခြင်းကြောင့် ဖြစ်သည်။ ဥပဒေကျင့်သုံးပုံနှင့် ဥပဒေရှိ အခြားနယ်ပယ်အများအပြားအတွက်ပါ ရရှိသည့် အချက်အလက်များအပေါ် အခြေပြု၍ ချဲ့ထွင် တွက်ချက်နိုင်သော နည်းစနစ်ပိုင်းဆိုင်ရာ ထည့်သွင်း စဉ်းစားရမည့်အချက်များအား အသားပေးထားသည်။ Crown ဝန်ဆောင်မှု (CPS) အား ဥပဒေသတ်မှတ်ပြဋ္ဌာန်းကာ ဖွဲ့စည်းထားပြီး ၎င်း၏ တရားစီရင်ပိုင်ခွင့်နှင့် အဓိကကျသည့် အခွင့်အာဏာအတိုင်းအတာအား ဥပဒေသတ်မှတ် ပြဋ္ဌာန်းထားသော်ငြား[၅၉] အင်္ဂလန်နှင့် ဝေလပြည်နယ်တို့ရှိ နေ့စဉ်နှင့်အမျှ ဖြစ်သော ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုအများအပြားအား တစ်ဆင့်ခံ ဥပဒေ၊ အဖွဲ့အစည်းအတွင်းရှိ မူဝါဒလမ်းညွှန်ချက်နှင့် အဖွဲ့အစည်းအချင်းချင်းကြား ထားရှိသည့် သဘောတူညီချက်များဖြင့်သာ ထိန်းညှိထားသည်။ ထို့အပြင် ပွင့်လင်းမြင်သာမှုနည်းပါး၍ ရှေ့တန်းမှ ဆောင်ရွက်နေသည့် တရားလိုရှေ့နေအား လုပ်ငန်းဆိုင်ရာ ဆင်ခြင်တုံတရား များအား သိသိသာသာ အပ်နှင်းထားသည့် သမာရိုးကျလုပ်ငန်းများဖြင့် ထိန်းညှိထားသည်။ မူဝါဒဆိုင်ရာ တရားဝင်စာရွက်စာတမ်း အများစုသည် သုတေသီများအတွက် (အနည်းဆုံးအားဖြင့် အင်တာနက်မှနေ၍) လွယ်လင့်တကူ ရရှိနိုင်ပြီး ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုများ လုပ်ဆောင်မှုအကြောင်း အချက်အလက်များကိုမူ Crown ဝန်ဆောင်မှု (CPS) နှစ်ချုပ် အစီရင်ခံစာများ[၆၀]နှင့် တော်ဝင်စစ်ဆေးရေးအဖွဲ့က ထုတ်ဝေသည့် ဆန်းစစ် လေ့လာချက် အာဘော်များ[၆၁]ကဲ့သို့ တရားဝင်နောက်ဆက်တွဲအရင်းအမြစ်များမှ ကောက်သင်းကောက် သကဲ့သို့ တစ်စစီ ခက်ခက်ခဲခဲ ထုတ်နှုတ်ယူနိုင်သည်။ Crown ဝန်ဆောင်မှု (CPS) ၏ အဖွဲ့အတွင်း ညွှန်ကြားချက်နှင့် အခြား 'အလုပ်ဖြစ်သည့် ဥပဒေကြောင်းအရ စည်းနှောင်မှု မရှိသည့် သတ်မှတ်ချက်' အမျိုးအစားများသည် အယူခံတရားရုံး ဆုံးဖြတ်ချက်များတွင် ရှားရှားပါးပါး ထည့်သွင်းစဉ်းစားထားသည်။ တစ်စိတ်တစ်ပိုင်းသက်ဆိုင်သည့် အကြောင်းရင်းမှာ တရားစွဲဆိုမှုဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်းများသည် ဂျူရီအဖွဲ့က မဆုံးဖြတ်မီ ဖျက်ဆီးခြင်းခံရလေ့ရှိသည့် ဆောင်ရွက်ချက်များအဖြစ် ရလဒ်ထွက်ပေါ်စေခြင်းကြောင့် ဖြစ်ကြသည်။ တရားလိုရှေ့နေများသည် အခရာကျသည့် 'စောင့်ကြပ်

စစ်ဆေးသူများ’ ဖြစ်ကြပြီး ပြစ်မှုဆိုင်ရာ အမှုတွဲများတွင် လမ်းလွှဲသွားစေသည့် ကိုယ်စားလှယ်များလည်း ဖြစ်ကြသည်။[၆၂] ပြစ်မှုဆိုင်ရာ စစ်ဆေးစီရင်ခြင်းများသည် ၎င်းတို့ အလုပ်တာဝန်များ၏ အစိတ်ပိုင်းတစ်ရပ်သာဖြစ်သည်။ တရားလိုရှေ့နေလုပ်ငန်းများဟူသည့် ပင်လယ်ရေမျက်နှာပြင်ထက် မျောနေသည့် ရေခဲစိုင်ကြီး၏ ထိပ်ပိုင်းထက်ပို၍ လက်လှမ်းမီ လေ့လာလိုသည့် သုတေသီများသည် ပင်လယ်ပြင်အောင်ပိုင်းရှိ ရေခဲစိုင်အကြောင်းကိုလည်း မြင်သာအောင် စုံစမ်းလေ့လာရမည် ဖြစ်သည်။ မူဝါဒလမ်းညွှန်ချက်သည် မပြတ်မသား မရေရာသည့် ယေဘုယျ အခြေခံသဘောတရားများအဖြစ် ချမှတ်လေ့ရှိသည်။ အဆိုပါမူဝါဒ များသည် တစ်ခါတစ်ရံတွင် တစ်ခုနှင့်တစ်ခု အားပြိုင်နေကြပြီး ၎င်းတို့အား အတိအကျ အကောင်အထည်ဖော်သော်အခါ အကြောင်းအရာပိုင်း လိုက်လျောညီထွေရှိအောင် ပြင်ဆင်ရခြင်းနှင့် ချွင်းချက်ထားရခြင်းတို့အား အများအားဖြင့်လုပ်ဆောင်ရလေ့ရှိသည်။ ထို့အပြင် တရားလိုပြရှေ့နေနှင့် ဆိုင်သည့် နေ့စဉ်ပုံမှန်လုပ်ရိုးလုပ်စဉ်များတွင်တရားဝင်ချမှတ်ထားသည့် မူဝါဒများအား တိကျသေချာစွာ ကျင့်သုံးကြောင်း အာမမခံနိုင်ပေ။ ထိုသို့ကျင့်သုံးရာတွင် ဆောင်ရွက်ချက်တစ်ခုရှိ သက်ဆိုင်သည့် နယ်ပယ်များတွင်သော် လည်းကောင်း၊ တရားစွဲဆိုသည့် ပုံစံများအရသော်လည်းကောင်း၊ ဘုတ်အဖွဲ့တစ်ခုလုံးတွင် သော်လည်းကောင်း ချိတ်ဆက် ကျင့်သုံးကြသော်လည်း တိကျသေချာစွာ ကျင့်သုံးကြောင်းကိုမူ အာမခံနိုင်ခြင်း မရှိပေ။ ‘စာအုပ်များထဲရှိ ဥပဒေ’ အား ‘အကောင်အထည်ဖော်ကျင့်သုံးခြင်း’ ဖြင့် ဥပဒေအား မည်သို့ ကိုယ်စားပြု ထင်ဟပ်နိုင်မည်ကိုသော်လည်းကောင်း၊ မည်သို့ပြင်ဆင်ဖြည့်စွက်မည်ကိုသော် လည်းကောင်း၊ မည်သို့ လိုရာဆွဲပြောမည်ကိုသော်လည်းကောင်း အသေအချာ သိရှိရန်သာမက မည်သည့် ခြားနားကွာဟချက်များအတွက်မဆို အကြောင်းအရင်းများအား မှတ်တမ်းတင်ပြီး ဆန်းစစ်ရန်အတွက် တစ်ခုတည်းသောနည်းမှာ ‘လက်တွေ့ ကွင်းဆင်း’ ၍ မျက်မြင်အခြေပြု လေ့လာမှုများ ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

လက်တွေ့ကွင်းဆင်းလေ့လာခြင်းသည် လူမှုရေးရာဥပဒေလေ့လာမှုများအတွက် အဓိကကျသည့် နည်းစနစ် အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။[၆၃] လက်တွေ့ကွင်းဆင်းခြင်းတွင် ထင်ရှားကွဲပြားသည့် နည်းလမ်းနှင့် ကျွမ်းကျင်မှုများ အများအပြား ပါဝင်သည်။ ဆက်သွယ်ခြင်း၊ နမူနာရွေးချယ်သတ်မှတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ ကျိုးကြောင်းညီညွတ်ခိုင်လုံအောင်ပြုလုပ်ခြင်း၊ စာရင်းအင်းပညာနည်းဖြင့် တွက်ချက်ခြင်းနှင့် သုတေသနကျင့်ဝတ်များ စသည့် နည်းလမ်းနှင့် ကျွမ်းကျင်မှုများ ပါဝင်သည်။ ၎င်းတို့အား ဤစာအုပ်၏ အခြားအခန်းများတွင် ပိုမိုအပြည့်အစုံ အကျေအလည် ဆွေးနွေးတင်ပြထားသည်။ ဥပဒေဝန်ဆောင်မှုပေးနေသည့် Crown ဝန်ဆောင်မှု (CPS) မှ တရားလိုရှေ့နေများအား တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသည့် မေးခွန်း ဖြင့် အင်တာဗျူးမေးမြန်းခြင်း၊ Crown ဝန်ဆောင်မှု (CPS) ရှိ အမှုတွဲများအား ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်းနှင့် လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ စူးစမ်းလေ့လာခြင်းတို့ကို စာရေးသူ၏ ကိုယ်ပိုင်လက်တွေ့မျက်မြင် အခြေပြုသုတေသနတွင် အသားပေး အသုံးပြုထားသည်။ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းများအား အမှန်တကယ် ကိုင်တွယ်ဆောင်ရွက်ရာတွင် တရားလိုရှေ့နေများသည် ကျွမ်းကျင်သည့် အဓိကအချက်အလက်ပေးသူများ

ဖြစ်ကြသည်။[၆၄] ၎င်းတို့သည် အခြားသူများထက် ၎င်းတို့၏ အလုပ်ကို ကောင်းကောင်းသိကြပြီး တက္ကသိုလ်ဆရာအများစုထက် ပြစ်မှုကြောင်းအရ တရားစွဲဆိုမှု၏ နေ့စဉ်လက်တွေ့ ဖြစ်ရပ်မှန်များကို အသေအချာ ကောင်းကောင်း ပြောပြနိုင်သည်။ အဓိကကျသည့် လူမှုရေးရာ ဥပဒေ စူးစမ်းလေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းရှိ အရာများအား တစ်ပြိုင်နက်တည်း ပြောပြနိုင်သည်။ ထို့ကြောင့် တရားဝင်ထုတ်ပြန်ထားသည့် မူဝါဒ 'လမ်းစဉ်' အကြောင်း လေ့ပန်းရန် သို့မဟုတ် ပြည်သူလူထုက အသုံးပြုရန်အတွက် အချက်အလက်ပေးသူက ပုံရိပ်ကောင်းများကိုသာ ဖော်ပြကောင်း ဖော်ပြနိုင်ကြောင်း ခွဲခြမ်းစိတ်ဖြာ တတ်သည့် အမြင်ကိုလည်း သုတေသီများက ထားရှိရန် လိုအပ်သည်။ စာရေးသူ၏ အတွေ့အကြုံအရ ဆိုသော် Crown ဝန်ဆောင်မှု (CPS) မှ တရားလိုရှေ့နေများက အမှုတည်ဆောက်ရာတွင် စီမံဆောင်ရွက်မှု နှင့် စေ့ဆော်မှုများအကြောင်း ပွင့်ပွင့်လင်းလင်း ပြည့်ပြည့်စုံစုံ ပြောဆိုကြသည်။ အမည်ဖော်ပြမည် မဟုတ်ကြောင်း သင့်လျော်သည့် အာမခံချက်ဖြင့် ၎င်းတို့ ကိုယ်ပိုင်အယူအဆများအား ပြင်ဆင်ခိုင်းပြီး မေးမြန်း ပါသည်။ ထို့အပြင် Crown ဝန်ဆောင်မှု (CPS) ၏ တရားဝင်ချမှတ် ထားသည့် မူဝါဒများအား ဝေဖန်ဆန်းစစ်ခိုင်းပြီး ဗျူဟာမြောက် ချွတ်ချော် မှားယွင်းမှုများအား ဝန်ခံပြောကြားစေသည်။ ထိုကဲ့သို့ မူဝါဒအမှားများမှ သွေဖယ်နိုင်ရန်အတွက် သဘောတရားရေး အရ အခြေခံကျကျ သို့မဟုတ် လက်တွေ့ကျကျ အဆင့်မြင့်မြင့် ကျိုးကြောင်းသုံးသပ်ချက်များအား တစ်ခါတစ်ရံ မေးမြန်းသည်။ ၎င်းတို့၏ ခုခံချေပ ဆွေးနွေးချက်များအား ခါးခါးသီးသီး သဘောမတွေ့ကောင်း မတွေ့နိုင်သော်လည်း စကားလမ်းကြောင်း၏ ဦးတည်ချက်သည် ရည်ရွယ်ချက်ရှိရှိ လွဲမှားခြင်း မျိုးအား စာရေးသူ အနေဖြင့် ဘယ်တော့မှ မကြုံကြိုက်ခဲ့ပါ။ (စကားမစပ် တင်ပြရသော် ရဲအရာရှိများ၊ တရားပြိုင်အတွက် ဥပဒေကိစ္စအချို့ကို ဆောင်ရွက်ပေးသူများ၊ ဝတ်လုံတော်ရ ရှေ့နေများနှင့် မှုခင်းဆေးပညာ သိပ္ပံပညာရှင်များအား အင်တာဗျူးရာတွင်လည်း ဤနည်းလမ်း အတိုင်း အတူတူ ဆောင်ရွက်သည်။) တရားမျှတမှုရရှိရန် သာမက ပြည်သူက အပ်နှင်းထားသည့် အခွင့်အာဏာအား ကျင့်သုံးရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိရေးအတွက် ပြစ်မှုဆိုင်ရာ တရားမျှတမှုရှာဖွေရေး ပညာရှင်များအား သုတေသီများ ကဲ့သို့ ဆန္ဒရှိရမည့်ဖြစ်နိုင်ခြေအား အပြီးအပြတ်ထည့်မတွက်သင့်ပေ။ အချက်အလက်အခြေပြု မူဝါဒရေးဆွဲရေး အဆိုပြုလွှာများ ပြုစုခြင်း သို့မဟုတ် လက်တွေ့စမ်းသပ်ခြင်းဆိုင်ရာ ပြုပြင် ပြောင်းလဲရေးများအား အကဲဖြတ် ဆန်းစစ်ခြင်းတို့ကဲ့သို့ သုတေသနအား ပြစ်မှုဆိုင်ရာ တရားမျှတမှု ရှာဖွေရေးအဖွဲ့အစည်းများနှင့် ပညာရှင်များဖြင့် ပူးပေါင်း ဆောင်ရွက်ရန်အတွက် အခွင့်အလမ်း များအား လျစ်လျူရှုခြင်းသည် မျက်စိတစ်ဆုံးကို မကြည့်ပဲ မျက်တောင်တစ်ဆုံးသာ ကြည့်ခြင်းပင်ဖြစ်သည်။ လူမှုရေးရာဥပဒေ သုတေသနသည် နည်းစနစ်ပိုင်းဆိုင်ရာအရ အသုံးဝင် နိုင်ပြီး ပြစ်မှုဆိုင်ရာတရားမျှတမှုရှာဖွေရေး အဖွဲ့များသည် ၎င်းတို့ကိုယ်ပိုင် အဖွဲ့အစည်းဆိုင်ရာ စံနမူနာများ သို့မဟုတ် စွမ်းဆောင် နိုင်မှုဦးတည်ချက်များအား ကျေနပ်မှု ရရှိစေရန် အမှတ်မထင် အထောက်အပံ့ပြုပေလိမ့်မည်။ ထိုသို့အထောက်အပံ့ပြုရာတွင် နည်းစနစ်ပိုင်းဆိုင်ရာ ခိုင်မာမှုအား စွန့်လွှတ်ခြင်း သို့မဟုတ် ကျိုးကြောင်းဆင်ခြင်သုံးသပ်မှု အပိုင်းကိုလည်း လျော့ပါးစေခြင်း မရှိဘဲ ဆောင်ရွက်နိုင်သည် (သို့သော် ဤအချက်များသည် ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုရမည့် ရှောင်လွှဲ၍မရသော

တကယ့်ပြဿနာများ ဖြစ်ကြသည်။ ဥပမာအားဖြင့် သုတေသနမစတင်မီ ကတည်းက အချက်အလက်မူပိုင်ခွင့်၊ လျှို့ဝှက်ထားခြင်း၊ လွတ်လပ်စွာ တည်းဖြတ်မှုနှင့် ဖြန့်ဖြူးသည့် အစီအစဉ်တို့နှင့် ပတ်သက်၍ ရှင်းလင်းတိကျပြီး ပွင့်ပွင့်လင်းလင်း ရှိသည့် သဘောတူညီချက်များအား ညှိနှိုင်းရခြင်းတို့ ဖြစ်သည်)။

ပြစ်မှုဆိုင်ရာတရားမျှတမှု ရှာဖွေသည့် ပညာရှင်များဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သည့် လက်တွေ့မျက်မြင်အခြေပြု သုတေသနသည် အချင်းချင်းအကြား အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုတို့အပေါ် တည်ဆောက်ထားပါသည်။ တစ်ကြိမ်တည်း ပြုလုပ်သည့် အင်တာဗျူးခြင်းဖြင့် ဤသုတေသနသည် လိုက်ဖက်သည်။ သူစိမ်းများအကြား အတိုင်းအတာတစ်ခုအထိ အေးစက်စက်ဖြစ်သည့် တွေ့ဆုံမှုဖြင့် စတင်ပြီးနောက် အကယ်၍ အသေအချာ စီမံပါက ဖြေဆိုသူက သက်တောင့်သက်သာဖြစ်လာပါက ပိုမိုပွင့်လင်းရင်းနှီး စွာဖြင့် အမြင်သဘောထားဖလှယ်နိုင်သည်အထိ တိုးတက်လာသည် (စာရေးသူ၏ အတွေ့ အကြုံအရမူ တိုးတက်နေကျ ဖြစ်သည်)။ အကျိုးရှိအထိရောက်ဆုံး သုတေသန ပူးပေါင်း ဆောင်ရွက်မှုများအား ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံခြင်းအား ပြသပြီး ယုံကြည်မှုအား ရှာဖွေခြင်းဖြင့် အချိန်နှင့်အမျှ ပြုစုမျိုးထောင်ရသည်။ Crown ဝန်ဆောင်မှု (CPS) နှင့် ပြုလုပ်သည့် စာရေးသူ၏ သုတေသနသည် အချိန်ကြာလာသည်နှင့်အမျှ အဖွဲ့အတွင်းရှိ အဓိက အချက်အလက်ပေးသူများစွာဖြင့် အများအပြား ပြောဆိုဆက်ဆံခဲ့ရသည်။ လွတ်လပ်သည့် သုတေသီတစ်ဦးအနေဖြင့် Crown ဝန်ဆောင်မှု (CPS) အား စစချင်း ချဉ်းကပ်သောအချိန်တွင် ခိုးမှုနှင့် ဆက်စပ်ပြစ်မှုများအတွက် စွဲချက်တင်သွင်းမည့် တရားလိုရှေ့နေ၏ ဆုံးဖြတ်ချက် များအား စူးစမ်းလေ့လာမည့်အကြံဖြင့် ကနဦး မူတည်ထားသည်။ အထူးသဖြင့် လက်တလောတွင် ဖွံ့ဖြိုးလာသည့် စီရင်ထုံးဥပဒေအရ[၆၅] သူတစ်ပါးပစ္စည်း ခိုးဝှက်ယူခြင်းအား တားမြစ်သည့် အက်ဥပဒေ ၁၉၆၈ ခုနှစ်နှင့် ၁၉၇၈ ခုနှစ် တို့ရှိ အတော်ပင် ရှုပ်ထွေးပြီး ထပ်နေသည့် ပြစ်မှုများအား ရှေ့တန်းတွင် လုပ်ကိုင်နေသည့် တရားလိုရှေ့နေများက တကယ့်လက်တွေ့တွင် ကိုင်တွယ်ပုံအား စုံစမ်းစစ်ဆေးပါက စိတ်ဝင်စားဖွယ် ကောင်းမည်ဟု စာရေးသူက ထင်မြင်ယူဆသည်။ သူတစ်ပါးပစ္စည်း ခိုးဝှက်ယူခြင်းအား တားမြစ်သည့် အက်ဥပဒေသည် အယူအဆအခြေပြုပြစ်မှုဆိုင်ရာ ဥပဒေရှိ သုတေသနပြုခြင်း (နှင့် သင်ကြားရေး) အား အကောင်းဆုံးသရုပ်ဖော်နိုင်ပြီး လူမှုရေးရာ ဥပဒေဆိုင်ရာ လက်တွေ့ မျက်မြင်စုံစမ်းလေ့လာမှုဖြင့်သာ ဖြေဆိုနိုင်သည့် မေးခွန်းများအား ထွက်ပေါ်စေသည်။ သို့ရာတွင် ဒေသခံ Crown ဝန်ဆောင်မှု၏ တရားလိုရှေ့နေချုပ်နှင့် ကနဦး အစည်းအဝေးတွင် ပြစ်မှုဆိုင်ရာ စစ်ဆေးစီရင်ခြင်းများတွင် ခုခံနိုင်စွမ်းနည်းပါးပြီး ခြိမ်းခြောက် ခံထားရသည့် မျက်မြင်သက်သေများ (VIWs) အတွက် ဆောင်ရွက်ပေးရမည့် ‘အထူးစီမံချက်များ’ ဆိုင်ရာ ပြဋ္ဌာန်းချက်သည် သုတေသန စီမံကိန်း အနေဖြင့် အကြောင်းအရာပိုင်းအရ ပိုမို သိသာ ထင်ရှားကြောင်း စာရေးသူအားအကြံပေးသည်။ ၎င်းအကြံသည် Crown ဝန်ဆောင်မှု၏ တရားလိုရှေ့နေချုပ်ကိုယ်တိုင် စိတ်ဝင်စားသည့် အကြောင်းအရာဖြစ်သည်။ ထို့ကြောင့် ခုခံနိုင်စွမ်းနည်းပါးပြီး ခြိမ်းခြောက်ခံထားရသည့် မျက်မြင်သက်သေများ (VIWs) အတွက် စီစဉ် ပေးရသည့် အထူးစီမံချက်များအကြောင်း သုတေသနပြုရန် စာရေးသူက သဘောတူခဲ့သည်။ လက်တွေ့မျက်မြင်အခြေပြုသုတေသီသည် အလကားရတဲ့နွား

သွားဖြဲမကြည့်သင့်ပေ။ Crown ဝန်ဆောင်မှု (CPS) ရှိ အမှုတွဲများအား ချက်ချင်း တရားဝင် ရရှိစေရန်သာမက စာရေးသူ အင်တာဗျူးလိုသည့် (အင်တာဗျူးလည်း ပြုလုပ်ခဲ့သည့်) လူများအား အဆက်အသွယ် ရရှိစေမည့် အခွင့်အာဏာနှင့်အတူ စီနီယာတရားလိုရှေ့နေ တစ်ဦး၏ အထောက်အပံ့အား စာရင်းသွင်းရန် အခွင့်အလမ်းသည် လက်မလွတ်ချင်လောက်အောင် အရမ်းကောင်းလွန်း နေသည်။ အမှန်အားဖြင့် ဤအခွင့်အလမ်းသည် ထိုအချိန်က စာရေးသူက အသိအမှတ် ပြုခြင်းထက် ပို၍မြတ်နိုးဖွယ်ကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် စိတ်ကူးဖြင့် သာမက ကိုယ်တိုင်အတွေ့အကြုံအရ အတည်ပြုသကဲ့သို့ Crown ဝန်ဆောင်မှု (CPS) ရှိ အမှုတွဲ ဖိုင်များနှင့် တရားလိုရှေ့နေများအား အင်တာဗျူးရန် အဆက်အသွယ်ခိုင်ခိုင်မာမာရခြင်းသည် သြချလောက်သည့် ဆောင်ရွက်ချက် ဖြစ်သည်။ အချက်အလက်များ ကာကွယ်ရေး ဥပဒေများ၊ အဖွဲ့အစည်းဆိုင်ရာ ဆင်ခြေပေးမှုနှင့် စွန့်စားမှုကို မနှစ်သက်ခြင်းတို့သာမက သုံးစွဲရမည့် ငွေကြေးကို ခြိုးခြံချွေတာဖြတ်တောက်ခြင်းတို့ ပါဝင်သည့် မနှစ်မြို့ဖွယ်အရောအနှော များကြောင့် အဆက်အသွယ်ရရှိခြင်းသည် လက်တလောနှစ်များတွင် တဖြည်းဖြည်းနှင့် ပိုခက်ခဲလာသည်။

ထိုကဲ့သို့ သေချာသည့် အဆက်အသွယ်ကောင်းရှိခြင်းကြောင့် ခုခံနိုင်စွမ်းနည်းပါးပြီး ခြိမ်းခြောက်ခံထားရသည့် မျက်မြင်သက်သေများ (VIWs) အတွက် ဆောင်ရွက်ပေးရသည့် အထူးစီမံချက်များအား Crown ဝန်ဆောင်မှု (CPS) တွင် သုတေသနပြုရင်း နွေရာသီအား အလုပ်လုပ်လျက် ကုန်ဆုံးနိုင်ခဲ့သည်။ သို့သော်ငြား ကနဦးကြံစည်စိတ်ကူးခဲ့သည့် သုတေသန ဒီဇိုင်းအား အကောင်အထည်ဖော်ရန်အတွက် အချိန်ကိုမူ မရှာဖွေနိုင်ခဲ့ပေ။ ထိုအတောအတွင်း မှာပင် စာရေးသူကြီးကြပ်ရသည့် ပထမဆုံး ပါရဂူဘွဲ့ကျောင်းသူဖြစ်သည့် Debbie Cooper အတွက် စီမံကိန်း၊ အဆက်အသွယ်များနှင့် သုတေသနနည်းစနစ်များအား လွှဲပြောင်းပေး ခဲ့သည်။ အဆိုပါကျောင်းသူသည် ကလေးသူငယ်များ၏ သက်သေအချက် အလက်များနှင့် ၎င်းတို့အတွက် အထူးစီမံချက်များအကြောင်း လက်တွေ့မျက်မြင်အခြေပြု သုတေသနပြုပြီး စာတမ်းရေးသား နေပါသည်။[၆၆] သူမ၏ သုတေသနဆောင်ရွက်နေစဉ်အတွင်း အထူးစီမံချက်များ အတွက် Crown ဝန်ဆောင်မှု (CPS) အတွင်း ထည့်သွင်းအသုံးပြုသည့် စောင့်ကြည့် စစ်ဆေးသော အချက်အလက်များ ရှိနေကြောင်းနှင့် နိုင်ငံအနှံ့ရှိ Crown ဝန်ဆောင်မှု (CPS) တည်ရှိသည့် နယ်မြေ (၄၂) ခုအားလုံးအတွက် ရလဒ်များအား Debbie က ရှာဖွေတွေ့ရှိခဲ့သည်။ စာရေးသူ ပထမဆုံး သုတေသနပြုခဲ့သည့် နွေရာသီအတွင်း စာရေးသူအင်တာဗျူးခဲ့သည့် Crown ဝန်ဆောင်မှု (CPS) ၏ အခြား အဓိကအချက်အလက်ပေးသူတစ်ဦး၏ ရုံးများမှ တဆင့် အဆိုပါ အချက်အလက်များအား ဂြိုဟ်တုဓါတ်ပုံဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာသည့် စီမံကိန်းအား စာရေးသူတို့က အကြံပေးများအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။ စာရေးသူတို့၏ တွေ့ရှိချက် များအား ချက်ချင်းဆိုသလို အစီရင်ခံစာအဖြစ် ထုတ်ဝေခဲ့ပြီး ဘေးထွက်ရလဒ်အနေဖြင့် ဆောင်းပါး များစွာကိုလည်း ထုတ်ဝေခဲ့သည်။[၆၇] ခေတ်မှီဆန်းပြားသည့် (သို့မဟုတ် အမှန်တကယ် ရိုးစင်းသည့်) စာရင်းအင်းပညာ နည်းလမ်းဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို ဆောင်ရွက်ရန် မလိုအပ်ပေ။ အဘယ့်ကြောင့်ဆိုသော် နှစ်စဉ်စောင့်ကြည့်စစ်ဆေးသည့် ကာလအပိုင်းအခြား

တစ်ခုလုံးအတွက် အချက်အလက်အပြည့်အစုံကို စာရေးသူတို့အား တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤအချက်အလက်အပြည့်အစုံသည် တစ်နှစ်တာကာလအတွင်း မူဝါဒဆိုင်ရာ အကောင်အထည်ဖော်မှုအား အရေအတွက်အားဖြင့် လျှပ်တပြက် လှစ်ဟပြခဲ့သည်။ အများအားဖြင့် လိုက်နာဆောင်ရွက်မှုနှုန်း မြင့်မားသည်ကို ပြသသော်လည်း ဒေသအလိုက် ကွဲပြားခြားနားမှုများကိုလည်း စိတ်ဝင်စားဖွယ် ဖော်ပြထားသည်။ တရားလိုရှေ့နေများက အထူးစီမံချက်များ တင်သွင်းသည်ကို ပယ်ချခံထိသည့် အမှုအနည်းငယ်များဖြင့် ပူးတွဲဖော်ပြကာ တရားရေးဆိုင်ရာ ငြင်းပယ်ခံရခြင်းများအတွက် ရှင်းလင်းချက်များအား စကားပြော ရေးသားနည်းဖြင့် အတိုချုံး တင်ပြထားသည်။ ၎င်းတွေ့ရှိချက်များသည် အလွန် အရေးပါကြောင်း အတပ်ပြောရန် ဝေးနေသေးသည်။ လူမှုရေးရာဥပဒေသုတေသနသည် အလုပ်ဖြစ်သည့် အယူအဆများအား အတုလုပ်ခြင်း သို့မဟုတ် ရေပန်းစားနေသည့် အသိပညာအား ဝေခွဲမရ ရှင်းလင်းမပြနိုင်ခြင်း ထက်စာပါက ပြုလုပ်မြဲဖြစ်သည့် ခိုင်မာသည့် လက်တွေ့မျက်မြင် အတည်ပြုချက်များအား ကြိုတင်မှန်းဆချက်များအတွက် လူမှုရေးရာဥပဒေ သုတေသနအား ယုတ္တိရှိရှိ အသုံးပြုပါက တန်ဖိုးထိခိုက်စေမည် မဟုတ်ပါ။ မူဝါဒဆိုင်ရာ ဆွေးနွေးမှုများအတွက် အရေအတွက်အခြေပြု နည်းလမ်းအခြေခံအား စာရေးသူတို့၏ သုတေသနက ဖန်တီးပေးသည်။ ၎င်းမူဝါဒဆိုင်ရာ ဆွေးနွေးမှုများသည် ရလဒ်ကောင်းကို မျှော်မှန်းသည့် ပြင်းပြသောဆန္ဒများနှင့် မစမ်းသပ်ရသေးသည့် ယူဆချက်များအပေါ် ယခုအချိန်အထိ များစွာဆက်လက်မှီတည်နေသည်။ စောင့်ကြည့်စစ်ဆေးလျှက်ရှိသည့် အချက်အလက်များအား ပုံမှန် စုဆောင်းလျက်ရှိပြီး Crown ဝန်ဆောင်မှု (CPS) က ပေးလျက်ရှိသည့် နယ်မြေအားလုံးအတွက် မူဝါဒဆိုင်ရာ လမ်းညွှန်ချက် အဖြစ် အချက်အလက်များအား လစဉ် အစီရင်ခံမှုများသည် ပညာရပ်ဆိုင်ရာစစ်တမ်းလွှာများအပေါ် ဖြေကြားချက်များထက် များစွာ ကျော်လွန်နေသည်။ သို့သော်ငြား စာရေးသူတို့၏ အားစိုက်ထုတ်မှုမရှိဘဲ အဆိုပါ အချက်အလက်များသည် ဘယ်သောအခါမျှ မထွက်ပေါ်လာနိုင်ပေ။ အကြောင်းရင်းမှာ Crown ဝန်ဆောင်မှု (CPS) သည် ၎င်းကိုယ်ပိုင် အဖွဲ့တွင်းရှိ အချက်အလက်ထိန်းသိမ်းမှုထက် ပို၍ ကောင်းမွန်သည့်မည်သည့်အရာကိုမျှ ဆောင်ရွက်ရန် အချိန်၊ ကျွမ်းကျင်မှုနှင့် ဆန္ဒမရှိခြင်း ကြောင့်ဖြစ်သည်။ အဖွဲ့အတွင်း ထုတ်ဝေသည့် ဖိုင်တွဲများ၊ မှတ်တမ်းများနှင့် အချက်အလက်များအား လက်လှမ်းမီရရှိပြီး အနက်ဖော်နိုင်နေသမျှ လူမှုရေးရာ သုတေသီများအား အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း အသိအမြင်များအား အဆိုပါအချက် အလက်များက ပြိုင်ဘက်မရှိ ဆောင်ကြဉ်း ပေးသည်။ သို့သော် စာရေးသူတို့သည် Crown ဝန်ဆောင်မှု (CPS) တွင် လက်တွေ့မျက်မြင် အခြေပြု သုတေသနအား 'ကိုယ်တိုင်' ဆောင်ရွက် နေသည့်အတွက် ဤသီးသန့်အခွင့်အရေးအား စာရေးသူတို့သာလျှင် ရရှိခြင်း ဖြစ်သည်။ အများအားဖြင့် လက်ခံထားကြသည့် နည်းစနစ်ပိုင်းဆိုင်ရာ အခြားပြဿနာတ်ချက်တစ်ခုမှာ လူမှုရေးရာဥပဒေ သုတေသနတွင် မှတ်ဆိတ်ပျားစွဲဆုလာဘ်သည် ကြိုးစားအားထုတ်မှုကြောင့် ရရှိလာခြင်းပင် ဖြစ်သည်။

အရေအတွက်အခြေပြုအချက်အလက်များသည် အရေးပါသည့် အကြောင်းအရာအား မြင်ကွင်းကျယ်ကျယ် ရှုမြင်နိုင်ရန် ဖြည့်စွမ်းပေးလေ့ရှိသည်။ သုတေသနမေးခွန်းပုံစံတစ်ချို့

ဖြစ်သည့် ကျိုးကြောင်းဆက်စပ်သည့် ဆက်နွယ်မှုများ (ဥပမာ စီရင်ချက်အား ပြင်းပြင်းထန်ထန် တိုးမြှင့်ချမှတ်ခြင်းဖြင့် ပြစ်မှုများအား ဟန့်တားနိုင်ပါသလား?)[၆၈] ရှာဖွေခြင်း သို့မဟုတ် လူထုသဘောထားစစ်တမ်းကောက်ယူခြင်း[၆၉]များကဲ့သို့ မေးခွန်းများအား ဖြေဆိုရာတွင် ၎င်းအရေအတွက်အခြေပြု အချက်အလက်များသည် အရေးပါသည်။ သို့ရာတွင် စာရေးသူ၏ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းများအကြောင်း လူမှုရေးရာဥပဒေ သုတေသနတွင် အဓိကကျသည့် မေးခွန်းများမှာမူ တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသည့် မေးခွန်းများဖြင့် ခရေစေ့တွင်းကျ အင်တာဗျူးခြင်းကဲ့သို့ အရည်အသွေးအခြေပြုနည်းလမ်းများ လိုအပ်ပါသည်။ ၎င်းအင်တာဗျူးဖြင့် ရရှိသည့် အချက်အလက် အရေအတွက် သို့မဟုတ် ရလဒ်အား အခြားဖြေဆိုသူများ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ အကြောင်းအရာများအတွက် လွယ်လွယ် ကူကူ ရိုးရိုးစင်းစင်း ယေဘုယျအသုံးပြုနိုင်ခြင်းထက် လက်တွေ့မျက်မြင် အချက်အလက်များ၏ အရည်အသွေးအပေါ် ပိုမို အသားပေးထားခြင်းဖြစ်သည်။[၇၀] အထူးသဖြင့် ပြစ်မှုဆိုင်ရာ အမှုတွဲများအား ကိုင်တွယ်ရာတွင် ဆင်ခြင်တုံတရား အသုံးပြုခြင်းနှင့် တာဝန်များအား ပညာရပ်ဆန်ဆန် ဆောင်ရွက်ခြင်းတို့တွင် တရားလိုရှေ့နေဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခြေခံသည့် အကြောင်းရင်းများအား စုံစမ်းစစ်ဆေးရန်အတွက် စာရေးသူက ကြိုးစားလျက် ရှိသည်။ အဆိုပါအကြောင်းပြချက်များသည် ရှင်းလင်းဖော်ပြချက်နှင့် ကျိုးကြောင်းပြချက် အစိတ်အပိုင်းများအား ထုံးစံအတိုင်း ပေါင်းစပ်ထားသည်။ ၎င်းတို့တွင် အချက်များစွာအား ဟန်ချက်ညီညီ ထည့်သွင်းစဉ်းစားခြင်းပါဝင်သည့်အပြင် ကျင့်ဝတ်ပိုင်းအရာ မသေချာမှုများနှင့် အချက်အလက်မပြည့်စုံမှုများကြောင့် ဖြစ်ပေါ်လာသည့် မရေရာ မသေချာမှုများနှင့် ချိတ်ဆက် ထားပါသည်။ အမှုတွဲများအား ဥပဒေအယူအဆအခြေပြု လေ့လာဆန်းစစ်၍ ပြန်လည် ဆက်စပ်ဖော်ထုတ်ခြင်းထက် အမှန်ခြစ်၍ ဖြေဆိုခြင်း သို့မဟုတ် ဖြစ်နိုင်ခြေ ရှိသည့် အဆင့် (၅) ဆင့် သတ်မှတ်ဖြေဆိုခြင်းပါဝင်သည့် မေးခွန်းစစ်တမ်းလွှာ ကျယ်ကျယ် ပြန့်ပြန့်မေးမြန်းခြင်းဖြင့် အဆိုပါ ကျိုးကြောင်းဆင်ခြင်သည့်လုပ်ငန်းစဉ်အား ပြည့်ပြည့်စုံစုံ စူးစမ်းနိုင်ကြောင်း စာရေးသူက မယုံကြည်ပေ။[၇၁] လုပ်ရိုးလုပ်စဉ်နှင့် စိတ်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုဝိဝါဒကွဲပြားခြင်းတို့ကြောင့် ဆုံးဖြတ်ချက်ချက်မှတ်ရသည့် အကြောင်းပြချက်အား ဆုံးဖြတ်ချက်ချမှတ်သူကိုယ်တိုင် သတိမူ နိုင်ခြင်းမရှိဘဲ နောက်ဆက်တွဲ အင်တာဗျူးတွင် သုတေသီနှင့် ဆွေးနွေးခြင်းနှင့် မေးခွန်းအား ပါးပါးနပ်နပ် မေးမြန်းခြင်းတို့ကြောင့် ထွက်ပေါ်လာသည့် ကိုယ်တိုင်ဆင်ခြင်သုံးသပ်မှုမှ တဆင့် ၎င်းအကြောင်း ပြချက်အား အလုံးစုံ ပြန်လည်သိမြင်စေနိုင်သည်။ နည်းစနစ်ပိုင်းဆိုင်ရာအမြင်ဖြင့် ကြည့်သော် ၎င်းသည် သိသိသာသာ အလွန်အန္တရာယ်များသည့် အနေအထားပင် ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းပြချက်အား နောက်ကြောင်းပြန်အကျိုးသက်ရောက်မှု ရှိစေသည့် ပြန်လည်ဆင်ခြင် သုံးသပ်ခြင်းသည် ရဲစခန်းစစ်ကြောရေးများ၏ အရိုးစွဲနေသည့် မှားယွင်းမှုများမှ အပြိုင်ထွက် ပေါ်လာသည့် အကြံပြုချက်ကြောင့် သီးသန့်ဖြစ်ပေါ်ကာ ကူးစက်နိုင်သည့် အလားအလာ ရှိသည်။ ၎င်းရဲလုပ်ငန်းဆိုင်ရာ စစ်ကြောရေးများသည် စိတ်ကူးဖြင့် လုပ်ကြံပြောဆိုသည့် ဖြောင့်ချက်များ သို့မဟုတ် မှားယွင်းသည့် ဖြောင့်ချက်များကို ဦးတည်

ဖြစ်ပေါ်လာစေသည်။[၇၂] ထို့ကြောင့် သုတေသနမေးခွန်းပုံစံများအား တစ်သီးတစ်သန့် စုံစမ်းမေးမြန်းရန်အတွက် အကောင်းဆုံး သို့မဟုတ် အသင့်လျော်ဆုံးနည်းလမ်းများသည် ပြည့်ပြည့်စုံစုံမဟုတ်သော်ငြား ကျွန်ုပ်တို့တွင် ရှိသည့်အရာများအား အသုံးပြု၍ အကောင်းဆုံး ပြုလုပ်ရမည်ဖြစ်သည်။ တရားစွဲဆိုခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းအား အမှန်တကယ် စေ့ဆော်နေသည့်အရာအား သတ်မှတ်ဖော်ထုတ်မည့် မျှော်လင့်ချက်အားလုံးအား သုတေသီက မပစ်ပယ်ပါက အဆိုပါ ကြုံတွေ့လာနိုင်မည့် အခက်အခဲများအား ကျွမ်းကျင်သည့် အင်တာဗျူး နည်းစနစ်အသုံးပြုခြင်းဖြင့် နည်းပါးအောင် ပြုလုပ်နိုင်သည်။ ထို့အပြင် တရားဝင် စာရွက်စာတမ်း များနှင့် အဖွဲ့အစည်းဆိုင်ရာ မှတ်တမ်းများကဲ့သို့ သီးခြားလွတ်လပ်သည့် အရင်းအမြစ်များ အသုံးပြု၍ သုံးနားညီစနစ် အသုံးပြုကာ စစ်ဆေးခြင်းတို့ဖြင့် စစ်ဆေးနိုင်သည်။ စာရေးသူ အားသန်သည့် သုတေသနဒီဇိုင်းမှာ အမှုတွဲအခြေပြုသည့်နည်း ဖြစ်သည်။ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ပုံများအား (အရေးယူသည့် တရားဝင်တုံ့ပြန်ချက်များ သို့မဟုတ် အရင်းအနှီးများအား ထုတ်လုပ်နိုင်သည့်) ယေဘုယျအသုံးအနှုန်းများ အသုံးပြု၍ မေးမြန်းခြင်းထက် အမှုတွဲဖိုင်တွင် မှတ်တမ်းတင်ထားသကဲ့သို့ သို့မဟုတ် အမှုစစ်ဆေးရာတွင် အခြား ပါဝင်သူများက ဖော်ပြထားသကဲ့သို့ *ဤ*အမှုတွင် ဆုံးဖြတ်ချက်အား ဘာ့ကြောင့် ချမှတ်ခဲ့သည့် အကြောင်းကို တရားလိုရှေ့နေ့အား မေးမြန်းစုံစမ်းနိုင်သည်။ တရားဝင်ချမှတ်ထားသည့် မူဝါဒမှ မည်သည့် လွဲချော်မှုများမဆို သို့မဟုတ် အင်တာဗျူးဖြေဆိုသူများက စံသတ်မှတ်ထားသည့် အလေ့အကျင့်ကဲ့သို့ အသေးစိတ် ပြန်လည် ပြောပြသည့်အရာအား ထပ်မံသတ်မှတ် ဖော်ထုတ်ပြီးနောက် စူးစမ်းလေ့လာနိုင်သည်။ ဥပမာအားဖြင့် တရားလိုရှေ့နေနှင့် တရားပြိုင်ရှေ့နေများ သို့မဟုတ် တရားလိုရှေ့နေများနှင့် ကျွမ်းကျင်သည့် မျက်မြင်သက်သေများအကြားရှိ မတူညီသည့် အမှတ်ရမှုများ သို့မဟုတ် မတူညီသည့် အမြင်သဘောထား ရှုထောင့်များအား မှတ်သားထားနိုင်ပြီး အင်တာဗျူးဖြေဆိုသူများအား ထပ်မံ စူးစမ်းလေ့လာ နိုင်သည်။ ထိုသို့ ထပ်မံစူးစမ်းလေ့လာခြင်းသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်သည့် အကြောင်းအရာများအား အခြေခံကျကျ စဉ်းစားရာ၌ ပြောင်းလဲမှုများအကြောင်းသာမက ပြစ်မှုဆိုင်ရာအမှုတွဲ လုပ်ငန်းစဉ်ဖြစ်ပေါ်တိုးတက်မှုနှင့် ရလဒ်များအပေါ် လွှမ်းမိုးသည့် အခြေခံအချက်များအကြောင်း ပိုမိုသိရှိစေရန် အားထုတ်မှုပင် ဖြစ်ပါသည်။

ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းများအကြောင်း လက်တလော ပြုလုပ်ထားသည့် လက်တွေ့မျက်မြင်အခြေပြု သုတေသနအား စာရေးသူက Crown ဝန်ဆောင်မှု (CPS) အတွက် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။ Crown ဝန်ဆောင်မှု (CPS) ရှိ တရားလိုရှေ့နေများမှ တရားခွင်မတိုင်မီ သက်သေများအား အင်တာဗျူးခြင်း (pre-trial witness interviewing - PTWI) အပေါ် လေ့လာသုံးသပ်ခြင်းအား ထောက်ပံ့ကူညီရန်အတွက် သုတေသနပြုခြင်း ဖြစ်သည်။ ဤသို့ သုတေသနဆောင်ရွက်ခြင်းသည် ‘ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှုအပေါ် စူးစမ်းလေ့လာသည့် သုတေသန (Action Research)’ အား မူဝါဒဖွံ့ဖြိုးရေးနှင့် ပေါင်းစပ်ခြင်းဖြင့် အသိပညာ တိုးတက်အောင်ပြုလုပ်ခြင်း သာဓကတစ်ခု ဖြစ်သည်။ ပြည်သူ့ရေးရာ တရားစွဲဆိုမှု ဌာန၏ ညွှန်ကြားရေးမှူး (DPP) နှင့် ရှေ့နေချုပ်တို့၏ သုံးသပ်ချက် များအရ တိုင်ကြားသူများ အပါအဝင်

ဖြစ်မှုကြောင်းတရား စွဲဆိုခြင်းတွင်ပါဝင်ရန် အလားအလာရှိသည့် သက်သေများအား အင်တာဗျူး နိုင်သည့် အခွင့်အာဏာအသစ်အား Crown ဝန်ဆောင်မှု (CPS) ရှိ တရားလိုရှေ့နေများကို ပေးအပ်သွားရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။ တရားစွဲဆိုရန် စွဲချက်တင်ခြင်း၊ တရား စစ်ဆေးမှုအား ရပ်ဆိုင်းခြင်းနှင့် တရားခွင် ကြိုတင်ပြင်ဆင်ခြင်းများအပေါ် တရားလိုရှေ့နေများက ဆုံးဖြတ်ချက်ကောင်းမွန်စွာ ချမှတ်နိုင်ရန်အလို့ငှာ ဤသို့ ဆုံးဖြတ်ခြင်းဖြစ်သည်။[၇၃] တရားလို ရှေ့နေများမှ တရားခွင်မတိုင်မီ သက်သေများအား အင်တာဗျူးခြင်း (pre-trial witness interviewing - PTWI) သည် အင်္ဂလန်နှင့် ဝေလပြည်နယ်များရှိ ရေပန်းစားနေသည့် ကျင့်ထုံးဆိုင်ရာ အစဉ်အလာမှ ခွဲထွက်လာခြင်း ဖြစ်သည်။ ဤကဲ့သို့ အစပျိုးခြင်းဖြင့် အငြင်းပွားမှု နှင့် လက်ရှိတရားလိုရှေ့နေများအား ရင်းနှီးမှုမရှိသည့် စိန်ခေါ်မှုများနှင့် တွေ့ကြုံစေနိုင်ကြောင်း သတိပြုမိကြသည်။ ဥပမာအားဖြင့် မလျော်မကန် 'သက်သေများအား လမ်းညွှန်ပြခြင်း'[၇၄] ကဲ့သို့ သက်သေအထောက်အထားမရှိဘဲ စွပ်စွဲခြင်းများ ဖြစ်လာနိုင်သည်။ သို့တည်းမဟုတ် လိင်ပိုင်းဆိုင်ရာ လက်ရောက်ကျူးလွန်ခြင်းနှင့် အိမ်တွင်း အကြမ်းဖက်မှုတို့ကဲ့သို့ သတိထား ဆင်ခြင်ရမည့် နယ်ပယ်များတွင် တရားစွဲဆိုခြင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုအား အဖွဲ့အစည်း ဆိုင်ရာ အခြားသော အခက်အခဲ အကျပ်အတည်း ပိတ်ပင်တားဆီးမှုအဖြစ် ၎င်း တရားခွင်မတိုင်မီ သက်သေများအား အင်တာဗျူးခြင်း (pre-trial witness interviewing - PTWI) က ဖြစ်လာမည်ကို စိုးရိမ်မှုများ ဖြစ်ပေါ်လာနိုင်သည်။[၇၅] ထို့ကြောင့် တရားခွင်မတိုင်မီ သက်သေများအား အင်တာဗျူးခြင်း (PTWI) အား နိုင်ငံ အနှံ့အပြားတွင် ကနဦးမစတင်နိုင်မီ အင်တာဗျူးခြင်း၏ အကျိုးရှိ ထိရောက်မှုအား ဆန်းစစ်ရန်၊ နောက်ထပ် ထည့်သွင်းအသုံးပြုရမည့် အချက်များအား သတ်မှတ်ရန်၊ အရည်အသွေး ပြည့်ဝသည့် အကောင်အထည်ဖော်မှု စနစ်များ တည်ဆောက်ရန်နှင့် ကနဦး ပေါ်ပေါက်လာမည့် ပြဿနာရပ်များအား ဖြေရှင်းရန်တို့အတွက် Crown ဝန်ဆောင်မှု (CPS) ပေးနေသည့် နယ်မြေ (၄) ခုတွင် စီမံချက်အား ကနဦးအနေဖြင့် တစ်နှစ်အကြာ ဆောင်ရွက်ခဲ့ပါသည်။ Crown ဝန်ဆောင်မှု (CPS) သည် ပြီးပြည့်စုံသည့် စောင့်ကြည့်ကွပ်ကဲရေး ကိုယ်ပိုင် ယန္တရားကို အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် တရားခွင်မတိုင်မီ သက်သေများအား အင်တာဗျူးခြင်း (PTWI) ရှိ အကဲဖြတ် ဆန်းစစ်ခြင်းနှင့် ကနဦး အတွေ့ အကြုံများသာမက နောက်ထပ် ဆောင်ရွက်ရမည့် အချက်များအား အသေးစိတ် ပြန်ပြောသည့် ကနဦး စီမံကိန်းတွင် ပါဝင်သည့် တရားလိုရှေ့နေများမှ အသေးစိတ်ရေးသား ထားသည့် အစီရင်ခံစာများ ပါဝင်သည်။ ကနဦးစီ မံကိန်းအား ဆန်းစစ်လေ့လာလာခြင်းအတွက် ထပ်မံလိုအပ်သည့် လူမှုရေးရာဥပဒေအစိတ် အပိုင်းတစ်ခုအား အကြံပေးဖြစ်သည့် စာရေးသူ၏ စွမ်းဆောင်မှုအတွင်း အဆိုပြု ဒီဇိုင်းရေးဆွဲကာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ တရားခွင် မတိုင်မီ သက်သေများအား အင်တာဗျူးခြင်း (PTWI) အား ဆောင်ရွက်ခဲ့သည့် တရားလို ရှေ့နေများအား နောက်ဆက်တွဲ သုတေသန အင်တာဗျူးများပါဝင်သည်။ ထို့အပြင် စာရေးသူ၏ နောက်ထပ် ပါရဂူဘွဲ့ကျောင်းသားတစ်ဦး ဖြစ်သည့် Candida Saunders အား ပူးတွဲ သုတေသီအဖြစ် ခန့်အပ်နိုင်ခဲ့သည်။[၇၆] သုတေသန အင်တာဗျူးတွင် ပါဝင်ဖြေဆိုမည့်သူများအား

စုဆောင်းနိုင်ရန်အတွက် ကနဦးဆောင်ရွက်မည့် တရားလို ရှေ့နေများပါဝင်သည့် အုပ်စုများအား 'သင်တန်းပေးခြင်း' ကို ဖန်တီးကာ ပို့ချခဲ့သည်။ ထိုသို့ သင်တန်းပို့ချရာတွင် ကနဦးစီမံကိန်း လေ့လာဆန်းစစ်ချက်တွင် လူမှုရေးရာဥပဒေရှုထောင့်အား ထည့်သွင်းသွားရန်အတွက် တရားလို ရှေ့နေများအား တွန်းအားပေးသွားပြီး ထပ်မံ၍ အချက်အလက်စုဆောင်းသည့် အခွင့်အရေးများ အဖြစ် ဆောင်ရွက်ခဲ့သည်။ အဆိုပါ အခွင့်အရေးများတွင် မူဝါဒအား တရားလိုရှေ့နေများကိုယ်တိုင် အကောင်အထည် ဖော်နိုင်ရန်အတွက် သုတေသန၏ လက်တလော တွေ့ရှိချက်များနှင့် လက်တွေ့ဆောင်ရွက်မည့် အယူအဆများအား ဆွေးနွေးခြင်းတို့ ပါဝင်သည်။ ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှုအပေါ် စူးစမ်းလေ့လာသည့် လူမှုရေးရာ ဥပဒေသုတေသနရှိ ဤကဲ့သို့ ပူးပေါင်း ဆောင်ရွက်သည့် ပုံစံတွင် တရားလို ရှေ့နေများသည် တဆင့်ခံ အချက်အလက်အရင်းအမြစ်များနှင့် လေ့လာဆန်းစစ်သည့် အရာများဆိုသည်ထက် ကျွမ်းကျင်သည့် အချက်အလက်ပေးသူများနှင့် စီမံကိန်းတွင် ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည်။

အကြံပြုခြင်း၊ မူဝါဒနှင့် ပညာရပ်များအား ပေါင်းစပ်ခြင်းသည် ၎င်းကိုယ်ပိုင် နည်းစနစ် ပိုင်းဆိုင်ရာနှင့် လက်တွေ့ကျင့်သုံးရာတွင် အခက်အခဲများကို အသေအချာ ကြုံတွေ့သော်ငြား Crown ဝန်ဆောင်မှု (CPS) ၏ ဝန်ထမ်းများသာမက အတွင်း သတင်းအချက်အလက်များအား ဤစီမံကိန်းက တမူထူးခြားစွာ လက်လှမ်းမီ ရရှိခဲ့သည်။ ကနဦးလေ့လာဆန်းစစ်မှုပြုနေစဉ် အတွင်း စစ်ဆေးနေသည့် အမှုများ သို့မဟုတ် ပိတ်သိမ်းသည့် အမှုများအား အချိန်နှင့်အမျှ သုတေသနအား ဆောင်ရွက်ခဲ့သည်။ ဤကဲ့သို့ တမူထူးခြားစွာ လက်လှမ်းမီရရှိခြင်းနှင့် မြောက်မြားစွာသော သုံးနားညီစနစ်အရင်းအမြစ်များ၏ အားသာချက်များကို ကျွန်ုပ်တို့ ဖော်ထုတ်နိုင်မည့် လူမှုရေးရာဥပဒေအချက်အလက်များ၏ အရည်အသွေးတွင် ထင်ဟပ် နေသည်ဟု စာရေးသူက ယုံကြည်ပါသည်။[၇၇] ဥပမာအားဖြင့် အမှုတွဲများအား စွဲချက် တင်မည်လား သို့မဟုတ် ရပ်ဆိုင်းမည်လားအား ဆုံးဖြတ်ရာတွင် တရားလိုရှေ့နေများက ကျိုးကြောင်းပြဆိုသည့် လုပ်ငန်းစဉ်များအား ပညာရပ်ဆိုင်ရာ စာပေများတွင် အတွေ့ရနည်းလေ့ရှိသည့် သက်သေများ အပေါ် အများယုံကြည်လက်ခံနိုင်မှုအား ဆန်းစစ်ချက်များကဲ့သို့ စာရေးသူတို့က နက်နက်နဲနဲ အသေးစိတ် စူးစမ်းလေ့လာပါသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးနှင့် သက်သေခံဆိုင်ရာ ဆက်စပ် အချက်များအား ကောင်းစွာ လေ့ကျင့်ပေးထားသည့် သုတေသီများက တရားဝင်ခွင့်ပြုချက်ဖြင့် ထပ်မံ ဆောင်ရွက်ထားသော အရည်အသွေးအခြေပြု အင်တာဗျူးများဖြင့်သာ ၎င်းသက်သေများ အပေါ် အများယုံကြည်လက်ခံနိုင်မှု ဆန်းစစ်ချက်အား ပြုစုနိုင်မည်ဖြစ်သည်။ ဤကဲ့သို့ အတော်ကောင်းသည့် သုတေသန အခွင့်အရေးများအား ပါရဂူဘွဲ့ကျောင်းသားများ သို့မဟုတ် အတွေ့အကြုံမရှိသည့် ပညာရှင်များအတွက် အလွယ်တကူ မရရှိနိုင်ပါ။ သို့သော် ထိုကဲ့သို့ အပြန်အလှန်ယုံကြည်မှုနှင့် သင့်လျော်သည့် ကျွမ်းကျင်မှုအား အချိန်နှင့်အမျှ တည်ဆောက်ရန် အလို့ငှာ စာဖတ်သူကိုယ်တိုင် စတင်ရမည်ဖြစ်ပါသည်။ အကယ်၍ စာဖတ်သူသည် ကျွမ်းကျင်မှု ဗဟုသုတရှိပြီး ကြံ့ရည်ဖန်ရည်ရှိ၍ ဖွဲ့ကောင်းမည် ဆိုပါက စာရေးသူအတွက် ဆောင်ရွက်သကဲ့သို့ ကောင်းမွန်သည့် ရလဒ်များ တစ်ခုပြီး တစ်ခု ပေါ်ထွက်လာမည် ဖြစ်သည်။ အစိုးရဌာနများ၊ တရားဝင် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်း

များသည် မော်ကွန်းတိုက်ရှိ မှတ်တမ်းမှတ်ရာများ၊ မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများနှင့် စုဆောင်းထားသည့် လက်တွေ့ကျကျ အသိပညာများအပေါ် လက်တလောအားဖြင့် မှီတည်နေကြသည်။ သင့်တင့်သည့် အာမခံချက်များနှင့် မက်လုံးပေး ဆွဲဆောင်မှုများဖြင့်[၇၈] ထိုအဖွဲ့အစည်းများက ၎င်းအသိပညာနှင့် စာအုပ် စာတမ်းများကို လက်တွေ့ကျကျ မေးမြန်း လိုစိတ်ရှိသည့် သုတေသီများအား မျှဝေလိုကြ ပေလိမ့်မည်။ သတင်းအချက်အလက်သည် အလွန်အရေးပါပြီး အချက်အလက်ဒေတာနှင့် သုတေသန တွေ့ရှိချက်များအဖြစ် ပြောင်းလဲ သွားမည် ဖြစ်သည်။

လူမှုရေးသိပ္ပံရှိ လက်တွေ့စမ်းသပ်အသုံးပြုလျက်ရှိသည့် နည်းလမ်းများအား အသုံးပြုနိုင်သမျှ အသုံးပြုခြင်းဖြင့် ဥပဒေလုပ်ငန်းစဉ်များအား လက်တွေ့မျက်မြင်အခြေပြု သုတေသနပြုခြင်းသည် 'ပညာရပ်စုံချိတ်ဆက်လေ့လာခြင်း' ဖြစ်ကြောင်း စစချင်းအနေဖြင့် ကိုယ်တိုင် သက်သေပြပါသည်။ စာရေးသူ၏ စီမံကိန်းများတွင် လူမှုဝလေ့ထုံးတမ်းများအား သိပ္ပံနည်းကျလေ့လာခြင်း၊ တစ်စိတ်တစ်ပိုင်း မေးခွန်းများဖြင့် အင်တာဗျူးခြင်းနှင့် ကိုယ်တိုင် ပါဝင် ဆောင်ရွက်မှုအပေါ် စူးစမ်းလေ့လာသည့် သုတေသနများကဲ့သို့ လူမှုရေးသိပ္ပံနည်းလမ်း များကို အသုံးပြုပါသည်။ သို့သော် ကနဦးဆန်းစစ် လေ့လာချက်၏ အစိတ်အပိုင်းဖြစ်သည့် တရားခွင် မတိုင်မီ သက်သေများအား အင်တာဗျူးခြင်း (PTWI) အား စုံစမ်းလေ့လာရန်အတွက် ဥပဒေဆိုင်ရာ ဗဟုသုတအသေးစိတ်သိရန် လိုအပ်ပါသည်။ ဥပဒေဆိုင်ရာ နည်းလမ်းအတွက် အတွင်းကျကျ လိုအပ်သည့် အစိတ်အပိုင်းအဖြစ် လူမှုရေးရာဥပဒေ နည်းလမ်းများအား အလွယ်တကူ သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ၎င်းလိုအပ်ချက်က အကြံပြုပါသည်။ 'ငါတို့ အားလုံးသည် ယခုအခါ လူမှုရေးရာဥပဒေပညာရှင်များ ဖြစ်ကြသည်' ဟု ဗြိတိန်နိုင်ငံတွင် အများအားဖြင့် ပြောဆိုနေကြစဉ် အစဉ်အလာ အယူအဆအခြေပြု နည်းစနစ်များသည် ယခုထိတိုင် လွှမ်းမိုးနေဆဲဖြစ်သည့် (မည်သည့် 'နည်းစနစ်' ပုံစံများအဖြစ် သတ်မှတ်ခြင်းထက် 'ဥပဒေဆိုင်ရာ တွေးခေါ်မြော်မြင်မှု' အဖြစ် ရိုးရိုးစင်းစင်း သတ်မှတ်လိမ့်မည့်) ကမ္ဘာတစ်ဝှမ်းရှိ ဥပဒေပညာရှင်အများစုကမူ ထိုကဲ့သို့ အခိုင်အမာမယူဆကြပေ။ လူမှုရေးရာဥပဒေပညာရပ် အား ပညာရပ်စုံချိတ်ဆက်လေ့လာမှုဖြစ် ကျွန်ုပ်တို့ သတ်မှတ်မည်လား သို့မဟုတ် ပညာရပ်စုံ ချိတ်ဆက်လေ့လာသည့် လူမှုရေး သိပ္ပံပညာအား ဥပဒေသုတေသနနည်းလမ်းရှိ ကျွမ်းကျင် မှုစံနှုန်း အစိတ်အပိုင်းအဖြစ် ချဲ့ထွင် သတ်မှတ်ကြောင်း အဆိုပြုမည်လားဆိုသည်နှင့် ပတ်သက်၍ အရေးကြီးသည့်အပိုင်းမှာ နည်းလမ်းမှန်မှန် ရွေးချယ်ခြင်း သို့မဟုတ် နည်းလမ်းများအား မှန်ကန်စွာ ပေါင်းစပ် အသုံးပြုခြင်းဖြစ်သည်။ ET ဟုခေါ်သည့် ပညာရပ်ဆိုင်ရာ စုံစမ်းစစ်ဆေးမှု၏ သုံးပွင့်ဆိုင် ချိတ်ဆက်မှုမူဘောင်အတွင်း နည်းလမ်းများ မှန်ကန်စွာရွေးချယ်ခြင်းဖြင့် နည်းစနစ်ပိုင်း ဆိုင်ရာ ပြည့်စုံကောင်းမွန်သည့် ပုံစံအတိုင်း သီးခြား သုတေသနမေးခွန်း (မေးခွန်းများ) အား တိတိပပ ဖြေဆိုနိုင်မည် ဖြစ်သည်။

## ၃။ မှုခင်းဆေးပညာသိပ္ပံဆိုင်ရာ သက်သေခံချက်နှင့် အထောက်အထား

အပျံသင်ကာစ လူမှုရေးရာဥပဒေသုတေသီအဖြစ် ကံကောင်းထောက်မစွာ တွေ့ရှိချက်များအား စာရေးသူက မိတ်ဆက်ပြီးနောက် မှုခင်းဆေးပညာသိပ္ပံဆိုင်ရာ သက်သေခံချက်နှင့် ကျွမ်းကျင်သူ သက်သေများ၏ တရားရုံး သက်သေခံချက်များက စာရေးသူ ဆောင်ရွက်သည့် သုတေသန အစီအစဉ်တွင် စွဲစွဲမြဲမြဲ ထည့်သွင်းထားသည်။ ထို့အပြင် ထိုကဲ့သို့ အမြဲ အသက်ဝင်နေသည့် သုတေသနအစီအစဉ်သည် ပညာရပ်စုံချိတ်ဆက်လေ့လာမှု၏ အအောင်မြင်ဆုံးအပိုင်း ဖြစ်ပါသည်။[၇၉]

တရားစီရင်ရေးတွင် သိပ္ပံပညာကို ထည့်သွင်းခြင်းအဖြစ် 'မှုခင်းဆေးပညာသိပ္ပံ' ကို အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။[၈၀] ပညာရပ်စုံချိတ်ဆက်လေ့လာမှုအား မှုခင်းဆေးပညာသိပ္ပံ အယူအဆအတွင်း ပေါင်းစပ်ထည့်သွင်းထားပြီး တရားစီရင်ရေး ဆောင်ရွက်ချက်များတွင် စိတ်ဝင်စားဖွယ်ကောင်းသည့် သီအိုရီဆိုင်ရာ မေးခွန်းများ၊ လက်တွေ့ကျကျ အခွင့်အလမ်း များနှင့် အားပြိုင်မှုများ ချက်ချင်း ထွက်ပေါ်လာသည်။ စာရေးသူ၏ သုတေသနသည် ပြစ်မှုဆိုင်ရာ အမှုများရှိ ကျွမ်းကျင်သူ သက်သေအပေါ် အလေးထား လေ့လာထားသည်။[၈၁] သို့ရာတွင် ယနေ့ခေတ် သိပ္ပံနှင့် နည်းပညာသည် ဥပဒေပညာရပ်နယ်ပယ်တိုင်းအပေါ် အကျိုးသက်ရောက် နေကြသည်။ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းတွင် မျိုးရိုးဗီဇစစ်ဆေးခြင်းကဲ့သို့ အဓိက နည်းပညာတီထွင်ဆန်းသစ်မှုများအပေါ် မျက်စိကျ လာကြသည်။ ယှဉ်ပြိုင်မှု ပြင်းထန်သည့် ပြစ်မှုဆိုင်ရာ စစ်ဆေးစီရင်ခြင်းများရှိ 'ကျွမ်းကျင် ပညာရှင်များ၏ ယှဉ်ပြိုင်မှုများ' ကဲ့သို့ သိပ္ပံပညာနှင့် တရားမျှတမှုတို့အကြား ဆက်စပ်မှုကို ပိုမိုအသားပေး မြင်သာစေခြင်း တို့အပေါ်လည်း မျက်စိကျလာကြသည်။ ၎င်းတို့သည် ခမ်းနားသည့် ပြဇာတ်ရှိ တပင်တိုင် မင်းသမီးဖျော်ဖြေမှုကဲ့သို့ မှုခင်းဆေးပညာသိပ္ပံအား လူထုက စိတ်ဝင်စားမှုကို သိသိသာသာ အမြဲတစေ ရရှိစေသည်။ ခေတ်ပြိုင်ပြစ်မှုဆိုင်ရာ ဆောင်ရွက်ချက်များရှိ ကျွမ်းကျင်သူသက်သေ အဖြစ် အမြဲတမ်း ထည့်သွင်းစဉ်းစားလျက်ရှိသည့် 'သိပ္ပံပညာ' နှင့် နည်းပညာပုံစံများသည် အလွန်ပင်မျိုးစုံလှပါသည်။ နက်နဲလှသည့် ဆေးပညာအထူးပြုဘာသာရပ်များ[၈၂] ဖြစ်ကြသည့် စိတ်ပညာဖြင့် ပြစ်မှုဖော်ထုတ်ခြင်း (psychological profilers)[၈၃]၊ နားရွက်ပုံပန်းသဏ္ဌာန် နမူနာယူ နှိုင်းယှဉ်ခြင်း[၈၄] သို့မဟုတ် လမ်းလျှောက်ပုံခြေလှမ်းလေ့လာခြင်း ('လမ်းလျှောက်ဟန် လေ့လာဆန်းစစ်ခြင်း gait analysis')[၈၅] တို့အထိ ပါဝင်သည်။ အင်္ဂလိပ်ဥပဒေရှိ သင့်လျော်သည့် စံနှုန်းမှာ 'သိပ္ပံပညာ' ထက် စာပါက 'ကျွမ်းကျင်မှု' ဖြစ်သည်။ အကြောင်းအရာတိုင်းရှိ ကျွမ်းကျင်မှုအကြောင်း လူများက စောဒကတက်နိုင်ကြသည်။ ဥပမာအားဖြင့် ဒုတိယကမ္ဘာစစ် မတိုင်မီနှင့် စစ်အတွင်း ဥရောပတိုက်ရှိ ဂျူးလူမျိုးသန်းပေါင်းများစွာကို နာဇီတို့အစုအပြုံလိုက် သတ်ဖြတ်ခဲ့သည့် အဖြစ်အပျက်သမိုင်း (Holocaust)[၈၆] သို့မဟုတ် ဘိန်းဖြူ၏ တရားမဝင် ဈေးနှုန်းအကြောင်း[၈၇]တို့ ဖြစ်သည်။ အဆိုပါအမျိုးစုံလင်လှသည့် နယ်ပယ်များရှိ နယ်ပယ်

တစ်ခုချင်းနှင့် နယ်ပယ်တိုင်းအတွက် ကျွမ်းကျင်သူစင်စစ် ဖြစ်ရန်မှာမူ ရှေ့နေများ၊ တရားသူကြီးများနှင့် ဥပဒေပညာရှင်များအတွက် လက်တွေ့မကျပေ။ မှုခင်းဆေးပညာ ကျွမ်းကျင်မှုကို အသုံးပြုရန်အတွက် ပင်ကိုယ်ဉာဏ်ရှိပြီး[၈၈] မြဲမြဲမြံမြံဖြင့် ကျိုးကြောင်းဆီလျော်မှု ရှိရမည် ဖြစ်သည်။ သို့သော် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းတွင် ပါဝင်နေသည့် ရှေ့နေများအတွက်မူ လုံးဝနားမလည်မှုဟူ၍ မရှိဘဲ သင့်တင့်လျောက်ပတ်သည့် နည်းလမ်း တစ်ခု ရှိပါသည်။ ဥပဒေအရေချမှတ်သည့် စီရင်ချက်များ၏ သင့်လျော်မှုနှင့် လက်ခံနိုင်မှုတို့သည် မေးခွန်းမေးမြန်းရာတွင် ကျွမ်းကျင်မှု၏ နည်းစနစ်ပိုင်းဆိုင်ရာ ကျိုးကြောင်းခိုင်လုံခြင်းနှင့် အချက်အလက်ရှာဖွေရာတွင် အခြေခံဖြစ်သည့် အထောက်အထား ခိုင်လုံမှုတို့အပေါ် တစ်စိတ်တစ်ပိုင်းအားဖြင့် မူတည်နေပါသည်။[၈၉] ဥပဒေလက်တွေ့ ကျင့်သုံးသူများ (နှင့် သုတေသနစိတ်ဝင်စားမှုရှိသည့် ပညာရှင်များ) တို့သည် မှုခင်းဆေးပညာသိပ္ပံဆိုင်ရာ နည်းစနစ် အခြေခံသဘောတရားများနှင့် ပြစ်မှုဆိုင်ရာ ဆောင်ရွက်ချက်တို့တွင် မကြာခဏကြုံတွေ့ ရသည့် အခြားကျွမ်းကျင်မှု နယ်ပယ်များအား အနည်းဆုံး သိကျွမ်းနေရန်လိုအပ်သည်။ သိပ္ပံပညာ ဗဟုသုတနှင့် သုတေသနဆိုင်ရာ သီအိုရီအခြေခံများနှင့် ပြည့်ပြည့်စုံစုံ ပိုမို ချိတ်ဆက်ခြင်းသည် အင်္ဂလန်နှင့် ဝေလပြည်နယ်[၉၀] တို့တွင်သာမက (အင်္ဂလိပ်ရိုးရာ ဥပဒေစနစ် ကျင့်သုံးသည့်) ကမ္ဘာ့နေရာအနှံ့အပြား[၉၁]တွင်ပါ လက်တလောဆောင်ရွက်နေသည့် ကျင့်ထုံး ဆိုင်ရာ ဥပဒေ ပြုပြင်ပြောင်းလဲရေး၏ အဓိက ရည်ရွယ်ချက် ဖြစ်သည်။

ဥပဒေနှင့် သိပ္ပံပညာအကြား ခေတ်ပြိုင်အဖွဲ့အစည်းဆိုင်ရာ ပေါင်းကူးဆက်သွယ်ပေးသည့် စနစ်များ၏ ပိုနက်ရှိုင်းသည့် သီအိုရီပိုင်းအချက်များသည် အဓိကကျသည့် သုတေသန အစီအစဉ်များအား အားကောင်းစေပါသည်။ အဆိုပါ သုတေသန အစီအစဉ်များသည် အသိပညာအား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (အသိဉာဏ်ဆိုင်ရာ ဒဿနိကဗေဒ)၊ စာရင်းအင်း ပညာ၊ အပြုအမူနှင့် သိမှုဆိုင်ရာစိတ်ပညာ၊ ကွန်ပျူတာသိပ္ပံကဲ့သို့ လက်ရှိ ပညာရပ်နယ်ပယ် များအား အသုံးပြုထားသည်။ အသိဉာဏ်အလင်းပွင့်အလွန်သိပ္ပံပညာ၏ လူမှုရေး၊ နိုင်ငံရေး၊ သမိုင်းကြောင်း၊ အယူအဆနှင့် ဗဟုသုတဆိုင်ရာ အကြောင်းအရာများအား နားလည် သိမြင်ရန်အတွက် အချိန်ပေးမြှုပ်နှံထားသည့် သိပ္ပံပညာဗဟုသုတဆိုင်ရာ လူမှုဗေဒ (SSK)၊ သိပ္ပံနှင့် နည်းပညာလေ့လာမှုများ (STS) ကဲ့သို့ ပညာရပ်စုံချိတ်ဆက်လေ့လာသည့် သီးသန့် အထူးပြုဘာသာရပ်များကိုလည်း တိုးပွားစေသည်။[၉၂] အထူးသဖြင့် ၎င်းသိပ္ပံပညာတွင် မှုခင်း ဆေးပညာအား ထည့်သွင်းအသုံးပြုမှုများအား ပြသထားသည်။[၉၃] ကျွမ်းကျင်မှု ကိုယ်တိုင်သည်ပင် ပညာရပ်ဆိုင်ရာသုတေသနနှင့် ပညာရပ်နယ်ပယ်၏ မူလအစိတ်အပိုင်း တစ်ခု ဖြစ်သည်။[၉၄] ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းရှိ အစဉ်အလာ အင်္ဂလိပ်ရိုးရာ ဥပဒေ အယူအဆများနှင့် သက်သေခံ ဥပဒေများအတွက် နောက်ထပ် ထည့်သွင်းစဉ်းစား ရမည့် စိတ်ဝင်စားဖွယ်အချက်များ ရှိပါသည်။ သက်သေခံများ လက်ခံနိုင်မှုစည်းမျဉ်းများအပေါ် အခြေပြုထားသည့် ဥပဒေဆိုင်ရာ အစဉ်အလာ ချဉ်းကပ်မှုများသည် အကိုးအကားရရှိခြင်း၊ အသုံးပြုခြင်းနှင့် သက်သေ ခိုင်မာသည့် တန်ဖိုးများ အပေါ် အမြဲအလေးအနက်ထားရန်အတွက် ကျယ်ပြန့်ပါသည်။ အဆိုပါချဉ်းကပ်မှုများသည်

'ပင်ကိုယ်အသိဉာဏ်ဖြင့်' ကောက်ချက်ဆွဲယူ နိုင်သည့် တွေးခေါ်မြော်မြင်မှု အယူအဆအပေါ် အခြေတည်ဖြစ်ပေါ်လာသည်။[၉၅] ဥပဒေပညာရပ်နယ်ပယ်နှင့် ပညာရေးတို့တွင် 'အချက်အလက်များအား အလေးအနက် ထားခြင်း' နှင့် ပတ်သက်၍ ဆရာတစ်ဆူဖြစ်သော William Twining[၉၆] က သက်သေခံချက်နှင့် အထောက် အထားများအား အသေအချာ ပညာရပ်စုံချိတ်ဆက်၍ အထူးပြု လေ့လာခြင်းကို ချေပ ပြောဆိုသည်။ ဥပမာအားဖြင့် ပညာရပ်အစုံတွင် ဒဿနိကဗေဒ၊ လူမှုဗေဒ၊ သမိုင်း၊ နိုင်ငံရေး၊ မနုဿဗေဒ၊ စာရင်းအင်းပညာ၊ အပြောဘာသာရပ်၊ ကွက်စိပ်ဟောပညာ၊ စိတ်ပညာ၊ သိမြင်မှုသိပ္ပံပညာ၊ ဉာဏ်ရည်တုနှင့် ကွန်ပျူတာပညာတို့သာမက အမျိုးစုံလင်သည့် ဥပဒေ အထူးပြုဘာသာရပ်ခွဲများ ဖြစ်ကြသည့် ဥပဒေသိပ္ပံပညာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သီအိုရီ၊ လူ့အခွင့်အရေး၊ အများဆိုင်အပြည်ပြည်ဆိုင်ရာဥပဒေ (PIL)[၉၇] နှင့် နှိုင်းယှဉ်ဥပဒေတို့လည်း ပါဝင်သည်။ ပြီးပြည့်စုံသည့် 'မှုခင်းဆေးပညာသိပ္ပံ' ၏ မူလဘူတ အစစ်အမှန် အဓိပ္ပာယ်ကို ပြန်လည်ရှာဖွေခြင်းအား ရည်မှန်းချက်ကြီးမား၍ ပြောင်းလဲမှု ကြီးကြီးမားမား ဖော်ဆောင်ပေးသည့် လုပ်ငန်းစဉ်အဖြစ် တစ်ဦးတစ်ယောက်က ရှုမြင်ပေလိမ့်မည်။ ဆိုလိုသည်မှာ ဥပဒေအကြောင်းအရာအတွင်း သက်သေခံချက်များအား ခွဲခြမ်းစိတ်ဖြာခြင်း၊ ကျိုးကြောင်းဆီလျော်စွာ ကောက်ချက်ချခြင်း၊ အချက်အလက်ရှာဖွေခြင်းနှင့် အထောက်အထား ပြုခြင်းတို့အား သိပ္ပံနည်းကျ ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ခေတ်မီ သိပ္ပံနည်းကျ အကိုးအကားပြုရာတွင် 'မှုခင်းဆေးပညာ' အား အသေအချာ ထည့်သွင်းထားသည်။ သို့သော်အခြားအကြောင်းရင်းများစွာလည်း ရှိသည်။

ဤအရာသည် သက်သေခံချက်နှင့် အထောက်အထားနှင့် သက်ဆိုင်သည့် အသိဉာဏ်များရှိ အခြေတည်စ အဖွဲ့အစည်းဆိုင်ရာ ပြန်လည်စုစည်းခြင်းများသာမက အယူအဆများ စုစည်းပေါင်းစပ်ခြင်းအား အကြမ်းထည် ရေးဆွဲခြင်းမျှသာဖြစ်ပါသည်။ ထိုရေးဆွဲခြင်းသည် သီအိုရီအရသာမက ကျင့်သုံးလျက်ရှိသည့် ပညာရပ်စုံချိတ်ဆက်လေ့လာသည့် သုတေသန အတွက် တည်ရှိနေသည့် အဆုံးအစမဲ့ အခွင့်အလမ်းများကို ညွှန်ပြရန် လုံလောက်ပါသည်။ ဤအသိဉာဏ်အား လှုံ့ဆော်အားပေးခြင်းဖြင့် ထွက်ပေါ်လာသည့် မေးခွန်း၊ အကြောင်းအရာနှင့် ပြဿနာ အချို့သည် ဥပဒေပညာရှင်များနှင့် ကျင့်သုံးသူများ၏ အရိုးစွဲနေသည့် အစဉ်အလာများမှ ကွာဝေးနေပါသည်။ ထိုစဉ် ခေတ်ပြိုင် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းတွင် အဓိက ကျင့်သုံးနေသည့် မူဝါဒဆိုင်ရာနှင့် ကျင့်သုံးရာတွင် တွေ့ကြုံရသည့် ပြဿနာ များအား လိုက်လျောညီထွေ ဖြေရှင်းနိုင်ရန်အလို့ငှာ တီထွင်ဆန်းသစ်ထားသည့် ပညာရပ်စုံ ချိတ်ဆက်လေ့လာသည့် ချဉ်းကပ်မှုများအတွက် အသိအမြင်မြှင့်တင်ပေးရန် လိုအပ်လာသည်။ နောက်ဆုံးသာဓကအနေဖြင့် ပြစ်မှုဆိုင်ရာ စီရင်ဆုံးဖြတ်ချက်တွင် စာရင်းအင်းပညာ အကိုးအကားနှင့် ဖြစ်နိုင်ခြေရှိသည့် အကြောင်းပြချက် အသုံးပြုခြင်းကို ဆက်စပ် ဖော်ပြထားပါသည်။

ဆောင်ရွက်နေဆဲဖြစ်သည့် သုတေသနပူးပေါင်းလုပ်ဆောင်မှု၏ ပထမအဆင့်အား တော်ဝင်စာရင်းအင်းပညာအဖွဲ့ (RSS) ၏ ထောက်ပံ့ကူညီအားပေးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းများရှိ စာရင်းအင်းပညာနှင့် ဖြစ်နိုင်ခြေရှိသည့် သက်သေခံချက်များအား အသုံးပြုခြင်း၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ သက်သေပြနိုင်သည့် တန်ဖိုးနှင့် ဖြစ်နိုင်ခြေရှိသည့် မမျှော်မှန်းနိုင်သည့် အခက်အခဲများနှင့် ပတ်သက်သည့် ရှေ့နေများ၊ တရားသူကြီးများ၊ မှုခင်းဆေးပညာရှင်များနှင့် အခြားကျွမ်းကျင်သက်သေများအတွက် လက်တွေ့လမ်းညွှန်ချက်ကို ရေးသားရန် ရည်ရွယ်ပါသည်။ တော်ဝင်စာရင်းအင်းပညာအဖွဲ့ (RSS) ၏ စိတ်ပါဝင်စားမှုသည် Sally Clark တရားခွင်တွင် စာရင်းအင်းပညာ အချက်အလက် များအား ခဲရာခဲဆစ် အသုံးပြုခြင်းများမှ ကနဦး စတင်ခဲ့သည်။ အဆိုပါအမှုမှာ သူမ၏ နို့စို့အရွယ်သားယောကျ်ားလေးများအား သတ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် အမှုဖြစ်ပြီး လူအများစိတ်ဝင်တစားရှိကြကာ အယူခံ နှစ်ကြိမ် ဝင်ပြီးသည့်နောက်တွင်မှု ပယ်ဖျက်ခဲ့သည်။[၉၈] အီဒင်ဘတ်တက္ကသိုလ်ရှိ မှုခင်းဆေးပညာဆိုင်ရာ စာရင်းအင်းဗေဒ၏ ပါမောက္ခဖြစ်သူ Colin Aitken က စီမံကိန်းအား အဓိက ပဲ့ကိုင်မောင်းနှင်သည်။ စာရေးသူက ဥပဒေပညာရပ်ဆိုင်ရာအဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည့် တော်ဝင်စာရင်းအင်းပညာအဖွဲ့ (RSS) က စာရင်းအင်းပညာနှင့် ဥပဒေပညာဆိုင်ရာ လုပ်ငန်းကော်မတီ[၉၉] ကို ဖွဲ့စည်းခဲ့ပါသည်။ အတွေ့အကြုံ ကြွယ်ဝသည့် မှုခင်းဆေးပညာရှင်များနှင့် စာရင်းအင်း ပညာရှင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်၍ ပူးတွဲရေးသားပြုစုခဲ့ပြီးနောက် တစ်ပြိုင်နက်တည်းမှာပင် လက်တွေ့ကျင့်သုံးသူများအတွက် လက်စွဲစာအုပ်များကို ပြုစုထုတ်ဝေခဲ့သည်။ ၎င်းတို့မှာ ဖြစ်နိုင်စွမ်းကို လေ့လာခြင်းနှင့် စာရင်းအင်းပညာဆိုင်ရာ ယေဘုယျအချက်များ၊ မျိုးရိုးဗီဇစစ်ဆေးခြင်း ကိုးကားချက်၊ ဖြစ်ရပ်မှန် ကျိုးကြောင်းဆက်နွှယ် ကောက်ချက်ချခြင်းနှင့် Bayes သီအိုရီအခြေပြု စာရင်းအင်းပညာကွန်ယက်၏ ယေဘုယျသဘောတရားများနှင့် မှုခင်း ဆေးပညာသိပ္ပံဆိုင်ရာ အကိုးအကားများအား အနက်အဓိပ္ပာယ် ဖွင့်ဆို၍ ဆန်းစစ်ခြင်းဆိုင်ရာ လက်စွဲများဖြစ်ကြသည်။[၁၀၀] ပညာရပ်နယ်ပယ်ရှိ ပိုမိုမြင့်မားသည့် အလုပ်များ ထွက်ပေါ် စေခြင်းထက် လက်တွေ့ကျင့်သုံးသူများအတွက် လမ်းညွှန်ချက်လက်စွဲ ရေးသားရခြင်းသည် ပိုမိုလွယ်ကူကြောင်း မထင်မှတ်ပါနှင့်! ဆန့်ကျင်ဘက်အားဖြင့် ဤအားထုတ်မှုသည် ပညာရပ်အား သင့်လျော်သည့် သတင်းအချက်အလက်များအား မှန်ကန်တိကျသည့် ပုံစံအတိုင်း စစ်ထုတ် ဆက်သွယ်ထားပြီး လက်တွေ့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများဖြင့် ခရေစေ့တွင်းကျ အသေးစိတ် ပေါင်းစပ်ရန် ကြိုးစားအားထုတ်မှုပင် ဖြစ်သည်။ ‘အချိန်သည် တန်ဖိုးရှိကြောင်း’ နှင့် အဆင့်မြင့်သက်မွေးပညာရေးသည် တိတိပပ သိရန်လိုကြောင်း အခြေခံအပေါ်သာ အစဉ်သဖြင့် မူတည်တန်ဖိုးထားသည့် သူများအတွက် ရည်ရွယ်သည့် အထွေထွေကျွမ်းကျင်သူ ပရိသတ်များသာ နားလည်နိုင်သည်။

မှုခင်းဆေးပညာဆိုင်ရာ စာရင်းအင်းပညာနှင့် ဖြစ်နိုင်ခြေရှိသည့် ကျိုးကြောင်း ပြချက်တွင် ဥပဒေ၊ စာရင်းအင်းပညာနှင့် မှုခင်းဆေးပညာသိပ္ပံ ဆိုသည့် သက်ဆိုင်ရာ ပညာရပ် (၃) ခု တို့အကြား ဆက်နွှယ်ပြောဆိုလျက်ရှိသည့် ပညာရပ်စုံချိတ်ဆက်လေ့လာမှုက အနိမ့်ဆုံး အနေဖြင့် ပါဝင်သည်။ ဤသက်ဝင်လှုပ်ရှားလျက်ရှိသည့် စကားဝိုင်းတွင် မရေမတွက် နိုင်လောက်အောင်

များပြားသည့် ခက်ခဲနက်နဲမှုများနှင့် မသိမသာကွဲပြားချက်များ၊ အလားအလာရှိသည့် တူညီမှုများ၊ တဒင်္ဂ ပူးပေါင်းမှုများ၊ ပေါက်ကွဲမှုများ၊ ပညာရပ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ပြင်ဆင်ခြင်းနှင့် ကာလအတန်ကြာ သဘောထားကွဲလွဲ ငြင်းခုံခြင်းတို့ ပါဝင်သည်။ တစ်ဦးချင်းစီ ကျွမ်းကျင်သည့် အထူးပြု ဘာသာရပ်များအလိုက် အစမ်း လေ့ကျင့်ခြင်းများကို နှံ့နှံ့စပ်စပ်ဆောင်ရွက်ခြင်းတို့သည် စာရေးသူတို့က ထိထိရောက်ရောက် ဆောင်ရွက်သည့် သုတေသနပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်သည်။ ထိုသို့ပူးပေါင်းဆောင်ရွက် ခြင်းသည် အားလုံးလွှမ်းခြုံနိုင်သည့် လမ်းညွှန်ချက် ထွက်ပေါ်လာစေရန် လိုအပ်သော အချင်းချင်း အပြန်အလှန် သဘောပေါက်နားလည်နိုင်သည့် အဆင့်သို့ ရောက်ရှိစေရန် ကြိုးစားအားထုတ်မှုပင် ဖြစ်သည်။ သက်ဆိုင်ရာ သင်တန်းပေးခြင်းနှင့် အစီအစဉ်တကျ ရေးဆွဲထားသည့် လုပ်ငန်းစဉ်အရ အဆိုပါလမ်းညွှန်ချက်အား စာရေးသူတို့ အားလုံးက ပညာရပ် ဆိုင်ရာ ဂုဏ်သိက္ခာဖြင့် အတည်ပြုထောက်ခံနိုင်ကြသည်။ အခြားသူတစ်ဦး၏ ကိုယ်ပိုင် ပညာရပ်ဆိုင်ရာ လုပ်ရိုးလုပ်စဉ်များနှင့် ကြိုတင်ကောက်ချက်များအား အထူးတလည် သိမြင်နားလည်လာစေရန်အတွက် မျှဝေလိုသည့် စိတ်ဆန္ဒမရှိကြသည့် ပညာရှင်များအား ၎င်းလုပ်ရိုးလုပ်စဉ်နှင့် ကြိုတင်ကောက်ချက်ချခြင်းတို့အား ရှင်းလင်းပြောကြားရန် ကြိုးစားခြင်းထက် ပိုကောင်းသည့် နည်းမရှိပါ။ ပညာရပ်ဆိုင်ရာ စံနမူနာများနှင့် တန်ဖိုးများ အပေါ် တစ်ဦးတစ်ယောက်ထားရှိသည့် ကတိကဝတ်အား စမ်းသပ်ရာတွင် အခြားနမူနာများနှင့် ရင်ဆိုင်တွေ့ဆုံဖြေရှင်းခြင်းထက် ပိုကောင်းသည့် နည်းမရှိပေ။ ထိုစမ်းသပ်ခြင်းတွင် တစ်ဦး တစ်ယောက်ရှိ သက်သေရှင်းလင်းချက်ဆိုင်ရာ ငြင်းခုံမှုကို ပိုမိုအားကောင်းစေရန်သာမက တဖန်ပြန်လည် စဉ်းစားမိစေရန်အတွက်လည်း အကဲစမ်းခြင်းလည်း ပါသည်။ ပညာဘဏ်တိုက်များသည် ကိုယ်ပိုင်ထူးခြားချက်များကို အားပေးမြှင့်တင် လိုကြသည်။ တစ်ခါတစ်ရံတွင် ပိုမို ထူးခြားသည့် ဆက်သွယ်ပေါင်းစည်းမှုများ၊ အသင်းအပင်းဖွဲ့မှုများ၊ ကြိုတင်ကောက်ချက် ချခြင်းများ၊ အကဲဖြတ်ဆန်းစစ်သည့် စံနှုန်းများ၊ ပညာရပ်ဝေါဟာရများကို အားပေးမြှင့်တင် လိုကြသည်။ ထို့အပြင် သုတေသနတွေ့ရှိချက်များ အပါအဝင် ဉာဏထုတ်ကုန်များအား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေကာ ဆက်သွယ်ပေးသည့် အစဉ်အလာ နည်းလမ်းများကိုလည်း မြှင့်တင်လိုစိတ် ရှိသည်။ တစ်ထီးတည်းဖြစ်ခြင်းကြောင့် ကြွက်သားမျှင်များ တင်းမာခြင်းကို ဖြစ်ပေါ်စေပြီး မျိုးရိုးဗီဇကို ပျက်စီးစေသည့် နေရာများတွင် ပညာရပ်စုံ ချိတ်ဆက် လေ့လာခြင်းက မကိုက်ညီသည့်အချက်များအား တိုက်ဆိုင်စစ်ဆေးပြီးနောက် အသေအချာ ဖျက်ဆီးပစ်နိုင်သည်။ ကျေနပ်နှစ်သိမ့်ခြင်းအား စိန်ခေါ်ပြီးနောက် နယ်ပယ် ချဲ့ထွင်ပါသည်။ ဘာသာရပ်နယ်ပယ် ကန့်သတ်ချက်များကို ကျော်လွန်ကာ သဘောထား ကြီးကြီးဖြင့် ဆွေးနွေးရန် စိတ်ပိုင်းဖြတ်ထားသူ ဗဟုသုတကြွယ်ဝပြီး အတွေ့အကြုံများသည့် သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် ဤသုတေသစီမံကိန်းတွင် စာရေးသူက ပါဝင်ခဲ့သည်။ ထို့သို့ ပါဝင်ဆောင်ရွက်ခြင်းကပင်လျှင် ပညာရပ်စုံ ချိတ်ဆက်လေ့လာခြင်း၏ တန်ဖိုးအား ဆရာလွတ် ကိုယ်တိုင်လေ့လာသင်ယူနိုင်သည့် ရက်တိုသင်တန်း တက်ရောက်သကဲ့သို့ပင် ဖြစ်သည်။ မှုခင်းဆေးပညာဆိုင်ရာ ကိစ္စရပ်များတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ကိုင် လျက်ရှိသော်ငြား မှုခင်းဆေးပညာသိပ္ပံဆိုင်ရာ သက်သေခံ သီအိုရီအကြောင်းနှင့် လက်တွေ့ စိန်ခေါ်မှုများအား စာရေးသူက နှိုက်နှိုက်ချွတ်ချွတ် ပိုမို

နားလည်ခဲ့သည်။ အဖွဲ့အစည်းဆိုင်ရာ ဝန်းကျင်အခြေအနေရှိ ဥပဒေနှင့် သိပ္ပံပညာအကြား အပြန်အလှန် ချိတ်ဆက်မှုများအား အကွက်ကျကျစီစဉ်ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ကျင့်သုံးသူများက ကြုံတွေ့ရသည့် အခက်အခဲများအပေါ် အလေးအနက်ဆင်ခြင်ရမည့် အမြင်ရှုထောင့်ကို ရရှိသည်။ ၎င်းအဖွဲ့အစည်း ဆိုင်ရာဝန်းကျင်သည် ပညာရပ်ဆိုင်ရာ သုတေသနနှင့် နှိုင်းယှဉ်ပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးရန်၊ ပူးပေါင်းဆောင်ရွက်ရန်နှင့် အပြန်အလှန် အပြုသဘောဆောင်သည့် ဝေဖန်မှုပြုရန် အတော်ပင် မသက်မသာဖြစ်စေသည်။

ထို့အပြင် အသင့်အတင့်နားလည်နိုင်သော ဖြစ်တန်ချေရှိသည့် ကျိုးကြောင်းပြချက် သည် မှုခင်းဆေးပညာကောက်ချက်၊ 'သိပ္ပံပညာ' သို့တည်းမဟုတ် အခြားတစ်နည်းနည်းအပေါ် ကျောထောက်နောက်ခံပြုထားသည်။ ဤသိမြင်မှုအား အလားအလာရှိရှိ ရဲရဲဝံ့ဝံ့ အသုံးချခြင်းသည် 'အရွေ့အသစ်များ'[၁၀၁] အကြောင်း တက်တက်ကြွကြွ ပြောကြားမှုများအကြား မူဝါဒနှင့် ပညာရပ်ဆိုင်ရာ အသိုင်းအဝိုင်းများမှတဆင့် စိမ့်ဝင်ရန်အတွက် ကနဦးအစပင် ဖြစ်သည်။ မှုခင်းဆေးပညာ ကျင့်သုံးသည့် အသိုက်အဝန်းအတွင်း ရှာဖွေလျက်ရှိသည့် လက္ခဏာ တစ်ရပ်လည်း မဟုတ်ပေ။ ၎င်းအသိုက်အဝန်းသည် ပညာရပ်ပိုင်းအရ ကြာရှည် စိတ်မချရသည့် မှုခင်းဆေးပညာသိပ္ပံအား ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်သည့် အစဉ်အလာ နည်းလမ်းအချို့၏ နည်းစနစ်ပိုင်းဆိုင်ရာ ကျိုးကြောင်းခိုင်လုံခြင်းအကြောင်းနှင့် ချိတ်ဆက် နေသည်။[၁၀၂] ထိုအချိန်တွင် မသေချာမရေရာမှုအသစ်များနှင့် နေသားတကျမဖြစ်ခြင်းသာမက သံသယများကြောင့် ထွက်ပေါ်လာသည့် မှုခင်းဆေးပညာဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများကို ပြစ်မှုဆိုင်ရာတရားရုံးများက ကြုံတွေ့နေရသည်။[၁၀၃] မှုခင်းဆေးပညာသိပ္ပံရှိ ပြည်သူလူထု၏ ယုံကြည်အားထားမှုအား ထိခိုက်စေနိုင်သည့် ပျက်ကွက်မှုများအား ဖျက်ဆီးခြင်းသည် သတင်းစာ ခေါင်းစီးများတွင် ရံဖန်ရံခါ ပါလာတတ်သည်။[၁၀၄] ထို့အပြင် သိပ္ပံပညာဆိုင်ရာ သက်သေခံချက်နှင့် ဆက်စပ်နေသည့် တရားမျှတမှုပျက်သုဉ်းကြောင်း လူအများ စိတ်ဝင်စားသည့် သတင်းသည်လည်း အဆိုပါခေါင်းကြီးပိုင်းနှင့် နီးနီးကပ်ကပ် ပါလာတတ်သည်။ အကျပ်အတည်းသည် ဘွားခနဲ ပေါ်လာမည့်အသွင် ရှိခြင်းကြောင့် ပေါင်းစပ်ဆောင်ရွက်ရမည့် တိကျပြတ်သားသော တုံ့ပြန်ဆောင်ရွက်မှုများနှင့် ယုံကြည်စိတ်ချ ရသည့် မူဝါဒဆိုင်ရာ ဦးဆောင်မှုလိုအပ်ကြောင်း ပညာရပ်ဆိုင်ရာ ဝေဖန် ဆန်းစစ်ချက်သည် တောင်လိုပုံနေသည်။ မှုခင်းဆေးပညာအား တရားမျှတမှုအတွက် အံဝင်ဂွင်ကျဖြစ်အောင် ပြုလုပ်ခြင်းသည် တင်းကြပ်သည့်မူဝါဒအခြေခံနှင့် ဆန့်ကျင်လျက် ပြင်းထန်သည့် စိန်ခေါ်မှု တစ်ခု ဖြစ်လာပေလိမ့်မည်။ မှုခင်းဆေးပညာသိပ္ပံ သက်သေခံချက်အား အနက်အဓိပ္ပာယ်ဖွင့်ဆို တင်ပြခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းအတွက် ဒေါင်ဒေါင်မြည် လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးလာစေရေး လက်တွေ့ကျကျလုပ်ရန် အရေးတကြီး လိုအပ်လာသည်။ ထို့အတွက် မှုခင်းဆေးပညာသိပ္ပံရှိ ခြေခြေမြစ်မြစ်ရှိသည့် ယေဘုယျ နည်းစနစ်တစ်ခုအားထုတ်လုပ်၍ လူအများသိစေအောင် ဆောင်ရွက်သည့် စီမံကိန်း အကောင်အထည်ဖော်ခြင်းဟု ပြောဆိုနိုင်သည်။ အဆိုပါ စီမံကိန်းသည် အသွင်ပြောင်းလဲ သရုပ်ဖော်သည့် အဆင့်များတွင်ပင် ရှိနေသေးသည်။ ကျိုးကြောင်းခိုင်လုံ၍ ရေရှည် အကျိုးရှိပါက

ဤလုပ်ရပ်ရှိ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများသည် အနှစ်သာရအားဖြင့် ပညာရပ်စုံချိတ်ဆက်လေ့လာမှု ဖြစ်ရန် လိုအပ်သည်။

## နိဂုံးချုပ်ရသော် သင်အနေဖြင့် သဘောပေါက်နားလည်ပါသလား?

ဥပဒေသုတေသနရှိ ပညာရပ်စုံချိတ်ဆက်လေ့လာခြင်း၏ သဘောသဘာဝနှင့် လိုအပ်မှုတို့ကို ဤအခန်းက ထည့်သွင်းစဉ်းစားထားသည်။ ပညာရပ်စုံချိတ်ဆက်ပေါင်းစပ်မှုအတွက် သင့်လျော်မည့် 'ပညာရပ်နယ်ပယ်' နှစ်ခု သို့မဟုတ် ထို့ထက်ပို၍ မခွဲခြားနိုင်ပါက သုတေသနအား 'ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု' အဖြစ် အဓိပ္ပာယ်ရှိရှိ မသတ်မှတ်နိုင်ချေ။ ဥပဒေပညာရပ်အား အခြားသောပညာရပ်များနှင့် အကြောင်းအရာအရလည်းကောင်း၊ သုတေသနမေးခွန်းများအရ လည်းကောင်း၊ (သင်ခန်းစာများ၊ ပြဋ္ဌာန်းစာအုပ်များ၊ ဂျာနယ်များ၊ ပညာရပ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲများ အစရှိသဖြင့်) ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ လက္ခဏာအရလည်းကောင်း တစ်စိတ်တစ်ပိုင်းအားဖြင့် နည်းလမ်းတကျ ခွဲခြားထားနိုင်ကြောင်း စာရေးသူက အဆိုပြုခဲ့သည်။ သို့သော် အတွင်းကျကျပါဝင်သူအမြင်အနေဖြင့် တရားစီရင်ရေးဆိုင်ရာ ဖြစ်စဉ်များအား နည်းစနစ်ပိုင်းဆိုင်ရာ သဘောထားဖြင့် အဓိက ရှုမြင်ခဲ့သည်။ အကျွမ်းတဝင်ရှိသည့် အခြား ပညာရပ်နယ်ပယ်များအားလည်း တူညီသည့်စဉ်းမျဉ်းအတိုင်း ခွဲခြားနိုင်ပေလိမ့်မည်။ ဤနည်းဖြင့် သတ်မှတ်ထားသည့် ဥပဒေသုတေသနသည် သေချာပေါက် သို့မဟုတ် သီးသန့် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု မဟုတ်ချေ။ သို့ရာတွင် ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုသည် ဥပဒေသုတေသနရှိ အစီအစဉ်များစွာအား သိသာထင်ရှားစွာ မြှင့်တင်ပေးပြီး စီမံကိန်းများအတွက် မရှိမဖြစ် လိုအပ်သည့်အရာ ဖြစ်ကြောင်း ခုခံပြောဆို ကြသည်။ သုတေသီ၏ အဓိကကျသည့် သုတေသနမေးခွန်း (မေးခွန်းများ) သည် ရရှိနိုင်သော ဒေတာ (အချက်အလက်) အား ခြေခြေမြစ်မြစ်ရှိသည့် နည်းစနစ်ပိုင်းဆိုင်ရာ ကျိုးကြောင်း ဆီလျော်မှုနှင့် ချိတ်ဆက်ကာ ကိုးကားမှုမရှိခြင်းကြောင့် မဖြေဆိုနိုင်ဘဲ ပညာရပ်စုံချိတ်ဆက် လေ့လာသည့် သုတေသန ဒီဇိုင်းဖြင့်သာလျှင် ဖြေဆိုနိုင်သောအခါ မရှိမဖြစ်လိုအပ်ပါသည်။ ပြစ်မှုဆိုင်ရာ တရားမျှတမှု နယ်ပယ်ရှိ စာရေးသူကိုယ်ပိုင် သုတေသနကို အရင်းခံ၍ သာဓကများ ပြည့်ပြည့်စုံစုံဖြင့် အသေးစိတ်ရှင်းလင်း တင်ပြခဲ့သည်။ အရည်အသွေးမြင့် ဥပဒေ ပညာရပ်အား အဖွဲ့အတွင်း ပြန်ကြားပေးရန်အတွက် နည်းစနစ်ပိုင်းဆိုင်ရာ ယေဘုယျ အယူအဆများနှင့် ဗျူဟာများအတွက် ၎င်းသာဓကများအား စံပြအဖြစ်လည်း ရည်ရွယ် တင်ပြထားသည်။

ဥပဒေသုတေသနအတွက် ပညာရပ်စုံချိတ်ဆက်လေ့လာမှုအား သုတေသနကောင်းရှိ ယေဘုယျ စံသတ်မှတ်ချက်နှင့် နည်းလမ်းများအဖြစ် ချဲ့ထွင် ဆွေးနွေးထားသည်။ အတိုကောက် အားဖြင့် ET ဟုခေါ်သည့် ပညာရပ်ဆိုင်ရာစုံစမ်းစစ်ဆေးမှု၏ သုံးပွင့်ဆိုင်ချိတ်ဆက်မှုအား စာရေးသူက တင်ပြခဲ့သည်။ သုတေသနစီမံကိန်းတိုင်းတွင် ပါရှိသည့် အကြောင်းအရာ (ဘာလဲ?)၊ စေ့ဆော်မှု (ဘာ့ကြောင့်?) နှင့် နည်းလမ်း (ဘယ်လို?) တို့အား ရှင်းလင်းကွဲပြား စေရန်အတွက် အားလုံးလက်ခံသည့် တွေးခေါ်မြော်မြင်မှု ကွန်ယက်တစ်ခုအဖြစ် ၎င်း ET အား ဖွင့်ဆိုခဲ့သည်။ အတောမသတ် မေးမြန်းနေရမည့် အပြန်အလှန်မှီတည်နေသည့် မေးခွန်း (၃) ခုအတွက် အဖြေအား

အချင်းချင်း ဟန်ချက်ညီညီ ထောက်ပံ့ပေးသည့် ပုံစံအဖြစ်ဖြေဆိုရမည် ဖြစ်ကြောင်း တင်ပြခဲ့သည်။ အကြမ်းပြုစုခြင်း၊ ပြန်လည် ဆင်ခြင်ခြင်း၊ ချိန်ညှိခြင်းနှင့် ထပ်မံ သုတေသနပြုခြင်း၊ ပြန်လည် ချိန်ဆ၍ ပိုမိုတိတိကျကျ သတ်မှတ်ခြင်းတို့အား ထပ်ခါတလဲလဲ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြင့် ၎င်းမေးခွန်း (၃) ခုအား ဖြေဆိုရမည် ဖြစ်ကြောင်း တင်ပြခဲ့သည်။ ET ၏ ဆရာလွတ် ကိုယ်တိုင်သင်ယူနိုင်သည့်အစွမ်းနှင့် လိုက်လျောညီထွေ ပြုပြင်နိုင်မှုအား အကြောင်းအရာပိုင်း သာဓကများဖြင့်သာမက အထုပ္ပတ္တိတစ်စိတ်တစ်ပိုင်း အနည်းငယ်အား ထည့်သွင်းပြီး ရှင်းလင်းပြသည်။ ပညာရပ်စုံချိတ်ဆက်လေ့လာသည့် ကိုယ်ပိုင်သုတေသန အစီအစဉ်များ ရေးဆွဲရာတွင် ဥပဒေသုတေသီများက ချမှတ်ရမည့် သို့မဟုတ် လိုက်လျောညီထွေ ပြင်ဆင်ရမည့် လက်တွေ့ကျသည့် အရိပ်အမြွက်၊ နိမိတ်ပြ အကြံဉာဏ်များကိုလည်း ဖော်ပြထားသည်။ ကျိုးကြောင်းပြဆိုသည့် ယေဘုယျ လုပ်ထုံးလုပ်နည်းအား အထက်ဖော်ပြပါ ဆွေးနွေးချက်ရှိ ဖွဲ့စည်းပုံအယူအဆဖြင့် ထပ်မံ ထင်ရှားအောင် ဖော်ပြခဲ့သည်။ အဆိုပါ လုပ်ထုံးလုပ်နည်းသည် ET အား ကိုယ်တိုင် ‘ပညာရပ်စုံ ချိတ်ဆက်လေ့လာမှု” အဖြစ် အကြွင်းမဲ့ အလိုအလျောက် ထည့်သွင်းထားသည်။ ပညာရပ်စုံ ချိတ်ဆက်လေ့လာမှုသုတေသန ဆိုသည်မှာ *ဘာလဲ*၊ ၎င်းသည် ဥပဒေပညာရပ်တွင် *ဘာ့ကြောင့်* တန်ဖိုးရှိသလဲနှင့် လက်တွေ့ကျကျ ၎င်းအား *မည်သို့* အကောင်အထည်ဖော်သလဲ တို့အား ရှင်းလင်းပြသရန် ဤအခန်းက ကြိုးစားအားထုတ် ထားသည်။ ဤသို့ဆောင်ရွက်ရန်အတွက် နည်းစနစ်ပိုင်းဆိုင်ရာ ပြည့်စုံကောင်းမွန်သည့် စီမံကိန်းဒီဇိုင်း လိုအပ်ပြီး မြောက်များလှသော ပညာရပ်စုံချိတ်ဆက် လေ့လာမှုစာရင်းမှ နည်းလမ်းများအား ရွေးချယ်၍ အမြော်အမြင်ရှိရှိ ထည့်သွင်းပေါင်းစပ်ရမည် ဖြစ်သည်။ အထက်ပါအချက်များ အားလုံးအား နည်းစနစ်ကျကျ ထည့်သွင်းစဉ်းစားသွားရန် လိုအပ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်း က စာဖတ်သူအနေဖြင့် ဥပဒေသုတေသနနည်းလမ်းကို အမှန်တကယ် ရရှိနိုင်မည့် နည်းလမ်း ဖြစ်ပါသည်။

## ထပ်မံ ဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ

J. B. Baron, ‘Law, Literature, and the Problems of Interdisciplinarity’ (1999) 108 *Yale Law Journal* 1059.

R. Burns, M. Constable, J. Richland and W. Sullivan, ‘Analysing the Trial: Interdisciplinary Methods’ (2008) 31 *Political and Legal Anthropology Review* 303–29.

J. L. Coleman, ‘Methodology’ in J. Coleman and S. Shapiro (eds), *The Oxford Handbook of Jurisprudence and Philosophy of Law* (Oxford: Oxford University Press, 2002).

J. Davies, ‘Disciplining the Disciplines’ in P. Dawid, W. Twining and M. Vasilaki (eds), *Evidence, Inference and Enquiry* (Oxford: Oxford University Press, 2011).

A. A. Leff, ‘Law and’ (1978) 87 *Yale Law Journal* 989.

C. McCrudden, 'Legal Research and the Social Sciences' (2006) 122 *Law Quarterly Review* 632.

D. Nelken, 'Blinding Insights? The Limits of a Reflexive Sociology of Law' (1998) 25 *Journal of Law and Society* 407.

E. Örücü and D. Nelken (eds), *Comparative Law – A Handbook* (Oxford: Hart Publishing, 2007).

A. Riles, 'Wigmore's Treasure Box: Comparative Law in the Era of Information' (1999) 40 *Harvard International Law Journal* 221.

P. Roberts, 'Penal Offence in Question: Some Reference Points for Interdisciplinary Conversation' in A. Simester and A. von Hirsch (eds), Incivilities: Regulating Offensive Behaviour (Oxford: Hart Publishing, 2006), 1–56.

P. Roberts, 'Renegotiating Forensic Cultures: Between Law, Science and Criminal Justice' (2013) 44 *Studies in the History and Philosophy of Biological and Biomedical Sciences* 47

P. Roberts and N. McMillan, 'For Criminology in International Criminal Justice' (2003) 1 *Journal of International Criminal Justice* 315.

L. Rose, *Law as Culture: An Invitation* (Princeton, NJ: Princeton University Press, 2006).

G. Samuel, *An Introduction to Comparative Law Theory and Method* (Oxford: Hart Publishing, 2014).

W. Twining, *Law in Context: Enlarging A Discipline* (Oxford: Oxford University Press, 1997).

W. Twining, General Jurisprudence – *Understanding Law from a Global Perspective* (Cambridge: Cambridge University Press, 1997).

W. Twining, 'Moving Beyond Law: Interdisciplinarity and the Study of Evidence' in P. Dawid, W. Twining and M. Vasilaki (eds), *Evidence, Inference and Enquiry* (Oxford: Oxford University Press, 2011).

D. W. Vick, 'Interdisciplinarity and the Discipline of Law' (2004) 31 *Journal of Law and Society* 163.

## မှတ်စုများ

[၁] (၂၀၀၇) ခုနှစ်တွင် ပထမအကြိမ်တည်းဖြတ်ထုတ်ဝေထားသည့် ဤစာအုပ်အပြင် D. Watkins and M.

Burton (eds), *Research Methods in Law* (London: Routledge, ၂၀၁၃) တွင်လည်း ကြည့်ရှုနိုင်သည်။

၂ ဥပမာအတွက် R. D. King and E. Wincup (eds), *Doing Research on Crime and Justice* (2nd edn) (Oxford: Oxford University Press, 2007); V.Jupp, *Methods of Criminological Research* (London: Routledge, 1989); G. Rose, *Deciphering Sociological Research* (London: Palgrave, 1982) တို့ကို ကြည့်ပါ။

၃ သမိုင်းဆိုင်ရာအကြောင်းအရာအတွက် W. Twining, *Blackstone's Tower: The English Law School* (London: Sweet & Maxwell, ၁၉၉၄) ကို ကြည့်ပါ။ ဥပဒေပညာရေးသည် အခြားသော တရားစီရင်ရေးများကဲ့သို့ တူညီသည့်လမ်းကြောင်းအတိုင်း မလိုက်နာပေ (M. Thornton, 'Among the Ruins: Law in the Neo-Liberal Academy' (2001) 20 *Windsor Yearbook of Access to Justice* 3 နှင့် နှိုင်းယှဉ်ကြည့်ပါ)။ ဗြိတိန်နိုင်ငံရှိ လက်ရှိခေတ်စားနေသည့် လမ်းကြောင်းသည် မည်သည့်နည်းနှင့်မျှ ပြောင်းလဲရန် မဖြစ်နိုင်ပေ။ အမှန်အားဖြင့် လက်ရှိစားပွဲပေါ်ရေးဆွဲထားသည့် အဆိုပြုလွှာများသည် ဗြိတိန်နိုင်ငံရှိ ဥပဒေပညာရေး၏ အဖွဲ့အစည်းဆိုင်ရာတည်ဆောက်မှုများအား တစ်စတစ်စနှင့် စနစ်တကျ ဖြိုဖျက်နိုင်သည်။ Solicitors Regulation Authority, 'Training for Tomorrow: Assessing Competence', SRA, 7 December 2015, available at www.sra.org.uk/sra/consultations/t4t-assessing-competence.page ကို ကြည့်ပါ။

၄ ကွန်မြူနစ်ကြေညာစာတမ်း (*Communist Manifesto*) ၏ အစိတ်အပိုင်းအများစုအား Marx က အမှန်ရေးသားခဲ့ကြောင်း ထင်ရသည်။ F. Wheen, Karl Marx (London: Fourth Estate, 1999) 119.

၅ R. Dingwall, 'The Ethical Case Against Ethical Regulation in Humanities and Social Science Research' (2008) 3 *21st Century Society* 1; P. Jump, 'Ethics Rethink for Social Sciences' *Times Higher Education*, 14 March 2013.

၆ Monty Python ၏ *Life of Brian* ဇာတ်မြူးရုပ်ရှင်ကားပါ နာမည်ကြီးဇာတ်ဝင်ခန်း တစ်ခုကို ပြန်အမှတ်ရမိစေသည်။ ၎င်းအခန်းတွင် ရောမလူမျိုးများက အောင်မြင်စွာ ခွဲခြမ်း၍ သိမ်းပိုက်စိုးမိုးလျက်ရှိနေစဉ် 'Judea ရှိ ပြည်သူ့တပ်ဦး' အား ယုံကြည်ကိုးကွယ်သူများသည် 'Judea ပြည်သူ့တပ်ဦး' အား ဆန့်ကျင်တိုက်ခိုက်ရန် ပြင်ဆင်ကြသည်။

၇ ဤအမြင်သဘောထားသည် စကားအချေအတင် စစ်ထိုးခြင်းအား သက်ဝင်လှုပ်ရှားစေခဲ့သည်။ R. Collier, '"We're All Socio-Legal Now?" Legal Education, Scholarship and the "Global Knowledge Economy" – Reflections on the UK Experience' (2004) 26 *Sydney Law Review* 503; F. Cownie, *Legal Academics: Cultures and Identities* (Oxford: Hart Publishing, 2004) ကို ကြည့်ပါ။

၈ M. Bosworth and C. Hoyle (eds), *What is Criminology?* (Oxford: Oxford University Press, 2011); D. Downes, 'The Sociology of Crime and Social Control in Britain, 1960–87' in P. Rock (ed.), *A History of British Criminology* (Oxford: Oxford University Press, 1988) (ပြစ်မှုဗေဒအား 'ဆုံရပ်အကြောင်းအရာတစ်ခု' အဖြစ် သတ်မှတ်ထားသည်) ကို ကြည့်ပါ။

၉ ဥပမာအတွက် T. Hutchinson and N. Duncan, 'Defining and Describing What We Do: Doctrinal Legal Research' (2012) 17 *Deakin Law Review* 83; M. van Hoecke (ed.), *Methodologies of*

*Legal Research: What Kind of Method for What Kind of Discipline?* (Oxford: Hart Publishing, 2011) ကို ကြည့်ပါ။

၁၀ ဥပဒေပညာနှိုင်းယှဉ်လေ့လာခြင်းများသည် ပညာရပ်စုံချိတ်ဆက်လေ့လာမှုများ ဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းလေ့လာမှုများသည် လူမှုဗေဒ၊ ဒဿနိကဗေဒစသည်တို့နှင့် သက်ဆိုင်သည်။ သို့သော် နှိုင်းယှဉ်ဥပဒေသည် အခြေခံအရ (တစ်ခါတစ်ရံတွင် လက်တွေ့အရ) အယူအဆအခြေပြု ဖြစ်သည်။ E. Örücü and D. Nelken (eds), *Comparative Law – A Handbook* (Oxford: Hart Publishing, 2007); W. Ewald, 'Comparative Jurisprudence (I): What Was it Like to Try a Rat?' (1995) 143 *University of Pennsylvania Law Review* 1898 နှင့် နှိုင်းယှဉ်ကြည့်ပါ။

၁၁ အဆိုပါ ပိုင်းခြားထားခြင်းများအနက် အချို့မှာ အဖွဲ့အစည်းဆိုင်ရာ သိသာထင်ရှားမှုအား ကြိုတင် သိမြင်ခြင်းဖြင့် ခြေခြေမြစ်မြစ် ခွဲခြားထားပါသည်။ ဥပမာအားဖြင့် ပြည်သူ့ရေးရာဥပဒေနှင့် ပုဂ္ဂလိက ဥပဒေအကြား သို့မဟုတ် ဒဏ်ပေးခြင်းဖြင့် တရားမျှတမှုတည်ဆောက်ခြင်းနှင့် ပြင်ဆင် တည့်မတ် ခြင်းဖြင့် တရားမျှတမှုတည်ဆောက်ခြင်းတို့အကြား အသေအချာ ခွဲခြားထားခြင်း ဖြစ်သည်။

၁၂ R. Dworkin, *Taking Rights Seriously* (London: Duckworth, 1978); H. L. A. Hart, *The Concept of Law* (Oxford: Clarendon Press, 1961).

၁၃ J. Raz, *The Authority of Law* (2nd edn) (Oxford: Oxford University Press, 2009); N. MacCormick, *Institutions of Law* (Oxford: Oxford University Press, 2007); D. Fraser, *Law After Auschwitz: Towards a Jurisprudence of the Holocaust* (Durham, NC: Carolina Academic Press, 2005).

၁၄ J. Finnis, *Natural Law and Natural Rights* (2nd edn) (Oxford: Oxford University Press, 2011); R. Dworkin, *Law's Empire* (London: Fontana, 1986).

၁၅ H. P. Glenn, *Legal Traditions of the World* (4th edn) (Oxford: Oxford University Press, 2010) Chapters 3, 4 and 6.

၁၆ S. A. Farrar, 'Islamic Jurisprudence and the Role of the Accused: A Re-Examination' (2003) 23 *Legal Studies* 587 နှင့် နှိုင်းယှဉ်ကြည့်ပါ။

၁၇ သို့သော် W. Twining, *Karl Llewellyn and the Realist Movement* (London: Weidenfeld and Nicolson, 1973) Chapter 8 ကို ကြည့်ပါ။

၁၈ R. Cotterrell, *The Sociology of Law: An Introduction* (၂nd edn) (London: Butterworths, 1992); H. Collins, *Marxism and Law* (Oxford: Oxford University Press, 1982).

၁၉ C. A. MacKinnon, *Toward a Feminist Theory of the State* (Cambridge, MA: Harvard University Press, 1989); C. Smart, *Feminism and the Power of Law* (London: Routledge, 1989).

၂၀ R. Pound, 'Law in Books and Law in Action' (1910) 44 *American Law Review* 12.

၂၁ A. R. Mele and P. Rawling (eds), *The Oxford Handbook of Rationality* (Oxford: Oxford University Press, 2004); J. Gardner and T. Macklem, 'Reasons' in J. Coleman and S. Shapiro

(eds), *The Oxford Handbook of Jurisprudence and Philosophy of Law* (Oxford: Oxford University Press, 2002); J. Raz, *Engaging Reason* (Oxford: Oxford University Press, 1999).

၂၂ Wittgenstein ၏ ဆောင်ပုဒ်ဖြစ်သည့် 'ခြင်္သေ့တစ်ကောင် စကားပြောနိုင်ပါက ကျွန်ုပ်တို့သည် သူ့အား နားလည်နိုင်မည် မဟုတ်' နှင့် နှိုင်းယှဉ်ကြည့်ပါ။ L. Wittgenstein, *Philosophical Investigations*, trans. G. E. M. Anscombe (3rd edn) (Oxford: Blackwell, 1967) 223

၂၃ *Browne* v. *Dunn* (1894) 6 R 67 (HL); *R* v. *M & N* [2011] EWCA Crim 1458 [48].

၂၄ P. Roberts and A. Zuckerman, *Criminal Evidence* (2nd edn) (Oxford: Oxford University Press, 2010) 340–6 ကို ကြည့်ပါ။

၂၅ ဥပမာအားဖြင့် D. W. Vick, 'Interdisciplinarity and the Discipline of Law' (2004) 31 *Journal of Law and Society* 163 ကို ကြည့်ပါ။ ထို့အပြင် 'ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ' ခေါင်းစဉ်အောက်ရှိ နောက်ထပ်အရင်းအမြစ်များကိုလည်း ကြည့်ရှုပါ။

၂၆ ဥပမာအတွက် Elsevier, *A Review of the UK's Interdisciplinary Research Using a Citation-based Approach: Report to the UK HE Funding Bodies and MRC by Elsevier* (July 2015), available at www.hefce.ac.uk/media/HEFCE,2014/Content/Pubs/Independentresearch/2015/Review,of,the,UKs,interdisciplinary,research/2015_interdisc.pdf; Department for Business Innovation and Skills, *Triennial Review of the Research Councils*, BIS/14/746 (April 2014) ကို ကြည့်ပါ။ ('ပညာရပ်စုံချိတ်ဆက်လေ့လာမှုဆိုင်ရာ စိန်ခေါ်မှုများအတွက် ပူးပေါင်းဆောင်ရွက်အားထုတ်မှုကို မက်လုံးပေးရန်အတွက် ပိုမိုလိုအပ်ကြောင်း အကြံပြုချက်များ' အား သတိပြုရန်- ၁၄၆) www.rcuk.ac.uk/media/news/140416 တွင် ရှာဖွေတွေ့ရှိနိုင်သည်။

၂၇ အမှန်အားဖြင့် ရန်ပုံငွေအရင်းမြစ်ကိုယ်တိုင်က ကျင့်ဝတ်ဆိုင်ရာအရ ကန့်ကွက်စရာဖြစ်နိုင်သည်။ ဥပမာအားဖြင့် ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးဆိုင်ရာကောင်းကျိုးများရှိကြောင်း သက်သေပြရန်အတွက် ဆေးလိပ်ကုမ္ပဏီများထံမှ ငွေယူခြင်းဖြစ်သည်။

၂၈ အထူးသတိထား ကိုင်တွယ်ရမည့် နမူနာဖြစ်ရပ်အချို့အတွက် အစိုးရက အထောက်အပံ့ပေးထားသည့် သုတေသနသည် အလားတူ ကျင့်ဝတ်ဆိုင်ရာထောင်ချောက်မှ မကင်းလွတ်နိုင်ပေ။ T. Hope and R. Walters, *Critical Thinking about the Uses of Research* (Centre for Crime and Justice Studies, 2008) ကို ကြည့်ပါ။ www.crimeandjustice.org.uk/publications/critical-thinking-about-uses-research တွင် ရှာဖွေနိုင်သည်။

၂၉ သို့တည်းမဟုတ် သင်လိုလားပါက ဂြိုလ်သားအချို့ တကယ်ရှိကြောင်း ယူဆရမည်။

၃၀ စဉ်းစားကြည့်ပါက သင္ကရိုက်ဘာသာစကားကို သင်ယူရန်သို့မဟုတ် ပြင်သစ်ရှေ့နေအဖြစ် အရည်အချင်းပြည့်မီရန် အချိန် (၅) နှစ် ယူနိုင်ကြောင်း တိတိကျကျ ပြောနိုင်သော်ငြား အလားအလာရှိရှိ ကြိုးစားခြင်း သို့မဟုတ် ယုတ္တိရှိရှိ ကြိုးစားခြင်းနှင့် မတူပါ။ ထို့အစား သင္ကရိုက်ဘာသာစကား ပြောနိုင်သူ တစ်ဦး/ပြင်သစ်ရှေ့နေတစ်ဦးအား သုတေသနအဖွဲ့အတွင်း ခန့်အပ်နိုင်သည် သို့မဟုတ် သီးခြား စီမံကိန်း ပြုလုပ်နိုင်သည်။

[၃၁] ဂျာနယ်လစ်သမားဖြစ်သူ David Simon သည် ဘာလက်တီမိုးရဲဌာနမှ စုံထောက်များနှင့် အတူ (၁၂) လတိုင်တိုင် ဆိုင်ကယ်စီးခဲ့ပြီးနောက် ၎င်းအဖြစ်အပျက်အား HBO ရုပ်သံတွင် နာမည်ကြီး ရုပ်သံစီးရီးဖြစ်သည့် *The Wire* အတွက် အချက်အလက်အခြေခံ ဖြစ်ခဲ့သည်။ '[ခွင့်ပြုပေးရန်အတွက်] ၎င်း၏ဆုံးဖြတ်ချက်အကြောင်းကို [ရဲမင်းကြီး] Tilghman အား ကျွန်ုပ်ဘယ်တော့မျှ မမေးမြန်းခဲ့ကြောင်း' David Simon က ဝန်ခံခဲ့သည်။ ရဲမင်းကြီးသည် စာအုပ်မထုတ်ဝေခင် ကွယ်လွန်ခဲ့သည်။ အမှန်အားဖြင့် ကျွန်ုပ်၏ သုတေသန မပြီးဆုံးခင် ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ "သူကဘာ့ကြောင့် ခင်ဗျားကို ပေးဝင်ခဲ့ကြောင်း မေးရန်လိုတယ်?" [စုံထောက်] Rich Garvey က နောင်သော် ကမ်းလှမ်းခဲ့သည်။ "ရဲမင်းကြီးမှာ ဦးနှောက်တွင်းအကြိတ်ရှိတယ်။ အခြားဘယ်ရှင်းလင်းချက်ကို ခင်ဗျားလိုချင်သေးလဲ?" D. Simon, *Homicide: A Year on the Killing Streets* (Edinburgh: Canongate, 2008) 624.

[၃၂] စံထားထိုက်သည့် လေ့လာမှုများတွင် K. Hawkins, *Law as Last Resort* (Oxford: Oxford University Press, 2002); C. Hoyle, *Negotiating Domestic Violence* (Oxford: Oxford University Press, 1998); D. Dixon, *Law in Policing* (Oxford: Oxford University Press, 1997); M. McConville, A. Sanders and R. Leng, *The Case for the Prosecution* (London: Routledge, 1991) တို့ ပါဝင်သည်။

[၃၃] အယူအဆအခြေပြုဥပဒေခုခံချေပဆွေးနွေးချက်တွင် ထိထိရောက်ရောက်အသုံးပြုလျက်ရှိသည့် လက်တွေ့မျက်မြင်အချက်အလက်များအတွက် အကောင်းဆုံးလက်တလော သာဓကအား M. Redmayne, Character in the Criminal Trial (Oxford: Oxford University Press, 2015) က စီစဉ်ပေးသည်။

[၃၄] ဗဟုသုတစုဆောင်းခြင်းသည် ၎င်းကိုယ်ပိုင် သမိုင်းကြောင်း၊ နိုင်ငံရေးနှင့် အဖွဲ့အစည်းဆိုင်ရာ တည်ရှိမှု အခြေအနေများကြောင့် ကိုယ်တိုင်ပင် သုတေသနအကြောင်းအရာဖြစ်နေပါသည်။ M. Foucault, *Archaeology of Knowledge*, trans. A. M. Sheridan Smith (London: Tavistock, 1972); I. Loader and R. Sparks, 'Situating Criminology: On the Production and Consumption of Knowledge about Crime and Justice' in M. Maguire, R. Morgan and R. Reiner (eds), *The Oxford Handbook of Criminology* (5th edn) (Oxford: Oxford University Press, 2012) တို့ကို ကြည့်ပါ။

[၃၅] *R* v. *Brown*; *Lucas; Jaggard; Laskey and Carter* [1994] 1 AC 212 (HL). သဘောတူ ကြည်ဖြူလက်ခံထားသည့် ကိုယ်ထိလက်ရောက်မှုအား ပြစ်မှုအဖြစ်သတ်မှတ်ခြင်းသည် ပုဂ္ဂိုလ်ရေး ကိုယ်ပိုင် လွတ်လပ်ခွင့်နှင့် ခွဲခြားဆက်ဆံမှုမရှိရေးကို လေးစားခြင်းဟူသည့် လက်ရောက်မှုတွင် ပတ်သက်သူများ၏ လူ့အခွင့်အရေးကို ချိုးဖောက်ရာရောက်မည်လား။ *Laskey, Jaggard and Brown* v. *United Kingdom* (1997) 24 EHRR 39 (ECtHR). C. Brants, 'The State and the Nation's Bedrooms: The Fundamental Right of Sexual Autonomy' in P. Alldridge and C. Brants (eds), *Personal Autonomy, The Private Sphere and Criminal Law: A Comparative Study* (Oxford: Hart Publishing, 2001). ကိုကြည့်ပါ။

[၃၆] *R* v. *Wilson* [1997] QB 47 (CA); *Attorney General's Reference* (No. 6 of 1980) [1981] QB 715 (CA). P. Roberts, 'Consent to Injury: How Far Can You Go?' (1997) 113 *Law Quarterly Review* 2.

[၃၇] Foster ၏ *Crown Law* ကို မှီးထားသည့် စကားအသုံးအနှုန်း ဖြစ်ပါသည်။ 'ထုရိုက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် နပန်းသတ်ခြင်း'တို့ အကျုံးဝင်သော်လည်း အိမ်ထောင်ရေး 'ဖောက်ပြန်မှု' ကမူ အကျုံးမဝင်ပါ။ *R* v. *Donovan* [1934] 2 KB 498 (CCA).

[၃၈] M. Gunn and D. Ormerod, 'The Legality of Boxing' (1995) 15 *Legal Studies* 181.

[၃၉] Law Com No 177, *A Criminal Code for England and Wales*, Cmnd 299 (London: HMSO, 1989); Law Com No 218, *Legislating the Criminal Code: Offences Against the Person and General Principles* (London: HMSO, 1993); G. de Búrca and S. Gardner, 'The Codification of the Criminal Law' (1990) 10 *Oxford Journal of Legal Studies* 559; I. H. Dennis (ed.), *Criminal Law and Justice* (London: Sweet & Maxwell, 1987).

[၄၀] LCCP No 134, Consent and Offences Against the Person (London: HMSO, 1994).

[၄၁] ဥပမာအားဖြင့် D. Ormerod, 'Consent and Offences Against the Person: Law Commission Consultation Paper No 134' (1994) 57 *Modern Law Review* 928; R. Leng, 'Consent and Offences Against the Person: Law Commission Consultation Paper No 134' [1994] Crim LR 480.

[၄၂] LCCP No 139, *Consent in the Criminal Law* (London: HMSO, 1995)

[၄၃] P. Roberts, 'The Philosophical Foundations of *Consent in the Criminal Law*' (1997) 17 *Oxford Journal of Legal Studies* 389 တွင် ရှင်းလင်းပြသထားသည်။

[၄၄] ထပ်မံ၍ P. Roberts, 'Philosophy, Feinberg, Codification and Consent: A Progress Report on English Experiences of Criminal Law Reform' (2001) 5 *Buffalo Criminal Law Review* 173 ကို ကြည့်ပါ။

[၄၅] ပြည့်စုံကောင်းမွန်သည့် ပြုပြင်ပြောင်းလဲရေးများအား ဆက်လက် အကောင်အထည်ဖော်ရန် ဥပဒေကော်မရှင်က လက်တလောပင် တိုက်တွန်းပြီး ဖြစ်သည်။ Law Com No 361, *Reform of Offences Against the Person* HC 555 (London: TSO, 2015).

[၄၆] နောက်ပိုင်း ပြစ်မှုဆိုင်ရာ ဥပဒေကော်မရှင်မင်းကြီးတစ်ဦးဖြစ်သော်ငြား နောက်ပိုင်းနှစ်အချို့တွင် ပြုလုပ်သည့် အများပြည်သူများသို့ ပို့ချချက်တွင် သဘောတူထားသည့် စီမံကိန်းအား 'အတော်ပင် မစွံကြောင်း' အဖြစ် သာမန်ကာလျှံကာ ရည်ညွှန်းခဲ့သည်။ စာရေးသူအနေဖြင့် ၎င်းပြောကြားချက်အား ပုဂ္ဂိုလ်ရေးအရ မည်သို့မျှ မမှတ်ယူသော်လည်း စာရေးသူက ပရိသတ်ထဲရှိခဲ့ကြောင်း သူ သိရှိကြောင်းအား စာရေးသူ သံသယဝင်ခဲ့သည်။

[၄၇] လူများအပေါ် ကျူးလွန်သည့်ပြစ်မှုများအား လက်တလော ပြန်လည်စိစစ်ခြင်းမှ သဘောတူညီချက်ကို ဥပဒေကော်မရှင်က တမင်တကာ ချန်လှပ်ထားခဲ့သည်။ 'အကြမ်းဖက်မှုနှင့်ဆက်စပ်သည့် ရာဇဝတ်မှုများရှိ သဘောတူညီချက်၏ သက်ရောက်မှုသည် ရှုပ်ထွေးလှသည်..... ထို့အပြင် ၎င်းအချက်အား စီမံကိန်းတွင် ထည့်သွင်းရန် ချဲ့ထွင်ခြင်းသည် လူတစ်ဦးအပေါ်ကျူးလွန်သည့် ပြစ်မှုများကို အတော်ပင် ပြုပြင်ပြောင်းလဲရမည့် အချက်များအား အကန့်အသတ်မရှိ ရွှေ့ဆိုင်းခြင်း ဖြစ်ပေါ်လာနိုင်သည်' ဟူသည့်

အချက်အပေါ် မူတည်ထားပါသည်။ Law Com No 361, note 45 above, 4.162.

[၄၈] လက်တလောအနေဖြင့် R. A. Duff, L. Farmer, S. E. Marshall, M. Renzo and V. Tadros (eds), *Criminalization: The Political Morality of the Criminal Law* (Oxford: Oxford University Press, 2014); A. P. Simester and A. von *Hirsch, Crimes, Harms and Wrongs: On the Principles of Criminalisation* (Oxford: Hart Publishing, 2011); R. A. Duff, *Answering for Crime: Responsibility and Liability in the Criminal Law* (Oxford: Hart Publishing, 2007); D. Husak, *Overcriminalization* (Oxford: Oxford University Press, 2008) တို့ကိုလည်း ကြည့်ပါ။

[၄၉] ထပ်မံ၍ M. C. Nussbaum, 'The Use and Abuse of Philosophy in Legal Education' (1993) 45 *Stanford Law Review* 1627; D. Husak, 'Gardner on the Philosophy of Criminal Law' (2009) 29 *Oxford Journal of Legal Studies* 169; D. Husak, 'What Moral Philosophers Might Learn from Criminal Theorists' (2004) 36 *Rutgers Law Journal* 191 တို့ကိုလည်း ကြည့်ပါ။

[၅၀] ဥပမာအတွက် R. A. Duff and Stuart P. Green (eds), *Philosophical Foundations of Criminal Law* (Oxford: Oxford University Press, 2011); D. Husak, *The Philosophy of Criminal Law* (Oxford: Oxford University Press, 2010); G. P. Fletcher (ed.), *New Voices in Criminal Theory* (1998) 1 *Buffalo Criminal Law Review* Special Issue; P. Roberts, 'On the Preconditions and Possibilities of Criminal Law Theory' (1998) 11 *South African Journal of Criminal Justice* 285 တို့ကို ကြည့်ပါ။

[၅၁] Royal Commission on Criminal Justice, *Report* Cm 2263 (London: HMSO, 1993).

[၅၂] P. Roberts and C. Willmore, *The Role of Forensic Science Evidence in Criminal Proceedings*, RCCJ Research Study No 11 (London: HMSO, 1993).

[၅၃] ပြစ်မှုဗေဒမဟာသိပ္ပံသင်တန်းပြီးစီးပြီးနောက် စာရေးသူသည် အထွေထွေ လူမှုရေးသိပ္ပံသုတေသန နည်းစနစ်များ အတန်းကို တက်ရောက်ခဲ့ပြီး ဖြစ်သည်။

[၅၄] R. Hyde, *Regulating Food-borne Illness: Investigation, Control and Enforcement* (Oxford: Hart Publishing, 2015) ကိုလည်း ကြည့်ပါ။

[၅၅] ဥပမာအတွက် J. Temkin and B. Krahé, *Sexual Assault and the Justice Gap: A Question of Attitude* (Oxford: Hart Publishing, 2008); J. Reiman and P. Leighton, *The Rich Get Richer and the Poor Get Prison* (10th edn) (London: Routledge, 2013); D. Cook, *Rich Law, Poor Law: Differential Response to Tax and Supplementary Benefit Fraud* (Maidenhead: Open University Press, 1989) တို့ကို ကြည့်ပါ။

[၅၆] ဥပမာအတွက် J. Hunter, P. Roberts, S. Young and D. Dixon (eds), *The Integrity of Criminal Process* (Oxford: Hart Publishing, 2016); T. Daems, D. van Zyl Smit and S. Snacken (eds), *European Penology?* (Oxford: Hart Publishing, 2013); M. McConville (ed.), *Criminal Justice in China* (Cheltenham: Edward Elgar, 2011); D. Nelken, *Comparative Criminal Justice* (London: Sage, 2010) တို့ကို ကြည့်ပါ။

[၅၇] *R (F)* v. *DPP* [2014] QB 581, [2013] EWHC 945 (Admin); *R* v. *DPP, ex p Manning* [2001] QB 330 (DC). M. Burton, 'Reviewing Crown Prosecution Service Decisions Not to Prosecute' [2001] Crim LR 374; Y. Dotan, 'Should Prosecutorial Discretion Enjoy Special Treatment in Judicial Review? A Comparative Analysis of the Law in England and Israel' (1997) *Public Law* 513 တို့ကို ကြည့်ပါ။

[၅၈] A. L.-T. Choo, *Abuse of Process and Judicial Stays of Proceedings* (2nd edn) (Oxford: Oxford University Press, 2008) Chapter 2.

[၅၉] Prosecution of Offences Act 1985. လက်တလောစစ်တမ်းအတွက် A. Sanders, 'The CPS – 30 Years On' (2016) *Criminal Law Review* 82 ကို ကြည့်ပါ။

[၆၀] www.cps.gov.uk/publications/reports ကို ကြည့်ပါ။

[၆၁] www.justiceinspectorates.gov.uk ကို ကြည့်ပါ (အထူးသဖြင့် Her Majesty's Crown Prosecution Service Inspectorate (HMCPSI) ၏ အစီရင်ခံစာများအား www.justiceinspectorates.gov.uk/hmcpsi တွင် ကြည့်ပါ)။

[၆၂] C. Harding and G. Dingwall, *Diversion in the Criminal Process* (London: Sweet & Maxwell, 1998); A. Ashworth and M. Redmayne, *The Criminal Process* (4th edn) (Oxford: Oxford University Press, 2010) Chapter 6.

[၆၃] လူမှုရေးရာဥပဒေလေ့လာမှုများအတွက် သိသာထင်ရှားသည့် သီအိုရီပိုင်းဆိုင်ရာ အမြင်များလည်း ရှိပါသည်။ M. M. Feeley, 'Three Voices of Socio-Legal Studies' (2001) 35 *Israel Law Review* 175; P. A. Thomas (ed.), *Socio-Legal Studies* (Aldershot: Dartmouth, 1997) ကို ကြည့်ပါ။

[၆၄] ပြစ်မှုဆိုင်ရာတရားမျှတမှု မူဝါဒ၏ ဇစ်မြစ်၊ သဘောတရား၊ အကောင်အထည်ဖော်ခြင်းနှင့် အနာဂတ်လားရာတို့နှင့် သက်ဆိုင်သည့် အချက်အလက်များ သိုမှီးရာအဖြစ် အကြီးတန်းတရားလိုရှေ့နေများက ဆောင်ရွက်နိုင်သည်။ ယေဘုယျအားဖြင့် A. Rutherford, *Criminal Justice and the Pursuit of Decency* (Oxford: Oxford University Press, 1993) ကို ကြည့်ပါ။

[၆၅] အထူးသဖြင့် *DPP* v. *Gomez* [1993] AC 442 (HL) သည် သူတစ်ပါးပစ္စည်း ခိုးဝှက်ယူခြင်းအား တားမြစ်သည့် အက်ဥပဒေပါ ပုဒ်မ ၁ ('ခိုးယူခြင်း') နှင့် ပုဒ်မ ၁၅ (လိမ်လည်လှည့်ဖြားခြင်း) တို့အကြား ကွဲပြားခြားနားချက်ကို တစ်စတစ်စ ယုတ်လျော့စေသည်။

[၆၆] D. Cooper, 'Special Measures for Child Witnesses: A Socio-legal Study of Criminal Procedure Reform' (PhD thesis, University of Nottingham, 2010) http://eprints.nottingham.ac.uk/11319 တွင် ကြည့်ရှုနိုင်ပါသည်။

[၆၇] D. Cooper and P. Roberts, *Special Measures for Vulnerable and Intimidated Witnesses: An Analysis of Crown Prosecution Service Monitoring Data* (London: Crown Prosecution Service, 2005); P. Roberts, D. Cooper and S. Judge, 'Monitoring Success, Accounting for Failure: The Outcome of Prosecutors' Applications for Special Measures under the Youth Justice and

Criminal Evidence Act 1999' (2005) 9 E & P 269; P. Roberts, D. Cooper and S. Judge, 'Coming Soon to a Court Near You! Special Measures for Vulnerable and Intimidated Witnesses, Pts I & II' (2005) 169 *Justice of the Peace* 748 and 769.

[၆၈] A. von Hirsch, A. E. Bottoms, E. Burney and P.-O. Wikström, *Criminal Deterrence and Sentencing Severity* (Oxford: Hart Publishing, 1999).

[၆၉] ဥပမာအတွက် J. V. Roberts and M. Hough, *Understanding Public Attitudes to Criminal Justice* (Maidenhead: Open University Press, 2005) ကိုကြည့်ပါ။

[၇၀] သို့ရာတွင် တွေ့ရှိချက်အား အများအသုံးပြုနိုင်ခြင်းသည် မေးခွန်းထုတ်စရာ အမြဲတမ်း ဖြစ်နေပြီး ၎င်းသည် ဘယ်ရွေ့ဘယ်မျှ အတိုင်းအတာအထိအသုံးပြုနိုင်သလဲဆိုသည့် ကိစ္စရပ်လည်း ဖြစ်သည်။ စာရင်းအင်းဆိုင်ရာလွဲမှားသည့် လမ်းညွှန်ချက်များအား လိုက်နာခြင်းမရှိသည်ဟု ယူဆရသည့် အရည်အသွေးအခြေပြုသုတေသီများအား စာရေးသူက လက်လျှော့လိုက်သည်။ ၎င်းသုတေသီများက ၎င်းတို့၏ အချက်အလက်များသည် 'အများအသုံးမပြုနိုင်ကြောင်း' ဟူသည့် ယုံကြည်ချက်အား တတွတ်တွတ်ပြောကာ ၎င်းတို့၏သုတေသနကို စတင်ကြသည်။ အကယ်၍ ဤအချက်သည် တကယ့်ကို မှန်ကန်ပါက ၎င်းတို့ပြောကြားသည့် အတွေ့အကြုံများသည် အမှန်ပင် တမူထူးခြားပြီး သာဓကဖြစ်ရပ်ထက် ကျော်လွန်၍ လုံးဝစိတ်ဝင်စားဖွယ်မဟုတ်ကြောင်း အဓိပ္ပာယ် သက်ရောက်သည်။ မေးခွန်းက သုတေသနတွေ့ရှိချက်များသည် အများအသုံးပြုနိုင်ခြင်းရှိမရှိအကြောင်း မဟုတ်ဘဲ အခြား (တိတိကျကျ သတ်မှတ်ထားသည့်) အချက်အလက်တစ်ခုချင်း သို့မဟုတ် အကြောင်းအရာများအတွက် အများလက်ခံအသုံးပြုနိုင်ခြင်းအပေါ် မည်သို့ ယုံကြည်ချက်ရှိရှိ ကောက်ချက်ချနိုင်သနည်း သို့မဟုတ် အမှန်အဖြစ် ယူဆနိုင်သနည်းပင် ဖြစ်သည်။

[၇၁] ဤအချက်က သုတေသီအချို့အား ၎င်းတို့စမ်းသပ်ကြိုးစားခြင်းမှ ရပ်တန့်ရန် မလိုအပ်ပေ။ J. W. de Keijser, 'Punishment and Purpose: From Moral Theory to Punishment in Action' (Thela Thesis, 2000), critically reviewed at (2001) 42 *British Journal of Criminology* 254 နှင့် နှိုင်းယှဉ်ကြည့်ပါ။

[၇၂] G. H. Gudjonsson, *The Psychology of Interrogations and Confessions: A Handbook* (Chichester: Wiley, 2003).

[၇၃] P. Roberts and C. Saunders, 'Introducing Pre-Trial Witness Interviews – A Flexible New Fixture in the Crown Prosecutor's Toolkit' (2008) *Criminal Law Review* 831 ကို ကြည့်ပါ။

[၇၄] P. Roberts, 'Prosecutors Interviewing Witnesses: A Question of Integrity' in J. Hunter, P. Roberts, S. Young and D. Dixon (eds), *The Integrity of Criminal Process* (Oxford: Hart Publishing, 2016).

[၇၅] ယေဘုယျအားဖြင့် M. Madden Dempsey, *Prosecuting Domestic Violence* (Oxford: Oxford University Press, 2009); L. Ellison, 'Promoting Effective Case-Building in Rape Cases: A Comparative Perspective' (2007) *Criminal Law Review* 691; L. Ellison 'Prosecuting Domestic Violence Without Victim Participation' (2002) 65 *Modern Law Review* 834 တို့ကို ကြည့်ပါ။

[၇၆] ထို့ကြောင့် သူမကိုယ်ပိုင် ပါရဂူဘွဲ့သုတေသန ဆောင်ရွက်ရန်အတွက် လိုအပ်သည့် စီမံကိန်းဒီဇိုင်းနှင့် လက်တွေ့မျက်မြင်အခြေပြု အင်တာဗျူးခြင်းတွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးလာရန်အတွက် Candida ကို ပေးခြင်းဖြစ်သည်။ C. Saunders 'Prosecuting Male Rape' (ပါရဂူဘွဲ့ကျမ်း၊ နော့တင်ဂမ်တက္ကသိုလ်၊ ၂၀၁၀ ခုနှစ်) အဖြစ် အမည်ရေးသားဖော်ပြပါသည်။ တစ်ခါတစ်ရံတွင် လူတိုင်း ကြိုးပမ်းရရှိပါသည်။

[၇၇] P. Roberts and C. Saunders, 'Piloting PTWI: A Socio-legal Window on Prosecutors' Assessments of Evidence and Witness Credibility' (2010) 30 *Oxford Journal of Legal Studies* 101.

[၇၈] အမှန်အားဖြင့် ငွေရေးကြေးရေး မက်လုံးမဟုတ်ပေ။ သို့သော် ပြင်ပမှ စေ့စေ့စပ်စပ် စစ်ဆေးမှုအတွက် ၎င်းတို့ကိုယ်တိုင် လမ်းဖွင့်ထားခြင်းသည် အဖွဲ့အစည်းများအတွက် အန္တရာယ်ကို ဖိတ်ခေါ်လေ့ရှိသည်။ စောင့်ကြပ်စစ်ဆေးသူများက 'ဒီထဲမှာ ငါတို့အတွက် (ငါ့အတွက်) ဘာပါသလဲ?' ဟု ကျိုးကြောင်းဆီလျော်စွာ မေးမြန်းရမည်။ 'ပြည်သူမှာ သိခွင့်ရှိတယ်'၊ 'ခင်ဗျားတို့အဖွဲ့က တာဝန်ယူမှုတာဝန်ခံမှုနှင့် ပွင့်လင်း မြင်သာမှုတို့အား အများသိအောင် ထောက်ခံကြေငြာရမည်'၊ 'ဗဟုသုတအလို့ငှာ' သို့မဟုတ် 'မှန်တဲ့အရာကို လုပ်ခြင်းဖြစ်တယ်' ဟူသည့် ရိုးစင်းသည့် အဖြေများသာ ရရှိပေမည်။

[၇၉] ယေဘုယျအားဖြင့် P. Roberts (ed.), *Expert Evidence and Scientific Proof in Criminal Trials* (Aldershot: Ashgate, 2014) ကို ကြည့်ပါ။

[၈၀] P. Roberts, 'Forensic Science and Criminal Justice' in A. Hucklesby and A. Wahidin (eds), *Criminal Justice* (2nd edn) (Oxford: Oxford University Press, 2013).

[၈၁] ဥပမာအတွက် P. Roberts and T. Ward, 'Expert Evidence in Trials of Sexual Offences' in P. Radcliffe, G. H. Gudjonsson, A. Heaton-Armstrong and D. Wolchover (eds), *Witness Testimony in Sexual Cases* (Oxford: Oxford University Press, 2016); P. Roberts, C. Aitken and G. Jackson, 'From Admissibility to Interpretation: New Guidance on Expert Evidence' (2015) 179 *Criminal Law & Justice Weekly* 538 (Part I) and 564 (Part II); P. Roberts, 'The Science of Proof: Forensic Science Evidence in English Criminal Trials' in J. Fraser and R. Williams (eds), *Handbook of Forensic Science* (London: Willan, 2009); P. Roberts, 'Science, Experts and Criminal Justice' in M. McConville and G. Wilson (eds), *Handbook of the English Criminal Process* (Oxford: Oxford University Press, 2002) တို့ကို ကြည့်ပါ။

[၈၂] ဥပမာအတွက် *R* v. *Henderson*; *R* v. *Butler*; *R* v. *Oyediran* [2010] 2 Cr App R 24, [2010] EWCA Crim 1269, critically dissected in P. Roberts, 'Fue el Bebé Sacudido? Preuba, Pericia y Epistemologia Juridica en el Proceso Penal Inglés' in C. Vázquez (ed.), Estandares de prueba y prueba cientifica (Madrid: Marcial Pons, 2013) တို့ကို ကြည့်ပါ။

[၈၃] *R* v. *Lawless* [2009] EWCA Crim 1308; *R* v. *Blackburn* [2005] 2 Cr App R 30, [2005] EWCA Crim 1349; *R* v. *Pinfold* and *MacKenney* [2004] 2 Cr App R 5, [2003] EWCA Crim 3643. Cf. *R* v. *Gilfoyle* [2001] 2 Cr App R 5 (CA).

[၈၄] *R* v. *Kempster* (No 2) [2008] 2 Cr App R 19, [2008] EWCA Crim 975

[၈၅] *R* v. *Ferdinand* [2014] 2 Cr App R 23, [2014] EWCA Crim 1243

[၈၆] *Irving* v. *Penguin Books Ltd and Lipstadt*, QBD 2000 WL 362478 (11 April 2000). D. D. Guttenplan, *The Holocaust on Trial: History, Justice and the David Irving Libel Case* (London: Granta, 2001) ကိုလည်း ကြည့်ပါ။

[၈၇] *R* v. *Hodges* [2003] 2 Cr App R 247, [2003] EWCA Crim 290.

[၈၈] Learned Hand, 'Historical and Practical Considerations Regarding Expert Testimony' (1901) 15 *Harvard Law Review* 40.

[၈၉] E. Beecher-Monas, *Evaluating Scientific Evidence: An Interdisciplinary Framework for Intellectual Due Process* (Cambridge: Cambridge University Press, 2007).

[၉၀] Law Commission, *Expert Evidence in Criminal Proceedings in England and Wales*, Law Com No 325 (London: TSO, 2011).

[၉၁] National Research Council, *Strengthening Forensic Science in the United States: A Path Forward* (Washington, DC: National Academies Press, 2009); G. Edmond, 'What Lawyers Should Know about the Forensic "Sciences"' (2015) 37 *Adelaide Law Review* 33.

[၉၂] ဥပမာအတွက် S. Jasanoff (ed.), *States of Knowledge: The Co-production of Science and the Social Order* (London: Routledge, 2006); M. Lynch and S. Cole, 'Science and Technology Studies on Trial: Dilemmas of Expertise' (2005) 35 *Social Studies of Science* 269 တို့ကို ကြည့်ပါ။

[၉၃] M. Lynch, S. A. Cole, R. McNally and K. Jordan, *Truth Machine: The Contentious History of DNA Fingerprinting* (Chicago, IL: Chicago University Press, 2008); G. Edmond, 'Legal Engineering: Contested Representations of Law, Science (and Non-Science) and Society' (2002) 32 *Social Studies of Science* 371; S. Jasanoff, *Science at the Bar: Law, Science, and Technology in America* (Cambridge, MA: Harvard University Press, 1997); R. Smith and B. Wynne (eds), *Expert Evidence: Interpreting Science in the Law* (London: Routledge, 1989) တို့ကို ကြည့်ပါ။

[၉၄] H. Collins, *Are We All Scientific Experts Now?* (Cambridge: Polity, 2014); H. Collins and R. Evans, *Rethinking Expertise* (Chicago, IL: Chicago University Press, 2007); K. A. Ericsson, N. Charness, P. J. Feltovich and R. R. Hoffman (eds), *The Cambridge Handbook of Expertise and Expert Performance* (Cambridge: Cambridge University Press, 2006).

[၉၅] P. Roberts and C. Aitken, *The Logic of Forensic Proof: Inferential Reasoning in Criminal Evidence and Forensic Science*, RSS Practitioner Guide No 3 (Royal Statistical Society, 2014), တွင် အသေးစိတ် ရှင်းလင်းပြထားသည်။ www.rss.org.uk/statsandlaw တွင် ကြည့်ရှုနိုင်သည်။

[၉၆] W. Twining, 'Taking Facts Seriously' in N. Gold (ed.), *Essays on Legal Education* (Toronto,

Butterworths, 1982); W. Twining, 'Taking Facts Seriously – Again' in P. Roberts and M. Redmayne (eds), *Innovations in Evidence and Proof* (Oxford: Hart Publishing, 2007).

[၉၇] အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာဥပဒေကဲ့သို့ အကြောင်းအရာ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ အထူးပြုဘာသာရပ်ခွဲများအဖြစ် ခွဲခြားနိုင်သည်။ ၎င်းတို့အနက် ပြစ်မှုဆိုင်ရာ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် သက်သေခံသည် အရေးပါသည့် နောက်ထပ် အခွဲများ ဖြစ်ကြသည်။ P. Roberts, 'The Priority of Procedure and the Neglect of Evidence and Proof: Facing Facts in International Criminal Law' (2015) 13 *Journal of International Criminal Justice* 479; J. D. Jackson and Y. M. Brunger, 'Fragmentation and Harmonization in the Development of Evidentiary Practices in International Criminal Tribunals' in E. van Sliedregt and S. Vasiliev (eds), *Pluralism in International Criminal Law* (Oxford: Oxford University Press, 2014); N. Amoury Combs, *Fact-Finding without Facts: The Uncertain Evidentiary Foundations of International Criminal Convictions* (Cambridge: Cambridge University Press, 2010) တို့ကို ကြည့်ပါ။

[၉၈] *R* v. *Clark* [2003] EWCA Crim 1020; reversing *R* v. *Clark* 2000 WL 1421196, CA Trans 1999/07495/Y3 (2 October 2000).

[၉၉] လုပ်ငန်းအဖွဲ့အား နောက်ပိုင်းတွင် RSS ၏ အမြဲတမ်းဌာနခွဲအဖြစ် အဆင့်တိုးမြှင့်လိုက်သည်။ www.statslaw.wordpress.com/about တွင် ကြည့်ရှုနိုင်သည်။

[၁၀၀] *လမ်းညွှန်ချက်များအား* www.rss.org.uk/statsandlaw တွင် အခမဲ့ ရယူနိုင်သည်။

[၁၀၁] M. J. Saks and J. J. Koehler, 'The Coming Paradigm Shift in Forensic Identification Science' (2005) 309 *Science* 892; N. Nic Daeid and S. Black (eds), *The Paradigm Shift for Forensic Science* (2015) 370 *Philosophical Transactions of the Royal Society* B Issue 1674 တို့ကို ကြည့်ပါ။

[၁၀၂] M. J. Saks and J. J. Koehler, 'The Individualization Fallacy in Forensic Science Evidence' (2008) 61 *Vanderbilt Law Review* 199; S. A. Cole, 'Fingerprinting: The First Junk Science?' (2003) 28 *Oklahoma City University Law Review* 73; D. M. Risinger, M. P. Denbeaux and M. J. Saks, 'Exorcism of Ignorance as a Proxy for Rational Knowledge: The Lessons of Handwriting Identification "Expertise"' (1989) 137 *University of Pennsylvania Law Review* 731.

[၁၀၃] ဥပမာအတွက် *R* v. *George (Dwaine)* [2015] 1 Cr App R 15, [2014] EWCA Crim 2507; *R* v *Gjikokaj* [2014] EWCA Crim 386; *R* v. *Smith (Peter)* [2011] 2 Cr App R 16, [2011] EWCA Crim 1296; *R* v. *Reed and Reed*; *R* v. *Garmson* [2010] 1 Cr App R 23; [2009] EWCA Crim 2698 တို့ကို ကြည့်ပါ။

[၁၀၄] ဥပမာအတွက် Forensic Science Regulator, *Report into the Circumstances of a Complaint Received from the Greater Manchester Police on 7 March 2012 regarding DNA Evidence Provided by LGC Forensics* FSR-R-618, 17 September 2012 ကို ကြည့်ပါ။

www.gov.uk/government/publications/forensic-science-regulators-report-on-the-dna-contamination-case-atlgc-forensics တွင် ကြည့်ရှုနိုင်သည်။ V. Dodd, O. Bowcott, S. Laville and S. Malik, 'Forensics Firm Investigated over DNA Blunder in Rape Case' *The Guardian*, 9 March 2012.

# အခန်း (၅)
# အမှုစစ်ဆေးခြင်းလုပ်ငန်းစဉ် နှိုင်းယှဉ်ဆက်စပ်လေ့လာခြင်းတွင် သဘောတရားနှင့် နည်းလမ်းပေါင်းစပ်ခြင်း

Mark Findley နှင့် Ralph Henham

## နိဒါန်း

ဤအခန်းတွင် လူမှုရေးရာဥပဒေသုတေသနအတွက် အလွန်အရေးပါသော သဘောတရားရေးရာများ ဖော်ထုတ်ရန်အလို့ငှာ အမှုစစ်ဆေးခြင်းလုပ်ငန်းစဉ်အကြောင်း နှိုင်းယှဉ် လေ့လာခြင်း[၁] ကိုကျွန်ုပ်တို့က အသုံးပြုသည်။ အကြောင်းအရာနှိုင်းယှဉ်လေ့လာခြင်း[၂] သည် အမှုစစ်ဆေးစီရင်ခြင်းအစဉ်အလာများကို နှိုင်းယှဉ်ရန် ရွေးချယ်ထားသည့်နည်းစနစ်ဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် သဟဇာတဖြစ်သော သဘောတရားမူဘောင်များကို သုတေသနရလဒ်အဖြစ်သို့ ပြောင်းလဲဖော်ဆောင်ခြင်း ဖြစ်သည်။

ဤအခန်းသည် ရာဇဝတ်မှုလုပ်ငန်းစဉ်ရှိ နှိုင်းယှဉ်လေ့လာမှုအခြေပြုသုတေသနကရင်ဆိုင်ရသည့် အဓိကသဘောတရားရေးရာစိန်ခေါ်မှုအချို့နှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ရန် ရွေးချယ်ထားသည့် သဘောတရားရေးရာမူဘောင်အပေါ် ၎င်းတို့၏ လွှမ်းမိုးမှုအား အကျဉ်းချုပ်တင်ပြခြင်းဖြင့် အစပြုထားသည်။ ဤစိတ်ကူးပုံဖော်မှုအတွင်း၌ ကျွန်ုပ်တို့၏ ဆက်စပ် အကြောင်းအရာ နမူနာပုံစံသို့ ချဉ်းကပ်သည့်နည်းလမ်းကို ဖော်ပြသည်။ ထို့နောက် ခြုံငုံဆင်ခြင်ခြင်းနှင့် ကျိုးကြောင်းသင့်ဆင်ခြင်ခြင်း နည်းလမ်းများမှတဆင့် ၎င်းအား နှိုင်းယှဉ်လေ့လာမှု အခြေအနေများတွင် မည်သို့ အသုံးချနိုင်ပုံကို ရှင်းပြထားသည်။ ဤအခန်းသည် ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ်လေ့လာဆန်းစစ်ခြင်းအတွက် အလားအလာရှိသည့် အရာများကို သရုပ်ဖော်ခြင်းဖြင့် နိဂုံးချုပ်ထားသည်။ နိဂုံးတွင် လူမှုဥပဒေသုတေသနတွင် သီအိုရီနှင့် နည်းလမ်းပေါင်းစပ်ခြင်းအတွက် ထူးခြား အဖိုးတန်သည့် ချဉ်းကပ်နည်းလမ်း တစ်ခုကို ၎င်းက မည်သို့ပံ့ပိုးပေးနိုင်ကြောင်း အကြံပြုခြင်း ဖြင့် နိဂုံးချုပ်ထားသည်။

## သဘောတရားရေးရာစိန်ခေါ်မှု

အမှုစစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ်အပေါ် သက်ရောက်သော မတူညီသည့် သမိုင်းကြောင်း၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်တို့၏ ဖြစ်ရပ်မှန်ကို ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ်လေ့လာဆန်းစစ်ခြင်းက အသိအမှတ်ပြုရန်လိုအပ်သည် ဆိုသည့်အချက်၏ ဆိုလိုရင်းမှာ သက်ဆိုင်ရာစီရင်ပိုင်ခွင့်များ၌ ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်များအား စိတ်ကူးပုံဖော်

သည့်နည်းလမ်းကို တိုက်ဆိုင်စစ်ဆေးရန် လိုအပ်လာခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ၎င်းတွင် စံသတ်မှတ်ထားသောအရေးကြီး လုပ်ငန်းစဉ်က သိမြင်မှုဒဿနအရ လက်ခံထားသော လက်တွေ့‘အမှန်တရား’ များ ဆိုသည့် အယူအဆဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်အမျိုးမျိုးအား ကိုယ်စားပြုမည့် အသိအမှတ်ပြုခြင်း ပါဝင်သည်။ ပြစ်ဒဏ်ပေးခြင်းအတွက် ကိုယ်ကျင့်တရား ဆိုင်ရာ တရားဝင်မှု အခြေခံမှုများမှာ အတော်ပင်သေချာမှု မရှိသကဲ့သို့ ရှုမြင်ခြင်းဟုလည်း ၎င်းက ဆိုလိုပါသည်။ ထိုမသေချာမှုကို ထင်ရှားပြသသည့် သင်္ကေတများနှင့် တည်ဆောက်ပုံများ အနေဖြင့်လည်း ရှုမြင်သေးသည်ဟု ဆိုလိုပါသည်။[၃] အကျိုးဆက်အနေဖြင့် ကျွန်ုပ်တို့ ထောက်ခံပြောဆိုသော သဘောတရားဆိုင်ရာမူဘောင်သည် ဓမ္မဓိဋ္ဌာန်နှင့် ပုဂ္ဂလဓိဋ္ဌာန်ကျသည့် အယူအဆ နှစ်ခုစလုံး၏ လုပ်ငန်းစဉ်ကို ရှင်းပြနိုင်စွမ်းရှိရမည်။[၄] Norrie က အကြံပြုသကဲ့သို့ ဤ သဘောတရားရေးရာပုံဖော်ခြင်းသည် ယဉ်ကျေးမှုအမျိုးမျိုးရှိ ဒေသအလိုက် တရားမျှတမှုပုံစံကို အလေးထားသင့်သည်။ ယဉ်ကျေးမှု အမျိုးမျိုးအတွင်း ထိုသို့ပုံဖော်ခြင်းသည် ပြင်ပ သို့မဟုတ် သမိုင်းဆိုင်ရာ သီးသန့်ဖြစ်သည် ဆိုသည့်အချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ လုပ်ငန်းစဉ်က လူသားတို့၏ ပုဂ္ဂလဓိဋ္ဌာန်ကျခြင်းနှင့် တရားမျှတမှု၏ ရှုပ်ထွေးခြင်းအကြောင်းတို့ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့သည် ဆိုသည့်အချက်အား အသိအမှတ်ပြု ပုံဖော်ရမည်ဖြစ်သည်။[၅]

‘တရားမျှတမှု’နှင့် ‘မျှတမှု’ ကဲ့သို့သော အယူအဆများ၏ ကိုယ်ကျင့်တရားဆိုင်ရာ ဆက်နွယ်မှုသဘောတရားကို အသိအမှတ်ပြုခြင်းသည် ဤနည်းလမ်းများနှင့် စပ်လျဉ်း၍ အမှုစစ်ဆေးခြင်းတွင် ပါဝင်သူများ၏ ပုဂ္ဂလဓိဋ္ဌာန်ကျသော အတွေ့အကြုံများဆိုသည့် ဆက်စပ်အကြောင်းအရာကို အသိအမှတ် ပြုမှုလိုအပ်သည်။[၆] သို့သော်ငြား အဆိုပါဝေါဟာရများကို သီးခြား ‘ဓမ္မဓိဋ္ဌာန်ကျသော’ မှတ်ကျောက်အရ မှန်ကန်ကြောင်းပြသနိုင်ရမည်။ ပါဝင်သူများ၏ ဆက်စပ်အတွေ့အကြုံများကို တိုက်ဆိုင်စစ်ဆေးခြင်းသည် ဖြစ်ရပ်အခြေခံ လုပ်ငန်းစဉ်နှင့် ၎င်း၏ အရေးကြီးသဘောတရားကို ပံ့ပိုးပေးသည်။ ၎င်းက စီရင်ပိုင်ခွင့်နယ်ပယ် တစ်ခွင်လုံးတွင် ကိုးကားနှိုင်းယှဉ်နိုင်သော တရားမျှတမှုကို ဖြစ်ပေါ်လာစေသည့် အဓိကရှုထောင့်များအား ဖော်ထုတ်စေနိုင်ပြီး၊ လုပ်ငန်းစဉ်နှင့် ချိတ်ဆက်မှုကိုလည်း ပြုလုပ်ပေးသည်။[၇]

ထို့ကြောင့် လူမှုရေးသဘောတရားသည် ယေဘုယျအားဖြင့် လူမှုသမိုင်းဆိုင်ရာ အကြောင်းအရာများနှင့် အကျိုးရလဒ်များကို စိတ်ကူးပုံဖော်နိုင်စွမ်းရှိသော်လည်း လူသား၏ ပုဂ္ဂလိကဓိဋ္ဌာန်ကျကျ ကိုယ်ကျင့်တရားဆိုင်ရာလုပ်ဆောင်ချက်အား ဖော်ထုတ်နိုင်စွမ်း မရှိကြောင်း အသိအမှတ်ပြုခြင်းရှိရမည်။ ဤအချက်သည် ရာဇဝတ်မှုစစ်ဆေးစီရင်ခြင်း လုပ်ငန်းစဉ်၏ ခွဲခြမ်းစိတ်ဖြာဆန်းစစ်မှုတိုင်းအတွက် လူမှုသဘာဝ ဖြစ်စဉ်ကို ‘ဖော်ပြခြင်းနှင့် ရှင်းပြခြင်း’ တို့ ပြုလုပ်ပေးနိုင်သည့် နည်းစနစ်အသုံးချမှုနှင့်ပတ်သက်၍ အလွန်အရေးပါသည်။ လူမှုသဘာဝ ဖြစ်စဉ်သည် အမှုစစ်ဆေးစီရင်ခြင်းတွင် ပါဝင်သူများအတွက် အတွင်း/ အပြင် (ဓမ္မဓိဋ္ဌာန်နှင့်

ပုဂ္ဂလိကဓိဌာန်ကျသော) လက်တွေ့လူမှုအတွေ့အကြုံများကို ထင်ဟပ်စေသည့် အရာဖြစ်ပြီး နှိုင်းယှဉ်မှုအတွက် အခြေခံဖြစ်သည်။

ကျွန်ုပ်တို့က ငြင်းခုံခဲ့သည်[၈]မှာ Gidden ၏ လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်း သီအိုရီ (Structuration theory)[၉] သည် တူညီသောလူမှုရေးအလေ့အထတွင် အပြန်အလှန်ချိတ်ဆက်နေသောကဏ္ဍများအဖြစ် လုပ်ငန်းစဉ်ဆန်းစစ်လေ့လာခြင်း၏ တည်ဆောက်မှု၊ ဖွဲ့စည်းမှုနှင့် အပြန်အလှန်လုပ်ဆောင်မှုအဆင့်များကို အသိအမှတ်ပြုသည့် လေးနက်သော သဘောတရားရေးရာ ယူဆချက်ကို ပံ့ပိုးပေးသည်ဟု ဖြစ်သည်။ ထိုသို့ပံ့ပိုးပေးရာတွင် အကြောင်းအရာ အပေါ်မူတည်၍ နားလည်သဘောပေါက်မှု အဆင့်သုံးဆင့်ကို ကမ်းလှမ်းပေးသည် (ပုံ ၅.၁ ကိုကြည့်ပါ)။ အယူအဆဆိုင်ရာ ကွဲပြားခြားနားချက်အား ထုတ်နှုတ်ဖော်ပြခြင်းအစား ဤခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်သော အဆင့်များကို  အကြောင်းအရာစုံပါရှိသည့် လူမှုဆိုင်ရာအပြန်အလှန် အကျိုးပြုလုပ်ဆောင်မှုအား လက်တွေ့ကျင့်သုံးထိန်းသိမ်းထားသည့်အတိုင်းဖော်ထုတ်ရန် ပုံဖော်ထားသည်။ ထို့ကြောင့် ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းတွင် လူမှုရေးရာ အပြန်အလှန်အကျိုးပြုလုပ်ဆောင်မှုကို နှိုင်းယှဉ်လေ့လာခြင်းမပြုမီ နားလည်သဘောပေါက်ရန် အလွန်အရေးပါသည့် လိုအပ်ချက်ဖြစ်သည်။ အဓိကအချက်မှာ ဖွဲ့စည်းမှုအစုနှင့် အဓိပ္ပာယ်ဖော်ဆောင်နိုင်သော တည်ဆောက်မှုများအား လူမှုရေးစနစ် ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီက ပံ့ပိုးပေးသည်ကို အသိအမှတ်ပြုခြင်းဖြစ်သည်။ ထိုအချက်သည် လူမှုအဖွဲ့အစည်း၌ အဓိကပါဝင် လုပ်ဆောင်သူများ  (social actors)က စည်းမျဉ်းများနှင့် အရင်းအမြစ်များအား ထပ်တလဲလဲ အသုံးချခြင်းသဘောသဘာဝရှိရာ လုပ်ငန်းစဉ်နှင့် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်စေနိုင်ရန် ကျွန်ုပ်တို့အား ခွင့်ပြုသည်။[၁၀] စနစ်တည်ဆောက်ပုံသည် လူသားတို့ စွမ်းဆောင်မှု (human agency) ထံမှ အဖန်တလဲလဲ ပြန်လည်ဖော်ထုတ်နေကြောင်း ကျွန်ုပ်တို့၏လူမှုရေးစနစ်ဖွဲ့စည်း တည်ဆောက်ခြင်း သီအိုရီ ဖွံ့ဖြိုးတိုးတက်မှုက အကြွင်းမဲ့ အသိအမှတ်ပြုသော်လည်း Vaughan က အကြံပြုသကဲ့သို့ စနစ်၏ အရှိအတိုင်းတည်ရှိရခြင်း ရည်ရွယ်ချက်ကို မပိတ်ပင်ပါ။[၁၁] ကျွန်ုပ်တို့သည် ဖွဲ့စည်းတည်ဆောက်ခြင်းကို သဘောတရားမူဘောင် တစ်ခုအနေဖြင့်သာအသုံးပြုသည်။ ထို မူဘောင်သည် အချိန်နှင့် နေရာအလိုက် ရာဇဝတ်မှု စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းစဉ်အား ထပ်တလဲလဲမည်သို့ ဖန်းတီးပုံကို စိတ်ကူးပုံဖော်နိုင်စေသည်။ ထို့ကြောင့် ဥပဒေအကြောင်းအရာများကို နှိုင်းယှဉ်လျှင် သဘောပေါက်ရန် စိတ်ကူး အဆင့်ဆင့်တွင် စံနမူနာပြနိုင်သော ( ကြီးမားသောမှ သေးငယ်သော ပမာဏအထိ) ကွဲပြားအဆင့်များ သို့မဟုတ် အလွှာများ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို သီအိုရီက အကြံပြုသည်။

တုံ့ပြန်မှုအားကောင်းသော ရှုထောင့်အနေဖြင့် ဖွဲ့စည်းတည်ဆောက်ခြင်းကို အသုံးချရာတွင် လူမှုရေးဆက်နွှယ်မှုများရှိ လက်တွေ့ဝါဒ (objectivism) ဖြစ်နိုင်ခြေအား သိရှိသည်။

အပြန်အလှန်အကျိုးပြုမှု အကြောင်းအရာနှင့် အခြေအနေအလိုက် ဖြစ်ပေါ်လာသော ဖြစ်ရပ်များ အကြား ခွဲခြားစိတ်ဖြာဆန်းစစ်ခြင်းအားဖြင့် ထိုသို့ သိရှိပါသည်။ ဤအရာက အမှုစစ်ဆေး စီရင်ခြင်းလုပ်ငန်းစဉ်၏ တည်ဆောက်ပုံ ကွဲပြားမှုများတည်ရှိခြင်းအပြင် အချိန်ကာလ တစ်လျှောက် ထပ်တလဲလဲ ဖန်တီးပုံဖော်ထားခြင်းကို နားလည်သဘောပေါက်စေသည်။ တစ်ချိန်တည်းမှာပင် လူသားတို့စွမ်းဆောင်မှုမှတဆင့် အဖွဲ့အစည်းရှိ လက်တွေ့ကျင့်သုံးမှုကို အမှန်တကယ် သတ်မှတ်ခြင်းဖြင့် ၎င်းတို့ဥပမာပြုသည့် နည်းလမ်းများကို အသိအမှတ်ပြုနေသည်။ သာဓကအားဖြင့် အကျိုးဆက်မှာ တရားဝင်စည်းမျဉ်းကဲ့သို့သော ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ အခြေခံမှုများကို ပုံဖော်ခြင်းနှင့် ၎င်းတို့၏ တည်ရှိမှုသည် ဖွဲ့စည်းတည်ဆောက်ပုံ ဆက်စပ် အကြောင်းအရာကို ဖြစ်စေသည်။ ထိုဖွဲ့စည်းတည်ဆောက်ပုံ ဆက်စပ်အကြောင်းအရာတွင် ဆင်ခြင်တုံတရားအရ ဆုံးဖြတ်မည့် လက်တွေ့အခြေအနေမှန်က ပြစ်ဒဏ်ရလဒ်များကို သတ်မှတ် ပေးသည်။ ထို့ပြင် ကျွန်ုပ်တို့၏ လေ့လာဆန်းစစ်မှု ပုံစံနှင့် နည်းစနစ်ဆိုင်ရာ ရှုထောင့်များသည် အမှုစစ်ဆေးခြင်း၌ ပါဝင်သူများကြောင့် ပြောင်းလဲမှုဖြစ်စေနိုင်သည့် လုပ်ဆောင်မှုနှင့် လုပ်ငန်းစဉ်တို့အား အဓိပ္ပာယ်နှင့် သဘောပေါက်မှု မတူညီသောအဆင့်များတွင် အကဲဆတ်သည်။

ပုံ (၅.၁)အမှုစစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ် ဖွဲ့စည်းတည်ဆောက်ခြင်းကို စိတ်ကူးပုံဖော်ခြင်း



စီမံအုပ်ချုပ်ရေးနှင့် ဗျူရိုကရက် ပြောင်းလဲမှုများ

*ဒေသဆိုင်ရာနောက်ခံအကြောင်းအရာ*

ဖွဲ့စည်းတည်ဆောက်ခြင်း

လူမှုရေးတွင် အဓိကလှုပ်ရှားသူများက

တည်ဆောက်ထားသောအရာများ
အသုံးချခြင်း

ရလဒ်အစစ်များ

↑

ပြုလုပ်ဆောင်ရွက်သူ၏ အချက်အလက်များ
ဆုံးဖြတ်ချက်ချမှတ်ခြင်း

Gidden ၏ အကြံပြုချက်နှင့်အညီ တုံ့ပြန်မှုကောင်းသော လက်နက်ကိရိယာအဖြစ် လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီအား ရွေးချယ်အသုံးချခြင်းနှင့် စပ်လျဉ်း၍[၁၂] ဤအဓိပ္ပာယ် ဖွင့်ဆိုခြင်းသည် လုပ်ဆောင်မှု၏ ‘အဓိပ္ပာယ်’အတွက် ကြိုးပမ်းမှုမဟုတ်ပေ။ ၎င်းအစား ဆုံးဖြတ်ချက်ချမှတ်ရာတွင် အဓိကရှုထောင့်များကို ရှင်းလင်းထင်ရှားစေရန် ပုံဖော်ထားသည့် လုပ်ငန်းစဉ်ဆိုင်ရာစံနမူနာတစ်ရပ် အနေဖြင့်လည်းကောင်း သို့မဟုတ် တုံ့ပြန်မှုကောင်းသော တည်ဆောက်ပုံ[၁၃] တစ်ရပ်အနေဖြင့်လည်းကောင်း ၎င်း၏အသုံးချမှုကို မှန်ကန်ကြောင်း ယူဆထားသည်။ ဤဆက်နွယ်မှုတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်အား နောက်ခံအကြောင်းအရာထဲရှိ လုပ်ဆောင်မှုမူဘောင်ဖြစ်ရပ်ကဲ့သို့ မြင်နိုင်ပါသည်။ ထိုသို့ဆိုလျှင် အမှုစစ်ဆေးစီရင်ခြင်း လုပ်ငန်းစဉ်အကြောင်းအရာကို အမှုစစ်ဆေးစီရင်နေစဉ် ချမှတ်သော ဆုံးဖြတ်ချက်အတွက် လမ်းကြောင်းအစဉ်များအဖြစ် မျှော်မှန်းထားရမည်။ ၎င်းတွင် ရလဒ်တစ်ခုစီတိုင်းသည် အမှုစစ်ဆေးစီရင်ခြင်း၌ ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် အရေးပါသည့် ပါဝင်သူများ အကြားဆက်ဆံရေးကို အဘယ့်ကြောင့် ဖြေရှင်းသည်နှင့် အဘယ်သို့ ဖြေရှင်းပုံအား နားလည်သဘောပေါက်မှုအပေါ် မူတည်နေသည်။ လမ်းကြောင်းတစ်ခုစီတိုင်းက ထိုဆက်ဆံရေးများထံမှ ပုံသွင်း၊ တွန်းအားပေး၍ ပေါ်ထွက်လာသော လွှမ်းမိုးမှုအပေါ် မှီတည်နေသည့်အတွက် အဆိုပါ လုပ်ဆောင်မှု မူဘောင်တိုင်းသည် အမှုစစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ်ကို ပုံဖော်ရာတွင် ထောက်ပံ့ပေးသည်။ ထုတ်လုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်၏ လူမှုသမိုင်း ဖြစ်စဉ်များသည် လူမှုရေး လုပ်ဆောင်မှုများအကြောင်းအား ကျွန်ုပ်တို့နားလည်သဘောပေါက်မှုအတွက် ထပ်တလဲလဲ ဥပမာ

ပြုခြင်းက ပံ့ပိုးပေးသည့်နည်းတူ ယခင်လုပ်ဆောင်မှု မူဘောင်များအပေါ်တွင်လည်း မူတည်နေသည်။

သို့ဖြစ်ရာ နောက်ခံအကြောင်းအရာ[၁၄]သည် ရှုထောင့်သုံးမျိုးဖြစ်ပြီး အချိန်နှင့်နေရာတစ်လျှောက် *ပြောင်းလဲနိုင်သောအင်အား* ရှိသည်။ သို့သော်လည်း ဖွဲ့စည်းတည်ဆောက်ပုံနှင့် လူသားတို့၏ စွမ်းဆောင်နိုင်မှုအကြား ဆက်ဆံရေးသည် ၎င်းနှင့်ဆက်စပ်တည်ရှိနေသည့် ဆက်စပ်အကြောင်းအရာအပေါ် မူတည်နေပြီး ထိုဆက်စပ်အကြောင်းအရာမှ မည်သည့်အခါမျှ ခွဲခြားနိုင်စွမ်း သို့မဟုတ် ကိုယ်ပိုင် သီးခြားရပ်တည်နိုင်စွမ်းမရှိပေ။ ဤသို့ဖြင့် အတိတ်နှင့်ပစ္စုပ္ပန်ကာလ၏ လုပ်ဆောင်မှု ရလဒ်မူဘောင် ဆက်စပ်အကြောင်းအရာထဲအတွင်း အပြန်အလှန်အကျိုးပြုမှုကို ထည့်သွင်းစဉ်းစားရန် လုပ်ဆောင်မှု မူဘောင်တစ်ခုစီအား ကျွန်ုပ်တို့၏ စွမ်းရည်မှတဆင့် တည်ဆောက်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ခွဲခြမ်းစိတ်ဖြာလေ့လာ ဆန်းစစ်မှုသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်ပတ်သက်သည့် ရှုထောင့်အမျိုးမျိုးအရလည်းကောင်း၊ ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသော အကြောင်းအရာများအရလည်းကောင်း၊ မူဘောင်များဖြစ်စဉ်နှိုင်းယှဉ်ခြင်း အရလည်းကောင်း ဟူသည့်အချက်များကိုမျှော်မှန်းသည်။ ၎င်းမူဘောင်များဖြစ်စဉ်သည် ဆက်စပ်အကြောင်းအရာဖြစ်သည့် လူမှုရေးလုပ်ဆောင်မှုဟူသော ရွေ့လျားရုပ်ပုံတစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ထို့ကြောင့်အခွင့်အရေးများကို နမူနာအဖြစ် ကောက်ယူကြည့်ရလျှင် လက်တွေ့ အခွင့်အရေးများကို ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် လူမှုရေးလုပ်ဆောင်မှုအဖြစ် အဓိပ္ပာယ်ပြန်ဆိုခြင်းအပေါ် မှီတည်နေကြောင်း တွေ့မြင်နိုင်သည်။ ဆက်စပ်အကြောင်းအရာအတွင်းနှင့် ကူးပြောင်းနေဆဲအခြေအနေ၏ နောက်ခံအကြောင်းအရာရှိ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ဆောင်မှုကို ဆင်ခြင်သုံးသပ်ရန် လိုအပ်သည့် (ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ဆောင်မှုထံမှ သီးခြားမရပ်တည်နိုင်သော) အခြေခံမူအနေဖြင့် မျှော်မှန်းကြည့်နိုင်သည်။

ဤဆက်စပ်အကြောင်းအရာထဲ၌ အထူးပင်အရေးကြီးသည်မှာ Giddens[၁၅] ၏ ထောက်ခံသည့် အဆိုပင်ဖြစ်သည်။ ၎င်းက ထောက်ခံပြောဆိုသည်မှာ အဓိကပါဝင် လုပ်ဆောင်သူများ (actors) က ၎င်းတို့၏ အပြုအမူအား ဗဟိုပြုသည့် ရှင်းလင်းဖော်ပြချက် မူဘောင်များကို ညှိနှိုင်းသည့်လုပ်ငန်းတွင် လူမှုဗေဒ သရုပ်ဖော်ချက်များပါဝင်ပတ်သက်သည် ဟု ဖြစ်သည်။ လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်း သီအိုရီသည် နည်းစနစ်များ ချမှတ်ခြင်းကိုပံ့ပိုးပေးသည်။ ထိုနည်းစနစ်များသည် သိမြင်မှုဒဿနဆိုင်ရာ အငြင်းပွားမှုများမှ ထွက်ပေါ်လာသည့် သဘောတရား ရေးရာနှင့် လက်တွေ့မျက်မြင်ဆိုင်ရာ မရှိမဖြစ်များကို တထပ်တည်းကျအောင် ပေါင်းစပ်ခြင်းအားဖြင့် လူမှုရေးလုပ်ဆောင်ချက်၏ ဓမ္မဓိဋ္ဌာန်နှင့် ပုဂ္ဂလဓိဋ္ဌာန် အဓိပ္ပာယ်များအားဖော်ပြရန် ကျွန်ုပ်တို့အား ခွင့်ပြုသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ၎င်း၏ဓမ္မဓိဋ္ဌာန်ကျမှု (အယူအဆနှင့် လက်တွေ့နှစ်ရပ်လုံး) အပြင် အဆိုပါ ဓမ္မဓိဋ္ဌာန်ကျမှု၏ ပုဂ္ဂလိကအမြင် (၎င်း၏ လောကကို ရှုမြင်ပုံတွင် ပါဝင်သော

အကြောင်းအရာနှင့်ပတ်သက်၍) နှင့်စပ်လျဉ်း၍ *လုပ်ငန်းစဉ်* အကြောင်းအရာ ဆက်စပ်မှုက ပေါ်ထွက်လာသည်။[၁၆] အရေးကြီးသည့်အချက်မှာ ဆက်စပ်လက်တွေ့အကြောင်းခြင်းရာနှင့် တန်ဖိုးကို လုပ်ငန်းစဉ်တွင် ပေါင်းစပ်သည်။[၁၇] ထို့ကြောင့် ဤသုတေသနတွင် အကြောင်းခြင်းရာ/ တန်ဖိုးကို ပိုင်းခြားသည့် နေရာ၌ Tamanaha ၏ အကြံပြုချက်အတိုင်း နောက်ခံ အကြောင်းအရာရှိ 'အကြောင်းရင်းပေါ်၌ ရပ်တည်ခြင်း' ဖြစ်ပြီး လွတ်လပ်စွာ ရှုမြင်နိုင်ခြင်းနှင့် ဘောင်ခတ်ရှုမြင်ခြင်း တို့၏ ဆန့်ကျင်ကွဲလွဲမှုကို အဆိုပြုခြင်းမဟုတ်ပါ။ လူတစ်ဦးက လောကကို အကြောင်းအရာ (အမြင်ရှုထောင့်) ထက် ကျော်လွန်၍ မြင်နိုင်ခြင်း မရှိဟုငြင်းခုံသည်။ လက်တွေ့ လောကရှိ သုတေသီ၏ လုပ်ဆောင်မှုများအတွင်း၌သာ အကြောင်းခြင်းရာ /တန်ဖိုး တစ်ရပ် ကွဲပြားခြင်းက ဆက်စပ်ပတ်သက်မှု ရှိသည်ဟု ငြင်းခုံခဲ့ကြသည်။ ထိုလက်တွေ့လောကတွင် တန်ဖိုးနှင့် အကြောင်းခြင်းရာများကို ထူးခြားသည့် အတွေ့အကြုံ၏ လက်တွေ့ကျသည့် အမြင်များကဲ့သို့ သဘာဝကျကျ (naturalistically) စိတ်ကူးပုံဖော်သည်။ ထို့ကြောင့် အမှုစစ်ဆေး ဆောင်ရွက် နေစဉ်အတွင်း ကွဲပြားမှုကို သာမန်အသိဉာဏ်ဖြင့် အသုံးအနှုန်းများတွင် ခွဲခြားသည်။

ရာဇဝတ်မှုစစ်ဆေးခြင်းလုပ်ငန်းစဉ်ကို အပြန်အလှန်ဆက်နွှယ်မှုရှိသော လက်တွေ့ လူမှုဘဝအဆင့် (၃) ဆင့်၌ လူမှုရေးစနစ် ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီဖြင့် ပံ့ပိုးပေးထားသည့် သဘောတရားရေးရာ မူဘောင်အတွင်း စိတ်ကူးပုံဖော်ထားသည်။ ၎င်းအဆင့် (၃) ဆင့်မှာ ဥပဒေဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် အပြန်အလှန်တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ အဆင့်များ ဖြစ်သည်။ ဖော်ပြထားသည့်အတိုင်း ဤအဆင့်များသည် စံနမူနာ လုပ်ငန်းစဉ်ပုံစံ အစိတ်အပိုင်း များကို ဖွဲ့စည်းသည်။ ထိုစံနမူနာ လုပ်ငန်းစဉ်ပုံစံသည် အမှုစစ်ဆေးခြင်း၏ လက်တွေ့လူမှုဘဝအား ပြန်လည်ဖော်ထုတ်ပေးသည့် *ပြောင်းလဲနိုင်သည့်အင်အားရှိ* ကိန်းရှင်အဖြစ် လူသားတို့၏ စွမ်းဆောင်မှုကို ဖွဲ့စည်း တည်ဆောက်ခြင်းမှတဆင့် မျှော်မှန်းသည်။ ဤသည်မှာ နောက်ခံ အကြောင်းအရာအပေါ် မှီတည်ဖြစ်ပေါ်လာသော အကြောင်းခြင်းရာရှုထောင့်ဖြင့် လည်းကောင်း/ တန်ဖိုး အမြင်ရှုထောင့်ဖြင့်လည်းကောင်း ပုံသွင်းထားသည့် လက်တွေ့လူမှုဘဝဖြစ်သည်။ ကြီးမား သည့်အဆင့်တွင် လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီသည် အဆင့်မြင့် သဘောတရား ရေးရာဖော်ထုတ်ခြင်းကို ပံ့ပိုးပေးသည်။ ထိုသို့ အဆင့်မြင့်သဘောတရားရေးရာ ဖော်ထုတ်ခြင်း သည် လူသားတို့၏ စွမ်းဆောင်မှုမှတဆင့် လုပ်ငန်းစဉ်ကို မည်သို့ဖန်တီးပြု လုပ်သည်ကို လည်းကောင်း၊ ဤပြောင်းလဲနိုင်သည့် အင်အားတွင် ဆန်းစစ်လေ့လာမှုအဆင့် အမျိုးမျိုးကို အသုံးချသည့် နည်းလမ်းတို့အားလည်းကောင်း နားလည်သဘောပေါက်ခြင်းအတွက် ဖြစ်သည်။ နောက်တွင်ဖော်ပြမည့် Henham နှင့် Mannozzi[၁၈] တို့က လေ့လာထားသော ထိခိုက်နစ်နာသူ ပါဝင်မှု နှိုင်းယှဉ်လေ့လာချက်ကဲ့သို့ သေးငယ်သည့်အဆင့်တွင်မူ အမှုစစ်ဆေးခြင်း၏ သီးခြား လက္ခဏာရပ် (ဤကိစ္စတွင်ပြစ်ဒဏ်ချမှတ်ခြင်း)နှင့် ဆက်နွှယ်၍ နှိုင်းယှဉ်မှုပြုသော နောက်ခံ

အကြောင်းအရာတွင် ဤအဆင့်များကို ဆန်းစစ်သည်။ စုံစမ်းစစ်ဆေးမှုပြုနေသည့် ပြဿနာများ အတွက် ပတ်သက်နေသော ဆုံးဖြတ်ချက်ပြုရာ သီးသန့်နေရာများအား ဇာတ်ပြုခြင်းဖြင့် ၎င်းကို ရရှိသည်။ စာသားအရ ဖွဲ့စည်းတည်ဆောက်ခြင်း၏ အသေးစားတင်ပြပုံကဲ့သို့အလား ကြည့်ရှုခြင်း ဖြင့်လည်း ၎င်းကို ရရှိသည်။ ပြစ်ဒဏ်ရလဒ်များ ထွက်ရှိစေရန် ထိုသီးခြားနောက်ခံ အကြောင်းအရာ အတွင်း လည်ပတ်နေသည့် လူသားတို့၏ အရေးပါပုံကဏ္ဍများကို ဆန်းစစ်ခြင်းအားဖြင့်လည်း ၎င်းကို ရရှိနိုင်သည်။ ထို့ကြောင့် ထိခိုက်နစ်နာသူ ပါဝင်နိုင်ရန်အတွက် နည်းလမ်းများကို နားလည်စေရန် သက်ဆိုင်သည့် အချက်အလက်များအား ရှာဖွေလျက်ရှိသည်။ ကျွန်ုပ်တို့ သတ်မှတ် ဖော်ထုတ်ထားသော အဆင့် (၃) ဆင့်အား အခြေအနေများဖန်တီးရာ၌ ဖွဲ့စည်း တည်ဆောက်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းမှတဆင့် အမှန်တကယ် ပါဝင်ပတ်သက်သည့် နည်းလမ်းများကို နားလည်ရန်ဖြစ်သည်။ ထိုအခြေအနေသည် အမှုစစ်ဆေးစီရင်မှုအတွင်း ထိခိုက်နစ်နာသူများ ပါဝင်နိုင်မှု သို့မဟုတ် ဖယ်ထုတ်နိုင်မှုကို ဆုံးဖြတ်ပေးသည့် အရာဖြစ်သည်။ ဤဆုံးဖြတ်ချက် ချမှတ်ခြင်းသည် ဆင်ခြင်တုံတရားအရ ဆုံးဖြတ်နိုင်ပြီး အမှုစစ်ဆေးနေစဉ် အတွင်းနှင့် နောက်ပိုင်းတွင် လုပ်ငန်းစဉ် ဦးတည်ရာနှင့် ရလဒ်ကို ဆုံးဖြတ်ပေးမည့် ဆက်စပ် အကြောင်းအရာများ၏ လွှမ်းမိုးမှုခံရသည်။ ကျွန်ုပ်တို့၏ ဆန်းစစ်လေ့လာမှုသည် ဆက်စပ် အကြောင်းအရာတွင် ဖြစ်ပျက်နေမှုများ၏ အဓိပ္ပာယ်ကို သတ်မှတ်ရန်အတွက် ကြိုးပမ်း ရှာဖွေခြင်းဖြစ်သည်။

- ထိခိုက်နစ်နာသူပါဝင်နိုင်မှုဆိုင်ရာဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးနိုင်သည့် ဩဇာသက်ရောက်နိုင်သောနည်းလမ်းအမျိုးမျိုးတို့မှာအဘယ်နည်း။
- ၎င်းတို့ကိုမည်ကဲ့သို့ဖွဲ့စည်းထားပြီး၊ မည်သည့်အရေးပါမှုကရလဒ်အတွက်ဖြစ်သနည်း။
- ကျွန်ုပ်တို့၏ ဤလုပ်ငန်းစဉ်ကို နားလည် သဘောပေါက်မှုတွင် အဆင့် (၃) ဆင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုက မည်ကဲ့သို့ပါဝင်နေသနည်း။

ပိုမိုကျယ်ပြန့်သောစကားရပ်များအရ ပြုမူဆောင်ရွက်ချက်ရှိ ဖွဲ့စည်း တည်ဆောက်ခြင်း ပုံစံငယ်တင်ပြမှု၌ အကြောင်းခြင်းရာတွင်တန်ဖိုးကို မည်သို့နှင့် မည်သည့်အတွက်ကြောင့် ပေါင်းထည့်ရကြောင်းအပြင် ဤအရာက ရလဒ်အတွက် မည်သည့်အဓိပ္ပာယ် သက်ရောက်သည်ကို ကျွန်ုပ်တို့ ဆန်းစစ်သည်။ ပုံ (၅.၂) သည် ဤ စံနမူနာပုံစံ၏ အဆင့်(၃)ဆင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ် လေ့လာမှုက မည်ကဲ့သို့ တစ်ဆင့်နှင့်တစ်ဆင့် ဆက်နွယ်နေသည်ကို ဖွဲ့စည်း တည်ဆောက်ခြင်း ကဲ့သို့ ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းစဉ် သုံးသပ်ခြင်းတစ်ရပ် ပံ့ပိုးပေးခြင်းအားဖြင့် ပြသရန် ရည်ရွယ်သည်။

ပုံ (၅.၂) ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အကြား ဆက်နွယ်မှုကို စံနမူနာပြုခြင်း




---

မှတ်ချက်များ။ ဤပြစ်ဒဏ်ချမှတ်ခြင်းပုံစံသည် လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီက အကြံပြုထားသည့် မူဘောင်အတွင်း ပြစ်ဒဏ်ချမှတ်ခြင်း ဆုံးဖြတ်ချက်များအပေါ် ကြိုတင်လွှမ်းမိုး သက်ရောက်မှုကို ပြသရန်ချမှတ်ထားသော ဖွဲ့စည်းတည်ဆောက်ခြင်း ပုံစံငယ်တင်ပြမှု (micro-representation) ဖြစ်သည်။

ထို့နောက်တွင် အပြန်အလှန် ဆက်နွယ်လျက်ရှိသည့် ကဏ္ဍ (၃) ရပ်အကြောင်း အသေးစိတ် ဖော်ပြချက်က လိုက်ပါလာသည်။ ၎င်းဖော်ပြချက်တွင် လူမှုရေးစနစ်ဖွဲ့စည်း တည်ဆောက်ခြင်း သီအိုရီ၏စကားရပ်များအတွင်း စိတ်ကူးပုံဖော်ထားသည့်အတိုင်း အမှုစစ်ဆေး စီရင်ခြင်း၏ လူမှုလက်တွေ့ဘဝ ပါဝင်သည် -

- ဥပဒေ/တရားစီရင်ပိုင်ခွင့်ဆိုင်ရာ- ဥပဒေစည်းမျဉ်းများနှင့် အခြေခံမူများက ပေးအပ်ထားသည့် သဘောသဘာဝ၊ လုပ်ငန်းတာဝန်နှင့် ဆင်ခြင်ဉာဏ်ဖြင့်ရွေးချယ်မှုများ။ အမှုစစ်ဆေးစီရင်ခြင်းတွင် ပါဝင်သူများကို ပေးအပ်ထားသော ခိုင်မာသည့် ဥပဒေဆိုင်ရာ အခွင့်အရေးများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ဥပဒေပုံစံ၊ မူဝါဒနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များအကြား ဆက်နွယ်မှုများကို ဖွဲ့စည်း တည်ဆောက်ပုံနှင့်ဆိုင်သော အရာများ (Aspect of structural properties) ကဲ့သို့ မှတ်ယူနိုင်သည် (စည်းမျဉ်းများနှင့်

အရင်းအမြစ်များ)။ စည်းမျဉ်းများတွင် အစဉ်အလာများ၊ မှတ်ယူခြင်းနှင့် ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ခြင်းတို့လည်း ပါဝင်သည်။ 'ခွဲဝေထားသောအရင်းအမြစ်များ' ၌ အဖွဲ့အစည်းတစ်ခုနှင့်/ သို့မဟုတ် ၎င်းတွင်ပါဝင်သူများက ထိရောက်စွာလုပ်ငန်း လုပ်ဆောင်နိုင်မည့် ရုပ်ဝတ္ထုပစ္စည်း အရင်းအမြစ်များ (material resources) ပါဝင်ပြီး 'အခွင့်အာဏာအရင်းအမြစ်များ' (authoritative resources) တွင် အမှုစစ်ဆေး စီရင်ခြင်း၌ ပါဝင်သူများ၏ ရာထူးအဆင့်နှင့် ဝါစဉ်တို့ပါရှိနိုင်မည်ဖြစ်သည်။ လူတစ်ဦး၏ ပြောင်းလဲနိုင်သောစွမ်းဆောင်ရည် တစ်နည်းအားဖြင့် ပြောင်းလဲမှုကို အကျိုးသက်ရောက်စေနိုင်သည့် အစွမ်းကို ဗဟိုပြုခြင်းအားဖြင့် အရင်းအမြစ်များက အာဏာနှင့် ချိတ်ဆက်နေသည်။

- အဖွဲ့အစည်းဆိုင်ရာ-အမှုစစ်ဆေးစီရင်ခြင်း၏ လုပ်ငန်းလည်ပတ်မှုနှင့် တာဝန်များ အတွက် ဗျူဟာမြောက်အခြေခံအကြောင်းရင်းများကို ပုံမှန်ပြန်လည် ဖော်ထုတ်ပေး နိုင်သည့် လူမှုရေးအလေ့အထများကဲ့သို့ တည်ဆဲစနစ်များ၏ အစိတ်အပိုင်းအဖြစ် မျှော်မှန်းကြည့်နိုင်ပါသည်။ ဥပမာပြရလျှင် ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဆိုင်သောအရာ များကို အကောင်အထည်ဖော်ရာတွင် လူမှုရေးရာ အပြန်အလှန်ပြောဆိုမှု နည်းလမ်း များကဲ့သို့သောအရာများဖြစ်သည်။ ထို့ကြောင့် ဤဆန်းစစ်လေ့လာမှုအဆင့်တွင် အမှု စစ်ဆေးခြင်းလုပ်ငန်းစဉ်ရှိ အရေးကြီးပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍများအပေါ် အကျိုး သက်ရောက်နိုင်သော ဆက်သွယ်မှုပုံစံနှင့် ဆိုင်သည့် သတင်းအချက်အလက်များ၊ တရားရုံး အတွင်း အပြန်အလှန်ပြောဆိုဆက်သွယ်မှုရလဒ်အပေါ် လွှမ်းမိုးမှုရှိသည့် ဆက်သွယ်မှု ပုံစံနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များပါဝင်သည်။ ဤအဆင့်တွင် သင်္ကေတ ပြုခြင်း၊ သဘောတရားနှင့် အာဏာတို့အကြား ဆန်းစစ်လေ့လာသော ကွင်းဆက်များ ကိုလည်း စူးစမ်းရှာဖွေကောင်းရှာဖွေရမည်။
- အပြန်အလှန်အကျိုးပြုမှု/ဒေသဆိုင်ရာ- တရားရုံးအတွင်းဆုံးဖြတ်ချက်ချမှတ်ခြင်း၏ လူမှုရေးရာအရှိတရားကို လူမှုအဖွဲ့အစည်းများ၏ ယန္တရားများမှတဆင့် လူမှုရေးတွင် အဓိကလုပ်ကိုင်သူများက ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ အရင်းအမြစ်များအား အသုံးချခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်း တစ်ရပ် ဖြစ်ပေါ်လာစေခြင်းအဖြစ် ရှုမြင် နိုင်ပါသည်။ ထို့ကြောင့် ဤအဆင့်သည် တရားရုံးတွင် *တကယ့်လက်တွေ့* ဆုံးဖြတ်ချက် ချမှတ်ခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်သည်။ ထို့အပြင် ဆင်ခြင်ဉာဏ်ဖြင့် ရွေးချယ်မှုများ (လူမှုအဖွဲ့ အစည်းတွင် အဓိက ပါဝင်လုပ်ဆောင်သူများက တခြားနည်းလမ်းဖြင့် လုပ်ဆောင်နိုင်စွမ်း) က ဖွဲ့စည်းတည်ဆောက်ခြင်းအခြေအနေကို ဖော်ထုတ်သတ်မှတ် သည်ဆိုသည့် အချက်အားပုံရိပ်ထင်စေသည်။ တစ်နည်းအားဖြင့်ဖွဲ့စည်း တည်ဆောက်ပုံ များ (စည်းမျဉ်းများနှင့် အရင်းအမြစ်များ) ဆက်လက်တည်ရှိနေခြင်း သို့မဟုတ် အသွင်ပြောင်းလဲမှုများဖြစ်ခြင်းတို့ ဖြစ်ပြီး၊ ၎င်းတို့ကြောင့် စနစ်များ ပြန်လည် ဖော်ထုတ် ခြင်းကို သတ်မှတ်ခြင်း ဖြစ်သည်။ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်သော အာဏာနှင့် တည်နေရာ (locus) (တရားစီရင်ရေး အခင်းအကျင်း) တို့ကို လက်တွေ့လုပ်ဆောင်မှုနှင့်

ဖွဲ့စည်းပုံ နှစ်ခုစလုံးတွင် ဆင်ခြင်တုံတရား၏ အဓိပ္ပာယ်နှင့် လူမှုအရှိတရားကို အဖန်တလဲလဲ ဖန်တီးသူများဖြစ်သည့် အမှုစစ်ဆေးစီရင်ခြင်းတွင် ပါဝင်သူများ၏ လုပ်ဆောင်မှုများမှတဆင့် ကျင့်သုံးမှုအခြေအနေအား ပုံစံဖော်ထားသည်ကို မှတ်သားထားရန် အရေးကြီးသည်။ အယူအဆ အမျိုးမျိုးကို လက်ခံထားနိုင်သော သဘောတရားရေးရာအား တောင်းဆိုသည့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှု အဆင့် အမျိုးမျိုး ပါဝင်သော လုပ်ငန်းစဉ်ကိုရှင်းပြရန် လိုအပ်ချက်ရှိသည်။ ထို့ကြောင့် လက်တွေ့ မျက်မြင်အခြေပြုအဆင့်တွင် ကျွန်ုပ်တို့၏ သဘောတရားရေးရာ တာဝန် ကန့်သတ်ချက်များကို ဘောင်ခတ်ထားခြင်းသည် အမှုစစ်ဆေးစီရင်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ခြင်း၏ သဘောသဘာဝနှင့် ပတ်သက်သည်။ ဤခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှု အဆင့်များ၏ အပြန်အလှန် ပြုလုပ်ဆောင်ရွက်မှုသည် ရှေ့ပြေး (Pilot) နည်းစနစ်တွင် ဩဇာလွှမ်းမိုးမှု လမ်းကြောင်းအား အထူးတလည် နားလည် သဘောပေါက်မှုကို ဖြစ်ပေါ်လာစေသည်။ တရားစီရင်ပိုင်ခွင့်ဆိုင်ရာ အယူအဆများသည် အဖွဲ့အစည်း၏ လုပ်ငန်းစဉ်အတွက် အခွင့်အလမ်းကို ဖြစ်စေသည်။ အပြန်အလှန် အကျိုးပြုမှုအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းမှတဆင့် အကြောင်းအရာများကို ဖန်းတီးပေးသည့် အခွင့်အလမ်း များကိုဖြစ်စေသည်။ ဥပဒေပြဿနာများကို ဆုံးဖြတ်ရန် သတ်မှတ်ချက်နောက်တွင် နှိုင်းယှဉ်လေ့လာသော အဖွဲ့အစည်းမူဘောင်များ အတွင်းရှိ ဆုံးဖြတ်ချက်များအတွက် နည်းလမ်းတစ်ခုက ကပ်လျက်ဖြစ်ပေါ်လာသည်။ အဖွဲ့အစည်းမူဘောင်ဆိုသည်မှာ ဆုံးဖြတ်ချက် ချမှတ်ခြင်းအတွက် သီးသန့် သတ်မှတ်ချက်များနှင့် ရွေးချယ်ကျင့်သုံး နိုင်သော လုပ်ထုံးလုပ်နည်းများအရ စိတ်ကူးပုံဖော်ထားသည့် အဖွဲ့အစည်း မူဘောင်များ ဖြစ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှုသည် (ဆုံးဖြတ်ချက် ချမှတ်ခြင်းကို ဆန်းစစ်လေ့လာထားသကဲ့သို့) အဓိကပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်း ပုံစံများ၏ ဖိအားများမှတဆင့် ဖော်ထုတ်ခဲ့သော ဩဇာလွှမ်းမိုးမှု၏ သွင်ပြင် လက္ခဏာ များ၊ လုပ်ငန်းတာဝန်များနှင့်အတူ လုပ်ငန်းစဉ်ချမှတ်ခြင်းဖြင့် မြင်သာနိုင်သော ဆုံးဖြတ် ချက် လမ်းကြောင်းများကို ဆက်လက် လုပ်ဆောင်သည်။

အကျဉ်းချုပ်အားဖြင့် နောက်ခံအကြောင်းအရာအပေါ်မူတည်ဆက်စပ်သည့် ဖွဲ့စည်း တည်ဆောက်ပုံနှင့် လူသားတို့၏စွမ်းဆောင်နိုင်မှု တို့အကြားဆက်နွယ်မှုကို ကြည့်ရှုရာတွင် လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်း သီအိုရီကို ကျွန်ုပ်တို့က အာရုံ ခံစားသည့် (sensitising) ရှုထောင့်အမြင်အဖြစ် အသုံးပြုသည်။ 'နောက်ခံအကြောင်းအရာအတွင်း လုပ်ဆောင်မှု'ကို ဤနည်းလမ်းအရမျှော်မှန်းကြည့်ခြင်းအားဖြင့် တူညီသောအင်အား၏ အစိတ်အပိုင်း တစ်ခုကဲ့သို့ ဖွဲ့စည်းတည်ဆောက်ခြင်းက အကြောင်းခြင်းရာနှင့် တန်ဖိုးတို့ကို လိုက်နာစေနိုင်သည်။ ထို့အတွက် ဆက်စပ်အကြောင်းအရာကို လေ့လာခြင်းနှင့် စံပြုထိုက်သော စီရင်ဆုံးဖြတ်ချက် တို့အကြား ပြတ်သားစွာပိုင်းခြားပြခြင်းကို ဆက်လက်လုပ်ဆောင်ရန် မလိုအပ်ပါ။ ဤနည်းအားဖြင့် ဆက်စပ်အကြောင်းအရာထဲ လေ့လာမှုများတွင် အဓိပ္ပာယ်နှင့် 'တန်ဖိုးထပ်ပေါင်း' ရန် လွယ်ကူသည်။ တန်ဖိုးများနှင့် အကြောင်းခြင်းရာများက သုတေသနနှင့် အမှုစစ်ဆေးစီရင်ခြင်း

အတွေ့အကြုံတို့၏ ကွဲပြားသောဝိသေသအဖြစ် သဘာဝကျစွာဖြစ်ထွန်း ပေါ်ပေါက်လာသော ကြောင့် ဖွဲ့စည်းတည်ဆောက်ခြင်းအတွင်း ဆက်စပ်အကြောင်းအရာ အသုံးပြုခြင်းက ဓမ္မဓိဋ္ဌာန်နှင့် ပုဂ္ဂလဓိဋ္ဌာန်တို့ကို ညှိနှိုင်းပေါင်းစပ်ရာတွင် အရေးပါလာသည်။

နှိုင်းယှဉ်လေ့လာမှုတွင် ‘ယဉ်ကျေးမှု’ ထက်စာလျှင် ‘ဆက်စပ်အကြောင်းအရာ’ ယူဆချက်သည် ပိုမိုထူးခြားကျယ်ပြန့်သော အဓိပ္ပာယ်ရှိသည်ဟု ကျွန်ုပ်တို့ကဆိုမည်။ အမှုစီရင်ဆုံးဖြတ်ခြင်း၏ ပိုမိုကျယ်ပြန့်သောလူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အဆုံးအဖြတ်ပေးသောအရာများကို စိတ်ကူးပုံဖော်ရန်အတွက် ဆက်စပ်အကြောင်း အရာက အားလုံးနှင့်ဆိုင်ပြီး တစ်စုတစ်စည်းတည်းဖြစ်သော ဖွဲ့စည်းတည်ဆောက်ပုံကို အကြံပြုသည်။ ဆက်စပ် အကြောင်းအရာအတွင်း၌ ဥပဒေယဉ်ကျေးမှုသည် အမှုစစ်ဆေးခြင်း အလေ့အထ (trial praxis) ၏ အလွန်အရေးပါသော အစိတ်အပိုင်းတစ်ရပ်ကို ဖွဲ့စည်းတည်ဆောက်သည်။[၁၉] ကျွန်ုပ်တို့၏ သဘောတရားရေးရာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် နည်းစနစ် တို့သည် ယုံကြည်ချက်အပေါ် ခိုင်မာစွာရပ်တည်သည်။ ထိုယုံကြည်ချက်မှာ ဆက်စပ် အကြောင်းအရာရှိ နှိုင်းယှဉ်လေ့လာမှုအတွက် အဆိုပြုထားသည့် မတူကွဲပြားသော ယဉ်ကျေးမှုအမျိုးမျိုးနှင့် ရင်းနှီး ကျွမ်းဝင်ရန် လိုအပ်သည်ဟု ဖြစ်သည်။ ၎င်းသည် အားထုတ်မှုတစ်ခုခု မတိုင်မီ တူညီမှုနှင့် ခြားနားမှု အခြေခံပေါ်တွင် နှိုင်းယှဉ်လေ့လာမှုအတွက် အဓိကခေါင်းစဉ်ကို ရှာဖွေ သတ်မှတ်ပေးသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့က ယဉ်ကျေးမှုအစစ်အမှန်ကို အသိအမှတ်ပြုသည့် ယဉ်ကျေးမှုဆိုင်ရာ နှိုင်းယှဉ်ခြင်းနှင့် တချိန်တည်းမှာပင် တူညီမှုနှင့် ကွဲပြားမှုကို ခွင့်ပြုသည့် နှိုင်းယှဉ်မှုအတွက်လည်း အစီအမံတစ်ခုကို ဖြစ်စေသည်။

## နောက်ခံအကြောင်းအရာပုံစံတူပြုခြင်း

ဤအယူအဆဆိုင်ရာမူဘောင်အတွင်း၌ ဆက်စပ်အကြောင်းအရာပုံစံအတွက် လိုအပ်သည့် ကိုယ်တိုင်သင်ယူလေ့လာနိုင်သည့်ပစ္စည်း (Heuristic device) အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသည်။ အမှုစစ်ဆေးစီရင်ဆုံးဖြတ်ခြင်းအား စိတ်ကူးပုံဖော်သည့်နည်းလမ်းများ ယှဉ်ကြည့်ခြင်းကို အကြံပြုခြင်းအားဖြင့် မတူညီသော နောက်ခံအကြောင်းအရာအတွင်းရှိ လုပ်ငန်းစဉ်၏ သဘောသဘာဝကို နားလည်သဘောပေါက်စေရန် ဆက်လက်လုပ်ဆောင် နိုင်မည့် တိကျသော နည်းလမ်းများကို အကြံပြုထားသည်။ ဤနမူနာများသည် လုပ်ငန်းစဉ် အပြန်အလှန် ပြုလုပ်ဆောင်ရွက်မှုတွင်ပါရှိသော မတူညီသည့် စိတ်ဝင်စားမှုအဆင့်များနှင့် ပတ်သက်သည့် လက်ရှိ သဘောတရားအခြေအနေအပေါ် အခြေခံနိုင်သည်။ သို့ရာတွင် ဤစံနမူနာပုံစံသည် သဘောတရား ရှုထောင့် မဟုတ်သလို နည်းစနစ်ရှုထောင့်အရ သတ်မှတ် ထားခြင်းမျိုး မဟုတ်ပါ။ မက်ခရိုသီအိုရီ (macro theoretical) အနေအထားအား ပြုပြင်မွမ်းမံခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းကို အချက်အလက်အခြေပြုသီအိုရီ (grounded theory) နည်းလမ်းများထံမှ ဖြစ်ပေါ်လာသော သဘောတရားရေးရာ အဆိုပြုချက် နှင့် အချက်အလက်များကို စစ်ဆေးခြင်းနည်းလမ်းများ က စုပေါင်းသတင်းပေးပို့သည်။ ပုံစံတူပြုခြင်းမှ ဖြစ်ပေါ်လာသော တောင်းဆိုချက်များ ဖြည့်ဆည်းရန် လုပ်ဆောင်ရမည့်နည်းလမ်း အမျိုးမျိုးက သီအိုရီနှင့် အမှု စစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ

အသိပညာ 'သစ်' ထုတ်လုပ်မှု အကြားရှိ ဆက်နွှယ်ဖန်တီးခြင်း နည်းလမ်းအမျိုးမျိုးကို ထင်ဟပ်စေသည်။ ဤနည်းလမ်းများအား နှိုင်းယှဉ် လေ့လာသည့် ဆက်စပ်အကြောင်းအရာကို နားလည်သဘောပေါက်ရန် လိုအပ်ချက်က လှုံ့ဆော်သည်။[၂၀] ထို့ကြောင့် နောက်ခံအကြောင်းအရာ စံနမူနာပုံစံသည် တကယ့်လက်တွေ့တွင် အမှုစစ်ဆေးဆုံးဖြတ်ခြင်းလုပ်ငန်းစဉ် ဖွဲ့စည်းတည်ဆောက်သည့်အရာ၏ ပုံစံအမျိုးမျိုး (အားပြိုင်ခြင်းလည်းဖြစ်နိုင်သည်)ကို စစ်ဆေးသည့် တည်နေရာဖြစ်သည်။

ဤစာ၏နောက်ပိုင်းတွင်[၂၁] ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီက ပံ့ပိုးပေးထားသော ရှင်းလင်းဖော်ပြချက်မူဘောင်အတွင်း ဖော်ထုတ်ရမည့် သဘောတရားရေးရာအနေအထားအမျိုးမျိုး၏ သီးသန့်အမြင်များကို ထည့်သွင်းစဉ်းစားခြင်းပြုစေနိုင်သည့် အမှုစစ်ဆေးခြင်းလုပ်ငန်းစဉ်၏ ဆက်စပ်အကြောင်းအရာနှိုင်းယှဉ်လေ့လာဆန်းစစ်ချက်အတွက် *နောက်ခံအကြောင်းအရာစံနမူနာပုံစံ* (*contextual model*) ကို ပုံဖော်တည်ဆောက်ထားသည်။ အထူးသဖြင့် နောက်ခံအကြောင်းအရာစံနမူနာပုံစံသည် လက်တွေ့မျက်မြင်ဝါဒ (positivist)၊ လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျသုတေသနပြုခြင်း (ethnographic) နှင့် အချက်အလက်အခြေခံသီအိုရီ ချဉ်းကပ် နည်းလမ်းတို့ထံမှ ဆင်းသက်လာသော သဘောတရားရေးရာနှင့် နည်းလမ်းဆိုင်ရာ အဆိုပြုချက် များအား ပေါင်းစပ်ခြင်းကို လွယ်ကူချောမွေ့စေသည်ဟုဆိုသည်။ ဤစံနမူနာ ပုံစံသည် ပြစ်ဒဏ်ပေးနိုင်သော အခြေအနေ၏ ပုံစံငယ်ဖော်ပြချက်[၂၂] (၎င်း၏ သီးသန့်ပရိသတ်များ၊ အဓိကပုဂ္ဂိုလ်များ၊ လုပ်ငန်းစဉ်များ၊ အဖွဲ့အစည်းများ၊ အာဏာဆက်နွှယ်မှုများ နှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ပြောဆိုဆက်သွယ်မှုသင်္ကေတမှတဆင့် တည်ဆောက်သည့် လူ့အဖွဲ့အစည်း (symbolic structure)) ကဲ့သို့ အမှုစစ်ဆေးဆုံးဖြတ်ခြင်း၏ နောက်ခံအကြောင်းအရာအပေါ် ဗဟိုပြုသည်။ ယဉ်ကျေးမှု တစ်ခုမှတစ်ခုသို့၊ ဒေါင်လိုက် သို့မဟုတ် အလျားလိုက် (ဒေသတွင်းမှ သည်ကမ္ဘာအနှံ့ဆီသို့) ဆန်းစစ်လေ့လာခြင်း အဆင့်အမျိုးမျိုးကို ပြန်လည်တည်ဆောက်ခြင်း အတွက် ၎င်းက သင့်လျော်ပြီး ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ ယာယီ နောက်ခံအကြောင်းအရာအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာခြင်းအတွက် ကိုက်ညီသည်။

အခြားသောအရာများကဲ့သို့[၂၃] လက်တွေ့ကျင့်သုံးဆောင်ရွက်မှု (သို့မဟုတ် လုပ်ငန်းစဉ်) သည် နောက်ခံအကြောင်းအရာအား စိတ်ကူးပုံဖော်ရာတွင် အဓိကကျသည်ကို ကျွန်ုပ်တို့ အသိအမှတ် ပြုပါသည်။ ဒေသခံဆောင်ရွက်သူများအတွက် အချက်အလက်များ၏အဓိပ္ပာယ်ကို ၎င်းတို့၏ ထူးခြားလေးနက်မှုသဘောအရ ဆုံးဖြတ်သည်။ ဘုံဘာသာစကားနှင့် ဝိသေသလက္ခဏာက စုစည်းမှုလက်တွေ့ဘဝကို ပုံဖော်သည်။ သို့သော် ဒေသအလိုက် သီးခြားဆက်စပ်အကြောင်းအရာများအတွင်းရှိ သဘောတရားနှင့် ကျင့်ထုံးတို့အကြား ဆက်နွှယ်မှုသဘောသဘာဝကို ရည်ညွှန်းနေစဉ် Bell ၏ ဥပဒေယဉ်ကျေးမှု တိုက်ဆိုင်စိစစ်သည့်စံနမူနာပုံစံ[၂၄]က နှိုင်းယှဉ်လေ့လာမှု ရည်ရွယ်ချက်များအတွက် ကိုယ်တိုင် သင်ယူလေ့လာနိုင်သည့်ကိရိယာ (Heuristic tool)တစ်ရပ်အဖြစ် ပေးစွမ်းနိုင်ခြင်း မရှိပါ။ သို့သော် ကမ္ဘာ့အဆင့်နှင့် ဒေသတွင်း

အဆင့်ရှိ ဆက်စပ်အကြောင်းအရာ (အလျားလိုက်နှင့်ဒေါင်လိုက်နှစ်ခုစလုံး)၌ လူသားတို့၏ စွမ်းဆောင်နိုင်မှုကြောင့် ရာဇဝတ်တရားစီရင်ရေးလုပ်ငန်းစဉ်အတွက် ကြီးကြီးမားမား အထောက်အပံ့ပြုထားသော အဓိပ္ပာယ်များအကြား အံဝင်ခွင်ကျဖြစ်မှုကို စစ်ဆေးနိုင်စေမည့် လိုအပ်သည့် အရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ အမှုစစ်ဆေး ဆုံးဖြတ်ခြင်းသည် (ဇာတ်ကြောင်းမှ တဆင့်) ‘အဓိပ္ပာယ်များ’ အား နှိုင်းယှဉ်လေ့လာခြင်းကို ပြုလုပ်နိုင်သကဲ့သို့ (လွှမ်းမိုးမှုဘုံလမ်းကြောင်းကို ကြည့်ခြင်းအားဖြင့်) အဓိပ္ပာယ် ဖန်တီးခြင်းလုပ်ငန်းစဉ်များ အားယှဉ်ပြိုင်ခြင်း (နှင့်ဆန့်ကျင်ဘက်ယှဉ်ကြည့်ခြင်း) ကိုလည်း လုပ်ဆောင်နိုင်သည်။

ပြစ်ဒဏ်ချမှတ်ခြင်း (အမှုစစ်ဆေးဆုံးဖြတ်ခြင်းရလဒ်အရ) က သီးခြားအခွင့်အရေး တစ်ရပ်ရပ်နှင့် ပတ်သက်၍ နမူနာများအဖြစ် တရားမျှတမှုကိုအတည်ပြုရန် သို့မဟုတ် ငြင်းပယ်ရန် အမျိုးမျိုးသော အမှုစစ်ဆေးရေး ‘လမ်းကြောင်းများ’ မည်သို့ချိတ်ဆက်နေပုံအတွက် ဗဟိုချက်တစ်ခု ပံ့ပိုးပေးသည်။ အမှုစစ်ဆေးခြင်းဇာတ်ကြောင်း၏ ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ်လေ့လာမှုသည် မူဝါဒနှင့် ဥပဒေလုပ်ငန်းစဉ်အကြားဆက်နွယ်မှုနှင့် ပတ်သက်သည့် ထင်မြင်ချက်များပေးရန် လုံလောက်သည်။ သို့ရာတွင် လုပ်ငန်းစဉ်ရလဒ်များအတွက် ၎င်း၏ထူးခြားချက်ကို ထောက်ပံ့ရန် ဆင်ခြင်တုံတရားအရ ပြုလုပ်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းအား လွှမ်းမိုးသည့် လူမှုရေးနှင့် ယဉ်ကျေးမှု အခြေခံအကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် စိစစ်ရန် လိုအပ်သည်။ ဥပမာ- နစ်နာသူပါဝင်ခြင်းအတွက် အခွင့်အရေးများ၏ အရေးကြီးသော ရှုထောင့်အမြင် နမူနာတစ်ခုသည် အမှုစစ်ဆေးခြင်း အကြောင်းအရာတွင် ထိုနစ်နာသူပါဝင်နိုင်သောအခြေအနေ (inclusivity) နှင့် ဖယ်ထုတ်နိုင်သော အခြေအနေ (exclusivity) ကို အဆုံးအဖြတ်ပေးသော အရာနှင့် ဆက်စပ်သည်။ ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ်လေ့လာမှုသည် တရားသူကြီးနှင့် တရားရုံးအဆင့်ပေါ် မူတည်၍ လွှမ်းမိုးမှုပုံစံနှင့် ဩဇာလွှမ်းမိုးရသည့် အကြောင်းရင်းများကို ဗဟိုပြုစေနိုင်သည်။ ၎င်းက လုပ်ငန်း ခွင် ဆက်ဆံရေး၌ ရှိသောအာဏာများနှင့် တစ်ဦးနှင့်တစ်ဦး မည်သို့ ဆက်စပ်နေပုံ (သို့မဟုတ်) ဆန့်ကျင်ဘက်ပြုပုံများက နားလည်သဘောပေါက်မှု ရရှိစေသည်။ ဤနည်းလမ်းဖြင့် ဩဇာလွှမ်းမိုးမှု လမ်းကြောင်းအမျိုးမျိုးသည် အချက်အလက်/ တန်ဖိုး၏ ဖွဲ့စည်းမှု ပုံစံအမျိုးမျိုးအား မည်သို့ဖြစ်စေသည်ကို ကျွန်ုပ်တို့ကဖော်ထုတ်နိုင်သည်။ ၎င်းအချက်အလက်နှင့် တန်ဖိုးတို့၏ လက်တွေ့အကျိုးရှိထိရောက်မှုတို့သည် နစ်နာသူများနှင့် ပြစ်ဒဏ်တို့နှင့် သက်ဆိုင်သော အမှု စစ်ဆေးခြင်း လုပ်ငန်းစဉ်ကဏ္ဍများတွင် နစ်နာသူများ အနည်းနှင့်အများ ပူးပေါင်းပါဝင်မှုအတွက် သိသာထင်ရှားစေသည်။

ဆက်စပ်အကြောင်းအရာနှိုင်းယှဉ်လေ့လာမှုပုံစံသည် ဆင်ခြင်ဉာဏ်ဖြင့်ဆုံးဖြတ်ခြင်း၏ ကွဲပြားသော နောက်ခံအကြောင်းအရာများကို စူးစမ်းရှာဖွေရန် ရွေးချယ်ထားသည့် သဘောတရားရေးရာ (အကဲဖြတ်ချက်ဆိုင်ရာ) နမူနာ သဘောသဘာဝပေါ်မူတည်သော *ဆက်စပ်အကြောင်းအရာ၏အကဲဖြတ်စနစ်များ* နှင့် *ဆက်စပ်အကြောင်းအရာ၌ အကဲဖြတ်ခြင်း* တို့၏ ယူဆချက်နှစ်ခု ကြားရှိ အယူအဆဆိုင်ရာကွဲပြားခြားနားချက်တစ်ရပ်ကို အဆိုပြုသည်။ အတိုချုပ်အားဖြင့် ဆက်စပ်အကြောင်းအရာပုံစံ၏ အခန်းကဏ္ဍသည် ဖြစ်နိုင်ခြေရှိသည့် ပြစ်ဒဏ်ချမှတ်ခြင်း ရလဒ်

များအား နောက်ခံအကြောင်းအရာတွင်းနှင့် နောက်ခံ အကြောင်းအရာ ဖြစ်စဉ်တစ်လျှောက် တွင် အကဲဖြတ်သည် ဆိုသည့်အချက်ကို သေချာစေရန်ဖြစ်သည်။ ၎င်းသည် ဥပဒေယဉ်ကျေးမှုအမျိုးမျိုး အတွင်းနှင့် အကြားရှိ လက်တွေ့လူမှုလုပ်ငန်းစဉ်၌ အကဲဆတ်မှု ရှိနေသေးသည့် နောက်ခံ အကြောင်းအရာ ဖြစ်စဉ်တစ်လျှောက် ဖြစ်သည်။[၂၅]

ဆက်စပ်အကြောင်းအရာပုံစံချဉ်းကပ်နည်းလမ်း၏ ပူးတွဲအစိတ်အပိုင်းကို အောက်ပါအတိုင်း အကျဉ်းချုပ်နိုင်သည်။

- ဆက်စပ်အကြောင်းအရာအကဲဖြတ်စနစ်များ- ၎င်းတို့သည် အယူအဆအခြေပြု သိမှုအမြင်အချို့ကို ပံ့ပိုးပေးနိုင်မှုအပေါ် အခြေခံ၍ ရွေးချယ်ထားသော သဘောတရားရေးရာ အဆိုပြုချက်များ ဖြစ်ကြသည်။ ၎င်းတို့သည် ဆန်းစစ် လေ့လာမှု အတွက် ရွေးချယ်ထားသော သီးခြားလူမှုဖြစ်စဉ်တစ်ရပ်ရပ်အား ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုကို အထောက်အကူပြုသည်။ ဗဟိုပြုမှုသည် *လုပ်ငန်းစဉ်*အပေါ် သို့မဟုတ် ပို၍တိတိကျကျဆိုရလျှင် နှိုင်းယှဉ်ထားသော ဆက်စပ် အကြောင်းအရာ၌ လုပ်ငန်းစဉ် တည်ဆောက်ခြင်း အပေါ်တွင်ဖြစ်သည်။
- ဆက်စပ်အကြောင်းအရာအတွင်း အကဲဖြတ်ခြင်း- ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ်လေ့လာမှု၏ အလေ့အထကို ရည်ညွှန်းသည်။ ၎င်းသည် ထုတ်ထားသည့် ပြဿနာအပေါ် အခြေခံ၍ ရွေးချယ်ထားသော သဘောတရားရေးရာ အနေအထား များအရ လိုက်နာရန် ချမှတ်ထားသော အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းလမ်းများကို အသုံးပြု၍ လေ့လာခြင်းမျိုး ဖြစ်သည်။

ထို့ကြောင့် ဆက်စပ်အကြောင်းအရာ အကဲဖြတ်စနစ်များသည် လက်တွေ့ဖြစ်ရပ်တွင် စစ်ဆေးထားပြီး ဆက်စပ်အကြောင်းအရာအတွင်း အကဲဖြတ်ခြင်း၏ ထပ်တလဲလဲလုပ်ငန်းစဉ်မှ ထွက်ရှိလာသော 'ထွန်းသစ်စအသိပညာ'ဖြင့် မွမ်းမံထားသည့် 'အသိအမှတ်ပြုထားသော အသိပညာ'ပါဝင်ခြင်းအဖြစ် မှတ်ယူနိုင်သည်။ ဒုတိယတစ်ခုမှာ သီအိုရီထုတ်ဖော်ခြင်း လုပ်ငန်းစဉ်သည် ထပ်မံအတည်ပြုခြင်းနှင့် ပေါင်းစပ်ခြင်းတို့ကို အကြံပြုပြီး အကဲဖြတ် စနစ်သစ်များအား ဖော်ပြနေစဉ်အတွင်း သီအိုရီအတည်ပြုစစ်ဆေးခြင်းမှတဆင့် အသိအမှတ်ပြု ထားသည့် အသိပညာကို မွမ်းမံရန် (နှင့်/သို့မဟုတ် အတည်ပြုရန်) တဖြည်းဖြည်း လက်ခံခွင့်ပြုသည်။ အထူးသဖြင့် စံနမူနာပုံစံ(Model)သည် အနည်းဆုံး အစောပိုင်းတွင် (သို့မဟုတ် ဖော်ထုတ်နေဆဲ အဆင့်၌) ဆက်စပ်အကြောင်းအရာ(များ)ကို တိုက်ဆိုင်စစ်ဆေးမှု မှစ၍ နောက်မှလိုက်ရမည်။[၂၆]

သို့ဖြစ်၍ ပုံစံတူပြုခြင်းနှင့် နှိုင်းယှဉ်ဝါဒ အယူအဆက အကဲဖြတ်စနစ် တစ်ခုခုကို ပေါင်းစပ်ခြင်း (တစ်နည်းအားဖြင့် ဆက်စပ်အကြောင်းအရာအတွင်းအကဲဖြတ်ခြင်း)သည် ဆက်စပ် အကြောင်းအရာ စစ်ဆေးခြင်းနှင့် တိကျသော လူမှုရေးအပြန်အလှန်ပြုမှု ဆောင်ရွက်ခြင်းကို နားလည်သဘောပေါက်ရန်အတွက် သင့်လျော်သည့်သီးခြား အကဲဖြတ်စနစ် နမူနာတစ်ခုခုတွင်

မှန်းဆခြင်းပြုပြီးနောက်မှ လိုက်လုပ်သင့်သည်ဟု အဆိုပြုသည်။ စံနမူနာပုံစံကို သီအိုရီအတည်ပြု စစ်ဆေးခြင်း (ထုတ်ယူ ဆင်ခြင်ခြင်း) သို့မဟုတ် သီအိုရီထုတ်ဖော်ခြင်း မှတဆင့် ဖြစ်ပေါ်လာသော လုပ်ငန်းစဉ်များ (ခြုံငုံဆင်ခြင်ခြင်း)ကို အခြေခံ၍ဆင်းသက်လာသော နည်းလမ်းများ လက်ခံခြင်း အတွက် ပံ့ပိုးပေးနိုင်ရန် ပုံဖော်ရေးဆွဲထားသည် (ပုံ ၅.၃ ကို ကြည့်ပါ)။[၂၇]

ပုံ ၅.၃ ခြုံငုံဆင်ခြင်ခြင်းနှင့် ထုတ်ယူဆင်ခြင်ခြင်း နှိုင်းယှဉ်ချက်များ




ပုံ ၅.၃ တွင် ပုံစံပြထားသော နည်းစနစ်ဆိုင်ရာလိုအပ်ချက်များ (methodological imperatives) သည် အကြောင်းခြင်းရာ/ တန်ဖိုး၏အတွင်းကဏ္ဍကို အမှုစစ်ဆေးစီရင် ဆုံးဖြတ်ခြင်းအတွင်းသို့ ထည့်သွင်းမှုအား ခွင့်ပြုသည့် လက်တွေ့ဆန်သော (မူအရ ဖြစ်သည့်တိုင်) ချဉ်းကပ် နည်းလမ်းတစ်ခုကို အကြံပြုသည်။ ဥပမာအားဖြင့် ပြစ်ဒဏ် ဆုံးဖြတ်ချက်များကို လျှော့ချ ရာတွင် တရားသူကြီး၏ ဆင်ခြင်ဉာဏ်ကို လွှမ်းမိုးနိုင်သည့် နစ်နာသူအား ထိခိုက်စေမှုမျိုးတွင် အပြုအမူ ထည့်သွင်းစဉ်းစားခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း မှတဆင့် တရားမျှတမှုကို ချိန်ညှိခြင်း ဟုဆိုသော နောက်ကွယ်တွင်တည်ရှိသည့် စွပ်စွဲခံရသူ၏ တာဝန်ရှိမှုကို လျှော့ချခြင်းတို့ဖြင့် ပိုမို ထင်ရှားပေါ်လွင်သင့်သည်။ တချိန်တည်းမှာပင် ဆုံးဖြတ်ချက် ပြုလုပ်ရာနေရာ နမူနာပုံစံက ဤနားလည်သဘောပေါက်မှုများသည် ၎င်း၏ရှုပ်ထွေးနေသော လုပ်ငန်းစဉ်အဓိပ္ပာယ်ကို သဘောပေါက်စေနိုင်သည့် နည်းလမ်းအား ပြသလိမ့်မည်။

အကျဉ်းချုပ်အားဖြင့် ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ်လေ့လာမှုအတွက် ကျွန်ုပ်တို့ အဆိုပြုသော စံနမူနာပုံစံ ကနဦးဖော်ထုတ်ခြင်းသည် လက်ရှိသီအိုရီထံမှ သိမှုအမြင်များ အသုံးပြုခြင်းကို အမှီပြု၍ ဆက်စပ်အကြောင်းအရာ(များ) တိုက်ဆိုင်စစ်ဆေးခြင်းမှ ဆင်းသက်လာသည်။ လက်ရှိသီအိုရီဆိုသည်မှာ အဓိပ္ပာယ်ပြည့်ပြည့်ဝဝ နှိုင်းယှဉ်ထားသည့် ကောက်ချက်များနှင့်အတူ ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုကို ထည့်သွင်းရန် အလားအလာ ရှိကောင်းရှိနိုင်သည့် သီအိုရီဖြစ်သည်။[၂၈] ထို့ကြောင့် ပုံစံတူပြုခြင်းအတွက် သဘောတရား ရေးရာလက်ခံမှုများ ရွေးချယ်ခြင်းသည် ကြိုတင်သတ်မှတ်ထားရန် လိုအပ်သော်လည်း ၎င်းတို့၏ နောက်ဆက်တွဲ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ပြုပြင်မွမ်းမံခြင်းအပြင် စံနမူနာပုံစံ၏ နောက်ဆုံးပါဝင်သည့် အကြောင်းအရာသည် ဆက်စပ်အကြောင်းအရာ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှု အပေါ်တွင် မှီတည်သည်။

## နည်းလမ်း

ကျွန်ုပ်တို့၏ အမှုစစ်ဆေးခြင်းနှိုင်းယှဉ်လေ့လာသောသုတေသနအတွက် အခြေခံကျသော နည်းလမ်းတွင် ဖော်ထုတ်ခြင်း၊ သရုပ်ဖော်ပြခြင်းနှင့် ဆက်သွယ်ရေးတည်ဆောက်ပုံ ဆန်းစစ်ခြင်းနှင့် အမှုစစ်ဆေးခြင်းစသည့် ဇာတ်ကြောင်း၏ ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ် လေ့လာမှုမှ တဆင့် ဖော်ထုတ်ထားသော အပြန်အလှန်ပြုမူဆောင်ရွက်သည့်လုပ်ငန်းစဉ် တို့ပါဝင်သည်။[၂၉] လိုအပ်သည့်အခါ ဇာတ်ကြောင်းကို တိုက်ရိုက်စောင့်ကြည့်လေ့လာခြင်း (ပူးပေါင်းပါဝင်သူ သို့မဟုတ် အခြားနည်းအားဖြင့်)၊ တွေ့ဆုံမေးမြန်းခြင်းနှင့် ကျွမ်းကျင်သူ၏ နောက်ခံ အကြောင်းအရာ ရှင်းလင်းချက်အပါအဝင် လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ ချဉ်းကပ်မှု နည်းလမ်း (ethnographic approach) အမျိုးမျိုးဖြင့် ဖြည့်စွက်ထားသည်။

ဇာတ်ကြောင်းကိုယ်တိုင်က တရားဝင်လုပ်ငန်းစဉ် ရှုထောင့်များကို မှတ်တမ်းတင်သော်လည်း အမှုစစ်ဆေးခြင်း လုပ်ငန်းစဉ်ရှိ အဓိကကျသူတစ်ဦးချင်းစီက ပုဂ္ဂလိကဓိဋ္ဌာန်အရ ထိုလုပ်ငန်းစဉ်၏ ကဏ္ဍတိုင်းကို မည်သို့အဓိပ္ပါယ်ကောက်ယူပုံအား နားလည်မှု မရစေနိုင်ပါ။ ဇာတ်ကြောင်းတစ်ခုက ပြင်ပလုပ်ငန်းစဉ်ကဲ့သို့ တရားဝင်လိုအပ်ချက်များအား အဓိပ္ပာယ် ကောက်ယူသည့် နည်းလမ်းများကို (ပြုမူပုံပေါ်မူတည်၍) ရိုးရိုးရှင်းရှင်း မှတ်တမ်းတင်သည်။ အမှုစစ်ဆေးခြင်းဇာတ်ကြောင်း၏ အဓိပ္ပာယ် သို့မဟုတ် တန်ဖိုးကို၊ ပြောဆိုခဲ့၊ ပြုလုပ်ခဲ့ပြီးသည့် အရာ၏ မှတ်တမ်းအတိုင်း၊ အဓိပ္ပာယ်ကောက်ယူမှု နည်းလမ်းများ မှတဆင့် သုတေသီက တလွဲတချော် တင်ပြကောင်းတင်ပြနိုင်သည်ကိုလည်း ကျွန်ုပ်တို့က ဝန်ခံပါသည်။[၃၀] သို့သော်လည်း အကယ်၍ အမှုစစ်ဆေးခြင်း ဇာတ်ကြောင်း၏ ဆက်စပ် အကြောင်းအရာ ဆန်းစစ်လေ့လာမှုက နှိုင်းယှဉ်လေ့လာမှုမတိုင်မီ လုပ်ဆောင်ပါက ဤသည်က အရေးမကြီးတော့ပါ။ သို့သော်ငြားလည်း ပါဝင်သူက မှန်ကန်သည်ဟု လက်ခံသည်ကို စုံစမ်းလေ့လာသူကတွေ့ပြီး မေးခွန်း မမေးနိုင်ဟူ၍လည်း ငြင်းခုံနိုင်သည်။ အောက်တွင် ချန်လှပ်ထားသည်များရှိသည့်တိုင် ဇာတ်ကြောင်းပြန်ပြောသူ၏ မေးခွန်းများ သည်လည်း ကွဲပြားပြီး အပြင်လူတစ်ယောက်အနေဖြင့် အပြင်လူတစ်ဦးထံ တစ်စုံတစ်ရာကို တင်ပြရန် ဆက်လက်တရားဝင်နေမည်။ ဥပမာအားဖြင့် လေ့လာမှုအရင်း အမြစ်တစ်ခု အနေဖြင့် ဇာတ်ကြောင်းကို ဆွေးနွေးရာတွင် Twining[၃၁] က တိကျပြီး တပြေးညီ ဖြစ်သော

ဥပဒေဝေါဟာရ မရှိသည့်အချက်ကို မီးမောင်းထိုးပြထားသည်။ ကွဲပြားသော လုပ်ထုံးလုပ်နည်း အစဉ်အလာများတွင် ခြားနားခြင်းအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုနှင့် ပေါင်းစပ်မှုကို အသုံးချသည့်အခါ ထိုပေါင်းစပ်ထားသည့်ဥပဒေနည်းလမ်း[၃၂] အတွင်း၌လည်း မထင်ရှားမှုနယ်ပယ် (fringe of vagueness) သို့မဟုတ် ဖွင့်ဟပေးထားသည့်အနေအထား (open texture) ရှိပါသေးသည်။ ထိုနည်းဖြင့် တူညီသောစာတွင် မတူကွဲပြားသော အဓိပ္ပာယ်ကို ပေးနိုင်သည်။ သို့သော် နည်းလမ်း၏ ကန့်သတ်ချက်တစ်ခုဟု ပြောမည့်အစား ကျွန်ုပ်တို့က ဤထပ်ဆောင်း တန်ဖိုးအလားအလာသည် နှိုင်းယှဉ်လေ့လာမှုမှ ပေါ်ထွက် လာသည့် အဓိပ္ပာယ်ကို မြှင့်တင်သည်ဟု ဆိုပါမည်။ လူမှုရေးသိပ္ပံတွင် အဓိပ္ပာယ်သည် အမှန်တရားတစ်ခုကို ထုတ်နုတ်ယူသည့် လုပ်ငန်းစဉ် မဟုတ်ပါ။ ပါဝင်သူများအား ပေါင်းထားခြင်းအဓိပ္ပာယ်သည် ပြည့်စုံစွာဖော်ပြရန်နှင့် (အမှု စစ်ဆေးဆုံးဖြတ်ခြင်းမှာကဲ့သို့) လူသားချင်း အပြန်အလှန်တုံ့ပြန် ဆောင်ရွက်မှု၏ လူမှုလက်တွေ့ ဘဝကို နားလည်သဘော ပေါက်ရန် လိုအပ်သော လုပ်ဆောင်ရမည့် အပြုသဘောလုပ်ငန်းစဉ် တစ်ရပ် ဖြစ်သည်။

ထို့ကြောင့် ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ်လေ့လာမှုသည် စကားစု၊ စကားလုံးနှင့် မူလတီထွင်သူက ယခင်က မမြင်နိုင်သော အဓိပ္ပာယ်၏ အခြေအနေများနှင့် ဆက်စပ် အကြောင်းအရာများတွင် စည်းမျဉ်းများကို အသုံးချသည့်အခါ ယဉ်ကျေးမှုအရ ကိုယ်ချင်းစာ တရားဖြင့် နားလည်မှုပေးနိုင်ခြင်းကို ဖြစ်စေနိုင်သည်။ အလားတူပင် နောက်ခံအကြောင်းအရာ လေ့လာမှုက Parker[၃၃] ဆိုလိုသည့်အချက်ကို အသိအမှတ်ပြု ဖြေရှင်းပေးသည်။ Parker က ဆိုလိုသည်မှာ ‘ဓာတ်ကြောင်း’ သည် ယဉ်ကျေးမှုအရ မကြာခဏ လိုက်နာရသည့် အယူအဆ ဖြစ်သောကြောင့် အခြားစီရင်ပိုင်ခွင့်များက ၎င်းတို့၏ အမှုစစ်ဆေး စီရင်ခြင်းများ မှတ်တမ်း တင်ရန်အတွက် အခြားဖော်ပြချက်ပုံစံများအပေါ် ပိုမိုအလေးထားနိုင်သည်။ ဆက်စပ် အကြောင်းအရာ နှိုင်းယှဉ်လေ့လာမှုသည် နည်းလမ်းတွင် တန်ဖိုးထပ်ပေါင်း ခြင်းပင် ဖြစ်သကဲ့သို့ ဆက်စပ်ကြောင်းအရာထဲတွင် မြုပ်နှံထားသောအဓိပ္ပာယ်ကို ရိုးရိုးရှင်းရှင်း ရှာဖွေခြင်းပင် ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ နှိုင်းယှဉ်လေ့လာမှု လေ့ကျင့်ခန်းက ဥပဒေယဉ်ကျေးမှု ဆက်စပ်အကြောင်းအရာတစ်ခုခုထဲတွင် အလုပ်လုပ်နေသူများအတွက် နားလည်သဘောပေါက်မှု အဆင့်သစ်များကို ဖွင့်လှစ်ခြင်းအတွက် အသင့်ဖြစ်စေသည်။

အခြားနည်းလမ်းဆိုင်ရာဝိရောဓိဖြစ်မှုသည် အမှုစစ်ဆေးစီရင်ခြင်းမှတ်တမ်းများကို အနက် အဓိပ္ပာယ် ကောက်ယူခြင်း ဖြစ်သည်။ ဤပြဿနာကို Bennett နှင့် Feldmen[၃၄] တို့က အကြံပြု ထားသည်မှာ ‘ဓာတ်လမ်းဖြစ်စဉ် ပြောပြသူနှင့် အဓိပ္ပာယ်ကောက်သူ နှစ်ဦးစလုံးသည် အဓိက သင်္ကေတများ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်အပေါ် ထိန်းချုပ်မှုက အမြဲတမ်း အကန့်အသတ်ရှိသည်’ ဟု ဖြစ်သည်။[၃၅] အချို့သော အမှုစစ်ဆေးစီရင်မှု မှတ်တမ်းများတွင် ကိုယ်ဟန် အနေအထားများသည် သိသာသော သက်ရောက်မှုရှိသော်လည်း ၎င်းတို့ကို မှတ်တမ်း မတင်ခဲ့သည်လည်း ရှိနိုင်သည်။ တဖန် အဓိပ္ပာယ် ကောက်ယူရာတွင် ယဉ်ကျေးမှုဆိုင်ရာ ဘက်လိုက်မှုနှင့် ပြန်၍ဆက်နွှယ်နေသည့် တိုင်အောင် အဓိပ္ပာယ်ကောက်ယူခြင်းများကလည်း မူလစာ၏ အမှတ်သင်္ကေတ သဘောသဘာ

ဝကို ဆုံးရှုံးနိုင်သည် သို့မဟုတ် လွှမ်းမိုးမှု အားကောင်းသော ယဉ်ကျေးမှု (အခြား ယဉ်ကျေးမှု အနည်းစု၏ လွှမ်းမိုးမှုများကိုမစဉ်းစားဘဲ) ရပ်တည်ချက်ကိုသာ ထင်ဟပ်စေခြင်းမျိုးလည်း ဖြစ်နိုင်သည်။ Jackson[၂၆] က ထပ်မံအကြံပြုသည်မှာ ဥပဒေအဖွဲ့အစည်းတွင်ပါရှိသော ထိုစည်းမျဉ်းများသည် ရှောင်ကြဉ်ရမည့်ပုံစံ ဖွဲ့စည်းသည့်အတွက်ကြောင့် စည်းမျဉ်းစည်းကမ်း များ၏ အစီအစဉ်သည် တိုက်ဆိုင်မှုမဟုတ်ပါ။ ၎င်းတို့၏ဇာတ်ကြောင်း ဖွဲ့စည်းတည်ဆောက်ပုံနှင့် ချိတ်ဆက်မှုကို ထိန်းသိမ်းရန်အလို့ငှာ ပေးထားသော ဥပဒေဆက်စပ် အကြောင်းအရာများအတွင်း ထိုစည်းမျဉ်းများကို သတ်မှတ်ထုတ်ဖော်ရမည်။ ထို့ကြောင့် အမှုစစ်ဆေးစီရင်ခြင်း တစ်ခုချင်းစီကို ပြောဆိုချက်များစုစည်းရာ တည်နေရာကဲ့သို့ မှတ်ယူဖန်တီး နိုင်သည်။ ၎င်းနေရာတစ်ခုချင်းစီ၌ လျှို့ဝှက်ဘာသာစကားများ (Code-ဥပဒေစည်းကမ်းအစု) နှင့် ပူးပေါင်းပါဝင်သူအစု များပါရှိသည်။ ဇာတ်ကြောင်းဆန်းစစ်လေ့လာမှုထံ ပုံစံတူပြုခြင်းကို စတင်မိတ်ဆက်ပေးခြင်းနှင့် ၎င်း၏ အစောပိုင်း အဆင့်တွင် နောက်ခံအကြောင်းအရာ နှိုင်းယှဉ်လေ့လာမှု အစိတ်အပိုင်းကဲ့သို့ ရွေးချယ်ထားသောစောင့်ကြည့်လေ့လာမှုနှင့် ကျွမ်းကျင်သူ ရှင်းလင်းချက်မှတဆင့် ဇာတ်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းဖော်ပြခြင်းက နည်းလမ်း လွဲချော်မှုကို ဦးတည်နေသည့် အလားအလာအား တုံ့ပြန်ရန် ပုံဖော်ရေးဆွဲ ထားသည်။

ဖော်ပြထားသကဲ့သို့ ကျွန်ုပ်တို့၏ ဇာတ်ကြောင်းပြန်ခြင်းနည်းစနစ်သည် အမှတ်သင်္ကေတနှင့် အယူဝါဒဆိုင်ရာအဆင့်၌ ဓမ္မဓိဋ္ဌာန်မကျသည့် လက်တွေ့လုပ်ငန်းစဉ် ပွံ့ပိုးရာ၌ လက်တွေ့ဖြစ်ရပ်လေ့လာမှု ဖော်ပြချက်ကို ထင်ဟပ်စေသည်။[၂၇] ၎င်းသည် ကျွမ်းကျင်သူ ရှင်းလင်းချက်များနှင့် ၎င်းတို့ယူဆချက်များ၏ နောက်ပိုင်းအဓိပ္ပာယ် ကောက်ယူချက်များဖြင့် ပံ့ပိုး ထားသည့် ဆက်စပ်အကြောင်းအရာ ဆန်းစစ်လေ့လာမှုအား ဆက်လက်ဝေဖန် အကဲဖြတ်ခြင်းမှတဆင့် သမားရိုးကျ နှိုင်းယှဉ်လေ့လာမှု နည်းစနစ်တွင်ရှိသော ယဉ်ကျေးမှုအရ ဘက်လိုက်မှု ပြဿနာကို တုံ့ပြန်ရန်ရည်ရွယ်သည်။ တိတိကျကျဆိုရလျှင် ဆက်စပ်အကြောင်းအရာ ဆန်းစစ်လေ့လာမှုသည် ဇာတ်လမ်း၏ ဆက်စပ် အကြောင်းအရာနှင့် ထူးခြားချက်ကို လည်းကောင်း၊ ဇာတ်ကြောင်းပြန်ပြောသူများနှင့် တရားရုံးတွင်း အဖြစ်အပျက်ဆိုင်ရာ ဇာတ်ကြောင်းများ အနက်အဓိပ္ပာယ်ကောက်ယူခြင်းကို နားလည်သဘောပေါက်စေရန် အထောက်အကူပြုသည်။ ကျွန်ုပ်တို့၏ နည်းလမ်းသည် ဇာတ်ကြောင်း အဓိပ္ပာယ်ကောက်ယူခြင်း၏ ဓမ္မဓိဋ္ဌာန်နှင့် ပုဂ္ဂလဓိဋ္ဌာန်ကျသော ရှုထောင့်ကို တုံ့ပြန်နိုင်စွမ်းရှိပြီး၊ ကွဲပြားသော ဥပဒေယဉ်ကျေးမှုများရှိ အမှုစစ်ဆေးခြင်းတွင် ပါဝင်သူများကြောင့် လုပ်ရပ်နှင့် လုပ်ငန်းစဉ်အား ကြီးကြီးမားမားအထောက်အကူပြုသည့် အဓိပ္ပာယ်နှင့်နားလည်သဘောပေါက်မှု အဆင့်အမျိုးမျိုးကိုလည်း တုံ့ပြန်စေနိုင်သည်ဟု ခံယူထားသည်။

သို့သော် ကျွန်ုပ်တို့က ယဉ်ကျေးမှုအား သမားရိုးကျ အဓိပ္ပာယ်ကောက်ယူခြင်းကို ကျော်လွှန်ခဲ့သည်။ ကျွန်ုပ်တို့၏ စိတ်ဝင်စားမှုဖြစ်သည့် ‘ယဉ်ကျေးမှုတည်ဆောက်ခြင်း’တွင် ရောက်ရှိနေပြီးဖြစ်သောကြောင့် စံသတ်မှတ်ထားသောမူဘောင်များ သို့မဟုတ် ရလဒ်များထက် ပိုသော လုပ်ငန်းစဉ်အပေါ်တွင်အာရုံစိုက်သည်။ ဥပမာ- ပြစ်ဒဏ်ချမှတ်ခြင်းအတွက် သီးခြား

မှန်ကန်မှုတကြောင်းပြသခြင်းကို ပြန်လည်ဖော်ထုတ်ရန် အင်္ဂလိပ်ပြစ်ဒဏ်ချမှတ်ခြင်း လုပ်ငန်းစဉ်ရှိ ဆင်ခြင်ဉာဏ်ဖြင့်ဆုံးဖြတ်နိုင်ခြင်း၏ အထောက်အကူသည် တရားစီရင်ရေး၏ စွမ်းဆောင်နိုင်မှုတွင်တည်ရှိသည်။ ဤအထောက်အကူသည် ဥပဒေပြုသူများနှင့် နှစ်ပေါင်းများစွာတွင် ပြစ်ဒဏ်ချမှတ်ခြင်းမူဝါဒကို *အမှန်တကယ်* (*de facto*) ဆုံးဖြတ်သူများ ကဲ့သို့ တရားစီရင်ရေး၏သာလွန်မှုကို ထိန်းသိမ်းရန် မရှိမဖြစ် အရေးပါလျက်ရှိပြီး တရားစီရင်ရေး၏ ဆင်ခြင်ဉာဏ်ဖြင့် ဆုံးဖြတ်နိုင်ခြင်းအား ထိန်းချုပ်ရန် အုပ်ချုပ်ရေးဘက်မှ အားထုတ်မှုကို စိတ်ပျက်စေသော ထူးခြားသည့်နည်းလမ်းဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် အဆိုပါ ဆင်ခြင်ဉာဏ်ဖြင့် ဆုံးဖြတ်နိုင်ခြင်း အထောက်အကူသည် တည်ရှိနေပြီး၊ ၎င်းကို အထက်တရားရုံးများရှိ ထပ်တလဲလဲ ပြစ်ဒဏ်ချမှတ်ခြင်း လုပ်ငန်းစဉ် မှတဆင့် ထပ်မံ အားဖြည့်ထားသည်။ ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ် လေ့လာခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ ဆုံးဖြတ်ချက်များ၏ လှုံ့ဆော်မှုနှင့် ရည်ရွယ်ချက်အပြင် ၎င်း၏ လုပ်ငန်းစဉ်လေ့လာမှုဆိုင်ရာ ထူးခြားချက်တို့ကို စိစစ်မေးမြန်းခြင်း အတွက် နည်းလမ်းများအား ပံ့ပိုးပေးသည်။

အင်္ဂလန်နှင့်အီတလီရှိ အမှုစစ်ဆေးခြင်းလုပ်ငန်းစဉ် ဆက်စပ်အကြောင်းအရာ နှိုင်းယှဉ်လေ့လာမှု၌ အမှုစစ်ဆေးခြင်းအား ပုံစံတူပြုခြင်းနှင့် လက်တွေ့အမှုစစ်ဆေးခြင်းအား ဝေဖန်အကဲဖြတ်ခြင်း နှစ်ခုစလုံးတွင် အသုံးပြုနိုင်မှုအတွက် တမူထူးခြားသည့် အမြင်အချို့ကို ခွင့်ပြုရန် လုံလောက်သည့် ဇာတ်ကြောင်းဖြစ်စဉ် ဆန်းစစ်လေ့လာခြင်းကို နားလည် သဘောပေါက်မှု စံမူဘောင်နှင့်အတူ ပူးတွဲ၍ ကောင်းစွာတွေ့ရှိခဲ့သည်။[၃၈] အမှုစစ်ဆေးစီရင်ခြင်းအား စူးစမ်းလေ့လာရန်ကိစ္စရပ်အတွက် ဇာတ်ကြောင်းဖြစ်စဉ် ဆန်းစစ်လေ့လာမှု အသုံးချခြင်းကို ၎င်း၏ လိုက်လျောညီထွေဖြစ်မှု မှတဆင့် သေချာစေသည်။ တရားဝင် စံနှုန်းသတ်မှတ်ထားသော လိုအပ်ချက်များကဲ့သို့၊ လုပ်ဆောင်မှုအတွက် ပြင်ပ အကြောင်းရင်းခံများနှင့် ဆုံးဖြတ်ချက်များကို လိုက်နာလျက် အဓိပ္ပာယ်ကောက်ယူခြင်း ကဲ့သို့ စသည့် ၎င်း၏ လိုက်လျော်ညီထွေဖြစ်မှုမျိုး ဖြစ်သည်။ ထို့ပြင် ဇာတ်ကြောင်းအတွက် အားကောင်းသော အကြံပြုချက်များ မြှင့်တင်ရန်အတွက် အချိန်နှင့်နေရာအစဉ်တို့က တွဲဖက်လျက်ရှိသော နည်းလမ်းများကို အသုံးပြုခြင်းမှတဆင့် ဦးတည်ရာ လမ်းကြောင်းသစ်များကို ပေးနိုင်ကြောင်း တွေ့ရှိရသည်။ စဉ်းစားချင့်ချိန်တတ်မှု (၎င်းကဖြစ်သင့်သကဲ့သို့) နှင့် အသွင်ကူးပြောင်းသော အကြောင်းခြင်းရာ/တန်ဖိုးကွဲပြားမှုသည် ဇာတ်ကြောင်းနှင့် ၎င်း၏ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှုရှိ ဓမ္မဓိဋ္ဌာန်နှင့် ပုဂ္ဂလိကဓိဋ္ဌာန်ကျသည့် အဓိပ္ပာယ်များကို စီမံခန့်ခွဲရာတွင် မှတ်ကျောက် တစ်ခုအား ပံ့ပိုးပေးသည်။ အဆိုပါ ဇာတ်ကြောင်းမှ ပေါ်ထွက်လာသော အဓိပ္ပာယ်များသည် ချက်ချင်းဖြစ်တည်လာသည်။ သို့ရာတွင် ၎င်းသည် စည်းမျဉ်းများ/ ဖွဲ့စည်း တည်ဆောက်ပုံများနှင့်ပိုမိုယေဘုယျသဘောဆန်ပြီး စနစ်ကျသောပုံတွင် ဆင်ခြင်တုံတရားအား အသုံးချခြင်းတို့ကို ထင်ဟပ်နိုင်သည်။ ဇာတ်ကြောင်းသည် စည်းမျဉ်းများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ ပြောင်းလဲမှု လျှပ်တစ်ပြက် ပုံရိပ်ငြိမ်ကို လူသားတို့၏ စွမ်းဆောင်မှုမှတဆင့် ပံ့ပိုးပေးသည်။ ဇာတ်ကြောင်းသည် အဆိုပါ လုပ်ငန်းစဉ် အဓိပ္ပာယ်ကောက်ယူခြင်းနှင့် အခြားသော အဓိပ္ပာယ်ကောက်ယူခြင်းများက အပြန်အလှန်

အကျိုးပြုမှုဆောင်ရွက်ခြင်းနှင့် စကားပြောဆိုခြင်း တို့မှတဆင့် မည်သို့ညှိနှိုင်းဆောင်ရွက်ပုံ နည်းလမ်းကို ထင်ဟပ်သည်။

အမှုတွဲစာများ စူးစမ်းလေ့လာခြင်းနှင့် လက်တွေ့အမှုစစ်ဆေးစီရင်ခြင်းကို နီးစပ်စေသည့် အကျိုးကျေးဇူးအပြင် ကျွမ်းကျင်သူ၏ ရှင်းလင်းချက်များနှင့်အတူ စောင့်ကြည့်လေ့လာခြင်းအပေါ် အာရုံစိုက်ခြင်းအားဖြင့် စီရင်ပိုင်ခွင့် ပုံစံအမျိုးမျိုးရှိ အမှုစစ်ဆေးစီရင်ပုံ တကယ့်လုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာရန် နည်းလမ်းအား ကောင်းစွာ သတ်မှတ်နိုင်သည်။ အကြံပြုထားသကဲ့သို့ နည်းလမ်းကို နှိုင်းယှဉ်လေ့လာသည့် နောက်ခံအကြောင်းအရာ(များ)အား နားလည်သဘော ပေါက်ရန် လိုအပ်ချက်က တွန်းအားပေး သောကြောင့် နောက်ခံအကြောင်းအရာ စံနမူနာပုံစံသည် စစ်ဆေးသည့် တည်နေရာကို ဖြစ်ပေါ်စေသည်။ ထို့ပြင် စီရင်ပိုင်ခွင့်နယ်နမိတ်များအတွင်းနှင့် နယ်နမိတ် တစ်လျှောက် ရာဇဝတ်မှုစစ်ဆေးစီရင်ခြင်းတွင် ပုံစံအမျိုးမျိုးဖြင့် (ယှဉ်ပြိုင်ခြင်း ရှိနိုင်သည်) ပေါ်ထွက်လာမည့် ဆင်ခြင်တုံတရားဖြင့်ချမှတ်သော ဆုံးဖြတ်ချက်လုပ်ငန်းစဉ် ဖွဲ့စည်းမှု ဆိုသည့်အရာကို ပံ့ပိုးပေးသည်။ .

ဤသို့အောင်မြင်နိုင်ရန် အမှုစစ်ဆေးစီရင်ခြင်းနှိုင်းယှဉ်သုတေသနက အမှုစစ်ဆေး စီရင်ခြင်း လက်တွေ့လုပ်ဆောင်မှုတွင် ဘုံအကြောင်းအရာများကို သတ်မှတ်ဖော်ထုတ်ရန် (အမှုစစ်ဆေး စီရင်ခြင်းအတွက် မရှိမဖြစ်အရေးပါပြီး အများလက်ခံသောရလဒ်တို့နှင့် ဆက်သွယ် ပေးနိုင်သော) နှင့် ဤအကြောင်းအရာများ၏ ခြားနားမှုကိုဖော်ထုတ်ခြင်းဖြင့် ၎င်းတို့အား ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှုရှိ အမှုစစ်ဆေးစီရင်ပုံအခင်းအကျင်းများနှင့် ဆက်စပ်မှုပြုသည်။ ကျွန်ုပ်တို့က အကြံပြုသည်မှာ ဩဇာလွှမ်းမိုးရန် လမ်းကြောင်းယူဆချက်များက အများလက်ခံ သည့် အကြောင်းအရာများကို စစ်ဆေးမေးမြန်းခြင်းအတွက် အယူအဆဆိုင်ရာနှင့် လက်တွေ့ အသုံးချခြင်းဆိုင်ရာ လက်နက်ကိရိယာကို ပံ့ပိုးပေးသည်။ စီရင်ပိုင်ခွင့်ဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ သို့မဟုတ် အပြန်အလှန် ပြုမူဆောင်ရွက်ခြင်းဆိုင်ရာနမူနာများမှ ပေါ်ထွက်လာသည်လားဆိုသည့် အကြောင်းအရာများကို စစ်ဆေးမေးမြန်းရန်ဖြစ်သည်။ ဥပမာ- အမှုစစ်ဆေးစီရင်ခြင်းအားလုံးသည် ဂျူရီ၏ ဆုံးဖြတ်ချက် ချမှတ်မှုထံသို့ဦးတည်သည်။ ဤဆုံးဖြတ်ချက်သည် ဆုံးဖြတ်ချက် ချမှတ်သောတည်မှတ်နေရာမှ (တရားသူကြီး၊ တရားစီရင်ရေးခုံရုံး၊ ပြည်သူ့ဝန်ဆောင်မှု အကဲဖြတ် သူများက ကူညီသောတရားသူကြီးတစ်ဦး၊ သို့မဟုတ် ဂျူရီ တို့ဖြစ်သည်) ပေါ်ထွက်လာသည်။ ဤဆုံးဖြတ်ချက်ကို အသုံးများသော ဘာသာစကားအသုံးအနှုန်းများဖြစ်သည့် အပြစ်ရှိသည် သို့မဟုတ် အပြစ်ကင်းသည်ဟူသော စကားလုံးဖြင့် ဖော်ပြသော်လည်း ထူးခြားသော အမှုစစ်ဆေး စီရင်ခြင်းပုံစံ တစ်မျိုးမျိုးနှင့်ဆိုင်သည့် လက်တွေ့လုပ်ဆောင်မှုအတွက်မူ စည်းကမ်းချက်ဖြင့် ဖြစ်နိုင်သည် သို့မဟုတ် အကြောင်းပြချက်များ သို့မဟုတ် မေးခွန်းများ အတူဒွန်တွဲပါခြင်းမျိုး ဖြစ်နိုင်သည်။ ဂျူရီ၏ ဆုံးဖြတ်ချက်ကို အဆင့်တစ်ခုခု ရောက်ရှိနေသော ဆောင်ရွက်ခြင်းပြုနိုင် သည့် (အကြောင်းခြင်းရာအရ) တန်ဖိုးရှိသက်သေ အထောက်အထားဖြင့် အကြောင်းကြားသည်။ သို့သော် အရင်းအမြစ်များနှင့် သက်သေအထောက်အထား၏ သဘောသဘာဝသည် အမှုစစ်ဆေး စီရင်ပုံ အမျိုးအစားအလိုက် ကွဲပြားနိုင်သည်။

ဤနည်းလမ်းဆိုင်ရာ ချဉ်းကပ်နည်းသည် ကျွန်ုပ်တို့၏ ပုံစံတူပြုခြင်းအပေါ် စောင့်ကြည့်လေ့လာမှုနှင့်ကိုက်ညီသည်။[၃၉] နောက်ခံအကြောင်းအရာလေ့လာမှု စံနမူနာပုံစံကို နောက်ခံအကြောင်းအရာအမျိုးမျိုး ကြည့်ရှုခြင်းမှ ပေါ်ထွက်လာသော အဓိက သို့မဟုတ် ဘုံ အကြောင်းအရာများ သတ်မှတ်ဖော်ထုတ်ခြင်းမှတဆင့် ဖွဲ့စည်းတည်ဆောက်သည်။ ဆုံးဖြတ်ချက်များသည် အလွန်အသုံးများသည့် လုပ်ငန်းစဉ်ဖြစ်နေသည့်တိုင် ဆက်နွယ်မှုနှင့် ခြားနားမှုတို့က ထင်ရှား၍ စိတ်ဝင်စားဖွယ်ကောင်းနေသောအခါ ရရှိလာသည့်အရာမှာ အမှုစစ်ဆေးစီရင်ခြင်း စံနမူနာပုံစံ (ဆုံးဖြတ်ချက်ချမှတ်ခြင်းကဲ့သို့)၊ ဆုံးဖြတ်ချက်ချမှတ်သည့် တည်နေရာစံနမူနာပုံစံ (ဘုံပူးပေါင်းပါဝင်သူများ၊ အပြန်အလှန်ပြုမူဆောင်ရွက်မှုများနှင့် ရလဒ်များနှင့်ပတ်သက်၍) နှင့် အမှုစစ်ဆေးစီရင်ဆုံးဖြတ်ချက် စံနမူနာပုံစံ တို့ဖြစ်ကြသည်။ ဤသည်မှာလည်း ခြုံငုံဆင်ခြင်ခြင်းနှင့် နုတ်ယူဆင်ခြင်ခြင်းဖြစ်ပြီး အောက်ခြေမှ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာသည့်အဆင့်သို့ ပြန်ရောက်ရှိသည်။ ပုံစံတူပြုခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းစဉ်၏ ဘုံနောက်ခံ အကြောင်းအရာနှင့် လုပ်ဆောင်မှု အရေးပါသည့်အပေါ် အခြေခံထားသည့်အရာတစ်ခုဖြစ်ပြီး ဆက်နွယ်မှုနှင့် အများလက်ခံနေမှုတို့ကို အံဝင်ခွင်ကျပေါင်းစပ်ရာတွင် လေ့ကျင့်မှု အစိတ်အပိုင်း ဖြစ်လာသည်။

အမှုစစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ်နှင့် သီးခြားနောက်ခံအကြောင်းအရာတွင် ပြစ်ဒဏ်ချမှတ်ခြင်းကို နားလည်သဘောပေါက်မှုအဆင့်၌ စာရေးသူများကလုပ်ဆောင်သော ရှေ့ပြေးနှိုင်းယှဉ်လေ့လာခြင်းလေ့ကျင့်မှုက ဇာတ်ကြောင်းဖြစ်စဉ်များတွင် တန်ဖိုးနှင့်အဓိပ္ပာယ် အသေအချာပေါင်းစပ်ထားသည့် နည်းလမ်းတစ်ခုကို ပံ့ပိုးပေးသည်။[၄၀] ယေဘုယျအားဖြင့်ဆိုရလျှင် ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုက ပြစ်ဒဏ်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော ကျင့်ထုံးပုံစံနှစ်ခု၏ သမိုင်းနောက်ခံအကြောင်းအရာကို နှိုင်းယှဉ် လေ့လာခွင့်ရရှိစေပြီး ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် သက်ရောက်သောကျင့်ထုံးဆိုင်ရာစံများအား နားလည်သဘော ပေါက်မှုကိုဖြစ်စေသည်။ ၎င်းသည် သက်ဆိုင်သောဖိအားများနှင့် ဤလုပ်ငန်းစဉ်အတွင်းရှိ ဘုံအကြောင်းအရာများနှင့်ဆိုင်သောအမြင်များ၊ အထူးသဖြင့် အီတလီရှိ ပေါင်းစပ်ထားသော စီရင်ပိုင်ခွင့်ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ထူးခြားသောပြဿနာများကိုလည်းပံ့ပိုးပေးသည်။ နောက်ဆုံးတွင် ၎င်းသည်စီရင်ပိုင်ခွင့် နှစ်ခုအတွက်ထူးခြားမှုရှိသော သီးခြား ပြဿနာများကို ထိတွေ့ခံစားခွင့်ရရှိစေသည်။ ဤနည်းလမ်းဆိုင်ရာ အမြင်များက နောက်အပိုင်းတွင် ဖော်ပြသွားမည့် နှိုင်းယှဉ်မှုပုံစံအား လွှမ်းမိုးသွားခဲ့သည်။

## နောက်ခံအကြောင်းအရာနှိုင်းယှဉ်လေ့လာမှု

ဤအပိုင်းတွင် Henham and Mannozzi[၄၁] ၏ အင်္ဂလန်နှင့် အီတလီရှိ ထိခိုက်နစ်နာသူပူးပေါင်းပါဝင်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် နှိုင်းယှဉ်လေ့လာသော သုတေသနထံမှ စောင့်ကြည့်လေ့လာမှုများကို အသုံးချသည်။ ထိုသို့ပြုရခြင်းမှာ လူမှုရေးစနစ်ဖွဲ့စည်း တည်ဆောက်ခြင်း သီအိုရီ၏ တုံ့ပြန်မှုမူဘောင်အတွင်း ဖွံ့ဖြိုးတိုးတက်လာသော နောက်ခံအကြောင်းအရာ ပုံစံတူပြုချဉ်းကပ်နည်းလမ်းက လုပ်ငန်းစဉ် နားလည်သဘောပေါက်မှု တစ်နည်းအားဖြင့် ဆက်စပ်အကြောင်းအရာ တွန်းအားကို မည်သို့ပံ့ပိုးပေးပုံအား သရုပ်ဖော်ရေးသားရန်ဖြစ်သည်။

ထိုလုပ်ငန်းစဉ် ဆုံးဖြတ်ချက်များ တိုက်ဆိုင်စစ်ဆေးခြင်းသည် ပြစ်ဒဏ်ချမှတ်ခြင်း ရလဒ်များနှင့် ဆက်စပ်၍ ထိုဆုံးဖြတ်ချက်ချမှတ်ခြင်းအဆင့်များရှိ အကြောင်းခြင်းရာနှင့် တန်ဖိုးအကြား ဆက်နွှယ်မှုကို နှိုင်းယှဉ် နားလည် သဘောပေါက်မှုနှင့် သက်ဆိုင်သည်။

ဤချဉ်းကပ်နည်းလမ်းသည် ဆက်စပ်အကြောင်းအရာ ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှု အနေဖြင့် 'အမှုစစ်ဆေးစဉ်'အတွင်း ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်သည်ကိုသာ လုံးလုံး လျားလျား အာရုံစိုက်ခြင်း၏ ပြဿနာရှိသည့်သဘောသဘာဝကို အသိအမှတ်ပြုပါသည်။ အထူးသဖြင့် စီရင်ပိုင်ခွင့်ကွဲပြားမှု နောက်ခံအကြောင်းအရာများရှိ 'အမှုစစ်ဆေးခြင်း' ၏ ယူဆချက် အဓိပ္ပာယ်နှင့် ထူးခြားဆက်နွှယ်နေမှုကို အသိအမှတ်ပြုခြင်း ဖြစ်သည်။ ၎င်းက အမှုစစ်ဆေး စီရင်ဆုံးဖြတ်ခြင်းတွင် သာမန်ပြည်သူနှင့် ဥပဒေကျွမ်းကျင်သူ ပညာရှင်တို့၏ လုံလောက်သော အကျိုးစီးပွားကိုယ်စားပြုမှုသည် ဆင်ခြင်ဆုံးဖြတ်နိုင်သည့် အမှုအကျင့်ကို အကဲဖြတ်ခြင်းနှင့် သက်ဆိုင်သည် ဆိုသည့်အချက်ကို အသိအမှတ်ပြုသည်။ ထို့ပြင် ပြစ်ဒဏ်ချမှတ်ရန်ရည်ရွယ်သည့် သတင်းအချက်အလက်နှင့် ပတ်သက်သည့် သဘောထား၊ အကဲဖြတ်ခြင်းနှင့် အသုံးပြုမှုဆိုင်ရာ ကြားဝင်စွက်ဖက်ခြင်း ပုံစံအမျိုးမျိုးကို အကဲဖြတ်ခြင်းနှင့် သက်ဆိုင်သည်ကိုလည်း အသိအမှတ် ပြုသည်။ နောက်ဆုံး၌ ဆုံးဖြတ်ချက်မူတည်ရာ အယူအဆနှင့် ၎င်းတို့၏ ကွဲပြားသောလုပ်ငန်းစဉ် ကဲ့သို့ ထူးခြားဆက်နွှယ်မှုထက် ကျော်လွန်၍ နောက်ခံအကြောင်း အရာပေါ်တွင် အာရုံပြုသည်။ အထူးသဖြင့် ထူးခြားသည့် ယဉ်ကျေးမှုနောက်ခံအကြောင်းအရာကို ပို၍အာရုံထားသည်။ ၎င်းယဉ်ကျေးမှုနောက်ခံ အကြောင်းအရာတွင် အမှုစစ်ဆေးခြင်း ဆက်နွှယ်မှုကို ဖန်တီးပြီး အမှု စစ်ဆေးခြင်း လုပ်ငန်းစဉ်ရှိ ပြစ်ဒဏ်ချမှတ်ခြင်း အတွက် ထူးခြားသည့် ဆုံးဖြတ်ချက် ချမှတ်ရန် မူတည်ရာနေရာများ၌ ဆင်ခြင်ဆုံးဖြတ်ခွင့်အာဏာ ကျင့်သုံးမှုကို သတ်မှတ်ရန် ပေါင်းစည်း ထားသည်။

ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှုသည် အပြည်ပြည်ဆိုင်ရာကိစ္စရပ်တွင် ပါဝင်ခြင်းကို စူးစမ်း လေ့လာရန်အတွက်လည်း ထူးခြားသော ဆက်စပ်အကြောင်းအရာကို ပံ့ပိုးပေးသည်။ ဆန်းစစ် လေ့လာမှုအတွက် 'အပြည်ပြည် ဆိုင်ရာကိစ္စရပ်တွင် ပါဝင်ခြင်း'ကို ဆက်စပ် အကြောင်းအရာအဖြစ် လက်ခံရခြင်းအကြောင်းရင်းမှာ ရာဇဝတ်မှုစစ်ဆေးခြင်းတွင် ထိခိုက် နစ်နာသူ ပူးပေါင်းပါဝင်ခြင်း သဘောသဘာဝနှင့် တရားစီရင်ရေးလုပ်ငန်းစဉ် ဆက်စပ် ကြောင်းအရာ အမျိုးမျိုးသို့ ၎င်းတို့၏ လွှဲပြောင်းပေးနိုင်စွမ်းနှင့် ပတ်သက်၍ လက်ရှိ ယူဆချက်များ၏ လုံလောက်မှု အတိုင်းအတာကို ဦးစွာစစ်ဆေးရန် ဖြစ်သည်။ ထို့ထက်ပို၍ ကျွန်ုပ်တို့၏ ကတိကဝတ်ဖြစ်သည့် နောက်ခံအကြောင်းအရာ နှိုင်းယှဉ်လေ့လာမှုအား နည်းလမ်းတစ်ခုကဲ့သို့ အသိအမှတ်ပြုခြင်းသည် အပြည်ပြည်ဆိုင်ရာကိစ္စရပ်တွင်ပါဝင်မှု ယေဘုယျ နှိုင်းယှဉ်သတ်မှတ်ခြင်းမှ အမှုစစ်ဆေး စီရင်ခြင်း အကြောင်းကို ဆွဲထုတ်နိုင်သည်။ ကမ္ဘာလုံးဆိုင်ရာဖြစ်ပြီး ထူးခြားသော အကြောင်းအရာများကို ဒေသနှင့် ပြည်တွင်း နယ်ပယ်အလိုက် နှိုင်းယှဉ်နိုင်သည့်အဆင့်များတွင် မတူကွဲပြားခြင်းကို နှိုင်းယှဉ်နိုင်သည်။ ထို့ကြောင့် ဆန်းစစ်လေ့လာမှုသည် တူညီမှုနှင့်ကွဲပြားမှုကို စူးစမ်းလေ့လာပြီး ပေါင်းစည်းထားသည့်

အမှုစစ်ဆေးစီရင်ခြင်း အစဉ်အလာများမှတဆင့် ၎င်းတို့မည်သည့် အတိုင်းအတာအထိ သဟဇာတဖြစ်မှုကို စူးစမ်းလေ့လာသည်။

ဆက်စပ်အကြောင်းအရာနှိုင်းယှဉ်လေ့လာမှု ပုံစံတူပြုခြင်းသည် စီရင်ပိုင်ခွင့်နယ်နမိတ်များ အနှံ့ အရေးကြီးသောယူဆချက်များကို သတ်မှတ်ဖော်ထုတ်နိုင်စွမ်းနှင့် အဓိပ္ပာယ်သတ်မှတ် နိုင်စွမ်းရှိသည့် နည်းလမ်းများချမှတ်ခြင်းအတွက် အခြေခံအချက်ကို ပံ့ပိုးပေးသည်။ ထို့ကြောင့် အဆင်သင့်ရှိနေသောအမှုတွင် ကျွန်ုပ်တို့၏ အင်္ဂလန်နှင့်အီတလီရှိ ပြစ်ဒဏ်ချမှတ်ခြင်း၌ ထိခိုက်နစ်နာသူ ပူးပေါင်းပါဝင်သော နောက်ခံအကြောင်းအရာသည် မှတ်ကျောက်ကို တောင်းဆိုသည်။ ထိုမှတ်ကျောက်သည် ခွဲခြမ်းစိတ်ဖြာလေ့လာသည့် အဆင့်များရှိ ယဉ်ကျေးမှုအရ အဓိပ္ပာယ်ပြည့်ဝသော အယူအဆဖော်ပြချက်များကို ဖော်ထုတ်မည့် မှတ်ကျောက်ဖြစ်သည်။ အယူအဆများသည်လည်း အစောပိုင်းတွင် ဆွေးနွေးခဲ့သော ပုံ ၅.၂ ဖော်ပြချက်ရှိ ဖွဲ့စည်းတည်ဆောက်ပုံ၊ စနစ်နှင့် ဖွဲ့စည်းတည်ဆောက်ခြင်းတို့အပြင် ၎င်းတို့၏ အပြန်အလှန်ဆက်နွယ်မှုနှင့် ပတ်သက်သည့် အရာများဖြစ်သည်။ ထိခိုက်နစ်နာသူပူးပေါင်းပါဝင်မှုနှင့်ပတ်သက်၍ သက်ဆိုင်သည့်အယူအဆပြဿနာများသည်-

- ထိခိုက်နစ်နာသူယူဆချက်
- ပူးပေါင်းပါဝင်ခြင်းနှင့် အပြန်အလှန်ပြုမူဆောင်ရွက်ခြင်း
- လုပ်ငန်းစဉ်ထူးခြားချက်နှင့် ရလဒ်
- အယူဝါဒဆိုင်ရာနှင့် လူမှု-သမိုင်းဆိုင်ရာနောက်ခံအကြောင်းအရာ
- တရားစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်ရှိ ဆက်နွယ်မှုများ၏သဘောသဘာဝ တို့နှင့် သက်ဆိုင်သည်။

ထို့ကြောင့် နောက်ဆုံး၌ ပြစ်ဒဏ်ချမှတ်ခြင်းပြုရာတွင် ထိခိုက်နစ်နာသူ ပူးပေါင်းပါဝင်ခြင်း အယူအဆ၏ထူးခြားချက်သည် နှိုင်းယှဉ်နိုင်သည့်ဖော်ပြချက်များ ဖွင့်ထုတ်ပြရာတွင် နောက်ခံအကြောင်းအရာကို ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာခြင်းက မည်မျှအောင်မြင်သည်ဆိုသည့် အတိုင်းအတာပေါ်၌ မူတည်သည်။ ပူးပေါင်းပါဝင်သူနှင့် အပြန်အလှန်ပြုမူဆောင်ရွက်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းအရ လုပ်ငန်းစဉ်ကိုအကဲဖြတ်ရာ၌ မည်မျှအောင်မြင်သည် ဆိုသည့် အတိုင်းအတာပေါ်တွင်လည်း မူတည်ပါသည်။ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှု အဆင့်အမျိုးမျိုး၌ အဓိပ္ပာယ်ရှိရှိ လက်တွေ့အမှုစစ်ဆေးစီရင်ခြင်းပြုနိုင်စွမ်းသည့် အယူအဆအခြေပြု နည်းလမ်းများအား ပံ့ပိုးပေးရန် နောက်ခံအကြောင်းအရာနှိုင်းယှဉ်လေ့လာမှုနှင့် ယခင်အားထုတ်မှုများအကြား အခြေခံခြားနားချက်သည် နောက်ခံအကြောင်းအရာအတွင်းရှိ လုပ်ငန်းစဉ်ကို အကဲဖြတ်ရန် ၎င်း၏ နည်းလမ်းဆိုင်ရာစွမ်းရည်ပေါ်တွင် မူတည်သည်။ စီရင်ပိုင်ခွင့် တစ်ခုလုံးအနှံ့ ပြစ်ဒဏ်ချမှတ်ရာတွင် ကျွန်ုပ်တို့၏ ထိခိုက်နစ်နာသူ ပူးပေါင်းပါဝင် စစ်ဆေးမှုက သီအိုရီနှင့်နည်းလမ်း ချိတ်ဆက်ခြင်း၏ အားသာချက်များကို ဖော်ထုတ်သည်။ ဖွဲ့စည်းတည်ဆောက်ပုံ(ဥပဒေဆိုင်ရာ)၊ စနစ်(အဖွဲ့အစည်းဆိုင်ရာ)နှင့် ဖွဲ့စည်းတည်ဆောက်ခြင်း (အပြန်အလှန်ပြုမူဆောင်ရွက်မှု) စသည့် ရှေ့တွင်ဖော်ပြ

ထားခဲ့သည့် ထူးခြားသော အဆင့်သုံးဆင့်တွင် တစ်ဆင့်ချင်းစီ၌ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ လက်တွေ့လုပ်ငန်းစဉ် လေ့လာမှုကိုဖော်ထုတ်ခြင်းနည်းလမ်းမှတဆင့် သီအိုရီနှင့် နည်းလမ်းကို ချိတ်ဆက်ခြင်းဖြစ်သည်။ ထိခိုက်နစ်နာသူပူးပေါင်းပါဝင်ခြင်းအတွက် အထူးသဖြင့် သက်ဆိုင်သည့် ဥပဒေနှင့် မူဝါဒဆိုင်ရာ နောက်ခံအကြောင်းအရာ၊ ကျင့်ထုံးဥပဒေများနှင့် အမှုစစ်ဆေးစီရင်ခြင်း လက်တွေ့လုပ်ဆောင်ပုံကို ဝေဖန်အကဲဖြတ်ခြင်းမှတဆင့် ရရှိသည်။ အင်္ဂလန်နှင့်အီတလီတို့၏ သမိုင်းကြောင်းအရ ကွဲပြားခြားနားသော အမှုစစ်ဆေးခြင်း အစဉ်အလာများရှိ အခွင့်အရေး အခြေပြု၏ သက်ရောက်မှုနှင့် တရားမျှတမှု ပြန်လည်တည်ဆောက်ခြင်း နမူနာများကို ဝေဖန် အကဲဖြတ်ခြင်းမှတဆင့်လည်း ရရှိသည်။

ထိခိုက်နစ်နာသူပါဝင်ခြင်း လေ့လာမှုအတွက် သီးခြားသီအိုရီ နောက်ခံအကြောင်းအရာ အကဲဖြတ်စနစ်များပေါ် မူတည်၍ *ဦးစားပေး* မရှိသောအဆိုပြုချက်များကို နောက်ခံ အကြောင်း အရာ စံနမူနာပုံတွင် ထည့်သွင်းခြင်းအတွက် ဖန်တီးခဲ့သည်။ ထိုဖန်တီးမှုကို ကျွန်ုပ်တို့၏ ရှင်းလင်း ဖော်ပြချက်ဖြစ်သော လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီအရ အမှုစစ်ဆေးခြင်း လုပ်ငန်း စဉ်အား ထပ်တလဲလဲ ပြန်လည်ဖော်ထုတ်ပုံအကြံပြုချက်အစား ဆောင်ရွက်ခြင်းဖြစ်သည် (ပုံ၅.၁ ကိုကြည့်ပါ)။ ထို့ကြောင့် နှိုင်းယှဉ်လေ့လာမှု ရည်ရွယ်ချက်များအတွက် ပုံစံတူပြုခြင်းအရ ချဉ်းကပ်မှုသည် သီအိုရီဖော်ထုတ်ခြင်း၏ အဓိကကျသော အရာတစ်ခု (ဆက်စပ်အကြောင်းအရာ၌ အကဲဖြတ်ခြင်း) ဖြစ်သည်။ ၎င်းတွင် ထူးခြားသော သဘောသဘာဝနှင့် ထိခိုက်နစ်နာသူ ပူးပေါင်း ပါဝင်သည့်အတိုင်းအတာကို လူမှုရေးစနစ် ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီရှိ လုပ်ငန်းစဉ် ဖော်ထုတ်ခြင်းဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့် စိတ်ကူးပုံဖော်မှု၏ ဆန့်ကျင်ဘက်အဖြစ် အကဲဖြတ် ခဲ့သည်။ ဤစိတ်ကူးပုံဖော်ခြင်းအတွင်း အမှုစစ်ဆေးရာ၌ သီးခြားအပြန်အလှန် ပြုမူဆောင်ရွက် ခြင်းများနှင့် ဆင်ခြင်ဉာဏ်ဖြင့် ဆုံးဖြတ်ခြင်း၏ ရလဒ်များအားသတ်မှတ်ပေးသည့် အဓိက ဆက်နွယ်မှုကို မှန်းဆနိုင်သည်။ ထိုဆက်နွယ်မှုသည် ပြစ်ဒဏ်၏ ကျိုးကြောင်းဆီလျော်မှုကို အသိပေးခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ခြင်းတို့အတွက် အရေးပါသည်။ ဤသို့ဖြင့် နိုင်ငံတကာနှင့် စီရင်ပိုင်ခွင့်များအနှံ့ ဆက်စပ်လျက်ရှိသော ထိခိုက်နစ်နာသူပေါင်းစပ်ခြင်း၏ ဆက်နွယ်မှု အရှိတရားကို အသေးစိတ်ချပြရာ၌ ထိခိုက်နစ်နာသူနှင့် တရားစီရင်ရေးအကြား ဆက်နွယ်မှုက အခရာကျသည်။

ပို၍တိတိကျကျဆိုရလျှင် ဥပဒေဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် အပြန်အလှန် ပြုမူ ဆောင်ရွက်မှုဆိုင်ရာ ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာသောအဆင့်များ၌ ဤဆက်နွယ်မှု၏ အဓိက ကဏ္ဍများအား မည်သို့တိုက်ဆိုင်စစ်ဆေးနိုင်ပုံကို အာရုံစိုက်သည်။ ဂျူရီဆုံးဖြတ်ချက်၊ ချမှတ် သောပြစ်ဒဏ်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကျင့်သုံးသည့်ဆင်ခြင်တုံတရား၏ အခန်းကဏ္ဍကို အထူးသဖြင့် ဗဟိုပြုအာရုံစိုက်သည်။ ကျွန်ုပ်တို့၏ဆွေးနွေးချက် တစ်လျှောက်လုံးသည် ပြစ်ဒဏ် ချမှတ်ခြင်းလုပ်ငန်းစဉ်၏ သဘောသဘာဝ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးတို့ တစ်ခုနှင့်

တစ်ခု အပြန်အလှန်ဆက်စပ်နေမှုအပြင် မျှတသော တရားခွင်နှင့် တရားစီရင်ရေး လက်လှမ်းမှီခြင်းဆိုင်ရာ စံသတ်မှတ်ထားသည့် မူသဘောတရား လွှမ်းမိုးမှုကို စူးစမ်းရှာဖွေရန် ရည်ရွယ်သည်။[၆၂]

ဖွဲ့စည်းတည်ဆောက်ခြင်း သဘောတရားရေးရာမူဘောင်နှင့် အောက်ပါနည်းလမ်းရှိ ပြစ်ဒဏ်ချမှတ်ရာ၌ ထိခိုက်နစ်နာသူပူးပေါင်းပါဝင်ခြင်း အယူအဆကို ဆက်စပ်နိုင်သည်။[၆၃] ဥပဒေ/ ဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲမှုများက ထိခိုက်နစ်နာသူများ၏ အခွင့်အရေးများ၊ ကုစားမှုများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်းတို့ကို ပံ့ပိုးပေးသော ဥပဒေဆိုင်ရာ စံနှုန်းများ၏ သဘောသဘာဝနှင့် အတိုင်းအတာကို စစ်ဆေးမှုပြုနိုင်သည်။ အဖွဲ့အစည်းဆိုင်ရာ/ စနစ်အမျိုးမျိုးက အဖွဲ့အစည်းဆိုင်ရာ တကယ့်လုပ်ငန်းစဉ်အရှိတရား ကိုဖော်ပြရန်နှင့် ပတ်သက်သည်။ စီမံခန့်ခွဲမှု၊ ဗျူရိုကရက်တစ်နှင့် ထိခိုက်နစ်နာသူ ပူးပေါင်းပါဝင်ခြင်းတို့နှင့် ပတ်သက်သော ဆုံးဖြတ်ချက်တည်နေရာများကို ဆက်လက် ထိန်းသိမ်းထားမည့် ဆက်နွှယ်မှုတည်ဆောက်ပုံ လုပ်ငန်းစဉ်ပေါင်းစပ်မှု အရှိတရားကို ဆိုလိုသည်။ နောက်ဆုံးတွင် ဖွဲ့စည်းတည်ဆောက်ခြင်း၏ ထင်ဟပ်မှုအနေဖြင့် အပြန်အလှန်ပြုမူဆောင်ရွက်ခြင်းကိန်းရှင်များ/ ဆင်ခြင်ဉာဏ်ဆိုင်ရာ ကိန်းရှင် များသည် ထိခိုက်နစ်နာသူ ပူးပေါင်းပါဝင်ခြင်းနှင့် တရားရေးဆိုင်ရာဆောင်ရွက်ချက်တို့နှင့် ဆက်စပ်သည့် ဆင်ခြင်ဉာဏ်ဖြင့် ချမှတ်သော တစ်ခုချင်း နှင့် စုပေါင်း ဆုံးဖြတ်ချက်ပြုလုပ်ခြင်း လုပ်ငန်းစဉ်ရှိ အပြန်အလှန် ပြုမူဆောင်ရွက်မှု အရှိတရား နှင့် ဆက်စပ်သည်။

လက်တွေ့လုပ်ငန်းစဉ်လေ့လာမှု၏ အပြန်အလှန် ဆက်နွှယ်မှုအဆင့်များကို သဘောတရားရေးရာ စကားရပ်များ၌ လက်ရှိလုပ်ငန်းစဉ်ဖွဲ့စည်းမှုနှင့် ထုတ်လုပ်မှုပုံစံ နှစ်ခုစလုံးတွင် တပြိုင်နက်တည်းဖြစ်သကဲ့သို့ စိတ်ကူးကြည့်နိုင်သည်။ တစ်နည်းအားဖြင့် လုပ်ငန်းစဉ် လက်တွေ့ဖြစ်ရပ် (ပြည်တွင်း သို့မဟုတ် ကမ္ဘာတဝှမ်းလုံးအဆင့်ရှိ) ကို ဖန်တီးထားပြီး ဆက်လက်တည်မြဲအောင် ထပ်တလဲလဲ ထိန်းသိမ်းထားသကဲ့သို့ မျှော်မှန်းကြည့်သည်။ သီးခြားလက်တွေ့လုပ်ငန်းစဉ် နှိုင်းယှဉ်လေ့လာမှုကို သဘောတရားရေးရာ ပုံဖော်ခြင်းသည် နည်းလမ်းများအား စိတ်ကူးမျှော်မှန်းကြည့်နိုင်သည့် ကျွန်ုပ်တို့၏ အရည်အချင်းပေါ် မူတည်နေသည်။ ထို့ကြောင့် ရာဇဝတ်မှု စစ်ဆေးစီရင်မှုများရှိ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ လူမှုလက်တွေ့ဖြစ်ရပ်ကို ထုတ်လုပ်မည့် အပြန်အလှန် မှီခိုနေသော (သို့ရာတွင် သီးခြားစီ ဖြစ်သော) အဓိပ္ပာယ်အဆင့်များ၌ ပြဿနာများနှင့် ဆက်နွှယ်မှုများ နီးကပ်စွာ ဆက်သွယ်လျက်ရှိသည့် နည်းလမ်းများအား စိတ်ကူးမျှော်မှန်းကြည့်နိုင်သည့် အရည်အချင်းကို ဆိုလိုခြင်းဖြစ်သည်။

အနှစ်သာရအားဖြင့် အချက်အလက်/ တန်ဖိုး နှစ်မျိုးကွဲပြားလျက်ရှိသည့် သဘောသဘာဝနှင့် ပါဝင်သောအကြောင်းအရာတို့ကြား ကြားခံဆက်သွယ်ပေးသောစနစ်ကို ရှာဖွေရန်ဖြစ်သည်။ ထို့သို့ရှာဖွေခြင်းသည် အမှုစစ်ဆေးရာတွင် ပါဝင်သူအမျိုးမျိုးအတွက် လူမှုရေးလုပ်ဆောင်မှုအဓိပ္ပာယ်က ရာဇဝတ်မှုစစ်ဆေးမှုအတွင်း (ဥပမာ ထိခိုက်နစ်နာသူများနှင့် တရားသူကြီးများကြားကဲ့သို့) မည်ကဲ့သို့ ဖွဲ့စည်းတည်ဆောက် နေသည်ကို နားလည်သဘောပေါက်ရန် လက်တွေ့လုပ်ငန်းစဉ် လေ့လာမှုအနေဖြင့်ဖြစ်သည်။ ယခုဆက်စပ် အကြောင်းအရာတွင် အထူးသဖြင့် ထိခိုက်နစ်နာသူ/ တရားသူကြီးတို့၏ ဆက်နွှယ်မှုများကို စုံစမ်းစစ်ဆေးခြင်း မှတဆင့်

ပြစ်ဒဏ်ချမှတ်ခြင်းရလဒ်ကို ဆုံးဖြတ်သည့် ထိုအမှုစစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ်များရှိ ထိခိုက်နစ်နာသူပါဝင်ခြင်းနှင့်ပတ်သက်၍ လူမှုဖွဲ့စည်းတည်ဆောက်ပုံအား နားလည် သဘောပေါက်ခြင်းကို ဆိုလိုသည်။ လမ်းကြောင်းများ၏ ယူဆချက်က ဤလုပ်ငန်းစဉ်၏ သဘောတရားရေးရာ စိတ်ကူးပုံဖော်ခြင်းထံ ထပ်ပေါင်းထည့်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ဆက်နွှယ်မှုများ (ထိခိုက်နစ်နာသူနှင့် တရားသူကြီး ကဲ့သို့) ကိုအာရုံစိုက်ပါက ထပ်ပေါင်းထည့်သည်မှာ *နောက်ခံအကြောင်းအရာ* ဖြစ်သည်။ ထပ်ပေါင်းသည့် နောက်ခံအကြောင်းအရာသည် ဩဇာလွှမ်းမိုးခြင်း ယဉ်ကျေးမှု၏ မူလအစ၊ ၎င်းယဉ်ကျေးမှု၏ လက်တွေ့သက်ရောက်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းအတွက်ထူးခြားချက်အပြင် ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် ၎င်းနှင့် ဆက်နွှယ်နေသော သက်ရောက်မှုများ နှင့်ပတ်သက်သည်။ ပို၍တိတိကျကျ ဆိုရလျှင် တရားသူကြီးနှင့် ထိခိုက်နစ်နာသူတို့အား ဩဇာလွှမ်းမိုးမှုရှိနေသည့် ယဉ်ကျေးမှုနောက်ခံ အကြောင်းတရား ကို စုံစမ်းစစ်ဆေးခြင်းဖြစ်သည်။ ထို့ပြင် အမှုစစ်ဆေးဆေးခြင်း လုပ်ငန်းစဉ်ရှိ ပြစ်ဒဏ်ချမှတ်ခြင်းအတွက် ထူးခြားသော ဆုံးဖြတ်ချက်တည်နေရာများ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သောအာဏာ ကျင့်သုံးမှုကို သတ်မှတ်နိုင်ရန် ကျွန်ုပ်တို့က ပေါင်းစပ်သည်။

ပို၍ထူးခြားသည်မှာ လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီတွင် သွယ်ဝိုက်၍ တည်ရှိနေသော ဥပဒေဆိုင်ရာ/ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ/စနစ်နှင့် အပြန်အလှန်ပြုမူဆောင်ရွက်မှု/ ဆင်ခြင်တုံတရားဆိုင်ရာ ဆန်းစစ်လေ့လာမှုအဆင့်များကို စစ်ဆေးသည်။ ထိခိုက်နစ်နာသူနှင့်ဆက်စပ်သော သတင်းအချက်အလက်ကို အမှုစစ်ဆေးစီရင်နေစဉ်အကဲဖြတ်၍ ပြစ်ဒဏ်အတွက် ဆုံးဖြတ်ချက်ချမှတ်ရာ မည်သို့ သက်ရောက်မှုရှိသည်အား ကြည့်ခြင်းအားဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းစဉ်ရှိ ထိခိုက်နစ်နာသူ ပါဝင်ပေါင်းစပ်ခြင်း အကြောင်းအရာကိုစစ်ဆေးသည်။[၄၄] သဘောတရားရေးရာယူဆချက်အရ ပြစ်ဒဏ်ချမှတ်သည့် ဆုံးဖြတ်ချက်သည် လုပ်ငန်းစဉ်ဆုံးဖြတ်ချက်များ၏ ပေါင်းစပ်မှုကဲ့သို့ စိတ်ကူးသင့်ကြောင်း အသိအမှတ်ပြုထားသည်။ ပို၍ယေဘုယျဆန်စွာဆိုရလျှင် ထိုပေါင်းစပ်မှု၏ ၎င်းတိနေသောအဓိကအချက်က တရားမျှတမှန်ကန်သောပြစ်ဒဏ်၊ မူဝါဒနှင့် ဆုံးဖြတ်ချက်တို့ အကြားရှိ ဆက်သွယ်မှုများကို စုံစမ်းစစ်ဆေးမှုပြုစေနိုင်သည်။ ကျွမ်းကျင်သူ၏ ရှင်းလင်းချက်နှင့် ဆန်းစစ်လေ့လာမှုမှတဆင့် ဥပဒေနှင့် မူဝါဒအတွက် နည်းစနစ်ဆိုင်ရာချဉ်းကပ်မှုကို ဆက်စပ်အကြောင်းအရာ၌ အကဲဖြတ်သည်။ ၎င်းတွင် အင်္ဂလန်နှင့် အီတလီရှိ ဇာတ်ကြောင်းအရင်းအမြစ်များ၏ နောက်ခံအကြောင်းအရာ ဆန်းစစ်လေ့လာခြင်းပါဝင်ပြီး ဒုတိယတစ်ခုကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်။

လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီက ထောက်ခံထားသည့် လူမှုရေးလုပ်ငန်းစဉ်ဆိုင်ရာ သဘောတရားရေးရာ စိတ်ကူးပုံဖော်မှုတစ်ရပ် ဖြင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုကို သိမြင်စေသောကြောင့် ဤသီအိုရီဆိုင်ရာ စံနမူနာပုံစံအတွင်း လုပ်ငန်းစဉ်နှင့် ရလဒ်အကြား ဆက်နွှယ်မှုများအရ ပေါင်းစပ်ထားသော ဆန်းစစ်လေ့လာမှု ပေါ်ပေါက်ရန် အလားအလာဖြစ်သည်။ ထို့ပြင် အချိန်နှင့်နေရာအလျောက် လုပ်ငန်းစဉ်ထုတ်လုပ်မှုနည်းလမ်းများဆိုင်ရာ အဆိုပြုချက်အချို့အား ဆန့်ကျင်လျက် ထိခိုက်နစ်နာသူပူးပေါင်းပါဝင်ခြင်း စိတ်ကူးပုံဖော်မှု

ပြဿနာများကို လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်ကဲ့သို့ ဖြေရှင်းနိုင်မည့် အလားအလာရှိသည်။ ပို၍ တိတိကျကျဆိုရလျှင် ဖွဲ့စည်းတည်ဆောက်ခြင်းက အချိန်နှင့်နေရာ အလျောက်လုပ်ငန်းစဉ် တည်ရှိနေပုံကို ရှင်းလင်းဖော်ပြစဉ် ဆက်စပ်အကြောင်းအရာ ပုံစံတူပြုခြင်းအား တိကျသော ဥပဒေနှင့် တရားစီရင်ရေး ဆိုင်ရာ ဆက်စပ်အကြောင်းအရာများ၌ ယင်းပုံစံ မည်သို့ ဖြစ်ရခြင်း နှင့် မည်သည့် အကြောင်းရင်းကြောင့် ယင်းပုံစံဖြစ်ရခြင်းကို ပုံဖော်ပြရန် အသုံးပြုသည်။ ထိခိုက်နစ်နာသူ ပါဝင်ခြင်းအတွက် ပုံဖော်တည်ဆောက်ထားသော နမူနာပုံစံငယ်၏ အရေးပါသည့် ကဏ္ဍသည် အမှုစစ်ဆေးခြင်းဆက်စပ်အကြောင်းအရာအတွင်း ပါဝင်မှုပြုခြင်းနှင့် ဖယ်ထုတ်မှုပြုခြင်း အဆုံးအဖြတ်နှင့် ပတ်သက်သည်။ အမှန်တကယ်တွင် နမူနာပုံစံငယ်ကို လက်ခံခြင်းက တရားသူကြီးနှင့် တရားရုံးအဆင့်ပေါ်မူတည်၍ ဩဇာလွှမ်းမိုးမှုပုံစံနှင့် အကြောင်းရင်းများပေါ်တွင် အာရုံစိုက်စေနိုင်သည်။ ၎င်းသည် လုပ်ငန်းခွင်ရှိ တွန်းအားများ၏ ဆက်စပ်မှုနှင့် ၎င်းတို့ တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်ပုံ (သို့မဟုတ် လုပ်ငန်းခွင်နှင့်ဆန့်ကျင်ပုံ) အား ကျွန်ုပ်တို့ သဘောပေါက်ရန် ပံ့ပိုးပေးသည်။ ဤနည်းလမ်းဖြင့် ဩဇာလွှမ်းမိုးမှု လမ်းကြောင်းအမျိုးမျိုးက မတူညီသော အကြောင်းခြင်းရာ/ တန်ဖိုးပုံဖော်ခြင်းအား ထုတ်လုပ်ပုံကို ကျွန်ုပ်တို့က ရှာဖွေဖော်ထုတ်သည်။ ထိုအကြောင်းခြင်းရာ/ တန်ဖိုး၏ လက်တွေ့အကျိုးသက်ရောက်မှုများသည် ထိခိုက်နစ်နာသူများနှင့် ပြစ်ဒဏ်အတွက် သက်ဆိုင်သော အမှုစစ်ဆေးခြင်း လုပ်ငန်းစဉ်ကဏ္ဍများတွင် ထိခိုက်နစ်နာသူများ ပူးပေါင်းပါဝင်မှု အနည်းနှင့်အများကို ထင်ရှားစေသည်။

သို့ဖြစ်၍ လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်းသီအိုရီက အကြံပြုထားသော ခွဲခြမ်း စိတ်ဖြာ လေ့လာဆန်းစစ်မှုအဆင့်များအတွင်းရှိ ထိခိုက်နစ်နာသူပါဝင်ခြင်းနှင့် ပြစ်ဒဏ် ဆုံးဖြတ်ချက်ချမှတ်ခြင်းအား အကဲဖြတ်ခြင်းတို့မှာ အောက်ပါနည်းလမ်းများအတိုင်း တည်ရှိသည်။

- ဥပဒေဆိုင်ရာ/ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ လေ့လာဆန်းစစ်မှုအဆင့်
- အဖွဲ့အစည်းဆိုင်ရာ/ စနစ် လေ့လာဆန်းစစ်မှုအဆင့်
- အပြန်အလှန်ပြုမူဆောင်ရွက်မှု/ဆင်ခြင်တုံတရားဆိုင်ရာလေ့လာဆန်းစစ်မှုအဆင့်

## ဥပဒေဆိုင်ရာ/ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာခွဲခြမ်းစိတ်ဖြာဆန်းစစ် လေ့လာမှုအဆင့်

### *ပြစ်ဒဏ်ချမှတ်ခြင်းစံနမူနာပုံစံများနှင့်ဖွဲ့စည်းတည်ဆောက်ပုံများ*

၎င်းတို့သည် ပြစ်ဒဏ်ချမှတ်ခြင်းတန်ဖိုးများနှင့် စံနှုန်းများအတွက် တရားစီရင်ရေး ဆိုင်ရာ မျှတမှန်ကန်မှုနှင့် ပတ်သက်သည်။ Henham နှင့် Mannozzi တို့က ပြစ်ဒဏ်ပုံစံတူပြုခြင်း၏ ဆက်စပ်အကြောင်းအရာအတွင်း၌ ၎င်းသည်အင်္ဂလိပ်နှင့် အီတလီ တို့၏ နမူနာများတွင် ပိုင်းခြားပြထားသော တရားစီရင်ရေးဆိုင်ရာဆင်ခြင်တုံတရား၏ အထောက်အကူ ဖြစ်သည်ဟူ၍ ငြင်းခုံထားသည်။ အီတလီတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း မူဘောင်တွင်ပါရှိသော ရှေးဟောင်း အခြေပြု ခေတ်သစ်လက်စားချေခြင်းပုံစံကို ရောမ-ဂျာမန်ဥပဒေစနစ်အတွင်း တရားသူကြီးက ဦးဆောင်၍ အမှုစစ်ဆေးသည့် နမူနာပုံစံ (non-adversarial paradigm) ဖြင့် ဥပဒေသိပ္ပံ

အစဉ်အလာအရ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ တရားစီရင်ရေး၏ တီထွင်ဖန်တီးမှုနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုလုပ်ငန်းတာဝန်နှင့် ပတ်သက်သော ရောမ-ဂျာမန် တရားဥပဒေဖြစ်သည်။ ထိုအချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သောအရာက အင်္ဂလန်တွင်ဖြစ်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေနှင့် တရားမျှတမှုတွင် ပညာပေးခြင်းကိုထည့်သွင်း စဉ်းစားလာသည့် ဉာဏ်အလင်းဖွင့် အစီအမံ၏အစကပင်ဖြစ်သည်။

ပြစ်ဒဏ်ချမှတ်ခြင်းရှိ တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်ဉာဏ်ဖြင့်ဆုံးဖြတ်ချက် ချမှတ်ခြင်းကဏ္ဍနှင့်ပတ်သက်သော နှိုင်းယှဉ်လေ့လာမှုများ၏ ထူးခြားချက်သည် ပြစ်ဒဏ်ချမှတ်ခြင်းအတွက် မျှတမှန်ကန်ကြောင်း ထင်ရှားစေသည့် အမှတ်အသား တစ်ခုချင်းစီကို ပြန်လည် ထုတ်လုပ်ရာတွင် ယင်း၏အထောက်အကူ ဖြစ်သည်။ အင်္ဂလန်တွင် ဤအထောက်အကူသည် ဥပဒေပြုသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းမူဝါဒ၏ *အမှန်တကယ်* ဆုံးဖြတ်ချက်ချမှတ်သူများ (သို့မဟုတ် ယင်းကို ညွှန်ကြားရန် စီမံခန့်ခွဲရေး အားထုတ်မှုများ) အတွက် တရားစီရင်ရေး အထွေထွေအထိပ်ဖြစ်မှုကို ထိန်းသိမ်းရန် အလွန်အရေးပါသည်။ အီတလီရှိ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်နိုင်ခြင်းက အထောက်အကူဖြစ်မနေပါ။ အကြောင်းမှာ သမိုင်းကြောင်းအရ တရားစီရင်ရေးအခန်းကဏ္ဍတွင် ၎င်းသည်အလွန်အရေးပါသည့် အဆုံးအဖြတ်ပေးသောအရာ မဖြစ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ကျင့်ထုံးပုံစံအပေါ် အလေးထားမှုနှင့် ခေတ်ပြိုင်ပြစ်ဒဏ်ပေးခြင်းကို ကျိုးကြောင်းသင့်ရှင်းပြရန် ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုင်ရာ အားထုတ်မှုများ၏ ကျရှုံးမှုကို အီတလီတရားစီရင်ရေးက ကာကွယ်ခုခံချေပထားသည်။ ဤယူဆချက်သည် မကြာသေးမီက ခုခံချေပလျှောက်လဲမှု ပိုဆန်လာသော အီတလီအမှုစစ်ဆေးစီရင်ခြင်း လုပ်ငန်းစဉ်၏ ဆန့်ကျင်ဘက်ပြုခြင်းကြောင့် ပိုမိုဆိုးရွားလာစေပုံပေါ်သည်။ Henham နှင့် Mannozzi တို့၏ ကောက်ချက်မှာ တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်ဉာဏ်ဖြင့်ဆုံးဖြတ်နိုင်ခြင်း သဘောတရားသည် ပြစ်ဒဏ်ချမှတ်ခြင်းတွင် အကြောင်းအရာနှင့် တန်ဖိုးကို တင်ပြပုံအား အခြေခံကျကျ အဆုံးအဖြတ်ပေးသောအရာ ဖြစ်သည်မှာ အံ့သြဖွယ်ရာမဟုတ်ပါ။ ထူးခြားသည်မှာ အဘယ်ကြောင့် ရာဇဝတ်မှုစစ်ဆေးစီရင်ခြင်း လုပ်ငန်းစဉ်၌ ထိခိုက်နစ်နာသူ၏ အနေအထားကို အကဲဖြတ်ခြင်း အတွက် အရေးပါသော ရှုထောင့်အမြင်တစ်ခုအား ပံ့ပိုးသော ကိစ္စဖြစ်ရခြင်းကို နားလည် သဘောပေါက်ခြင်း ဖြစ်သည်။

## *ပြစ်ဒဏ်ချမှတ်သောဥပဒေနှင့် မူဝါဒ၏သဘောသဘာဝနှင့်အခန်းကဏ္ဍ*

ဤသည်မှာ ပြစ်ဒဏ်ချမှတ်သည့်ဥပဒေ၊ ကျင့်သုံးမှုနှင့် ကျင့်ထုံးတို့သည် အစဉ်အလာအရ အယူအဆအခြေပြုဆန်းစစ်လေ့လာမှုအပြင် ယင်း၏ပိုမိုကျယ်ပြန့်သော လူမှုရေးဆိုင်ရာ နောက်ခံအကြောင်းအရာနှင့်လည်း ပတ်သက်သည်။

၎င်းသည် ဥပဒေ ယဉ်ကျေးမှုနှင့် ပိုမိုကျယ်ပြန့်သည့် လုပ်ငန်းစဉ် အကြောင်းအရာအတွင်း ထည့်သွင်းခြင်းဖြစ်သည်။ ၎င်းက ထိခိုက်နစ်နာသူ သဘောတရားရေးရာအပေါ် အီတာလျံ

တရားရုံးများ၏ တုံ့ပြန်မှုကို သတ်မှတ်ဆုံးဖြတ်သည်။ ၎င်းသည် ထိခိုက်နစ်နာသူ၏ သက်သေခံချက်ကို အီတာလျံတရားစီရင်ရေးကလက်ခံရယူကာ အလေးထားပြုမှုဆက်ဆံခြင်းပေါ် မူတည်သော အထောက်အကူပြု အခြေခံအကြောင်းများဖြစ်ကြသည်။ ဥပဒေဆိုင်ရာ/ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာစကားရပ်များတွင်အီတာလျံ၏ပြစ်ဒဏ်ချမှတ်ခြင်း လုပ်ငန်းစဉ်သည် ဥပဒေနည်းလမ်းအတိုင်း ဆောင်ရွက်သောဝါဒ (legal formalism) နှင့် ကျင့်ထုံးဆိုင်ရာ ကန့်သတ်ချက်များအလိုက် အဓိပ္ပာယ်ကောက်ယူမှုတို့၏ ကိုယ်စားပြုဖြစ်ပုံရသည်။ ပြစ်ဒဏ်အတွက် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတွင် ထိခိုက်နစ်နာသူ ပူးပေါင်းပါဝင်ခြင်းနှင့် ပတ်သက်သည်ဟု မှတ်ယူရမည့် သတင်းအချက်အလက်ကို သိမ်းဆည်းထားခြင်းဖြစ်သောကြောင့် ကျင့်ထုံးဆိုင်ရာ ကန့်သတ်ချက်ဖြစ်သည်။ အကျိုးဆက်အားဖြင့် ဤကျဉ်းမြောင်းသော သဘောတရားသည် မျှတမှုရှိသည့် တရားရေးလုပ်ငန်းစဉ်နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု အကြောင်းအရာတွင် ထိခိုက်နစ်နာသူပါဝင်ခြင်း ဖြစ်နိုင်ခြေအတွက် သင့်လျော်သည့်အခြေအနေကို ပိုင်းခြား သတ်မှတ်သည်။ လက်စားချေခြင်းကို ရှုံ့ချရမည့် အမြင်အဖြစ် မှတ်ယူမည့် လူ့အသိုင်းအဝိုင်း တစ်ရပ်ရပ်၏ လုပ်ငန်းတာဝန်ထက် ကျော်လွန် တိုးတက်လာသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ တရားမျှတမှု အကြောင်းအရာဖြစ်သည်။[၄၇]

ဆန့်ကျင်ဘက်အားဖြင့် အင်္ဂလိပ်ပြစ်ဒဏ်ချမှတ်ခြင်းတွင် အစဉ်အလာအားဖြင့် လွတ်လပ်သောတရားစီရင်ရေးအခြေခံမှုသည် တရားစီရင်ရေးအား ပြစ်ဒဏ်ချမှတ်သည့် ပင်ရင်းနှင့် ကျင့်ထုံးဥပဒေ အတိုင်းအတာသတ်မှတ်ခြင်း၏ ရှေ့ပြေးနှင့် မူဝါဒ၏ ကန့်သတ်ချက် များတွင် ထားရှိသည်။ ထို့အပြင် တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရားကို ကျင့်သုံးသည့် အကြောင်းအရာသည် ပြစ်ဒဏ်များ၏ ပင်ကိုယ်စရိုက်လက္ခဏာရှိခြင်း ယူဆချက်ကို ထောက်ခံထိန်းသိမ်းထားသည့် အရာတစ်ခုဖြစ်သည်။ ဤယူဆချက်မူဘောင်အတွင်း လက်စားချေ ဒဏ်ခတ်ခြင်းအစား ဟန့်တားခြင်း၊ ပြန်လည်ထူထောင်ခြင်း နှင့် ပြန်လည်ပြုပြင်ခြင်း ကဲ့သို့သော လက်တွေ့အသုံးဝင်မှုကိစ္စများအပေါ် ချိန်ညှိထားသည်။

အီတလီနှင့်အင်္ဂလန် နှစ်နိုင်ငံစလုံးတွင် ကွဲပြားခြားနားသည့် အကြောင်းရင်းများ ပေါ်ပေါက်နေသည်မှာ ထိခိုက်နစ်နာသူကို ကျဉ်းမြောင်း၍ တစ်စိတ်တစ်ပိုင်းသာစိတ်ကူး ပုံဖော်ခြင်းရှိသော တရားစီရင်ရေးဆိုင်ရာဆင်ခြင်တုံတရား၏ ဥပဒေနှင့် နိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၏ အကျိုးဆက်ဖြစ်သည်။ ပြီးနောက် ပြစ်ဒဏ်ချမှတ်ခြင်းတွင် ထိခိုက်နစ်နာသူ ပါဝင်ခြင်းကိုမြှင့်တင်သင့်သည်ဆိုသည့် အတိုင်းအတာကို ကန့်သတ်ထားသည်။ ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုနောက်သို့လိုက်ရာတွင် နှစ်နိုင်ငံစလုံးတွင်ရှိသော တရားစီရင်ရေးဆင်ခြင်ဉာဏ်ဆိုင်ရာ အမူအကျင့်များ၏ အကြောင်းအရာ သွင်ပြင်လက္ခဏာကို ဖော်ပြသည့် အနေဖြင့် အောက်ပါကွာခြားချက်များကို အကြံပြုထားသည်။

ဇယား (၅.၁) တရားစီရင်ရေး ဆင်ခြင်ဉာဏ်ဆိုင်ရာ အမှုအကျင့်များရှိ အထောက်အကူပြု အခြေခံအကြောင်းများ

| အင်္ဂလန် | အီတလီ |
|---|---|
| အမှုတစ်မှုချင်းအလိုက် တရားသူကြီးက ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ခြင်း | ပြစ်မှုနှင့်ပြစ်ဒဏ်အချိုးကျနမှုကိုကြည့်ခြင်း နှင့် တရားဝင်ခြင်း |
| တရားစီရင်ရေးသည် အထွတ်အထိပ်ဖြစ်ပြီး လွတ်လပ်ခြင်း (independence) | တရားစီရင်ရေး၏ လွတ်လပ်မှုကို အရေး ကြီးသည့် အစိတ်အပိုင်းအဖြစ် မှတ်ယူမှု မရှိခြင်း |
| နှစ်ဖက်ရှေ့နေကခုခံလျှောက်လဲသည့် အချက်ပေါ်တွင်သာ တရားသူကြီးက ဆုံးဖြတ်ရသည့် လုပ်ငန်းစဉ် (adversarial process) | တရားသူကြီးသည် တရားခွင်တွင် နှစ်ဖက် ရှေ့နေက လျှောက်လဲသည့်အချက် သာမက တရားရုံးစစ်ဆေးမှု မတိုင်မီအချိန် တွင်လည်း အချက်အလက်များကိုစုံစမ်းနိုင်သည့် နည်းလမ်းပေါင်းစပ်ထားသောလုပ်ငန်းစဉ် (hybrid process) |
| နည်းလမ်းနှစ်ခုရှိသောစံနမူနာပုံစံ (ပြစ်မှုကျူးလွန်ခြင်းသည် နစ်နာသူနှင့် လူ့အဖွဲ့အစည်းနှစ်ရပ်လုံးကို ကျူးလွန်သည် ဟု မှတ်ယူ၍ ပြစ်ဒဏ်ကို စဉ်းစားသည့် နည်းလမ်း နှစ်ခုရှိသောပုံစံ) | နည်းလမ်းတစ်ခုတည်းရှိသော ပြစ်ဒဏ်ပုံစံ (ပြစ်မှုကျူးလွန်ခြင်းသည် နိုင်ငံတော်အပေါ် ကျူးလွန်သည်ဟုသာ သတ်မှတ်၍ သတ်မှတ် ထားသည့် ပြစ်ဒဏ်အရ ချမှတ်သည့် ပြစ်ဒဏ်ပုံစံ) |
| လက်တွေ့ဝါဒ (သီးခြားဆက်စပ် အကြောင်း အရာတစ်ရပ် တွင်ရှိသော လက်တွေ့ အခြေ အနေနှင့် သက်ဆိုင်သည့် အချက်များကို ထည့်သွင်းစဉ်းစားသည့် လက်တွေ့ဝါဒ) | လူမှုရေးပဋိညာဉ်သီအိုရီ (လူ့အဖွဲ့အစည်း နှင့်ဥပဒေ/စည်းမျဉ်းများအကြား ဆက်စပ်မှု အခြေပြုထားသည့်လူမှုရေးပဋိညာဉ်သီအိုရီ) |

ဇယား (၅.၁) ရှိ အမှုတစ်မှုချင်း အလိုက်တရားသူကြီးက ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ခြင်းနှင့် ပြစ်မှုနှင့် ပြစ်ဒဏ် အချိုးကျနမှု အကြား ခြားနားချက်အပြင် ပြစ်ဒဏ်ချမှတ်ခြင်းထံ ယေဘုယျ ချဉ်းကပ်နည်းလမ်းရှိ တရားဝင်မှုသည် ကွဲပြားသော ဥပဒေနှင့် နိုင်ငံရေးဆိုင်ရာ တရားစီရင်ရေး ယဉ်ကျေးမှု၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည်။ အင်္ဂလန်တွင် လွတ်လပ်သော တရားစီရင်ရေး အခြေခံမှုကို ထိန်းသိမ်းသည့် အကြောင်းအရာများ ရှိသော်လည်း အီတလီတွင် တရားစီရင်ရေးက မူဝါဒနှင့် ပြစ်ဒဏ်ချမှတ်ခြင်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် တူညီသော တရားစီရင်ရေးနှင့် နိုင်ငံရေး အာဏာမကျင့်သုံးပါ (ကျင့်သုံးရန်မလိုအပ်ပါ)။ အလားတူပင် ပြစ်ဒဏ်အတွက် ကွဲပြားသော လုပ်ငန်းစဉ်ပုံစံနှင့် ပြစ်ဒဏ်ချမှတ်ခြင်း စံနမူနာ ပုံစံများသည် ထူးခြားသော လူမှုသမိုင်းကြောင်း

ဆိုင်ရာအရွေ့နှင့် နိုင်ငံရေးအရ အရေးပါမှုကို ရောင်ပြန်ဟပ်ခြင်းဖြစ်သည်။[၄၆] အနှစ်သာရအားဖြင့် ရှေးဟောင်းအခြေပြုခေတ်သစ်ပုံစံက တောင်းဆိုသော ဆင်ခြင်ဉာဏ်၏ တိကျမှု၊ ကန့်သတ်ချက်နှင့် ထိန်းချုပ်ခြင်းသည် အီတလီနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရားတွင် ကျင့်သုံးသည့် ယဉ်ကျေးမှုကို ဆက်လက်၍ သိရှိစေသော်လည်း အင်္ဂလိပ်တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရား အမူအကျင့်များကို လွှမ်းမိုးထားသော စံနှုန်းများက ဗစ်တိုးရီးယားခေတ် လက်တွေ့အခြေအနေ နှင့်သက်ဆိုင်သည့်အချက်များကို ထည့်သွင်းစဉ်းစားသည့် လက်တွေ့ဝါဒ တန်ဖိုးများ၌ ဆက်လက်အမြစ်တွယ်နေဆဲ ဖြစ်သည်။

## အဖွဲ့အစည်းဆိုင်ရာ/ စနစ် ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုအဆင့်

### *လုပ်ငန်းစဉ်နှင့်ကျင့်ထုံး၏ထူးခြားချက်*

ပြန်လည်ဖော်ထုတ်နိုင်သော လူမှုရေးအလေ့အထကဲ့သို့ ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် အာရုံစိုက်မှုရှိခြင်းကြောင့် လုပ်ငန်းစဉ်အပေါ် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ကန့်သတ်ချက်များ တည်ရှိခြင်းအကြောင်းရင်းနှင့် သဘောသဘာဝအပေါ် အလေးထားမှု တည်ရှိသည်။

အင်္ဂလိပ်နှင့်အီတာလျံ ပြစ်ဒဏ်ချမှတ်ခြင်း လုပ်ငန်းစဉ်များက ဆုံးဖြတ်ချက် ချမှတ်ခြင်း၏ အပြန်အလှန် တုံ့ပြန်ဆောင်ရွက်သော ဖွဲ့စည်းခြင်းတွင်ရှိသည့် အရေးကြီးသော ကွဲပြားခြားနားချက်များကို ပြသသည်။ အထူးခြားဆုံးမှာ ပြစ်ဒဏ်ချမှတ်ရန် အဆုံးအဖြတ်နမူနာ၏ သဘောသဘာဝနှင့်ပတ်သက်သည်။ ထင်ရှားစွာပင်အင်္ဂလိပ်ဆုံးဖြတ်ချက် စံနမူနာပုံစံသည် မျှတမှန်ကန်ကြောင်းပြသော အစိတ်အပိုင်းက ဝိရောဓိဖြစ်စရာကို လူသိရှင်ကြား ထုတ်ဖော်ရှင်းလင်းထားသော်လည်း အခြေခံအားဖြင့် တစ်သီးပုဂ္ဂလအမြင်ဖြစ်ပြီး လက်တွေ့ဆန်သည်။ ဆန့်ကျင်ဘက်အားဖြင့် အီတာလျံ ဆုံးဖြတ်ချက်စံနမူနာပုံစံသည် လူတစ်ဦး တယောက်က သီးသန့် ငြင်းခုံခြင်းပြုသော မျှတမှန်ကန်ကြောင်း ပြသခြင်းများကို စုပေါင်းလုပ်ဆောင်သည့် အပြုအမူ လိုအပ်သည်။ ၁၉၃၀ ခုနှစ် ရာဇဝတ် ကိုဒ်ဥပဒေ၏ အပိုဒ် (၁၃၂) နှင့် (၁၃၃) တို့တွင် ပြဋ္ဌာန်းထားသော အီတာလျံ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံသည် ပြစ်ဒဏ်ချမှတ်ခြင်းရာတွင် မှန်ကန်ကြောင်းပြသမည့် ရည်မှန်းချက်များဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်။ ထို့ကြောင့် လူသိရှင်ကြား သိရှိစေရန် ရှင်းလင်းစွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် ပြစ်ဒဏ်မျှတမှန်ကန်ကြောင်း ပြသခြင်းတို့အတွက် တာဝန်ခံမှုကို တရားသူကြီးများအား ထပ်တလဲလဲ ရှောင်ရှားခွင့်ပြုလျက်ရှိသည်။

စီရင်ပိုင်ခွင့်နှစ်ခုစလုံးတွင် ပြစ်ဒဏ်ချမှတ်ခြင်းနှင့် သက်ဆိုင်သောသတင်း အချက်အလက်ဖွဲ့စည်းခြင်းနှင့် လုပ်ဆောင်ခြင်းသည် ပြစ်ဒဏ်ချမှတ်ခြင်းအဆင့်တွင်ပင် များစွာပြီးစီးသည်။ ဥပဒေဆိုင်ရာကန့်သတ်ချက်များနှင့် ကျင့်ဝတ်များက သတင်းအချက်အလက်

ပေးပို့ခြင်း၏ သဘောသဘာဝနှင့် ဆက်စပ်အကြောင်းအရာကိုသတ်မှတ်ပေးသည်။ ပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် လိုအပ်သောအမျိုးအစား ခွဲခြားသတ်မှတ်ခြင်းကို ဖြည့်ဆည်းရန် ဥပဒေ ကျွမ်းကျင်သူ ပညာရှင်များက သတင်း အချက်အလက်အား စစ်ထုတ် နှိုင်းယှဉ်ပြပြီး အသုံးပြုသည်။ ထို့ကြောင့် ဖန်တီး၍ ထိန်းသိမ်းထားသော ဤဖွဲ့စည်း တည်ဆောက်ပုံများသည် ပြစ်ဒဏ်ချမှတ်ခြင်းရှိ တရားစီရင်ရေး ဆိုင်ရာဆင်ခြင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အလွန်အရေးပါသည့် အဆုံးအဖြတ်ပေးမည့် အရာများ ဖြစ်သည်။

လုပ်ငန်းစဉ် ပေါင်းစပ်ခြင်းနှင့် အမှုစစ်ဆေးစီရင်ခြင်းတွင် ထိခိုက်နစ်နာသူပါဝင်ရန် အလားအလာနှင့်စပ်လျဉ်း၍ Henham နှင့် Mannozzi တို့က အီတာလျံနှင့် အင်္ဂလိပ်စနစ် နှစ်ခု စလုံးသည် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ချမှတ်ရာတွင် ယုတ္တိတန်မှန်ကန်ကြောင်း ပြသခြင်းပြုလုပ်ရန် ပျက်ကွက်ခဲ့သည်ဟု လေ့လာထားသည်။ ပြစ်ဒဏ်ချမှတ်ခြင်းသည် အကန့်အသတ်ရှိ လက်စားချေ ပြစ်ဒဏ်ခတ်မှု၏ ကြီးစိုးသောဒဿနအပြင် ချမှတ်ထားသည့် ပြစ်မှု အတိမ်အနက်နှင့်တာဝန်ရှိမှုအတိုင်းအတာ အချိုးကျနခြင်းမူဘောင်တို့နှင့် အတူရှိနေသော အချို့ အရာများမှတဆင့်မဟုတ်ဘဲ ပြန်လည်ပြုပြင်ခြင်း သို့မဟုတ် ပြန်လည်ထူထောင်ခြင်းကဲ့သို့ တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များဆီသို့ ဦးတည်သော ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ အကြောင်းအရာထဲတွင် အပြစ်ခွဲဝေသတ်မှတ်ခြင်း၊ အပြစ်တင်ခြင်းနှင့် အချိုးကျ ပြစ်ဒဏ်တို့အပေါ် အခြေခံအားဖြင့် အလေးထားသည့် ကျင့်ထုံးဆိုင်ရာ ပြုပြင်ပြောင်းလဲ ရေးများကို (အချို့က ပြန်လည်ထူထောင်ခြင်းကိစ္စများကို ပုံဖော်ရေးဆွဲခဲ့သည်) မိတ်ဆက်ခြင်းမှတဆင့် ထိခိုက်နစ်နာသူများ၏ အနေအထားကို အားလျော့စေသည်။

## အပြန်အလှန် တုံ့ပြန်ဆောင်ရွက်မှု/ ဆင်ခြင်ဉာဏ်နှင့်ဆိုင်သော ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာမှုအဆင့်

### *လုပ်ငန်းစဉ်နှင့် ရလဒ်တို့အကြားဆက်နွယ်မှု*

ဤအဆင့်သည်ပြစ်ဒဏ်ချမှတ်ခြင်း အပြီးသတ်ရလဒ်အပေါ် ပြစ်ဒဏ်ချမှတ်ခြင်း ဆုံးဖြတ်ချက်လုပ်ငန်းစဉ်၏ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှုများကို ဆန်းစစ် လေ့လာသည်။ ဖော်ပြထားသည့်အတိုင်း ၎င်းသည် ဖွဲ့စည်းတည်ဆောက်ခြင်းကို ဖြစ်ပေါ်စေသည့်အရာများ (တစ်နည်းအားဖြင့် ဥပဒေဆိုင်ရာ/ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အဆင့်တွင် ဆန်းစစ်လေ့လာသော စည်းမျဉ်းများနှင့် အရင်းအမြစ်များ)ကို လူမှုရေးတွင် အဓိကပါဝင် လုပ်ကိုင်သူများက အသုံးချခြင်းနှင့် အဓိကပတ်သက်သည်။ ထို့ကြောင့် လူမှုရေးဆိုင်ရာ အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှုနှင့် ဆက်နွယ်မှုများ၏ထူးခြားချက်များအပေါ် အာရုံစိုက်ခြင်းက တည်ရှိနေသည်။ ထို့ကြောင့် ပါဝင်သူများ၏အနေအထား၊ တရားစီရင်ရေးပုံစံနှင့် စုပေါင်းဆုံးဖြတ်

ချက်ချမှတ်ခြင်း သဘောသဘာဝတို့နှင့် ပတ်သက်သည့် ပြောင်းလဲမှုများအလိုက် ဒေသဆိုင်ရာ အကြောင်းအရာကို စစ်ဆေးသည်။

နှစ်ဖက်ရှေ့နေက ခုခံလျှောက်လဲရသောပုံစံပိုဆန်သော အီတလီရှိ ကျင့်ထုံး/ လုပ်ထုံးလုပ်နည်းဆီသို့ ဦးတည်နေသည့် အရွေ့သည် အမှုစစ်ဆေးစီရင်ခြင်း လုပ်ငန်းစဉ်အတွက်အထူးသက်ရောက်မှုများရှိနေပြီး အထူးသဖြင့် တရားစီရင်ရေး ယဉ်ကျေးမှုတွင်ဖြစ်သည်။ ဥပမာအားဖြင့် နှုတ်သက်သေခံချက်ဆိုင်ရာ အခြေခံမှုနှင့် ခွင့်ပြုနိုင်သောသက်သေခံချက်၏ သဘောသဘာဝနှင့် ထက်အောက်စဉ်လိုက် တို့သည် အင်္ဂလိပ်ရိုးရာဥပဒေရှိ အမှုစစ်ဆေးခြင်းနှင့်တူသည်။ ထူးခြားစွာပင် တရားရုံးက အမှုစုံစမ်းစစ်ဆေးရသောအချက်များ ကျန်ရှိနေသေးသည်။ တရားသူကြီးများက ၎င်းတို့၏ ဦးဆောင်မှုဖြင့် အမှုအကြောင်းခြင်းရာများကို ဆက်လက်ရှာဖွေရန် ညွှန်ကြားနိုင်သည်။ သက်သေများကို စစ်မေးနေစဉ်အတွင်း သူတို့ကိုယ်ပိုင်မေးခွန်းများဖြင့် ကြားဝင်မေးနိုင်သည်။ ကျွမ်းကျင်ပါရဂူအား တရားရုံးရှေ့ လာရောက်ရန် ဆင့်ခေါ်နိုင်သည်။ထပ်မံ၍ သက်သေများ အမှန်တကယ် လိုအပ်ပါက တောင်းခံနိုင်သည်။ သက်ဆိုင်သောအကြောင်းခြင်းရာအားလုံးက စီရင်ချက်တွင် တိုက်ရိုက်ပါဝင်ရမည့် အခြေခံမှု အရ သက်သေစုဆောင်းသော တရားသူကြီးသည် အမှု၏ အဓိကအကြောင်းခြင်းရာ ပြဿနာပေါ်ဆုံးဖြတ်သူလည်း ဖြစ်သည့်အပြင် ပြစ်မှုအတိမ်အနက်နှင့် ပြစ်မှုကျူးလွန်သူ၏ တာဝန်ရှိမှုအတိုင်းအတာအပေါ် အကဲဖြတ်နေစဉ်အတွင်း သက်သေကို ရှင်းရှင်းလင်းလင်း ထပ်မံစုဆောင်းခြင်းကို ခွင့်ပြုနိုင်ရန် အမှုစစ်ဆေး စီရင်ခြင်းကို သင့်လျော်သောအချိန်အတွင်း ပြုလုပ်ရမည့်ဖိအားလည်းရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤအကြောင်းရင်းများကြောင့် ထိခိုက်နစ်နာသူများဘက်တွင် ၎င်းတို့၏ ကျင့်ထုံးဆိုင်ရာ အခွင့်အရေးများ ကျင့်သုံးခွင့်ကို ကြီးမားသည့် ကန့်သတ်မှုဖြစ်နိုင်သည်။ သို့တည်းမဟုတ် နှစ်ဖက်ရှေ့နေက သက်သေခံတင်ပြလျှောက်လဲသော လုပ်ထုံးလုပ်နည်းတွင် မိမိတို့အကြောင်းကို ကိုယ်တိုင် လွန်ကဲစွာထုတ်ဖော်ရပြီး တရားသူကြီး၏ ဆင်ခြင်တုံတရားကို ဆက်လက်မေးခွန်းထုတ် လာနိုင်သည်။

အင်္ဂလိပ်တရားစီရင်ရေးနှင့် နှိုင်းယှဉ်မှုသည် ဤအဆင့်တွင်မှတ်သားဖွယ်ရာဖြစ်သည်။ တဖန် လွတ်လပ်သော တရားစီရင်ရေးယဉ်ကျေးမှုနှင့် ညွှန်းဆိုခဲ့သော ပြစ်ဒဏ်ချမှတ်ခြင်း မူဝါဒနှင့် ၎င်း၏ဆက်နွယ်မှုတို့ကြောင့် အင်္ဂလိပ်တရားသူကြီးသည် ၎င်း၏ဆန့်ကျင်ဘက် ဖြစ်သော အီတာလျံထက် လုပ်ငန်းစဉ်ဆိုင်ရာ ကန့်သတ်ချက်မှ ပို၍လွတ်လပ်သည့် သဘောရှိပြီး ချုပ်နှောင်မှု ကင်းသည်။ ထို့ကြောင့် တရားစီရင်ရေးပုံစံသည် တရားစီရင်ပိုင်ခွင့် အာဏာနှင့်အတူ တစ်ဦးချင်း အလိုက် ထူးခြားမှုပိုရှိပြီး အမှုစစ်ဆေးစီရင်ခြင်းတွင် ပြစ်ဒဏ်ချမှတ်ခြင်းအဆင့်အပေါ် ထိန်းချုပ်မှု သည်လည်း ပိုမိုကျယ်ပြန့်သော သဘောတရား သို့မဟုတ် လွတ်လပ်သော တရားစီရင်ရေးကဲ့သို့ လက်တွေ့ဆန်သည့် တရားစီရင်ရေးဆိုင်ရာကိစ္စများအား ဖြည့်ဆည်းပေးသည်။ အမှုစစ်ဆေး

စီရင်ခြင်းဆိုင်ရာအပြန်အလှန်တုံ့ပြန်ဆောင်ရွက်ခြင်းသည် တရားဥပဒေအရ ရဲရင့်ရခြင်းနှင့် ထိပ်တိုက်ရင်ဆိုင်ခြင်း အခြေအနေတွင်ရှိပြီး ပြစ်ဒဏ်ချမှတ်ရာတွင် ရှည်လျားသော အမိန့်မှတဆင့် တရားသူကြီးသည် ထိခိုက်နစ်နာသူ၏ သီးခြားအလေးထားစရာကိစ္စများကို ဖြေရှင်းနိုင်သည့် သို့မဟုတ် ပြစ်ဒဏ်အတွက် ပိုမိုကျယ်ပြန့်သော လူ့အသိုင်းအဝိုင်းက လက်ခံသည့် မျှတမှန်ကန်ကြောင်းပြသခြင်း (communitarian justifications) ကို ဖော်ပြသည်။

ထို့ကြောင့် လွတ်လပ်သော နစ်ဖက်ရှေ့နေက ခုခံလျှောက်လဲရသောနမူနာသည် ပင်ကိုယ်အားဖြင့် သာမန်ရာဇဝတ်မှု စစ်ဆေးစီရင်ခြင်းများတွင် ထိခိုက်နစ်နာသူပါဝင်သည့် အတိုင်းအတာနှင့် ပတ်သက်၍ ဆင်ခြင်တုံတရားတစ်ရပ်ရပ်ကို ကျင့်သုံးရာ၌ အီတာလျံနှင့် အင်္ဂလိပ်တရားစီရင်ရေးတွင် လိုက်နာရသည့်ကျင့်ထုံးတို့ ကွဲပြားသည်ဆိုသည့် အချက်က ပြသနာမဟုတ်ပါ။ ယေဘုယျအားဖြင့် အရေးပါသော အဆုံးအဖြတ် ပေးသည့်အရာမှာ တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရား၏ အထောက်အကူကို ဖော်ပြသည့် ဆက်စပ်အကြောင်းအရာ ဖြစ်သည်။ ဤဆက်စပ်အကြောင်းအရာက တရားစီရင်ရေး၏ ဥပဒေယဉ်ကျေးမှုကိုလည်းကောင်း၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ယဉ်ကျေးမှုတို့ကိုလည်းကောင်း ထင်ဟပ်စေပြီး ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ထိခိုက်နစ်နာသူက ကြားဝင်စွက်ဖက်ခြင်း သဘောသဘာဝ နှင့် အတိုင်းအတာကို အသိအမှတ်ပြုရမည့် အခြေခံအား ပံ့ပိုးပေးသည်။ ၎င်းသည် ဆင်ခြင်ဉာဏ်ဖြင့် ချမှတ်သော ဆုံးဖြတ်ချက်များကို လွှမ်းမိုးသည့် အားကောင်းသော ဆက်စပ်အကြောင်းအရာ ဖြစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းပြုသော တည်နေရာကွဲပြားမှု အလိုက် ပြစ်ဒဏ်ချမှတ်ခြင်း ရလဒ်အပေါ် ၎င်း၏အကျိုးသက်ရောက်မှုသည်လည်း ကွဲပြားသည်။

## အကဲဖြတ်ခြင်း

အစပိုင်းတွင်ဖော်ညွှန်းထားသကဲ့သို့ Henham နှင့် Mannozzi တို့၏ အကြောင်းအရာ နှိုင်းယှဉ်လေ့လာမှု၏ ရည်ရွယ်ချက်မှာ ဥပဒေ၊ အဖွဲ့အစည်းဆိုင်ရာနှင့် အပြန်အလှန်တုံ့ပြန် ဆောင်ရွက်သော အဆင့်များအား ဆန်းစစ်လေ့လာရာတွင် အီတာလျံနှင့် အင်္ဂလိပ်တို့၏ ပြစ်ဒဏ် ချမှတ်ခြင်း၌ ထိခိုက်နစ်နာသူပါဝင်ခြင်းအတွက် ဥပဒေနှင့်မူဝါဒဆိုင်ရာ အကြောင်းအရာများအား အဓိပ္ပာယ်ပြည့်ဝသည့် နှိုင်းယှဉ်အကဲဖြတ်မှုများကို ထုတ်လုပ်ရန်ဖြစ်သည်။ ဤလေ့ကျင့်ခန်းကို ပေါင်းစပ်ထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းစဉ် တစ်ခုအတွင်းရှိ တရားစီရင်ရေးတွင် ဆင်ခြင်တုံတရားဖြင့်ချမှတ်နိုင်ခြင်းအား ကျင့်သုံးနိုင်ခြေအပေါ် ပိုမိုကျယ်ပြန့်သော ရည်မှန်းချက် အကြောင်းအရာအတွင်း၌ လုပ်ဆောင်ခဲ့သည်။ ၎င်းတွင် တရားသူကြီး/ ထိခိုက်နစ်နာသူ ဆက်နွယ်မှုများ၏ သဘောသဘာဝက ဆင်ခြင်ဉာဏ်ဖြင့် ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်ရလဒ်ကို လွှမ်းမိုးနေသည် ဆိုသည့်အချက် နှင့် (တလှည့်စီ) သီးခြားပြစ်ဒဏ်ရလဒ် လမ်းကြောင်းများထံ ဦးတည်ပုံဖော်သည့် လွှမ်းမိုးမှုအတွက် ကွဲပြားသော အကြောင်းအရာများကို အဆိုပါ ဆုံးဖြတ်ချက်များက ပံ့ပိုးပေးသည်

ဆိုသည့်အချက်ကို အသိအမှတ်ပြုခြင်း တို့ပါဝင်ပါသည်။ ထို့ကြောင့် ပြစ်ဒဏ်အတွက် မှန်ကန်ကြောင်းပြသခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းမူဝါဒနှင့် တရားစီရင်ရေးတွင် ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်းတို့အကြား ဆက်နွယ်မှုကို အသိအမှတ်ပြုသည့် ပြစ်ဒဏ်ချမှတ်ခြင်း အကြောင်း စိတ်ကူးပုံဖော်မှု တစ်ရပ်ကို မျှော်မှန်းသည်။

ထို့ကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းတွင် ထိခိုက်နစ်နာသူပါဝင်ခြင်း၏ ဖြည့်စွမ်းမှုဖြင့် ရာဇဝတ်မှု စစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ်တစ်လျှောက် ထိခိုက်နစ်နာသူ *ပေါင်းစပ်ခြင်း* အတွက် လိုအပ်ချက်တစ်ရပ်ကို အသိအမှတ်ပြုသည်။ ၎င်းတွင် ဆင်ခြင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၌ ထိခိုက်နစ်နာသူပါဝင်ခြင်းအပေါ် လွှမ်းမိုးသော ဆက်စပ်အကြောင်းအရာများကို နားလည် သဘောပေါက်ခြင်း ပါဝင်သည်။ ဤကိစ္စနှင့်ပတ်သက်၍ နှိုင်းယှဉ်လေ့လာမှုသည် အမြင် တစ်ရပ်ကို အတည်ပြုလိုဟန်တူသည်။ ထိုအမြင်မှာ ထိခိုက်နစ်နာသူ ထည့်သွင်းပေါင်းစပ်ခြင်း အတွက် မျှော်လင့်ချက်များနှင့် ပြန်လည်ထူထောင်ရေး တရားမျှတမှု မဟာဗျူဟာများ ဖွံ့ဖြိုး တိုးတက်မှုသည် ပြစ်မှုအတိမ်အနက်နှင့် ပြစ်မှုအတိုင်းအတာအပေါ် အချိုးကျနမှုရှိခြင်း တွင်လည်းကောင်း၊ ထိုက်တန်မှုအခြေခံ သဘောတရားအရ ချမှတ်ထားသော ကန့်သတ်ချက်များ အတွင်း၌လည်းကောင်း တိုးတက်လာမည်မဟုတ် ဟူသော အမြင်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းစဉ် တစ်စစီပြန့်ကျဲခြင်းသည် သီအိုရီ သို့မဟုတ် လက်တွေ့ထဲမှ တစ်ခု မဟုတ် တစ်ခုတွင် ထည့်သွင်းပေါင်းစပ်ခြင်း၏ အကြောင်းရင်း တိုးတက်လာစေရန် ထိုက်သင့်အားလျော်စွာ အနည်းငယ်လုပ်ဆောင်သည်။ ဤသို့လုပ်ဆောင်ရာတွင် ပြစ်မှုကျူးလွန်သူ သို့မဟုတ် ပြစ်မှု ကျူးလွန်မှု၏ သီးခြားအမူအကျင့်ပုံစံများကို ကိုင်တွယ်ဖြေရှင်းခြင်းအတွက် သီးခြားဖွဲ့စည်း တည်ဆောက်ပုံများ မှတဆင့် လုပ်ဆောင်သည်။ အီတာလျံ အတွေ့အကြုံက အကြံပြုသကဲ့သို့ အမှုစစ်ဆေးစီရင်ပြီး လုပ်ငန်းစဉ်ဆိုင်ရာ ချို့ယွင်းချက်များကို ကုစားရန် အခြေခံလိုအပ်ချက်ထက် ကျော်လွန်သော ပြစ်ဒဏ်ပေးခြင်းသည် ပြစ်မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံကို ဖြစ်ပေါ်စေသည်။ ၎င်းပြစ်မှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ၏ အယူအဆအားဖြင့် မှန်ကန်ကြောင်းပြသခြင်းသည် လက်ရှိ ဖော်ပြထားသည့် ပြစ်ဒဏ်ပေးခြင်း ရည်မှန်းချက်များနှင့် ထိုရည်မှန်းချက် ထည့်သွင်း ထားသော ဥပဒေစံပုံစံအတွင်း အံဝင်ခွင်ကျဖြစ်အောင်ပြုရန် မဖြစ်နိုင်ပေ။ ထိုသို့ဖြစ်ရခြင်းမှာ တရားစွဲဆိုရခြင်း၏ အားလုံးလွှမ်းခြုံသော ရည်ရွယ်ချက်များအား ပြန်လည်အကဲဖြတ်ခြင်းနှင့် ဆက်စပ်မှုမရှိဘဲ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပုံစံ ပြောင်းလဲခြင်းကြောင့် ဖြစ်သည်။

နှိုင်းယှဉ်လေ့လာမှု၏ တွေ့ရှိချက်များက ရှေ့ပြေးနည်းစနစ်ဆိုင်ရာ လေ့လာခြင်း လေ့ကျင့်ခန်း[၆၇]ကို အတည်ပြုသည်။အင်္ဂလိပ်နှင့် အီတာလျံ ပြစ်ဒဏ်ချမှတ်ခြင်း မှတ်တမ်းများ ဆန်းစစ်လေ့လာခြင်း မှတဆင့် အားကောင်းသော လုပ်ဆောင်မှုအား ဆက်စပ်အကြောင်းအရာ အလိုက် ကြည့်ရှုလေ့လာခြင်းသည် တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရား၏ အထောက်အကူ

အား ထုတ်ဖော်ပြသသည်ကို တွေ့ရှိရသည့်အခါ အတည်ပြုခြင်း ဖြစ်သည်။ ထိုသို့ထုတ်ဖော်ပြသရာ၌ တရားစီရင်ရေးဆိုင်ရာဆင်ခြင်တုံတရား၏ အထောက်အကူအား လုပ်ငန်းစဉ် ဖွဲ့စည်းသည့် အရာကို ထပ်တလဲလဲဖြစ်စေသော အရေးပါသည့် အဆုံးအဖြတ်ကဲ့သို့ မှတ်ယူသည်။ အလားတူပင် ပြစ်ဒဏ်ချမှတ်ခြင်းအကြောင်းအရာ နှိုင်းယှဉ်လေ့လာမှုအတွက် ယခုသုတေသနလေ့ကျင့်ခန်း၏ အရေးပါဆုံးရလဒ်တစ်ခုမှာ ပုံစံနှင့် ဖွဲ့စည်းတည်ဆောက်ပုံ အပေါ် ထူးခြားသည့် လုပ်ငန်းစဉ် လွှမ်းမိုးခြင်းအား ၎င်း၏ အတည်ပြုခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့ အကြံပြုထားသကဲ့သို့ ၎င်းကို ဓမ္မဓိဋ္ဌာန်ကျသော လုပ်ငန်းစဉ်တိုက်ဆိုင်စစ်ဆေးခြင်း မှတဆင့် ပြုလုပ်သည်။ တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အရည်အချင်းကို တန်ဖိုးထည့်ပေါင်းရန် စူးစမ်းရှာဖွေခြင်းအားဖြင့် ပုဂ္ဂလိကဓိဋ္ဌာန်ကျခြင်း၏ အတိုင်းအတာများကို ဖော်ထုတ်သည့် ဓမ္မဒိဋ္ဌာန်ကျလုပ်ငန်းစဉ်ဖြစ်သည်။ ဤနေရာတွင် Tamanaha[၄၈] က အခိုင်အမာဆိုထားသကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ခြင်း၏ ယေဘုယျလုပ်ငန်းစဉ်နှင့် ဆက်စပ်သည်။ စည်းမျဉ်းဦးဆောင်မှု အပြန်အလှန်လိုအပ်ချက်များနှင့် အရေးပါသော ဆင်ခြင်တုံတရားကို ဟန်ချက်ညီအောင် ထိန်းပေးသည့် တရာစီရင်ရေး၏ အတွင်းသဘောထား၏ အတိုင်းအတာနှင့် ပတ်သက်သည်။ ဤအတိုင်းပင် တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်ဉာဏ်ဖြင့် ချမှတ်သော အဆုံးအဖြတ်များသည် ဆက်စပ်မှုရှိပြီး လက်တွေ့ကျသည်။ ၎င်းတို့တွင် ပိုနှစ်သက်သော ရည်မှန်းချက်များပေါ် အခြေခံသည့် သုံးသပ်ချက်နှင့် အကဲဖြတ်ထားသော စီရင်ချက်များ ပါဝင်သည်။

လုပ်ဆောင်ချက်၏ ပြောင်းလဲနိုင်သောအင်အားကို ဆက်စပ်အကြောင်းအရာအားဖြင့် စူးစမ်းလေ့လာရာတွင် အဂလိပ်နှင့်အီတာလျံ သုတေသနက တရားစီရင်ရေးဆိုင်ရာ ဆင်ခြင်တုံတရား၏ အထောက်အကူနှင့် ထပ်တလဲလဲဖြစ်စေသည့် လုပ်ငန်းစဉ်ဆိုသည်ကို အရေးပါသော အဆုံးအဖြတ်အဖြစ် ဩဇာလွှမ်းမိုးသည့်နည်းလမ်းတို့ကို ထုတ်ဖော်သည်။ ဤသို့ ပြုခြင်းအားဖြင့် လုပ်ဆောင်ချက်ကို အဓိပ္ပာယ်ကောက်ယူခြင်းသည် အစဉ်အလာဖြစ်သော နှိုင်းယှဉ်လေ့လာမှုကဲ့သို့ ရုပ်လုံးဖော်ပြမည်မဟုတ်ပါ။ ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာမှုကို အဓိပ္ပာယ်ကျဉ်းမြောင်းစွာ ကောက်ယူသော ဥပဒေကျွမ်းကျင်ပညာရှင်များအသိုင်းအဝိုင်းကို ကျော်လွန်ကာ မတူကွဲပြားမှု စုပေါင်းရှိနေသော မျက်မှောက်ခေတ် နိုင်ငံဆီသို့ ဦးတည်ပြုလုပ်ထားသည်။ ထို့ကြောင့် ပြစ်ဒဏ်ချမှတ်ခြင်း စနစ်အကြောင်း ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာခြင်းက ဆင်ခြင်တုံတရား၏ အလေ့အထများအကြောင်း ယေဘုယျ ကောက်ချက်ချနိုင်စေသည်။ စည်းမျဉ်းထိန်းချုပ်မှုအောက်ရှိ ပြုမူလုပ်ဆောင်ပုံနှင့် တရားမျှတမှုဆီ ဦးတည်သော စံနှုန်းနှင့် အမှုတစ်ခုချင်းစီအလိုက် ပြစ်ဒဏ်များအကြားရှိ အားပြိုင်မှုများကို ထင်ဟပ်သော အလေ့အထဖြစ်သည်။

ဆက်စပ်အကြောင်းအရာလိုက် ပြစ်ဒဏ်ချမှတ်ခြင်းစနစ်အကြောင်း နားလည် သဘော ပေါက်ခြင်းအဆင့်တွင် လေ့ကျင့်ခန်းက သမားရိုးကျ နှိုင်းယှဉ်လေ့လာမှု အကြောင်းများထံ တန်ဖိုးနှင့် အဓိပ္ပာယ်ကို ကေန်ထပ်ပေါင်းသည့် နည်းလမ်းတစ်ခုအား ပံ့ပိုးပေးထားသည်။ ၎င်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ တည်နေရာကဲ့သို့ အရေးပါသော ကဏ္ဍများကို ဖော်ထုတ်ပြီး အသေး စိတ်ရှင်းပြထားသည်၊ ယင်းတို့မှာ-

- တရားစီရင်ရေးဆိုင်ရာဆင်ခြင်တုံတရား
- ပြစ်ဒဏ်နှင့်စပ်ဆိုင်သော သက်သေ
- ဂျူရီဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်အကြားကွဲပြားခြားနားချက်
- တရားသူကြီးနှင့် ဥပဒေ ကျွမ်းကျင်ပညာရှင်များအကြားဆက်နွယ်မှုများ
- ထိခိုက်နစ်နာသူ၏ဆက်စပ်ပတ်သက်မှု
- ပြစ်ဒဏ်ချမှတ်ခြင်းတွင်လူ့အသိုင်းအဝိုင်းစိုးရိမ်ပူပန်မှုများ
- ပြစ်ဒဏ်ချမှတ်ခြင်းတွင် ပွင့်လင်းမြင်သာမှုရှိခြင်း
- ဥပဒေအခြေခံမှုနှင့် စံလမ်းညွှန်ချက်၏ သက်ရောက်မှု
- လုပ်ငန်းစဉ်ဆိုင်ရာ တလွဲအသုံးပြုခြင်း တို့ဖြစ်သည်။

ယေဘုယျအားဖြင့် ဆန်းစစ်လေ့လာမှုက ကျွန်ုပ်တို့ကို ပြစ်ဒဏ်ချမှတ်ခြင်းတွင် ဆန့်ကျင်ဘက် လုပ်ထုံးလုပ်နည်းပုံစံနှစ်မျိုး၏ သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာ နှိုင်းယှဉ်မှု ကို စူးစမ်းရှာဖွေနိုင်စေပြီး၊ ပြစ်ဒဏ်ချမှတ်ခြင်းအပေါ်တွင် လုပ်ထုံးလုပ်နည်းစံများ၏ သက်ရောက်မှုကို နားလည်သဘောပေါက်မှုအား ရရှိစေသည်။ ၎င်းသည် လုပ်ငန်းစဉ်များ အတွင်း သက်ဆိုင်ရာ ဖိအားများနှင့် ယေဘုယျဖြစ်သော အဓိကအကြောင်းများ သိမြင်လာစေရန် ပံ့ပိုးပေး သည်။ အထူးသဖြင့် အီတလီတွင် ပေါင်းစပ်ထားသော တရားစီရင်ပိုင်ခွင့် ဖွံ့ဖြိုးလာစေရန် တည်ဆောက်ခြင်းမှ ဖြစ်လာသော တမူထူးခြားသည့် ပြဿနာများအား သိနိုင်သောအမြင်ကို ပံ့ပိုးပေးသည်။ နောက်ဆုံးတွင် စီရင်ပိုင်ခွင့် နှစ်ခုစလုံးအနှံ့ ထူးခြားမှုရှိသော သီးခြားပြဿနာများကို သိမြင်နိုင်စေသည်။ ၎င်းသည် စီရင်ပိုင်ခွင့်ဆိုင်ရာအဆင့်တွင် ကန့်သတ်ချက်ရှိသော စူးစမ်း လေ့လာမှုနှင့် ဝေဖန်မှုများအား ခွင့်ပြုပြီး သင့်လျော်မျှတသော အမှုစစ်ဆေးစီရင်ခြင်း ပုံစံများကို ထင်မြင်ချက်ပေးခြင်းမျိုးခွင့်ပြုသည်။ ပို၍ထူးခြားသည်မှာ နိုင်ငံတကာတွင် ပါဝင်ခြင်း ယူဆချက် က ရာဇဝတ်တရားစီရင်ရေး နည်းလမ်းကဲ့သို့ မှတ်ယူရမည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း စနစ်သည် သီးခြားအခွင့်အရေး နမူနာများနှင့် ကိုက်ညီမှုအတိုင်းအတာကို စူးစမ်းလေ့လာရန်နှင့် အဆိုပါ နမူနာများ၏ ပြည့်စုံမှုကို စစ်ဆေးရန် အရေးပါသော ရှုထောင့်အမြင် ကို ပံ့ပိုးပေးသည်။[၄၉]

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ

J. Bell, *French Legal Cultures* (London: Butterworths, 2001).

R. B. M. Cotterrell, 'Why Must Legal Ideas Be Interpreted Sociologically?' (1998) 25 *Journal of Law and Society* 171.

R. B. M. Cotterrell, 'Seeking Similarity, Appreciating Difference: Comparative Law and Communities' in A. Harding and E. Orucu (eds), *Comparative Law in the 21st Century* (London: Kluwer Academic, 2002).

A. Crawford, 'Contrasts in Victim-Offender Mediation and Appeals to Community in France and England' in D. Nelken (ed.), *Contrasting Criminal Justice: Getting from Here to There* (Aldershot: Ashgate, 2000).

M. Findlay, *The Globalisation of Crime* (Cambridge: Cambridge University Press, 1999).

M. Findlay and R. Henham, *Transforming International Criminal Justice: Retributive and Restorative Justice in the Trial Process* (Cullompton: Willan, 2005).

R. Henham, 'Theory and Contextual Analysis in Sentencing' (2001) 29 *International Journal of the Sociology of Law* 253.

R. Henham, *Punishment and Process in International Criminal Trials* (Aldershot: Ashgate, 2005).

R. Henham and M. Findlay, 'Criminal Justice Modelling and the Comparative Contextual Analysis of Trial Process' (2002) 2 *International Journal of Comparative Criminology* 162.

R. Henham and G. Mannozzi, 'Victim Participation and Sentencing in England and Italy: A Legal and Policy Analysis' (2003) 11 *European Journal of Crime, Criminal Law and Criminal Justice* 278.

J. Hodgson, 'Comparing Legal Cultures: The Comparativist as Participant Observer' in D. Nelken (ed.), *Contrasting Criminal Justice: Getting from Here to There* (Aldershot: Ashgate, 2000) 139.

P. Legrand and R. Munday (eds), *Comparative Legal Studies: Traditions and Transitions* (Cambridge: Cambridge University Press, 2003).

D. Nelken (ed.), *Comparing Legal Cultures* (Aldershot: Dartmouth, 1997).

D. Nelken, 'Legal Transplants and Beyond: of Disciplines and Metaphors' in A. Harding and E. Orucu (eds), *Comparative Law in the 21st Century* (London: Kluwer Academic, 2002).

D. Nelken and J. Feest (eds), *Adapting Legal Cultures* (Oxford: Hart Publishing, 2001).

F. Pakes, *Comparative Criminal Justice* (Cullompton: Willan, 2004).

P. Roberts, 'On Method: The Ascent of Comparative Criminal Justice' (2002) 22 *Oxford Journal of Legal Studies* 539.

R. Vogler, *A World View of Criminal Justice* (Aldershot: Ashgate, 2006).

L. Zedner, 'In Pursuit of the Vernacular: Comparing Law and Order Discourse in Britain and Germany' (1995) 4 *Social & Legal Studies* 517.

# မှတ်စုများ

၁ M. Findlay and R. Henham, *Transforming International Criminal Justice: Retributive and Restorative Justice in the Trial Process* (Cullompton: Willan, 2005)တွင် အပြည်ပြည်ဆိုင်ရာအမှုစစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ်ကိုဖွံ့ဖြိုးလာအောင်လုပ်ဆောင်ခဲ့သည်။.

၂ M. Findlay, *The Globalisation of Crime* (Cambridge: Cambridge University Press, 1999) တွင်စာရေးသူတို့ကပထမဦးစွာစစ်ဆေးခဲ့သည်။

၃ A. Norrie, 'The Limits of Justice: Finding Fault in the Criminal Law' (1996) 59 *Modern Law Review* 540; R. Henham, 'Theory, Rights and Sentencing Policy' (1999) 27 *International Journal of the Sociology of Law* 167ကိုကြည့်ပါ။

၄ R. Henham, 'Theory and Contextual Analysis in Sentencing' (2001) *29 International Journal of the Sociology of Law* 253.

၅ A. Norrie, 'From Law to Popular Justice: Beyond Antinomialism' (1996) 5 *Social and Legal Studies* 383.

၆ အမှုစစ်ဆေးသည့် အခင်းအကျင်းကိုရွေးချယ်ရခြင်းမှာ ၎င်းသည် ပြစ်ဒဏ်ပေးခြင်းနှင့်ဆိုင်သော ရည်ရွယ်ချက်များနှင့်အာဏာက ရိုးရာနည်းလမ်းများအတိုင်း ပြစ်ဒဏ်ပေးခြင်း မှတဆင့် အများ၏ ထုတ်ဖော်မှုကိုပေးသည့်စီရင်ပိုင်ခွင့်အားလုံးနှင့်သက်ဆိုင်သောစင်မြင့်တစ်ခုကိုပံ့ပိုးပေးသောကြောင့် ဖြစ်သည်။ အမှုစစ်ဆေးခြင်းမတိုင်မီ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ ထူးခြားချက်ကို အသိအမှတ်ပြုနေစဉ် စီမံကိန်း၏ အမှုစစ်ဆေးခြင်းကို ပြစ်ဒဏ်ပေးခြင်း၏သဘောတရားရေးရာနှင့် မူဝါဒရှုထောင့်များ ထုတ်သုံးခဲ့သောနေရာကို တမင်ရည်ရွယ်ကာ ရွေးချယ်ထားပြီး ပေါင်းစပ်ခြင်းနှင့် ကွဲပြားခြားနားခြင်း ပြဿနာများကို အကောင်းဆုံးစူးစမ်းရှာဖွေနိုင်သည်။

၇ ဤချဉ်းကပ်နည်းလမ်းက နားလည်သဘောပေါက်မှုလုပ်ငန်းစဉ်အတွက်အရေးပါသော နည်းပညာ ပံ့ပိုး

ပေးရခြင်းမှာ ၎င်းသည် လုပ်ငန်းစဉ်ဆန်းစစ်လေ့လာမှုတွင် သိမြင်မှုဒဿနနှင့် နည်းလမ်းဆိုင်ရာ အဆင့်နှစ်ခုစလုံးရှိလက်တွေ့လူမှုရေးအခြေအနေကဲ့သို့ ပါဝင်သည့် အကြောင်းခြင်းရာ/တန်ဖိုး နှစ်ခု၏ ခြားနားမှုကို မေးမိုန်စေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဓမ္မဓိဋ္ဌာန်ကျသော(တနည်းအားဖြင့် မည်သည့်အကြောင်းအရာဖြစ်ပျက်နေသည်နှင့်ဖြစ်ရသည့်အကြောင်းရင်းကိုဆက်စပ်ဖော်ပြခြင်း) နှင့် ပုဂ္ဂလဓိဋ္ဌာန်ကျသော(တနည်းအားဖြင့် အဓိပ္ပာယ်၏ သိမြင်မှုဒဿနဖြစ်စဉ်များနှင့် 'ဓမ္မဓိဋ္ဌာန်ကျသော' အကြောင်းခြင်းရာများ)ဖော်ပြချက်များကို ဖြစ်ပေါ်စေပြီး အကဲဖြတ်ခြင်းများကို အမှုစစ်ဆေးစီရင် ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်စံပြုခြင်းအကြောင်းနှိုင်းယှဉ်လေ့လာမှုမှတဆင့် ပံ့ပိုးပေးသည်။

[၈] R. Henham and M. Findlay, 'Theory and Methodology in the Comparative Contextual Analysis of Trial Process' (2001) (unpublished working paper).

[၉] အထူးသဖြင့် A. Giddens, *Central Problems in Social Theory* (London: Macmillan, 1979); A. Giddens, *The Constitution of Society: Outlines of a Theory of Structuration* (Cambridge: Polity, 1984) ကိုကြည့်ပါ။

[၁၀] ဆက်လက်၍ D. Layder, *Understanding Social Theory* (London: Sage, 1994) Chapter 8.

[၁၁] B. Vaughan, 'Handle with Care: On the Use of Structuration Theory within Criminology' (2000) 41 *British Journal of Criminology* 186 ကိုကြည့်ပါ။

[၁၂] Giddens (1984), note 9 above, 326.

[၁၃] 'တုံ့ပြန်လွယ်သော'ယူဆချက်ကို ရှုထောင့်အမြင်ယူဆချက်သည် ဆင်ခြင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အခြေအနေအကြောင်းများနှင့် အမှုစစ်ဆေးခြင်းလုပ်ငန်းစဉ်ထုတ်လုပ်ရန်အတွက် ၎င်းတို့၏ ပါဝင်ပတ်သက်မှုများ၌ရှိသော ပြောင်းလဲမှုများထင်ဟပ်ခြင်းကို လွန်စွာလက်ခံလိုကြောင်း သိရှိစေရန် ပုံဖော်ရေးဆွဲထားသည်။

[၁၄] ဤနေရာတွင် 'ဆက်စပ်အကြောင်းအရာ' ကို ဆန်းစစ်လေ့လာမှုအတွင်း 'လူမှုဝန်းကျင်'၊ 'လူ့အဖွဲ့အစည်း'နှင့် 'ယဉ်ကျေးမှု' စသည့် ဟောင်းနွမ်းသောယူဆချက်များကို ပိုမိုနှစ်သက်သော အဓိက ယူဆချက်တစ်ခုဖြစ်သည့်အနေဖြင့်အသုံးပြုသည်။ရာဇဝတ်တရားစီရင်ရေးတွင်ရှေ့နေလိုက်ခြင်းအတွင်းရှိ 'လူမှုဝန်းကျင်'၊ 'လူ့အဖွဲ့အစည်း'နှင့် 'ယဉ်ကျေးမှု' တို့၏ လူကဖန်တီးပြီး လွန်ကဲသော ယူဆချက်နှင့် အတူ အပြန်အလှန် ပြုမူဆောင်ရွက်မှုနှင့် 'ဆက်စပ်အကြောင်းအရာ'၏ တကယ့်အဓိပ္ပာယ်က ဆက်စပ်လေ့လာခြင်းကို မြှင့်တင်သည်။ ထို့ကြောင့် ဆက်စပ်အကြောင်းအရာ ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာခြင်း၏ ရည်ရွယ်ချက် တစ်ခုအနေဖြင့် အမှုစစ်ဆေးစီရင်ခြင်းကို စည်းမျဉ်းများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ အခြေအနေများ သို့မဟုတ် တုံ့ပြန်မှုများတွင် ကန့်သတ်မထားပါ။ အမှုစစ်ဆေးခြင်းကို ၎င်း၏ရွေးချယ်ထားသော နောက်ခံအခြေအနေ၏ ပြောင်းလဲနိုင်သော အင်အားအတွင်း ဖြစ်ပေါ်လာစေသော ဆက်နွယ်မှုအနေဖြင့် ပိုမိုကောင်းစွာနားလည်သဘောပေါက် သည်။

[၁၅] Giddens (1984), note 9 above.

[၁၆] See, further, Henham and Findlay, note 8 above.

[၁၇] B. Z. Tamanaha, *Realistic Socio-Legal Theory* (Oxford: Clarendon Press, 1997).

[၁၈] R. Henham and G. Mannozzi, 'Victim Participation in Sentencing in England and Italy: A Legal and Policy Analysis' (2003) 11 *European Journal of Crime, Criminal Law and Criminal Justice* 278.

[၁၉] D. Nelken, 'Understanding Criminal Justice Comparatively' in M. Maguire, R. Morgan and R. Reiner (eds), *The Oxford Handbook of Criminology (3rd edn)* (Oxford: Oxford University Press, 2002) Chapter 6.

[၂၀] ထို့ကြောင့် နှိုင်းယှဉ်ဆက်စပ်လေ့လာခြင်း၏နည်းလမ်းဆိုင်ရာခိုင်မာမှုကို အောက်ပါနည်းလမ်းများ အတိုင်းဆိုရမည်။

(၁) နည်းလမ်းက နိုင်ငံ့အဖွဲ့အစည်းများအတွင်း၊ အချင်းချင်းကြားနှင့် နိုင်ငံ့အဖွဲ့အစည်းများကို ကျော်လွန်၍ တစ်ခုချင်းစီ သို့မဟုတ် စုပေါင်း၍ အတိအလင်းဖော်ပြထားသော အခြေခံ လိုအပ်ချက်များ၊ ဆန္ဒများနှင့် လိုချင်မှုများနှင့် အကျိုးစီးပွါးတို့၏ လုံလောက်သောဖော်ပြချက်အတွက် တောင့်တမှုကို ကျေနပ်မှုရရှိစေသည်။

(၂) မျှတမှန်ကန်ကြောင်းသက်သေပြခြင်း၌ လုပ်ဆောင်မှုတစ်ခုတည်းအတွက်သက်သက် လိုအပ်သည် မဟုတ်ဘဲ ဆက်စပ်သည့်အရေးပါသောအရာများနှင့် သိရှိစေပြီးကို ဆင်ခြင်ဉာဏ်ဖြင့်ပြုလုပ်ရန် စေ့ဆော်သည့် တွန်းအားပေးသည့်အရာများကိုလည်း ရည်ညွှန်းသည်။

(၃) စံသတ်မှတ်ချက်နှင့်မူအရရှိနေသော နောက်ခံအခြေအနေနှင့်ပတ်သက်၍ အခြေခံကျသော လူသား ယူဆချက်များ ဖြစ်ကြသည့် အခွင့်အရေးများ၊ လူမှုဝန်းကျင် နှင့် ၎င်းတို့၏ ဖြည့်ဆည်းပေးသည့် နည်းလမ်းများ လိုအပ်သည်။

(၄) နည်းလမ်းကို ယင်း၏အနေအထားအရ လိုအပ်ချက်များအတွက် ထည့်သွင်းစဉ်းစားထားသော လူမှုရေးနောက်ခံအခြေအနေတစ်ခုချင်းစီတိုင်းအရ ခိုင်မာစေသည်။

(၅) နည်းလမ်း၏လုပ်ငန်းတာဝန်မှာ စကားရပ်များနှင့် လက်ရှိကို ဆန့်ကျင်၍မည်သည့်အရာကို ဖော်ပြသည်၊ ပြင်ဆင်ထားသည် သို့မဟုတ် သဘောတရားရေးရာ သဘောပေါက်မှု ပေါ်ထွက်လာခြင်း တို့ကို နားလည်စေရန်ဖြစ်သည်။

(၆) ကျွန်ုပ်တို့၏နည်းလမ်းအဖို့ နှိုင်းယှဉ်နိုင်သောဖော်ပြချက်များအတွက်ကိရိယာများနှင့် လူ့အမူအကျင့် ၏ ရှင်းလင်းချက်များကို လုပ်ငန်းစဉ်မှတဆင့် လိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းခြင်းအား နားလည် သဘောပေါက်ခြင်းအရာ၌ တွန်းအားပေးသည်။

[၂၁] R. Henham and M. Findlay, 'Criminal Justice Modelling and the Comparative Contextual Analysis of Trial Process' (2002) 2 *International Journal of Comparative Criminology* 162.

[၂၂] တနည်းအားဖြင့် စံနမူနာကို အဆိုပြုချက်များအား အမှုစစ်ဆေးခြင်းအတွင်း ဆုံးဖြတ်ချက် ချမှတ်ခြင်း၏ သတ်မှတ်ထားသော အကြောင်းအရာများကို တိုက်ဆိုင်စစ်ဆေးခြင်းမှတဆင့် စစ်ဆေး ရန်နှင့် အတည်ပြုရန် ပုံဖော်ရေးဆွဲထားသည်။ အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှုရှိပြီး အပြန်အလှန် မှီတည်သော လူမှုလုပ်ငန်းစဉ်ကဲ့သို့ နမူနာပုံစံငယ် အကြောင်းအရာတိုင်း၏ လေ့လာဆန်းစစ်ချက်ကို အမှုစစ်ဆေး စီရင်ခြင်းအကြောင်း နားလည်သဘောပေါက်မှုတစ်ခုလုံးတွင် ရှုထောင့်အမျိုးမျိုး ထပ်ပေါင်း သည်။

[၂၃] For example, J. Bell, *French Legal Cultures* (London: Butterworths, 2001).

[၂၄] Ibid., 22.

[၂၅] Henham, note 4 above, 272.

[၂၆] Henham and Findlay, note 21 above.

[၂၇] ဤခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာခြင်း ချဉ်းကပ်နည်းလမ်းများထဲက မည်သည့်နည်းလမ်းက ပိုမိုနှစ်သက်သည်ဖြစ်စေ ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာခြင်းပြုလုပ်ရန် ကနဦးအကြောင်းရင်းများ၏ ဆုံးဖြတ်ချက်အပေါ် မူတည်ပါလိမ့်မည်။ ယင်းတို့မှာ-

(၁) ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် မူဝါဒနှင့်စပ်လျဉ်းသောအယူအဆများကို လက်တွေ့ စမ်းသပ်ရန်

(၂) စံသတ်မှတ်ထားသော နမူနာကို အမှုစစ်ဆေးစီရင်ခြင်းကို 'သိခြင်း'အတွက် ပိုမိုနှစ်သက်သော သဘောတရားရေးရာမူဘောင်ကဲ့သို့ အသုံးချရန်

(၃) အမှုစစ်ဆေးစီရင်ခြင်း၏ စိတ်ကူးမပွေ့ပေါက်မှီယူဆချက်များအတွက် တရားဝင်ခိုင်မာမှုအချို့ ပံ့ပိုးပေးရန်နှင့် အမှုစစ်ဆေးစီရင်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အဓိပ္ပာယ်ပြည့်ဝသော ယေဘူယျဆန် နှိုင်းယှဉ်လေ့လာခြင်းကိုပြုရန် (ဤနည်းအားဖြင့်မတူညီသော လုပ်ငန်းစဉ်များတွင် ကွဲပြားခြားနားမှုများကို စူးစမ်း ရှာဖွေသည်)

(၄) အမှုစစ်ဆေးစီရင်ခြင်းနောက်ခံအခြေအနေ၏ ပုဂ္ဂလဓိဋ္ဌာန်ပိုကျသော (သို့မဟုတ် တန်ဖိုးကို ဦးတည်သော) အကဲဖြတ်စနစ် ၏ထည့်သွင်းစဉ်းစားခြင်းအပေါ်တွင် ဓမ္မဓိဋ္ဌာန်ကျမှုအချို့ချမှတ်ရန်

(၅) ဆုံးဖြတ်ချက်ချမှတ်ရာတည်နေရာအတွင်း ပါဝင်မှုအဆင့်များ၊ ၎င်းတို့၏ကွဲပြားသော နောက်ခံအခြေအနေများနှင့် ရလဒ်များကိုနားလည်သဘောပေါက်ရန်အတွက် တစ်ဦးချင်း ဆုံးဖြတ်ချက်များထံ ချဉ်းကပ်ခြင်း၊ စိတ်ဝင်စားမှုအဆင့်ကို မြင့်ရာမှာနိမ့်ရာအဆင့်များသို့ ရွှေ့ရန် (Henham and Findlay, note 8 above).

[၂၈] ရလဒ်သည်နောက်ခံအခြေအနေ တိုက်ဆိုင်စစ်ဆေးခြင်းမှတဆင့် ထွက်ပေါ်လာသည့် အမှီအခို ကင်းသော ပေါင်းစပ်မှုအမျိုးမျိုးအပေါ် မူတည်နေသောကြောင့် ပြဋ္ဌာန်းခံဝါဒ သဘောတရားနှင့် မတူပါ။

[၂၉] အမှုစစ်ဆေးခြင်းဆုံးဖြတ်ချက်များ ဆန်းစစ်လေ့လာခြင်းစံနမူနာက ညွှန်ပြသည့်အတိုင်း အဆိုပါ သဘာဝတရားကဲ့သို့ အပြန်အလှန်အကျိုးပြုခြင်းသည် စံသတ်မှတ်ချက်၊ အဖွဲ့အစည်းဆိုင်ရာနှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်သော ပတ်ဝန်းကျင်များပါဝင်သော ဆန်းစစ်လေ့လာခြင်းအဆင့်များကို ခွင့်ပြုရန် ဖြစ်သည်။

[၃၀] S. Sarantakos, *Social Research* (Basongstoke: Macmillan, 1993).

[၃၁] W. Twining, 'Narrative and Generalizations in Argumentation about Questions of Fact' (1999) 40 *South Texas Law Review* 351–65.

[၃၂] B. Bix, 'H L A Hart and the "Open Texture" of Language' (1991) 10 *Law and Philosophy* 51.

[၃၃] I. Parker, *Discourse Dynamics* (London: Routledge, 1992).

[၃၄] W. L. Bennett and M. Feldman*, Reconstructing Reality in the Courtroom* (New Brunswick, NJ: Rutgers University Press, 1981), cited and discussed in T. Anderson and W. Twining, *Analysis of Evidence* (London: Weidenfeld and Nicolson, 1991) 170.

[၃၅] အမှန်တကယ်တွင် ၎င်းသည် အမှုစစ်ဆေးစီရင်ဆုံးဖြတ်ခြင်း၏ အဓိပ္ပာယ်ကိုပြန်လည် ဖွင့်ဆိုမှု (ဆုံးဖြတ်ချက်တစ်ခုကို အခြားတစ်ခုအပေါ် တည်ဆောက်ခြင်း) သာလျှင်ဖြစ်သည်။

[၃၆] B. S. Jackson, *Law, Fact and Narrative Coherence* (Roby: Deborah Charles Publications, 1988.

[၃၇] See, for example, D. Sudnow, 'Normal Crimes: Sociological Features of the Penal Code in a Public Defender Office' (1965) 12 *Social Problems* 255.

[၃၈] Findlay and Henham, note 1 above, Chapter 3.

[၃၉] Henham and Findlay, note 8 above.

[၄၀] Findlay and Henham, note 38 above.

[၄၁] Henham and Mannozzi, note 18 above.

[၄၂] မျှတသောအမှုစစ်ဆေးခြင်း၏သွင်ပြင်လက္ခဏာကဲ့သို့ အထူးအားဖြင့် ဝင်ရောက်ကြည့်ရှုကာ အမှုစစ်ဆေးစီရင်ခြင်းက ပံ့ပိုးပေးသည့် ကန့်သတ်ချက်ရှိသော တရားစီရင်ရေးရလဒ်များကို ဝေဖန်စစ်ဆေးခြင်းနှင့် ထိခိုက်နစ်နာသူအကျိုးကိုထင်ဟပ်စေရန်မည်ကဲ့သို့ ပြောင်းလဲနိုင်သည်ကို အကြံပြုသည်။

[၄၃] ဤသည်ကို Findlay and Henham, note 1 above, Chapter 6. တွင်အသေးစိတ်ရှင်းပြထားသည်။

[၄၄] ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်သကဲ့သို့ ထိခိုက်နစ်နာသူများသည် အပြည့်အဝပါဝင်သင့်ပြီး ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် ထူးခြားသော ထည့်ဝင်မှုရှိသည့် လက်ခံနိုင်သောအမြင်ကို ထင်ဟပ်စေရန် ပေါင်းစပ်ထားသော ဆုံးဖြတ်ချက်ချမှတ်ခြင်းယူဆချက်ကို ဖော်ပြထားသည်။

[၄၅] ထိခိုက်နစ်နာသူသည် ရာဇဝတ်မှုလုပ်ငန်းစဉ် အစောပိုင်းအဆင့်များတွင် ဝင်ရောက်စွက်ဖက် နိုင်ကြောင်း မှတ်သားသင့်သည်၊ ဥပမာ- ၁၉၈၉ခုနှစ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အပိုဒ် ၉၀ တွင် ထိခိုက်နစ်နာသူ၏သက်သေတင်ပြပိုင်ခွင့်နှင့် စွပ်စွဲခံရသူအပေါ်စွဲတင်ထားသောစွဲချက်ပယ်ဖျက်ခြင်း အတွက်တင်ပြမှုတစ်ခုခုကို ကန့်ကွက်ပိုင်ခွင့်ရှိသည်။ ထိခိုက်နစ်နာသူအတွက်သီးခြားလွတ်လပ်သော အခွင့်အရေးများတည်ရှိနေမှုသည် အမှုစစ်ဆေးစီရင်ခြင်းနှင့် ပြစ်ဒဏ်အတွက်ပြနိုင်သော သက်သေ၏ သဘောသဘာဝနှင့် အရည်အချင်းအပေါ်ကြေနပ်လွှမ်းနိုးမှုရှိသော်လည်း လုပ်ထုံးလုပ်နည်းစနစ်နှင့် အမှုစစ်ဆေးစီရင်ခြင်းတွင် ထိခိုက်နစ်နာသူပါဝင်ခြင်းကိုအားလျော့စေသည် တရားစီရင်ရေး ယဉ်ကျေးမှုက ကောင်းမွန်သောအကျိုးသက်ရောက်မှုကို ချိန်ညှိသည်။

[၄၆] ဥပမာအားဖြင့် အဂလန်၏ခေတ်မီသောကာလအစောပိုင်းတွင် ပြစ်ဒဏ်ချမှတ်ခြင်းကိစ္စရပ်များတွင် အမှုစစ်ဆေးစီရင်နေစဉ်ကာလနှင့် စီရင်ပြီးကာလနှင့် တရားသူကြီးနှင့် ဂျူရီတို့အကြား ကွာခြားမှုနည်းပါးသည်။ J. H. Langbein, *The Origins of Adversary Criminal Trial* (Oxford: Oxford University Press, 2003) 57. ကိုကြည့်ပါ။

[၄၇] See Henham and Findlay, note 8 above.

[၄၈] See Tamanaha, note 17 above, 240.

[၄၉] ဆက်လက်၍ M. Findlay, 'Internationalised Criminal Trial and Access to Justice' (2002) 2 *International Criminal Law Review* 237; R. Henham, 'Conceptualising Access to Justice and

Victims' Rights in International Sentencing' (2004) 13 *Social and Legal Studies* 27. ကိုကြည့်ပါ။

# အခန်း (၆)
# နှိုင်းယှဉ်လေ့လာမှုအခြေပြုဥပဒေ

Geoffrey Wilson

## နိဒါန်း

ဥပဒေပညာလေ့လာမှု၏ မှတ်သားစရာ အကောင်းဆုံး သွင်ပြင်လက္ခဏာများထဲမှ တစ်ခုမှာ ဥပဒေပညာရေးလမ်းကြောင်းမှဖြစ်စေ၊ ဥပဒေလေ့လာမှုနည်းလမ်းမှဖြစ်စေ ပြည်တွင်းကို အလွန်အမင်း မျက်နှာမူခြင်းပင်ဖြစ်သည်။ နှိုင်းယှဉ်ဥပဒေကိုပင် ပြည်တွင်း ဥပဒေလေ့လာမှု၏ တိုးချဲ့မှုတစ်ရပ်အနေဖြင့် ရှုမြင်ခြင်းထက် မပိုပါ။ နိုင်ငံရပ်ခြားနှင့် အခြား ဥပဒေစနစ်ကို ကြည့်ခြင်းအားဖြင့် လေ့လာသူ၏ ပြည်တွင်းဥပဒေစနစ် အကျိုးရှိစေရန် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုချက်များပေးခြင်း ကိုလည်းကောင်း၊ ဖြစ်နိုင်ခြေအခက်အခဲများကို ကြိုတင်သတိပေးခြင်း ကိုလည်းကောင်း၊ အစီအစဉ်၏ ပထမနေရာ၌တည်ရှိနေမှုမှ ဖယ်ရှားမည် မဟုတ်သော်လည်း မိမိ၏ပြည်တွင်း ဥပဒေစနစ်ကို ဓမ္မဓိဋ္ဌာန်ကျကျ ကြည့်နိုင်ရန်နှင့် ၎င်းကိုပိုမိုဝေဖန်ဆန်းစစ်နိုင်ရန် အခွင့်အလမ်းတစ်ရပ် ပေးခြင်းကိုလည်းကောင်း မျှော်လင့်ခဲ့ကြသည်။ ပြည်တွင်းဥပဒေစနစ်တွင်းသို့ ၎င်းတို့ဆောင်ယူလာသော အကျိုးကျေးဇူးများအရ နှိုင်းယှဉ်လေ့လာမှုများသည် ကောင်းမွန်မှန်ကန်သည်ဟု ဆိုကြသည်။ အချို့နေရာများတွင် အကြောင်းရင်းအား လွယ်ကူစွာတွေ့မြင်နိုင်သည်။ အခြားသောစနစ်တွင် ပေါက်ဖွားခဲ့သော ဖွဲ့စည်းပုံအခြခံဥပဒေနှင့် ကိုဋ်ဥပဒေကို လက်ခံကျင့်သုံးသောနိုင်ငံများတွင် ဥပဒေပညာရှင်များက ယင်းစနစ်ဖွံ့ဖြိုးတိုးတက်လာပုံနှင့် မူလအစပြုရာနေရာ၌ ဖွံ့ဖြိုးတိုးတက်လာပုံကို နှိုင်းယှဉ်ကြည့်သည်မှာ သဘာဝကျသည်။ ဤသည်ကို အထူးသဖြင့်  လက်တွေ့လုပ်ငန်းတွင် ဥပဒေပညာရှင်များက အဓိကအစိတ်အပိုင်းအဖြစ် ပါဝင်ရမည့်စနစ်များတွင် အသုံးပြုသည်။ ထိုစနစ်တွင် တရားရုံးများသည် ဥပဒေမူသဘောတရားကို အထူးဂရုစိုက်ပြီး ပညာရှင်များက ဥပဒေမူသဘောတရား၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းစစ်လေ့လာမှုအတွက် အဓိကတာဝန်ရှိသည်။ မူသဘောတရားသည် အဓိက အခန်းကဏ္ဍမှ ပါဝင်သည့်အခါ အခြားတနေရာတွင် ၎င်းဖွံ့ဖြိုးတိုးတက်လာပုံအား တွေ့မြင်လိုစိတ်ကို မူသဘောတရားသည် သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်လာသည်ဆိုသည့် အယူအဆဖြင့် ထောက်ခံနေသည်။ တစ်နည်းအားဖြင့် အချိန်နှင့်နေရာတိုက်ဆိုင်မှု အပေါ်မူတည်မနေဘဲ ဖွံ့ဖြိုးတိုးတက်လာသည်ဟု ဆိုလိုရင်းဖြစ်သည်။ သို့သော်လည်း ဥပဒေမူသဘောတရားအား လက်တွေ့စမ်းသပ်ခြင်းသည်  ရုံဖန်ရံခါ အခြားတစ်နေရာရှိ သိပ္ပံနည်းလမ်းကျခြင်း အယူအဆနှင့် ထပ်တူမကျပေ။ ဥပဒေမူသဘောတရားများသည် လက်တွေ့တွင် မည်သည့်အကျိုးသက်ရောက်မှုရှိပုံ၊ ဥပဒေနှင့် ဥပဒေစနစ်သည် ၎င်းရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာများကို မည်ကဲ့သို့ ထိထိရောက်ရောက်ဖြေရှင်းနေပုံ သို့မဟုတ် ရလဒ်များအားဆုံးဖြတ်ရာ၌ ပါဝင်နေသော အခြားအကြောင်းရင်းခံများကို တွေ့မြင်ရန် လက်တွေ့

ကျကျ စမ်းသပ်ထားသည်ဆိုသည့် အမြင်ဖြစ်သည်။ ဥပဒေနှင့် ဥပဒေစနစ် ကြုံတွေ့ရသည့် ပြဿနာရပ်များတွင် ပညာရပ်ဆိုင်ရာ ပြဿနာတင်မက ၎င်း၏ နောက်ကွယ်တွင်ရှိသော လူမှုရေး နှင့် စီးပွားရေးစသည့် ကြုံတွေ့နေရသော ပြဿနာများကို တွေ့မြင်ရန်လည်း ပါဝင်ပါသည်။

သို့ရာတွင် မိမိ၏ကိုယ်ကျိုးအတွက် အခြားစနစ်များကိုကြည့်ရှုခြင်းအား အယူအဆ အခြေပြု စနစ်များတွင် ကန့်သတ်မထားပါ။ အင်္ဂလိပ်ရိုးရာဥပဒေစနစ် ကျင့်သုံးသည့်နိုင်ငံ၏ အမှုများကို အခြားနိုင်ငံတရားရုံးများက ကိုးကားနေခြင်းနှင့် ပညာရှင်များက အခြား အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်ကျင့်သုံးသောနိုင်ငံများရှိ မိမိကျွမ်းကျင်ရာ နယ်ပယ်ဖွံ့ဖြိုးတိုးတက်မှုကို စိတ်ဝင်စား ကြောင်းပြသခြင်းတို့သည် အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်ကျင့်သုံးသော နိုင်ငံအချင်းအချင်းကြား တွင်ပင် ဖြစ်ပေါ်ခဲ့သည်။ ၎င်းသည် အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်ကျင့်သုံးသည့် အခြားနိုင်ငံများက လုပ်ဆောင်ပြီးသောအလုပ်များကို ကြည့်ရှုရန်အသင့် ဖြစ်နေသည့် ဗြိတိန်နိုင်ငံ ဥပဒေကော်မရှင် ကဲ့သို့သော ဥပဒေပြုပြင်ပြောင်းလဲရေးအဖွဲ့များ၏ ထူးခြားသည့် သွင်ပြင်လက္ခဏာ ဖြစ်သည်။

ဤရှုထောင့်မှကြည့်လျှင် နှိုင်းယှဉ်ဥပဒေလေ့လာခြင်းသည် ပြည်တွင်းအသွင်ပြင်နှင့် လက်တွေ့ကျခြင်း နှစ်ခုစလုံးဖြစ်သည်။ ၎င်း၏ရည်ရွယ်ချက်မှာ ဒေသတွင်းရှိ ပြည်တွင်းစနစ်ကို လက်တွေ့အကျိုးပြုနိုင်ရန်ဖြစ်သည်။ အခြားနေရာများတွင် ဥပဒေကိုနှိုင်းယှဉ်လေ့လာခြင်းသည် နိုင်ငံတကာ ရှုထောင့်မျိုးပိုမိုပါရှိသည်။ ထိုအရာသည် မတူညီသော ဥပဒေစနစ်များမှ ပညာရှင် အဖွဲ့များနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်နေသူများက ဘုံပြဿနာအတွက် ဖြေရှင်းမည့် ဘုံ နည်းလမ်းကို ရှာဖွေရန် အတူတကွ အလုပ်လုပ်ကြသည့် အခါတိုင်းတွင် ဖြစ်ပေါ်လာတတ်သည်။ ဤနေရာတွင် ဥပဒေစနစ်မတူညီသည့် နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်သောကြောင့် နယ်ပယ်က ပိုမိုကျယ်ပြန့်နေသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဖြစ်မြောက်အောင် ပံ့ပိုးပေး မှုတွင် စီရင်ပိုင်ခွင့်ပြဿနာနှင့် ဥပဒေရွေးချယ်မှုပြဿနာများ တစ်နည်းအားဖြင့် ဥပဒေ အချင်းချင်း ပဋိပက္ခဖြစ်မှုကို လျှော့ချရန်ဆန္ဒသည် ဤကဲ့သို့သော နှိုင်းယှဉ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကစေ့ဆော်မှုတစ်ရပ် ဖြစ်ခဲ့သည်။ ၎င်းစီရင်ပိုင်ခွင့်နှင့် ဥပဒေရွေးချယ်မှု ပြဿနာများသည် ဥပဒေစနစ်တစ်ခုထက် ပိုမို၍ဆက်နွယ်မှုရှိစေသည့် အဖြစ်အပျက်များ သို့မဟုတ် ကုန်သွယ် လွှဲပြောင်း ဆောင်ရွက်မှုများမှ ဖြစ်ပေါ်လာသည်။ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေများ အချင်းချင်းသဟဇာတဖြစ်မှုသည် ဒေသဆိုင်ရာလုပ်ငန်းတွင် အလားတူအမျိုးအစား အတွက် သိသာထင်ရှားသော ဥပမာတစ်ခု ဖြစ်လျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများ၏ တရားရုံးများတွင် တိုက်ရိုက်ကျင့်သုံးနိုင်မည့် ဘုံလူမှုအသိုက်အဝန်း ဥပဒေကို ရေးဆွဲရာတွင် မတူသော ဥပဒေစနစ်များနှင့် မတူသောဥပဒေထုံးတမ်းစဉ်လာများမှ ရှေ့နေများ အတူတကွ ပူးပေါင်း ပါဝင်ကြသည်။ ဤသည်က ဥရောပသမဂ္ဂ အဖွဲ့ဝင်ဖြစ်မှုကို တိုက်ရိုက်သက်ရောက်မှု မရှိနိုင်သည့် နယ်ပယ်များဖြစ်သည့်တိုင် ပြစ်မှုဆိုင်ရာကျင့်ထုံး၊ ရဲ၏အခန်းကဏ္ဍ၊ တရားစီရင်ရေးစနစ်ရှိ ဥပဒေအရာရှိများနှင့် တရားသူကြီးများ၊ ဆက်စပ်အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်နှင့် ရောမ-ဂျာမန် ဥပဒေစနစ်များတွင် ကျင့်သုံးသော လျှောက်လဲပုံစနစ်အပြင် စုံစမ်းစစ်ဆေးမေးမြန်းသည့်

စနစ်တို့၏ အားသာချက်နှင့်အားနည်းချက်များ စသည့် အချို့ကိစ္စရပ်သည် အခြားအဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေစနစ်များတွင် ပိုမိုအကျိုးရှိမှု ဖြစ်စေနိုင်သည်။ သို့သော် ပညာရှင်များ၏ ရောမ-ဂျာမန်ဥပဒေစနစ် နှင့် အင်္ဂလိပ်ရိုးရာဥပဒေစနစ်ကြားရှိ စည်းဘောင်ကို ကျော်လွန်လေ့လာလိုသော စိတ်ဆန္ဒမှာ ထူးထူးခြားခြား ကြီးမားမှုမရှိကြောင်း ယေဘုယျအားဖြင့်ဝန်ခံရမည်။ ရောမ-ဂျာမန် ဥပဒေစနစ်မှ ပညာရှင်များက ၎င်းတို့၏ အယူအဆအခြေပြု စနစ်တည်ဆောက်ပုံထက် ကျော်လွန်ကြည့်ရှုရန် အခက်အခဲတွေ့ရှိသည်။ အင်္ဂလိပ်ရိုးရာဥပဒေစနစ်မှ ပညာရှင်များကို သက်ဆိုင်ရာဘာသာစကား အသိပညာ မလုံလောက်မှုက မကြာခဏ ဟန့်တားနေသေးသည်။ အားလုံးသည် အချိန်မလုံလောက်မှုနှင့် ပို၍အရေးတကြီးနှင့် ချက်ချင်း လုပ်ဆောင်ရမည့် ပန်းတိုင်နှင့် လုပ်ငန်းတာဝန်များဟု မြင်သည့်အရာကို ဖြည့်ဆည်းရန် လိုအပ်နေမှုမှ ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုများကို ခံစားရသည်။ ဥရောပသမဂ္ဂက လုပ်ဆောင်သော Erasmus နှင့် Socrates အစီအစဉ်ကဲ့သို့သော စနစ်မျိုးတွင် စနစ်နှစ်ခုကြားရှိ ရုပ်ပိုင်းဆိုင်ရာစည်းဘောင်ကို ပညာရှင်များထက် ကျောင်းသားများက ပိုမိုကျော်ဖြတ်နိုင်ခဲ့သည်။

သို့သော် နှိုင်းယှဉ်လေ့လာမှုသည် နိုင်ငံတကာသွင်ပြင်လက္ခဏာ ပိုမိုရှိသည့်တိုင် ၎င်းတွင် ရှိရန်ရည်ရွယ်ထားသည့် တိုက်ရိုက်အကျိုးသက်ရောက်မှုဖြင့် ကောင်းမွန် မှန်ကန်ကြောင်းကို ပြသရသေးသည်။ ၎င်းကအပြည်ပြည်ဆိုင်ရာဖြစ်ခြင်းမှာ ဥပဒေကျင့်သုံးမှု နယ်ပယ်အချို့သည် အပြည်ပြည်ဆိုင်ရာဥပဒေဖြစ်ခြင်းနှင့် လက်တွေ့ ကျင့်သုံးသည့် ဥပဒေနယ်ပယ်အချို့က အပြည်ပြည်ဆိုင်ရာ သွင်ပြင်လက္ခဏာဆောင်ခြင်း တို့ကြောင့် ဖြစ်သည်။ သို့သော် အခြားသော ဓလေ့ထုံးတမ်းတစ်ရပ်က ရှိနေသေးသည်။ ၎င်းသည် ဥပဒေလက်တွေ့ကျင့်သုံးမှုတွင် မြစ်ဖျားခံခြင်းမရှိ သို့မဟုတ် ၎င်း၏ အဓိကရည်ရွယ်ချက်သည် ဥပဒေ စနစ်တရပ်ရပ်ရှိ ဥပဒေအပေါ် လက်တွေ့တိုက်ရိုက် အကျိုးသက်ရောက်မှုမရှိ နေသည့် ဓလေ့ထုံးတမ်း ဖြစ်သည်။ ၎င်းတို့အစား ယင်း၏ ရေသောက်မြစ်က ဥပဒေ လေ့လာမှုတွင်ရှိသည်။ အကယ်၍ ဥပဒေ လေ့လာမှု ကိုယ်တိုင်က ပြည်တွင်းဥပဒေစနစ်၏ လက်တွေ့ကဏ္ဍနှင့်သာ ပတ်သက်လျှင် ဥပဒေ လေ့လာမှု တွင်ရှိသော ရေသောက်မြစ်က ၎င်း၏သွင်ပြင်လက္ခဏာ၊ နယ်ပယ်နှင့် ဦးတည်ရာ လမ်းကြောင်းကို ပြောင်းလဲရန် မလိုအပ်ဟုဆိုရမည်။ ဤသည်ကို ဥပဒေပညာရှင်များက အရေးပါ၍ တိုက်ရိုက်ပါဝင်ရသောစနစ်များတွင် အထူးသဖြင့်ကျင့်သုံးသည်။ သို့သော်လည်း လေ့လာမှုက ပုံစံတစ်မျိုးတည်းသာရှိသည် မဟုတ်ပါ။ ဗြိတိန်နိုင်ငံတွင် ပုဂ္ဂလိကဆိုင်ရာဥပဒေ၏ သင့်လျော်သော အကြောင်းအရာကိစ္စနှင့် နယ်နမိတ်ကို သတ်မှတ်ရန် ကိုဒ်ဥပဒေ မရှိခြင်းအပြင် အများဆိုင် ဥပဒေလေ့လာရာတွင် သင့်လျော်သည့် အခြေခံအုတ်မြစ်များနှင့် အကန့်အသတ်များ သတ်မှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသည့်အခါ၊ ဥပဒေကို အဓိပ္ပာယ် ရှင်းလင်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုသည့် ဝန်ထုပ်ဝန်ပိုးကို ဥပဒေပညာရှင်အစား ဥပဒေပြုအဖွဲ့နှင့် တရားသူကြီးတို့ကသာ အဓိက ထမ်းဆောင်ထားရသည့် အခါ၊ တက္ကသိုလ်ဘွဲ့ဒီဂရီများသည် အသက်မွေးဝမ်းကျောင်း အရည်အချင်းအတွက်သာ သဘောထားသည့်အခါနှင့် တက္ကသိုလ်များက

စာမေးပွဲများ ပြုလုပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အမှတ်သတ်မှတ်ခြင်းကို လည်းကောင်း မိမိသဘောဖြင့်သာပြုလုပ်ရသည့်အခါ၊ ဥပဒေသင်ကြားရေးတွင် မည်သည့် အကြောင်းအရာများ ပါဝင်သင့်သည်နှင့် မည်ကဲ့သို့ စုစည်းသင့်သည်များ၌ လွတ်လပ်မှုအတိုင်းအတာသည် ကြီးမား ကျယ်ပြန့်သည်။ သို့ရာတွင် ဤလွတ်လပ်မှုကို ဥပဒေကျောင်းအားလုံးက အပြည့်အဝရယူသည် မဟုတ်ကြောင်းနှင့် ကျောင်းသားများ ကိုယ်တိုင်က ၎င်းတို့ဆရာနှစ်သက်မည့် အရာထက် မည်သည်က သက်ဆိုင်သည်ဆိုသည်ကို ပိုမိုကျဉ်းမြောင်းသော အမြင်ဖြင့်သာ ပြုကြကြောင်းကို ဝန်ခံရပေမည်။ ကျောင်းသားတို့က ရွေးချယ်ခွင့်ရခဲ့လျှင်တောင်မှ ၎င်းတို့၏ ရွေးချယ်မှုသည် လက်တွေ့လုပ်ကိုင်နိုင်ခြင်းကို ဦးတည်မည့် သို့မဟုတ် ပို၍ဆိုးသည်မှာ ရေတိုကာလကိုသာ ကြည့်ရှု၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နောက်တစ်ဆင့် စာမေးပွဲများအတွက် အထောက်အကူ ဖြစ်စေမည့် သို့မဟုတ် ပထမဆုံး အလုပ်လျှောက်ချိန်တွင် အနာဂတ် အလုပ်ရှင်က သဘောကျ စေနိုင်မည့် သို့မဟုတ် ဥပဒေအကျိုးဆောင်လုပ်ငန်းနေရာတွင် အလုပ်သင်ကာလ အမြန်ပြီးဆုံး စေနိုင်မည့် ဘာသာရပ်များရွေးချယ်ရယူမှုအတွက် စိတ်ဖိစီးမှုမျိုး မကြာခဏ ခံစားရသည်။ ထိုကဲ့သို့ စိတ်ဖိစီးမှု ရင်ဆိုင်နေရချိန်တွင် ဥပဒေကျောင်း၌ ၎င်းတို့ကိုယ်တိုင် ၎င်းတို့အတွက် ချမှတ်ခဲ့သောအခြေခံအုတ်မြစ်နှင့် ရရှိခဲ့သော ကျွမ်းကျင်မှုများ၊ ရှုထောင့် အမြင်များနှင့် သဘောထားတို့က ၎င်းတို့၏ တစ်ဘဝစာအတွက် အတိုင်းအတာတစ်ခု အထိကျန်ရှိ နိုင်သည် ဆိုသည့်အချက်ကို ယုံကြည်လက်ခံလာစေရန် စည်းရုံးရခြင်းသည် အတော်ပင်ခက်ခဲပါမည်။ ဤကျွမ်းကျင်မှုများ၊ ရှုထောင့်အမြင်နှင့် သဘောထားတို့သည် အနည်းဆုံး ကျောင်းသားအဖြစ် စတင်သော လက်ရှိအခြေအနေတွင် တက္ကသိုလ်ပညာ သင်ခွင့်သည် ဘဝတွင် တစ်ကြိမ်သာ ပေါ်နိုင်သောအခွင့်အရေးကဲ့သို့ လုပ်ငန်းခွင်အတွက် သာမကဘဲ ၎င်းတို့၏ ဘဝရှင်သန်မှု များအတွက်ပါ ပံ့ပိုးပေးပါလိမ့်မည်။ လုပ်ငန်းခွင်ရောက်ပြီးနောက်မှ ပေးသော မွမ်းမံ ဘာသာရပ်များ (refresher course) သည် လုပ်ငန်းခွင်မဝင်မီ တက္ကသိုလ်ကပေးသော မွမ်းမံဘာသာရပ်နှင့် အကြောင်းအရာကို ပြန်ရှင်းပြခြင်းမျိုးမဟုတ်ဘဲ ကျောင်းသားများကို ဥပဒေ၏ နည်းပညာဆိုင်ရာ ရှုထောင့်အသစ်နှင့် ယင်း၏ကျင့်သုံးပုံကို ခေတ်နှင့်အညီမွမ်းမံ၍ ရှင်းပြပေးမှု ပါဝင်သည်။

# ကိုလံဘီယာလက်တွေ့စမ်းသပ်မှု-နှိုင်းယှဉ်လေ့လာသူ၏ ချဉ်းကပ်နည်း

ဥပဒေလက်တွေ့ကျင့်သုံးမှုဆိုင်ရာနှင့် ဆက်နွယ်သည်ဟု မြင်ရသည့် ဥပဒေ လေ့လာမှု အကြောင်းအရာများအပေါ် ဆက်လက်အလေးထားရသော နယ်ပယ် ဖြစ်နေသည့်အခါ ၎င်း၏ နယ်ပယ်နှင့် ဦးတည်ရာကို ပြောင်းလဲရန်အတွက်၊ ဘာသာရပ်အတွင်း လေ့လာရမည့် နယ်ပယ်အား ပြန်လည်သတ်မှတ်ရန်အတွက်၊ ၎င်းနယ်ပယ်ထဲသို့ ပိုမိုကျယ်ပြန့်သည့် လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာဖြစ်ရပ်မှန်ကို ထည့်သွင်းမိတ်ဆက်ရန်အတွက် အခွင့်အလမ်းပိုမိုရှိနိုင်သည် ဆိုသည့် အချက်က အယူအဆအခြေပြု မဟုတ်သော ပိုမိုလက်တွေ့ဆန်သည့် အင်္ဂလိပ်ရိုးရာ ဥပဒေ

လေ့လာမှု၏ အားသာချက်များထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ဥပမာကောင်း တစ်ခုမှာ ၁၉၂၀ ခုနှစ်များတွင် နယူးယောက်ရှိ ကိုလံဘီယာတက္ကသိုလ် ဥပဒေကျောင်းတွင် လုပ်ဆောင်ခဲ့သော ကိုလံဘီယာ လက်တွေ့ စမ်းသပ်မှု ဟုခေါ်ဆိုသည့် စမ်းသပ်မှုပင် ဖြစ်သည်။ ၎င်းသည် သင်ရိုးညွှန်းတမ်း ပြင်ဆင်ခြင်းကို ဗဟိုပြုသည်။ Langdell (မူသဘောတရား အသစ်များကို ထွက်ပေါ် လာစေသည့် ယခင်အမှုများကို အလေးထား သင်ကြားသည့်နည်းစနစ်) သင်ကြားနည်းစနစ်ကို ဆက်လက်ကိုင်စွဲကာ ရှေ့နေပညာရေး၏ အမာခံကျောရိုး အနေဖြင့် အယူခံတရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များကို ဗဟိုပြုခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်လွန်းသည် ဟု အမေရိကန်ရှိ ဥပဒေသင်ကြားရေးကို ဝေဖန်ခဲ့သောကာလရှိခဲ့သည်။ ကိုလံဘီယာ၌ ပြုလုပ်ခဲ့သော အဆိုပြုချက်အသစ်များ၏ ရည်ရွယ်ချက်များမှတစ်ခုမှာ ပြဋ္ဌာန်းဥပဒေများ ကဲ့သို့သော အခြားဥပဒေဆိုင်ရာ အချက်အလက်များ၏ အရေးပါမှုကို အလေးထားရန်ဖြစ်သည်။ သို့သော် ပို၍အရေးကြီးသည်မှာ လက်တွေ့လုပ်ငန်းနယ်ပယ် ဟုခေါ်ရမည့် သင်ရိုးညွှန်းတမ်းကို အသိအမှတ်ပြုရန်နှင့် ဥပဒေမဟုတ်သော အချက်အလက်များကို ထပ်မံဖြည့်စွက်ရန်ဖြစ်သည်။ ဥပဒေမဟုတ်သော အချက်အလက်များဆိုသည်မှာ ပြဿနာရပ်များကို ဖြေရှင်းပေးမည့် ဥပဒေ၊ ဥပဒေစနစ်တို့နှင့်အတူ လေ့လာရာတွင် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် ပြဿနာရပ်များကို ပိုမိုအသားပေးမှုဖြစ်မည့် သက်ဆိုင်သည့်အရာများဟု ရှုမြင်ရသော အချက်အလက်များ ဖြစ်သည်။

လက်တွေ့စမ်းသပ်မှုတစ်ခုလုံးကို Currie က *Journal of Legal Education* စာတမ်း တစ်စောင်ထဲတွင် ကောင်းမွန်စွာသရုပ်ဖော်ပြရေးသားခဲ့သည်။[၁] 'ပထမ ခြားနားချက်မှာ… ဥပဒေ မူသဘောတရားအစား လူမှုရေးနှင့်စီးပွားရေးပြဿနာများ နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ စုစည်းခြင်း ပါဝင်သည်။' Dean Stone က ၁၉၂၃ ခုနှစ် အစီအစဉ်နှင့် ပတ်သက်၍ ၎င်း၏ အစီရင် ခံစာတွင် 'ဥပဒေကျောင်းများတွင် သင်ကြားသော ဘာသာရပ်များအား ပြန်လည်စီစဉ်ခြင်းနှင့် စုစည်းခြင်း ပြုလုပ်ရန်လိုကြောင်းပြောဆိုခဲ့သည်။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သီးခြား လုပ်ငန်း ဆောင်တာတို့နှင့် ဆက်စပ်သည့် ဥပဒေဆိုင်ရာ နည်းပညာအမျိုးမျိုး၏ အပြန်အလှန်ဆက်နွယ်မှုကို ပိုမိုထင်ရှားအောင် ပြုလုပ်ရမည်ဖြစ်သောကြောင့်' ဟု ပြောဆိုခဲ့သည်။ ဒုတိယအချက်မှာ 'ဥပဒေ မဟုတ်သော အချက်အလက်များသည် တိုက်ရိုက် ထင်ရှားစွာ သက်ဆိုင်သည်ဟူသော ယူဆချက် အပေါ်မူတည်ကာ ဆက်လက် ဆောင်ရွက်သည့် အဆိုပြုချက်များ ဖြစ်သည်။' တတိယအချက်မှာ 'အတိုင်းအတာတစ်ခုအထိ တမူထူးခြားသော ဘာသာရပ်များက ပြဋ္ဌာန်းဥပဒေဆိုင်ရာ အချက် အလက်များကို အသုံးပြုခဲ့ခြင်းဖြစ်သည်။' ၎င်းက ဆက်လက်ပြောဆိုသည်မှာ ဤသွင်ပြင် လက္ခဏာ တစ်ခုချင်းစီက 'လူမှုရေးနှင့် ဥပဒေပြဿနာဖြေရှင်းရေးတွင်ရှိသော ဦးစားပေးရမည့် အခြေခံမှုများမှ ကောက်ချက်ဆွဲခြင်း နှင့်ဆန့်ကျင်၍ တီထွင်ဆန်းသစ်မှု အကြောင်းရင်းခံ၏ အခန်းကဏ္ဍကို ဗဟိုပြုသည်' ဟု ထပ်မံဆိုထားသည်။

အကြောင်းအရာ အတော်များများတွင် တကယ့်လက်တွေ့စမ်းသပ်မှုက မအောင်မြင်ခဲ့ ဟုဆိုနိုင်ပါသည်။ ဤလက်တွေ့သုတေသနကို အစပြုခဲ့ကြသော ပညာရှင်အုပ်စုက အခြား

အဖွဲ့အစည်းများသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။ ထို့အပြင် ထိုအချိန်တွင် အစီအစဉ်အတွင်း၌လည်း အခက်အခဲများစွာ ဖြစ်စေခဲ့ရုံသာမက ၁၉၆၀ ခုနှစ်များတွင် အလားတူ လက်တွေ့ စမ်းသပ်မှုများ လုပ်ဆောင်ချိန်၌လည်း အခက်အခဲများ ဆက်လက်ဖြစ်ပေါ် စေခဲ့သည့် ချို့ယွင်းချက်များ ရှိခဲ့သည်။ အရေးကြီးဆုံးအချက်မှာ လူမှုရေးသိပ္ပံရှိ ဥပဒေမဟုတ်သော အချက်အလက်များကို ကြည့်ရှုရာတွင် အလေးထားမှုဖြစ်သည်။ ဤအလေးထားမှုသည် မှားယွင်းကြောင်း အကြောင်းရင်းများစွာက သက်သေပြခဲ့သည်။ ပထမဦးစွာ ရှေ့နေများက ကိုယ်တိုင် လူမှုရေးသိပ္ပံဆိုင်ရာ သုတေသနအား လုပ်ဆောင်နိုင်ရန်အတွက် ၎င်းတို့၏ ထိုးထွင်းဉာဏ် တစ်ခုတည်းဖြင့် အားသာချက် အပြည့်အဝ ဖြစ်လာရန် လိုအပ်သည့် ကျွမ်းကျင်မှု အဆင့်ကို လျှော့တွက်ခဲ့ခြင်းပင် ဖြစ်သည်။ ဒုတိယအချက်မှာ အသုံးဝင်သော ထိုးထွင်းဉာဏ်နှင့် စပ်လျဉ်း၍ ၎င်းတို့ပြုလုပ်ပေးနိုင်သောအရာများကို ချဲ့ကား ထားခြင်းဖြစ်သည်။ ဤအချက်သည် ၎င်းတို့၏အဓိကစိတ်ဝင်စားသည့်အရာမှ အာရုံပြောင်းစေပြီး သုတေသန ရလဒ်များသည်လည်း အရေးပါမှုအားနည်းကြောင်း သို့မဟုတ် တခဏတာသာ အရေးပါကြောင်း ဥပဒေပါမောက္ခ အများအပြားကသက်သေထူထားသော လက်တွေ့မျက်မြင် အခြေပြု သုတေသနအတွက် အထူးပင်မှန်ကန်သည်။ တတိယအချက်မှာ အတော်များများအတွက် ပိုမိုစိတ်ဝင်စားဖွယ် ဖြစ်သည်ဟု သက်သေပြနေသည့် လူမှုရေးဆိုင်ရာသဘောတရားဖြစ်ပြီး၊ ရံဖန်ရံခါတွင် ၎င်းကိုယ်တိုင်က သီးခြားလေ့လာနိုင်သည့် ဘာသာရပ်အဖြစ် ဖြစ်ပေါ်လာသည့် အချက်ဖြစ်သည်။ ထိုဘာသာရပ်သည် မီးမောင်းထိုးရှင်းလင်းပြရန် ရည်ရွယ်ခဲ့သည့် ဥပဒေ လေ့လာမှု ပင်မရေစီးကြောင်းနှင့် ပြန်လည်ချိတ်ဆက်ရန် ခက်ခဲကြောင်း ၎င်းတို့အပြင် အခြား သူများကပါ တွေ့ရှိလာကြသည်။ ဥပဒေလေ့လာမှုများ၏ ဦးတည်ချက် ပြောင်းလဲမှု တစ်ခုလုံးကို ဖြည့်ဆည်းမည့်အစား အထူးကျွမ်းကျင်သူများ၏ စိတ်ဝင်စားရာနယ်ပယ် ဖြစ်လာရန် ဦးတည် ခဲ့သည်။ နောက်ဆုံးအချက်မှာ အခြားပညာရပ်နယ်ပယ်များအတွက် ကြည့်ရှုရန် သင့်လျော်သည်ဟု လူမှုရေးသိပ္ပံကို ခွဲခြားသတ်မှတ်ခြင်းသည် အခြားပညာရပ် နယ်ပယ်များ၏ ဖြည့်ဆည်းနိုင်မှုကို မှေးမှိန်စေနိုင်သော သက်ရောက်မှုရှိသည်။ ဥပဒေပညာရေးနှင့် ဥပဒေလေ့လာမှု နယ်ပယ်နှင့် ဦးတည်ရာကို ပြန်လည်သုံးသပ်မှုပြုရာတွင် အထူးသဖြင့် ဝိဇ္ဇာနှင့် လူမှုဘာသာ ရပ်နယ်ပယ်များ၏ ဖြည့်ဆည်းပေးနိုင်မှု ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုရှိ ဥပဒေဆိုင်ရာ ယထာဘူတဝါဒီလှုပ်ရှားမှု တစ်ခုလုံး၏ လက်တွေ့စမ်းသပ်မှုတစ်ခုလုံးဖြစ်စေ သို့မဟုတ် မည်သည့် နောက်ဆုံးယူဆချက်ဖြစ်စေ၊ ၎င်းစမ်း သပ်မှု၏ သေးငယ်ပြီး စမ်းသပ်မှုအစပိုင်း၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်စေ ၎င်းကိုအားကျ အတုယူ လိုသူများအတွက် အားကျအတုယူစရာအဖြစ် ရပ်တည်ပေးနိုင်သည်။ ထို့အပြင် ဥပဒေနိုင်းယှဉ် လေ့လာမှုအတွက် သင်ခန်းစာများပင် ရှိနေသေးသည်။ ဤသည်မှာ ၎င်းကိုအသုံးချမှုတွင် အယူအဆအခြေပြုနှင့် အသေးစိတ်တင်ပြမှု နည်းလမ်းအပေါ် အလေးမထားဘဲ ဥပဒေနှင့် ဥပဒေစနစ်ကို အကျိုးပြုရန် ရေးဆွဲပုံဖော်ထားသည့် ရည်ရွယ်ချက်များအပေါ်သာ အလေးထား သည့် လက်တွေ့အလုပ်ဖြစ်သော ဥပဒေလေ့လာမှုအတွက် ပြည်တွင်းအဆင့်၌ပင် ပြောစရာ

များစွာရှိသည်။ ဥပဒေလေ့လာမှုကို သဘောတရားရေးရာဖြစ်ရပ် (abstract phenomenon) တစ်ခု သို့မဟုတ် အသက်မွေးမှု ရရှိရန်အတွက်သာ လေ့ကျင့်ပေးသည့် တွေးခေါ်စဉ်းစားမှုမပါသော နည်းလမ်း တစ်ရပ်ကဲ့သို့ လေ့လာမှုပြုရန် မဟုတ်ဟု အားကောင်းသည့် ငြင်းခုံမှုတစ်ရပ်ရှိသည်။ ၎င်းအစား လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းက ရင်ဆိုင်နေရသော အဓိကပြဿနာများကို ဖြေရှင်းရန်နည်းလမ်းအဖြစ်လည်းကောင်း၊ ဥပဒေနှင့် တကယ့်လက်တွေ့ဘဝအကြားရှိ ကွင်းဆက်များ ပြုလုပ်ရန် နည်းလမ်းများအနေဖြင့်လည်းကောင်း ဥပဒေလေ့လာမှုပြုကြောင်း ခိုင်ခိုင်မာမာ ငြင်းခုံမှုပြုပါသည်။ သို့သော် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းက ရင်ဆိုင်နေရသော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အဓိကပြဿနာများကို အလေးထားစရာ စိုးရိမ်ပူပန်မှုများအနေဖြင့် ထားရှိခြင်းနှင့် ဥပဒေကို ၎င်းတို့အတွက် ဖြေရှင်းနည်းအဖြစ်လည်းကောင်း သို့မဟုတ် ပိုမိုကောင်းမွန်စေရန်အတွက် ပြင်ဆင်ခြင်းအနေဖြင့်လည်းကောင်း ရေးဆွဲထားကြောင်း ရှုမြင်နေခြင်းက သဘောထားများကိုများစွာ ပြောင်းလဲစေသည်။ ၎င်းတို့ကို ဖြေရှင်းသည့် ဥပဒေနည်းလမ်းသည် အများဆိုင်နှင့် ပုဂ္ဂလိကဆိုင်၊ တရားမ၊ ပြစ်မှု နှင့် စီမံခန့်ခွဲမှု ဆိုင်ရာ စသော အစဉ်အလာ ဥပဒေဘာသာရပ်အတွင်းရှိ ဥပဒေအမျိုးအစားခွဲခြားခြင်းအပေါ် သက်ရောက်မှုရှိသည်သာမက ဥပဒေလေ့လာမှုနယ်ပယ်ကလည်း ဦးတည်ရာများစွာသို့ ကျယ်ပြန့်သွား ပေလိမ့်မည်။ ဥပမာအားဖြင့် ၎င်းတွင် ဤပြဿနာများ၏ သဘောသဘာဝကို အနီးကပ် အာရုံစိုက်ထားခြင်းတို့ ပါဝင်သည်။ ဥပဒေလေ့လာမှုကို ပညာရပ်နယ်ပယ် တစ်ခုထက် ပိုမိုသော ချဉ်းကပ်နည်းဖြင့်လေ့လာရန် တောင်းဆိုသူများ၏ အမှားများထဲမှ တစ်ခုသည် အခြားပညာရပ်နယ်ပယ်ကို ပထမနေရာတွင် မထားရှိခြင်းသာမက ထိုပြဿနာကိုယ်၌က ပြဿနာဖြစ်နေခြင်းနှင့် အကြောင်းခြင်းရာ ပြဿနာများအနေဖြင့် ၎င်းလေ့လာသူတို့က ထုတ်ဖော်သောပြဿနာများ ပါဝင်နေကြသည်။ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတွင် ဗဟုသုတကြွယ်ဝ၍ စိတ်ဝင်စားမှုရှိသည့် ရှေ့နေများကို အခြားသော ပညာရပ်နယ်ပယ်တွင် အထူးကျွမ်းကျင်သူများ ဖြစ်ရမည်ဟု မဆိုလိုပါ။ သို့သော် အနည်းဆုံး ၎င်းတို့နှင့် မည်သည့်အရာက ပတ်သက်ဆက်နွှယ် နေသည်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်မှု ဖြစ်ပေါ်လာစေသင့်သည်။ စိတ်ဝင်စားမှုအဓိကဗဟိုပြုမှုအနေဖြင့် ပြဿနာများကို စဉ်းစားခြင်း ဆိုသည်မှာ အိမ်ရာဆိုင်ရာဥပဒေ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေ သို့မဟုတ် မိသားစုဘဝဥပဒေတို့ဖြင့်အစပြုရမည်ဟု မဆိုလိုပါ။ သို့သော် ၎င်းအစား ပြဿနာများနှင့် တွဲလျက်ဖြစ်သော အိမ်ရာဆိုင်ရာ ပြဋ္ဌာန်းချက်များကို ယေဘုယျအနေဖြင့် ကြည့်ရှုခြင်းနှင့် ခိုလှုံရာရရှိခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို သီးခြားကိစ္စရပ်တစ်ခုအနေဖြင့် ကြည့်ရှုခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ပြဿနာများ သို့မဟုတ် စားသုံးသူပြဿနာ သို့မဟုတ် အလုပ်သမား ပြဿနာနှင့် မိသားစုဘဝပြဿနာများကို ဗဟိုချက်အဖြစ်ရှုမြင်ပြီး ဖြေရှင်းသည့်အခါ ၎င်းတို့ကို ယေဘုယျဥပဒေနှင့် နောက်တွင် ပါလာမည့် သီးခြားကိစ္စရပ်များကို ဖြေရှင်းရမည့် ဥပဒေအခန်းကဏ္ဍလည်းပါဝင်သည်။ ဤနည်းလမ်းဖြင့် ဥပဒေကျောင်းသားများနှင့် ဥပဒေပညာရှင်များကို ပိုမိုလေ့လာစေပြီး ဤပြဿနာများနှင့် ပတ်သက်၍ စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသောနည်းလမ်းဖြင့် ပိုမိုကျွမ်းကျင်မှု ရရှိလာစေသည်။ ၎င်းတို့အား ဥပဒေအသုံးပြုသည့်

အကြောင်းအရာများစွာနှင့် ဥပဒေ၏ ထိရောက်မှုအား သက်ရောက်မှု ရှိနိုင်သည့် အကြောင်းအရာများစွာကို ပိုမိုအာရုံစိုက်မှုပေးရန် ဖိတ်ခေါ်ခံရသည်ဟု တစ်နည်းအားဖြင့်ဆိုနိုင်သည်။ ၎င်းသည် လက်ရှိ ဥပဒေလေ့လာမှုကို အစဉ်အလာအရ ချဉ်းကပ်နည်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ အစဉ်အလာအရ ချဉ်းကပ်နည်းဆိုသည်မှာ ဖြေရှင်းရန်ရည်ရွယ်ထားသော လူ့အဖွဲ့အစည်းအတွင်းရှိ ပိုမိုကြီးမားသောပြဿနာများနှင့် ရှင်းရှင်းလင်းလင်း သို့မဟုတ် စနစ်တကျ ချိတ်ဆက်မှုမရှိသော ဥပဒေပြဿနာသက်သက်ကို မကြာခဏ ကိုယ်စားပြုသည့် လတ်တလော ဥပဒေအဖြေကိုသာ အာရုံစိုက်ခြင်းမျိုးဖြစ်သည်။ လက်တွေ့ကျသော ချဉ်းကပ်နည်းလမ်းတွင် ပြဿနာဖြေရှင်းသည့် ဥပဒေဆိုင်ရာ နည်းလမ်းများနှင့် အဆိုပါဥပဒေ နည်းလမ်းတို့၏ မေးခွန်းများ မည်သို့ပေါင်းစပ်သည်က အထိရောက်ဆုံးဖြစ်မည်ဟူသော ကိုးကားချက် ပါရှိရုံသာမက ဥပဒေမဟုတ်သော မည်သည့်နည်းလမ်းက အကူအညီ ဖြစ်စေမည်နှင့် ချမှတ်ထားသော ဥပဒေနည်းလမ်း တစ်ခုခုနှင့် မည်သို့မည်ပုံ ပေါင်းစပ်ရမည် သို့မဟုတ် ဥပဒေနည်းလမ်းကို ဖြည့်ဆည်းပေးရမည် ဟူသော မေးခွန်းများလည်း ပေါ်ပေါက်လာသည်။ ဥပဒေလေ့လာမှုကို အစဉ်အလာဖြစ်သော ပင်ရင်းဥပဒေ (Substantive Law) နှင့် ကျင့်ထုံးဥပဒေ (Procedural Law) ထက် ကျော်လွန်ကာ သီးခြားကိစ္စများရှိ ရလဒ်များအပေါ် သက်ရောက်မှုနှင့် လူမှုအသိုင်းအဝိုင်းဘဝအပေါ် ၎င်း၏ ယေဘုယျ အကျိုးသက်ရောက်မှု ရှိနိုင်သော ဥပဒေစနစ်၏ အခြားအကြောင်းအရာတစ်ခုလုံးကို ထည့်သွင်းစဉ်းစားရန် ရှင်းလင်းစွာ လက်ခံထားသည်။ ၎င်းတွင် အဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်ခြင်း၊ လူစုဆောင်းခြင်း၊ လေ့ကျင့်ခြင်း၊ လုပ်ငန်းခွင် စည်းကမ်းချက်များ၊ စောင့်ကြည့်လေ့လာခြင်း၊ တရားသူကြီးများနှင့် အခြားသော ဥပဒေ အသက်မွေးဝမ်းကျောင်း ပြုသူများအား စည်းကမ်းသတ်မှတ်ခြင်းနှင့် ရာထူးအဆင့် တိုးမြှင့်ခြင်း၊ (ရုပ်ပိုင်းဆိုင်ရာ၊ ငွေရေးကြေးရေးနှင့် စိတ်ပိုင်းဆိုင်ရာ) လက်လှမ်းမီခြင်း၊ ရှေ့နေရှေ့ရပ်အဖြစ် ကိုယ်စားပြု အမှုလိုက်ပါဆောင်ရွက်နိုင်မှုနှင့် ဥပဒေအကြံပေးမှုဆိုင်ရာအရည်အသွေး၊ ဥပဒေနှင့် ဥပဒေအသုံးပြုခြင်းအပေါ် အများပြည်သူ၏ သဘောထား၊ လိုချင်သောရလဒ်များ ရရှိရာတွင် ဥပဒေဆိုင်ရာနှင့် အခြားနည်းလမ်းများ၏ ထိရောက်မှုများ ပါဝင်သည်။

ဥပဒေလေ့လာသည့် ဤချဉ်းကပ်ပုံဖော်နည်းဖြင့် ဥပဒေကို နိုင်းယှဉ်လေ့လာသည့်အခါ ပြည်တွင်းအဆင့်တွင်ပင် ပိုမိုအသုံးဝင်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မူသဘောတရား နှိုင်းယှဉ်မှုဖြင့်စတင်သော အခြားမည်သည့်နှိုင်းယှဉ်လေ့လာမှု မျိုးထက်မဆို နှိုင်းယှဉ်လေ့လာမှုအတွက် ပိုမို ယေဘုယျဆန်သည့် အခြေခံကျမှုကို ၎င်းကပေးနိုင်သည်။ နိုင်ငံများနှင့် ဥပဒေစနစ်အမျိုးမျိုးတို့က ဖြေရှင်းရမည့် အခြေခံပြဿနာများသည် တထေရာတည်း သို့မဟုတ် အလားတူဖြစ်ကြပြီး သက်ဆိုင်ရာမူ ဥပဒေသဘောတရားများထက်ပင် အလားတူဖြစ်မှုကပိုမိုသည်။ သို့ဖြစ်ရာ ပြဿနာများက နှိုင်းယှဉ်မှု၏ ဘုံဖြစ်သည့်အခြေခံအချက်ကို ပေးနိုင်သည်။ ကိစ္စရပ်အတော်များများ၌ နိုင်ငံများမှ ဥပဒေနှင့် ဥပဒေစနစ်များ ကွဲပြားမှုသည် မူသဘောတရားကွဲပြားမှုပြဿနာရပ်သက်သက် မဟုတ်ပါ။ ၎င်းတို့သည် စင်စစ် ပိုမိုအခြေခံကျပြီး ရှုပ်ထွေးကာ ဥပဒေစနစ်

တစ်ခုလုံးနှင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေနိုင်သည်။ ဥပမာအားဖြင့် ပေါလျော့မှုဆိုင်ရာ အင်္ဂလိပ်ဥပဒေကို ကြည့်ခြင်းအားဖြင့် အလုပ်ခွင် ထိခိုက်ဒဏ်ရာရမှုနှင့် စပ်လျဉ်း၍ ဗြိတိန်နိုင်ငံ၏ ဖြေရှင်းပုံကို အလွန်ပင် ပြည့်စုံမှုမရှိသော မြင်ကွင်းမျိုးအဖြစ်သာ တွေ့ရသည်။ အလားတူပင် ပဋိညာဉ်ဥပဒေကို ကြည့်ရှုခြင်းသည် စားသုံးသူ အကာအကွယ်ပေးမှုကို တစ်စိတ်တစ်ပိုင်းသာ ရှုမြင်ခွင့် ပေးမည်ဖြစ်သည်။ အလားတူသော စီးပွားရေးနှင့်လူမှုရေး ပြဿနာများကို ဖြေရှင်းသည့် ကွဲပြားသောဥပဒေစနစ်များကို ကြည့်ခြင်းက ၎င်းတို့၏ အခြေခံသွင်ပြင်လက္ခဏာများ၊ ၎င်းတို့အကြားရှိ အမှန်တကယ် တူညီမှုနှင့်ခြားနားမှုကို ပိုမိုဖော်ထုတ်နိုင်ခြေရှိသည်။ ထိုခြားနားမှုများအား ထည့်သွင်းစဉ်းစားခြင်းသည် လည်းကောင်း၊ အကြောင်းအရာ တစ်ခုထဲတွင် နည်းလမ်းတစ်ခု သို့မဟုတ် နည်းလမ်းများကို ထိရောက်မှု ပိုမိုနည်းပါးစေသော သို့မဟုတ် ပိုမိုများပြားစေသည့်အရာကို နားလည်သဘောပေါက်ရန် အားထုတ်မှုသည် လည်းကောင်း ဥပဒေနှိုင်းယှဉ်လေ့လာမှု၏ ပိုမိုစိတ်ဝင်စားဖွယ်ကောင်း၍ ထိုက်တန်သော အကြောင်းအရာများထဲမှ တစ်ခုဖြစ်သည်။ ၎င်းသည် မိမိနိုင်ငံ၏ ဥပဒေစနစ်အပေါ် နားလည်သဘောပေါက်မှုကို ထပ်ဖြည့်ရန်အတွက် အခြားဥပဒေစနစ်များအား လေ့လာမည့် အရေးကြီးသော ရည်ရွယ်ချက်အဖြစ် ဆက်လက်တည်ရှိသော်လည်း မိမိအတွက် စိတ်ဝင်စားဖွယ် ထိုက်တန်ခြင်းသာဖြစ်ပြီး ဥပဒေစနစ်တစ်ခုအတွက် ချက်ချင်းလက်ငင်းသက်ရောက်မှုမျိုး မဖြစ်ပါ။ အခြားသော ဥပဒေစနစ်ကို လေ့လာသည့်မည်သူမဆို သဘောတရားနှင့်လက်တွေ့နှစ်ခုစလုံးတွင် ဥပဒေမဟုတ်သော အကြောင်းအရာများ၏ အမှန်တကယ်နှင့် နက်နက်ရှိုင်းရှိုင်း အကျိုးသက်ရောက်မှု ရှိစေနိုင်ကြောင်းကို ချက်ချင်းသတိပြုမိပြီး ၎င်းသည် အများဆိုင်နှင့်ပုဂ္ဂလိကဆိုင်ဥပဒေ နှစ်မျိုးစလုံးအတွက် မှန်ကန်သည်။ အမှန်အားဖြင့် မတူကွဲပြားသောအခြေအနေများတွင် အလွန်ကွဲပြားသော နည်းလမ်းဖြင့် အလုပ်လုပ်နိုင်သည့် နည်းလမ်းတကျဖွဲ့စည်းမှုများတူညီသော အများဆိုင် ဥပဒေနှင့် ပတ်သက်လာလျှင် ပိုမိုသိသာသည်။

Volksgeist ၏ လွန်စွာစိတ်ကူးယဉ်ဆန်ပြီး အမျိုးသားရေး စိတ်ဓါတ်ပြင်းထန်သော အယူအဆကို မျက်မှောက်ခေတ် ပညာရှင်များက ဝေဖန်လျက်ရှိ သော်လည်း Savignyက ၎င်း၏ တွန်းလှန်လိုမှုဖြင့် ရှေ့သို့ရောက်အောင်တွန်းပို့ခဲ့သည်။ ဂျာမန်ဥပဒေကို အဆင်သင့်မဖြစ်ခင် စုစည်းခြင်း နှင့်ပတ်သက်၍ Savigny က ခုခံချေပခဲ့ပြီး ၎င်းချေပချက်သည် အကယ်၍ အမှန်တရား စိုးစဉ်းမျှမဟုတ်လျှင်တောင် ကြိုတင်သတိပေးသည့် စကားတစ်ခွန်း ဖြစ်မည်ဟူ၍ပါရှိသည်။ ဥပဒေစနစ်များအပေါ် ၎င်းတို့လုပ်ကိုင်နေသော နောက်ခံအကြောင်း အရာက အကျိုးသက်ရောက်မှု ရှိရုံသာမက အောင်မြင်မှုရရှိနိုင်ရန်၊ အခြားလူမှုအမူအကျင့်များထံ နည်းလမ်းတကျ ပေါင်းစပ်နိုင်ရန်နှင့် ထိုအရာများ ထိရောက်မှု ရှိစေရန် လိုအပ်သည့် ဥပဒေစနစ်အားလုံး၏ ထောက်ခံမှုနှင့် ကတိကဝတ်ရနိုင်မှုကလည်း အကျိုး သက်ရောက်မှု ရှိကောင်းရှိနိုင်သည်။ ရှေ့နေများက၎င်းတို့၏ ဥပဒေစနစ်ကို ကြည့်ရှုရာတွင် ရင်ဆိုင်နေရသော ယေဘုယျပြဿနာများနှင့်ဆိုင်သည့် အထွေထွေဗဟုသုတကိုလည်းကောင်း၊ ဥပဒေမဟုတ်သော အချက်အလက်များက ထိုပြဿနာရပ်များ

နှင့်ပတ်သက်၍ ဥပဒေအသုံးပြုကာ ဖြေရှင်းရန်အားထုတ်မှုတစ်ရပ်ရပ် အပေါ် သက်ရောက်မှု ရှိနိုင်သည့်နည်းလမ်းဟူသည့် အထွေထွေဗဟုသုတကို လည်းကောင်း နှစ်မျိုးစလုံးအပေါ် မကြာခဏ အားကိုးအားထား ပြုနိုင်သည် ဆိုသည့်အချက်ကို တစ်ခါတစ်ရံ မေ့လျော့နေကြသည်။ ရိုးရိုးရှင်းရှင်း ၎င်းရှေ့နေများ ကြီးပြင်း လာသောနေရာရှိ လူမှုရေးနှင့် စီးပွားရေးနောက်ခံအကြောင်းအရာနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိပြီးသောကြောင့် ဖြစ်သည်။ နိုင်ငံခြားဥပဒေပညာရှင်များက တူညီသော ဥပဒေစနစ်နှင့် လူမှုအသိုင်းအဝိုင်းကို ကြည့်ရှုရာတွင် ဤကဲ့သို့သော အားသာချက်မျိုးမရရှိနိုင်ပါ။ ဒေသခံ ရှေ့နေများအတွက် အလွန်သိသာသည့် အတွက် ရှေ့နေအမြင် ရှုထောင့်နှိုင်းယှဉ်မှု အရဆိုလျှင် အလိုလိုရရှိလာသည်ဟုပင် မှားယွင်းစွာ သဘောထားနိုင်သော အဆိုပါအချက်အလက်များကို ပိုမိုစနစ်တကျ လေ့လာဆန်းစစ်ရန်ပြင်ဆင်ရမည်။ ထိုသို့ လုပ်ဆောင်ရာတွင်လည်း ရှေ့နေများအနေဖြင့် မည်သည့်အရာက သက်ဆိုင်နိုင်သည်နှင့်ပတ်သက်၍ သဘောထားကြီးရန် အရေးကြီးသည်။

ဤကဲ့သို့သော နှိုင်းယှဉ်မှုများဆိုင်ရာ အခြေခံအုတ်မြစ်မျိုး ပံ့ပိုးပေးသည့် ပြဿနာများကို ဖော်ထုတ်သတ်မှတ်ခြင်းတွင် ကွဲပြားသော နည်းလမ်းများရှိနိုင်သည်။ လွယ်ကူရိုးရှင်းသော နည်းလမ်းမှာ လူမှုအဖွဲ့အစည်းအတွင်း လူတိုင်းရင်ဆိုင်နေရသော ပြဿနာများနှင့်စတင်ရန်ဖြစ်ပြီး ထိုသီးခြားကိစ္စရပ်များကို ခြုံငုံကောက်ချက်ချခြင်းဖြင့် ၎င်းတို့ကို လူမှုအဖွဲ့အစည်းတစ်ခုလုံး ရင်ဆိုင်နေရသည့် ပြဿနာကဲ့သို့ ရှုမြင်ရမည်ဖြစ်သည်။ လူတိုင်းအတွက် အလွန်အမင်း စိုးရိမ်ဖွယ်ရာ ထင်ထင်ရှားရှား တွေ့မြင်နိုင်သော ကိစ္စရပ်များဖြစ်သည့် ခိုလှုံရာနေရာရရှိမည့် နည်းလမ်း၊ လုပ်ငန်းခွင်စည်းကမ်းချက်များ၊ မသမာသောထုတ်လုပ်သူများထံမှ စားသုံးသူ အကာအကွယ်ပေးရေး၊ အလုပ်ရှင်များ၊ အိမ်နီးချင်းများနှင့် အများနှင့်ဆိုင်သော အဖွဲ့အစည်း များအပြင် ယင်းတို့ကို တိုက်ရိုက်ဖြေရှင်းရာတွင် ဖြေရှင်းသည့်နည်းလမ်းအတွက် သိပ္ပံနည်းကျ မဟုတ်သည့် အကြောင်းရင်းကြောင့် ဥပဒေက ဖြည့်ဆည်းပေးမည့်အရာအား မစိုးရိမ်သင့်ပါ။ ဤနည်းအားဖြင့် ပညာရေး၊ မိသားစု၊ အလုပ်ခန့်အပ်ခြင်း၊ အိုးအိမ်ချထားခြင်း၊ မြို့ပြစီမံကိန်း ချခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်၊ ကျန်းမာရေးစောင့်ရှောက်မှု စသည့်ခေါင်းစဉ်များ ထွက်ပေါ် လာသည်။ စားသုံးသူ အကာအကွယ်ပေးရေးနှင့် စီးပွားရေး အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းအပြင် ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်၊ ၎င်းတို့၏လုပ်ငန်း လုပ်ကိုင်ရမည့်ပုံစံနှင့်အတူ ကြွေးမြီနှင့် အာမခံဆိုင်ရာပြဿနာများ၊ လက်ဝါးကြီးအုပ်မှုပြဿနာများထံ ဦးတည်နေမှု၊ ယှဉ်ပြိုင်မှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးတို့ ပါဝင်သော စီးပွားရေးအဖွဲ့အစည်းများနှင့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာလုပ်ငန်းများ စသည့်ခေါင်းစဉ်များ ပေါ်ပေါက်လာမည်။ အများဆိုင်ဥပဒေဆိုင်ရာ ကိစ္စရပ် များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်သော အစိုးရစနစ်တစ်ရပ်လုံး၏ ပြဿနာအဖြစ် ကိုယ်စား ပြုပြီး နိုင်ငံရေးအဖွဲ့အစည်းများနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ပါဝင်သည်။ တရားဥပဒေ စိုးမိုးရေးကို ထိန်းကျောင်းမှုတွင် ရဲနှင့်လက်နက်ကိုင် တပ်ဖွဲ့များ ၏အခန်းကဏ္ဍ၊ တပ်သားသစ် စုဆောင်းခြင်း၊ လေ့ကျင့်ပေးခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်းတို့ ပါဝင်သကဲ့သို့

တရားဝင်အာဏာတို့၏ ပြဿနာများလည်းပါဝင်သည်။ မိမိအကျိုးအတွက် မူသဘောတရားကို နားလည်သဘောပေါက်အောင် ပြုခြင်းတွင် အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်ရှိ ပြည့်စုံလက်ခံပြီးဖြစ်သော ဥပဒေနှင့် စီရင်ထုံးဥပဒေတို့ အပါအဝင် အခြားစနစ်များ၏ အယူအဆ အခြေပြုပုံစံများ ပါဝင်သည်။ ထို့အပြင် လူတစ်ဦးချင်းစီနှင့် လူမှုအဖွဲ့အစည်း၏ ပြဿနာများအတွက် အကျိုးပြုရန် ရည်ရွယ်ခဲ့သော ဖြေရှင်းသည့်နည်းလမ်းကို အလေးမထားဘဲ၊ ပြဿနာရပ်သည် ပိုမိုပညာရပ်ပိုင်း ဆန်ပြီး သိပ္ပံနည်းကျပုံစံပြုရန် လိုအပ်ပုံပေါ်ပေါက်သည့်အခါ ပညာရပ်ဆန်ဆန် သိပ္ပံနည်းကျ တိကျသေချာစွာဖော်ပြနိုင်သည်။ သို့သော်လည်း မူသဘောတရားမှ လက်တွေ့သို့ ကူးပြောင်းရာတွင် ထိရောက်မှုအကြောင်းကို ယူဆချက်များစွာ ခန့်မှန်းပြုလုပ်ခြင်း သို့မဟုတ် ဤပြဿနာများအား ဖြေရှင်းရန် အဓိကတာဝန်ရှိမှုကို ရှေ့နေမဟုတ်သူများထံ ထားခဲ့ပါက အဖိုးအခကြီးစွာ ပေးမှ အောင်မြင်မှုရနိုင်မည်။

လူတိုင်း ဤနည်းလမ်းဖြင့် ပြဿနာများကို ကြည့်ရှုခြင်းသည် လွယ်ကူလိမ့်မည် မဟုတ်ပေ။ တကယ့် ဥပဒေလေ့လာမှု အစဉ်အလာတို့ကလည်း ဤနည်းလမ်းအတိုင်း ပြုလုပ်ခြင်းကလည်း လွယ်ကူမည်မဟုတ်ပေ။ မူသဘောတရားတွင် အမြစ်တွယ်နေသောစနစ်များ (အထူးသဖြင့် ပညာရပ်ဆိုင်ရာမူသဘောတရားတွင်) အတွင်း အလုပ်လုပ်သော ဥပဒေပညာရှင်များသည် ပိုမိုလက်တွေ့ဆန်၍ ကောင်းစွာဖွဲ့စည်းတည်ဆောက်ထားမှု နည်းပါးသည့် အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်များတွင် အလုပ်လုပ်သောသူများကဲ့သို့ ဤနည်းလမ်းဖြင့် ဥပဒေလေ့လာမှု ချဉ်းကပ်ရန် လွယ်ကူမည်ဟု မြင်လိမ့်မည်မဟုတ်ပါ။ ဥပမာ အစဉ်အလာအားဖြင့် ဥပဒေ အမျိုးအစားခွဲခြားခြင်းနှင့် ပိုင်းခြားသတ်မှတ်ခြင်းကို သိပ္ပံနည်းကျ ဥပဒေလေ့လာမှု၏ အခြေခံကျသောနည်းလမ်းအဖြစ်လည်းကောင်း သို့မဟုတ် ဥပဒေပညာရှင်များအကြား တည်ရှိပြီးသော အထူးပြု နယ်ပယ်များသည် သမိုင်းကြောင်း၏ရလဒ် သို့မဟုတ် သက်သာလွယ်ကူမှု၏ ရလဒ်ထက် ပိုမိုသည့် တစ်စုံတစ်ရာဟု လည်းကောင်း ယုံကြည်သူတစ်ဦးသည် ကိုလံဘီယာလက်တွေ့ စမ်းသပ်မှုရှု ိ ရှေ့သို့ တွန်းပို သော အဆိုပြုချက်များ သို့မဟုတ် မည်သည့်အလားတူပုံစံမျိုးကိုမဆို လက်ခံရန် ခက်ခဲပေမည်။ အကြောင်းမှာ ဥပဒေအတွင်း ပိုင်းခြားသတ်မှတ်ခြင်း အားကောင်းမှုကြောင့် ၎င်းတို့ရင်းနှီးကျွမ်းဝင်စွာ ခွဲခြားထားသောခေါင်းစဉ်များဖြစ်သည့် ဥပဒေသဘောတရား၊ လူမှုရေးရာဥပဒေ၊ ဥပဒေသမိုင်းမျိုးပင်လျှင် ၎င်းတို့၏ ပိုမို ယေဘုယျဆန်သော ချဉ်းကပ်နည်းလမ်းက ပယ်ထုတ်ရန် အားထုတ်သည်။ ဥပဒေလေ့လာမှုကို စည်းကမ်းချက်ကဲ့သို့ ရှုမြင်သော ဥပဒေလေ့လာမှု အစဉ်အလာအချို့လည်း ရှိနိုင်ပါသည်။ လျော့ပေါ့သောအမြင်မျိုးမရှိဘဲ ယဉ်ကျေးမှုအရ ကွဲပြားနိုင်ပြီး အစဉ်အလာနှင့် အဆင်ပြေချောမွေ့မှုအရ ပိုင်းခြားသတ်မှတ်ထားသော အသိပညာလောကနှင့် သဘောပေါက်နားလည်မှု အကြောင်းခြင်းရာများထဲမှ တစ်ခုကိုလေ့လာခြင်းဖြစ်သည်။ သို့သော် ပိုမိုတင်းကျပ် သော စည်းကမ်းချက်များအနေဖြင့် မည်သည့်အရာက သက်ဆိုင်သည်နှင့် မသက်ဆိုင်သည်ကိုလည်းကောင်း၊ မည်သည်က တရားဝင်ပြီး မည်သည်က တရားမဝင်သည့် ဥပဒေလေ့လာမှုနည်းလမ်းဖြစ်သည်ကိုလည်းကောင်း ပြတ်သားစွာ ပိုင်းခြားပြနိုင်သော သီးခြား

အကြောင်းခြင်းရာနှင့် နည်းစနစ်ရှိသည့် လေ့လာမှုဟုလည်း ရှုမြင်သည်။ ဥပဒေလေ့လာမှုသည် အမြဲမှန်ကန်သော သိပ္ပံပညာရပ် ဖြစ်သည်ဟူသည့် အမြင်ဖြင့် ထိုတင်းကျပ်မှုကို ပြန်လည် အသက်သွင်းနိုင်သည်။ ၎င်းသိပ္ပံပညာရပ်သည် အများကလက်ခံသည့် ခိုင်မာမှုရှိပြီး ဥပဒေနှင့် ကျင့်သုံးမှု တို့အကြား နီးနီးကပ်ကပ် ပေါင်းစည်းမှုရှိသည့် နိုင်ငံများ၌ အကြောင်းခြင်းရာနှင့် နည်းစနစ်ပိုင်း နှစ်ရပ်လုံးတွင် အထူးပင် ခိုင်မာအားကောင်းသည်။ ထိုလက်တွေ့နယ်ပယ်တွင် ဥပဒေလေ့လာမှုနှင့် ဥပဒေစနစ်အတွင်း အလုပ်လုပ်နေသော ရှေ့နေများနှင့် တရားသူကြီးများက ကန့်သတ်ချက်ပုံစံတူများအောက်များတွင် လုပ်ကိုင်ရန် လိုအပ်သည်ဟု ဥပဒေပညာရှင်များ က ထင်မြင်သည်။ အဆိုပါအမြင်မျိုးကဲ့သို့ အမြင်များကို လက်ခံထားသည့်အခါ သိပ္ပံနည်းကျ သို့မဟုတ် ပညာရပ်အရ မည်သည့်တန်ဖိုးရှိသည်ဖြစ်စေ ရာထူးတိုးအတွက် မည်သည့်စာတမ်း ရေးသားမှုမျိုးကို ထည့်တွက်မည် သို့မဟုတ် လေ့လာနိုင်သော ဂျာနယ်တွင်ထုတ်ဝေမည် ဆိုသည့် ဆုံးဖြတ်ချက်များကဲ့သို့သော ဖိအားများဖြင့် လက်တွေ့တွင် အလွယ်တကူ ပြန်လည် အသက်သွင်း နိုင်သည်။ ၎င်းသည် အခြားဥပဒေစနစ်များ၏ မည်သည့် နှိုင်းယှဉ်လေ့လာမှုတွင်မဆို ယင်းကိုယ်၌ကပင် အရေးပါသည့် ဖြစ်ရပ်ဖြစ်သည်။

သို့ရာတွင်ဤအမျိုးအစားအတွက် ကိုယ်ပိုင်ချမှတ်ထားသော ကန့်သတ်ချက်များက ယေဘုယျအားဖြင့် အသာရသင့်သော အကြောင်းရင်းမရှိပေ။ အင်္ဂလိပ်ရိုးရာဥပဒေ ရှုထောင့် အမြင်မှ လွှမ်းမိုးထားသော မူသဘောတရားသည် သိပ္ပံဆိုင်ရာလိုအပ်ချက်၏ ထုတ်ကုန်တစ်ခု မဟုတ်။ ၎င်းသည် အမျိုးသား ယဉ်ကျေးမှုနှင့် အစဉ်အလာ၏ထုတ်ကုန်ဖြစ်ပြီး စစ်မှန်သော နှိုင်းယှဉ်လေ့လာမှုကို ဆက်လက်ဖော်ထုတ်မှုရှိရန် မစွမ်းနိုင်သလို ဖြစ်လည်းမဖြစ်သင့်ပါ။ ကိုယ်ပိုင်စီမံနိုင်မှုရှိသော အခြေအနေနှင့်ဝေးကွာသည့် မူသဘောတရားသည် အဆုံးသတ်ရန် နည်းလမ်းတစ်ရပ်ဖြစ်ပြီး စနစ်နှင့်ယဉ်ကျေးမှုတစ်ခုမှ အခြားစနစ်ရှိ မူသဘောတရားအပေါ် အာရုံစိုက်မှု အထူးကွဲပြားခြင်းသည်  နိုင်ငံအလိုက်ကွဲပြားမှုကို ထင်ဟပ်ခြင်းသာဖြစ်ပြီး သိပ္ပံဆိုင်ရာ ဆန်းကျယ်မှု မဟုတ်ပါ။

ဥပမာအားဖြင့် ပိုမိုလက်တွေ့ကျသော အင်္ဂလိပ်ရိုးရာဥပဒေစနစ်၏ ချဉ်းကပ်နည်းလမ်းက ဥပဒေထပ်ဆင့်ခွဲခြားခြင်းနှင့် ၎င်းတို့၏ အထူးပြုနယ်ပယ်နှင့်စပ်လျဉ်းပြီး ပို၍ လျော့ရဲရဲ အမြင် ရှိသည်။ အထူးပြုနယ်ပယ်အသစ်များသည်လည်းကောင်းနှင့် အထူးပြုနယ်ပယ် အသစ်များကို ပေါင်းစပ်ခြင်းတို့သည်လည်းကောင်း အခြေအနေပြောင်းလဲသည်နှင့်အမျှ အမြဲပင်ပေါ်ထွက် လာကာ တစ်ဦးချင်းနှစ်သက်မှုအရလည်း ကွဲပြားသည်။ ထို့ပြင် အင်္ဂလိပ်ရိုးရာဥပဒေစနစ်ရှိ ပညာရှင်များသည် စာအုပ်များ သို့မဟုတ် စာရွက်စာတမ်းတစ်ခုခု၏ အယူအဆတည်ဆောက် ပုံများ၊ ကိုဒ်ဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ သို့မဟုတ် တရားရုံးများ၏ စီရင်ပိုင်ခွင့်များနှင့် ချည်နှောင်ထားခြင်း မရှိခြင်းမှာ ဥပဒေဖွံ့ဖြိုးတိုးတက်ရေး၊ အကြောင်းခြင်းရာများနှင့် တရားရုံးများ ၏ ဥပဒေလက်တွေ့ကျင့်သုံးမှုများတွင် တရားသူကြီးများထက် အဆင့်နိမ့်သည့် အခန်းကဏ္ဍတွင် ပါဝင်ရသောကြောင့်ဖြစ်သည်။ တိတိကျကျ သတ်မှတ်ထားသည့် အထူးပြုနယ်ပယ်မရှိရာ

လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည့် ဥပဒေလေ့လာမှုကို အစီအစဉ်တကျ ပြန်လည် လုပ်ဆောင်ရန် စဉ်းစားသည့်အခါ အားသာချက်တစ်ခုရှိသည်။ နှိုင်းယှဉ်လေ့လာမှုပြုရာတွင် အထူးပင် အရေးကြီးသည့် အခြားအားသာချက်တစ်ခုလည်း ရှိပြီး၊ ၎င်းမှာ ဥပဒေစနစ်တစ်ခုလုံးကို ကြည့်ရန် ပိုမိုလွယ်ကူစေခြင်း ဖြစ်သည်။ အထူးပြုနယ်ပယ်သည် ကွဲပြားသည့်ဥပဒေစနစ်များတွင် မတူညီသောအခန်းကဏ္ဍများမှ ပါဝင်သည်ကို ကြိုတင်ဆုံးဖြတ်ခြင်းမပြုဘဲ အားလုံးခြုံငုံသုံးသပ်မှုပြုနိုင်သည့် အမြင်မျိုးရရှိရန် အားထုတ်မှုအတွက် ရပ်တည်သည်။

အင်္ဂလိပ်ရိုးရာဥပဒေလေ့လာမှု၏ သွင်ပြင်လက္ခဏာရပ်များကြောင့်မဟုတ်ဘဲ အဂလိပ်ရိုးရာဥပဒေ ချဉ်းကပ်နည်းလမ်း၏ သွင်ပြင်လက္ခဏာရပ်များတွင် အမြစ်တွယ်နေခြင်းကြောင့်ပင် အဂလိပ်ရိုးရာဥပဒေအစဉ်အလာကျင့်သုံးသော ပညာရှင်များအတွက် နောက်ထပ် အားသာချက်များရှိနိုင်သေးသည်။ တစ်ခုမှာ အယူအဆများအပေါ်မဟုတ်ဘဲ အကြောင်းခြင်းရာများ အပေါ် အထူး အလေးထားခြင်းဖြစ်သည်။ အဂလိပ်ရိုးရာဥပဒေစနစ်ကျင့်သုံးသည့် ရှေ့နေများက စည်းမျဉ်းများအသုံးချရန် လိုအပ်ချက်ကြောင့် အယူအဆများနှင့် အမျိုးအစားများကို အသုံးပြုသော်လည်း အမျိုးအစားများ တိုးတက်မှုမှာ သီးခြားကိစ္စရပ် တစ်ခု သို့မဟုတ် သီးခြားကိစ္စရပ်၏ အမျိုးအစားကွဲတစ်ခုကို ဖော်ထုတ်ရန် လိုအပ်ချက်အတွက်ထက် မည်သည့် အခါမှ မကျော်လွန်ပါ။ ဥပဒေဆိုင်ရာနှင့် သာတူညီမျှဆိုင်ရာအမှုများတွင် အင်္ဂလိပ်ဥပဒေဖွံ့ဖြိုးတိုးတက်မှု မူလအစမှာ တရားရုံးအမျိုးမျိုးရှိ စာချွန်တော်များနှင့် အရေးယူမှုပုံစံများမှ ဖြစ်လာသည်ဆိုသည့် အကြောင်းခြင်းရာ ဖော်ပြထားချက်ကို ဆက်လက်ထိန်းသိမ်း ထားသည်။ ထိုသို့ ကျင့်ထုံးအမျိုးမျိုးနှင့်တရားရုံးအမျိုးမျိုးတို့၌ရှိသော အဓိကကွဲပြားမှုများကို (၁၉) ရာစုတွင် ဖယ်ရှားခဲ့သော်လည်း ဂျာမန် ပုဂ္ဂလိကဆိုင်ရာဥပဒေနှင့် ဂျာမန် အထွေထွေ ဥပဒေ အတွက် လုပ်ဆောင်ခဲ့သော ဂျာမန်တရားမကိုဓဥပဒေ ရေးဆွဲခြင်းကဲ့သို့ စနစ်တစ်ခုလုံးကို သုံးသပ်စဉ်းစားခြင်း လုပ်ဆောင်ရန် အားထုတ်ခဲ့ခြင်းမရှိပါ။ အကောင်းဆုံးမှာ ယခင်က တည်ရှိခဲ့သော အခြေခံမူသဘောတရားများကို ပိုမိုတိုးတက်စေရန် အခွင့်အလမ်းပေးခဲ့ပြီး သီးခြားအကြောင်းခြင်းရာတစ်ခု သို့မဟုတ် အကြောင်းခြင်းရာများကို အတိအကျဖြေရှင်းရန် လိုအပ်သည်ထက် ပို၍ဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ရန် အစဉ်အလာအတိုင်း တွန့်ဆုတ်ခြင်းမရှိသောနည်းလမ်းဖြင့် လုပ်ဆောင်ခဲ့သည်။ အဂလိပ်ဥပဒေက ခြုံငုံကောက်ချက် ဆွဲထားသော အကြောင်းခြင်းရာအခြေအနေများတွင် ပို၍ တစ်စိတ်တစ်ပိုင်းစီ ပြန့်ကျဲနေပြီး အလုံးစုံလွှမ်းခြုံပါဝင်မှု သို့မဟုတ် ပြီးပြည့်စုံမှုဖြစ်လာစေရန် ရည်မှန်းချက်လည်း မရှိပါ။ ၎င်း၏ တရားဥပဒေစိုးမိုးရေးကို အလုံးစုံလွှမ်းခြုံပါဝင်သော အယူအဆအခြေပြုစနစ်၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် မသတ်မှတ်ပါ။

စီရင်ထုံးကအမှု၏ အကြောင်းခြင်းရာများကို နှိုင်းယှဉ်ခြင်းဖြင့် အလုပ်လုပ်သည့် အတွက် ဖြတ်ထုံးများအပေါ် အင်္ဂလိပ်ဥပဒေကလွန်စွာအားကိုးအားထားပြုခြင်းသည် အကြောင်းခြင်းရာများ အပေါ် အလေးဂရုပြုခြင်းကို ပိုမိုခိုင်မာစေသည်။ အကယ်၍ အမှုဖြစ် အကြောင်းခြင်းရာများကို နှိုင်းယှဉ်နိုင်လျှင် စည်းမျဉ်းတူများအသုံးပြုသည်။ ထို့ပြင် အကြောင်းခြင်းရာများက အစပြုခြင်း

မျှသာ မဟုတ်ပေ။ ၎င်းတို့က နောက်ဆုံးစီရင်ချက်အထိ တိုက်ရိုက်လွှမ်းမိုးမှုကို ဆက်လက်ကျင့်သုံးသည်မှာ ထင်ရှားသည်။ ထို့ပြင် အင်္ဂလိပ်တရားသူကြီးများက ၎င်းတို့၏ စီရင်ချက်များရှိ အမှုဖြစ်အကြောင်းခြင်းရာများ တွဲဖက်ထားသည် အရေးပါမှုကိုမြင်တွေ့နိုင်သည်။[၂] သီးခြားကိစ္စရပ်များ၏ အကြောင်းခြင်းရာများမှ လူမှုအဖွဲ့အစည်းတစ်ခုလုံး၏ အကြောင်းခြင်းရာ အခြေအနေအဖြစ် ကူးပြောင်းစေရန် အချက်အလက်များက ပြုလုပ်ခြင်းနှင့် ပတ်သက်၍ အင်္ဂလိပ်ရိုးရာဥပဒေစနစ်ရှေ့နေ၏ အစဉ်အလာအရ အလေးထားမှုယူဆချက်များမှ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အထွေထွေ ပြဿနာအဖြစ်မျိုးသို့ ကူးပြောင်းမှုမျိုးလောက် ခက်ခဲမှု မရှိပါ။

အကူးအပြောင်းကို ပိုမိုလွယ်ကူစေရန် ပြုလုပ်နိုင်သည့် အင်္ဂလိပ်ဥပဒေစနစ်၏ အခြားထင်ရှားသော လက္ခဏာရှိသေးသည်။ ရေးသားထားသောဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး မရှိသည့်အတွက် ဗြိတိသျှဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံရေးကျင့်စဉ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံအပေါ် လွန်စွာမှီခိုအားထားရသည်။ တစ်နည်းအားဖြင့် ပါဝင်သူများအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်းနှောင်အားရှိသကဲ့သို့ အသိအမှတ်ပြုရာရောက်သည့် နိုင်ငံရေးကျင့်စဉ်များဖြစ်သည်။ ဗြိတိန်နိုင်ငံရှိ အစိုးရရှေ့နေများသည် ဗြိတိသျှဖွဲ့စည်းပုံအခြေခံဥပဒေအရ အဓိပ္ပာယ်ရှိလျှင် ဥပဒေမဟုတ်သောနည်းလမ်းဖြင့် ရည်မှန်းချက် ပေါက်မြောက်စေခြင်းကိုလည်း အလေးထားရမည်။ အမှန်အားဖြင့် ၎င်းတို့ လေ့လာသော ဘာသာရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီအောင် ပြုလုပ်လိုက်ရခြင်းဖြစ်သည်။ ထို့နောက် လေ့လာမှုပန်းတိုင်သို့ ရောက်ရှိစေမည့် နည်းလမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ရပ်တွင် ပါရှိသောစာများ သို့မဟုတ် ၎င်းတို့နှင့် တွဲဖက်ထားသည့် ဥပဒေမူသဘောတရားများထက် ကမ္ဘာအနှံ့ နိုင်ငံတကာလေ့လာမှု အခြေပြု ပို၍ အဆင်ပြေ ချောမွေ့စေမည့် နည်းလမ်းဖြစ်စေရန်ပြုလုပ်ရမည်။ ၎င်းသည် အခြားစနစ်များရှိ အစိုးရရှေ့နေများက အလေးထားသည့် သာမန် အကြောင်းအရာများ ဖြစ်သည်။ ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သီးသန့်တရားရုံး တစ်ရုံး၏စီရင်ပိုင်ခွင့်နှင့် ယင်းကို ကျင့်သုံးသည့်ဥပဒေနှင့် ဆက်နွှယ်နေသော ပညာရှင်များ အတွက်ဆိုလျှင် တင်းကျပ်သော ဥပဒေနည်းလမ်းမှသည် ဥပဒေမဟုတ်သော နည်းလမ်းဆီသို့ အကူးအပြောင်းပြုလုပ်ပြီး ပြဿနာများကိုဖြေရှင်းခြင်းက စိတ်ဖိစီးမှု ပို၍လျော့နည်းစေသည်။

ကိုလံဘီယာလက်တွေ့စမ်းသပ်မှုတွင်ပါဝင်လုပ်ဆောင်သူများက စိတ်ကူးဉာဏ် ရှိသည့်တိုင်အောင် အမေရိကန်ဥပဒေနှင့် ၎င်း၏လုပ်ငန်းတာဝန်များအား နားလည်သဘောပေါက်မှု ပိုမိုရှိလာစေရန်နှင့် ပိုမိုနက်ရှိုင်းစေရန် လက်တွေ့ရည်မှန်းချက် ရှိပါသေးသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော် အချိန် ၁၈၈၅ ခုနှစ်တွင် အခြားသော အမေရိကန်လူမျိုး၊ နောင်တွင် အမေရိကန်ပြည်ထောင်စုတရားရုံးချုပ်၏တရားသူကြီးဖြစ်သော Oliver Wendell Homles က ရှေ့နေများကို ရည်ညွှန်းသော စာပိုဒ်တွင် ကွဲပြားသောချဉ်းကပ်နည်းလမ်းကို ရယူထားသည်။ ၎င်း၏ရေးသားချက်သည် ဥပဒေနှင့်ရင်ဆိုင်နေရသောပြဿနာများအား နားလည်သဘောပေါက်မှု ပိုမိုတိုး လာစေရန်

နှင့် ပိုမိုနက်ရှိုင်းစေရန် လက်တွေ့ကျသည့် အဆိုပြုချက်တော့မဟုတ်ပေ။ ၎င်း၏ရည်ရွယ်ချက်မှာ ပရိတ်သတ်ကို စွဲမြဲစွာမှတ်မိအောင် လှုံ့ဆော်ရန်နှင့် ဥပဒေလေ့လာမှုကို ကျယ်ပြန့်သည့် ပညာရပ်ဆိုင်ရာလေ့လာမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် တင်ပြရန်ဖြစ်သည်။ ဥပဒေလေ့လာမှုကို သာမန် ဥပဒေကျင့်သုံးမှုပညာရပ် ရှုထောင့်အနေဖြင့်မဟုတ်ဘဲ ပညာရပ်လောကတစ်ခုလုံး၏ အစိတ်အပိုင်း တစ်ရပ်အနေဖြင့် တင်ပြသည့်အတွက် ကိစ္စရပ်များကို ကြည့်ရမည်ဆိုလျှင်လည်း အလွန်အကျွံဖြစ်သည်ဟု ထင်ရသည်က ဥပဒေနိူင်းယှဉ်လေ့လာမှုကို စဉ်းစားရာတွင် ပံ့ပိုးပေးသည်။

> ဘဝက လူတိုင်းကိုပေးအပ်သည့်အရာမှာ အကြောင်းခြင်းရာမှ ၎င်း၏စဉ်းစား တွေးခေါ်မှုစတင်ရန်ဖြစ်သည်။ အကယ်၍ ဤစကြာဝဠာက တစ်ခုတည်းသာဖြစ်လျှင်၊ အကယ်၍ သင်က အပိုင်းတစ်ပိုင်းမှ အခြားတစ်ပိုင်းသို့ ဖြတ်ကျော်ဖို့ရန်အတွက် စဉ်းစားနိုင် တွေးနိုင်နေသမျှ မည်သည့်အချက်ဖြစ်သည်က အရေးမကြီးပါ။ အကြောင်းခြင်းရာတိုင်းက အခြားကို ဦးတည်ဖို့အတွက်... နည်းလမ်းကို လူသားက အမြဲတမ်းမတွေ့နိုင်ပါ။ တွေးခေါ်သူ သင့်အလုပ်က အချို့သောအရာမှ အရာအားလုံးသို့ ရောက်မည့် နည်းလမ်းများ ရှင်းလင်းထင်ရှားအောင်ပြုလုပ်ရန်၊ သင့်အချက်အလက်နှင့် စကြာဝဠာ စည်းဘောင်တို့အကြား ယုတ္တိတန်သောဆက်နွှယ်မှုကို ပြသရန်ဖြစ်သည်။ အကယ်၍ သင်လေ့လာသော ဘာသာရပ်က ဥပဒေဆိုလျှင် ထင်ရှားနေသော လမ်းကြောင်းများက မနုဿဗေဒ၊ လူသားဆိုင်ရာသိပ္ပံ၊ နိုင်ငံရေးဆိုင်ရာ စီးပွားရေး၊ ဥပဒေပြုခြင်းဆိုင်ရာ သဘောတရား၊ ကျင့်ဝတ်တို့ဖြစ်ပြီး သင့်အတွက် ဘဝကို ရှုမြင်သော အမြင်ဆီသို့ လမ်းကြောင်းများစွာဖြင့် ရောက်ရှိနိုင်သည်။ အခြားဘာသာရပ်များ အတွက်လည်း ထို့အတူပင် မှန်ကန်ပါလိမ့်မည်။ မည်သည့် ပညာရပ်တွင်မဆို ဆရာကြီးတစ်ဆူ ဖြစ်ရန်အတွက် ၎င်းဘာသာရပ် ဝန်းကျင်တွင် ရှိနေသောအရာများကို နှံ့စပ်စွာ သိနားလည်ရမည် ဖြစ်ပြီး သိရမည့်အရာ အားလုံး၏ အရာရာတိုင်းကို သိရန်ဖြစ်သည်။[၃]

ဤစာပိုဒ်တိုအတွင်း၌ အကြောင်းအရာနှစ်ခု ပေါ်ထွက်နေသည်။ တစ်ခုမှာ အချက်အလက်များအားလုံးသည် တစ်နည်းနည်းဖြင့် ဆက်နွှယ်မှုရှိသည် ဟူသောသဘော ဖြစ်သည်။ ဒုတိယမှာ ပို၍အရေးကြီးသည်။ ဆက်နွှယ်မှုအားလုံးသည် ထင်ရှားနေသည် မဟုတ်ပါ။ ၎င်းတို့ကို တွေးတောရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။ Homles ၏ စကားအရ ရှေ့နေများသည် တွေးခေါ်သူဖြစ်ပြီး ဆောင်ရွက်ချက်များကိုလည်း စဉ်းစားတွေးခေါ်ခြင်းဖြစ်သည်။ သို့သော် ၎င်းသည် အထူးစဉ်းစား တွေးခေါ်မှုမျိုးဖြစ်သည်။ ၎င်းသည် ယုတ္တိဗေဒနည်းအရ စဉ်းစားတွေးခေါ်မှုမျိုး မဟုတ်သလို ရည်မှန်းချက်ရောက်ရှိစေမည့် စဉ်းစားတွေးခေါ်မှုမျိုးလည်းမဟုတ်ပေ။ ရှေးဦးစွာ ၎င်းသည် စူးစမ်းရှာဖွေခြင်းနှင့် မှန်ကန်ကြောင်းပြသခြင်းအစား စိတ်ကူးဉာဏ်ရှိသော စဉ်းစားတွေးခေါ်ခြင်း၊ တီထွင်ဆန်းသစ်ခြင်းနှင့် ဆက်နွှယ်မှုများကို ဖော်ထုတ်ခြင်း ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ယုတ္တိဗေဒနည်းဖြင့်မဟုတ်ဘဲ ကြိုတင်ကန့်သတ်ချက် မထားရှိသော စိတ်ကူးဖြင့် တစ်စုံတစ်ရာကို ဆွဲဆောင်ခြင်းဖြင့် အသိဉာဏ် လောကကြီးမှတဆင့် မိမိကိုယ်ပိုင်

နည်းလမ်းကို ပြုလုပ်နိုင်သော လွတ်လပ်မှုဖြင့် ထုတ်ဖော် ခြင်းမျိုးဖြစ်သည်။ ယုတ္တိဗေဒနည်းလမ်း မဟုတ်ဟုဆိုရာတွင် ပထမ သို့မဟုတ် အခြေခံယူဆချက်မှ ခြုံယူ၍ ကောက်ချက်ချခြင်း၊ သို့မဟုတ် သိပ္ပံပညာရှင်များက ကိုယ်စားပြုနည်းလမ်း ပြုလုပ်သကဲ့သို့ အခြေခံစည်းမျဉ်းများနှင့် ယူဆချက်များကို အချက်အလက် များစွာမှ ဖော်ထုတ်ခြင်းမျိုး ပြုလုပ်ခြင်းကို ခေါ်သည်။

## စိတ်ကူးဉာဏ်အခြေပြု နိုင်းယှဉ်ဥပဒေ

စိတ်ကူးစိတ်သန်းသည် ဥပဒေလေ့လာမှုနှင့် စပ်လျဉ်း၍ သုံးလေ့သုံးထရှိသော စကားလုံး မဟုတ်ပေ။ အစဉ်အလာအားဖြင့် ပညာဗဟုသုတနှင့် နားလည်သဘောပေါက်မှုကို ပိုမို အလေးဂရုပြုသည်။ ထို့ပြင် စိတ်ကူးစိတ်သန်းကို ဥပဒေလေ့လာမှု၏ကောင်းကွက်ကဲ့သို့ ရှုမြင်သည့်အခါ စည်းဘောင်မရှိဟုသိထားသော ကြိုတင်ကန့်သတ်ချက်မထားရှိသည့် စိတ်ကူးထက် ဥပဒေပညာရှင်များကို ပြည်တွင်းဥပဒေနှင့် ပညာရပ်ဆိုင်ရာ အစဉ်အလာအရ ကန့်သတ်ချက်များအတွင်း ဥပဒေယူဆချက်သစ်များနှင့် အခြေခံမှုများ ဖော်ထုတ်နိုင်သော ရည်မှန်းချက်ရောက်ရှိစေမည့် စိတ်ကူးစိတ်သန်း ဖြစ်နိုင်ခြေပိုများသည်။

ဤနေရာ၌ အင်္ဂလိပ်ရိုးရာဥပဒေကျင့်သုံးသည့်ပညာရှင်တွင် နောက်ထပ် အားသာချက်အချို့ရှိနိုင်သည်။ အဂလိပ်ရိုးရာဥပဒေစနစ်၏ ကျိုးကြောင်းသင့်ဆင်ခြင်မှု အရည်အသွေးက ၎င်း၏ အသုံးပြုနိုင်စွမ်းနှင့် နောက်ဆုံးကောက်ချက်ရရှိစေရန် ဆီလျော်သော ကြားခံအဆင့်အဖြစ်ယူဆချက်များကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်စွမ်းထက် အခြားသူက လက်ခံလာစေရန် ဆွဲဆောင်နိုင်ခြင်းအပေါ် များစွာမှီတည်သည်။ ဤသည်မှာ တရားသူကြီးများက ၎င်း၏စီရင်ချက်ကောင်းမွန်မှန်ကန်ကြောင်းပြရန်အတွက်အသုံးပြုသော ဥပဒေဆိုင်ရာ ကျိုးကြောင်းသင့်ဆင်ခြင်မှုတွင်လည်း မှန်ကန်သည်။ တရားရုံးရှေ့မှောက်တွင် အမှုကို လျှောက်လဲတင်ပြသည့် ရှေ့နေများကို တရားသူကြီးများ၏ အကြောင်းခြင်းရာနှင့် ဥပဒေအပေါ် ၎င်းတို့သိမြင်ထားသည်ထက်ကျော်လွန်၍ မိမိတို့ရှေ့နေများ မြင်သောအမြင်အား ထိုတရားသူကြီးများက လက်ခံလာစေရန် အားထုတ်ရာတွင် ပို၍လွတ်လွတ်လပ်လပ် ခွင့်ပြုထားသည်။ အမှန်အားဖြင့်ဥပဒေပြုလုပ်ခြင်းကို ဘေးဖယ်ထားပြီး ၎င်းတို့၏ အမှုသည်များကိုယ်စား အထူးသဖြင့် အယူခံအဆင့်တွင် တီထွင်ဆန်းသစ်နေစေရန် လှုံ့ဆော်ပေးသောအရာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုအရာသည် သုံးသပ်ချက်များတွင် ပါရှိသော ဥပဒေပညာရှင်များ၏ တစ်စိတ်တပိုင်း တရားဝင်သည့် ထုတ်ပြန်ချက်များ (semi-authoritative) နှင့်စာစောင်များတွင်ပါရှိသော ပညာရပ်ဆိုင်ရာဆောင်းပါးထက် အဂလိပ်ဥပဒေစနစ်တွင် ပြောင်းလဲမှု ဖြစ်စေရန်အတွက် အဓိကလှုံ့ဆော်သော တွန်းအားများထဲမှ တစ်ခုလည်းဖြစ်သည်။ အဂလိပ်ရိုးရာ ဥပဒေစနစ်တွင်ကျင့်သုံးသောလျှောက်လဲပုံစနစ်၏ အားသာချက်များထဲမှ တစ်ခုမှာ ဥပဒေစနစ်တစ်ခုလုံးက အကြောင်းခြင်းရာသစ်များသာမက အကြောင်းအရာများအပေါ် နည်းလမ်းသစ်များဖြင့် ကြည့်ရှုရန် ရှေ့နေများ၏အမြင်အရ အကြံပြုချက်များကိုလည်း ပုံမှန်တင်ပြလျှက်ရှိနေသည်။ ဤအကြံပြုချက်များကို တစ်ဘက် ရှေ့နေများဖြင့် စစ်ဆေးကာနောက်ဆုံးတွင် ဥပဒေမူဘောင် သို့မဟုတ် ဥပဒေစနစ် တစ်ခုလုံးအတွင်း၊ သက်ဆိုင်ရာဥပဒေ၏ လက်ရှိဖွံ့ဖြိုး

တိုးတက်မှု အနေအထား၊ လက်ရှိဖြတ်ထုံးနှင့် ဖြတ်ထုံးဆိုင်ရာ မူသဘောတရား တို့အရ ဥပဒေနှင့် အညီချမှတ်နိုင်သော ဆုံးဖြတ်ချက်အဖြစ် တရားသူကြီး၏ အမြင်မှ တဆင့်စစ်ထုတ်လိုက်သည်။ စနစ်အတွင်း ပြောင်းလဲမှုအားကို စိတ်ကူးစိတ်သန်းက အားဖြည့်ပေးသည်။ ၎င်းသည် အမှန် တကယ်ပင် ကြိုတင်ကန့်သတ်ချက်မထားရှိသော စိတ်ကူးစိတ်သန်း မဟုတ်ဘဲ တင်းကျပ်သည့် ရည်မှန်းချက်ရောက်ရှိစေမည့် စိတ်ကူးစိတ်သန်းမျိုးထက်ပို၍ အတိအကျဆိုရလျှင် သိရှိထားသော အကြောင်းအရာအပေါ်ရှိ စိတ်ကူးစိတ်သန်းဟူ၍သာ ခေါ်သင့်သည်။

ဆိုလိုသည်မှာဥပဒေလက်တွေ့ကျင့်သုံးမှုနှင့်ချိတ်ဆက်ထားသည့် အင်္ဂလိပ်ရိုးရာဥပဒေ လေ့လာမှုနှင့် အင်္ဂလိပ်ရိုးရာဥပဒေပညာရေးတို့က စိတ်ကူးစိတ်သန်းကို အသုံးပြုခြင်းနှင့် အသုံးပြု သည့်အတိုင်းအတာကို တွန်းအားပေးရန်အတွက် နယ်ပယ်ရှာဖွေတွေ့ရှိသင့်သည်။ ဥပဒေ လက်တွေ့ကျင့်သုံးမှုနှင့် ချိတ်ဆက်ထားခြင်းမရှိသည့် အဂလိပ်ရိုးရာဥပဒေပညာရေး သို့မဟုတ် လေ့လာမှုတို့တွင် တရားရုံး၏ နည်းစနစ်နှင့်သက်ဆိုင်ရာကန့်သတ်ချက်များကို လိုက်နာရန် မလိုအပ်သည့်အတွက် နယ်ပယ်အတိုင်းအတာ ပိုကျယ်ပြန့်သည်။ ၎င်းတို့၏ စိတ်ကူးစိတ်သန်း အတိုင်းအတာမှာ စည်းဘောင်များမရှိပါ။

နောက်တစ်ခါအသုံးဝင်သော စိတ်ကူးစိတ်သန်းက ပြည်တွင်းအဆင့်တွင်သာ ရှိနိုင် သော်လည်း ၎င်းအတွက် နယ်ပယ်အတိုင်းအတာက ဥပဒေစနစ်အလိုက်၊ ဥပဒေပညာရေး အစဉ်အလာအလိုက် ကွဲပြားနိုင်သည်။ နှိုင်းယှဉ်လေ့လာမှုနှင့် သီးခြားပရိတ်သတ်အတွက် အခြား ဥပဒေစနစ်များ၏ အလုပ်လုပ်ပုံနှင့် သွင်ပြင်လက္ခဏာ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ် နိုင်မည့် အဓိကသော့ချက်ကို ရှာဖွေနေသူအတွက် ကျယ်ကျယ်ပြန့်ပြန့် စိတ်ကူးစိတ်သန်းမျိုးက ပို၍သက်ဆိုင်လာသည်။

နှိုင်းယှဉ်လေ့လာဥပဒေပညာရှင်များ၏ခွန်အားကို သတင်းအချက်အလက်ရှာဖွေမှု အတွက် ကုန်ဆုံးခဲ့ရချိန်များရှိခဲ့သည်။ ၎င်းသည်နှေးကွေးပြီးခက်ခဲသောအလုပ်ဖြစ်ခဲ့သည်။ ဤနေရာတွင် သတင်းအချက်အလက်တော်လှန်ရေးက အဓိကကျသော ကွဲပြားခြားနားမှုကို ပြုလုပ်နိုင်သည်။ အတိတ်ကာလက အခက်အခဲများကိုအောင်နိုင်ပြီး သတင်းအချက်အလက် အများအပြားကိုခလုတ်တစ်ချက်နှိပ်လိုက်လျှင် ရရှိလာလိမ့်မည်ဖြစ်ပြီး နားလည်သဘောပေါက်မှု ကို အထောက်အကူပေးနိုင်မည့်အရာကလည်း မကြာမီနောက်မှလိုက်ပါလာလိမ့်မည်။ ပြဿနာ ဟောင်းက ပြောင်းပြန်ဖြစ်သွားမည်။ သတင်းအချက်အလက် ပြတ်လပ်မှုအစား သတင်းအချက် အလက် အလျှံပယ်ဖြစ်လာလိမ့်မည်။ စုပြုံနေသာသတင်းအများကြီးထဲမှ အမှန်တကယ်ရှင်းပြ နိုင်မည့်ရနိုင်သောအရာကိုရွေးချယ်ရန် စိတ်ကူးစိတ်သန်းကို လိုအပ်လာသည်။ ယခုချိန်တိုင်အောင် ရရှိနိုင်ရန်ခက်ခဲသောကြောင့် အခြားသောဥပဒေစနစ်အကြောင်း သတင်းမှတ်တမ်းတင်ခြင်းသည် ချီးကျူးထိုက်သည်။ နောင်အနာဂတ်၌ သတင်းအချက်အလက်ရွေးချယ် အသုံးပြုခြင်းက ပိုမို အရေးပါလာပြီး နှိုင်းယှဉ်ဥပဒေဆိုင်ရာရှေ့နေက အခြားသူများအား မိမိ၏ ဥပဒေစနစ်ကို ရှင်းပြရန်

အားထုတ်ရာတွင် သာမက နိုင်ငံခြားပညာရှင်က အခြားသော ဥပဒေစနစ်ကို နားလည် သဘောပေါက်ရန် ကြိုးပမ်းရာတွင် အသုံးပြုသည်။ လူတစ်ဦး၊ အုပ်စုများ၊ အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုများ၏ အချက်အလက်စုဆောင်းရာတွင် ၎င်းတို့၏ ဖွဲ့လုံ့လအတွက်မဟုတ်ဘဲ ၎င်းတို့ ပြုလုပ်ထားသည့် ဖန်တီးအသုံးပြုမှုအတွက် တန်ဖိုးဖြတ်ခံရလိမ့်မည်။

ရည်မှန်းချက်ရောက်ရှိစေမည့်စိတ်ကူးစိတ်သန်းတွင် အမြင့်ဆုံးဥပဒေ သဘောတရား လေ့လာမှု သို့မဟုတ် ပြည်တွင်းရှိ အကောင်းဆုံးတရားသူကြီးများ၏ အကောင်းဆုံး စီရင်ချက်များ အထူးသဖြင့် ပါဝင်သည့် ဥပဒေဆိုင်ရာအချက်အလက်များ တင်းကျပ်စွာ ဖြည့်ထား နိုင်သော်လည်း အဆုံးမရှိသော စိတ်ကူးစိတ်သန်းကို အားဖြည့်ပေးမည့်အရာအဖြစ် ကန့်သန့်ချက် မရှိခြင်းကို သိသလို ဥပဒေကဲ့သို့ တရားဝင် သတ်မှတ်ထားသော အရာကိုလည်း ကန့်သတ်မထားသည်မှာ အသေအချာပင်ဖြစ်သည်။ အမှန်တကယ်ပင် ဥပဒေကျောင်းသားများနှင့် ဥပဒေပညာရှင်များသည် ဥပဒေလေ့လာမှုနှင့် ဥပဒေလေ့လာမှု ပညာရပ်ကို အစဉ်အလာရ ချိန်ထိုးညှိနှိုင်းသည့် နိုင်ငံများတွင် ကန့်သတ်ချက်မရှိသော အတိုင်းအတာအတွက် နေရာများများစားစား ရှိလိမ့်မည်မဟုတ်ပါ။ သာမန်အားဖြင့် လေ့လာမှုပညာရပ်များက ကမ်းလှမ်းသည့် အလားတူ ကျယ်ပြန့်သော စိတ်ဝင်စား ဖွယ်ရာကို ဥပဒေလေ့လာမှုပညာရပ်က ကမ်းလှမ်းပုံမဖော်ပြဘဲ စာပေ၊ အနုပညာနှင့် သချာ သို့မဟုတ် သဘောတရားသိပ္ပံ ကဲ့သို့သော စိတ်ကူးဉာဏ်ရှိရသော ဘာသာရပ်များတွင် စိတ်ကူး စိတ်သန်းအသုံးပြုခြင်းကို ကန့်သတ်သော သို့မဟုတ် လေ့လာမှုပညာရပ်ကိုယ်၌ကပင် အသေးစိတ် ကျသော အောက်ခြေမှတ်ချက်များ၏ အစဉ်အလာနှင့် ယူဆချက်မူဘောင်အတွင်း လမ်းစပျောက် နေသော ပညာရပ်နယ်ပယ်ရှိ နိုင်ငံမျိုးတွင်ဖြစ်သည်။ သို့ရာတွင် ဤသည်ကိုလက်ခံလိုက်သည်နှင့် စိတ်ကူးစိတ်သန်းဖွံ့ ဖြိုးတိုးတက်မှုက အသိပညာရယူခြင်းနှင့် နားလည်သဘောပေါက်မှု တိုးလာခြင်းတို့သည် မူအားဖြင့် တတ်နိုင်သမျှ ကျယ်ပြန့်စွာလှုံ့ဆော်ပေးသည့် နည်းလမ်းနှင့် ယှဉ်လျက် ဥပဒေပညာရေးနှင့် ဥပဒေလေ့လာမှု ပညာရပ်၏ အရေးပါသောအင်္ဂါရပ် ဖြစ်သင့်သည်။

အမှန်စင်စစ် စိတ်ကူးစိတ်သန်းအရင်းအမြစ်က ကြိုတင်ကန့်သတ်ချက် သတ်မှတ် မထားသလို ကြိုတင်ခန့်မှန်းမရနိုင်သောကြောင့် ပိုမိုစိတ်ကူးဉာဏ်ရှိရသော နှိုင်းယှဉ်ဥပဒေ အတွက် ပံ့ပိုးပေးနိုင်သည့် အရာကို ခြုံငုံ၍ကောက်ချက်ချရန်ခက်ခဲသည်။ သို့သော်လက်ရှိ အစဉ်အလာနှင့် လက်တွေ့ကျင့်သုံးမှုနှင့် စိတ်ကူးစိတ်သန်းပိုမို ကျယ်ပြန့်စွာ အသုံးပြုခြင်း တို့အကြား ကွာဟမှုကို လွယ်ကူစွာ ပုံဖော်ပြသည်။ ဥပဒေပို့ချချက်ကိုတက်ရောက်သူ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက် စာအုပ်အား ကောက်ယူကြည့်ရှုသူ မည်သူမဆို သိသာထင်ရှားသည့် အင်္ဂါရပ်ဖြစ်သော ရုပ်ပုံများ အသုံးပြုခြင်း ကင်းမဲ့မှုကို သတိပြုမိ ပါလိမ့်မည်။ ဤသည်က အနည်းဆုံး မေးခွန်းထုတ်စရာ ဖြစ်ပေါ်လာပါသည်။ ဆက်သွယ်ရေး နည်းလမ်း အဖြစ် သော်လည်းကောင်း၊ နားလည်သဘောပေါက်မှုအား အထောက်အကူပြုအဖြစ် သော်လည်းကောင်း၊ စိတ်ကူးစိတ်သန်းအားလှုံ့ဆော်ပေးသည့်အရာအနေဖြင့်လည်းကောင်း လွန်ခဲ့သည့် ဆယ်စုနှစ် အနည်းငယ်တွင်း ရုပ်ပုံကားချပ်များကို နေရာယူအသုံးပြုခဲ့သော ဆန်းသစ်သည့် နည်းလမ်းများ

သည် အံ့သြဖွယ်ရာဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။ ရုပ်ပုံများသည် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုကိုတိုးမြှင့်စေနိုင်သော သိမ့်မွေ့သည့်နည်းလမ်းအဖြစ်လည်းကောင်း သို့မဟုတ် ၎င်းတို့၏ရည်ရွယ်ချက်များအတွက် ကျွန်ုပ်တို့အား လွှမ်းမိုးရန်အားထုတ်ရာတွင် သိမ့်မွေ့မှုနည်းသည့်နည်းလမ်းအဖြစ်လည်းကောင်း တစ်နည်းနည်းဖြင့် လွှမ်းမိုးနိုင်သော အရေးပါ သည့်နည်းလမ်းအဖြစ် မှတ်ယူထားသောလူများက ရည်ရွယ်ထားသောရုပ်ပုံများဖြင့် ကျွန်ုပ်တို့ကို ဝန်းရံထားရန် လက်တွေ့တွင် အတိုင်းအတာတစ်ခုအထိ ဦးတည်ထားသည်။ ဆန့်ကျင်ဘက်အနေဖြင့် ဥပဒေအရေးအသားနှင့် ဥပဒေဆိုင်ရာဆက်သွယ်မှုမှာ ယေဘုယျအားဖြင့် ရုပ်ပုံမတိုင်မီအဆင့်တွင် ဆက်လက်ကျန်ရှိနေသည်။ ဥပဒေစာပေတစ်ရပ်လုံးတွင် နှိုင်းယှဉ် ဥပဒေစာအုပ်အနည်းငယ်ထဲမှ တစ်အုပ်ဖြစ်သလို၊ စင်စစ် ရုပ်ပုံလိုအပ်မှုကို အထူးပြုထားသည့် ဥပဒေစာအုပ်အနည်းငယ်ထဲမှ စာအုပ်တစ်အုပ်ဖြစ်သည့် *Wigmore's A panorama of the World's Legal system*[6] စာအုပ်ကထင်ရှားသည်။ ဂျပန်နိုင်ငံတွင်နေထိုင်စဉ်ကာလအတွင်း နှိုင်းယှဉ်ဥပဒေလွှမ်းမိုးမှုခံရကြောင်း ပြောခဲ့ သော Wigmore သည် ၎င်း၏ *A panorama of the World's Legal System* စာအုပ်ကို ၁၉၈၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ သူက ယင်းသည် 'နှိုင်းယှဉ်ဥပဒေနယ်ပယ်တွင် မှတ်တမ်းဓါတ်ပုံနည်းလမ်းကို အသုံးချရန် ပထမဆုံးအားထုတ်မှု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။' သို့သော် သူ၏ ရည်ရွယ် ချက်သည် ကန့်သတ်မှုရှိခဲ့သည်။ ပထမဦးစွာ ၎င်း၏အကြောင်းအရာ အားလုံးနီးပါးက သမိုင်းဆိုင်ရာဖြစ်ခဲ့သည်။ ဒုတိယမှာ ဓါတ်ပုံများမှာ နယ်ပယ်အားဖြင့် ကန့်သတ်ချက် ရှိခဲ့သည်။

> သူက ၎င်းတို့မှာ ဥပဒေဝန်ဆောင်မှုပေးရာ ကြီးကျယ်ခမ်းနားသော အဆောက် အဦးများ (ဘုရားကျောင်း၊ နန်းတော်များ၊ ရွက်ဖျင်တဲများ၊ တရားခွင်များ၊ မြို့ဝင်တံခါးများ စသည်ဖြင့် မည်သည့်နေရာဖြစ်စေ)၊ ဥပဒေဆိုင်ရာလူပုဂ္ဂိုလ်များ (ဘုရင်များ၊ ခရစ်ယာန်ဘုန်းကြီးများ၊ ဥပဒေပြုအမတ်များ၊ တရားသူကြီးများ၊ ဥပဒေပညာရှင်များ၊ ရှေ့နေများမှ မည်သူပင်ဖြစ်စေ)နှင့် အမြင့်ဆုံး ဥပဒေမှတ်တမ်းများ (ကိုဓဥပဒေများ၊ ပြဋ္ဌာန်းဥပဒေများ၊ ပိုင်ဆိုင်မှုစာချုပ်များ၊ ပဋိညာဉ် များ၊ ကျမ်းများ၊ တရားရုံး၏စီရင်ဆုံးဖြတ်ချက်များမှ မည်သည့်အရာဖြစ်စေ) စသည်တို့၏ ဓါတ်ပုံများဖြစ်သည်ဟု ဆိုထားသည်။

ထို့အပြင် နာရမြို့ရှိဘုရင့်ပြတိုက်မှ အစောပိုင်းကာလက ပိုင်ဆိုင်မှုစာချုပ်များ ပါဝင်သော ဂျပန်ဥပဒေအခန်းတွင် ရှိသည့် မှတ်တမ်းဓါတ်ပုံများသာမက Titian of the Council of Trent, Bologna ရှိ ဒိုင်ဂျက်များတွင်ပါရှိသော Benjamin Constant၏ Justinian Serra's fresco of Irnerius ပန်းချီကားများ စသောသမိုင်းဆိုင်ရာတိကျမှုကိုအနည်းငယ်ပံ့ပိုးပေးသော အတိတ်ကိုဖော်ညွှန်းသည့် ပန်းချီများလည်း သူကထည့်သွင်းထားပါသည်။ သို့ရာတွင် ဤသည်က သူ့ပန်းတိုင်မဟုတ်သေးဘဲ ခြောက်ကပ်သောဥပဒေသမိုင်းကို ဓါတ်ပုံများဖြင့် သက်ဝင်လှုပ်ရှားပုံအား သာမန်ထက်ပိုကြည့်ရန်သာဖြစ်သည်။ နောက်ဆုံးတွင် စာအုပ်က သိချင်စိတ်ပြင်းပြမှု အဖြစ်ကျန်ရှိနေစေသည်။ မျက်မှောက်ခေတ်ဥပဒေစနစ်၏ အခြေခံမှုများက

မည်မျှရှေးကျသည်ကို ဖော်ထုတ်ထားမှုအချို့က ခါတ်ပုံထက်ပို၍ သိသာထင်ရှား စေသည်။ သာဓကအနေဖြင့် Wigmore က Harmhab ၏အမိန့်ပြန်တမ်းကို ကိုးကားထားသည်မှာ-

> ကျွန်ုပ်သည် နယ်မြေတစ်ခုလုံးကို ရွက်လွှင့်ပြီးခရီးသွားခဲ့ပြီးပြီ။ ကျွန်ုပ်သည် စကားပြောကောင်းသော၊ အမူအကျင့်ကောင်းမွန်သော၊ လူ့အတွင်းစိတ်ကို ထိုးဖောက်မြင်နိုင်စွမ်းသော၊ နန်းတော်နှင့်တရားရုံးလုပ်ထုံးလုပ်နည်းတို့နှင့် ကျွမ်းဝင်သော တရားသူကြီးနှစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်သည် တရားဝင်မှတ်တမ်းများနှင့် အမိန့်ပြန်တမ်းများကို ပေးအပ်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်သည် ဥပဒေနည်းလမ်းများအတိုင်း ညွှန်ကြားခဲ့ပြီး ဖြစ်သည်။ ကျွန်ုပ်က သူတို့အား 'သင်တို့သည် တစ်ဘက်အမှုသည်ထံမှ ငွေကြေးမရယူသင့်၊ အခြားတစ်ဘက်ကိုနားမထောင်ဘဲ မဆုံးဖြတ်သင့်... ထို့နောက် အီဂျစ်ဥပဒေများက ပိုမိုကောင်းမွန်နိုင်ပြီး တရားစွဲသူများက ဖိနှိပ်မခံရနိုင်' ဟု ကျွန်ုပ်ကဒီကရီချမှတ်ခဲ့ပြီး ဖြစ်သည်။[၅]

ရုပ်ပုံများနှင့်ပတ်သက်သောပြောင်းလဲမှု လက္ခဏာများရှိနှင့်ပြီး ဖြစ်သည်။ ၎င်းသည် စီးပွားရေးနှင့် လူမှုရေးတို့နှင့်အတူ ကိုလံဘီယာလက်တွေ့ စမ်းသပ်မှုမှ ပြောင်းလဲလာခြင်း တစ်ရပ်လည်း ဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်နှင့် ၎င်းကိုထိန်းသိမ်းရေးအကြောင်းအရာအပြင် နိုင်ငံတစ်နိုင်ငံနှင့်သီးခြားယှဉ်တွဲနေမှု သို့မဟုတ် ယင်းနိုင်ငံအတွက် ထူးခြားမှုရှိသော ယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်း သို့မဟုတ် အဖိုးထိုက်တန်သောပစ္စည်းများကို ထိန်းသိမ်းပိုင်ခွင့်နှင့် ပြန်လည်ထိန်းသိမ်းရန် တာဝန်ဆိုင်ရာမေးခွန်းက ယခုအခါ ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်တွင် ပေါ်ထွက်လာခဲ့သည်။ ယဉ်ကျေးမှုအမွေအနှစ် ရည်ညွှန်းကိုးကားချက် တစ်ခုကို ဥရောပသမဂ္ဂ၏ Treaty of Maastricht တွင် ထည့်သွင်းထားသည်။ ၎င်းသည် ဥပဒေပညာရေးနှင့် ဥပဒေ လေ့လာမှုနှစ်ခုစလုံးက အတိတ်တွင်ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် နည်းလမ်းသဘာဝ ဖြစ်သည်။ အကြောင်းအရာက ဥပဒေလုပ်ငန်းစဉ်သို့ရောက်ရှိလာသည်နှင့် ဥပဒေနှင့်စီရင်ပိုင်ခွင့်တို့၏ အကြောင်းခြင်းရာ ဖြစ်လာပြီး ၎င်းသည် ဥပဒေပညာရေးနှင့် ဥပဒေလေ့လာမှုထံသို့ ရောက်ရှိရန် အချိန်မကြာပါ။ ရုပ်ပုံများကိုအသုံးပြုမှုတရားဝင်စေရန် တစ်စုံတစ်ရာ ပြုလုပ်နိုင်မှုဖြစ်စေ၊ စိုးရိမ်မှု ဖြစ်စေ သာမန်အားဖြင့် မမြင်တွေ့ရသေးသော်လည်း တစ်စုံတစ်ဦးက အနည်းဆုံးရုပ်ပုံနှင့် အထူး တလည် ပတ်သက်သည့် ထိုစာအုပ်များနှင့် စာတမ်းများထဲတွင် မှတ်တမ်းရုပ်ပုံတင်ပြခြင်းများ တိုးပွားလာမှုကို မြင်တွေ့ရန် မျှော်လင့်သည်။

အထူးပြုဘာသာရပ်အနေဖြင့်ရှုမြင်မှုနှင့် ပိုမိုအရေးပါသည်ဟု ရှုမြင်မှုတို့အကြား ခြားနားမှုမှာ အမှန်စင်စစ် နိုင်ငံယှဉ်ဥပဒေလေ့လာမှု၏ ရင်ဆိုင်နေရဆဲ စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ နိုင်ငံယှဉ်လေ့လာမှုရှုထောင့်မှ ဥပဒေကိုကြည့်ခြင်းက ရာစုနှစ်အစပိုင်းကတည်းက အရေးပါသော ခြေလှမ်းများဖြစ်ခဲ့သည်။ သို့သော် နေရာအများအပြားတွင် အထူးပြုဘာသာရပ် အနေဖြင့် ရှိနေဆဲပင် ဖြစ်သည်။ ဥပဒေကျောင်းသားများ သို့မဟုတ် ဥပဒေပညာရှင်များက ဥပဒေလက်တွေ့ကျင့်သုံး

သူများ အတွက်သီးသန့်အခြေခံမိတ်ဆက်၏ အစိတ်အပိုင်းဖြစ်လာပြီ ဖြစ်ကြောင်း မဆိုနိုင်သေးပါ။ သာမန် လက်တွေ့ကျင့်သုံးမှုအတွက်သာမက လူအများအတွက် ဥပဒေပညာရေးနှင့် ဥပဒေလေ့လာမှု အဓိပ္ပာယ်ဖွင့်ဆိုမှုအတွက်ပါ တည်ရှိနေမှုတို့ကြောင့် ပြည်တွင်းစနစ်များက ဥပဒေပညာရှင်များ၏လုပ်ငန်းစဉ် အားလုံးနီးပါးနှင့် ဥပဒေကျောင်းသားများ၏ သင်ရိုးညွှန်းတမ်းများကို လွှမ်းမိုးထားဆဲဖြစ်သည်။ သို့ရာတွင် ဥပဒေကျောင်းသားများနှင့် ဥပဒေပညာရှင်များက ပိုကောင်းသောအရာနှင့်ထိုက်တန်ပြီး ရရှိနိုင်မည့်နည်းလမ်းကိုပြသရန် နှိုင်းယှဉ်ဥပဒေရှေ့နေများ၏ တာဝန်တစ်ရပ်အဖြစ်ဆက်လက်တည်ရှိနေသည်။ သို့သော် ၎င်းက စိတ်ကူးစိတ်သန်း အချို့လိုအပ်ပါလိမ့်မည်။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ


J. Bell, *Judiciaries within Europe: A Comparative review* (Cambridge: Cambridge University Press, 2006).

D. Bradley, 'A Note on Comparative Family Law: Problems, Perspectives, Issues and Politics' (2005) *Oxford University Comparative Law Forum* 4, available at http://ouclf.iuscomp.org/articles/bradley2.shtml

R. David and J.E.C. Brierley, *Major Legal Systems of the world Today: An Introduction to the Comparative Study of Law* (3rd edn) (London: Stevens, 1985).

P.de Cruz, *A Modern Approach to Comparative Law* (Deventer: Kluwer, 1993).

H.P. Glenn, *Legal Traditions of the World: Sustainable Diversity in Law* (2nd edn) (Oxford: Oxford University Press, 2004).

J. Gordley and A.T.von Mehren, *An Introduction to the Comparative Study of Private Law: Readings, Cases, Materials* (Cambridge: Cambridge University Press, 2006).

J. Hill, 'Comparative Law Reform and Legal Theory' (1990) 9 *Oxford Journal of Legal Studies* 101.

W. Kamba, 'Comparative Law: A Theoretical Framework' (1974) 23 *International and Comparative Law Quarterly* 485.

O. Kahn-Freund, 'On the Uses and Misuses of Comparative Law' (1974) 37 *Modern Law Review* 1.

B. Markesinis, 'Comparative Law: A Subject in Search of an Audience' (1990) 53 *Modern Law Review* 1.

S. Markesinis, *Foreign and Comparative Methodology: A Subject and A thesis* (Oxford: Hart Publishing, 1997).

W. Menski, *Comparative Law in a Global Context: The Legal Systems of Asia and Africa* (2nd edn) (Cambridge: Cambridge University Press, 2006).

E. Orucu, *The Enigma of Comparative Law: Variations on a Theme for the Twenty-First Century* (Leiden: Martinus Nijhoff, 2004).

J. Reitz, 'How to Do Comparative Law?' (1998) 4 *American Journal of Comparative Law* 617.

A. Riles, 'Wigmore's Treasure Box: Comparative Law in the Era of Information' (1999) 40 *Harvard International Law Journal* 221.

G. Samuel, 'Comparative Law and Jurisprudence' (1998) 47 *International and Comparative Law Quarterly* 817.

I. Stewart, 'Critical Approaches in Comparative Law' (2002) *Oxford University Comparative Law Forum* 4, available at http://ouclf.iuscomp.org/articles/stewart.shtml

J. Stone, 'The End to Be Served by Comparative Law' (1951) 25 *Tulane Law Review* 325.

S. C. Thaman, *Comparative Criminal Procedure: A Casebook Approach* (Durham, NC: Carolina Academic Press, 2002).

C. van Laer, 'The Applicability of Comparative Concepts' (2002) 2 *The Electronic Journal of Comparative Law* 2.

N. Witzleb, D. Martiny, U. Thoelke and T. Frericks, 'Comparative Law and the Internet' (1999) 3 *The Electronic Journal of Comparative Law* 2, available at www.ejcl.org/32/abs32-1.html

K. Zweigert and H. Kotz, An Introduction to Comparative Law (3rd rev. edn) (Oxford: Clarendon Press, 1998).

# မှတ်စုများ

[၁] B. Currie, 'The Materials of Legal Education' (1955-6) 8 *Journal of Legal Education* 1.

[၂] အင်္ဂလိပ်တရားသူကြီးပုံစံ လုံးဝ မဟုတ်သောပုံစံမှ ခြွင်းချက်ဥပမာဖြစ်ကောင်းဖြစ်နိုင်သော်လည်း Lord Denning ၏ စီရင်ချက်မှ အောက်ဖော်ပြပါကောက်နုတ်ချက်က သိသာထင်ရှားသောနည်းလမ်းကို ဖော်ပြသည်။ '၁၉၆၄ ခုနှစ် ဧပြီလ ၁၉ရက်နေ့တွင် ဖြစ်ပွါးခဲ့သည်။ အချိန်ကာလအားဖြင့် kent တွင် Bluebell ဟုခေါ်သော အပြာရောင်ပန်းပွင့်ချိန်ဖြစ်သည်။ Mr. and Mrs. Hinz တို့ အိမ်ထောင်သက်မှာ ၁၀ နှစ်ခန့်ရှိပြီး ၉ နှစ်နှင့် ၉ နှစ်အောက်ကလေး ၄ ယောက်ရှိသည်။ အငယ်ဆုံးကလေးမှာ

တစ်နှစ်အရွယ်ရှိသည်။ Mrs. Hinz မှာ ထူးခြားသောအမျိုးသမီးဖြစ်သည်။ သူမ၏ကလေး ၄ ယောက်အပြင် နောက်ထပ်ကလေး ၄ ယောက်၏ကျွေးမိခင်လည်း ဖြစ်သည်။ ထို့အပြင် ပဉ္စမကလေးကိုယ်ဝန် ၂ လ ရှိသေးသည်။ Tonbridge မှ Canvey Island သို့ Bedford Dormobile van ဖြင့် မောင်းနှင်ရာလမ်းတွင် သူတို့နှင့်အတူ ကလေး ၈ ယောက်လုံး ခေါ်ဆောင်လာသည်။ သူတို့အပြန်လမ်းတွင် ပျော်ပွဲစားအတွက် Thurnham ၌ ကားရပ်နားရန်နေရာတွင် ခေတ္တဝင်ခဲ့သည်။ ခင်ပွန်းဖြစ်သူ Mr. Hinz က the Dormobile နောက်ခန်းတွင် လက်ဖက်ရည်ဖျော်နေသည်။ Mrs. Hinz က သူမ၏ ၃ နှစ်အရွယ်ကလေး Stephanie ကို ခေါ်၍ Bluebell ပန်းကိုခူးရန် လမ်းတဖက်ကို ဖြတ်ကူးသည်။ ထိုစဉ် Mr. Berry မောင်းနှင်သော Jaguar ကားက ထိန်းမရနိုင်သော အခြေအနေတွင်ရှိသည်။ တာယာတစ်လုံးပွင့်သည်။ Jaguar ကားက လမ်းဘေးကိုထိုးဆင်းလာပြီး Mr. Hinz နှင့် ကလေးများကို ဝင်တိုက်သည်။ Mr. Hinz ကြောက်စရာကောင်းသော ပြင်းထန်ဒဏ်ရာရပြီး ခဏတွင် သေဆုံးခဲ့သည်။ ကလေးအားလုံးနီးပါး ထိခိုက်ဒဏ်ရာ ရခဲ့ကြသည်။ သူတို့ဦးခေါင်းမှ သွေးချောင်း စီးကျ နေခဲ့သည်။ Mrs. Hinz က ကားတိုက်သံကြားပြီး လှည့်ကြည့်ရာ အဖြစ်ဆိုးကို တွေ့ခဲ့ရသည်။ သူမက လမ်းကိုပြေး၍ ဖြတ်ကူးပြီး တတ်နိုင်သမျှလုပ်ခဲ့သည်။ သူ့ခင်ပွန်းကိုခေါ် မရတော့ပါ။ သို့သော် ကလေးများက သတိပြန်ရလာခဲ့သည်။' (Hinz v. Berry [1970] 2 Q. B. 40)

၃ O. W. Holmes, *The Law* (1885) quoted by M. Lerner, *The Mind and Faith of Justice Holmes: His Speeches, Essays, Letters and Judicial Opinions* (New York: Modern Library, 1943).

၄ J. H. Wigmore, *A Panorama of the World's Legal Systems,* 3 *Volumes* (Washington, DC: Washington Law Book Company, 1928).

၅ Ibid., 15, cp. Jo-Yei Shikimoku of 1232 ထံမှ ၎င်း၏ကိုးကားချက် Supreme ကောင်စီဝင်များက ကိုင်ရမည့်ကျမ်းတွင် ချမှတ်ထားသည်။ 'ယေဘူယျအားဖြင့်....မှန်ခြင်းမှားခြင်းနှင့် ပတ်သက်သော ပြဿနာများနှင့် ပတ်သက်လာသည့်အခါတိုင်း ပတ်သက်ဆက်နွယ်မှုတို့ဖြင့်ချည်နှောင်ခြင်းမရှိစေရ၊ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းတို့အတွက်အလျော့ပေးခြင်းမရှိရ၊ မည်သည့်ညွှန်ကြားချက်က တွန်းအားပေးခြင်းအကြောင်းကြောင့်ဖြစ်စေ အတွင်းစိတ်စေ့ဆော်မှု ဦးဆောင်မှုကြောင့်ဖြစ်စေ သြဇာတိက္ကမကြီးမားသော လွှတ်တော်များနှင့်တွဲဖက်ခြင်းကို အလေးမထားဘဲ သို့မဟုတ် ကြောက်ရွံ့ခြင်းမရှိဘဲ ထုတ်ဖော်ပြောဆိုရမည်။' ပြီးနောက် စာပိုဒ်များကိုလေးစားလိုက်နာမှုကို ကျမ်းဖြင့် ပိုမိုခိုင်မာစေသည် 'အကယ်၍ ဖြစ်စဉ်တစ်ခု၌ ကျွန်ုပ်တို့က ၎င်းတို့ကို မိမိသဘောအလျောက်ပြုလုပ်ရန် သို့မဟုတ် ချိုးဖောက်ရန် လွဲဖယ်ခဲ့သည်ရှိသော် Bonten, Taishaku နတ်မင်းများ၊ ကောင်းကင်နတ်မင်းကြီးလေးပါးနှင့် ကြီးငယ်မဟူ နတ်မင်းများအားလုံး၊ နိပွန်းပြည်ခရိုင် ၆၀ တို့ရှိ နှင့်အထူးအားဖြင့် Gongen of Idzu and Hakone, Mishima, Daimyojin, Hachiman, Daibosatsu and Temman Dai Jizai Tenjinတို့မှ ကောင်းကင်နှင့်မြေကြီးနတ်မင်းများက ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ မျိုးနွယ်၊ ဆွေစဉ်မျိုးဆက်များအား အပြစ်ပေးပါစေ။ နတ်မင်းများနှင့် ဗုဒ္ဓ၏အပြစ်ပေးခြင်းကိုပါ ခံရပါစေ' (Wigmore p. 479). အတိတ်ကာလဥပဒေစနစ်နှိုင်းယှဉ်လေ့လာသည့်ဘာသာရပ်အတွက် G. Wilson, 'Comparative Law and the Past' in T. Gross (ed.), *Legal Scholarship in International and Comparative Law* (New York: Peter Lang, 2003) ကို ကြည့်ပါ။

# အခန်း (၇)

# လူမှုရေးရာဥပဒေလေ့လာမှုများနှင့် ဥပဒေသုတေသနရှိ သုတေသနဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့် ဂုဏ်သိက္ခာ

Mark Israel

## နိဒါန်း

ကျင့်ဝတ်ပိုင်းဆိုင်ရာအကြောင်း စိုးရိမ်စိတ်သည် ပညာရှင်သုတေသီအများစုတွင် ရှိကြသည်။ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့လုပ်ကိုင်သည့် အလုပ်အပေါ် ယုံကြည်သူများ၊ ကျွန်ုပ်တို့အား အလုပ်ခန့်အပ်သူများ၊ ကျွန်ုပ်တို့ သုတေသနအား ရန်ပုံငွေထောက်ပံ့သူများနှင့် ကျွန်ုပ်တို့၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို ထောက်ပံ့သူများ၏ အကျိုးအတွက် မှန်ကန်ကောင်းမြတ်သည့် နည်းလမ်းအတိုင်းသာမက ကောင်းမွန်ရာဆောင်ရွက်လိုသည့် ကျွန်ုပ်တို့ကိုယ်ပိုင် ဆန္ဒများကြောင့်လည်း တုံ့ပြန်လေ့ရှိကြကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ပြည်သူများက ဝေဖန်ပြစ်တင်ခြင်းကို ရှောင်ရှားလိုသည့် စိတ်ဆန္ဒကြောင့် ကျင့်ဝတ်သိက္ခာရှိရှိ ပြုမူဆောင်ရွက်ရန်အတွက်လည်း ကျွန်ုပ်တို့အား အကြင်အနာတရားနည်းပါးစွာဖြင့် စေ့ဆော်ကြသည်။

ကံမကောင်းသည့်အချက်မှာ ကျင့်ဝတ်သိက္ခာနှင့်အညီ ဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့မျှော်လင့်သည်ထက် ပိုမိုခက်ခဲကြောင်း အများစုက တွေ့ရှိရသည်။ ခက်ခဲသည့် ကျင့်ဝတ်ဆိုင်ရာ အခြေအနေအား တစ်ခါတစ်ရံ စေ့စပ်ညှိနှိုင်းရန်အတွက် ဥပဒေသုတေသီများနှင့် လူမှုရေးရာ ဥပဒေလေ့လာသူ သုတေသီများတွင် အတွေးအခေါ်ပိုင်းဆိုင်ရာ သင်တန်းများ မရရှိကြပေ။ ကျွန်ုပ်တို့တွင် ရှိနှင့်ပြီးဖြစ်သည့် ဥပဒေရေးရာကျင့်ဝတ်များအား ကျွန်ုပ်တို့ ကိုယ်တိုင် သိရှိပြီးဖြစ်သော်လည်း ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများအား ဘယ်တော့မျှ သိမြင်နိုင်ခြင်း မရှိသည့်အပြင် ဆုံးဖြတ်ချက်အကောင်းဆုံးချမှတ်နိုင်မည့် အချိန်လည်း ကျွန်ုပ်တို့တွင် လုံလုံလောက်လောက် မရှိချေ။ အခြားအလုပ်အနေဖြင့် ကျင့်ဝတ်အား လိုက်နာဆောင်ရွက်ရာတွင် ပါဝင်ရမည့် အကြောင်းအရာများကို နည်းစနစ်တကျနှင့် အသေအချာ စဉ်းစားရန်အတွက် သုတေသီများ၏ လုပ်ဆောင်နိုင်စွမ်းကို ၎င်းတို့ကိုယ်တိုင် မြှင့်တင်ရန် လိုအပ်ကြောင်း စာရေးသူက ခုခံချေပပါသည်။ သုတေသီများသည် အလုပ်ဖြစ်ကြောင်း ၎င်းတို့ကိုယ်တိုင် ရှာဖွေတွေ့ရှိသည့် မည်သည့်နေရာမဆို ကျင့်ဝတ်ပိုင်းဆိုင်ရာ ထိန်းညှိရန်လိုအပ်သည့် အခြေအနေများနှင့် နိုင်ငံရေးများအကြောင်း သုတေသီများက ပိုမို နားလည်သဘောပေါက်ရန်လည်း လိုအပ်ပါသည်။[၁] ဥပဒေပညာရပ်နယ်ပယ်တွင် အဆိုပါပြဿနာရပ်များအား လေ့လာ စူးစမ်းမှု မပြုရသေးပေ။ စာမျက်နှာတစ်ထောင်ပါဝင်သည့် *အောက်စဖို့ဒ် တက္ကသိုလ်က ထုတ်ဝေသည့် လက်တွေ့ မျက်မြင်အခြေပြု*

*ဥပဒေသုတေသန လက်စွဲ* (*Oxford Handbook of Empirical Legal Research*)[၂] တွင်ပင် သုတေသနကျင့်ဝတ်အကြောင်း ဝါကျတစ်ကြောင်းအနေဖြင့်သာ ထည့်သွင်းဖော်ပြထားသည်မှာ ဝမ်းနည်းစရာပင် ဖြစ်သည်။ အရည်အသွေးအခြေပြု သုတေသီများအား ၎င်းတို့ စိတ်ထဲ၌ ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားခြင်းကို ဦးစားပေးရန် အတွက် ပါဝင်ရေးသားသူတစ်ဦး[၃] က အဆိုပါ ဝါကျတွင် အလေးအနက် တိုက်တွန်းထားသည်။

အမျိုးစုံလင်သော အခြေခံ အကြောင်းရင်းများအတွက် သုတေသနကျင့်ဝတ်များသည် အရေးကြီးပါသည်။ ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်မှုသည် တစ်ဦးတစ်ယောက်ချင်း၊ လူမှုအသိုက်အဝန်းများနှင့် ပတ်ဝန်းကျင်များအား အကာအကွယ်ပေးပါသည်။ ထို့အပြင် ကမ္ဘာလောကအတွင်း ကောင်းမွန်သည့်အရာများ ပိုမို များပြားလာနိုင်မည့် အလားအလာကို ပေးစွမ်းပါသည်။ ကျင့်ဝတ်သိက္ခာနှင့်အညီ သုတေသနဆောင်ရွက်ခြင်းသည် ယုံကြည်မှုကိုသေချာစေပြီး ကျွန်ုပ်တို့ စူးစမ်းလေ့လာမှုတွင် ပါဝင်သည့် တစ်ဦးတစ်ယောက် ချင်းစီနှင့် လူမှုအသိုက်အဝန်း၏ အခွင့်အရေးများအား အကာအကွယ်ပေးပါသည်။ သုတေသနကျင့်ဝတ် ရှိခြင်းဖြင့် သုတေသန၏ ဂုဏ်သိက္ခာအား သေချာခိုင်မြဲစေသည်။ အထူးသဖြင့် ပညာရပ်၊ သိပ္ပံပညာနှင့် အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ အကျင့်ပျက်ခြစားမှု၊ နည်းလမ်းတကျ သင့်တင့်လျောက်ပတ်စွာ ဆောင်ရွက်မှုမပြုသည့် သက်သေအမြောက်အမြားအား နေ့စဉ်နှင့် အမျှ ကြုံတွေ့နေရစဉ်တွင် တစ်ဦးချင်းစီသာမက ပညာရပ်ဆိုင်ရာ စုပေါင်း တာဝန်ခံမှုအား 'ပြည်သူ့ရေးရာစီမံခန့်ခွဲမှု' နှင့်အတူ ပြည်သူများသာမက အဖွဲ့အစည်းများတွင်ပါ လိုလားလာကြသည်။

ဥပဒေကို လက်တွေ့မျက်မြင်အခြေပြုသုတေသနဆောင်ရွက်မည့် သုတေသီများ အတွက် ကြုံတွေ့ရမည့် ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် အဆင့်အချို့အား စာရေးသူက ဤအခန်းတွင် တင်ပြသွားမည် ဖြစ်သည်။ ကျင့်ဝတ် သိက္ခာနှင့်အညီ ဆောင်ရွက်ခြင်းနှင့် သုတေသနဆိုင်ရာ ကျင့်ဝတ်စီမံ အုပ်ချုပ်မှုတို့ အကြားရှိ သဘောသဘာဝနှင့် ပွတ်တိုက်မှုများအကြောင်း စာရေးသူက ဆန်းစစ် ထားသည်။ ၎င်းအချက်များက သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြိုတင်အသိပေး သဘောတူချက်ရယူခြင်း၊ လျှို့ဝှက်ချက်ထားရှိခြင်း၊ ထိခိုက်မှုများနှင့် အကျိုးရလဒ်၊ သုတေသန၏ ဂုဏ်သိက္ခာဆိုင်ရာ အယူအဆများနှင့် ပတ်သက်၍ မည်သို့ လွှမ်းမိုးကြောင်းကိုလည်း ဆန်းစစ်ပါသည်။

## ကျင့်ဝတ်လား လိုက်နာရမည့် စည်းမျဉ်းလား?

လက်တွေ့မျက်မြင်အခြေပြုသုတေသီများက အခက်အခဲနှစ်ခုအား သိသိသာသာ ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ကျင့်ဝတ်သိက္ခာရှိကြောင်းသတ်မှတ်ထားသည့် နည်းအတိုင်း အလုပ်လုပ်ကိုင်ရန် ကျွန်ုပ်တို့ လိုအပ်သည်သာမက ကျင့်ဝတ်နှင့်အညီဆောင်ရွက်ချက်များအား ထိခိုက်စေခြင်းမရှိဘဲ သုတေသနကျင့်ဝတ်ဆိုင်ရာ စည်းကြပ်သူများ၏ လိုလားချက်များ ကိုလည်း ပြည့်မီအောင် မဖြစ်မနေ ဆောင်ရွက်ရမည်။ ဤအချက်နှစ်ခုသည် တူညီလေ့ မရှိကြပေ။

သုတေသနကျင့်ဝတ် ထိန်းသိမ်းရေးကော်မတီနှင့် မူဘောင်များက သုတေသီများကို ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များအား အကောင်းဆုံး တုံ့ပြန်နိုင်စေရန် ကူညီပေးသည်။ သို့ရာတွင် ကျင့်ဝတ်သိက္ခာရှိသည့် သုတေသနသည် ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်း လိုအပ်ချက် များကြောင့် အပေးအယူ လုပ်နိုင်ကြောင်း ဖော်ပြထားသည့် နိုင်ငံတကာစာပေ[၄] ရှိနေသည်မှာ ဝမ်းနည်းစရာ ကောင်းလှသည်။ အထူးသဖြင့် 'သုတေသီများက ကျင့်ဝတ်အား သုတေသန ဝန်ထုပ်ဝန်ပိုး၊ စံချိန်ပြည့်မီနိုင်ရေး အလေ့အကျင့်၊ ဗျူရိုကရေစီကစားပွဲနှင့် အဓိပ္ပာယ်မဲ့သည့် အရာများ ပေါင်းစုထားခြင်းအဖြစ် ရှုမြင်သောအခါ'[၅] အပေးအယူ အတိုးအလျှော့ ပြုလုပ် နိုင်ကြောင်း ဖော်ပြထားသည်။ ဗြိတိန်ပြစ်မှုဗေဒပညာရှင် နှစ်ဦးက

> သတိမမူဂူမမြင်ခြင်း၏ အပေါ်ယံမျက်နှာပြင်သည်....... ကျင့်ဝတ်သိက္ခာရှိရှိ သုတေသန ပြုသည့် လုပ်ငန်းစဉ်အား ယုံကြည်မှုရှိရှိ ခိုင်မြဲသည့် သံန္နိဋ္ဌာန်ဖြင့် အနှစ်သာရရှိရှိ မဆောင်ရွက်ခြင်းအား ဟန်ဆောင်ဖုံးကွယ်ခြင်းသာ ဖြစ်သည်။ လုပ်ငန်းစဉ်အား အနှစ်သာရရှိရှိ မှန်မှန်ကန်ကန်ဖြစ်အောင် ပြုလုပ်နိုင်မည့် အရာအား ပျက်စီးစေနိုင်သည့် လောကကြီးကို စိတ်ပျက်လက်ပျက်ဖြစ်ကာ အဆိုးမြင်ဝါဒ ဆောင်ရွက်မှုဖြင့် အစားထိုးထားခြင်း ဖြစ်သည်။[၆]

ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရန်သာမက စည်းမျဉ်းပိုင်းဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရန်ဟူသည့် လိုအပ်ချက် (၂) ရပ်သည် သုတေသနလုပ်ငန်းစဉ် တစ်ခုလုံး အကောင်အထည်ဖော်နေစဉ်အတွင်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်။ သုတေသနကျင့်ဝတ် ဆိုင်ရာ ထောက်ခံချက်အား လုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ခုအဖြစ် ရှုမြင်တတ်လာစေရန် ပညာရှင်များအား ဆွဲဆောင်ရမည်။ သို့သော်ငြား ကော်မတီအများစုသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များအား လိုက်နာဆောင်ရွက်ရန်သာ လိုလားကြသည်။ တရားဝင် စိစစ်ခြင်း လုပ်ငန်းစဉ် မစတင်မီ တွေ့ရှိရသည့်အရာများအား ၎င်းတို့၏ လုပ်ရပ်က ပုံဖော်ရန်ကိုသာ ကော်မတီများက စိတ်ကူးကြသည်။

ယခင်ကတည်းက စာရေးသူ အကြံပြုသကဲ့သို့[၇] တက်သစ်စလူမှုရေးသိပ္ပံပညာရှင် များသည် ၎င်းတို့ စဉ်းစားလိုသည့် အဓိကကျသော ပညာရပ်ဆိုင်ရာ ငြင်းခုန်ဆွေးနွေးမှုများကို သာမက ၎င်းငြင်းခုန်ဆွေးနွေးမှုများတွင် စုံစမ်းရန်မျှော်လင့်သည့် နည်းလမ်းများကိုပါ သတ်မှတ်ခြင်းဖြင့် စီမံကိန်းများအား ချဉ်းကပ်လိုစိတ် ရှိစေရမည်။ ထိုသို့ ဆောင်ရွက်ရန် နည်းစနစ်များအား သတ်မှတ် ရွေးချယ်ရာတွင် ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များအား ကျယ်ကျယ်ပြန့်ပြန့် ကြိုတင် စူးစမ်းလေ့လာရမည် ဖြစ်သည်။ သို့သော် လေးလေးနက်နက် ဆင်ခြင်သုံးသပ်ခြင်းမျိုး နည်းပါးသည်။ သင်တန်းများစီစဉ် ပို့ချပေးခြင်းဖြင့် လူမှုရေးသိပ္ပံ ပညာရှင်များအတွက် ဤကဲ့သို့ဆောင်ရွက်ခြင်းသည် အသစ်အဆန်း မဟုတ်ပေ။ သို့သော် ဥပဒေပညာရှင်များကမူ လက်တွေ့မျက်မြင်အခြေပြု သုတေသနနှင့် ပတ်သက်သည့်

သင်တန်း မည်မည်ရရ မရှိပေ။[၉] ထို့ကြောင့် ဥပဒေပညာရှင်များသည် ၎င်းတို့ပညာရပ်နယ်ပယ်တွင် ဆရာကျသော်ငြား လူမှုရေးသိပ္ပံပညာဆိုင်ရာ နည်းစနစ်များနှင့် ကျင့်ဝတ်ဆိုင်ရာ စဉ်းစားချက်များအား သင့်လျော်သလို စတင်နိုင်ရန်တို့ကိုမူ အသစ်အဆန်းဖြစ်နေသည်။

ထို့နောက် သုတေသနကျင့်ဝတ်ဆိုင်ရာ ကော်မတီမှ ထုတ်ပြန်သည့် သတ်မှတ်ချက်များအတိုင်း မဖြစ်မနေလိုက်နာရသည့် အချိန်ထိတိုင်အောင် လက်တွေ့မျက်မြင် အခြေပြုသုတေသနသည် သုတေသီများအတွက် ပုံမှန်အားဖြင့် အသစ်အဆန်း ဖြစ်မနေပါ။ ကော်မတီ၏ သတ်မှတ်ချက်များတွင် ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များအတွက် အသေးစိတ် ထည့်သွင်းစဉ်းစားရမည့် အချက်များ ပါဝင်သည်။ အဓိကကြုံတွေ့ရမည့်အချက်မှာ လက်တွေ့ မျက်မြင်အခြေပြု အတွေ့အကြုံ အနည်းငယ်မျှသာရှိသည့် စူးစမ်းလေ့လာသူများသည် အခက်အခဲဆိုးဆိုးဝါးဝါး ရင်ဆိုင်ကြုံတွေ့ရနိုင်ချေရှိသည်။ ဥပမာအားဖြင့် ဇီဝဆေးပညာမှ ဆင်းသက်လာသည့် ခက်ခဲသော ကျင့်ဝတ်ဆိုင်ရာပုံစံအချို့သည် လူမှုရေးရာဥပဒေပညာရှင်များအား (အခြားသော လူမှုရေးသိပ္ပံပညာရှင်များကဲ့သို့) ကော်မတီ၏ လိုအပ်ချက်အတွက် သီးခြားဖြစ်သည့် တုံ့ပြန်ချက်အချို့ကို ချမှတ်စေနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် မည်သည့် အခြားနည်းလမ်းကိုမျှ အကြံရခြင်း သို့မဟုတ် အကျိုးအကြောင်းသင့် ရှင်းပြနိုင်ခြင်း မရှိသောကြောင့်ဖြစ်သည်။

အတိုချုပ်အားဖြင့် ကျင့်ဝတ်ဆိုင်ရာဆန်းစစ်သည့် တရားဝင် လုပ်ငန်းစဉ်က သုတေသီတစ်ဦးအတွက် ကောင်းကျိုးဆိုးပြစ် နှစ်မျိုးစလုံးကို ပေါ်ပေါက်စေသည်။ ၎င်းလုပ်ငန်းစဉ်သည် ကျင့်ဝတ်ဆိုင်ရာတုံ့ပြန်ချက်များအား လွန်လွန်ကျူးကျူး ကန့်သတ်နိုင်သည်။ သို့သော် ကျင့်ဝတ်ဆိုင်ရာ ပြန်လည်ဆင်ခြင်သုံးသပ်ခြင်းအား လှုံ့ဆော်ရန်အတွက် သိသာသည့် ယန္တရားတစ်ခုကို ဖြစ်ပေါ်စေသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ဤအခွင့်အလမ်းအား ဘယ်တော့မျှ အမိအရ မဆုပ်ကိုင်ဘဲ စည်းကမ်းထိန်းသိမ်းရေးထောက်ခံချက်အနေဖြင့် တရားဝင်ခွင့်ပြုချက်တံဆိပ်ကို ရယူခြင်းဖြင့်သာ သုတေသီအချို့က ကျင့်ဝတ်ဆိုင်ရာ ဆင်ခြင်သုံးသပ်ခြင်းသည် ပြီးစီးကြောင်း လက်ခံကြသည်။ သို့ရာတွင် သုတေသီများသည် မည်မျှပင် အကောင်းဆုံးစီစဉ်ထားသည်ဖြစ်စေ၊ ၎င်းတို့၏ သုတေသန စီမံကိန်းအား မည်မျှပင် ပြည့်ပြည့်စုံစုံ စီမံထားသည်ဖြစ်စေ၊ မည်သို့ပင် သင့်တင့်လျောက်ပတ်စွာ ပြုမူဆောင်ရွက်သည် ဖြစ်စေ မမျှော်လင့်ထားသည့် ကျင့်ဝတ်ဆိုင်ရာ အကျပ်အတည်းနှင့် ပြဿနာမျိုးစုံအား ၎င်းတို့၏ လေ့လာမှု စတင်သည်နှင့် တွေ့ကြုံရမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်သည် 'ပြင်ဆင်မရသည့် သဘောတူညီချက်' မဟုတ်ချေ။

အတွေ့အကြုံပိုများသည့် လက်တွေ့မျက်မြင်အခြေပြုသုတေသီများသည် ၎င်းတို့ကိုယ်တိုင်သာမက လုပ်ဖော်ကိုင်ဖက်များက သုတေသနအစီအမံကို မည်သို့ ရေးဆွဲကြောင်း၊ ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်များအား မည်သို့ အနက်အဓိပ္ပာယ်ကောက်ယူကြောင်း၊ သုတေသနကျင့်ဝတ်ထိန်းသိမ်းရေးကော်မတီများနှင့် မည်သို့ ဆက်ဆံဆောင်ရွက်ကြောင်းနှင့် လက်တွေ့

ဆောင်ရွက်ရာတွင် ကျင့်ဝတ်များအား မည်သို့ ညှိနှိုင်းအကောင်အထည်ဖော်ကြောင်းစသည့် အသိပညာအား ပြန်လည် အသုံးချနိုင်ကြသည်။ ၎င်းတို့သည် သုတေသနအား စတင် အကောင်အထည်ဖော်ကတည်းက သုတေသနတွင် နဖူးတွေ့ ဒူးတွေ့ ကြုံကြိုက်ရကိန်းရှိသည့် ပြဿနာ အများအပြားအတွက် မျှော်မှန်း ပြင်ဆင်နိုင်သည်။ ထို့အတူ သုတေသနကျင့်ဝတ် ထိန်းသိမ်းရေးကော်မတီက လက်ခံပြီးဖြစ်သည့် အဆိုပြုအလုပ်တွင် ကြုံတွေ့ရမည့် ကိစ္စရပ်များ အတွက်လည်း မျှော်မှန်းပြင်ဆင်နိုင်သည်။ လုပ်ငန်းအတွေ့အကြုံနုနယ်သေးသူ ဂျူနီယာ လုပ်ဖော်ကိုင်ဖက်များနှင့် နှိုင်းယှဉ်ကြည့်ပါက စီနီယာလုပ်ဖော်ကိုင်ဖက်များတွင် အကြံပြုချက် ရယူရန်အတွက် ပညာရပ်နယ်ပယ်ကွန်ယက်များ ကျယ်ကျယ်ပြန့်ပြန့်ရှိနိုင်ပြီး စည်းကမ်း ထိန်းသိမ်းရေးအရာရှိများနှင့် စေ့စပ်ညှိနှိုင်းနိုင်စွမ်း ပိုမိုကြီးမားကြသည်။ သို့တိုင်အောင် အချို့သော စီနီယာလူမှုရေးသိပ္ပံပညာရှင်များသည် ၎င်းတို့ဆောင်ရွက်မည့် သုတေသနအပေါ် ကျင့်ဝတ်ဆိုင်ရာ ဆန်းစစ်လေ့လာသည့်လုပ်ငန်းစဉ်အား အားမလိုအားမရ ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ စီမံကိန်းအစကတည်းက ကျင့်ဝတ်သိက္ခာအား ဒီဇိုင်းရေးဆွဲရန် လိုအပ်ကြောင်း အတွေ့အကြုံ ပိုရှိသည့် လက်တွေ့မျက်မြင်သုတေသီများက သိရှိကြသည်။ ၎င်းဒီဇိုင်းသည် 'အပြန်အလှန် ထိတွေ့ဆောင်ရွက်သည့်လုပ်ငန်းများတွင် ဘာဖြစ်ပျက် နိုင်သလဲ'[၉] အတွက် ပြင်ဆင်ထားပြီး အချက်အလက်ကောက်ယူခြင်း ပိတ်သိမ်းပြီးသည့် နောက်တွင်သော်မှ ကျင့်ဝတ်ဆိုင်ရာကိစ္စရပ်များအား ကောင်းစွာ ဆက်လက် စီမံနိုင်သည်။

## ကျင့်ဝတ်ဆိုတာ ဘာလဲ?

Beauchamp နှင့် Childress တို့၏ စကားများအရ ဆိုသော် ကျင့်ဝတ်ဆိုသည်မှာ 'ကိုယ်ကျင့်တရားအား စစ်ဆေးရန်သာမက နားလည်သဘောပေါက်ရန် အသုံးပြုသည့် နည်းလမ်းပေါင်းစုံ အတွက် ယေဘုယျ အသုံးအနှုန်းတစ်ခု' ဖြစ်ပါသည်။[၁၀] ကျင့်ဝတ်သည် မှန်ကန် သင့်လျော်သည် ထိတွေ့ဆောင်ရွက်မှုဆိုင်ရာ အမြင်များနှင့် သက်ဆိုင်သည်။ ကျင့်ဝတ်ဆိုင်ရာ အမြင်သဘော တရား၏ အခွဲတစ်ခုဖြစ်သည့် စံနမူနာပြုကျင့်ဝတ်က သီးသန့်အခြေအနေတစ်ရပ်တွင် တစ်ဦး တစ်ယောက်က ဘာလုပ်သင့်သည် သို့မဟုတ် ဘာမလုပ်သင့်သည်တို့အား လမ်းညွှန်ပေးခြင်း သာမက ညွှန်ကြားပြသပေးသည့် ကိုယ်ကျင့်တရား စံနှုန်းများအား ပေးစွမ်းပါသည်။ ဒဿနိက ဗေဒပညာရှင်မဟုတ်သူ အများစုအတွက် အဆိုပါ ကျင့်ဝတ်ဆိုင်ရာစာပေများသည် အတော်ပင် ကြောက်လန့်စရာ ဖြစ်နေစဉ် လူများ၏ ပြုမူဆောင်ရွက်မှုများနှင့် ဆုံးဖြတ်ချက်များသည် 'မှန်သလား' 'မှားသလား'၊ 'ကောင်းသလား' 'ဆိုးသလား' စိစစ်မည့် နည်းလမ်းများသည် အနှစ်ချုပ်အားဖြင့် (၂) မျိုးသာ ရှိသည်။ အကျိုးရလဒ်အခြေပြု ချဉ်းကပ်မှုများသည် ပြုမူဆောင်ရွက်ချက်များ၏ အကျိုးရလဒ်အပေါ် အခြေခံ၍ ထိုပြုမူဆောင်ရွက်ချက်များက ကျင့်ဝတ်နှင့် ညီ၊ မညီကို ဝေဖန်ပိုင်းခြားမှု ပြုပါသည်။ ကျင့်ဝတ်ဆိုင်ရာ အပြုအမူများအား ကျွန်ုပ်တို့က ဝေဖန်ဆန်းစစ်ချက်ရာတွင် လူများ၏ ဆောင်ရွက်ချက်နှင့် အပြုအမူများကြောင့် ထွက်ပေါ်လာသည့် အဆုံးသတ်ရလဒ်ထက် စဉ်းစားတွေးတောသည့်အရာများ လိုအပ်ကြောင်း

အကျိုးရလဒ်အခြေခံမပြုသည့် ချဉ်းကပ်မှုများက အကြံပြုသည်။ ချဉ်းကပ်မှုတစ်ခုချင်းစီသည် မည်သည့်အရာက ကောင်းသည် သို့မဟုတ် ဆိုးသည်ကိုကား အငြင်းပွားဖွယ် ယူဆချက်များ ဖြစ်စေနိုင်ပြီး ရိုးစင်းလွယ်ကူသည့် သုံးသပ်ချက် ရရှိနိုင်ရန် သုတေသီများအတွက် ခက်ခဲ နိုင်သည်။ ကိုယ်ပိုင်အဆုံးအဖြတ်၊ သဒ္ဒါတရား၊ မည်သူ့ကိုမျှ ဒုက္ခမပေးခြင်းနှင့် တရားမျှတမှုအတွက် လေးစားလိုက်နာခြင်းတို့ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားသည့် အယူအဆများ အတိုင်း လိုက်နာပါက ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပိုမိုလွယ်ကူကြောင်း မူအသားပေး ချဉ်းကပ်မှုအား ထောက်ခံအားပေးသူများက ခုခံပြောဆိုသည်။ အဆိုပါ အယူအဆများသည် အချင်းချင်း ပဋိပက္ခမဖြစ်နေသမျှ သိသာလုံလောက်သည့် ချည်နှောင်ထားခြင်းမျိုး ဖြစ်သည်။ ထိုကဲ့သို့ ကိစ္စရပ်တွင် အပြိုင်အဆိုင် ဖြစ်နေသည့် မူများအကြား ရွေးချယ်ရန် လိုအပ်သည်။ ဆုံးဖြတ်ချက် ချမှတ်သူများ၏ ကိုယ်ကျင့်သီလအပေါ် အလေးထားသည့် သူတော်ကောင်းအကျင့်က စိန်ခေါ်လျက်ရှိသော်ငြား သုတေသနကျင့်ဝတ်ဆိုင်ရာ နယ်ပယ်တွင် မူအသားပေး ဝါဒသည် လွှမ်းမိုးလာသည်။ ကိုယ်ကျင့်တရား လက်တစ်လုံးခြားလုပ်ခြင်းသည် ဆင်တူယိုးမှား တူညီပြီး ပြဿနာနည်းသည့် အကျပ်အတည်းများတွင် အလုပ်ဖြစ်သည်။ ထို့အတူ ဆန်းစစ် ဝေဖန်တတ်ပြီး အမျိုးသမီးဝါဒအသားပေး ကိုလိုနီဝါဒသစ်ချဉ်းကပ်မှု အမြောက်အများဖြင့်လည်း စိန်ခေါ်လျက် ရှိသည်။ ၎င်းကိုလိုနီဝါဒသစ်ချဉ်းကပ်မှုများသည် ကျွန်ုပ်တို့ လူမှုအဖွဲ့ အစည်းအတွင်း အာဏာချိန်ခွင်လျှာနှင့် မူဝါဒများကြောင့် ဖြစ်ပေါ်လာသည့် မညီမျှမှုများအား ပိုမို အလေးပေး ထားသည်။[၁၁]

## ကျင့်ဝတ်ကို မည်သို့ထိန်းသိမ်းသနည်း?

ဗြိတိန်ဥပဒေပညာရှင်များနှင့် လူမှုရေးသိပ္ပံပညာရှင်များသည် ပညာရပ်ဆိုင်ရာ သတ်မှတ်ချက် များနှင့် တပြေးညီမဟုတ်သည့် အဖွဲ့အစည်းဆိုင်ရာ လိုအပ်ချက်များ၏ ရှုပ်ထွေးပွေလီသည့် သပွတ်အူထဲတွင် နစ်မြုပ်လျက်ရှိနေကြသည်။ ၁၉၆၀ ပြည့်နှစ်များကတည်းက ဇီဝဆေးပညာ ဆိုင်ရာ စိတ်ပါဝင်စားမှုများက လွှမ်းမိုးလျက်ရှိသည့် လက်ရှိ သုတေသနကျင့်ဝတ် စီမံအုပ်ချုပ်မှု မူဘောင်များသည် ၎င်းတို့၏ လိုအပ်ချက်များအား ပြည့်မီစေရန် ဒီဇိုင်းရေးဆွဲခဲ့ခြင်း မဟုတ်ပေ။ ဆေးပညာသုတေသနအတွက် အသုံးပြုခြင်းပင်လျှင် အဆိုပါ ဆန်းစစ်သည့် နည်းလမ်းက အလွန်အမင်း ရှုပ်ထွေးပြီး ဗျူရိုကရက်ဆန်သည်။ အန္တရာယ်အတွက် မထိုက်တန်ပဲ အရည်အသွေး မြင့်မားသည့် သုတေသနအချို့အတွက် ရှေ့နောက်မညီ ဆန့်ကျင်နေပါသည်။

လူမှုရေးသိပ္ပံသုတေသနကျင့်ဝတ်အတွက် ကသောင်းကနင်း ပေါင်းစပ်ထားသည့် အချက်အား လူမှုဗေဒပညာရှင်များ၊ စိတ်ပညာရှင်များနှင့် ပြစ်မှုဗေဒပညာရှင်များဖြင့် ဖွဲ့စည်း ထားသည့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများက ဖန်တီးပေးခြင်းဖြစ်သည်။ ၎င်းအဖွဲ့အစည်းများ အားလုံးသည် ၎င်းတို့ကိုယ်ပိုင် ကျင့်ဝတ်ဆိုင်ရာ လမ်းညွှန်ချက် သို့မဟုတ် ကျင့်ဝတ် စည်းကမ်းများကို ရေးဆွဲခဲ့သည်။ လူမှုရေးသိပ္ပံအကယ်ဒမီအတွင်းရှိ လေ့လာခဲ့သည့် အဖွဲ့ အစည်း

(၄၃) ခုတွင် သုတေသနကျင့်ဝတ်နှင့် ဆက်စပ်သည့် လက်တလော ကြေညာချက် (၁၇) ခု ရှိကြောင်း Emmerich က ၂၀၁၃ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ ဗြိတိန်နိုင်ငံရှိ လူမှုရေးရာ ဥပဒေလေ့လာမှုဆိုင်ရာ အဖွဲ့က သုတေသနဆောင်ရွက်ရာတွင် ကျင့်ဝတ်ပိုင်းလက်တွေ့ အကောင်အထည်မှု အခြေခံစည်းမျဉ်းများနှင့် ပတ်သက်၍ ၎င်းတို့၏ ကြေညာချက် (SLSA Statement) ကို ၂၀၀၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။ သုတေသနတွင် ပါဝင်သူများ၊ လုပ်ဖော်ကိုင်ဖက်များအတွက် သုတေသီများက စောင့်ထိန်းရမည့် တာဝန် ဝတ္တရားများနှင့် စည်းမျဉ်း စည်းကမ်းသာမက လူမှုဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားများအား ၎င်းကြေညာချက်က ဖော်ထုတ်ထားသည်။

ကျန်းမာရေးဆိုင်ရာသုတေသနနှင့် ဆက်စပ်နေသည့် ဒုတိယအချက်အား အမျိုးသား ကျန်းမာရေးဌာန (National Health Service) အတွက် ဖန်တီးခဲ့သည်။ ကျန်းမာရေး သုတေသနသည် ၁၉၆၈ ခုနှစ်ကတည်းက ကော်မတီများက စိစစ်သည့် ဘာသာရပ်ဖြစ်ခဲ့ သော်လည်း လူမှုစောင့်ရှောက်မှုအကြောင်းအရာများကို သုတေသနပြုခြင်းအား ဆန်းစစ် နိုင်ရန်အတွက် လူမှုရေးသိပ္ပံအတွက် အထူးကော်မတီကိုမူ ၂၀၀၉ ခုနှစ်တွင် စတင် တည်ထောင် ခဲ့သည်။ ဆက်စပ်လျက်ရှိသည့် တတိယအချက်အနေဖြင့် ဗြိတိန်နိုင်ငံရှိ တက္ကသိုလ် အများအပြားသည် လက်တွေ့ဆောင်ရွက်ရာတွင် လိုက်နာရမည့်ကျင့်ဝတ်များအား ပြစုရေးသား ပြီးဖြစ်သလို ကျင့်ဝတ်ထိန်းသိမ်းရေးကော်မတီများကိုလည်း ဖွဲ့စည်းပြီးဖြစ်သည်။ သို့တည်းမဟုတ် ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်ချက်ကိုလည်း ထုတ်ပြန်ပြီး ဖြစ်သည်။

ဗြိတိန်နိုင်ငံရှိ လူမှုရေးနှင့် စီးပွားရေးသုတေသနဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) သည် နိုင်ငံတွင်းရှိ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းကြောင့် ရရှိလာသည့် အခွင့်အလမ်းအား အမိအရ ဆုပ်ကိုင်ခဲ့သည်။ ထို့အပြင် လူမှုရေး သိပ္ပံသုတေသနယ်ပယ်တွင် ၎င်း၏အခွင့်အာဏာကို ထည့်သွင်းရန်အတွက် သုတေသနနယ်ပယ် တစ်နံ့တစ်လျား မဆီလျော်သည့် ဇီဝကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းများအား ပြဌာန်းနိုင်သည့် ဖြစ်နိုင်ခြေကိုလည်း အကောင်အထည်ဖော်သည်။ 'ပညာရပ်ဆိုင်ရာလက်တွေ့ကျင့်သုံးသည့် အဖွဲ့အစည်းများက အတွင်းကျကျ ထိန်းချုပ်ခြင်းမှ ကျင့်ဝတ်ဆိုင်ရာ ဗျူရိုကရေစီပုံစံသစ်တွင် ပြင်ပအကြောင်းအရာက သတ်မှတ်ပြဋ္ဌာန်းသည့် ထိန်းချုပ်မှုစနစ်အထိ' သုတေသနကျင့်ဝတ် ဆိုင်ရာ စီမံအုပ်ချုပ်မှုရှိ အာဏာဗဟိုချက်အား သုတေသနကောင်စီက ရွှေ့ပြောင်းခဲ့သည်။[၁၂]

သုတေသနကျင့်ဝတ်ဆိုင်ရာမူဘောင် (REF) အား ၂၀၀၅ ခုနှစ်တွင် သုတေသန ကောင်စီက ထုတ်ပြန်ခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါမူဘောင်အား သုတေသနကျင့်ဝတ် အတွက် လိုက်နာရမည့် မူဘောင် (FRE) ဖြင့် ၂၀၁၀ ခုနှစ်တွင် အစားထိုးခဲ့သည်။ အဆိုပါ အစားထိုးသည့် မူဘောင်အား ၂၀၁၂ ခုနှစ်တွင် ပြန်လည် ပြင်ဆင်ခဲ့ပြီးနောက် ၂၀၁၅ တွင် အဆင့်မြှင့်တင်ခဲ့သည်။ ရန်ပုံငွေထောက်ပံ့ရေး တောင်းခံသည့် အလုပ်အတွက် သုတေသန ကောင်စီ၏ မျှော်မှန်းချက်

များအား ရောင်နီသန်းစေပြီး လူမှုရေးသိပ္ပံသုတေသနအားလုံးအတွက် အလေ့အကျင့်ကောင်းများအား သတ်မှတ်ပေးပါသည်။ သုတေသီများ၏ ပညာရပ်ဆိုင်ရာ ဆက်သွယ်ပေါင်းစည်းမှုများအား ထိန်းသိမ်းရန်နှင့် ကျင့်ဝတ်ဆိုင်ရာ ပြန်လည်ဆင်ခြင် သုံးသပ်ခြင်းအား အသားပေးရန် သုတေသနကျင့်ဝတ်ဆိုင်ရာမူဘောင် (REF) က တောင်းဆိုခဲ့သည်။ ထို့အပြင် လူမှုရေးသိပ္ပံကျင့်ဝတ်များအား စေ့စေ့စပ်စပ် စစ်ဆေးရန်အတွက် စဉ်းစဉ်းစားစား တသမတ်တည်းဆောင်ရွက်မည့် ဖွဲ့စည်းမှုကိုလည်း ရှာဖွေပါသည်။ သို့ရာတွင် သုတေသန ကျင့်ဝတ်ဆိုင်ရာမူဘောင် (REF) သည် အခြေခံသဘောတရားအရသာမက လက်တွေ့ပိုင်းအရပါ မှားယွင်းသည့်အတွက်ကြောင့် ဝေဖန်ခံရပါသည်။ ထိုကျင့်ဝတ်ဆိုင်ရာ မူဘောင်သည် ကျင့်ဝတ်သိက္ခာနှင့်အညီ သုတေသန ဆောင်ရွက်သည့် ယဉ်ကျေးမှုအား မြှင့်တင်ခြင်းထက် အဖွဲ့အစည်းဆိုင်ရာ အန္တရာယ်နှင့် ဂုဏ်သိက္ခာတို့နှင့် ပိုမိုသက်ဆိုင်သည့် ကျဉ်းမြောင်းပြီး လွန်လွန်ကဲကဲ သတ်မှတ်ထားသည့် လိုအပ်ချက်များကြောင့် ဖြစ်ပါသည်။[၃၃] ၂၀၁၀ ခုနှစ်က အစားထိုးခဲ့သည့် သုတေသနကျင့်ဝတ်အတွက် လိုက်နာရမည့် မူဘောင် (FRE) သည် သုတေသနကျင့်ဝတ်ကော်မတီများ၏ တရားဝင်လုပ်ပိုင်ခွင့်ကို တိုးချဲ့ခဲ့ပြီး ၎င်းအဖွဲ့ ပေါင်းစပ်ဖွဲ့စည်းပုံအတွက် အနိမ့်ဆုံးလိုအပ်ချက်များကို အသေးစိတ် သတ်မှတ်ခဲ့သည်။ စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) မှ ပေးအပ်မည့် ရန်ပုံငွေထောက်ပံ့မှုကို ရှာဖွေလိုသော သုတေသီများအတွက် ဆန်းစစ်မှုအား မဖြစ်မနေပြုလုပ်ရန် လိုအပ်ပါသည်။ အငြင်းပွားဖွယ် လုပ်ရိုးလုပ်စဉ် သုတေသနနည်းလမ်းများအား ဆောင်ရွက်နေသည့် သုတေသီများအတွက် ကင်းလွတ်ခွင့်အား ဆန်းစစ်မှုက ဖယ်ရှားခဲ့သည်။ ကျား-မလိင်ကွဲပြားမှုနှင့် မျိုးနွယ်စု သို့မဟုတ် အခွင့်ထူးခံ အထက်တန်းလွှာအကြောင်းများ ပါဝင်သည့် ကျယ်ပြော လှသည့် ‘ထိရှလွယ်သည့် အကြောင်းအရာများ’ အတွက် ပြည့်ပြည့်စုံစုံ ဆန်းစစ်မှုလိုအပ်ပါသည်။ ထို့အပြင် ဗြိတိန်နိုင်ငံ ပြင်ပတွင် ဆောင်ရွက်သည့် သုတေသန သို့မဟုတ် အင်တာနက်အသုံးပြုခြင်း သို့မဟုတ် အချက်အလက်မျှဝေခြင်း ပါဝင်သည့် သုတေသနအတွက်လည်း ဆန်းစစ်ရန် လိုအပ်သည်။ ၂၀၀၅ ခုနှစ် မူဘောင်ကို ဝေဖန်သူများသည် ၂၀၁၀ ခုနှစ်မူဘောင်ကိုလည်း သိပ်သဘောမတွေ့ကြောင်း တွေ့ရှိရသည်။ မပြည့်မစုံနှင့် ၎င်းကိုယ်ပိုင် အသုံးအနှုန်းအရ (စာပိုဒ် ၆.၂ ပါ) ‘ကျင့်ဝတ်နှင့် မလျော်ညီသော’ ဆွေးနွေးညှိနှိုင်းခြင်း လုပ်ငန်းစဉ်များအပေါ် အခြေပြုထားသည့် (စာပိုဒ် ၁.၄ ပါ) ‘ဆိုးဆိုးရွားရွား မူဘောင်တစ်ခု’ အဖြစ် စာတမ်းအသစ် တစ်ခုကို ရေးသားကာ Stanley နှင့် Wise တို့က ပုံဖော်သတ်မှတ် ခဲ့သည်။[၃၄]

ဗြိတိန်သုတေသနအဖွဲ့အစည်းများက စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) ၏ လိုအပ်ချက်များအား ၂၀၁၂ ခုနှစ်တွင် အောက်ပါအတိုင်း တုံ့ပြန်ခဲ့သည်-

> တက္ကသိုလ်များတွင် ကျင့်ဝတ်ပိုင်းဆန်းစစ်ခြင်းအား တော်လှန်ပြောင်းလဲခြင်း ပြုလုပ်ခဲ့ကြပြီး ခိုင်မာသည့် သုတေသန ပုံရိပ်ကောင်းရှိသည့် မည်သည့်တက္ကသိုလ်မဆို ယခုအခါ ကျင့်ဝတ်ပိုင်းကို ဆန်းစစ်သည့် လုပ်ငန်းစဉ် ရှိလာကြသည်။ အဆိုပါ ဆန်းစစ်ချက်များ၏ အရည်အသွေးသည် စင်းလုံးချောမဟုတ်ဘဲ ဟာကွက်များ ရှိနိုင်ချေ အလားအလာ

ပိုများသည်။ သို့ရာတွင် ၎င်း RECs က ဖော်ထုတ်ထားသည့် ထည့်သွင်းစဉ်းစားချက် အရည်အချင်းကို အကဲဖြတ်ရန်အတွက် ပြည်တွင်းစနစ် တစ်ခုကို မတည်ဆောက်ရ သေးခြင်းသည် ပြဿနာများ ပိုမို ဖြစ်လာနိုင်ချေရှိသည်။[၁၅]

စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) က ၂၀၁၅ ခုနှစ်အစောပိုင်းတွင် သုတေသနကျင့်ဝတ်အတွက် လိုက်နာရမည့် မူဘောင် (FRE) အား အဆင့်မြှင့်ထားသည့် ပုံစံအား ထုတ်ပြန်ထားပြီး ထပ်မံ၍ တိုးတက်အောင်ရေးဆွဲပြင်ဆင်သွားရန်လည်း ကတိပြုခဲ့ ပါသည်။

ဗြိတိန်နိုင်ငံရှိ စည်းမျဉ်းအား နိုင်ငံတကာတွင် ခေတ်စားနေသည့် ဆေးပညာနှင့် ဇီဝဗေဒသုတေသန ဆောင်ရွက်ရာတွင် လိုက်နာရမည့်ကျင့်ဝတ်များဖြင့် ရေးဆွဲထားပြီး ဖြစ်သည်။ ၁၉၆၄ ခုနှစ် ဟယ်စင်ကီး ကြေညာချက် (Declaration of Helsinki)၊ ၁၉၈၂ ခုနှစ် ဆေးသိပ္ပံ ပညာဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းများ ကောင်စီ (CIOMS)နှင့် ယူနက်စကိုမှ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်သည့် ဆေးပညာနှင့် ဇီဝဗေဒသုတေသန ဆောင်ရွက်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်နှင့် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကြေညာချက် (Universal Declaration on Bioethics and Human Rights) ပါ အချက်များအပေါ် ၎င်းကျင့်ဝတ်များက ကိုးကားထည့်သွင်းထားသည်။ ဇီဝဆေးပညာ သုတေသနဆိုင်ရာ အထက်ပါ ကြေညာချက်များက သုတေသနကျင့်ဝတ်ဆိုင်ရာ လက်ရှိ စဉ်းစားချက်နှင့် ကျင့်သုံးပုံများအတွက် အဓိက ကျသော်ငြား ပြိုင်ဆိုင်မှု ပြင်းထန်သည့် အခြေခံများကို ဖန်တီးပေးသည်။ ထို့အပြင် လူမှုရေးသိပ္ပံအပေါ်ကိုလည်း ပညာရပ်ပိုင်းဆိုင်ရာအရ သာမက အဖွဲ့အစည်းတွင် ကျင့်ဝတ်များအား လက်တွေ့ကျင့်သုံးရာ၌ ဇီဝဆေးပညာ သုတေသန နမူနာပုံစံ၏ လွှမ်းမိုးကာ အကျိုးသက်ရောက်မှုလည်း ရှိသည်။

(အမေရိကန်ဘဲလ်မောက် အခြေခံမူများ American Belmont Principles၊ ဩစတေးလျ အမျိုးသား ကြေညာချက် Australian National Statement နှင့် ကနေဒါ ၃ ဦးတွဲ အတိုင်ပင်ခံကောင်စီမူဝါဒ ကြေညာချက် Canadian Tri-Council Policy Statement တို့ကဲ့သို့) အခြားပြည်တွင်းချဉ်းကပ်မှုပုံစံများနှင့်လည်း သုတေသနကျင့်ဝတ်အတွက် လိုက်နာရမည့် မူဘောင် (FRE) ဆိုင်ရာ အခြေခံမူများတို့အကြား ရှင်းလင်းတိကျသည့် ဆက်နွှယ်မှုလည်း ရှိသည်။ သို့ရာတွင် ဗြိတိန်မူဘောင်များသည် လူမှုရေးသိပ္ပံသုတေသနဆိုင်ရာ ကျင့်ဝတ်များအား ထိန်းသိမ်း ကြပ်မတ်ရာတွင် ပြည်တွင်းချဉ်းကပ်မှုတစ်ခု တည်ဆောက်သောအခါ လက်ရှိ ပညာရှင်နှင့် ပညာရပ်ဆိုင်ရာ စံနှုန်းများအား အလေးမထားခြင်းထက် သုတေသီများအား စံနှုန်းများမှ ထုတ်နှုတ်ရေးဆွဲရန် ဖိတ်ခေါ်ခြင်းမျိုးဖြင့် စတင်ထားပါသည်။ ၎င်းတို့၏ စီမံကိန်းများရှိ ကျင့်ဝတ်ပိုင်းဆိုင်ရာ ထိခိုက်နိုင်ချေနှင့် စီမံကိန်းကရရှိမည့် အဖွဲ့အစည်းဆိုင်ရာ သုံးသပ်ချက်တို့အား ရှင်းရှင်းလင်းလင်း အကျိုးသင့် အကြောင်းသင့် တင်ပြပြီး ဆုံးဖြတ်နိုင်ရန် အတွက် သုတေသီများအားဖိတ်ခေါ်ကာ ၎င်းစံနှုန်းများမှ ထုတ်နှုတ်ရေးဆွဲစေသည်။

## ကျင့်ဝတ်ဆိုင်ရာ အခက်အခဲ ပြဿနာရပ်များ

ထင်ရှားကြော်ကြားသည့် လူမှုရေးရာဥပဒေဂျာနယ်အများစုသည် သုတေသနကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများနှင့် ပတ်သက်၍ ဆန်းစစ်လေ့လာမှုနှင့် ဝေဖန်မှုတို့ကို ပြုလုပ်သော်ငြား၊ သက်ဆိုင်ရာ နယ်ပယ်များတွင် သုတေသနဆောင်ရွက်ရာ၌ ပြုမူဆောင်ရွက်ရမည့် ကျင့်ဝတ် များအား ပုံနှိပ်ဖော်ပြခြင်း မရှိသေးပေ။[၁၆] သို့ရာတွင် လက်တွေ့မျက်မြင်အခြေပြု ဥပဒေ သုတေသနရှိ သုတေသနကျင့်ဝတ်ဆိုင်ရာ ပြဿနာရပ်များသည် ရှုပ်ထွေးပွေလီနိုင်သည်။ အမေရိကန် *ဥပဒေနှင့် လူ့အဖွဲ့အစည်း ဆန်းစစ်ချက်* မှ ထုတ်နှုတ်ထားသည့် သာဓက (၃) ခုကို တင်ပြသွားပါမည်။ ပထမဆုံးလေ့လာမှုတွင် သုတေသီများသည် ၎င်းတို့သုတေသနကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများထက် ကောင်းကျိုးရလဒ်က ပိုများနိုင်ချေရှိကြောင်း ပတ်သက်သူ မျိုးစုံတို့အား အကျိုးသင့် အကြောင်းသင့် ရှင်းပြခြင်းဖြင့် ဗျာများနေကြသည်။ ဘော်စတွန်မြို့ရှိ ရှေ့နေများနှင့် ၎င်းတို့၏ အမှုသည်များအကြား စကားပြောဆိုမှုများကို အသံသွင်းရန် Danet အပါအဝင် ပညာရှင်များက တောင်းခံခဲ့သည်။[၁၇] ရှေ့နေနှင့် အမှုသည်ကြား ဆက်ဆံမှုအခွင့်ကောင်းအား အင်တာဗျူးများအား အသံသွင်းခြင်းဖြင့် အချည်းအနှီးဖြစ်စေမည် ဖြစ်ကြောင်း စိုးရိမ်စိတ်များ ပေါ်ပေါက်လာကြသည်။ အဘယ့်ကြောင့်ဆိုသော် စကားပြောဆိုခြင်းအား ယုံကြည်ချက်ရှိရှိ ဆက်လက်မပြောဆိုတော့ကြောင်း အဓိပ္ပာယ်ရပါသည်။ အဆိုပါကိစ္စအရ တရားရုံးတွင် အမှုသည်အား ဆန့်ကျင်၍ အသံသွင်းတိပ်ခွေအား ခွင့်ပြုနိုင်သည်။ အခြား နည်းလမ်းများအနက် အလားအလာရှိသည့် ပြိုင်ဖက်များအား အသံသွင်းထားသည့် တိပ်ခွေများရှိ ၎င်းတို့၏ အခွင့်အရေးများကို စွန့်လွှတ်ရန် သုတေသီများက တောင်းဆိုခြင်းမျိုးကို စဉ်းစားနိုင်သည်။ သို့ရာတွင် ရှေ့နေနှင့် အမှုသည်အကြား အထူးအခွင့်အရေးဖြစ်သည့် စကားပြောဆိုချက်များအား တိပ်ခွေဖြင့် အသံသွင်းချက်ရှိသည်ဆိုသော အချက်ကို ရှေ့နေများက အခြားတစ်ဖက်သို့ ဝန်မခံလိုကြကြောင်း' သုတေသီများက မကြာမီ သိရှိခဲ့ ကြသည်။[၁၈] ဤအဖြစ်အပျက်က ပြဆိုသည်မှာ သုတေသီများက ချဉ်းကပ်ခဲ့သည့် မည်သည့် ရှေ့နေကမျှ လေ့လာမှုအတွက် အမှုသည်များအား စုစည်းရန် ဆောင်ရွက်နိုင်ခြင်း သို့မဟုတ် စိတ်ဆန္ဒရှိခြင်းကို သက်သေ မပြနိုင်ခဲ့ကြပေ။

အခြားလေ့လာချက် နှစ်ခုတွင် တိုင်းရင်းသားနှင့် ပညာရှင် အဖွဲ့ငယ်ရှိ အဖွဲ့ဝင်များအား အမည်လျှို့ဝှက်ထားရန် ကမ်းလှမ်းရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ရင်ဆိုင်ဖြေရှင်း နေရသည်။ ဥရောပသမဂ္ဂအပြင်ဘက်ရှိ နိုင်ငံ (၃) ခုမှ ဥရောပနိုင်ငံ (၄) ခုသို့ ပြောင်းရွှေ့ ဝင်ရောက်လာကြသည့် ရွှေ့ပြောင်းသွားလာသူများအား Kubal က အင်တာဗျူးမေးမြန်း ကြသည်။[၁၉] ဗြိတိန်နိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့တွင် ပြောင်းရွှေ့ဝင်ရောက်လာသူ အများ အပြားရှိနေစဉ် နော်ဝေးနိုင်ငံရှိ ဥပဒေကြောင်းအရ ဒွိဟဖြစ်နေသည့် အခြေအနေရှိ ယူကရိန်းလူမျိုးများအား အမည်ဆက်လက်လျှို့ဝှက်ထားခြင်းဖြင့် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့ ရသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းပြောင်းရွှေ့အခြေချသည့် ယူကရိန်းလူမျိုးများသည် လူဦးရေ

အနည်းငယ်သာ ရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် မည်သူမည်ဝါဖြစ်ကြောင်း အလွယ်တကူ ခွဲခြားနိုင်သည့် အလုပ်အကိုင်များ၊ ကူးပြောင်းခဲ့သည့် နိုင်ငံများနှင့် ပတ်သက်သည့် အချက်အလက်များကို ပြောင်းလဲရန် Kubal က ရွေးချယ်ခဲ့သည်။ တတိယ လေ့လာချက်တွင် အထက်တန်းစား အလွှာအုပ်စု၏ သီးသန့်အချက်အလက်များအား မည်သို့ ကာကွယ်ရမည်ကို သုတေသီက ဆုံးဖြတ်ခဲ့ရသည်။ Liu က ၂၀၀၆ ခုနှစ်တွင် လေ့လာခဲ့သည့် တရုတ်နိုင်ငံရှိ အထက်တန်းလွှာ ကော်ပိုရေးရှင်း ရှေ့နေများအား စုံစမ်းလေ့လာခြင်းတွင် ပီကင်းမြို့ရှိ နာမည်ကျော် ဥပဒေ အကျိုးဆောင်လုပ်ငန်း (၆) ခုအား အင်တာဗျူးမေးမြန်းခြင်း ပါဝင်သည်။ အင်တာဗျူးဖြေဆိုသူများအား အမည်လျှို့ဝှက်ထားမည်ဖြစ်ကြောင်း အာမခံသည့်အပြင် အကျိုးဆောင်လုပ်ငန်း အမည်ကိုလည်း ချန်လုပ်ထားခဲ့သည်။ သို့သော်ငြား နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ငွေချေးသက်သေခံ လက်မှတ်များ ဆောင်ရွက်နေသည့် ၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့သော ဝန်ထမ်း (၁၅၀) ရှိ၍ မိတ်ဖက်အဖွဲ့ (၂၅) ခုရှိသည့် အကျိုးဆောင်လုပ်ငန်းကို ဖော်ထုတ်ရန် ဒေသခံပညာရှင် အဖွဲ့ဝင်များ အနေဖြင့် လွယ်ကူကြောင်း စိတ်ကူးနှင့်ပင် မြင်ယောင်နိုင်သည်။ Liu ၏ ဆုံးဖြတ်ချက်သည် သေချာပေါက် ဆီလျော်ပြီး သမရိုးကျဖြစ်သည်မှာ မုချဧကန်ပင် ဖြစ်သည်။ သို့ရာတွင် သုတေသီများသည် ကော်ပိုရိတ် စီးပွားရေးလုပ်ငန်းနှင့် အခြားအထက်တန်းလွှာများနှင့် အဆက်အသွယ်ရရန် ခက်ခဲသည့် အနေအထားတွင်မူ လူမှုရေးရာ ဥပဒေပညာရှင် များသည် ဆွေးနွေးမှုကို စတင်ရန် လိုအပ်သည်။ ၎င်းဆွေးနွေးမှုတွင် လျှို့ဝှက်ချက်ကို မည်သို့ ဆွေးနွေးညှိနှိုင်းမည်ကိုသာမက မည်မျှအထိ စောင့်ထိန်းနိုင်ကြောင်းကိုပါ ထည့်သွင်း ဆွေးနွေး ရမည်။

## ကြိုတင်အသိပေး သဘောတူညီချက် ရယူခြင်း

ပညာရပ်ဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာသာမက ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ သုတေသန လမ်းညွှန်ချက်များနှင့် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်း အများစုသည် ခြွင်းချက် အနေအထားမှတပါး သုတေသနမစတင်မီကတည်းက သုတေသနတွင်ပါဝင်သူများက သုတေသနတွင် ပါဝင် မည်အား သဘောတူကြောင်းကို လိုလားကြသည်။ အဆိုပါ သဘောတူညီချက်သည် ကြိုတင် အသိပေး ထားရမည်ဖြစ်ပြီး မိမိဆန္ဒသဘောအရ ပေးခြင်း ဖြစ်သင့်သည်။

သို့သော် ဤကြိုတင်အသိပေး သဘောတူညီချက်ရယူခြင်းသည် လူမှုရေးရာ ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ သုတေသနများတွင်မူ ဖြစ်ပေါ်လေ့ မရှိပေ။ အမှန်အားဖြင့် ကျော်မကောင်း ကြားမကောင်းသည့် မကောင်းသတင်း အများအပြားသည် အမေရိကန်ပြည်ထောင်စုတွင် တွေ့ရှိရလျက် ရှိသည်။ ဥပမာအားဖြင့် ၁၉၅၄ ခုနှစ်တွင် ချီကာဂိုမြို့ရှိ လူမှုရေးသိပ္ပံပညာရှင် များက ဝီချီတာခရိုင် ဖက်ဒရယ် တရားရုံး၊ ပြည်သူ့ရေးရာ ခုံသမာဓိအဖွဲ့ (၆) ခု၏ ဆွေးနွေးချက်များအား မယောင်မလည်ဖြင့် မှတ်တမ်းယူခဲ့သည်။[၂၀] လေ့လာမှုတွင် တရားသူကြီးများ၊ တရားလိုရှေ့နေနှင့် တရားပြိုင်ရှေ့နေများ၏ သဘောတူညီချက်ကို ရယူခဲ့သော်လည်း ခုံသမာဓိ အဖွဲ့ဝင်များထံကမူ

ရယူထားခြင်းမရှိပေ။ သုတေသနစီမံကိန်းအား ပြည်သူထံ ဗဟုသုတ အလို့ငှာ ချပြသော်အခါ ကန့်ကွက်ဆန္ဒပြမှု ပြင်းပြင်းထန်ထန် ကြုံတွေ့ရပြီးနောက် တရားစီရင်ရေးဆိုင်ရာ ဆီးနိတ်ကော်မတီရှိ ဌာနတွင်းလုံခြုံရေးရာ ဆပ်ကော်မတီ၏ စုံစမ်း စစ်ဆေးခြင်းကိုခံရသည်။ ကော်မတီ၏ အစီရင်ခံအရ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ် အများစုသည် သုတေသီများအား ဂျူရီအခန်းသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ခဲ့ကြသည်။ အဆိုပါ ကန့်သတ်ပိတ်ပင်မှုသည် အမေရိကန် ပြည်ထောင်စုရှိ တရားစီရင်ပိုင်ခွင့် နယ်မြေအများစုတွင် ယနေ့တိုင် အကျုံးဝင်နေဆဲ ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် စိတ်ပညာရှင်ဖြစ်သူ Philip Zimbardo က စတန်းဖို့ဒ်တက္ကသိုလ်တွင် နမူနာပုံစံတူ အကျဉ်းထောင်တစ်ခုကို ဖန်တီးခဲ့သည်။ လုပ်အားပေးကျောင်းသား (၂၄) ဦးအား အစောင့်နှင့် အကျဉ်းသားများအဖြစ် ခန့်အပ်ခဲ့သည်။ အဖွဲ့အစည်းတည်ဆောက်မှု၏ အကျိုးသက်ရောက်မှုများအား လေ့လာသည့် သုတေသနသည် စတင်ပြီး (၆) ရက်အကြာ ဖျက်သိမ်းခဲ့ရသည်။ အစောင့်များသည် အကျဉ်းသားများအား ကိုယ်ထိလက်ရောက်သာမက စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုပြုခဲ့ပြီး အကျဉ်းသား အများစုသည် မူမမှန်သည့် နည်းလမ်းများဖြင့် စတင် ပြုမူလာခြင်းကြောင့် ဖြစ်သည်။[၂၁] သုတေသနသည် 'ကျင့်ဝတ်နှင့် မညီကြောင်း' Zimbardo က မှတ်ချက်ပြုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် လူများက နာနာကျဉ်ကျဉ် ခံစားခဲ့ရပြီး အခြားသူများကို စမ်းသပ်မှုအား ရပ်တန့်သင့်သည့် အချိန်ထက် ကျော်လွန်ကာ စမ်းသပ်ခြင်းကြောင့် ဒဏ်ရာအနာတရနှင့် အရှက်တကွဲ အကျိုးနည်း ဖြစ်စေခဲ့သည်။[၂၂] သို့ရာတွင် သဘောတူညီချက်ရယူထားသည့်အတွက် လိမ်လည်လှည့်ဖျားမှုလည်း မရှိကြောင်း ၎င်းက ခုခံပြောဆိုပါသည်။ စမ်းသပ်မှု အစတွင် ကြိုတင်အသိပေး သဘောတူညီချက်ရှိခဲ့သော်ငြား စမ်းသပ်မှုကာလ တစ်လျှောက်လုံး အတွက် ၎င်းသဘောတူ ညီချက်သည် တောက်လျှောက် ဆက်လက်တည်ရှိနေမည် ဖြစ်ကြောင်းကိုမူ သိပ် မရှင်းလင်းပေ။

အခြေအနေအများစုတွင် သုတေသီများသည် ရည်ရွယ်ထားသည့် ပါဝင်သူများအား သုတေသနဆိုင်ရာ အချက်အလက်များဖြစ်သည့် ရည်ရွယ်ချက်၊ နည်းစနစ်များ၊ လိုလားချက်များ၊ အန္တရာယ်များ၊ ကသိကအောင့်ဖြစ်ခြင်း၊ မသက်မသာဖြစ်ခြင်းများနှင့် ရရှိနိုင်မည့် ရလဒ်များအား ပြောပြထားရမည်။ ထို့အပြင် သုတေသနတွေ့ရှိချက်များအား မည်သို့ ဖြန့်ဝေမည်နှင့် ဖြန့်ဝေခြင်း ရှိမရှိတို့ကိုလည်း အသိပေးရမည်။ ပါဝင်သူများအတွက် မည်သည့် ကိစ္စရပ်များ ဖြစ်လာနိုင် သနည်းနှင့် ဘာ့ကြောင့်ဖြစ်လာနိုင်သနည်း? သုတေသန မည်မျှကြာကြာ ဆောင်ရွက်မည်နည်း? မည်သည့် အန္တရာယ်ကြုံတွေ့နိုင်သနည်း? မည်သည့် အကျိုးရလဒ် ရရှိနိုင်သနည်း? သုတေသနကို မည်သူက ရန်ပုံငွေ ထောက်ပံ့သနည်း? စသည့်အချက်များကို အသိပေးထားရမည်။

တချို့သောကိစ္စရပ်များတွင် ကြိုတင်အသိပေးသဘောတူညီချက် အသေအချာ ရရှိရန် အတွက် သတင်းအချက်အလက်ပေးခြင်းသည် သုတေသီအတွက်သာမက သုတေသနတွင် ပါဝင်သူများအတွက်ပါ အချိန်နှင့် အားထုတ်မှု အတော်ပင်ပေးဆပ်ရသည်။ အခြားကိစ္စရပ် များတွင်မူ သုတေသနတွင် ပါဝင်သူများအတွက် ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တောင်းဆို

ထားသည့်အချက်အလက်များ စာရင်းပြုစုပေးခြင်းဖြင့် လုံလောက်ပါသည်။ သုတေသနတွင် ပါဝင်သူများ၏ သဘောတူညီချက်အား ထည့်သွင်းရန်အလို့ငှာ မှတ်တမ်းတင်ရန် သုတေသီ များက မျှော်လင့်လေ့ရှိကြသည်။ ယေဘုယျအားဖြင့် သုတေသီများသည် သက်ဆိုင်သူအားလုံး (အဖွဲ့အစည်းများ၊ အဖွဲ့များ သို့မဟုတ် လူမှုအသိုက်အဝန်း ခေါင်းဆောင်များ) ထံမှ သဘောတူညီချက်ရယူရန် ညှိနှိုင်းရမည် ဖြစ်သည်။ ထို့အပြင် သင့်လျော်သည့် ကိစ္စရပ်အားလုံး အတွက်သာမက ဖြစ်နိုင်ပါက သင့်လျော်သည့် အချိန်တိုင်းတွင်လည်း သဘောတူညီချက် တောင်းခံရမည်။ သဘောတူညီချက်သည် တောက်လျှောက် သက်ဝင်လှုပ်ရှားနေသင့်ပြီး သုတေသနစီမံကိန်း အစအတွက်သာ မကန့်သတ်ထားသင့်ကြောင်း သုတေသီအများအပြားက ချေပပြောဆိုကြသည်။

အခြားသူများက အနိုင်အထက်ပြု ကြိုးကိုင်ချယ်လှယ် လွှမ်းမိုးမှုများကြောင့်သော်လည်းကောင်း စိတ်ကစဉ့်ကလျားဖြစ်ခြင်းကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာခြင်းမျိုး မဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိ နားလည်မှုရှိရှိဖြင့် ကိုယ်ပိုင်ဆုံးဖြတ်ထားသည့် ဆောင်ရွက်ချက်တစ်ခုအဖြစ် ကြိုတင်အသိပေး သဘောတူညီချက် ရယူခြင်းအား Faden နှင့် Beauchamp[၂၇] တို့က သရုပ်ဖော်သည်။ သို့သော် ပါဝင်မည့်သူ၏ အခြေအနေသည် ထိုကဲ့သို့ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့် ပေးမပေးအား စိစစ်ရန် သုတေသီအတွက် ခက်ခဲပါသည်။ အကျိုးဆက် အားဖြင့် ထိခိုက်လွယ်ပြီး သီးခြားရပ်တည်နိုင်ခြင်းမရှိသည့် အုပ်စုများမှ သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်တောင်းခံရန်ကြိုးစားရာတွင် သီးသန့်လုပ်ထုံးလုပ်နည်းများကို ချမှတ် လေ့ရှိသည်။

လျှို့ဝှက်ပြုလုပ်ရသည့် သုတေသန သို့မဟုတ် ပရိယာယ်ဆင် ပြုလုပ်ရသည့် သုတေသနအား ဆောင်ရွက်နေရသည့် သုတေသီများအတွက်မူ ကြိုတင်အသိပေး သဘောတူချက်ရယူခြင်းသည် အထူးပင် ပြဿနာဖြစ်စေသည်။ သဘောတူညီချက် မရယူ ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် မည်သည့် ထိခိုက်မှုမဆိုသည် ပြည်သူအတွက် ရရှိမည့် အကျိုးရလဒ်နှင့် နှိုင်းချိန်ရမည့်နေရာ၌ သဘောတူညီချက် ရယူရန်မလိုကြောင်း သုတေသီ အချို့က ခုခံပြောဆိုကြသကဲ့သို့ သုတေသနဆောင်ရွက်ရာတွင် ကျင့်ဝတ်ပိုင်းလက်တွေ့ အကောင်အထည်ဖော်မှု အခြေခံစည်းမျဉ်းများဆိုင်ရာ ကြေညာချက် (SLSA Statement) ကလည်း လက်ခံပါသည်-

> လျှို့ဝှက်ပြုလုပ်ရသည့် သုတေသနအား အချို့သော အခြေအနေများတွင် ပြန်လည်ချိန်ညှိရမည်။ ဥပမာအားဖြင့် သုတေသနတွင် ပါဝင်သူတစ်ဦးချင်းစီအတွက် အန္တရာယ်နည်းပါးပြီး ၎င်းတို့အမည် လျှို့ဝှက်ခြင်းအား အာမခံနိုင်သောအခါ၊ လူမှုဘဝဝန်းကျင် အားဝင်ရောက်ခွင့်သည် အာဏာ သို့မဟုတ် ထိပ်တန်းလျှို့ဝှက်ချက်များကြောင့် ပိတ်ပင်ထားပြီး မရှိမဖြစ်အချက်အလက်များအား ရရှိရန် အလို့ငှာ ဖြောင့်ကျကျ နည်းစနစ်များအား အသုံးပြုရန် မဖြစ်နိုင်သောအခါ ပြန်လည် ချိန်ညှိရခြင်း ဖြစ်သည်။ ထိုကဲ့သို့ သုတေသနအား ဆောင်ရွက်ရာတွင် ကန့်သတ်ချက်အား လွှမ်းမိုးနိုင်သည့်

> အခြေခံမူမှာ နည်းစနစ်သည် လူအများ၏ အကျိုးစီးပွားနှင့် ချိန်ထိုး ဆောင်ရွက်ပါက မျှတမည်လားဟူ၍ မေးမြန်းရမည် ဖြစ်သည်။[၂၄]

လျှို့ဝှက်ဆောင်ရွက်ရမည့် သုတေသနမရှိဘဲ ထိခိုက်မှုများနှင့် မတရားမှုများအပါအဝင် လူမှုအသိုက်အဝန်းရှိ အခြေအနေအချို့အား မဖော်ထုတ်နိုင်ဘဲ နားလည်မှုလွဲမှား နေကြဆဲပင် ဖြစ်သည်။ အင်အားကြီးမားသည့် အုပ်စုများက ဆန္ဒရှိသလို ရေးဆွဲလိုသည့် ရုပ်ပုံလွှာများသည် စိန်ခေါ်မှုမရှိ ဖြစ်နေလိမ့်မည်။ လူ့အင်္ဂါအစိတ်အပိုင်းများအား တရားမဝင် ကုန်သွယ်ခြင်း အကြောင်း သုတေသပြုနေစဉ် အမေရိကန်လူမျိုး မနုဿဗေဒပညာရှင်ဖြစ်သူ Nancy Scheper-Hughes သည် ရုပ်ဖျက်၍ အာဂျင်တီးနားနိုင်ငံသို့ ခရီးသွားခဲ့သည်။ 'ပိန်ချုံးချိနဲ့ကာ လျစ်လျူရှုခြင်းခံထားရပြီး လူ့အသိုက်အဝန်းမှ ဖယ်ကြဉ်ခံရသူ အမည်မသိ "အမည်မရှိသူ" စိတ်ဝေဒနာရှင် အကျဉ်းသားများထံမှ အသားစ၊ သွေး၊ ကျောက်ကပ်နှင့် သန္ဓေသားများ ခိုးယူခဲ့ကြောင်း စွပ်စွဲချက်အား စုံစမ်းဖော်ထုတ်ပြီး နောက်ဆုံးတွင် မှတ်တမ်းတင်ရန်အတွက် ဝင်ရောက်ခွင့် ကန့်သတ်ထားသော ဉာဏ်ရည် ဖွံ့ဖြိုးမှု အတော်နောက်ကျသူများအတွက် စောင့်ရှောက်ပေးသည့် နိုင်ငံပိုင်ဂေဟာကို ဝင်ရောက်ရန်' ဖြစ်ပါသည်။[၂၅]

အနည်းငယ် ဇာတ်နာနာဖြင့် ဆိုရသော် ကနေဒါနိုင်ငံရှိ ချေးငွေဆိုင်ရာ ဆွေးနွေး လမ်းညွှန်မှုပေးသည့် အကျိုးအမြတ်မယူသော အေဂျင်စီကြီးကြီးမားမားများသို့ သုတေသန လက်ထောက်များက တယ်လီဖုန်းဖြင့် (၁၂) ခါ မည်သို့ ဆက်သွယ်ကြောင်း Ben-Ishai နှင့် Schwartz တို့က (၂၀၁၄) ခုနှစ်တွင် သရုပ်ဖော်ခဲ့သည်။ သုတေသနအဖွဲ့သည် ၎င်းတို့ ကိုယ်တိုင်က ဖောက်သည်လောင်းအဖြစ် ဟန်ဆောင်ပြီးနောက် ဖုန်းဆက်သွယ်မှုများအား မှတ်တမ်းယူခဲ့သည်။ ၎င်းတို့၏ တွေ့ရှိချက်များအား ပုံနှိပ်ဖော်ပြသောအခါ သုတေသီများသည် အေဂျင်စီများ၏ အမှတ်သညာအား ထုတ်မပြောခဲ့ချေ။ သုတေသနအဖွဲ့သည် စာဖတ်သူ များအား ပရိယာယ်ဆင်ခဲ့ခြင်းအတွက် အကြောင်းပြချက် အသေးစိတ် မပေးခဲ့ခြင်းအား ကနေဒါ ၃ ဦးတွဲ အတိုင်ပင်ခံကောင်စီမူဝါဒ ကြေညာချက် (Canadian Tri-Council Policy Statement) က ခွင့်ပြုခဲ့သည်။ 'သုတေသနတွင် ပါဝင်သူအား ကြိုတင်အသိပေး သဘောတူညီချက် ရယူခြင်း လိုအပ်ပါက..... သုတေသန ဆောင်ရွက်ရန်' မဖြစ်နိုင်ကြောင်း အခြေခံပေါ် မူတည်၍ ဆုံးဖြတ်ခြင်း ဖြစ်သည်။[၂၆] သုတေသနသည် ပါဝင်သူများအတွက် အန္တရာယ်အနည်းဆုံး ဖြစ်စေပြီး သဘောတူညီချက်မရယူခြင်းဖြင့် ပါဝင်သူများ၏ အကျိုးစီးပွားအပေါ် ထိခိုက် နိုင်ချေလည်း မရှိပေ။

အဖွဲ့အစည်းက ချမှတ်ထားသည့် စံသတ်မှတ်ချက် သဘောတူညီချက်ရယူသည့် လုပ်ငန်းစဉ်များက အလွန်အမင်း နည်းလမ်းတကျ အချက်အလက်တောင်းခံသည့် စာရွက်များ သို့မဟုတ် လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်ပုံစံများအား ပြဋ္ဌာန်းထားသောအခါ ကျင့်ဝတ်စိစစ်သည့် လုပ်ငန်းစဉ်သည် သုတေသီများအတွက် အခက်အခဲ တွေ့စေပါသည်။ ဤပြဋ္ဌာန်းချက်သည် သုတေသနတွင် ပါဝင်သူများ၏ လုံခြုံရေးနှင့် လုပ်ပိုင်ခွင့်ကိုသာမက

သုတေသနအရည်အသွေးနှင့် သဘောတူညီချက်တောင်းခံသည့် လုပ်ငန်းစဉ်ကိုယ်တိုင်၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေသည်။

သုတေသနအား ပြည်သူများအကြား ဆောင်ရွက်ခြင်း ဖြစ်ပါက သဘောတူညီချက် ရယူရန်မလိုဘဲ ဆောင်ရွက်နိုင်ကြောင်း လူမှုရေးသိပ္ပံပညာရှင်အချို့က ကိုင်စွဲထားကြသည်။ တိုက်ရိုက်စူးစမ်းလေ့လာခြင်းအတွက်မူ ၎င်းခုခံပြောဆိုချက်အား ကန့်သတ်ထားသည်။ သို့သော် အမြဲတမ်း မဟုတ်ချေ။ ဥပမာအားဖြင့် Myrick သည် လုပ်အားပေးဥပဒေကျောင်းသား တစ်ယောက်အနေဖြင့် အလုပ်လုပ်ပြီး အချက်အလက်စုဆောင်းနေစဉ် ကြိုတင် အသိပေး သဘောတူညီချက် မရယူခဲ့ပေ။[၂၇] အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်းရှိ ဥပဒေ အထောက်အကူပြုအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည့် သူမ၏ အလုပ်တွင် ပြစ်မှုဆိုင်ရာ မှတ်တမ်းများ ဖျောက်ဖျက်လိုသည့် အမှုသည်များအား ဥပဒေရေးရာ အထောက် အကူပေးခြင်း ပါဝင်သည်။ ကြိုတင် အသိပေးသဘောတူညီချက်ရယူခြင်းအား မှတ်တမ်းထားရှိခြင်းသည် အမှုသည်များ၏ အမည်လျှို့ဝှက်ခြင်းအား ထိခိုက်ပြီး အမှုသည်၏ တုံ့ပြန်မှုနှင့် အဖြစ်အပျက် တို့အား ပုဂ္ဂိုလ်ရေး ဘက်လိုက်မှု ဖြစ်စေကြောင်း Myrick က ခုခံချေပသည်။ သုတေသန ဆောင်ရွက်သည့် နေရာ၏ အထိန်းအကွပ်မရှိ ဗရမ်းဗတာဖြစ်တတ်သည့် သဘော သဘာဝကြောင့် ကျွန်ုပ်စကားပြောသည့် လူတိုင်းအား သုတေသနအကြောင်း ရှင်းပြနိုင်ရန် မဖြစ်နိုင်ကြောင်း’[၂၈] သူမက ဆက်လက်ပြောကြားသည်။ လူအများသွားလာလျက်ရှိသည့် စင်္ကြံရှိ စားပွဲတွင်ထိုင်ကာ စကားစမြည် ပြောဆိုသောအခါ အမှုသည်များက တသီးတသန့် အခြေအနေအား မျှော်လင့်၍ မရနိုင်ပေ။

## ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက်များအား စောင့်စည်းထိန်းသိမ်းခြင်း

လူအများက ၎င်းတို့အား စုံစမ်းစစ်ဆေးရန်အတွက် သုတေသီများအား ခွင့်ပြုပါက သဘောတူညီချက်နှင့်ပတ်သက်သည့် အချက်များအား ဆွေးနွေးညှိနှိုင်းလေ့ရှိသည်။ ဥပမာ အားဖြင့် သုတေသနတွင် ပါဝင်သူများသည် ၎င်းတို့အကြောင်း အချက်အလက်များအား သုတေသီများကသာ သီးသန့်နည်းလမ်းများဖြင့် အသုံးပြုမည်ဟူသည့် အခြေခံအပေါ် မူတည်၍ သဘောတူ ခွင့်ပြုကြသည်။ အချက်အလက်များသည် ကိုယ်ရေးကိုယ်တာဖြစ်ပြီး တိုက်ရိုက် အကျိုး များစွာ မရှိသော်ငြား သုတေသီအတွက် ယုံကြည်မှုအား အလောင်းအထပ်ပြုလုပ်ကာ မိမိသဘောဆန္ဒအလျောက် အချက်အလက် ပေးခြင်းဖြစ်သည်။ စာနာစိတ်မရှိသည့် အချက် အလက် စုဆောင်းခြင်းကြောင့် လူမှုရေးသိပ္ပံသုတေသနတွင် ပါဝင်သူများသည် နာကျင်ခံစား ရသည်။ သို့သော် အချက်အလက်များကောက်ယူ*ပြီးပါက* ဖြစ်ပေါ်လာသည့် အရာများကြောင့် ပိုမိုသိသာသည့် အန္တရာယ်ကို ကြုံတွေ့ရလေ့ရှိသည်။

သုတေသနလုပ်ငန်းအချို့တွင် ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက်များ စောင့်စည်းခြင်းအတွက် ဆွေးနွေးညှိနှိုင်းရာတွင် အတော်အတန် ရိုးစင်းလွယ်ကူသည်။ သုတေသီအချို့က အတော်ပင်

ကြိုတင်ခန့်မှန်းနိုင်သည့် အကြောင်းအရာများဖြင့် ဆောင်ရွက်ကြသည်။ စစ်တမ်းမေးခွန်းလွှာ၏ အပေါ်စာတွင် စံသတ်မှတ်ထားသည့် အာမခံချက်အား ထည့်သွင်းထားခြင်းဖြင့် ဆောင်ရွက် သည်။ သို့ရာတွင် အချို့အလုပ်များအား သမရိုးကျမဟုတ်သည့် ကြိုတင်မခန့်မှန်း နိုင်သည့် ဝန်းကျင် အခြေအနေများတွင် အကောင်အထည်ဖော်သည်။ သဘောတူညီချက်သည် တစ်ဦးချင်းစီနှင့် အဖွဲ့လိုက် ဆွေးနွေးညှိနှိုင်းရန် လိုအပ်သည့် အခြေအနေသာမက ရှည်လျားသည့် လက်တွေ့ လုပ်ငန်းခွင်အတွင်း ပြည်လည်ဆွေးနွေးညှိနှိုင်းရသည့် အခြေအနေများကဲ့သို့ ခန့်မှန်းရခက်သည့် ဝန်းကျင်များတွင် ဖော်ဆောင်သည်။ အချို့ကိစ္စရပ်များတွင် သုတေသီများသည် အချက်အလက် များအား ဖွင့်ချရန်အတွက် အစိုးရအရာရှိများ သို့မဟုတ် တရားရုံးများမှ ဖိအားအတော်များများကို ကြုံတွေ့နိုင်သည်။ ထိုအခါ ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက်များ စောင့်စည်းခြင်းအာမခံချက်အား ချိုးဖောက်မှု ဖြစ်စေသည်။ ဥပမာအားဖြင့် လူမှုအသိုက်အဝန်း တစ်ခုက ဒေသတွင်းစစ်ဆေး နေသည့် မျိုးတုန်းသတ်ဖြတ်မှု တရားခွင်များအား မည်သို့ ရှုမြင်ကြောင်း အချက်အလက်အတွက် ရဝမ်ဒါအစိုးရအဖွဲ့ ဝန်ကြီးတစ်ဦး၏ တောင်းဆိုချက်အား Paluck က မလိုက်လျောဘဲ ရှောင်လွှဲရသည်။[၂၉] ကနေဒါ နယ်စပ်ရေးရာအေဂျင်စီ (Canadian Border Services Agency) မှ အချက်အလက်များ တောင်းဆိုသည့်အခါနှင့် 'တရားဝင်နေထိုင်ခွင့်မရရှိသေးသည့် ရွှေ့ပြောင်း အခြေချ နေထိုင်သူများ၏ ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက် ထိန်းသိမ်းခြင်းနှင့် လုံခြုံရေးတို့ကို မကာကွယ်နိုင်ကြောင်း'[၃၀] Bernhard နှင့် Young တို့က သုံးသပ်ခဲ့သည်။ ထို့ကြောင့် ပါဝင်သူများ၏ အမည် သို့မဟုတ် လိပ်စာ အသေးစိတ်များအား စုဆောင်း ထိန်းသိမ်းခြင်းမပြုရန် ရွေးချယ်ခဲ့သည်။ အကျိုးဆက်အားဖြင့် ပါဝင်သူတစ်ဦးတည်းအား အင်တာဗျူးမေးမြန်းခြင်း အကြိမ်ကြိမ် မပြုလုပ်နိုင်ခဲ့ပါ။

အကယ်၍ ပါဝင်သူအနေဖြင့် ကာကွယ်ရမည့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များ ရှိပါက နောက်ဆက်တွဲ အရာများ လိုအပ်လာပေမည်။ ထို့ကဲ့သို့ အကာအကွယ်ပေးခြင်းများအား မည်သည့် သဘောတူညီချက်တွင်မဆို အသေအချာ သတ်မှတ် ပြဋ္ဌာန်းထားရန် အတွက် အရင်းအမြစ်များနှင့် ကျွမ်းကျင်မှု လိုအပ်သည်။ သို့ရာတွင် ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက်များကို စောင့်စည်းခြင်းအား လိုက်နာခြင်းသည် အလွန်အမင်းဆိုးရွားသည့် မတရားမှု သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းတို့အား ဖော်ထုတ်မှု ကဲ့သို့သော အချို့သော အခြေအနေများတွင် အကြွင်းမဲ့ ဖြစ်သည်ဟု ထည့်သွင်း စဉ်းစားရန် မလိုပေ။ ထိုကဲ့သို့သော အခြေအနေများတွင် ဥပဒေပညာရှင်များသည် တိတိကျကျ ဖော်ပြထားသည့် သို့မဟုတ် သွယ်ဝိုက် ညွှန်းဆိုထားသည့် ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက် စောင့်စည်းခြင်း အာမခံချက်မှ ရရှိလာသည့် သီးသန့် လူတစ်ဦး သို့မဟုတ် သီးသန့်အဖွဲ့အလိုက် အချက်အလက်များအား ဖွင့်ဟခြင်းအတွက် ချင့်ချိန် စဉ်းစားသင့်သည်။[၃၁]

ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက် စောင့်စည်းခြင်း အာမခံချက်အား ရရှိရန် သုတေသနတွင် ပါဝင်သူတိုင်းက လိုလားကြသည် မဟုတ်သော်ငြား အများစုကမူ လိုလားကြသည်။ အချက်

အလက်များအား စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် သိမ်းဆည်းခြင်းတို့အတွက် နည်းစနစ်ပိုင်းဆိုင်ရာ ကြိုတင်သတိထားရမည့်အချက်များအား လူမှုရေးသုတေသီများက ရေးဆွဲခဲ့ပြီးဖြစ်သည်။ ထို့နည်းတူ ၎င်းတို့၏ အချက်အလက်များရှိ ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက် စောင့်စည်းခြင်းအပေါ် စိန်ခေါ်မှုများအတွက်လည်း တုံ့ပြန်နိုင်မည့် နည်းဗျူဟာများကိုလည်း ရေးဆွဲထားကြသည်။ အမည်များနှင့် အချက်အလက်များအား လုံးဝရေးမှတ်မှု မပြုခြင်း ပါဝင်သည်။ သို့တည်းမဟုတ် ဖြစ်နိုင်သမျှ အစောဆုံးအဆင့်ကတည်းက အမည်များအား ဖယ်ရှားခြင်းနှင့် လျှို့ဝှက်ထားသည့် အချက်အလက်များရရှိသည့် အသေးစိတ် အရင်းအမြစ်များ သတ်မှတ်ထားခြင်းအား ဖယ်ရှားခြင်းတို့လည်း ပါဝင်သည်။ ၎င်းတို့တွင် သဘောတူညီချက် များနှင့် အချက်အလက်များအား ဓါတ်ပုံမှတ်တမ်းယူကာ ဒီဂျစ်တယ်မိတ္တူအဖြစ် အချက်အလက်ထည့်သွင်းခြင်း၊ သုတေသနဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းအမည်အား ဖုံးကွယ်ထားခြင်း၊ အချက်အလက်များအား ကွယ်ဝှက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ စီရင်ပိုင်ခွင့် အပြင်ဘက်သို့ ဖိုင်တွဲများ ပေးပို့ခြင်း၊ စာဖြင့်သော်လည်းကောင်း တယ်လီဖုန်းစနစ်ဖြင့်သော်လည်းကောင်း အသုံးပြု၍ အချက်အလက် ပေးပို့ခြင်းကို ရှောင်ကြဉ်ခြင်းတို့ပါဝင်သည်။ သို့မှသာ အချက်အလက်များအား ရဲများ သို့မဟုတ် စုံထောက်အဖွဲ့များက ဖမ်းဆီးခြင်းနှင့် ကြားဖြတ်ဖမ်းယူခြင်း မပြုနိုင်မည် ဖြစ်သည်။ ကွန်ပြူတာကလောက်စနစ်သုံး အဝေးထိန်း စနစ်ဖြင့် အချက်အလက်များ သိမ်းဆည်းခြင်းကဲ့သို့ သုတေသီများ အသုံးပြုသည့် မည်သည့် အသုံးပြုမှုမဆို အချက်အလက် လုံခြုံရေးအတွက် အတော်ပင် ထိရောက်မှုရှိသည်။ ၎င်းထိရောက်မှုက သိမ်းဆည်းထားသည့် ဝန်ဆောင်မှုပေးသူ၏ သတ်မှတ်ချက်များနှင့် အချက်အလက် စီရင်ပိုင်ခွင့်နယ်မြေများအပေါ် မူတည်သည်။ အမှန်အားဖြင့် ဒစ်ဂျစ်တယ်စနစ်သုံး အချက်အလက်များသည် အစိုးရ၏ ကြားဖြတ်ဖမ်းယူခြင်းကို များစွာ ခံလာရခြင်းကြောင့် သုတေသီများအနေဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် သုတေသနတွင် ပါဝင်သူများက အသုံးပြုနေသည့် အစိုးရထိန်းချုပ်ထားသော အင်တာနက်ဆက်သွယ်မှုပမာဏ အကြောင်း သတိပြုမိရန် လိုအပ်သည်။

ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက်စောင့်စည်းခြင်းအား အပြည့်အဝ အာမခံ မပေးနိုင်ကြောင်း သိမြင်ခြင်းဖြင့် သုတေသနကျင့်ဝတ်ထိန်းသိမ်းရေး ကော်မတီအချို့နှင့် စည်းမျဉ်းအချို့က သုတေသီများအနေဖြင့် ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက်အား အကန့်အသတ်ဖြင့် စောင့်ထိန်းရန် လိုအပ်ကြောင်း ခွင့်ပြုပေးကြသည်။ ဥပမာအားဖြင့် 'ကလေးသူငယ်များ၊ မိသားစုများနှင့် ထိခိုက်လွယ်အုပ်စုများ' အား သုတေသနပြုသောအခါ ဗြိတိန်သုတေသီများသည် ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက် စောင့်စည်းခြင်း အကန့်အသတ်များအား ရှင်းရှင်းလင်းလင်း ဖော်ပြရန် လိုကြောင်း စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) ၏ သုတေသနကျင့်ဝတ်ဆိုင်ရာမူဘောင်က သတ်မှတ်သည်။ ဤအလေ့အကျင့်က သုတေသီနှင့် ပါဝင်သူများအကြား ယုံကြည်မှု တည်ဆောက်ရေးအား ဖျက်ဆီးကြောင်း ဝေဖန်ကြသည်။ မည်သို့ပင် ဖြစ်စေကာမူ ကလေးသူငယ်များအား ကာကွယ်ရန်လည်းကောင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူများအား ထိန်းသိမ်း

ပြုပြင်ရေးအဖွဲ့များ၏ လုံခြုံရေးအား ကာကွယ်ရန်လည်းကောင်း ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက် စောင့်စည်းခြင်းအား ချိုးဖောက်နိုင်ကြောင်း သုတေသီအများအပြားက ညွှန်ပြကြသည်။

## နစ်နာမှုမရှိဘဲ အကျိုးဖြစ်ထွန်းစေလျက် တရားမျှတမှု ရှာဖွေခြင်း

သုတေသနစီမံကိန်းများရှိ ပါဝင်သူများအတွက် ထိခိုက်စေမှု သို့မဟုတ် ကသိကအောက် ဖြစ်စေမှုတို့အား အနည်းဆုံးဖြစ်အောင် ခေတ်ပြိုင်သုတေသီများက ပုံမှန်အားဖြင့် မျှော်လင့် ဆောင်ရွက်ကြသည် (ဘေးမဖြစ်စေရေး အခြေခံမူ ဖြစ်သည်)။ ထိခိုက်မှုအား အများအားဖြင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုအဖြစ် တွေးထင်ကြသော်ငြား စိတ်ပိုင်းဆိုင်ရာ၊ လူမှုဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ပျက်စီးမှုများလည်း ပါဝင်ပါသည်။ ပုံမှန်အားဖြင့် အခြားသူများအပေါ် ထိခိုက်နိုင်ချေ ဖြစ်ပေါ်မှုအား သုတေသီများက ရှောင်ရှားရန် ကြိုးစားလေ့ ရှိကြသည်။ သုတေသနအများစုတွင် အန္တရာယ်အချို့ ပါဝင်သည် မှန်သော်ငြား အနည်းဆုံး အန္တရာယ် ဖြစ်နိုင်ခြေအဆင့်ထက် ပမာဏကြီးမား ကျော်လွန်သည့်အဆင့်များအား နေ့စဉ်ဘဝတွင် မတော်တဆသာ ကြုံတွေ့လိုကြသည်။ သုတေသီများက ရှောင်ရှားရမည့် အန္တရာယ်အတိုင်း အဆသည် အန္တရာယ်၏ (ပျံ့နှံ့မှု) အတိုင်းအတာအပေါ် မူတည်လိမ့်မည် ဖြစ်ပြီး ၎င်းပျံ့နှံ့မှုမှ ထွက်ပေါ်လာသည့် အကျိုးဆက်များ၏ အတိုင်းအဆ (ပြင်းအား) အပေါ်လည်း မူတည်ပါသည်။ သုတေသီများက အန္တရာယ်လျှော့ပါးရေး ဗျူဟာများ ချမှတ်ရေးဆွဲရမည်ဖြစ်ပြီး ပါဝင်သူ များအား စောင့်ကြည့်အကဲဖြတ်ခြင်း အရေးပေါ်အခြေအနေတွင် အထောက်အပံ့ပေးနိုင်သည့် ပညာရှင်များ၏ ဘေးကင်းလုံခြုံရေးအစီအမံအား ထိန်းသိမ်းထားခြင်းတို့ ပါဝင်သည်။ ပြန်လည် ချိန်ညှိလို့ ရသည့်အခါတွင် ထိခိုက်လွယ်သည့် တစ်ဦးချင်းစီ သို့မဟုတ် အုပ်စုများအား မထည့်သွင်းခြင်း၊ အန္တရာယ်နည်းသည့် အခြားနည်းလမ်းများ ရှိမရှိ စဉ်းစားခြင်း၊ သုတေသနတွင် ပါဝင်သူများအား ထိခိုက်နစ်နာစေမှုကို ဖြစ်စေနိုင်သည့် သုတေသနရလဒ်များအား တစ်လွဲတစ်ချော်တင်ပြရခြင်းအား ကြိုတင်မျှော်မှန်းထား၍ တန်ပြန် ပြင်ဆင်ရခြင်းတို့လည်း ပါဝင်သည်။ ပါဝင်သူများအား ထိခိုက်နိုင်ချေရှိမှုအား တုံ့ပြန်ဆောင်ရွက်နိုင်သည့် နည်းလမ်း တစ်ခုမှာ သုတေသန၏ အခရာဖြစ်သည့် ထိုအသိုက်အဝန်းရှိ သုတေသနအဖွဲ့ဝင်များ၏ စီမံဆောင်ရွက်ချက်များတွင် ထည့်သွင်းပေါင်းစပ်ခြင်းပင် ဖြစ်သည်။

အခြေအနေအချို့တွင် ပါဝင်သူများ၏ ကောင်းကျိုးကို မြှင့်တင်ပေးရန် သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အကျိုးစီးပွား မြင့်မားစေရန်အတွက် သုတေသီများက မျှော်မှန်းနိုင်သည် (ကောင်းကျိုးအဖြာဖြာ တိုးပွားစေသည့် အခြေခံ မူ ဖြစ်သည်)။ ဥပမာအားဖြင့် အိမ်တွင်းအကြမ်းဖက်မှုအား လေ့လာသည့် သုတေသနတွင် ထိခိုက်နစ်နာသူများအတွက် သမားရိုးကျသာမက သမားရိုးကျမဟုတ်သည့် ဝန်ဆောင်မှုများအား သတင်းအချက်အလက် ပေးခြင်းဖြင့် လက်လှမ်းမီရရှိစေပြီး စိတ်ပိုင်းဆိုင်ရာသာမက လက်တွေ့ကျကျ အထောက်အပံ့ ကိုလည်း ဆောင်ကြဉ်းပေးနိုင်သည်။ မတော်မတရားပြုလုပ်ခံရသူကိုယ်စား လေ့လာသည့်

အသိုက်အဝန်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများကို တုံ့ပြန်ချက်ပေးနိုင်သည့်အပြင် ပံ့ပိုးပေးခြင်း သို့မဟုတ် အကြံဉာဏ်အထောက်အပံ့ပေးခြင်းတို့ ဆောင်ရွက်နိုင်သည်။

လူမှုရေးသိပ္ပံပညာရှင်အများစုသည် ၎င်းတို့၏ အခန်းကဏ္ဍဖြစ်သည့် အချက်အလက်စုဆောင်းသူအနေဖြင့် ပြဿနာကြုံတွေ့ရလျက်ရှိသည်။ ၎င်းတို့သုတေသနပြုသည့် အကြောင်းအရာများအား အပြောင်းအလဲပြုလုပ်သည့် စိတ်ထင်ယောင်ထင်မှားဖြစ်ခြင်းထက် အနည်းငယ်ပိုပြီး ဆောင်ရွက်ခြင်းကြောင့် ဖြစ်သည်။ ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှုအပေါ် စူးစမ်းလေ့လာ သည့် သုတေသနအား ပြုလုပ်သည့် သုတေသီများသည် တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ ကောင်းကျိုးအတွက် တန်ဖိုးရှိစေပြီး လူမှုရေးရာ ပြုပြင်ပြောင်းလဲရေး မြှင့်တင်နိုင်စေသည့် အသိဉာဏ်ရရှိစေရန် ရည်ရွယ်ထားသည်။ ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှုအပေါ် စူးစမ်းလေ့လာသည့် သုတေသနဆိုင်ရာမူဘောင်အပေါ် တည်ဆောက်ခြင်းဖြင့် အပြန်အလှန်သုတေသနပြုခြင်း၏ ဖြစ်နိုင်ခြေများအား Hugman နှင့် လုပ်ဖော်ကိုင်ဖက်များက ဖော်ပြထားသည်။ ထိုဖြစ်နိုင်ခြေများတွင် 'သုတေသနတွင် ပါဝင်သူများသည် အဆင့်တိုင်းတွင် တက်တက်ကြွကြွ ပါဝင်ကြပြီး မည်သည့်အရာအား "အကျိုးအမြတ်" အဖြစ် မှတ်ယူရန် သတ်မှတ်သည့် သူများ' နှင့် အပြန်အလှန်သုတေသနပြုခြင်း ဖြစ်ကြသည်။[၃၂] Nancy Scheper-Hughes က ပိုမိုတက်ကြွလှုပ်ရှားသူများအား ကာလအတန်ကြာ ပညာပေးခဲ့သည်။ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများအား အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအကြောင်း သုတေသနပြုလုပ် လေ့လာနေသည့် သူမအား ပြစ်မှုမြောက်စေသည့်အပြုအမူအား လေ့လာခြင်းကို ရှောင်ရှားရန် ဆုံးဖြတ်စေ ခဲ့သည်။ အဆိုပါ ပြစ်မှုကျူးလွန်မသည့် အပြုအမူများတွင် ထိခိုက်လွယ်အုပ်စုများအပေါ် ကျူးလွန်သည့် နိုင်ငံတကာ ပြစ်မှုများ ပါဝင်ခြင်းကြောင့် ဖြစ်သည်။[၃၃] ထို့အစား ဤနယ်ပယ်ရှိ လူ့အခွင့်အရေးအလွဲသုံးစားပြုမှုများအကြောင်း သုတေသနပြုရန်အတွက် တက္ကသိုလ်အခြေပြု မှတ်တမ်းမှတ်ရာ စုဆောင်းသည့် စင်တာတစ်ခုကိုတည်ထောင်ခဲ့ပြီး ဒေသခံ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအား အလွဲသုံးစားပြုမှုများအကြောင်း သတိပေးခဲ့သည်။ ထို့နောက် ကိုယ်လက်အင်္ဂါအစားထိုးကုသပေးသည့် လုပ်ငန်းရှိ စိန်ခေါ်မှုနှင့် ပြုပြင် ပြောင်းလဲမှု အတွက် ရှာဖွေပေးနိုင်ခဲ့သည်။

သို့ရာတွင် အဆိုပါ အစီအစဉ်များအား တုံ့ပြန်ဆောင်ရွက်ရာတွင် ဥပဒေသုတေသီများ အတွက် အခက်တွေ့စေပါသည်။ ဩစတေးလျလူမျိုး ဥပဒေပညာရှင် ဖြစ်သူ Lauren Butterly သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ပင်လယ်ရေကြောင်းစီမံအုပ်ချုပ်မှုဒေသရှိ ဥပဒေပြုပြင်ပြောင်းလဲရေးအတွက် အလားအလာကို ရှာဖွေလေ့လာရန်အတွက် လက်တွေ့မျက်မြင် အခြေပြု ဥပဒေသုတေသနနည်းစနစ်များအား အသုံးပြုခဲ့သည်။ အလားအလာရှိသည့် သုတေသနမိတ်ဖက် အဖြစ် သူမက သတ်မှတ်ထားသည့် အဖွဲ့အစည်းတစ်ခုက သူမအား ဒေသတစ်ခုခုရှိ ပင်လယ်သမုဒ္ဒရာနှင့် သက်ဆိုင်သည့် ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ဥပဒေအကြောင်း အတိုချုပ်ရေးသားပေးရန် ဖြစ်နိုင်ခြေ ရှိ မရှိ သူမအား မေးမြန်းခဲ့သည်။ အဖွဲ့အစည်းအနေဖြင့်

ကြည့်သော် ဤတောင်းဆိုချက်သည် ရိုးစင်းပြီး သင့်လျော်သည့် တောင်းဆိုမှုပင် ဖြစ်သည်။ သို့ရာတွင် Butterly အနေဖြင့်ကြည့်သော် တစ်ဖက်တွင် ဌာနေ တိုင်းရင်းသားစီမံအုပ်ချုပ်မှုကို အထောက်အပံ့ပေးရန်အတွက် သူမပေးထားသည့် ကတိကဝတ် နှင့် အခြားတစ်ဖက်တွင်မူ (လက်တွေ့အသုံးချနိုင်သည့် လက်မှတ် မရှိခြင်းကြောင့်) ဥပဒေအကြံ မပေးနိုင်သည့် သူမ၏ မစွမ်းဆောင်နိုင်မှုတို့အကြား ချောင်ပိတ်မိနေကြောင်း တွေ့ရှိရသည်။ သုတေသီတစ်ဦးဖြစ်သည့် သူမ၏ အဆင့်အတန်းအား အလျော့အတင်းပြုလုပ်ရန် တွန့်ဆုတ်နေ ခဲ့သည်။[၃၄]

ထင်ရှားသည့် အကျိုးရလဒ်ထွက်ပေါ်သည့် သုတေသနသည်ပင် အကုန်အကျများနိုင်သည်။ သုတေသီ၏ လစာနှင့် အချိန်ကဲ့သို့ အရင်းအမြစ်များအား အသုံးပြုရလေ့ရှိပြီး ပါဝင်သူများ၏ အချိန်ကိုလည်း အသုံးပြုရခြင်းကြောင့် ဖြစ်သည်။ အဆိုးဘက်ရောက်သည့် အကျိုးဆက်များ ဖြစ်ပေါ်နိုင်ပြီး ထိခိုက်မှုမျိုးစုံကိုလည်း ဖြစ်ပေါ်စေပါသည်။ ယေဘုယျအားဖြင့် ဘေးမဖြစ်စေရန် လိုက်နာဆောင်ရွက်ခြင်းသည် ကောင်းကျိုးပြုလုပ်ရန် လိုက်နာဆောင်ရွက်ခြင်းထက် ပို၍ အရေးကြီးသည်။ သို့ရာတွင် ဤကဲ့သို့ မဖြစ်လာသည့် အခြေအနေများလည်း ရှိနိုင်သည်။ ထိခိုက်မှုအနည်းအကျဉ်းဖြစ်စေရုံမျှဖြင့် ကောင်းကျိုးရလဒ် များစွာ ထွက်ပေါ်စေနိုင်သည့် အဖြစ်အပျက်များကဲ့သို့ အခြေအနေများပင် ဖြစ်သည်။[၃၅]

ဆေးပညာသုတေသနပြုရာတွင် လိုအပ်ချက်များ ကိုက်ညီစေရေးအတွက် ရေးဆွဲထားသည့် အခြေခံမှုများအပေါ် မူတည်၍ ကောင်းကျိုးအဖြာဖြာ ဖြစ်ပေါ်စေပြီး မကောင်းမှုပြုခြင်းမှ ရှောင်ကြဉ်မည့် တာဝန်ဝတ္တရားများအား အလွန်အကျူး ခြုံငုံကောက်ချက်ချရန် အားထုတ်မှုပင် ဖြစ်ပေလိမ့်မည်။ အမှန်အားဖြင့် မြောက်များစွာသော ကျင့်ဝတ်ဆိုင်ရာကျင့်ထုံးများကလည်း ထိုသို့အားထုတ်ထားခြင်းပင်ဖြစ်သည်။ သို့သော်လည်း လူမှုရေးသိပ္ပံတွင် ဆောင်ရွက်သည့် သုတေသနသည် သုတေသနပြုမည့် အကြောင်းအရာအား ထိခိုက်နစ်နာစေသည့် အလုပ်များကို ရည်ရွယ်ချက်ရှိရှိ တရားဝင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် 'စီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ အရင်းခံ ဆိုးကျိုးများ သာမက အမြတ်ထုတ်မှုများ' ဖြစ်ပေါ်စေသည့် ၎င်းတို့၏ အခန်းကဏ္ဍအား ဖော်ထုတ်ဝေဖန်ခြင်းဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်။[၃၆] သုတေသနကျင့်ဝတ်အတွက် လိုက်နာရမည့် မူဘောင် (FRE) က ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိခိုက်မှုများအား လျှော့ချရန် မျှော်လင့်ထားသော်ငြား လာဘ်ပေးလာဘ်ယူမှု၊ အကြမ်းဖက်မှု သို့မဟုတ် ညစ်ညမ်းစေမှုတို့အား ဖော်ထုတ်သူ သုတေသီများအနေဖြင့် ထိခိုက်ပျက်စီးမှုအတွက် တာဝန်ရှိသည့် ကော်ပိုရိတ်နှင့် သီးခြားအဖွဲ့အစည်းများအတွက် အန္တရာယ်ကို လျှော့ချရန်အတွက် လုပ်ဆောင်စရာ မလိုအပ်ပေ။ ကနေဒါ ၃ ဦးတွဲ အတိုင်ပင်ခံကောင်စီမူဝါဒ ကြေညာချက် (Canadian Tri-Council Policy Statement) က အသိအမှတ်ပြုထားသကဲ့သို့ အဆိုပါသုတေသနအား 'ထိခိုက်မှုနှင့် အကျိုးရလဒ် ချွဲခြမ်းစိတ်ဖြာဆန်းစစ်ချက် အသုံးပြုခြင်းဖြင့် တားဆီးပိတ်ပင် မသင့်ပေ'။[၃၇]

သုတေသနကျင့်ဝတ်များအား စူးစမ်းလေ့လာခြင်းသည် ထိခိုက်မှုနှင့် အန္တရာယ်များ အပေါ်သာ အလေးထားနေစဉ် တရားမျှတမှုရှိ အစိတ်အပိုင်း (၂) ရပ်အပေါ် လက်တလော စိတ်ပါဝင်စားမှုက အလေးထားလျက်ရှိသည်။ ၎င်းတို့မှာ သုတေသနတွင် သာတူညီမျှ ပါဝင်ပူးပေါင်းခွင့် ရရှိရေးနှင့် သုတေသနတွေ့ရှိချက်များအား သာတူညီမျှ လက်လမ်းမှီ ရရှိရေးတို့ ဖြစ်သည်။ အကျိုးဆက်အားဖြင့် သုတေသနအား ဒီဇိုင်းရေးရာတွင်လည်းကောင်း၊ သုတေသန တွေ့ရှိချက်များအား ဖြန့်ဖြူးရာတွင်လည်းကောင်း အမျိုးစုံလင်ကွဲပြားမှုနှင့် အားလုံး ပါဝင်နိုင်ရေးမှုများအား လက်ကိုင်စွဲထားရန်အတွက် သုတေသနဆောင်ရွက်ရာတွင် ကျင့်ဝတ် ပိုင်းဆိုင်ရာ လက်တွေ့ အကောင်အထည်ဖော်မှု အခြေခံစည်းမျဉ်းများဆိုင်ရာ ကြေညာချက် (SLSA Statement) က သုတေသီများအား တိုက်တွန်းထားသည်။[၃၈] သုတေသန ကျင့်ဝတ်ဆိုင်ရာ စာပေများနှင့် ပတ်သက်သည့် အခက်အခဲ တစ်ခုမှာ သုတေသနစီမံကိန်း တစ်ခုချင်းစီနှင့် သက်ဆိုင်သည့် ပြဿနာအသေးစားများ ဖြစ်ကြသည်။ 'တကယ့် သုတေသန အစစ်အမှန်သည် လူမှုရေးရာ မမျှတမှု၏ ပြဿနာရပ်များအား သင့်လျော်စွာ သိရှိနားလည် စေနိုင်ခြင်း'[၃၉] ဖြစ်ကြောင်း Fontes က ထောက်ပြပြီး လူမှုရေးသိပ္ပံပညာရှင်များအား ထောက်ခံ ခဲ့သည်။ ဤဝေဖန်ချက်သည် ကိုလိုနီခေတ်လွန် အမျိုးသမီးအရေးဦးစားပေး ဝေဖန် ဆန်းစစ်သည့် အကြောင်းအရာများတွင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြထားသည်။[၄၀]

## သုတေသနပြုရာတွင် ကျင့်ဝတ်သိက္ခာရှိရှိ ဆောင်ရွက်ခြင်းနှင့် လက်သင့် မခံနိုင်သည့် အပြုအမူများ

သုတေသီများသည် လုပ်ဖော်ကိုင်ဖက်များနှင့် ရိုးရိုးသားသား ဂုဏ်သိက္ခာရှိရှိ လုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် ပညာရှင်ပီသသည့် တာဝန်ဝတ္တရား ရှိရမည် ဖြစ်သည်။ ဤအချက်သည် သုတေသီ၏ ကိုယ်ပိုင်အလုပ်နှင့် လုပ်ဖော်ကိုင်ဖက်များ၏ ပညာရပ်ပိုင်း စသည့် အကြောင်းအရာ နှစ်ရပ်အပေါ် လွှမ်းခြုံစေပါသည်။ သုတေသနအဆိုပြုခြင်း၊ အကောင် အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အစီရင်ခံခြင်းတို့တွင် ပညာရပ်ဆိုင်ရာရိုးသားမှုသာမက သုတေသန အဆိုပြုချက်များနှင့် အစီရင်ခံစာများအတွက် ကြိုးစားအားထုတ်ရာတွင် မှန်ကန် တိကျခြင်းတို့ ပါဝင်သည်။ ထို့အပြင် ပညာရှင်အချင်းချင်း စိစစ်သုံးသပ်ရာတွင် မျှတမှုရှိခြင်းနှင့် အရင်းအမြစ်များ မျှဝေခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း အပါအဝင် သိပ္ပံပညာရပ်ဆိုင်ရာ အပြန်အလှန်ဆောင်ရွက်မှု တို့တွင် တာဝန်ခွဲဝေပူးပေါင်းဆောင်ရွက်ခြင်းတို့လည်း ပါဝင်သည်။ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ကိစ္စရပ်များသည် လူများ ပါဝင်သည့် လက်တွေ့မျက်မြင်အခြေပြု သုတေသနထက် များစွာ ကျယ်ပြန့်သည့်အပြင် ဥပဒေကျောင်းတော်များက ဆောင်ရွက်သည့် သုတေသနအားလုံးအတွက် သင့်လျော်ပါသည်။

သုတေသနဆောင်ရွက်ရာတွင် လက်သင့်မခံနိုင်သည့် အပြုအမူအဖြစ် လုပ်ဇာတ် ခင်းခြင်း၊ လိမ်ဆယ်ခြင်းနှင့် ခိုးချကူးယူခြင်းဟူ၍ အမေရိကန်ပြည်ထောင်စု သိပ္ပံနှင့် နည်းပညာ

ဆိုင်ရာမူဝါဒရုံးက ၂၀၀၀ ပြည့်နှစ်တွင် သတ်မှတ်ခဲ့သည်။ *လုပ်ဇာတ်ခင်းခြင်း* (*Fabrication*) ဆိုသည်မှာ 'အချက်အလက်များ သို့မဟုတ် တွေ့ရှိချက်များကိုသာမက ၎င်းတို့အား မှတ်တမ်းယူရာတွင် သို့မဟုတ် အစီရင်ခံ တင်ပြရာတွင် ပြင်ဆင်ဖြည့်စွက်ခြင်း' ဖြစ်သည်။ *လိမ်ဆယ်ခြင်း* (*Falsification*) ဆိုသည်မှာ 'သုတေသန အကြောင်းအရာများ၊ တန်ဆာပလာများ သို့မဟုတ် လုပ်ငန်းစဉ်များအား မရိုးမသား ချယ်လှယ်ခြင်းသာမက အချက်အလက်များ သို့မဟုတ် တွေ့ရှိချက်များအား ပြောင်းလဲခြင်း သို့မဟုတ် ချန်လှပ်ခြင်းတို့ ပါဝင်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် သုတေသနမှတ်တမ်းပါအတိုင်း သုတေသနသည် မှန်မှန်ကန်ကန် တိတိကျကျ ကိုယ်စားမပြုကြောင်း' ဟူ၍ သတ်မှတ်ထားပါသည်။ *စာပေအသိဉာဏ် ခိုးချကူးယူခြင်း* (*Plagiarism*) ဆိုသည်မှာ 'အခြားသူ၏ အကြံဉာဏ်၊ လုပ်ငန်းစဉ်၊ တွေ့ရှိချက် သို့မဟုတ် စကားလုံးများအား သင့်လျော်သည့် ကိုးကားချက် ဖော်ပြခြင်းမပြုဘဲ ခွင့်ပြုချက်မဲ့ ယူသုံးခြင်း' ဖြစ်သည်။ အခြားအဖွဲ့အစည်းများကမူ ပို၍ အကျယ်ချဲ့ကြပြီး အခြား 'မေးခွန်း ထုတ်ဖွယ် သုတေသနအမူအကျင့်များ' ကိုလည်း ထည့်သွင်းထားသည်။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံ သုတေသနကောင်စီများက အသုံးပြုသည့် တရားဝင်လုပ်ပိုင်ခွင့်တွင် ဖော်ပြခြင်း မရှိသည့် ပုံနှိပ်ထုတ်ဝေမှုများအား မိတ္တူပွားခြင်း၊ အချက်အလက်၊ ကိုယ်ကျိုးစီးပွား၊ အရည်အချင်းနှင့် ပါဝင်ပတ်သက်မှုများအား အလွဲလွဲအမှားမှား တင်ပြခြင်း၊ အချက်အလက် များအား တလွဲ စီမံခြင်းနှင့် (ပညာရှင်အချင်းချင်း စိစစ် သုံးသပ်ရာတွင် မလျော်မကန် ဆောင်ရွက်ခြင်း အပါအဝင်) စောင့်ရှောက်ပေးရသည့်တာဝန်ပျက်ယွင်းခြင်းတို့ အကျုံးဝင် ပါသည်။[၄၁]

သုတေသီများသည် သုတေသနတွေ့ရှိချက်များအား ပုံနှိပ်ထုတ်ဝေရန် သို့မဟုတ် အနည်းဆုံး တွေ့ရှိချက်များအား ပုံနှိပ်ဖော်ပြခြင်းခံရသကဲ့သို့ မြင်ယောင်ခံရရန်အတွက် များပြားလှသည့် ဖိအားများစွာ ကြုံတွေ့ရသည်။ ၎င်းဖိအားသည် သုတေသနရန်ပုံငွေ သို့မဟုတ် အလုပ်ရရှိရန် ကြိုးစားရသကဲ့သို့ပင် ဖြစ်သည်။ အကျိုးဆက်တစ်ခုအနေဖြင့် ဆောင်းပါးရှင် အဖြစ် ယူဆရာတွင် ပြဿနာများ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မထင်မရှား ပါဝင်သူအား ဂုဏ်ပြုသည့်အနေဖြင့် ထည့်သွင်းထားခြင်းကြောင့် လည်းကောင်း၊ လုပ်အားများစွာ ထည့်ဝင်ထားသော်ငြား အတွေ့အကြုံနုငယ်သည့် ဝန်ထမ်းအား အမည် ထည့်သွင်းခြင်းမခံရဘဲ ချန်လှပ်ထားခြင်းကြောင့် လည်းကောင်း ပြဿနာများ ကြုံတွေ့ရခြင်း ဖြစ်သည်။ ဆေးပညာ ဂျာနယ်အယ်ဒီတာများဆိုင်ရာ နိုင်ငံတကာကော်မတီက ၂၀၁၃ ခုနှစ်တွင် ပညာရပ်စာပေ ရေးသားသူတစ်ဦးအဖြစ်ပြည့်မီရမည့် အခြေအနေ (၄) ရပ် လိုအပ်ကြောင်း သတ်မှတ်ခဲ့သည်။ ပထမအချက်အနေဖြင့် အယူအဆတည်ဆောက်ခြင်းနှင့် ဒီဇိုင်းရေးဆွဲ ခြင်းတွင်လည်းကောင်း၊ အချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ် ခြင်းနှင့် အနက်အဓိပ္ပာယ် ကောက်ယူခြင်းတို့တွင်လည်းကောင်း ထဲထဲ ဝင်ဝင် ပါဝင် ဆောင်ရွက်သူဖြစ်ရမည် ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် ဆောင်းပါးအား မူကြမ်းပြုစု ရေးသားရာတွင်လည်းကောင်း၊ အရေးပါသည့် ပညာရပ်ဆိုင်ရာ အကြောင်းအရာအတွက် ကျိုးကြောင်းဆီလျော်စွာ ပြင်ဆင်

ရေးသားရာတွင်လည်းကောင်း ထဲထဲဝင်ဝင် ပါဝင်ရေးသားသူ ဖြစ်ရမည်။ တတိယအချက်အနေဖြင့် ပုံနှိပ်ဖော်ပြမည့်ဆောင်းပါးမူကြမ်းကို အပြီးသတ်ခွင့်ပြု ရမည်ဖြစ်ရပြီး နောက်ဆုံးအချက်အနေဖြင့် အလုပ်အားလုံးအတွက် တာဝန်ယူကြောင်း သဘောတူညီထားသူ ဖြစ်ရမည် ဖြစ်ပါသည်။ အခြားသော ပြည်တွင်းလမ်းညွှန်ချက်များသည် တူညီသည့် စံနှုန်းသတ်မှတ်ချက်များ အသုံးပြုထားသော်ငြား ပညာရပ် စာပေရေးသားသူ အားလုံးသည် သတ်မှတ်ချက်အားလုံးနှင့် ကိုက်ညီရန် မလိုအပ်ချေ။

သုတေသနဆောင်ရွက်ရာတွင် လက်သင့်မခံနိုင်သည့် အပြုအမူအတိုင်းအဆပေါ် မူတည်၍ မှတ်ချက်ပေးသူများအား ခွဲခြားထားသည်။ ဗြိတိန်နိုင်ငံရှိ အင်္ဂလန်အတွက် အဆင့်မြင့်ပညာရေးရန်ပုံငွေကောင်စီ (Higher Education Funding Council for England -HEFCE) ၏ ဥက္ကဋ္ဌဖြစ်သူက သိသာထင်ရှားသည့် ဖြစ်ရပ်အချို့အား ညွှန်ပြ၍ သုတေသနရှိ လက်သင့်မခံနိုင်သော အပြုအမူများအား သက်သေပြပါသည်။ *ဗြိတိန်နိုင်ငံဆေးပညာဂျာနယ်* ၏ အယ်ဒီတာချုပ်နှင့် ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာကျင့်ဝတ်များကော်မတီ (Committee on Publication Ethics - COPE) ၏ ဥက္ကဋ္ဌဖြစ်သူတို့က တုံ့ပြန်သည့်အနေဖြင့် နမူနာသာဓက မရှိခြင်းကြောင့် 'ဗြိတိန်သုတေသီများသည် ပြိုင်ဘက်ကင်း ရိုးသားခြင်းထက် အကြီးအကျယ် ယှဉ်ပြိုင်မှုရှိသည့် သီးသန့် ပညာရပ်ဆိုင်ရာယဉ်ကျေးမှုနှင့် ပို၍ ထိတွေ့ဆောင်ရွက်ရမည်' ဖြစ်ကြောင်း အကြံပြုကြသည်။[၆၂] ဥပဒေပညာရပ်နယ်ပယ်တွင် မေးခွန်းထုတ်ဖွယ် သုတေသန အမူအကျင့်များအတွက် ဥပမာများအား အနည်းအကျဉ်းသာ မှတ်တမ်းတင်ထားကြသည်။ အင်တာနက် ဘလော့ဂ်တစ်ခုဖြစ်သည့် *အမှားပြင်ဆင်ချက် စောင့်ကြည့်အဖွဲ့* (*Retraction Watch*) က ပြုစုထားသည့် စာရင်းအရ ၂၀၁၀ ပြည့်နှစ်ကတည်းကစ၍ ဂျာနယ် ဆောင်းပါး များတွင် အမှားပြင်ဆင်ချက်ထည့်သွင်းခြင်းသည် (၄) ခုမျှသာ တွေ့ရှိရပါသည်။ အဆိုပါ အမှားပြင်ဆင်ချက်များသည် အယ်ဒီတာများက တွေ့ရှိသည့် အချက်များသာ ဖြစ်ကြပြီး ၎င်းတို့မှာ (၁) ဗြိတိန်တက္ကသိုလ်တစ်ခုဖြစ်သည့် Queen Mary University of London တွင် ဉာဏမူပိုင်ခွင့်နှင့် ပတ်သက်၍ လုပ်ကိုင်နေသည့် ရှေ့နေတစ်ဦးဖြစ်သူသည် တောက်လျှောက် ခိုးယူကူးချသူဖြစ်သည့် အတွက် သူမ၏ ပါရဂူဘွဲ့ ရုပ်သိမ်းခံရခြင်း၊ (၂) နော်ဝေလူ့အခွင့်အရေးစင်တာရှိ ရှေ့နေ တစ်ဦးသည် အခြားသုတေသီတစ်ဦး၏ လုံ့လဝီရိယ စိုက်ထုတ် ကြိုးစားမှုအား ဆောင်းပါးတွင် သင့်တင့်လျောက်ပတ်စွာ အသိအမှတ်ပြုရန် ပျက်ကွက်ခြင်း၊ (၃) *အရှေ့အာရှ နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဂျာနယ်* (*Journal of East Asia and International Law*) တွင် ပုံနှိပ်ဖော်ပြခံရသည့် ရှေ့နေတစ်ဦးသည် ၎င်း၏ စာတမ်းပါ ဇယားကားချပ် နှစ်ခု၏ အရင်းအမြစ်အား မှန်မှန်ကန်ကန် ကိုးကားရန် ပျက်ကွက်ခြင်း နှင့် (၄) မလယားတက္ကသိုလ်တွင် ပါရဂူဘွဲ့တက်ရောက်နေသည့် ကျောင်းသားတစ်ဦးသည် ရုရှားယာ ဥပဒေဂျာနယ်တွင် ပုံနှိပ်ထုတ်ဝေခံရသည့် စာတမ်းတစ်စောင်တွင် ကွယ်လွန်သွားပြီးဖြစ်သည့် ကြီးကြပ်သူတစ်ဦးအား ပူးတွဲရေးသားသူအဖြစ် ထည့်သွင်းရန် ပျက်ကွက်ခြင်းတို့ ဖြစ်ကြသည်။ *Vroniplag* ဟု

အမည်ရသည့် ဝက်ဆိုက်သည် အချက်အလက်အများအပြားအား ရယူစုဆောင်းကာ ခိုးယူကူးချမှုများအား စုံစမ်းဖော်ထုတ်ခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံ Münster တက္ကသိုလ်မှ ပညာရပ်စာပေရေးသားသူ (၃) ဦးတို့သည် ဥပဒေရေးသားချက်တွင် ၎င်းတို့စာအုပ်၏ အစိတ်အပိုင်း အများအပြားအား ခိုးကူးချထားကြောင်း တွေ့ရှိရသည်။ 'ခိုးကူးချမှုအကြောင်း ရေးသားထားသည့်အခန်းတောင်မှ ခိုးချထားသည်' ဟူသော Wikipedia ၏ မှတ်ချက်ဖြစ်အား ခုခံပြောဆိုရန်ခက်ခဲပါသည်။[၆၃]

သုတေသီများတွင် ပုဂ္ဂိုလ်ရေး၊ ငွေရေးကြေးရေး၊ နိုင်ငံရေးနှင့် ပညာရေး အကျိုး စီးပွားများပူးတွဲတည်ရှိနေပါက အကျိုးစီးပွားပဋိပက္ခဖြစ်မှုကို တွေ့ရနိုင်သည်။ တူညီသည့် တရားဝင်မှုသို့မဟုတ် အလေးသာသည့် တရားဝင်မှုရှိသည့် လူတစ်ဦး၏ အကျိုးစီးပွားအတွက် ရည်ရွယ်၍ အခြားသူတစ်ဦးထက် အလေးပေးလိုခြင်းကြောင့် သင့်လျော်သည့် လူအတွက်မှု လိမ်လည်လှည့်ဖြားကြောင်း ခံစားရစေသည်။ သုတေသီများသည် ပေါ့ပေါ့ဆဆဖြစ်ကာ ကျွမ်းကျင်မှုမရှိ၍ လှည့်ဖျားတတ်ကြောင်း ထင်မြင်စေနိုင်သည့် အန္တရာယ် ရှိနေသည်။ ထိုကဲ့သို့ အကျိုးစီးပွားပဋိပက္ခဖြစ်မှုများအား ဇီဝဆေးပညာစာပေတွင် အကောင်းဆုံး စူးစမ်းလေ့လာ နိုင်သည်။ စီးပွားရေးလုပ်ငန်းများမှ သုတေသနရန်ပုံငွေ၊ ညဏ်ပူဇော်ခ၊ မူပိုင်ခကဲ့သို့ ငွေကြေးအကျိုးအမြတ်ရရှိလျက်ရှိသည့် ပညာရှင်များ သို့မဟုတ် ကုမ္ပဏီများတွင် အစုရှယ်ယာ ထည့်ဝင်ထားသည့်ပညာရှင်များသည် ၎င်းတို့အား ထောက်ပံ့ပေးသည့် စီးပွားရေးလုပ်ငန်းများအား မျက်နှာသာပေးသည့် သုံးသပ်ချက်များအား ချမှတ်နိုင်ချေ ပိုများကြသည်။ အချို့အနေအထားများတွင် ပညာရှင်များသည် အရည်အသွေး မမှီသည့် သုတေသနအား ဆောင်ရွက်ကြပြီး အချင်းချင်း အပြန်အလှန်စိစစ်ရန်အတွက် အခွင့်အရေး အနည်းငယ်သာ ပေးကြသည်။

ဥပဒေသုတေသီများသည် ၎င်းတို့၏ သုတေသနနယ်ပယ်တွင် ငွေရေးကြေးရေးပါဝင်ပတ်သက်မှုနည်းပါးနိုင်သော်ငြား ၎င်းတို့သည် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အစိုးရဌာနများနှင့် ငွေကြေးဆိုင်ရာသာမက သဘောတူစာချုပ်ဆိုင်ရာ ရင်းနှီးပတ်သက်မှုများအားဆွေးနွေးညှိနှိုင်းခြင်း ရှိနေကြသေးသည်။ ထို့ကြောင့် အမှုသည်များက ပုံနှိပ်ထုတ်ဝေခြင်း အပေါ်ခြယ်လှယ်၍ ဗီတိုအာဏာကိုင်ထားသည့် စာချုပ်များ၊ အများပြည်သူသို့ သုတေသနအားချပြရာတွင် သို့မဟုတ် ပုံနှိပ်ထုတ်ဝေရာတွင် စီးပွားရေး လုပ်ငန်းများ၊ အစိုးရနှင့် ဆက်နွယ်မှုအားဖော်ပြသည့် စာချုပ်များ၊ စီးပွားရေးပြိုင်ဘက်များမှ သုတေသနရန်ပုံငွေရရှိရန် ကြိုးပမ်းသည့်စာချုပ်များအား ပညာရှင်များက ချုပ်ဆိုသင့်ပါသလား? သုတေသနအဖွဲ့အစည်းအများအပြားသည် ထိုကဲ့သို့ အကျိုးစီးပွား ပဋိပက္ခဖြစ်စေသည့် လုပ်ငန်းဆိုင်ရာ ဓလေ့များအားလုပ်ကိုင်နေကြသည်။

ရပ်တည်ချက်ဆိုင်ရာ ပဋိပက္ခများအား သတ်မှတ်ရန်အတွက် 'အကျိုးစီးပွားပဋိပက္ခဖြစ်ခြင်း' အား သုတေသီများက အသုံးပြုလေ့ရှိကြသည်။ သုတေသနတွင် ပါဝင်သူများနှင့်

ဆက်နွှယ်မှုများတွင် သုတေသီအဖြစ်သာမက ပညာရပ်လက်တွေ့ကျင့်သုံးသူ၊ ဆရာ၊ တက်ကြွလှုပ်ရှားသူ၊ လုပ်ဖော်ကိုင်ဖက် သို့မဟုတ် သူငယ်ချင်းများအဖြစ်ပါ ကဏ္ဍပေါင်းစုံ ပါဝင်ပတ်သက်နေပါသည်။ ဥပဒေပညာရှင်များသည် ၎င်းတို့သုတေသနပြုနေသည့် နယ်ပယ်တွင်ပင် ဥပဒေအား လက်တွေ့ကျင့်သုံးသူအဖြစ် အလုပ်လုပ်နေခြင်းကြောင့် အထူးပင် သတိထားကိုင်တွယ်ရသည့် အခြေအနေကို ကြုံတွေ့ရပါသည်။ အမှုသည်များအား လက်ရှိ ဥပဒေအား မည်သို့ အသုံးပြုရကြောင်း အကြံပေးနေစဉ် တပြိုင်နက်တည်းမှာပင် ဥပဒေပြုပြင်ပြောင်းလဲရေးအတွက် အသိပေးနှိုးဆော်နေရသည်။ အလုပ်သမားရေးရာ ဥပဒေပညာရှင်ဖြစ်သူ Andrew Stewart သည် ဩစတေးလျဥပဒေအကျိုးဆောင်လုပ်ငန်းတွင် အကြံပေးအဖြစ် ဆောင်ရွက်ပြီး လုပ်ငန်းရှင်များအား အလုပ်ခန့်အပ်ခြင်းနှင့် လုပ်ငန်းခွင်ဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေအကြံဉာဏ် ပေးပါသည်။ ၎င်းက ပြောကြားသည်မှာ -

> ကျွန်ုပ်၏ ပညာရပ်နယ်ပယ်နှင့် အသက်မွေးဝမ်းကျောင်းမှုအလုပ်အကြား ကွဲကွဲ ပြားပြား ပိုင်းခြားထားရန် လွတ်လွတ်လပ်လပ် လုပ်ဆောင်သည်။ အသက်မွေး ဝမ်းကျောင်းမှု အလုပ်အနေဖြင့် ကျွန်ုပ်၏ တာဝန်မှာ အမှုသည်ကိုသာမက ၎င်းတို့၏ အကျိုးစီးပွားအတွက် အထောက်အပံ့ပေးသည့် အကောင်းဆုံး အကြံဉာဏ်အား ပေးရန် ဖြစ်သည်။ သို့သော် ပညာရှင်အနေဖြင့်မူ 'ကျွန်ုပ်တွေ့မြင်သည့်အတိုင်း လွတ်လွတ် လပ်လပ် ပြောကြားသင့်ကြောင်း' ယုံကြည်သည်။ ထို့အပြင် လက်ရှိတည်ရှိနေသည့် ဥပဒေ၏ အခြေအနေနှင့် ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များအတွက် ပညာရှင် တစ်ယောက်၏ ကိုယ်ပိုင်အမြင်သဘောထားများအား ဖော်ထုတ်သင့်ပါသည်။ အကယ်၍ ထို့သို့ လုပ်ဆောင်ခြင်းသည် ဥပဒေရေးရာခုခံချေပချက်များအား ဝေဖန်ဆန်းစစ်ခြင်း သို့မဟုတ် အမှုသည်များ၏ အကျိုးစီးပွားအတွက် ကျွန်ုပ်၏ ပညာရှင်စွမ်းဆောင်ရည်အတွင်းမှ အမြဲမပြတ် ထိထိရောက်ရောက်အသုံးချသည့် ဗျူဟာများအား ဝေဖန်ဆန်းစစ်ခြင်းဟု အဓိပ္ပာယ် သက်ရောက်ပါက ...... ကျွန်ုပ်၏ အမြင်သဘောထားများအား ချိုးနှိမ်ရန် ကြိုးစားသည့် လုပ်ငန်း (သို့မဟုတ် အမှုသည်) အတွက် အလုပ်လုပ်ပေးရန် ပြင်ဆင်မည် မဟုတ်ပေ။[၄၄]

အထူးသဖြင့် မိမိ၏ အသက်မွေးဝမ်းကြောင်း အလုပ်အား ပညာရပ်ဆိုင်ရာအလုပ် လုပ်ကိုင်မည့်သူများအား အသိပေးပါက ဤရပ်တည်ချက်သည် တစ်ဦးချင်းစီအတွက် လုံးဝ ကျိုးကြောင်းဆီလျော်ပါသည်။ သို့ဖြစ်စေကာမူ ကျွန်ုပ်တို့၏ ပညာရပ်အစိတ်အပိုင်းအချို့၏ လက္ခဏာရပ်သည် စီးပွားရေး သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားဖြင့် လွန်လွန်ကဲကဲ လွှမ်းမိုးမှု ရှိပါကစိုးရိမ်နေရဆဲ ဖြစ်နေပေလိမ့်မည်။[၄၅] ဤအချက်သည် အပြည်ပြည်ဆိုင်ရာဥပဒေ သို့မဟုတ် ကုန်သွယ်ရေးဥပဒေအတွက် မှန်ကန်သကဲ့သို့ အလုပ်သမားဥပဒေအတွက်လည်း မှန်ကန်ပါသည်။

# ကျင့်ဝတ်ဆိုင်ရာပြဿနာများအား တုံ့ပြန်ဆောင်ရွက်ခြင်း

သုတေသီများသည် ကျင့်ဝတ်ဆိုင်ရာ အကျပ်အတည်းနှင့် ကြုံတွေ့ရပါက ဆောင်ရွက်ရမည့် အရာအား မည်သို့ ဆုံးဖြတ်ပါသလဲ? Belmont အစီရင်ခံစာအရ ကနဦး ဖော်ထုတ် ထားသည့် အခြေခံမူ (၃) ရပ်အနက် တစ်ရပ်ရပ်အား ကိုးကားခြင်းဖြင့် ကျင့်ဝတ်ဆိုင်ရာ အခက်အခဲ အများစုအား ဖြေရှင်းပါသည်။ ၎င်းအခြေခံမူ (၃) ရပ်မှာ အခြားသူများအတွက် တရားမျှတမှု၊ အကျိုးရှိမှုနှင့် လေးစားမှုတို့ ဖြစ်သည်။ ၎င်းမူများသည် သုတေသနကျင့်ဝတ် သတ်မှတ်ချက် အများစုအတွက် အခြေခံ ဖြစ်ကြသည်။ သို့ရာတွင် အကယ်၍ အခြားတစ်ခု၏ လိုအပ်ချက်များ ပြည့်မီရန်အလို့ငှာ အခြေခံမူ တစ်ချက်ချက်အား ချိုးဖောက်ရန် လိုအပ်လာပါက ပိုမို ဆိုးဝါးသည့် အကျပ်အတည်းများ ဖြစ်ပေါ်လာသည်။ ထိုကဲ့သို့ အခြေအနေများတွင် ပြုမူဆောင်ရွက်ချက် အတွက် အကျိုးရလဒ် အခြေပြုနှင့် အကျိုးရလဒ် လျစ်လျူရှုသည့် ချဉ်းကပ်မှုများအား တန်ဖိုးထားအသိအမှတ်ပြုခြင်းအပေါ် အခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ကြောင်း Iain Hay နှင့် စာရေးသူတို့က ခုခံချေပကြသည်။[၄၆] ဤရပ်တည်ချက်နှစ်ခုစလုံးသည် အောက်တွင် အနှစ်ချုပ် ဖော်ပြထားသကဲ့သို့ ကျင့်ဝတ်ဆိုင်ရာ အကျပ်အတည်းများနှင့် ကိုက်ညီစေရန်အတွက် နည်းဗျူဟာတစ်ခုအား ကျောထောက်နောက်ခံ ပြုထားပါသည်-

## ပြဿနာများအား သတ်မှတ်၍ ပါဝင်ပတ်သက်သူများအား သတ်မှတ်ပါ

ကျင့်ဝတ်ဆိုင်ရာ အကျပ်အတည်းများသည် ၎င်းတို့ကိုယ်တိုင် ရှားရှားပါးပါး အမျိုးအစား ခွဲခြားပါသည်။ ထို့ကြောင့် ပထမအဆင့်အနေဖြင့် ပြဿနာ၏ သဘောသဘာဝအား ဖော်ထုတ်ရန် ဖြစ်သည်။ ပါဝင်ပတ်သက်သည့် သက်ဆိုင်သူအမျိုးမျိုးအား သိမြင်နိုင်ရန် အရေးကြီးပါသည်။ မည်သူတွေက အကျိုးသက်ရောက်မှု ရှိသလဲနှင့် မည်သို့ အကျိုးသက်ရောက် ပါသလဲ? ပါဝင်ပတ်သက်သူများအား ပိုမိုကျယ်ပြန့်သည့် အစုအဖြစ် တဖြည်းဖြည်း ဖွဲ့စည်းခြင်း အတွက် ကျွန်ုပ်တို့ စဉ်းစားရမည်။ အခြေအနေတစ်ခု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ခုကြောင့် လက်ငင်း အကျိုးသက်ရောက်မှုရှိသည့် အဖွဲ့များမှစတင်ပြီးနောက် ဆက်စပ်သည့် အဖွဲ့ အစည်းများ (ဥပမာအားဖြင့် တက္ကသိုလ်၊ အလုပ်ရှင်၊ အထောက်အပံ့ပေးသူ စသည်ဖြင့်) မှတဆင့် လူမှုရေးရာဥပဒေသုတေသီအဝန်းအဝိုင်းများဆီသို့ ရွေ့ပြောင်းသွားရမည် ဖြစ်သည်။ နောက်ဆုံးတွင်မှ လူ့အဖွဲ့အစည်းအတွက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရမည် ဖြစ်သည်။

## ရွေးချယ်ပိုင်ခွင့်များအား သတ်မှတ်ခြင်း

ကျင့်ဝတ်ဆိုင်ရာ ပြဿနာများအား နည်းလမ်းပေါင်းစုံဖြင့် သုတေသီများက တုံ့ပြန်နိုင်ပြီး ဖြစ်နိုင်ခြေများအား အချိန်မတိုင်သေးဘဲ မစွန့်လွှတ်ရန် အရေးကြီးပါသည်။

## အကျိုးဆက်များအား စဉ်းစားခြင်း

ရွေးချယ်သည့် နည်းလမ်းတစ်ခုချင်းစီအတွက် ဖြစ်ပေါ်လာနိုင်သည့် ကောင်းကျိုး ဆိုးပြစ် များအား သုတေသီများက ထည့်သွင်းစဉ်းစားသင့်သည်။ မည်သူက ကူညီမလဲ သို့မဟုတ် ဘာကို ကူညီမလဲ? မည်သူတွေ သို့မဟုတ် မည်သည့်အရာတွေကို ထိခိုက်မလဲ? မည်သည့် အကျိုးရလဒ်နှင့် ထိခိုက်မှုများ ပါဝင်မလဲ? ကောင်းကျိုးနှင့် ဆိုးပြစ် နှိုင်းယှဉ်ပါက မည်သည့် အပိုင်းက အလေးသာမလဲ? ဆုံးဖြတ်ချက်ချမှတ်ရာတွင် ရေတို ရေရှည် သုံးသပ်ချက်က ဘာလဲ? မည်သည့် နည်းလမ်းက အကျိုးရလဒ်အများဆုံးနှင့် ထိခိုက်မှု အနည်းဆုံး ဖြစ်စေနိုင်သလဲ?

## ကိုယ်ကျင့်တရားအခြေခံမှုများအရ နည်းလမ်းများအား ခွဲခြမ်းစိတ်ဖြာခြင်း

ရိုးသားမှု၊ ယုံကြည်မှု၊ ပုဂ္ဂလိက ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ မျှတမှု၊ တန်းတူညီမျှမှုနှင့် လူမှုရေးရာ တရားမျှတမှုကဲ့သို့ ကျင့်ဝတ်ပိုင်းဆိုင်ရာ အခြေခံမှုများနှင့် ဆန့်ကျင်လျက် ရွေးချယ်စရာ နည်းလမ်းများအား စုံစမ်းစစ်ဆေးသူများက စစ်ဆေးရန် လိုအပ်သည်။ အချို့သော သာဓက များတွင် အချို့အခြေခံမှုများအား အခြားအရာများထက် ပိုအရေးကြီးကြောင်း သတ်မှတ်နိုင် လိမ့်မည်။

## ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်ပြီး ကတိကဝတ်အတိုင်း ဆောင်ရွက်ခြင်း

လွတ်လွတ်လပ်လပ် ကြိုတင်အသိပေးထားသည့် သေသေချာချာစဉ်းစားထားပြီး ကျိုးကြောင်း ခိုင်လုံသည့် ဆုံးဖြတ်ချက်ရရှိစေရန်အတွက် အကျိုးဆက်များနှင့် အခြေခံမှုများအား ပေါင်းစပ် ထည့်သွင်းရန် အရေးကြီးပါသည်။ သို့ရာတွင် ရွေးချယ်သည့် နည်းလမ်း အားလုံးသည် ဆိုးဝါးသည့် အကျိုးဆက်များ သို့မဟုတ် အခြေခံမှုချိုးဖောက်မှုများ ဖြစ်ပေါ်လာနိုင်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ‘ဆိုးကျိုးအနည်းဆုံး’ နည်းလမ်းများအား ရွေးချယ်ရကြောင်း ကိုယ်တိုင်သိမြင် လာကြသည်။

## ချင့်ချိန်တွက်ချက်ခြင်း

ကျွန်ုပ်တို့ ကြုံတွေ့ရသည့် အကျပ်အတည်းအပေါ် ဆင်ခြင်သုံးသပ်ရန်အတွက် ကျွန်ုပ်တို့၏ နယ်ပယ်ရှိ ပညာရပ်၊ လုပ်ဖော်ကိုင်ဖက်များနှင့် သုတေသနအကျိုး သက်ရောက်မှု ခံရသူ အားလုံးအတွက် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။

# သုတေသနကျင့်ဝတ်ထိန်းသိမ်းရေးကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

ကော်မတီဝင်အများစုသည် သုတေသနအား ပိတ်ပင်တားဆီးရန် မကြိုးစားကြပေ။ အနည်းငယ် ချဲ့ပြောရသော် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်ရေး ထိန်းကွပ်ရန်အတွက် အဖွဲ့ဝင်များက အချိန်အတော်များများ မြှုပ်နှံထားကြသည်။ ထို့အပြင် ကိစ္စရပ်အတော်များများတွင် သုတေသန အဆိုပြုချက်များ၏ အရည်အသွေးမြင့်မားလာရန်အတွက် အပြုသဘောဆောင်၍ လက်တွေ့

ကျသည့် အကြံပြုချက်များပေးနိုင်ကြသည်။ သို့ရာတွင် အဖွဲ့အစည်းအတော်များများတွင် သာမက နိုင်ငံအများအပြားတွင် သုတေသနကျင့်ဝတ်ထိန်းသိန်းရေး ကော်မတီများက ချမှတ် ထားသည့် လုပ်ငန်းစဉ်များသည် အလွန်အမင်း ဗျူရိုကရက်ဆန်ပြီး အာဏာရှင်ဆန်ကြောင်း ပညာရှင်များက ခံစားကြရသည်။ ထို့အပြင် ၎င်းတို့၏အလုပ်များအား အကဲဖြတ်ရန်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ ကော်မတီဝင်အချို့တွင် မရှိကြောင်း သုတေသီများက တွေ့မြင် ကြသည်။ ကိစ္စအတော်များများတွင် ကော်မတီ၌ ရှေ့နေတစ်ဦး ပါဝင်ပြီး ၎င်းရှေ့နေအနေဖြင့် လက်တွေ့မျက်မြင်အခြေပြု သုတေသနအကြောင်း သိရှိနားလည်မှုရှိရန် မလိုအပ်ကြောင်း ဥပဒေပညာရှင်များက ယုံကြည်လက်ခံကြသည်။ ကျင့်ဝတ်ထိန်းသိမ်းရေး ကော်မတီသို့ လျှောက်လွှာရေးရာတွင် သုတေသီများအား စာရေးဆရာအချို့က လက်တွေ့ကျကျ အကြံကောင်းများ ပေးကြသည်။[၄၇] ဤအကြံများအား ဘွဲ့လွန်ကျောင်းသားများ သို့မဟုတ် အလုပ်သင်သုတေသီများအား အများအားဖြင့် ပေးလေ့ရှိကြပြီး လျှောက်လွှာပုံစံ ဖြည့်ရာတွင် လျှောက်ထားသူအနေဖြင့် သုတေသန၊ ကွန်ယက်ချိတ်ဆက်မှုနှင့် စေ့စပ်ညှိနှိုင်းမှု စွမ်းရည်များ အသားပေးဖော်ပြခြင်းဖြင့် ဗျူဟာကျကျ စဉ်းစားရန် အကြံပြုကြသည်။ Hay နှင့် Israel တို့က အလားတူ အကြံပေးကြသည်။ အနှစ်ချုပ်ရသော် သုတေသနကနဦး အစကတည်းက ကျင့်ဝတ်ပိုင်းဆိုင်ရာ အချက်များအား ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်မည့် သုတေသန အလုပ်နှင့် သက်ဆိုင်သည့် စည်းမျဉ်းများအား သတ်မှတ်ရမည်။ ဒေသခံ သုတေသန ကျင့်ဝတ် ထိန်းသိမ်းရေးကော်မတီက မည်သို့အလုပ်လုပ်သည်ကို ရှာဖွေခြင်းဖြင့် ကော်မတီက မေးမြန်းသည့် မေးခွန်းများအား ရိုးရိုးစင်းစင်း ဖြေဆိုရမည်။ ကော်မတီဝင်များအား စကားပြောဆို၍ သုတေသနအကြောင်း ရှင်းလင်းပြသနိုင်ဖို့ ပြင်ဆင်ရမည်။ နှောင့်နှေးကြန့်ကြာ နိုင်သည်များကို ပြင်ဆင်ထားရမည်။ သုတေသန အလုပ်အား ကိုက်ညီအောင် ပြင်ဆင်နိုင်ရန် ကြိုတင်ပြင်ဆင်၍ ပြုပြင်ပြောင်း လဲရမည်။[၄၈]

# သုံးသပ်ချက်

ကျွန်ုပ်တို့၏ စိတ်တွင် ကျင့်ဝတ်ဆိုင်ရာ စဉ်းစားချက်များအား ဦးစားပေးထည့်သွင်းရန်အတွက် ဥပဒေနယ်ပယ်ရှိ လက်တွေ့မျက်မြင်အခြေပြုသုတေသီများအား Webley က ဖိတ်ခေါ် ခဲ့သည်။[၄၉] ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် သုတေသီများအနေဖြင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အယူအဆ အခြေခံအား ကျွန်ုပ်တို့ တစ်ဦးချင်းစီ နားလည် သဘောပေါက်ရန် လိုအပ်ကြောင်း ဆိုလိုပါသည်။ အမှန်တကယ်ကြုံတွေ့ ရသည်သာမက ကြုံတွေ့လာနိုင်သည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများအား သိမြင်နိုင်မည့် စွမ်းရည် မြင့်မားလာရန် လိုအပ်ပြီး မျှော်လင့်ထားသလို ဖြစ်ပေါ်လာသည့် ၎င်းစိန်ခေါ်မှုများအား စေ့စပ်ညှိနှိုင်းရန်အတွက် နည်းလမ်းများကိုလည်း သိရှိရန် လိုအပ်သည်။ ဤအချက်များ အားလုံးအတူတကွ ဆောင်ကြဉ်း ခြင်းဖြင့် တစ်ဦးချင်းစီသာမက ပညာရပ်အဖွဲ့အစည်း တစ်ခုလုံးပါ ကျွန်ုပ်တို့သုတေသနအား ဆန်းစစ်သည့် ယန္တရားကို ထိထိရောက်ရောက် ပုံဖော်နိုင်စွမ်းရှိမည် ဖြစ်သည်။

ကံမကောင်းအကြောင်းမလှသည်မှာ ဥပဒေနှင့် လူမှုရေးရာဥပဒေပညာရှင်များသည် ဤအချက်အားသိရှိနားလည်ကြောင်း လက်ခံနိုင်သည်အထိ အတော်ပင် ကြိုးကြိုးစားစား ဆောင်ရွက်ရမည်ပင် ဖြစ်သည်။ သုတေသနကျင့်ဝတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ခြင်းအကြောင်း ရေးသားသည့် ခလေ့သည် ဥပဒေပညာရှင်များတွင် အတော်ပင် နည်းပါးသည်။ ဥပမာအားဖြင့် ပြစ်မှုဗေဒကဲ့သို့ အမျိုးအစားတူပညာရပ်များထက် ပို၍ သိရှိမှု နည်းပါးသည်။ ထို့အစား ၎င်းတို့၏ နည်းစနစ်များနှင့် ဘာသာရပ်အကြောင်းအရာများတွင် သုတေသနကျင့်ဝတ်ပိုင်း လွှမ်းမိုး ခြယ်လှယ်မှုအား ခွဲခြမ်းစိတ်ဖြာကာ ခုခံကာကွယ်ခြင်းတွင် လူမှုရေးရာဥပဒေပညာရှင်များက ပိုမို အားထုတ်လျက်ရှိကြသည်။ ဤအချက်သည် အံ့သြစရာ မဟုတ်ချေ။ အားလုံးပြီးဆုံးပါက ကျွန်ုပ်တို့တွင် စောင့်ကြပ်စစ်ဆေးသည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ရှိလာမည်မှာ ဧကန်မုချပင် ဖြစ်သည်။ သို့သော် ဥပဒေနှင့် လူမှုရေးရာဥပဒေပညာရှင်များသည် သုတေသနကျင့်ဝတ် နယ်ပယ်အား များစွာ ဆောင်ကြဉ်းလာနိုင်ပေမည်။ အခြားအရာများအနက် ဥပဒေနှင့် ကျင့်ဝတ်တို့ အကြား ဆက်နွယ်မှု၊ ပုဂ္ဂိုလ်ရေးလျှို့ဝှက်ချက် စောင့်စည်းခြင်းနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့် နယ်ပယ်များ၊ မမှန်မကန် အပြုအမူ၊ တရားမျှတမှုအနက်အဓိပ္ပာယ်နှင့် ပြုမူဆောင်ရွက်ချက်အပေါ် သက်ရောက်မှုရှိစေသည့် ထိန်းသိမ်းကွပ်ကဲခြင်းနှင့် အပြစ်ပေးနိုင်စွမ်းများ တတ်မြောက် လာပါသည်။ သုတေသနကျင့်ဝတ်ပိုင်းဆိုင်ရာ ပညာရပ်များအား လေ့လာရန် ကျွန်ုပ်တို့ နှောင့်နှေးနေပါက ကျွန်ုပ်တို့တွင် ပေးဆပ်ရမည့်အရာ ပိုမိုများပြား လာမည်သာမက ဆုံးရှုံးရမည့် အရာများလည်း ပိုမို များပြားလာပေမည်။

## ကျေးဇူးတင်လွှာ

ဤအခန်းရှိ အစိတ်အပိုင်းအချို့၏ ကနဦးမူများအား Israel (၂၀၁၅)၊ Israel and Hay (၂၀၀၇, ၂၀၁၂) တို့အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည် (အောက်တွင်ပါရှိသည့် ထပ်မံဖတ်ရှု လေ့လာသင့်သည့် စာအုပ်စာတမ်းများအပိုင်းတွင် ကြည့်ပါ)။ Iain Hay ၏ ခွင့်ပြုချက်၊ မူပိုင်ခွင့် ပိုင်ဆိုင်ထားသည့် Sage ပုံနှိပ်ထုတ်ဝေရေးနှင့် ဥပဒေပညာရေးအတွက် ဗြိတိန်စင်တာတို့၏ ခွင့်ပြုချက်ဖြင့် ဤစာတမ်းအား ထပ်မံ ထုတ်ဝေခဲ့သည်။ ဤအခန်းအား အကြံပြုချက်များ ပေးခဲ့သည့် Lauren Butterly ၊ Robert Dingwall ၊ Mike McConville နှင့် Andrew Stewart တို့အား ကျေးဇူးတင်ရှိပါသည်။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ

T. L. Beauchamp and J. F. Childress, *Principles of Biomedical Ethics* (4th edn) (New York: Oxford University Press, 1994).

S. Ben-Ishai and S. Schwartz, ‘Credit Counselling in Canada: An Empirical Examination’ (2014) 29 *Canadian Journal of Law and Society* 1.

J. K. Bernhard and J. E. E. Young, 'Gaining Institutional Permission: Researching Precarious Legal Status in Canada' (2009) 7 *Journal of Academic Ethics* 175.

R. Boden, D. Epstein and J. Latimer, 'Accounting for Ethos or Programmes for Conduct? The Brave New World Of Research Ethics Committees' (2009) 57 *The Sociological Review* 744.

D. Broeder, 'The University of Chicago Jury Project' (1958) 38 *Nebraska Law Review* 744.

P. Cane and H. M. Kritzer (eds), *The Oxford Handbook of Empirical Legal Research* (Oxford: Oxford University Press, 2010).

J. Carrick-Hagenbarth and G. A. Epstein, 'Dangerous Interconnectedness: Economists' Conflicts Of Interest, Ideology and Financial Crisis' (2012) 36 *Cambridge Journal of Economics* 43.

B. Danet, K. Hoffman and N. Kermish, 'Obstacles to the Study of Lawyer- Client Interaction: the Biography of a Failure' (1980) 14 *Law & Society Review* 905.

R. Dingwall, 'Turn Off the Oxygen . . .' (2007) 41 Law & Society Review 787.

R. Dingwall, 'How Did We Ever Get Into This Mess? The Rise of Ethical Regulation in the Social Sciences' in K. Love (ed.), *Ethics in Social Research* (Bingley: Emerald, 2012) 3.

Economic and Social Research Council (ESRC) (United Kingdom), *Research Ethics Framework* (Swindon: Economic and Social Research Council, 2005).

Economic and Social Research Council (ESRC) (United Kingdom), *Framework for Research Ethics* (Swindon: Economic and Social Research Council, 2010, rev. 2012).

Economic and Social Research Council (ESRC) (United Kingdom), *Framework for Research Ethics* (Swindon: Economic and Social Research Council, 2015).

N. Emmerich, 'An Overview and Summary of the Ethical Codes of the Learned Society Members of the UK's Academy of Social Sciences' (2013), paper written for Generic Ethics Principles in Social Science Research Symposia, available at http://acss.org.uk/wp-content/uploads/2014/01/Summaries-of-LS-Members-Statements-of-Research-Ethics.pdf

R. R. Faden and T. L. Beauchamp, *A History and Theory of Informed Consent* (New York: Oxford University Press, 1986).

M. M. Feeley, 'Legality, Social Research, and the Challenge of Institutional Review Boards' (2007) 41 *Law & Society Review* 757.

L. A. Fontes, 'Ethics in Violence Against Women Research: the Sensitive, the Dangerous, and the Overlooked' (2004) 14 *Ethics & Behavior* 141.

H. Genn, M. Partington and S. Wheeler, *Law in the Real World: Improving our Understanding of how Law Works* (London: Nuffield Foundation, 2006).

F. Godlee and E. Wager, 'Research Misconduct in the UK: Time to Act' (2012) 344 *British Medical Journal* d8357.

M. Guillemin and L. Gillam, 'Ethics, Reflexivity and "Ethically Important Moments" in Research' (2004) 10 *Qualitative Inquiry* 261.

M. Hammersley, 'Against the Ethicists: on the Evils of Ethical Regulation' (2009) 12 *International Journal of Social Research Methodology* 211.

A. Hedgecoe, 'Reputational Risk, Academic Freedom and Research Ethics Review' (2015) *Sociology*, 1.

R. Hugman, E. Pittaway and L. Bartolomei, 'When "Do No Harm" Is Not Enough: the Ethics of Research with Refugees and Other Vulnerable Groups' (2011) 41 *British Journal of Social Work* 1271.

R. Iphofen, *Ethical Decision Making in Social Research: A Practical Guide* (London: Palgrave Macmillan, 2009).

M. Israel, 'The Commercialisation of University-based Criminological Research in Australia' (2000) 33 *Australian and New Zealand Journal of Criminology* 1.

M. Israel, *Research Ethics and Integrity for Social Scientists: Beyond Regulatory Compliance* (London: Sage, 2015).

M. Israel and I. Hay, *Good Ethical Practice in Empirical Research in Law*, web resource for the United Kingdom Centre for Legal Education (2007), available at http://78.158.56.101/archive/law/resources/ethics/ethics/index.html

M. Israel and I. Hay, 'Research Ethics in Criminology' in D. Gadd, S. F. Karstedt and S. F. Messner (eds), *Sage Handbook of Criminological Research Methods* (London: Sage, 2012) 500.

S. Jennings, 'Response to Schrag: What are Ethics Committees for Anyway? A Defence Of Social Science Research Ethics Review' (2012) 8 *Research Ethics* 87.

A. Kubal, 'Conceptualizing Semi-legality in Migration Research' (2013) 47 *Law & Society Review* 555.

G. Lewis, N. Brown, S. Holland and A. Webster, *A Review of Ethics and Social Science Research for the Strategic Forum for the Social Sciences*, Summary of the Review (2013), Science and Technology Studies Unit, York.

S. Liu, 'Client Influence and the Contingency of Professionalism: the Work of Elite Corporate Lawyers in China' (2006) 40 *Law & Society Review* 751.

A. Myrick, 'Facing your Criminal Record: Expungement and the Collateral Problem of Wrongfully Represented Self' (2013) 47 *Law & Society Review* 73.

Office of Science and Technology Policy, United States, 'Federal Research Misconduct Policy' (2000) 65 *Federal Register* 76260.

C. Onyemelukwe and J. Downie, 'The Tunnel at the End of the Light? A Critical Analysis of the Development of the Tri-Council Policy Statement' (2011) 26 *Canadian Journal of Law and Society* 159.

E. L. Paluck, 'Methods and Ethics with Research Teams and NGOs: Comparing Experiences Across the Border of Rwanda and Democratic Republic of Congo' in C. L. Sriram, J. C. King, J. Mertus, O. Martin-Ortega and J. Hermann (eds), *Surviving Field Research: Working in Violent and Difficult Situations* (London: Routledge, 2009) 37.

Research Councils United Kingdom, *RCUK Policy and Code of Conduct on the Governance of Good Research Conduct: Integrity, Clarity and Good Management* (Swindon: RCUK, 2011).

C. Roberts and J. Lewis, *ESRC Consultation Document – Review of the ESRC Research Ethics Framework*, Submission to the ESRC on behalf of the Academy of Social Sciences (2009).

N. Scheper-Hughes, 'Parts Unknown: Undercover Ethnography of the Organs-Trafficking Underworld' (2004) 5 *Ethnography* 29.

N. Scheper-Hughes, 'The Ethics of Engaged Anthropology: Applying a Militant Anthropology in Organs-Trafficking Research' (2009) *Anthropology News* September 13–14.

C. E. Schneider, *The Censor's Hand: The Misregulation of Human-Subject Research* (Cambridge, MA: MIT Press, 2015).

Z. M. Schrag, *Ethical Imperialism: Institutional Review Boards and the Social Sciences*, 1965–2009 (Baltimore, MD: Johns Hopkins University Press, 2010).

Socio-Legal Studies Association, *Statement of Principles of Ethical Research Practice* (2009), available at www.slsa.ac.uk/index.php/ethics-statement

L. Stanley and S. Wise, 'The ESRC's 2010 Framework for Research Ethics: Fit for Research Purpose?' (2010) 15 *Sociological Research Online* 12.

L. Stark, 'Victims in our Own Minds? IRBS in Myth and Practice' (2007) 41 *Law & Society Review* 777.

Tri-Council (Canadian Institutes of Health Research, National Science and Engineering Research Council of Canada, Social Sciences and Humanities Research Council of Canada), *Tri-Council Policy Statement: Ethical Conduct for Research Involving Humans* (Ottawa: Public Works and Government Services, 2010).

W. C. van den Hoonaard, *The Seduction of Ethics: Transforming the Social Sciences* (Toronto: University of Toronto Press, 2011).

L. Webley, 'Qualitative Approaches to Empirical Legal Research' in P. Cane and H. M. Kritzer (eds), *The Oxford Handbook of Empirical Legal Research* (Oxford: Oxford University Press, 2010) 926.

Wikipedia, VroniPlag Wiki (2012), available at http://en.wikipedia.org/wiki/VroniPlag_Wiki

S. Winlow and S. Hall, 'What is an "Ethics Committee"? Academic Governance in an Epoch of Belief and Incredulity' (2012) 52 *British Journal of Criminology* 400.

P. G. Zimbardo, *The Lucifer Effect: Understanding How Good People Turn Evil* (New York: Random House, 2007).

P. G. Zimbardo, C. Maslach and C. Haney, 'Reflections on the Stanford Prison Experiment: Genesis, Transformations, Consequences' in T. Blass (ed.), *Obedience to Authority: Current Perspectives on the Milgram Paradigm* (Mahwah, NJ: Erlbaum, 1999) 193.

## မှတ်စုများ

[၁] M. Israel, *Research Ethics and Integrity for Social Scientists: Beyond Regulatory Compliance* (London: Sage, 2015).

[၂] P. Cane and H. M. Kritzer (eds), *The Oxford Handbook of Empirical Legal Research* (Oxford: Oxford University Press, 2010).

[၃] L. Webley, 'Qualitative Approaches to Empirical Legal Research' in P. Cane and H. M. Kritzer

(eds), *The Oxford Handbook of Empirical Legal Research* (Oxford: Oxford University Press, 2010) 926.

၄ G. Lewis, N. Brown, S. Holland and A. Webster, *A Review of Ethics and Social Science Research for the Strategic Forum for the Social Sciences*, Summary of the Review (2013), Science and Technology Studies Unit, York; C. E. Schneider, *The Censor's Hand: The Misregulation of Human- Subject Research* (Cambridge, MA: MIT Press, 2015); Z. M. Schrag, *Ethical Imperialism: Institutional Review Boards and the Social Sciences*, 1965–2009 (Baltimore, MD: Johns Hopkins University Press, 2010); W. C. van den Hoonaard, *The Seduction of Ethics: Transforming the Social Sciences* (Toronto: University of Toronto Press, 2011).

၅ A. Holbrook, 'Ethics by Numbers? An Historian's Re¿ection of Ethics in the Field' in M. Bibby (ed.), *Review of Australian Research in Education*, Ethics and Education Research, No. 4, (Deakin: Australian Association for Research in Education, 1997, 59.

၆ S. Winlow and S. Hall, 'What is an "Ethics Committee"? Academic Governance in an Epoch of Belief and Incredulity' (2012) 52 *British Journal of Criminology*, 411–12.

၇ Israel, အထက်ပါမှတ်စု ၁ ကို ကြည့်ပါ။

၈ H. Genn, M. Partington and S. Wheeler, *Law in the Real World: Improving our Understanding of how Law Works* (London: Nuffield Foundation, 2006).

၉ Komesaroff, in M. Guillemin and L. Gillam, 'Ethics, Reflexivity and "Ethically Important Moments" in Research' (2004) 10 *Qualitative Inquiry* 266.

၁၀ T. L. Beauchamp and J. F. Childress, *Principles of Biomedical Ethics* (4th edn) (New York: Oxford University Press, 1994) 4.

၁၁ Israel, အထက်ပါမှတ်စု ၁ ကို ကြည့်ပါ။

၁၂ R. Boden, D. Epstein and J. Latimer, 'Accounting for Ethos or Programmes for Conduct? The Brave New World Of Research Ethics Committees' (2009) 57 *The Sociological Review* 736.

၁၃ R. Dingwall, 'How Did We Ever Get Into This Mess? The Rise of Ethical Regulation in the Social Sciences' in K. Love (ed.), *Ethics in Social Research* (Bingley: Emerald, 2012) 3; M. Hammersley, 'Against the Ethicists: on the Evils of Ethical Regulation' (2009) 12 *International Journal of Social Research Methodology* 211; A. Hedgecoe, 'Reputational Risk, Academic Freedom and Research Ethics Review' (2015) *Sociology*, 1; C. Roberts and J. Lewis, *ESRC Consultation Document – Review of the ESRC Research Ethics Framework*, Submission to the ESRC on behalf of the Academy of Social Sciences (2009).

၁၄ L. Stanley and S. Wise, 'The ESRC's 2010 Framework for Research Ethics: Fit for Research Purpose?' (2010) 15 *Sociological Research Online* 12.

၁၅ S. Jennings, 'Response to Schrag: What are Ethics Committees for Anyway? A Defence Of

Social Science Research Ethics Review' (2012) 8 *Research Ethics* 94.

[၁၆] ဥပမာအတွက် R. Dingwall, 'Turn Off the Oxygen . . .' (2007) 41 *Law & Society Review* 787; M. M. Feeley, 'Legality, Social Research, and the Challenge of Institutional Review Boards' (2007) 41 *Law & Society Review* 757; C. Onyemelukwe and J. Downie, 'The Tunnel at the End of the Light? A Critical Analysis of the Development of the Tri-Council Policy Statement' (2011) 26 *Canadian Journal of Law and Society* 159; L. Stark, 'Victims in our Own Minds? IRBS in Myth and Practice' (2007) 41 *Law & Society Review* 777 ကို ကြည့်ပါ။

[၁၇] B. Danet, K. Hoºman and N. Kermish, 'Obstacles to the Study of Lawyer-Client Interaction: the Biography of a Failure' (1980) 14 *Law & Society Review* 905.

[၁၈] Ibid., 910.

[၁၉] A. Kubal, 'Conceptualizing Semièlegality in Migration Research' (2013) 47 *Law & Society Review* 555.

[၂၀] D. Broeder, 'The University of Chicago Jury Project' (1958) 38 *Nebraska Law Review* 744.

[၂၁] P. G. Zimbardo, *The Lucifer Effect: Understanding How Good People Turn Evil* (New York: Random House, 2007).

[၂၂] P. G. Zimbardo, C. Maslach and C. Haney, 'Re¿ections on the Stanford Prison Experiment: Genesis, Transformations, Consequences' in T. Blass (ed*.) Obedience to Authority: Current Perspectives on the Milgram Paradigm* (Mahwah, NJ: Erlbaum, 1999) 193.

[၂၃] R. R. Faden and T. L. Beauchamp, *A History and Theory of Informed Consent* (New York: Oxford University Press, 1986).

[၂၄] Socio-Legal Studies Association, *Statement of Principles of Ethical Research Practice* (2009), Principle 7.5.2, available at www.slsa.ac.uk/index.php/ethics-statement

[၂၅] N. Scheper-Hughes, 'Parts Unknown: Undercover Ethnography of the Organs-Trafficking Underworld' (2004) 5 *Ethnography* 32.

[၂၆] Tri-Council (Canadian Institutes of Health Research, National Science and Engineering Research Council of Canada, Social Sciences and Humanities Research Council of Canada), *Tri-Council Policy Statement: Ethical Conduct for Research Involving Humans* (Ottawa: Public Works and Government Services, 2010), Art. 3.7.

[၂၇] A. Myrick, 'Facing your Criminal Record: Expungement and the Collateral Problem of Wrongfully Represented Self' (2013) 47 *Law & Society Review* 73.

[၂၈] Ibid., 82.

[၂၉] E. L. Paluck, 'Methods and Ethics with Research Teams and NGOs: Comparing Experiences Across the Border of Rwanda and Democratic Republic of Congo' in C. L. Sriram, J. C. King, J. Mertus, O. Martin-Ortega and J. Hermann (eds), *Surviving Field Research: Working in Violent and Difficult Situations* (London: Routledge, 2009) 37.

[၃၀] J. K. Bernhard and J. E. E. Young, 'Gaining Institutional Permission: Researching Precarious Legal Status in Canada' (2009) 7 *Journal of Academic Ethics* 189.

[၃၁] ဗြိတိန်နိုင်ငံတွင် လူ့အခွင့်အရေးကာကွယ်ရေးအက်ဥပဒေအရ မှားမှားယွင်းယွင်းဆောင်ရွက်ချက်အား ဖော်ပြခြင်း သို့မဟုတ် ထို့ထက်ပို၍ ပြည်သူလူထုအကျိုးစီးပွားအလို့ငှာ ဖွင့်ချခြင်းသည် အင်္ဂလိပ်ရိုးရာ ဥပဒေအောက်တွင်မူ ပုဂ္ဂိုလ်ရေး လျှို့ဝှက်ချက် စောင့်စည်းခြင်းအား ချိုးဖောက်ရာ ရောက်သည်။ သင့်လျော်သည့် အာဏာပိုင်အဖွဲ့သို့ ဖွင့်ချခြင်းဖြစ်သော်ငြား ယေဘုယျအားဖြင့် ချိုးဖောက်ရာ ရောက်ပါသည်။

[၃၂] R. Hugman, E. Pittaway and L. Bartolomei, 'When "Do No Harm" Is Not Enough: the Ethics of Research with Refugees and Other Vulnerable Groups' (2011) 41 *British Journal of Social Work*, 1279.

[၃၃] N. Scheper-Hughes, 'The Ethics of Engaged Anthropology: Applying a Militant Anthropology in Organs-Trafficking Research' (2009) *Anthropology News* September 13–14.

[၃၄] Lauren Butterly (ဩစတေးလျအမျိုးသားတက္ကသိုလ်) မှ စာရေးသူထံသို့ ပုဂ္ဂိုလ်ရေး ဆက်သွယ်ပေးပို့ချက်၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်။

[၃၅] SLSA Statement, အထက်ပါ မှတ်စုအမှတ် ၂၃ ကို ကြည့်ပါ။ Principle 9.2.

[၃၆] Economic and Social Research Council (ESRC) (United Kingdom), *Framework for Research Ethics* (Swindon: Economic and Social Research Council, 2015).

[၃၇] Canadian Tri-Council Policy Statement, အထက်ပါ မှတ်စုအမှတ် ၂၅ ကို ကြည့်ပါ။ Art. 3.6.

[၃၈] SLSA Statement, အထက်ပါ မှတ်စုအမှတ် ၂၃ ကို ကြည့်ပါ။ Principle 6.7.

[၃၉] L. A. Fontes, 'Ethics in Violence Against Women Research: the Sensitive, the Dangerous, and the Overlooked' (2004) 14 *Ethics & Behavior* 161.

[၄၀] Israel, အထက်ပါမှတ်စု ၁ ကို ကြည့်ပါ။

[၄၁] Research Councils United Kingdom, *RCUK Policy and Code of Conduct on the Governance of Good Research Conduct: Integrity, Clarity and Good Management* (Swindon: RCUK, 2011).

[၄၂] F. Godlee and E. Wager, 'Research Misconduct in the UK: Time to Act' (2012) 344 *British Medical Journal* d8357.

[၄၃] Wikipedia, VroniPlag Wiki (2012), available at http://en.wikipedia.org/wiki/VroniPlag_Wiki

[၄၄] Andrew Stewart (အက်ဒိလိတ်တက္ကသိုလ်) မှ စာရေးသူထံသို့ ပုဂ္ဂိုလ်ရေး ဆက်သွယ်ပေးပို့ချက်၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်။

[၄၅] ပြစ်မှုဗေဒတွင် M. Israel, 'The Commercialisation of University-based Criminological Research in Australia' (2000) 33 *Australian and New Zealand Journal of Criminology* 1 ကို ကြည့်ပါ။ စီးပွားရေးအတွက် J. Carrick-Hagenbarth and G. A. Epstein, 'Dangerous Interconnectedness: Economists' Conflicts Of Interest, Ideology and Financial Crisis' (2012) 36 *Cambridge Journal of Economics* 43 ကို ကြည့်ပါ။

[၄၆] M. Israel and I. Hay, 'Research Ethics in Criminology' in D. Gadd, S. Karstedt and S. F. Messner (eds), *Sage Handbook of Criminological Research Methods* (London: Sage, 2012) 500.

[၄၇] ဥပမာအတွက် R. Iphofen, *Ethical Decision Making in Social Research: A Practical Guide* (London: Palgrave Macmillan, 2009) ကို ကြည့်ပါ။

[၄၈] M. Israel and I. Hay, *Good Ethical Practice in Empirical Research in Law*, web resource for the United Kingdom Centre for Legal Education (2007), available at http://78.158.56.101/archive/law/resources/ethics/ethics/index.html

[၄၉] Webley, အထက်ပါ မှတ်စုအမှတ် ၃ ကို ကြည့်ပါ။

# အခန်း (၈)
# ဘရာဇီးနိုင်ငံရှိ မြေယာမဲ့များ၏ အခွင့်အရေးလှုပ်ရှားမှုအား သုတေသနပြုခြင်း

George Meszaros

## နိဒါန်း

သုတေသနဆောင်ရွက်မှုတိုင်းတွင် ပြဿနာများအား ကိုယ်စီ ကြုံတွေ့ကြရသည်။ သုတေသန နည်းစနစ်တွင် တစ်ခုလုံးအနေဖြင့် အလုပ်နှစ်မျိုးရှိပြီး ပထမတစ်မျိုးမှာ သုတေသနအား အတိအကျ ရုပ်လုံးဖော်ပြီးနောက် ဒုတိယအနေဖြင့် ဖော်ထုတ်ထားသည့်အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်သည်။ ဒုတိယပိုင်းရှိ ဖော်ထုတ်ထားသည့်အချက် များအား ဆောင်ရွက်ရန် ပျက်ကွက်ခြင်းဖြင့် (ကနဦးရွေးချယ်ပိုင်ခွင့်များအား စွန့်ပယ်ခြင်းဖြင့် အသေးစိတ်အချက်အလက်များစွာအရ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် သုတေ သနလုပ်ငန်းစဉ်၏ ပင်ကိုအစိတ်အပိုင်းဖြစ်သည်) နည်းစနစ်သည် ကြုံတွေ့ရသည့် အခက်အခဲ များအား အနည်းဆုံးတော့ တာဝန်ယူရန် ကြိုးစားရမည်။ ယခုတင်ပြမည့် အခန်းသည် အဆိုပါ တာဝန်ယူမှုအား ဖော်ပြသွားမည် ဖြစ်သည်။ ‘ဖွံ့ဖြိုးဆဲ’ ဟု ခေါ်ဆိုကြသည့် နိုင်ငံများတွင် ရေခြားမြေခြား သွားရောက်သုတေသနပြုလုပ်ခြင်းကြောင့် ပေါ်ပေါက်လာသည့် ပြဿနာ အချို့အား လေ့လာဆန်းစစ်ထားပါသည်။ စီမံကိန်းအကြောင်းအရာမှာ ဘရာဇီးနိုင်ငံတွင် မြေယာပိုင်ဆိုင်မှုအတွက် ရုန်းကန် လှုပ်ရှားမှုများအား လေ့လာခြင်း ဖြစ်သည်။ ဤအခန်း၏ အဓိက ရည်ရွယ်ချက်သည် ကွင်းဆင်း လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများ အထူးသဖြင့် အခွင့်အာဏာနှင့် ဆက်စပ်မှုကြောင့် ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများအကြောင်း စာဖတ်ပရိသတ်များအား သိမြင်လာစေရန်ဖြစ်သည်။ အချေအတင်ဆွေးနွေးကြသကဲ့သို့ အာဏာ အဆက်အစပ်ရှိခြင်းသည် လုပ်ငန်းခွင်အတွင်း ပျံ့နှံ့ဝင်ရောက်ပြီးနောက် ၎င်းအာဏာ အဆက် အစပ်ရှိခြင်းနှင့် သုတေသီတို့ အပြန်အလှန် ဆက်နွှယ်သည့် အဓိကအချက်များအား သတ်မှတ်ဖော်ထုတ်ပါသည်။ စီမံကိန်း တစ်ခုတွင် ၎င်းအာဏာဆက်စပ်မှုသည် စီမံကိန်းတစ်ရပ် ဖြစ်တည်လာသောနည်းလမ်း (ဥပမာအားဖြင့် စီမံကိန်းကို ငွေကြေးအထောက်အပံ့ပြုရန် အလားအလာရှိသူထံ ရောင်းချခြင်း) သို့မဟုတ် သုတေသနတွင် တွင်ပါဝင်သူများကို ကိုယ်တိုင် အကျိုးသင့်အကြောင်းသင့် ချိန်ညှိနိုင်သည့် နည်းလမ်းအဖြစ် သက်ရောက်မှု ရှိနိုင်သည်သာမက ချိန်ညှိခြင်း ကိုယ်တိုင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည့် နည်းလမ်း သို့မဟုတ် ပါဝင်သူများ သုတေသနစီမံကိန်းကိုခွင့်ပြုနိုင်ရန် ထိန်းချုပ်စစ်ဆေးသူဟု အမည်တွင်သူများထံသို့ ရောက်ရှိနိုင်မည့် စည်းကမ်းချက်များ အပေါ်လည်း အကျိုးသက်ရောက်မှုရှိသည်။ အဆိုပါ ထိန်းချုပ်စစ်ဆေးသူများသည် ဆန်းစစ်မည့် သုတေသီက အင်တာဗျူးဖြေဆိုသူများအား

မေးမြန်းသည့် မေးခွန်းအမျိုးအစား၊ သုတေသီများအပေါ် အမြင်သဘောထားများ၊ ဖြေဆိုသည့် အဖြေအမျိုးအစားများနှင့် ထွက်ပေါ်လာသည့် သုံးသပ်ချက်များအပေါ်တွင်လည်း အကျိုးသက်ရောက်စေပါသည်။ အဆိုပါအကြောင်းအချက်များအားလုံးအတွက်သာမက ဤအခန်းတွင် ဆွေးနွေးထားသည့် အခြားအကြောင်းအရာများအတွက်ပါ အာဏာအဆက်အစပ်ရှိခြင်းများ (သုတေသန နိုင်ငံရေးအကြောင်းအချက်များဟုလည်း ရည်ညွှန်းပါသည်) သည် သုတေသန စီမံကိန်းတစ်ခု ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်မှုအလားအလာ နှစ်မျိုးစလုံးအတွက် အသက်တမျှ အရေးကြီးပါသည်။ ထို့ကြောင့် ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများအကြောင်း သေသေချာချာ စဉ်းစားရန်အတွက် စာဖတ်ပရိသတ်များအား ဖိတ်ခေါ်ပါသည်။ အခက်အခဲများအားလုံး ကျော်လွှားနိုင်ကြောင်းအား လွယ်လင့်တကူ မယုံကြည်စေလိုပေ။ အမှန်အားဖြင့် သုတေသန၏ အရေးပေါ် ဖြစ်ပေါ်တတ်သည့် သဘောသဘာဝအား အကြံပြုခြင်းဖြင့် ဤအခန်းအား နိဂုံးချုပ်ထားသည်။ သို့သော် အဆိုပါအရေးပေါ်ကိစ္စများနှင့် ဖြစ်နိုင်ခြေရှိသည့် အကျိုးသက်ရောက်မှုများအား နားလည်သဘောပေါက်ရန် မရှိမဖြစ် လိုအပ်ကြောင်း ယုံကြည် ကြသည်။

## ဘရာဇီးနိုင်ငံရှိ အစိုးရနှင့် မြေယာမဲ့များ၏ လှုပ်ရှားမှုအကြောင်း သုတေသနပြုခြင်း၏ နိုင်ငံရေး

၁၉၇၁ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံမှ အတွေ့အကြုံ အနည်းငယ်သာရှိသေးသည့် လူမှုရေးရာ ဥပဒေသုတေသီတစ်ဦးဖြစ်သူ Boaventura de Sousa Santos သည် ရဲကိုယ်စား သူလျှို လုပ်ကြောင်း စွပ်စွဲခံရပြီးနောက် ရီယိုဒီဂျနေးရိုးမြို့ရှိ ပုံကျရပ်ကွက်တစ်ခုမှ သေနတ်ဖြင့် တွေ့ဦး အတင်းအကျပ် နှင်ထုတ်ခံရသည်။ *ပုံကျရပ်ကွက်*တွင်နေထိုင်သူများ၏ အတိဒုက္ခအား စာနာသူ အတွက်သာမက ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် ကွင်းဆင်းလုပ်ငန်းက လုံးဝ မှီတည်နေသူအတွက်ပါ အနှောင့်အယှက် ကြီးကြီးမားမား တစ်ခု ဖြစ်ပါသည်။ သုတေသီနှင့် ဒေသခံများအားလုံးသည် ပေါ်တူဂီစကားကို ပြောဆိုကြခြင်း ဖြစ်သော်ငြား အဖြစ်အပျက်သည် စကားအသုံးအနှုန်း အပါအဝင် ဘာသာစကားနားလည်မှုလွဲခြင်းမှ ပေါ်ပေါက်လာကြောင်း ထင်မြင်ရသည်။ ဆယ်နှစ်ကြာ ရေးသားပြီးနောက် de Sousa Santos က အဖြစ်အပျက်များအား အောက်ပါအတိုင်း ရှင်းပြပါသည်-

> ပုံကျရပ်ကွက်တွင် သုတေသနပြုလုပ်ကြောင်း စာရေးသူကပြောဆိုသည့်အခါ '*investigaçã o*' ဟူသည့် ပေါ်တူဂီစကားလုံး ကို အသုံးပြုခဲ့ပါသည်။ ပေါ်တူဂီနိုင်ငံတွင် ပြောဆိုသည့် ပေါ်တူဂီစကားတွင် သုတေသနအား '*investigaçã o*' သို့မဟုတ် '*pesquisa*' အဖြစ် အနက်အဓိပ္ပာယ် ပြန်ဆိုနိုင်သော်လည်း ပထမစကားလုံးအား အသုံးများကြသည်။ သို့ရာတွင် ဘရာဇီးနိုင်ငံတွင် အသုံးပြုသည့် ပေါ်တူဂီစကားတွင်မူ အထူးသဖြင့်

‘*investigação*’ ဆိုသည့် ရိုးရိုးပေါ်တူဂီဘာသာစကားက ရဲများ၏ စုံးစမ်းစစ်ဆေးခြင်းဟု အဓိပ္ပာယ်ရပါသည်။[၁]

အခြေခံတူညီမှုကို ရှာဖွေရန် ဤကျဆုံးမှု၏ အဓိကအချက်က မည်သည့်အရာ ဖြစ်ပါသလဲ? ဤဖြစ်ရပ်သည် ယဉ်ကျေးမှု သို့မဟုတ် ဘာသာစကားကွဲပြားမှုကြောင့် ဖြစ်ပေါ်ရသည့် ရိုးရိုးရှင်းရှင်း ကိစ္စ ဟုတ်ပါသလား? အထက်ပါရည်ညွှန်းချက်အရဆိုသော် ဤအချက်သည် အတော်ပင် သိသာထင်ရှားပါသည်။ အမှန်အားဖြင့် လူမှုအသိုက်အဝန်းတစ်ခုသို့ သွားရောက်ရာတွင် (တရားသူကြီးများ၊ ရှေ့နေများ၊ ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများ ကဲ့သို့) ပညာရှင်များသာမက ဤကဲ့သို့ဖြစ်ရပ်တွင် ပညာရှင်မိတ်ဆွေနှင့် စာသင်ခန်းအခြေပြု သုတေသီများအနေဖြင့်လည်း အခက်အခဲ ကြုံတွေ့ရပါသည်။ အဆိုပါအခက်အခဲသည် သုတေသီအများစု အများအားဖြင့် ကြုံတွေ့ရလေ့ရှိပြီး ကျွမ်းကျင်သူများက ‘ပြင်ပလူ’ ပြဿနာအဖြစ် ရည်ညွှန်းလေ့ရှိသည်။ ဤဖြစ်ရပ်သည် ပြင်ပလူဟု ထင်မြင်ယူဆရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာရပ်၏ နောက်ထပ် ဥပမာတစ်ရပ် ဟုတ်ပါသလား? သုတေသီ၏ ကိုယ်ပိုင် လက္ခဏာအပါအဝင် ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အခြားသော မတူညီမှုများ ရှိနေသရွေ့ အဖြေသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ‘ဟုတ်မှန်ကြောင်း’ ပင် ဖြေဆိုရပါမည်။ သို့သော် ဤအချက်သည် ဖြစ်စဉ်တစ်ခုလုံး ပုံဖော်ရာတွင် အစိတ်အပိုင်း တစ်ရပ်သာ ဖြစ်သည်။ စုံလင်သည့် အမြင်သဘောထားများအရဆိုသော် အလုပ်တွင် ပိုမို နက်ရှိုင်းသည့် သရုပ်သကန်များ ရှိပါသည်။ ရိုးရိုးစကားလုံးတစ်ခုအား အချင်းချင်းအကြား တိုက်ခိုက်မှု အသေးစားကဲ့သို့ အလားတူ ဖြစ်ရပ်အဖြစ် ပြောင်းလဲနိုင်သည့် စွမ်းရည်ရှိသော အခြေခံ သဘောတရား သို့မဟုတ် အကြောင်းတရားအဖြစ် တည်ဆောက်သွားခြင်း ဖြစ်သည်။ အဆိုပါ အကြောင်းတရားသည် နိုင်ငံရေးဖြစ်ပြီး တွေ့ကြုံခဲ့ရသည့် စကားလုံးဝေါဟာရတို့ကြောင့် ဖြစ်ပေါ်လာသည့် ‘အမှား’ က ပုံကျရုပ်ကွက်တွင်နေထိုင်သူများနှင့် ရဲများအကြား အာဏာဆက်နွှယ်မှု တည်ရှိနေကြောင်းကို သာမက ၎င်းကိုယ်တိုင်နှင့် သူ၏ သုတေသနတွင် ပါဝင်သူများအကြား အာဏာဆက်စပ်မှုရှိခြင်း တို့ကိုပါ ဖော်ပြနေပါသည်။

ကွင်းဆင်းလေ့လာသည့်လုပ်ငန်းခွင်အတွင်း သို့မဟုတ် ထိုလုပ်ငန်းခွင်နှင့် သုတေသီ အကြားရှိ အာဏာဆက်စပ်မှုရှိခြင်းများသည် လက်ရှိအခန်း၏ အဓိက အကြောင်းအရာ ဖြစ်သည်။ ၎င်းအကြောင်းအရာအား သုတေသန၏ နိုင်ငံရေးအဖြစ် စာရေးသူက မရေမရာ သတ်မှတ်သည်။ ဤသပွတ်အူ အကြောင်းအရာအား ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်နိုင်သည် (ထို့အပြင် ချဉ်းကပ်လျက် ရှိသည်)[၂]။ ဘရာဇီးနိုင်ငံရှိ ရုန်းကန်လှုပ်ရှားနေကြရသည့် ကျေးလက်နေ မြေယာမဲ့များနှင့် ဥပဒေတို့အကြား ဆက်နွှယ်မှုအကြောင်း လေ့လာစူးစမ်းထားသည့် (၂၀၀၀ ပြည့်နှစ်တွင် ဆောင်ရွက်ထားသည့်) လူမှုရေးရာဥပဒေသုတေသနစီမံကိန်းအား အသေးစိတ် လေ့လာဆန်းစစ်ခြင်းဖြင့် လက်တွေ့ကျကျ အမြင်ရှုထောင့်ကနေ၍ စာရေးသူက ပြတ်ပြတ်

သားသား ဆောင်ရွက်သည်။ ပို၍အသေးစိတ် မဆောင်ရွက်မီ နိုင်ငံရေးအရ သိသာထင်ရှားမှုနှင့် သက်ဆိုင်သည့် ကနဦးစူးစမ်းလေ့လာမှု နှစ်ခုအား အစဉ်အတိုင်း ဆောင်ရွက်ခဲ့သည်။

ဘက်မလိုက်သည့်အယူအဆနှင့် နိုင်ငံရေးအား တမင်တကာရှောင်ကြဉ်ခြင်းကို အထူး အလေးပေးထားသည့် သုတေသနရှိ စံနမူနာပြုအယူအဆအား သုတေသီအချို့က ကိုင်စွဲထား ကြသည်။ ဤအကြောင်းအရာတွင် ကွဲပြားခြားနားချက်များ အများအပြားရှိသည် (စာအုပ်စာပေ များတွင် နေရာအတော်များများ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထားကြသည်)။ သို့ရာတွင် ၎င်း၏ အဓိကအဆိုမှာ အကျိုးအားဖြင့် ပို၍ တိတိကျကျနှင့် ဓမ္မဓိဋ္ဌာန်ကျကျ ဖြစ်စေရန်နှင့် ပို၍ သိပ္ပံနည်းကျသည့် တွေ့ရှိချက်များအား ထွက်ပေါ်လာစေရန် (သို့တည်းမဟုတ် သက်ဆိုင်သည့် အမြင်သဘောထားအချို့ ထွက်ပေါ်လာစေရန်) ဖြစ်သည်။[၃] တကယ့်လက်တွေ့ဘဝတွင်မူ ဤအဆိုပြုချက်မှာ ယခုထိတိုင် ဆိုးဝါးလှသည့် အယူအဆပိုင်းဆိုင်ရာ နဝေတိမ်တောင်ဖြစ်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းထက် အနည်းငယ်မျှသာ ပိုကြောင်း စာရေးသူက ရှုမြင်ပါသည်။ သုတေသနအား မည်သည့်အရာမျှ မရှိသည့်အခြေအနေတွင် မဆောင်ရွက်ပါ။ ထပ်မံ၍ ဆိုရသော် စာအုပ်စာပေများတွင် အဆိုပါ ကိစ္စရပ်များအား နေရာအနှံ့အပြား ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထားပြီး အဆိုအရ သမာသမတ်ကျသည့် ချဉ်းကပ်မှုများအား အဓိကဝေဖန်ထောက်ပြ သည့် အချက်များအနက် တစ်ခုမှာ အာဏာမညီမျှခြင်းနှင့် လုံလုံလောက်လောက် ထည့်သွင်း စဉ်းစားရန် မဆောင်ရွက်နိုင်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် ၎င်းအချက်များသည် လက်တွေ့ အားဖြင့်လည်း ကြိုးစားသော်ငြား အရာမထင်သည့် နည်းလမ်းပင် ဖြစ်သည်။[၄] အဆိုပါ ပြောင်းလဲမှုများတွင် သုတေသနလုပ်ငန်းစဉ်အတွက် အဓိကထည့်သွင်းစဉ်းစားရမည့် အချက် များရှိကြောင်း အကြံပြုပါသည်။ သမာသမတ်ကျမှုအား ဗျူဟာတစ်ခုအဖြစ် အလားအလာ ကောင်းရှိခြင်းအပေါ် အဆိုပါ လုပ်ငန်းစဉ်က မေးခွန်းထုတ်ပါသည်။ သို့ရာတွင် ဤအမြင် ရှုထောင့်ရှိ ထည့်သွင်း အသုံးချနိုင်မည့် အပိုင်းတစ်ခုမှာ သုတေသီများသည် ကျင့်ဝတ်ပိုင်းနှင့် နိုင်ငံရေးဆိုင်ရာ ရွေးချယ်မှုများနှင့် အမြဲတစေ တွေ့ကြုံနေရကြောင်းပင် ဖြစ်ပါသည်။

စာရေးသူတို့ အစောပိုင်းက တင်ပြခဲ့သည့် ဥပမာအား အကြမ်းဖျဉ်းကြည့်ရှုပါက ပုံမှန် တွေ့ကြုံနေရသည့် ပြဿနာအမျိုးအစားများအား သရုပ်ဖော်ပြသပါသည်။ ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်နေစဉ် de Sousa Santos သည် ‘ထင်ရှားကြော်ကြားသူ’ မဟုတ်သော်ငြား (သို့သော်ငြားလည်း ဘရာဇီးနိုင်ငံ အခြေအနေနှင့် ပို ရင်းနှီးကျွမ်းဝင်သူများအတွက်မူ သိသာ ထင်ရှားပါသည်) ထိုကဲ့သို့ အထင်ခံရစေပါသည်။ ဤအချက်အား ၎င်း၏ကိုယ်ပိုင် စွမ်းရည်နှင့် အတူ တစ်စိတ်တစ်ပိုင်းမျှသာ လုပ်ဆောင်ရမည်ဖြစ်သော်ငြား (နှိုင်းယှဉ်ပြောဆိုရသော် လူမှုရေး အရနှင့် စီးပွားရေးအရ အခွင့်ထူးခံ ဖြစ်သော်ငြား) သူမရောက်ရှိခင် ရှိနှင့်ပြီးဖြစ်သည့် လူမှုရေး နယ်ပယ်နှင့် အများအားဖြင့် ချိတ်ဆက် ဆောင်ရွက်ရမည် ဖြစ်သည်။ အဆိုပါ နယ်ပယ်အား အလွန်ကွာဟသည့် အာဏာဆက်စပ်မှုဖြင့် ဖော်ပြထားသည် (၎င်းအာဏာဆက်စပ်မှု ကွာခြားခြင်းသည် ဒေသခံများနှင့် ရဲများအကြား ပြောင်ပြောင်တင်းတင်းဖြစ်ပွားသည့် ပဋိပက္ခ ပုံစံ ဆောင်ပါသည်)။

De Sousa Santos လေ့လာသည့် အကြောင်းအရာမှာ ပျံကျရပ်ကွက် နေသူများ ဖြစ်ကြသည်။ ပျံကျရပ်ကွက်တွင် နေထိုင်သူများတွင် အတန်းပညာ အနည်းငယ်သာရှိကြသူများ သို့မဟုတ် ရဲများ၏ လူမဆန်စွာ ပုံမှန်ဆက်ဆံခံရလေ့ရှိသည့် အဖိနှိပ်ခံ အာဏာနည်းပါးသည့် လူများ ဖြစ်ကြသည်။ de Sousa Santos က လေ့လာသော အကြောင်းအရာလူများသည် ၎င်းအား ပြင်ပလူအဖြစ် မြန်မြန်ဆန်ဆန် သိမြင်လာစေခြင်း သာမက ရာထူးဌာန္တရမြင့်မားပြီး သိက္ခာရှိ ပညာတတ်အဖြစ်ပါ ရှုမြင်လာစေပြီး ပျံကျ လူတန်းစားအတွက် အန္တရာယ်ကောင်အဖြစ် ရှုမြင်ကြကြောင်း ထောက်ပြလိုရင်းက စာရေးသူတို့ အဓိက ရည်ရွယ်လိုသည့် အချက်ဖြစ်သည်။ သုတေသနအရဆိုသော် ဤကဲ့သို့ ဆိုးဝါးလှသည့် ပြဿနာ လက္ခဏာများ တွေ့ရှိရပါက သမာသမတ်ကျသည့် ဗျူဟာသည်လည်း အငွေ့ပျံပျောက်ကွယ် သွားပေမည်။ အမှန်အားဖြင့် ထိုကဲ့သို့ နည်းဗျူဟာတစ်ခုတွင် မည်သည့် အကြောင်းအရာ အမြဲ ပါဝင်ရမည်အား မေးခွန်းထုတ်ရန် သင့်လျော်ပါသည်။ နစ်နာသူများနှင့် ကျူးလွန်သူများအကြား အကွာအဝေးတူတူ ခွဲခြားထားရန် လိုအပ်လိမ့်မည်လား? ထို့အပြင် လက်တွေ့ကျကျ ပြောဆိုကြသောအခါ အဆိုပါအချက်က မည်သည့်အဓိပ္ပာယ် သက်ရောက်ပါသလဲ? အစောပိုင်းတွင် ထောက်ပြထားသည့် အချက်တစ်ခုအား ထပ်လောင်း ပြောဆိုရသော် သုတေသနရှိ နိုင်ငံရေးသည် ဒေသခံများနှင့် ရဲများအကြားရှိ အာဏာဆက်စပ်မှုအတွက်သာ သတ်မှတ်ထားခြင်း (အဆိုပါအာဏာ ဆက်စပ်မှုအား မည်သို့ ဆွေးနွေးညှိနိုင်းသင့်သည် သို့မဟုတ် နားလည်သဘောပေါက်သင့်သည်) မဟုတ်ဘဲ အဆိုပါအကြောင်း အရာလူများနှင့် de Sousa Santos ကိုယ်တိုင်အကြားရှိ ဆက်နွယ်မှုများအား ချိုင်မိစေခြင်း ဖြစ်ပါသည်။ အခြေအနေအား ထိန်းသိမ်းရန်အတွက် သုတေသီတွင် အာဏာလုံးဝမရှိကြောင်း တဒင်္ဂမျှ ယူဆရပြီး သူဆောင်ရွက်မည့် ကိုယ်ပိုင် အစီအစဉ်အား တစ်ဦးတည်း ရေးဆွဲစေပါသည်။

သုတေသနနိုင်ငံရေးအား ထိထိရောက်ရောက် သရုပ်ဖော်နိုင်သည်သာမက အများခေါ်ဆိုကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံအခြေအနေတွင် ၎င်းသုတေသနအား အကောင်အထည်ဖော်ခြင်းတို့ကြောင့်ပါ အထက်ပါဖြစ်စဉ်သည် မှတ်သားဖွယ် ဖြစ်သည်။ ဆက်သွယ်မှုသည် အကျိုးအကြောင်းသင့် ခြေခြေမြစ်မြစ် ဖြစ်ပေါ်လာနိုင်သည့် တစ်စုံတစ်ခုဖြစ်ပြီး မတော်တဆလည်း ဖြစ်ပေါ်လာနိုင်သည်။ ဤသို့အားဖြင့် ကြုံတွေ့ရသည့် ပြဿနာများသည် ဖွံ့ဖြိုးဆဲ နိုင်ငံများသာ သီးသန့် ကြုံတွေ့ရကြောင်း စာရေးသူက မဆိုလိုပါ။ ဆန့်ကျင်ဘက်အနေဖြင့်မူ ပဋိပက္ခသည် လူမှုအဖွဲ့အစည်းအားလုံးတွင် အဓိက တွေ့ကြုံရသည့် လက္ခဏာတစ်ရပ်ဖြစ်ပြီး ဥပဒေရေးရာ ကိစ္စရပ်များတွင် အထူးကြုံတွေ့ရသည့်အတွက် လူမှုရေးရာဥပဒေသုတေသန အများအပြား ယေဘုယျအားဖြင့် ဆောင်ရွက်ရန် လိုအပ်သည်။ သုတေသီ၏ ကိုယ်ပိုင်လက္ခဏာ၊ သုတေသန အကြောင်းအရာများအား သတ်မှတ်ခြင်း၊ ပြင်ပလူဖြစ်ခြင်းကြောင့် ပေါ်ပေါက်လာသည့် ပြဿနာအား ကျော်လွှားခြင်း၊ အချက်အလက်များ လက်လှမ်းမီ ရရှိခြင်း၊ စုဆောင်းခြင်း၊ တည်ဆောက်ခြင်းနှင့် ဂုဏ်သိက္ခာပိုင်းအရ ထိန်းသိမ်းခြင်းတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ

အစရှိသည်တို့သည် ပညာရပ်အတွက် ရှိရင်းစွဲ အခြေခံအစိတ်အပိုင်းများ ဖြစ်ကြသည် (အခြားပညာရပ်များအတွက်လည်း အလားတူပင် ဖြစ်သည်)။ သို့ရာတွင် ပြင်းထန်သည့် လူမှုရေးဖိအားအောက်တွင် လူ့အဖွဲ့အစည်းနှင့်အတူ (သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်း) မရေမရာ တည်ရှိနေသည့် မတူညီသည့် ဥပဒေအဖွဲ့အစည်းများအား ယှဉ်တွဲခိုင်းနှိုင်းခြင်းသည် နှစ်ဖက်စလုံးအပေါ် အပြန်အလှန် မတန်တဆ ဝန်ပိစေသည်ဟု သံသယ အနည်းအကျဉ်း ဝင်စေသည်။ ထို့ကြောင့် ဤသံသယသည် ၎င်းဆက်နွယ်မှုများအား စုံစမ်းဖော်ထုတ်ရာတွင် သုတေသီများအတွက် အဓိကပြဿနာများအား ပြန်လည် ဖြစ်ပေါ်စေသည်။

အများခေါ်ဆိုကြသည့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအကြားတွင် မျှမျှတတ မရှိဘဲ လိုသည်ထက်ပို၍ ကွဲပြားခြားနားချက်များ ရှိနေသည့်အတွက်ကြောင့် စိတ်ခံစားချက် ပြင်းထန် မပေါက်ကွဲသင့်သည်မှာ သိသာထင်ရှားပါသည်။ ဥပမာအားဖြင့် ဥရောပနှင့် အမေရိကန် ပြည်ထောင်စုတို့ရှိ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များသည် ကြီးမားသည့် မနိုင်ဝန် ထမ်းနေရပြီး ဤအချက်သည် သုတေသီများအတွက် ပြဿနာများ ဖြစ်ပေါ်စေသည်။ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူမှုရေးပဋိပက္ခများ၏ နက်ရှိုင်းမှုနှင့် ပြင်းထန်အားတို့သည် တရားမျှတမှုစနစ် အတွင်း ၎င်းတို့၏ ဂယက်ရိုက်ခတ်မှုများနှင့်အတူ သုတေသနအား ကြေးကြီးကြီး လောင်းကြေးထပ် ဆောင်ရွက်စေပြီး အကျိုးဆက်အားဖြင့် သုတေသီများ ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ဖိအားကြီးကြီးမားမား ရရှိစေပါသည်။ လက်တွေ့ကျကျ ဆိုရသော် Becker ၏ မေးခွန်းဖြစ်သည့် ‘သင် ဘယ်သူ့ဘက်က ရပ်တည်သလဲ?’ သည် မေးခွန်းမျှသာ ထွက်ပေါ်လာခြင်း မဟုတ်ဘဲ လူ့အဖွဲ့အစည်းအဆင့်တွင်မူ ပို၍ တက်တက် ကြွကြွနှင့် ကြိမ်ဖန်များစွာ အကောင်အထည်ဖော်ရမည် ဖြစ်သည်။၅

ယခင်က ဖော်ပြပြီးဖြစ်သကဲ့သို့ စီမံကိန်း၏ နောက်ခံအကြောင်းအရာဖြစ်သည့် ဘရာဇီးနိုင်ငံရှိ ကျေးလက်နေမြေယာမဲ့များ၏ ရုန်းကန်လှုပ်ရှားမှုများအကြောင်းနှင့် ယှဉ်၍ သုတေသန နိုင်ငံရေးအား ဤအခန်းက ကိုင်တွယ်ဖြေရှင်းပါသည်။ နှစ်စဉ်နှစ်တိုင်း လူဒါဇင်နှင့် ချီ၍ လုပ်ကြံခံနေရပြီး ပြဿနာသည် ကမ္ဘာ့စိုက်ပျိုးရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံတွင် မြေယာပိုင်ဆိုင်မှု၊ အသုံးချမှုနှင့် မြေယာခွဲဝေမှုတို့နှင့် သက်ဆိုင်ပါသည်။ မြေယာများအား မညီမမျှ ခွဲဝေထားပြီး ဘရာဇီး လူ့အဖွဲ့အစည်း၏ ထိပ်ဆုံးအပိုင်းရှိ လူများအား ခိုင်ခိုင်မာမာ အကာအကွယ် ပေးထားသည်။ ထို့ကြောင့် ပဋိပက္ခများသည် အလွန်ပင် နက်ရှိုင်းသည်မှာ အသေအချာ ဖြစ်သည်။ သုတေသနစီမံကိန်းကိုယ်တိုင်သည်ပင် လူမှုရေးရာဥပဒေအပေါ် သိသိသာသာ အခြေပြုထား ပါသည်။ မြေယာများအား ပို၍ သာတူညီမျှ ခွဲဝေရေးအတွက် ရုန်းကန်နေရသည့် လူထုလှုပ်ရှားမှုရှိ ဥပဒေဆိုင်ရာအချက်များအား ခွဲခြမ်းစိတ်ဖြာလေ့လာရန် စီမံကိန်းက အားထုတ်ကြိုးပမ်းသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် ပြဿနာအပေါ် အစိုးရ၏ ဥပဒေဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက် များကိုလည်း လေ့လာပါသည်။ မြို့နေ ပုံကျရုပ်ကွက် (de Sousa Santos ကို ဦးတည်လေ့လာသည်) တွင် နေထိုင်သည့် ဒေသခံများရှိ နောက်ကွယ်တွင် တိမ်မြုပ် နေသည့်

နိုင်ငံရေးအနေအထားကို အလေးထားရှာဖွေခြင်းထက် လူထုလှုပ်ရှားမှု တစ်ခုအနေဖြင့် ဆောင်ရွက်သည့် နိုင်ငံရေးအနှစ်သာရရှိပြီး အားလုံးပါဝင်သည့် နိုင်ငံအနှံ့ ကျေးလက်ဒေသလှုပ်ရှားမှုဖြစ်သော Movimento dos Trabalhardores Rurais Sem Terra သို့မဟုတ် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (Landless Workers' Movement) (ဤနေရာမှစ၍ အတိုကောက် MST ဟုသာ ခေါ်ဝေါ်သုံးစွဲသွားမည်) ကို စာရေးသူက ပို၍ စိတ်ဝင်စားပါသည်။ ၎င်းလှုပ်ရှားမှု၏ ဆောင်ရွက်မှုနည်းဗျူဟာများမှာ အဓိကအားဖြင့် မြေယာ အမြောက်အများ သိမ်းဆည်းခြင်းတို့ကို ဦးတည်ထားပါသည်။ အဆိုပါ မြေယာသိမ်းဆည်း မှုကြောင့် ဥပဒေဆိုင်ရာ ပဋိပက္ခများကို အမြဲလိုလို ဖြစ်ပေါ်စေသည်။ လှုပ်ရှားမှု အတိုင်း အတာနှင့် အောင်မြင်မှုတို့ကြောင့် ၎င်းလှုပ်ရှားမှုသည် သုတေသနအကြောင်းအရာအဖြစ် အထူးပင် ဆွဲဆောင်ပါသည်။ အစိုးရအနေဖြင့် 'အာဏာကို လွန်လွန်ကျူးကျူး ကျင့်သုံးခြင်း'[၆] အကြောင်းအရာကိုမူ လေ့လာသွားမည် မဟုတ်ပေ။ အစိုးရနှင့်အပြိုင် သို့မဟုတ် အစိုးရနှင့် ကင်းကွာသည့် တရားဥပဒေနှင့်အညီ သိသာထင်ရှားသည့် ပုံစံများကိုလည်း လေ့လာသွားမည် မဟုတ်သည်မှာ အသေအချာပင် ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် အစိုးရဥပဒေနှင့် လူ့အဖွဲ့အစည်းတို့အကြား အပြန်အလှန် တုံ့ပြန်မှုများအား စူးစမ်းလေ့လာရန် စာရေးသူက စိတ်အားထက်သန်ပါသည်။ ထို့ကြောင့် စာရေးသူ စိတ်ပါဝင်စားသည့် ဒုတိယမြောက် အဖွဲ့အစည်းမှာ Ministerio Publico ခေါ် ပြည်သူ့ရေးရာ ဝန်ကြီးဌာန (Public Ministry) (ဤနေရာမှစတင်၍ MP အဖြစ် သုံးနှုန်းသွားမည်) ဖြစ်သည်။ ဤဝန်ကြီးဌာနသည် အစိုးရက တရားလိုဘက် ဥပဒေရေးရာ ဝန်ဆောင်မှုပေးသည့် ဌာနဖြစ်ပြီး ၎င်းဝန်ကြီးဌာန၏ အကြီးအကဲ မှာ ရှေ့နေချုပ်အဖြစ် ဆောင်ရွက်ပါသည်။ MP အား သုတေသနအကြောင်းအရာအဖြစ် ဆွဲဆောင်စေသည့် အချက်မှာ ၁၉၈၈ ခုနှစ် ပြည်သူ့ဖွဲ့စည်းပုံ အခြေခံဥပဒေကြောင့် ဖြစ်ပေါ်လာသည့် အခန်းကဏ္ဍပင် ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် အရေးပါသည့် အကြောင်းအရာ နှစ်ခု ပါဝင်ပါသည်။ ပထမအချက်မှာ တရားလိုဘက်ရှေ့နေများ အတွက် မက်လောက်စရာ လူမှုရေး လုပ်ငန်းစဉ်သာမက ပို၍ အစဉ်အလာကျသည့် တရားလိုဘက် ရှေ့နေလိုက်ပေးသည့် လုပ်ငန်းအား စတင်အပ်နှင်းသည်။ ဒုတိယအချက်မှာ ကျယ်ပြန့်သည့် အခွင့်အာဏာကို ဖြည့်စွက်ပေးခြင်းဖြင့် အဆိုပါလုပ်ငန်းစဉ်အား ဖွံ့ဖြိုးတိုးတက်စေပါသည်။ မြေယာပြုပြင် ပြောင်းလဲရေးကဲ့သို့ နယ်ပယ်တွင် အဆိုပါ လုပ်ငန်းစဉ်က မည်သည့် အကျိုးသက်ရောက်မှု ရှိသည်ကို စာရေးသူက သိလိုစိတ် ရှိခဲ့သည်။ ၎င်းမြေယာပြုပြင် ပြောင်းလဲရေးနယ်ပယ်တွင် ပြဿနာများသည် အချိန်အတော်ကြာ ပိုမို အခြေအနေဆိုးဝါး လာပြီးနောက် အများအာရုံ စိုက်မှုကို အသည်းအသန် လိုအပ်နေသည့် နယ်ပယ်လည်း ဖြစ်ပါသည်။

အမှန်အားဖြင့် သုတေသနအကြောင်းအရာသည် ဤအစီအစဉ်အတိုင်းသာမက ဤကဲ့သို့ အတိအကျအတိုင်းအဆဖြင့်ပါ တိုးတက်လာခြင်း မရှိပါ။ သုတေသန အကြောင်း အရာအား ကနဦးရေးဆွဲဖွံ့ဖြိုးစဉ်ကတည်းက အပြန်ပြန်အလှန်လှန် စဉ်းစားကာ စိစစ်ထားသည့် သီးသန့် ပြဿနာများနှင့် အံဝင်ဂွင်ကျစတင် ပေါ်ထွက်လာခဲ့သည်။ အောက်တွင် ဖော်ပြသွားမည့်

အပိုင်းသည် စီမံကိန်းဖြစ်တည်လာမှုနှင့် သက်ဆိုင်ပါသည်။ သုတေသန စီမံကိန်း ဖြစ်ပေါ်အောင် ဆောင်ရွက်ရာတွင် ရန်ပုံငွေရရှိမှုနှင့် အဓိကသတင်းပေးသူများနှင့် အချိတ်အဆက် ရရှိမှု၊ ပြင်ပလူဖြစ်သည့် စာရေးသူ၏ အခန်းကဏ္ဍ၊ စုံစမ်းလေ့လာရာတွင် စာရေးသူ မည်သို့ ရှာဖွေခဲ့သနည်းတို့ ပါဝင်သည်။ ထပ်မံ၍ ကိုယ်တိုင်ပြီးပြည့်စုံသည့် အဆင့်များထက် တစ်ချိန်တည်းဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များအပေါ် အသားပေးသင့်သည်။ ထို့ကြောင့် အောက်ဖော်ပြပါ ဆွေးနွေးချက်တွင် ပါဝင်သည့် တစ်သီးတစ်ခြား ရှိနေသည့် သဘော သဘာဝထက်စာပါက လိုသည်ထက်ပို၍ ရှည်လျားထွေပြား ဆွေးနွေးနေမှုအပေါ် အသားပေး ထားပါသည်။

# သုတေသနစီမံချက် ရေးဆွဲခြင်း

## နောက်ခံအကြောင်းအရာ

သုတေသနအမြင်ရှုထောင့်အရဆိုသော် စာရေးသူသည် ပြင်ပလူစင်စစ်ပင် ဖြစ်သည်။ အင်္ဂလန်နိုင်ငံတွင် နေထိုင်ပြီး ဥပဒေဌာနတွင် အလုပ်လုပ်ကိုင်နေသည့် စကော့လူမျိုးတစ်ဦး ဖြစ်၍ ဘရာဇီးနိုင်ငံသားများ၏ လူမှုရေးရာပြဿနာများအား စုံစမ်းလေ့လာရန် စတင် ဆောင်ရွက်သူ ဖြစ်သည်။ ထို့ကြောင့် အဆိုပါစုံစမ်းထောက်လှမ်းမှုကို ဆောင်ရွက်ရန်အတွက် မည်သည့်အရာက စာရေးသူအား အရည်အချင်းပြည့်ဝစေသည်ကို မေးမြန်းရန် ကျိုးကြောင်း ဆီလျော်ကြောင်း ထင်မြင်ရပါသည်။ အားလုံးပြီးစီးပြီးနောက် အင်္ဂလန်နှင့် စကော့တလန်တို့ရှိ ဥပဒေစနစ်များ အကြား ကွဲပြားခြားနားမှုများအား ကြာရှည် ဆွေးနွေးငြင်းခုံခဲ့ပြီးနောက် အတော်ပင် ကောင်းကောင်းနားလည်သဘောပေါက်ခဲ့ကြပြီး ဖြစ်သည့်အတွက် ဘရာဇီးနိုင်ငံနှင့် အင်္ဂလန် နိုင်ငံတို့ရှိ ဥပဒေစနစ်များအကြား ကွဲပြားခြားနားမှုများကိုလည်း ဆွေးနွေးခြင်း သို့မဟုတ် နားလည်ခြင်းမရှိဘဲ နှိုင်းယှဉ်ခြင်းကိုသာ လေးလေးနက်နက် ဆောင်ရွက်ခဲ့ပါသည်။ ဘရာဇီးနိုင်ငံ၏ ရောမဥပဒေစနစ်နှင့် ဗြိတိန်နိုင်ငံ၏ အင်္ဂလိပ်ရိုးရာဥပဒေစနစ် တို့အကြား နှိုင်းယှဉ်ခြင်းများသည် အမျိုးအစားအခြေခံခွဲခြားသည့် ရည်ရွယ်ချက်အတွက် အသုံးဝင် ပေလိမ့်မည်။ သို့တည်းမဟုတ် အတော်ပင် မနီးယိုးစွဲတူညီသည့်အရာများအား နှိုင်းယှဉ်ခြင်းတို့ အတွက် အသုံးဝင်ပေသည်။ သို့သော် ဘရာဇီးနိုင်ငံ ဥပဒေနှင့် လူမှုအဖွဲ့ အစည်းတို့အကြားရှိ ဆက်နွယ်မှုအား အမျိုးမျိုး အဖုံဖုံ အကောင်အထည်ဖော်ခြင်း သို့မဟုတ် ပြဿနာဖြစ်ပေါ် စေသည့် သဘောသဘာဝတို့နှင့် သက်ဆိုင်နေသမျှ အဆိုပါ နှိုင်းယှဉ်ခြင်းအား အပြည့်အဝ နားလည်သဘောပေါက်နိုင်မည် မဟုတ်ချေ။ ထိုကဲ့သို့ စနစ်တစ်ခုမည်သို့ သက်ဝင် ဆောင်ရွက်ကြောင်း ပို၍ အသုံးဝင်သည့် အမြင်တစ်ခုနှင့် စာရေးသူအနေဖြင့် အမှန်တကယ် တွေ့ကြုံရသည့် အခက်အခဲများအား ရှေးဟောင်းဘရာဇီးဆိုရိုးစကားတစ်ခုဖြစ်သည့် '*a lei é para o ingles ver*' ဖြင့် ဖော်ပြနိုင်သည်။ တိုက်ရိုက်အဓိပ္ပာယ်မှာ အင်္ဂလိပ်လူမျိုးအတွက် ဥပဒေသည် ကြည့်ရှုရန်မျှသာ ဖြစ်ကြောင်းပင်။ တစ်နည်းအားဖြင့်ဆိုသော် ဥပဒေသည် အလှပြရန် တန်ဆာဆင်ခြင်းမျှသာ ဖြစ်သည်။

ဤဆိုရိုးစကား၏ မူလဇစ်မြစ်သည် လုံးဝ မရှင်းလင်းပေ။ ဖြစ်နိုင်သည့် အကြံပြုချက်တစ်ခုမှာ ဘရာဇီးနိုင်ငံသို့ တရားမဝင် ကျွန်ကုန်ကူးခြင်းအား တားမြစ်သည့် ၁၈၃၁ ခုနှစ် ဥပဒေမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ၎င်းဥပဒေအား အင်္ဂလိပ်လူမျိုးများက ဖိအားပေးသည့်အတွက် ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ အလွန်အရေးကြီးသည့်အချက်မှာ ဥပဒေ၏ ရည်ရွယ်ချက်သည် ကျွန်ကုန်ကူးခြင်းကို အဆုံးသတ်စေလိုခြင်းမဟုတ်ဘဲ ဆက်လက် ကျွန်ကုန်ကူးနေစေရန် အလို့ငှာ (အမှန်တကယ်လည်း ဆက်လက်ကျွန်ကုန်ကူးနေသည်) ထိုကျွန်ကုန်ကူးခြင်းကို ရပ်တန့်စေရန် အားထုတ်မှုအဖြစ် မြင်စေရုံမျှသာ ဖြစ်သည်။ ရလဒ်မှာ သမိုင်းကြောင်းဆိုင်ရာ အမှတ်အသား ထင်ထင်ရှားရှား ရှိသည့် ဥပဒေဖြစ်သော်ငြား ထိထိရောက်ရောက် အကြောင်းအရာများ မပါဝင်သည့် ဥပဒေဖြစ်ခဲ့သည်။ ဥပဒေသည် အလှပြရန် တန်ဆာဆင်ခြင်းမျှသာ ဟူသည့် ဆိုရိုးစကား *a lei é para o ingles ver* အသုံးအနှုန်းအား အထိမိစေဆုံး အရာမှာ အကျယ်တဝံ့ ရေးသားပြောဆိုရာတွင် ၎င်းဥပဒေအား သိသိသာသာ ဆက်လက် အသုံးပြုခြင်း ဖြစ်သည်။ ၎င်းသည် ဥပဒေစနစ်တစ်ရပ်ရှိ မကောင်းခြင်းများကို ပြစ်တင်ရှုံ့ချချက် ဖြစ်သည်မှာ သိသာထင်ရှားပါသည်။ ကိုယ်တိုင်ဆောင်ရွက်လိုစိတ် ကြီးကြီးမားမားဖြင့် နောက်ပိုင်း ကြိုးကိုင်ချယ်လှယ်လိုခြင်းအား ဖော်ပြပါသည်။ သို့သော်ငြား ဥပဒေသုတေသီများသည် ၎င်းတို့ဆောင်ရွက်ချက် အခြေအနေများအပေါ် အာရုံစိုက်ခြင်းထက် အဖွဲ့အစည်းများနှင့် ဥပဒေများအပေါ် နည်းလမ်းတကျဖြစ်မှုကို အာရုံစိုက်နေခြင်း၏ အန္တရာယ်ရှိကြောင်း ဥပဒေ သုတေသီများအား အသုံးဝင်သော သတိပေးချက် တစ်ရပ်အဖြစ် အမှတ်မထင် ဖြစ်စေပါသည်။ ထိုကဲ့သို့ လှုပ်ရှားပြောင်းလဲနေသည့် ဥပဒေ သို့မဟုတ် ဥပဒေ၏ အနှစ်သာရဖြစ်သည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတို့အား အလေးဂရုပြုရန် ပျက်ကွက်ခြင်းသည် ဥပဒေအား ရှင်သန်အောင် ပြောင်းလဲရာတွင် မှားယွင်းမှုကို ကြိမ်ဖန်များစွာ ဖြစ်စေသည်။ ထို့အပြင် လက်ခံ ကျင့်သုံးမည့်သူက လက်မခံဘဲ ပယ်ချခြင်း သို့မဟုတ် အနှစ်သာရအား ဖျက်ဆီးပစ်ခြင်းတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းပင် ဖြစ်ပါသည်။

၁၉၈၀ ခုနှစ် နောက်ပိုင်းကာလများတွင် ဘရာဇီးနိုင်ငံ၌ ဆောင်ရွက်ခဲ့သည့် ယခင်သုတေသနမှတဆင့် ဤအချက် (အရည်အသွေးအကြောင်းမေးခွန်းအတွက် အဖြေတစ်စိတ်တစ်ပိုင်း) အား စာရေးသူက အချို့ သိရှိလက်ခံထားပြီး ဖြစ်သည်။ ဆာအိုပေါ်လိုမြို့ရှိ ကက်သလစ်ကျောင်းတော်နှင့် အလုပ်သမားသမဂ္ဂများအကြားရှိ ဆက်နွယ်မှု[၇]အား လေ့လာထားသည့် စာရေးသူ၏ ပါရဂူဘွဲ့သင်ခန်းစာတွင် ဥပဒေသည် လူထုလှုပ်ရှားမှုများအပေါ် ကြီးကြီးမားမား အကျိုးသက်ရောက်ကြောင်း မမျှော်လင့်ဘဲ တွေ့ရှိခဲ့သည်။ ဘရာဇီး အလုပ်သမားသမဂ္ဂများသည် ကမ္ဘာပေါ်တွင် အထိန်းချုပ်ခံရဆုံးအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိခဲ့သည်။ မူဆိုလီနီလက်ထက် ချမှတ်ခဲ့သည့် ၁၉၃၀ ပြည့်နှစ် အလုပ်သမား ဥပဒေများ (Carta del Lavoro) ကြောင့် အတိအလင်း ဖြစ်ပေါ်လာသည့် စည်းမျဉ်းများနှင့်အညီ ၎င်းအလုပ်သမားသမဂ္ဂများသည် ရည်ရွယ်ချက်ရှိရှိ ဗဟိုကချုပ်ကိုင်၍ ပြုပြင်ပုံဖော်ခြင်း ခံရသည်။ ရည်ရွယ်ချက်မှာ သဘောတူညီချက် ထွက်ပေါ်လာစေရန် ဖြစ်သည်။ ရှုပ်ထွေးပြီး အလွန်အောင်မြင်ခဲ့သည့် ဗဟိုက

ချုပ်ကိုင်၍ ပြုပြင်ပုံဖော်ခြင်းခံရသည့် စနစ်သည် ၁၉၇၀ ပြည့်လွန် နှစ်လယ်ကာလများတွင်မူ ၎င်းကိုယ်တိုင်အမြီးအမောက်မတည့်မှုများ၏ ဖိအားအောက်တွင် စတင်ကွဲကြေလာသည်။ အခြားစကားဖြင့် ဆိုရသော် အလုပ်သမားများက အုံလိုက်ကျင်းလိုက် ဆန့်ကျင်ဆန္ဒပြလာကြသောအခါ ဥပဒေ၏ အဖိနှိပ်ဆုံးအပိုင်းများကို ရှေ့တန်းတင်လာကြသည်။ အမှန်အားဖြင့် ဤသို့ဖြစ်ရသည်မှာလည်း ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဘရာဇီးနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သူ အလုပ်သမားသမဂ္ဂ ခေါင်းဆောင် Luis Inácio Lula da Silva ကို ၎င်း၏ ဆောင်ရွက်မှုများကြောင့် ၁၉၈၀ ပြည့်နှစ်တွင် ထောင်သွင်းအကျဉ်းချခြင်းကြောင့် ဖြစ်သည်။ ကျန်သည့် အပိုင်းကမူ ၎င်းတို့ ပြောကြားသကဲ့သို့ သမိုင်းက ဖန်တီးသွားခြင်း ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်လွန် နှောင်းပိုင်းကာလ သို့မဟုတ် ၁၉၈၀ ပြည့်နှစ် အစောပိုင်းကာလများက ဖြစ်ပေါ်ခဲ့သည့် သပိတ်များက စစ်အာဏာရှင်စနစ်အား အလဲထိုးခဲ့ပြီး ထိုအချိန်မှစ၍ လုံးဝ နာလန်ပြန်မထူနိုင်ခဲ့ချေ။ လူမှုရေးရာဥပဒေ ရှုထောင့်အရဆိုသော် အထူးစိတ်ဝင်စားစရာ ကောင်းသော်လည်း လေ့လာသူ အများအပြား၏ အာရုံစိုက်မှု လွတ်သွားဟန်ရှိသည့် အကြောင်းအရာမှာ ဆယ်စုနှစ်ပေါင်းများစွာ အာဏာဆုပ်ကိုင်ထားသူများအတွက် သေရေးရှင်ရေးတမျှ အရေးပါသည့် ဤဥပဒေရှိ အဓိက မဏ္ဍိုင်များသည် တရွေ့ရွေ့ ဆုတ်ယုတ်သွားကြပြီး အခွံလွတ်အဖြစ်သာ ကျန်ရှိတော့ရှိသည်။ ဥပဒေသည် ပြဋ္ဌာန်း ဥပဒေများအား မှတ်တမ်းတင်ထားသည့် ဥပဒေပေါင်းချုပ်စာအုပ်ထဲတွင်သာ ကျန်ရှိတော့သည်။ သို့ရာတွင် တရားသူကြီးများသည် အဆိုပါဥပဒေအား အသက်မသွင်းသည်မှာ ကာလအတော် ကြာပြီ ဖြစ်သည့်အပြင် အစိုးရ သို့မဟုတ် အလုပ်ရှင်များကလည်း ၎င်းကို စမ်းသပ်အသုံး မပြုတော့ချေ။ ဥပဒေအား ဖြစ်ရပ်များက ထိထိရောက်ရောက် ကျော်နင်းလွှမ်းမိုးသွားသည့်အတွက်ကြောင့် ဖယ်ထုတ်ခံခဲ့ရပါသည်။

ဤကဲ့သို့ လူမှုရေးရာရန်းကန်လှုပ်ရှားရသည့် အခြေအနေအောက်တွင် စာရေးသူ၏ စိတ်ဝင်စားမှုနယ်ပယ်အသစ်ဖြစ်သည့် မြေယာအတွက် ရုန်းကန်မှုများ၌ လက်ဝယ်ပိုင်ဆိုင်ခြင်းသည် ဥပဒေကြောင်းအရ (၉၀) ရာခိုင်နှုန်းလောက် သေချာကြောင်း စာရေးသူက ယုံကြည်သည်မှာ အံ့သြစရာ မဟုတ်ပေ။ ဤအချက်က အကြောင်းကိစ္စအဖြစ် အမှန်ပင် ပေါ်ထွက်လာသည်။ မြေယာပြုပြင်ပြောင်းလဲရေး ဥပဒေသည် ဥပဒေပေါင်းချုပ်စာအုပ်ထဲတွင် ဆယ်စုနှစ်ပေါင်းများစွာ ရှိနေခဲ့သော်ငြား ဥပဒေ၏ အစိတ်အပိုင်းအများစုသည် အသက်မဝင်သည်မှာ အတော်ပင် ကြာမြင့်ခဲ့ပြီး ဖြစ်သည်။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ ရှုပ်ထွေးပြီး ဤနေရာတွင်သာ ဖော်ပြနိုင်သည်။ ဥပဒေပြုလွှတ်တော်အမတ်အများစုအတွက်မူ ဤဥပဒေ သည် '*lei para o ingles ver*' ကဲ့သို့ ပြုပြင်ပြောင်းလဲရေးကို ဆောင်ကြဉ်းလာခြင်းထက် ကြိုတင်ဟန့်တားရန်သာ ရည်ရွယ်ကြသည်။ ထို့ကြောင့် အစကတည်းကပင် ၎င်းဥပဒေသည် အားနည်းချက်များ ရှိခဲ့သည်။ ဒုတိယအချက်အနေဖြင့် ပြုပြင်ပြောင်းလဲရေးကို တွန်းအားပေး ရုံသာမက ဖြစ်ပေါ်စေသည့် အကြောင်းရင်းလည်းဖြစ်သည့် တောင်သူလယ်သမားများ၏ အောင်မြင်သည့် ထိပ်တိုက်တွေ့ဆုံပွဲများအစား ဥပဒေ၏ သိသာထင်ရှားသည့် အပိုင်းများအား စစ်အာဏာရှင် (၁၉၆၄-၈၅ ခုနှစ်) က

ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။ စစ်အာဏာရှင်ရှေ့ကျသော အရင်အစိုးရဖြစ်သည့် João Goulart အစိုးရက တက်တက်ကြွကြွနှင့် ဆောင်ရွက်ခဲ့သည့် မြေယာပြုပြင် ပြောင်းလဲရေး အနည်းအကျဉ်းကို ပိတ်ပင်တားဆီးလိုသည့်ဖေဖြင့် စစ်အာဏာရှင်က ထည့်သွင်းရခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် ဤအချက်သည် ဥပဒေ ရေးဆွဲရာတွင် (အတော်ပင် အာဏာရှင်ဆန်သည့်) အထက်မှအောက်ပုံစံ ဖြစ်ပါသည်။ ၎င်းဥပဒေအား အကောင်အထည်ဖော်ရာတွင် တရားသူကြီးများ၏ စိတ်ထဲရှိ နောက်ဆုံးကျန်ရှိသည့်အရာမှာ ပိုင်ဆိုင်မှုပစ္စည်းများနှင့် သက်ဆိုင်သည့် ပြုပြင်ပြောင်းလဲရေးသာ ဖြစ်သည်။ တရားသူကြီးများသည် ယဉ်ကျေးမှုအရ သာမက နိုင်ငံရေးအရပါ ရှိရင်းစွဲအတိုင်း နေသားကြသွားကြသည်။ အထူးသဖြင့် ၁၉ ရာစုနှစ်က ပိုင်ဆိုင်မှုပစ္စည်းနှင့် ပတ်သက်၍ နားလည်သဘောပေါက်မှုအတိုင်း အသားကျသွားကြသည်။ အကယ်၍ ၎င်းတို့ဆန္ဒရှိပါက တရားသူကြီးများအား အဆိုပါပစ္စည်းပိုင်ဆိုင်မှုကို ထိန်းသိမ်းခွင့်ပြုသည့် အခွင့်အာဏာကိုလည်း ထိန်းချုပ်နိုင်သည်။ ထိထိရောက်ရောက်ခုခံချေပသည့် ဆောင်ရွက်ချက်မရှိဘဲ အဆိုပါ အချက်များသည် ဥပဒေရေးရာ တုံ့ဆိုင်းမှုများအတွက် လမ်းစတစ်ခုအဖြစ် ၁၉၈၀ ပြည့်နှစ် အစောပိုင်း ကာလများအထိ ဖြစ်ပေါ်စေခဲ့သည်။

ဤကဲ့သို့ မကောင်းသည့် လက္ခဏာရပ်များအား သိသာထင်ရှားစွာ ဖော်ထုတ်ခြင်းသည် အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤလက္ခဏာရပ်များက စာဖတ်ပရိသတ်အတွက် အသိအမြင် ဖြစ်ပေါ်စေပြီး သုတေသနစီမံချက်တစ်ခုအား ကိုယ်တိုင်တည်ဆောက်ရာတွင် သိသိသာသာ အကျိုးသက်ရောက်စေပါသည်။ သို့ရာတွင် ၎င်းတို့သည် ရုပ်ပုံကားချပ်တစ်ခုလုံး၏ အစိတ်အပိုင်းတစ်ချို့မျှသာ ဖြစ်ကြသည်။ ဆိုးဝါးသည့်လက္ခဏာရပ်များက ဥပဒေအား ပြေလည်အောင် ဆောင်ရွက်စေသည့်တိုင်အောင် အခြားအကျိုးစီးပွားများအတွက် ဥပဒေသည် ဝှက်စာတစ်ခုမျှသာ မဟုတ်ချေ။ အမှန်အားဖြင့် ဥပဒေသည် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများတွင် ရှိလာနိုင်သည့် အခွင့်အာဏာကို (၎င်းတို့၏ အားနည်းချက်များနှင့်အတူ) သိမြင်လာစေရုံမျှသာ ဖြစ်သည်။ ထိုသို့သိမြင်လာခြင်းဖြင့် ပထမဆုံးနေရာတွင် သုတေသနစီမံကိန်းအား စာရေးသူက ဦးတည်အကောင်အထည်ဖော်နိုင်စေခဲ့သည်။

ထိုအချိန်က စာရေးသူ သတိမထားမိခဲ့သော်ငြား ချက်ချင်းတွန်းအားပေးခဲ့သည့် အကြောင်းအရာမှာ ၁၉၉၂ ခုနှစ် လန်ဒန်တွင် စာရေးသူနားဆင်ခဲ့ရသည့် ဘရာဇီးနိုင်ငံ၏ ရှေ့နေချုပ်ဖြစ်သူ Aristedes Junqueira ပြောကြားသည့် မိန့်ခွန်းပင် ဖြစ်သည်။ သူ့မိန့်ခွန်း၏ ဆိုလိုရင်းမှာ ဘရာဇီးနိုင်ငံ၏ သမ္မတဖြစ်သူ Fernando Collor အား လာဘ်စားသည်ဟူသော စွပ်စွဲချက်များဖြင့် စွပ်စွဲပြစ်တင်ခြင်း ဖြစ်သည်။ ဤစွပ်စွဲပြစ်တင်ချက်သည် ဥပဒေသည် အလုပ်ပြရန် တန်ဆာဆင်ခြင်းမျှသာဟူသည့် ဆိုရိုးစကား '*a lei é para o ingles ver*' ၏ အခြားသော သာဓကတစ်ခု အမှန်ပင် ဟုတ်ပါသလား? ထိုအချိန်က စာရေးသူ၏ ခံစားချက်မှာ အကယ်၍ ရှေ့နေချုပ်သည် မည်သည့်အကြောင်းအရာအား ပြောကြားသည်ကို တကယ်ပင် နားလည် သိရှိပါက သူ့အနေဖြင့် စွပ်စွဲပြစ်တင်ချက်အောင်မြင်ရန် အလားအလာမရှိဘဲ ဘဝနှင့် ရင်းပြီး

ကစားနေခြင်းပင် ဖြစ်သည်။ သမ္မတ Collor အား ကျောထောက်နောက်ခံ ပေးသူများသည် အလွန်ပင် အာဏာကြီးမားကြသည်။ သို့သော် အဆိုပါ ဖြစ်ရပ်တွင်မူ စာရေးသူ ထင်မြင်ချက်သည် မှားယွင်းခဲ့သည်။ သမ္မတသည် စွပ်စွဲပြစ်တင်ခံရပြီး သူ၏ နိုင်ငံရေး သက်တမ်းတစ်လျှောက် နလံပြန်မထူနိုင်အောင် အလဲထိုးခံခဲ့ရသည်။ ရှေ့နေချုပ်၏ ပုံရိပ်နှင့် သြဇာတိက္ကမသည်လည်း အလျှင်အမြန် ကြီးထွားလာသည်။ ပိုသေချာသည်မှာ သူ့ထောက်ခံသူ အများအပြားက သမ္မတ Collor အား ဖယ်ကြဉ်ခဲ့သည်။ ရှေ့နေချုပ်၏ ကျားကုတ်ကျားခဲ အလျှော့မပေး ကြိုးစားမှုသည် သမ္မတနှုတ်ထွက်ရခြင်းအတွက် အဓိကအခန်းကဏ္ဍက ပါဝင် ခဲ့သည်မှာ အထင်အရှား ဖြစ်ပါသည်။ အဆုံးအဖြတ်ပေးသည့် ဥပဒေဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်များအတွက် အခွင့်အလမ်း အမြဲရှိကြောင်း ထင်မြင်ရပါသည်။

ဤဖြစ်ရပ်သည် သမိုင်းတစ်လျှောက် ထူးခြားသည့်အခိုက်အတန့်ဖြစ်ပြီး သိသာ ထင်ရှားဆုံးနှင့် ပြိုင်ဘက်ကင်း ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ ဖြစ်ရပ်များသည် ထူးခြားသည်မှာ အသေအချာပင် ဖြစ်သည်။ ထို့ကြောင့် စာရေးသူအနေဖြင့် ထပ်မံ၍ အတော်ကလေး အံ့သြရ သည်မှာ ရှေ့နေချုပ်၏ လက်ထောက်ဖြစ်သူ Alvaro Augusto Costa Ribeiro က နှစ်အနည်းငယ် အကြာတွင် ဗြိတိန်နိုင်ငံ လွှတ်တော်ရှိ ကော်မတီအခန်းတွင် ဘရာဇီးနိုင်ငံ၏ လူ့အခွင့်အရေး မှတ်တမ်းနှင့် ဥပဒေစနစ်၏ အခန်းကဏ္ဍအကြောင်း လာရောက်ပြောကြားသည့် အခါတွင် ဖြစ်သည်။ ရင်းရင်းနှီးနှီးပြောဆိုရသော် ဤမိန့်ခွန်းတွင် အချိတ်အဆက်တစ်ခုခု ရှိနေကြောင်း စာရေးသူက သိမြင်လိုက်သည့် အခိုက်အတန့်တွင် ဤမိန့်ခွန်းက ပို၍ အရေးကြီးသည့် အကြောင်း အရာပါရှိကြောင်း သက်သေပြလိုက်သည်။ လက်ရှိဖြစ်ပျက်နေသည့် အခြေအနေအပေါ် ပြောင်ပြောင်မြောက်မြောက် ဆင်ခြင်သုံးသပ်ချက်ကို ကြားမိခြင်းထက် ဥပဒေစနစ်၏ ကျဆုံးရခြင်းအပေါ် သိပ္ပံနည်းကျ လေ့လာဆန်းစစ်မှုကို ကြုံတွေ့နေရ ပါသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် တရားရေးဆိုင်ရာ အဖွဲ့အစည်းများအား အနှောင့်အယှက် ပေးနေကြသည့် ပြဿနာများ၏ ယခင်ဖော်ပြပြီး နက်ရှိုင်းမှုနှင့်အတူ ဤအချင်းအရာက တစ်စိတ်တစ်ပိုင်း လုပ်ဆောင်ရမည်မှာ အသေအချာပင် ဖြစ်သည်။ တစ်နည်းဆိုရသော် ရဲများက ကျူးလွန်သည့် လာဘ်စားမှုနှင့် ရာဇဝတ်မှုသက်သေ အမြောက်အများရှိပြီး ၎င်းနှင့် ပတ်သက်သည့် ဆိုးဝါးလှသည့် လူမှုရေးရာ နောက်ဆက်တွဲ ဆိုးကျိုးများရှိနေသောအခါ ရဲများအား ဦးတည် ဝေဖန်သည့် ပြည့်သူ့ဆန္ဒ သဘောထားကို မတောင်းခံရန်မှာ ဥပဒေကျင့်သုံးသူ အချို့အတွက် ခက်ခဲပါသည်။ အကယ်၍ သူက ပြုလုပ်ခဲ့ပါက ၎င်းတို့၏ လာဘ်စားမှုနှင့် ပြစ်မှုဆိုင်ရာ ကျူးလွန်မှုများအား ဖော်ထုတ်ရန် ခက်ခဲပါသည်။ အဖွဲ့အစည်းအချင်းချင်းကြား အားပြိုင်မှုများနှင့်အတူ ဝေဖန်ဆန်းစစ်မှု ပြုပါကလည်း ဖြစ်နိုင်ခြေရှိသည်။ အဖွဲ့အစည်းများ အကြား အားပြိုင်မှုများသည် သဘာဝအလျောက် ပွတ်တိုက်မှု ဖြစ်ပေါ်တတ်သည့် နယ်ပယ်ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ပြဿနာဖြစ်ပေါ်စေလေ့ရှိသည့် အချက်ဖြစ်လေ့ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ထိရောက်သည့် လုပ်နည်းလုပ်ဟန် သို့မဟုတ် နားလည်သဘော ပေါက်ခြင်း မရှိသည့်အပြင်

သဘောမတူဆန့်ကျင်သည့် အခြေအနေအောက်တွင် ပြန်လည် လေ့လာဆန်းစစ်ကြခြင်းကြောင့် ဖြစ်သည်။ ပြည်သူ့ရေးရာဝန်ကြီးဌာနနှင့်အတူ ရဲတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ် ကေန်မုချ ဖြစ်ပါသည်။ ပြည်သူ့ရေးရာဝန်ကြီးဌာနသည် ရဲများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အချက်များအပေါ် ပြင်ပမှ ထိန်းသိမ်းကြပ်မတ်သည့် လုပ်ငန်းဆောင်ရွက်သွားရန် မျှော်လင့်ရပါသည်။

Costa Ribeiro ၏ မိန့်ခွန်းကို ပြန်လှည့်ရသော် ကျွန်ုပ်အား သိသိသာသာ ဖမ်းစားထားသည့် အရာမှာ လူမှုရေးရာ ကတိကဝတ်များပါဝင်ကြောင်း ခံစားရခြင်းပင် ဖြစ်သည်။ လူမှုရေးရာကိစ္စရပ်များအား ဖြေရှင်းကိုင်တွယ်ရန် ရေးဆွဲထားသည့် ဥပဒေစီမံကိန်းတစ်ခုနှင့် ချိတ်ဆက်နေခြင်းကြောင့်လည်းဖြစ်ပါသည်။ နိုင်ငံရှိ ရာထူးအမြင့်ဆုံး ဥပဒေအရာရှိများအနက် တစ်ဦးက (၎င်းကိုယ်တိုင်ကမူ ဘရာဇီးနိုင်ငံ၏ ရှေးရိုးစွဲဆန်သည့် ဥပဒေအစဉ်အလာအား အလွန်အမင်း လက်ခံသော်ငြား) ပြုပြင်ပြောင်းလဲရေးများသည် အရေးတကြီး လိုအပ်ကြောင်း[၈] အကြံပြုသည်သာမက ဤပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်အတွက် ပြည်သူ့ရေးရာဝန်ကြီးဌာနအတွင်း ရေးဆွဲထားသည့် စီမံကိန်းတစ်ခုလည်း ရှိကြောင်း ပြောကြားပါသည်။ လူမှုရေးရာဥပဒေ သုတေသနရှုထောင့်အမြင်မှ ကြည့်လျှင် အလွန် ဆွဲဆောင်နိုင်သော ပေါင်းစပ်မှုတစ်ရပ်ပင် ဖြစ်သည်။ အလွန်လေးနက်သည့် မေးခွန်းများစွာ ပေါ်ပေါက်လာသည်။ အစိုးရ၏ ဤကဏ္ဍသည် အရေးပါသည့် ဥပဒေဆိုင်ရာ အမြင်ရှုထောင့်ကို မည်သို့ ဖွံ့ဖြိုးစေမည်လဲ? ဥပဒေဆိုင်ရာ စဉ်းစားချက်များက မည်သို့ သိသိသာသာ ရပ်တည်မလဲ? အကောင်အထည်ဖော်ရာတွင် မည်သည့် အခက်အခဲများကြုံတွေ့ရပြီး မည်သည့် မျှော်လင့်ချက်များ ရှိပါသလဲ? ဆန်းသစ်သည့် စီမံကိန်းတစ်ခုတွင် ဖြစ်နိုင်ခြေရှိသည့် မည်သည့် အကျိုးသက်ရောက်မှု ရှိပါသလဲ? စသည်တို့ ဖြစ်သည်။

## သတင်းအချက်အလက်ပေးသူများအား ဆက်သွယ်ခြင်း - ခက်ခဲသည့် အပေးအယူတစ်ခုလား?

စူးစမ်းလေ့လာလိုစိတ် စာရေးသူတွင် ဖြစ်ပေါ်လာပြီးနောက် ပြည်သူ့ရေးရာဝန်ကြီးဌာန၏ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုအချက်အချို့အား စုံစမ်းဖော်ထုတ်ရန် ဆန္ဒရှိခဲ့သည် (မည်သည့် အကြောင်းအရာအား စုံစမ်းမည်ကို အတိအကျမသိရသေးသော်ငြား မြေယာပြဿနာက စုံစမ်းဖော်ထုတ်ရန် ဖြစ်နိုင်ခြေရှိသည်)။ ဤအဆင့်တွင် အခြားအရာများထက် ပြင်ပလူဖြစ်ခြင်းကြောင့် အကျိုးရှိပါသည်။ ချက်ချင်းရိပ်မိနိုင်သည့် အထုပ်အပိုးများ မသယ်ဆောင်ဘဲ စာရေးသူက လာရောက်ပြီးနောက် ပြည်သူ့ရေးရာဝန်ကြီးဌာန၏ အလုပ်လက္ခဏာသွင်ပြင်များအား ဖွံ့ဖြိုးအောင် ရေးဆွဲရာတွင် စာရေးသူက ကူညီရှင်းပြရန် ဆန္ဒရှိပါသည်။ Warwick တက္ကသိုလ် ဥပဒေကျောင်းတွင် ပညာရှင်တစ်ဦးဖြစ်သည့် စာရေးသူ၏ ရာထူးဌာနန္တရက တကယ်ပင် အထောက်အပံ့ပေးပါသည်။ လူမှုရေးဆိုင်ရာ အဆင့်အတန်း အပေါ်

တစ်ဦးတစ်ယောက်၏ အမြင်က မည်သို့ပင် ရှိနေပါစေ အဆိုပါ အမြင်သည် ဤကဲ့သို့ အခြေအနေများတွင် အလေးသာ နိုင်သည်။ ၁၉၈၇ ခုနှစ်သို့ ပြန်လှည့်ကြည့်ပါက မိတ်ဆက်စာ မပါရှိဘဲ စာရေးသူ၏ ပါရဂူဘွဲ့ကွင်းဆင်းလုပ်ငန်းတစ်စိတ် တစ်ပိုင်းဖြစ်သည့် အင်တာဗျူး မေးမြန်းရန် ကြိုးစားရာတွင် အလွန်ပင် ခက်ခဲကြောင်း တွေ့ကြုံခဲ့ရသည်။ ထိုအချိန်က စာရေးသူ၏ ချဉ်းကပ်မှုလမ်းကြောင်းသည် လုံးဝ မှားယွင်းသည့် နည်းလမ်းဖြစ်ကြောင်း စာရေးသူ၏ သမီးရည်းစားဖြစ်သူက ရှင်းပြခဲ့ပါသည်။ သူမက စာရေးသူ၏ အတွင်းရေးမှူးအဖြစ် ဟန်ဆောင်ကာ စာရေးသူကိုယ်စား အင်တာဗျူးဖြေဆိုမည့်သူများအား ဖုန်းခေါ်ဆို၍ စာရေးသူက အင်္ဂလန်နိုင်ငံသို့ မပြန်ခင် ဤနိုင်ငံသို့ အလည်အပတ် ခရီးတိုလာခြင်း ဖြစ်ကြောင်း ရှင်းပြခြင်းဖြင့် စာရေးသူ၏ လူမှုအဆင့်အတန်း ဂုဏ်ဒြပ်ကို မြှင့်တင်ပေးခဲ့သည်။ ချက်ချင်း ဆိုသလို စာရေးသူ မအားတော့ချေ! နာရီအနည်းငယ်အတွင်း အင်တာဗျူးအကုန်လုံး ဆောင်ရွက်ပြီးစီးခဲ့သည်။ ရိုးစင်းသည့် သင်ခန်းစာတစ်ခုကို စာရေးသူသင်ယူခဲ့သည့် လုပ်ငန်းစဉ်အတွင်း ပြန်ပြောင်း တွေးမိသောအခါ သိသိသာသာ တွေ့မြင်ခဲ့ရသည်မှာ မတူညီသည့် လူများအား မတူညီသည့် နည်းလမ်းများဖြင့် ချဉ်းကပ်ရမည်ဖြစ်ပြီး အဆင့်အတန်း ဂုဏ်ဒြပ်သည် အရေးပါနိုင်ကြောင်းပင် ဖြစ်သည်။

အတော်ကလေး လွတ်လွတ်လပ်လပ်ရှိသည့် အနေအထား (ပြည်သူများနှင့် အဆင့်အတန်းမရွေး တိုက်ရိုက် အချိန်ပေးတွေ့ဆုံနိုင်ရန် စိတ်ဆန္ဒ ပိုရှိသည့် ဗြိတိန်နိုင်ငံ အလည်အပတ်ခရီးစဉ်) တွင် အဓိကသတင်းပေးသူတစ်ဦး (ဒုတိယရှေ့နေချုပ်) နှင့် တွေ့ဆုံခဲ့ ရသည့်အတွက် စီမံကိန်းအသစ်တွင် စာရေးသူသည် ပို၍ ကံကောင်းခဲ့သည်။ ပူးပေါင်း ဆောင်ရွက်ရန် ကတိကဝတ်ကို စာရေးသူ ရရှိခဲ့သည်။ ဤချဉ်းကပ်မှုကို မှီငြမ်း၍ အခြား ဖြစ်ရပ်နှစ်ခုတွင်လည်း အသုံးချခဲ့သည်။ ဥပမာ လယ်ယာကဏ္ဍပြုပြင် ပြောင်းလဲရေး ဝန်ကြီး Raul Jungmann က လန်ဒန်မြို့သို့ အလည်အပတ် လာရောက်သောအခါ အင်တာဗျူးရန် ခွင့်ပြုချက် ရရှိခဲ့သည်။ ထိုသို့ဖြစ်သည်မှာ အင်္ဂလန်နိုင်ငံမှ မထင်မရှား သုတေသီတစ်ဦးသည် လအနည်းငယ်ကြာသောအခါ ဘရာဇီးနိုင်ငံသို့ ရောက်ရှိလာမည်ဟု မျှော်လင့်မထား သောကြောင့် ဖြစ်နိုင်သည်။ ကိစ္စတော့ မရှိချေ။ စောင့်ကြပ်စစ်ဆေးသူများ၏ ကြားဝင် ညှိနှိုင်းမှုမလိုဘဲ သတင်းအရင်းအမြစ်ရရှိနိုင်သည့် နေရာတွင် အင်တာဗျူးခွင့် အသေအချာ ရှိခဲ့ပြီးဖြစ်သည်။ အကယ်၍ အဆိုပါ စောင့်ကြပ်စစ်ဆေးသူများ (လက်ထောက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ ဝန်ထမ်းများ အစရှိသည်ဖြင့်) က ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက လွယ်လင့်တကူ လက်သင့်ခံရန် ယုံကြည်မှုနှင့် အရှိန်အဝါအချို့ စာရေးသူတွင် ရှိပြီး ဖြစ်သည်။ အဆက်အသွယ်နှင့် ပတ်သက်၍ မည်သည့် အခက်အခဲမျှ မရှိပါ။

သီအိုရီအရ ပြောဆိုကြသော်ငြား စာရေးသူတွင် ပညာရှင်နှင့် ဥပဒေနယ်ပယ်မှ အဆက်အသွယ် နှစ်ဦးခန့်ရှိသည့်အတွက် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) အဖွဲ့ဝင် များအား ချဉ်းကပ်ရာတွင် ပိုမိုလွယ်ကူသော်လည်း လုပ်ငန်းအောင်မြင်မှုသည် ယုံကြည်မှု

မြင့်မြင့်မားမားကို လုံလုံလောက်လောက် တည်ဆောက်နိုင်မှုအပေါ် အလုံးစုံ မူတည်နေကြောင်းကိုလည်း စာရေးသူ သိမြင်ပါသည်။ လှုပ်ရှားမှုသည် အရပ်မျက်နှာစုံတို့မှ နှစ်ပေါင်းများစွာ အမြဲမပြတ် တိုက်ခိုက်ခံခဲ့ရပြီး အဖွဲ့ဝင်များသည် သေသည်အထိ လုပ်ကြံခံရခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်းနှင့် မီဒီယာများတွင် သွားပုတ်လေလွင့် ပြောဆိုခံရခြင်းတို့ ကြုံတွေ့ရလျက်ရှိသည်။ ထို့ကြောင့် မနှစ်သက်သည့် ပြင်ပလူဖြစ်သည့် အန္တရာယ်ကောင်အဖြစ် စာရေးသူအားရှုမြင်ခံရနိုင်သည့် အန္တရာယ် ရှိနေပါသည်။ ထိုကဲ့သို့ ထင်မြင်ခံရရန် စာရေးသူအနေဖြင့် ခွင့်မပြုနိုင်ချေ။ အမှန်အားဖြင့် စာရေးသူ၏ ပါရဂူဘွဲ့အတွက် ဆောင်ရွက်သည့် ကွင်းဆင်းလုပ်ငန်းမှာပင် မသိမသာ ကွဲပြားသည့် ပြဿနာပုံစံတစ်မျိုးအား စစချင်း တွေ့ကြုံခဲ့ပြီး ဖြစ်သည်။ ၎င်းသုတေသနများ ပြီးဆုံးလုနီးခင်တွင် အင်တာဗျူးဖြေဆိုသူ များအနက် တစ်ဦးက စာရေးသူအား ပြောကြားပါသည်။ စာရေးသူသည် ထောက်လှမ်းရေးအဖွဲ့တစ်ခုခုအတွက် အလုပ် လုပ်နေကြောင်း ဟုတ်မဟုတ် သူနှင့် အခြား အင်တာဗျူးဖြေဆိုသူ များက ဆွေးနွေးငြင်းခုံခဲ့ကြကြောင်း ပြောကြားပါသည်။ ၎င်းသည် ထင်မြင်ရသကဲ့သို့ စိတ်ကူးယဉ်စရာ မကောင်းပေ။ အမှန်အားဖြင့် အကြောင်းအရာတိုင်းသည် ယုံကြည်ရန် ခက်ခဲစေပြီး တင်ပြခဲ့သည်အကြောင်းအရာသည် ကျွန်ုပ်၏ ဇာတ်ကြောင်းမျှသာ ဖြစ်သည်။ အားလုံးပြီးဆုံးပြီးနောက် အင်္ဂလန်နိုင်ငံမှ တစ်စုံတစ်ယောက်က လက်တင်အမေရိက၏ အကြီးဆုံး သမဂ္ဂအတွင်းရှိ အတော်ကို မထင်မရှားဖြစ်သည့် ဆန့်ကျင်ဘက်သမဂ္ဂလှုပ်ရှားမှု အလားအလာနှင့် ၎င်း၏ ကက်သိုလစ်ကျောင်းတော်နှင့် ဆက်နွယ်မှုများအား ဘာ့ကြောင့် စိတ်ဝင်စားရပါသနည်း? ဤသုတေသနအတွက် မည်သူက ငွေကြေးထောက်ပံ့လိုမည်နည်းနှင့် ဘာ့ကြောင့် ငွေကြေးထောက်ပံ့သနည်း? ပညာရှင်များ အတွက်မူ ဤမေးခွန်းများအတွက် အဖြေအား သာမန်အသိဖြင့်တောင်မှ သိရှိသည်။ သို့သော် အစွန်းရောက်လှုပ်ရှားသူများ အတွက်မူ အတွေ့အကြုံမရှိသည့်အတွက် မသိရှိနိုင်ကြပေ။ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ၎င်းတို့၏ အမြင်သဘောထားများအား စာရေးသူ မဖယ်ရှားနိုင်ခဲ့ပေ။ သို့မဟုတ် ၎င်းအမြင် သဘောထားများအား စီမံကိန်းအတွင် အတော်ပါဝင်သည့်တိုင်အောင် လေးလေးနက်နက် ထည့်သွင်း စဉ်းစားရန် ပျက်ကွက်ခဲ့သည်။ မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) တုန်းကလို အလားတူ မှားယွင်းမှုမျိုး စာရေးသူအနေဖြင့် မပြုလုပ်ပေ။ ထို့ကြောင့် အစကတည်းကပင် လေ့ခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ် ချမှတ်ထားပြီး မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) ၏ ရည်ရွယ်ချက်များနှင့် နည်းလမ်းများအား လိုလားသည့် အချက်အား လျှို့ဝှက်ထားခြင်း မရှိပေ။ ၎င်းတို့လှုပ်ရှားမှုသည် တရားမျှတကြောင်း စာရေးသူက သတ်မှတ်သည်။ သို့သော် ထို့ကဲ့သို့ ပြောဆိုသော်ငြား စာရေးသူ၏ ရည်ရွယ်ရင်းကမူ မီဒီယာနှင့် မြေယာမဲ့ အလုပ်သမားလှုပ်ရှားမှု (MST) လက်ကမ်းစာစောင်တို့တွင် ပုံမှန် ဖော်ပြလေ့ရှိသည့် တိုက်ပွဲဝင် အချက်များထက် ၎င်းတို့လှုပ်ရှားမှုများရှိ အတော်ပင် သိသာထင်ရှား၍ တန်ဖိုးနိမ့်ချထားသည့် နယ်ပယ်ကို စူးစမ်းလေ့လာရန် ဖြစ်သည်။ ဆိုလိုသည်မှာ အမြင်ရှုထောင့်စုံဖြင့် ၎င်းတို့၏ ဥပဒေစနစ်၏ ဆက်စပ်နေမှုကို လေ့လာခြင်းဖြစ်သည်။

ဤနည်းဖြင့် စာရေးသူက လေ့ခွက်ချည်းကျန် အလံမလှဲ စိတ်ဓါတ်ဖြင့် နောက်ဆုံး ရလဒ် ရရှိအောင် စိတ်ပိုင်းဖြတ်သင့်ပါသလား? အမြဲလိုလို အကျပ်ရိုက်စေသည့် ဤကဲ့သို့ မေးခွန်းများအား သုတေသနဆောင်ရွက်စဉ်အတွင်း ကြိမ်ဖန်များစွာ ပေါ်ပေါက် လာပါသည်။ အင်တာဗျူးဖြေဆိုသူ သို့မဟုတ် စောင့်ကြပ်စစ်ဆေးသူနှင့် အဆက်အသွယ်လုပ်သောအခါတွင် လည်းကောင်း တွေ့ကြုံသည့် အခါတိုင်းနီးပါးတွင်လည်းကောင်း စာရေးသူဆောင်ရွက်သည့် သုတေသန၏ ရည်ရွယ်ချက်အား မေးမြန်းခြင်းခံရသည်။ စာရေးသူဖြေဆိုသည့် အဖြေသည် မေးမြန်းသည့် မေးခွန်းအပေါ်မူတည်၍ ဖြေဆိုသူပြောကြားမည့် တုံ့ပြန်ချက်များအပေါ် သက်ရောက်စေနိုင်ကြောင်း သိရှိသည်။ ထို့အပြင် အင်တာဗျူးဖြေဆိုသူများတွင် တစ်ခါတစ်ရံ ဆန့်ကျင်ဘက် အဖြေကဲ့သို့ မတူညီသည့် တုံ့ပြန်ချက်များ သိသာထင်ရှားစွာ ရှိနေကြောင်း စာရေးသူ သိရှိပါသည်။ စာရေးသူအနေဖြင့် အမြဲတစေ ရှေ့နောက်ညီညွတ်နိုင်မလား သို့မဟုတ် ရှေ့နောက်ညီညွတ်သင့်သလား? ဤအကြောင်းအရာအား သုံးသပ်ချက်တွင် ကျွန်ုပ်တို့ ပြန်လည်ဖော်ပြထားပါသည်။ သို့ရာတွင် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) မေးခွန်း အတွက် အတိုချုံးအဖြေမှာ စာရေးသူသည် မည်သည့်ဘက်ကမျှ တိတိပပ မရပ်တည်သည့် အမြင်သဘောထား ရှိကြောင်း ဖြစ်သည်။ အကယ်၍ စီမံကိန်းသည် အလွန် လျော့ရဲသည့် အတွက် မအောင်မြင်ကြောင်း သက်သေမပြနိုင်ပါကလည်း ထိုအမြင်သဘောထားအား စွဲစွဲမြဲမြဲ ကိုင်စွဲထားမည် ဖြစ်ကြောင်း ဖြေဆိုပါသည်။ ယုံကြည်မှုတည်ဆောက်ခြင်းသည် အောင်မြင်ရန်အတွက် ကနဦးလိုအပ်ချက် ဖြစ်ပြီး သတင်းအချက်အလက် အများအပြား စီးဆင်းနိုင်ချေ ရှိပါသည်။ သေချာပေါက် မဟုတ်သည့်တိုင် လှုပ်ရှားမှုတွက် အကောင်းဆုံး အထောက်အပံ့ ပေးနိုင်သည့် အချက်အလက် များလည်း ရရှိနိုင်သည်။

အင်္ဂလန်နှင့် ဝေလပြည်နယ်တို့ရှိ တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်ချက်အား သုတေသနပြု၍ မှတ်တမ်းရရှိရန်အလို့ငှာ တရားရေးဝန်ကြီးချုပ်ဌာန (Lord Chancellor’s Department - LCD) နှင့် လျှို့ဝှက် သဘောတူညီချက် ရေးထိုးခဲ့သည့် အချိန်ထက် အစောပိုင်း ကျသည့် နှစ်အနည်းငယ်က စာရေးသူက လုပ်ဖော်ကိုင်ဖက်များနှင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်နှင့် ယခုဆုံးဖြတ်ချက်သည် အလားတူပင် ဖြစ်သည်။ တရားဝင် ပြောဆိုရသော် စာရေးသူတို့သည် မှတ်တမ်းကူးယူခွင့် ရရှိရုံမျှသာ ရရှိခဲ့သည်။ သို့ရာတွင် လက်တွေ့အားဖြင့် ထို့ထက်ပိုသည့် ဖြစ်ရပ်များစွာ ဖြစ်ပွားခဲ့သည်။ ဤသို့ ဖြစ်ရခြင်းမှာ သုတေသနနိုင်ငံရေးနှင့် ပူးတွဲ၍ အာဏာဆက်စပ်မှုများကြောင့် ဖြစ်ပေါ်လာသည့် အကြောင်းအရာများ ဖြစ်ပါသည်။ အခြားအရာများအနက် တရားရေးဝန်ကြီးချုပ်ဌာန (LCD) သည် ထိန်းချုပ်မှုကို ကိုင်စွဲ ထားလိုခြင်း ဖြစ်သည်။ ပြဿနာသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ မှတ်တမ်းမှတ်ရာ လျှို့ဝှက်ထားခြင်းထက် ပိုပါသည် (မည်သည့်နည်းဖြင့်မဆို အချက်အလက်များအား အမည် မဖော်ဘဲ ထိန်းသိမ်းထားမည် ဖြစ်သောကြောင့်ဖြစ်သည်)။ ပြဿနာက အဆိုပါမှတ်တမ်းများက စုပေါင်းဖြစ်ပေါ်လာသည့် သိသာထင်ရှားချက်အား လေ့လာဆန်းစစ်မှု၊ စာရေးသူတို့ လေ့လာမည့် ဆက်နွှယ်မှုပုံစံများနှင့်

ကောက်ချက်များ၊ ၎င်းလေ့လာသည့်အချက်များက ဌာနအပေါ် မည်သို့ အကျိုးသက်ရောက်မည်တို့ကြောင့်ပင် ဖြစ်သည်။ နောက်ဆုံးတွင်မူ စာရေးသူတို့သည် တာဝန်ပေးအပ်ရန် ယုံကြည်ရသူများ ဟုတ် မဟုတ်ဟူသည့် အကြောင်းပင် ဖြစ်သည်။ ထို့ကြောင့် တရားရေးဝန်ကြီးချုပ်ဌာန (LCD) နှင့် လက်မှတ်ရေးထိုးခြင်းသည် အထမြောက်အောင် ဆောင်ရွက်ချက်ဖြစ်သည်သာမက ကနဦးစတင် အကောင်အထည် ဖော်သည့် အချက်လည်း ဖြစ်သည်။ ဤအချက်သည် ဆိုရိုးစကား ဖြစ်သည့် 'တစ်ဦးက တစ်ဦးအပေါ် ယုံကြည်ခြင်း' ကို ထင်ဟပ်ခြင်း ဖြစ်ပြီး တန်ဖိုးကြီးကြောင်း ယူဆလက်ခံထားသည့် ကိစ္စရပ်တစ်ခုလည်း ဖြစ်သည်။[၆]

သိသာထင်ရှားသည့် ကွဲပြားမှုများရှိသော်ငြား မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) နှင့် ပတ်သက်သည့် အခြေအနေသည်လည်း အလားတူပင် ဖြစ်သည်။ အမှန်အားဖြင့် သုတေသန အကြောင်းအရာများအဖြစ် အသုံးပြုကြသည့် အဖွဲ့အစည်းအများစုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း တို့သည် ဥပဒေများအား အစီအစဉ်တကျ စီစဉ်သည်ကို ရှာဖွေလိုကြသည် သို့မဟုတ် တရားဝင်မဟုတ်သည့် အာမခံချက်များကို ရှာဖွေကြသည်။ မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) နှင့် ပတ်သက်၍ လှုပ်ရှားမှုများတွင် ပါဝင်သူများအား လုံခြုံစိတ်ချမှု ရှိကြောင်း သိစေသည့် (စာရေးသူတို့၏ စိတ်ပါဝင်စားမှုများနှင့် ပဋိပက္ခ မဖြစ်မချင်း) အခြေခံ ထိတွေ့ဆက်ဆံမှုအချို့အား တည်ဆောက်ရန် စာရေးသူက ရိုးရိုးစင်းစင်း ကြိုးစားပါသည်။ တချိန်တည်းမှာပင် စာရေးသူကိုယ်တိုင် ကျွမ်းကျင်နိုင်နင်းစွာ စီမံခန့်ခွဲမှုကိုလည်း ထိန်းသိမ်း ဆောင်ရွက်သွားမည် ဖြစ်သည်။ စာရေးသူက လွတ်လွတ်လပ်လပ် ဆောင်ရွက်သူဖြစ်ပြီး အခြားသူများ၏ အစီအစဉ် အတွင်း စာရေးသူ၏ နည်းလမ်း သို့မဟုတ် တွေ့ရှိချက်များအား ထည့်သွင်းပေါင်းစပ်သွားရန် မပြင်ဆင်ထားပါ။ ဤသဘောထားက စာရေးသူ၏ ကိုယ်ပိုင် အလုပ်လုပ်ကိုင်ခြင်း အယူအဆများအကြောင်း အတော်ပင် ရှင်းရှင်းလင်းလင်း ထင်ဟပ် ပါသည်။ စာရေးသူ၏ စီမံကိန်းသည် အခြေခံကောက်ကြောင်း အများအပြားအား ထွက်ပေါ် စေရန် အလားအလာမရှိဟု စာရေးသူက ထင်မြင်သည်။ အမှန်အားဖြင့် လူထုလှုပ်ရှားမှု၏ အလုပ်များအပေါ် ကူညီ ဖြေရှင်းခြင်းဖြင့် ၎င်းလှုပ်ရှားမှုဖြစ်ပွားရသည့် အကြောင်းရင်းအား အထောက်အပံ့ပြုနိုင်ချေ ရှိကြောင်း စာရေးသူက အမှန်အကန် ယုံကြည်သည်။ တရားရေး ဝန်ကြီးချုပ်ဌာန (LCD) နှင့် စာရေးသူတို့ အများအပြား ဆောင်ရွက်ခဲ့ပြီး ဖြစ်သကဲ့သို့ လှုပ်ရှားမှုတွင် ပါဝင်သူများက ပေးနိုင်စွမ်းရှိနိုင်သည့် အကြောင်းအရာများအတွက် ၎င်းတို့အား စာရေးသူက ထိထိမိမိ မေးမြန်းပါသည်။

## ရန်ပုံငွေလက်လမ်းမီ ရရှိခြင်း - ပို၍ ခက်ခဲသည့် အပေးအယူတစ်ခု အကြောင်း

သုတေသန၏ အစောဆုံးအဆင့်များကတည်းက နည်းစနစ်တကျ ဆောင်ရွက်မှုအား ရန်ပုံငွေထောက်ပံ့ပေးသည့် အဖွဲ့အစည်းများက လိုလားနေသရွေ့ တစ်ဦးတစ်ယောက်က

ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းရှိ အခက်အခဲဆုံးအပိုင်းမှာ အဆိုပါရန်ပုံငွေအဖွဲ့ အစည်းများအား လက်လှမ်းမီ ရရှိခြင်း ဖြစ်သည်။ ရန်ပုံငွေအဖွဲ့အစည်းများအား လက်လမ်းမှီ ခြင်းသည် အယူအဆများက ပို၍ အမှန်အကန် ရှင်းလင်းပြတ်သားလာချိန် အင်တာဗျူး ဖြေဆိုသူများအား အဆက်အသွယ်ရရှိခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ အင်တာဗျူး ဖြေဆိုသူများသည် နောက်ဆုံးအဆင့်များတွင် အသေးစိတ် အချက်အလက် မဖော်ပြဘဲ ပို၍ ယေဘုယျဆန်ဆန် ဖော်ပြချက်များကို အများအားဖြင့် သဘောကျ ကြသည်။ ထိုအရာသည် စာရေးသူ အသေအချာရင်ဆိုင်ရသည့် ပြဿနာပင်ဖြစ်ပြီး စာရေးသူက မိမိထင်မြင် ယူဆချက်များနှင့် အသေးစိတ်မပြုလုပ်နိုင်သည့် ကိစ္စရပ်မှလွဲ၍ အခြားသူထံသွားရန် နည်းပါးလွန်းသည့် အချက်က ပိုမိုဆိုးရွားစေခဲ့သည်။ အကြံဉာဏ်များ ရှာဖွေရန်အတွက် အခြားသူများအား စာရေးသူက မေးခွန်းမေးမြန်းသော်လည်း အဖြေမရရှိဘဲ လမ်းဆုံးသွားသည်က အများအပြားပင် ဖြစ်သည်။ အကျိုးဆက်အားဖြင့် ကျယ်ပြန့်သည့် မေးခွန်းများ အားလုံးကို ဖော်ထုတ်ပြုစုရန် ခက်ခဲပါသည်။ ကိစ္စရပ်များ၏ အခြေခံအကျဆုံး အချက်များအား အခြားသူများက ဆောင်ရွက်ရန် မဖြစ်နိုင်ပါက ပြဿနာများအား အလားတူ ဖြစ်ရပ်များနှင့် နှိုင်းယှဉ်၍ ပိုရှင်းလင်း တိကျသည့် အကြံဉာဏ်ရရှိပြီး ထိရောက်ကောင်းမွန်သည့် အဆိုပြုချက်အား စာရေးသူက မည်သို့ ပြုစုနိုင်မည်နည်း? စာရေးသူအနေဖြင့် ထွက်ပေါက်မရှိ ချောင်ပိတ်မိ နေခဲ့သည်။

Nuffield ဖောင်ဒေးရှင်းက စီစဉ်ပေးသည့် အသေးစားထောက်ပံ့ငွေ (ခန့်မှန်း ဗြိတိန်ငွေ ပေါင် ၅၀၀၀ ခန့်) ဖြင့် ပြဿနာအား နောက်ဆုံးတွင်မှ ကျော်လွှားနိုင်ခဲ့သည်။ ပညာရပ်ဆန်ဆန် ပြောရသော် ထောက်ပံ့ငွေသည် စီမံကိန်း နမူနာဆောင်ရွက်ရန်သာ ရည်ရွယ်ပြီး လက်တွေ့ကျကျ ပြောဆိုရသော် စာရေးသူ၏ ထင်မြင်ယူဆချက်များအား စူးစမ်းရှာဖွေရန်အတွက် ငွေပေးခြင်း ဖြစ်သည်။ သေသေချာချာ ပြောဆိုရသော် ပညာအရည်အချင်း ခန့်မှန်းချက်များ၊ ယခင်ဆောင်ရွက် ခဲ့သည့် သုတေသနအတွေ့အကြုံနှင့် လျှောက်လွှာမတင်မီ ရနိုင်သမျှ လမ်းကြောင်းများအား လေ့လာပြီးဖြစ်သည်ဟူသည့် အချက်တို့အပေါ် ရန်ပုံငွေအဖွဲ့အစည်းက အခြေခံစဉ်းစားပါသည်။ ငွေကြေးထောက်ပံ့သူများတွင်လည်း ၎င်းတို့ကိုယ်ပိုင် အစီအစဉ်များ ရှိကြောင်း စာရေးသူ သိရှိပြီး ဖြစ်သည်။ ထို့အတွက်ကြောင့် ကမ္ဘာ့အကြီးကျယ်ဆုံး လူထုလှုပ်ရှားမှုအနက် တစ်ခုနှင့် တရား စွဲဆိုရာတွင် အာဏာအရှိဆုံး အဖွဲ့အစည်းများအား လေ့လာခြင်းသည် အလွန်အရေးကြီးသည့် ကိစ္စရပ်ဖြစ်ကြောင်း စာရေးသူက ချက်ကျလက်ကျ ဆွေးနွေးပါသည်။ ၎င်းအချက်သည် ဖောင်ဒေးရှင်း၏ တရားဝင်လုပ်ပိုင်ခွင့်အတွင်း ကောင်းကောင်းရှိပါသည်။ နောက်ဆုံးတွင်မှ ငွေအထောက်အပံ့ပေးသည့် အနေအထားများ သည် အရမ်းမတင်းကြပ်ဘဲ ပျော့ပျောင်းသော်ငြား ၎င်းပြုလွယ်ပြင်လွယ်ဖြစ်မှုက ကနဦး အချက်အလက်များအား စုဆောင်းရန်အတွက် တန်ဖိုး မဖြတ်နိုင်အောင် အရေးပါစေပြီး ပို၍ အနက်အဓိပ္ပာယ် ပြည့်ဝသည့် သုတေသနအစီအစဉ်ကို တည်ဆောက်နိုင်ပါသည်။

စာရေးသူ ငွေကြေး အထောက်အပံ့ အပြည့်အဝရရှိရန် လျှောက်လွှာတင်ခဲ့သည့် စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (Economic and Social Research Council - ESRC) အတွေ့အကြုံအရဆိုသော် ပို၍ပင် ခက်ခဲပါသည်။ အကျယ်ချဲ့ပြောဆိုရသော် ဤအတွေ့အကြုံသည် စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) နှင့် ၎င်း၏ ငွေကြေး ထောက်ပံ့ပေးသည့် အစီအစဉ်တို့နှင့် သက်ဆိုင်သည့် စာရေးသူကိုယ်ပိုင် အတွေ့အကြုံမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) ၏ အစီအစဉ် သည် အစိုးရအတွက် တဖြည်းဖြည်း အစိုးရ၏ လက်အောက်ခံ ဖြစ်သွားခဲ့သည်။ ပညာရေး ဝန်ကြီးဌာန အတွင်းဝန်ဖြစ်သူ Sir Keith Joseph က သိပ္ပံဘာသာရပ်အား လူမှုရေး သိပ္ပံသုတေသနကောင်စီ (Social Science Research Council - SSRC) ထဲမှ ဖယ်ထုတ်လိုက် ပြီးနောက် ၎င်းကောင်စီ အား စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) အဖြစ်သာ ကျန်ရှိစေသည့် အချိန်ဖြစ်သည့် ၁၉၈၀ ပြည့်နှစ် အစောပိုင်းကာလများကတည်းက သိသာ ထင်ရှားသည့် အရွေ့တစ်ခုအဖြစ် ကိုယ်စားပြုခဲ့သည်။[၁၀] ထိုကဲ့သို့ သိသာထင်ရှားလွန်းသည့် သဘောတရားရေးရာ အရွေ့တစ်ခုသည် ထိုစဉ်က ဗြိတိန်ဝန်ကြီးချုပ်ဖြစ်သူ Mrs Thatcher ၏ သဘောတရားရေးရာ ညွှန်ကြားရေးမှူးချုပ်ထံမှ လာသည်ဟု ခန့်မှန်းရသည်။ အထူးသဖြင့် ဗြိတိန်နိုင်ငံရှိ လူမှုရေးသိပ္ပံပညာ၏ အခန်းကဏ္ဍအပေါ် ကာလကြာရှည် တည်ရှိနေသည့် သူ၏ အယုံအကြည်ကင်းမဲ့မှုနှင့် လူမှုအဖွဲ့အစည်းတစ်ခုလုံးအား ကိုယ်စားပြုသည့် ကိစ္စရပ်တစ်ခု ဖြစ် မဖြစ်ဟူသည့် ဝန်ကြီးချုပ်၏ သံသယတို့ကြောင့် ဖြစ်သည်။ သို့ရာတွင် ဤကဲ့သို့ ပြင်းပြင်း ထန်ထန် တိုက်ခိုက်ခြင်းထက် ပို၍ဆိုးဝါးသည့်အချက်မှာ ဘက်မလိုက်ကြောင်း ယူဆရသည့် စကားရပ်ဖြစ်သည့် ‘ငွေကြေးအတွက် တန်ဖိုး’ နှင့် ‘မူဝါဒဆိုင်ရာ လျော်ကန် သင့်မြတ်မှု’ တို့အား ပညာရှင်အများစုက နှလုံးသွင်းကြခြင်း ဖြစ်သည်။ ၎င်းစကားရပ်များသည် ကွန်ဆာဗေးတစ် ပါတီနှင့် အလုပ်သမားပါတီသစ် နှစ်ဖက်အုပ်ချုပ်သူများ၏ ဆောင်ပုဒ်များ ဖြစ်လာကြသည်။ ဤကဲ့သို့ အထက်မှ အောက် ချဉ်းကပ်မှုသည် ပညာရှင်အသိုက်အဝန်းအတွက် ပြဿနာ ဆိုးဆိုးဝါးဝါး ကြုံတွေ့စေသည်။ ၎င်းပြဿနာသည် တစ်ဦးတစ်ယောက်က ရည်ညွှန်းထားသည့် ငွေကြေးအတွက် မည်သူက တန်ဖိုးသတ်မှတ်သနည်း သို့မဟုတ် မူဝါဒဆိုင်ရာ လျော်ကန် သင့်မြတ်မှုအတွက် မည်သူက သတ်မှတ်သနည်းနှင့် ဆိုင်သည့် မေးခွန်း များအား အနည်းဆုံး တောင်းဆိုသည်။ ဝေဖန်ထိုးနှက်မှုအား ထူးထူးခြားခြား ခုခံကာကွယ်သည့် ပုံစံ (တိုက်ခိုက်မှုနှင့် ဘဏ္ဍာငွေကြေး ဖြတ်တောက်မှုများကြုံတွေ့ရသည့် နှစ်များကြောင့် ဖြစ်နိုင်သည်) တွင်မူ စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) သည် ၎င်းကိုယ်တိုင်နှင့် ၎င်းငွေကြေး ထောက်ပံ့ပေးထားသည့် သုတေသနအား ယခုအခါ အနက်အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ထိုသို့ ဖွင့်ဆိုရာတွင် အဆိုပါ သုတေသနများသည် ‘စီးပွားရေး၊ ပြည်သူ့ရေးရာကဏ္ဍနှင့် အစိုးရအတွက် အရေးပါကြောင်း’ နည်းလမ်းဖြင့် အနက်ဖွင့်ဆို ကြသည်။[၁၁] စာရေးသူကိုယ်တိုင် အပါအဝင် သုတေသီအများအပြားသည် သုတေသန ရည်ရွယ်ချက်ရှိ အလွန်တင်းကြပ်သည့် အမြင်ရှုထောင့် သရုပ်ဖော်ချက်အနေဖြင့်သာမက မေးခွန်းထုတ်စရာ

ကျိုးကြောင်းပြချက်များအနေဖြင့်ပါ ဤအနက်အဓိပ္ပာယ် ဖွင့်ဆိုမှုအား သတ်မှတ်ပေလိမ့်မည်။ အမှန်အားဖြင့် စာရေးသူကိုယ်ပိုင် သုတေသနအား လျော်ကန် သင့်မြတ်ကြောင်း အနက်ဖွင့်ဆိုလာပါက အဆိုပါကဏ္ဍများ (၎င်းတို့သည့် အယူအဆဖြစ်ရုံမျှသာ ဖြစ်ကြသည်) နှင့် စာရေးသူကိုယ်ပိုင် စိတ်ပါဝင်စားမှုများအကြား ဆက်နွယ်မှုသည် ချက်ချင်း သိသာထင်ရှားမည် မဟုတ်ချေ။ သို့သော် အတော်ကလေး ဝေ့လည်ကြောင်ပတ်နိုင်သော်လည်း ဘရာဇီးနိုင်ငံ မြေယာပြုပြင် ပြောင်းလဲရေးနယ်ပယ်ရှိ စီးပွားရေးလုပ်ငန်းကြီးများနှင့် အစိုးရ မူဝါဒတို့၏ အခန်းကဏ္ဍအား စိန်ခေါ်သည့် လှုပ်ရှားမှုတစ်ခုသည် စီးပွားရေးလုပ်ငန်းနှင့် အစိုးရအတွက် အတော်ပင် စိတ်ဝင်တစား ဖြစ်စေကြောင်း စာရေးသူက ချက်ကျလက်ကျ ဆွေးနွေးရသည်။ ကံမကောင်း အကြောင်းမလှသည်မှာ Islam က မျှော်လင့်ထားသည်ထက် နောက်ကျ၍ ပေါ်လာပြီး ကောင်းကောင်း လေ့လာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်ကျိုးစီးပွား အမြောက်အများကြောင့် ဖြစ်ပေါ်လာသည့် ခြိမ်းခြောက်မှုကြောင့် ဖြစ်သည်။ အဆိုပါ ချက်ကျလက်ကျ ဆွေးနွေးမှုများသည် စာရေးသူအတွက် အချိန်နှင့် လုပ်အား သက်သာစေသော်ငြားလည်း အပြေးအလွှားဆောင်ရွက်ရန်အတွက်မူ မပြင်ဆင်ခဲ့ပေ (သုတေသန အဆိုပြုစာတမ်း ရေးသားရာတွင် ရက်သတ္တပတ် (၆) ပတ် ကြာမြင့်ခဲ့သည်)။ ထို့အစား အတော်ကလေး ဝေ့လည်ကြောင်ပတ်နိုင်သည့် ကဏ္ဍဖြစ်သည့် 'လူမှုရေး တရားမျှတမှု' အား အသုံးပြု နိုင်ခဲ့သည်မှာ ကျေးဇူးတင်ရမည် ဖြစ်သည်။ စီးပွားရေးနှင့် လူမှုရေးသုတေသနကောင်စီ (ESRC) ၏ အခြားသော စီးပွားရေးအရ အလေးထားစရာ ကိစ္စများနှင့် အခြား ပိုကောင်းသည့် အရေးတကြီးကိစ္စများနှင့်အတူ ၎င်းကဏ္ဍသည် အတော်ပင် အဆင်ပြေပြေ တည်ရှိကြောင်း ထင်ရသည်။ စာရေးသူအပိုင်းတွင်မူ ဤအချက်တစ်ခုမျှ ကျေးဇူးတင် အသိအမှတ်မပြုပေ။ ဆန့်ကျင်ဘက်အားဖြင့် အဖွဲ့အစည်း၏ အထောက်အပံ့ မပါဘဲ သုတေသန ဆောင်ရွက်နိုင်ချေ မရှိပါ။ အတိအကျဆိုရသော် စာရေးသူ၏ ရည်ရွယ်လိုရင်းမှာ သုတေသနအား နည်းလမ်းတကျ ဆောင်ရွက်ရာတွင် ဦးစားပေးရမည့် အချက်များနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် ကဏ္ဍများ အချိန်နှင့်အမျှ ဖြစ်ပျက်နေသည့် အချက်အား အသားပေးဖော်ပြလိုခြင်း ဖြစ်သည်။ သဘော တရားရေးရာ တည်ဆောက်နေစဉ်အတွင်း ရလဒ်များ အစဉ်သဖြင့် ထွက်ပေါ်လာကြောင်း၊ သုတေသီများအတွက် ထောက်ပံ့ကြေးရရှိလိုပါက အဆိုပါမူဘောင်များအား စွဲကိုင်လမ်းညွှန် ခြင်းဖြင့် ပုဂ္ဂိုလ်ရေးနှင့် နိုင်ငံရေး အကြပ်အတည်းများ ကြုံတွေ့လာနိုင်ကြောင်းတို့အား ထောက်ပြလိုခြင်းလည်း ဖြစ်သည်။ ရှင်းရှင်းလင်းလင်း ပြောရသော် အထောက်အပံ့ လက်လှမ်းမီ ရရှိခြင်းသည် သုတေသန နိုင်ငံရေးရှိ အခြေခံအကျဆုံး အပိုင်းများအနက် တစ်ခု ဖြစ်သည်။ အမှန်အားဖြင့် ရန်ပုံငွေအား ဆွဲဆောင်ရန် ဖိအားကဲ့သို့ အမြဲတမ်း အရေးပါလာသည့် ကိစ္စရပ်က တက္ကသိုလ်အစဉ်အလာအတွင်း စိမ့်ဝင်လာကြပြီး တစ်ဦးချင်းစီ၏ အသက် မွေးဝမ်းကြောင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အကြောင်းအချက်များနှင့် တိုက်ရိုက် ချိတ်ဆက်လာကြသည်။

## ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပဋိပက္ခများအား စီမံခြင်း

(စာရေးသူ၏ စည်းကမ်းသတ်မှတ်ချက်များသည် စာရေးသူလိုချင်သည့်အရာ အတိအကျမဟုတ်သော်ငြား ဆောင်ရွက်ရသည့်အပေါ်) ရန်ပုံငွေအထောက်အပံ့နှင့် အဆက်အသွယ်များ ရရှိပြီးနောက် ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဖြစ်နိုင်ခြေ ရှိ မရှိ ဆန်းစစ်ကာ မေးခွန်းထုတ်ရမည့် အချိန်ဖြစ်သည်။ ဤအဆင့်အတွက် အချိန်ကာလ တစ်နှစ် အသုံးပြုခဲ့ပြီး အချက်အလက်ကုန်ကြမ်းများ လက်လှမ်းမီရရှိရန်အလို့ငှာ နည်းစနစ် အမြောက်အများကို အသုံးပြုခဲ့သည်။ မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) နှင့် ဘရာဇီးနိုင်ငံ၏ တရားမျှတမှုစနစ်တို့အကြားရှိ ဆက်နွယ်မှုများသည် အလွန် အငြင်းပွားဖွယ်ဖြစ်ပြီး လေ့လာမှု၏ အစိတ်အပိုင်းတစ်ရပ်သည် သမိုင်းကြောင်း လေ့လာမှု ဖြစ်ကြောင်း စာရေးသူက သိရှိခြင်းကြောင့် ဖြစ်သည်။ တစ်နည်းဆိုရသော် ဖြစ်ပွားလျက်ရှိနေသည့် ဖြစ်ရပ်များအကြောင်း အစွန်းရောက် လှုပ်ရှားသူများ၊ ရှေ့နေများ၊ အုပ်ချုပ်ရေးအရာရှိများနှင့် ပညာရှင်များအား အင်တာဗျူးခြင်းသည် ပဋိပက္ခများအား ဇာတ်ရည်လည်အောင် ဆွေးနွေးရန် ကြိုးစားခြင်းထက် ပိုလွယ်ကူပါသည်။ ပါဝင်သူများသည် (၎င်းတို့၏ အရေးပါပြီး အစစ်အမှန်အဖြစ် ထင်မြင်ရသည့်) အခန်းကဏ္ဍ မြင့်မားကြပြီး ဖြစ်ရပ်များမှ ခပ်ကင်းကင်းနေရန် လူများအတွက် ခက်ခဲသည့် နေရာများတွင် ပဋိပက္ခအား ဆွေးနွေးခြင်းသည် ခက်ခဲသည်။ နောက်ကြောင်းပြန် ချဉ်းကပ်မှုသည် ပြဿနာကင်းကြောင်း ယူဆခြင်း မဟုတ်ပေ။ ဒဏ္ဍာရီ အများအပြား ဖြစ်ပေါ်လျက်ရှိသည့် (ဆာအိုပေါ်လိုပြည်နယ်၏ အနောက်ပိုင်းအကျဆုံးတွင် တည်ရှိသည့်) Pontal do Paranapanema ဒေသကို စာရေးသူ ရွေးချယ်ပါသည်။ ဂုဏ်သတင်းနှင့် ပင်ကိုယ်စရိုက် လက္ခဏာများ တည်ဆောက်သည့် ဒေသ၊ လူအများ အကြိမ်ကြိမ်အလီလီ အင်တာဗျူးခံရသည့် ဒေသ၊ ၎င်းတို့ကိုယ်တိုင် အတွေ့အကြုံများ၍ ရင့်ကျက်လာပြီး ကိုယ်ပိုင်အတွေ့အကြုံများသည် စိတ်မှတ်ဉာဏ်အဖြစ် အစိုင်အခဲဖြစ်လာသည့် ဒေသ ဖြစ်ပါသည်။ Pontal ဒေသသည် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) အတွက် အလွန်အောင်မြင်သည့် ဇာတ်ကြောင်း ရှိခဲ့ကြောင်း သတ်မှတ်ခြင်းခံရသည်။ သို့ရာတွင် စာရေးသူ၏ ချဉ်းကပ်မှုကမူ မတူကွဲပြား ပါသည်။ စာရေးသူက လမ်းဟောင်းအတိုင်း မလိုက်ပေ။ ထို့အစား အမြင်ရှုထောင့်အသစ်မှနေ၍ ပတ်သက်မှုအသစ်များအရ ဖြစ်ရပ်များကို နားလည်သဘောပေါက်ရန် စာရေးသူက ကြိုးစား လိုခဲ့သည်။ သာဓကအားဖြင့် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) သည် ဥပဒေကို မည်သို့ နားလည်သဘောပေါက်ကာ အသုံးချပါသနည်း? အစွန်းရောက်လှုပ်ရှားသူများအား ထောင်ဒဏ် ပေးခြင်းများအား ကြိုတင်ဟန့်တားရန် အလို့ငှာ လုံးဝခုခံကာကွယ်သည့် ပုံစံအတိုင်း ဆောင်ရွက်မည်လား သို့မဟုတ် ဖြစ်လာမှ မဟုတ်ဘဲ ကြိုတင်အရေးယူဆောင်ရွက်သည့် နည်းလမ်းအတိုင်း လုပ်ဆောင်မည်လား? မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) သည် ၎င်းတို့ အလုပ်၏ လက္ခဏာသွင်ပြင်အား မည်သို့ သက်ရောက်မှု ရှိသနည်းဟု တရားမျှတမှု ဖော်ဆောင်ရေးအရာရှိများအား စာရေးသူက မေးမြန်းသည်။ စာရေးသူအနေဖြင့် ၎င်းတို့အား ဤမေးခွန်းအား ချက်ချင်းမမေးမြန်းသော်ငြား လှုပ်ရှားမှုသည် တရားမျှတမှုစနစ် လုပ်ငန်းဆောင်တာများအပေါ် သိသာမြင်သာသည့် သက်ရောက်မှုရှိမရှိသော်လည်းကောင်း၊ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ယခင်က ဖြစ်ပွားခဲ့သည့်

ဥပဒေတိုက်ပွဲများက ပြောင်းလဲမှုအသစ်ကို ဆောင်ကြဉ်းပေးခြင်း ရှိမရှိသော်လည်းကောင်း ရှာဖွေဖော်ထုတ်ရာတွင် စာရေးသူက စိတ်ဝင်စားပါသည်။ အတိုကောက်အားဖြင့် ဤအချိန်ထိ ပြတ်ပြတ်သားသား လက်မခံ နိုင်သေးသည့် ရာဇဝင်တင်သည့် မတရားမှုများအား လက်ခံရန်အတွက် လှုပ်ရှားမှုသည် ဥပဒေစနစ်အား တမင်တကာ သို့မဟုတ် မတော်တဆ အထောက်အကူဖြစ်စေပါသလား?

နောက်ပိုင်းအဆင့်များတွင်နှင့် အချို့ဖြစ်ရပ်များတွင်သာ အင်တာဗျူး ဖြေဆိုသူများနှင့် ဆွေးနွေးကြသည့် အဓိကကျသည့် မေးခွန်းများရှိပါသည်။ စာရေးသူ၏ မေးခွန်းများသည် ချက်ချင်းတုံ့ပြန်ရမည့် သဘောသဘာဝ ပိုရှိသည်။ ဘာဖြစ်ပွားခဲ့သလဲ၊ ဘယ်အချိန်လဲ၊ ဘယ်လိုလဲ၊ ဘာ့ကြောင့်လဲ၊ ဘယ်သူပါသလဲ၊ ဘယ်အကျိုးဆက်တွေနှင့်လဲ စသည်တို့ ဖြစ်ကြပြီး အဆိုပါမေးခွန်းများမှ ပို၍ ကျယ်ပြန့်သည့် မေးခွန်းများ/ သုံးသပ်ချက်များ ဖွံ့ဖြိုးလာကြသည်။ သို့ရာတွင် အဓိကအချက်မှာ လူများသည် စကားပြောရန် ဆန္ဒရှိကြပြီး စကားပြောရာတွင် ခရားရေလွှတ် တတွတ်တွက် ပြောလိုကြသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် အချိန်ကုန် ခြင်းကြောင့် ဖြစ်သည်သာမက ကိစ္စရပ်များ၏ အစွမ်းသက်ရောက်မှု ရှိသော်ငြား ကြိမ်ဖန်များစွာ ချဉ်းကပ်ကြသည့် အချက်အလက်ကုန်ကြမ်းများလည်း မဟုတ်သောကြောင့် ဖြစ်ကြောင်း စာရေးသူ ယုံကြည်သည်။

မတူညီသည့် အစုအဖွဲ့များအား စာရေးသူ၏ စီမံကိန်းအကြောင်း မည်သို့ ရှင်းပြကြောင်း ကိစ္စအား ဤအချက်က ပြန်လည် အမှတ်ရစေပါသည်။ ခွဲခြားမှုတစ်ခု၏ မတူညီသည့်ဘက်များတွင် ၎င်းအစုအဖွဲ့များက ကြိမ်ဖန်များစွာ ရှိနေကြောင်းအား အထူး အမှတ်ရစေပါသည်။ ပြည်သူ့ရေးရာဝန်ကြီးဌာန (MP) မတရားလိုဘက်ရှေ့နေများသည် အစွန်းရောက်လှုပ်ရှားသူများအား တရားရုံးသို့ ဆင့်ခေါ်ရာတွင် ပါဝင်ကြသည်။ တရားသူကြီးများက ဆွေးနွေး ညှိနှိုင်းခြင်း သို့မဟုတ် ဖြေရှင်းချက်တို့ ချမှတ်ရာတွင်လည်း ပါဝင်သည်။ မြေယာဌာနရှိ အုပ်ချုပ်ရေး အရာရှိများက မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) ၏ ဆောင်ရွက်ချက်များအပေါ် အထောက်အပံ့ ချက်ချင်းပေးနိုင်ကြသည်။ ဥပမာ မြေယာရရှိရန် ကြိုးပမ်းရာတွင် ကူညီနိုင်သည်။ တပြိုင်နက်တည်းမှာပင် မြေယာဌာန၏ နည်းလမ်းများအား (မြေယာဌာန ပိုင်ဆိုင်သည့် မြေများအား သိမ်းယူခြင်းအပြင် အငြင်းပွားနေဆဲ မြေများအား သိမ်းယူခြင်း) ကန့်ကွက်ပြီးနောက် မီဒီယာတွင် မှန်ကန်ခိုင်မာကြောင်း ဖော်ပြကြသည်။ ဤကဲ့သို့ ရှုပ်ထွေးသည့် ရုပ်ပုံအတွင်း စာရေးသူက မည်သည့်နေရာတွင် အံဝင်ခွင်ကျဖြစ်အောင် လုပ်ရပါမလဲ? ဤကိစ္စရပ်နှင့် စပ်လျဉ်း၍ လွတ်လပ်သည့် သုတေသီတစ်ဦးဖြစ်သည့် စာရေးသူ၏ ကိုယ်ပိုင်လက္ခဏာသည် 'ပြင်ပလူ' တစ်ယောက်အနေဖြင့် ပြောရမည်ဆိုပါက ကောင်းသည့် အချက်တစ်ခုဖြစ်ပါသည်။ တစ်နည်းဆိုရသော် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) အား မည်မျှပင် စာရေးသူက စာနာသော်ငြား အဖွဲ့အစည်းကိုယ်စား ဆောင်ရွက်နေခြင်း မဟုတ်ကြောင်း စာရေးသူ၏ စိတ်ထဲ ရှင်းလင်းပြီးသား ဖြစ်သည်။ ထို့အစား ပြောရမည်ဆိုလျှင် စာရေးသူက ထိုနေရာသို့

ရောက်ရှိနေခြင်းမှာ သုတေသနစီမံကိန်း၏ မရှိမဖြစ်အရေးပါသည့် အကြောင်းအရာကိုယ်စား ဖြစ်ပြီး စာရေးသူဒီဇိုင်းရေးဆွဲထားသကဲ့သို့ ၎င်းစီမံကိန်းမှ လှုပ်ရှားမှုသည် ရလဒ်ကောင်း ထွက်ပေါ်လာနိုင်မည်ကိုမူ စာရေးသူအနည်းငယ် သံသယ ဝင်မိသည်။ အနည်းငယ် ကွဲပြားခြားနားမှု ထွက်ပေါ်လာသော်ငြား အရေးပါသည့် အချက်တစ်ခု ဖြစ်သည်။ ၎င်းအချက်က စာရေးသူအတွက် နည်းစနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် လှုပ်ရှားဆောင်ရွက်နိုင်ခွင့် ရရှိစေပြီး အရေးပါသည့် နေရာတစ်ခုကို ရောက်ရှိစေပါသည်။ အမှန်အားဖြင့် ဤကဲ့သို့ ဘက်မလိုက်ဘဲ အစွဲကင်းခြင်းအား စာရေးသူ ချိတ်ဆက်ဆောင်ရွက် သည့် အခြားအစုအဖွဲ့များအားလုံး သို့မဟုတ် ပေါင်းစပ်ပါဝင်နေသည့် အချက်အလက်များအတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးချပါသည်။ ဥပမာအားဖြင့် စာရေးသူတို့က ပြည်သူ့ရေးရာဝန်ကြီးဌာန (MP) အကြောင်း ဆောင်ရွက်ပါက တရားလိုဘက်ရှေ့နေများက မြေယာမဲ့ အလုပ်သမား လှုပ်ရှားမှု (MST) နှင့် ချိတ်ဆက် ဆောင်ရွက်သည့်အကြောင်းအား စာရေးသူက အကျိုးအကြောင်းသင့် ဆွေးနွေးမည် ဖြစ်သည်။ ထိုသို့ ချိတ်ဆက်ဆောင်ရွက် ခြင်းဖြင့် ၎င်းတို့၏ အလုပ်အနက် ပိုမို နားလည်သဘောပေါက်သင့်ပြီး စနစ်တကျ စီမံဖွဲ့စည်းသင့်သည့် အပိုင်းအား ဖော်ပြခြင်း ဖြစ်သည် (သို့သော်ငြားလည်း စာရေးသူ ရွေးချယ်သည့် နည်းလမ်းအတိုင်းပင် ဖြစ်သည်)။

သို့ရာတွင် ဤအချက်အား အကျယ်မချဲ့မီ ပိုမိုနားလည်သဘောပေါက်ရန် အသေးစိတ် ရှင်းလင်းချက်အချို့က အစဉ်အတိုင်းရှိနေသည်။ အထူးသဖြင့် ပေါင်းစပ်ပါဝင်နေသည့် အချက်အလက်များနှင့် သက်ဆိုင်သည်။ ပြည်သူ့ရေးရာဝန်ကြီးဌာန (MP) သည် အရာရာတိုင်း ပါဝင်သော်လည်း တူညီသည့်အရာများ ပါဝင်သည့် သီးခြားရပ်တည်နေသည့် အဖွဲ့ဖြစ်သည်။ ၎င်း၏ ကိုယ်ပိုင်လက္ခဏာသည် တိုက်ခိုက်ခံရ လျက်ရှိပြီး အဖွဲ့အစည်းသည် အကွဲကွဲအပြားပြား အဖြစ် ကျန်ရစ်သည်။ ထိုကဲ့သို့ အကွဲအပြဲများသည် လေးနှစ်တစ်ကြိမ် ကျင်းပသည့် ရွေးကောက်ပွဲ အချိန်တိုင်း ခိုင်ခိုင်မာမာ ထွက်ပေါ်လာကြသည်။ အဆိုပါ ရွေးကောက်ပွဲတွင် ၎င်းတို့ ခေါင်းဆောင်အား ရွေးချယ်ရန် တရားလိုဘက်ရှေ့နေများအား ဖိတ်ကြားပြီးနောက် ဆုံးဖြတ်ချက်/ ဒီမိုကရေစီနည်းကျကျ အကြံပြုချက်အား ပြည်နယ်အုပ်ချုပ်ရေးမှူးက လက်ခံ အတည်ပြုခြင်း သို့မဟုတ် ပယ်ချခြင်း ပြုနိုင်သည်။ သို့တည်းမဟုတ် ဘရာဇီးနိုင်ငံ ရှေ့နေချုပ်အား ရွေးချယ်သည့် ကိစ္စရပ်တွင်မူ သမ္မတကိုယ်တိုင် လက်ခံအတည်ပြုခြင်း သို့မဟုတ် ပယ်ချခြင်း ဆောင်ရွက်သည်။ ကျန်အချိန်များတွင်မူ မည်သူက ဘာ့ကြောင့် တရားစွဲဆိုခံရကြောင်းအပေါ် ဆွေးနွေးငြင်းခုံမှုများ တက်တက်ကြွကြွ ပြုလုပ်ကြသည်။ အဖွဲ့အတွင်း မည်သူက ဘာ့ကြောင့် ရာထူးတိုးသလဲ၊ တရားလိုရှေ့နေများ အဆင်သင့် အသုံးပြုနိုင်ရန် မည်သည့် အရင်းအမြစ်များကိုဘာ့ကြောင့် ထားရှိရမလဲ စသည်ဖြင့် တက်တက်ကြွကြွ ဆွေးနွေး ငြင်းခုံကြသည်။ နိုင်ငံရေးလက္ခဏာ မဆောင်သည့် အမြင်ဖြင့်ကြည့်ပါက အဖွဲ့ အစည်းသည် နိုင်ငံရေးသဘောတရား နက်နက်ရှိုင်းရှိုင်း ပါဝင်နေသည်။ စိတ်ဝင်စားစရာ ကောင်းသည်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုယ်တိုင် ဤအချက်အား ကျယ်ကျယ်ပြန့်ပြန့် တားမြစ်ထားသည်။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်

တရားလိုဘက်ရှေ့နေ တစ်ဦးချင်းစီအား လုပ်ပိုင်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အား အံ့အားသင့်ဖွယ် အတိုင်းအတာထိ ပေးအပ်ထားသည်။ အကျိုးဆက်အားဖြင့် အဖွဲ့အစည်းအား စာရေးသူ ချဉ်းကပ်ခြင်း မရှိခဲ့သည့် အချိန်အများစုသည် ပြည်သူ့အကျိုးစီးပွားအတွက် လုပ်ငန်းဆောင်ရွက် ရာတွင် ရောသမမွှေထားသည့် ပုံစံ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုအား (ပြည်သူ့ရေးရာ ဝန်ကြီးဌာန (MP) ၏ ပြောခွင့်ရပုဂ္ဂိုလ်က မည်သို့ပင် ပြောစေကာမူ) ရှင်းရှင်းလင်းလင်း တင်ပြနိုင်ခဲ့သည်။ သို့ရာတွင် ဥပမာကောင်းတစ်ခုအဖြစ် ပြောဆိုရသော် ပြည်သူ့ရေးရာဝန်ကြီး ဌာန၏ အခန်းကဏ္ဍအပေါ် မတူကွဲပြားသည့် အမြင်များအတွက် တစ်ဦးချင်စီ စေဒက တက်နေကြသည်။

ဤကဲ့သို့ အဆင့်ဆင့် တိုးတက်လာသည့် အမြင်ပေါင်းစုံတွင် Becker က မေးမြန်းသည့် သင်က ဘယ်သူ့ဘက်ကလဲဆိုသည့် မေးခွန်းသည် အတော်ကလေး ရိုးရိုးစင်းစင်း သို့မဟုတ် ပိုပိုသာသာ ရှိသည်ကို တွေ့မြင်ရသည်။ သို့သော် ၎င်း၏ အခြေခံကျသည့် အချက်ဖြစ်သည့် သုတေသီများအား အာဏာဆက်စပ်မှုနှင့် ၎င်းတို့အား သုတေသနတွင် ထည့်သွင်း အသုံးပြုခြင်း တို့အား စဉ်းစားစေသည့် အချက်သည် အချိန်မီ အမြဲတစေ ကျန်ရစ်ပါသည်။ တစ်ဦးချင်းစီ၏ အခန်းကဏ္ဍ မသိမသာကွဲပြားခြင်းများသည် အဆိုပါ အခန်းကဏ္ဍများနှင့် ချိတ်ဆက်သည့် ရပ်တည်ချက်တစ်ခု ရယူရာတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲများနှင့် စာရေးသူအား ဒုက္ခပင်လယ်ဝေစေမည် မဟုတ်ပါ။ ဥပဒေရှိ လူမှုရေးရှုထောင့်အား လက်ခံ ယုံကြည်သည့် အကြောင်း ပါဝင်သည့် ပြည်သူ့ရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက်အား ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားအားထုတ်လျှက်ရှိကြသည့်တရားလိုဘက်ရှေ့နေများနှင့် အတူ စာရေးသူ၏ ကိုယ်ပိုင် စာနာမှုက ရှင်းရှင်းလင်းလင်း ရပ်တည်ပါသည်။ အဆိုပါ မျှော်မှန်းချက်၏ အရင်းခံသည် မြေယာပြုပြင် ပြောင်းလဲရေး ရှန်းကန်လှုပ်ရှားမှုများကို ဦးတည်သည့် စာနာနားလည်မှုပင် ဖြစ်ပါသည်။ စကားမစပ်ပြောဆိုရသော် ၎င်းတို့၏ ထောက်ခံမှုသည် ယုတ္တိရှိပါသည်။ ၁၉၈၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေရှိ အဓိကအခန်းများက မြေယာပြုပြင်ပြောင်းလဲရေး တိုးမြှင့်ရန်အတွက် အထူး ရည်ရွယ် ရေးသားထားခြင်း ဖြစ်သည်။ သို့ရာတွင် အခြား တရားလိုဘက်ရှေ့နေများကမူ အစဉ်အလာအရ အဆိုပါ ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေမရှိဘဲ ပြဋ္ဌာန်းချက်များအားလုံးကို လစ်လျူရှုကြသည်။ ထို့အစား ဥပဒေအား လက်တွေ့မျက်မြင် အနက်အဓိပ္ပာယ်ကောက်ယူခြင်း သို့မဟုတ် ရိုးရိုးစင်းစင်း ဥပဒေဆိုင်ရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ကိုသာ ရွေးချယ်ကြသည်။ နည်းလမ်းတကျ ပြောဆိုရသော် နိုင်ငံရေးကိုသာမက ဥပဒေနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်နွယ်မှုများကိုပါ ရှောင်ကြဉ် လိုကြခြင်း ဖြစ်သည်။ ရိုးရိုးရှင်းရှင်းပြောရသော် လူအများသည် ဤနည်းလမ်းဖြင့် သင်ကြား ပို့ချခြင်းမျိုး ရရှိခဲ့သည်မဟုတ်ပေ။ ၎င်းတို့ ချဉ်းကပ်မှု၏ အရင်းခံအကြောင်းတရားတစ်ခုမှာ အခြားစဉ်းစားချက်များအား ဖယ်ထုတ်ရန်အတွက် ပစ္စည်းပိုင်ဆိုင်ခွင့်ကို အသုံးပြု၍ အလွန်ပင် နည်းလမ်းတကျ ခုခံကာကွယ်ခြင်းပင် ဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ပစ္စည်း၏ 'လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်' ကဲ့သို့

ဖွဲ့စည်းပုံအခြေခံဥပဒေက အထူးရည်ညွှန်း ထားသည့်အချက်အား ထည့်သွင်းစဉ်းစားချက်က ဖယ်ထုတ်ထားခြင်းပင် ဖြစ်သည်။ ဤနေရာတွင် ဤအသေးစိတ် ဆွေးနွေးချက်ဖြင့် စာရေးသူတို့အား အချိန်ဆွဲထားရန် မလိုချေ။ ဆိုလိုသည့် အချက်မှာ ၎င်းတို့အား စာရေးသူ၏ သုတေသနအကြောင်းပြောဆိုရင်း ချဉ်းကပ်သည့်အခါ စာရေးသူအနေဖြင့် ပို၍ ရှေ့နောက် မြော်မြင်သုံးသပ်တတ်လာသည်။ အထူး သတိပြုမိသည့် ဖြစ်ရပ်တစ်ခုမှာ မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) မှ အစွန်းရောက် လှုပ်ရှားသူများအား တရားရုံးသို့ ဆင့်ခေါ်ပြီးနောက် ဆိုးဆိုးဝါးဝါး မီးရှို့ခံရသည့် တရားလိုဘက် ရှေ့နေတစ်ဦး၏ ဖြစ်ရပ် ဖြစ်ပါသည်။ ၎င်းဖြစ်ရပ်သည် *လူအများအာရုံစိုက်ခြင်းခံရသည့် အကြောင်းအရင်းတစ်ရပ်* ဖြစ်ပြီး မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) သည် တရားရုံးချုပ်တွင် အထူးပင် အောင်ပွဲခံခဲ့ပါသည်။ လုပ်ဖော်ကိုင်ဖက် အချို့အကြားတွင် ၎င်းတရားလိုဘက် ရှေ့နေသည် လှောင်ပြောင်ခံရသည့် သို့မဟုတ် သနားကရုဏာသက်ခံရသည့် ပုံရိပ်ပိုင်ရှင် ဖြစ်လာသည်။ အကြောင်းရင်းမှာ လုံလုံလောက်လောက် ပြင်လွယ် ပြောင်းလွယ်ရှိသည့် နိုင်ငံရေးကစားပွဲတစ်ရပ် ကစားရန် ကျရှုံးခဲ့ခြင်းကြောင့်သာမက အဓိက နည်းဗျူဟာဆိုင်ရာ အမှားများကြောင့် ဖြစ်သည် (ဥပမာအားဖြင့် ဝရမ်းပြေး အစွန်းရောက် လှုပ်ရှားသူများအတွက် အချုပ်ခန်းရှိ အကျဉ်းသားများ လွတ်မြောက်ရေးနှင့် အလဲအထပ် ပြုလုပ်ရန် သူက ကြိုးပမ်းခဲ့ခြင်းမျိုးဖြစ်သည်)။ အခြားအနေအထားတွင်မူ သူ့အား ချီးမြှင့် ဂုဏ်ပြုကာ လေးစားကြမည်ဖြစ်သော်ငြား ဤဒေသသည် Pontal do Paranapanema ဖြစ်ပြီး မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) အောင်ပွဲခံရန် စိတ်ပိုင်းဖြတ်ထားသည့် ဒေသ ဖြစ်ခြင်းကြောင့် သူ ကျရှုံးခဲ့ရခြင်း ဖြစ်သည်။ ထို့အပြင် အခိုင်အမာ အမြစ်တွယ်နေသည့် မြေယာများစွာ ပိုင်ဆိုင်ထားသူများ၏ အကျိုးစီးပွားများအား စိန်ခေါ်ရန်အတွက် ပြည်နယ် အစိုးရက ဗျူဟာမြောက် ဆုံးဖြတ်ချက် ချမှတ်ထားသည့် နေရာလည်း ဖြစ်သည်။ သူ၏ နည်းဗျူဟာ အမှားများအား မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) ဘက်မှ ရှေ့နေက အသုံးချထားခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတရားလိုဘက်ရှေ့နေသည် အထီးကျန် ဆန်လာသည်။ ထို့ကြောင့် စာရေးသူက ၎င်းအား ချဉ်းကပ်သောအခါ ဖြစ်ရပ်ရှိ သူ့ဘက်ခြမ်းရှိ ဇာတ်ကြောင်းအား နားလည်သဘောပေါက်ရန် အမြင်ဖြင့် ဆောင်ရွက်ခဲ့သည်။ ရှုံးနိမ့်သူအဖြစ် မှတ်ယူသူအကြောင်း လူအနည်းငယ်မျှသာ စိတ်ဝင်စားကြပြီး အဆိုပါ သမိုင်းကြောင်းကိုလည်း မှတ်တမ်းတင်ပြီး ဖြစ်သည်။ သူ၏ ရှုံးနိမ့်ခြင်းသည် မြေယာမဲ့ အလုပ်သမားလှုပ်ရှားမှု (MST) အတွက် အရေးပါ၍ လိုအပ်သည့် သမိုင်းဝင် အောင်မြင်မှုကို ကိုယ်စားပြုသည်ဟု ကျွန်ုပ်ယူဆကြောင်း အချက်အား မထုတ်ဖော် ခဲ့ပေ။ သို့တည်းမဟုတ် အနည်းဆုံးအနေဖြင့် ဝရမ်းပြေးများအတွက် အကျဉ်းသားဖလှယ်ရေး သူ၏ ဆောင်ရွက်ချက် များသည် မိုက်မဲကြောင်းကိုလည်း မပြောကြားခဲ့ပေ။ ဤအတိုင်း အတာအထိ စာရေးသူအား ထိမ်ချန် ထားကြောင်း စောဒကတက်နိုင်သည်။ သို့သော် ဖြစ်ရပ်တွင် သူ့ဘက်ခြမ်းရှိ အနေအထားအား စာရေးသူက အစစ်အမှန် စိတ်ဝင်စားခဲ့သည်။ ထို့အပြင် အင်တာဗျူးသည် အလွန်ပင် ရလဒ်ကောင်း ရရှိကြောင်း သက်သေပြခဲ့သည်။

တစ်ဦးတစ်ယောက်၏ အဓိက အခန်းကဏ္ဍမှနေ၍ တင်ပြတောင်းဆိုချက်များသည် စာရေးသူအား စဉ်းစားတွေးခေါ်ရန်အတွက် အဟာရဖြစ်စေပါသည်။ အဘယ့်ကြောင့်ဆိုသော် စာရေးသူ၏ အလုပ်တစ်စိတ်တစ်ပိုင်းသည် သုတေသနပြု လေ့လာမည့် အကြောင်းအရာများနှင့် ယုံကြည်မှုအတိုင်းအတာတစ်ခုအထိ တည်ဆောက်ရန် ဖြစ်သည်။ ၎င်းအရာများအနက် အများစုမှာ စာရေးသူနှင့် အကြီးအကျယ် သဘောထားချင်း မတိုက်ဆိုင်ကြသော်ငြား သတင်းအချက်အလက်များ အလွတ်လပ်ဆုံး စီးဆင်းမှုအတွက် ခွင့်ပြုရမည်။ သဘောထား ကွဲလွဲမှုများအား လက်ခံခြင်းဆိုင်ရာ မေးခွန်းတစ်ခု မဟုတ်သော်ငြား မတူညီသည့် သဘောထား များအား နေရာမှန် ဖြစ်စေရန် ကြိုးစားခြင်းနှင့် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခြင်း တို့ ဖြစ်သည်။

စာရေးသူ ကြိုတင်ခံစားခဲ့ရသည့် စိုးရိမ်ထိတ်လန့်မှု မည်သို့ပင် ရှိနေပါစေ စာရေးသူ၏ အကြောက်တရားသည် အခြေအမြစ်မရှိကြောင်း အချိန်အများစုက သက်သေပြခဲ့သည်။ ဥပမာအားဖြင့် အစောပိုင်း ကွင်းဆင်းဆောင်ရွက်မှုတွင် ဖက်ဒရယ်မြေယာဌာန (Instituto Nacional de Colonização e Reforma Agrária-INCRA) မှ အုပ်ချုပ်သူအရာရှိများနှင့် စကားပြောဆိုရန် ဒေါသထွက်နေသည့် လူအုပ်စုကဲ့သို့ ရှုမြင်ရသည့် အကြောင်းအရာနှင့် စာရေးသူက ဆွေးနွေးရသကဲ့သို့ပင် ဖြစ်သည်။[၁၂] အဆိုပါဌာန၏ အလုပ်သည် မြေယာပြုပြင်ပြောင်းလဲရေးကို အကောင်အထည်ဖော်ရန် ဖြစ်သည်။ သို့ပါ၍ မြေယာများအား သိမ်းဆည်းပြီးနောက် သင့်တင့်လျောက်ပတ်သည့် ပမာဏများဖြင့် ပြန်လည်ခွဲခြမ်းပေးရန် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းလုပ်ငန်းစဉ်သည် ဆယ်စုနှစ်များစွာအတွင်း အကောင်အထည်ဖော်ရန် သိသိသာသာ ပျက်ကွက် ခဲ့ခြင်းကြောင့် စာရေးသူက ဌာနအကြောင်းကို အကဲဖြတ် ရှုမြင်သုံးသပ်ခဲ့ပါသည်။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံ၏ အနေအထားအရမူ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုတွင် ထိုကဲ့သို့ ကြီးကြီးမားမား မအောင်မြင်ခြင်းများသည် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုပြုရမည့် အကြောင်းအရာ ဖြစ်လာလိမ့်မည် ဖြစ်ပြီး အကယ်၍ လိုအပ်ပါက ကိုင်တွယ်ဆောင်ရွက်ရန်အတွက် ပြည်သူ့ရေးရာနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအား လုပ်ပိုင်ခွင့်အာဏာ ပေးအပ်နိုင်သည်။ ထို့အပြင် ဖက်ဒရယ်မြေယာဌာန (INCRA) ၏ အခန်းကဏ္ဍအကြောင်း အခြေအတင် ဆွေးနွေးရာတွင် အစွန်းနှစ်ဖက်သို့ အလွန်အမင်း ဦးတည် စေသည်။ ကတိကဝတ်များအား ဆက်လက်ထိန်းသိမ်းသွားရန် ဖက်ဒရယ်မြေယာဌာန (INCRA) ၏ မအောင်မမြင်ဖြစ်မှုများအတွက် မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) က အမြဲမပြတ် တိုက်ခိုက်ခဲ့သည်။ အလွန်ရန်လိုပြီး စွမ်းဆောင်နိုင်စွမ်းရှိသူ တစ်ဦးဖြစ်သည့် ဌာနအကြီးအကဲ ဖြစ်သူ ဝန်ကြီးက ၎င်းတတ်နိုင်သည့် ဆောင်ရွက်ချက်များအား ကိုယ်ကျိုးအတွက်လှည့်ဖျားပြီး တိုက်ရိုက်ဆောင်ရွက်မည့် နည်းဗျူဟာများအတွက် မြေယာမဲ့ အလုပ်သမားလှုပ်ရှားမှု (MST) ကို တိုက်ခိုက်နေခြင်းကြောင့် ဖြစ်သည်။ ထိုကဲ့သို့သော လူစားများအား စာရေးသူ၏ အလုပ်ကို မည်သို့ ရှင်းလင်းပြရမည်နည်း?

သို့ရာတွင် ဌာန၊ အုပ်ချုပ်ရေးဝန်ထမ်းနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်ရာတွင် အမြဲမပြတ် ပြောင်းလဲလှုပ်ရှားမှုများအပေါ် စာရေးသူက ရှုမြင်သည့် ပုံရိပ်သည် အရမ်း ရိုးစင်းကြောင်း မြန်မြန်ဆန်ဆန် သိသာလာသည်။ စတင်ဆောင်ရွက်ရန်အတွက် (ယခုအခါ ပြန်ပြောင်း တွေးကြည့်မှသာ သိသာထင်ရှားကြောင်း ထင်မြင်ရသည်) မြေယာပြုပြင်ပြောင်းလဲ ရန်အတွက် ဌာန၏ ရာထူးအဆင့်အတန်းများအလိုက် အများစုက လေးလေးနက်နက် ကတိပြု ခဲ့ကြသည်။ မြေယာသိမ်းဆည်းခြင်းများနှင့်အတူ ပုံမှန်ပါရှိသည့် ပြည်သူများ၏ ရန်လိုမှု အတွက် (ဖြေရှင်းရာတွင် ပုံမှန်ထက်ပို၍ စီမံအုပ်ချုပ်မှုဆိုင်ရာ အားထုတ်ကြိုးပမ်းမှုတစ်ရပ်) ဝန်ထမ်း အများအပြားသည် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) က ဆောင်ရွက်သည့် လုပ်ဆောင်ချက်များအား ထောက်ခံအားပေးကြသည်။ မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) အတွက် ကြမ်းတမ်းသော စကားလုံးများဖြင့် မကြာခဏ ပြောဆိုသည့် ဝန်ကြီးကိုယ်တိုင် သည်ပင် လူထုလှုပ်ရှားမှုက ကောင်းမွန်အကျိုးရှိသည့် ဆွေးနွေးငြင်းခုံမှုသို့ ပြောင်းလဲ လာကြောင်းအား အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့် နိုင်ငံရေးအစီအစဉ်၏ ထိပ်ဆုံးတွင် မြေယာပြုပြင် ပြောင်းလဲရေးက တည်ရှိနေခြင်း ဖြစ်သည်။ သေချာစေရန်အလို့ငှာ မြေယာမဲ့ အလုပ်သမား လှုပ်ရှားမှု (MST) ကိုယ်တိုင်သည်ပင် ၎င်းကိုယ်ပိုင် အောင်မြင်မှု၏ သားကောင်ဖြစ်လာပြီး အမှန်တကယ် အကျိုးရှိ ထိရောက်သည့် စီမံကိန်းမရှိကြောင်း (လူထုလှုပ်ရှားမှုကိုယ်တိုင်ရှိ အလွန်ရင်းနှီးသည့် လုပ်ဖော်ကိုင်ဖက်ဟောင်းများက ပြုလုပ်သည့် ဝေဖန်သုံးသပ်ချက်တစ်ခု ဖြစ်သည်) စာရေးသူ ခံစားရသည်။ ထို့ကြောင့် ဖြစ်ရပ်တွင် အဆိုပါလူများအား စာရေးသူကိုယ်တိုင် ရှင်းလင်းတင်ပြခြင်းဖြင့် လွယ်ကူကြောင်း ထူးထူး ခြားခြား တွေ့မြင်ရ ပါသည်။ မည်သည့်အရာက မှားယွင်းနေကြောင်း နားလည်သဘောပေါက်ဖို့ ကြိုးစားရန် စာရေးသူ လိုလားပါသည်။ လွယ်လင့်တကူ အဆင်သင့်အသုံးချနိုင်ရန်အတွက် ဥပဒေ ပြဋ္ဌာန်းခြင်းအား ကြံစည် အားထုတ်ခြင်းဖြင့် ဖက်ဒရယ်မြေယာဌာန (INCRA) သည် ၎င်း၏ အခြေခံအလုပ်ဆောင်ရွက်ရန် အဘယ့်ကြောင့် သိသိသာသာ ပျက်ကွက်ရပါသနည်း? ပျက်ကွက်ရခြင်း၏ ကနဦး အကြောင်းရင်းများက မည်သည့်အကြောင်းအချက်များ ဖြစ်ခဲ့ပါသနည်း? နိုင်ငံရေးဆန္ဒ မရှိခြင်းကြောင့် ဖြစ်ခဲ့ပါသလား? လာဘ်ပေးလာဘ်ယူမှုများ ရှိခဲ့ပါသလား? ဥပမာအားဖြင့် ဌာနအတွက် အလုပ်လုပ်ပေးနေသည့် ရှေ့နေအချို့သည် ပြုပြင်ပြောင်းလဲရေး အတွက် ပွင့်ပွင့်လင်းလင်း ထိပ်တိုက် ဆန့်ကျင်ကြကြောင်း သိရှိရသည်။ ဥပဒေစာစောင် များသည် အဆိုပါ အရုပ်ဆိုးသည့် မှားယွင်းမှုများအား တစ်ခါတစ်ရံ မှတ်တမ်း တင်ထားကြသည်။ ၎င်းမှားယွင်းမှုများ ဆိုသည်မှာ အမှုအား စတင်အရေးယူ ဆောင်ရွက်ရာတွင် တရားရုံးများ၌ ရွေးချယ်မှုအနည်းငယ် သာရှိခြင်းပင် ဖြစ်သည်။

ထပ်မံ၍ ပိတ်သိမ်းပြီး အမှုတစ်ခု (၂၀၀၀ ပြည့်နှစ် Bagé ရှိ မြေယာပိုင်ဆိုင်မှု စစ်ဆေးခြင်းဆိုင်ရာ မအောင်မြင်မှု)[၁၃] အား အလွန်ပင် အငြင်းပွားဖွယ်ဖြစ်သည့် ပြဿနာရပ် များအား စူးစမ်းလေ့လာသည့် နည်းလမ်းအဖြစ် စာရေးသူက ရွေးချယ်ပါသည်။ လူအများသည်

စကားပြောဆိုရန် ဆန္ဒပိုရှိကြောင်းနှင့် ပိုမို ကျယ်ပြန့်သည့် အမြင်ရှုထောင့်များ ရှိနေကြောင်း ယုံကြည်ချက်ဖြင့် ရွေးချယ်ခြင်း ဖြစ်ပါသည်။ ယူဆချက်က မှန်ကန်ကြောင်း သက်သေပြ ပါသည်။ အဓိက လုပ်ဆောင်သူများဖြစ်ကြသည့် ဝန်ကြီး၊ Rio Grande do Sul ရှိ ဖက်ဒရယ် မြေယာဌာန (INCRA)၊ အုပ်ချုပ်ရေးမှူးတစ်ဦးချင်းစီနှင့် ဖက်ဒရယ်အစိုးရ တရားလိုဘက် ရှေ့နေ များအား စကားပြောဆိုရသည်မှာ ကျေနပ်ဖွယ် ကောင်းပါသည်။ အမှန်အားဖြင့် ၎င်းတို့သည် အင်တာဗျူးများအား မှတ်တမ်းယူပြီး တိပ်ခွေဖြင့်လည်း အသံသွင်းကြောင်း အကျိုးရှိရှိ မှတ်သားရပါသည်။ ဤအချက်သည် ဘရာဇီးနိုင်ငံရှိ အစိုးရအရာရှိများတွင် ပိုမို ပွင့်လင်းမှု ရှိသော အစဉ်အလာတစ်ရပ်ရှိကြောင်း ထင်ဟပ်ပြနေပါသည်။ ဗြိတိန်နိုင်ငံရှိ ပြည်သူ့ဝန်ထမ်း များတွင် ယခုထိတိုင် ရှိနေဆဲဖြစ်သည့် လျှို့ဝှက်ချက်ထားတတ်သည့် အစဉ်အလာ[၁၄]အား ဗြိတိန်တွင် ခိုင်ခိုင်မာမာရှိသလောက် မည်သည့်နေရာတွင်မျှ မရှိနေသည်မှာ အသေအချာပင် ဖြစ်သည်။ မည်သည့် ဆက်သွယ်မှုဆိုင်ရာ လျှို့ဝှက်သဘောတူညီချက်များအား လက်မှတ် ရေးထိုးရန် စာရေးသူအား မတောင်းဆိုခဲ့ပေ။ တစ်ဦးချင်းစီ၏ ဖိုင်တွဲများအား ကြည့်ရှုနိုင်ပြီး မိတ္တူလည်း ကူးယူနိုင်ကာ သတင်းအချက်အလက်ဘဏ်တိုက်များမှလည်း အချက်အလက် ရယူနိုင်သည်။ ဗြိတိန်နိုင်ငံ အနေအထားတွင်မူ များပြားလှသည့် ကြိုတင်သတ်မှတ်ချက်များ မရှိဘဲ ထိုကဲ့သို့ လက်လှမ်းမီ ရရှိခြင်းအား စိတ်ပင်မကူးနိုင်ပေ။ သို့သော် ဘရာဇီးနိုင်ငံ ဖြစ်ရပ်တွင်မူ အချက်အလက် ရရှိခြင်းသည် ရင်းရင်းနှီးနှီး ယုံကြည်မှု တည်ဆောက်မှုအပေါ် ပို၍မူတည်ပါသည်။ ယုံကြည်မှုတွင် သုတေသီများက သတင်းအချက်အလက်များအား မည်သို့ ကိုင်တွယ်သွားနိုင်ချေ ရှိကြောင်း မျှော်မှန်းချက်များ အပါအဝင် ဖြစ်သည်။

အသံသွင်းမှတ်တမ်းယူခြင်း မယူခြင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် မိတ်ဆွေ တစ်ဦးက ထိုသို့ မပြုလုပ်ရန် စာရေးသူအား အကြံပေးပါသည်။ စစ်မှန်သည့် အကြောင်းအရာ များအား အသံမသွင်းနိုင်ဘဲ အသံသွင်းစက်ကို တွေ့မြင်ရသည့်အတွက် အင်တာဗျူးဖြေဆိုသူ များအား တွန့်ဆုတ်သွားစေကြောင်း အကြံပြုပါသည်။ ဤအချက်များသည် အန္တရာယ်အစစ် အမှန်များ ဖြစ်ကြသော်လည်း စာရေးသူကိုယ်ပိုင်အမြင်မှာမူ ဤနည်းဖြင့်သာ သတင်းအချက် အလက်များ ပိုမို ရယူနိုင်ကြောင်းပင် ဖြစ်သည်။ အကယ်၍ စာရေးသူက မိခင်ဘာသာစကားဖြင့် မဟုတ်ဘဲ မှတ်စုတိုရေးမှတ်ခြင်းအပေါ် အာရုံစိုက်နေရစဉ် ဤအချက်အလက်များအပေါ် အာရုံစိုက်ရန် မဖြစ်နိုင်ချေ။ လက်ရေးတိုဖြင့် အဆင်ပြေပြေ ရေးမှတ်နိုင်ရန်အတွက် အင်တာဗျူး အားဆက်လက် မေးမြန်းနေစဉ် စာရေးသူက မလိုသည့် အချက်များအား ပယ်ဖျက်နိုင်ပြီး မည်သည့် ဖြစ်ရပ်တွင်မဆို အစကတည်းက အင်တာဗျူးဖြေဆိုသူများအား အသံသွင်းစက်ကို ပိတ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်းပြောကြား ထားခြင်းကြောင့် ဖြစ်သည်။ အသံသွင်းစက် ပိတ် နိုင်ကြောင်းကို အခါအားလျော်စွာ ပြောကြားခဲ့သော်ငြား ပုံမှန်အားဖြင့် အင်တာဗျူးဖြေဆိုသူ များက စကား ဆက်လက် ပြောဆိုနေစဉ် အသံသွင်းထားသည်ကို လုံးဝ မေ့လျော့သွားခြင်းဖြင့် အင်တာဗျူး အဆုံးသတ်ကြသည်။ အမှန်တကယ်တွင် ဖြစ်လာနိုင်ချေရှိသည့် သတင်း ပေါက်ကြားခြင်း

မဖြစ်ပေါ်စေရန် စာရေးသူ အလေးဂရုပြုခဲ့သည်။ ဤကဲ့သို့ သတင်းပေါက်ကြား ခြင်းသည် သတင်းစာတွင် ပါရှိသည့် အစီရင်ခံစာများ ဖြစ်နိုင်သည်။ သို့သော် ကာလ ရှည်ကြာသည့် အချိန်သတ်မှတ်ချက်အတွင်း နှိုင်းယှဉ်ထားသည့် ဖြစ်ရပ်များပါဝင်သော အကြီးစား သုတေသန စီမံကိန်း အနေအထားတွင်မူ အလွန်အမင်း သိသာရန် ခက်ခဲပါသည်။

## လေးစားလိုက်နာမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောင့်တက်ခြင်း - ပဋိပက္ခကြုံတွေ့ရသည့် လက်တွေ့ကွင်းဆင်း လုပ်ငန်းရှိ လိုအပ်သည့် သဘောထားဆန္ဒ

ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပဋိပက္ခ ပြင်းထန်မှုအခြေအနေအပေါ် မူတည်၍ စိန်ခေါ်မှုများအား သိသိသာသာ ကြုံတွေ့ရကြောင်း ဤအခန်း (၁) အစပိုင်းကတည်းကပင် စာရေးသူ အကြံပြုထားသည်။ အဆိုပါ ပဋိပက္ခများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နက်နက် ရှိုင်းရှိုင်းပုံစံဖြင့် ပိုမိုဖြစ်ပွားလေ့ရှိပြီး ဘရာဇီးနိုင်ငံတွင် ပေါ်ပေါက်ခဲ့သည့် မြေယာ ပဋိပက္ခများသည် ဥပမာကောင်း တစ်ခုပင် ဖြစ်သည်။ သို့ရာတွင် ပဋိပက္ခသည် ဖြစ်စဉ် တစ်ခုလုံး၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်ပြီး အခြားအရေးပါသည့် အချက်အလက်များ သည်လည်း လုပ်ငန်းခွင်တွင် ကြုံတွေ့ရပါသည်။ ဤအချက်ကို သရုပ်ဖော်ရန်အတွက် ဥပမာနှစ်ခုကို အကြမ်းဖျင်း တင်ပြနိုင်သည်။ ဤဥပမာများရှိ အထင်ရှားဆုံးအပိုင်းမှာ ပဋိပက္ခတွင် ပါဝင်သည့် သက်ဆိုင်ရာ အစုအဖွဲ့များအား ပုံမှန် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ခြင်း ဖြစ်သည်။

ကြိုတင်ကြေညာပြီးမှ ပြုလုပ်သည့် တိုက်ခိုက်မှုအားလုံးအတွက် အဓိကအချက်မှာ မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) နှင့် အစိုးရအကြား တစ်ဦးနှင့်တစ်ဦး အမြဲမပြတ်တွေ့ဆုံညှိနှိုင်းရန် လိုအပ်ခြင်း ဖြစ်သည်။ တစ်မျိုး သို့မဟုတ် နောက်တစ်မျိုးနှင့် အပေးအယူများ ပြုလုပ်ခြင်းအား အမြဲတမ်း သပိတ်မှောက်ကြသည်။ မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) သည် အမှီအခိုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်း၏ တစ်သီးတစ်ခြားရပ်တည်မှုအား တခုပ်တရ ထိန်းသိမ်းထားသည်။ သို့သော် ၎င်း၏ အဓိက ရည်ရွယ်ချက်ဖြစ်သည့် မြေယာပြုပြင် ပြောင်းလဲရေးသည် အစိုးရအပေါ် မှီတည်ဆက်ဆံနေရကြောင်း မူလကတည်းက တွေ့ရှိခဲ့ရ သည်။ အဆုံးသတ်တွင် အစိုးရကသာ မြေယာများအား သိမ်းယူရန်အတွက် ဥပဒေကြောင်း အရသာမက ငွေကြေးအရပါ အာဏာရှိပြီး တည်ငြိမ်သည့် အလုပ်အကိုင်အတွက် အဓိက ကျသည့် အခြေအနေများ (ချေးငွေများ၊ ကိရိယာများ၊ သင်တန်းပေးခြင်း စသည်ဖြင့်) တို့အား ပံ့ပိုးပေးရမည်ဖြစ်သည်။ မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) က ဤအချက်ကို သိရှိသည်။ ထို့နည်းတူ လူထုလှုပ်ရှားမှုသည်လည်း အဓိကကျသည့် အဖွဲ့အစည်း မဟုတ်သော်ငြား အရေးပါကြောင်း အစိုးရက သိရှိသည် (သို့သော်ငြား ကြောက်မက်ဖွယ် အင်အား ရှိနေသေးသည့် ကျေးလက်သမဂ္ဂများ၏ အခန်းကဏ္ဍကို စာရေးသူတို့ မမေ့လျော့သင့်ပေ)။ ဥပမာအားဖြင့် ယခုချိန်ထိ ဖြစ်ပေါ်ပြီးသည့် မြေယာပြုပြင် ပြောင်းလဲရေးပုံစံကို ကြည့်ပါက အစိုးရက

သိမ်းဆည်းထားသည့် မြေယာများအား အရပ်သားများက ဝင်ရောက်သိမ်းပိုက် ခြင်းသည် အတော်ပင် သိသာထင်ရှားသည့် ပမာဏရှိကြောင်း တွေ့ရသည်။[၁၅] သိသာထင်ရှားသည့် အနေအထားအရဆိုသော် အစိုးရမူဝါဒအား လူထုလှုပ်ရှားမှုဖိအားက အရှိန်ပြင်းပြင်း ရိုက်ခတ်ပြီးနောက် ရလဒ်ကောင်းထွက်ပေါ်လာစေရန် တွန်းအားပေးခြင်းခံရပါသည်။ တစ်နည်းဆိုရသော် တစ်ဦးချင်းစီတွင်ရှိသည့် အခွင့်အာဏာများအား အပြန်အလှန် အသိအမှတ်ပြုကြခြင်းပင် ဖြစ်သည်။ ဆွေးနွေးငြင်းခုံမှုများအား အပြန်အလှန်အသိအမှတ် ပြုခြင်းဖြင့် ပြုလုပ်နိုင်သော်ငြား ၎င်းတို့သည် တစ်ဖွဲ့နှင့် တစ်ဖွဲ့လိုအပ်ကြကြောင်း အကြံပြုရန်အတွက် စာရေးသူက သုတေသနအား ခပ်ကြာကြာ ဆောင်ရွက်မည် မဟုတ်ပါ။ သို့သော် ကြားကာလရည်ရွယ်ချက်များ ခိုင်မာသေချာစေရန်အတွက် ၎င်းတို့သည် တစ်ဦးနှင့် တစ်ဦး ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်မှာ သိသာထင်ရှားပါသည်။ အခွင့်အာဏာနှင့် သိသာမြင်သာသည့် ပဋိပက္ခရှိ ဝိဝါဒမကွဲပြားသည့် အပိုင်းများအကြား အပြောင်းအလဲ အမြဲရှိနေသည်။

ယေဘုယျအားဖြင့် ပြောဆိုရသော် လူထုလှုပ်ရှားမှုနှင့် ရဲများအကြား သူစိမ်းဆန်ဆန်ရန်လိုသည့် ဆက်နွယ်မှုရှိသော်ငြား ၎င်းဆက်စပ်ပတ်သက်မှုက အဆိုပါ ဝိဝါဒမကွဲပြားသည့် အပိုင်းများအကြား လှုပ်ရှားပြောင်းလဲနေခြင်းအား ပေါ်လွင်ထင်ရှားသည့် ဥပမာများကို ဖော်ပြနေသည်။ အများသိရှိသည့်အတိုင်း လက်တလောကာလများရှိ မြေယာမဲ့အလုပ်သမားများကြုံတွေ့ရသည့် အရက်စက်ဆုံး လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရခြင်းအနက် တစ်ခုမှာ မြေပိုင်ရှင်များကြောင့် မဟုတ်ဘဲ ရဲများက Para ပြည်နယ်မြောက်ပိုင်းတွင် ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။[၁၆] သို့ရာတွင် စာရေးသူ လေ့လာခဲ့သည့် ပဋိပက္ခများတွင် ပါဝင်ကျူးလွန်ကြသည့် ရဲအရာရှိအများအပြားသည် ကျေးလက်မိသားစုများမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း ထင်ထင်ရှားရှား တွေ့ရသည်။ အရာရှိများအတွက် ၎င်းတို့သိကျွမ်းသည့် မိသားစုမှ အမျိုးသမီးများနှင့် ကလေးများနှင့် ရင်ဆိုင်တွေ့ရခြင်းသည် ပုဂ္ဂိုလ်ရေးအကျပ်ရိုက်မှုကို လက်တွေ့မျက်မြင်ကြုံတွေ့စေသည်။ ဤကဲ့သို့ ထွေပြားခြင်းများအား အမိန့်နာခံ လိုက်နာဆောင်ရွက်ခြင်းဖြင့် အခိုက်အတန့်အားဖြင့် ချိုးနှိမ်လေ့ရှိကြသည်။ သို့ရာတွင် အခြားသူများကမူ ဝေခွဲမရအကျပ်ရိုက်နေဆဲ ဖြစ်သည်။ ဥပမာအားဖြင့် မြေယာမဲ့အလုပ်သမားများအား မြေယာများမှအတင်းဖိအားပေး ထွက်ခွာစေခြင်းကဲ့သို့ ပြောင်ကျကျ ဖိနှိပ်ကွပ်ခြင်းသည် ပြဿနာအတွက်အဖြေမဟုတ်ချေ။ ၎င်းမြေယာမဲ့များသည် နေရာအနှံ့ လှည့်လည်သွားလာကာ ထပ်မံ၍ပဋိပက္ခဖြစ်နိုင်ခြေ ပိုများလာသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အချို့တွင် ရဲလုပ်ငန်းစဉ်အတွင်းရှိ လူမှုရေးရာသက်ရောက်မှုများ ထည့်သွင်းစဉ်းစားရေးကို ပို၍နားလည်သဘောပေါက်လာကြသည်။ Rio Grande do Sul တွင် အလုပ်သမားပါတီ (Workers' Party - PT) အစိုးရသည် တရားရုံးအမိန့်များကို အကောင်အထည်ဖော်ရာတွင် စစ်ရဲများပို့ဆောင်ရန် ငြင်းဆန်ပါသည်။ ထို့အစား ဆွေးနွေးညှိနှိုင်း အဖြေရှာဖွေသည်။ တည်ရှိနေသောလုပ်ပိုင်ခွင့်အာဏာသာမက အစွန်းနှစ်ဖက်ရောက်သွားသော အုပ်စုများရှိ ဝိဝါဒ မကွဲပြားသည့်

အပိုင်းများသည် မီဒီယာများတွင် ဖော်ပြခံရလေ့ရှိကြသည်။[၁၇] အလုပ်သမားပါတီ (PT) အတွက် တူညီသည့် သဘောထားကို စာရေးသူ၏ အခြားဖြစ်ရပ်လေ့လာမှုများအနက် တစ်ခုဖြစ်သည့် Paraná State တွင် ဖော်ပြထားသည်။ Paraná ပြည်နယ်၏ အုပ်ချုပ်ရေးမှူးဖြစ်သူ Roberto Requião သည် တရားရုံးအမိန့်များအား အကောင် အထည်ဖော်ရန် (တရားရေးဆိုင်ရာ အတိုက်အခံပြုခြင်းအား ရင်ဆိုင်ရသည့်တိုင်) ရဲရဲဝံ့ဝံ့ ငြင်းဆိုခဲ့ပြီး မြို့ပြနှင့် ကျေးလက်ဒေသ နှစ်ခုစလုံးတွင် နေထိုင်သည့် ကျူးကျော်သူများအား အလျင်အမြန် နှင်ထုတ်ခဲ့သည်။ အုပ်ချုပ်ရေးမှူးက မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) ခေါင်းဆောင်ဖြစ်သူ João Pedro Stédile ကိုလည်း စစ်ရဲများအား ကိုင်တွယ်ရန်အတွက် ဖိတ်ကြားခဲ့သည်။ ထို့သို့ကိုင်တွယ် ရာတွင် မြေယာပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပြဿနာများအကြောင်း သဘောပေါက် နားလည်အောင် ပြုလုပ်ပြီးနောက် ၎င်းတို့လုပ်ဆောင်ချက်များအား ထည့်သွင်းစဉ်းစားရန် အသိပညာပေးခဲ့သည်။ ပိုသေချာသည်မှာ ကိုင်တွယ် ဆောင်ရွက်မှုသည် သမရိုးကျ အဖြစ်အပျက်မဟုတ်ပဲ တမူထူးခြားသည့် အခြေအနေများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ တစ်ညတည်းဖြင့် ဆက်နွယ်မှုများအား ပြောင်းလဲနိုင်မည် မဟုတ်သော်လည်း လက်တွေ့ မြေပြင်တွင် အဆိုပါ ဝိဝါဒမကွဲပြားသည့် အစိတ်အပိုင်း အမြောက်အများအား စာရေးသူက အမှတ်မထင် တွေ့ရှိသမျှ ကိုင်တွယ်ဆောင်ရွက်မှုသည် တကယ်ပင် ပုံမှန်လုပ်ရိုးလုပ်စဉ်ပင် ဖြစ်သည်။[၁၈] အတိအကျ ဆိုရသော် ဖြစ်ရပ်သည် ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့် (အားလုံး ပြီးဆုံးသည့်အခါတွင် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) ခေါင်းဆောင်က ဖိတ်ကြားချက်ကို လက်ခံခဲ့သည်) အခြေအနေတစ်ရပ်ချင်းစီနှင့် အရေးပေါ်ကိစ္စရပ် တစ်ခုချင်းစီသည် အရေးကြီးကြောင်း ထောက်ပြပါသည်။ စာရေးသူ ဆောင်ရွက်သည့် သုတေသနသည် ၎င်းအရေးပေါ်ကိစ္စရပ်များအား စူးစမ်းလေ့လာရန်အတွက် အများအားဖြင့် အသားပေး ဆောင်ရွက်ပါသည်။

## အမျိုးစုံလင်ကွဲပြားမှုမှ ခြုံငုံသုံးသပ် ကောက်ချက်ချခြင်း

အိန္ဒိယအကြောင်း ပြောကြားသည့်အတွက် လွန်ခဲ့သည့်နှစ်အချို့က သူ့အား အိန္ဒိယ ပါလီမန် အမတ်များက ရယ်သွမ်းသွေးခဲ့ပုံအား လုပ်ဖော်ကိုင်ဖက်တစ်ဦးက စာရေးသူအား တစ်ခါက ပြောပြခဲ့သည်။ လူဦးရေ သန်းပေါင်း (၇၅၀) နေထိုင်သည့် တိုင်းပြည်တစ်ခုအား စကားတစ်လုံးတည်းဖြင့် လူတစ်ဦးက မည်သို့ အနှစ်သာရရှိရှိ ခြုံငုံဖော်ပြနိုင်မည်နည်း? လူဦးရေ (၁၈၀) သန်းရှိပြီး လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူမျိုးတို့တွင် အံ့သြမင်သက်လောက်ဖွယ် ကွဲပြား ခြားနားသည့် ဘရာဇီးနိုင်ငံသည်လည်း နည်းလမ်းများစွာဖြင့် အလားတူပင်ဖြစ်ကြောင်း စာရေးသူ ခံစား မိသည်။ ထိုကဲ့သို့ အမျိုးစုံလင်ကွဲပြားမှုကြောင့် ခြုံငုံကောက်ချက်ချမှု အားလုံးသည် ကျဆုံးနိုင်ကိန်းရှိနိုင်သည်။ သို့မဟုတ် စာရေးဆရာ၏ မိမိကိုယ်ကို အထင်ကြီးမှုကြောင့် ထွက်ပေါ်လာသည့် ထွက်ကုန်မျှသာ ဖြစ်သည်။ စာရေးသူ၏ ကိုယ်ပိုင် သုတေသန ဆောင်ရွက်စဉ်တွင် ဒေသတစ်ခုနှင့် အခြားတစ်ခုအကြား ကျော်လွှားနိုင်ချေ မရှိကြောင်း ထင်မြင်သည့် ဆန့်ကျင်ကွဲလွဲချက်များအား ညွှန်းဆိုရင်း ဥပဒေလက်တွေ့ ကျင့်သုံးသူများ၊

နိုင်ငံရေးသမားများနှင့် တက်ကြွလှုပ်ရှားသူများအား ကောင်းကောင်း ပြန်အမှတ်ရပါသည်။ တရားသူကြီးတစ်ဦး၏ မှတ်ချက်များက စိတ်ထဲ ချက်ချင်းဆိုသလို ပြန်အမှတ်ရမိသည်-

> ဘရာဇီးနိုင်ငံသားမဟုတ်သည့် မည်သူမဆို ဘရာဇီးနိုင်ငံသည် အခြားအရာ အားလုံးထက် အလွန်ပင် ကွဲပြားမှု အမျိုးစုံလင်သည်ဟု စိတ်ထဲမှတ်ယူသင့်ကြောင်း ကျွန်ုပ် ထင်မြင်သည်။ ဒေသတစ်ခုချင်းဖြစ်သည့် မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ တောင်ပိုင်းတို့သည် အခြားဒေသများနှင့် အလွန်တရာ ကွဲပြားခြားနားကြသည်။ ယေဘုယျအားဖြင့် တရားစီရင်ရေးသည် အလွန်အမင်း မရေရာပြိုပျက်လုနီး အခြေအနေပင် ဖြစ်သည်။ São Paulo နှင့် တောင်ပိုင်း ပြည်နယ်များတွင် အတော် အသင့် ကောင်းကောင်း အလုပ်ဖြစ်သော်ငြား ခင်ဗျား သွားရောက်သည့် မြောက်ပိုင်း ပြည်နယ်များတွင်မူ အလွန် မရေမရာပြိုပျက်လုနီး ဖြစ်သည်။ စကားဇာချဲ့ ပြောခြင်းမဟုတ်ပါ။ မြောက်နှင့် အရှေ့မြောက်ပိုင်းပြည်နယ်များတွင် အဖွဲ့အစည်း ဆိုင်ရာ အခြေအနေများသည် အလယ် ခေတ်အဆင့်သာ ရှိနေသေးသည်ဟု ကျွန်ုပ် ယူဆသည်။[၁၉]

'အလယ်ခေတ်' ဟူသည့် အသုံးအနှုန်းသည် ချဲ့ကားပြောကောင်း ပြောနိုင်မည် မှန်သော်ငြား သူပြောဆိုလိုသည့် မတူကွဲပြားခြင်းအကြောင်းသည် အခြေခံအားဖြင့် ခိုင်လုံသည်။ ဥပဒေအရ မတူကွဲပြားသကဲ့သို့ နိုင်ငံရေးတွင်လည်း များစွာ ကွဲပြားခြားနားသည်။ ဆန့်ကျင်ဘက်အားဖြင့် ဗြိတိန်နိုင်ငံသည် ကမ္ဘာကြီး၏ တောင့်စွန်းတစ်နေရာတွင် သေးငယ်၍ ခပ်နေးနေးရွေ့လျားကာ မထင်မရှား ပေါ်လာသည် (ကမ္ဘာပေါ်တွင် အကောင်းဆုံးအဖြစ်ပုံတူ ကူးရန် ရှာဖွေကြသည့် ၎င်း၏အဆင့်အတန်းထက် ကောင်းကောင်းသာသည့် အယူအဆများ ရှိခြင်းကြောင့် ဖြစ်သည်)။[၂၀] ဘရာဇီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲဟု ခေါ်တွင်သည့် နိုင်ငံများတွင် တွေ့ရသည့် မပီမပြင် ဝေဝေဝါးဝါး လှုပ်ရှားပြောင်းလဲနေပြီး အောချရလောက်အောင် ရှုပ်ရှုပ် ထွေးထွေး ပေါင်းစပ်ထားသည်ထက် ဗြိတိန်နိုင်ငံရှိ အစိုးရနှင့် ဥပဒေနှစ်မျိုးစလုံးအား မှိုင်းပြမ်း ကိုးကားချက်များသည် ပို၍ တသားတည်းဖြစ်မှု သပ်သပ်ရပ်ရပ်နှင့် နားလည်နိုင်စွမ်းရှိသော အမှန်တကယ်တည်ရှိမှုကို အထူးပင် ဖမ်းယူ ဆုပ်ကိုင်ထားကြသည်။ အမှန်အားဖြင့် ဥပဒေရေးရာ ဗဟုဝါဒအား ဆွေးနွေးချက်များသည် အဆိုပါ ကွဲလွဲချက်များနှင့် အမှန်တကယ် တည်ရှိမှုများအား အတိအကျ နားလည်သဘောပေါက် လာစေရန် ကြိုးပမ်းအားထုတ်မှုကို တစ်စိတ်တစ်ပိုင်း ထင်ဟပ်စေသည်။

ကျိုးကြောင်းညီညွတ်စွာဖြင့် ခြုံငုံကောက်ချက်ချနေစဉ် ရှင်းရှင်းလင်းလင်း တိတိကျကျ နားလည်သဘောပေါက်ရန် မရေမတွက်နိုင် ကြိုးစားရခြင်းသည် သုတေသီတိုင်း ကြုံတွေ့ ရသည့် ထိတ်လန့်စရာအကောင်းဆုံးအလုပ်များအနက် တစ်ခုဖြစ်သည်မှာ အသေအချာပင် ဖြစ်သည်။ ထို့ကြောင့် ပညာရှင်တစ်ဦးချင်းစီ၏ မှတ်တမ်းများအား တစ်ဦးတစ်ယောက်က စဉ်းစားမိသောအခါ ပို၍ ထိတ်လန့်စရာကောင်းသည့်အလုပ်များ ပေါ်ထွက်လာနိုင်သည်။ ဥပမာအားဖြင့် အကယ်၍ ဘရာဇီးပြည်သူများအကြောင်း စာအုပ်ရေးရန် 'အတွင်းလူ' Darcy Ribeiro ၏ လုပ်ဆောင်

နိုင်မှုသည် နှစ်ပေါင်းသုံးဆယ်ကြာ အချိန်ယူခဲ့ပါက[၂၁] ခါတ်မသိသူ အပြင်လူတစ်ဦးအနေဖြင့် အရမ်းတိုတောင်းလွန်းသည့် အချိန်ကာလအတွင်း ပြဿနာများကို နားလည်သဘောပေါက်မည့် အခွင့်အရေး မည်သို့ ရရှိမည်နည်း? နေရာဒေသတစ်ခုကို ပိုင်းခြားဝေဖန်ရာတွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်လေ့လာရန် သေချာပေါက် အကန့်အသတ် ရှိခြင်းနှင့် တပြိုင်နက်တည်း ကောက်နုတ်ခြင်း သို့မဟုတ် ထိုနေရာဒေသမှ အနည်းငယ်ဆုတ်ခွာခြင်းတို့အကြားရှိ အားပြိုင်မှုသည် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရာ၌ အဓိကကြုံတွေ့ရသည့် စိတ်ခေါ်မှုများအနက် တစ်ခု ဖြစ်ပါသည်။ ဥပမာအားဖြင့် ဤအချက်သည် နည်းလမ်းပေါင်းစုံ အသုံးပြု၍ ၎င်းကိုယ်တိုင် ပေါ်လွင်အောင် မတန်တဆ ပြသခြင်းပင် ဖြစ်သည်။

ဥပမာအားဖြင့် ကွင်းဆင်းလုပ်ငန်းဆောင်ရွက်စဉ် ပထမအဆင့်အနေဖြင့် (တစ်နာရီ သို့မဟုတ် နှစ်နာရီအကြာ မေးမြန်းလေ့ရှိသည့်) အသေးစိတ် အင်တာဗျူး အများအပြားအား စာရေးသူက မေးမြန်းစုဆောင်းခဲ့သော်လည်း ရရှိသည့်ကုန်ကြမ်းအသေးစိတ်နှင့် အင်မတိ အင်မတန် များပြားသည့် ကုန်ကြမ်းအချက်အလက်များကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ် ရှိကြောင်း သိရှိရသည် (အင်တာဗျူးများအား မှတ်တမ်းရေးမှတ်ခြင်းအတွက် ငွေကြေးသုံးစွဲရန် စာရေးသူစီမံထားသည့် အချက်ကြောင့် ခွင့်ပြုထားသော်ငြား)။ မြန်မြန်ဆန်ဆန် စုဆောင်း ရရှိထားသည့် အချက်အလက်များအား စာရေးသူက မည်သို့ အဓိပ္ပာယ်ရှိရှိ ဆောင်ရွက်သွား မည်နည်း? အထူးသဖြင့် ချိတ်ဆက်မှုများအား ဆက်လက်ဆောင်ရွက်သွားပြီး အဆိုပါ ချိတ်ဆက်မှုများအား စီမံကိန်းဆက်လက်ဆောင်ရွက်နေစဉ် မည်သို့ ပြန်လည်ထည့်သွင်း အသုံးပြုသွားမည်နည်း? ရက်စွဲ၊ နေရာ၊ အဖွဲ့အစည်း၊ အင်တာဗျူးဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေး မှတ်စုတိုများ စသည်ဖြင့် အခြေခံအပိုင်းအချို့ပါဝင်သည့် အချက်အလက်ဘဏ်တိုက်အား ရက်သတ္တပတ်အနည်းငယ် အကြာတွင် စာရေးသူက ရိုးရိုးစင်းစင်းပင် ဖန်တီးခဲ့သည်။ ထို့အပြင် အင်တာဗျူးအား မည်သို့ စဉ်းစား၍ ဆက်လက်ဆောင်ရွက်မည့် အနှစ်ချုပ်အား ၎င်းအင်တာဗျူး ဆောင်ရွက်နေစဉ် တွေ့ကြုံရသည့် အခြေအနေများအကြောင်း မှတ်စုတိုများနှင့်အတူ ပေါင်းစပ်ခဲ့သည်။ သို့ရာတွင် အရေးအကြီးဆုံးအပိုင်းမှာ (စာပိုဒ်အနည်းငယ်သာ ပါဝင်လေ့ ရှိသည့်) အနှစ်ချုပ်ကိုယ်တိုင်ပင် ဖြစ်သည်။ စကားလုံးများအား ရှာဖွေခြင်းမှတဆင့် အချက်အလက် ကုန်ကြမ်းရရှိရန်အတွက် အနှစ်ချုပ်က အထိရောက်ဆုံး လမ်းစဖြစ်သည်။ တစ်ဦးချင်းစီ အင်တာဗျူးခြင်းအတွက်သာမက အချက်အလက်ဘဏ်တိုက်များအား ထပ်မံရှာဖွေမှု ပြုလုပ်ခြင်းဖြင့် စာရေးသူလုံးဝ မေ့လျော့နေသည့် အင်တာဗျူးများတွင် ပါရှိသော အလားတူ သက်ဆိုင်မှုများ သို့မဟုတ် စာရေးသူ မသိရှိခဲ့သည့် သိသာထင်ရှားသူများအတွက်ပါ စကားလုံး ရှာဖွေမှုများသည် အထိရောက်ဆုံး ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ရည်ညွှန်းချက်များ ပြုလုပ်နိုင်ကြပြီးနောက် ပို၍ နည်းစနစ်တကျ အချက်အလက်များ ခိုင်မာအောင် ပြုလုပ်နိုင်ကာ သီအိုရီကဲ့သို့ အယူအဆထုတ်နိုင်ကြသည်။

သို့သော်ငြား တစ်ဦးတစ်ယောက်ပိုင်ဆိုင်သည့် အချက်အလက်များအား လက်လှမ်းမီ ရရှိခြင်းနှင့် အဆိုပါအချက်အလက်များအား သီအိုရီပြုနိုင်သည့်နည်းလမ်းများ ရှာဖွေခြင်းကဲ့သို့ ကြိမ်ဖန်များစွာ လျစ်လျူရှုခြင်းခံရသည့် ဆက်သွယ်မှု အခက်အခဲတစ်ခုအား ကျော်လွှားနိုင်သည့် နည်းလမ်းကောင်းတစ်ခုဖြစ်သော်ငြား ဖြေရှင်းနည်း တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည်။ တစ်နည်းဆိုရသော် မည်မျှပင် နည်းစနစ်တကျ ကြိုးစားဆောင်ရွက်သော်ငြား အရေးမကြီးသည့် အမြင်တစ်ခုလည်း ရှိပါသည်။ အချက်အလက်အကြမ်းများက စာရေးသူကို ဝန်ပိကာ ဒုက္ခရောက်စေခဲ့သည်။ ဆိုလိုသည်မှာ ပြုမူဆောင်ရွက်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်များ၊ အချက်ပေးခြင်း၊ အလေ့အကျင့်များနှင့် စိတ်ပါဝင်စားမှုများကဲ့သို့ ကမ္ဘာပေါ်တွင် အကောင်းဆုံး ဆောင်ရွက်လိုသည့် စိတ်ဆန္ဒအား စာရေးသူအနေဖြင့် ဘယ်သောအခါမျှ မသိရှိဘဲ သို့မဟုတ် ၎င်းတို့အား နားလည်သဘောပေါက်ရန်အတွက် စာရေးသူအနေဖြင့် နှစ်ပေါင်းများစွာ အချိန်ယူ ခဲ့ရပါသည်။

သာဓကနှစ်ခုဖြင့် ဆိုလိုသည့်အချက်အား သရုပ်ဖော်သွားပေလိမ့်မည်။ သုတေသန အများစု ပြုလုပ်ခဲ့သည့် စာရေးသူ၏ အင်တာဗျူးအများအပြားသည် အလွန်အမင်း ဆိုးဝါးလှသည်။ မည်သည့်အကြောင်းပြချက်အတွက်မဆို အင်တာဗျူးဖြေဆိုသူများက စာရေးသူမေးမြန်းသည့် မေးခွန်းများအား မျှော်မှန်းထားသည့်အတိုင်း မဖြေဆိုကြပါ။ ဤအကျိုးဆက်အတွက် မှတ်စုတစ်ခုအား ထိုအချိန်က ပြုစုခဲ့ပါသည်။ သို့ရာတွင် စာရေးသူအတွက် အလွန်ပင် အရေးပါသည့် အကြောင်းအရာများအတွက် အဆိုပါ အင်တာဗျူးဖြေဆိုသူများက လိုအပ်သည့် အချိန်တွင် အဆင်သင့် မရရှိနိုင်သော်ငြား အမှန်တွင်မူ ၎င်းတို့ထံမှ အသုံးဝင်သည့် အချက်အလက်များ ရရှိလျက်ရှိကြောင်း နောင်အခါ ပြုလုပ်သည့် လေ့လာ ဆန်းစစ်မှုက ပြသနေသည်။ သီးခြား (သို့သော်ငြား တစ်ဖြည်းဖြည်း တိုးတက်ပြောင်းလဲ လာလျက်ရှိသည့်) ဦးစားပေး သုတေသနများအပေါ် မူတည်၍ အတော်ပင် ထိုက်သင့်သည့် အားလျော်စွာ ခွဲခြားဆောင်ရွက်ရလျက်ရှိခြင်းကြောင့် စာရေးသူက ဤအချက်ကို ယတိပြတ် အသိအမှတ် မပြုနိုင်ခဲ့ပေ။

ထို့ကြောင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ချန်လှပ်ထားကတည်းက နည်းစနစ်တကျ ဖြစ်ခြင်းသည် အမြဲတမ်းအနေဖြင့် အဖြေမဟုတ်ပေ။ နည်းစနစ်အား စဉ်းစားသောအခါ ရိုးရိုးစင်းစင်း အမြဲတမ်း ပေါ်ပေါက်လာတတ်သည့် စိန်ခေါ်မှုများအား ဆင်ခြင်တုံတရားနှင့် နည်းလမ်းပိုင်းဆိုင်ရာကိစ္စရပ်အဖြစ် ရှုမြင်ရန် ဆွဲဆောင်ခြင်းသာ ဖြစ်သည်။ ပြဿနာတစ်ရပ် အား လုံလုံလောက်လောက် စဉ်းစားပြီးနောက် အားထည့်ဆောင်ရွက်ပါက လမ်းကြောင်းရရှိရန် ဤအချက်က တွန်းအားပေးလိမ့်မည်။ ကံတရားနှင့် အချိန်ကဲ့သို့ ကျွန်ုပ်တို့ထိန်းချုပ်မရသည့် အခြားအချက်များသည် သုတေသနရလဒ်များ ထွက်ပေါ်ရာတွင် အဆုံးအဖြတ်ပေးသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း နောက်ဆုံးတွင် စာရေးသူက ကွဲကွဲပြားပြား သိရှိပြီး ဖြစ်သည်။ ထပ်မံဆိုရသော် အင်တာဗျူးရာတွင် ရရှိသည့် အဖြေများသည် ဝေ့လည်ကြောင်ပတ်သာမက

သာမန်ကာလျှံကာ ဖြေဆိုကြသည့် ဆိုးဝါးလွန်းလှသည့် အင်တာဗျူးနှစ်ခုက ဤအချက်ကို ဖော်ပြနေသည်။ ပါဝင်သည့် လူများ (အထင်ကရ နိုင်ငံရေးသမားတစ်ဦးနှင့် အထင်ကရ ရှေ့နေတစ်ဦး) တို့သည် ဖြစ်ရပ်ရှိ အဓိကကျသည့် အမှန်အကန်သက်ဆိုင်သည့်အချက်အတွက် အလွန်ပင် လုပ်ကိုင်နိုင်စွမ်းရှိသူများ ဖြစ်ကြသည်။ နည်းစနစ်ပိုင်းဆိုင်ရာ ရှုထောင့်မှနေ၍ မြေပြင်တွင် ပြင်ဆင်ဆောင်ရွက်နိုင်သမျှ အရာအားလုံး စာရေးသူ ကောင်းစွာ ဆောင်ရွက်ပြီး ဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် စကားပြောရန် အဆင်သင့် မဖြစ်ကြပေ။ နောက်ပိုင်းတွင် ကံကြမ္မာက ကြားဝင်နှောင့်ယှက်ပြီး စာရေးသူ၏ လေ့လာမှုများ နှစ်အနည်းငယ် ရွှေ့ဆိုင်းရန် ဖိအားပေးခံရသည်။ သုတေသနကို ပြန်လည် စတင်ပြီးနောက် အင်တာဗျူးဖြေဆိုသူနှစ်ဦးထံ ထပ်မံ သွားရောက်ပါသည်။ အဖြစ်အပျက်သည် လုံးလုံးလျားလျား တစ်နည်းတစ်ဖုံ အသွင်ပြောင်းသွားသည်။ အင်တာဗျူးဖြေဆိုသူများသည် ပွင့်ပွင့်လင်းလင်းနှင့် ပြည့်ပြည့်စုံစုံ စကားပြောဆိုရန် အဆင်သင့် ဖြစ်နေကြသည်။

၎င်းတို့က မည်သည့်အတွက်ကြောင့် တွန့်ဆုတ်နေခဲ့ရပြီးမှ ၎င်းတို့၏ သဘောထား မည်သည့်အတွက်ကြောင့် ပြောင်းလဲသွားကြောင်းအား စာရေးသူတို့ မှန်းဆနိုင်သည်။ စာရေးသူက ထိုကာလအတောအတွင်း အချက်အလက်ကုန်ကြမ်းများအား ပုံနှိပ်ထုတ်ဝေခဲ့ပြီး စာရေးသူ၏ ဝိသေသလက္ခဏာအား ပြင်ပလူအဖြစ် ကွဲကွဲပြားပြား ဖော်ပြခဲ့ခြင်းကြောင့်လား သို့မဟုတ် ဖြစ်ရပ်များမှ ၎င်းတို့အား မသိမသာ ဖယ်ထုတ်ခံရခြင်းကြောင့်လား သို့မဟုတ် နိုင်ငံရေးကစားပွဲ အချို့က ၎င်းတို့အား စကားပြောဆိုရန် အဆင်သင့်ဖြစ်သွားစေသလား? မည်သို့ပင်ဖြစ်စေကာမူ ဤအချက်က ကိစ္စမရှိပေ။ တစ်ဦးတစ်ယောက် အကြိမ်ကြိမ်အခါခါ မထိန်းချုပ်နိုင်သည့် ဤကဲ့သို့ အချက်များအတွက် တစ်ဦးတစ်ယောက်က ကြိုးစားထိန်းချုပ်နိုင်ပါက အချိန်အခါများလည်းရှိသည် ဟူသည့် အချက်ပင် ဖြစ်သည်။ ဤကိစ္စရပ်သည် ကံကြမ္မာ၊ အချိန် သို့မဟုတ် မသိနားမလည်နိုင်သည့် အချက်များဆိုင်ရာ မေးခွန်းတစ်ရပ်ဖြစ်နိုင်ပြီး ကသိကအောက် ဖြစ်စေနိုင်ကြောင်း ထင်ရသည်။ ပထမဆုံးအနေဖြင့် စာရေးသူမှ ၎င်းတို့အား နဖူးတွေ့ဒူးတွေ့ ကြုံတွေ့စဉ်က ၎င်းတို့သည် နေမထိထိုင်မသာ ဖြစ်လျက်ရှိကြောင်း မည်သူသိနိုင်မည်နည်း။ ဥပမာအားဖြင့် Darcy Ribeiro ၏ အဖြစ်အပျက်ကို ပြန်လည် တွေးတောကြည့်ပါက လူတစ်ဦးသည် ၎င်းအလုပ်အပေါ် ပြည့်စုံကြွယ်ဝလွန်းသည့် အသိပညာနှင့် နည်းစနစ်များ ရှိခြင်းကြောင့် တိုက်ခိုက်ခံရသည်။ သမိုင်းဝင်အဖြစ်အပျက်များအနက် ၁၉၆၄ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီး ဖိအားပေး ပြည်နှင်ဒဏ်ခံရခြင်းကဲ့သို့ အပြင်ပန်းအားဖြင့် အပယိကဆန်သည့် ဖြစ်ရပ်များကြောင့်လည်း အကြီးအကျယ် သက်ရောက်မှု ရှိနိုင်သည်။ စိတ်ဝင်စားစရာ ကောင်းသည်မှာ ဤအချက်များက ကိစ္စရပ်များအား ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် အချိန်ပေး စဉ်းစားနိုင်စေပြီး သူ၏ သုံးသပ်ချက်များအား ထူးထူးခြားခြား သက်ရောက်စေခဲ့သည်။

## သုံးသပ်ချက်

ဤအခန်းမှ အားလုံးလွှမ်းခြုံနိုင်မည့် တစ်ခုတည်းသော အကြောင်းအရာ ပေါ်ထွက်လာပါက ၎င်းသည် သုတေသနရှိ မရေမရာအခြေအနေအပေါ် မူတည်နေရသည့် သဘောသဘာဝပင် ဖြစ်သည်။ ဤသဘောသဘာဝကိုယ်တိုင်သည်ပင် ပုံစံအများအပြားဖြင့် ဖော်ပြနိုင်သည်။ ဤပုံစံများအနက် တစ်ခုဖြစ်သည့် သုတေသနနိုင်ငံရေးအပေါ် စာရေးသူတို့ အထူးပြုလေ့လာခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ သုတေသနနိုင်ငံရေးတွင် စတင်ပြောင်းလဲ သည့်အချက်မှာ ပြင်ပအရေးပေါ်ကိစ္စရပ်များအတွင်း မတည်ရှိပေ။ သို့ရာတွင် သုတေသီများ ကိုယ်တိုင်အတွက်မူ သုတေသနရည်ရွယ်ချက်များ ချမှတ်ခြင်း သို့မဟုတ် အခက်အခဲများနှင့် ရင်ဆိုင်ဖြေရှင်းခြင်း နည်းလမ်းများ ရွေးချယ်ရာတွင် အလေးအနက် စိတ်ပါဝင်စားမှုများ၊ ဘက်လိုက်မှုများစသည်တို့ ဖြစ်ကြပြီး ၎င်းတို့က အားကောင်းမောင်းသန် သက်ရောက်ပါသည်။ သုတေသနမေးခွန်းတစ်ခုက စုံစမ်းလေ့လာသည့် သူများအား မေးမြန်းသကဲ့သို့ မည်သူက မေးခွန်းထုတ်သနည်း တတ်နိုင်သမျှ ပြောလေ့ရှိသည်။ ဤအကြောင်းအရာသည် ကာလရှည်ကြာ ဆွေးနွေးချက်တစ်ခု၏ အပိုင်းတစ်ရပ်သာဖြစ်သည်။ သို့သော် *O Povo Brasileiro* အတွက် ရေးသားသည့် စကားချီးတွင် Darcy Ribeiro ၏ မှတ်ချက်က အောက်ပါအတိုင်း ၎င်း၏သဘောထားကို ပြသနေသည်-

> စာဖတ်သူများခင်ဗျာ ကျွန်ုပ်ကြောင့် သင်တို့ကိုယ်တိုင် ထင်ယောင်ထင်မှား မဖြစ်ပါနှင့်။ မနုဿဗေဒပညာရှင်တစ်ဦးထက်ပို၍ ကျွန်ုပ်သည် ဘာသာရေးသက်ဝင်ယုံကြည်သူ တစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ကျင့်ဝတ်သီလနှင့် မျိုးချစ်စိတ်ထက်သန်ခြင်း ကြောင့် နိုင်ငံရေးနှင့် သိပ္ပံပညာတွင် ကျွန်ုပ်ပါဝင်လာခြင်း ဖြစ်သည်။ ဤနေရာတွင် လူမှုစီးပွားအပေါ် ယဉ်ကျေးမှုရှုထောင့်မှ အတိအကျ လေ့လာဆန်းစစ်ရန် မဖတ်ရှု ပါနှင့်။ ဤစာအုပ်သည် လူအများအပေါ် လွှမ်းမိုးလိုသည့် ဆန္ဒပြင်းပြပြီး အထူးပင် ပူးပေါင်း ပါဝင်စေပါသည်။[၂၂]

လူမှုရေးပြောင်းလဲမှုအား မြင်တွေ့လိုသည့် ဆန္ဒမှနေ၍ စာရေးသူ၏ ကိုယ်ပိုင် သုတေသန စိတ်ဝင်စားမှုများ အရင်းခံ ဖြစ်တည်လာပါသည်။ ထင်ရှားသည့် ပြဿနာများအတွက် တရားမျှတမှု ဖော်ဆောင်မည့် ယခင်ဆောင်ရွက်ချက်များသည် စာရေးသူအဆိုပြုထားသည့်အတိုင်း ကျရှုံးရကြောင်း အမြင်နှင့်အတူ ဖြစ်တည်လာခြင်း ဖြစ်သည်။ ထို့ကြောင့် မြေယာ ပြုပြင် ပြောင်းလဲရေးအား အစီအစဉ်တွင် ပြန်လည်ထည့်သွင်းထားစဉ် အစိုးရ (အထူးသဖြင့် တရားရေးနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ) နှင့် လူထုလှုပ်ရှားမှုများအကြား ဆက်နွယ်ချက် များအား ဆွေးနွေးမှုအားလုံးသည် အပေါ်ယံအားဖြင့်သာ ထိတွေ့ ဆောင်ရွက်ကြလေ့ရှိသည်။ အကျိုးဆက်အားဖြင့် လေ့လာမှုများသည် အရေးမပါသည့် သဘောဖြင့်သာ ဆောင်ရွက်ကြပြီး ၎င်းတို့အားလုံး အရေးပါသည့်နေရာ ရောက်သင့်ကြောင်း စာရေးသူက ထင်မြင်သည်။

လူတစ်ယောက်၏ ကိုယ်ပိုင် 'အတ္တဇဟိုပြုခြင်း' သည် မည်မျှပင် သိသာထင်ရှားနေပါသော်လည်း သုတေသီတစ်ဦးက သုတေသနရှိ လူမှုရေးရာ အခြေအနေများနှင့် ဆက်နွယ်မှုသည် အလွန်ပင်အရေးပါကြောင်း သံသယအနည်းအကျဉ်းသာ ဝင်ကြသည်။ အထူးသဖြင့် (အကယ်၍ သုံးသပ်ချက်များသည် လူတစ်ယောက်၏ ကိုယ်ပိုင် ဖြစ်ပါက) ဆက်နွယ်မှုသည် မရှိမဖြစ် အရေးပါသည့် ဆက်စပ်လေ့လာရမည့် အချက်အလက်တစ်ခု/မိုကိန်းရှင်တစ်ခု ဖြစ်သည်။ ဖွံ့ဖြိုးဆဲဟု ခေါ်ဆိုကြသည့် နိုင်ငံတစ်ခုတွင် အလုပ်လုပ်ကိုင်ရသည့် အနေအထားသည် နောက်ဆက်တွဲပြဿနာများ ကြုံတွေ့ရကြောင်း ယူဆကြသည်။ အဘယ့်ကြောင့်ဆိုသော် အခြေခံပါဝင်သူများက (စီမံကိန်းများအားလုံးတွင် ပါဝင်သည့် အပိုင်းတစ်ပိုင်းဖြစ်သည့်) သုတေသနနိုင်ငံရေး မြင့်မားခြင်းသည် အထူးစိုးရိမ်ဖွယ်ရာပုံစံများ ဖြစ်ကြောင်း အများအားဖြင့် ယူဆကြခြင်းကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် မြေယာမဲ့ အလုပ်သမားလှုပ်ရှားမှု (MST) အား သုတေသနပြုစဉ် ကြားနေဟန်ဆောင်ခြင်းထက် အမှန်တကယ်တွေ့ကြုံရသည့်အပေါ်တွင်သာ စာရေးသူက တုံ့ပြန် ဆောင်ရွက်ခဲ့သည်။ လေ့ခွက်ချည်းကျန်အလံမလှဲစိတ်ဓါတ်ဖြင့် စာရေးသူက ကြိုတင်၍ တက်တက်ကြွကြွ ဆောင်ရွက်သော်ငြားလေ့လာသည့်အကြောင်းအရာများကိုယ်တိုင်ကြောင့် ဖြစ်ပေါ်လာသည့် မျှော်လင့်ချက်များနှင့် ယူဆချက်များမှ တဆင့် တုံ့ပြန်ဆောင်ရွက်ခြင်း ဖြစ်သည်။ မျှော်မှန်းချက်များ၏ အင်အားနှင့် သူတစ်ပါးအား မှီခိုအားထားခြင်းရှိ ဆက်နွယ်မှုတို့အား ဤအခန်း၏ အစပိုင်းကတည်းက ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း de Sousa Santos ဖြစ်စဉ်ဖြင့် ကောင်းကောင်း သရုပ်ဖော်နိုင်ခဲ့သည်။

ပဋိပက္ခသည် ခက်ခဲသည့်ပြဿနာများအား ဖြစ်ပေါ်စေသည်မှာ အသေအချာပင် ဖြစ်သည်။ အတော်ကလေး တက်ကြွထက်သန်သည့် ပုံစံများဖြင့် သုတေသီ၏ ကိုယ်ပိုင် ဝိသေသလက္ခဏာ သဘောသဘာဝအကြောင်း မေးခွန်းများ မေးလေ့ရှိသည်။ ထိုကဲ့သို့ ဖိအားများရှိနေသည့် အခြေအနေများအောက်တွင် အဆိုပါမေးခွန်းများအတွက် ပြင်ဆင်ထားရန် မရှိမဖြစ် လိုအပ်သည်။ သုတေသနပြုသည့် အကြောင်းအရာ/လူပုဂ္ဂိုလ်၏ ပူးပေါင်းမှုအပေါ် သုတေသနအောင်မြင်မှုက အမြဲ မှီတည်နေသည့်အတွက်ကြောင့် ဖြစ်သည်။ ထို့အပြင် ကြိုတင်ပြင်ဆင်မှုမရှိခြင်းသည် သုတေသနမှ နှုတ်ထွက်ခြင်းကို ဦးတည်စေသည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆိုးကျိုးများမဖြစ်ပေါ်လာစေသင့်သည်မှာ အမှန်ပင်ဖြစ်သည်။ ဥပမာ အားဖြင့် လူတစ်ဦး၏ ကိုယ်ပိုင်သုတေသနရည်ရွယ်ချက်များ သို့မဟုတ် ကျင့်ဝတ်များအား အပေးအယူလုပ်ခြင်းကဲ့သို့ ဖြစ်သည်။ သို့သော် နဲ့အ၍ မသိနားမလည်ခြင်းဖြင့် လိုက်လျောခြင်းသည် မိုက်မဲခြင်းပင် ဖြစ်သည်။ ထို့ကြောင့် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှု (MST) က ရုံးများကို ဝင်ရောက်သိမ်းပိုက်သည့် တစ်နေ့တည်းမှာပင် Paraná ၏ မြေယာဌာန အကြီးအကဲအား စာရေးသူ အင်တာဗျူးသောအခါ ဖြစ်ပေါ်လာသည့် ဖြစ်ရပ်မှာ ထိပ်တိုက် အတူတကွ တွေ့ဆုံခြင်း (အခန်းတစ်ခုထဲ ဆန့်ကျင်ဘက်အဖွဲ့နှစ်ခု သဘောထားချင်း မတိုက်ဆိုင်ခြင်း) သည် ကျွန်ုပ်အား

အတော်ပင် မသက်မသာဖြစ်စေသော်ငြား အခြေခံ အကြောင်းအရာများအကြောင်း ကျွန်ုပ် အသေအချာ သိရှိခဲ့သည်။ သုတေသနအား ခြိမ်းခြောက်ခြင်း မပြုခဲ့ပါ။ အမှန်အားဖြင့် ဤကဲ့သို့ ဖြစ်လာနိုင်ချေရှိသည့် ပဋိပက္ခများအား ကျော်လွှားသည့် နည်းလမ်းတစ်ခုမှာ 'အခြားတစ်ဖက်အား' အင်တာဗျူးပြုလိမ့်မည် ဖြစ်သည့် အချက်အား စမ်းသပ်ခြင်း ဖြစ်သည်။ တစ်ဖက်ရှိလူများက အခြားတစ်ဖက်ရှိ လူများ မည်သည့်အကြောင်း တွေးတောနေကြောင်းအား ရံဖန်ရံခါ မေးလေ့ရှိသည်။ ဥပမာအားဖြင့် အထင်ကရ အစွန်းရောက်လူပ်ရှားသူတစ်ဦး၏ တရားခွင်နှင့် ဆက်စပ်၍ မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) က ဘာကို တွေးတောကြံဆနေသနည်းဟု စိုက်ပျိုးရေးကဏ္ဍပြုပြင် ပြောင်းလဲရေးဝန်ကြီးက စာရေးသူအား မေးမြန်းသည်။ ယုံကြည်မှု မရှိခြင်းသည် စော်ကားခြင်းဖြစ်ပြီး အဆိုပါမေးခွန်းအမျိုးအစားများအား ဖြေကြားရာတွင် စာရေးသူ၌ ပြဿနာမရှိပေ။

ဤအချက်က စာရေးသူတို့အား အခြားအကြောင်းအရာကို သယ်ဆောင်ပေးသည်။ ပဋိပက္ခအား သုတေသနပြုခြင်းသည် တစ်ဦးတစ်ယောက် မျှော်လင့်ထားသကဲ့သို့ ခက်ခဲ လိမ့်မည် မဟုတ်ပါ။ စိတ်ကူးဖြင့် ယူဆထားခြင်းထက် တိကျသည့် ပဋိပက္ခပုံစံများအပေါ် များစွာ မှီတည်နေပါသည်။ ပြဿနာများအား အမှန်တကယ် ဖြစ်ပွားသည်ထက်ပို၍ ကြောက်ရွံ့ ထိတ်လန့်ကြောင်း ရှုမြင်နိုင်သည့် အသေးစိတ်အချက်အလက်များအား လျစ်လျူရှုခြင်း ဖြစ်သည်။ ဥပမာအားဖြင့် သုတေသနတွင် ပါဝင်သည့် အစုအဖွဲ့များက ပဋိပက္ခတွင် ကာလကြာရှည် ပါဝင်နေခြင်းကြောင့် စာရေးသူ တွေ့ကြုံရသည့် အခြေအနေများအပေါ် နက်နက်ရှိုင်းရှိုင်း သက်ရောက်မှုရှိပါသည်။ ၎င်းတို့သည် တစ်ဦးနှင့် တစ်ဦး သိရှိကြပြီး မည်သို့ လုပ်ငန်းဆောင်ရွက် လျက်ရှိသည်၊ မည်သည့်အချိန်တွင် စကားပြောဆိုနိုင်ကြသည် မည်သူမှတဆင့် ပြောဆို နိုင်ကြသည် စသည်ဖြင့် သိရှိကြပါသည်။ တစ်နည်းဆိုရသော် ပုံမှန်နေသား တကျဖြစ်မှု၊ ခန့်မှန်း တွက်ချက်မှု၊ အပြန်အလှန် ရန်စောင်မှုကဲ့သို့ လက္ခဏာရပ်များအား ကောင်းကောင်းသိမြင်သည့် အပြန်အလှန်အသိအမှတ်ပြုမှုတစ်ခု ရှိပါသည်။ ၁၉၁၄ ခုနှစ် ခရစ္စမတ်ပွဲတော်၌ ယာယီ စစ်ပြေငြိမ်းသည့် ကာလအတွင်း အထွတ်အထိပ်ရောက်ခဲ့သည့် ပထမကမ္ဘာစစ်၏ အစောပိုင်း ကာလများအတွင်းရှိ အခါအားလျော်စွာ နေရာကွက်၍ တိုက်ခိုက်မှုများ တရားဝင်မဟုတ်ဘဲ ရပ်နားခြင်းကို အမှတ်ရစေသည်။ ယုတ္တိမတန်ကြောင်း ထင်ရ သော်လည်း ဤဖြစ်ရပ်သည် ပွင့်ပွင့်လင်းလင်း ဆိုရသော် ခိုင်ခိုင်မာမာအမြစ်တွယ်နေသည့် သဘောထားများ၏ လုပ်ဆောင်ချက် ဖြစ်သည်။ အချို့အပိုင်းများတွင် နှစ်ဖက်စလုံးသည် အာဃာတဖြင့် လုပ်ဆောင်ခြင်းဖြစ်သော်ငြား တိုက်ပွဲမှတဆင့် တစ်ဖက်နှင့် တစ်ဖက် သိနားလည်အောင် လုပ်ကြသည်။ အလားတူ တစ်ဖက်ဖက်က အပြီးအပိုင် အောင်မြင်မှုမရှိသည့် အခြေအနေတွင် မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) နှင့် ၎င်း၏ အတိုက်အခံ သို့မဟုတ် ဆွေးနွေးညှိနှိုင်းဖက်များအကြား စာရေးသူ ယခင်ကတည်းက ခေါ်ဆိုခဲ့သည့် အာဏာသက်ရောက်မှု ကွဲကွဲပြားပြား မရှိခြင်းများ ဖြစ်ပေါ် လာသည်။ ထို့ကြောင့် အဆိုပါနယ်ပယ်များအကြား လှုပ်ရှားနေသည့် သုတေသီတစ်ဦးသည်

၎င်းစတင်အလုပ်လုပ်သည့် အချိန်ကဲ့သို့ အထူးအဆန်း ဖြစ်မနေရပေ။ အဆိုပါ အဖွဲ့အစည်းများအားလုံးမှ တစ်ယောက်ချင်းစီတိုင်းသည် ၎င်းလုပ်ဆောင်ချက်များတွင် ကိုယ်တိုင် ပါဝင်လျက်ရှိပြီးသား ဖြစ်ခြင်းကြောင့် ဖြစ်သည်။[၂၃] ထိုကဲ့သို့ အခြေအနေတွင် Becker မေးမြန်းထားသည့် 'သင်ဘယ်ဘက်ကလဲ?' မေးခွန်း ပေါ်ထွက်လာသော်ငြား ကွဲပြားသည့် အစုအဖွဲ့များနှင့် စာရေးသူ အချိတ်အဆက်ရှိသည့်အကြောင်း စဉ်းစားရန်သာ မဖြစ်မနေ လိုအပ်သည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ၎င်းတို့သည် တစ်ဦးနှင့် တစ်ဦး စကားပြောဆိုလေ့ ရှိခြင်းကြောင့် ဖြစ်ပြီး သုတေသီတစ်ဦးအပေါ် စုပေါင်း၍ တစ်စေ့တစ်စောင်း လေ့လာခြင်းလည်း ဖြစ်သည်။ ၁၉၁၄ ခုနှစ် ယာယီစစ်ပြေငြိမ်းခြင်းသကဲ့သို့ အဆိုပါ အာဏာသက်ရောက်မှု ကွဲကွဲပြားပြား မရှိခြင်းတို့သည် အခြေခံအားဖြင့် ပဋိပက္ခ အခြေအနေပင် ဖြစ်သည်။ အဆိုပါပဋိပက္ခသည် ၎င်းတို့သာမက စာရေးသူပါ ပြန်လည် ရောက်ရှိနိုင်သည့် ပုံမှန်အခြေအနေ ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဤအခန်းသည် သုတေသနနည်းလမ်းများအကြောင်း တင်ပြထားသည့် အခန်းဖြစ်ပြီး နည်းလမ်း (method) သည် နည်းစနစ် (technique) အား အသုံးပြု ခြင်းထက် ပိုကြောင်း သတိမူရန် အရေးကြီးသည်။ တစ်ဦးတစ်ယောက်၏ သုတေသန အကြောင်းအရာများကို သာမက လက်တွေ့ကွင်းဆင်းလုပ်ငန်းအား စိတ်ရောကိုယ်ပါ နှစ်မြှုပ် ဆောင်ရွက်မှုများကိုပါ မျှဝေခံစားခြင်း သို့မဟုတ် စိတ်ဝင်တစားရှိခြင်းလည်း ဖြစ်သည်။ ပြောရစတမ်းဆိုသော် အမှားအယွင်းများ မပြုလုပ်မိခင် သုတေသနလုပ်ငန်း၏ အစောပိုင်း အဆင့်များကတည်းက နည်းစနစ်အကြောင်း စဉ်းစားခြင်းသည် မရှိမဖြစ်လိုအပ်သည်မှာ သိသာပါသည်။ သို့ရာတွင် ယုတ္တိမတန်ကြောင်း ထင်ရသော်လည်း နည်းစနစ်အကြောင်း စဉ်းစားခြင်းသည် သုတေသန အလုပ်မှ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာသည့် ထွက်ကုန် တစ်ခုလည်း ဖြစ်သည်။ နည်းလမ်း များသည် လူမှုရေးရာ အခြေအနေနှင့် ခွဲခြားမရဘဲ လေးလေးနက်နက် ဆက်စပ်နေကြောင်း အနက်ဖွင့်ဆိုထားသည်။ နည်းလမ်းသစ်များသည် ဤကဲ့သို့ အပြန်အလှန် အကျိုးပြုမှုများ၏ ရလဒ်တစ်ခု ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် သုတေသနနည်းလမ်းများအား ဆောင်ကြဉ်းပေးမည့် ဖြစ်နိုင်ခြေအသစ်များ ဖြစ်ပေါ်လာခြင်းကို သိရှိသဘောပေါက်ရမည် ဖြစ်သည်။ စာရေးသူတို့၏ နယ်ပယ်များအား ဘောင်ခတ်သတ်မှတ်ထားသည့် ဆက်စပ်အခန်း ကဏ္ဍများအကြောင်းကိုလည်း ဂရုပြုရမည်ဖြစ်သည်။ ဥပမာအားဖြင့် စာရေးသူ၏လေ့လာမှုများ အဆုံးသတ်တွင် ၎င်းလေ့လာမှုများသည် မည်သို့ အကန့်အသတ် ရှိကြောင်းကို သိမြင်လာသည်။ မနုဿဗေဒပညာရပ်ဆိုင်ရာအပိုင်းသည် အဓိက ပြဿနာရပ်များအား မည်သို့ တိတိပပ ရှင်းလင်းပြသကြောင်း သိမြင်လာသည်။ ဤသည်ကား ပြဿနာ တစ်ရပ်မဟုတ်ဘဲ သုတေသန လုပ်ငန်းကိုယ်တိုင်ရှိ မရေမရာအခြေအနေအပေါ် အားပြုနေရသည့် မပြည့်မစုံဖြစ်တတ်သော သဘောသဘာဝအား သေချာပေါက် အသိအမှတ် ပြုခြင်းမျှသာ ဖြစ်သည်။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ

L. Blaxter, C. Hughes and M. Tight, *How to Research* (3rd edn) (Maidenhead: Open University Press, 2001).

A. Bryman, *Social Research Methods* (2nd edn) (Oxford: Oxford University Press, 2004). See especially 'Ethics and Politics in Social Research', pp. 505-20.

C. G. Christians, 'Ethics and Politics in Qualitative Research' in N. K. Denzin and Y. S. Lincoln (eds), *The Landscape of Qualitative Research: Theories and Issues* (2nd edn) (London: Sage, 2003).

M. Fine and L. Weis, 'Writing the "Wrongs" of Fieldwork: Confronting our own Research/Writing Dilemmas in Urban Ethnographies' (1996) 2 *Qualitative Inquiry* 251.

C. Seale (ed.), *Researching Society and Culture* (2nd edn) (London: Sage, 2004). See especially C. Seale, 'My Research Practice', pp. 463–73.

L. T. Smith, *Decolonizing Methodologies: Research and Indigenous Peoples* (London: Zed Books, 1999).

M. Weber, *The Methodology of the Social Sciences* (trans. and ed. E. A. Shils and H. A. Finch) (Glencoe, IL; Free Press, 1949). See especially 'The Meaning of Ethical Neutrality in Sociology and Economics', pp. 1–49; and 'Objectivity in Social Science and Social Policy', pp. 50–112.

## မှတ်စုများ

[၁] B. de Sousa Santos, 'Science and Politics: Doing Research in Rio's Squatter Settlements' in R. Luckham (ed.), *Law and Social Enquiry: Case Studies of Research* (New York: International Centre for Law in Development and Uppsala: Scandinavian Institute of African Studies, 1981) 272.

[၂] ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များက ဖြစ်ပေါ်ခဲ့သည့် ဆန်းစစ်ဝေဖန်အကဲဖြတ်သည့် ဥပဒေလေ့လာရေးဆိုင်ရာ လှုပ်ရှားမှု၏ အဓိကဦးတည်ချက်မှာ အတိအကျဆိုရသော် ဥပဒေအကြောင်းအရာရှိ အာဏာအဆက်အစပ်ရှိခြင်းများအကြောင်း ဖြစ်သည်။ လှုပ်ရှားမှုရှိ အလွန်အသုံးတည့်သည့် စစ်တမ်းကောက်ယူမှုတွင် Jírí Príbán က မှတ်ချက်ပြုထားပါသည်။ 'ဆန်းစစ်ဝေဖန်သည့်နည်းလမ်း၏ ကနဦး

ဦးတည်ချက်မှာ အနောက်နိုင်ငံ ဥပဒေရေးရာ လစ်ဘရယ်စည်းမျဉ်းများရှိ သရုပ်မှန်ဝါဒနှင့် နိုင်ငံရေး ဘက်လိုက်မှုမရှိခြင်းတို့ ဖြစ်သည်။ ဤဝေဖန်ချက်အား ဥပဒေသိပ္ပံပညာရှိ ဆန်းသစ်သည့် ဝေဖန်ချက်နှင့်အတူ ပေါ်ပေါက်လာသည်။ ဤဝေဖန်ချက်သည် ဥပဒေရှိ ထင်မြင်ယူဆချက်ကင်းမဲ့ခြင်းနှင့် ဘက်မလိုက်သည့် အယူအဆအား ထောက်ပံ့ပေးသည်။' (J. Príbán, 'Critical Legal Studies and the Sociology of Law' in R. Bankar and M. Tavers (eds), *An Introduction to Law and Social Theory* (Oxford: Hart Publishing, 2002) 120) ဆန်းစစ်ဝေဖန်သုံးသပ်သည့် ဥပဒေသီအိုရီအပေါ် အခန်းက အဓိက အသားပေးထားသော်ငြား ဆယ်စုနှစ်များစွာ တည်ရှိနေသည့် နည်းလမ်းဆိုင်ရာ ပြဿနာများအား ဖော်ထုတ်ထားပါသည်။ 'အမေရိကန် ဥပဒေပညာသင်ကြားရေးစနစ်အား ၁၉၃၀ ပြည့်နှစ်လယ် ကာလများတွင် Karl Llewellyn က ဝေဖန်ထားသည်။ ဥပဒေပညာရပ်ဖြင့် အသက်မွေးဝမ်းကြောင်းမည့် သူများအား စင်စစ်အားဖြင့် အသိဉာဏ်ကန်းနေအောင်နှင့် ဘာမျှ မသိအောင် ပြုလုပ်ထားခြင်းကြောင့် ဖြစ်သည်။ စာအုပ်များတွင် ဖော်ပြထားသည့် ဥပဒေစာသားများနှင့် စည်းမျဉ်းများအား သင်ကြားမည့် အစား လက်တွေ့ တရားစီရင်ရာတွင် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များ၊ တရားစီရင်ရေးဆိုင်ရာ ကျိုးကြောင်းပြဆိုချက်များ နောက်ကွယ်ရှိ ပြုမူဆောင်ရွက်ချက်၊ လူမှုရေးနှင့် နိုင်ငံရေး လှုံ့ဆော်ချက် များအပေါ် ဥပဒေပါမောက္ခများနှင့် ကျောင်းသားများက အလေးထား လေ့လာသင့်သည်။' (ibid., 126–7) အာဏာအဆက်အစပ်ရှိခြင်းနှင့် ဥပဒေဆိုင်ရာ သီအိုရီပိုင်း ဆွေးနွေးချက်သာမက နည်းလမ်းအတွက် ထည့်သွင်းအသုံးပြုခြင်းတို့အား ထပ်မံလေ့လာလိုပါက အလားတူ ထုတ်ဝေမှုဖြစ်သည့် M. R. Madsen and Y. Dezalay, 'The Power of the Legal Field: Pierre Bourdieu and the Law' ကို ကြည့်ပါ။

၃ သုတေသနအတွက် ဘက်မလိုက်သည့် ချဉ်းကပ်မှုများဆိုင်ရာ အတော်ကလေး ခက်ခဲသည့် လက်တလော ဥပမာအား Bolanle Akande Adetoun က သူမရေးသားသည့် အခန်း 'The Role and Function of Research in a Divided Society: A Case Study of the Niger Delta region of Nigeria' in E. Portyer, G. Robinson, M. Smyth, A. Schnabel and E. Osaghae (eds), *Researching Conflict in Africa: Insights and Experiences* (New York: United Nations University Press, 2005) တွင် ဖော်ပြထားသည်။

၄ G. Meszaros, 'Taking the Land into their Hands: The Landless Workers Workers' Movement and the Brazilian State' (2000) 27 *Journal of Law and Society* 517.

၅ H. S. Becker, 'Whose Side Are We On?' (1967) 14 *Social Problems* 239.

၆ Boaventura de Sousa Santos ၏ သုတေသနအလုပ်ကို ရည်ညွှန်းကိုးကားထားပါသည်။ 'The Law of the Oppressed: The Construction and Reproduction of Legality in Pasagarda' (1977) 12 *Law and Society Review* 5.

၇ G. Meszaros, 'The Catholic Church and Trade Unions in Brazil: A Case Study of the Relationship Between the Dioceses of São Paulo and Santo André and the Metalworkers of Greater São Paulo, 1970–1986', unpublished PhD thesis, London School of Economics, 1991.

၈ ရှေးရိုးစွဲဝါဒနှင့် အာဏာရှင်ဝါဒတို့သည် ဘရာဇီးနိုင်ငံရေးနှင့် ဥပဒေအစဉ်အလာတို့တွင် အာဏာအရှိဆုံးနှင့် ကြာရှည်အခံဆုံး အင်္ဂါရပ်များ ဖြစ်ကြသည်။ အထူးသဖြင့် လူမှုအတန်းအစားရှိ ပြဿနာရပ်များနှင့် ဆက်စပ်လာသောအခါတွင် ဖြစ်သည်။ သမ္မတ Washington Luís Pereira de Sousa (၁၉၂၆-၃၀) ၏

အဆိုအမိန့်ဖြစ်သည့် 'လူမှုရေးဆိုင်ရာ မေးခွန်း [ဆိုလိုသည်မှာ အလုပ်သမားလှုပ်ရှားမှု] သည် ရဲလုပ်ငန်းနှင့် ဆိုင်သည့် ကိစ္စရပ်သာ ဖြစ်ကြောင်း' သည် Lula က အခြား သပိတ်ခေါင်းဆောင်များနှင့်အတူ ထောင်သွင်း အကျဉ်းချခံရသည့် ၁၉၈၀ ခုနှစ်အထိ အာဏာသက်ဝင်နေဆဲ ဖြစ်သည်။ ဤကဲ့သို့ ခုခံပြောဆိုသည့် စကားစုအား ဆွေးနွေးရန်အတွက် Célio Debes ကို ကြည့်ပါ။ 'Washington Luis e a Questão Social' (2004) 41 *Revista Brasileira* 89 ဤထောင်စုနှစ်တွင်လည်းပဲ မြေယာအရေးလှုပ်ရှားမှုတွင် ပါဝင်သူများအား အရေးယူဆောင်ရွက်သည့် ဥပဒေစနစ်သည် အလွန်အမင်း ဖိနှိပ်နေဆဲဖြစ်သည်။ အဆိုပါဆောင်ရွက်ချက်များနှင့် သဘောထားများအား ဤအခန်းကဲ့သို့ ရေးသားဖော်ပြချက်အနည်းအကျဉ်းဖြင့် ဖော်ပြရန် ခက်ခဲသည်။ သို့သော် သိသာထင်ရှားသည့် အမှုတစ်ခုမှာမူ ဆိတ် (၈) ကောင် ခိုးယူမှုအတွက် စွပ်စွဲခံရပြီး ထောင် (၆) လ အကျဉ်းချခံရသည့် အလုပ်သမား (၆) ဦးအကြောင်းပင် ဖြစ်သည်။

၉ Bridges, G. Meszaros and M. Sunkin, *Judicial Review in Perspective* (London: Cavendish, 1995) ကို ကြည့်ပါ။

၁၀ ဖွံ့ဖြိုးတိုးတက်လာမှု အကြမ်းဖျင်းသိရှိရန်အတွက် I. Gaber, '1965–2004: Forty Years of Social Science Research' (2005) 60 *Social Sciences* 6 ကို ကြည့်ပါ။

၁၁ www.esrcsocietytoday.ac.uk/ESRCInfoCentre/about တွင် ရရှိနိုင်ပါသည်။

၁၂ ဤဌာနအကြောင်းနှင့် သက်ဆိုင်သည့် အလုပ်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်တာများသာမက ၎င်း၏ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်စာတမ်းများအား www.incra.gov.br/ တွင် ရရှိနိုင်ပါသည်။

၁၃ Bagé တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များအကြောင်း အနှစ်ချုပ်အတွက် အထက်တွင် ဖော်ပြထားသည့် Meszaros ၏ မှတ်စုတို အမှတ် ၄ - ၅၃၅ ကို ကြည့်ပါ။

၁၄ ဗြိတိန်နိုင်ငံရှိ အုပ်ချုပ်ရေးအဖွဲ့၏ အရေးမပါလှသည့် အပိုင်းများကိုပင် လျှို့ဝှက်ချက်ထိန်းသိမ်းသည့် အစဉ်အလာက ဆယ်စုနှစ်ပေါင်းများစွာ လွှမ်းမိုးထားသည်။ ဤအချက်အား ရုံးလုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များ အက်ဥပဒေတွင် ပြင်းပြင်းထန်ထန် ဖော်ညွှန်းထားသည်။ ၎င်းအက်ဥပဒေသည် ခရစ္စမတ်ကာလအတွင်း သုတေသန မပြုမီ ကံမကောင်းသည့် စာပို့သမား ကျောင်းသားတစ်ဦးကဲ့သို့ စာရေးသူအား အတင်းအကျပ် လက်မှတ်ထိုးခိုင်းသည်။ လေဘာပါတီသစ်က အင်တင်တင်ဖြင့် ၂၀၀၀ ပြည့်နှစ်က ပြဋ္ဌာန်းထားသည့် သတင်းအချက်အလက်လွတ်လပ်ခွင့်အက်ဥပဒေရှိသော်ငြား လျှို့ဝှက်ချက်ထိန်းသိမ်းသည့် အစဉ်အလာသည် ယခုထိတိုင် ရှိနေသေးသည်။ ဥပမာအတွက် R. Evans and D. Hencke, 'Whitehall Finding it Hard to Give Up Secrets' *Guardian Unlimited*, 24 June 2005, ကို ကြည့်ပါ။ www.guardian.co.uk/freedom/Story/0,,1513475,00.html တွင် ရရှိနိုင်သည်။

၁၅ အစိုးရက သိမ်းဆည်းအုပ်ချုပ်ခြင်းနှင့် နောက်ဆက်တွဲ ပြည်သူများ မြေယာ သိမ်းဆည်းခြင်းတို့အကြား တစ်စိတ်တစ်ပိုင်း ထပ်တူကျနေမှုအား B. Mancano ၏ အလုပ်တွင် သပိတ်မှောက်ခြင်း၏ အကျိုးဆက်အဖြစ် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ '၁၉၈၆ မှ ၁၉၉၇ ခုနှစ် ကာလအတောအတွင်း တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း ဒေသများရှိ အခြေချနေထိုင်မှုများ၏ ၇၇ ရာခိုင်နှုန်းခန့်သည် Mato Grosso do Sul နှင့် Goias ပြည်နယ်များတွင်သာမက Ceará ၊ Alagoas ၊ Sergipe နှင့် Pernambuco ပြည်နယ်များတွင်လည်း ရှိသည်။ အဆိုပါ အခြေချနေထိုင်မှုများ၏ မူလဇစ်မြစ်မှာ မြေယာသိမ်းပိုက် နေထိုင်မှုများ ဖြစ်ကြသည်' (စာမျက်နှာ ၂၉၉)။ Formação e Territorialização do Movimento dos

Trabalhadores Rurais Sem Terra – MST – 1979-1999', unpublished PhD thesis, Universidade São Paulo, 1999

[၁၆] ဆန္ဒပြနေကြသည့် မြေယာမဲ့အလုပ်သမားများက Eldorado dos Carajás မြို့နားရှိ ကားလမ်းမ တစ်ခုအား ၁၉၉၆ ခုနှစ် ဧပြီလအတွင်း ပိတ်ဆို့ထားကြသည်။ မြေယာပြုပြင်ပြောင်းလဲရေး အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် မွေးမြူရေးခြံကြီးတစ်ခုအား အပိုင်ရရှိရန် ပြည်နယ်အာဏာပိုင်များထံမှ ၎င်းတို့က လအတန်ကြာ တောင်းဆိုနေကြသည်။ သို့သော် အသုံးချခွင့် မရရှိခဲ့ပေ။ အာဏာဖီဆန်ရေး လူထု လှုပ်ရှားမှုအတွက် အစိုးရက တုံ့ပြန်သည့်အနေဖြင့် ပြဋ္ဌာန်းသည့် ဤအက်ဥပဒေသည် မြန်ဆန်ပြီး ရက်စက်ကြမ်းကြုတ်ပေသည်။ လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် ရဲများကို စေလွှတ်ခဲ့သည်။ အလုပ်သမား (၁၉) ဦးသည် နောက်မှနေ၍ သေနတ်ဖြင့် အနီးကပ် တေ့ပစ်ခံရပြီး သေဆုံးခဲ့သည်။ အခြား ခြောက်ဆယ့်ခြောက်ဦးမှာမူ ဒဏ်ရာရရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) က အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု (၁၀) နှစ်မြောက် သတင်း ထုတ်ပြန်ရာတွင် တရားမျှတမှုအတွက် ပြစ်မှုကျူးလွန်သူများအား အရေးယူရာတွင် ဥပဒေစနစ်သည် ကျဆုံးကြောင်း မှတ်ချက်ပြုခဲ့သည်။ ဤအချက်က ပြစ်မှုကျူးလွန်သူများ ဒဏ်ခတ်မခံရသည့် အစဉ်အလာသည် Pará ပြည်နယ်တွင် ယနေ့တိုင် ရှိနေသေးကြောင်း ပြယုဂ်ပင် ဖြစ်သည်။ 'Brazil: The Eldorado dos Carajás Massacre 10 Years On' ကို ကြည့်ပါ။ http://web.amnesty.org/library/Index/ENGAMR190192006?open&of=ENG-.AM တွင် ရရှိနိုင်သည်။

[၁၇] စိတ်ဝင်စားစရာကောင်းသည်မှ ဘရာဇီးနိုင်ငံတွင် တွေ့ရှိရသည့် ဥပဒေနှင့် နိုင်ငံရေးအကြား လျော့လျော့ရဲရဲ အာဏာခွဲဝေမှု သို့မဟုတ် အခန်းကဏ္ဍခွဲဝေမှုတို့က ဥရောပနိုင်ငံများထက်စာပါက ပို၍ ပုံစံတကျ စကားရပ်ကို အသုံးပြုရသော် အစိုးရသည် 'တွေ့ဆုံဆွေးနွေးမှု' အတော်ပင် မရှိကြောင်း အဓိပ္ပာယ် သက်ရောက်ပါသည်။

[၁၈] စာရေးသူ၏ အခြား ဖြစ်ရပ်လေ့လာမှုဖြစ်သည့် São Paulo ပြည်နယ်နှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး Mário Covas ၏ ဆောင်ရွက်ချက်များကို ရည်ညွှန်းလိုပါသည်။ ၎င်းသည် ဘရာဇီးနိုင်ငံ၏ သမ္မတဖြစ်သူ Fernando Henrique Cardoso နှင့် တစ်ပါတီတည်းဖြစ်သည့် (the Partido da Social Democracia Brasileira) မှ ဖြစ်ပါသည်။ လုံခြုံရေးအတွက် အမည်မဖော်လိုသူ ၎င်း၏ ပြည်နယ်အတွင်းဝန်သည်လည်းပဲ မြေယာ သိမ်းယူခြင်းနှင့် မြေယာပြုပြင်ပြောင်းလဲရေးကိစ္စရပ်အပေါ် ပို၍ လိုက်လျော ညီထွေရှိသည့် မူဝါဒပိုင်း ဆိုင်ရာနှင့် ဥပဒေဆိုင်ရာ ချဉ်းကပ်မှုများ ချမှတ်ရာတွင် မငြင်းပယ်နိုင်ပေ။

[၁၉] ၁၉၉၉ ခုနှစ် စက်တင်ဘာလ (၂) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် Judge Urbano Ruiz နှင့် အင်တာဗျူး။

[၂၀] စစ်တပ်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား စာရေးသူတို့က အတူတကွ လျစ်လျူရှုထားပြီး ဗြိတိန်အစိုးရ၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနအကြောင်း ကြည့်ကြပါစို့။ 'ဘရာဇီးနိုင်ငံ၏ ဝင်ငွေအလယ်အလတ်တန်းစားရှိသည့် အခြေအနေအရ စာရေးသူတို့၏ အခန်းကဏ္ဍမှာ နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် အမှုအကျင့်ကောင်းများရရှိရန်နှင့် သင်ယူရရှိသည့် သင်ခန်းစာ များကို တိုးမြှင့်ရန် ဖြစ်သည်။ ဤနေရာတွင် ရရှိသည့် 'သင်ခန်းစာ' အတွေ့အကြုံ တစ်ခုကို ဖော်ပြပါသည်။ 'မက်ခရိုစီးပွားရေးအားနည်းချက်များအား ကိုင်တွယ်ဖြေရှင်းရာတွင် ဘရာဇီးနိုင်ငံက လက်တလောနှစ်များ အတွင်း သိသာထင်ရှားသည့် တိုးတက်မှုရရှိခဲ့သည်။ အထူးသဖြင့် ငွေကြေး ဖောင်းပွမှု ထိန်းချုပ်ခြင်းနှင့် ပြည်သူ့ရေးရာအသုံးစရိတ်များအား တင်းတင်းကြပ်ကြပ်

ထိန်းကွပ်ခြင်းတို့တွင် ဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူမှုတာဝန်ခံမှု ဥပဒေက ပြည်သူ့ရေးရာ အသုံးစရိတ်များအား တင်းတင်းကြပ်ကြပ် စီမံရန် ပြဋ္ဌာန်းခဲ့ပြီး ပထမဆုံးအကြိမ်အနေဖြင့် ဒေသဆိုင်ရာနှင့် အောက်ခြေအဆင့် အစိုးရများ အသုံးစရိတ်တို့ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေရေး လိုအပ်ချက်ကို ချမှတ်ခဲ့သည်။' ဤအချက်သည် ကောင်းမွန်သည်ဟု ယူဆရသော်ငြား ဥပဒေနောက်ပိုင်းတွင် ထည့်သွင်းထားသည့် စာမျက်နှာ (၂) ခုပါရှိသည့် မှန်ကန်ကြောင်းအဆိုနှင့်အတူ ရှေ့နောက်ကွဲလွဲနေပါသည်။ ၎င်းအဆိုမှာ 'အစိုးရနှင့် မြူနီစပါယ်အဆင့် အသုံးစရိတ်များအား ခွဲဝေချထားခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းနှစ်ခုစလုံးတွင် အစိုးရနှင့်အတူ ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍ ပြည်သူလူထု ရရှိစေမည့် ဒေသခံကောင်စီများအပါအဝင် ယန္တရားများ တည်ရှိရမည်။ သို့ရာတွင် လက်တွေ့အကောင်အထည်ဖော်ရာတွင် ထိထိရောက်ရောက်ဖြစ်စေရန် ကောင်စီအများစုတွင် လူသားနှင့် ဘဏ္ဍာငွေဆိုင်ရာ အရင်းအမြစ်နှစ်မျိုးစလုံး မရှိကြပေ' ဟူ၍ ဖြစ်သည်။ (source: *The Development Challenge for Brazil*, available at ibid., p. 2 and p. 4 respectively).

၂၀ Ribeiro သည် အထင်ကရ မနုဿဗေဒပညာရှင်တစ်ဦးဖြစ်ပြီး ဘရာဇီးလီးယား တက္ကသိုလ်အား အခြေချခဲ့သည့် ပညာရှင် ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့ဝင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်နှင်ဒဏ်ကို ကာလတစ်ခုအထိ ခံခဲ့ရသည်။ သူသည် နိုင်ငံရေးနှင့် မနုဿဗေဒပညာအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့သည်။ စာရေးသူစိတ်ထဲစွဲမြဲနေသည့် သူရေးသားသည့် စာတမ်းတစ်ခုမှာ *O Povo Brasileiro: A formação e o sentido do Brasil* ဖြစ်သည်။ (São Paulo: Compamhia das Letras, 1995).

၂၂ Ibid., 17.

၂၃ တစ်သမတ်တည်းမဟုတ်သည်မှာ ဤကဲ့သို့ အာဏာမပြတ်မသားဖြစ်သည့် နေရာများသည် လက်တလောနှစ်များတွင် တပြိုင်နက်တည်းဆိုသလို ပို၍ ရောယှက်လာပြီး စိတ်ညစ်ညူးစရာ ဖြစ်လာသည်။ မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) ၏ မဟာမိတ်ဖြစ်သည့် အလုပ်သမားပါတီ (PT) က အာဏာရလာသည့်အခါတွင် ဖြစ်သည်။ Lula အား သမ္မတရာထူးနေရာ တိုးမြှင့်ခြင်းက အဆိုပါ အမြီးအမောက်မတည့်ခြင်းကို ပြသနေသည်။ ၎င်းအား ရွေးချယ်တင်မြှောက်ခြင်းက နိုင်ငံ၏ အာဏာသည် ရာထူးတိုးမြှင့်ခြင်းခံရသည့် ၎င်းလှုပ်ရှားမှုအား စာနာနားလည်သူများ (တက်ကြွလှုပ်ရှားသူများနှင့် ပညာတတ်လူတန်းစားများ) နှင့် မြေယာမဲ့အလုပ်သမားလှုပ်ရှားမှုအတွက် မည်သည့်အနက်အဓိပ္ပာယ် အမှန်အကန် ဆောင်သနည်းဟူသည့် ခက်ခဲသည့် ကိစ္စရပ်အား ဖြစ်ပေါ်စေသည်။ မြေယာသိမ်းယူမှု လှိုင်းလုံးများ ဖြစ်ပေါ်နေသော်ငြား ဤမေးခွန်းအတွက် မြေယာမဲ့အလုပ်သမား လှုပ်ရှားမှု (MST) ၏ အဖြေသည် အလုပ်သမားပါတီ (PT) ကဲ့သို့ မရေရာ မပြတ်သားဘဲ အားလုံးကို အံ့အားသင့်စေသည်။ ဤကဲ့သို့ တွေဝေခြင်းသည် ဆယ်စုနှစ် (၂) ခုအကြာ အလုပ်သမားပါတီ (PT) က ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကြောင့် ဖြစ်ပေါ်လာသည်။ အခြားရွေးချယ်စရာနည်းလမ်းများမရှိခြင်းကြောင့်သာမက အစိုးရ၏ အင်မတန်ကြီးမားသည့် ဩဇာအာဏာကြောင့်လည်း ဖြစ်ပေါ်လာသည်။ တနည်းဆိုရသော် ပြုပြင်ပြောင်းလဲရေး မပြုလုပ်လိုသည့် ပုံစံတစ်ခုလည်း ဖြစ်သည်။ မတူညီသည့် အခြေအနေများ ရှိသော်ငြား မည်သည့်နေရာတွင်မဆို ပုံတူပွား အသုံးချနိုင်သည့် ပုံစံဖြစ်သည်။ အလုပ်သမားသမဂ္ဂများနှင့် လေဘာပါတီအကြား ရင်းနှီးသည့် ဆက်ဆံရေး ယနေ့ထိတိုင် တည်ရှိနေသည့် ဗြိတိန်နိုင်ငံတွင်သာမက ကမ္ဘာအနှံ့ ပုံတူပွားအသုံးပြုနိုင်သည်။

# အခန်း (၉)
# လက်တွေ့မျက်မြင်အခြေပြုဥပဒေပညာရပ် ကြီးစိုးမှုအား ငြင်းပယ်ခြင်း-ပညာရှင်ရေးသားသောစာတမ်း ရွေးချယ်ခြင်း၊ သုတေသနပြုခြင်းနှင့် ပိုမိုကောင်းမွန်သော ရေးသားခြင်း နည်းလမ်းတစ်ခု

Michael Pendleton

---

ဥပဒေနယ်ပယ် သို့မဟုတ် ဥပဒေနှင့်ထိစပ်သောနယ်ပယ်တွင် လေ့ကျင့်ပေးထားသော သူများ သည် နောက်ထပ်စူးစမ်းလေ့လာရမည့် ထိုက်တန်သော နယ်ပယ်များစွာရှိပါသည်။ ခေတ်ပြိုင် ဥပဒေသိပ္ပံပညာကျောင်းအချို့က လူမှုရေးလုပ်ဆောင်ချက်အစီအစဉ်များကို အကြံပြုမည် ဖြစ်သော်လည်း အဆိုပါ နောက်ထပ်စူးစမ်းလေ့လာခြင်းသည် ဥပဒေ ပြန်လည်သုံးသပ်ချက်များ၊ ဂျာနယ်များ၊ စာအုပ်များနှင့် အခန်းများ၊ စာအုပ်များရှိ ပညာရှင်များ ရေးသားသောစာတမ်းပုံစံများ ဖြစ်လေ့ရှိသည်။[၁] ပညာရှင်များရေးသားသောစာတမ်းများနှင့် အလားတူသည် လုပ်ဖော်ကိုင်ဖက် များနှင့် ကော်ဖီသောက်ရင်း ရလာသည့် မပီပြင်သေးသော အကြံဉာဏ်၊ ညဥ့်နက်သန်းခေါင် ရုတ်တရက် ပေါ်လာသောဉာဏ်ကွန့်မြူးမှု၊ စာတမ်းမူကြမ်း သို့မဟုတ် ဆွေးနွေးပွဲ၊ ညီလာခံနှင့် စာတမ်းဖတ်ပွဲတွင် တင်သွင်းသည့် စာတမ်းများ ဘ၀အဖြစ် အစပြုနိုင်ပါသည်။ ဥပဒေစာတမ်း ရေးသားခြင်းနှင့်ပတ်သက်၍ အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း နည်းလမ်းများစွာရှိပါသည်။ ဤအခန်းတွင်အသုံးပြုသော သဘောတရားကို ဆွေးနွေးခြင်းမပြုမီ အခြားအဓိပ္ပာယ် ဖွင့်ဆိုချက် များကို ဆန်းစစ်ရန် မှတ်သားရသည်။

ကြိုးပမ်းဖွင့်ဆိုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ကို အောက်ပါအတိုင်း အဆိုပြု ပါသည်-

> ၅၄။ ဥပဒေတွင်းနှင့် ဥပဒေအပေါ် သုတေသနပြုခြင်းသည် ပုံစံများစွာ ရှိနိုင်ပါသည်။ ဘာသာရပ်သင်ကြားခြင်းနှင့်ဆက်နွှယ်၍ လုပ်ဆောင်သော သုတေသန အများစုမှလွဲ၍ အဓိကကျသော သုတေသနအမျိုးအစားများမှာ-
>
> (၁) သီးခြားဥပဒေအမျိုးအစားတစ်ရပ်ရှိ စည်းမျဉ်းများအား စနစ်တကျ ထုတ်ဖော်ခြင်းကို ပံ့ပိုးသည့်၊ စည်းမျဉ်းများအကြား ဆက်နွှယ်မှုကို ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်သည့်၊ ခက်ခဲသောနယ်ပယ်ကို ရှင်းလင်း တင်ပြသည့်အပြင် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ကြိုတင်ခန့်မှန်းသည်လည်း ဖြစ်ကောင်းဖြစ်နိုင်သည့် သုတေသန (‘အယူအဆ အခြေပြု သုတေသန’)

(၂) တည်ဆဲစည်းမျဉ်းများ၏လုံလောက်မှုကို စေ့စေ့စပ်စပ် အကဲဖြတ်ပြီး လိုအပ်ချက်ရှိသော စည်းမျဉ်းတစ်ရပ်ရပ်အား ပြုပြင်ပြောင်းလဲရန် အကြံပြုသည့် သုတေသန ('အကြံပြုချက်ဦးတည်သောသုတေသန') နှင့်

(၃) ဥပဒေ သဘောတရားများ၏ အခြေခံယူဆချက်များနှင့် သီးခြားနယ်ပယ် တစ်ခုခု၏ လုပ်ဆောင်ချက်အပေါ် စည်းမျဉ်းစုများနှင့် လုပ်ထုံးလုပ်နည်းများ ပေါင်းစည်း၍ ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအား ပို၍ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်ခြင်းကို အားပေးသည့်သုတေသန ('သဘောတရားရေးရာ သုတေသန') တို့ ဖြစ်ကြသည်။[၂]

မကြာသေးမီအချိန်များ၌ ပညာရပ်နယ်ပယ် အားလုံးအတွက် စံနမူနာပုံစံတစ်ခု ဖြစ်သည့် လက်တွေ့မျက်မြင်အခြေပြုသုတေသနမှတဆင့် သိပ္ပံပညာ စံနမူနာပုံစံဖြင့် စူးစမ်းရှာဖွေခြင်းကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံခဲ့သည့် ဥပဒေပညာရပ်အတွက် တက္ကသိုလ် ထောက်ပံ့ကြေး ပုံစံများအား တုံ့ပြန်ခဲ့သော ဥပဒေစာတမ်းရေးသားခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မှတ်သားထားရန် အရေးကြီးသည်။ ၎င်းသည် အစဉ်အလာပညာရပ် လေ့လာမှုအပေါ် ဆိုးရွားသော အနုတ်လက္ခဏာဆောင်သည့်သက်ရောက်မှုရှိသည်။

## ခေတ်ပြိုင်လက်တွေ့မျက်မြင်အခြေပြုဥပဒေသုတေသန၏ ကြီးစိုးမှုအား မလိုလားနိုင်မှု အကြောင်း

အင်္ဂလိပ်စကားပြောလူမျိုး စီရင်ပိုင်ခွင့်များစွာတို့၏ ကိုယ်စားပြုနိုင်ငံတစ်ခုဖြစ်သည့် ဩစတေးလျနိုင်ငံ၌ ပုံသဏ္ဌာန် အမျိုးမျိုးရှိ ဖယ်ဒရယ် အဆင့်မြင့် ပညာရေးဘဏ္ဍာငွေ ချထားရေးဝန်ကြီးဌာနများနှင့် ကော်ပိုရိတ်ပုံစံများ၏ ဖိအားအောက်တွင် ရူပဗေဒ၊ ဥပဒေ သို့မဟုတ် ဘာသာရေး ဆိုင်ရာ ပညာရပ် စသည့် မည်သည့် ဘာသာရပ်ဖြစ်စေ ပညာရပ်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှု ပုံစံတစ်ရပ်အဖြစ် လက်တွေ့မျက်မြင်အခြေပြုသုတေသနကို ပညာရပ်နယ်ပယ် အားလုံးက လက်ခံရမည် သို့မဟုတ် အလေးပေးရမည်ဟု လတ်တလော၌ ပညာရေး၊ သိပ္ပံနှင့် လေ့ကျင့်ရေး ဌာနတွင်ရှိသည့် တက္ကသိုလ်များကဆိုသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုမှုအောက်တွင် တရားရုံးများ၌ မည်သို့ပင် မကြာခဏကိုးကားမှုပြုသည့် ပြဋ္ဌာန်းဥပဒေ စာအုပ်တစ်အုပ်ဖြစ်စေ ပုံနှိပ်ထုတ်ဝေသော စာအုပ်တစ်အုပ်ကဲ့သို့ မှတ်ယူရန်ခဲယဉ်းပေလိမ့်မည်။ အရေးကြီးသည်မှာ လက်တွေ့မျက်မြင် အခြေပြုသုတေသန ဘဏ္ဍာငွေထောက်ပံ့မှုဖြင့် ရရှိသော ဒေါ်လာငွေများဖြစ်သည်။ ရူပဗေဒပညာရှင် သို့မဟုတ် သိပ္ပံပညာရပ်ဝန်း အားလုံးနှင့် မတူဘဲ ကိရိယာတန်ဆာပလာများ သို့မဟုတ် ပစ္စည်းများ လိုအပ်သည့်နည်းလမ်းမျိုး (စာကြည့်တိုက်ကောင်း တစ်ခုမှအပ) ဥပဒေသုတေသနက လိုအပ်မှု နည်းပါးသည်။ ဥပဒေပညာလေ့လာ လိုက်စားမှုသည် အဓိကအားဖြင့် မည်သည့်မူသဘောတရားက ဥပဒေတွင် ပါရှိနေသည်နှင့် မည်သည့်မူဝါဒက မူသဘောတရားများကို အရင်းခံသည် သို့မဟုတ် ၎င်း၏သင့်လျော်မှုကို ထင်ရှားစေသည် ဟူသော ဖော်ညွှန်းချက်ပါရှိသည့် ယူဆချက်သည် ဥပဒေသုတေသန၏ ခေတ်ပြိုင်အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် မသိရှိသေးသောအရာဖြစ်လာသည်။

မျက်မှောက်ခေတ် ဥပဒေသုတေသနထောက်ပံ့ကြေးများတွင် သင်ကြားရေးစရိတ် မျှခံခြင်းနှင့် ခရီးစရိတ်များတွက်ချက်ခြင်း အမြဲပါရှိသည်။ လက်ထောက်သုတေသနမှလွဲ၍ ဥပဒေပညာရှင် တစ်ဦးအတွက် အခြားမည်သည့်ကုန်ကျစရိတ်များ ရှိမည်နည်း? ထို့ကြောင့် အတွေ့အကြုံအလွန်နည်းသေးသည့် အချိန်ပိုင်းဆရာသည် သုတေသီ၏ ဘွဲ့ကြိုတန်း သင်ကြားရေးကို လွှဲယူရပေမည်။ အလုပ်သဘောအရ တာဝန်ခံမှုရှိရန် မလိုအပ်သည့် အချိန်ပိုင်းဆရာများနှင့် ဥပဒေကျောင်းသည် မဖြစ်မနေယှဉ်တွဲနေခဲ့ရပြီး ဘွဲ့ကြိုတန်းအဆင့်၌ ကျောင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် အရေးပါသည့် ကောင်းမွန်သောသင်ကြားမှုကို လစ်လျူရှုခဲ့ရသည်။ စာရေးသူအပါအဝင် ကျွန်ုပ်တို့အများစုသည် ချို့ယွင်းချက်ဖြစ်သည်ကိုသိထားသည့် မှတ်ကျောက်များကို အသုံးပြု၍ သုတေသနအကဲဖြတ်သူများ ဖြစ်လာရန် သဘောတူခြင်းဖြင့် ကျွန်ုပ်တို့၏ ပါဝင်မှုကို ပေါင်းစပ်ထားသည်။ နည်းလမ်းတစ်မျိုးတည်းကို အားလုံးအတွက် အသုံးပြုခြင်းသည် ပြဿနာများ အမြဲဖန်တီးလေ့ရှိပြီး လက်တွေ့မျက်မြင် အခြေပြုသုတေသနလွှမ်းခြုံမှုအောက်ရှိ ကျဉ်းကျပ်သောရှေ့နေရှေ့ရပ်ဆိုင်ရာ ဘာသာရပ်များ သို့မဟုတ် ဝိဇ္ဇာဘာသာရပ်များ သို့မဟုတ် လူမှုဘာသာရပ်များ လေ့လာလိုက်စားခြင်း သည်လည်း ခြွင်းချက် မဟုတ်ပါ။

## ဥပဒေတွင် ရှာဖွေတွေ့ရှိသောအချက်များ

The Pearce အစီရင်ခံစာ[၃]က ဥပဒေသည် ရန်ပုံငွေထောက်ပံ့ခြင်း စံနမူနာပုံစံ၏ လက်တွေ့မျက်မြင် အခြေပြုသုတေသန အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အဘယ်ကြောင့် မကိုက်ညီရကြောင်းကို တိုတိုရှင်းရှင်း ဖော်ပြထားသည့် ဩစတေးလျ ဥပဒေမဟာဌာနမှူးထံ တင်သွင်းချက်များကို ရည်ညွှန်းသည်။

*ပညာရပ်ဆိုင်ရာဥပဒေသုတေသန၏ သဘောသဘာဝ*

> ဥပဒေတွင် ပညာရပ်ဆိုင်ရာသုတေသန၌ 'ရှာဖွေ တွေ့ရှိမှု' အချက်သည် သာဓကအားဖြင့် သဘာဝသိပ္ပံဘာသာရပ်များတွင် ချက်ချင်း သိသာထင်ရှားသကဲ့သို့ မဟုတ်ဟု ဆိုခဲ့သည့် အတိုင်းဖြစ်သည်။ ဥပဒေနှင့် လူမှုဘာသာရပ်များနှင့် လူမှုရေးသိပ္ပံ တို့တွင် ယေဘုယျအားဖြင့် တစ်ဦးတစ်ယောက်သည် အသစ်အသစ်သော 'အမှန်တရားများကို ရှာဖွေတွေ့ရှိခြင်း' ဟုတ်ဟန် မတူဘဲ ထိုတစ်ဦးတစ်ယောက်က အတိတ်နှင့် ပစ္စုပ္ပန်ကာလရှိ လူမှုရေးဖြစ်စဉ်ကို ပြန်လည် သုံးသပ်ပြီး ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်လေ့လာ (သို့မဟုတ် ပေါင်းစပ်) ရှုံမျှသာ ဖြစ်ဟန်တူသည်။
>
> သို့သော် ဤရှုမြင်ချက်သည် မှားယွင်းသည့် အခြေခံယူဆချက် တစ်ရပ်အပေါ် အခြေခံထားသည်။ ဥပဒေသည် အလွန် ဆန်းပြားသည့် လူသားတို့၏ တည်ဆောက်မှုဖြစ်ပြီး အမြဲတမ်းပြောင်းလဲနေသည်။ ထို့ကြောင့် ဥပဒေသုတေသန၏ အစိတ်အပိုင်း အတော်များများတွင် ဖန်တီးထားပြီးသည့် ဥပဒေစည်းမျဉ်း အသေးစိတ်အား (ပြဋ္ဌာန်း ဥပဒေအရဖြစ်စေ သို့မဟုတ် တရားစီရင်ဆုံးဖြတ်ချက် အရဖြစ်စေ) အဓိပ္ပာယ်ပေးရန်

> စိတ်ကူးယူဆချက်များ ဖော်ထုတ်ခြင်းပါဝင်ပြီး နည်းဥပဒေ ပြုခြင်းပုံစံသစ်များ ဖန်တီးရန် ဤစိတ်ကူးယူဆချက်များအား အစီအစဉ် ရေးဆွဲခြင်းတို့ ပါဝင်သည်။ အမှန်တကယ်တွင် အကြီးကျယ်ဆုံး 'ရှာဖွေတွေ့ရှိချက်များ' သည် ဥပဒေဖြစ်စဉ်နှင့် ရင်းနှီးရန်ဆက်စပ်မှု အသစ်ကိုပေးသည့်အရာများ ဖြစ်လေ့ရှိသည်။ ဤအကြောင်းကြောင့် လက်ရှိ ဥပဒေမူ သဘောတရားများကို သေချာစေခြင်းနှင့် ပေါင်းစပ်ခြင်း လုပ်ငန်းစဉ်တို့က အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဥပဒေဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်ကို သဘောတူလက်ခံခြင်းပြုသကဲ့သို့ မူလသုတေသနကို ဖွဲ့စည်းတည်ဆောက်သည်။
>
> 'သုတေသန' ဟူသောစကားရပ်ကို 'ပညာရပ်ဆိုင်ရာလေ့လာမှု' ၏ အဓိက လက္ခဏာရပ်ကဲ့သို့ သုံးနှုန်းသည့်အခါ အရင်လာသည့် စကားရပ်ကို စုံစမ်းစစ်ဆေးခြင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်လေ့လာခြင်း၊ ဝေဖန်ဆန်းစစ်ခြင်း၊ အယူအဆဆိုင်ရာနှင့်/သို့မဟုတ် ပညာရပ်ဆိုင်ရာရှေ့နေများက လုပ်ဆောင်သည့် အသိဉာဏ်နှင့် ယှဉ်သော လုပ်ဆောင်မှုကို ပေါင်းစပ်ခြင်းတို့ အားလုံးလွှမ်းခြုံရန် ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုရမည်။ ထို့အပြင် သိပ္ပံပညာရပ်နယ်ပယ်၌ နိုဗယ်လ်ဆုကို ရရှိနိုင်ရန်ကဲ့သို့ 'ရှာဖွေတွေ့ရှိချက်'၏ ထင်ရှား၍ အလွန်အရေးပါသည့် အချက်အချို့ရှိရမည် ဟူသော လိုအပ်ချက်တိုင်းသည် ဥပဒေတွင် အသုံးမချနိုင်ပါ။

ဝမ်းနည်းစွာပင် အထက်ပါ အသိပညာသည် စီရင်ပိုင်ခွင့်နယ်ပယ်အများအပြားရှိ ဥပဒေ အတွက် ရန်ပုံငွေထောက်ပံ့ပေးခြင်း စံနမူနာပုံစံအများအပြားတွင် ပျောက်ဆုံးနေပြီး ၎င်းအတွက် ပညာရပ်နယ်ပယ် တစ်ခုကဲ့သို့ သတ်မှတ်သောဥပဒေကို အတော်ချွတ်ခြုံကျစေသည်။

## အစဉ်အလာဥပဒေ အယူအဆအခြေပြု ဝေဖန်ချက်

ဥပဒေစာတမ်းရေးသားခြင်းသည် စာရေးသူ၏ ဥပဒေသိပ္ပံပညာဆိုင်ရာ ယူဆချက်များနှင့် ယုံကြည်ချက်များကို မလွဲမသွေ ထင်ဟပ်စေသည်။ ၎င်းတို့၏ ဥပဒေဒဿနဆိုင်ရာ သို့မဟုတ် သဘောတရားရေးရာယူဆချက်များနှင့် ယုံကြည်ချက်များသည် တူညီသောအရာကို ခေတ်ပြိုင် ပြောဆိုနည်းပိုဆန်သည့် နည်းလမ်းဖြင့် ပြောဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် ဤရေးသားချက်သည် ဥပဒေဆိုင်ရာ လက်တွေ့မျက်မြင်ဝါဒီ (positivist)၊ သရုပ်မှန်ဝါဒီ (realist) (အမေရိကန်နှင့် စကင်ဒီနေဗီယန်)၊ ဥပဒေဆိုင်ရာ ဝေဖန်ဆန်းစစ်လေ့လာမှုများ၊ ပို့စ်မော်ဒန်ဝါဒီ၊ ဥပဒေ၏ စီးပွားရေးဆိုင်ရာခွဲခြမ်း စိတ်ဖြာဆန်းစစ်လေ့လာခြင်း သို့မဟုတ် ဥပဒေ၏လူမှုရေးဆိုင်ရာ ယုတ္တိတန်သည့်ယူဆချက်များစသည့် တရားမျှတမှုသီအိုရီအမျိုးမျိုး ကဲ့သို့သော ဥပဒေသိပ္ပံပညာ အားလေ့လာသည့် ကျောင်းအမျိုးမျိုးကို ထင်ဟပ်စေသည်သာမက ဥပဒေဆိုသည်မှာ ဘာလဲ ဟူသော သင်နှင့် ကျွန်ုပ်၏ နားလည် သဘောပေါက်မှုကို ရရှိစေသည့် ထုတ်ဝေထားခြင်းမရှိသော ဥပဒေသိပ္ပံပညာဆိုင်ရာ သီအိုရီအမျိုးမျိုးကိုလည်း ထင်ဟပ်စေသည်။ သို့ဖြစ်၍ ဥပဒေအခန်း

အားလုံးသည် စာရေးသူ၏ ဥပဒေအတတ်ပညာဆိုင်ရာယူဆချက်များနှင့် ယုံကြည်ချက်များ၏ အရေးပါသောအချက်များ ကို ထင်ရှားစွာ ထင်ဟပ်ပေလိမ့်မည်။

အစဉ်အလာအရ အင်္ဂလိပ်ရိုးရာဥပဒေစနစ်ကျင့်သုံးသော စီရင်ပိုင်ခွင့်နယ်ပယ်များရှိ ဥပဒေ စာတမ်းရေးသားခြင်းသည် အများအားဖြင့် တရားသူကြီးများ၏ဆုံးဖြတ်ချက်များကို စစ်ဆေး ကြည့်ရှုခြင်းနှင့် စာရေးသူနှင့် သူ သို့မဟုတ် သူမ၏ စာဖတ်သူအား စိုးရိမ်ပူပန်စေလိုသော ကိစ္စရပ်များကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပတ်သက်သည်။ ထိုစာဖတ်သူများတွင် ဥပဒေ လက်တွေ့ကျင့်သုံးသူရှေ့နေများ၊ တရားသူကြီးများနှင့် ဥပဒေပညာရှင်များ ပါဝင်သည်။ မကြာခဏ ဆိုသလို ဤစိုးရိမ်ပူပန်စရာ ကိစ္စရပ်များသည် ပညာရပ်ဆိုင်ရာ သဘောသဘာဝရှိသည်။ တရားစီရင်ဆုံးဖြတ်ချက်၏ *တကယ့်အကြောင်းရင်းခံ* (*ratio decidendi* ) က ဘာလဲ၊ ယခင် ဆုံးဖြတ်ချက်တစ်ရပ်ကို အကြွင်းမဲ့ပယ်ဖျက်ခြင်းတစ်ရပ် ရှိပါသလား၊ ဤဆုံးဖြတ်ချက်သည် ယခင်အခွင့်အာဏာနှင့် တကယ်ကိုက်ညီသလား၊ ကျိုးကြောင်းသင့်ဆင်ခြင်ခြင်းသည် နည်းလမ်း တကျဖြစ်ခြင်း၊ ထုတ်ယူဆင်ခြင်ခြင်း သို့မဟုတ် ခြုံယူဆင်ခြင်ခြင်း ယုတ္တိဗေဒအရ ဝေဖန်ချက်ကို လိုက်နာသလား၊ အထက်တရားရုံး၏ ဆုံးဖြတ်ချက်ကို အောက်တရားရုံးက လိုက်နာရသော မူ သဘောတရားက အထက်တရားရုံးအား ၎င်း၏ ယခင် ဆုံးဖြတ်ချက်များထံမှ သွေဖည်ရန် တရားစီရင်ရေးဆိုင်ရာ အဆင့်အတန်းတစ်ရပ် ခွင့်ပြုသလား သို့မဟုတ် ခွင့်ပြုသင့်သလားနှင့် အခြားဆက်နွယ်သော ဝေဖန်ချက်များပါရှိသော နည်းပညာ ဆိုင်ရာ သဘောသဘာဝနှင့်ဆိုင်သည်။ ဤအခန်းတွင် ဤနယ်ပယ်ကို အစဉ်အလာအရ 'ဥပဒေ အယူအဆအခြေပြု ဝေဖန်ချက်' ဟုခေါ်ဆိုသည်။

နောက်ပိုင်းတွင် တရားစီရင်ဆုံးဖြတ်ချက်များကို လေ့လာထားသော ပြည်သူ့ရေးရာ မူဝါဒများနှင့် ချိန်ညှိခြင်းသည် အင်္ဂလိပ်ခနေသဟာယစီရင်ပိုင်ခွင့်နိုင်ငံများရှိ ဥပဒေဆိုင်ရာ ရေးသားမှုများ၌ အဓိက လွှမ်းမိုးသည့် အကြောင်းအရာတစ်ရပ် ဖြစ်လာခဲ့သည်။ ၎င်းသည် ၁၉၆၀ ခုနှစ်များနှင့် ၁၉၇၀ ခုနှစ်များ အစပိုင်းတွင်ဖြစ်ကောင်းဖြစ်နိုင်သည်။ လက်ရှိတွင် စဉ်ဆက်မပြတ် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များက ကြီးမားကျယ်ပြန့်သည့် ဥပဒေစာတမ်း ရေးသားမှု နယ်ပယ်ကြီးတစ်ရပ်ကို ပေါက်ဖွားလာခဲ့စေသည်။ ဤအခန်း၏ ရည်ရွယ်ချက်အရ ဤနယ်ပယ်ကို 'ပြည်သူ့ရေးရာမူဝါဒဥပဒေစာတမ်း ရေးသားခြင်း' ဟု သတ်မှတ်ထားသည်။

မကြာသေးမီက ဤစီရင်ပိုင်ခွင့်များ၌ရှိသော ဥပဒေစာတမ်းများစွာသည် ဥပဒေ ပါဝင် သောကိစ္စရပ်များ သို့မဟုတ် ဥပဒေနှင့်ဆက်နွယ်သော လက်တွေ့မျက်မြင်အခြေပြု သုတေသနနှင့် ပတ်သက်လာသည်။ ပြစ်ဒဏ်ချမှတ်ခြင်းမူဝါဒရှိ ဖော်ပြထားသည့် ရည်ရွယ်ချက်များနှင့်အတူ ပြစ်မှုထပ်မံကျူးလွန်နိုင်ခြေရှိသော နှုန်းများကိုချိန်ညှိခြင်း၊ ဌာနေတိုင်းရင်းသား တို့၏ရပိုင်ခွင့်များ ကဲ့သို့သော အသစ်စတင်တည်ထောင်သည့် ဥပဒေဆိုင်ရာယူဆချက်များအကြောင်း ရုပ်ရှင်ရိုက်ကူး ခြင်းနှင့် စိတ်ကူးဉာဏ်ဆိုင်ရာ မူပိုင်ခွင့်လိုင်စင်ချထားခြင်း အစီအမံများဖြင့် သတင်းအချက်အလက် လွတ်လွတ်လပ်လပ် လက်လှမ်းမီရရှိရန် နည်းစနစ်များစစ်ဆေးခြင်း စသည်တို့ အားလုံးသည်

နမူနာများဖြစ်ကြသည်။ ဤဒုတိယမြောက်နယ်ပယ်ကို 'လက်တွေ့မျက်မြင်အခြေပြု ဥပဒေ စာတမ်းရေးသားခြင်း' ဟုခေါ်ဆိုသည်။ ၎င်းသည် ယနေ့ဥပဒေစာတမ်းရေးသားခြင်းကို ကြီးစိုးသော နယ်ပယ် ဖြစ်လာသည်။ စာရေးသူ၏ထင်မြင်ချက်အရ ၎င်းကြီးထွားမှုသည် ပညာရှင်စာတမ်း ရေးသားနည်းကို လက်တွေ့မျက်မြင်အခြေပြုခြင်းမှ အမြဲအစပြုသည့် သိပ္ပံဆိုင်ရာ စံနမူနာပုံစံများ နှင့်အညီဖြစ်သည့် တက္ကသိုလ်များ၏ ရန်ပုံငွေအတွက် တစ်ခုတည်းသော စံနမူနာပုံစံနှင့် ဆက်နွှယ် နေသည်။

ဤအခန်းသည် ဥပဒေစာတမ်းရေးသားခြင်း၏ ပထမနယ်ပယ်- ဥပဒေအယူအဆ ဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်နှင့်ပတ်သက်သည်။ 'ဥပဒေသုတေသန' ဟူသောစကားရပ်သည် လက်ရှိအချိန် တွင် ပို၍ပြန့်နှံ့ပြီး အထက်တွင် အဓိပ္ပာယ်သတ်မှတ်သကဲ့သို့ လက်တွေ့မျက်မြင်အခြေပြု ဥပဒေ စာတမ်းရေးသားခြင်းနှင့် မလွဲမသွေချိတ်ဆက်သည်။ ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက် တွင် အမှန်တကယ်ပင် ဥပဒေသုတေသနပါဝင်သော်လည်း အစိတ်အပိုင်းတစ်ခုသာဖြစ်ပြီး ထိုသုတေသနအတွက် အနည်းအကျဉ်းသာဖြစ်သည်။ အစဉ်အလာ ဥပဒေသုတေသနသည် ဥပဒေ ရှာဖွေတွေ့ရှိခြင်းနှင့် ပတ်သက်ခဲ့သည်။ 'ဥပဒေသုတေသန' ဟူသောစကားရပ်၏ အစဉ်အလာအရ အဓိပ္ပာယ်သည် ယခုအခါ မသက်ဆိုင်တော့သော်လည်း အသုံးပြုမှုနည်းပါးသည့် အမှုဆုံးဖြတ် ရာတွင် ဥပဒေ ကြေညာခြင်းသက်သက်သာပြုသည့် အယူအဆဟောင်းနှင့်သာ ဆက်နွှယ်ကောင်း ဆက်နွှယ်ပေလိမ့်မည်။[၆] ထိုဥပဒေက ပြင်ပတွင်ယခင်အတိုင်း ရှိနေပြီး ရှာဖွေတွေ့ရှိ အသိအမှတ် ပြုချိန်ကို စောင့်နေပေမည်။ သုတေသနအဖြေတစ်ခုကို အကြံပြုချက်ပေးပြီး ကျွန်ုပ်တို့က ထို့ထက်ပို၍ ရှေ့ရောက်နေရမည်။ ထိုအစဉ်အလာဥပဒေသုတေသန ပြုလုပ်ရန် ရှာဖွေသူများမှာ ဥပဒေလက်တွေ့ ကျင့်သုံးသူရှေ့နေများ၊ တရားရုံးရှေ့နေများ (solicitors)၊ ဝတ်လုံတော်ရ ရှေ့နေများ (barristers)၊ တရားသူကြီးများ ဖြစ်ကြပြီး ၎င်းတို့၏ ပါဝင်မှုကို ပါဝင်သူများ အကြား ဖြစ်ပွားသော အငြင်းပွားမှုများက ကန့်သတ်ထားသည်။ ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်မှု ပြုသည့် စာရေးသူသည် ဤအဖွဲ့တွင် ပူးပေါင်းပါဝင်သော်လည်း ဥပဒေသုတေသနသည် သူ သို့မဟုတ် သူမက ဥပဒေစာတမ်းရေးသားခြင်း စတင်သော အခါ၌သာဖြစ်သည်။ ယင်းကိုယ်တိုင် က ခက်ခဲသည့် လုပ်ငန်းမဟုတ်ပါ။ မိမိကိုယ်ကို ဥပဒေသုတေသီတစ်ဦးအဖြစ် ရည်ညွှန်းရန် မရေမရာကြောင်းနှင့် အမှန်တကယ် မသင့်လျော်ကြောင်း ကျွန်ုပ်ခံစားရသည်။ ဥပဒေပညာရှင် တစ်ဦးအနေဖြင့် ကျွန်ုပ်၏အလုပ်သည် သေးငယ်သောခြေလှမ်းတစ်လှမ်း မျှသာဖြစ်သည်။

အစဉ်အလာ ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်သည် ဥပမာအားဖြင့် စာရေးသူနှင့် သက်ဆိုင်သော နယ်ပယ်ကို ရှာဖွေ သတ်မှတ်ခြင်း၊ ဖတ်ရှုခြင်းနှင့် ကြေညက်အောင် လေ့လာခြင်းတို့ အမှန်တကယ် လိုအပ်သည် - သက်ဆိုင်ရာနယ်ပယ် ဆိုသည်မှာ ဥပမာအားဖြင့် အမှုများ သို့မဟုတ် ပြဋ္ဌာန်းဥပဒေများ၊ ကြိုတင်ပြင်ဆင်ထားသည့် စာရွက်စာတမ်းများနှင့် နောက်ဆက်တွဲ ရှင်းလင်းချက်တို့ဖြစ်သည် ။ သို့သော် ၎င်းသည် အတော်လေးလွယ်ကူရှင်းလင်းပြီး လုပ်ငန်းကြီးတစ်ခုလုံးအတွက် မြုပ်နှံရသော အချိန်အပိုင်းအခြား အနည်းငယ်ပါဝင်သည်။[၇] အချိန်

တော်တော်များများကို ဥပဒေသုံးသပ်ခြင်းနှင့် တစ်ဦး၏ စိတ်ကူးဉာဏ်ကို အသုံးချ၍ အမြင်သစ်များ ရရှိရန်အတွက် မြုပ်နှံထားသည်။ စိတ်ကူးဉာဏ်မပါဘဲ နယ်ပယ်တစ်ခုခုရှိ လူသား၏ အသိပညာ အားသုံးသပ်ခြင်းသည် နည်းပညာ ကျွမ်းကျင်မှုကို ပေးစွမ်းနိုင်သော်လည်း တီထွင်ဆန်းသစ်မှု မရှိနိုင်သေးပါ။ မည်သည့် အသစ်ကိုမှ မဖန်တီးနိုင်ပါ။ ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်ကို ရေးသားသူသည် လူမှုရေးသိပ္ပံပညာရှင်၊ ဘာသာရေးပညာရှင် သို့မဟုတ် ဒဿန ပညာရှင်တို့နှင့် ဆက်နွယ်မှုမရှိသည်မှာ မဟုတ်ပါ။ ၎င်းတို့၏စာအုပ်အများစုသည် လူတစ်ဦး၏ လောကအမြင်ဖြစ်ပြီး ထို့အတွက်ကြောင့် လိုလားသော လူ့အသိုင်းအဝိုင်းဆိုင်ရာ စည်းမျဉ်းကဘာလဲ ဟူသည့် အကြောင်းဖြစ်သည်။ သုတေသန လုပ်ငန်းတာဝန်သည် အတော်ကလေး လွယ်ကူရှင်းလင်းသည်။ သုံးသပ်ခြင်း လုပ်ငန်းစဉ်သည် အလုပ်၏ အဓိက အစိတ်အပိုင်းဖြစ်ပြီး အထူးသဖြင့် မူလအတွေးအခေါ်နှင့် ပုံမှန်မဟုတ်သည့် လမ်းကြောင်းအသစ်ဖြင့်တွေးခေါ်မှုများကို ထည့်သွင်းစဉ်းစားခြင်းကို ဖြစ်စေသည်။

## ခေါင်းစဉ်တစ်ခုရွေးချယ်ခြင်း

ပညာရပ်ဆိုင်ရာ စာတမ်းတစ်ခု၏ အကြောင်းအရာတစ်ရပ်အနေဖြင့် ခေါင်းစဉ်တစ်ခု ရွေးချယ်ရန် နည်းလမ်းများစွာရှိပါသည်။ အကောင်းဆုံး နည်းလမ်းတစ်ခုမှာ လုပ်ဖော်ကိုင်ဖက် များနှင့် အလွတ်သဘောအခြေအနေတွင် ဖလှယ်ခြင်းမျိုးဖြစ်သည်။ ဥပမာ ဝန်ထမ်းရုံးခန်းအတွင်း ကော်ဖီသောက်ရင်း ဖလှယ်ခြင်းမျိုးဖြစ်သည်။ သင်ကြားရေးသည် စာတမ်းများအတွက် အကြံသစ် ရရှိရန် အံ့သြဖွယ်ကောင်းသော နည်းလမ်းတစ်ခုဖြစ်သည်။ သင်က ကျောင်းသားများအား ဖြေရှင်းရန် အဆိုပြုထားသည့်နည်းတစ်ခုနှင့် စာသင်ခန်းကို စိတ်မသက်မသာချန်ထားသည်။ ကျောင်းသားတစ်ဦးက ယခင်က သင်မစဉ်းစားခဲ့ဘူးသောအချက်ကို ထောက်ပြမည်။ အမြဲကြုံတွေ့နေကျ အတွေ့အကြုံတစ်ခုနှင့် ဘာ့ကြောင့် စာသင်ကြားသည်ဆိုသည့် အကြောင်းရင်းက သင့်ကို အမြဲနုပျိုစေသည်။ ၁၉၇၀ ပြည့်နှစ်များက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအကြောင်း စာတမ်းဖတ်ပွဲတွင် ဖတ်ကြားပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကို ကာကွယ်ရန်အတွက် တရားစွဲဆိုရန် ရပ်တည်သည့် 'အပင်များမှာ ရပ်တည်ချက်ရှိသင့်သလား' စာတမ်းခေါင်းစဉ်၏ စာရေးသူမှာထင်ရှားသော သာဓကဖြစ်သည်။[၆] စာသင်ခန်းထဲတွင် ကျောင်းသားတစ်ဦးက အဘယ်ကြောင့် မြစ်တစ်စင်းကို ဥပဒေရေးရာ ဥပဓိရုပ် မပေးသင့်သလဲနှင့် သို့မှသာ ၎င်းက ကိုယ်စားလှယ်များမှတဆင့် တရားစွဲဆိုနိုင်သည့်အကြောင်း မေးခဲ့ပုံကို စာရေးသူက ပြောပြသည်။

ကျွန်ုပ်အတွက်မူ ဥပဒေစာတမ်းများအတွက် အကြောင်းအရာများအကြောင်း အကြံသစ်အများစုသည် ကျွန်ုပ်၏ဘာသာရပ်ဆိုင်ရာသီအိုရီဖြစ်သည့် ဉာဏပစ္စည်း မူပိုင်ခွင့် (IP) တစ်ရပ်တွင် စိတ်ကူးပုံဖော်ခြင်း၊ အဆိုပြုခြင်း၊ လက်ခံခြင်း၊ မွမ်းမံခြင်းနှင့် တဖြည်းဖြည်းချင်း အချိန်ယူစမ်းသပ်ခြင်းတို့မှ ရရှိလာသည်။ ဘာသာရပ်ခေါင်းစဉ် IP သည်ပင် ရေပန်းမစားသေးခင် အချိန်၌ စတင်နိုင်ခဲ့သည့်အတွက် ကျွန်ုပ်ကံကောင်းခဲ့သည်။ ဘာသာရပ်အပေါ် ကျွန်ုပ်ဖတ်ရှုပြီးသည့် အရာတိုင်းကို သိစိတ်ဖြင့်ဖြစ်စေ သို့မဟုတ် မသိစိတ်ဖြင့်ဖြစ်စေ သီအိုရီနှင့်စမ်းသပ်ခဲ့ပြီး

သီအိုရီအားပြုပြင်မွမ်းမံသည် သို့မဟုတ် ဤဆင်ခြင်သုံးသပ်ခြင်းနောက်တွင် ဖွံ့ဖြိုးတိုးတက်မှုအား ဝေဖန်သည်။ ကျွန်ုပ်စိတ်ကူးမိသည်မှာ ကျွန်ုပ်တို့ အားလုံးလိုလို ရာသီဥတုထက်ပိုသော အကြောင်းအရာတစ်ရပ်ရပ်ကို ဝေဖန်သည့်ပုံစံအား သာမန် စကားပြောဆိုမှုတွင် လုပ်လေ့ရှိပြီး ၎င်းအပေါ်တွင် သိပ္ပံနည်းကျအကြောင်းအရာ ပမာဏအနည်း၊ အများနှင့်အတူ သီအိုရီများလည်း ရှိကောင်း ရှိနိုင်သည်။

## ထုတ်ဝေရန်နေရာ- ဥပဒေဂျာနယ်တစ်ခု ရွေးချယ်ခြင်း

ပင်ကိုယ်အကြောင်းရင်းတစ်ခုခုထက် တက္ကသိုလ်ထံမှ ပညာရပ်ဆိုင်ရာ အသိအမှတ်ပြုမှုအကြောင်းပြချက်များအတွက် အဓိကဖြစ်သော်လည်း ယေဘုယျအားဖြင့်ဆိုရလျှင် ပညာရှင်များက သုံးသပ် အကဲဖြတ်ထားသည့် ဥပဒေဂျာနယ်တစ်ခုကို စမ်းကြည့်ရန် အကောင်းဆုံး ဖြစ်သည်။

> ဥပဒေနှင့် အခြားသော ပညာရပ်နယ်ပယ်များအကြားရှိ မဆိုင်းမတွဖော်ပြရမည့် အဓိကခြားနားချက်တစ်ခုမှာ သုံးသပ်အကဲဖြတ်မည့်ဂျာနယ်များနှင့်စပ်လျဉ်းသည့် ပြဿနာနှင့်ဆက်စပ်သည်။ ထိုဂျာနယ်များအတွက် အလွန့်အလွန်အရေးပါမှုသည် သိပ္ပံနှင့် နည်းပညာတို့နှင့် ဆက်စပ်လျက်ရှိသည်။ သုံးသပ်အကဲဖြတ်ခြင်းနှင့် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အား ခြုံကြည့်ရလျှင် ဂျာနယ်အလိုက် မတူကွဲပြားပြီး အခြားနယ်ပယ်များထက်ပို၍ ကွဲပြားခြားနားဟန်ရှိသည်။ ဥပဒေ အဝန်းအဝိုင်းတွင် အတော်အတန် ဩဇာလွှမ်းမိုးမှုရှိသည်ဟု မှတ်ယူထားပြီး အခြေခံအားဖြင့် သိပ္ပံဆိုင်ရာမှတ်ကျောက်နှင့် မပြည့်မီသည့် ဂျာနယ်များစွာရှိသည်။ သို့သော်လည်း ထိုဂျာနယ်များစွာသည် ဥပဒေပညာရပ်လက်တွေ့ကျင့်သုံးခြင်း ကိစ္စရပ်များနှင့် ပတ်သက်နေသော ဂျာနယ်များဖြစ်သောကြောင့် ၎င်းတို့ကို လျစ်လျူရှုလျှင် မှားယွင်းနိုင်မည်ဖြစ်သည်။ အရည်အသွေး ထိန်းသိမ်းရေးနည်းစနစ်များက ကွဲပြားသော်လည်း တင်းကျပ်မှုအရာတွင် အခြားပညာရပ် နယ်ပယ်များအောက် လျော့ချခြင်းမရှိပါ။[၇]

ကျောင်းသားများက တည်းဖြတ်သည့် ဥပဒေဂျာနယ်များ၌ ထုတ်ဝေခြင်း အကြောင်းနှင့်ပတ်သက်သော ထင်မြင်ချက်တစ်ခုကို နောက်ထပ်ဖြည့်စွက်နိုင်သည်။ ပညာရပ်ဆိုင်ရာ ဂျာနယ်တစ်ခုအတွက် ကျောင်းသားစာတည်းများ ထားရှိခြင်းသည် ပညာရပ်ဆိုင်ရာ အကြောင်းအရာနှင့်ဂုဏ်သတင်းတွင် အဆင့်နိမ့်သည်ဟု ၎င်းကို တစ်ခါတစ်ရံတွင်မှတ်ယူသည်။ သို့ရာတွင် ဤသည်က ကမ္ဘာပေါ်ရှိ အထင်ကရ ဥပဒေဂျာနယ်အချို့၏ သွင်ပြင်လက္ခဏာတစ်ရပ် ဖြစ်သည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၏ ဂုဏ်သိက္ခာအရှိဆုံး ဂျာနယ်များထဲမှတစ်ခု ဖြစ်သော *Harvard Law Review* ဖြစ်သည်။ အကယ်၍ နည်းလမ်းတကျ ညွှန်းဆိုသည့် သုံးသပ်အကဲဖြတ်သူမရှိလျှင်၊ အဆိုပါ ဂျာနယ်များတွင် တင်သွင်းလာသောစာတမ်းများကို သက်ဆိုင်ရာပညာရပ်နယ်ပယ်ရှိ ထင်ရှားသော ပညာရှင်ရှေ့နေများက စစ်ဆေးအကဲဖြတ်သည်။

## စာရေးသူနှင့်သက်ဆိုင်သည့် ကျင့်ဝတ်အကြောင်းခံများကို ပျက်ကွက်ခြင်း သို့မဟုတ် မှုန်ဝါးစေခြင်း – ဉာဏဆိုင်ရာ မရိုးဖြောင့်မှုရှိ အကြောင်းမသင့်သော ဖက်ရှင်သစ်တစ်ခု

ဆိတ်ဆိတ်နေခြင်း သို့မဟုတ် ပျက်ကွက်ခြင်းက အသေအချာ မှားယွင်းထွက်ဆိုမှုကဲ့သို့ မရိုးဖြောင့်မှုဖြစ်ကြောင်း ကျွန်ုပ်အားအမြဲသတိပြုမိစေသည်။ ၎င်းသည် အသိပညာနောက် တစိုက်မတ်မတ်လိုက်ခြင်းထက် မပိုခဲ့လျှင်တောင် ထိခိုက်နစ်နာမှုကို အသေအချာပင်ဖန်တီးသည်။ သင်စာရေးသည့်အခါ၌ သင်က ရှာဖွေဖော်ထုတ်ခြင်းပြုကာ သင့်ကမ္ဘာလောက အမြင်ကို ပေါင်းစပ်ထည့်သွင်းရမည်ဖြစ်သည်။ ၎င်းပေါင်းစပ်ထားသည့်အမြင်ကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်ကာ ထိုကမ္ဘာလောကအမြင်က ဘာလဲဆိုသည်ကို စာဖတ်သူထံ ထင်ရှားသိမြင်စေမည်ဟု ကျွန်ုပ်ယုံကြည်သည်။ ခေတ်ပြိုင် ပညာရှင်စာတမ်းရေးသားခြင်း အများစုသည် စာရေးသူ၏ ကမ္ဘာလောကအမြင်ကို ရှာဖွေဖော်ထုတ်သည့်အခါ နားလည်ရ ခက်ခဲပြီး ထိုးထွင်းသိမြင်နိုင်ခြင်းမရှိဖြစ်စေသည့်အချက်မှာ ကမောက်ကမပင် ဖြစ်သည်။ ထိုအရာသည် ဥပဒေတွင်သာမဟုတ်ဘဲ လူမှုရေးသိပ္ပံ တစ်ခုလုံးတွင် ဖြစ်နေသည်မှာ ကျွန်ုပ်တို့အားလုံးအဖို့ အဓိက စိုးရိမ်ပူပန်ရမည့်အချက်ဖြစ်သည်။ အမှန်တကယ်လည်း ဖြစ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် သာမန်အားဖြင့် ကြိုတင်တွေးဆချက်များကို ဖြေရှင်းသည့် အဓိကငြင်းခုံဆွေးနွေးချက်များမပါဘဲ ကျွန်ုပ်တို့၏ကိုယ်ပိုင်အမြင်ရှိ အဓိက အစီအမံများ သို့မဟုတ် ကြိုတင်တွေးဆချက်များကိုစွန့်ပစ်ရန် ပြင်ဆင်ထားလိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်။ The power of twelve စာအုပ်အတွက် ကျွန်ုပ်တို့ကိုယ်ပိုင်လောကအမြင်ရှိ အဓိက အဆိုတစ်ခုကို ဩဇာတိက္ကမကြီးသည့် ပါမောက္ခ X က ကောက်ချက်ချခြင်းဖြင့် ငြင်းပယ်သည် ဟူသောအချက်ဖြစ်သည့် ဥပမာအားဖြင့် ဈေးကွက်စနစ်တစ်ခု၏ လိုအပ်မှုက ကျွန်ုပ်တို့အပေါ် စွဲမက်ဖွယ် သက်ရောက်မှုအများအပြား ရှိပုံမရပါ။ မော်ဒန်ခေတ်လွန်ဝါဒီ အနေအထားက ဤနေရာတွင် အတော်လေးတာဝန်ခံရမည်။ ဒဿနပညာရပ်ဆိုင်ရာ အနေအထားက ကမ္ဘာလောကအမြင်အား လေးလေးနက်နက်ဆင်ခြင်ရာ၌ တကယ့်အဓိပ္ပာယ်နှင့် ဆင်ခြင်တုံတရားကို မေခွန်းထုတ်နေစဉ် အခြားကမ္ဘာလောကအမြင် အားလုံးကဲ့သို့ပင် အနေအထားကို ပွင့်လင်းစွာ ဖော်ပြသင့်သည်။

ကျွန်ုပ်၏အမြင်အရ ငြင်းဆိုချက်တစ်ရပ် ဖြစ်လာစေသည့် ကျင့်ဝတ်နှင့် စံနှုန်းသတ်မှတ်ခြင်းဆိုင်ရာ အဓိကအဆိုများ သို့မဟုတ် အဆိုပါ ယူဆချက် တစ်ရပ်အား အမှန်တကယ် ငြင်းပယ်ခြင်းကို ပညာရပ်ဆိုင်ရာရေးသားခြင်း အစိတ်အပိုင်းတစ်ခု၏ အစတွင် ပေါ်လွင်ထင်ရှားအောင်ပြုသင့်သည်။ အကယ်၍ မူပိုင်ခွင့်ဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်အား ပညာရပ်ဆိုင်ရာဝေဖန်ချက်တစ်ရပ် တိုးတက်ဖြစ်ပေါ်လာစေသည့် ဉာဏပစ္စည်း (IP) နှင့်ပတ်သက်သော စာတမ်းတစ်ခုကို ကျွန်ုပ်ကဖတ်လျှင် မြုပ်ထားသည့် အချက်သည် ထိုစာထဲရှိ အဓိကကျသည့် အဆိုဖြစ်ကြောင်းကို စာတမ်းဖတ်ရှုပြီးနောက်မှ ကျွန်ုပ် တွေ့ရှိသည့်အခါ စိတ်အနှောင့်အယှက် အတော်ဖြစ်မည်။ ၎င်းသည် ဉာဏပစ္စည်း (IP) အတွက် မှန်ကန်ကြောင်းသက်သေပြချက် အဓိက

နှစ်ချက်ထဲမှ တစ်ချက်ကို စာရေးသူက ငြင်းပယ်ထားသည့်အဓိကအဆိုဖြစ်သည်။ ဥပမာမှာ အသုံးဝင်မှုဆိုင်ရာ ဈေးကွက်ပျက်စီးခြင်း ငြင်းခုံမှုဖြစ်သည်။ ဆိုလိုသည်မှာ ဥပဒေအရ အခွင့်အရေး မရှိဘဲ သတင်းအချက်အလက်ကို ရောင်းဝယ်မှုမပြုနိုင်သည့်အတွက်ကြောင့် သတင်းအချက် အလက် ဖန်တီးခြင်းအတွက် လုပ်အားနှင့် အချိန်အရင်းအမြစ်များကို ရင်းနှီးမြုပ်နှံလိုသည့် မက်လုံး မရှိပါ။ စာတမ်းသည် ဤအဓိကအဆိုကို ပံ့ပိုးသည့် အဓိကမကျသည့်အကြောင်းအရာနှင့် သုံးသပ်ချက်တို့ ဖြစ်သည်ကို စာရေးသူက ဖော်ပြထားမည်ဆိုပါက ဆိုလိုသည့်အချက်ကို ကျွန်ုပ်က ချက်ချင်းတွေ့နိုင်မည်ဖြစ်ပြီး ကျွန်ုပ်၏တုံ့ပြန်မှုကို ချက်ချင်းပုံဖော်နိုင်မည်။ ၎င်းကို မရိုးဖြောင့်သော ရေးသားခြင်းဟု ကျွန်ုပ်ကမှတ်ယူပြီး အဆိုပါ စာတမ်းများ၌ မဖော်ပြထားသော အဓိကအဆိုများကို ရှာဖွေဖော်ထုတ်ရန် အမြဲမဖြစ်နိုင်သော စာဖတ်သူကျောင်းသားများ၏ အမြင်လည်းဖြစ်သည်။

သို့ဖြစ်၍ ပညာရှင်ရေးသားသော ဥပဒေစာတမ်း၌ ငြင်းဆိုချက်ဖြစ်ပေါ်လာသည့် အကြောင်းရင်းခံသည် အကောင်းမြင်ဝါဒီ (universalist)၊ သရုပ်မှန်ဝါဒီ (relativist)၊ ကျိုးကြောင်းသင့် လက်တွေ့မျက်မြင်ဝါဒီ (logical positivist)၊ ဘုရားတရားမဲ့ဝါဒီ/ သုညဝါဒီ (nihilist)၊ မော်ဒန်ခေတ်လွန်ဝါဒီ (postmodernist) သို့မဟုတ် အခြားအဆင့်၏ ကိုယ်ကျင့်တရား ဆိုင်ရာတို့၏ အဆိုအပေါ် မှီတည်ပါက အစကတည်းကပင် ဖော်ပြသင့်သည်။

## နောက်ခံအကြောင်းအရာ ဥပဒေချဉ်းကပ်နည်းလမ်းမှ ဥပဒေ စာတမ်းရေးသားခြင်းဆီသို့

'နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေနှင့် ဆက်စပ်၍ ဥပဒေကို လေ့လာမှု' (law in context) ဟူသော စကားစု၏အဓိပ္ပာယ်ကို သတ်ပုံနှင့် ဥပဒေသိပ္ပံပညာရပ်ဆီမှလွဲ၍ ဤစာအုပ်တွဲ ၏ ပထမစာတည်းက ရှင်းမပြခင်အချိန်အထိ အမှန်တကယ်ပင် ၎င်း၏အဓိပ္ပာယ်ကို ကျွန်ုပ် မစဉ်းစားခဲ့ဖူးပါ။ ၎င်းသည် လက်ရှိပြဿနာများ၏ ဥပဒေသွင်ပြင်လက္ခဏာများနှင့် ၎င်းတို့၏ ဖြေရှင်းနည်းများအားစဉ်းစားခြင်းကို လူမှုရေးပြဿနာများ သတ်မှတ်ဖော်ထုတ်ရန် အားထုတ်ခြင်း ဖြင့် ရပ်တန့်ဖို့ဖြစ်ပြီး ဖြေရှင်းနည်းသစ်များကို တင်ပြရန်ဆိုလိုရင်း ဖြစ်သည်ဟု သူက အကြံပြု ခဲ့သည်။ ထိုသို့တစ်ခါရှင်းပြပြီးနောက် မိမိကိုယ်ကို သတိပြုမိသည်မှာ ကျွန်ုပ်သည် ကျောင်းသား များအား ၎င်းတို့၏ ကိုယ်ပိုင်ကမ္ဘာအတွင်း၌ စိတ်ကူးတစ်ခုကို ပုံဖော်ကြည့်ခိုင်းခြင်းဖြင့် ဉာဏပစ္စည်း မူပိုင်ခွင့်ဘာသာရပ်သင်ရိုးအား အမြဲအစပြုခဲ့သည်။ ထိုကိုယ်ပိုင်ကမ္ဘာသည် ပြဿနာများနှင့်ဆက်စပ်၍ ၎င်းတို့၏ကိုယ်ပိုင်အသိအမြင်နှင့် ဖြေရှင်းနည်းကို ထည့်ရန် လွတ်လပ်မှုအပြည့်အဝ ရှိသောနေရာဖြစ်သည်။ သို့မဟုတ် လွန်ခဲ့သော နှစ်သုံးဆယ်တွင် ထိုနည်းလမ်းကို ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်းကို သိလာခဲ့သည်။

ညအချိန် မီးမထွန်းထားသည့်လမ်းပိုင်းများတွင် ယာဉ်မောင်းနှင်မှုကြောင့် သေဆုံးမှု များနှင့် ထိခိုက်ဒဏ်ရာရမှုအများပြားဖြစ်ပွားသည့် လူမှုဝန်းကျင်တစ်ခုကို ကျွန်ုပ်က သူတို့အား စိတ်ကူး ကြည့်ခိုင်းပါသည်။ တစ်ညတွင် လူတစ်ယောက်သည် မီးမထွန်းထားသည့် လမ်းပိုင်းတွင်

ဖြတ်ပြေးသော ကြောင်တစ်ကောင်ကိုမြင်ချိန် ကြောင်မျက်လုံးများက ယာဉ်မောင်းကို ရောင်ပြန်ဟပ်သည်။ ထိုလူသည် ချက်ချင်းပင် ပေါင်းစပ်စဉ်းစားခြင်း၍ မီးမထွန်းထားသည့် လမ်းပိုင်းတွင် မောင်းနှင်နိုင်ရန်အတွက် ရောင်ပြန်သည့်မှန်အား လမ်းလယ်မျဉ်းများတွင် တပ်ဆင်အသုံးပြုခြင်း ဆိုသည့် ဖြေရှင်းနိုင်သည့်နည်းလမ်းကို တွေ့ရှိရသည်။ အခြေအနေတစ်ခုတွင် 'ကောင်းပြီ၊ ငါတော့ ငါ့ရဲ့ရှားပါးတဲ့ အရည်အသွေးနဲ့ ထပ်ပြီး လုပ်မိသွားပြီ' ဟု သူမကစဉ်းစားပြီး ယခင်က လုပ်ခဲ့သည့် အတိုင်း အဝါရောင် 'post it' မှတ်စုများတွင် ရေးမှတ်ပြီး စာရွက်ကလစ်ဖြင့် ညှပ်ထားကာ အလျင်အမြန် မေ့ပျောက်သွားမည် ဖြစ်သည်။ အခြားအခြေအနေတစ်ခုတွင် သူမ အမည် ပေးထားသည့် အဆိုပါ 'ကြောင်မျက်လုံးများ'ကို စတင်ထုတ်လုပ်ပြီး ပြိုင်ဖက်တစ်ဦးက ဓာတု အလင်းမှိုင်းဖြင့် ကြောင်မျက်လုံးများအား ထုတ်လုပ်မှုမပြုခင်အထိ ခြောက်လကြာအောင် အမြတ်အစွန်းရရှိခဲ့သည်။ ပြိုင်ဖက်တီထွင်သည့် အရာသည် ကားရှေ့မီးများကို ရောင်ပြန် ဟပ်စေရုံသာမက ရှေ့မီးအလင်းတန်းကိုကျော်ကာ လမ်း၏ ဦးတည်ရာလမ်းကြောင်းကိုပါ ညွှန်ပြသည့် အားသာချက်ရှိသည်။ ပြိုင်ဖက်က ၎င်းတို့ကို 'ကျားမျက်လုံးများ' ဟု အမည်ပေးသည်။ ထို့နောက် ကျွန်ုပ်က 'ကြောင်မျက်လုံးများ' ၏ မူလတီထွင်သူက အကျိုးအမြတ် တစ်စုံတစ်ရာ ရထိုက်၊ မရထိုက်ကိုလည်းကောင်း၊ လိုအပ်၊ မလိုအပ်ကိုလည်းကောင်းနှင့် ထိုသို့ဆိုပါက မည်သည့် ပုံစံဖြစ်မည်ကို ကျောင်းသားများအားမေးပါသည်။ အကယ်၍ အခြားသူများ၏ ကြောင်မျက်လုံး အသုံးပြုမှုအား တားမြစ်ပိတ်ပင်ခြင်း ရှိမည်ဆိုပါက အချိန်မည်မျှကြာသင့်ပြီး မည်သည့်အချိန်မှ စတင်သင့်သနည်း။ အကယ်၍ အသုံးပြုမှုအား တားမြစ်ပိတ်ပင်ခြင်း ရှိခဲ့ပါက ပြိုင်ဖက် ကျားမျက်လုံးများက ကြောင်မျက်လုံးများ၏ အခွင့်အရေးကို ချိုးဖောက်သည်ဟု ဆုံးဖြတ်သင့်၊ မသင့်နှင့် ကျားမျက်လုံးများကို သူ့တို့၏ ကိုယ်ပိုင်အခွင့်အရေးဖြစ်သည့် အကျိုးအမြတ် ခံစားခွင့် ပေးသင့်၊မပေးသင့် စသောမေးခွန်းများ အပါအဝင် သူတို့ကို များပြားလှသော အခြားမေးခွန်း များလည်းမေးသည်။

ဤအခြေအနေဖြင့် ယနေ့ကျွန်ုပ်တို့ ခေါ်ဆိုနေသည့် ဉာဏပစ္စည်းအတွက် မှန်ကန် မျှတခြင်း သို့မဟုတ် မှန်ကန်မျှတမှုမရှိခြင်းကိုဖော်ပြရန်၊ အကျိုးစီးပွား သက်ဆိုင်သော အုပ်စုများ ကို သတ်မှတ်ဖော်ထုတ်ရန်နှင့် အကျိုးစီးပွားမျှခြေကို အဆိုပြုတင်ပြရန် ကျောင်းသားများအား မလွဲမသွေ ပြုလုပ်စေသည်။ သင့်စိတ်ဝင်စားမှုအတွက် ကျွန်ုပ်၏ အတွေ့အကြုံအရ ပြောဆိုရလျှင် ကျွန်ုပ်က 'ကျားမျက်လုံးများ' က 'ကြောင်မျက်လုံးများ' ၏ အခွင့်အရေးကို ချိုးဖောက်သည်ဟု ဆုံးဖြတ်ရန် သင့်၊ မသင့်ကို စစ်တမ်းကောက်ကာ ကျောင်းသားများကို အကြမ်းအားဖြင့် ခွဲထားသည်။ ဤစဉ်းစားချိန်အတွင်းတွင် မျက်မှောက်ခေတ်တီထွင်မှု မူပိုင်ခွင့်နယ်ပယ် အများစုကို ကျောင်းသားများက အမြဲလိုလို ကြိုတင်ခန့်မှန်းလေ့ရှိသည်။ ထိုနယ်ပယ်များတွင် စတင် လျှောက်ထားသည့် ရက်စွဲကို အခြေခံသော ဦးစွာလျှောက်ထားသည့် ရက်စွဲကို ကျင့်သုံးသည့် အဂလိပ်သနဓဟာယ နိုင်ငံများကဲ့သို့ သို့မဟုတ် တီထွင်မှုပြုသည့်ရက်စွဲကို အခြေခံသည့် အမေရိကန်ပြည်ထောင်စု ကဲ့သို့သော နိုင်ငံများအပါအဝင်ဖြစ်သည်။

မျက်မှောက်ခေတ်ဥပဒေထံမှ ဤနိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေနှင့် ဆက်စပ်၍ ဥပဒေကို လေ့လာချဉ်းကပ်မှု နည်းလမ်းထံသို့ ပြောင်းလဲလာမှုသည် ဥပဒေလေ့လာ လိုက်စားမှုအတွက် ရှင်းလင်းစွာသိမြင်စေနိုင်သည်။ ၎င်းသည် ဤနောက်ခံအကြောင်းအရာအတွင်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် ဖြေရှင်းနည်း ဖြစ်ရုံသာမကပဲ ပြဿနာသတ်မှတ် ဖော်ထုတ်ခြင်းနှင့် အမျိုးအစားခွဲခြားခြင်း လည်းဖြစ်သည်။ ပြဿနာကို နည်းလမ်းတစ်ခုဖြင့် ထုတ်ဖော်ပြသနိုင်သည်နှင့်တပြိုင်နက် ဖြေရှင်းနည်းကိုလည်း အလိုအလျောက် အကြံပြုပြီးသား ဖြစ်သည်။ အထက်တွင်ပါရှိသောဥပမာတွင် 'ကြောင်မျက်လုံးများ'ကို 'စူးစမ်းရှာဖွေ'ရာ၌ ကြောင်၏ အခန်းကဏ္ဍကို သတိရပါ။ ပို၍အရေးပါသည်မှာ ဘက်ပေါင်းစုံ စဉ်းစားတတ်သော အရည်အသွေး ရှိသူက ရှားပါးသည်။ ရှားပါးမှုဆိုသည်မှာ စီးပွားရေးတန်ဖိုး အဓိပ္ပာယ်ဖွင့်ဆိုမှုအရ ဖြစ်သည်။

## နိုင်းယှဉ်လေ့လာမှုချဉ်းကပ်နည်းလမ်း-ဥပဒေပြုပြင်ပြောင်းလဲရေး ကော်မရှင်စံနမူနာပုံစံများ

ဥပဒေသင်ကြားသောဆရာများက မိမိတို့အားလုံးသည် ဤနေ့ရက်များတွင် နှိုင်းယှဉ်မှု ရှုထောင့်မှ သင်ကြားနေသည်ဟု မိမိကိုယ်ကို မကြာခဏ သတိပေးသည်။ သို့သော် ထိုအရာသည် ဘာကို ဆိုလိုပြီး အထူးအားဖြင့် ဥပဒေလေ့လာလိုက်စားမှုအတွက် မည်သည့် အဓိပ္ပာယ် သက်ရောက်သနည်း။ ကျွန်ုပ်က ဩစတေးလျအနောက်ပိုင်း၏ ဥပဒေ ပြုပြင်ပြောင်းလဲရေး ကော်မရှင်ဥက္ကဋ္ဌ ဖြစ်လာပြီးသည့် နောက်ပိုင်းမှသာ နှိုင်းယှဉ်လေ့လာမှု နည်းစနစ်ကို အမှန်တကယ် နားလည် သဘောကျလာသည်ကို ဝန်ခံရပါမည်။ နှိုင်းယှဉ်ဥပဒေကို လုပ်ငန်းဆောင်ရွက်နိုင်စွမ်းဆိုင်ရာ တူညီမှု သဘောတရား (Doctrine of functional equivalents) နှင့် ၎င်း၏ အသုံးပြုမှုအနေဖြင့် အဓိက ဥပဒေမိသားစုများ (ရောမ-ဂျာမန်နှင့် အင်္ဂလိပ်ရိုးရာဥပဒေတွင်သာမက) တွင် နှစ်ပေါင်းများစွာ သင်ကြားပေးခဲ့ပြီးသော်လည်း ဤသို့ဖြစ်ခဲ့သည်။ ထို့အပြင် မိမိ၏ အသက်မွေးဝမ်းကြောင်း သက်တမ်း အတော်များများအတွက် မိမိနေထိုင်ရာ နိုင်ငံ၏စီရင်ပိုင်ခွင့်နယ်ပယ် ပြင်ပတွင် နှိုင်းယှဉ်ဥပဒေလေ့လာမှုကို သင်ယူခဲ့ရပြီး သုတေသနပြုခဲ့သည့်တိုင် ဤသို့ဖြစ်ခဲ့သေးသည်။ ဥပဒေ ပြုပြင်ပြောင်းလဲရေးကော်မရှင်က ထုတ်ပြန်မည့်စာကို ရေးသားခြင်း၊ ထို့နောက် လက်ခံရရှိသော တင်သွင်းလွှာ အကျဉ်းချုပ်ကဲ့သို့ ပြန်ကြားစာများ ရေးသားခြင်းနှင့် နောက်ဆုံးတွင် ကျွန်ုပ်က နှိုင်းယှဉ်ဥပဒေ၏ အခန်းကဏ္ဍကို သဘောကျလာစေသည့် ပုံမှန်အစီရင်ခံစာ ရေးသားခြင်းတို့သည် နေ့စဉ်လုပ်ရသည့် လုပ်ရိုးလုပ်စဉ်ဖြစ်သည်။ ကျွန်ုပ်ကောင်းစွာ မှတ်မိသည့် ကော်မရှင်သို့ လွှဲအပ်မှု တစ်ခုမှာ သတင်းစာဆရာများ၊ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် အခြားသူများအတွက် သက်သေအဖြစ် သက်သေခံရန် အတင်းအကျပ်ပြုခံရခြင်းတွင် အထူးအခွင့်အရေး ရှိသင့်၊ မရှိသင့် ဟူ၍ ဖြစ်သည်။ အခြားစီရင်ပိုင်ခွင့်များရှိ အနေအထားပေါ် နှိုင်းယှဉ်လေ့လာမှုအခြေပြု သုတေသနက နှိုင်းယှဉ်လေ့လာမှု နည်းစနစ်၏ တန်ဖိုးကို ဖော်ပြထားသည်။ ထိုစီရင်ပိုင်ခွင့်များတွင် လုပ်ငန်းဆောင်ရွက်နိုင်စွမ်းအရ တူညီမှု (functionally equivalent) လိုအပ်ချက်ကို မည်ကဲ့သို့ သိမြင်လာပြီး မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းမည်ဆိုသည့် ဖြေရှင်းနည်းလမ်းများသိပ်မရှိပါ။ အထူး

အခွင့်အရေး ကိုးကားချက်နှင့် ပတ်သက်၍ စီရင်ပိုင်ခွင့်အချို့သည် သက်သေခေါ်ယူခြင်းတွင် သတင်းစာဆရာ၊ ခရစ်ယာန်ဘုန်းတော်ကြီးများစသည်ဖြင့် ခွဲခြားခြင်းမပြုပေ။ သို့သော် လျှို့ဝှက်သော သို့မဟုတ် အတွင်းကျသော ပုဂ္ဂိုလ်ရေး သတင်းအချက်အလက်ကို အခြားသူထံမှ ရရှိသူ မည်သူမဆိုဟူသည့် အုပ်စုထဲတွင် အတူတကွ ထည့်သွင်းထားသည်။ ထိုသူများမှာ ဥပမာအားဖြင့် အိမ်ထောင်ဖက်တစ်ဦး၊ လူမှုရေး လုပ်သားတစ်ဦး၊ သို့မဟုတ် ပညာရှင်တစ်ဦး ဖြစ်သည်။ ဤစီရင်ပိုင်ခွင့်များက သက်သေထွက်ဆိုခြင်းပြဿနာကို လျှို့ဝှက်သတင်း အချက်အလက်အား အတင်းအကျပ် ထုတ်ဖော်ပြောစေခြင်းဖြင့် ပြုမိသော ထိခိုက်နစ်နာမှုနှင့် နှိုင်းစာလျှင် တရားရုံးရှေ့ရှိ အမှုတွင် သတင်းအချက်အလက်သည် မည်မျှသက်ဆိုင်မှုရှိပြီး လိုအပ်မှု ရှိနိုင်ခြေအပေါ် ထည့်သွင်းစဉ်းစား၍ ရွေ့ဆိုင်းမှု ပြုသင့်သည်ဟုလည်း စဉ်းစားခဲ့သည်။ ထိုချဉ်းကပ်နည်းလမ်းများကို ဤသုတေသနက ဖော်ထုတ်သည့်အခါ ၎င်းတို့ နိုင်ငံ၏စီရင်ပိုင်ခွင့် အတွင်း၌ အလုပ်လုပ်နိုင်စွမ်းကို ဖွဲ့စည်းတည်ထောင်ပြီး ကျွန်ုပ်တို့ ကိုးကားရမည့် ဖြေရှင်းနည်းကို ထိုသုတေသနဖော်ထုတ်ထားချက်များ၌ အကြံပြုခဲ့သည်။

အလားတူပင် ကျွန်ုပ်က ဩစတေးလျ ဖယ်ဒရယ် ရှေ့နေချုပ်၏ မူပိုင်ခွင့်ဥပဒေ ပြန်လည် သုံးသပ်ရေးကော်မတီဝင် ဖြစ်ခဲ့စဉ်အခါက မူပိုင်ခွင့်နှင့် ပဋိညာဉ်ခေါင်းစဉ်ပါ မေးမြန်းချက် တစ်ခုရှိခဲ့သည်။ အဓိကပြဿနာမှာ မျှတစွာပြုမူခြင်း (fair dealing) အပြင် မူပိုင်ခွင့် ချိုးဖောက်ခြင်းမှ အခြားအကာအကွယ်များနှင့် ကင်းလွတ်ခွင့်များမပါဘဲ ပဋိညာဉ်ပြုလုပ်ခြင်းကို ခွင့်ပြုသင့်၊ မပြုသင့် ဖြစ်သည်။ ဝက်ဆိုဒ်များက အသုံးပြုသူများအား လိုင်စင်စည်းကမ်းချက်များကို သဘောတူကြောင်း နှိပ်စေခြင်းအားဖြင့် အသုံးပြုသူများက မျှတစွာပြုမူခြင်း (အမေရိကန် ပြည်ထောင်စုတွင် မျှတစွာအသုံးပြုခြင်း - fair use) နှင့် မူပိုင်ခွင့် ချိုးဖောက်မှုကင်းလွတ်ခွင့် များအား စွန့်လွှတ်ရန် သဘောတူသည့် ဘုံနေရာတစ်ခု ဖြစ်လာသည်။ နှိုင်းယှဉ်မှု အခြေပြု သုတေသနသည် မျှတစွာပြုမူခြင်း (fair dealing)နှင့် အလားတူ ကိစ္စရပ်များကို အကာ အကွယ်များ၊ အထူးအခွင့်အရေးများ သို့မဟုတ် ချိုးဖောက်ခြင်းမှ ကင်းလွတ်ခွင့်များကဲ့သို့ မှတ်ယူကြောင်း သရုပ်ဖော်ခဲ့သည် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်များ၏ အခွင့်အရေးနှင့် နှစ်ဖက်ညီမျှ စေသည့် အသုံးပြုသူများ၏ ဥပဒေက ပေးသောအခွင့်အရေး (positive rights) အဖြစ် သွင်ပြင် လက္ခဏာ ဖော်ဆောင်နိုင်သည်။ ဤသို့ ဖော်ပြခြင်းဖြင့် ထပ်မံ၍ နှိုင်းယှဉ်မှု အခြေပြုသုတေသန အခြေခံအပေါ် ဖော်ပြသကဲ့သို့ အဖြေက ပေါ်လွင်ထင်ရှားသည်။ မျှတစွာပြုမူခြင်း (fair dealing) နှင့် အလားတူကိစ္စရပ်များသည် မူပိုင်ခွင့် ဥပဒေက ကိုယ်စားပြုသည့် အကျိုးစီးပွား နှစ်ဘက် ညီမျှမှု၏ အစိတ်အပိုင်းဖြစ်ပြီး သုံးစွဲသူအခွင့်အရေးတစ်ခုနှင့် ထိုကဲ့သို့သောအခွင့်အရေးကို ပဋိညာဉ်တစ်ခုချင်းစီက ဘေးဖယ်ထုတ်၍ မရနိုင်ပါ။ ထိုသို့ကောက်ချက်ဆွဲပြီး ကျွန်ုပ်တို့သည် ခေတ်မီသတင်းအချက်အလက် အဖွဲ့အစည်း၏ သဘောသဘာဝကြောင့် မိမိတို့၏ ကန့်သတ်ချက် များကို သတိရစေသည်။ ဥပမာဆိုရသော် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေက အခြားနိုင်ငံတစ်နိုင်ငံ၏ အင်တာနက်သုံးစွဲမှုကို တားမြစ်သော်လည်း အခြားနိုင်ငံက ခွင့်ပြုကောင်းခွင့်ပြုလိမ့်မည် ဖြစ်သည်။ သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း မရှိသည့်အခါ မျှတစွာပြုမူခြင်းနှင့်အလားတူ

ကိစ္စရပ်များမပါဘဲ ပဋိညာဉ်ပြုခြင်းအပေါ် တားမြစ်ခြင်းသည် အသုံးဝင်မှု အကန့်အသတ် ဖြစ်ဖွယ်ရှိသည်။

## ပညာရပ်ဆိုင်ရာစာတမ်း ရေးသားခြင်းအတွက် သိုမှီးရာ-သင့်ဘာသာရပ်၏ သဘောတရားတစ်ခု

လွန်ခဲ့သော နှစ်သုံးဆယ်ကျော်ကတည်းကအစပြု၍ ဉာဏပစ္စည်း၌ ကျွန်ုပ်၏စွဲမြဲသော စိတ်ဝင်စားမှု ကြီးကြီးမားမားသည် ဘာသာရပ်၏ သဘောတရားက ပံ့ပိုးနေခြင်းကြောင့် ဖြစ်သည်။ ယနေ့ထိ ဖွံ့ဖြိုးတိုးတက်လာသည့် အသစ်တော်တော်များများ၊ အလှည့်အပြောင်းများ အားလုံးကို (အနည်းဆုံးကျွန်ုပ်အား) တစ်နည်းနည်းဖြင့် ရှင်းပြသည့်သဘောတရား ဖြစ်သည်။ ဤသဘောတရားကို ဉာဏပစ္စည်းဘာသာရပ်နှင့် သက်ဆိုင်သည့် ကျွန်ုပ်၏ ပထမဆုံးစာအုပ်မရေးမီ၊ ရေးနေစဉ်နှင့် ရေးပြီးနောက်ပိုင်း ဖြစ်သည့် ၁၉၈၄ ခုနှစ်တွင် ဖွံ့ဖြိုးအောင်လုပ်ခဲ့သည်။ လွန်လွန်မင်းမင်း ရှည်လျားကောင်း ရှည်လျားသော်လည်း ၎င်းကို ယခုအခါဖော်ပြရခြင်းမှာ သင့်ဘာသာရပ်၏ ကိုယ်ပိုင်သဘောတရားကို ဖွံ့ဖြိုးအောင် ပြုလုပ်ရာတွင် အထောက်အကူ ဖြစ်စေနိုင်သည့် အတွက်ကြောင့်ဖြစ်သည်။

ဉာဏပစ္စည်းသည် သတင်းအချက်အလက်ကဏ္ဍ လက်လှမ်းမီခြင်းကို ကန့်သတ်သည့် ဥပဒေရေးရာအခွင့်အရေးဖြစ်ကြောင်း ကျွန်ုပ်ကမြင်ခဲ့ပြီး ယခုထိတိုင်လည်း ဤသို့ပင် ဖြစ်နေပုံပေါ်သည်။ အခြေခံအားဖြင့် အချက်အလက် သိုမှီးရာနေရာရှိ ဉာဏပစ္စည်း အားလုံးသည် သတင်းအချက်အလက်ကဏ္ဍနှင့် ပတ်သက်သည်။ ကုန်သွယ်မှုအမည်၊ တီထွင်မှု မူပိုင်ခွင့်၊ ဒီဇိုင်းများ၊ ကုန်သွယ်ရေး လျှို့ဝှက်ချက်များ၊ ဒိုမိန်းအမည်များ၊ စာပေအနုပညာမူပိုင်ခွင့်၊ အပင်မျိုးမွေးမြူသူ၏ အခွင့်အရေးများနှင့် စီလီကွန်ချစ်(ပ်)မျက်နှာပြင် အနေအထားတို့ အားလုံးသည် သတင်းအချက်အလက် အခြေခံများ ဖြစ်ကြသည်။ ဤသတင်း အချက်အလက်အတွက် ဥပဒေက အသုံးပြုမှုကို ကန့်သတ်ရန်နှင့် ခွင့်ပြုရန် ဥပဒေရေးရာ အခွင့်အရေးများကို ပေးထားရ သည့် အကြောင်းတရားဖြစ်သည်။ ဥပဒေရေးရာ အခွင့်အရေးများ ဥပဒေကြားဖြတ်ဝင်ခြင်း၏ မှန်ကန်မျှတကြောင်းမှာ အလွှာနှစ်လွှာရှိသည်။ ပထမတစ်ချက်မှာ သဘာဝတရားဆိုင်ရာ အခွင့်အရေးများ၏ တောင်းဆိုမှုတစ်မျိုးကို ဆန်းသစ်တီထွင်သူများက သူတို့၏ဖန်တီးမှုတွင် ပိုင်ဆိုင်သောသက်ရောက်မှုအထိ ချဲ့ထွင်တောင်းဆိုလာကြသည်။ ဤကဲ့သို့ချဲ့ထွင် တောင်းဆိုလာမှုသည် ထိုအခွင့်အရေးများကို အခြားသူများက လွတ်လပ်စွာ အပိုင်စီးခြင်းမပြုနိုင်ရန် အတွက်ဖြစ်သည်။ ထပ်တူကျသော ကျိုးကြောင်းပြဆိုမှု တစ်ခုက ခိုးယူကူးချခြင်းကို ဆန့်ကျင်သော ပညာရပ်ဆိုင်ရာကွန်ဗင်းရှင်းဖြင့် ထောက်ပံ့ ပေးထားသည်။ ဒုတိယတစ်ချက်မှာ သတင်းအချက်အလက်တွင် ဥပဒေရေးရာ အခွင့်အရေးများ ပူးတွဲထားခြင်းမရှိလျှင် ၎င်းတို့ကို ရောင်းချခြင်းနှင့် ကုန်သွယ်မှုပြုခြင်းတို့ ပြုလုပ်၍မရပါ။ ထို့ကြောင့် သတင်းအချက်အလက် ပုံစံသစ်ကို ဖန်တီးခြင်းအတွက် အချိန်နှင့် ငွေ ရင်းနှီးမြှုပ်နှံရန် မက်လုံးမရှိပါ။ ဤအသုံးဝင်မှု

သို့မဟုတ် ဈေးကွက်ပျက်သုဉ်းခြင်း (utilitarian or market failure) ကို မကြာခဏ ကိုးကားလေ့ရှိသည်။

သတင်းအချက်အလက်ဆိုင်ရာ ဥပဒေရေးရာအခွင့်အရေး၏ ဥပဒေရည်ရွယ်ချက်၌ အနည်းဆုံး အုပ်စု (၃) စုက အကျိုးအမြတ်များရှိပြီး အကျိုးစီးပွားများ ပဋိပက္ခဖြစ်နေသည်။ ဆန်းသစ်တီထွင်သူသည် သတင်းအချက်အလက် အကာအကွယ်ပေးခြင်းကို ပိုမိုရရှိလိုသကဲ့သို့ သူ/သူမတို့က အချိန်ကြာနိုင်သမျှ ကြာကြာရလိုကြသည်။ ပြိုင်ဖက်များက ယှဉ်ပြိုင်နိုင်ရန် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးကို အကန့်အသတ်အဖြစ်သာ ပေးလိုကြသည်။ သို့သော် သူတို့အောင်မြင်သည့်အခါ ကိုယ်တိုင်ခံစားနိုင်မည့် အခွင့်အရေးအချို့ကို လိုလားကြသည်။ ကျွန်ုပ်တို့ပြည်သူများက အကန့်အသတ်မဲ့ သတင်းအချက်အလက် ရယူခြင်းကို အနည်းဆုံး ဖန်တီးသူများအတွက် မက်လုံးကင်းမဲ့ခြင်း၏ အကျိုးဆက်များကို ရင်ဆိုင်ဖြေရှင်းရမည့် အချိန်အထိလိုလားသည်။ ထို့အပြင် အင်္ဂလိပ်ရိုးရာဥပဒေနှင့် ရောမ-ဂျာမန်ဥပဒေ စီရင်ပိုင်ခွင့် နယ်ပယ်များရှိ ဥပဒေသည် မတရားသည့်လက်ဝါးကြီးအုပ်မှုကို ကြောက်ရွံ့ပြီး သတင်းအချက် အလက်ဆိုင်ရာကဲ့သို့သော ဥပဒေရေးရာ အခွင့်အရေးများကို အသိအမှတ်ပြုရန် ရာစုနှစ်များစွာ စွဲစွဲမြဲမြဲ ငြင်းပယ်ခဲ့ကြသည်။ ၎င်းအစား အဆင့်မြင့်မားသည့် နည်းပညာဆိုင်ရာ အခွင့်အရေး များအား ခွဲထုတ်ထားသည့် အမျိုးအစားများအဖြစ် သီးခြား (*ad hoc*) ဥပဒေကို ဖွံ့ဖြိုးအောင် လုပ်ဆောင်ခဲ့သည်။ ထိုအရာများမှာ တီထွင်မှုမူပိုင်ခွင့်၊ စာပေမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်များနှင့် အလားတူကိစ္စများဖြစ်သည်။

၎င်းတို့အနက်မှ အများစုသည် တစ်ခုနှင့် တစ်ခု ထပ်နေသည်။ သတင်း အချက်အလက် အားလုံးအား ကာကွယ်ပေးနေသော ဥပဒေတစ်ရပ်ကို ငြင်းပယ်ရန် အကြောင်းပြချက်အဖြစ် လက်ဝါးကြီးအုပ်မှုအန္တရာယ် (တကယ့်ကို အလွန်ကြီးမားသော အန္တရာယ်) က မည်သည့်အခါမှ ကျွန်ုပ်ကို မဆွဲဆောင်နိုင်ခဲ့ဖူးပါ။ ကျွန်ုပ်က လွန်ခဲ့သောနှစ် (၃၀) ကျော်တလျှောက်လုံး လုပ်အား၊ ကျွမ်းကျင်မှု၊ အားစိုက်ထုတ်မှု၊ အချိန်၊ ငွေနှင့် စိတ်ကူးစိတ်သန်းမှတဆင့် ဖြစ်တည်လာသော သတင်းအချက်အလက်၏ ကဏ္ဍများကို အကာအကွယ်ပေးရန်အတွက် လိုအပ်သည် ဟူသော အရာကို ထပ်ခါတလဲလဲ ငြင်းခုံခဲ့ပြီးသား ဖြစ်နိုင်ပါသည်။ ထိုအရာသည် လမ်းပေါ်က လူအများ အလွယ်တကူနားလည်ပြီး လေးစားလိုက်နာမှုရှိသည့်တာဝန်ရှိမှုအခြေခံမူ သဘောတရားဖြစ်သည်။

အလွဲသုံးစားပြုခြင်း၊ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု သို့မဟုတ် ပုံတူကူး အတုအပ ပြုခြင်းကို ဆန့်ကျင်သည့်ဥပဒေဟု မည်သို့ပင် ခေါ်ဆိုစေကာမူ အကြောင်း မဟုတ်သော်လည်း အဆိုပါ ဥပဒေတစ်ခုသည် ယနေ့ခေတ် ဉာဏပစ္စည်း အားလုံးနီးပါးကို အစားထိုးရန် အလားအလာ ရှိသည်။ ဤသို့ပြုရာ၌ ခက်ခဲသောအမှုအများအပြားတွင် အသုံးချသည့် ကျိုးကြောင်း ဆင်ခြင်ခြင်း သည် လက်ရှိစနစ်အောက်တွင် အသုံးချသည့်အရာနှင့် အားလုံးနီးပါး ထပ်တူကျသည်ဟု ကျွန်ုပ်က ငြင်းခုံရမည်။ စာပေမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်နှင့် ကုန်သွယ်မှုလျှို့ဝှက်ချက်များ၏ သဘောတရား သည် ရှုပ်ထွေးသော်လည်း စီရင်ပိုင်ခွင့် အားလုံးရှိ ‘တရားပြိုင်သည် တီထွင်သူ၏ လုပ်အား ၊

ကျွမ်းကျင်မှု၊ အားစိုက်ထုတ်မှု၊ အချိန်နှင့်ငွေရင်းနှီးမြုပ်နှံမှုတွင် ငွေစိုက်ထည့်ခြင်းရှိပါသလား? သူ/သူမက တရားလို၏ အောင်မြင်မှုကို အသုံးချထားခဲ့ခြင်း သို့မဟုတ် တရားလို၏ လက်ရာကို အလွဲသုံးစား ပြုထားသလား?' ဟူသော ဉာဏပစ္စည်းဆိုင်ရာအမှုများတွင် အကျွမ်းတဝင် ရှောင်ရှားမှုကို သင်က ရှာတွေ့ပါမည်။ တရားမျှတမှုမရှိသော လက်ဝါးကြီးအုပ်မှုကို ရှောင်ရှားရန် အဓိက သော့ချက်သည် ဆန်းသစ်တီထွင်သူ၏ အခွင့်အရေးကို ကန့်သတ်ရန်ဖြစ်သည်။ တရားပြိုင်က တရားလိုတွင်ရှိသည့်အရာနှင့် ကွဲပြားသော အမျိုးအစားကို ဖော်ထုတ် ပြသနိုင်ဖွယ် ဖြစ်သည့် သူ သို့မဟုတ် သူမ၏ ကိုယ်ပိုင်လုပ်အား၊ ကျွမ်းကျင်မှု၊ အားစိုက်ထုတ်မှု သို့မဟုတ် သမားရိုးကျ မဟုတ်သောအတွေးနှင့် သတင်းအချက်အလက်သစ်အချို့အား ယူဆောင်လာမှု အတိုင်းအတာပမာဏအရ ကန့်သတ်ရန် ဖြစ်သည်။

ဤအထဲတွင် မည်သည့်အရာမှ ယနေ့ခေတ်အတွက် အသစ်အဆန်း မဟုတ်သော်လည်း ၁၉၈၅ ခုနှစ်[၇] ၌ ထုတ်ဝေခဲ့သည့် *European Intellectual Property Review* (EIPR) ဂျာနယ်၏ စာတမ်းတစ်ခုတွင် ဉာဏပစ္စည်းကို အတူတကွထည့်သွင်းသည့်အခါ မည်သည့်အတွက်ကြောင့် 'ဉာဏပစ္စည်း (IP)' ဟူသော စကားရပ်ကို အတိုကောက်ဖြင့် ယခုအခါ အသုံးပြုခြင်းကို အကြောင်းပြချက်ပေး ရေးသားခြင်းသည် အနည်းငယ်သာ ရှိခဲ့သည်။ တီထွင်မှု မူပိုင်ခွင့်ဥပဒေ၊ စာပေမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် ဥပဒေစသဖြင့် ရည်ညွှန်းသည့် တရားစွဲဆိုမှု အကြောင်းရင်း အားလုံးအတွက် ပြည့်ပြည့်စုံစုံ လွှမ်းခြုံနိုင်သော စကားရပ်ဖြစ်သောကြောင့် ထို IP ဆိုသည့် စကားလုံးကို သုံးခြင်းဖြစ်သည်။ သို့ရာတွင် ထိုကဲ့သို့ သတင်းအချက်အလက်အား ဥပဒေက အခွင့်အရေးပေးအပ်ခြင်းအကြောင်း ဒုတိယ အယူအဆသည် လက်ခံရန် အလှမ်းဝေးပြီး ဤသည်က ဉာဏပစ္စည်းတွင် ကျွန်ုပ်၏ စိတ်ဝင်စားမှု ဆက်ရှိနေစေသည်ဟု ထင်မိသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်ုပ်သည် ၎င်းအနေအထားကို ထောက်ခံရန် နည်းလမ်းရှာဖွေသည် သို့မဟုတ် ကျွန်ုပ်က မှားယွင်းခဲ့ဖူးသည်ဟု လက်ခံသည်လည်း ဖြစ်ကောင်းဖြစ်နိုင်သည့် အတွက်ကြောင့် ဖြစ်သည်။

အထက်ပါ ဘာသာရပ်၏သဘောတရားနှင့် အောက်ပါ သာဓကများသည် အစဉ်အလာ ဥပဒေအယူအဆဆိုင်ရာဝေဖန်ဆန်းစစ်ချက်အမျိုးအစားအဖြစ် ဖော်ပြလေ့ရှိသည့် ကျွန်ုပ်၏ ကိုယ်ပိုင် ဥပဒေစာတမ်းရေးသားခြင်းမှ ထုတ်နုတ်ယူထားသည်။

## ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက် ရေးသားခြင်း သာဓကများ

ကျွန်ုပ်၏ကိုယ်ပိုင်ရေးသားထားခြင်းမှ ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက် သာဓက (၃) ခုကို တင်ပြပါမည်။ ပထမမှာ ဉာဏပစ္စည်း (IP) ၏ သင့်လျော်သောအတိုင်းအတာ ပါဝင်သည့် စာတမ်းတစ်ခုဖြစ်သည်။[၈] ဤစာတမ်းသည် အသိအမြင်များစွာပါရှိပြီး အထက်တွင် ရည်ညွှန်း

ထားသည့် ဘာသာရပ်ဖြစ်သော ဉာဏပစ္စည်း (IP) ၏ သဘောတရား တစ်ရပ်ဖွံ့စည်းပုံဖြင့် ပုံသွင်းထားသည်။ ကျွန်ုပ်၏စာအုပ်ဖြစ်သော ဟောင်ကောင်ရှိ ဉာဏပစ္စည်း (IP in Hong Kong) မှ ထိုကမ္ဘာ့အမြင်ပေါ်ထွက်လာခဲ့သည်။ မှတ်ချက်ပြုသူတစ်ဦး၏အဆိုအရ ဒုတိယစာအုပ်ကို ကမ္ဘာအနှံ့ထုတ်ဝေမှုသာ ဉာဏပစ္စည်းအား ဆက်စပ်လျက်ရှိသော အကြောင်း အရာတစ်ခုအဖြစ် သတ်မှတ်မည်။[၁၀] ထိုလေ့လာမှုသည် ချီးမွမ်းစရာအဖြစ် မဆိုလိုသော်လည်း သုတေသနပြုခြင်း အတွေ့အကြုံကို ဖော်ပြပြီးနောက် သုတေသနအား အဓိပ္ပာယ် ရှိစေရန် ကြိုးစားခြင်းဖြစ်သည်။ ထိုသုတေသနပြုခြင်းသည် နှစ် (၃၀) ကျော်တိုင်အောင် ကျွန်ုပ်နှင့်အတူရှိနေမည့် ဉာဏပစ္စည်း(IP) သဘောတရားတစ်ခုကို ကိန်းအောင်း လာစေခဲ့သည်။

ကျွန်ုပ်၏စာအုပ်တွင် ဉာဏပစ္စည်း (IP) သဘောတရား၏ ပြည့်စုံသောဖော်ပြချက် မပါရှိပါ။ ၎င်းကို ဖွံ့ဖြိုးအောင်လုပ်ဆောင်နေဆဲ ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင်မှ ရှင်းရှင်း လင်းလင်း ဖော်ထုတ်နိုင်ခဲ့ပြီး အထက်တွင်ရည်ညွှန်းထားသည့် *EIPR* တွင် ပါရှိသော စာတမ်းတွင် တစ်ဖန် တိုတောင်းအောင် ဖြတ်ထားသည့်ပုံ ဖြစ်သည်။ စာအုပ်ထဲတွင် ချန်လှပ်ထားရန်နှင့် စာတမ်းထဲတွင် ပြည့်ပြည့်စုံစုံဖော်ပြရန်အတွက် အခြားအကြောင်းရင်းမှာ မဝံ့မရဲဖြစ်ခြင်းနှင့်ပညာရပ်ဆိုင်ရာ နှိမ့်ချသော စိတ်ထားအချို့ကြောင့်ဖြစ်မည်ဟု မျှော်လင့်သည်။ ကျွန်ုပ် ပို၍ပြည့်ပြည့်စုံစုံ ရှင်းလင်း ဖော်ထုတ်ထားသည့်ပုံစံ ဉာဏပစ္စည်းဆိုင်ရာ သဘောတရားသည် ဉာဏပစ္စည်း၏ သင့်လျော်သော နယ်ပယ် စာတမ်း၏ နောက်ပိုင်းတွင်မှ ရောက်ရှိလာသည်။ ၎င်းစာတမ်းသည် ဤအခန်း၏ အစဉ်အလာဥပဒေ အယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက် အမျိုးအစား၏ တတိယမြောက် သာဓက ဖြစ်လာသည်။

ဒုတိယမြောက်သာဓကမှာ မူရင်းနှင့်အတိအကျမတူညီသော ချိုးဖောက်မှု (non-literal infringement) ဟုခေါ်ဆိုသော ကိစ္စရပ်များရှိ တီထွင်မှုမူပိုင်ခွင့် (Patent) တစ်ခု၏ စကားလုံးများ အနက်အဓိပ္ပာယ်ကောက်ယူခြင်းအကြောင်း စာတမ်းတစ်ခု[၁၁]မှ ဖြစ်သည်။ ကျွန်ုပ်၏ အစဉ်အလာ ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်၏ တတိယနှင့် နောက်ဆုံး သာဓကသည် ဉာဏပစ္စည်း၏ သဘောတရားတစ်ခု (a theory of IP) မှဖြစ်သည်။

## သာဓက ၁ ။ မှားယွင်းသော ဥပဒေဆိုင်ရာကျိုးကြောင်းဆင်ခြင်ခြင်းအား ထောက်ခံခြင်း- နည်းလမ်းများ၊ ရလဒ်များနှင့် *Crocodile Dundee* [iii]

ဆင်တူရိုးမှားပြုလုပ်ခြင်း (Passing off) သည် စီးပွားရေးလုပ်ငန်း၏ ဂုဏ်သတင်းနှင့် နာမည် ကောင်းကို အကာအကွယ်ပေးရန် လိမ်ညာမှုအတွက် တရားမနစ်နာမှုမှ ပြောင်းလဲ ဖြစ်ပေါ် လာသည့် တရားမနစ်နာမှုတစ်ခုဖြစ်သည်။ ၎င်းတွင် မှတ်ပုံမတင်ထားသည့် ကုန်အမှတ်တံဆိပ်

---

[iii] *Crocodile Dundee* သည် ရုပ်ရှင်ဇာတ်ကားတစ်ကား၏နာမည် ဖြစ်သည်။

များလည်း ပါဝင်သည်။ အောင်မြင်မှုရရှိရန်အတွက် တရားလိုသည် စားသုံးသူအသိအမှတ်ပြုခြင်းနှင့်တွဲလျက်ဖြစ်သည့် ဂုဏ်သတင်းနှင့် နာမည်ကောင်းတို့ကို သက်သေထင်ရှားပြရမည်။ ဥပမာအားဖြင့် ကုန်တံဆိပ်အမည်၊ ကိရိယာတစ်ခု၊ အပြင်အဆင် (get-up)၊ ကုန်ပစ္စည်းသွင်ပြင်လက္ခဏာ ဖော်ပြချက်များ (trade dress)တို့ ဖြစ်ကြသည်။ ထို့နောက်တွင် သက်ဆိုင်သောမှားယွင်း ဖော်ပြချက်ကို သက်သေထင်ရှားပြရမည်။ ဥပမာအားဖြင့် တရားပြိုင်က ထပ်တူဖြစ်သောကုန်တံဆိပ်အမည် အသုံးပြုသည်မျိုးဖြစ်သည်။ နောက်ဆုံးတွင် ထိခိုက်နစ်နာဆုံးရှုံးမှု သို့မဟုတ်၎င်း၏ ဖြစ်နိုင်ခြေကို သက်သေထင်ရှားပြရမည်။ ဥပမာအားဖြင့်- တရားလိုက အပင်စိုက်အိုးများကို Acme ကုန်တံဆိပ်အမည်ဖြင့် ရောင်းချပြီး တရားပြိုင်က နောက်ပိုင်းတွင်  Acme ကို လေယာဉ်အတွက် အသုံးပြုပါက မဖြစ်နိုင်သည် မဟုတ်သော်လည်း တရားလိုအပေါ် ဖြစ်စေမည့် ထိခိုက်နစ်နာဆုံးရှုံးမှုကို တရားရုံးအနေဖြင့် ယုံကြည်လက်ခံ ဖွယ်ရာနည်းပါးသည် ။

*Hogan v. Pacific Dunlop*[၁၂] ၊ the *Crocodile Dundee* အမှု တွင် Crocodile Dundee စရိုက်ကို သရုပ်ဆောင်ထားသည့် Paul Hogan က အခြားအရာများအနက်မှ ရှူးဖိနပ်ထုတ်လုပ်သည့် နိုင်ငံစုံကုမ္ပဏီတစ်ခုက ဆင်တူရိုးမှားပြုခြင်းကို တရားစွဲဆိုခဲ့သည်။ ဓါးတစ်လက်ဖော့ရမ်းနေသည့်လူဆိုးအား လူစွမ်းကောင်းက တိုက်ခိုက်သည့် ရုပ်ရှင်တွင် လူစွမ်းကောင်းကဓါးစစ်စစ်တစ်လက်ကို ဆွဲထုတ်ကာ ‘အဲဒါကို မင်းက ဓါးတစ်လက် လို့ခေါ်တာလား’ ဟုပြောသည့်ဓါးရေးပြ အခန်းကို ထင်ဟပ်စေသည့် ရုပ်မြင်သံကြားကြော်ငြာတစ်ခုကို တရားပြိုင်က ပြုလုပ်ခဲ့သည်။ တရားပြိုင်၏ ရှူးဖိနပ် ကြော်ငြာတွင်လည်း လူစွမ်းကောင်းက လူဆိုး၏ရှူးဖိနပ်ကို ငုံ့ကြည့်ကာ ‘အဲဒါတွေကို မင်းကရှူးဖိနပ်လို့ ခေါ်တာလား’ ဟု ပြောပြီးတချိန်တည်းမှာပင် တရားပြိုင်ကထုတ်လုပ်သော သူ့ရှူးဖိနပ်ကို ဂုဏ်ယူဝင့်ကြွားစွာ ပြသသည်။ တရားလိုက အမှုတွင် အနိုင်ရရှိခဲ့သည်။

ဩစတေးလျနိုင်ငံ၏ ထိပ်တန်း ဉာဏပစ္စည်းဆိုင်ရာတရားသူကြီးဖြစ်၍ ယခုအခါ ဩစတေးလျ၏ အမြင့်ဆုံးတရားရုံးတွင် ရုံးထိုင်သူ Justice Gummow က သူ့အပေါ် ချည်နှောင်နေသော ဆုံးဖြတ်ချက် တစ်ခုအား ကိုးကားခြင်းဖြင့် သူ့ထင်မြင်ယူဆချက်ကို နိဒါန်းပျိုးထားသည်။ ထိုဆုံးဖြတ်ချက်သည် အလွဲသုံးစားပြုခြင်းအတွက် နောက်တိုးကုစားမှုရရန် ဦးတည်သော အလွဲတင်ပြခြင်းအခြေပြု ဆင်တူရိုးမှားပြုလုပ်ခြင်းကြောင့် တရားမနစ်နာမှု ပြောင်းလဲဖြစ်ပေါ် လာခြင်းကို ပြင်းထန်စွာရှုံ့ချထားသည်။ စီရင်ချက်ပါ စကားလုံးများမှ စီရင်ထုံးပြုလုပ်ရန်အတွက် သဘောကျ နှစ်ခြိုက်ကြောင်း သို့မဟုတ် အသုံးမတည့်သေးကြောင်း ပိုင်းဖြတ်ရန်မှာ မလွယ်ကူပါ။ အကြောင်းမှာ ရိုးရိုးရှင်းရှင်းပင် ထင်မြင်ချက်ပေးစရာ မရှိသောကြောင့်ဖြစ်သည်။ ထို့နောက် Gummow J. က စိတ်ကူးပုံဖော်ထားသော ဇာတ်ကောင်တွင် အသုံးချသည့် ဆင်တူရိုးမှားပြုလုပ်ခြင်း ဥပဒေအတွက် အဓိက စီရင်ပိုင်ခွင့်နယ်ပယ် အနည်းဆုံး (၅) ခုအား အသေးစိတ်နှိုင်းယှဉ်လေ့လာချက်အပေါ် အခြေခံထားသည့်  ငြင်းဆိုချက်တစ်ခုကို တည်ဆောက်ခဲ့သည်။

အမှု၏အစပိုင်းကို ပြောပြရာတွင် Gummow J.က 'သို့သော် အတိုချုပ်ပြောရလျှင် "Crocodile Dundee" ၏ အောင်မြင်မှုအပေါ်နှင့် Mr Hogan ၏ သရုပ်ဆောင်သည့် အခန်းကဏ္ဍရှိ ကျော်ကြားမှုကို 'ငွေကြေးအမြတ်ထုတ်' ရန် ရည်ရွယ်ချက်တစ်ခုဖြင့် ကြော်ငြာခြင်း ကို စိတ်ကူးကြံစည်၍ လုပ်ဆောင်ခဲ့သည်' ဟုဖော်ပြခဲ့သည်။ အတွေ့အကြုံ ရင့်ကျက်သော ဉာဏပစ္စည်းဆိုင်ရာ ရှေ့နေများက ဤကဲ့သို့သော စကားလုံးမျိုးကို ဖတ်ရှုသည့်အခါ မည်သည့်မူသဘောတရားက တားဆီးနေသည်ဖြစ်စေ အမြဲတမ်းလိုလို ရလဒ်မှာ တရားလိုအား အသာပေးနေသည်ကို ရှင်းလင်းစွာသိရသည်။ [၃၃]

ဇာတ်ကောင် ကြော်ငြာသည့်အမှုများ (နှင့် အလားတူကျိုးကြောင်းဆင်ခြင်ခြင်း၊ ကိုယ်ပိုင်လက္ခဏာနှင့် ငွေကြေးအထောက်အပံ့ကိစ္စများ) ရှိ သူ့ဆုံးဖြတ်ချက်၏ အခြေခံအကျဆုံး အကြောင်းရင်းနှင့် စင်စစ်အားဖြင့် ဆုံးဖြတ်ချက်အားလုံး၏ အခြေခံအကျဆုံး အချက်မှာ သည် စိတ်ကူးပုံဖော်ထားသည့် ဇာတ်ကောင်ကို ဖန်တီးသူဟု သိထားသော တရားလိုနှင့် ဇာတ်ကောင်ဖြင့် ကြော်ငြာဖန်တီးသူ တရားပြိုင်တို့အကြား 'စီးပွားရေးဆိုင်ရာအစီအမံ' ရှိသင့်သည်ဟု အများပြည်သူက ယုံကြည်သောအရာ ဖြစ်သည်ဟု ကျွန်ုပ်ကငြင်းခုံသည်။ လက်တွေ့၌ ထိုသို့သော အစီအမံမျိုး မရှိသည့်အခါ တရားစွဲဆိုနိုင်သော ဆင်တူယိုးမှားအလွဲဖော်ပြချက်အတွက် တရားပြိုင်တွင် အပြစ်ရှိကြောင်းတွေ့ရှိရသည်။ အကယ်၍ ဤအချက်ကတိကျပါက အမှုအချို့တွင် ပြုလုပ်သည့် ကျိုးကြောင်းဆင်ခြင်ခြင်းတွင် အခြေခံကျသည့် စဉ်းစားဖွယ်ရာ အခက်အခဲများစွာ ရှိသည်။ သို့ရာတွင် တရားစီရင်ရေး အကြောင်းအရင်းသည် ကန့်ကွက်နိုင်သည့် အလွဲသုံးစားပြုခြင်းအား တားမြစ်ရန် ဖြစ်ကြောင်းကို သံသယ အနည်းငယ်ရှိပါသည်။ ဤအချက်က ကျွန်ုပ် အမြင်တွင် အမှန်ပင်ဖြစ်သည်။

တရားလိုနှင့် တရားပြိုင်အကြားတွင် ဇာတ်ကောင်ကြော်ငြာကိစ္စ၏ စီးပွားရေးဆိုင်ရာ အစီအမံ (နှင့် လိုင်စင်ကြေး) တည်ရှိကြောင်းကို အများပြည်သူက အဘယ်ကြောင့် ယူဆရမည်နည်း။ ထိုသို့မဟုတ်ခဲ့လျှင် အမှုတစ်ခုက အမြဲလွဲချော်၍ ပေါ်ထွက်မလာနိုင်ပေ။ ဥပဒေအရ တရားပြိုင်က တရားလိုထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်သည်ဟု အများပြည်သူက ယူဆသည့်အတွက်ကြောင့်ဟု တစ်စုံတယောက်က မှန်းဆပေမည်။ သို့သော် *the Crocodile Dundee*[၃၄] အမှုတွင် လက်တွေ့အခြေအနေ၌ ဆင်တူရိုးမှားပြုလုပ်ခြင်းဥပဒေက လိုအပ်သည် သို့မဟုတ် ပို၍တိတိကျကျဆိုရလျှင် လိုအပ်သင့်သည်နှင့်ပတ်သက်၍ အလွဲဖော်ပြခြင်းကို ရှာဖွေခြင်းအတွက် အခြေခံအနေဖြင့် ဥပဒေအရ ဘာလိုအပ်သည်ဟုသော အများပြည်သူ၏ ယုံကြည်မှုကို တရားရုံးက အသုံးချခဲ့သည်။

ဤပြဿနာနှင့်ဆိုင်သော ဥပဒေအား ဓမ္မဓိဋ္ဌာန်ကျသည့် ဆန်းစစ်လေ့လာမှု တစ်ရပ်ရပ်ကို အများပြည်သူအတွက် မဟုတ်ခဲ့လျှင်တောင် အနည်းဆုံး ရှေ့နေများအတွက် ဆွေးနွေး တင်ပြခဲ့သည်။ သို့ဖြစ်၍ အရေးယူနိုင်သောအလွဲတင်ပြခြင်း ဥပဒေအရ အမှန်တကယ် ဥပဒေအရ အရေးယူနိုင်သည့် အလွဲတင်ပြခြင်းဖြစ်ရန် မည်သည်က စံအနေဖြင့် လိုအပ်သည်ဟူသော အများ

ပြည်သူ၏အမြင်ကို မှတ်တမ်းတင်ရာ၌ မဖြစ်မနေ ကောက်ချက်တစ်ရပ်ရှိသည်ဟု ကျွန်ုပ်က ငြင်းခုံထားသည်။ ဤသည်မှာ အရေးယူနိုင်သော အလွဲတင်ပြခြင်းဥပဒေ၏လိုအပ်မှုဟု အများ ပြည်သူက လက်ခံထားသည့်အမြင်နှင့် ကိုက်ညီမှုမရှိသည့် ဖော်ပြချက်တစ်ရပ်ရပ် ကိုယ်တိုင်သည်ပင် ဥပဒေနှင့်ပြိုင်စွန်းသော အလွဲတင်ပြခြင်းတစ်ခုဖြစ်သည်ဟု ပြောဆိုခြင်းမှ အတိုချုပ်ထားခြင်းသာ ဖြစ်သည်။ ဥပဒေနယ်ပယ်ကို ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသည့် အမျိုးမျိုးသော တရားသူကြီးများအနက် Gummow J. သည် ဤဝေဖန်ချက်ကို အပြည့်အဝ သတိချပ်ပြီး *Crocodile Dundee* အမှုတွင် ယင်းကို 'မှားယွင်းနိုင်ခြေရှိသောယူဆချက်' သဘောတရား အဖြစ် ကိုးကားခဲ့သည်။[၁၅]

Gummow J. က သက်သေခံချက်၏အခြေခံအနေဖြင့် ထင်ရှားပြီးသား အကြောင်းခြင်းရာအား သက်သေအဖြစ်လက်ခံသည့် တရားစီရင်ရေးအသိအတိုင်း တစ်စိတ်တစ်ဒေသအားဖြင့် လေ့လာခဲ့သည်။ ၎င်းကို အသုံးပြုမှုသည် ဩစတေးလျနှင့် အခြားနေရာများသို့ ပျံ့နှံ့သွားပြီး ယေဘုယျအားဖြင့် ဇာတ်ကောင် ကြော်ငြာခြင်းအနေဖြင့် ရည်ညွှန်းခဲ့ကြသည်။ ဤသို့အားဖြင့် စိတ်ကူးပုံဖော်ထားသည့် ဇာတ်ကောင်များကို ထုတ်လုပ်ရန် သို့မဟုတ် ဤစိတ်ကူးပုံဖော်ထားသည့် ဇာတ်ကောင်များ၏ ဖော်ပြချက်နှင့်အတူ တွဲဖက်သည့်ထုတ်ကုန်များကို သဘောတူညီမှု ပြုလုပ်ရာတွင် ချီးမြှင့်ငွေရရန်အတွက် ဖန်တီးသူများက အခြားသူများအား လိုင်စင်ပေးသည်။ ဤသည်မှာ ထင်ရှားသောပုဂ္ဂိုလ်များက ၎င်းတို့၏အမည်နှင့်အလားတူမျိုးကို လိုင်စင်ချပေးခြင်း အတွက်လည်း မှန်ကန်သည်။ တရားသူကြီးက ဤအမှုအတွက် အလွန်အရေးပါမှုဖြစ်လာသည့် တွေ့ရှိချက်တစ်ခု ပြုလုပ်ခဲ့သည်။

> ဝယ်ယူသည့်အများပြည်သူသည် ဤ သာမန်လုပ်ပုံလုပ်နည်းကို သိရှိမည်ဟု ဤ သက်သေခံချက်မှ ကောက်ချက်ချသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ သီအိုရီအရ စီးပွားရေးကြော်ငြာအစီအစဉ်အတွက် လိုအပ်ချက်ရှိကြောင်း အများပြည်သူ၏ ခိုင်မာသော ယူဆချက်မရှိခဲ့လျှင် အလွဲတင်ပြခြင်းက မရပ်တည်နိုင်သည့်ဖြစ်နိုင်ခြေကို အမှုတိုင်းတွင် သက်သေထင်ရှားပြသခဲ့သည်။ သို့သော် လက်တွေ့တွင် ဤအမှု အမျိုးအစားက တိုးပွားလာသည့်အခါ သက်သေပြခြင်းသည် လုပ်ရိုးလုပ်စဉ်မျှသာ ဖြစ်လာသည်။ ဇာတ်ကောင် ကြော်ငြာအမှုများရှိ အလွဲတင်ပြချက်အတွက် သတ်မှတ်ချက်သည် ဤအမှုများ၏ ရလဒ်များသည် ဥပဒေအရ အမှန်တရားအဖြစ် ဖန်တီးသည့်အရာ ဖြစ်လာသည်။ ထင်ရှားသည့် သဘောတရားဆိုင်ရာ ကန့်သတ်ချက် ဖြစ်သည့်အခါ တရားမျှတမှု အလုပ်လုပ်ရန် တရားရုံးအတွက် ကြာရှည်အသုံးခံသည့် ကိရိယာတစ်ခု နှင့်တူလာသည်။
>
> *Crocodile Dundee* အမှုတွင် ရုပ်မြင်သံကြားကြော်ငြာနှင့် အချို့သော ကြော်ငြာ ပိုစတာများသည် ကြည့်ရှုသူများက သရုပ်ဆောင်မှာ Mr Hogan ဟု မထင်ခဲ့ကြောင်းနှင့် တရားပြိုင်နှင့် Mr Hogan တို့အကြားတွင် စီးပွားရေးအရ

> ပတ်သက်မှု ရှိမရှိနှင့် ပတ်သက်၍ သူတို့စိတ်ထဲတွင်မရှိကြောင်း တရားပြိုင်က မိတ်ဆက်လာသည့် သက်သေခံ ချက်က တင်ပြလိုဟန်ရှိသည်။ တရားပြိုင်ကိုယ်စား မိတ်ဆက်လာသည့် သက်သေခံချက်တွင် ရုပ်မြင်သံကြားကြော်ငြာရှိ သရုပ်ဆောင်နှင့် ပိုစတာများသည် Mr Hogan ကို တုပရန် ရည်ရွယ်ခဲ့သည့်အပြင် တရားပြိုင်က ကြော်ငြာနှင့်ပိုစတာများ ပြုလုပ်ရန် တရားပြိုင်ထံ Mr Hogan က လုပ်ပိုင်ခွင့်အချို့ကို ပေးအပ်ခဲ့ကြောင်း ထင်မြင်စေသည်။ နှစ်ဖက်အမှုသည်များက မိတ်ဆက်ခဲ့သည့် သက်သေခံချက် များသည် *Crocodile Dundee* ရုပ်ရှင်၏ သရော်စာ (send-up) ကို တင်ပြခဲ့သည်။[၁၆]

Gummow J. က ဟာသသဘောဖြင့်အတုခိုးမှု (parody) သည် အဆိုပါ ကင်းလွတ်ချက် တစ်ခု ရနိုင်လောက်သည့် ပြောင်းလဲနေသောအခြေအနေများကို သိသာစွာပင် အဆုံးအဖြတ် မပေးခဲ့သော်လည်း ဟာသသဘောဖြင့်အတုခိုးမှုသည် လက်ရှိအကြောင်းခြင်းရာများတွင် လုံလောက်သောကင်းလွတ်ချက်ဖြစ်ကြောင်း ငြင်းဆိုချက်ကို ပယ်ချခဲ့သည်။

သို့ဖြစ်၍ *Crocodile Dundee* အမှုအကြောင်းရေးသည့် ကျွန်ုပ်၏စာတမ်းသည် အခြေခံအားဖြင့် ဇာတ်ကောင်ကြော်ငြာအမှုများရှိ မှားယွင်းသောအယူအဆအား ဝေဖန်ချက် တစ်ခုဖြစ်ပြီး ထိုအမှုများ၏ရလဒ်များကို ထောက်ခံချက်တစ်ရပ်လည်းဖြစ်သည်။ ၎င်းသည် သံသရာလည်နေသည့် ကျိုးကြောင်းဆင်ခြင်ခြင်း (circular reasoning) ဖြစ်သည်။ ထို့ကြောင့် ၎င်းလုပ်ငန်းစဉ်၏ ပထမအဆင့်သည် ဥပဒေအခွင့်အရေး တစ်မျိုးတည်း တည်ရှိမှုနှင့်ပတ်သက်၍ အများပြည်သူက ဘာကို ယုံကြည်သလဲ ဆိုသည့် ဥပဒေရေးရာ အခွင့်အရေးတစ်ရပ်တည်ရှိမှုကို စုံစမ်းစစ်ဆေးမှုစတင်ရန်မှာ ယုတ္တိမကျပါ။ ထို့နောက် ဤအမှုအမျိုးအစားတွင် တစ်နည်းအားဖြင့် ဇာတ်ကောင်ကြော်ငြာတွင် အများပြည်သူက ဇာတ်ကောင်ကုန်သွယ်မှုပြုခြင်း ဥပဒေရေးရာအခွင့်အရေး တည်ရှိသင့်သည်ဟု ယူဆထားသည်မှာ အမှန်တကယ်တွင် မတည်ရှိခဲ့သောကြောင့် ၎င်းတို့က လှည့်ဖြားခံရသည်ဟု ပြောဆိုရန် ဆက်လက်လုပ်ဆောင်ခြင်းသည်လည်း ယုတ္တိမကျပါ။ ပို၍ကောင်းသည်မှာ အမှန်တကယ်တွင် ဉာဏပစ္စည်းပုံစံ အားလုံးက လုပ်အား၊ ကျွမ်းကျင်မှု၊ အားစိုက်ထုတ်မှု၊ အချိန်နှင့် ငွေကြေးရင်းနှီးမြုပ်နှံမှု အပေါ်တွင် တလွဲအသုံးပြုခြင်းကို ကုစားမှုတစ်ရပ်ပြောင်းလဲဖြစ်ပေါ်စေရန်အတွက် တလွဲတင်ပြခြင်းကို ခွင့်ပြုရန်ကျွန်ုပ်က ငြင်းခုံခဲ့သည်။

## သာဓက ၂ ။ စကားလုံးများ၏အဓိပ္ပာယ်- တီထွင်မှုမူပိုင်ခွင့် အနက်အဓိပ္ပာယ် ကောက်ယူခြင်း

ကျွန်ုပ်၏ပထမဆုံးပညာရပ်ဆိုင်ရာစာတမ်း[၁၇]မှာ တီထွင်မှုမူပိုင်ခွင့်များ အနက်အဓိပ္ပာယ်ကောက်ယူခြင်းဖြစ်သည်။ ကျွန်ုပ်က ဆစ်ဒနီတက္ကသိုလ်၊ ဥပဒေမဟာဌာနတွင် စာသင်ကြားပို့ချခြင်းကို ကျောခိုင်းပြီးနောက်ပိုင်းတွင် လန်ဒန်မြို့၊ ဂရေးစ်အင်းစကွဲယားရှိ Bird & Bird ဥပဒေအကျိုးဆောင်ကုမ္ပဏီတွင် အလုပ်လုပ်နေခဲ့စဉ် ဝေဖန်ချက်အချို့ပေးရန် အစီရင်ခံခြင်းမပြုရသေး

သည့် အထက်လွှတ်တော်၏ လတ်တလော ဆုံးဖြတ်ချက်ကိုဖတ်ရှုခဲ့သည်။ ဆုံးဖြတ်ချက်မှာ အင်္ဂလိပ်ဓနသဟာယ စီရင်ပိုင်ခွင့်များရှိ တီထွင်မှုမူပိုင်ခွင့်အတွက် အနက်အဓိပ္ပာယ်ကောက်ယူခြင်းတွင် ယနေ့ထိတိုင်အောင် စံပြုထားသည့် အမှုအဖြစ် ဆက်လက်တည်ရှိသည့် *Catnic v. Hill & Smith* [၁၈] ဖြစ်သည်။

စကားလုံးများကို မည်ကဲ့သို့အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုသည်မှာ ဥပဒေ၏ အနှစ်သာရဖြစ်သည်။ ထို့ကြောင့် ဥပဒေလောက သက်တမ်းရှည်ကြာသည့် စာပေကို မည်ကဲ့သို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည် ဆိုသည်မှာလည်း အလားတူပင်ဖြစ်သည်။ ဥပဒေ သိပ္ပံဆိုင်ရာသီအိုရီအချို့က ဥပဒေကို စာပေကဲ့သို့ပြောဆိုသည်မှာလည်း သင့်လျော်သည်။ အနက်အဓိပ္ပာယ်ကောက်ယူခြင်းသည် ပြဋ္ဌာန်းဥပဒေများ၊ တရားရုံးဆုံးဖြတ်ချက်များ၊ ပဋိညာဉ်များနှင့်တီထွင်မှုမူပိုင်ခွင့်အပါအဝင် အခြားရေးသားထားသော စာရွက်စာတမ်းများနှင့် အတူပေါ်ပေါက်လာသည်။

*Catnic* တွင် ပါရှိသော အကြောင်းခြင်းရာများသည် မယုံနိုင်လောက်အောင်ပင် ရိုးရှင်းသည်။ တံခါးအခေါင်းပေါက်အပေါ်ရှိ အုတ်တန်းကိုထောက်ကန်ရန်အတွက် စတုရန်းပုံ တံခါးယက်မ၏ ပေါ့ပါးသော တံခါးထုပ်တည်ဆောက်ခြင်းတွင် အောက်ခြေပြားထံမှ (၉၀) ဒီဂရီ ဆန့်တန်းသည့် နောက်ကျောပြားတစ်ခုရှိသည်။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာစွဲဆိုမှုက နောက်ကျောပြားကို အောက်ခြေပြားမှ ဒေါင်လိုက်ဆန့်တန်းသည်ဟုဖော်ပြခဲ့သည်။ တရားပြိုင်က တံခါးထုပ်ပုံစံတစ်ခုတွင် နောက်ကျောပြားကို ဒေါင်လိုက်(၆)ဒီဂရီ စောင်းထားပြီး၊ အခြားပုံစံတစ်ခုတွင် ဒေါင်လိုက် (၈) ဒီဂရီစောင်းထားသည်။ ဤအကြောင်းခြင်းရာများ၏ ရိုးရှင်းမှုနှင့် ဒေါင်လိုက် (၆) သို့မဟုတ် (၈) ဒီဂရီ ဆိုသည့် တွေ့ရှိချက်တို့ပေါင်းခြင်းကို တီထွင်မှု မူပိုင်ခွင့်ရှိ 'မတ်မတ်/ထောင့်မှန်ကျစွာ' ဟူသောစကားလုံးများဟု နားလည် သဘောပေါက်သည်က ၎င်း၏ သက်ရောက်မှုကို အဆုံးအဖြတ်ပေးပြီးတစ်စိတ်တစ်ပိုင်းအားဖြင့် ၎င်း၏သက်တမ်း ရှည်ကြာမှုကို ရှင်းပြကောင်း ရှင်းပြမည်။

တရားပြိုင်၏ ချိုးဖောက်မှုအမျိုးမျိုးအပေါ် တရားရုံး၏ စီရင်ဆုံးဖြတ်ချက်သည် ထိုအချိန်တွင် ထိတ်လန့်ဖွယ်ရာတူညီသည်။ အင်္ဂလိပ်မွေအနှစ်တစ်ခုဖြစ်သည့် တင်းကျပ်သော အဓိပ္ပာယ်ဖွင့်ဆိုခြင်းအား ဆန့်ကျင်၍ ပြဋ္ဌာန်းဥပဒေကို ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခြင်းအကြောင်းအား သက်ဆိုင်ရာတရားသူကြီးက ဦးဆောင်လမ်းပြသည့်အချက်ကို သုတေသနအနည်းငယ်က ဖော်ထုတ်ခဲ့သည်။ သူ၏အားထုတ်မှုများကို ညီနောင်တရားသူကြီးများက ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့ကြသည်။ သို့သော် *Catnic* အမှုဖြစ်ချိန်တွင် ပြဋ္ဌာန်းဥပဒေကို ရည်ရွယ်ချက် ဖြင့် တည်ဆောက်ခြင်းမှာ အင်္ဂလိပ်ဥပဒေနှင့်အခြားဓနသဟာယ စီရင်ပိုင်ခွင့်များ၌ ခိုင်မာစွာ အခြေကျနေပြီဖြစ်သည်။[၁၉]

တရားသူကြီးက မူရင်းစာ တိုက်ရိုက်ချဉ်းကပ်နည်းလမ်း (literal approach) နှင့် ပတ်သက်၍ ယခင်ဥပဒေကို ပြန်လည်ကိုးကားခဲ့သော်လည်း တရားပြိုင်တစ်ယောက်က တီထွင်မှု

တစ်ခု၏ 'အနှစ်သာရ' (pith and marrow) ကိုရယူပြီး 'လျော်ကြေးတောင်းဆိုမှုပါ စက်ပိုင်းဆိုင်ရာတူညီမှု' (mechanical equivalent) တစ်ခုမျှသာ (ယနေ့ခေတ် အမေရိကန် ဥပဒေအခြေခံသည် တူညီမှု မူသဘောတရားဖြစ်သည်) သုံးခဲ့ခြင်းအရ သို့မဟုတ် စစ်မှန်ခြင်းမှ သွေဖည်ခြင်း (colourable evasion) အရ အပြစ်ရှိသည့်အခါ တရားရုံးက တီထွင်မှု မူပိုင်ရှင်ကို အကူအညီပေးရန် ထိုအဓိပ္ပာယ်ဖွင့်ဆိုခြင်းကို စွန့်လွှတ်ရပါမည်။ Lord Diplock က သူ၏ မိန့်ခွန်းတွင် ဤချဉ်းကပ်နည်းလမ်း၏ အခက်အခဲမှာ တစ်ခုလုံးက ပုဂ္ဂလိကဓိဋ္ဌာန်ကျခြင်းပင် ဖြစ်သည်ဟု ဆိုသည်။

အထက်လွှတ်တော်၏ ညီညွတ်သည့်ဆုံးဖြတ်ချက်တွင် Lord Diplock က တီထွင်မှု မူပိုင်ခွင့်တည်ဆောက်ခြင်းနှင့် တီထွင်မှုမူပိုင်ခွင့် အနက်အဓိပ္ပာယ်ဖွင့် ဆိုခြင်းအတွက် ရည်ရွယ်ချက်ရှိရှိ ချဉ်းကပ်နည်းလမ်း (purposive approach) တစ်ခုတည်းသာ ရှိသည်ဟု အောက်ပါအတိုင်း ကြေညာခဲ့သည်။

> တရားသူကြီးများခင်ဗျား ဤလွှတ်တော်ရှိ အနီးစပ်ဆုံး တွေးတောဆင်ခြင် ရေးသားထားသည့် အမှုများနှင့် နှုတ်ဖြင့်လျှောက်လဲချက်ထဲ၌ ဤအယူခံတွင် နှစ်ဖက် အမှုသည်များက တီထွင်မှုတစ်ခု၏ 'မူရင်းစာသား ချိုးဖောက်မှု' နှင့် 'အနှစ်သာရ' ချိုးဖောက်မှုကို သီးခြားစီ ဖြစ်သည့် တရားစွဲဆိုရခြင်း အကြောင်းရင်းများကဲ့သို့ မှတ်ယူလိုဟန်ရှိသည်။ ပထမ တစ်ခု၏ တည်ရှိမှုကို တည်ဆောက်ခြင်း၏ အကြောင်းခြင်းရာ တစ်ခုအနေဖြင့် သတ်မှတ်ပြီး ဒုတိယတစ်ခုကို ပိုမိုကျယ်ပြန့်သော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် မူသဘောတရား အနေဖြင့် သတ်မှတ်သည်။ ကျွန်ုပ်၏ အမြင်တွင် ထိုကဲ့သို့ နှစ်ခုကွဲပြားနေခြင်းမျိုးမရှိဘဲ တရားစွဲဆိုရခြင်း အကြောင်းရင်းသည် တစ်ခုတည်းသာဖြစ်ပြီး အထူးသဖြင့် ပထမအယူခံ အတွက်ဖြစ်သည့် ဤအမှုလိုမျိုးတွင် အခြားနည်းလမ်းအဖြစ် မှတ်ယူပါက ဇဝေဇဝါ ဖြစ်စေနိုင်သည်။[၂၀]

ဥပဒေနှင့်အလားတူစွာပင် ညွှန်ကြားချက်နှင့်ဖော်ပြချက်က ရောထွေးမှု ဖြစ်လာနိုင်သည်။ အထူးသဖြင့် ၎င်း၏အာဏာနှင့် အလုပ်တာဝန်သည် အမှန်တကယ်ပင် အမိန့်ပေးညွှန်ကြားရန် လိုသည့်အခါမျိုးတွင် တရားရုံးက မကြာခဏလုပ်လေ့ရှိသည့်အတိုင်း ဖော်ပြရေးသားမှုပြုခြင်းမျိုး ရေးသားသည့်အခါ ဖြစ်သည်။ တရားသူကြီးက အမှုဆုံးဖြတ်ရာတွင် ဥပဒေကိုကြေညာခြင်း သက်သက်သာ (Declaratory theory of law) ပြုသည့် အယူအဆ သဘောတရား အတွက်များစွာ အဖြေရှာရန်လိုပါသည်။ Lord Diplock က အမှန်တကယ်ဆိုလိုခြင်းမှာ ဤအမှုမှ နောင်လာမည့် အမှုများတွင် တီထွင်မှုမူပိုင်ခွင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်ပတ်သက်၍ တရားစွဲဆိုရခြင်း အကြောင်းမှာ တစ်ခုတည်းသာ ရှိရမည်ဖြစ်ပြီး သူဖွင့်ဆိုခဲ့သည့်အတိုင်း ရည်ရွယ်ချက်ရှိရှိ တည်ဆောက်ခြင်း (purposive construction) သာ ဖြစ်ရမည်ဖြစ်သည်။

Lord Diplock နှင့် Lord Denning တို့က ပြဋ္ဌာန်းဥပဒေများ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအား ပြုပြင်ပြောင်းလဲရာတွင် တိုက်ရိုက်အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှ ခွဲထွက်၍ ပြဋ္ဌာန်းဥပဒေ ပြဋ္ဌာန်းရသည့်သမိုင်းကြောင်းနှင့် ပါလီမန်မှတဆင့် ၎င်း၏တိုးတက်မှုနှင့် ပတ်သက်သည့် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းထံသို့ သွားရာ၌ 'ရည်ရွယ်ချက်ရှိရှိ တည်ဆောက်ခြင်း' အဖြစ် ဝေါဟာရ ထွင်ထားသည့် အတွေးအမြင်သစ်ကို ဖော်ဆောင်ခဲ့သည်။ Lord Denning က သဘောထားကွဲလွဲမှု နည်းပါးသည့် အယူခံတရားရုံးသို့ ပြောင်းရွှေ့ရန် ထွက်ခွာခဲ့သည့်နေရာ ဖြစ်သည့် အထက်လွှတ်တော်သည် ထိုဖော်ဆောင်ချက်အား ပြင်းပြင်းထန်ထန်သဘောမတူသော်လည်း ဥပဒေ ရည်ရွယ်ချက်ကိုကြည့်၍အဓိပ္ပာယ်ဖွင့်ဆိုခြင်း ကိုယ်တိုင်သည် လွှမ်းမိုးနေသည့် အတွေးအမြင် အနေဖြင့် တည်ထောင်ခဲ့ပြီးဖြစ်သည်။ တီထွင်မှုမူပိုင်ခွင့်နှင့်ပတ်သက်၍ စာသားအတိုင်း အခြေခံကျကျ အဓိပ္ပာယ်ဖွင့်ဆိုခြင်းအပေါ် တိုက်ခိုက်မှုက လက်ဝင်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်သည်။ ထိုသို့ မဟုတ်ခဲ့လျှင်တောင်မှ ၎င်း၏ပြိုင်ဖက်ဖြစ်သည့် ပြဋ္ဌာန်းဥပဒေ တည်ဆောက်ခြင်း (statutory construction) ထက် လက်ဝင်မည်။ ပြဋ္ဌာန်းဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့် နှစ်မျိုးစလုံးအတွက် အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၏သော့ချက်မှာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို ကူညီပေးရန်အတွက် စာရွက်စာတမ်းမဟုတ်သည့် ပြင်ပအကူအညီဖြစ်သည်။ ဥပဒေတွင် အထောက်အကူသည် ကြိုတင်ပြင်ဆင်ထားသည့် စာရွက်စာတမ်းဖြစ်သည်။ တီထွင်မှုမူပိုင်ခွင့်နှင့်ပတ်သက်၍ အခြေခံအကျဆုံးမှာ တီထွင်မှုမူပိုင်ရှင်က အစောဆုံးလျှောက်ထားသည့်ရက်၌ တောင်းဆိုချင်သည့် တီထွင်မှုမူပိုင်ခွင့်ရှိ တီထွင်မှုတစ်ခုလုံးက မည်ကဲ့သို့အလုပ်လုပ်သည်ဆိုသော အရေးပါပုံ အကြောင်းအရာထဲတွင် ပြဿနာရပ်၌ ပါရှိသည့် သွင်ပြင်လက္ခဏာကို ကြည့်ခြင်းအားဖြင့် (Catnic တွင် 'ဒေါင်လိုက်') အနုပညာတွင် ကျွမ်းကျင်သူဟု ယူဆရသောပုဂ္ဂိုလ်က နားလည်သဘောပေါက်ခြင်းဖြစ်သည်။ ထို့ကြောင့် Catnicတွင် ကျွမ်းကျင်သူဟု ယူဆရသောပုဂ္ဂိုလ်ကို အိမ်ဆောက်လုပ်သူအဖြစ် ရွေးချယ်ခဲ့သည်။ ထိုသူသည် တံခါးထုပ်ကို အောက်ခြေပြားမှ (၈၂) ဒီဂရီနောက်ကျောပြားသို့ ဆန့်တန်းသည့် တံခါးထုပ် မျိုးကွဲများ ပါဝင်သင့်ကြောင်းနှင့် ပတ်သက်၍ နားလည်သဘောပေါက်သူ ဖြစ်ကြောင်း တီထွင်မှုမူပိုင်ရှင်အား သက်သေပြသခဲ့သည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသည်မှာ အောက်ခြေပြားထံမှ ဒေါင်လိုက် နောက်ကျောပြားကလာသည့် အတွက်ကြောင့် ရူပဗေဒပညာရှင်က ကြံ့ခိုင်မှုအားလျော့ခြင်းအချို့ကို ထောက်ပြနိုင်သော်လည်း ဆောက်လုပ်သူတစ်ဦးသည် (၈၂) ဒီဂရီက တံခါးထုပ်တွင် အလုပ်ဖြစ် နိုင်မည်ကို သိသူဖြစ်သည်ဟု သက်သေက ပြသသည်။

Catnic အမှုတွင် Lord Diplock က ဆုံးဖြတ်ပြီးခဲ့သည့်အမှုများနှင့် ပတ်သက်၍ ရှင်းပြရန် ကြိုးစားခဲ့သည်ဟု ကျွန်ုပ်၏ *EIPR* စာတမ်းထဲတွင် ရေးသားခဲ့သည်။ Lord Diplock Catnic အမှုတွင် အယူခံတရားရုံးအဖွဲ့ဝင်အားလုံးက အသုံးချနိုင်သောဥပဒေသည် *Van der Lely N.V. v. Bamfords Ltd (Van der Lely)* [၂၁] နှင့် *Rodi & Weinenberger A.G. Henry v. Showell Ltd (Rodi)* [၂၂] မှဆင်းသက်လာမည်ဟု သဘောတူခဲ့ကြသည်ဟု လေ့လာခဲ့သည်။ အမှုနှစ်ခုစလုံးသည်

အထက်လွှတ်တော်နှင့် အယူခံတရားရုံးဆိုင်ရာအဖြစ် အသီးသီးခွဲထုတ်လိုက်ပြီး၊ နှစ်ခုစလုံးတွင် ကြီးမားသည့် သဘောထားကွဲလွဲမှုများပါဝင်သည်။

အမှုနှစ်ခုစလုံးတွင် သွင်ပြင်လက္ခဏာတစ်ရပ်အား တီထွင်မှု၏ အသေးစိတ်ဖော်ပြချက်တစ်ရပ်(an essential integer) အဖြစ် တောင်းဆိုရာတွင် တီထွင်မှုမူပိုင်ရှင်၏ ရည်ရွယ်ချက်ကို ချိုးဖောက်မှု ပေါ်ပေါက်ခဲ့ခြင်းရှိ/မရှိ စစ်ဆေးချက်အဖြစ် အများစုက ဆုံးဖြတ်ခဲ့ကြသည်။ ချိုးဖောက်မှုရှိရန်အတွက် အဆိုပါ ကိန်းဂဏန်းတစ်ခုချင်းစီကို ကူးယူခြင်းရှိရပါမည်။ ဤသည်မှာ အစဉ်အလာအရ အနှစ်သာရမူသဘောတရား (pith and marrow doctrine) က ဖော်ထုတ်ထားခြင်းဖြစ်သည်။ သို့သော် ရှင်းလင်းသောဘာသာစကားဖြင့် မှန်ကန်စွာရွေးချယ်ထားသည့် တရားစွဲဆိုမှုတွင် သွင်ပြင်လက္ခဏာတစ်ရပ်က ပါဝင်သည့်အခါတိုင်း ဤရည်ရွယ်ချက်ကို ဖြစ်စေသည်ဟုဆိုရမည်။ တီထွင်မှုတစ်ခုလုံး အလုပ်လုပ်ခြင်းနှင့် ပတ်သက်၍ သွင်ပြင်လက္ခဏာ၏ ပဓာနကျမှုအတိုင်းအတာအား တီထွင်မှုမူပိုင်ရှင်၏ တီထွင်မှုကို ဆုံးဖြတ်ရာတွင် အထောက်အကူတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားခြင်းမပြုပါ။

အသေးစိတ်ဖော်ပြချက်ရက်စွဲတွင် တီထွင်မှုပညာရပ်အခြေအနေနှင့်ပတ်သက်၍ ပဓာနကျမှု အတိုင်းအတာ စမ်းသပ်စစ်ဆေးခြင်းကို သွယ်ဝိုက်ညွှန်းဆိုသော စာပိုဒ်ထဲတွင် Lord Diplock က ထည့်သွင်းထားသည်။ ၎င်းစာပိုဒ်တွင် ဖော်ပြထားသည်မှာ မတူကွဲပြားမှု၏ သက်ရောက်မှုသည် မသေချာသည့်အခါ ဆောင်ရွက်နိုင်မှု အခြေပြု စမ်းသပ်စစ်ဆေးမှုအသစ်ကို အသုံးချခြင်းသည် အခြေအနေအလိုက် ပဓာနကျမှု အတိုင်းအတာ စမ်းသပ်စစ်ဆေးခြင်းအပေါ် မူတည်သည်။

> ရှိပြီးသားအသိပညာဖြင့်ရှုမြင်ရာတွင် အထင်အရှားမရှိသည့်အခါ [ယူဆနိုင်သည်မှာ မတူညီမှု တစ်ခုက တီထွင်မှုအလုပ်လုပ်ပုံ နည်းလမ်းအပေါ် ကြီးမားသောသက်ရောက်မှု ရှိ/မရှိ] တီထွင်မှု မူပိုင်ရှင်က ထိုသို့ အသေးစိတ်ဖော်ပြခြင်းပြုလုပ်ချိန်တွင် သူ၏ တစ်ဦးတည်း ချုပ်ကိုင်မှုကို အလွန်တင်းကျပ်စွာ ကန့်သတ်လိုခြင်းအတွက် အကြောင်းပြချက်ကောင်းရှိပြီး သူ၏ နောက်ပိုင်းအလုပ် သို့မဟုတ် အခြားတီထွင်မှုနယ်ပယ်က ကန့်သတ်ချက်ပြသရန် မလိုအပ်သည့်အနေအထားတွင်သော်မှ ထိုသို့လုပ်ရန် ရည်ရွယ်ခဲ့သည်ဟု စာဖတ်သူမှာ ယူဆခွင့်ရှိသည်။[၂၃]

ဤအခြေအနေမျိုးတွင် ကန့်သတ်ချက်ကို ပဓာနကျသည်ဟု ဆုံးဖြတ်ပေလိမ့်မည်။ အခြားမည်သို့ဆိုလိုသည်ကို တွေ့မြင်ရန်ခက်ခဲပါမည်။ သို့သော် ဓမ္မဓိဋ္ဌာန်ကျသော အကြောင်း ပြချက်များသည် တီထွင်မှုမူပိုင်ရှင်၏ တစ်ဦးတည်းချုပ်ကိုင်မှု အတိုင်းအတာအတွင်း ကျဉ်းမြောင်းစွာ ကန့်သတ်ထားရန် လိုအပ်သည်ဟု Lord Diplock က ဆိုသည်။

> ဆင်ခြင်တုံတရားရှိသော တီထွင်မှုမူပိုင်ရှင်မည်သူမဆို သူ့တီထွင်မှုအပေါ် ကန့်သတ်ချက် ကျဉ်းမြောင်းစွာထားသင့်သည့် ဖြစ်နိုင်ခြေ အကြောင်းရင်းကို ကြိုတင်မစီစဉ်ထားပါ။

> ဆန့်ကျင်ဘက်အားဖြင့် ထိုသို့ပြုလုပ်ခြင်းသည် လက်တွေ့ ရည်ရွယ်ချက်အတွက် သူ၏ တစ်ဦးတည်း ချုပ်ကိုင်ခွင့်ကို တန်ဖိုးမဲ့စေသည်။ အတုအပ ပြုသူမည်သူမဆို ၎င်းကို ရှောင်ရှားနိုင်ပြီး အောက်ခြေပြား၏ ထောင့်မတ်ကျမှုထံမှ (၁) ဒီဂရီ သို့မဟုတ် (၂) ဒီဂရီ သင့်လျော်သလို ရိုးရိုးလေး အနေအထား ပြုပြင်ကာ တီထွင်မှု၏ အကျိုးအမြတ်အားလုံး ရယူသွားနိုင်သည့်အတွက်ကြောင့် ဖြစ်သည်။[၂၆]

သို့ရာတွင်အောက်ပါအခြေအနေများတွင် လိုသည်ထက်ပိုသော ကန့်သတ်ချက်များကို ပဓာနမကျ ဟူ၍ဆုံးဖြတ်လိမ့်မည်ဟု အထက်ပါကိုးကားချက်နောက် ကပ်လျက်စာကြောင်းတွင် ဖော်ပြ ထားသည်။

> ၎င်း [ပဓာနကျမှု အတိုင်းအတာပြဿနာ] ကို အနုပညာရပ်တွင် ကျွမ်းကျင်သည့် စာဖတ်သူမည်သူမဆိုအတွက် ထင်ရှားသည့်အခါမှသာ ငြင်းပယ်သည့် အဖြေပေးရမည်။ အနုပညာရပ်တွင်ကျွမ်းကျင်သူသည် တောင်းဆိုမှုရှိ အသုံးပြုသည့် သီးခြားစကားလုံး သို့မဟုတ် စကားစုအား အနုပညာရပ်တွင်ကျွမ်းကျင်သူလည်းဖြစ်သည့် တီထွင်မှု မူပိုင်ရှင် က ကွဲပြားမှုအသေးအဖွဲကို ဖယ်ထုတ်ရန် ရည်ရွယ်ခဲ့ပုံ မဖြစ်နိုင်ကြောင်း သိမြင်သည့်သူ ဖြစ်သည်။ ထိုကွဲပြားမှု အသေးအဖွဲသည် တီထွင်မှုမူပိုင်ရှင်နှင့် တီထွင်မှုမူပိုင်ခွင့် ရည်ညွှန်းသည့် စာဖတ်သူနှစ်ဦးစလုံး၏ အသိပညာအရ တီထွင်မှုအလုပ်လုပ်ပုံ နည်းလမ်း အပေါ် ကြီးမားသောသက်ရောက်မှု မရှိနိုင်သည့် ကွဲပြားမှုဖြစ်သည်။ [၂၇]

ထို့ကြောင့် တီထွင်မှုမူပိုင်ရှင်ကတောင်းဆိုထားချက်ကို ပထမဆုံးအကြိမ် တရားရုံးက ကာကွယ်ပေးမည့်ပုံပေါ်သည်။ သို့ရာတွင် မူပိုင်ခွင့်လျှောက်ထားသည့် ရက်စွဲကို ပြန်လည် အမှတ်ရ စေပြီး တီထွင်မှုမူပိုင်ရှင်နှင့် သူ့စာဖတ်သူများက အသေးအဖွဲကွဲလွဲချက်သည် တီထွင်မှုက လုပ်ဆောင်မည့်နည်းလမ်းတွင် ကြီးမားသောသက်ရောက်မှုအဖြစ် မစွမ်းဆောင်နိုင်ကြောင်း အသိအမှတ်ပြုရမည်။

တရားပြိုင်၏ ဖြုတ်နိုင်သည့် ဘီးများအဓိကအသုံးပြုသည့်စက်က မူပိုင်ခွင့်ရထားသည့် မြက်ရိတ်အခြောက်ခံစက် အလုပ်လုပ်ပုံအပေါ် အရေးပါသောသက်ရောက်မှုရှိနိုင်၊ မရှိနိုင် နှင့် ပတ်သက်၍ တရားရုံးက ကျွမ်းကျင်သူပါရဂူ၏ သက်သေခံချက်အား ၎င်း၏ စီရင်ချက်တွင် ဂရုပြုခဲ့သင့်သည်ဟူသော Lord Diplock ၏ *Van der Lely* အမှုဆုံးဖြတ်ချက် ဆန်းစစ် လေ့လာမှုက ထင်ရှားသိသာသည်ဟု *EIPR* စာတမ်းတွင် ကျွန်ုပ်က တင်ပြခဲ့သည်။ အရေးကြီးသော သက်ရာက်မှုမရှိနိုင်တော့ပါဟု တည်ဆောက်ပြီးသည့်အခါ တရားရုံးက သက်ဆိုင်သော ကျွမ်းကျင်သူပါရဂူအား အယူအဆ အခြေခံ၍ဖြစ်စေ၊ အကြောင်းခြင်းရာကို အခြေခံ၍ဖြစ်စေ တီထွင်မှုမူပိုင်ရှင်က တရားပြိုင်၏ကွဲပြားမှုကို သူ၏တစ်ဦးတည်းချုပ်ကိုင်မှု နယ်ပယ်မှ ဖယ်ထုတ် ရန် ရည်ရွယ်ခဲ့ခြင်း ရှိ၊မရှိ မေးသင့်သည်။ ထိုသို့မဟုတ်ပါက ကွဲပြားမှု အသေးအဖွဲမျှသာဖြစ်ပြီး ချိုးဖောက်မှုအဖြစ် ဆုံးဖြတ်ရလိမ့်မည်။

အလားတူအခြေအနေများတွင် Lord Diplock ၏မူသဘောတရားကိုလက်ခံပါက တီထွင်မှုမူပိုင်ရှင်က ကွဲပြားမှုအသေးအဖွဲ၏ သက်ရောက်မှုကို စဉ်းစားရန် ပျက်ကွက် ခဲ့သည့်အခါ တရားရုံးက အကူအညီ ပေးသင့်သည်ဟု ကျွန်ုပ်က အကြံပြုထားသည်။ သူ သို့မဟုတ် သူမ၏ အသိအရနှင့် တီထွင်မှုမူပိုင်ခွင့် အသေးစိတ်ဖော်ပြချက်သည် ဖတ်ရှုသူများ၏ လျှောက်ထားသည့် ရက်စွဲ၌ သိသည့်အသိအရ တီထွင်မှုလုပ်ဆောင်သည့် နည်းလမ်းအပေါ် အရေးပါသော သက်ရောက်မှု မရှိသည့်ကွဲပြားမှု အသေးအဖွဲဖြစ်သည်။

## သာဓက ၃ ။ မျက်မမြောက်ခေတ် ဉာဏပစ္စည်းဆိုင်ရာ ဥပဒေကို အလွဲသုံးစားပြုခြင်း ဥပဒေဖြင့် အစားထိုးခြင်း

အထက်ပါခေါင်းစဉ်သည် ယနေ့ထိ ကျွန်ုပ်၏ ရည်မှန်းချက်အကြီးဆုံး ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်တစ်ခုဖြစ်သည်။ အထက်တွင်ပါရှိသည့် ခေါင်းစဉ်ဖြစ်သည့် 'ပညာရပ် ဆိုင်ရာ စာတမ်း ရေးသားခြင်းအတွက် သိုမှီးရာ-သင့်ဘာသာရပ်၏ သဘောတရားတစ်ခု' ခေါင်းစဉ်အောက် တွင် ဆွေးနွေးခဲ့သော ကျွန်ုပ်၏ဉာဏပစ္စည်းဆိုင်ရာ သီအိုရီအပေါ် အခြေခံကာ တည်ဆောက် ထားသည်။ ၎င်းသည် လုပ်ငန်းတာဝန်အတွက် အကောင်းဆုံးသော ဥပဒေယန္တရားဖြစ်ပြီး တည်ဆဲဥပဒေအပေါ်အခြေခံကာ တည်ဆောက်ထားသောကြောင့် အစဉ်အလာဥပဒေ အယူအဆ ဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်မျိုးဖြစ်သည်။ ၎င်းတွင် ပစ္စည်းဆိုင်ရာ အခွင့်အရေးများအား ရှင်းထုတ် ပစ်ခြင်းကဲ့သို့ ပြုပြင်ပြောင်းလဲရေးနှင့်ဆိုင်သော အစီအစဉ် မပါပါ။

လက်ရှိဥပဒေက ပစ္စည်းဥစ္စာ (property) သည် ဤပြိုင်ဆိုင်ခြင်းနှင့် ဥပဒေနှင့်ညီသော အကျိုးစီးပွားသက်ဆိုင်ရာအုပ်စုများကိုဖော်ပြရန် သင့်လျော်သည့် အယူအဆအခြေပြုဥပဒေ ဖြစ်ကြောင်းမှတ်ယူသည်ဟု ငြင်းဆိုသည်။ သို့သော်လည်း ပစ္စည်းဥစ္စာသည် လုံးဝ ဖယ်ထုတ်ခြင်း ပြုနိုင်သော ကိရိယာတစ်ခုဖြစ်သည်။ ၎င်းသည်အဓိကအားဖြင့် မတရားကျူးကျော်သူများကို ဖယ်ထုတ်ရန် ပုံဖော်ထားသည်။ ၎င်းသည် ယှဉ်ပြိုင်မှုပြုနေသော အကျိုးစီးပွား သက်ဆိုင်သည့် အုပ်စုများအတွက် ဟန်ချက်ထိန်းညှိမှုတစ်ခုအဖြစ် အပြုသဘောသုံးစွဲခွင့်အခွင့်အရေး ယူဆချက် တစ်ခုကို ဖော်ပြပေးရန် ပင်ကိုယ်အားဖြင့် လိုက်လျောညီထွေမဖြစ်ပါ။ ကြီးမားသည့် ပြောင်းလဲမှုလိုလားသော စာရေးဆရာအမျိုးမျိုးက ပစ္စည်းဥစ္စာဆိုင်ရာ ဥပဒေယန္တရားသည် လက်ရှိဉာဏ ပစ္စည်းဆိုင်ရာ ဥပဒေက လုပ်ဆောင်သည့် နည်းလမ်းအတိုင်း သတင်းအချက် အလက်ရှိ အခွင့်အရေးများကို ပုံဖော်တည်ဆောက်ရာအတွက် သင့်လျော်မှုမရှိပါဟူ၍ အကြံပြုခြင်း ဖြစ်သည်။

Roger Cotterrell[၂၆] က ဉာဏပစ္စည်းအားလုံးနီးပါး၏ ပုံစံများသည် အခြေခံအားဖြင့် စိတ်ကူးကြံစည်မှုများ၊ စိတ်ကူးကြံစည်မှုများ၏ သွင်ပြင်လက္ခဏာ သို့မဟုတ် အနည်းဆုံး သတင်းအချက်အလက်တို့ကို အကာအကွယ်ပေးခြင်းတို့နှင့် ပတ်သက်ကြောင်း အသိအမှတ်ပြုရန်

အလွန်အရေးကြီးသည်ဟုထောက်ပြသည်။ ယင်းသည် ပစ္စည်းဥစ္စာအပေါ် အထူးအခြေပြုထားသည့် ဥပဒေတစ်ရပ်အတွက် အခက်အခဲများစွာဖန်တီးသည်။

လုပ်အား၊ ကျွမ်းကျင်မှု၊ အားထုတ်မှု၊ အချိန်နှင့် ငွေကြေးရင်းနှီးမြုပ်နှံမှု ကုန်ကျစရိတ် *အသေးအဖွဲ* (*de minimis*) ထက်ပိုသော အသီးအပွင့်များကို ကာကွယ်ရန် အခွင့်အရေးအပြင် လုံလောက်သည့် ထပ်ဆောင်းလုပ်အား၊ ကျွမ်းကျင်မှု၊ အားထုတ်မှုနှင့် ရင်းနှီးမြုပ်နှံမှုတို့ ဖြည့်စွက်ထားသော အခြားသူ၏ လုပ်အား၊ ကျွမ်းကျင်မှု၊ အားထုတ်မှုနှင့် ရင်းနှီးမြုပ်နှံမှုတို့ကို တရားဝင်ရယူနိုင်သည့် တန်ပြန်အခွင့်အရေးတစ်ရပ်ကို ဥပဒေ၌ ရှင်းရှင်း လင်းလင်း အသိအမှတ်ပြုခြင်း၏ ဖြစ်နိုင်ခြေသည် စားသုံးသူများထံ စီးဆင်းသွားမည့် အကျိုးများနှင့်အတူ ယှဉ်ပြိုင်သူများအတွက် အခွင့်အရေးများ၏ မျှခြေသစ်ကို ဖန်တီးပေးသင့်သည်။ ဤယှဉ်ပြိုင်သူ အခွင့်အရေးများ အများအပြားမှာ လက်ရှိဥပဒေတွင် ရှိနေပြီးဖြစ်သော်လည်း ဤပုံစံအတိုင်း ရှင်းလင်းစွာ ထုတ်ဖော်ထားခြင်း မရှိပါ။ လုံလောက်သော ထပ်ဆောင်းလုပ်အား၊ ကျွမ်းကျင်မှု၊ အားစိုက်ထုတ်မှုနှင့် အချိန်နှင့်ငွေကြေးတွင် ရင်းနှီးမြုပ်နှံမှု ဆိုသည့်အရာမရှိပါက ချိုးဖောက်မှု ဖြစ်စေနိုင်မည့် အချက်ကို ရှောင်ရှားရန် ခက်ခဲသော်လည်း မဖြေရှင်းနိုင်သော ပြဿနာတော့မဟုတ်နိုင်ပါ။

ကံမကောင်းစွာပင် ဤအရေးပါသောပြဿနာသည် အများအားဖြင့် လျစ်လျူရှုခံထားရသည်။ တစ်နည်းအားဖြင့် အလွန်အရေးကြီးသော်လည်း D. F. Liebling ၏ 'ပိုင်ဆိုင်မှု၏ အယူအဆ - ကိုင်တွယ်ထိတွေ့မရသောပစ္စည်းများအားပိုင်ဆိုင်မှု' (The Concept of Property: Property in Intangibles) ကို လူသိနည်းသည်။[၂၇] သူက ပိုင်ဆိုင်ခွင့်များ၏ အခြေခံသည် အချိန်၊ အားထုတ်မှု၊ အလုပ်သမား ကုန်ကျစရိတ်နှင့် ငွေကြေးဖြစ်သည့်အတွက်ကြောင့် တန်ဖိုးရှိသော သတင်းအချက်အလက်များ ဖန်တီးခြင်းမှ ရရှိလာမှုကို စီးပွားရေးအရ အမြတ်ထုတ်ရန် တီထွင်ဖန်တီးသူ၏ ပိုင်ဆိုင်ခွင့်များတွင် ထည့်သွင်းသင့်သည်ဟု ငြင်းခုံထားသည်။ ဤတွေ့ရှိချက်သည် ခက်ခဲသည့် အမှုအချို့ကိုရှင်းပြသည့်အခါ (သူကလုပ်ဆောင်ရန် အားထုတ်နေသည့်) နမူနာတစ်ခု ဖြစ်သင့်ရုံသာမက လက်ရှိ အင်္ဂလိပ်ဓနသဟာယနိုင်ငံများ၏ ဥပဒေအောက်ရှိ နမူနာလည်း ဖြစ်သည်ဟု သူကငြင်းခုံထားသည်။ Liebling ၏ အဆိုအရ အချိန်၊ အားထုတ်မှု၊ လုပ်အားနှင့် ငွေကြေးဖြစ်သည့် အတွက်ကြောင့် တန်ဖိုးရှိသော သတင်းအချက်အလက်များဖန်တီးခြင်းမှ ရရှိလာမှုကို စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်၏ တီထွင်ဖန်တီးသူ၏ ပိုင်ဆိုင်ခွင့်များကို ငြင်းပယ်ထားသည့် ထိုအမှုများမှာ မှားယွင်းစွာ ဆုံးဖြတ်ထားခြင်းဖြစ်သည်။ Dworkinနှင့် တူညီသည့် အဆိုအရ ဥပဒေတွင် ဥပဒေဖြစ်သည့်အတွက် ဆုံးဖြတ်ထားသည့်အမှုများ မပါဝင်သော်လည်း အမှုများက သက်သေအဖြစ် ရှိနေသည့် အခြေခံမူသဘောတရား ပါဝင်သည် ဟူသောယူဆချက်ကို ကိုးကားထားသည်။

သေချာစွာပင် လုပ်အား၊ ကျွမ်းကျင်မှု၊ အားစိုက်ထုတ်မှု၊ အချိန်နှင့် ငွေကြေး ရင်းနှီးမြုပ်နှံမှု ကုန်ကျစရိတ်အသေးအဖွဲ (*de minimis)* ထက်ပိုသော အသီးအပွင့်များကို စုပေါင်းကာ ကနဦး

အကာအကွယ်ပေးခြင်းမှ ရှောင်ရှားရန် မည်သည့်အရာက ထပ်ဆောင်းလုပ်အား၊ ကျွမ်းကျင်မှု၊ အားစိုက်ထုတ်မှုနှင့် အချိန်နှင့် ငွေကြေးတွင် လုံလောက်သော ရင်းနှီးမြုပ်နှံမှု ဖြစ်ကြောင်းက အရေးကြီးသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ သို့သော် နေရာနှင့် ရှုပ်ထွေးမှု အကြောင်းရင်းများကြောင့် ဤနေရာတွင်ဖြေရှင်းနိုင်သည့် မေးခွန်းတစ်ခု မဟုတ်ပါ။ သို့ရာတွင် ဤခက်ခဲသော ပြဿနာ၏ အဓိကသော့ချက်သည် မူပိုင်ခွင့်အယူအဆနှင့် အလားတူသော ယူဆချက်တွင် မှီတည်သည်။ လွတ်လပ်သော လုပ်အား၊ ကျွမ်းကျင်မှုနှင့် အားထုတ်မှုကို အရာဝတ္ထုပုံစံတစ်ခုခုဖြင့် ဖော်ပြထားသည့် စာပေမူပိုင်ခွင့် လက်ရာတစ်ခုကို (စည်းကမ်းချက်များကို လိုက်နာလျက်) ပေးသည့် မူပိုင်ခွင့် အယူအဆဟု ဆိုလိုသော်လည်း အကာအကွယ်ပေးခြင်း အတိုင်းအတာသည် လုပ်အား၊ ကျွမ်းကျင်မှုနှင့် အားထုတ်မှု၏ ထည့်ဝင်မှုနှင့်အချိုးကျသည်။[၂၈] ထို့ကြောင့် စာမျက်နှာတစ်မျက်နှာ၌ အဓိပ္ပာယ်မဲ့သော စာကြောင်းများက အနုပညာမူပိုင်ခွင့်၏ လက်ရာအနေဖြင့် အသိအမှတ်ပြုနိုင်ပြီးသည့်တိုင်အောင် ထိုလက်ရာကို ပုံစံနှင့်အရွယ်အစား အားလုံးနီးပါး တထပ်တည်းကျအောင် ပြန်လည်ထုတ်လုပ်ထားခြင်းမရှိလျှင် ချိုးဖောက်မှု ရှိလိမ့်မည် မဟုတ်ပါ။[၂၉] အရင်လုပ်အား၊ ကျွမ်းကျင်မှုနှင့် အားထုတ်မှုထည့်ဝင်သူများအား ပေးထားသော အကာအကွယ်၏ပြင်ပတွင် ကျရောက်ရန်စာကြောင်းအနည်းငယ်၏ပုံစံနှင့်အရွယ်အစား ပြောင်းလဲခြင်းကို လုံလောက်သော ထပ်ဆောင်းလုပ်အား၊ ကျွမ်းကျင်မှုနှင့် အားထုတ်မှုအဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်။

သို့သော် အကြောင်းတစ်ခုက ရှင်းလင်းပါသည်။ ဤနေရာတွင်ဆွေးနွေးထားသကဲ့သို့ ချဲ့ထွင်ထားသည့် မျှတမှုမရှိသောယှဉ်ပြိုင်မှုဥပဒေ သို့မဟုတ် အလွဲသုံးစားပြုခြင်းဥပဒေသည် တည်ဆဲဉာဏပစ္စည်းပုံစံများနှင့် လုပ်ဆောင်မှုများအားလုံး အထူးသဖြင့် တီထွင်မှု မူပိုင်ခွင့်ဥပဒေကို မည်သည့်အခါမှ အစားထိုးနိုင်မည်မဟုတ်ပါ။ အလွန်ကြီးမားသည့် အဖိုးတန် သတင်းအချက်အလက်အချို့ကို လုပ်အား၊ ကျွမ်းကျင်မှု၊ အားထုတ်မှုနှင့် အချိန်နှင့် ငွေကြေးရင်းနှီးမြုပ်နှံမှုကုန်ကျစရိတ် *အသေးအဖွဲ de minimis* မပါဘဲ ဘက်စုံစဉ်းစားခြင်းနှင့် တိုက်ဆိုင်မှုဖြင့် အမြဲတမ်း ရှာဖွေတွေ့ရှိလိမ့်မည်။[30] လက်ရှိတီထွင်မှု မူပိုင်ခွင့်ဥပဒေများတွင် သတင်းအချက်အလက်ထုတ်ကုန်များတီထွင်မှုသည် စာရေးသူ၏အမြင်အရ လုပ်အား၊ ကျွမ်းကျင်မှု၊ အားထုတ်မှုနှင့် အချိန်နှင့် ငွေကြေးရင်းနှီးမြုပ်နှံမှုကုန်ကျစရိတ်တို့၏ ထွက်ရှိလာသည့်အရာအဖြစ် အကာအကွယ်ပေးနိုင်သည့်အနေဖြင့် ဆက်လက်တည်ရှိသင့်သည်။[31] တီထွင်မှုမူပိုင်ခွင့်စနစ် သို့မဟုတ် အနည်းဆုံး ၎င်း၏အခြေခံမူသဘောတရားများသည် ကျွန်ုပ်တို့နှင့် အချိန်ကြာမြင့်စွာ အတူရှိနေဦးမည်။

ဝေဖန်ဆန်းစစ်သူများက အထက်တွင်ဖော်ပြထားသည့် ချဉ်းကပ်နည်းလမ်းသည် မသေချာ မရေရာမှု ကြီးကြီးမားမားဖန်တီးလိမ့်မည်ဟု အကြံပြုနိုင်သည်။ သို့သော် ဉာဏပစ္စည်းဆိုင်ရာရှေ့နေ (IP practitioners) မည်မျှက အဆိုပါစနစ်ကို လက်ရှိဥပဒေ အောက်တွင် ရရှိသည့် ပုံစံအမျိုးမျိုးကဲ့သို့ ရှုမြင်သနည်း။ ရှေ့နေမည်မျှက အခြေခံနှင့် ဉာဏပစ္စည်းဆိုင်ရာစွဲဆိုမှု

တစ်ခုတွင်တရားသူကြီး၏ တုံ့ပြန်မှုနှင့် ပတ်သက်သည့် ၎င်းတို့၏ အတွေ့အကြုံအား ဝန်ခံရန် အသင့်ပြင်ထားပြီးဆိုသည်ကို သိရှိရန်မှာ စိတ်ဝင်စားဖွယ် ကောင်းမည်ဖြစ်သည်။ အမှုသည် တစ်ဦးအားပေးသည့် ၎င်းတို့၏အကြံဉာဏ်သည်တရားပြိုင်က သူ သို့မဟုတ် သူမ၏ ကိုယ်ပိုင် အားစိုက်ထုတ်မှု မပါဘဲ သို့မဟုတ် လုံလောက်သည့် လုပ်အား၊ ကျွမ်းကျင်မှု၊ အားထုတ်မှုနှင့် အချိန်နှင့်ငွေကြေးရင်းနှီးမြှုပ်နှံမှုမရှိဘဲ သို့မဟုတ် စိတ်ကူးစိတ်သန်းတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် ငွေထည့်ဝင်ရန် အားထုတ်ခဲ့ခြင်းရှိမရှိ (Gummow J. က Crocodile Dundee အမှုတွင်ခေါ်ဆိုသကဲ့သို့) စသည်တို့ဖြင့် ကြီးကြီးမားမား လွှမ်းမိုးခြင်းခံရသည်။

## သုံးသပ်ချက်–ဥပဒေဆိုင်ရာစိတ်ကူးစိတ်သန်းတစ်ခု ဖွံ့ဖြိုး တိုးတက် အောင် ပြုလုပ်ခြင်း

အစဉ်အလာ ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက်သည် အင်္ဂလိပ်ရိုးရာဥပဒေက အာရုံစိုက်သည့်အရာဖြစ်သည်။ လက်တွေ့မျက်မြင်မဟုတ်သောရှုထောင့်မှ စူးစမ်းရှာဖွေခြင်းဖြစ်ပြီး သဘာဝ သို့မဟုတ် လူမှုရေးသိပ္ပံဆိုင်ရာ အသိပညာအသစ် ရှာဖွေတွေ့ရှိခြင်းထက် တန်ဖိုးမလျော့နည်းပါ။ အထက်ပါသာဓကတွင် သင့်ဘာသာရပ်၏ သီအိုရီကို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ခြင်းက စာရေးသားရန် လှုံ့ဆော်ပေးသည်။ ထို့အတူ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေနှင့် ဆက်စပ်၍ ဥပဒေကို လေ့လာမှု’ (Law in context) မူဘောင် တွင်လည်း အသုံးချမည်။ အရာအားလုံးတွင် အရေးကြီးဆုံးမှာ ဥပဒေဆိုင်ရာ စိတ်ကူးစိတ်သန်းတစ်ခု ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထိုဥပဒေဆိုင်ရာ စိတ်ကူးစိတ်သန်း ဆိုသည်မှာ လောကအပေါ် ရှိနှင့်ပြီးသော ကိုယ်ပိုင်အမြင်ဖြင့် ဥပဒေကို အံဝင်ခွင်ကျဖြစ်အောင် ပြုလုပ်ခြင်း၊ ပယ်ချခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း နည်းလမ်းတစ်ရပ်ဖြစ်သည်။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ

J. Barzun, *Simple and Direct: A Rhetoric for Writers* (rev. edn) (Chicago, IL: University Of Chicago Press, 1994).

J. Barzun and H. F. Graff, *The Modern Researcher* (6th edn) (Belmont, CA: Thomson/Wadsworth, 2004).

C. Chatterjee, *Methods of Research in Law* (2nd edn) (Horsmonden: Old Bailey Press, 2000).

E. Fajans and M. R. Falk, *Scholarly Writing for Law Students: Seminar Papers, Law Review Notes, and Law Review Competition Papers* (2nd edn) (St Paul, MN: West Group, 2000)

B. A. Garner, *A Dictionary of Modern Legal Usage* (2nd edn) (Oxford: Oxford University Press, 1995).

B. A. Garner, *The Elements of Legal Style* (2nd edn) (New York: Oxford University Press, 2002).

H. Meeker, 'Stalking the Golden Topic: A Guide to Locating and Selecting Topics for Legal Research Papers' (1996) 3 *Utah Law Review* 917.

Melbourne University Law Review Association, *Australian Guide to Legal Citation* (2nd edn) (Melbourne: Melbourne University Law Review Association, 2002).

# မှတ်စုများ

[၁] Critical legal studies (CLS), or critical race theorists, for example.

[၂] D. Pearce, E. Campbell and D. Harding, *Australian Law Schools: A Discipline Assessment for the Commonwealth Tertiary Education Commission*, Vol. III (Canberra: Australian Government Publishing Service, 1987) vol. 2, para. 9.15 (Pearce Committee Report) တွင် ထုတ်ဝေသည့် ဥပဒေပညာရပ်နယ်ပယ်အတွက် စစ်ဆေးအကဲဖြတ်ကော်မတီထံ သြစတေးလျ ဥပဒေမဟာဌာနမှူး များ၏ တင်သွင်းစာ။

[၃] See note 2 above; the submission is an appendix to the Pearce Report at vol. 2, para. 9.15.

[၄] Ronald Dworkin ၏ သီအိုရီ ကိုဘေးဖယ်ထားကာ ဥပဒေပြဿနာအတွက် အဖြေမှန်ကို ဥပဒေစာပေများတွင် အမြဲတွေ့ရှိရသည်။ သူ၏အရင်စာအုပ်များနှင့်ထုတ်ဝေမှုများရှိ ပြန်လည်ပေါ်ထွက်လာသည့် အကြောင်းအရာတစ်ခုကို မကြာသေးမီက ပြန်လည်ပုံဖော်ထားခြင်းအတွက် R. Dworkin, Law's Empire (Oxford: Hart Publishing, 1998) ကို ကြည့်ပါ။

[၅] One useful work on legal research technique is C. Chatterjee, Methods of Research in Law (2nd edn) (Horsmonden: Old Bailey Press, 2000).

[၆] C. D. Stone, *Should Trees Have Standing? And Other Essays on Law, Morals and the Environment* (Dobbs Ferry, NY: Oceana Publications, 1996).

[၇] သုံးသပ်အကဲဖြတ်ထားသောဂျာနယ်နှင့် သုံးသပ်အကဲမဖြတ်ထားသောဂျာနယ်တို့အကြား မည်သည့်အခါမှ မပြောင်းလဲနိုင်သောခွဲခြားမှု မရှိဟု 'ဥပဒေသုတေသန၏သဘောသဘာဝ' အပေါ် 'သြစတေးလျ ဥပဒေမဟာဌာနမှူးများကောင်စီ' ထုတ်ပြန်ချက်က ထောက်ပြသည်။ အထက်ပါ note 2 ကိုကြည့်ပါ။

[၈] M. Pendleton, 'Intellectual Property, Information Based Society and a New International Economic Order – the Policy Options' (1985) 2 *European Intellectual Property* 3.

[၉] M. Pendleton, 'Character Merchandising and the Proper Scope of Intellectual Property' (1990) *Australian Intellectual Property Journal* 242.

[၁၀] S. Stewart LLD QC, 'Review of The Law of Intellectual and Industrial Property in Hong Kong' (1985) 34 *International & Comparative Law Quarterly* 658. The First such book was W. R. Cornish, *Intellectual Property* (London: Sweet & Maxwell, 1980)

[၁၁] M. D. Pendleton, 'Catnic: Signpost to Where' (1982) 3 *European Intellectual Property* 79.

[၁၂] (1987) 12 IPR 225 per Gummow J., upheld on appeal to the Full Federal Court of Australia at

(1989) 14 IPR 398.

[၁၃] ဗရိတိန်ကောင်စီ၏ တရားရေးကော်မတီ ရှိ Cadbury *Schweppes v. Pub Squash* (1981) RPC 429 အမှုတွင် Lord Scarman ၏ ဆုံးဖြတ်ချက်သည် ရှားပါးသောခြွင်းချက်တစ်ခုဖြစ်သည်။ ထိုအမှုတွင် Lord Scarman က အလွဲသုံးစားမှုကို အထင်အရှားတွေ့ရှိသော်လည်း ကုစားမှုတစ်ခုကို ငြင်းပယ်ခဲ့သည်။

[၁၄] *Hogan v. Koala Dundee Pty Ltd* (1988) IPC 90 per Pincus J., *Pacific Dunlop v. Hogan* (1987) 12 IPR 225 per Gummow J., approved by the Full Federal Court of Australia at (1989) 14 IPR 398.

[၁၅] (1987) 12 IPR 225, 253.

[၁၆] (1987) 12 IPR 225, 246.

[၁၇] Pendleton (1982), see note 11 above.

[၁၈] (1982) RPC 183.

[၁၉] 'Purposive construction' was a term first coined by Lord Diplock in Kammins Ballrooms *Co Ltd v. Zenith Investments (Torquay) Ltd* (1971) AC 850 at 881.

[၂၀] (1982) RPC 183, 187.

[၂၁] [1963] R.P.C. 61 (House of Lords).

[၂၂] [1963] R.P.C. 369 (House of Lords).

[၂၃] Catnic (1982) RPC 183 at 187 at 66. Author's words in brackets.

[၂၄] See note 23 above, 67.

[၂၅] See note 23 above, 66. Author's words in brackets.

[၂၆] R. Cotterell, 'The Law of Property and Legal Theory' in W. Twining (ed.), *Legal Theory and Common Law* (Oxford: Basil Blackwell, 1986) 88

[၂၇] [1978] 94 LQR 103.

[၂၈] သို့သော်ဤကိစ္စနှင့်ပတ်သက်၍ *Interlego v. Tyco* [1988] 3 WLR 678၊ ဟောင်ကောင် တရားရုံးချုပ် အယူခံမှုအပေါ် ဗရိတိန်ကောင်စီ၏ စိတ်ဝင်စားဖွယ် ဆုံးဖြတ်ချက်ကို ကိုးကားမည်။ ထိုနေရာ၌ ကောက်ကြောင်းလိုက်ခြင်း မဟုတ်ဘဲ ကလေးများ အဆောက်အဦး ဆောက်လုပ်ရာတွင် သုံးသည့် ဘလောက်တုံးများ၏ ထင်ရှားသော လီဂို ဒီဇိုင်းများအား မတူသော အရွယ်အစားနှင့်ပုံစံကို ထပ်ဆောင်း ပစ္စည်းများနှင့် အရွယ်အစားများပေါင်းစပ်ကာ ပြန်လည်ရေးဆွဲခြင်းမှာ မူလလက်ရာကဲ့သို့ ဖန်တီးထားသောအနုပညာ မူပိုင်ခွင့်အကာအကွယ်ပေးရန် မဆွဲဆောင်နိုင်ဟု ဆုံးဖြတ်ထားသည်။

[၂၉] As was suggested in the early seminal case on artistic copyright: *Kenrick v. Lawrence* (1890) 25 QBD 99.

[၃၀] ဥပမာအားဖြင့်-မီးမထွန်းထားသည့်လမ်းပိုင်းကိုညအချိန်အမှတ်အသားပြုရန် 'ကြောင်မျက်လုံးများ' ထုတ်ကုန်- သေးငယ်၍ရောင်ပြန်သောမာဘယ်ကျောက်နှင့်တူသည့် လိပ်ခုံးပုံများကို ညပိုင်းကားမောင်း နေသူက လမ်းဖြတ်ကူးသည့်ကြောင်တစ်ကောင်၏မျက်လုံးများကို ကောင်းစွာတွေ့နိုင်ပြီး အလားတူ အကြောင်းကြောင့် 'ကြောင်မျက်လုံးများ'ကဲ့သို့မြင်နိုင်သည်။

[၃၁]‘ဥပဒေစာတမ်းရေးသားခြင်းဆီသို့ အကြောင်းအရာနောက်ခံရှိ ဥပဒေချဉ်းကပ်နည်းလမ်း’ ခေါင်းစဉ်အောက်ရှိ ကြောင်မျက်လုံးများသည် တီထွင်မှုမူပိုင်ခွင့် ကောင်းစွာရရှိနိုင်သည်။

# အခန်း (၁၀)
# အပြည်ပြည်ဆိုင်ရာဥပဒေအားသုတေသနပြုခြင်း
Stephen Hall

## ဥပဒေအကယ်ဒမီနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ

ယခုအခါ အပြည်ပြည်ဆိုင်ရာဥပဒေသည် ဖွံ့ဖြိုးတိုးတက်သောကမ္ဘာအနှံ့ရှိ ဥပဒေကျောင်းများတွင် နေရာတိုင်း၌သင်ကြားသည့် ဘာသာရပ်တစ်ခုဖြစ်လာသည်။ မကြာသေးသော ကာလများ၌ အထူးသဖြင့် အင်္ဂလိပ်ရိုးရာဥပဒေစနစ်ကျင့်သုံးသော နိုင်ငံများတွင်ပင် ဤအရာသည် အမြဲဖြစ်သည့်ကိစ္စရပ်မဟုတ်ခဲ့ပါ။ လွန်ခဲ့သောနှစ်သုံးဆယ်၌ ဓနသဟာယနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတွင်ရှိသော ဥပဒေကျောင်းများရှိ ၎င်းတို့၏သင်ရိုးညွှန်းတမ်းများတွင် အပြည်ပြည်ဆိုင်ရာဥပဒေကို ထည့်သွင်းထားခဲ့ခြင်းမရှိပါ။ ဆန့်ကျင်ဘက်အားဖြင့် အပြည်ပြည် ဆိုင်ရာဥပဒေကို အခြေခံဥပဒေတွဲ၏ မသင်မနေရအစိတ်အပိုင်းအဖြစ် ပြုလုပ်သည့် လမ်းကြောင်းဆီသို့ ပို၍ဦးတည်လာသည်။ ၎င်းသည် ယခုအခါ ထင်ရှားသောနိုင်ငံအချို့ (ဥပမာ တရုတ်နှင့် အိန္ဒိယ) တွင် ဥပဒေဆိုင်ရာအသက်မွေးဝမ်းကြောင်းလုပ်ငန်းသို့ ဝင်ရောက်ရေးအတွက် မသင်မနေရ ဘာသာရပ်တစ်ခု ဖြစ်လာသည်။

ဥပဒေအကယ်ဒမီများတွင် အပြည်ပြည်ဆိုင်ရာဥပဒေထင်ပေါ်မှု မြင့်တက်လာခြင်းသည် အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေး၊ ငွေကြေးလွှဲပြောင်းမှု၊ စီးပွါးဖြစ်ကုန်ထုတ်လုပ်ခြင်းနှင့် အပြန်အလှန်ဖလှယ်ခြင်းတို့ကို ပံ့ပိုးပေးသော နည်းပညာများ၏ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှုနှင့်အပြိုင် ဖြစ်ပေါ်လာသည်။ ထို့အပြင် ၁၉၈၉-၉၁ ခုနှစ်များတွင် ဥရောပအာဏာရှင်စနစ် ကျင့်သုံးသောခေတ် ပြိုဆင်းပြီးနောက် ဆက်တိုက်ဖြစ်ပေါ်လာသည့် စစ်အေးခေတ်ပြီးဆုံးခြင်းက အပြည်ပြည်ဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ၊ အပြန်အလှန် ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပိုမိုလုပ်ဆောင်နိုင်သော နိုင်ငံရေးအခြေအနေကို ဖန်တီးခဲ့သည်။ ဤဖွံ့ဖြိုးတိုးတက်မှုများသည် တလှည့်တပြန် ရွှေ့ပြောင်းနေထိုင်မှု၊ အမျိုးသားရေးနှင့် ပြည်သူ့လုံခြုံရေး၊ လူ့အခွင့်အရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြုပ်နှံမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အခြားကိစ္စရပ်များစွာနှင့် ဆိုင်သည့် ပြဿနာများက အပြည်ပြည်ဆိုင်ရာ၏ အရေးပါမှုကို ကြီးကျယ်စေသည်။ ကမ္ဘာကြီးသည် ၁၉၈၀ ခုနှစ်တွင် ရှိခဲ့သည်ထက် ယခုအခါ ပိုမို၍ နီးကပ်စွာ အပြန်အလှန် ချိတ်ဆက်ထားသည့် နေရာဖြစ်သည်မှာ သံသယမရှိပါ။

အပြည်ပြည်ဆိုင်ရာဥပဒေတွင် သုတေသနခေါင်းစဉ်များအတွက် စဉ်းစားရာ၌ သုတေသနကျောင်းသားဖြစ်လာမည့်သူသည် ရွေးချယ်ရန် အချက်အလက်များလွန်းခြင်းမျိုး ဖြစ်နိုင်ဖွယ်ရှိသည်။ ၎င်းသည် အဓိကအားဖြင့် နိုင်ငံများအကြား ဆက်ဆံရေးကို ထိန်းညှိသောကြောင့်

အပြည်ပြည်ဆိုင်ရာဥပဒေ၏ အဓိက နယ်ပယ်သည် နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တစ်ခုလုံးနှင့် တူညီသည့် ကျယ်ပြန့်ပုံရှိသည်။ ၎င်းသည် အပြည်ပြည်ဆိုင်ရာ စာပို့ခြင်းမှသည် နျူကလီးယား လက်နက်ဖျက်သိမ်းရေးအထိ လုပ်ဆောင်မှုများ ကျယ်ပြန့်သည့်အလျောက် ထိန်းညှိပေးသော ဥပဒေများ အကျုံးဝင်သည်။ အမှန်စင်စစ်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်ဥပဒေ ပေါ်ပေါက်လာခြင်းသည်လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ် မတိုင်မီထိ ပြည်တွင်းစီရင်ပိုင်ခွင့်၏ ထိရှလွယ်သော သီးသန့်ကိစ္စရပ်များအဖြစ် စဉ်းစားခဲ့သည့် နယ်ပယ်များအထိပင် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရေးပါသောနယ်ပယ်ကို ချဲ့ထွင်ခဲ့ကြောင်း အဓိပ္ပာယ် သက်ရောက်သည်။

## အပြည်ပြည်ဆိုင်ရာဥပဒေရှိသုတေသနနည်းလမ်းများ

အပြည်ပြည်ဆိုင်ရာဥပဒေစနစ်၏ သိသာထင်ရှားဆုံးဖြစ်သည့် တစ်ခုတည်းသော သွင်ပြင် လက္ခဏာမှာ ၎င်း၏ ဗဟိုချုပ်ကိုင်မှုလျော့ချသော၊ သဘောတူညီမှုပေါ်အခြေခံသောနှင့် အတန်ငယ် ရှေးကျသည့် ဝိသေသလက္ခဏာတို့ပင်ဖြစ်သည်။ ၎င်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ နယ်ပယ်တွင် သုတေသနလုပ်ဆောင်မှုအတွက် လေးနက်သော အကျိုးဆက်များရှိပြီး ပြည်တွင်း ဥပဒေသုတေသနပြုခြင်း၌ လွှမ်းမိုးနေသော နည်းလမ်းများစွာတို့နှင့် သိသာကွဲပြားသည့် ချဉ်းကပ် နည်းလမ်းများ လိုအပ်သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များသည် ပြည်တွင်းစနစ် အများစုရှိ ဥပဒေအရင်းအမြစ်များနှင့် ဝိသေသလက္ခဏာအားဖြင့် သိသာစွာ ကွဲပြားသည် ဆိုသည့် အချက်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏အရင်းအမြစ် အမျိုးမျိုးကြားတွင် ရှင်းလင်းသော ထက်အောက်စဉ် မရှိသည့်အချက်ကို နားလည်သဘောပေါက်ပြီးနောက်တွင် ကောင်းမွန်သော နယ်ပယ်၌ အလုပ်လုပ်နေသော စာရေးသူများအကြားပင်လျှင် မည်သည့် အတွက်ကြောင့် ထိုကဲ့သို့ ကွဲပြားသော အမြင်များ မကြာခဏရှိကြောင်းကို ထင်ရှား သိမြင်လာမည်။

ပြည်တွင်းဥပဒေနှင့် ဆန့်ကျင်ဘက်အနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေနယ်ပယ်၌ ဥပဒေပြုခြင်းနှင့် အုပ်ချုပ်ရေး လုပ်ငန်းတာဝန်များဖြင့် အဆင်သင့် အပ်နှင်းထားသည့် အဖွဲ့အစည်း များကို သတ်မှတ် ညွှန်ပြရန်မဖြစ်နိုင်ပါ။ ထို့ပြင် တည်ရှိနေသည့် အပြည်ပြည်ဆိုင်ရာ တရား စီရင်ရေးအဖွဲ့များအားလည်း မဖြစ်မနေစီရင်ရမည့် စီရင်ပိုင်ခွင့်ကို အပ်နှင်းထားခြင်း မရှိပါ။ အမှန်စင်စစ် ပြည်တွင်း ဖွဲ့စည်းပုံအခြေခံဥပဒေများ သို့မဟုတ် ပြဋ္ဌာန်းဥပဒေများ၏ ရှင်းလင်း ပြတ်သားစွာ သတ်မှတ်ထားသောစံလက္ခဏာ ပိုင်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေ စာချုပ်များ ကိုပင်လျှင် ညွှန်ပြစရာမရှိပါ။ ဤကန့်သတ်ချက်ရှိသော အမြင်အတွင်း အပြည်ပြည်ဆိုင်ရာ အစိုးရနှင့် အပြည်ပြည်ဆိုင်ရာဥပဒေပြုခြင်းစနစ်မရှိပါ။[၁]

သို့သော် အပြည်ပြည်ဆိုင်ရာဥပဒေပြုအဖွဲ့ ကင်းမဲ့ခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ထုတ်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းနည်းလမ်း မရှိသည့် အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်းအဖြစ် ရလဒ် ထွက်ပေါ်စေသည်တော့မဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာ ဥပဒေသည်

အဓိကအားဖြင့် ဓလေ့ထုံးတမ်းဥပဒေ၏ စနစ်တစ်ခုဖြစ်သည်။ ၎င်းကို အပြည်ပြည်ဆိုင်ရာ စာချုပ်များတွင် သဘောတူထားကြသည့် စည်းမျဉ်းများနှင့် အခြေခံမူများ ဖြင့် တဖြည်းဖြည်းတိုး၍ ဖြည့်စွက်ထားသည်။ ဤအရင်းအမြစ်နှစ်ခုသည် နိုင်ငံများက ၎င်းတို့၏အပြန်အလှန် ဆက်ဆံရေး ဖြင့် ရွေးချယ်ထားချက် သို့မဟုတ် သဘောတူထားချက်မှ ဖြစ်ပေါ်လာသည့် စံနှုန်းများ ဟူသော အမြင်အရ 'လိုက်နာရမည့် အပြည်ပြည်ဆိုင်ရာဥပဒေ' ဖြစ်သည်။ လိုက်နာရမည့် အပြည်ပြည် ဆိုင်ရာဥပဒေသည် ကမ္ဘာ့ပြည်တွင်းဥပဒေစနစ် အတော်များများရှိ ဖော်ပြချက်များတွင် တွေ့ရှိ နိုင်သည့် များပြားလှသော ယေဘုယျဥပဒေအခြေခံမူများနှင့် ယှဉ်တွဲတည်ရှိပြီး ထိုအခြေခံ မူများဖြင့် စည်းကမ်းသတ်မှတ်နိုင်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေတွင် *အထက်ရုံး၏ စီရင်ထုံးကို လိုက်နာပြီး ဆုံးဖြတ်သော* မူသဘောတရားမရှိသော်လည်း အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း တရားရုံးများအပြင် ခုံရုံးများ၏ဆုံးဖြတ်ချက်များသည် ဓလေ့ထုံးစံ၊ အပြည်ပြည်ဆိုင်ရာ စာချုပ် များနှင့် ယေဘုယျအခြေခံမူများမှဆင်းသက်လာသော အပြည်ပြည်ဆိုင်ရာစံနှုန်းများ၏ အကြောင်းအရာနှင့် နယ်ပယ်တို့ကို သတ်မှတ်ခြင်းအတွက် မကြာခဏ လွန်စွာလွှမ်းမိုးခံရသည့် သက်သေခံများ ဖြစ်သည်။ ထင်ရှား ကျော်ကြားသော ဥပဒေရေးရာကျွမ်းကျင်စာရေးသူများ၏ စာများနှင့်အတူ ဤတရားရုံးနှင့်ခုံရုံး ဆုံးဖြတ်ချက်များကို ဓလေ့ထုံးတမ်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် ယေဘုယျအခြေခံမူများတွင် အခြေပြုထားသော စံနှုန်းများ၏ တည်ရှိမှု၊ နယ်ပယ်နှင့် အသုံးချနိုင်မှုတို့ကို မီးမောင်းထိုးပြရန် အသုံးပြုနိုင်သည်။

ဤယူဆချက်အခြေပြုမူဘောင်ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည့် အပြည်ပြည် ဆိုင်ရာတရားရုံး၏ဥပဒေအပိုဒ် ၃၈ (၁) တွင်ထင်ဟပ်နေသည်။

> မိမိထံသို့တင်သွင်းသောကြောင့် အငြင်းပွားမှုများကို အပြည်ပြည်ဆိုင်ရာဥပဒေ နှင့်အညီ ဆုံးဖြတ်ရန်တာဝန်ရှိသည့် တရားရုံးသည် အောက်ပါတို့ကို အကိုးအကားပြုရမည်။
>
> (က) အငြင်းပွားနိုင်ငံများက အတိအလင်းအသိအမှတ်ပြုထားသော စည်းမျဉ်းများ အား အတည်ဖြစ်စေသည့် အထွေထွေ သို့မဟုတ် အထူးအပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များ၊
>
> (ခ) တရားဥပဒေကဲ့သို့လက်ခံ၍ ယေဘုယျကျင့်သုံးမှုသက်သေခံအဖြစ် ထင်ရှားသည့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးစံ၊
>
> (ဂ) ယဉ်ကျေးသောနိုင်ငံများကအသိအမှတ်ပြုထားသည့် ယေဘုယျဥပဒေ သဘောတရားများ[iv]၊

---

[iv] ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ ပဋိညာဉ်စာချုပ်နှင့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ဥပဒေ မြန်မာပြန် တွင် 'general principles of law' ဟူသောစကားရပ်ကို 'အရပ်ရပ်ဥပဒေသဘောတရားများ' ဟု သုံးနှုန်းထားသည်။

(ဃ) အပိုဒ် (၅၉) ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ ဥပဒေစည်းမျဉ်းများ သတ်မှတ်ရေးအတွက် အထောက်အကူနည်းလမ်းများအဖြစ် တရားစီရင်ထုံးများနှင့် နိုင်ငံအမျိုးမျိုးမှ အရည်အချင်းပြည့်ဝသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေကျွမ်းကျင်သည့် စာရေးသူများ၏ ရေးသားချက်များ။

'သက်သေ' ဟူသော စကားရပ်အား ပြည်တွင်းဥပဒေအကြောင်း ရေးသားချက်တွင် သာမန်ဖွင့်ဆိုသည့်အဓိပ္ပာယ်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေရှိ အဓိပ္ပာယ်မှာ အတော်လေး ကွဲပြား သည်။ ပြည်တွင်းဥပဒေစနစ်များတွင် ရှေ့နေများသည် အကြောင်းခြင်းရာများ တည်ဆောက်ရန် အရေးကြီးသောအချက်များကို ထိုအကြောင်းခြင်းရာများ၏ သက်သေအဖြစ် အများအားဖြင့် ပြောဆိုကြသည်။ အပြည်ပြည်ဆိုင်ရာဥပဒေတွင် ထုံးစံအားဖြင့် 'သက်သေ' သည် ဓလေ့ထုံးစံ၊ အပြည်ပြည်ဆိုင်ရာစာချုပ်များ သို့မဟုတ် ယေဘုယျသဘောတရားများထံမှ ဆင်းသက်လာ၍ သီးခြားစံနှုန်းများ၏အကြောင်းအရာနှင့် နယ်ပယ်ကိုတည်ဆောက်မည့် အရေးပါသောအချက် တို့ဖြစ်လေ့ရှိသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ စာသားသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်က မည်သည့်အရာကို လိုအပ်ကြောင်း သက်သေခံဖြစ်ပြီး သမိုင်းဖြစ်ရပ်တစ်ခုက ဓလေ့ထုံးတမ်းစံနှုန်းတစ်ခု လိုအပ်ခြင်းအတွက် သက်သေဖြစ်နိုင်သည်။ ဆန့်ကျင်ဘက်အနေဖြင့် အင်္ဂလိပ်ရိုးရာဥပဒေစနစ် ကျင့်သုံးသော နိုင်ငံများမှ ရှေ့နေများအတွက် ပြဋ္ဌာန်းဥပဒေကို ဥပဒေပြုအဖွဲ့ သတ်မှတ်ပြဋ္ဌာန်းထားသည့် သက်သေတည်ဆောက်ခြင်းကဲ့သို့ ပြောဆိုရန်မှာ အထူးခြားဆုံး ဖြစ်သည်။ 'သက်သေ' ဟူသော စကားရပ်အသုံးချမှုအမြင်နှင့် ပတ်သက်၍ ဆုံးဖြတ်ရန် နောက်ခံအခြေအနေအား အလေးထားမှုလိုအပ်သောကြောင့် အပြည်ပြည်ဆိုင်ရာ ရှေ့နေများသည် 'သက်သေ' ဟူသော စကားရပ်အတွက် ပြည်တွင်းရှေ့နေများ ရင်းနှီးနေသည့် အကြောင်းခြင်းရာ တည်ဆောက်ခြင်းအမြင်ကို အခါအားလျော်စွာသုံးသည်။

## အပြည်ပြည်ဆိုင်ရာသဘောတူညီမှုစာချုပ်များ

အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုစာချုပ်များသည် အပြည်ပြည်ဆိုင်ရာဥပဒေတွင် အမှန်တကယ် အားကိုးရသော ယန္တရားများဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကတိကဝတ်ဖန်းတီးခြင်းမှစ၍ နည်းပညာဆိုင်ရာကိစ္စရပ်များအတွက် စည်းကမ်းသတ်မှတ်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာကျင့်ဝတ်စံနှုန်းများ တည်ဆောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်းခြင်းအထိ မရှိမဖြစ်တာဝန်အမျိုးမျိုးအတွက် အသုံးပြုသောကြောင့်

---

https://myanmar.un.org/en/27664-myanmar-version-charter-united-nations-and-statute-international-court-justice တွင်ကြည့်ရှုနိုင်ပါသည်။

ဖြစ်သည်။ နိုင်ငံအတော်များများသည် အပြည်ပြည်ဆိုင်ရာသဘောတူ စာချုပ် အများအပြားတွင် အဖွဲ့ဝင်များဖြစ်ကြသည်။ သာဓကအားဖြင့် ဩစတေးလျနိုင်ငံသည် စာချုပ်ပေါင်း ၉၀၀ကျော်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည်။

အထူးသဖြင့် ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းမှစ၍ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ပို၍အရေးပါသောနေရာဟု ယူဆလာကြသည်။ တိုးတက်ပြောင်းလဲရန်အချိန်ကာလ ကြာရှည်စွာလိုအပ်ပြီး မကြာခဏပင် တိကျသောလိုအပ်ချက်များ ရှင်းရှင်းလင်းလင်းမရှိနိုင်သည့် ဓလေ့ထုံးတမ်းနှင့် မတူသည့်အချက်မှာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် နိုင်ငံများအတွက် အခွင့်အရေးနှင့် တာဝန် ဝတ္တရားများကို ချက်ချင်းပင် အနည်းနှင့်အများ ရှင်းလင်းစွာသတ်မှတ်ပေးနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များသည် အပြည်ပြည်ဆိုင်ရာဥပဒေကို အပြန်အလှန် မှီခိုမှု တိုးလာသော ကမ္ဘာ့လူ့အဖွဲ့အစည်း၏လိုအပ်ချက်များနှင့် ရင်ပေါင်တန်း လိုက်နိုင်ရန် မရှိမဖြစ် အရေးပါသော လက်နက် ကိရိယာများဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များကို ရှာဖွေရန်၊ အဓိပ္ပာယ်ကောက်ယူရန်နှင့် ခေတ်နှင့်အညီသိရှိရန် လုပ်နိုင်စွမ်းနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ လည်ပတ်ပုံဆိုင်ရာ ဥပဒေအသိပညာသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၌ရှိသည့် ထိရောက်သော သုတေသနတိုင်း၏ အခြေခံလိုအပ်ချက် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာတရားရုံး၏ဥပဒေ အပိုဒ် ၃၈ (၁) (က) ပါ စကားရပ်များက ညွှန်ပြသကဲ့သို့ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များသည် 'အထွေထွေ' သို့မဟုတ် 'အထူး' ထဲမှ တစ်ခုမဟုတ် တစ်ခုဖြစ်နိုင်သည်။ နိုင်ငံအများပါဝင်ချုပ်ဆိုသော စာချုပ်က စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အမြင်ကို ကျယ်ပြန့်စွာစောင့်ထိန်းလိုက်နာပြီး ကမ္ဘာလုံးဆိုင်ရာ အားကောင်းခိုင်မာသည့် ဥပဒေသဘောတရားများကဲ့သို့ ကိုယ်စားပြုသည့်အခါ ၎င်းကို အထွေထွေ ဝိသေသလက္ခဏာရပ် ပိုင်ဆိုင်ခြင်းကဲ့သို့ မှတ်ယူနိုင်သည်။ အများအားဖြင့် အဆိုပါ အပြည်ပြည်ဆိုင်ရာသဘောတူ စာချုပ်များကို 'ဥပဒေပြုခြင်း' သို့မဟုတ် '*ဥပဒေရေးဆွဲခြင်း*' (*traités-lois*) ဟုခေါ်ဆိုသည်။ ၎င်းတို့သည် စာချုပ်အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် ဘုံဖြစ်သော ကျင့်ဝတ်စံနှုန်းများအား ချမှတ်သည်ကို ဆိုလိုသည်။

စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းနှင့် မသက်ဆိုင်ဘဲ နိုင်ငံအားလုံးအပေါ် စည်းနှောင်အား ရှိသော စည်းမျဉ်းကိုပြုလုပ်သည့်အခါ နိုင်ငံအများပါဝင်ချုပ်ဆိုသောစာချုပ်များကို တစ်ခါတစ်ရံ 'ဥပဒေပြုခြင်း' သို့မဟုတ် 'ဥပဒေရေးဆွဲခြင်း'ဟုလည်းဖော်ပြလေ့ရှိသည်။ နိုင်ငံအများပါဝင် ချုပ်ဆိုသောစာချုပ်များတွင် ယင်း၏မူလအစပါရှိသောစည်းမျဉ်းများကို ယင်းစာချုပ် အဖွဲ့ဝင်နိုင်ငံ မဟုတ်သော နိုင်ငံများလိုက်နာရန်အတွက် အလုံးစုံဖြစ်နိုင်သော်လည်း အဆိုပါ ပြဋ္ဌာန်းဥပဒေ ကဲ့သို့သော စာချုပ်အား ပြည်တွင်းဥပဒေစနစ်ရှိ ပြဋ္ဌာန်းဥပဒေကဲ့သို့ မှတ်ယူပါက မှားယွင်းပါမည်။ နိုင်ငံအများပါဝင်ချုပ်ဆိုသောစာချုပ်တစ်ခုသည် တည်ဆဲ ဓလေ့ထုံးတမ်း၏ စံကို ထင်ဟပ်ရန်၊

ပေါ်ထွန်းလာမည့် ဓလေ့ထုံးတမ်း၏စံကို ရှင်းရှင်းလင်းလင်းဖြစ်လာရန် သို့မဟုတ် အခြေအနေ ကိုက်ညီမှုရှိပါက ဓလေ့ထုံးတမ်း စံအသစ်ကို ဖော်ထုတ်ရန်အတွက် ဖြစ်နိုင်သည်။[၂] နိုင်ငံအများ ပါဝင်ချုပ်ဆိုသောစာချုပ်နှင့် ၎င်းကထင်ဟပ်သည့်၊ ၎င်းက ရှင်းရှင်းလင်းလင်းဖြစ်အောင်ပြုသည့် သို့မဟုတ် ၎င်းကဖော်ထုတ်သည့်စာချုပ်နှင့် အပြိုင်ဖြစ်သော ဓလေ့ထုံးတမ်းစံတို့အကြားရှိ ဆက်နွယ်မှုက မည်သို့ပင်ဖြစ်စေကာမူ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုစာချုပ်၏ အဖွဲ့ဝင် မဟုတ်သောနိုင်ငံသည် ဓလေ့ထုံးတမ်းစံကို လိုက်နာရမည်သာဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုစာချုပ်ကို လိုက်နာရမည် မဟုတ်ပေ။ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် ၎င်းနှင့် အပြိုင်ဖြစ်နေသော ဓလေ့ထုံးတမ်းစံတွင် အသုံးချ၍မရနိုင်သည့် လုပ်ထုံးလုပ်နည်း၊ အဖွဲ့အစည်း သို့မဟုတ် စည်းကမ်းအတိုင်းလိုက်နာစေခြင်း ရှုထောင့်များ ပိုင်ဆိုင်ထားကောင်း ထားနိုင်ခြင်းကြောင့် လုံးလုံးလျားလျား မေးခွန်းထုတ်ဖွယ်ရာ အခြေအနေတော့ မဟုတ်ပါ။

အပြည်ပြည်ဆိုင်ရာ 'အထူး' သဘောတူစာချုပ်ဆိုသည်မှာ နိုင်ငံများက ကျယ်ကျယ် ပြန့်ပြန့် သဘောတူညီမှု သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုဖြင့် မရရှိနိုင်သည့် သီးခြား ကိစ္စရပ်များနှင့် စပ်လျဉ်းသည့်တာဝန်များကိုလည်းကောင်း သို့မဟုတ် နိုင်ငံအများပါဝင်ချုပ်ဆို သော စာချုပ်ပေါ်အခြေပြုလျှင်နိုင်ငံများက ကတိပြုရန်ဆန္ဒရှိလိမ့်မည် မဟုတ်သည့် ဝတ္တရားများ ကိုလည်းကောင်း နိုင်ငံများက သီးခြား ဆောင်ရွက်ရာတွင် ချုပ်ဆိုသည့် စာချုပ်ဖြစ်သည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များသည် နှစ်နိုင်ငံစာချုပ်များ ဖြစ်လေ့ရှိပြီး *ပြည်တွင်း ဥပဒေအရ ပဋိညာဉ်* (*traités-contrat*) နှင့် အနီးစပ်ဆုံး တူညီသည်။ ဥရောပကောင်စီ၏ အဖွဲ့ဝင် နိုင်ငံများစွာ တို့အကြားတွင် နိုင်ငံအများ ပါဝင်ချုပ်ဆိုသော စာချုပ်အခြေခံ၍ ဤကိစ္စရပ်များကို ဖြေရှင်းကြသော်လည်း တရားခံလွှဲပြောင်းခြင်းနှင့် စီရင်ဆုံးဖြတ်ချက်များ အပြန်အလှန် အတည်ပြု ဆောင်ရွက်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တို့မှာ လူသိများသော ဥပမာများ ဖြစ်ကြသည်။

အထူးသဖြင့် နိုင်ငံအများပါဝင်ချုပ်ဆိုသောစာချုပ်များနှင့် ပတ်သက်လာလျှင် ခြွင်းချက် ထားခြင်းများ သို့မဟုတ် ကြေညာချက်များရှိခြင်းကို သီးခြားအာရုံစိုက်မှု ပြုရမည်။ ဤနေရာသည် ရှောင်ရှားရန် အလွယ်ကူဆုံးဖြစ်သော်လည်း သုတေသနအမှားအချို့ မကြာခဏ ဖြစ်လေ့ရှိသည့် နေရာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံက အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် တစ်ခု၏ စာချုပ်အဖွဲ့ဝင် ဖြစ်သည့်အတွက် စာချုပ်ပါစည်းကမ်းချက်အားလုံးကို လိုက်နာရမည် (အတွေ့အကြုံနည်းသော သုတေသီများက မကြာခဏပင် မှတ်ယူတတ်ကြသော်လည်း) ဟု မမှတ်ယူနိုင်ပါ။ နိုင်ငံ တစ်နိုင်ငံက အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို တရားဝင် ခြွင်းချက်ထားခြင်း ပြုပြီးသည့် အခါ ထိုစာချုပ်၏ အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းနိုင်ငံ၏ ဥပဒေဆိုင်ရာဆက်နွယ်မှုကို ခြွင်းချက် ထားခြင်း အတိုင်းအတာအလိုက်ပြောင်းလဲပြီး အခြားအဖွဲ့ဝင်နိုင်ငံများကလည်း ခြွင်းချက် ထားသောနိုင်ငံများနှင့် ဆက်ဆံရာတွင် အလားတူ ခြွင်းချက်ထားခြင်းပေါ် မှီတည်နိုင်သည်။[၃]

သာဓကအားဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၄ (၆)တွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည်အကြောင်းခြင်းရာအသစ် သို့မဟုတ် အသစ်ရှာဖွေတွေ့ရှိသော အချက်အလက်များအရ တရားစီရင်ရာ၌ ချွတ်ချော်မှု ဖြစ်ခဲ့ ကြောင်း အပြီးသတ်သက်သေခံချက်ခိုင်လုံစွာရှိသည့် အကြောင်းကြောင့် ထိုသူအပေါ် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပေးခံရပါက သို့မဟုတ် ချမှတ်သောပြစ်ဒဏ်ပြောင်းလဲသွားပါက ၎င်းအား 'တရား ဥပဒေအရ လျော်ကြေးပေးရမည်' ဟု ဆိုထားသည်။ ဩစတေးလျနိုင်ငံသည် ဤသဘောတူ စာချုပ်၏ စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း တရားစီရင်ရေးချွတ်ချော်မှုအတွက် လျော်ကြေး ပေးခြင်းပြဋ္ဌာန်းချက်ကို......သီးခြားဥပဒေပြဋ္ဌာန်းချက်အစား အုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်း အရ' ဟူသော ခြွင်းချက်ထားခြင်း ပါရှိသည်။ ထိုခြွင်းချက်ထားခြင်းကို ကန့်ကွက်ခြင်းမရှိသော အခြားနိုင်ငံများသည် ဩစတေးလျနိုင်ငံက အုပ်ချုပ်ရေးနည်းလမ်းဖြင့် လျော်ကြေးပေးပါက ဥပဒေအရ လျော်ကြေးပေးရန် တာဝန်မရှိကြောင်းကို လက်ခံရမည်။ အပြန်အလှန်အားဖြင့် အခြား အဖွဲ့ဝင်တစ်နိုင်ငံက ဤစာချုပ်ကိုချိုးဖောက်လာပါက ထိုနိုင်ငံသည် အပိုဒ် ၁၄(၆) ကို ခြွင်းချက် ထားခြင်းမရှိသော်ငြား အုပ်ချုပ်ရေးဆိုင်ရာလျော်ကြေးပေးခြင်းသာ ပြုလုပ်သည့်အခါ ဩစတေးလျ နိုင်ငံကို လျော်ကြေးတောင်းရန် တရားစွဲဆိုမှုမှ ပိတ်ပင်ထားသည်။ သို့သော် တခြားနိုင်ငံသည် ဩစတေးလျနည်းတူ ခြွင်းချက်ထားခြင်းမပြုသော အခြားနိုင်ငံ အားလုံးအပေါ် စာချုပ်ပါ ၎င်း၏ တာဝန်များကို ချိုးဖောက်ရာ ရောက်နိုင်ပါသည်။[၄]

လက်ရှိအနေအထားသည်

> ခြွင်းချက်ထားခြင်းကို ကန့်ကွက်သော နိုင်ငံတစ်နိုင်ငံသည် ၎င်းနိုင်ငံကိုယ်တိုင်နှင့် ခြွင်းချက်ထားသည့် နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အာဏာ တည်ခြင်းအား မဆန့်ကျင်ခြင်း ခြွင်းချက်ထားခြင်းနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များ သည် ခြွင်းချက်ထားခြင်း အတိုင်းအတာအရ နှစ်နိုင်ငံအကြားတွင် အသုံးမပြုပါ။[၅]

ဤ ကောင်းမွန်စွာ တည်ဆောက်ထားသော စည်းမျဉ်းသည် တစ်ခါတစ်ရံ ဝိရောဓိ ဖြစ်စေသော ရလဒ်များကို ဦးတည်နိုင်သည်။ ကျွန်ုပ်တို့၏ဥပမာထဲတွင် အခြားသောနိုင်ငံက ဩစတေးလျ နိုင်ငံ၏အပိုဒ် ၁၄(၆) ကို ခြွင်းချက်ထားခြင်းအား ကန့်ကွက်ထားပါက ပြဋ္ဌာန်းချက်၏ မည်သည့်အပိုင်းကမှ နှစ်နိုင်ငံ၏တာဝန်ဝတ္တရား၏အစိတ်အပိုင်းအဖြစ် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကြား အပြန်အလှန် *မရှိပါ*။ သို့ဖြစ်၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အသစ်ရှာဖွေ တွေ့ရှိသော အချက်အလက်များအရ တရားစီရင်ရာ၌ ချွတ်ချော်မှု ဖြစ်ခဲ့သောကြောင့် ထိုသူအပေါ် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပေးခံရပါက သို့မဟုတ် ချမှတ်သော ပြစ်ဒဏ်ပြောင်းလဲသွားပါက ၎င်းအား တရားဥပဒေအရ လျော်ကြေးပေးရမည့်ကိစ္စ နှင့်ပတ်သက်၍ အပိုဒ် ၁၄(၆) သည် နှစ်နိုင်ငံ အကြားတွင် တာဝန်ဝတ္တရားမရှိစေပါ။

အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ ရည်မှန်းချက်နှင့်ရည်ရွယ်ချက်တို့နှင့် မဆီလျော်သော ခြွင်းချက်ထားခြင်းသည် ခြွင်းချက်ထားခြင်းပြုသောနိုင်ငံအား စာချုပ်အဖွဲ့ဝင် နိုင်ငံဖြစ်ခြင်းမှ တားဆီးလိမ့်မည်ကို သုတေသီက စွဲမြဲစွာ မှတ်သားထားရမည်။ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်တို့နှင့် မဆီလျော်သော ခြွင်းချက်ထားခြင်းအပေါ် အခြေခံ၍ အခြားနိုင်ငံ၏ ခြွင်းချက်ထားခြင်းကို ကန့်ကွက်သော နိုင်ငံတစ်နိုင်ငံသည် အဆိုပါ မဆီလျော်မှုကို တရားရုံးတွင် အခွင့်အာဏာအရ ဆုံးဖြတ်ပြီးသည်အထိ ခြွင်းချက်ထားခြင်းပြုသော နိုင်ငံအား စာချုပ်အဖွဲ့ဝင်မဟုတ်သကဲ့သို့ မိမိတစ်နိုင်ငံတည်းက မှတ်ယူနိုင်သည်။[၆]

ဤစည်းမျဉ်းများတည်ရှိရခြင်းမှာ ရှေးရိုးအယူအဆအရ (classical theory) နိုင်ငံတစ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာစာချုပ်ကို ၎င်း၏လွတ်လပ်သော သဘောဆန္ဒအရ လိုက်နာရမည်ဖြစ်ပြီး ၎င်း၏ခြွင်းချက်ထားခြင်းများသည် လွတ်လပ်သောသဘောဆန္ဒ၏ အစိတ်အပိုင်း ဖြစ်သည်။ အကယ်၍ ခြွင်းချက်ထားခြင်းက တရားဝင်မှုမရှိသည့်အဖြစ်သို့ ပြောင်းသွားပါက နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်သောသဘောဆန္ဒ၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းက ကွယ်ပျောက်နေပါမည်။

သို့သော် တစ်ခါတစ်ရံ၌ လူ့အခွင့်အရေးသဘောတူစာချုပ်များက ခြွင်းချက် ဖြစ်ကြောင်း အကြံပြုထားသည်။ ဤအမြင်အရ လူ့အခွင့်အရေးသဘောတူစာချုပ်တစ်ခု၏ တရားမဝင်သော ခြွင်းချက်ထားခြင်းကို ခြွင်းချက်ထားလိုသောနိုင်ငံ၏ လွတ်လပ်သော သဘောဆန္ဒအရ ခြွင်းချက်ထားရုံသာပြုနိုင်ပြီး ဤနည်းအားဖြင့် ခြွင်းချက်ထားခြင်း၏ အကျိုးကို မခံစားစေဘဲ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို လိုက်နာစေသည်။[၇] ခြွင်းချက်ထားခြင်းပြုသောနိုင်ငံက လိုက်နာရန် ဆန္ဒရှိပါက ခြွင်းချက်ထားခြင်းသည် တရားမဝင် ဖြစ်နေစေကာမူ ပြဿနာ ရှိပုံမပေါ်ပါ။[၈] သို့သော် ခြွင်းချက် ပြုသောနိုင်ငံက ခြွင်းချက်ပြုခြင်း၏ တရားဝင်မှုကို လိုက်နာရမည့် နဂို လွတ်လပ်သော သဘောဆန္ဒ၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းအဖြစ် မှတ်ယူပါက နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများကို လွတ်လပ်သော သဘောဆန္ဒဖြင့်သာ လိုက်နာသည် ဟူသောခံယူချက်နှင့် ဆိုခဲ့သော လူ့အခွင့်အရေးစာချုပ်များ အတွက် ခြွင်းချက်ကို ညှိနှိုင်းရန်အလွန်ခက်ခဲသည်။ အထူးသဖြင့် ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံတော်တော်များများသည် လူ့အခွင့်အရေး စာချုပ်များအား ခြွင်းချက်ထားခြင်းအတွက် ခြွင်းချက်ထားသော စနစ်ကို ရှင်းလင်းပြတ်သားစွာပယ်ချထားသည်။ လူ့အခွင့်အရေးစာချုပ်များ၏ ထိရောက်မှုအပေါ် ဤအရေးပါသော နယ်ပယ်က သက်ရောက်မှု ရှိခြင်းအကြောင်းမှာ အငြင်းပွားဖွယ်ရာအဖြစ် ဆက်လက်တည်ရှိနေကြောင်းကို သုတေသီများက နားလည်သဘောပေါက်သင့်သည်။

## ခလေ့ထုံးတမ်း

ရှေးပဝေသဏီကပင် ခလေ့ထုံးတမ်းဥပဒေသည် မတူညီသည့် နိုင်ငံရေးအသိုင်းအဝိုင်းများ အကြား ဆက်ဆံရေးတွင် အရေးပါသောအခန်းကဏ္ဍက ပါဝင်ခဲ့သော်လည်း ခလေ့ထုံးတမ်း ဥပဒေစံနှုန်း

(customary legal norm) ကဲ့သို့ လက်တွေ့လုပ်ဆောင်ရမည့် လိုအပ်ချက်များကို ပြတ်သား စွာပိုင်းခြားသတ်မှတ်သည့် တိကျသော မူသဘောတရားတစ်ခုအား (၂၁) ရာစုမတိုင်မီ အထိ အပြည်ပြည်ဆိုင်ရာဥပဒေက ဖွံ့ဖြိုးတိုးတက်အောင်မလုပ်ခဲ့ပါ။

ဤလမ်းကြောင်း၌ပထမ အရေးကြီးဆုံးသောခြေလှမ်းမှာ ၁၉၂၀ ခုနှစ်တွင် အပြည်ပြည် ဆိုင်ရာအမြဲတမ်းတရားရုံးဥပဒေ၏ အပိုဒ်-၃၈ပါပြဋ္ဌာန်းချက်ကို အတည်ပြုခဲ့ခြင်း ဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် ဤပြဋ္ဌာန်းချက်ကို အပြည်ပြည်ဆိုင်ရာတရားရုံးဥပဒေ အပိုဒ် (၃၈) တွင် အားလုံး နီးပါး ပြန်လည်အတည်ပြုခဲ့သည်။ အပိုဒ် (၃၈) က အပြည်ပြည်ဆိုင်ရာဓလေ့ထုံးစံကို အပြည်ပြည် ဆိုင်ရာဥပဒေ၏ အရင်းအမြစ်တစ်ခုအနေဖြင့် သတ်မှတ်ခဲ့ပြီးငင်းကို 'တရားဥပဒေ ကဲ့သို့ လက်ခံ ထားသော ယေဘုယျအလေ့အထအဖြစ် ထင်ရှားသက်သေခံချက်' ဟု ဖော်ပြထားသည်။ အပိုဒ် (၃၈) ကိုအခြေခံ၍ အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေတွင် ကွဲပြားသော အစိတ်အပိုင်း နှစ်ခုပါရှိသည်။ (၁) ယေဘုယျအလေ့အထ (သို့မဟုတ် *usus*); နှင့် (၂) *opinio juris sive necessitatis* (သို့မဟုတ်) *opinio juris et necessitatis*), '*opinio juris*' ဟု သာမန်အားဖြင့် ရည်ညွှန်းလေ့ရှိပြီး ဥပဒေဆိုင်ရာအခွင့်အရေးသို့မဟုတ် တာဝန်ဝတ္တရား ကိစ္စရပ်တစ်ခုကဲ့သို့ လက်တွေ့ကျင့်သုံးမှုလိုအပ်သည်ဟု ယုံကြည်ချက်တစ်ခုအဖြစ် အဓိပ္ပာယ်ရသည့် အပိုင်းဖြစ်သည်။

နိုင်ငံများအားစနစ်၏ အခြေခံယူနစ်များကဲ့သို့ မှတ်ယူသောနည်းလမ်းအားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေသည် ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အဓိကလိုက်နာရသူများဖြစ်ပြီး တဆက်တည်းမှာပင် ၎င်းတို့၏ ရွေးချယ်မှုများနှင့် လုပ်ဆောင်မှုက လိုက်နာရသော အပြည်ပြည်ဆိုင်ရာဥပဒေကို ဖြစ်ပေါ်လာစေသည့် အဖွဲ့အစည်း များဖြစ်သည်။ နိုင်ငံများ၏ ရွေးချယ်မှုများနှင့် လုပ်ဆောင်မှု တို့သည် ၎င်းတို့၏ 'အလေ့အထ' ဖြစ်ပြီး နိုင်ငံများ၏ ယေဘုယျအလေ့အထသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေ၏ စံနှုန်းများ ပေါ်ထွက်လာခြင်း၊ ပြောင်းလဲ ဖြစ်ပေါ်ခြင်း၊ လျော့ပါးခြင်းနှင့် ပျောက်ကွယ်ခြင်း တို့တွင် မရှိမဖြစ် အရေးပါသော အစိတ်အပိုင်း တစ်ခုဖြစ်သည်။

နိုင်ငံတစ်နိုင်ငံသည် ဥပဒေအရ ဥပဓိရုပ်ရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ လုပ်ဆောင် မှုများက ဥပဒေအရမှတ်ယူနိုင်သော သာမန်လူပုဂ္ဂိုလ်များ၏ ရွေးချယ်မှုများနှင့် လုပ်ဆောင်မှုမှ တဆင့် ဥပဓိရုပ်ရှိသောပုဂ္ဂိုလ်အားလုံးသည် ၎င်းတို့၏ဆန္ဒကိုသေချာပေါက်ထုတ်ဖော် ပြသရသည်။ နိုင်ငံများဟု ဆိုရာတွင်၎င်းတို့၏ အစိုးရများကိုဆိုလိုသည်။ ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ရလျှင် ၎င်းတို့၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအဖွဲ့များနှင့် နိုင်ငံအဆင့်၊ ဒေသအဆင့် သို့မဟုတ် နယ်ပယ် အဆင့်၌ တရားဝင်ပြည်သူ့အာဏာ သို့မဟုတ် ပြည်သူ့တာဝန်များ ကျင့်သုံး နေသော အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အစု သို့မဟုတ် အဖွဲ့အစည်း ပါဝင်သည်။

နိုင်ငံတစ်နိုင်ငံ၏ အရာရှိမဟုတ်သောပုဂ္ဂိုလ်များ၏ ရွေးချယ်မှုများနှင့် လုပ်ဆောင်မှုများ သို့မဟုတ် နိုင်ငံ့အရာရှိများ၏ ညွှန်ကြားချက်များအောက် သို့မဟုတ် ထိန်းချုပ်မှုအောက်တွင်

ပြုလုပ်ခြင်း မဟုတ်သူကို နိုင်ငံ့လုပ်ဆောင်ချက်၏ သက်သေအဖြစ် မှတ်ယူ၍ မရနိုင်ပါ။ သို့ဖြစ်၍ တစ်သီးပုဂ္ဂလိက လူပုဂ္ဂိုလ်များ၏ ရွေးချယ်မှုများနှင့် လုပ်ဆောင်မှုများ၊ ကူးသန်းရောင်းဝယ်ရေးနှင့် ကုသိုလ်ဖြစ်/လှူဒါန်းမှုကိစ္စအတွက်ရည်ရွယ်ကာ ပြည်တွင်းဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၏ ရွေးချယ်မှုများနှင့် လုပ်ဆောင်မှုများသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ အများကသတ်မှတ်သော စံနှုန်းတစ်ခု၏ တည်ရှိမှု သို့မဟုတ် နယ်ပယ် သတ်မှတ်ခြင်းနှင့် သက်ဆိုင်သော အလေ့အထကို သာမန်အားဖြင့် မဖြည့်ဆည်းပါ။ တရားသူကြီး McNair ၏ အဆိုအရ -

> လုပ်ပိုင်ခွင့်တစ်ခုအရ သို့မဟုတ် ၎င်းတို့၏အစိုးရထံမှ ရရှိထားသော အခြားအခွင့်အာဏာ အချို့ သို့မဟုတ် ၎င်းတို့၏ အစိုးရက အခြားနည်းလမ်းဖြင့် ၎င်းတို့ထံ စီရင်ပိုင်ခွင့် ပေးအပ်ထားသည်ဟု ဖော်ပြနိုင်ခြင်းမရှိလျှင် ပုဂ္ဂလိက တစ်ဦးချင်း၏ လွတ်လပ်သော လုပ်ဆောင်မှုသည် တန်ဖိုးအနည်းငယ်သာရှိသည်။[၆]

သို့ရာတွင် ဤကန့်သတ်ချက်ကို လိုက်နာသည့် နိုင်ငံ၏အလေ့အထကို ကျယ်ပြန့် သော ရုပ်ဝတ္ထုအခင်းအကျင်းများအား ရည်ညွှန်းကိုးကား တွေ့ရှိနိုင်သည်။ အခြေခံအားဖြင့် နိုင်ငံ့အရာရှိ အနေဖြင့် ၎င်းတို့အစွမ်းရှိသမျှ ရွေးချယ်မှုများနှင့် လုပ်ဆောင်မှု သို့မဟုတ် နိုင်ငံ့အရာရှိများ၏ ညွှန်ကြားချက်များ သို့မဟုတ် ထိန်းချုပ်မှုအောက် လူပုဂ္ဂိုလ်များ၏ လုပ်ဆောင်ချက်များသည် နိုင်ငံအလေ့အထအတွက် အထောက်အထားကိုပံ့ပိုးပေးသည်။ ဥပမာများတွင်-

- နိုင်ငံ့အရာရှိများနှင့် သံတမန်များ၏မိန့်ခွန်းများ
- ပါလီမန် ဆွေးနွေးဆုံးဖြတ်ချက်စာမှတ်တမ်းများ
- ပြည်တွင်းဥပဒေ
- ပြည်တွင်းတရားရုံးများနှင့်ခုံရုံးများ၏ဆုံးဖြတ်ချက်များ
- သံတမန် စာပေးစာယူဆက်သွယ်ခြင်း
- သမိုင်းမှတ်တမ်းများ
- သတင်းစာရှင်းလင်းပွဲများနှင့် အစိုးရပြန်တမ်းများ
- မူဝါဒထုတ်ပြန်ချက်များ
- စစ်တပ်နှင့်ရေတပ်လုပ်ရှားမှု အစီရင်ခံစာများ
- အပြည်ပြည်ဆိုင်ရာအဖွဲ့များ၏အလုပ်အပေါ်အစိုးရများကပေးသောမှတ်ချက်များ( ဥပမာအားဖြင့်- အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်)
- အပြည်ပြည်ဆိုင်ရာဖိုရမ်များတွင်ပေးသော မဲပေးမှုမှတ်တမ်းများ (ဥပမာအားဖြင့်- ကုလ သမဂ္ဂ အထွေထွေညီလာခံ)
- သံတမန်များနှင့်လက်နက်ကိုင်တပ်ဖွဲ့များထံထုတ်ပေးသော ရုံးလက်စွဲများ
- အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ တို့ပါဝင်သည်။

ဤနိုင်ငံအလေ့အထများနှင့် အခြားသောသာဓကများကို တရားဝင်စာရွက်စာတမ်းများ သို့မဟုတ် သင့်လျော်ပါက သတင်းစာတွင်ရေးသားတင်ပြချက်များနှင့် ပညာရပ်ဆိုင်ရာ စာအုပ်များ ကဲ့သို့သော တရားဝင်ထုတ်ပြန်ထားခြင်းမဟုတ်သော စာရွက်စာတမ်းများက အထောက်အထား ပြနိုင်ပါသည်။

တစ်ခါတစ်ရံတွင် နိုင်ငံများ၏ထုတ်ပြန်ချက်များနှင့် ကြေညာချက်များသည် နိုင်ငံ့အလေ့အထအဖြစ် တည်ဆောက်ရန် မလုံလောက်ဘဲ ရုပ်ပိုင်းဆိုင်ရာကျင့်သုံးခြင်း သို့မဟုတ် တောင်းဆိုထားသော အခွင့်အရေးများကို ခုခံခြင်းတို့တွင် တကယ့်လုပ်ဆောင်ချက်က ထောက်ပံ့ပေးရမည်ဟု ငြင်းခုံကြသည်။[၁၀]

သို့သော် ၎င်းသည် လူနည်းစု၏အမြင်အဖြစ် ဆက်လက်တည်ရှိနေပြီး အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့် အခြားအပြည်ပြည်ဆိုင်ရာခုံရုံးများက နိုင်ငံ၏ ထုတ်ပြန်ချက်များကို နိုင်ငံ့ အလေ့အထ အဖြစ် ပုံမှန်လက်ခံလေ့ရှိသည်။ သို့ရာတွင် ၎င်း၏ တောင်းဆိုမှုများကို အကောင်အထည် ဖော်ရာတွင် အရေးယူဆောင်ရွက်မှုပြုလုပ်ရန် ပျက်ကွက်ခဲ့ပြီး အဆိုပါပျက် ကွက်မှုအတွက် သင့်လျော်သော ဖြေရှင်းချက်မပေးနိုင်ပါက အဆိုပါထုတ်ပြန်ချက်များနှင့် တွဲလျက်ပါရှိသော လေးနက်မှုကို လျော့ပါးသွားစေနိုင်သည်။

နိုင်ငံ၏အလေ့အထတွင် ပြုလုပ်ရန်ပျက်ကွက်မှုများလည်း ပါဝင်နိုင်သည်။ အထူးသဖြင့် ဤအလေ့အထ မျိုးသည် ဓလေ့ထုံးတမ်းစည်းမျဉ်းတွင် တားမြစ်ချက် သို့မဟုတ် သံတမန်ပုဂ္ဂိုလ်ကို မထိခိုက်စေရန်တာဝန်ရှိခြင်းကဲ့သို့ ရှောင်ကြဉ်ရမည့်အချက်များ ပါဝင်သည့် အခါ သက်ဆိုင်သည်။

ဓလေ့ထုံးတမ်းစံနှုန်းတစ်ခု၏ အစိတ်အပိုင်းဖြစ်သည့် နိုင်ငံ့အလေ့အထကို အများက လက်ခံထား သောစံနှုန်းနှင့် အားလုံးနီးပါး ကိုက်ညီမှုရှိသည့်နည်းလမ်းအတိုင်း အချို့နိုင်ငံများက အခါအား လျော်စွာ ပြုမူကာမျှဖြင့် တည်ဆောက်နိုင်သည်မဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာတရားရုံး ဥပဒေ၏အပိုဒ် ၃၈(၁)(ခ) တွင် အလေ့အထသည် 'ယေဘုယျ' ဖြစ်ရမည်ဟု သတ်မှတ် ထားသည်။

Lotus အမှုတွင်[၁၁] အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံးက ကမ်းလွန် ပင်လယ်ပြင်တွင် အခြားနိုင်ငံ တစ်နိုင်ငံ၏အလံ လွှင့်ထူထားသော ရေယာဉ်များပေါ်တွင် ကျူးလွန်သော ရာဇဝတ်မှု များကိုတရားစွဲဆိုရန် နိုင်ငံများက တစ်ခါတစ်ရံမှသာ အားထုတ်မှုသည် ဤအခြေအနေများတွင် ရာဇဝတ်မှု တရားစွဲဆိုခြင်းများကိုတားမြစ်သော ဓလေ့ထုံးတမ်းဥပဒေ စည်းမျဉ်း၏ သက်သေ ဖြစ်ကြောင်း တင်သွင်းချက်ကို ပယ်ချခဲ့သည်။ ဤတင်သွင်းချက်ကို ပယ်ချရာ၌ အဆိုပါ စည်းမျဉ်းနှင့် ဆန့်ကျင်ကွဲလွဲပြီး အလံလွှင့်ထူသောနိုင်ငံမှ ကန့်ကွက်မှု မရှိသည့် စီရင်ထုံးဖွဲ့ သည့်အမှု အများအပြားက တရားရုံးကို သဘောကျ နှစ်သက်သည်။

*Asylum* အမှုတွင်[၁၂] အပြည်ပြည်ဆိုင်ရာတရားရုံးက *အလေ့အထ* (*usus*) သည် ဓလေ့ထုံးတမ်းစံနှုန်း ဖွဲ့စည်းရာတွင်ကူညီရန် 'အမြဲတမ်းနှင့် တူညီသောအလေ့အထ နှင့်အညီ'

ဖြစ်ရမည်ဟု လေ့လာတွေ့ရှိထားသည်။ တရားရုံးက ရုံးတော်ရှေ့တွင် ပြဆိုလာသည့် နိုင်ငံ၏ အလေ့အထများသည် ယေဘုယျအလေ့အထများကို တည်ဆောက်ရန်အလွန်ပင် သေချာမှု မရှိခြင်းနှင့် ဝိရောဓိဖြစ်နေခြင်းတို့ကို တွေ့ရှိရသည်။ အလားတူပင် *Anglo-Norwegian Fisheries* အမှုတွင်[၁၃] အပြည်ပြည်ဆိုင်ရာတရားရုံးက အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေသည် ပင်လယ်ပြင် နယ်နမိတ်မြေပုံရေးဆွဲရန်အတွက် ပင်လယ်အော်တလျှောက် ဆယ်မိုင်ထက်ပိုသော အခြေခံ မျဉ်းဆွဲခြင်းကို ဟန့်တားပိတ်ပင်သည် ဟူသော တင်သွင်းချက်ကို ပယ်ချခဲ့သည်။ ၎င်းကို ယေဘုယျ အလေ့အထတစ်ရပ်အား ထင်ဟပ်စေခြင်းကဲ့သို့ယူဆရန် ဆိုခဲ့သောစည်းမျဉ်းနှင့် မကိုက်ညီသော နိုင်ငံ၏အလေ့အထက များပြားလွန်းသည်။

ဤသည်က အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဓလေ့ထုံးတမ်းစံနှုန်းတစ်ရပ် တည်ဆောက်ရန် ရည်ရွယ်ချက်များအတွက် အလေ့အထကို 'ယေဘုယျ'ဟု မှတ်ယူနိုင်မည့် အချိန်မတိုင်မီ နိုင်ငံများ အကြား လုံးဝကိုက်ညီမှုရှိရန် လိုအပ်နေသည်ဟု ဆိုလိုပါသလား? အမေရိကန်ဥပဒေအင်စတီကျု၏ အဆိုအရ-

> အလေ့အထတစ်ခုသည် တစ်ကမ္ဘာလုံးက လက်မခံသော်လည်း ယေဘုယျ ဖြစ်နိုင်သည်။ အလေ့အထတစ်ခုသည် မည်မျှပျံ့နှံ့သွားရမည်ကို ညွှန်ပြရန် တိကျသော ဖော်မြူလာ မရှိသော်လည်း အထူးသဖြင့် သက်ဆိုင်သောလုပ်ဆောင်မှုတွင် ပါဝင်နေသော နိုင်ငံများ အကြား ကျယ်ကျယ်ပြန့်ပြန့် လက်ခံမှုရှိကြောင်း ထင်ဟပ် သင့်သည်။[၁၄]

*The North Sea Continental Shelf* အမှုတွင်[၁၅] အပြည်ပြည်ဆိုင်ရာတရားရုံးက အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ စည်းမျဉ်းသစ်တစ်ရပ် တည်ရှိနေမှုကို တည်ဆောက်ရာတွင် ကူညီရန် 'အထူးအားဖြင့် ၎င်းတို့၏ အကျိုးစီးပွားကို သက်ရောက်မှုရှိသော နိုင်ငံများ အပါအဝင် နိုင်ငံ၏အလေ့အထသည် ကျယ်ကျယ်ပြန့်ပြန့်နှင့် အားလုံးနီးပါး တပြေးညီ ဖြစ်သင့်သည်'ဟု မှတ်ချက်ပြုထားသည်။ အခြားတူညီသော အလေ့အထတစ်ခုထံမှ တစ်ခါတစ်ရံ သွေဖည်ခြင်းက အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဓလေ့ထုံးတမ်းစည်းမျဉ်းသစ်တစ်ခု ပေါ်ထွက်လာစေသည် ကို မထိခိုက်စေပါဟု အကြံပြုထားသည်။ သို့သော် ဤ *North Sea Continental Shelf* အမှုများ ကိုယ်တိုင်က နိုင်ငံ၏အလေ့အထက ဓလေ့ထုံးတမ်းစည်းမျဉ်း အသစ်ကိုထောက်ခံရန် ပြောဆိုမှု ဖြစ်စဉ် နည်းလေလေနိုင်ငံ၏အလေ့အထနှင့် ဝိရောဓိဖြစ်ခြင်း သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ဖြစ်ရပ်များ သိသိသာသာ ပိုမိုများပြားပေလိမ့်မည်ဟု ညွှန်ပြသည်။

*Nicaragua* အမှုတွင်[၁၆] အပြည်ပြည်ဆိုင်ရာတရားရုံးက အင်အားသုံးခြင်းနှင့် ကြားဝင်စွက်ဖက်ခြင်းကိုဆန့်ကျင်သည့်အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ စည်းမျဉ်းများ တည်ရှိမှု၏ ဆက်စပ်အကြောင်းအရာအတွင်း၌ 'ယေဘုယျအလေ့အထ' ကို မည်သည်က ဖွဲ့စည်းသည်ကို ကျယ်ပြန့်စွာအသေးစိတ် ရှင်းလင်းဖော်ပြထားသည်။

နိုင်ငံများ၏အလေ့အထတွင် အငြင်းပွားနေဆဲစည်းမျဉ်းများအသုံးချခြင်းသည် ပြည့်စုံမှု ရှိနေသင့်သည်ဟုမျှော်လင့်ထားခြင်းမျိုးမဟုတ်ပါ။ လုံးဝကိုက်ညီမှုနှင့်အတူ နိုင်ငံများက အခြား တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အင်အားသုံးခြင်းနှင့် ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ရှားသင့်ခဲ့သည် ဆိုသည့် အမြင်မျိုးဖြစ်သည်။ ဓလေ့ထုံးတမ်းအဖြစ် တည်ထောင်မည့် စည်းမျဉ်းတစ်ခုဖြစ်ရန် အလားတူသောအလေ့အထသည် စည်းမျဉ်းနှင့် လုံးဝအသေးစိတ် ကိုက်ညီမှုရှိရမည်ဟု တရားရုံးက သဘောမထားပါ။ ဓလေ့ထုံးတမ်းစည်းမျဉ်းများ တည်ရှိမှုကို ကောက်ချက်ချရန် အလို့ငှာ နိုင်ငံများ၏ လုပ်ဆောင်မှုသည် ယေဘုယျအားဖြင့် အဆိုပါစည်းမျဉ်းများနှင့်ကိုက်ညီမှု ရှိသင့်သည်က လုံလောက်ပြီး ဆိုခဲ့သောစည်းမျဉ်းနှင့် ကိုက်ညီမှုမရှိသောနိုင်ငံ၏ လုပ်ဆောင်မှု ဖြစ်စဉ်များကို ထိုစည်းမျဉ်းအားချိုးဖောက်သည်ဟုသတ်မှတ်၍ စည်းမျဉ်းသစ်အား အသိအမှတ်ပြု ညွှန်ပြခြင်းများအနေဖြင့်မသတ်မှတ်ဟု တရားရုံးက မှတ်ယူသည်။ အကယ်၍ နိုင်ငံတစ်နိုင်ငံက အပြုအမူများသည် အသိအမှတ်ပြုထားသော စည်းမျဉ်းနှင့် *ထင်ထင်ရှားရှား ကိုက်ညီမှု* မရှိဘဲ ထိုစည်းမျဉ်းကိုယ်၌တွင် ပါရှိသောခြွင်းချက်များ သို့မဟုတ် မှန်ကန်စွာပြုကြောင်းကို အယူခံ ခြင်းဖြင့် ၎င်း၏လုပ်ဆောင်မှုကို ခုခံလျှင် ထိုအချက်အပေါ်အခြေခံ၍ နိုင်ငံ၏လုပ်ဆောင်မှုက အမှန်စင်စစ် မှန်ကန်စွာပြုကြောင်းဟုတ်မဟုတ်၊ စည်းမျဉ်းကို အားနည်းဆုတ်ယုတ်စေမည့်အစား ထိုသဘောထား၏ထူးခြားချက်ကို အတည်ပြုရန် ဖြစ်သည်။

ထို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် တူညီသည့်အလေ့အထထံမှ တစ်ခါတစ်ရံ သွေဖည်ခြင်း များက ၎င်း၏ဓလေ့ထုံးတမ်းသွင်ပြင် လက္ခဏာမှ ဆုံးရှုံးသွားစေခြင်းမရှိပါ။ သို့ရာတွင် အဆိုပါ သွေဖည်ခြင်းများသည် ယေဘုယျအားဖြင့် အခြားနိုင်ငံများ၏ကန့်ကွက်မှု သို့မဟုတ် စည်းမျဉ်းတွင် ပါရှိသောခြွင်းချက်များကို ကိုးကား၍ (အဆိုပါမှန်ကန်ကြောင်း ပြသရန် အားထုတ်မှု အခြေမခိုင် သည့်တိုင်) မှန်ကန်ကြောင်းပြရမည်။

ကန့်ကွက်မှုသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ တည်ဆောက်ပြီးသောစည်းမျဉ်း ထက် စာလျှင် စည်းမျဉ်းသစ်ကိစ္စရပ်များတွင် ပိုမိုသိသာထင်ရှားပေလိမ့်မည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ စည်းမျဉ်းသစ်တွင် အခြားနိုင်ငံအနည်းငယ်၏ကန့်ကွက်မှုသည် စည်းမျဉ်းသစ် ပေါ်ထွက် လာမှုကို အသိအမှတ်ပြုခြင်းအားဆန့်ကျင်မှုအတွက် ဖိအားလွန်စွာကြီးလိမ့်မည်။ ဤအခြေအနေ တွင် 'ယေဘုယျ' သွင်ပြင်လက္ခဏာကို တည်ဆောက်ရန်အလို့ငှာ အလေ့အထကို ထောက်ခံမှု အထောက်အထားများစွာ ပိုမိုလိုအပ်လိမ့်မည်။

ကန့်ကွက်ရန်ပျက်ကွက်ခြင်းကို 'သဘောတူညီမှု' ဟုရည်ညွှန်းလေ့ရှိသည်။ ၎င်းကို 'ယေဘုယျအားဖြင့် ကန့်ကွက်ခြင်းကို ပြသသည့် သဘောတူညီမှု တောင်းခံသည့် အခြေအနေ များတွင် ဆိတ်ဆိတ်နေခြင်း သို့မဟုတ် ကန့်ကွက်မှုမရှိခြင်း'ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။[၁၇] အလေ့အထသည် ခိုင်မာသော စည်းမျဉ်းသစ်နှင့် ကိုက်ညီမှု မရှိသော်ငြားလည်း သဘောတူညီမှု သည် ၎င်း၏အသိအမှတ်ပြုခြင်းနှင့် အလွန်အကျွံ ဆန့်ကျင်သည်ဟု မှတ်ယူလိမ့်မည်။

တည်ဆောက်ပြီးသော ဓလေ့ထုံးတမ်းစည်းမျဉ်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် စည်းမျဉ်းထံမှ သွေဖည်ခြင်းများကိုသဘောတူညီခြင်းသည်၎င်း၏ဥပဒေ အဆင့်အတန်းကို ဆုတ်ယုတ် စေနိုင်ပြီး အနေးနှင့်အမြန် ပျောက်ကွယ်သွားနိုင်သည် သို့မဟုတ် ကွဲပြားခြားနားသော သို့မဟုတ် ပြုပြင်မွမ်းမံထားသော စည်းမျဉ်းဖြင့် အစားထိုးခံရနိုင်သည်။ ဆိုခဲ့သော ဓလေ့ထုံးတမ်း စည်းမျဉ်းအသစ်များ ကိစ္စတွင် အများကလက်ခံသော စည်းမျဉ်းသစ်ကို ပယ်ချသော အလေ့အထဟုဆိုရသည့် သဘောတူညီခြင်းကို သွယ်ဝိုက်သော သဘောတူညီချက် ကဲ့သို့မှတ်ယူနိုင်သည်။

ထို့အပြင် အလေ့အထ၊ ကန့်ကွက်မှု သို့မဟုတ် သဘောတူညီမှုတို့နှင့် ပတ်သက်၍ သာလွန်လေးနက်မှုကို နိုင်ငံများ၏ သဘောထားတွင် မူတည်ပေလိမ့်မည်။ နိုင်ငံများ၏ သဘောထားဆိုသည်မှာ အထူးအားဖြင့် အများက လက်ခံထားသော စည်းမျဉ်း၏ သက်ရောက်မှုကို ခံရသော သို့မဟုတ် စည်းကမ်းသတ်မှတ်ပေးရန်ဟု ပြောဆိုရသည့် လုပ်ဆောင်မှုတွင် ပါဝင်ပတ်သက်သော နိုင်ငံများ၏ သဘောထားဖြစ်သည်။ ထို့ကြောင့် *North Sea Continental Shelf* အမှုတွင်[၁၈] အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကမ်းဦးရေတိမ်ပိုင်း အပေါ် အငြင်းပွားလျက်ရှိသော နယ်နမိတ်မျဉ်း၏ နယ်နမိတ်ကန့်သတ်ခြင်းကို သက်ရောက်စေသော ဆိုခဲ့သည့် ဓလေ့ထုံးတမ်း စည်းမျဉ်းသစ်တည်ရှိမှု သေချာစေရန် ရှာဖွေရာတွင် ကုန်းတွင်းပိတ် နိုင်ငံများ၏အလေ့အထထက် ကျယ်ပြန့်သောကမ်းရိုးတန်းရှိသည့် နိုင်ငံများ၏အလေ့အထကို ပို၍စိတ်ဝင်စားခဲ့သည်။ အလားတူပင် အာကာသ၌ လုပ်ဆောင်မှုများကို စည်းကမ်းသတ်မှတ်သော ဓလေ့ထုံးတမ်းဥပဒေ၏ ပြောင်းလဲတိုးတက်မှုတွင် အမေရိကန်ပြည်ထောင်စု၊ ရုရှနှင့် အာကာသအစီအစဉ်များရှိသော နိုင်ငံများ၏ သဘောထားများက အဆိုပါ အစီအစဉ်မရှိသောနိုင်ငံများ၏ သဘောထားထက် ပို၍အရေးပါသည်။

ဖော်ပြထားသကဲ့သို့ ယေဘုယျအလေ့အထ အဆင့်အတန်းဟု မှတ်ယူရန် နိုင်ငံတိုင်းက အလေ့အထ (*usus*) တွင် တက်ကြွစွာပါဝင်ရန် မလိုအပ်ပါ။ နိုင်ငံက အလေ့အထ (*usus*) ကို ၎င်း၏ကိုယ်ပိုင် လုပ်ဆောင်ချက်၌ လက်မခံခဲ့သည့်အပေါ် အခြေခံရုံမျှဖြင့် နိုင်ငံတစ်နိုင်ငံကို ယေဘုယျအလေ့အထနှင့် လိုက်လျောညီထွေဖြစ်သော ဓလေ့ထုံးတမ်းစည်းမျဉ်းတစ်ခုကို အသုံးမချခြင်းဟု အခိုင်အမာ မဆိုနိုင်ဟုနားလည်သည်။ အလေ့အထအသစ် သို့မဟုတ် ဖွံ့ဖြိုးဆဲအလေ့အထကို ကန့်ကွက်မှုမရှိသည့်အခါ ၎င်း၏ ပေါ်ထွက်လာခြင်းကို နိုင်ငံတစ်နိုင်ငံက သဘောတူညီလျက်ရှိသည် ဟုမှတ်ယူလေ့ရှိပြီး အဆိုပါ သဘောတူညီမှုကို သဘောတူညီမှုပေးသည် ဟုမှတ်ယူလိမ့်မည်။

အကယ်၍ နိုင်ငံများ၏ ယေဘုယျအလေ့အထသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ လိုအပ်သည့် ဓမ္မဓိဋ္ဌာန်ကျသောအစိတ်အပိုင်းဖြစ်လျှင် အလေ့အထကို ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း (*opinio juris*) ခွင့်ပြုရန် သို့မဟုတ် လိုက်နာရန် လိုအပ်သည်ဟု ယုံကြည်မှုတစ်ခုမှာ ပုဂ္ဂလဓိဋ္ဌာန်ကျသော အစိတ်အပိုင်းဖြစ်သည်။

အလေ့အထတစ်ခုသည် ၎င်းကကျယ်ပြန့်လာပြီး နိုင်ငံအားလုံးနီးပါး၏ တူညီသော အလေ့အထဖြစ်ရုံမျှဖြင့် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ၏ စည်းမျဉ်းတစ်ခုကို မဖော်ထုတ်ပါ။ အဆိုပါများပြားလှသော အလေ့အထများသည် ဥပဒေစည်းမျဉ်းများကို မထင်ဟပ်ဘဲ အပြည်ပြည်ဆိုင်ရာ'ယဉ်ကျေးမှု' ဖော်ပြချက်မျှသာ၊ တစ်နည်းအားဖြင့် နိုင်ငံများ အကြား လောကဝတ်သာဖြစ်သည်။ ဥပမာအားဖြင့် နိုင်ငံ့အကြီးအကဲလာရောက် လည်ပတ်ခြင်းကို စစ်တပ်ဖြင့်ဂုဏ်ပြုခြင်းနှင့် ဧည့်သည်တော်နိုင်ငံ၏ နိုင်ငံတော်အလံ လွှင့်ထူပြခြင်းသည် အပြည်ပြည် ဆိုင်ရာယဉ်ကျေးမှုကို ဖော်ပြခြင်း' ဖြစ်သော်လည်း ဥပဒေဆိုင်ရာ တာဝန်ဝတ္တရား မပါဝင်ပါ။ အဆိုပါအလေ့အထများကို လူမှုရေးအမြင်အရ ဓလေ့ထုံးတမ်းအဖြစ် ဖော်ဆောင် နိုင်သော်လည်း ဓလေ့ထုံးတမ်းဥပဒေကိစ္စရပ်တစ်ခုအနေဖြင့် မလိုအပ်ပါ။ ၎င်းသည် ဥပဒေဆိုင်ရာ တာဝန်ရှိမှုကိုယုံကြည်လက်ခံခြင်း (*opinio juris* ) မျက်မှောက်တွင် ကျယ်ပြန့်ပြီး အားလုံးနီးပါး တူညီသော အလေ့အထမှ အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ၏ စည်းမျဉ်းတစ်ခုအဖြစ်သို့ ပြောင်းလဲသည်။

*Lotus* အမှုတွင်[၁၉] အခြေအနေတစ်ရပ်၌ ရာဇဝတ်မှု စတင်တရားစွဲဆိုခြင်းကို တားမြစ်သော ဓလေ့ထုံးတမ်းစည်းမျဉ်းတစ်ခုအား လက်ခံရန် နိုင်ငံ၏အလေ့အထ မလုံလောက်မှုအပေါ် မှတ်ချက် ပေးပြီးနောက် အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံးက မိန့်ဆိုသည်မှာ-

> စီရင်ထုံးပြုသောအမှုများအကြား တွေ့ရှိသည့် အလွန့်အလွန်ရှားပါးသော စီရင်ဆုံးဖြတ်ချက်များကပင်လျှင် ပြင်သစ်အစိုးရကိုယ်စားလှယ်က စွပ်စွဲထားသည့် အခြေအနေများရှိ အကြောင်းခြင်းရာများ၏ အဓိကအချက်ကို သက်သေပြရန် လုံလောက်သည့်တိုင် နိုင်ငံများ သည် လက်တွေ့တွင် ရာဇဝတ်မှုစွဲဆိုခြင်းကို ရှောင်ရှားကြသည်ကို ပြသရန် သက်သက် မျှသာဖြစ်သည်။ ထို့ပြင် လိုက်နာရန်တာဝန်ရှိသကဲ့သို့ ၎င်းတို့ကိုယ်တိုင် ထိုသို့ပြုလုပ်ခြင်းကို အသိအမှတ်ပြုခြင်း မဟုတ်ကြောင်း ပြသခြင်း သက်သက်မျှသာ ဖြစ်သည်။ အကယ်၍ အဆိုပါ ရှောင်ရှားခြင်းသည် ရှောင်ရှားရန်တာဝန်ရှိခြင်းဟူသော သတိပြုမိခြင်းအပေါ် အခြေခံသူ အတွက်သာလျှင် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဟု ပြောရန် ဖြစ်နိုင်သည်။ ဆိုခဲ့သော အကြောင်းခြင်းရာက နိုင်ငံများသည် အဆိုပါ တာဝန်တစ်ရပ်ရှိနေခြင်းကို သတိပြုမိလျက်ရှိသည်ဟု ကောက်ယူရန်မဖြစ်စေပါ။

အပြည်ပြည်ဆိုင်ရာတရားရုံးက *the North Sea Continental Shelf* အမှုတွင်[၂၀] အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေစည်းမျဉ်းတစ်ခုကို ဖော်ထုတ်ရန်အတွက် နိုင်ငံများမှ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအား စွဲမြဲစွာလိုက်နာမှု၏ထူးခြားချက်ကို ထည့်သွင်း စဉ်းစားသည်။ တရားရုံးအဆိုအရ နိုင်ငံ၏အလေ့အထသည် 'တရားဥပဒေစိုးမိုးရေး သို့မဟုတ် ဥပဒေရေးရာတာဝန် ပါဝင်နေသော ယေဘုယျအသိအမှတ်ပြုခြင်းတစ်ခုကို ပြသရန် နည်းလမ်း ကဲ့သို့ ဖြစ်ပေါ်ခဲ့သင့်သည့်'ဟု ဆိုခဲ့သော ဓလေ့ထုံးတမ်းစည်းမျဉ်းအား ထောက်ခံမှု အပေါ်တွင်

မူတည်သည်။[၂၁] အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏အဖွဲ့ဝင် မဟုတ်သော်လည်း စာချုပ်၏ လိုအပ်ချက်များနှင့်ကိုက်ညီကြောင်း ပေါ်လွင်သော နိုင်ငံများ၏ လုပ်ဆောင်ချက်အပေါ် မှတ်ချက်ပြုရာတွင် တရားရုံးက အောက်ပါအတိုင်း ဆုံးဖြတ်ပါသည်။[၂၂]

> အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏အဖွဲ့ဝင် မဟုတ်သောနိုင်ငံများ၏ လုပ်ဆောင်ချက် ဖြစ်ရပ်များ၏ စုစုပေါင်းအရေအတွက်က အမှန်တကယ် ပိုမို များပြားသော်လည်း *ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း* (*opinion juris*) ဖွဲ့စည်းရန် ထိုအရာများကိုယ်၌က လုံလောက်မည် မဟုတ်ပါ။ အဆိုပါရလဒ်ရရှိစေရန် အခြေအနေနှစ်ရပ်နှင့် ပြည့်စုံရမည်။ သက်ဆိုင်သော လုပ်ဆောင်မှုများက တည်ငြိမ်သောအလေ့အထသဘော သက်ရောက်ရမည်သာမက ၎င်းကိုလိုအပ်သော တည်ဆဲဥပဒေ စည်းမျဉ်းတစ်ရပ်ဖြင့် ဤအလေ့အထကို တာဝန်အရ ပြုလုပ်ခဲ့သည့် ယုံကြည်မှု၏ အထောက်အထား ဖြစ်ရမည် သို့မဟုတ် ၎င်းတို့ကို အဆိုပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည် သို့မဟုတ် ထိုနည်းလည်းကောင်းဖြစ်ရမည်။ တစ်နည်းအားဖြင့် ပုဂ္ဂလိကဆိုင်ရာ အခြေခံသဘောတရားတစ်ခု တည်ရှိမှုဆိုသည့် အဆိုပါယုံကြည်မှုအတွက် လိုအပ်ချက်သည် *ဥပဒေဆိုင်ရာ အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရား ကိစ္စရပ်တစ်ခုကဲ့သို့ လက်တွေ့ကျင့်သုံးမှု လိုအပ်သည်ဟု ယုံကြည်ချက်တစ်ခု* (*opinio juris sive necessitates*)တွင် သွယ်ဝိုက်သောနည်းအားဖြင့် ပါရှိသည်။ ထို့ကြောင့် သက်ဆိုင်ရာနိုင်ငံများက ဥပဒေရေးရာတာဝန်သဘော သက်ရောက်သည့် အချက်နှင့် ကိုက်ညီမှုရှိနေသည်ဟု မိမိကိုယ်ကို ထင်မှတ်မိပေသည်။ လုပ်ဆောင်ချက်များ၏ လုပ်ဆောင်မှုကြိမ်နှုန်းနှင့် လုပ်လေ့လုပ်ထရှိသော သွင်ပြင် လက္ခဏာ ကိုယ်တိုင်ပင်လျှင် လုံလောက်မှုမရှိပါ။

အလေ့အထကို နိုင်ငံရေး သို့မဟုတ် အခြား တရားဥပဒေကြောင်းအရ မဟုတ်သော ထည့်သွင်းစဉ်းစားချက်များက တွန်းအားပေးသည်ဟု ယုံကြည်ရန်အကြောင်း ရှိသောအခါ လိုအပ်သော *ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း* (*opinio juris*) တည်ရှိမှုကို တည်ဆောက်ရန် ပိုမိုခက်ခဲပါလိမ့်မည်။ *The North Sea Continental Shelf* အမှုတွင် အပြည်ပြည်ဆိုင်ရာတရားရုံးက အပြည်ပြည်ဆိုင်ရာ နယ်နမိတ်ကို ရေးဆွဲရာတွင် ၁၉၅၈ခုနှစ်၊ ကမ်းဦးရေတိမ်ပိုင်းဆိုင်ရာဂျီနီဗာကွန်ဗင်းရှင်းတွင် ပါရှိသည့် အကွာအဝေးတူညီနည်းစနစ်ကို စာချုပ်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများက အသုံးချနေကြပြီး အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ လိုက်နာရမည့်စည်းမျဉ်းအဖြစ် အသုံးချနေခြင်းဖြစ်ကြောင်း ၎င်းတို့ကိုယ်တိုင် ယုံကြည်ခဲ့ကြသည်ကို ညွှန်ပြနေသော ‘အထောက်အထား အနည်းငယ်မျှမရှိ’ ဟု မှတ်သားထားသည်။ တရားရုံးက ‘အကွာအဝေးတူညီသောနည်းစနစ် အသုံးပြုရန် အခြားအကြောင်းရင်း မရှိသည် မဟုတ်သောကြောင့် ထိုကဲ့သိုပြုမူခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပြုမူရန်သဘောတူခြင်းသည်

ထိုပြုမူခြင်းကိုယ်၌က တရားဥပဒေကြောင်းအရ ရှိသော သဘောသဘာဝမျိုး မပြသ' ဆိုသည်ကို သတိပြုမိသည်။[၂၃]

*The Lotus* အမှု၊ *the Asylum* အမှုနှင့် *the North Sea Continental Shelf* အမှုများရှိ စီရင်ဆုံးဖြတ်ချက်များမှ ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း (*opinio juris*) ၏ အစိတ်အပိုင်းကသီးခြား အထောက်အထား လိုအပ်ကြောင်းကိုညွှန်ပြပြီး နိုင်ငံ၏အလေ့အထမှ ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း (*opinio juris*) ကိုကောက်ချက်ချရန် သက်သက် ခွင့်ပြုနိုင်မည်မဟုတ်ကြောင်း စာပိုဒ်များရှိသည်။ သို့သော် ဤတွေ့ရှိချက်များကို အဆုံးအဖြတ်များ၏ နောက်ခံအခြေအနေတွင်ပြုလုပ်သည်။ နိုင်ငံ၏ အလေ့အထက ယေဘုယျအလေ့အထ တစ်ခု တည်ဆောက်ရန် လိုအပ်သည့်အတိုင်း ဖြစ်မလာသည့်အခြေအနေတွင်လည်းကောင်း၊ အလေ့အထသည် နိုင်ငံရေး သို့မဟုတ် အခြားတရားဥပဒေကြောင်းအရ မဟုတ်သော ထည့်သွင်း စဉ်းစားချက်များက တွန်းအားပေးကြောင်း ယုံကြည်ရန်အကြောင်းရှိသည့် ဆက်စပ်နေသော အခါမျိုးရှိ အဆုံးအဖြတ်များ၏ နောက်ခံအခြေအနေတွင်လည်းကောင်း ပြုလုပ်ခြင်း ဖြစ်သည်။

သို့သော် *the North Sea Continental Shelf* အမှုများတွင် တရားသူကြီး Tanaka နှင့် အမှုသည်နိုင်ငံက ရွေးချယ်ခန့်အပ်သော တရားသူကြီး Sørenson တို့၏ ကွဲပြားသော အမြင်တို့က နိုင်ငံ၏အလေ့အထတစ်ခုသည် အမှန်စင်စစ် ယေဘုယျ ဖြစ်လာသည့်အခါ *ဥပဒေ ဆိုင်ရာတာဝန် ရှိမှုကိုယုံကြည်လက်ခံခြင်း* (*opinio juris*) ကိုသက်သေပြရန် ကွဲပြားသော ချဉ်းကပ်နည်းလမ်းအား ညွှန်ပြသည်။ တရားသူကြီးနှစ်ဦးစလုံးက ပြဿနာတွင်ပါရှိသော အလေ့အထသည်လုံလောက်စွာ ပျံ့နှံ့နေပြီးဖြစ်သည့်အတွက် ဓလေ့ထုံးတမ်း စည်းမျဉ်းတစ်ခုကို ထောက်ခံခြင်းပြုနိုင်သကဲ့သို့ ဖြစ်သည်ဟု မှတ်ယူထားသည်။ တရားသူကြီး Tanaka က ဖော်ပြသည်မှာ[၂၄]

> *ဥပဒေဆိုင်ရာအခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရား ကိစ္စရပ်တစ်ခုကဲ့သို့ လက်တွေ့ကျင့်သုံးမှု လိုအပ်သည်ဟု ယုံကြည်ချက်တစ်ခု* (*Opinio juris sive necessitates*) အနေနှင့် ခိုင်လုံသော အမှုများတွင် ယင်းတည်ရှိမှု၏ အထောက်အထားရရှိရန် အလွန့်အလွန်ခက်ခဲသည်။ နိုင်ငံ တကာ လှုံ့ဆော်မှုနှင့် စိတ်ဓါတ်ရေးရာ သဘောသဘာဝအရ ဤအချက်ကို လွယ်ကူစွာ သိရှိနိုင်မည်မဟုတ်ပါ။ အထူးသဖြင့် အစိုးရတစ်ရပ်၏ ကွဲပြားသော ဥပဒေပြုရေးနှင့် အုပ်ချုပ် ရေးအဖွဲ့များက အတည်ပြုလက်မှတ် ရေးထိုးခြင်းနှင့် အခြားနိုင်ငံ၏ လုပ်ဆောင်ချက်နှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ လုပ်ငန်းစဉ်တွင်း၌ ပါဝင်နေသော အခါမျိုးတွင် ဖြစ်သည်။ *ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း* (*opinio juris*) တည်ရှိမှုသည် အရေးပါသောအရာ ဖြစ်ပြီး အောင်မြင်မှု မရနိုင်မည့် နိုင်ငံ၏အလေ့အထ၏ ဥပမာတိုင်းကို ပုဂ္ဂလိကအမြင်အရ အကြောင်းရင်းခံ အထောက်အထားရှာဖွေမည့်အစား ပြင်ပ၌ တည်ရှိ

> နေသော ဓလေ့ထုံးတမ်းတစ်ခုခုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၌ သတိပြုမိသော ယင်း၏ လိုအပ်ချက်ဟူသောအချက်ထက် သေချာသိရှိနိုင်မည့် အခြားနည်းလမ်း မရှိပါ။.

Judge ad hoc Sørenson က Sir Hersch Lauterpacht ၏ အောက်ဖော်ပြ ရေးသားချက်ကို ထောက်ခံကာ ကိုးကားထားသည်။

> တိကျသော သဘောတရား....အစိုးရများ၏ တူညီသောလုပ်ဆောင်ချက်အားလုံးနှင့် ပတ်သက်၍ (သို့မဟုတ် သင့်လျော်သည့်ကိစ္စများ၌ ယင်းမှကြားနေခြင်း) ပြဿနာတွင် ပါရှိသော လုပ်ဆောင်မှုသည် အဆိုပါကြံ့ခွယ်ချက် တစ်စုံတရာမပါရှိကြောင်း ပြသနေခြင်း မှတပါး *ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း* (*opinio necessitatis juris*) ကို အထောက် အထားပြသကဲ့သို့ ဖြစ်နေသည်။[၂၅]

ဤကွဲပြားသောထင်မြင်ယူဆချက်များသည် ကျိုးကြောင်းဆီလျော်၍စိတ်ဝင်စားဖွယ် ကောင်းသော်လည်း အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် မကြာသေးမီကပင် နိုင်ငံ၏တူညီသော အလေ့အထက ကျယ်ပြန့်ပြီး အားလုံးနီးပါးတူညီနေသည့်တိုင် *ဥပဒေဆိုင်ရာ တာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း* (*opinio juris*) အား သီးခြားတည်ထောင်ရန် လိုအပ်ချက်ကို ထပ်မံ အတည်ပြုသည်။[၂၆]

နိုင်ငံများက ကျယ်ကျယ်ပြန့်ပြန့် အားလုံးနီးပါးတူညီစွာကျင့်သုံးသည့်အလေ့အထ မရှိသည့် အခါ အားလုံးနီးပါး တညီတညွတ်တည်းဖြစ်ပြီး ပြတ်သားသော *ဥပဒေအရ တာဝန်ရှိမှုကို လက်ခံယုံကြည်ခြင်း* (*opinio juris*) က ဓလေ့ထုံးတမ်းစည်းမျဉ်း တစ်ခုကို ဆက်လက် တည်တံ့နေစေနိုင်မည့်အခါလည်း ရှိပါသေးသည်။ သာဓကအားဖြင့် ညှဉ်းပမ်းနှိပ်စက်မှုကို ဆန့်ကျင်သော ဓလေ့ထုံးတမ်းနှင့် *မဖြစ်မနေလိုက်နာရမည့် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏စံဖြစ်သည့်အခြေခံမှု* (*jus cogen*) စည်းမျဉ်း သည် ညှဉ်းပမ်းနှိပ်စက်ခြင်းက နိုင်ငံများ၏ အလေ့အထတွင် ပျံ့နှံ့နေစေကာမူ ၎င်း၏ ဥပဒေရေးရာ အဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားသည်။ သို့သော် ညှဉ်းပမ်းနှိပ်စက်မှုကို နိုင်ငံများ၏ ကြေညာချက်များထဲတွင် ဥပဒေနှင့်မညီသည့်အနေဖြင့် တစ်ကမ္ဘာလုံးက ရှုံ့ချမှု ဆက်လက်တည်ရှိနေမည်။ ညှဉ်းပမ်းနှိပ်စက်မှုဖြင့်စွပ်စွဲခံရသောအခါ နိုင်ငံများက စွပ်စွဲချက်ကို ငြင်းပယ်လေ့ရှိပြီး ညှင်းပမ်းနှိပ်စက်မှုကို အပြည်အပြည်ဆိုင်ရာဥပဒေက ခွင့်ပြုကြောင်း မည်သည့်အခါမှ ထောက်ခံပြောဆိုမည်မဟုတ်ပါ။

## ယေဘုယျသဘောတရားများ

ယေဘုယျသဘောတရားများက ဥပဒေအရင်းအမြစ်ကဲ့သို့ တည်ရှိခြင်းသည် အပြည်ပြည် ဆိုင်ရာ သဘောတူစာချုပ်နှင့်ဓလေ့ထုံးတမ်းက အပြည်ပြည်ဆိုင်ရာဥပဒေ၌ ဥပဒေဆိုင်ရာစံနှုန်းများ၏ ပြီးပြည့်စုံသော အရင်းအမြစ်တစ်ရပ်ကို မပံ့ပိုးထားကြောင်း ညွှန်ပြသည်။ ယေဘုယျသဘောတရားများကို ‘ဥပဒေသဘောတရားများ’ အဖြစ် ဖော်ပြထားသည့် အချက်သည် အပြည်ပြည်ဆိုင်ရာ တရားရုံးကို အခြေအနေအားလုံးတွင် မှန်ကန်မျှတသည်ဟု စဉ်းစားထားသော ဥပဒေရေးရာ

မဟုတ်သည့် ထည့်သွင်းစဉ်းစားချက်များပေါ်အခြေခံရုံမျှဖြင့် အပြည်ပြည်ဆိုင်ရာ တရားရုံးကို ဆက်လက်ဆောင်ရွက်ရန် ခွင့်မပြုကြောင်းပြသသည်။

ဤကောက်ချက်ကို အပြည်ပြည်ဆိုင်ရာတရားရုံး၏ဥပဒေ အပိုဒ် ၃၈(၂) တွင်ဖော်ပြထားသည်မှာ အကယ်၍အမှုသည်များသဘောတူပါက တရားရုံးကအမှုများကို ' ဥပဒေအတိုင်း မဟုတ်ဘဲ *သာတူညီမျှမှုနှင့် မှန်ကန်မှုအရဆုံးဖြတ်ခြင်း'* (*ex aequo et bono*) တစ်နည်းအားဖြင့် သာတူညီမျှမှုနှင့် တရားမျှတမှု၏ဥပဒေရေးရာမဟုတ်သော ယူဆချက်များကို ကိုးကားခြင်းဖြင့် ဆုံးဖြတ်ရန် သီးခြားပြဋ္ဌာန်းထားသောအချက်က ပိုမိုခိုင်မာစေသည်။[၂၇] အပိုဒ်၃၈(၁)(ဂ)က ဥပဒေရေးရာမဟုတ်သော ထည့်သွင်းစဉ်းစားချက်များကို အားထားခြင်း အား ခွင့်ပြုထားနှင့်ပြီး ဖြစ်လျှင် အဆိုပါ သီးခြားခွင့်ပြုချက်သည် လိုအပ်ခဲ့မည် မဟုတ်ပါ။ အလားတူ အကြောင်းပြချက်က ဥပဒေအတွင်း ယေဘုယျဥပဒေသဘောတရားများအား ကိုးကားခြင်းက အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ဓလေ့ထုံးတမ်းကို ကိုးကားခြင်းဖြင့် ညွှန်ပြထားပြီးဖြစ်သောအရာထက်ပို၍ ထပ်ပေါင်းထားခြင်းမရှိဟူသောအမြင်ကိုပိတ်ပင်သည်။[၂၈]

ရလဒ်မှာအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ဓလေ့ထုံးတမ်း၏ သရုပ်သကန်မျှ မဟုတ်ဘဲ ဥပဒေသဘောသဘာဝ တစ်ခုဖြစ်သော ယေဘုယျ သဘောတရားများသည် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးများ၏ စည်းမျဉ်းစည်းကမ်းများအတွက် စစ်မှန်သောဥပဒေ၏ အရင်းအမြစ်တစ်ရပ်ဖြစ်သည်။

ယေဘုယျသဘောတရားများသည် ယဉ်ကျေးသောနိုင်ငံများက အသိအမှတ်ပြုထားရုံမျှသာဖြစ်ပြီး ၎င်းတို့က ပြဋ္ဌာန်းထားခြင်း သို့မဟုတ် သဘောတူညီချက်ပေးထားခြင်းမျိုးမရှိပါ။ အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံးဥပဒေ၏ ဥပဒေအကြံပေးကော်မတီ၊ ပြဋ္ဌာန်းချက်၏ တွဲဖက်ရေးသားသူ Lord Phillimore က 'ယေဘုယျသဘောတရားများသည်… လုပ်ထုံးလုပ်နည်း မှုသဘောတရားများ၊ ရိုးဖြောင့်သောသဘောဖြင့်ဆောင်ရွက်ရမည့် မှုသဘောတရားနှင့် *မီးသေဆုံးဖြတ်ချက် မှုသဘောတရား* စသဖြင့် နိုင်ငံအားလုံးက *ပြည်တွင်းတရားရုံး၌ လက်ခံသော* (*foro domestic*)သဘောတရား'ကို ရည်ညွှန်းသည်ဟု လေ့လာတွေ့ရှိသည်။ အထူးသဖြင့် ၎င်းက ယေဘုယျသဘောတရားများကို ဥပဒေဆိုရိုးများအား ရည်ရွယ်သည်။[၂၉] ဤအခြေခံအယူအဆများနှင့် ရင့်ကျက်သော ပြည်တွင်းတရားဥပဒေ စနစ်များတွင် တွေ့ရသည့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အရင်းအမြစ်များအနေဖြင့် အသုံးချနိုင်ရန် အကြံပြုသည်။ တဖန် လိုအပ်သည်မှာ *လက်ရှိ* ဥပဒေအခြေခံအတွေးအခေါ်များကို *အသိအမှတ်ပြုခြင်း* ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေနယ်ပယ်၌ ပြဋ္ဌာန်းချက်၊ သဘောတူညီချက် သို့မဟုတ် ချမှတ်ရမည့် စီမံချက် မဟုတ်ပါ။

ဤချဉ်းကပ်နည်းလမ်းကို ယေဘုယျသဘောတရားများကို 'လူမျိုးများ' (Nations) က အသိအမှတ်ပြုခြင်းဖြစ်ပြီး 'နိုင်ငံများ' (States) မဟုတ်ဟူသောအချက်ကို ကိုးကားမှုက ပိုမို

အားကောင်းစေသည်။ ဝေါဟာရအသုံးအနှုန်းသည် ရည်ရွယ်သည့်အဓိပ္ပာယ် မရှိဘဲနေသည် မဟုတ်ပါ။ နိုင်ငံများ(States)သည် အပြည်ပြည်ဆိုင်ရာဥပဒေ၏အခွင့်အရေးနှင့်တာဝန်များကို အဓိက လိုက်နာရသူဖြစ်သော အပြည်ပြည်ဆိုင်ရာဥပဒေပုဂ္ဂိုလ်ဖြစ်သည်။ဆန့်ကျင်ဘက်အားဖြင့် လူမျိုးများ (Nations) သည် လူများကိုယ်တိုင် ဖြစ်ကြသည်။

ယေဘုယျဥပဒေသဘောတရားနှင့် ပတ်သက်နေသည့်အရာတစ်ခုသည် *အပြည်ပြည်ဆိုင်ရာဥပဒေ* (*jus gentium*) ဖြစ်သည်။[၃၀] '*jus gentium*' ဟူသောစကားရပ်ကို အများက '*the law of nations*' ဟု ဘာသာပြန်ကြသည်။ သို့သော် 'လူသားအားလုံးအတွက် ဘုံဥပဒေ' ('the law common to all peoples') သို့မဟုတ် 'လူသားမျိုးနွယ်အားလုံးအတွက် ဘုံဥပဒေ' ကဲ့သို့ အဓိပ္ပာယ်မရေရာမှု နည်းပါးစွာ ပြန်ဆိုသည်။ *jus gentium* သည် ရောမနိုင်ငံသားများအကြား ဆက်ဆံရေးကို စည်းကမ်းသတ်မှတ်သော *ပြည်တွင်းဥပဒေ* (*jus civile*, civil law) ၏ နောက်ဆက်တွဲ ဖြည့်စွက်ချက်အနေဖြင့် ရောမဥပဒေထံမှ အရင်းခံသည်။ ရောမအာဏာ ချဲ့ထွင်လာခဲ့သည့်အတွက် ရောမနိုင်ငံသားများသည် နိုင်ငံသားမဟုတ်သူများနှင့် ဆက်ဆံရေးပိုမိုတိုးတက်များပြားလာပြီး နိုင်ငံသားမဟုတ်သူများ အချင်းချင်းအကြားနှင့် နိုင်ငံသားနှင့် နိုင်ငံသားမဟုတ်သူများအကြား ဆက်ဆံရေးကို စည်းကမ်းချက်သတ်မှတ်မည့် ဥပဒေတစ်ခု ဖော်ဆောင်လာခဲ့သည်။ ၎င်းမှာ *jus gentium* ဖြစ်သည်။ ရောမဥပဒေပညာရှင် Gaius (စီ. အေဒီ ၁၃၀-၁၈၀) က အောက်ပါ ထူးခြားသော သွင်ပြင်လက္ခဏာကိုဖော်ပြသည်။ [၃၁]

> ပြဋ္ဌာန်းဥပဒေနှင့် ဓလေ့ထုံးတမ်းကိုလိုက်နာရသောလူတိုင်းသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ၎င်းနှင့်သာသက်ဆိုင်သောဥပဒေနှင့် လူသားမျိုးနွယ်အားလုံးအတွက် ဘုံဥပဒေကို တစ်စိတ်တစ်ပိုင်းအားဖြင့် လေးစားလိုက်နာရမည်။ လူများက ၎င်းတို့အတွက် တည်ထောင်သော ထိုဥပဒေသည် ၎င်းတို့နှင့်သာ သက်ဆိုင်ပြီး ၎င်းကို *jus civile* ဟုခေါ်သည်။ သဘာဝကျသည့် အကြောင်းရင်းအားဖြင့် လူသားမျိုးနွယ် အားလုံးအကြား တည်ထောင်သောဥပဒေကို မျိုးတူလူသားအားလုံးက လိုက်နာသည့် ဥပဒေအဖြစ် အပြည်ပြည်ဆိုင်ရာဥပဒေ *ius gentium* ဟုခေါ်သည်။ ထို့ကြောင့်ရောမ လူမျိုးများသည် ၎င်းတို့နှင့်သာ သက်ဆိုင်သောဥပဒေကို တစ်စိတ်တစ်ပိုင်း လိုက်နာရပြီး လူသားမျိုးနွယ် ဥပဒေကို တစ်စိတ်တစ်ပိုင်း လိုက်နာရသည်။

*jus gentium* သည် နိုင်ငံအုပ်ချုပ်သူ အချုပ်အခြာ အာဏာပိုင်များအကြား ဆက်ဆံရေးကို မထိန်းချုပ်ခဲ့ပါ (ရောမအချုပ်အခြာအာဏာပိုင်နှင့် တိုင်းတပါးအချုပ်အခြာ အာဏာပိုင်တို့အကြား အဆင့်တူညီခြင်းကို တရားဝင်အသိအမှတ် မပြုခဲ့ပါ)။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ မဟုတ်ခဲ့ပါ။ ၎င်းအစား ယဉ်ကျေးသော လူ့အသိုင်းအဝိုင်း တစ်ခုခုရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအကြား ဆက်ဆံရေးကို အုပ်ချုပ်သော ယေဘုယျသဘောတရားများ ပါဝင်ခဲ့သည်။ လူ့အသိုင်းအဝိုင်း တစ်ခုစီတိုင် *jus civile* နှင့် ညီမျှသော လက်တွေ့ ဆောင်ရွက်ရာတွင် အသေးစိတ်ထင်ရှားချက်

များကို ကွဲပြားခြားနားအောင်ပြုပေးသည့် သဘောတရားများ ဖြစ်ကြသည်။ သို့ဖြစ်၍ '*jus gentium* သည် Gaius ၏အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စည်းမျဉ်းများနှင့် ဥပဒေအဖွဲ့အစည်းများ ပါဝင်သည့် အားလုံးလွှမ်းခြုံသော အယူအဆတစ်ရပ်ဖြစ်သည်....... လက်ထပ်ထိမ်းမြားခြင်း၊ ပစ္စည်းကာကွယ်ခြင်း၊ သို့မဟုတ် အမှားကျူးလွန်သူ၏ လျော်ကြေး ပေးရန်တာဝန်ကဲ့သို့ နေရာတိုင်းတွင်တွေ့ရှိရသည်။ ၎င်းသည်ကမ္ဘာလုံးဆိုင်ရာ ဥပဒေ ဖြစ်သည်'။[၃၂] ၎င်းတွင် သံတမန်ကင်းလွတ်ခွင့်များနှင့် စစ်အတွင်း ရန်သူ့ပစ္စည်းသိမ်းခြင်း ဆိုင်ရာဥပဒေ ကဲ့သို့သော အပြည်ပြည်ဆိုင်ရာသွင်ပြင်လက္ခဏာတစ်ခု၏ သဘောတရားအချို့ပါရှိသည်။ သို့သော် ၎င်းသည် *jus gentium* နှင့်တူညီသောအရာ တည်ထောင်ခြင်းမှ အပြည်ပြည်ဆိုင်ရာ ဥပဒေထိ အလှမ်းဝေးနေသေးသည်။

Finnis က *jus gentium* သို့မဟုတ် ၎င်း၏အစိတ်အပိုင်းဖြစ်သော ယေဘုယျ ဥပဒေ သဘောတရားကို ဖွဲ့စည်းသည့် အပြန်အလှန်ဆက်နွယ်သော အောက်ပါ သဘောတရား (၁၃) ခုဖြင့် ဖော်ထုတ်သည်။[၃၃]

(၁) မျှော်မှန်းအမြတ်အစွန်း (*lucrum cessans*) မဟုတ်ပါဘဲ *အမှန်တကယ်ဆုံးရှုံးမှု (damnum emergens)* နှင့်စပ်လျဉ်း၍ ပစ္စည်း ပိုင်ဆိုင်ခွင့်ကို အတင်းအကျပ်ရယူခြင်းကို လျော်ကြေးပေးရမည်၊ (၂) မှားယွင်းမှု မပါဘဲ၊ ကြံရွယ်ချက်မပါသော ထိခိုက်နစ်နာစေခြင်းအတွက် တာဝန်မရှိပါ၊ (၃) ကျူးလွန်ရန် ကြံရွယ်ချက် (*mens rea*) မပါလျှင် ပြစ်မှုဆိုင်ရာတာဝန်မရှိပါ၊ (၄) ယခင်ပြုမူ ပြောဆိုချက်နှင့် ဆန့်ကျင်ကွဲလွဲ၍ ငြင်းဆိုခြင်းကိုပိတ်ပင်ခြင်း (မည်သူမှ မိမိ၏ ကိုယ်ပိုင်လုပ်ဆောင် ချက်နှင့် မဆန့်ကျင်ရ)၊ (၅) မိမိအမှားအတွက် ထုချေသူအား ဥပဒေဆိုင်ရာအကူအညီမရှိ (သာတူညီမျှမှု ရှာဖွေသူသည် သာတူညီမျှမှုပြုရမည်)၊ (၆) အခွင့်အရေးအလွဲသုံးစား လုပ်သူအတွက် အကူအညီမရှိ၊ (၇) လိမ်လည်မှုက အားလုံးကိုပျက်ပြားသည်၊ (၈) မှန်ကန်မှုမရှိဘဲနှင့် အခြားသူ၏ကုန်ကျစရိတ်ဖြင့် အမြတ်ရယူထားသည်ကို မူလအတိုင်း ပြန်လည် ပြုလုပ်ပေးရမည်၊ (၉) *သဘောတူညီချက်ကို လိုက်နာရမည် (pacta sunt servanda)* (ပဋိညာဉ်ကို ဆောင်ရွက်ရမည်)၊ (၁၀) တည်ဆဲ ဥပဒေဆိုင်ရာဆက်နွယ်မှု ပုံစံကို သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည့် အတော်အတန်လွတ်လပ်မှု၊ (၁၁) ဥပဒေ ပြဋ္ဌာန်းချက်များရှိ ဥပဒေရေးရာ သက်ရောက်မှုကို အကဲဖြတ်ရာတွင် အားနည်းသူ အား ၎င်းတို့၏အားနည်းချက်မှ ကာကွယ်ရမည်၊ (၁၂) နှစ်ဖက် ကြားနာခွင့် မရဘဲ အငြင်း ပွားမှုကိုမဆုံးဖြတ်ရ၊ (၁၃) မည်သူမှ မိမိအမှုကို ကိုယ်တိုင် စီရင်ခွင့်မပြုရ။

ဤ *jus gentium* သဘောတရားများသည် အမှန်တကယ်၌ 'သီးခြား စည်းမျဉ်းများနှင့် ဆုံးဖြတ်ချက်များလိုအပ်သည် ဆိုခြင်းထက် မှန်ကန်မျှတကြောင်းပြ၍ အခြေအနေ တစ်ရပ်ရပ်တွင် အခြားအလားတူ သဘောတရားများကဲ့သို့ ၎င်းတို့ကိုအသုံးချရာတွင် သတ်မှတ်ချက်နှင့်

ကိုက်ညီသည့် သဘောတရားများဖြစ်သည်။'[၃၄] ဤသည်မှာ အပြည်ပြည်ဆိုင်ရာဥပဒေတွင် ယေဘုယျ သဘောတရားများသည် မည်သို့ အလုပ်လုပ်သည်ပင် ဖြစ်သည်။

Finnis ကဖော်ထုတ်ထားသော *jus gentium* ယေဘုယျဥပဒေသဘောတရားသည် အပြည်ပြည်ဆိုင်ရာဥပဒေကျင့်သုံးသော အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် အခြားခုံရုံးများ၏ အလုပ်များတွင် ပေါ်လွင်ထင်ရှားစေသည့် ယေဘုယျဥပဒေသဘောတရားများနှင့် သာတူညီမျှမှု သဘောတရားများနှင့် သိသာသောဆင်တူမှုရှိသည်။ [၃၅]

*မီးသေဆုံးဖြတ်ချက်* (*res judicata*)၊ ပဋိညာဉ်၏ ရည်ရွယ်ချက်ကြောင်းအရာတို့ကို ကြည့်၍ *အဓိပ္ပာယ်ဖွင့်ဆိုခြင်း* (*effet utile*)၊ နှင့် တရားမျှတမှုကိုငြင်းပယ်ခြင်း စသော မူလ လုပ်ထုံးလုပ်နည်းသွင်ပြင်လက္ခဏာ၏ အခြားယေဘုယျသဘောတရားများကို အပြည်ပြည် ဆိုင်ရာ ခုံရုံးများက ၎င်းတို့ရှေ့မှောက်ရှိအမှုများတွင် အသုံးချသော ယေဘုယျဥပဒေ သဘောတရားများ အကြားတွင် တွေ့ရှိရသည်။

ယေဘုယျသဘောတရားများ အခြေခံကျကျ စတင်ဖြစ်တည်လာခြင်း သဘော သဘာဝကို Cheng Bin က ၎င်း၏ ဘာသာရပ်ဆိုင်ရာ ထင်ရှားသောစာအုပ်တွင် အထူး အသားပေး ထားသည်။[၃၆] 'အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဤအပိုင်းသည်...... လက်တွေ့ အသုံးပြုရန်အတွက် ရည်ရွယ်၍ ဖော်ထုတ်ထားသည့် တိကျသေချာသော စည်းမျဉ်းတွင် မပါရှိပါ။ သို့သော် တရားဥပဒေ ကြောင်းအရ အမှန်တရားကိုယ်၌က အရေးကြီး အရည်အသွေးများ အတိအလင်းဖော်ပြသော ဥပဒေစည်းမျဉ်းများ တွင် အခြေပြုထားသည့် ယေဘုယျ အကြံပြုချက်များ၌ ပါရှိသည်။'

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အမြဲတမ်းတရားရုံးဥပဒေ၏ ဥပဒေအကြံပေးကော်မတီ ဥက္ကဋ္ဌ Baron Descamps က အပိုဒ်-၃၈၏ စာတွင် ပါရှိသော ယေဘုယျသဘောတရားများ တည့်သွင်းခြင်းကို '*အမှန်တရားတွင် မသေချာမှု တည်ရှိ*နိုင်ခြေနှင့်ကိုက်ညီရန် လိုအပ်သည်' ဟု ဖော်ပြထားသည်။[၃၇]

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ စာစုများရှိ ပေါ်လွင်ထင်ရှားသော ကွာဟချက် များမှ တဆင့် ယေဘုယျဥပဒေသဘောတရားများက ဖြည့်ဆည်းနိုင်မည့် သိုမှီးရာ နေရာ တစ်ခုကို ပံ့ပိုးပေးသည်။ အပြည်ပြည်ဆိုင်ရာဥပဒေက 'ပြီးပြည့်စုံသောစနစ်' တစ်ခုဟု ကောင်းစွာမှတ်ယူ သင့်သော အမြင်ကို ပို၍ခိုင်မာစေသည်။ တစ်နည်းအားဖြင့် အပြည်ပြည်ဆိုင်ရာ အခြေအနေ တိုင်းသည် ဥပဒေအကြောင်းခြင်းရာကဲ့သို့ ဆုံးဖြတ်နိုင်စွမ်းနှင့် အပြည်ပြည်ဆိုင်ရာခုံရုံးများက အခြေပြုကိုးကားရမည့်ဥပဒေနှင့် စည်းမျဉ်းများမပြည့်စုံခြင်းကြောင့် အမှုကိုအဆုံးအဖြတ် မပေးနိုင်ဟု *တရားရုံးကထုတ်ပြန်* (*non liquet*) ကြေညာမည် မဟုတ်ပါ။ *jus gentium* ယေဘုယျသဘောတရားများက ပြဋ္ဌာန်းဥပဒေစည်းမျဉ်းများကို မည်သည့် မတရားသော သို့မဟုတ် မတည်တံ့သောငြင်းပယ်ခြင်းအတွက် အခြေခံအုတ်မြစ်အဖြစ်မပံ့ပိုးပေးပါ။ ၎င်းအစား ယေဘုယျ

သဘောတရားများက တစ်စိတ်တစ်ဒေသအားဖြင့် ဆင်းသက်လာရာ ဖြစ်သော ပြဋ္ဌာန်းဥပဒေ စည်းမျဉ်းများသည် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အရ သို့မဟုတ် ဓလေ့ထုံးတမ်း စည်းမျဉ်းက တိုက်ရိုက် အဖြေမပေးသောအခါ အမှု၏လိုအပ်ချက်များနှင့် သင့်လျော်စေမည့် စည်းမျဉ်းတစ်ခုကို ပုံသွင်းရန် *jus gentium* အား အသုံးချနိုင်သည့်အပေါ် အခြေခံအကြောင်းရင်းတစ်ခုကို ဖြည့်ဆည်းသည်။

ယေဘုယျ ဥပဒေသဘောတရားများသည် အဓိကအားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ (အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ဓလေ့ထုံးတမ်း) ၏ လစ်ဟာနေသော ကွက်လပ် (*lacunae*)ကို ဖြည့်ရန်ဖြစ်သောကြောင့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေစုတို့က ကြီးထွားလာသည်နှင့်အမျှ ၎င်းတို့၏ လက်တွေ့ကျသော အရေးပါမှုသည်တဖြည်းဖြည်း လျော့ကျလာသည်။ မျက်မှောက်ခေတ် အပြည်ပြည်ဆိုင်ရာ ဥပဒေသည် ၎င်း၏ အစောပိုင်းအဆင့်များတွင် *jus gentium* ထံမှ တိုက်ရိုက် ဆင်းသက်လာသည့် စည်းမျဉ်းများ ခန့်မှန်းတွက်ချက်ခြင်းအပေါ်ကြီးစွာ မှီတည်ခဲ့သည်။ Grotius (၁၅၈၃-၁၆၄၅) ခေတ်မှ (၁၉) ရာစုတိုင်အောင် ကျွမ်းကျင်ပညာရှင်များ၏ ရေးသားချက် အခန်းကဏ္ဍတွင် ပထမသဘောတရားထံမှ အပြည်ပြည်ဆိုင်ရာ ဥပဒေပြဿနာများ၏ အခင်းအကျင်းတစ်ခုလုံး အတွက် မျှတသောအဖြေရှာခြင်းဆီသို့ စဉ်းစားတွေးခေါ်ခြင်းများစွာ ပါဝင်သည်။ ၎င်းသည် အစောပိုင်းကာလ ဘာသာရပ်ဆိုင်ရာရေးသား ထုတ်ဝေသူများ၏ စာအုပ်အင်္ဂါရပ်ဖြစ်ပြီး ၎င်းတို့အားလုံးကို အတင်းကျပ်ဆုံး ကျိုးကြောင်းယူဆချက်ဝါဒီမှသည် အနိမ့်ဆုံး စိတ်ကူးမှန်းဆချက်အခြေပြုအထိ အရည်အသွေးပွံ့ပိုးပေးပြီး မကြာသေးသောကာလက လက်ရာများနှင့် ယှဉ်လျှင် ၎င်းစာအုပ်များသည် ပုံစံရော အနှစ်သာရအားဖြင့်ပါ ဝေးကွာလွန်းလှသည်။

အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ဓလေ့ထုံးတမ်းဥပဒေ စုစည်းလာ သောကြောင့် ယေဘုယျသဘောတရားထံမှ စဉ်းစားတွေးခေါ်ခြင်းကို တိုက်ရိုက်ပါဝင်ရန် လိုအပ်ချက် လျော့နည်းသွားပြီး ဘာသာရပ်ဆိုင်ရာရေးသားထုတ်ဝေသူများက အပြည်ပြည်ဆိုင်ရာဥပဒေအပေါ် ကြီးမားသော အာရုံစိုက်မှု စတင်ထားရှိလာခဲ့သည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် (၁၉) ရာစု အတွင်း၌ လွှမ်းမိုးမှုရှိသောဥပဒေဒဿနကဲ့သို့ ပြုလုပ်ပြဋ္ဌာန်း ဥပဒေဝါဒ (legal positivism) ပေါ်ထွက်လာခြင်းက အရှိန်မြှင့်တက်လာစေခဲ့ပြီး ထိုပြုလုပ်ပြဋ္ဌာန်းဥပဒေအတိုင်းဆိုရလျှင် စစ်မှန်သော သဘောအရ ဥပဒေအမျိုးအစားတစ်ခုသာလျှင် ဖြစ်သည်။ (၁၉) ရာစု အလယ်ပိုင်းမှ (၂၀) ရာစု အလယ်ပိုင်းအထိ ၎င်း၏ အထွဋ်အထိပ်အောင်မြင်ချိန်တွင် ဥပဒေ ရေးရာသီအိုရီ ပြုခြင်းအပေါ် လက်ဝါးကြီးအုပ်လုနီးပါးဖြစ်ခြင်းကို ပြုလုပ်ပြဋ္ဌာန်းဥပဒေဝါဒက အကျိုး မခံစားရတော့သည့်တိုင် ယေဘုယျသဘောတရားများအား အပြည်ပြည်ဆိုင်ရာဥပဒေ စည်းမျဉ်းသစ်များက ပုံသွင်းနိုင်သည့် အရန်ထားရှိသော အရင်းအမြစ်ဖြစ်သည့် အချက်က ဆက်လက်ကျန်ရှိနေသေးသည်။

သို့သော် ထိုအရန်ထားရှိသောလုပ်ငန်းတာဝန်ကို တန်ဖိုးနှိမ့်ချခြင်းမပြုသင့်ပါ။ United States-United Kingdom Claims Tribunal ၏ စကားရပ်များတွင်[၃၈]

> ထိုသို့ အမှုကိုထိန်းချုပ်သော တစ်ကမ္ဘာလုံးက အသိအမှတ် ပြုထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့် သီးခြားအပြည်ပြည်ဆိုင်ရာဥပဒေက ဖော်ထုတ် ထားသော စည်းမျဉ်းမရှိဟုယူဆထားသော်လည်း.... အသုံးချနိုင်မည့် အပြည်ပြည်ဆိုင်ရာဥပဒေသဘောတရားမရှိဟု မဆိုနိုင်ပါ။ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေနှစ်ခုစလုံးတွင် သီးခြားအမှုအတွက် အတိအလင်းပြဋ္ဌာန်းထားသော စည်းမျဉ်း မပါဝင်နိုင်၊ ယေဘုယျအားဖြင့် မပါရှိနိုင်ပေ။ သို့သော် ဥပဒေသိပ္ပံ၏ လုပ်ငန်းတာဝန်မှာ ဆန့်ကျင်ဘက် အခွင့်အရေးနှင့် အကျိုးစီးပွားကို ဖြေရှင်းပေးရန် ဥပဒေပြဋ္ဌာန်းချက် မရှိခြင်းကြောင့် အကျိုးဆက်အားဖြင့် ယေဘုယျသဘောတရားများကို အသုံးချခြင်းအားဖြင့် ... ပြဿနာဖြေရှင်းနည်းကို ရှာဖွေတွေ့ရန်ဖြစ်သည်။ ၎င်းသည် ဥပဒေသိပ္ပံပညာနည်းစနစ်ဖြစ်သည်။ ၎င်းသည် နိုင်ငံတိုင်းတွင် နိုင်ငံအချင်းချင်းကြားနှင့် ပုဂ္ဂလိကတစ်ဦးချင်းအကြား ဥပဒေဆိုင်ရာ ဆက်ဆံရေးများကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဖြေရှင်းရာတွင် ရရှိလာသော ရလဒ်များကြောင့် ဥပဒေက တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာသည့် နည်းစနစ်ဖြစ်သည်။

ထို့ပြင် ယေဘုယျသဘောတရားများသည် ပြုလုပ်ပြဋ္ဌာန်းဥပဒေစည်းမျဉ်းများအတွက် ပါဝင်မှုအချို့ ပံ့ပိုးပေးရာတွင် အလွန်အရေးပါနေဆဲဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်နှင့် ဓလေ့ထုံးတမ်းစည်းမျဉ်းများ အဓိပ္ပာယ်ကောက်ယူခြင်းနှင့် အသုံးပြုခြင်းသည် ပြုလုပ်ပြဋ္ဌာန်းဥပဒေ၏ ဥပဒေရေးရာ အခြေခံအုတ်မြစ်ကို ထောက်ပံ့ပေးသော ယေဘုယျ သဘောတရားများမှ မလွဲမရှောင်သာပင် ပေါ်ထွက်လာရလိမ့်မည်။

## တရားရေးဆိုင်ရာဆုံးဖြတ်ချက်များ

အပြည်ပြည်ဆိုင်ရာတရားရုံးဥပဒေ၏အပိုဒ် ၃၈(၁)(ဃ) က 'တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ'ကို တရားဥပဒေစိုးမိုးရေးဆုံးဖြတ်ချက်အတွက် အထောက်အပံ့နည်းလမ်းများထဲမှဖြစ်သည်ဟု သတ်မှတ်သည်။ တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ကိုယ်၌သည် ဥပဒေအရင်းအမြစ်မဟုတ်။ သို့သော် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၊ ဓလေ့ထုံးတမ်းနှင့် ယေဘုယျဥပဒေသဘောတရားများတွင် အရင်းအမြစ်အဖြစ်ရှိသောစည်းမျဉ်းများ၏ တည်ရှိမှုနှင့် အတိုင်းအတာ သေချာသိရှိစေရန် အတွက်အသုံးပြုနိုင်သည် ဟုဆိုလိုသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာဥပဒေတွင် *စီရင်ထုံးများကို လိုက်နာ၍ ဆုံးဖြတ်ရမည်* ဆိုသည့် *stare decisis* မူသဘောတရားမရှိပါ။ အပြည်ပြည်ဆိုင်ရာတရားရုံးကိစ္စတွင် အဓိကအချက်ကို အပြည်ပြည်ဆိုင်ရာတရားရုံးဥပဒေ၏ အပိုဒ် (၅၉) က ရှင်းလင်းစွာ ပြဆိုထားသည်မှာ 'တရားရေး

ဆိုင်ရာ ဆုံးဖြတ်ချက်များသည် အမှုသည်များအကြားနှင့် သီးခြားအမှုနှင့် စပ်လျဉ်းသည်မှလွဲ၍ စည်းနှောင်အားမရှိ’ ဟုပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ တရားရုံးများနှင့် ခုံရုံးများ၏ ယခင်ဆုံးဖြတ်ချက်များသည် အပြည်ပြည်ဆိုင်ရာတရားရုံးများတွင် ရှိသောအမှု၌ စည်းနှောင်အားမရှိပါ။ ၎င်းသည် တစ်စိတ်တစ်ဒေသအားဖြင့် တရားဝင်စနစ် တစ်ခုကင်းမဲ့ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများတွင် ထက်အောက်စဉ် သတ်မှတ်ချက်မရှိခြင်း တို့ကြောင့်ဖြစ်ပြီး အင်္ဂလိပ်ရိုးရာ ဥပဒေစနစ် မဟုတ်သောနိုင်ငံများအားလုံးတွင်တွေ့ရှိရသော ဥပဒေအလေ့အထနှင့်လည်း ကိုက်ညီသည်။

သို့သော်လည်း တရားသူကြီးများက ယခင်အမှုများ၏ စီရင်ထုံးပြုသော ဆုံးဖြတ်ချက်များကို လေးစားမှုရှိလိုခြင်းသည် ဥပဒေဆိုင်ရာ တရားသေလက်ခံရမည့်ဝါဒကို တရားဝင်ပြုထားခြင်း မဟုတ်သော်လည်း ဥပဒေစနစ်အားလုံးတွင် ထပ်တလဲလဲဖြစ်သော လက္ခဏာ တစ်ရပ်ဖြစ်သည်။ ၎င်းသည် အလားတူအမှုကို အလားတူပြုမှုရန် လိုအပ်ချက်ဖြစ်သော တရားဥပဒေစိုးမိုးရေးကိုယ်၌၏ သဘာဝအလျောက်ဖြစ်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။ သို့ဖြစ်၍ အပြည်ပြည်ဆိုင်ရာတရားရုံးများနှင့် ခုံရုံးများသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ စည်းမျဉ်းများ ဆုံးဖြတ်ရန်အတွက် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များက ချမှတ်သော ယခင်ဆုံးဖြတ်ချက်များကို အမြဲပင် လေးစားမှုရှိခြင်းဖြစ်သည်။

‘တရားရေးဆိုင်ရာဆုံးဖြတ်ချက်’တစ်ခုသည် ပြည်တွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများရှေ့မှောက် ကြားနာခြင်း၏ ရလဒ်ဖြစ်နိုင်သည်။ ယေဘုယျအားဖြင့် နိုင်ငံများ၏ အမြင့်ဆုံးတရားရုံးများ သို့မဟုတ် ခုံရုံးများကို လွန်စွာလေးစားကြသော်လည်း အပြည်ပြည်ဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်များသည် ပို၍လက်ခံချင်စဖွယ် ဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စု၏ တရားရုံးချုပ် (the Supreme Court of the United States)၊ အင်္ဂလိပ် အထက်လွှတ်တော် (the English House of Lords) နှင့် ပြင်သစ်နိုင်ငံတော်ကောင်စီ (the French Conseil d’Etat) တို့ ဖြစ်ကြသည်။ ဩစတေးလျ တရားလွှတ်တော်နှင့် ကနေဒါနိုင်ငံ၏ တရားရုံးချုပ်တို့သည်လည်း လေးစားမှုကောင်းစွာခံရသည်။

အထင်ရှားဆုံး အပြည်ပြည်ဆိုင်ရာခုံရုံးများမှာ အပြည်ပြည်ဆိုင်ရာတရားရုံး(နှင့် ၎င်း၏ ယခင်တရားရုံးဖြစ်သော အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံး)၊ဥရောပအသိုက်အဝန်း၏ တရားရုံး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် အယူခံအဖွဲ့၊ ဥရောပလူ့အခွင့်အရေးဆိုင်ရာ တရားရုံး၊ အမေရိကနိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ တရားရုံး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ ပင်လယ်ရေကြောင်းဆိုင်ရာဥပဒေ၏ အပြည်ပြည်ဆိုင်ရာခုံရုံး၊ ခုံသမာဓိဆုံးဖြတ်ခြင်းအမြဲတမ်းတရားရုံး၊ များမကြာမီက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး တို့ဖြစ်ကြသည်။ ဤခုံရုံးများအားလုံးသည် အမြဲတမ်း သို့မဟုတ် ယင်းတို့၏ ဖွဲ့စည်းပုံအရ ‘ရပ်တည်’ လျက်ရှိသည်။ သို့သော် မကြာခဏ ကြီးကြီးမားမား အရေးပါသည့်

အပြည်ပြည်ဆိုင်ရာ အမှုစစ်ဆေးစီရင်ခြင်း သို့မဟုတ် ခုံသမာဓိဖြင့် ဆုံးဖြတ်ခြင်းကို ဥပဒေဆိုင်ရာ လက္ခဏာရပ်၏သီးခြား အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုကိုဆုံးဖြတ်ရန် သို့မဟုတ် ခုံသမာဓိဖြင့် ဆုံးဖြတ်ရန် အငြင်းပွားနိုင်ငံများ၏ အထူးသဘောတူညီချက်အရ လိုအပ်သလို ဖွဲ့စည်းလေ့ရှိသော သီးခြားခုံရုံးများ (ad hoc tribunals) ဖြင့် ဆောင်ရွက်ကြသည်။ တစ်ခါတစ်ရံ ယူဂိုဆလားဗီးယား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (နှင့် ရဝမ်ဒါ နိုင်ငံရပ်ခြားတွင်ဖွဲ့သော/ အဝေးရောက်ခုံရုံး) ကဲ့သို့သော သီးခြားဖွဲ့စည်းသောခုံရုံးများကို ကုလသမဂ္ဂနှင့် အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ၏ လုပ်ဆောင်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ဆိုင်ရာလီယွန် အထူး တရားရုံးကို ဆိုင်ရာလီယွန် (Sierra Leone) နှင့် ကုလသမဂ္ဂတို့ အကြား အထူးသဘောတူညီချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာဥပဒေရှိ တရားရုံးများနှင့် ခုံရုံးများအကြားတွင်တရားဝင် ထက်အောက် စဉ် မရှိခြင်းက တရားရုံး၏ ယခင်ဆုံးဖြတ်ချက်တစ်ခု၏ စိတ်ဝင်စားဖွယ်ဖြစ်သည့် အတိုင်းအတာ ကို ဆုံးဖြတ်ရာတွင် အခြားအခြေခံအကြောင်းများက အလွန်ပင် အရေးပါကြောင်း မှတ်ယူသည်ဟု ဆိုလိုသည်။

သိသာထင်ရှားစွာပင် လက်ထဲရှိပြဿနာနှင့် ဆက်စပ်ပတ်သက်မှုသည် အမြဲတမ်း အရေးကြီးဆုံးအဖြစ် ထည့်သွင်းစဉ်းစားချက်ဖြစ်သည်။ နောက်ထပ် အရေးကြီးဆုံးမှာ စဉ်းစား တွေးခေါ်ခြင်း၏ အတိုင်းအတာနှင့် အရည်အသွေးဖြစ်သည်။ အတိုချုပ် သို့မဟုတ် နားလည်ရန် ခက်ခဲအောင် ရေးသားထားသော ဆုံးဖြတ်ချက်တစ်ခုသည် စေ့စေ့စပ်စပ် ကောင်းစွာ ငြင်းခုံဆွေးနွေးထားသော ဆုံးဖြတ်ချက်မျိုးထက် ယေဘုယျအားဖြင့် ပို၍ပေါ့ပါးသော တာဝန်ကို ထမ်းရွက်ထားသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ၌ ဂုဏ်သတင်းကြီးသော တရားသူကြီး သို့မဟုတ် ကျွမ်းကျင်သူပါရဂူတို့သည် လူသိနည်းသောသူက ချမှတ်သော ဆုံးဖြတ်ချက်ထက် ပို၍ ကြီးလေး သောတာဝန်ကို ထမ်းရွက်ထားသည်။ အမှန်တကယ်၌ သဘောထားကွဲလွဲသော်လည်း လေးစားထိုက်သူတရားသူကြီး သို့မဟုတ် ဟောပြောရေးသားသူတို့က စေ့စေ့စပ်စပ် ကောင်းစွာ ငြင်းခုံဆွေးနွေးထားသော ဆုံးဖြတ်ချက်မျိုးသည် စိတ်ဝင်စားဖွယ် ကောင်းသည်မှာ မကြာခဏပင် ဖြစ်သည်။

ပြည်တွင်းတရားရုံးများ သို့မဟုတ် ခုံရုံးများကိစ္စတွင် ပြည်တွင်းဥပဒေထည့်သွင်း စဉ်းစားခြင်းနှင့် ကွဲပြားသည့် အပြည်ပြည်ဆိုင်ရာပြဿနာများကို အမှန်တကယ် လမ်းဖွင့် ပေးသည့် ဆုံးဖြတ်ချက် အတိုင်းအတာသည်အရေးပါသည်။

နောက်ဆုံးတွင် ဆုံးဖြတ်ချက်၏ သက်တမ်းသည်အရေးပါသည်။ နည်းလမ်းအရ တရားရုံးများနှင့် ခုံရုံးများက အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၊ ဓလေ့ထုံးတမ်းများနှင့် ယေဘုယျဥပဒေသဘောတရားများတွင် အရင်းအမြစ်ဖြစ်နေသည့် စည်းမျဉ်းများကို သေချာမှု ရှိစေခြင်းနှင့် အသုံးချခြင်းမျှသာဖြစ်သည်။ ယေဘုယျ အဆိုပြုချက်တစ်ခုအနေဖြင့် ဆုံးဖြတ်ချက်

သည် ဟောင်းလေလေ ပို၍သတိထားကာ သဘောတူညီချက်အရ ဖြစ်သကဲ့သို့ သဘောထားရလေ ဖြစ်ပြီး ဓလေ့ထုံးတမ်းဥပဒေများသည် အချိန်ကြာလာသည်နှင့်အမျှ ပြောင်းလဲနိုင်ဖွယ်ရှိသည်။

တရားဝင်တရားရေးဆိုင်ရာ ထက်အောက်စဉ်မရှိသော်ငြားလည်း 'ကမ္ဘာ့တရားရုံး' (တစ်နည်းအားဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံး) တို့ကို လေးစားမှုအားဖြင့် တညီတညွတ်တည်း အမြင့်မားဆုံးတွင် ထားကြသည်။ အဆိုပါ လေးစားမှုသည် ၎င်း၏ ဆုံးဖြတ်ချက်များက မကြာခဏပင် နိုင်ငံများ၏အလေ့အထအပေါ် တိကျပြတ်သားသော သက်ရောက်မှုရှိသည့် ၎င်း၏ အပြည်ပြည်ဆိုင်ရာဥပဒေအပေါ် ဩဇာလွှမ်းမိုးမှု ဖြစ်သည်။ ၎င်းသည် တရားရုံးက ဥပဒေကို မှားယွင်းဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်သော်လည်း နိုင်ငံများက တရားရုံး၏ အပြည်ပြည်ဆိုင်ရာ ဥပဒေအမြင်ကို ယေဘုယျအားဖြင့် လက်ခံပြီး ၎င်းတို့၏ အလေ့အထကို တရားရုံး၏အမြင်နှင့်အညီ ပြောင်းလဲသည်ဟု ချဲ့ကားပြောရန်မလိုပါ။ ဆုံးဖြတ်ချက်များ ဖြစ်လာစေရာတွင် တရားရုံးကလည်း မိမိ၏ ယခင်ဆုံးဖြတ်ချက်များကို လွတ်လပ်စွာ ကိုးကားမှု ပုံမှန်ပြုလုပ်ပြီး စည်းနှောင်အားရှိသည်ဟု မှတ်ယူနိုင်သော အဆင့်အတန်း တစ်ခုအပ်နှင်းသည်။ တရားသူကြီး Azevedo က the *Asylum* အမှုတွင် အောက်ပါအတိုင်း မှတ်ချက်ပြုသကဲ့သို့ပင် ဖြစ်သည်။ [၃၉]

> အမှုတစ်ခုခုရှိ ဆုံးဖြတ်ချက်တွင်၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေတွင်၊ နက်နဲသော ဂယက်ရိုက်မှုရှိသည်ကို... အမှတ်ရသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေသဘောတရားသည် အမှုသည်အကြားနှင့် သီးခြားအမှုတစ်ခုစီမှလွဲ၍ အခြား မည်သည့်အပေါ်တွင်မှ စည်းနှောင်အား သက်ရောက်မှုမရှိစေကာမူ ထိုဆုံးဖြတ်ချက်က အတည်ပြုထားသော အမြင်များသည် သဏ္ဌာန်ဆောင် ဥပဒေပြုတန်ဖိုး (quasi-legislative value) ရရှိသည်။ (ဥပဒေ၊ အပိုဒ်-၅၉)

## ကျွမ်းကျင်သောပညာရှင်များ၏ဩဝါဒများ

'နိုင်ငံအမျိုးမျိုးမှ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင် ပညာရှင်များ၏ဩဝါဒများ' သည်လည်း 'တရားဥပဒေစိုးမိုးရေးကို ဆုံးဖြတ်ခြင်းအတွက် အထောက်အပံ့နည်းလမ်း' ဖြစ်သည်။[40] ဤဩဝါဒ များသည် မကြာခဏပင် 'ဥပဒေမူသဘောတရား' (doctrine) သို့မဟုတ် 'ဥပဒေမူသဘောတရား ဆိုင်ရာအရေးအသားများ' (doctrinal writings) အဖြစ် ရည်ညွှန်းသည်။ တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်အတူ ကျွမ်းကျင်သော ပညာရှင်များ၏ ဩဝါဒများသည် ပင်ကိုယ်အားဖြင့် ဥပဒေအရင်းအမြစ်များ မဟုတ်ပါ။ သို့သော် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ ဓလေ့ ထုံးတမ်းနှင့် ယေဘုယျဥပဒေသဘောတရားများတွင် အရင်းအမြစ်အဖြစ်ရှိသော စည်းမျဉ်းများ၏ တည်ရှိမှုနှင့် အတိုင်းအတာအား သေချာသိရှိစေရန် အတွက်အသုံးပြုနိုင်သည်ဟုဆိုလိုသည်။

သံတမန်များနှင့် နိုင်ငံရေးသမားများ၏ ထုတ်ဝေသောစာအုပ်များက ရံဖန်ရံခါ ထင်ရှား နိုင်သော်လည်း 'ကျွမ်းကျင်ပညာရှင်များ'သည် အမြဲတမ်းလိုလိုပင် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် ထင်ရှားကျော်ကြားသော ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြစ်လိမ့်မည်။ ၎င်းတို့၏ 'သြဝါဒ များ'သည် ယေဘုယျအားဖြင့် ပညာရပ်ဆိုင်ရာစာအုပ်များနှင့် ဂျာနယ်များတွင် တွေ့ရှိရသည်။ ကျွမ်းကျင်သောပညာရှင်များ၏ သြဝါဒများနှင့် အလားတူပြီး ပို၍အာဏာရှိသည်ဟု ယေဘုယျ အားဖြင့် မှတ်ယူသည်မှာ ကမ္ဘာ့ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်၊ အပြည်ပြည် ဆိုင်ရာဥပဒေအင်စတီကျူ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက တာဝန်ပေးအပ်သော ဥပဒေ ပညာရှင်ကော်မတီများနှင့် အခြားကျွမ်းကျင်သူပညာရှင် အဖွဲ့အစည်းများ ကဲ့သို့သော အဖွဲ့အစည်း များ၏ စာအုပ်များ ဖြစ်ကြသည်။

သဘောတူညီချက်နှင့်ဓလေ့ထုံးတမ်းဥပဒေတို့နှင့် ပတ်သက်သော ယေဘုယျ ဥပဒေ သဘောတရားများ၏အရေးပါမှု ကျဆင်းလာသည်နှင့်အတူ အပြည်ပြည်ဆိုင်ရာဥပဒေကို ပုံသွင်းရာ တွင် ကျွမ်းကျင်ပညာရှင်များ၏ အခန်းကဏ္ဍ သည်လည်း ကျဆင်းလာသည်။ သို့သော် အင်္ဂလိပ် ရိုးရာဥပဒေစနစ်များနှင့် နှိုင်းယှဉ်လျှင် တရားရေးဆိုင်ရာဖြတ်ထုံးသည် အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် အတော်လေးနည်းပါးသော အခန်းကဏ္ဍ၌ ပါဝင်သော်လည်း ပညာရပ်ဆိုင်ရာ ရေးသား ချက်များက အပြည်ပြည်ဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာ၌ အင်္ဂလိပ်ရိုးရာဥပဒေ စနစ်များနှင့် အခြားပြည်တွင်းဥပဒေစနစ်များ အားလုံးတွင် ၎င်းတို့ လုပ်ဆောင်သည်ထက် ပိုထင်ရှားစွာ ဆက်လက်၍ ပံ့ပိုးပေးသည်။

ကျွမ်းကျင်ပညာရှင်များ၏ ရေးသားချက်များသည် အပြည်ပြည်ဆိုင်ရာဥပဒေ ပြဿနာ များကို ဆုံးဖြတ်သော တရားရုံးများနှင့် ခုံရုံးများရှေ့မှောက်ရှိ ဥပဒေဆိုင်ရာ ငြင်းခုံမှုတွင် ပေါ်လွင် ထင်ရှားသည်။ အဆိုပါရေးသားချက်များသည် အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်များ တွင် တစ်ခါတစ်ခါမှသာ ကိုးကားသည့်အကြောင်းမှာ စုပေါင်းမူကြမ်းရေးသားခြင်းကြောင့် ပိုဖြစ် နိုင်သည်။ သို့သော် သီးခြားခွဲခြားပြီး ဆန့်ကျင်ကွဲလွဲမှု အမြင်များရှိ ပို၍ထင်ရှားသည့် အယူအဆဆိုင်ရာရေးသားချက်များသည် အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများ၏ စဉ်းစား ချင့်ချိန်မှုများအပေါ်တွင် ၎င်းတို့၏ သြဇာလွှမ်းမိုးနိုင်သော အတိုင်းအတာအမှန်ကို ပိုမိုတိကျစွာ ညွှန်ပြသည်။

အမေရိကန်ပြည်ထောင်စုတရားရုံးများရှေ့မှောက်၌ အပြည်ပြည်ဆိုင်ရာဥပဒေ တရား စီရင်ရေး၏ လုပ်ငန်းစဉ်တွင် သဘောတရားဆိုင်ရာ အယူအဆရေးသားချက်၏ အခန်းကဏ္ဍကို အမေရိကန်ပြည်ထောင်စု၏တရားရုံးချုပ်မှ Mr Justice Gray က အောက်ပါ စကားရပ်များဖြင့် ဖော်ပြထားသည်။

> ၎င်းအပေါ်မှီတည်နေသော အခွင့်အရေး၏ပြဿနာများကို ၎င်းတို့ဆုံးဖြတ်ချက် အတွက် ကောင်းစွာတင်ပြရသည့်အခါတိုင်း အပြည်ပြည်ဆိုင်ရာဥပဒေသည် ကျွန်ုပ်တို့ဥပဒေ၏

> အစိတ်အပိုင်းဖြစ်ပြီး စီရင်ပိုင်ခွင့်ရှိ၍ သင့်လျော်သည့် တရားရုံးများမှ တိကျသေချာစေရန် လေ့လာစိစစ်ကာ စီရင်ရမည်ဖြစ်သည်။ ဤရည်ရွယ်ချက် အတွက် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် မရှိသည့်အခါတွင် သာမက ထိန်းချုပ်နေသော အုပ်ချုပ်ရေး သို့မဟုတ် ပြဋ္ဌာန်းဥပဒေ သို့မဟုတ် တရားရေး ဆိုင်ရာဆုံးဖြတ်ချက် မရှိသည့်အခါမျိုးတွင် ယဉ်ကျေးသောနိုင်ငံများ၏ ဓလေ့ထုံးတမ်းများနှင့် အသုံးပြုမှုများကို အကိုးအကားပြုရမည်။ ထို့အပြင် ဤအရာများ၏ သက်သေအထောက်အထားအဖြစ် ဥပဒေပညာရှင်များ၏ စာအုပ်များနှင့် နှစ်ပေါင်းများစွာ လုပ်အား၊ သုတေသနနှင့် အတွေ့အကြုံက ၎င်းတို့ကို ဘာသာရပ် နှင့်ပတ်သက်၍ ကောင်းစွာသိရှိရေးသားထားသူ၏ စာအုပ်များကိုပါ အားကိုးအားထားပြုရမည်။ အဆိုပါစာအုပ်များကို ခုံရုံးများက ဥပဒေသည် မည်ကဲ့သို့ဖြစ်သင့်သည် ဟူသော ရေးသားသူတို့၏ ထင်မြင်ချက်အတွက် မဟုတ်ဘဲ တကယ့်ဥပဒေက မည်သည့်အရာ ဖြစ်နေသည်ကို ယုံကြည်ရသော အထောက်အထား အတွက် အားကိုးအားထား ပြုကြသည်။[၆၁]

Mr Justice Gray ၏ ထုတ်ဖော်ချက်သည် အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့် ခုံရုံးများ ရှေ့မှောက်တွင် တရားစီရင်ခြင်းအတွက် အလွန်ကျဉ်းမြောင်းသည်။ ကျွမ်းကျင် ပညာရှင်၏ ရေးသားချက်များက အရေးပါသောအချက်တစ်ခုခုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ အခြေအနေကို သေချာစိစစ်ရန်အတွက် သက်ဆိုင်ရုံသာမက အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များအား အဓိပ္ပာယ်ကောက်ယူခြင်းနှင့် အသုံးချခြင်းတွင်လည်း အကူအညီဖြစ်စေသည် (အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ သီးခြား လိုအပ်ချက်များ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၏ ဥပဒေဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်းနှင့် သက်ဆိုင်သော ယေဘုယျဥပဒေ သဘောတရားများ၏အပ်စပ်မှုတို့ကို ထောက်ထား လိုက်နာရမည်)။

တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၏လက်ခံဖွယ်အရှိန်အဝါဩဇာကို အကဲဖြတ်ရာ၌ အသုံးချသည့်အရာများနည်းတူပင် သဘောတရားအယူအဆဆိုင်ရာ အရေးအသားများနှင့် ဆက်စပ်လျက်ရှိသော လက်ခံဖွယ်အရှိန်အဝါဩဇာကို ဆုံးဖြတ်ရာ၌လည်း ဆက်စပ်သည့် အခြေခံအချက်အလက်များကိုပါ တွဲဖက်ထားရမည်။ သို့ဖြစ်၍ စပ်ဆိုင်ခြင်းသည် အရေးပါဆုံးသော အခြေခံအကြောင်းစဉ်းစားတွေးခေါ်ခြင်း အတိုင်းအတာနှင့် အရည်အသွေး နောက်က အမြဲတမ်း လိုက်ပါရမည်။ ရေးသားချက်များကိုစေ့စေ့စပ်စပ် ကောင်းစွာငြင်းခုံဆွေးနွေး ထားလေလေ ၎င်းကို အလေးထားမှုပိုလေလေ ဖြစ်သည်။ ဖော်ပြထားသကဲ့သို့ အပြည်ပြည်ဆိုင်ရာဥပဒေ၌ ဂုဏ်သတင်းကြီးသော ကျွမ်းကျင်ပညာရှင်တစ်ယောက်၏ ရေးသားချက်များသည် လူသိနည်းသောသူများက ရေးသားထားသော အတွေးအမြင်များထက် ပိုအလေးပေးခြင်း ခံရသည်။ တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်သက်တမ်းနှင့်အတူတူပင် သဘောတရားရေးရာ အယူအဆ ရေးသားချက်၏ သက်တမ်းသည်လည်း ထင်ရှားအရေးပါနိုင်သည်။ နည်းလမ်းအားဖြင့် သဘော

တရားရေးရာ အယူအဆရေးသားချက်များသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ ဓလေ့ထုံးတမ်းနှင့် ယေဘုယျဥပဒေသဘောတရားများတွင် အရင်းအမြစ်တည်နေသော စည်းမျဉ်းများကို သေချာစေရန်စိစစ်ခြင်းနှင့် အသုံးချခြင်း၌ အကူအညီပေးသည်။ တဖန် သဘောတူညီချက်အရနှင့် ဓလေ့ထုံးတမ်းအရ ဥပဒေများက အချိန်ကြာလာသည်နှင့်အမျှ ပြောင်းလဲနိုင်သောကြောင့် ရေးသားချက်ကဟောင်းနွမ်းလေလေ ၎င်းတို့ကိုရှိသင့်သည်ထက် ပို၍ သတိထားသုံးသပ်ဝေဖန်ရမည်။

ယေဘုယျအားဖြင့် သဘောတရားရေးရာ အယူအဆရေးသားချက်များသည် တရားရုံးများနှင့်ခုံရုံးများ၏ ဆုံးဖြတ်ချက်များထက် လက်ခံဖွယ်ကောင်းသော အရှိန်အဝါ ဩဇာပိုင်းတွင် အလေးထားမှု ပိုလျော့နည်းသည်။ စီရင်ထုံးပြုသော တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်အစုက ပိုမိုကျယ်ပြန့်လာသောကြောင့် သဘောတရားရေးရာ အယူအဆရေးသားချက်များနှင့် ဆက်စပ်လျက်ရှိသောအရေးပါမှုသည် တဖြည်းဖြည်း လျော့နည်းလာသည်။

၎င်းသည် တစ်စိတ်တစ်ဒေသအားဖြင့် တရားစီရင်ရေးအလေ့အထ၏ ရလဒ်သာဖြစ်သည်။ ထို့အပြင် တရားရုံးများ သို့မဟုတ် ခုံရုံးများက ထုတ်ပြန်သော စီရင်ချက်များ၊ ဆုံးဖြတ်ချက်များ၊ လျော်ကြေးပေးရန်အမိန့်များနှင့် ထင်မြင်ယူဆချက်များအားလုံးသည် သက်သေအထောက်အထားများနှင့် အမှုသည်များထံမှ ဥပဒေဆိုင်ရာ တင်သွင်းချက်များအား ထည့်သွင်းပြီးနောက် သတိဖြင့်စုပေါင်းစဉ်းစားဆင်ခြင်သုံးသပ်ထားခြင်း၏ အကျိုးရလဒ်ဖြစ်သည်ဟူသောအကြောင်းကို ထင်ဟပ်စေသည်။ ထင်ရှားသော ကျွမ်းကျင်ပညာရှင်များက မကြာခဏပင် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ရှင်းလင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၌ အရေးပါသော အကြံပြုဆွေးနွေးချက်များပြုကြသော်လည်း ၎င်းသည်

> ပုဂ္ဂလိကအခြေခံအချက်အလက်များက ဥပဒေပညာရှင်ကပေးသောထင်မြင်ချက်အကဲဖြတ်ခြင်းတွင် ပါဝင်သည်မှာ ထင်ရှားသည်။ ထိုစာရေးသူတစ်ဦးချင်းက နိုင်ငံအရနှင့် အခြားဘက်လိုက်မှုများကို ထင်ဟပ်စေသည့်အပြင် အချို့ကျွမ်းကျင် ပညာရှင် များသည် မိမိကိုယ်ကို ဥပဒေသုံးသပ်ချက်အား ပံ့ပိုးပေးခြင်းအစား သစ်လွင်၍ ပိုမိုကောင်းမွန်သော အမြင်ကို ဖြန့်ဖြူးခြင်းအဖြစ် ရှုမြင်ကြသည်။ [၆၂]

## အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ

နိုင်ငံများ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတည်ထောင်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကို လုပ်ဆောင်နိုင်မည့်ဆွေးနွေးပွဲများ (forums) ကို ပံ့ပိုးပေးသည်။ ခြွင်းချက်အဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်သော ဥပဒေအချို့မှ လွဲ၍ မည်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကမှ အပြည်ပြည်ဆိုင်ရာဥပဒေ၏ နိုင်ငံအားလုံးအသုံးချနိုင်သည့် စည်းမျဉ်းများကို ပင်ကိုယ်အားဖြင့် ဖန်တီးနိုင်စွမ်း မရှိကြပါ။ ကမ္ဘာ့ကုလသမဂ္ဂ

သော်လည်းကောင်း အခြားမည်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကသော်လည်းကောင်း ကမ္ဘာ့ဥပဒေပြုအဖွဲ့မဟုတ်ကြပါ။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင်သော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည်ယင်း၏ဖွဲ့စည်းပုံဖြစ်သည်။ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်က စာချုပ်အဖွဲ့ဝင်နိုင်ငံများအပေါ်စည်းနှောင်အားရှိသောအရေးယူဆောင်ရွက်မှုကို အဖွဲ့အစည်းက ချမှတ်နိုင်ရန်ပံ့ပိုးပေးထားသည့်အခါ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် ဥပဒေအတိုင်း ထိုနိုင်ငံများသည် သဘောတူညီချက်အရ ပေါ်ပေါက်လာသော တာဝန်ဝတ္တရားများတွင် ဖော်ပြထားသည့် အရေးယူဆောင်ရွက်မှု အတိုင်းအတာနှင့် နည်းလမ်းတို့ကို လိုက်နာရန် တာဝန်ရှိသည်။ အများအားဖြင့် ဤအခွင့်အာဏာမျိုးသည် ဘဏ္ဍာရေးနှင့် လုပ်ထုံးလုပ်နည်း ကဲ့သို့သော အဖွဲ့အစည်းအတွင်းလုပ်ငန်းလည်ပတ်ခြင်းအား သက်ရောက်မှုရှိသော အရေးယူ ဆောင်ရွက်မှုများ ချမှတ်ခြင်းထိသာဖြစ်သည်။[၄၃] ထို့အပြင် အပြည်ပြည်ဆိုင်ရာသဘောတူ စာချုပ်တွင်ပါရှိသော ဆန့်ကျင်ဘက်ပြဋ္ဌာန်းချက်များကို ထောက်ထား၍ ဖွဲ့စည်းပုံနှင့် ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အတွင်း လုပ်ငန်းလည်ပတ်လျက်ရှိသော နိုင်ငံများ၏ လက်တွေ့လုပ်ရပ်ဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ ဖွဲ့စည်းပုံနှင့် ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ခိုင်လုံစွာ အဓိပ္ပာယ်ကောက်ယူနိုင်သည်။[၄၄] တွေ့မြင်ရ ခဲစွာပင် ဖွဲ့စည်းပုံနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ခုသည် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းအား စာချုပ်အဖွဲ့ဝင်နိုင်ငံများ *အချင်းချင်းအကြား* (*inter se*) ယေဘုယျ သဘောပိုဆန်သော ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများပြုလုပ်သည့် အရေးယူ ဆောင်ရွက်မှုများ ချမှတ်ရန် လုပ်ပိုင်ခွင့် ပေးလိမ့်မည်။[၄၅] သို့ရာတွင် ပို၍ရှားပါးစွာပင် အပြည်ပြည် ဆိုင်ရာ ဖွဲ့စည်းပုံ သဘောတူစာချုပ် တစ်ခုသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအား စာချုပ်အဖွဲ့ဝင် နိုင်ငံများ၏ နယ်နမိတ်အတွင်း ဥပဒေရေးရာ အကျိုးသက်ရောက်မှု တိုက်ရိုက် သက်ရောက်မှု ရှိသော အရေးယူ ဆောင်ရွက်မှုများ ချမှတ်ရန် အခွင့်အာဏာပေးအပ်ရမည်။[၄၆] အဆိုပါကိစ္စတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေသည် *စာချုပ်ပါ သဘောတူညီချက်များအရ လိုက်နာဆောင်ရွက်ရသည့်* (*pacta sunt servanda*) ကိစ္စရပ်တစ်ခုအနေဖြင့် ပိုမိုကျယ်ပြန့်သော တာဝန်ဝတ္တရားကို လက်တွေ့ အကောင် အထည်ဖော်ရန် နိုင်ငံများအား တောင်းဆိုသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်များနှင့် အလားတူ လုပ်ဆောင်မှု များသည် ပင်ကိုယ်အားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျ အစိတ်အပိုင်းတစ်ရပ် အနေဖြင့် ပါဝင်ရန် စည်းမျဉ်းများကို တိုက်ရိုက်မပြုလုပ်သော်လည်း အဆိုပါ စည်းမျဉ်းများ ဖန်တီးပြုလုပ်ရန် သွယ်ဝိုက်ကူညီပေးရန်အတွက်ဖြစ်နိုင်သည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ၏ လုပ်ဆောင်ချက်များသည် ဥပဒေဆိုင်ရာ တာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း (*opinio juris*) ၏ အသုံးဝင်၍ လွယ်ကူစွာရရှိနိုင်သော အထောက်အထားကို ပံ့ပိုးပေးနိုင်သောကြောင့် နိုင်ငံ

အားလုံးအပေါ် စည်းနှောင်အားရှိသော အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ၏ စည်းမျဉ်းများ ပေါ်ထွက်လာစေရန် ဖြည့်ဆည်းပေးသည်။ အလားတူပင် ဥရောပကောင်စီ သို့မဟုတ် အမေရိကန်နိုင်ငံများအဖွဲ့ ကဲ့သို့သော ဒေသဆိုင်ရာအဖွဲ့အစည်း၏ လုပ်ဆောင်ချက်များသည် အထွေထွေနှင့် ဒေသဆိုင်ရာ နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ နှစ်ခုစလုံးကို အထောက်အပံ့ ပေးရာတွင် ဥပဒေဆိုင်ရာ တာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း (*opinio juris*) ၏အထောက်အထားကို ပေးနိုင်စွမ်းရှိသည်။

အပြည်ပြည်ဆိုင်ရာဆက်ဆံရေး၌ ခြိမ်းခြောက်ခြင်းနှင့် အင်အားသုံးခြင်းကို ဆန့်ကျင်သော ဓလေ့ထုံးတမ်းစည်းမျဉ်း၏ ဥပဒေဆိုင်ရာ တာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း (*opinio juris*) အစိတ်အပိုင်းတည်ရှိမှုကို စိစစ်ရာတွင် အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကုလသမဂ္ဂ အထွေထွေ ညီလာခံ ဆုံးဖြတ်ချက်အတော်များများနှင့် ၁၉၂၈ ခုနှစ်၊ အမေရိကန် နိုင်ငံများ၏ ဆဋ္ဌမအကြိမ် အပြည်ပြည်ဆိုင်ရာကွန်ဖရင့် (1928 Sixth International Conference of American States) တွင် ချမှတ်သောဆုံးဖြတ်ချက်နှင့် ၁၉၇၅ ခုနှစ် ဥရောပတွင်း လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကွန်ဖရင့် ကြေညာချက် (1975 Conference on Security and Co-operation in Europe) ကို တည့်သွင်းစဉ်းစားသည်။[၄၇] နောင်ဆယ်နှစ် ကြာသောအခါတွင် ၁၉၆၁ ခုနှစ်မှစ၍ အစဉ်လိုက် ထုတ်ပြန်သော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များကို တရားရုံးက ထည့်သွင်းစဉ်းစားပြီး၊ ဆိုခဲ့သည်မှာ -

> အထွေထွေညီလာခံ ဆုံးဖြတ်ချက်များသည် စည်းနှောင်အားမရှိသော်လည်း တစ်ခါတစ်ရံ စံပြုနိုင်သောတန်ဖိုးရှိသည်။ ၎င်းတို့သည် အခြေအနေတချို့တွင် စည်းမျဉ်းတစ်ခု တည်ရှိခြင်းကို စတင်တည်ထောင်ခြင်းအတွက် သို့မဟုတ် *ဥပဒေဆိုင်ရာ တာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း*( *opinio juris*) ပေါ်ထွက်လာခြင်းအတွက် အရေးပါသော အထောက်အထားကို ပံ့ပိုးပေးနိုင်သည်။ ဖော်ပြထားသော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် တစ်ခု မှန်ကန်မှုရှိကြောင်း တည်ဆောက်ရန် ၎င်း၏ပါဝင်သော အကြောင်းအရာနှင့် ၎င်းချမှတ်ထားသော အခြေအနေများကို ကြည့်ရန်လိုအပ်သည်။ *ဥပဒေဆိုင်ရာ တာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း* (*opinio juris*) တစ်ခုသည် စံပြုထားသော သွင်ပြင်လက္ခဏာ ရှိ၊မရှိ ကိုလည်း ကြည့်ရန်လိုအပ်သည်။ သို့မဟုတ် ဆုံးဖြတ်ချက်အစဉ်များက စည်းမျဉ်း သစ်တစ်ခု တည်ထောင်ရန်အတွက် *ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း (opinio juris*) တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာခြင်းကို ပြသနိုင်သည်။[၄၈]

ဓလေ့ထုံးတမ်းစည်းမျဉ်းတစ်ခု တည်ရှိမှုကိုတည်ထောင်ရန်ကူညီခြင်းတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအားလုံးက တူညီစွာအသုံးဝင်သည် မဟုတ်ပါ။ အခြေခံ အချက်အလက်များထဲမှ ထည့်သွင်းစဉ်းစားရန်အချက် -

- နိုင်ငံရေးနှင့် စီးပွားရေးအုပ်စုအမျိုးမျိုးရှိ နိုင်ငံများကထောက်ခံထားသော လုပ်ဆောင်ချက် အတိုင်းအတာ၊ အုပ်စုတစ်ခုတည်းထံမှ ထောက်ခံမှု သို့မဟုတ် အုပ်စုအဖွဲ့ က ၎င်း၏ ဓလေ့ထုံးတမ်းစည်းမျဉ်းထောက်ခံမှုကို ဆန့်ကျင်မှု။
- အများကမှတ်ယူသောစည်းမျဉ်း၏သက်ရောက်မှုကြောင့် အထူးခံစားရသောနိုင်ငံများ သို့မဟုတ် အထူးသဖြင့် စည်းကမ်းသတ်မှတ်ရန် ပြောဆိုထားသည့်အလုပ်တွင် ပါဝင်သည့် နိုင်ငံများ က ထောက်ခံထားသော လုပ်ဆောင်ချက် အတိုင်းအတာ။
- ဆောင်ရွက်ချက်တွင် ပင်ကိုယ်အသုံးပြုသောဝေါဟာရအသုံးအနှုန်း၊ ဥပဒေဆိုင်ရာ အခွင့်အရေး သို့မဟုတ် တာဝန်ဝတ္တရားကိုဖော်ပြခြင်းသည် ဓလေ့ထုံးတမ်းစည်းမျဉ်း တစ်ခုကို ထောက်ခံရာတွင် ကြေညာသော သို့မဟုတ် အကြံပြုသော ဝေါဟာရ အသုံးအနှုန်းသည် ပို၍ခိုင်မာသော အထောက်အထား။
- ဆောင်ရွက်ချက်တစ်ခုကို အတည်ပြုရန် ဦးတည်ဆောင်ရွက်ချက်၏ မည်သည့် မှတ်တမ်း များမဆို၊ ပြဋ္ဌာန်းချက်၏ ဥပဒေကြောင်းအရ သွင်ပြင်လက္ခဏာက အရေးပါကြောင်းနှင့် ပတ်သက်၍ ၎င်းတို့၏အမြင်ကို ညွှန်ပြသောနိုင်ငံ ကိုယ်စားလှယ်များ၏ ထုတ်ပြန်ချက် များ။
- ပြုမူဆောင်ရွက်ချက်ရှိပြဋ္ဌာန်းချက်သည် နောက်ပိုင်းပြုမူဆောင်ရွက်ချက်များတွင် ထပ်တလဲလဲ ပါရှိသည့်ကြိမ်နှုန်း၊ ဓလေ့ထုံးတမ်းစည်းမျဉ်းတစ်ခုကို ထောက်ခံမှု ပြုရာ၌ မကြာခဏ ဖော်ပြသောဖော်ပြချက် စသည်တို့သည့် ထုတ်ပြန်ချက် တစ်ခုထက် ပို၍ ခိုင်မာသော အထောက်အထားကိုပံ့ပိုးပေးသည်။

ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း (၇) အရ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေး ကောင်စီသည် တိုက်ရိုက် သို့မဟုတ် ပင်ကိုယ်အားဖြင့် အပြည်ပြည်ဆိုင်ရာ ယေဘုယျ ဥပဒေ၌ ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကို ဖန်တီးပြုလုပ်သော အရေးယူ ဆောင်ရွက်ချက်များချမှတ်ရန် ခြွင်းချက် တစ်ခုအဖြစ် အနည်းငယ်သော အခွင့်အာဏာကို ပိုင်ဆိုင်သည်။

ဤအခွင့်အာဏာများတွင် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိန်းသိမ်း စောင့်ရှောက်ရန် လိုက်နာရမည့် ဥပဒေရေးရာအကျိုးသက်ရောက်မှုနှင့်အတူ နိုင်ငံ တစ်နိုင်ငံကို ပြုလုပ်ဆောင်ရွက်ရန် သို့မဟုတ် ပြုလုပ်မှုမှရှောင်ရှားရန် တောင်းဆိုနိုင်သော အခွင့်အာဏာ တစ်ရပ်ပါဝင်သည်။ ထို့ကြောင့် ၎င်း၏ (၂၅) ရက်၊ ဇွန်လ ၁၉၅၀ ခုနှစ်တွင် ချမှတ်သော အခန်း (၇) ဆုံးဖြတ်ချက်တွင် လုံခြုံရေးကောင်စီသည် 'မြောက်ကိုရီးယား အာဏာပိုင်များကို (၃၈) မျဉ်းပြိုင်မှ ချက်ချင်းဆုတ်ခွာရန် တောင်းဆိုခဲ့သည်'၊ ထို့နောက် ဆုံးဖြတ်ချက် ၁၂၇၆ (၁၉၉၉) တွင် လုံခြုံရေးကောင်စီသည် အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် အိုစမာဘင်လာဒင်အား လွှဲပြောင်းပေးရန် အာဖဂန်နစ္စတန်ကိုတောင်းဆိုခဲ့သည်။

အခန်း (၇) သည် စီးပွားရေးဆိုင်ရာဆက်ဆံရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သံတမန်ဆက်ဆံရေးနှင့် ဆက်နွှယ်သောနေရာများတွင် ပိတ်ပင်ခြင်းနှင့် ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများကို နိုင်ငံများမှချမှတ်ရန် လုံခြုံရေးကောင်စီအား အသုံးပြုခွင့်ပြုထားသည်။ ဒဏ်ခတ်ပိတ်ဆို့ အရေးယူမှုများကို ညွှန်ကြားသည့် အခြေအနေတစ်ရပ်သည် 'ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်း၊ ငြိမ်းချမ်းရေးကို ချိုးဖောက်ခြင်း သို့မဟုတ် ရန်လိုမှုပြုခြင်း' ရှိကြောင်း ကောင်စီက သတ်မှတ်ပြီးနောက် ၎င်းကို 'အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိန်းသိမ်းစောင့်ရှောက်ရန်' အတွက် လုပ်ဆောင်ရမည် ဖြစ်သည်။

လုံခြုံရေးကောင်စီသည် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းဖြစ်ပြီး တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်း မဟုတ်ကြောင်း အထူးဂရုပြုသင့်သည်။ အဆိုပါသွင်ပြင်လက္ခဏာအပေါ် သဘောတူညီချက် ရရှိသည့်အခါ ထိုသို့ပြုလုပ်နိုင်သော်လည်း ပဋိညာဉ်စာတမ်း၏ အခန်း (၇) အရ လုပ်ဆောင်သောအခါ အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်မှုဖြစ်ပွားကြောင်း ဆုံးဖြတ်ခြင်း ပြုရန် မလိုအပ်ပါ။ အပြန်အလှန်အားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ ချိုးဖောက်မှု တိုင်းသည် အခန်း (၇) ကို အသုံးပြုရမည်မဟုတ်ပါ။ အခန်း (၇) အရ လုပ်ဆောင်ရန် လုံခြုံရေး ကောင်စီ၏ အာဏာသည် ငြိမ်းချမ်းရေးကိုခြိမ်းခြောက်ခြင်း၊ ချိုးဖောက်ခြင်း သို့မဟုတ် ရန်လိုမှုပြုခြင်း ရှိကြောင်း သတ်မှတ်ပြီးမှသာ အသက်ဝင်လာသည်။

## စည်းနှောင်အားနည်းသည့်ဥပဒေ

'စည်းနှောင်အားနည်းသည့် ဥပဒေ' (soft law) ဟု အမြဲရည်ညွှန်းလေ့ရှိသော 'ဥပဒေဆိုင်ရာ စာရွက်စာတမ်း' အမျိုးအစားတစ်ခုရှိသေးသည်။ ရည်ညွှန်းချက်သည် ကံမကောင်းသော အညွှန်း တစ်ခု ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အမှန်စင်စစ်ဥပဒေ လုံးဝမဟုတ် သောကြောင့် ဖြစ်သည်။ ထို့ပြင် 'စည်းနှောင်အားနည်းသော ဥပဒေ' ဟူသော အညွှန်းတွင် ၎င်းတို့အမှန်တကယ် မပိုင်ဆိုင်သည့် ဥပဒေအရအရေးပါမှုကို ရေးသားသောအရာများအဖြစ် စာဖတ်သူကို အထင်လွဲ မှားစေနိုင်သည့် စွမ်းရည်ရှိသည်။ စည်းနှောင်အားနည်းသောဥပဒေသည် ဥပဒေစည်းမျဉ်း များကို ထုတ်လုပ်ရန် မရည်ရွယ်ဘဲ သို့မဟုတ် ပင်ကိုယ်အားဖြင့် ထုတ်လုပ် နိုင်စွမ်းမရှိသော်လည်း ဥပဒေရေးရာ အကျိုးသက်ရောက်မှုအချို့ ထုတ်လုပ်နိုင်သည့် စာရွက်စာတမ်းတစ်စုံတစ်ရာ ဖြစ်သည်။ ထိုအကျိုးသက်ရောက်မှုများသည် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ တည်ထောင်ရန်လိုအပ်သော နိုင်ငံ၏အလေ့အထနှင့် *ဥပဒေဆိုင်ရာ တာဝန်ရှိမှုကို ယုံကြည် လက်ခံခြင်း (opinio juris)* တို့၏ သက်သေ အထောက်အထားအား ပေးအပ်ခြင်းမှ တိကျသည့် လိုအပ်ချက်များအရ ရှင်းလင်းတိကျမှု မရှိသေးဘဲဖြစ်နေသေးသည့် သဘောတူညီမှုဆိုင်ရာနှင့် ဓလေ့ထုံးတမ်းဥပဒေတို့၏ အဓိပ္ပာယ်ကောက်ယူခြင်းနှင့် အသုံးချခြင်းကို အကူအညီပေးခြင်းဖြင့် အနာဂတ် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းအလားအလာကို ညွှန်ပြခြင်းတို့အထိရှိနိုင်သည်။

ဤစာရွက်စာတမ်းများ၏ အတော်ပင်ပုံဖော်မရသော အမျိုးအစားကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံ့ညီလာခံများကချမှတ်သော ကြေညာချက်များ၊ ဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များကဲ့သို့သော စည်းနှောင်အားမရှိသော စာချုပ်စာတမ်းများကို ဆိုလိုသည်ဟု လက်ခံထားသည်။ အခါအားလျော်စွာ ၎င်းသည် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ တရားဝင်အသိအမှတ်ပြုထားသော လုပ်ငန်းတာဝန်များအပ်နှင်းထားသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီကဲ့သို့သော ပုဂ္ဂလိက အသင်းအဖွဲ့များက ချမှတ်သော အလားတူ စာချုပ်စာတမ်းများ အထိပါဝင်နိုင်သည်။[၄၉] သို့ဖြစ်၍ အထွေထွေညီလာခံ ဆုံးဖြတ်ချက်များသည် ပင်ကိုယ်အားဖြင့် ဥပဒေရေးရာ အကျိုးသက်ရောက်မှုကို ပေးနိုင်စွမ်းမရှိသော်လည်း ၎င်းတို့သည် ဓလေ့ထုံးတမ်းစည်းမျဉ်း၏ အထောက်အထားကိုပေးနိုင်သည် သို့မဟုတ် *အနာဂတ်တွင် ပြဋ္ဌာန်းကျင့်သုံးသင့်သည့်ဥပဒေ*( *lex ferenda*) ကို ညွှန်ပြနိုင်သည်။ ၁၉၇၅ ခုနှစ် လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဟယ်လ်ဆင်ကီကွန်ဖရင့် (Helsinki Conference) တွင် ချမှတ်ခဲ့သော နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေးကို စည်းကမ်းသတ်မှတ်သည့် အတိအလင်း စည်းကမ်းချက်များကဲ့သို့သော ဥပဒေအရ စည်းနှောင်အားမရှိသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ သို့မဟုတ် ကြေညာချက်များ သည်လည်းအလားတူပင် မှန်ကန်သည်။[၅၀] ဤစာရွက်စာတမ်းများသည် နောက်ဆုံးတွင် နိုင်ငံများက အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များ ချုပ်ဆိုခြင်း ဖြစ်လာသည့်အပေါ် အခြေခံအုတ်မြစ်ကိုလည်း ပံ့ပိုးပေးနိုင်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေတွင် အထိရောက်ဆုံးသော သုတေသနသည် ၎င်း၏ အတော်လေး ထူးခြားသော အရင်းအမြစ်များ၏စနစ်ကို မှန်ကန်စွာအထူးဂရုပြုခြင်းဖြစ်သည်။ ဤအရင်းအမြစ်များကို ကောင်းစွာကျွမ်းကျင်နိုင်ပြီး သုတေသီအပေါ် ထားရှိသော တောင်းဆိုချက်များကို သဘောပေါက်ခြင်းတို့သည် အပြည်ပြည်ဆိုင်ရာဥပဒေရှိ ထိရောက်အကျိုးများသော သုတေသနစီမံကိန်းကို လိုက်စားရာတွင် အလွန်အရေးပါသော အစိတ်အပိုင်းများ ဖြစ်သည်။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ

M. Akehurst, *A Modern Introduction to International Law* (6th edn) (London: Allen and Unwin, 1987). The 6th edition was the last by Dr Akehurst before his death in 1989, and remains the most lucid overview of the subject ever published.

J. L. Brierly, *The Law of Nations* (6th edn), ed. H. Waldock (Oxford: Clarendon Press, 1963). Professor Brierly’s brief but classic work is an exemplar of impressive scholarship issuing in clear, jargon-free and highly instructive exposition.

M. Byers, *Custom, Power, and the Power of Rules: International Relations and Customary International Law* (Cambridge: Cambridge University Press, 1999).

B. Cheng, *General Principles of Law as Applied by International Courts and Tribunals* (London: Stevens, 1953).

A. D'Amato, *The Concept of Custom in International Law* (Ithaca, NY: Cornell University Press, 1971).

G. M. Danilenko, *Law Making in the International Community* (Dordrecht: Martinus Nijhoff, 1993).

S. Hall, 'Natural Law, International Order and the Limits of Legal Positivism' (2001) 12 *European Journal of International Law* 269.

S. Hall, *International Law* (2nd edn) (Sydney: Butterworths, 2006).

H. Kelsen, *Principles of International Law* (New York: Rinehart, 1952). Professor Kelsen forcefully expounds a positivist approach to international law.

J. Klabbers, *The Concept of Treaty in International Law* (The Hague: Kluwer Law International, 1996).

C. MacGibbon, 'Customary International Law and Acquiescence' (1954) 31 *British Yearbook of International Law* 143.

M. Ragazzi, *The Concept of International Obligations Erga Omnes* (Oxford: Clarendon Press, 1997).

# မှတ်စုများ

၁ သို့ရာတွင် မှတ်သားနိုင်သော ခြွင်းချက်နှစ်ခုရှိပါသည်။ ပထမ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်သောအချို့သောဆုံးဖြတ်ချက်များ သည် နိုင်ငံအားလုံးအပေါ် ဥပဒေအရစည်းနှောင်အားရှိသော တာဝန်ဝတ္တရားကိုချမှတ်သည်။ ဒုတိယ၊ ဥရောပသမဂ္ဂသည် ဖွဲ့စည်းပုံအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အရ တည်ထောင်ထားသော်လည်း ဖယ်ဒရယ် ဥပဒေစနစ်၏ သွင်ပြင်လက္ခဏာများအားလုံး ပိုင်ဆိုင်သောကြောင့် သမဂ္ဂ၏ ဥပဒေပြုအဖွဲ့များသည် စာချုပ်အဖွဲ့ဝင်နိုင်ငံများအပေါ် သက်ရောက်မှုရှိသောဥပဒေကို ချမှတ်နိုင်သည်၊ ဤသို့အားဖြင့် ၎င်းတို့သည် ပြည်တွင်းတရားရုံးနှင့် ခုံရုံးများတွင် တရားစွဲဆိုခြင်းကို တိုက်ရိုက် မှီခိုအားထားနိုင်သည်။

၂ *North Sea Continental Shelf cases (Germany v. Denmark, Germany v. The Netherlands)*, International Court of Justice Reports (1969) 3, Paras 72–4 of the judgment.

၃ Article 21(1), Vienna Convention on the Law of Treaties.

၄ Ibid., Article 21(2).

[၅] Ibid., Article 21(3).

[၆] *Reservations to the Genocide Convention case*, International Court of Justice Reports (1951) 15.

[၇] See, for example, General Comment No. 24 of the Human Rights Committee established by the International Covenant on Civil and Political Rights, CCPR/C/21/Rev.1/Add.6 (1995) 15 *Human Rights Law Journal* 464, (1995) *International Human Rights Reports* 10 (1995) 34 *International Legal Materials.*

[၈] See, for example, Weber v. Switzerland, European Court of Human Rights (1990) Series A, No. 177.

[၉] *Anglo-Norwegian Fisheries case (United Kingdom v. Norway),* International Court of Justice Reports (1951) 184.

[၁၀] For example, Judge Read's dissenting opinion in the *Anglo-Norwegian Fisheries case*, ibid., 191.

[၁၁] *France v. Turkey*, Permanent Court of International Justice Reports (1927), Series A, No 10.

[၁၂] *Colombia v. Peru*, International Court of Justice Reports (1950) 276.

[၁၃] See note 9 above.

[၁၄] *Restatement (Third) of the Foreign Relations Law of the United States* (1987), vol. 1, §102, 25.

[၁၅] See note 2 above, para. 74 of the judgment.

[၁၆] *Case Concerning Military and Paramilitary Activities in and Against Nicaragua (Nicaragua v. United States) (Merits)*, International Court of Justice Reports (1986) 14, para. 186 of the judgment.

[၁၇] I. C. MacGibbon, 'Customary International Law and Acquiescence' (1954) 31 *British Yearbook of International Law* 143.

[၁၈] See note 2 above.

[၁၉] See note 11 above, 28.

[၂၀] See note 2 above.

[၂၁] Ibid., para. 74 of the judgment.

[၂၂] Ibid., para. 77 of the judgment.

[၂၃] Ibid., para. 76 of the judgment.

[၂၄] See note 2 above, 177.

[၂၅] Ibid., 248.

[၂၆] Nicaragua case, see note 16 above, para. 188 of the judgment.

[၂၇] *Frontier Dispute case (Burkina Faso v. Mali),* International Court of Justice Reports 1985, 6,

paras 27–8.

[၂၈] Cf. the contrary Soviet view expressed by G. I. Tunkin, *Co-existence and International Law* (1958) 95 III Hague Recueil, 25–6.

[၂၉] Permanent Court of International Justice, Advisory Committee of Jurists, *Procès-verbaux of the Proceedings of the Committee*, 1920, 335.

[၃၀] See, for example, D. P. O'Connell, *International Law* (2nd edn) (London: Stevens, 1970) 10–14; cf. Judge Tanaka (dissenting) in the *South West Africa cases* (*Ethiopia v. South Africa*, *Liberia v. South Africa* (second phase) International Court of Justice Reports (1966) 6, para. 296.

[၃၁] Gaius, Institutiones, as translated by H. J. Wolff in *Roman Law: An Historical Introduction* (Norman, OK: University of Oklahoma Press, 1951) 82–3. 32. A. Nussbaum

[၃၂] A. Nussbaum, *A Concise History of the Law of Nations* (rev. edn) (New York: Macmillan, 1958) 14.

[၃၃] J. Finnis, *Natural Law and Natural Rights* (Oxford: Clarendon Press, 1980) 296.

[၃၄] Ibid., 288.

[၃၅] See, for example, R. Jennings and A. Watts (eds), *Oppenheim's International Law* (9th edn) (London: Longman, 1992), § 12, 36–40 and § 15, 43–5; I. Brownlie, *Principles of Public International Law* (6th edn) (Oxford: Oxford University Press, 2003) 15–19, 25–7. See also *Chorzow Factory (Indemnity) (Merits)* case *(Germany v. Poland)*, Permanent Court of International Justice Reports (1928), Series A No. 17, 47–8; *River Meuse* case *(Netherlands v. Belgium)*, Permanent Court of International Justice Reports (1937), Series A/B No. 70, 76–7.

[၃၆] B. Cheng, *General Principles of Law as Applied by International Courts and Tribunals* (London: Stevens, 1953) 24.

[၃၇] Permanent Court of International Justice, Advisory Committee of Jurists, *Procès-verbaux of the Proceedings of the Committee* (1920) 336. To pronounce a *non liquet* (လက်တင်စကားစုတွင် 'မရှင်းလင်း' ဟု အဓိပ္ပာယ်ရသည်) အကြောင်းပြချက်တစ်ခုအနေဖြင့် စီရင်ချက်ချမှတ်ရန် ငြင်းပယ်ခြင်းအတွက် အငြင်းပွါးမှုတစ်ခုတွင်အသုံးချနိုင်သော ရှင်းလင်းသည့် ဥပဒေစည်းမျဉ်းများ ကင်းမဲ့ခြင်းကိုသုံးရန်ဖြစ်သည်။

[၃၈] *Eastern Extension, Australasia and China Telegraph Co Ltd*, 6 Reports of International Arbitral Awards (1923) 114–15.

[၃၉] See note 12 above, 332.

[၄၀] Article 38(1)(d), Statute of the International Court of Justice.

[၄၁] *The Paquete Habana* 175 US (1900) 700–1.

[၄၂] J. L. Brierly, *The Law of Nations: An Introduction to the International Law of Peace* (6th edn) (Oxford: Clarendon Press, 1963) 24.

[၄၃] For example, Articles 17 and 18 of the United Nations Charter.

[၄၄] *Reparation for Injuries Suffered in the Service of the United Nations*, International Court of Justice Reports (1949), 174.

[၄၅] ဥပမာအားဖြင့် ၁၉၄၄ ခုနှစ် ချီကာဂို ကွန်ဗင်းရှင်းအရ လေကြောင်းသွားလာရေးအားလုံးအတွက် ဥပဒေအရစည်းနှောင်မှုရှိသောစံကို ချမှတ်နိုင်သော အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့၏ အာဏာ။

[၄၆] For example, Article 249 of the Treaty establishing the European Community 1957.

[၄၇] Nicaragua case, see note 16 above, paras 188 and 189.

[၄၈] *Legality of the Threat or Use of Nuclear Weapons*, International Court of Justice Reports (1996) 226.

[၄၉] See H. McCoubrey, *International Humanitarian Law* (2nd ed) (Ann Arbor, MI: University of Michigan, 1998), at 52–3.

[၅၀] Nicaragua case, see note 16 above, para. 189.

# အခန်း (၁၁)

# လက်တွေ့မျက်မြင်အခြေပြုနည်းစနစ်နှင့်သဘောတရား၏ဖွံ့ဖြိုးတိုးတက်မှု

Mike McConville

## နိဒါန်း

ဤအခန်းသည် ကျွန်ုပ်ဘဝ၏ မပြီးဆုံးသေးသော လုပ်ငန်းအစိတ်အပိုင်း ခရီးစဉ်မှ တဆင့် ဥပဒေအတွက် သုတေသနနည်းစနစ်များကို စူးစမ်းရှာဖွေခြင်းဖြစ်သည်။ လက်တွေ့မျက်မြင် အခြေပြုသုတေသီများအား လမ်းဖွင့်ပေးထားသည့် ရွေးချယ်မှုအချို့ကို ပုံဖော်ရန်အတွက်နှင့် အဆိုပါရွေးချယ်မှုများကြောင့် တစ်ပြန်တစ်လှည့်ဖြစ်လာစေသည့် နိုင်ငံရေးနှင့် ကျင့်ဝတ်ဆိုင်ရာရှုထောင့်များကို ပုံဖော်ရန်အတွက်လည်း ရှာဖွေသည်။ စံပုံစံဖြစ်သည့် ဖြေရှင်းနည်းလမ်းများကို မပံ့ပိုးပေးပါ။ ၎င်းအစား နည်းစနစ်နှင့်ပတ်သက်၍ ဖြစ်နိုင်ခြေနည်းလမ်းများကို ပြသရန်အတွက်နှင့် အနာဂတ် တက်သစ်စသုတေသီများအား အားပေးခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏ အခန်းကဏ္ဍနှင့် ဖြစ်နိုင်ခြေရှိသော အင်တာဗျူးဖြေဆိုသူများ၏ အခန်းကဏ္ဍကို ဆင်ခြင်ရန်အတွက်လည်း ရည်ရွယ်သည်။ ညွှန်ပြသည့်အတိုင်း သုတေသနအားလုံးသည် အားသာချက်နှင့် အားနည်းချက်များရှိသည့်အတွက် ၎င်းသည် ပုဂ္ဂလိကဓိဌာန်ကျသည်။ ၎င်းကိုအခြားသူများအတွက် စံပြတစ်ခုဖြစ်ရန် မရည်ရွယ်သော်လည်း လူတစ်ဦးက သူ၏သုတေသနသက်တမ်းအစိတ်အပိုင်းတွင် မည်ကဲ့သို့ ညှိနှိုင်းခဲ့သည်ဆိုသည့် ဥပမာတစ်ခုဖြစ်စေရန် ရည်ရွယ်သည်။ လူမှုရေးအဖွဲ့အစည်း၏ အခြားကဏ္ဍများမှလွဲ၍ ဥပဒေကို ထည့်သွင်းစဉ်းစား၍ မရနိုင်ဆိုသည့် အချက်ပေါ် အခြေခံတည်ဆောက်ထားပြီး လူမှုရေးရာထိန်းချုပ်မှုနှင့် အငြင်းပွားမှုများ စည်းကြပ်ခြင်းအကြား နီးနီးစပ်စပ် ဆက်နွယ်မှု တို့ကြောင့် လေ့လာထိုက်သည်။

## ကနဦးစူးစမ်းရှာဖွေခြင်း

ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက် John Baldwin နှင့် လုပ်ဆောင်သည့် ပထမဆုံးသော လက်တွေ့မျက်မြင်အခြေပြုသုတေသနစီမံကိန်းသည် သုတေသီများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိတ်လှုပ်ရှားဖွယ်ဖြစ်ခြင်းနှင့် စိတ်ဓာတ်ကျဆင်းခြင်းတို့၏ အဖိုးတန်ဥပမာတစ်ရပ်ဖြစ်သလို ရှောင်လွဲမရနိုင်သော သုတေသနနိုင်ငံရေးနှင့် ကျင့်ဝတ်များ၏ လေးစားဖွယ်ဥပမာတစ်ခုလည်း ဖြစ်သည်။ ထို့ပြင် အဖွဲ့အစည်းဆိုင်ရာအခင်းအကျင်းများအတွင်း၌ တစ်ဦးချင်းက မည်ကဲ့သို့ ပြုမူဆက်ဆံခံရသည်အား ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်မှု ရှိလာစေရန် အားထုတ်မှုများ၏ ကန့်သတ်ချက်များနှင့် တန်ဖိုးများအား အကျိုးပြုသော ဥပမာတစ်ခုကို ပံ့ပိုးပေးသည်။ ၎င်းသည် အထူးဂရုစိုက်ရသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ သို့သော် ကျွန်ုပ်ယုံကြည်သည့်အရာတစ်ခုက

ပြသသည်မှာ တစ်ကိုယ်တည်းပညာရှင်များက မည်ကဲ့သို့ ပံ့ပိုးမှုပြုလုပ်နိုင်ပြီး လုပ်ငန်းစဉ် ကိုယ်တိုင်သည် သုတေသနအတွေ့အကြုံများမှတဆင့် လေ့လာ သိရှိနိုင်သောကြောင့် နောက်ပိုင်း သုတေသနစီမံကိန်းများကို အတွေ့အကြုံကြွယ်ဝစေသည်။

၁၉၇၄ ခုနှစ်တွင် စတင်ခဲ့သည့် ကျွန်ုပ်တို့၏ ကနဦးသုတေသနစီမံကိန်းသည် အတော်လေး သီးသန့်ဖြစ်သည့် ရည်မှန်းချက်ရှိခဲ့သည်။ အရေးကြီးသော နိုင်ငံရေး အငြင်းပွားမှုသည် ဂျူရီအပေါ် တွင် ဗဟိုပြုသည်။ ဂျူရီသည် ၎င်း၏ ထောက်ခံသူများနှင့် ရှုတ်ချသူ နှစ်မျိုးလုံးအကြား ပြင်းပြ သောဆန္ဒကို လှုပ်ခတ်စေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အထူးသဖြင့် ကြီးလေးသော ရာဇဝတ် မှုဖြင့် စွပ်စွဲခံရပြီး၊ အပြစ်ရှိသည့် လူအများအပြားကို တရားသေလွတ်ပေးသည့် စွပ်စွဲချက်တို့ ရှိသည့် အဖွဲ့အစည်းဖြစ်သည်။ ထိုအချိန်က မြို့တော်ရဲမင်းကြီး Sir Robert Mark က ၁၉၇၂ ခုနှစ်[၁] သူ၏ Dimbleby ဟောပြောချက်တွင် ဂျူရီစနစ်ကို ရစရာမရှိအောင် တိုက်ခိုက်ခဲ့သည်။ ထိုဟောပြောချက်တွင် သူက ရာဇဝတ်သားများစွာအား တရားသေလွတ်ပေးခြင်းအတွက် ဂျူရီများကို အပြစ်ရှိသည်ဟု စွပ်စွဲခဲ့သည်။ ရှေ့နေများက ၎င်းတို့ကိုယ်စားပြု လုပ်ဆောင်ပေး နေသည့် အမှုသည်များကိုကျော်လွန်၍ အကျင့်ပျက်ခြစားကာ တရားသေလွှတ်ပေးခဲ့သည့် ရာဇဝတ်သားများစွာကို ကူညီထားသည်ဟု သူကစွပ်စွဲခဲ့သည်။

၁၉၆၅ ခုနှစ် မောရစ်ကော်မတီအစီရင်ခံစာ (the Morris Committee report) ကစ၍ ဂျူရီသည် အစိုးရနိုင်ငံရေးသမားများ (သို့မဟုတ် အနည်းဆုံး ပြည်ထဲရေးဌာနရုံး) ၏ စိုးရိမ် ပူပန်စရာ ဖြစ်နေခဲ့သည်။[၂] မောရစ်ကော်မတီသည် ဂျူရီဝန်ဆောင်မှု၏ ဒီမိုကရေစီစနစ် အသွင် ကူးပြောင်းခြင်းကို အကြံပြုခဲ့သည်။ ဤသို့အားဖြင့် ယခုအချိန်အထိ ရွေးချယ်ခန့်အပ်ခံရသူ ဖြစ်နေခြင်းကို လုံခြုံမှုရှိသည်ဟု မှတ်ယူထားသည့် အိမ်ကြီးအိမ်ကောင်း ခမ်းခမ်းနားနား ပိုင်ဆိုင်သည့် ဂျူရီများအား လူစားထိုးခြင်းက အချက်ပြသည်။ တစ်နည်းအားဖြင့် တရားခံကို ယုံကြည်စိတ်ချစွာ ပြစ်မှုထင်ရှားစီရင်မည့် နိုင်ငံသားများပါဝင်သည့် ခုံအဖွဲ့ဖြင့် အစားထိုး ခြင်းဖြစ်သည်။ ထိုနိုင်ငံသားများကို အဓိကအားဖြင့် ပိုနိမ့်ပါးသော လူတန်းစားများမှ ရွေးထုတ်ထားသည်။ ရွေးချယ်ခံရန် စာရင်းသွင်းထားသည့်သူများအားလုံးဖြင့် ဂျူရီအဖွဲ့ဝင်များ တိုးချဲ့ခြင်း[၃]သည် ရွေးချယ်ခန့်အပ်ခံရသူအသိုင်းအဝိုင်းတွင် စိုးရိမ်ပူပန်မှုဖြစ်စေပြီး မျှော်မှန်း ထားသည့် သက်ရောက်မှုကို လျော့ချရန်ခြေလှမ်းများ ချက်ချင်းပြုလုပ်ရသည်။[၄] ကျွန်ုပ်တို့သည် ပြည်ထဲရေးဌာနရုံးထံ ရန်ပုံငွေအတွက်လျှောက်ထားခဲ့သည်။ ကျွန်ုပ်တို့၏လျှောက်ထားမှုကို အတည်ပြုပေးခဲ့ကာ စီမံကိန်းကိုကြီးကြပ်ရန်နှင့် ဆက်သွယ်ရာတွင်ကူညီပံ့ပိုးရန်အတွက် အကြံပေး ကော်မတီတစ်ခု (ပြည်ထဲရေးဌာန၊ ရဲ၊ ဥပဒေအသိုက်အဝန်းနှင့် ရှေ့နေအသင်းမှ ကိုယ်စားလှယ်များပါဝင်သည့်)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အမှီအခိုကင်းသောသုတေသီကို ခြွင်းချက်မရှိ ကူညီပေးခြင်း အတွက် အစိုးရ၏ မသိနိုင်သောလက်နက်တစ်ခုဖြစ်သည့် ပြည်ထဲရေး ဌာန၏ဆန္ဒကို သံသယရှိခဲ့သည်။ ကျွန်ုပ်တို့တွေ့မြင်ရသလို ဂျူရီအဖွဲ့အစည်းကို အများပြည်သူက

တက်ကြွစွာဆွေးနွေးခြင်းပြုနေချိန်၌ ဂျူရီလုပ်ငန်းများအကြောင်း သုတေသနပြုလုပ်ရန် ကျွန်ုပ်တို့၏အဆိုပြုချက်ကို ရန်ပုံငွေထောက်ပံ့ရန်သည် ဂျူရီအမှု စစ်ဆေးစီရင်ခွင့်အပေါ် ကန့်သတ်ချက်ထားရှိနိုင်ရန် ရလဒ်များကို သူတို့က ရှာဖွေနေခြင်းဆိုသည့်အချက်အပေါ် များစွာအခြေခံသည်။ ဤထင်မြင်ချက်ကို ခိုးမှု သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ ထိခိုက်နစ်နာမှု ပါဝင်သည့် အမှုအများအပြားတွင် ဂျူရီ၏အမှု စစ်ဆေး စီရင်ပိုင်ခွင့်ကို ဖယ်ရှားရန် Lord Justice James လက်အောက်ရှိ ဌာနတွင်း ကော်မတီ၏ ထောက်ခံချက်များဖြင့် မကြာမီ ပို၍သေချာစေခဲ့သည်။[5] သို့သော် ကျွန်ုပ်တို့က အစီရင်ခံစာတိုင်း၏ ပုံနှိပ်ထုတ်ဝေမှုမတိုင်မီ စာမူကြမ်းကိုသာ အတိုင်ပင်ခံကော်မတီအားပြသပြီး ပေးသည့်သဘောထား မှတ်ချက်များကို ထည့်သွင်း စဉ်းစားခဲ့သည့် အချက်မှ လွဲ၍ မည်သည့် ကတိကဝတ်မှ မပေးခဲ့ပါ။

ဤအရာသည် သုတေသနနှင့်ပတ်သက်၍ လွတ်လပ်မှုအကြောင်း အရေးကြီးသော အချက်တစ်ချက်ကို မီးမောင်းထိုးပြသည်။ အစိုးရအဖွဲ့အစည်းများသည် သုတေသနရလဒ်များက ၎င်းတို့လိုလားသည့်အတိုင်း မဟုတ်သည့်အခါ ၎င်းတို့ရန်ပုံငွေထောက်ပံ့ထားသည့် သုတေသီများ၏ ရလဒ်များကို ထိန်းချုပ်နိုင်ရန် စည်းကမ်းချက်ချမှတ်နိုင်သည် သို့မဟုတ် အားထုတ်နိုင်သည်ကို အထူးတလည် သတိထားမိသည်။ ပြည်ထဲရေးဌာနရုံး ကိုသော်လည်းကောင်း သို့မဟုတ် အခြားသူများကိုသော်လည်းကောင်း ထုတ်ဝေခွင့်အပေါ် ကျွန်ုပ်တို့အား ပယ်ချခွင့်ပေးရန် ကျွန်ုပ်တို့ဘက်က ညှိနှိုင်းမှုသည် ကျွန်ုပ်တို့၏ လွတ်လပ်ခွင့်ကို သာမက အနာဂတ်ကာလတွင်ရှိလာမည့် အခြားသုတေသီများအား ထုံးတမ်းစဉ်လာအဖြစ် အလားတူကန့်သတ်ချက်များအား လိုက်နာစေခြင်းကို အထောက်အကူပြုသည့် အပေးအယူလုပ်ခြင်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့တွင် ပြည်ထဲရေးရုံးထံမှ ပြင်းထန်သော ကန့်ကွက်မှုကို ဆန့်ကျင်ကာ ထုတ်ဝေခဲ့သည့် Stanley Cohen and Laurie Taylor ၏ အကျဉ်းထောင်များတွင် နှစ်ရှည်အကျဉ်းကျခံခြင်း လေ့လာမှုမှာ ရှေးကနမူနာအဖြစ်ရှိခဲ့သည်။ အကျိုးဆက်မှာ ထိုပညာရှင်နှစ်ဦးကို နောက်ထပ်အစိုးရ ရန်ပုံငွေထောက်ပံ့သည့် သုတေသနများမှ 'ပယ်ချခြင်း' ဖြစ်သည်။[၆] ထို့အပြင်ကျွန်ုပ်တို့တွင် Roy King and Kenneth Elliot[၇] ၏ အကျဉ်းထောင်အပေါ်သုတသနပြုခြင်းကို ပြည်ထဲရေးဌာနရုံးက ပိတ်ပင်ခြင်းမှာ လက်ငင်း နမူနာဖြစ်ပြီး ၎င်းတို့၏စာအုပ်သည် ပြည်ထဲရေးဌာနရုံး၏ ပိတ်ပင်မှုကြောင့် နှောင့်နှေး ကြန့်ကြာခဲ့ရသည်။

ကျွန်ုပ်တို့က ရန်ပုံငွေကိုလက်ခံရန်နှင့် သုတေသနကိုသတိအပြည့်ဖြင့် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အစပိုင်းတွင် မည်သည့်ကန့်သတ်ချက်မှ ကျွန်ုပ်တို့အပေါ် ချမှတ်မထားကြောင်း သေချာသော်လည်း ထိုသုတေသန၏တွေ့ရှိချက်များသည် အတိုက်အခံနှင့် ရင်ဆိုင်ရနိုင်သည်ဆိုသည့် သတိရှိခြင်းဖြစ်သည်။ အလားအလာရှိသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အဆက်အသွယ်ရရှိခြင်းတို့အတွက် သေချာစေရန် အားထုတ်ရာ၌ ပြည်ထဲရေးဌာနမှ ကိုယ်စားလှယ်များ၊ ဥပဒေ အသိုက်အဝန်းမှ ကိုယ်စားလှယ်များ၊ ရှေ့နေအသင်းမှ ကိုယ်စားလှယ်များနှင့် ရဲ ကိုယ်စားလှယ်များပါဝင်သည့် အကြံပေးကော်မတီတစ်ခုကို ဖွဲ့စည်း

တည်ထောင်ခဲ့သည်။ ကျွန်ုပ်တို့သည် အကြံပေးကော်မတီအား ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များကို အထောက်ပံ့ဖြစ်ရန် အသုံးပြုခဲ့ကြသည်။ ၎င်းကော်မတီ၏ ယုံကြည်မှုရရှိခဲ့ပြီး ရွေးချယ် ထားသည့် စစ်တမ်းကောက်ယူမည့် နေရာများတွင် ၎င်းတို့၏ စေ့စပ်ဖြန်ဖြေပေးခြင်းများ မှတဆင့် ပြုလုပ်သည့် သုတေသနအတွက်ဆက်သွယ်ရရှိရေး သေချာစေခဲ့ကြသည်။[၅]

ကွင်းဆင်းလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ ဖွဲ့ချက်တင်ခြင်းအဆင့်၌ ရွေးချယ်ထား သည့် နမူနာတွင်ပါဝင်သော အမှုအားလုံးသည် ဂျူရီထံမရောက်ဘဲ ဖယ်ရှားခံခဲ့ရကြောင်းကို ကျွန်ုပ်တို့ ပို၍ရှင်းရှင်းလင်းလင်း ဖြစ်လာသည်။ စင်စစ်အားဖြင့် အဆိုပါကိစ္စသည် လုံလောက်သော ဂျူရီစစ်ဆေးစီရင်သည့်အမှုများအား စုဆောင်းရာတွင် ကျွန်ုပ်တို့ကို အခက်အခဲရှိစေသည့် အမှု ယိုပေါက်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့ကြိုတင် မှန်းဆချက်များနှင့် ဆန့်ကျင်ဘက် ဖြစ်နေ သည်။ ရွေးချယ်ထားသည့် အမှုများသည် 'အပြစ်မရှိ' ကြောင်း အသနားခံထားသည့် အတိုင်းအတာ တစ်ခုအထိ ကြီးလေးပြီး တရားခံရှေ့နေများက စစ်ဆေးစီရင်မည့် ရုံးချိန်းရက်ထက် ကြိုတင် ပေးပို့လာသည့် သတင်းအချက်အလက်များ အခြေခံအပေါ် ဂျူရီအမှုစစ်ဆေး စီရင်မှုကို ပြုလုပ်ရန် ရာဇဝတ်တရားရုံး အာဏာပိုင်များ (Crown Court) မှ ကြိုတင်မှန်းဆ ထားသည့် အတွက်ကြောင့်ဖြစ်သည်။ အဘယ်ကြောင့် အမှုများက တရားခံရှေ့နေများ ခင်းထားသည့် လမ်းကြောင်းမှ အမြဲတမ်းသွေဖည်နေရသနည်း။

မူလကသုတေသန၏ အထူးဂရုပြုမှုသည် ဂျူရီဖြစ်ခဲ့သော်လည်းဘဲ ဤဖြစ်ပွားမှုသည် ပင်ကိုယ်အရ မှန်ကန်ပြီး စုံစမ်းစစ်ဆေးရန် အရေးကြီးသည့်အကြောင်းလုံလောက်သည် ဟု ဆုံးဖြတ်ခဲ့ကြသည်။ ဤရည်မှန်းချက်အရ တရားခံ (၁၅၀) ဦးကို နမူနာအဖြစ်ရွေးချယ်ခဲ့သည်။ ရာဇဝတ်တရားရုံး (Crown Court) တွင် အပြစ်ရှိကြောင်း ဝန်ခံချက် တင်သွင်းပြီးနောက် ဂျူရီအဖွဲ့ဝင်အမည် စာရင်းမသွင်းမီ၎င်းတို့၏ အမှုများကိုဖယ်ရှားခံရခြင်း ဖြစ်သည်။ ကျွန်ုပ်တို့က ဤအထောက်အကူပြုလေ့လာမှုကို ရှေ့နေများပါဝင်ခြင်းမရှိသလို သူ၏ ကိုယ်စားပြုအဖွဲ့ဖြစ်သည့် ရှေ့နေအသင်း အုပ်ချုပ်မှုအဖွဲ့တို့မပါဝင်ဘဲ ရှေ့ဆက်ခဲ့သည်။ ပူးပေါင်းဆောင်ရွက်မှုကို ကျွန်ုပ်တို့ ချန်လှပ်ထားခဲ့သည်။ ကျွန်ုပ်တို့ ဤသို့ ပြုလုပ်ခဲ့ခြင်းကို အတိုင်ပင်ခံကော်မတီအား အသိမပေးဘဲ လုပ်ဆောင်ခဲ့သည်။ အကြောင်းမှာ ထပ်ဆောင်း အရင်းအမြစ်များ၊ သဘောတူညီချက်များ မပါရှိ သောကြောင့်ဖြစ်ပြီး မည်သည့်အရာကို ရှာဖွေသည်ဖြစ်စေ ထိုအရာသည် ရာဇဝတ် တရားစီရင်ရေး စနစ်အတွင်း ဂျူရီများအား ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုအပေါ် တိုက်ရိုက် သက်ဆိုင်သည်။

ရှေ့ဆက်လုပ်ဆောင်ရန် မှန်ကန်မှု ရှိမရှိ ဆိုသည်မှာ သုတေသီတစ်ဦးချင်းစီက ဆင်ခြင်သင့်သည့် မေးခွန်းဖြစ်သည်။ တစ်ဖက်တွင် ပြည်ထဲရေးဌာနရုံးသို့ အပြစ်ရှိကြောင်း ဝန်ခံချက်များကို မူလဖော်ပြထားသကဲ့သို့ ထည့်သွင်းထားရန် ကျွန်ုပ်တို့၏သုတေသနက စီစဉ်ထားသော်လည်း လေ့လာမှု၏ အထူးအာရုံစိုက်ရာ မဟုတ်ကြောင်းပြောလျှင် မျှတလိမ့်မည်။

မည်သို့ပင် ဖတ်ရှုသော်လည်း အပြစ်ရှိကြောင်း ဖော်ပြချက်များသည် မူလဒီဇိုင်းတွင် ပါဝင်ခဲ့သည့် တိုင် ကျွန်ုပ်တို့ အစီအစဉ်များ၌ အတော်လေး ဆက်နွယ်သည့်ပြဿနာတစ်ခု အမြဲဖြစ်ခဲ့သည်။ အခြားတဖက်တွင်  သုတေသနသည် အမြဲတမ်းပင် အခွင့်အလမ်း သို့မဟုတ် ကံကောင်းခြင်း အကြောင်းလည်း ဖြစ်သည်။ ဥပမာအားဖြင့်- သိပ္ပံဆိုင်ရာ ရှာဖွေတွေ့ရှိချက်များသည် ထူးထူး ခြားခြား ကြိုတင်မှန်းဆမထားသော အခြားသိပ္ပံဆိုင်ရာ လေ့လာလိုက်စားမှုအချို့၏ အကျိုးဆက် ကဲ့သို့ ဖြစ်လေ့ ဖြစ်ထမရှိခြင်းမျိုး မဟုတ်ပါ။ Luigi Galvani ၏ ရှာဖွေတွေ့ရှိချက်ဖြစ်သည့် ပြည့်စုံသော လျှပ်စီးပတ်လမ်း (a closed electrical circuit) (အာရုံ ကြောဇီဝကမ္မဗေဒနှင့် လက်တွေ့အာရုံကြောဆိုင်ရာ ဆေးပညာကို နောက်ဆုံးဦးတည်သော) Wilhelm Rontgen ၏ဓါတ်ရောင်ခြည် (X-Rays) ဖြင့် အစိုင်အခဲကိုထိုးဖောက်ခြင်း (တစ်နည်း အကျိတ်အခဲကို ချေဖျက်ခြင်း)၊ Louis Pasteur ၏ ကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါ ကြိုတင်ကာကွယ်ခြင်း တို့အပြင် Alexander Fleming၊ Ernst Chain နှင့် Howard Florey ၏ ပင်နီစလင်တို့သည် သာဓကများဖြစ်ကြသည်။ ကျွန်ုပ်တို့၏တွေ့ရှိချက်များသည် ဤအောင်မြင်ကျော်ကြားမှု မဟုတ်သော်လည်း  အဓိက ဆိုလိုရင်းက တည်ရှိနေဆဲဖြစ်သည်။

အဓိကလေ့လာမှုသည် အနှောင့်အယှက်မရှိဘဲ ၎င်း၏ နှေးကွေးသောနှုန်းဖြင့် ဆက်လက် လုပ်ဆောင်နေသည့်အတွက်ကြောင့်နှင့် ကျွန်ုပ်တို့က အရေးပါသော တစ်စုံတစ်ရာကို လေ့လာ နေခြင်း ဖြစ်သည်ဟုတွေးခဲ့သည့်အတွက်ကြောင့် ကျွန်ုပ်တို့သည် အတိုင်ပင်ခံကော်မတီအား ဤကိစ္စကို အထူးတလည် ဖော်ပြခြင်းမရှိဘဲ ဆက်လက် လုပ်ဆောင်ခဲ့သည်။ ထိုအရာသည် အခြား အရေးပါသော သုတေသနဆိုင်ရာ ကျင့်ဝတ်ပြဿနာကို ပေါ်ထွက်လာစေသည်။ ကော်မတီ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါသည့်တိုင် ပိုမိုကျယ်ပြန့်သော သုတေသနကို ထိန်းသိမ်း ရန်အလို့ငှာ အတိုင်ပင်ခံကော်မတီနှင့်ဆက်ဆံရာတွင် ပွင့်လင်းမှုအားနည်းခဲ့သည်။ အတိုင်ပင်ခံ ကော်မတီအားလှည့်ဖျားသည်ဟုပင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုကို တစ်နည်းအားဖြင့် ရှုမြင် နိုင်သည်။ ပုဂ္ဂိုလ်ရေးရည်မှန်းချက်နှင့် ဝင့်ဝါခြင်းတို့သည် သုတေသီ အာရုံစူးစိုက်ခြင်းမရှိသည့် အရာသာဖြစ်ပြီး သုတေသနအလုပ်ကို လုပ်ကိုင်သည့်အခါ လက်တွေ့ကျကျ ရင်ဆိုင်ရန်လည်း ဖြစ်သည်။ သုတေသနကို ထိန်းကျောင်း၍ ပုံမဖျက်သရွေ့ ပြစ်မှုရှိကြောင်းဝန်ခံခြင်း နယ်ပယ် ထဲသို့ ကျွန်ုပ်တို့၏ ချဉ်းနင်းဝင်ရောက်မှုကို မှန်ကန်မျှတသည့် 'အထောက်အကူ' ဟု ယူဆသည်။

ကျွန်ုပ်တို့မကြာသေးမီကဖော်ထုတ်ခဲ့သည်မှာ လျော့ပေါ့ပြစ်ဒဏ်အတွက် အပြစ်ရှိ ကြောင်း ဝန်ခံချက်ပေးလာစေရန် တရားခံများကိုနားချခြင်းလုပ်ငန်းစဉ် တစ်ခုပါဝင်သည့် အသနားခံညှိနှိုင်းခြင်း (plea bargaining) ဟု ယခုအခါ ကျယ်ကျယ်ပြန့်ပြန့်သိထားသည့် ယူဆချက်ဖြစ်သည်။ အမှန်စင်စစ် ကျွန်ုပ်တို့ရှာဖွေတွေ့ရှိခဲ့သည့်အသေးစိတ်အချက်များသည် ကြီးကြီးမားမား အံ့အားသင့်စရာဖြစ်လာခဲ့သည်။ ရဲစခန်းသည် ရှေ့နေများနှင့် သုတေသီများ အတွက် 'မသွားရ' နေရာဖြစ်သည့်အခါ သုတေသနလုပ်ဆောင်ရသည်မှာ အချိန်အတော်ကြာ ခဲ့သည်။ သံသယရှိသူများအတွက် အတည်ပြုနိုင်သောအခွင့်အရေးများ အနည်းငယ်ရှိခဲ့လျှင်

တောင်မှ စွဲချက်မတင်ဘဲ 'ရဲကိုငင်းတို့၏ စုံစမ်းစစ်ဆေးမှုများအတွက် ကူညီပေးခြင်း' ဟူသော မခိုင်လုံသည့် အကြောင်းပြချက်ဖြင့် အချိန်အကန့်အသတ်မရှိ လူများကို အချုပ်ဖြင့် ချုပ်နှောင်ထားပြီးနောက် ဥပဒေအရ အချိန်မရွေးလွတ်လပ်စွာ ထွက်ခွာနိုင်သော်လည်း အမှန်စင်စစ် ဤသို့မဟုတ်ပေ။ ဖြောင့်ချက်သေချာရရှိစေရန် မက်လုံး၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်ရန် ခြိမ်းခြောက်မှုတို့ကို အသုံးပြုခြင်းတို့အပေါ် ရဲအား စွပ်စွဲချက်များ ကျယ်ပြန့်လာချိန်တွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်တစ်ခုထွက်ပေါ်လာသည်။ ကျွန်ုပ်တို့သည် သံသယရှိသူများနှင့် စွပ်စွဲခံရသူများအား ဤပုံရိပ်ကို ထောက်ခံရန်အတွက်နှင့် လူတိုင်းခံစားရနေသည့်အရာက ရဲလုပ်ငန်းစဉ်အလေ့အထအား လွှမ်းမိုးခြင်းအားဆန့်ကျင်သည့် နောက်ထပ်ပြောကွက်ကို ပံ့ပိုးရန်အတွက် အတော်လေး ကြိုတင်ပြင်ဆင်ခဲ့သည်။

ကျွန်ုပ်တို့က ထိုကိစ္စကို ကြိုတင်မှန်းဆခဲ့သော်လည်း အားမပေးခဲ့ပါ။ ၎င်းအစား အလိုအလျောက် ဇာတ်ကြောင်းပြောခြင်းများ ပေါ်ထွက်လာရန်အတွက် ခွင့်ပြုထားစဉ်အတွင်း ရဲ သို့မဟုတ် တကယ့် အခြားပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ဆောင်သူကို ဝေဖန်ရန် တရားခံများအား မက်လုံးပေးခြင်းမျိုးမဟုတ်သည့် နည်းလမ်းတစ်ခုရှာဖွေခဲ့သည်။ ဖြေကြားသူများသည် ယေဘုယျအားဖြင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိခဲ့ကြသည်။ အထူးသဖြင့် နေ့စဉ်လုပ်ငန်းစဉ်မှ နားချိန်ရပြီး ကျွန်ုပ်တို့၏ စီးကရက်များကို သောက်ရန်အတွက် ရရှိသည့်အခွင့်အရေးကို ကြိုဆိုခဲ့ကြသည့် ထောင်ထဲမှသူများ ဖြစ်သည်။[၉] မေးခွန်းမှာ သူတို့ကို ထင်ယောင်ထင်မှား မဖြစ်စေဘဲ သူတို့၏ဇာတ်ကြောင်းကို မည်ကဲ့သို့ ထုတ်ယူရမည်နည်း? သုတေသနနည်းစနစ်ဆိုင်ရာ စည်းကမ်းများအရ ကျွန်ုပ်တို့ဘာလုပ်သင့်သလဲ? သင့်အမှုအကြောင်းကျွန်တော့်ကိုပြောပြနိုင်မလား? ဆိုသည့် ရိုးရှင်းသော မေးခွန်းတစ်ခုကို ကျွန်ုပ်တို့က တွေ့ဆုံမေးမြန်းမှုတိုင်းတွင် ထည့်သွင်းခဲ့သည်။ ဤနည်းလမ်းက တရားခံများအား သူတို့နားလည်သဘောပေါက်သည့်အတိုင်း 'သူတို့၏အမှု' အပါအဝင် အရေးပါသည်ဟု သူတို့မြင်တွေ့ခဲ့သည့် မည်သည့်အကြောင်းကိုမဆို ပြောဆိုခွင့်ပြုထားသည်။ ထို့ကြောင့် တရားခံများအား သူတို့၏ရဲထံ အစစ်ခံရသည့် အဆင့်တွင် ကြုံတွေ့ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း သို့မဟုတ် သူတို့၏ တရားရုံးရှေ့နေ (solicitor) အား အကဲဖြတ်ခြင်း အကြောင်းကိုလည်းကောင်း သို့မဟုတ် သူတို့၏ ဝတ်လုံတော်ရရှေ့နေ (barrister)နှင့် အတွေ့အကြုံအကြောင်းကို လည်းကောင်း သို့မဟုတ် စင်စစ် အပြစ်ရှိကြောင်း ဝန်ခံချက်ကို ဦးတည်သည့် ထူးခြားသည့် ကိစ္စတစ်ရပ်ရပ် အကြောင်းကိုလည်းကောင်း ပြောဆိုရန် မတိုက်တွန်းကြပါ။

အချို့က သူတို့ဘဝ၏အတိတ်အကြောင်းကို အဓိကထား သော်လည်း အခြားသူများက နောက်အဆင့်( ဖြစ်နိုင်ခြေရှိသော အယူခံ သို့မဟုတ် တိုင်တန်းချက်) အပေါ် အဓိကထားသည်။ အမှုစစ်ဆေးစီရင်ခြင်းအတွက်ဟု သူတို့ယုံကြည်ထားသည့် ရုံးချိန်းရက်ရှိ တရားသူကြီးအား အနည်းငယ်သာပြောဆိုပြီး အမြဲတမ်း ပြောင်းလဲမှုမရှိ သူစိမ်းတစ်ဦးဖြစ်သည့် ၎င်းတို့၏ ဝတ်လုံတော်ရရှေ့နေလက်ထဲတွင် ပြုမူဆက်ဆံခံရမှု ကိုတိုက်ခိုက်ရန် ဤအဖွင့်မေးခွန်းကို တရားခံများက

ကြိမ်ဖန်များစွာ အသုံးပြုသည်။ ယေဘုယျအားဖြင့် သူတို့သည် အမှုစစ်ဆေးစီရင်ခြင်းအတွက် သော်လည်းကောင်း၊ ရုံးထုတ်ရက်အတွက်သော်လည်းကောင်း၊ ကိုယ့်ကိုယ်ကို ကြိုတင်ပြင်ဆင် ထားခဲ့ပြီးဖြစ်သည်။ သို့သော် စစ်ဆေးစီရင်မှုအတွက် အချိန်သတ်မှတ်ခြင်းမပြုမီလေးတွင် အရှုံးပေးရန်အတွက်နှင့် အပြစ်ရှိကြောင်း ဝန်ခံရန်အတွက် ပရိယာယ်အမျိုးမျိုးဖြင့် သွေးဆောင် ခြင်းခံခဲ့ရသည်။ သူတို့အား မည်သည့်အခါမှ သူတို့အကြောင်း ဇာတ်လမ်းကိုပြောရန်အတွက် အခွင့်အလမ်း ပေးခြင်းမခံရပါ။ Howard Becker[၁၀] မေးခဲ့သည့် မေးခွန်းဖြစ်သည့် 'သင်ကမည်သည့် ဘက်ကလဲ' ကို အကြောင်းခြင်းအရာ အရ အပြစ်ရှိခြင်း သို့မဟုတ် အပြစ်မရှိခြင်းတို့နှင့် သက်ဆိုင် ခြင်းမရှိဘဲ တရားခံများအပေါ် စာနမှုဖြင့် သူတို့၏ အသံကို ကြားနာသင့်သည်ကြောင့် ဆုံးဖြတ်ခဲ့ သည်ဟု လျှင်မြန်စွာ အဖြေပေးခဲ့သည်။

ထို့ပြင် အပြစ်ရှိကြောင်း ဝန်ခံချက်များသည် ဥပဒေအရ လိုအပ်သည့် 'လွတ်လပ်၍ မိမိသဘောဆန္ဒအလျောက်' မဟုတ်သည့် ရှာဖွေတွေ့ရှိချက်များအကြောင်းကို တစ်ဦးနှင့်တစ်ဦး မတွေ့ဘူးကြသူ တစ်ဦးစီကပြောသည့် ဇာတ်လမ်းများ၏ ကိုက်ညီမှုနှင့်အတူ ရှေ့နေအချို့နှင့် အခြားသူများထံမှ ဖြစ်စဉ်များကလည်း ယုံကြည်ရန်ဖြစ်စေခဲ့သည်။ ၎င်းအစား အကျပ်ကိုင်ခြင်း အမျိုးမျိုးဖြင့် သွေးဆောင်ခံရသည်။ 'အသနားခံ ညှိနှိုင်းခြင်း' သည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေ သော အဖွဲ့အစည်းဆိုင်ရာ အလေ့အထတစ်ခုဖြစ်ပြီး သမားရိုးကျ မဟုတ်သည့် အချို့သော ရှေ့နေများနှင့် တရားသူကြီးများထံမှ  သီးခြားခွဲထုတ်ထား၍မရသည့် လွဲမှားသောအမှု အကျင့် ဖြစ်ကြောင်း  တွေ့ရှိချက်များအပေါ် ယုံကြည်ချက် ခိုင်မာစေသည်။

ကျွန်ုပ်တို့ရွေးချယ်ခဲ့သည့် နည်းလမ်းသည် တန်ဖိုးနှင့် အမှန်တရားကို အသုံးချခြင်း၏ နမူနာကောင်းဖြစ်သည်။ အကောင်းဆုံးအခြေအနေတွင် သုတေသနကို လူ *အပေါ်* တွင် ပြုလုပ်ခြင်းမဟုတ်ဘဲ လူ*နှင့်* သာ လုပ်ဆောင်သင့်သည့် အမှန်တရားကို  အသုံးချခြင်း၏ နမူနာကောင်း တစ်ခုလည်းဖြစ်သည်။[၁၁] တရားခံအားလုံးအား  သုတေသန အကြောင်းကို ပြည့်စုံစွာအသိပေးထား  (အပြစ်ရှိကြောင်းဝန်ခံချက်အပေါ် မည်ကဲ့သို့ ဆုံးဖြတ်ခဲ့သည်ကို စိတ်ဝင်စားကြောင်းပြောပြရန်မလိုဘဲ)သည်။ သူတို့အားလုံးက သဘောတူညီချက်ကို လွတ်လပ်စွာ ပေးကြသည်။  သို့ရာတွင် အကောင်းဆုံးကို အမြဲမရရှိနိုင်ပါ။ အင်တာဗျူးဖြေကြားသူများနှင့် ပွင့်ပွင့်လင်းလင်း ဆက်သွယ်ဆောင်ရွက်ခြင်း မှတဆင့် အများပြည်သူ အကျိုးစီးပွားကို လုံခြုံရန် မလုပ်နိုင်သည့် အချိန်အခါများတွင် ရှောင်လွှဲခြင်းက မှန်ကန်မျှတသည်ဟု ကျွန်ုပ်က အခိုင်အမာပြောလိုသည်။ မည်သည်က မှန်ကန်ကြောင်းကို ကိစ္စတစ်ခုချင်းအလိုက် သုတေသီ တစ်ဦးချင်းစီက ဆုံးဖြတ်ရမည်။ သို့သော် လက်တွေ့မျက်မြင် အခြေပြုသုတေသနတွင် ပါဝင် လုပ်ဆောင်သူ အနည်းငယ်က စီမံကိန်းကို ပုံစံပြောင်းခြင်းမရှိဘဲဖြင့်လည်းကောင်း သို့မဟုတ် စွန့်လွှတ်ခြင်းမရှိဘဲဖြင့်လည်းကောင်း လှည့်စားသည့်နည်းလမ်းကို မည်သည့်အခါမျှ အသုံးပြုနိုင် မည် မဟုတ် သို့မဟုတ် မည်သည့်အခါမျှမှန်ကန်မျှတအောင် ပြုနိုင်မည်မဟုတ်ဟု ရိုးသားစွာ ထောက်ခံပြောဆိုနိုင်သည်။

ကျွန်ုပ်တို့၏ သုတေသန တွေ့ရှိချက်များသည် 'အမြင်သစ်ပေးနိုင်သည့်' ပုံစံဖြစ်သော်ငြား တရားခံများက မသိနားမလည်ဘဲ ယာယီတရားခံများထက် တစ်ဦးအပေါ်တစ်ဦး ပို၍ သစ္စာရှိသော 'တရားရုံးလုပ်ငန်းအဖွဲ့' အဖွဲ့ဝင်များကို မရည်ရွယ်ဘဲ ထိပ်တိုက်ရင်ဆိုင်ရသည်ဆိုသည့် သိသာထင်ရှားသည့်အချက်ကို ကျော်လွန်၍ နက်နဲသော သီအိုရီကြောင့် သိလာခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့က တရားရုံးကော်ရစ်ဒါများ[၁၂]၌ဖြစ်စေ သို့မဟုတ် တရားရုံးတော်အတွင်းရှိ သီးသန့် ရပ်ဝန်း၌ဖြစ်စေ ဖုံးကွယ်နေသော ဝတ်လုံတော်ရရှေ့နေများနှင့် တရားသူကြီးများက လုပ်ဆောင်သည့် လုပ်ငန်းစဉ်တစ်ခုကို ဖော်ထုတ်ခဲ့သည်။ အသေးစိတ်ဆိုရလျှင် အပြစ်ရှိကြောင်း ဝန်ခံလာစေရန် ယေဘုယျအားဖြင့် အမှုစစ်ဆေးမည့် ရုံးချိန်းရက်မတိုင်မီ နောက်ဆုံးအချိန်မျိုးတွင် သူတို့၏ ရှေ့နေများကသော်လည်းကောင်း သို့မဟုတ် အမှုစစ်ဆေးသည့် တရားသူကြီးကသော်လည်းကောင်း ခြိမ်းခြောက်ခြင်းဖြင့်ဖြစ်စေ သို့မဟုတ် ကတိများဖြင့်ဖြစ်စေ မည်ကဲ့သို့ အကျပ်ကိုင်ခံရကြောင်းကို တရားခံများကပြောပြခဲ့သည်။ ထိုလုပ်ငန်းစဉ် တစ်ခုသည် အမေရိကန်ပြည်ထောင်စုတွင်ကောင်းစွာအတည်ပြုထားသော်လည်း ဗြိတိသျှ တရားစီရင်ရေးစနစ် အတွက် အသစ်အဆန်း ဖြစ်နေသည်ဟု ယူဆသည်။

## သုတေသနနိုင်ငံရေး

အတိုင်ပင်ခံကော်မတီထံတင်ပြသည့် ကျွန်ုပ်တို့၏ ကြားဖြတ်အစီရင်ခံစာကို *Negotiated Justice*[၁၃] အဖြစ် နောက်ဆုံးတွင် ထုတ်ဝေခဲ့သည်။ ထိုပုံနှိပ်ထုတ်ဝေမှုကို ပွင့်ပွင့်လင်းလင်း ရန်လိုမှုမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ သုတေသနအား ထုတ်ဝေခြင်းမှ တားမြစ်ရန်အတွက်နှင့် မယုံကြည်ရန်အတွက် စုပေါင်းအားထုတ်ခြင်းတစ်ရပ် ပြုလုပ်ခဲ့ကြသည်။။ သုတေသနမှာ သတင်းစာသို့ ပေါက်ကြားရောက်ရှိသွားပြီး သုတေသနတွေ့ရှိချက်များကို မေးခွန်းများဖြင့် ထိုးနှက်ရန်နှင့် ကျွန်ုပ်တို့၏ရိုးသားဖြောင့်မတ်မှုအပေါ်ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်မှုစတင်ရန် ဥပဒေပညာရှင်ခေါင်းဆောင်များက တန်းစီစောင့်နေသည်။ တစ်ဖက်တွင် သုတေသနသည် *'အထောက်အထားမခိုင်လုံသောဖြစ်ရပ်'* (unsubstantiated anecdotes) ကို အခြေခံထားပြီး 'ထောင်တွင်း တွေ့ဆုံစကားပြောခြင်း' ထက် အနည်းငယ်သာပိုသည်ဟု ပြောဆိုခံရသည်။ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့က လျှို့ဝှက်ချက် (တရားလွှတ်တော်ရှေ့နေက တရားခံအား ပြောခဲ့သည့် စကားများ) ကို ချိုးဖောက်ခြင်းဖြစ်ပြီး ဆိုခဲ့သည့်အကျပ်ကိုင်ခြင်း၏ သားကောင် ဖြစ်နေသော တရားခံများအား ကူညီရန် ဘာမှမလုပ်ဆောင်ခဲ့ကြောင်း ပြောခံခဲ့ရသည်။ ရာဇဝတ်မှု မြင့်တက်လာခြင်း၏ အကြောင်းရင်း ဖြစ်သည်ဟုလည်း အပြောခံရပါသေးသည်။ သို့ရာတွင် ပေါ်လွင်ထင်ရှားစွာပင် ဥပဒေပညာရှင်များကပြုလုပ်သည့် မည်သည့်တိုက်ခိုက်မှုများကမှ အသနားခံညှိနှိုင်းခြင်းအလေ့အထအကြောင်းကို မငြင်းဆန်ကြပေ။ အသရေပျက်နိုင်ခြေ နိုင်ငံရေးကို အသုံးပြုခြင်းဖြင့် 'ပြစ်မှုကျူးလွန်သူများ'၏ ယုံကြည်စိတ်ချရနိုင်ခြေအပေါ် ဆွေးနွေးချက်ကို စွန့်လွှတ်ရန်အတွက် ကြိုးစားခဲ့ပြီး ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယုံကြည်စိတ်ချမှုကို ဝေဝါးစေရန်နှင့် မမှန်မကန်စွပ်စွဲခြင်းများဖြင့် ပြောဆိုဆွေးနွေးချက်များကို ရပ်တန့်စေရန်အတွက် သူတို့ရှာဖွေသည်။

ပုံနှိပ်ပြီးနောက် လအတန်ကြာသည့်အခါ တက္ကသိုလ်ဒုတိယအဓိပတိနှင့်တွေ့ဆုံရန် ဆင့်ခေါ်ခံ ရသောအချိန်၌ ပုဂ္ဂိုလ်ရေးအရ ဖိအားပေးမှုတိုးလာသည်။ သူက ပုံနှိပ်ထုတ်ဝေခြင်းတွင် ရှိသည့် အဆိုးဆုံးအန္တရာယ်များကို သတိပေးခဲ့ပြီးစိတ်ပညာ (ထိုအချိန်က တိရိစ္ဆာန်များစွာ လက်တွေ့ စမ်းသပ်ချက်တွင်ပါဝင်ပတ်သက်ခြင်း) ကဲ့သို့သော တက္ကသိုလ်ဌာနများသည် ပြည်ထဲရေးဌာနရုံးနှင့် အခြားအစိုးရငွေကြေးထောက်ပံ့မှုရရှိခြင်းကို ထပ်မံထောက်ပြခဲ့သည်။ ထိုအချိန်က ပြည်ထဲရေးဌာနရုံး အတွင်းရေးမှူး Merlin Rees က သုတေသနရပ်စဲမည့် ထုတ်ပြန် ချက်တစ်ရပ်အား အောက်လွှတ်တော်ထံပေးပို့မည်ဖြစ်ကြောင်းကို တက္ကသိုလ်အား အသိပေးထား သည်ဟု ကျွန်ုပ်တို့အား ပြောခဲ့သည်။ ဤတွေ့ဆုံမှုတွင် ထုတ်ဝေမှုကို ရပ်စဲရန် ကျွန်ုပ်တို့က သဘောတူခြင်းမှတစ်ပါး ဒုတိယအဓိပတိအား ထိုသို့ တာဝန် မခံနိုင်ကြောင်း ပြောပြခဲ့သည်။

ထို့နောက် ဒုတိယအဓိပတိက သူရွေးချယ်ခန့်အပ်ထားသည့် ဂုဏ်ထူးဆောင် ပါမောက္ခ များဖြစ်ကြသည့် ဝါရင့်ပုဂ္ဂိုလ် (၃) ဦးလုံးက စိစစ်ပြီးချိန်ထိ စာမူကို ကျွန်ုပ်တို့ ဆက်လက်မလုပ် ဆောင်ရန် အမိန့်ပေးခဲ့ပြီး ဂုဏ်ထူးဆောင်ပါမောက္ခများထံမှ အစီရင်ခံစာ လက်ခံရရှိ ပြီးချိန်ထိ ပုံနှိပ်ရန်အတွက် စုံစမ်းမေးမြန်းခြင်းများကို တုံ့ပြန်ခြင်းမပြုရန်လည်း အမိန့်ပေးခဲ့သည်။ ယခုမှ စတင်ရုံစတင်ရသေးသည့် ကျွန်ုပ်တို့၏ အလုပ်အပေါ် ခြိမ်းခြောက်မှု ရှိသော်လည်း ဆက်လက် လုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားခဲ့ကြသည်။ သို့သော်လည်း အစီရင်ခံစာကို စောင့်ရန် ဆုံးဖြတ်ခဲ့ ကြသည်။ ဂုဏ်ထူးဆောင်ပါမောက္ခ (၃) ဦးက သူတို့၏ အစီရင်ခံစာကို တင်သွင်းချိန်၌ သုတေသနအား ကောင်းမွန်သည်ဟု အတည်ပြုပေးခဲ့ပြီး ကြမ်းကြမ်းတမ်းတမ်း စွပ်စွဲချက်များမှ ကင်းလွတ်စေကြောင်းသိရသည့်အတွက် ပို၍ စိတ်ပေါ့ပါးမှု ဖြစ်ခဲ့ရသည်။

ပုံနှိပ်ထုတ်ဝေမှုအလှည့်တွင် Edward Elgar ပုံနှိပ်တိုက်မှာထူးချွန် အယ်ဒီတာတစ်ဦး ဖြစ်ခဲ့ပြီး ယခု Martin Robertson (ထုတ်ဝေသူ) မှ စီးရီးအယ်ဒီတာများ (series editors) ဖြစ်ကြသည့် Colin Campbell နှင့် Paul Wiles တို့၏ ဝိုင်းဝန်းကူညီမှုဖြင့်လည်းကောင်း မလိုလားအပ်သည့် တိုက်ခိုက်ခြင်းများကို ရင်ဆိုင်ရာတွင် လူမှုရေး-သိပ္ပံအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုရှိခြင်းကြောင့်လည်းကောင်း ပုံနှိပ်ထုတ်ဝေမှုကို ကံကောင်းစွာဖြင့် ပြုလုပ်နိုင် ခဲ့သည်။ Campbell နှင့် Wiles တို့၏ အဖွင့်မိတ်ဆက်လွှာတွင် ကျွန်ုပ်တို့သုတေသနက ထုတ်ထားသည့် ကျယ်ပြန့်သော မေးခွန်းအချို့ကိုညွှန်းဆိုခဲ့သည်။ ၎င်းတွင် မသမာမှုနှင့် အမှားပြု လုပ်ခြင်းများကို မျက်မြင်တွေ့ရှိသူ သုတေသီအများအပြားကလည်းကောင်း အမှားကို လက်ခံ ထားသူအား အမှန်ပြင်ရန်အားထုတ်ရာ၌ ကြားဝင်စွက်ဖက်ရန်၊ မစွက်ဖက်ရန်အတွက် ရွေးချယ်ခြင်းပြုရမည့် သုတေသီများကလည်းကောင်း (ဤသို့အားဖြင့် အားလုံးဖြစ်နိုင်ခြေက သုတေသနစီမံကိန်းကို စွန့်လွှန်လိုက်သည်)၊ သို့မဟုတ် ထိုသို့ ပြုလုပ်မည့်အစား စနစ်တကျ တည်ဆောက်ထားသော မတရားမှုဖြစ်စေမည့် လူမှုရေး လုပ်ငန်းစဉ်များကို ဖော်ထုတ်ရန် အမှုတစ်မှုချင်းစီကို ဘက်မလိုက်ဘဲနေခြင်းပြုရမည့် သုတေသီများကလည်းကောင်း စသည့်

ရင်ဆိုင်နေရသည့် ကိုယ်ကျင့်တရား အကျပ်အတည်းတို့ ပါဝင်သည်။[၁၄] သုတေသီများသည် ဤအကျပ်အတည်းကို ကိုယ်တိုင်ရင်ဆိုင်ကာဖြေရှင်းရမည်။

ဤအချက်ကို ပြုလုပ်ရမည့်နည်းလမ်းမှာ သုတေသနဆောင်ရွက်ခြင်းမပြုမီ ရင်ဆိုင်ရနိုင်ခြေရှိသော အကျပ်အတည်းများကို ကြိုတင်မှန်းဆထားရမည်ဖြစ်ပြီး သုတေသန၏ ထုတ်လုပ်မှုသည် အမှုတစ်ခုချင်းစီကို ဝင်ရောက်စွက်ဖက်ခြင်းထက် ရေရှည်တန်ဖိုး ဖြစ်၊မဖြစ်ကို ဆုံးဖြတ်ထားရန်တို့ဖြစ်သည်။ အကယ်၍ ၎င်းက ရေရှည်တန်ဖိုးဖြစ်ပါက သုတေသနကို ဆက်လက်လုပ်ဆောင်နိုင်ပြီး ထိုသို့မဟုတ်လျှင် သုတေသနကို အစမပြုသင့်ပါ။ သုတေသန၏ အတိအကျအသေးစိတ်ကို မဟုတ်ခဲ့လျှင်တောင် အထွေထွေပြဿနာကို ကြိုတင်မမြင်နိုင်သည့် သုတေသနနမူနာကို ကျွန်ုပ်မသိရှိပါ။[၁၅] ထို့ပြင် ငြင်းခုံဆွေးနွေးခြင်းနှင့် ယှဉ်ပြိုင်မှုကို ပွင့်ပွင့်လင်းလင်း အားပေးသင့်သည့် သုတေသီတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားမူဘောင်ထက် ယေဘုယျ ကျသောအဖြေကိုလည်း ကျွန်ုပ်က မသိရှိပါ။

ထိုအချိန်က အလုပ်အကိုင်နှင့်ဆိုင်သည့် ရှောင်လွှဲမှုများရှိသော်လည်း နှစ်များစွာ ကြာလာသည့်အခါ သုတေသနကဖော်ထုတ်ခဲ့သည့်အရာသည် ဝတ်လုံတော်ရ ရှေ့နေများနှင့် တရားသူကြီးများ အားလုံးက နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်ခဲ့သည့် အစုအဖွဲ့ဆိုင်ရာ လုပ်ဆောင်ချက်ဖြစ်ကြောင်းထင်ရှားလာသည်။ အမှန်စင်စစ် အသနားခံညှိနှိုင်းမှုသည် အင်္ဂလိပ်တရားစီရင်ရေးအတွက် စိမ်းနေသည့် လက်တွေ့လုပ်ငန်းအဖြစ် ပြစ်တင်ရှုံ့ချရန်သော်လည်းကောင်း၊ အယူခံတွင် အရှိန်အဟုန်ဖြင့်တိုးပွားဖြစ်ပေါ်လာသည့် အဖြစ်အပျက်များကို ကန့်ကွက်ရန်သော်လည်းကောင်း အယူခံတရားရုံးက ဆက်လက်လုပ်ဆောင်ခဲ့သော်လည်း အသနားခံညှိနှိုင်းမှုကို လက်ခံလာခဲ့ကြသည်။ ယခုအခါ မှုခင်းတိုက်ဖျက်ရာနှင့် ကုန်ကျစရိတ်သက်သာသော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်ရှာဖွေခြင်းအတွက် ၎င်းကို မရှိမဖြစ်အရေးပါသော လက်နက်အဖြစ် ကာကွယ်ထားသည်။

## ယေဘုယျပြုနိုင်သောသုတေသနသင်ခန်းစာအချို့

သို့ရာတွင် သုတေသီအတွက် သင်ခန်းစာအများအပြားရှိပါသည်။ ပထမအချက်မှာ လူမှုရေး-ကျင့်ဝတ်ဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာအမြင်များအပါအဝင် သုတေသနစီမံကိန်းများ၏ သဘာဝသမိုင်းကြောင်းကို ဥပဒေအသိုက်အဝန်းက အပြည့်အစုံ ရှင်းလင်းချက်ပေးရန်မှာ အလွန် အရေးပါသည်။ သို့မှသာ နောက်မှဝင်ရောက်လာသူက ပိုမို ကောင်းမွန်အောင် ကြိုတင်ပြင်ဆင်နိုင်သည်။ ဤသည်မှာ သိပ္ပံပညာတွင် ဖြစ်ခဲ့သည်။ သိပ္ပံပညာရပ်သည် ရလဒ်များကို မည်ကဲ့သို့ အသုံးချသင့်သည် ဆိုသည့်အချက်အပေါ် အထူးအာရုံစိုက်သည့်အရာဖြစ်သည်။ သိပ္ပံပညာသည် အများပြည်သူထံ အမှားကို ဖော်ထုတ်ပြီး နောက်မှသာ 'ရှာဖွေတွေ့ရှိခြင်း' လုပ်ငန်းစဉ်ကို ရင်ဆိုင်ဖြေရှင်းရသည့်အခါ ဖြစ်နေကျ အဖြစ်အပျက်များဖြစ်သည့် သိပ္ပံဆိုင်ရာ လိမ်လည်မှုများ ပါဝင်နေခြင်းမှတစ်ပါး ၎င်းတို့ကို မည်ကဲ့သို့ထုတ်လုပ်သည် ဆိုသည့်ကိစ္စအပေါ်တွင်

အလေးထားခြင်း မဟုတ်ပေ။ လူမှုရေးရာဥပဒေလေ့လာမှုများတွင် အသိပညာထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အကြောင်းမှာ မရှိမဖြစ် အရေးပါသည်။

ဒုတိယအချက်မှာ ပြုလုပ်နိုင်သည့်အရာအပေါ် ကန့်သတ်ချက်များချမှတ်ခြင်း (ဥပမာအားဖြင့် ဝတ်လုံတော်ရရှေ့နေထံသို့ သို့မဟုတ် အခြားအခြေအနေတွင် တရားသူကြီးများထံသို့၊[၁၆] အကျဉ်းထောင်များထံသို့ ဆက်သွယ်ခွင့်ကို သုတေသီများအား ငြင်းပယ်ခြင်းစသဖြင့်) ဖြင့်လည်း ကောင်း၊ 'မူဝါဒနှင့်ဆက်နွယ်သော' သုတေသနကိုသာ လုပ်ဆောင်ရန် သုတေသီအား ဆွဲဆောင် ခြင်းဖြင့် လည်းကောင်း၊ တစ်နည်းအားဖြင့်ဆိုရသော် ဩဇာလွှမ်းမိုးသည့် အဖွဲ့အစည်းက သင့်လျော်သည်ဟုမြင်သည့် စကားရပ်များ၌ ပြဿနာကို သတ်မှတ်ခြင်းဖြင့်လည်းကောင်းနှင့် အဖွဲ့အစည်းက ထိန်းချုပ်ခွင့်ရှိသည့် အချက်များအရ သုတေသန တွေ့ရှိချက်များအား ပြောင်းလဲဖော်ပြရန်လိုအပ်ခြင်းဖြင့်လည်းကောင်း အသိပညာ ထုတ်လုပ်ခြင်းကို ဩဇာလွှမ်းမိုးရန်အတွက် တရားဝင်အဖွဲ့အစည်းများတွင် အခွင့်အာဏာကြီးကြီးမားမား ရှိသည်မှာ ထင်ရှားသည်။ များမကြာမီကပြုလုပ်သည့် 'စီမံအုပ်ချုပ်မှုဆိုင်ရာ ပြစ်မှုဗေဒ' သုတေသနသည် ဩဇာလွှမ်းမိုးသော အဖွဲ့အစည်းများ၏ အခွင့်အာဏာ၏ ဝမ်းနည်းဖွယ်သက်သေအထောက်အထားတစ်ရပ် ဖြစ်ပြီး သုတေသီ တစ်ဦးချင်းစီက အတိုက်အခံလုပ်ရန် ပျက်ကွက်ခြင်းများသည်လည်း အမှုသည်ကို ဖော်ပြသည့် အဖွဲ့အစည်းဆိုင်ရာ ရန်ပုံငွေထောက်ပံ့သည့် အဖွဲ့များထက် အနည်းငယ်သာ ပိုသည့် 'သုတေသန' အဖွဲ့အစည်းများအဖြစ်သို့ဦးတည်စေပြီး အင်အားကြီးသော အဖွဲ့အစည်းများကို စစ်ဆေးမေးမြန်းခြင်းမျိုးကို ရှောင်ကြဉ်ပြီး ၎င်းအစား လူ့အဖွဲ့အစည်းအတွင်းရှိ အင်အားမဲ့သူများကို ဗဟိုပြုသည့် သုတေသနအဖြစ်သို့ လည်းကောင်း ဦးတည်စေခြင်းလည်း ဖြစ်စေသည်။ သို့မဟုတ် Paul Rock က အနည်းငယ် ခေတ်နောက်ကျသော်လည်း သင့်လျော်သော မှတ်ချက်ပြုရာတွင် 'ဝတ်လစ်စလစ် ကပြဖျော်ဖြေသူ၊ လူပုလေးများ၊ ပြည့်တန်ဆာများ၊ ချက်လက်မှတ်အတုပြုသူများ၊ ကိုယ်အင်္ဂါ ချို့တဲ့သူ၊ မျက်မမြင်များ၊ ဆွံ့အနားမကြားသူများ' ကို[၁၇] ဗဟိုပြုသည့်ဟု ပကတိအတိုင်း ထည့်သွင်းဖော်ပြခဲ့သည်။

တတိယအချက်မှာ အတော်ပင်များပြားသော ကန့်သတ်ချက်များအောက်တွင် သူတို့၏ သုတေသနများကို လုပ်ဆောင်ရန်ဖိအားပေးခံရသည့်တိုင် လူမှုအဖွဲ့အစည်းများအား ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်ခြင်းကို အထောက်အကူပေးနိုင်ရန် သုတေသီအတွက် ဖြစ်နိုင်ခြေကျန်ရှိနေပါသေးသည်။ အစောပိုင်းတွင် ရည်ညွှန်းခဲ့သည့် အသနားခံ ညှိနှိုင်းမှု သုတေသနသည် အခြားစုံစမ်းစစ်ဆေးမှုများတွင်လည်း အလားတူဖြစ်ရပ်မျိုးများစွာ ဖြစ်လာစေပြီး ပြစ်မှုဆိုင်ရာတရားစီရင်ရေးလုပ်ငန်းစဉ်ကို တစ်စပြီးတစ်စ ပို၍ပို၍ ဖော်ထုတ်လာနိုင်ခဲ့သည်။[၁၈] သုတေသနအများစုနှင့်ဝေဖန်ချက်များအား နက်နဲသောသီအိုရီမှ ရှင်းရှင်းလင်းလင်း သိစေနိုင်မည် မဟုတ်သော်လည်း သဘောတရားရေးရာအသိအမြင်ကို ရရှိစေပါသည်။ ဥပမာအားဖြင့် ယခုအခါ အသနားခံညှိနှိုင်းမှုကို အမှုသည်ဗဟိုပြု အဖွဲ့အစည်းများ (ဥပဒေအကျိုးဆောင် လုပ်ငန်းများနှင့်

တရားရုံးများ) ရင်ဆိုင်နေရသည့် အချက်အခြာကျသော ပြဿနာရပ်၏ ဂန္တဝင်မြောက် နမူနာတစ်ခုကို ပံ့ပိုးပေးရန် ရှုမြင်ကြသည်။ အမှုသည် ဗဟိုပြု အဖွဲ့အစည်းများ၏ရလဒ်များသည် ပြဋ္ဌာန်းထားသည့် 'စည်းမျဉ်းများ'အပြင် 'စည်းကမ်းများ'နှင့် အညီ ကြိုတင်သတ်မှတ်ထားမည့်အစား သူတို့က ဖော်ပြလိုသည့် တရားမဲ့မှုရလဒ်များဖြစ်နိုင်သည်။ အဖွဲ့အစည်းဆိုင်ရာပြဿနာကို အပြင်လူများက အတွင်းထဲသို့လှမ်းမျှော်ကြည့်ခြင်းမျိုးမှ ကြိုတင်တားဆီးရန် ပုံဖော်ထားသည့် ဝင်ပေါက်ထိန်းသိမ်းခြင်း ကိရိယာအမျိုးမျိုးမှတဆင့် ကိုင်တွယ်ဖြေရှင်းသည်။ တစ်ချိန်တည်းမှာပင် အဖွဲ့ဝင်များကို အဖွဲ့အစည်းအတွင်း စည်းမျဉ်းများ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များအရ ပိတ်မိစေသည်။ တဖန်ဤမူဝါဒများသည် လျှို့ဝှက်ထိန်းသိမ်းထားခြင်း ကိစ္စအသွင်အောက်တွင် လျှို့ဝှက်ခြင်းကို မြှင့်တင်ပေးသည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် အကြောင်းပြချက်ပေးလိုသော အဖွဲ့ဝင်များအတွက် ညှိနှိုင်းမှု မရနိုင်သော အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများကို ဖန်တီးသည်။ ဥပမာအားဖြင့် ရှုပ်ထွေးသော ရှေ့နေများ၏ ကျင့်ဝတ်များနှင့် ဇာတ်ကြောင်းများကို တည်ဆောက်ခြင်းဖြစ်သည်။ ၎င်းတို့သည် မလွဲမရှောင်သာ သို့မဟုတ် အမှုသည်က တွန်းပို့သဖြင့် လုပ်ရပ်များ အပြစ်ကင်းစင်ရန်အတွက်လည်းကောင်း တရားဝင်ခြင်းနှင့် ၎င်းတရားဝင်မှုနှင့် ကိုက်ညီမှုရှိသကဲ့သို့ နည်းလမ်းကျသည့်လုပ်ငန်းစဉ် သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ငန်းစဉ်ကို ခြေရာခံခြင်းမရှိတော့သော စနစ်တစ်ခုကို ပုံဖော်ရန်လည်းကောင်း ရှာဖွေသည့် ဇာတ်ကြောင်းများ ဖြစ်သည်။[၁၉]

## နိုင်ငံခြားသားတစ်ဦးအနေဖြင့် သုတေသနပြုခြင်း

အခြားခေါင်းစဉ်များအားနှစ်ပေါင်းများစွာ သုတေသနပြုပြီးနောက် အသနားခံညှိနှိုင်းခြင်းထံ အခွင့်သာ၍ပြန်ရောက်လာခဲ့သည်။ နယူးယောက်မြို့တော်ရှေ့နေအသင်းက မြို့တော်အတွင်း ဆင်းရဲသား တရားခံများအားပေးထားသည့် အမှုလိုက်ပေးခြင်း ၏ အရည်အသွေးအကြောင်းကို စိုးရိမ်ပူပန်လာပြီး ထိုအချက်က ပြုပြင်ပြောင်းလဲရေးအမျိုးမျိုးကို အဆိုပြုခဲ့သည်။ အခြေခံအားဖြင့် အမှုအားလုံးကို ဥပဒေအထောက်အကူပြု အဖွဲ့အစည်းကဖြေရှင်းပေးပြီး အမည်အားဖြင့် ပုဂ္ဂလိက အဖွဲ့အစည်းဖြစ်သော်လည်း အမှန်မှာအစိုးရရှေ့နေဖြစ်သည်။ သို့ရာတွင် တရားခံအများအပြားပါသောအမှုတွင် တရားခံများအကြား အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ အမှန်တကယ် သို့မဟုတ် အလားအလာရှိသောအခါ အားလုံးကိုဟုဆိုသော်လည်း အဓိကကျသောတရားခံအတွက် နယူးယောက် ကောင်တီဥပဒေ[v] အပိုဒ် ၁၈ (ခ) အရ ခန့်အပ်၍ အခကြေးငွေပေးထားသည့် ပုဂ္ဂလိကရှေ့နေများကအမှုလိုက်ပါ ဆောင်ရွက်ပေးသည်။ အရပ်စကားဖြင့် '၁၈ (ခ) ရှေ့နေများ'

---

[v] ခြွင်းချက်အနည်းငယ်မှလွဲ၍ နယူးယောက်ပြည်နယ်တွင်းရှိကောင်တီအားလုံးနှင့်သက်ဆိုင်သည်။ ဥပဒေအမည်ကို ကောင်တီဥပဒေဟုခေါ်ဆိုသည်။

ဟုသိကြသူများဖြစ်သည်။ နယူးယောက်မြို့တော် ရှေ့နေအသင်းအနေဖြင့် တရားရုံးက ခန့်အပ်သည့် ၁၈ (ခ) ရှေ့နေများသည် လုံလောက်ထိရောက်မှုမရှိသော အကူအညီပေးနေသည့် ဝရုန်းသုန်းကား လူစုဖြစ်သည်ဟု အမြင်ရှိသည်။ အဓိကပြဿနာမှာ ဆင်းရဲသားများကို ဖြည့်ဆည်းပေးသည့် ရှေ့နေများ၏ ကိုယ်စားအမှုကိစ္စဆောင်ရွက်ပေးမှု အရည်အသွေးအား ထိန်းချုပ်ရန် ရှေ့နေအသင်း၏ အစွမ်းမရှိခြင်းပင်ဖြစ်ခဲ့သည်။ အသေးစိတ်ပြုပြင်ပြောင်းလဲမှုနှင့် ၎င်းတို့၏ ထောက်ခံအကြံပြုချက်ချမှတ်ခြင်း ပိုမိုကောင်းမွန်သေချာစေရန် မြို့တော်ရှေ့နေအသင်းက တရားရုံးမှ တာဝန်ပေးအပ်ထားသော ရှေ့နေများအကြောင်းသုတေသနတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြပြီး ကျွန်ုပ်အား နယူးယောက်တက္ကသိုလ်၌ သုတေသနပါမောက္ခတစ်ယောက် အနေဖြင့် ခန့်အပ်ခံရစဉ်အတွင်း သုတေသနကိုဦးဆောင်ရန် ဖိတ်ကြားခံရသည်။

အစပိုင်းတွင် မည်ကဲ့သို့ဆက်လက်လုပ်ဆောင်ရမည်ဟူသော ရွေးချယ်မှုတစ်ခုနှင့် ရင်ဆိုင်ခဲ့ရသည်။ တစ်ဖက်တွင် လူမှုရေးရာယဉ်ကျေးမှုသိပ္ပံပညာသုတေသနများ မှတဆင့် တိုက်ရိုက် စောင့်ကြည့်လေ့လာခြင်းဖြင့်လည်းကောင်း မြို့တော်ရှေ့နေအသင်းမှ အသိအမှတ်ပြု ရှေ့နေများအပြင် ဥပဒေ အထောက်အကူပြုအဖွဲ့အစည်းမှ အရာရှိများနှင့်ရှေ့နေများကို တွေ့ဆုံမေးမြန်းခြင်းမှတဆင့် လည်းကောင်း ၁၈ (ခ) ရှေ့နေများကို လေ့လာနိုင်ခဲ့သည်။ သူတို့အားလုံးက အဆိုပါချဉ်းကပ်နည်းလမ်းကို ထောက်ခံကြောင်းကတိပြုခဲ့ကြသည်။ အခြားတစ်ဖက်တွင် ဆင်းရဲသော ရှေ့နေများ*အားလုံး*ကိုလည်းကောင်း၊ ဥပဒေ အထောက်အကူပြုအဖွဲ့အစည်းနှင့် ၁၈ (ခ) ရှေ့နေများကိုလည်းကောင်း ကြည့်ရှုနိုင်ခဲ့သည်။ ဒုတိယတစ်ခုကို ရွေးချယ်ပါက ရှေ့နေအသင်း၏ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှု မပါဝင်ဘဲဖြစ်ပြီး ဥပဒေ အထောက်အကူပြုအဖွဲ့အစည်း၏ ပြတ်သားသော ကန့်ကွက်မှုနှင့်လည်း ဆန့်ကျင်ဘက် ဖြစ်ကြောင်းပေါ်လွင်လာသည်။ ကျွန်ုပ်ရင်ဆိုင်ခဲ့ရသည့် ဥပဒေ အထောက်အကူပြုအဖွဲ့၏ ပြင်းထန်သောအတိုက်အခံမှာ ၎င်းတို့တွင် ရှိသည့် 'ရွှေစံနှုန်း' (gold standard) ဆိုသည့် တောင်းဆိုမှုဖြစ်ပြီး ၎င်းကိုယ်၌က ကျွန်ုပ်၏သိချင်စိတ်ကို နိုးဆွပေးသည်။ ၎င်း၏ ၁၈ (ခ) ရှေ့နေများထက် သာလွန်နေမှုနှင့် ပတ်သက်၍ အဖွဲ့အစည်းက ရှေ့ဆောင်တောင်းဆိုမှုအား စစ်ဆေးသင့်သည်ဟု ထိုနိုးဆွမှုက အကြံပြုခဲ့သည်။ ရှေ့နေအစု နှစ်မျိုးစလုံးကို လေ့လာမှုပြုလုပ်ရန် သင့်တော်သလို ရွေးချယ်ခဲ့သည်။ မေးခွန်းမှာ အဆိုပါ အတိုက်အခံကိုရင်ဆိုင်၍ မည်ကဲ့သို့ လုပ်ဆောင် နိုင်သနည်း ဟူ၍ဖြစ်သည်။

အစပြုမှုမှာ နယူးယောက်တက္ကသိုလ်၊ ပြစ်မှုဆိုင်ရာ ဥပဒေလက်တွေ့ခန်းမှ ညွှန်ကြားရေးမှူး ဖြစ်သူပါမောက္ခ Chester (Chet) Mirsky နှင့် ပူးပေါင်းခြင်း ဖြစ်သည်။ Chet သည် မြို့တော်တရားရုံးနှင့်ပတ်သက်၍ ခရေစေ့တွင်းကျသိသော အမှုစစ်ဆေးရေး အတွေ့အကြုံရှိသည့် ရှေ့နေတစ်ဦးဖြစ်ခဲ့သည်။ သို့သော်လည်း လက်တွေ့မျက်မြင်အခြေပြု သုတေသနနှင့် ပတ်သက်၍ လုံးဝမသိပါ။ ကျွန်ုပ်တွင် လက်တွေ့မျက်မြင်အခြေပြုသုတေသနဆိုင်ရာ အတွေ့အကြုံ အတော်လေး ရှိသော်လည်း နယူးယောက်နှင့်ပတ်သက်၍ လုံးဝမသိပါ။ ၎င်းသည် သဘာဝအရ မိတ်ဖက်ဖြစ်ကြောင်းထင်ရှားပြီး ကျွန်ုပ်တို့သည် မိတ်ဆွေများအဖြစ် ရောက်ရှိကာ နှစ်နှစ်ဆယ်

ကျော်ကြား သုတေသန လက်တွဲဖက်များဖြစ်လာခဲ့ကြသည်။ သုတေသန ကြိုးပမ်းအားထုတ်မှုတွင် ကံကလည်း အဓိကကျသော အခန်းကဏ္ဍမှပါဝင်သည်။ Chet က အကျဉ်းဦးစီးဌာနမှ သူငယ်ချင်းများမှတဆင့် ကျွန်ုပ်ကို တရားရုံးထဲ ဝင်ရောက်နိုင်အောင် လုပ်ပေးနိုင်ပြီး ၎င်းအား တရားရုံးခန်း၏ နောက်တွင် အမှု၏တာဝန်အရှိဆုံးသူနှင့် တွေ့ခွင့်ရစေခဲ့သည်။ ထိုတရားရုံးခန်းသည် တရားခံများအား ရဲအချုပ် (စစ်မေးချိန်တွင် ရှိခဲ့သည့် ရှေ့နေတစ်ဦးမှမပါဘဲ) ထံမှ ဆိုင်ငံ့တရားရုံးရှေ့သို့ လာရောက်ရန် ခေါ်လာသည့်နေရာ နှင့် သူတို့အား ဥပဒေ အထောက်အကူပြုမှုဖြစ်စေ သို့မဟုတ် ၁၈ (ခ) မှ ဖြစ်စေ တရားခံရှေ့နေကို ခန့်အပ်သည့်နေရာ ဖြစ်သည် ။ တရားရုံးမှ အရာရှိများက ‘တရားရုံးဝင်ခွင့်’ ကဒ် (အကျဉ်းဦးစီးဌာနမှ သူများသာ ကိုင်ဆောင်ရသည်အတွက် ကောင်းသည်) ထုတ်ပြခဲ့ပြီး ကျွန်ုပ်အား အကြိမ်ရေအနည်းငယ်တွေ့သည့်အခါတွင် အားလုံးက လက်ခံသည့် အနေအထား ရောက်ရှိသွားသည်။ လှည့်စားမှု တစ်ခုကို နောက်ပိုင်းတွင် ထပ်မံလုပ်စရာမလိုသည့်အတွက် စိတ်တိုင်းကျ ဝင်ထွက်သွားလာလို့ ရသွားသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကျွန်ုပ်ကို သူတို့အမြင်တွင် သုတေသီ သို့မဟုတ် အပြင်လူဟု မမြင်တော့ဘဲ သူတို့စိတ်ထဲတွင် အကျဉ်းဦးစီးဌာနမှ လူအဖြစ်သာရှိသည့် အဖြစ်သို့ ရောက်ရှိသွားသည်။

တရားသူကြီးများမှ ကနဦးလက်ခံမှုအတွက် ကျွန်ုပ်၏နိုင်ငံခြားသားတစ်ယောက် ဖြစ်သည့် အခြေအနေကအထောက်အကူပေးသည်။ အရင်က ကောင်းမွန်သည်ဟု သတ်မှတ် မထားသည့် ပျော်ပွဲရွှင်ပွဲအချို့တွင် ပါဝင်ပတ်သက်နေသူအဖြစ် ကျွန်ုပ်အားရှုမြင်ထားသည်။ ကျွန်ုပ်က ဤတစ်ပတ်တွင် (၇) ရက်၊ (၂၄) နာရီစနစ် အခြေခံရှိ အလှည့်ကျ ရှေ့နေများနှင့် ပြောင်းလဲအလုပ်လုပ်သည့်အတွက်အကြာမီပင်ဤရုံး၌ ကြာရှည်စွာ လုပ်ကိုင်နေသူကဲ့သို့ မြင်လာပြီး တရားရုံးတွင် ပါဝင်လုပ်ကိုင်သူများအားလုံးထံတွင် ကျွန်ုပ်၏အဆင့်အတန်းနှင့် ကိုယ်ပိုင် လက္ခဏာက ပျောက်ဆုံးသွားသည်။ အမှန်တကယ်၌ တရားရုံး၏ပရမ်းပတာ စီမံခန့်ခွဲမှုတွင် အလုပ်၌ရှိသော ဥပဒေအထောက်အကူပြုအဖွဲ့အစည်း၏ ရှေ့နေများနှင့် တွေ့ဆုံနိုင်ခဲ့သည်။။ အမှုတွဲများ စစ်ဆေးနိုင်ခဲ့သည်။ တရားခံများ၊ရှေ့နေများနှင့် တရားသူကြီးများအား တွေ့ဆုံမေးမြန်း နိုင်ခဲ့သည်။ တရားသူကြီးများ၏ အလုပ်မှတ်တမ်းများကို ပြန်လည်သုံးသပ်နိုင်ခဲ့သည်။ တရားခံကို အမှုလိုက်ပါဆောင်ရွက်ပေးခြင်းမှလွဲ၍ အရာအားလုံးနီးပါး လုပ်နိုင်ခဲ့သည် (တရားရုံးအတွင်း အလုပ်တာဝန်ကို လက်ခံမည့် သူတစ်ယောက်မှ မရှိသည့်အခါ ‘တရားရုံး၏ ပုံမှန်လူ’ တစ်ယောက် အဖြစ် ကျွန်ုပ်ထံအမှုများလွှဲရန် ကြိုးစားခဲ့သည့် ‘လုပ်ရမည့်အလုပ် အစီအစဉ်များကို ပြီးမြောက်ရန်’ စိုးရိမ်ပူပန်သည့် အချို့ တရားသူကြီးများ၏ ကန့်ကွက်ခြင်းများလည်း တစ်ခါတစ်ရံ ကြုံတွေ့ခဲ့ရသည်ဟု ဆိုရပါမည်။)

ဤအထူးအခွင့်အရေးရသည့်အနေအထားတွင်[၂၀] ရှေ့နေလုပ်ငန်းမှ အဖိုးတန်သော အချက်အလက်များ စုဆောင်းနိုင်ခဲ့ပြီး ထိုနည်းအားဖြင့် ဥပဒေအထောက်အကူပြုနှင့် ၁၈ (ခ) ရှေ့နေများကို နှိုင်းယှဉ်လေ့လာမည့် အခြေခံအုတ်မြစ်ကိုချနိုင်ခဲ့သည်။ ကျွန်ုပ်တို့သည် အပြစ်ရှိ ကြောင်းဝန်ခံချက်စနစ်တွင် ကုန်ကျစရိတ်သက်သာသော စီမံခန့်ခွဲမှုအကျိုးအတွက် ဆင်းရဲသော

တရားခံများက ရာဇဝတ်မှုဖြစ်သည့် အခြေအနေ၌ ရှေ့နေများထံမှ (ဥပဒေ အထောက်အကူပြု အဖွဲ့အစည်း သို့မဟုတ် တရားရုံးကခန့်အပ်သူ) ထိရောက်မှုမရှိသော အကူအညီကို လက်ခံရရှိခဲ့ရခြင်းမှာ ရှေ့နေများကိုယ်၌က တရားခံအစား တရားရုံးများ၊ ဥပဒေအရာရှိများ၊ ဒေသခံအစိုးရ အပြင် ရှေ့နေအဖွဲ့တို့နှင့် မိတ်ဖက်ပြုသောကြောင့် ဖြစ်သည်ဟု ဖော်ထုတ်ခဲ့သည်။

ငင်းတို့အပိုင်းအတွက်တော့ ရှေ့နေတစ်ဦးချင်းစီက တရားခံအများပါဝင်သည့် အရေးကြီးဆုံး အမှုများအစား အပေါ့ပါးဆုံးအမှုများကို ရွေးချယ်ခြင်းကြောင့် အစိုးရရှေ့နေ (ဥပဒေအထောက်အကူပြုအဖွဲ့အစည်း) က စုပုံလာသည့် အမှုများအောက်တွင် လုပ်ငန်း လည်ပတ်ခဲ့ပြီး ပယ်ချလိုက်သည့်အမှုများကို ငင်းတို့အစား ၁၈ (ခ) ရှေ့နေများက ကောက်ယူ လုပ်ကိုင်လိုက်သည်။ အဖွဲ့အစည်း၏ ဝန်ထမ်းရှေ့နေများက မကြာခဏဆိုသလို နောက်ပိုင်း ရုံးချိန်းရက်များတွင် ပျက်ကွက်ခဲ့သဖြင့် အဖွဲ့အစည်း၏ မည့်သည့်အမှုကိုမဆို အမှုလိုက်ပါ ဆောင်ရွက်ပေးမည့် တရားရုံးတွင်းအသင့်ရှိနေသောရှေ့နေ 'အသင့်စောင့်သူ' (catchers)များကို အလုပ်ခန့်ထားခဲ့သည်။ ရုံးချိန်းလာရောက်ခြင်းက လုပ်ရိုးလုပ်စဉ် စစ်စစ်ဖြစ်သောကြောင့် တရားသူကြီးများက ဤသို့သော အလေ့အထကို မပိတ်ပင်ဘဲနေမည် ဖြစ်သော်လည်း သက်သေနှင့် ပတ်သက်သော ပြဿနာများ ပါဝင်လာသည့်အခါ အမှုကို 'အသင့်စောင့်သူ' (catchers) ထံမှ ယူနိုင်ပြီး ၁၈(ခ) ကို ပြန်လည်လွှဲပေးမည်။ အမှန်အားဖြင့် ဥပဒေအထောက်အကူပြုအဖွဲ့အစည်း၏ ဝန်ထမ်းရှေ့နေများ မကြာခဏ ရုံးချိန်းပျက်ကွက်ခဲ့သည့် အကျိုးဆက်ကြောင့် တရားသူကြီးများက အမှုကိုရှေ့ဆက်ရန် စိုးရိမ်ပြီး ပုဂ္ဂလိက ရှေ့နေက ရုံးချိန်း လာရောက်မှုနှုန်း မည်မျှပင် ရှိစေကာမူ အမှုလက်ခံမည့် ၁၈ (ခ) ထံသို့ အမှုကို ပြန်လည်လွှဲပေးမည်။ စင်စစ် သီအိုရီ၌ ဥပဒေ အထောက်အကူပြု အဖွဲ့အစည်းသည် အမှုများ၏ (၉၀) မှ (၉၅) ရာခိုင်နှုန်းအကြားယူရမည် ဖြစ်သော်လည်း ရှေ့နေအုပ်စုနှစ်ခု စလုံး၏ တာဝန်ယူရမည့်အမှုများအား မခွဲခြားနိုင် သလောက်ပင်ဖြစ်သည့် အဆိုပါ အမှုရာခိုင်နှုန်းသည် ၁၈ (ခ) ထံ အမှုလွှဲသည့်အတိုင်းအတာ ဖြစ်သည်။

## အချက်အလက်မှ သီအိုရီဆီသို့

ဤနေရာတွင် ကျွန်ုပ်တို့က *ဆွေးနွေးညှိနှိုင်းသည့်တရားမျှတမှု* (*Negotiated Justice*)[၂၀] အတွက် သုတေသနပြုလုပ်စဉ် ကျွန်ုပ် မြင်တွေ့ဖူးခဲ့သည့် ဗြိသျှစနစ်ထက် ကုန်ကျစရိတ်ပိုမိုသက်သာစေပြီး လူတစ်ဦးချင်းကို အလေးထားခြင်း မြင့်မြင့်မားမား ရရှိစေခဲ့သည့် စနစ်တစ်ရပ်ကို ရှာဖွေခဲ့ကြသည်။ ဗြိတိန်တွင် လည်ပတ်နေသည့်စနစ်နှင့် မတူသည်မှာ အနည်းဆုံး တစ်စိတ်တစ်ပိုင်း အားဖြင့် တရားရုံးတွင် အချိန်ကုန်ဆုံး လိုသည့်ကိစ္စကို အလေးထားသူများအတွက် ဤစနစ်သည် နာမည်ဆိုးဖြင့် ကျော်ကြားသည်။ ရှေ့နေအသင်း အထက်တန်းလွှာနှင့် လစ်ဘရယ်ပြုပြင်ပြောင်လဲရေးသမားများ၏ရပ်တည်ပေးမှု ရှိနေသော်လည်း ငင်းသည် လွယ်လွယ် နှင့် ပြောင်းလဲရန် လက်ခံနိုင်မည်မဟုတ်သော စနစ်တစ်ခု ဖြစ်ကြောင်းထင်ရှားပြီး 'အမြင်သစ်ပေးနိုင်သော' ဖော်ပြချက်ထက်ပိုသည့် ရှင်းလင်းချက်တစ်ရပ်လိုအပ်ခဲ့သည်။

ပထမဆုံးအမြင်မှာ တရားရုံးတွင်းလက်တွေ့ဘဝကို နှစ်ပေါင်းများစွာ မည်သည့် သက်ရောက်မှုမှ မရှိသည့် ပြုပြင်ပြောင်းလဲရေးသမား၏ ဟောပြောရေးသားချက်မျိုးမှ ဖောက်ထွက်ရန်ဖြစ်သည်။ နယူးယောက်ဆင်းရဲသားခုခံချေပရေးစနစ်သည် ၎င်း၏ ပန်းတိုင်များကို ဖြည့်ဆည်းခြင်းဖြစ်ပြီး ကျဆုံးနေသည့်စနစ်တစ်ခုမဟုတ်ပါ။ ယင်းက နယူးယောက် ပြစ်မှုဆိုင်ရာ ခုခံချေပရေးဝန်ဆောင်မှုများ၏ မူလဇစ်မြစ်များနှင့် ဖွံ့ဖြိုးတိုးတက်မှုကို စစ်ဆေးမှုတစ်ရပ် ပြုရန် လိုအပ်စေသည်။ ၎င်းကိုစူးစမ်းရှာဖွေရန် ဥပဒေအထောက်အကူပြု အဖွဲ့အစည်းအပေါ် အထူး အာရုံစိုက်သော သမိုင်းကြောင်းဆိုင်ရာ အသေးစိတ်ဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ခဲ့သည်။

(၂၀) ရာစု ပထမတစ်ဝက်တွင် အမှုကိုလွှဲအပ်ခံရသူ ရှေ့နေနှင့် အဖွဲ့အစည်းမှ ခုခံချေပ သူများက သီးခြားအကျိုးစီးပွားများအတွက် အလုပ်လုပ်ခဲ့ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ ဆင်းရဲသားများအတွက် အမှုလိုက်ပါ ဆောင်ရွက်ခြင်းကို ပံ့ပိုးပေးသည့် တစ်ခုတည်းသောနည်းလမ်းအဖြစ် မူလက စတင်တည်ထောင်ခဲ့ပြီး အမှုလွှဲအပ်ခံရသူရှေ့နေ (assigned counsel) ၁၈ (ခ) ကို နောက်ဆုံးတွင် လုံးဝ မနှစ်မြို့သည့်အဖြစ်သို့ ရောက်ရှိ စေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဆင်းရဲသားတရားခံများထံမှ ရှေ့နေလိုက်ခနှင့် ဆက်စပ် နေသည့် ၎င်း၏ ခုခံလျှောက်လဲသည့် နည်းစနစ်များက လူမှုရေးမငြိမ်မသက်မှု ဖြစ်စေသည့် အကြောင်းရင်းတစ်ခုအဖြစ် ဖော်ပြခံရသည့် အတွက်ကြောင့်ဖြစ်သည်။ လူမှုရေးမငြိမ်သက်မှု ဖြစ်ပေါ်မည်ကို ကြောက်ရွံ့သောသူများက ကုန်ကျစရိတ်သက်သာသည့် အမှုလိုက်ပါ ဆောင်ရွက် ခြင်းနည်းလမ်းအား မြုပ်နှံထားသည့်ရှေ့နေများဖြင့် ဆင်းရဲသားများအတွက် ခုခံလျှောက်လဲချက် ပေးခြင်းအား ပျောက်ကွယ်စေရန် တရားခံရှေ့နေများအဖွဲ့အစည်း (ဥပဒေအထာက်အကူပြု အဖွဲ့အစည်း) ကို ဖန်တီးခဲ့ကြသည်။[၂၂]

၁၈၇၁ ခုနှစ်ရှိ ယင်း၏မူလဇစ်မြစ်ထံမှ ဥပဒေအထောက်အကူပြု အဖွဲ့အစည်းသည် 'ထိုက်တန်သူ' ဖြစ်သူများ အတွက် အမှုလိုက်ပါဆောင်ရွက်ခြင်းဖြင့် လည်းကောင်း ရွှေ့ပြောင်း နေထိုင်သူလူတန်းစားများ၏ အမေရိကန်မှုပြုခြင်း၏ ယေဘုယျဒဿနအောက်ရှိ အမှုတစ်ခုချင်း စီအရ ဖြန်ဖြေခြင်းမှတဆင့် တရားမျှတမှုကို ရှာဖွေခြင်းအားဖြင့်လည်းကောင်း နယူးယောက်မြို့ရှိ ဂျာမန်ရွှေ့ပြောင်း နေထိုင်သူများအား တရားမမှုများတွင် အကူအညီပေးရန် အားထုတ်ခဲ့သည်။ ခုခံလျှောက်လဲချက်ပေးခြင်းကို အဖွဲ့အစည်းအတွက် သတ်မှတ်ပြုလုပ်ခြင်းသည် အမှု လုပ်ငန်းစဉ် ကို နှောင့်နှေးကြန့်ကြာမှုများ တိုးလာစေသည်ဟု လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများ လွတ်မြောက်ဖို့ အတွက်သာ အလုပ်လုပ်မည်ဟု လည်းကောင်း ငြင်းခုံခြင်းဖြင့် လူမှုရေး ပါဝင်သည့် ဥပဒေဝန်ဆောင်မှုကို အမြဲတမ်းဆန့်ကျင်ခဲ့သည့် ရှေ့နေအဖွဲ့၏ စိတ်ဝင်စားမှုကို ဤချဉ်းကပ် နည်းက ဆွဲဆောင် နိုင်ခဲ့သည်။ ၎င်းအစား ထူးချွန်သောရှေ့နေများက အမှန်တကယ် ဆင်းရဲသည့် တရားခံများအတွက် *အများပြည်သူအကျိုး* (*Pro bono*) အခြေခံအကြောင်းရင်းအပေါ် အခမဲ့ဥပဒေဝန်ဆောင်မှုများပေးမည်ဟု သူတို့ကကတိပြုခဲ့သည်။ အခမဲ့အမှုလိုက်ပါ ဆောင်ရွက် ခြင်းက သိသာထင်ရှားသည့် ပမာဏတစ်ခုခုတွင် မည်သည့်အခါမှ အကောင်အထည် ရုပ်လုံး

မဖော်နိုင်ခဲ့သော်လည်း ရှေ့နေအသင်းကဥပဒေဝန်ဆောင်မှုများအပေါ် ဆက်လက် ထိန်းချုပ်နိုင်မည့်နည်းလမ်းကို အဖွဲ့အစည်းသည် ကမ်းလှမ်းခဲ့သည်။

ဤရည်မှန်းချက်ရောက်ရန်ဥပဒေ အထောက်အကူပြုအဖွဲ့ အဖြစ်သို့ နောက်ပိုင်းတွင် သိမ်းပိုက်လိုက်သည့် စေတနာ့ဝန်ထမ်း တရားခံရှေ့နေများကော်မတီ (Voluntary Defenders' Committee)ကိုဖွဲ့စည်းရန် ထူးချွန်သည့်ရှေ့နေများအပြင် ဥပဒေအထောက်အကူပြု အဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးများက ဥပဒေအရာရှိများနှင့်ပူးပေါင်းခဲ့သည်။ ဤနည်းအားဖြင့် ၁၉၂၀ ခုနှစ်ထိ အဖွဲ့အစည်းသည်ရာဇဝတ်မှုများတွင် အခန်းကဏ္ဍတစ်ခုကို တာဝန်ယူရန် ဖြစ်လာခဲ့ပြီး ၎င်း၏ ညှိနှိုင်းခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်း ဒဿနကို ဆက်လက် ကျင့်သုံးခဲ့သည်။ ၎င်း၏ ရှေ့နေအကြီးအကဲက ဖော်ပြခဲ့သကဲ့သို့ '၎င်း၏ယေဘုယျ လက်ခံချက်အရ ခုခံချေပချက်သည် အမြဲတမ်းမလိုအပ်ပါ။ စာရင်းအင်းများဖော်ပြချက်အရ မေးစရာမလိုအောင်ပင် စွပ်စွဲခံရသည့် ဆင်းရဲသားများ အားလုံးနီးပါးသည် အမှန်တကယ်တွင် 'အပြစ်ရှိသည်'။'[၂၃] တရားခံရှေ့နေ[vi]၏ အခန်းကဏ္ဍ ယူဆခြင်းအပေါ် ဥပဒေအထောက်အကူပြု အဖွဲ့အစည်း သည် တရားခံအား ပိုနည်းသည့်ပြစ်မှုကိုလက်ခံရန် အကြံပေးခဲ့ပြီး ထိုအကြံပြုချက်ကို လိုက်နာစေသည့် 'ခုခံချေပချက်ကို ကြိုတင်ရယ်သွမ်းသွေးခြင်း၊ တရားခံ၏ ဇာတ်ကြောင်းအပေါ် အထင်မြင်သေးခြင်းနှင့် ပြောသည့်စကားတိုင်းကို မသင်္ကာဖွယ် ပြုမူဆက်ဆံခြင်းပါဝင်သည့် နည်းဗျူဟာကို ဖွံ့ဖြိုး တိုးတက်အောင်လုပ်ဆောင်ခဲ့သည့်' အကျိုးဆက်ကြောင့် 'အစပိုင်းတွင် အပြစ်ကင်းသည်ဟု အခိုင်အမာဆိုခဲ့သည့် တရားခံများသည် ......၎င်းတို့၏အပြစ်ကို ဝန်ခံခဲ့ကြသည်'။[၂၄]

တရားခံရှေ့နေများကော်မတီကိုဖွဲ့စည်းတည်ထောင်ခြင်းကရှေ့နေအသင်း၏ရည်ရွယ်ချက်များဖြစ်သည့် ပုဂ္ဂလိကရှေ့နေများလက်ထဲတွင်ဥပဒေဝန်ဆောင်မှုများ ဆက်လက်တည်ရှိမှု အပေါ် သေချာထိန်းချုပ်စေရန်အတွက် ဆင်းရဲသားတရားခံများအား ထိရောက်သည့် လုပ်ငန်းစဉ်ကို ပံ့ပိုးပေးခြင်းအားဖြင့် တရားစီရင်ရေးတွင် အများပြည်သူ၏ယုံကြည်ကိုးစားမှုကို ထိန်းသိမ်းရန် အတွက်နှင့် လွဲအပ်သည့်ရှေ့နေ၏ ခုခံချေပလျှောက်လဲချက်က ဖန်တီးသည့် လူမှုရေးမငြိမ်သက်မှု ဖြစ်နိုင်ခြေကို လျှော့ချရန်တို့အတွက် ထောက်ပံ့ရန် ဖြစ်စေနိုင်သည်။ ဤနည်းအားဖြင့် ထူးချွန်သည့်ရှေ့နေများသည် အဖွဲ့အစည်း၏ 'လွတ်လပ်မှု' အဆင့်အတန်း အကာအကွယ်မှတဆင့် တရားဝင်မှုဖြစ်လာသည့် နယူးယောက်တရားခံရှေ့နေများ အဖွဲ့အစည်းအား ပုဂ္ဂလိက ရှေ့နေများ၏ ထိန်းချုပ်မှုကို ဥပဒေအထောက်အကူပြု အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်သည့် တစ်လျှောက်လုံးတွင် အာမခံချက်ပေးခဲ့သည်။ *Gideon* မတိုင်မီ[၂၅] ခေတ်ကာလတွင် 'လွတ်လပ်ခြင်း' ဆိုသည်မှာ ခုခံချေပသူများကော်မတီက အပြန်အလှန်ခုခံချေပ လျှောက်လဲချက်

---

[vi] ရှေ့နေခ မတတ်နိုင်သည့် ဆင်းရဲသားတရားခံများအတွက် အစိုးရစရိတ်ဖြင့်ငှားရမ်းသော တရားခံရှေ့နေကို ဆိုလိုသည်။

နှင့်အတူ နည်းပညာ ဆိုင်ရာခုခံချေပချက်များကို စောစောပြီးစီးပြီး 'အပြစ်ရှိ' တရားခံများအား ပြစ်မှုထင်ရှားစီရင်ရာတွင် တရားစွဲဆိုခြင်းအကူအညီ ပေးသည်ကို ဆိုလိုသည်။ Gideon နောက်ပိုင်း ခေတ်ကာလတွင် 'လွတ်လပ်ခြင်း' သည် ပြည်သူ့ဘဏ္ဍာငွေကြေး ထောက်ပံ့မှုသို့ ပြောင်းလဲသွားသည့် နောက်ပိုင်းဖြစ်သည့်တိုင် ထိုပုဂ္ဂလိက အဖွဲ့အစည်းသည် ဆင်းရဲသား ပြစ်မှုကျူးလွန်သူတရားခံများအား အကြံများပံ့ပိုးပေးရန် နိုင်ငံတော်၏ လုပ်ပိုင်ခွင့်ကို ဆောင်ရွက်နိုင်သော ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုတည်းကိုသာ ကိုဆိုလိုသည်။

လက်တွေ့မျက်မြင်အချက်အလက်များက အဓိပ္ပာယ်အမျိုးမျိုးဆောင်ကြဉ်းပေးသည့် ဤရှုထောင့်များမှကြည့်သည့်အခါ သိသာထင်ရှားသည့်ကျရှုံးမှုများသည် အောင်မြင်သော ဇာတ်လမ်းများ အဖြစ်သို့ ပြောင်းလဲသွားသည်။ ဥပဒေအထောက်အကူပြုအဖွဲ့အစည်းကို ဆင်းရဲသားများ အတွက် ခုခံချေပပေးသည့်စနစ်၏မူလရည်မှန်းချက်များကို လိုက်နာရန်ဆန္ဒ ရှိသော ဝန်ထမ်းရှေ့နေများကို စုဆောင်းရန်အတွက်နှင့် ထိုရည်မှန်းချက်များနောက် လိုက်ပါလို သော ရှေ့နေများအားနေရာပေးရန်အတွက် ဖွဲ့စည်းတည်ဆောက်ထားသည်။ သို့သော် အချိန် ကြာလာသည်နှင့်အမျှ ၁၉၆၀ နှစ်များရှိ ခေတ်ကာလ အခွင့်အရေးများဖြင့် တက်ကြွနေသည့် ဝန်ထမ်းရှေ့နေသစ်များက လက်ခံထားသည့် အမှုများစွာ၏ ဝန်ပိခြင်းကို ရင်ဆိုင်ရချိန်တွင် ၎င်းတို့၏ လုပ်အားကို ရုပ်သိမ်းခြင်းဖြင့် ခုခံလျှောက်လဲချက် မူသဘောတရားများကို အခိုင်အမာ တောင်းဆိုရန် အားထုတ်ခဲ့သည့်အခါ စီမံခန့်ခွဲရေးမှ သပိတ်မမှောက်ရ စည်းကမ်းချက်ပါ စာပိုဒ် ချမှတ်ခဲ့သည့်အပြင် သမဂ္ဂမှလက်ခံသည့် စည်းနှောင်အားရှိသော အနုညာတစ်နည်းဖြင့် ဆုံးဖြတ်ခြင်းကိုလည်း ချမှတ်ခဲ့သည်။ ထို့နောက်တွင် ဝန်ထမ်းရှေ့နေများသည် လက်ခံသည့် အမှုပမာဏ များများဖြင့် ဖိနှိပ်ခြင်းကို အာမခံချက်ပေးသည့်စနစ်တွင် ပိတ်မိနေခဲ့ပြီး 'အားအင် ကုန်ခမ်းမောပန်းခြင်း' ဖြစ်လာသည်။ ၁၈ (ခ) ထံသို့ ဝန်ထမ်းရှေ့နေများမှ အမှု 'လျှော့ချခြင်း'၊ လွှဲအပ်သည့် အမှုသစ်လက်ခံရန် ပျက်ကွက်ခြင်းနှင့် ဝန်ထမ်းရှေ့နေများ၏ ရုံးချိန်းလာရောက်သည့် နှုန်းကျဆင်းခြင်းက 'သက်သာသလိုနေသည့် အမှုအကျင့်' ဖြစ်လာသည်။ ထိုသက်သာ သလိုနေသည့် အမှုအကျင့်သည် လက်ခံထားသော လေးလံသည့် အမှုဝန်များ၏ ဖိစီးမှုနှင့် ပြည့်စုံမှုမရှိသော လုပ်ငန်းခွင်အခြေအနေကို သက်သာစေရန် ပုံဖော်ထားသည့် အမှုအကျင့် များဖြစ်သည်။ အဆိုပါ အလေ့အကျင့်များကို စီမံခန့်ခွဲရေးဘက်မှ အပြစ်မယူဘဲ ခွင့်လွှတ်ထားခြင်း မျိုးဖြစ်နိုင်သည်မှာ ၎င်း၏လက်ခံထားသည့်အမှုဝန် ပြီးမြောက်မှုအရေအတွက်နှင့်တိုင်းတာခြင်း မဟုတ်ဘဲ အစကတည်းက တာဝန်ရှိခြင်းဟု ယူဆထားသည့် အမှုအရေအတွက်ဖြင့် တိုင်းတာ သော ကြောင့်ဖြစ်သည်။ ဤအချက်သည် ၎င်း၏ ဘတ်ဂျက်ကို လျှော့ပေါ့အစီရင်ခံခြင်းနှင့်အတူ အမှုတစ်မှုလျှင် အမေရိကန် ဒေါ်လာ ၂၀၀ အောက်ဖြင့် ခုခံချေပသည့် ဝန်ဆောင်မှုပေးခြင်း အားဖြင့် ၎င်း၏မြို့တော်နှင့်ချုပ်ဆိုထားသော စာချုပ်ပါတာဝန်ဝတ္တရားများ အားလုံးကို ဆောင်ရွက် သည်ဟု ဆက်လက်တောင်းဆိုနိုင်စေခဲ့သည်။

ကျွန်ုပ်တို့သုတေသန၏ အခြားထင်ရှားသောလက္ခဏာတစ်ရပ်မှာ နယူးယောက်နှင့် အင်္ဂလန်တွင် အသနားခံညှိနှိုင်းခြင်းလုပ်ဆောင်သည့်နည်းလမ်းအကြား သိသာသောခြားနားမှု ပင်ဖြစ်သည်။ အင်္ဂလန်ရှိ အသနားခံညှိနှိုင်းခြင်းသည် ပုန်းလျှိုးကွယ်လျှိုးဖြင့် ကော်ရစ်ဒါများနှင့် တရားသူကြီးများ၏အခန်းများတွင်လုပ်ဆောင်ပြီး တရားရုံးတွင် ပေါ်ပေါ်ထင်ထင်မရှိသော၊ သတိမထား မိနိုင်သော ယဉ်ကျေးသော အမူအကျင့်များနှင့် ပုံစံတကျဖြစ်သည့် ထုံးစံအဖြစ် ထင်ရှားသည်။ ဆန့်ကျင်ဘက်အားဖြင့် နယူးယောက်တွင် တာဝန်ကျ တရားသူကြီးများထံမှ အစဉ်အလာအရုက်ခွဲမှုကိုခံစားရသည့် တရားခံများအပြင် ၎င်းတို့၏ရှေ့နေများ နှစ်ယောက်စလုံးက ခြိမ်းခြောက်မှုနှင့် မြှောက်ပင့်မှုကြားတွင် ပွင့်လင်းစွာလုပ်ဆောင်သည်။

နယူးယောက်၏ထင်ရှားသော တာဝန်ကျ တရားသူကြီးတစ်ဦးက ကျွန်ုပ်တို့အား ပြောပြသကဲ့သို့ တရားခံများနှင့် ရင်ဆိုင်ကြုံတွေ့ခြင်းများကို တရားသူကြီးများက 'အားစမ်းသည့် လေ့ကျင့်ခန်းများ' အဖြစ် ရှုမြင်ကြသည်။ စမ်းသပ်သည့်ဖြစ်စဉ် အစိတ်အပိုင်းအဖြစ် တရားခံများ၏ အာမခံအခြေအနေကို တရားခံများအား ရုံးတင်တရားစွဲဆိုသည့်အချိန်၌ လွှတ်ပေးပြီးသည့်တိုင်နှင့် အကြိမ်များစွာရုံးချိန်းရက်တွင် မိမိအလိုအလျောက် လာရောက်ခဲ့သည့်တိုင် အပြစ်ရှိကြောင်းဝန်ခံရန် ငြင်းဆိုသူအား ထောင်ချခြင်းဖြင့် ကြိုးကိုင်ခြယ်လှယ်သည်။ မတူသည့် အချက်မှာ အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီးသည့် အချို့တရားခံများကို ယခုအချိန်တွင် ပြစ်မှုထင်ရှားကြောင်း စီရင်ခံရပြီး ပြစ်ဒဏ်စောင့်ဆိုင်းနေစဉ်ဖြစ်သော်လည်း အာမခံဖြင့် လွတ်လပ်စွာ နေခွင့်ပေးသည့် အကျိုးခံစားခွင့်ပေးထားသည်။ တရားသူကြီးများက အပြစ်ရှိကြောင်းဝန်ခံရန် ငြင်းဆိုခဲ့သူများကို နောက်ရုံးချိန်းရက်တွင် ပိုမိုကြီးလေးသော ပြစ်ဒဏ်ချမှတ်ခြင်းပြုမည်ဟု ခြိမ်းခြောက်ခြင်းဖြင့် ဆုံးရှုံးနိုင်မှုအန္တရာယ်ကို တိုးမြှင့်ခဲ့သည်။ အရင်ဆုံးခံဝန်ချုပ်ဖြင့် လွှတ်ခြင်းကို ကမ်းလှမ်းခြင်းပြုသည်။ အကယ်၍ငြင်းဆန်ပါက နောက်ပိုင်းတွင် ထောင်ဒဏ်ကျခံရမည့် ကာလကို သတ်မှတ်ကမ်းလှမ်းခြင်းပြုလိမ့်မည်။ ထိုထောင်ဒဏ် ကျခံရမည့် ကာလကို ငြင်းပယ်သည်နှင့် တပြိုင်နက် အကန့်အသတ်မရှိထောင်ဒဏ်ထိတိုးမြှင့်ပါမည်။ အမှုစစ်ဆေးပြီးနောက် ပြစ်မှုထင်ရှား စီရင်ခြင်း ကိစ္စတွင် တရားသူကြီးများက နောက်ဆုံးအကြိမ် အပြစ်ရှိကြောင်းဝန်ခံရန် ကမ်းလှမ်းချိန်ထက် ပိုမိုကျော်လွန်သော ပြစ်ဒဏ်ကို ချမှတ်ပါမည်။

ဤအနေအထားတွင် ဤအဖြစ်အပျက်များကို တရားရုံးနှင့်၎င်း၏ အဓိကကျသောသူများ ကိုယ်တိုင်က ကန့်သတ်ထားသည့် သဘောတရားရေးရာ ချဉ်းကပ်နည်းလမ်းမှတဆင့် အပေါ်ယံအားဖြင့် ရှင်းပြရန်ဖြစ်နိုင်ခြေရှိသည်ဟုထင်ရသည်။ စင်စစ် များပြားလှသော လူမှုဥပဒေဆိုင်ရာ သုတေသနသည် အခြေအနေတစ်ရပ်ရှိ အဖွဲ့အစည်းဆိုင်ရာ မျှဝေထားသည့် အကျိုးစီးပွားများနှင့် စံနှုန်းများအပေါ် အထူးဂရုစိုက်မှု ထားရှိခဲ့သည့် ချဉ်းကပ်နည်းတစ်ခုကို အသုံးပြုခဲ့သည်။ ထိုအခြေအနေတွင် ဥပမာအားဖြင့် ရှေ့နေများနှင့်တရားသူကြီးများသည် 'ထပ်ခါတလဲလဲ ပါဝင်လုပ်ကိုင်သူများ' ဖြစ်ပြီး ဆန့်ကျင်ဘက်အားဖြင့် တရားခံများမှာ 'တစ်ကြိမ်တည်းသာ ပါဝင်သူများ' သာ ဖြစ်ကြသည့် အခြေအနေတစ်ခုဖြစ်သည်။[၂၆] ဤသည်က ဖြတ်လမ်းလိုက်ခြင်း၊

သွေဖည်ခြင်းများအပြင် ပွင့်ပွင့်လင်းလင်း စည်းမျဉ်း ချိုးဖောက်ခြင်းများ' အား တရားခံ၏ စားရိတ်ဖြင့် အလွန်အမင်း ပါဝင်ပတ်သက်သည့် 'တရားရုံးတွင် အလုပ်လုပ်ကိုင်သော အုပ်စုများ'[၂၇] တည်ဆောက်ရန်အတွက် အခြေခံအုတ်မြစ်ကို ချပေးခဲ့သည်။ [၂၈]

## ချဲ့ထွင်ထားသောသီအိုရီ

သို့ရာတွင် ကျွန်ုပ်တို့က ချဉ်းကပ်နည်းလမ်းကို မလုံလောက်သည့်အနေဖြင့် မှတ်ယူရခြင်းမှာ ၎င်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ကျွမ်းကျင်သောသူများအပေါ်၌ ကျဉ်းမြောင်းသော အာရုံစူးစိုက်မှုဖြင့် ပိုမိုကျယ်ပြန့်သော နောက်ခံအကြောင်းအရာကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ တရားရုံး၏ အကျယ်တဝင့်ရေးသားချက်များကို တရားရုံးဖွဲ့စည်းပုံအပြင် ထိန်းသိမ်းကြပ်မတ်ခြင်းနည်းဗျူဟာ အချက်အလက်များနှင့် ပူးတွဲထားသည့် အချက်အလက် စုဆောင်းခြင်းအတွက် လူမှုရေးရာယဉ်ကျေးမှု သိပ္ပံပညာမူဘောင်ကို ချမှတ်ခြင်း မှတဆင့် ပြည့်စုံစွာ မှတ်တမ်းတင်ပြီးသည်နှင့် တစ်ပြိုင်တည်း နောက်ခံအကြောင်းအရာ တစ်ခုက သိသာထင်ရှားလာသည်။ ဤနေရာမှ သင်ခန်းစာသည် သတင်းအချက်အလက်စာရင်းစု အများအပြား ရရှိနိုင်လျှင် သုတေသီများက ထိုအချက်အားလုံးကို အသုံးပြုသင့်ပြီး ဆန်းစစ်လေ့လာမှုတွင် ဖြစ်နိုင်သမျှ ထည့်သွင်းစေရန်ဖြစ်သည်။

အများပြည်သူ ရှေ့မှောက်စစ်ဆေးသည့်တရားရုံး၌ 'ညှိနှိုင်းခြင်း' အဆင့်တစ်ဆင့်ရှိ တရားခံ၏ဖြေရှင်းချက်အပေါ် တန်ဖိုးထားမှုသည် ရလဒ်ကို ထိန်းချုပ်လိုသည့် တရားသူကြီး၏ အာဏာအား ဖက်ပြိုင်မှုမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရသော်လည်း အခြားအဆင့်တစ်ဆင့်၌ တရားသူကြီးများ၏မှတ်ချက်အများအပြားက အခြားထောက်ခံသူများသို့ ညွှန်ကြားနေကြောင်း ဂရုတစိုက်စောင့်ကြည့်လေ့လာသူက မြင်နိုင်သည်။ သက်သေများ မရှိသည့်အခါ သို့မဟုတ် သက်သေထွက်ဆိုချက်များမရှိသည့်အခါ တာဝန်ကျ တရားသူကြီးများသည် အမှုများကို အကြမ်းမျှသာ ဖော်ပြလျှော့ချခဲ့သည်။ ၎င်းအကြမ်းဖော်ပြချက်ဆိုသည်မှာ 'ဆွဲကြိုးဖြတ်လုသူတစ်ဦး'၊ 'ဝယ်ချင်ယောင်ဆောင်၍ ဖမ်းဆီးခြင်း'၊ 'လျှို့ဝှက်အမှု စုံစမ်းခြင်း' တို့ဖြစ်သည်။ ၎င်းအကြမ်းဖော်ပြချက်သည် အမှု၏ အရေးကြီးကိစ္စရပ်များ ဆွေးနွေးခြင်းကို ဖယ်ထုတ်ခြင်းပြုပြီး အပြစ်ရှိကြောင်းယူဆချက် သက်သက်ဖြင့် ထောက်ခံချမှတ်လိုသည့် ပြစ်ဒဏ်အပေါ် အာရုံစိုက်သည်။ တရားရုံးတွင် ရှေ့နေများက ၎င်းတို့၏အမှုသည်များကို တရားသူကြီးမင်း၏ စောင့်ကြည့်တတ်သည့် မျက်ဝန်းအစုံ အောက်တွင် အကြံပေးခဲ့သည်။ တရားခံတစ်ဦးက မျက်နှာ ရှုံ့မဲ့ခြင်း သို့မဟုတ် ကမ်းလှမ်းလာသော ပြစ်ဒဏ်ကို အသိလာပေးစဉ် မထေမဲ့မြင်ပြုခြင်း သို့မဟုတ် အထင်အမြင်သေးခြင်း သို့မဟုတ် ကြမ်းတမ်းသောတုံ့ပြန်မှုပြုခြင်းမျိုးကို ပြသလျှင် တရားသူကြီးက ချက်ချင်းပင်ကမ်းလှမ်းချက်ကို တိုးမြှင့်ခြင်း (အနည်းဆုံးပြစ်ဒဏ်ကို တိုးမြှင့်သည်) နှင့် တရားခံကို ထောင်ချခြင်းပြုပါမည်။ တရားခွင်တွင် အပြန်အလှန်ပြောဆိုမှု အားလုံးနှင့် ရှေ့နေနှင့်တရားခံများထံ တရားသူကြီးက ပြုလုပ်သောညှိနှိုင်းသည့် ထွက်ဆိုချက်များ အားလုံး

သည် 'မှတ်တမ်းမှာမပါရှိပါ'။ လက်ရေးတို စာရေးမှအာမခံပြုလုပ်ပြီးသည့် 'တရားဝင်' အဆင့်ထိ သို့မဟုတ် အပြစ်ရှိကြောင်း ဝန်ခံပြီးချိန်ထိ မလှုပ်အယှက်ထိုင်နေမည်။ ထိုအဆင့်တွင် တရားခံများသည် သူတို့၏ 'အခွင့်အရေးများ' ရရှိခဲ့သည့်အချက် နှင့် ဂျူရီအမှု စစ်ဆေးစီရင်ခြင်း ခံယူပိုင်ခွင့်ကို စွန့်လွှတ်ရန် အကြပ်ကိုင်ခံရမှုမရှိသည့်အချက်ကို 'သိရှိကြောင်း' မှတ်တမ်းကို ဖတ်ရှုရမည်။

အပြိုင်အားဖြင့် ဂရုတစိုက်စောင့်ကြည့်လေ့လာသူက မြင်နိုင်သည်မှာ ရှေ့နေများ ကိုယ်တိုင် သည် တာဝန်ကျတရားသူကြီးများထံမှ အကြပ်ကိုင်ဖိအားပေးခြင်းခံရသူများ ဖြစ်သည်။ ဤတရားသူကြီးများကို တရားရုံးစီမံခန့်ခွဲရေးအရာရှိများက ၎င်းတို့၏ များပြားသော အမှုများကို ကြားနာခြင်းအရလည်းကောင်း သို့မဟုတ် စစ်ဆေးခြင်းမပြုဘဲ ဖြေရှင်းနိုင်စွမ်း အရလည်းကောင်း အဆင့်သတ်မှတ်သည်။ အမြင့်ဆုံး အမှုဖြေရှင်းနှုန်းရရှိသူကို ဤအပြစ်ရှိကြောင်း ဝန်ခံချက် ပေးရသည့် တရားရုံးတွင်ရုံးထိုင်စေပြီး ဤဖြေရှင်းမှု အတိုင်းအတာနှင့်နှိုင်းယှဉ်လျှင် အလေး မသာသူ တရားသူကြီးများကို အမှန်တကယ် အလုပ်ပါးသောကြားနာခြင်းနှင့် အမှုစစ်ဆေးခြင်း ရှိသည့် တရားရုံးများထံ အမြဲတမ်းလိုလို တာဝန်ချထားသည်။ အကယ်၍ ရှေ့နေတစ်ဦးက တာဝန်ကျ တရားသူကြီးရှေ့မှောက် ပြန်လှန် ခုခံချေပသည့်အနေအထားရယူရန် အားထုတ်ခဲ့လျှင် ကျွန်ုပ်တို့မြင်တွေ့ခဲ့သည့် အတိုင်းဆိုရလျှင် အကျဉ်းအားဖြင့် အမှုမှဖယ်ထုတ်ခြင်း ခံရကောင်း ခံရနိုင်သည်။ ရုံးပြင်သို့နှင်ထုတ်ခံရပြီးနောက် တရားသူကြီး ပြောသည့်အတိုင်း လိုက်နာမည်ဟု သိထားသည့် တရားရုံးကခန့်အပ်သည့်ရှေ့နေ[၂၆]ဖြင့် အစားထိုးမည်။ အရည်အချင်း၊ အသက်အရွယ် သို့မဟုတ် အရက်မူးခြင်းစသည့် အကြောင်းပြချက်ဖြင့် သင့်လျော်မှုမရှိသောရှေ့နေများကို 'ပြစ်ဒဏ် နည်းသည့်အမှုကို အပြစ်ရှိကြောင်းဝန်ခံစေပြီး၊ ပြစ်ဒဏ်များသည့်အမှုကို ကြားနာ စစ်ဆေးခံမှု' လုပ်နိုင်စေရန် တရားခံများအတွက် 'အမှုလိုက်ပါ ဆောင်ရွက်ရန်' အမြဲလိုလို အမှုလွှဲအပ်သည်။ တရားသူကြီး တစ်ဦးက အရက်သမားရှေ့နေအိုတစ်ဦးကို 'ထောင်' ထဲတွင် ထည့်ထားခဲ့သည်။ ထို 'ထောင်' နေရာသည် အရက်သမားတရားခံများကို ထားရှိသည့် နေရာဖြစ်သည်။ နောက်လေးနာရီအကြာ ထို ရှေ့နေကြီးလွတ်လာပြီးချိန် ချက်ချင်းပင် သူ့အား အမှုသစ်များ လွှဲအပ်သည်။ ဤကိစ္စအားလုံးသည် အများပြည်သူရှေ့မှောက် စစ်ဆေးသည့် တရားရုံးတွင် မှတ်တမ်းတင်ခြင်းမရှိသည့် တရားစီရင်ရေး၏ မီးကုန်ယမ်းကုန် ဒေါသအိုး ပေါက်ကွဲပုံများဖြစ်ပြီးတရားရုံး၏ လက်ရေးတိုစာရေးကလည်း မှတ်တမ်းတင်ခြင်းမရှိသည့်အတွက် 'မှတ်တမ်းတွင် ပါဝင်ခြင်းမရှိ' ဖြစ်နေသည်။

တရားခံရှေ့နေများ၏ ဖယ်ကျဉ်ထားခြင်း၊ အရှက်ခွဲခြင်းနှင့် တရားခံများအပေါ် မထေမဲ့မြင် ပြုခြင်းတို့သည် စိတ်တူကိုယ်တူတရားရုံးတွင်းအလုပ်လုပ်သူအုပ်စုတစ်စု မရှိခြင်းကို ဖော်ညွှန်းချက် မျှသာ ဖြစ်ခြင်းထက်ပိုသည်။ ထိုအရာသည် နေ့စဉ်ကျင့်သုံးမှုတွင် လိမ်ညာခြင်းကို ဖြစ်စေသော တာဝန်ကျတရားသူကြီး၏ ဖောက်ပြန်သော အာဏာပြခြင်းသာဖြစ်သည်။ ကျင့်သုံးမှု ဆိုသည်မှာ တရားသူကြီး၏ သာလွန်သောအခွင့်အာဏာနှင့် လိုအပ်သည်ဟု မှတ်ယူသည့် အချိန်တိုင်း

ထိုအခွင့်အာဏာကိုကျင့်သုံးမှုဖြစ်သည်။ သာမန်အမှုများတွင် ရှေ့နေများ၏ စိတ်တူ ကိုယ်တူ အမှုအကျင့်က တရားရုံးတွင် အလုပ်လုပ်သူအုပ်စုကို အထင်ကြီးမိစေသော်လည်း ၎င်းသည် ထင်မြင်ချက် တစ်ခုထက်မပိုတော့ပါ။

ထို့ပြင် တရားရုံးတွင်အပြန်အလှန်တုံ့ပြန်မှုသည် ရုံးချိန်းလာရောက်ရန် စောင့်ဆိုင်းနေသော အခြားတရားခံများနှင့် ၎င်းတို့၏ရှေ့နေများကိုလည်းကောင်း၊ အများပြည်သူ ထိုင်ရမည့်နေရာတွင် ထိုင်နေသောတရားခံများ၏ ဆွေမျိုးများနှင့် မိတ်ဆွေများအား လည်းကောင်း ပညာပေးရန်အတွက် စီစဉ်ထားသော ဂရုတစိုက်ဖန်တီး ဆောင်ရွက်သည့် အဖြစ်အပျက်များ ဖြစ်သည်။ ထို လူတစ်ဦးချင်းသည် ဤနည်းအားဖြင့် ကလန်ကဆန် လုပ်ခြင်းကို တရားသူကြီးက သဘော မကျကြောင်းကို သတိထားလေ့လာနိုင်ခြင်းနှင့် ကနဦးကမ်းလှမ်းချက်ကို ငြင်းပယ်သူ မည်သူ့ကိုမဆို ခံစားရစေနိုင်မည့် တရားသူကြီး၏ အာဏာကို သတိထားလေ့လာနိုင်သည်။ သို့မဟုတ် အပြစ်မရှိကြောင်း လျှောက်လဲချက်တောင်းဆိုရန် ကြိုးစားသူအပေါ် ခံစားရစေနိုင်သည့် တရားသူကြီး၏ အာဏာတို့ကို သတိထားလေ့လာနိုင်သည်။

ဤပိုမိုကျယ်ပြန့်သောအမြင်မှ ကြည့်လျှင် အသနားခံညှိနှိုင်းခြင်း၏ ထင်မြင်ချက် ကောက်ယူခြင်းက အမြင်သစ်ကိုပေးသည်။ မြို့ကြီးပြကြီးအခင်းအကျင်းရှိ အပြစ်ရှိကြောင်း ဝန်ခံချက်ပေးသည့် တရားရုံးများကို လူ့အဖွဲ့အစည်း၏ ကောင်းစွာ မြင်နိုင်သော ကဏ္ဍများ အပေါ် ထိန်းချုပ်မှုနှင့် စည်းကမ်းများကို အထက်အောက်ထည့်သွင်းခြင်းစနစ်၏ အစိတ်အပိုင်းအဖြစ် မြင်လာကြသည်။ လူ့အဖွဲ့အစည်းဟုဆိုရာတွင် 'အန္တရာယ်ရှိသော လူတန်းစားများ'၏ အဖွဲ့ဝင်များ အဖြစ် တရားဝင်လုပ်ဆောင်သူများက မှတ်ယူထားသည့်အရာဖြစ်သည်။ ဤစနစ်သည် အနီးဝန်းကျင် ရှိလူများကို အုံလိုက်ကျင်းလိုက်ဖမ်းဆီးခြင်း မူဝါဒများပါရှိသည့် ရဲဌာနများ (မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနကဲ့သို့) မှ တက်ကြွသော 'ရှင်းလင်းရေး' (sweeps) နှင့် မကြာခဏ စတင်သည်။[၁၀] ဆင်းရဲသားတရားခံများထံ ရှေ့နေငှားပေးခြင်းစနစ်မှတဆင့် ချဲ့ထွင်ပြီး တရားခံများကို ပထမဆုံးအကြိမ် ပြသရာတွင် (အခြားသူများအား ကြည့်စေခြင်း အားဖြင့်) အကြပ်ကိုင်မှု ဇာတ်လမ်းများဖြင့် အဆုံးသတ်သည်။ ၎င်းတရားခံများက အပြစ်ရှိကြောင်း ဝန်ခံရန် ငြင်းဆိုပါက ပိုများသည့်ပြစ်ဒဏ်ခံရလိမ့်မည် သို့မဟုတ် သူတို့၏ရှေ့နေကို ဖယ်ထုတ်ခံရပြီး တရားရုံးတွင်းမှ 'အဆင်သင့်ရှိနေသည့်' (on tap) တက်ကြွမှုမရှိသော ရှေ့နေများထဲမှ တစ်ယောက်နှင့် အစားထိုးလိမ့်မည်။ ရှေ့နေများ၏ အပြန်အလှန် တုံ့ပြန်မှုအပေါ် စေ့စေ့စပ်စပ် အာရုံစူးစိုက်ခြင်းမှ ၎င်းတို့၏ လက်တွေ့လုပ်ရပ်များက ညွှန်းဆိုသည်မှာ အားလုံးသဘောတူညီသော တရားမျှတမှု ပုံစံဖြစ်သော်လည်း ၎င်းရှေ့နေများ၏ တကယ့်တာဝန်မှာအလျှော့ပေးခြင်းကို အမြန်ပြီးမြောက်စေရန်ဖြစ်သည်။ ထိုရှေ့နေများသည် တရားသူကြီးများ၏ ထိန်းချုပ်ခြင်းခံရသောကြောင့် အာဏာကို ဖယ်ရှားခံရခြင်း သဘော သက်ရောက်သည်။

တစ်ချိန်တည်းမှာပင် ပရိုတ်သတ်ထဲရှိတရားခံများ၏မိသားစုဝင်များနှင့် အခြားပံ့ပိုး ပေးသူများကိုယ်တိုင်သည် တစ်ခါတစ်ရံ တရားသူကြီးများ၏ မနှစ်သက်မှုကို တိုက်ရိုက်ဖြစ်စေပြီး အထင်သေးမှုဖြင့် ဆူပူခြင်းခံရသည်။ ဤနည်းဖြင့် ၎င်းတို့ကလည်း ရဲ၏ အရေးယူမှုများနှင့် မျှတသောတရားစီရင်ရေးလုပ်ငန်းစဉ် ကတိကဝတ်နှစ်ခုစလုံးကို စိန်ခေါ်ခြင်းသည် အချည်းနှီးသာ ဖြစ်ကြောင်းသဘောပေါက်ပြီး သူတို့၏အိမ်နီးချင်းများထံ သတင်းစကားကို သယ်ဆောင် သွားမည်ဟု မှန်းဆခဲ့သည်။ စည်းကမ်းထိန်းသိမ်းရေး အလေ့အထများသည် စွမ်းဆောင်နိုင်စွမ်း မရှိသည့် လူအများရှေ့မှောက်တွင် အမြဲတမ်းလိုလို ဖြစ်ပေါ်လေ့ရှိသည်။ ထိုသူများသည် ထိန်းသိမ်း ကြပ်မတ်ခြင်း၏ ရည်ရွယ်ချက်များဖြင့် လုပ်ငန်းစဉ်ကို သတ်မှတ်ပေးထားသည့် စနစ်တစ်ရပ်ဆီမှ မည်သည့်အရာကိုမျှ မျှော်လင့်မထားစဉ် ၎င်းတို့၏လူမှုအသိုင်းအဝိုင်းဆီသို့ ကြားခံဆက်သွယ် ပေးသူများ တလှည့်ဖြစ်လာသည်။ ၎င်းတို့သည် လူ့အဖွဲ့အစည်းတစ်ခုအတွင်း ထိန်းချုပ်သည့် အာဏာအဆင့်ဆင့်ကို ၎င်းတို့၏ တရားရုံးအတွေ့အကြုံဖြင့် နယ်မြေအလိုက် အားကောင်းအောင် ဆက်သွယ်နေကြသူများဖြစ်သည်။

ဤအမြင်များကပြစ်မှုဆိုင်ရာ တရားစီရင်ရေး၏ ‘လူမှုစည်းကမ်းနှင့်ဆိုင်သော’ ပုံစံတစ်ခု တည်ဆောက်ခြင်းအတွက် အခြေခံအုတ်မြစ်တည်ဆောက်ခဲ့သည်။ ငြိမ်ဝပ်ပိပြားရေး ရရှိစေရန် မြို့ပြအောက်ခြေလူတန်းစားကို စောင့်ကြည့်ခြင်းနှင့်ထိန်းချုပ်ခြင်းမှတဆင့် ခြေခြေမြစ်မြစ်ရှိသော ဆင်ခြင်တုံတရားကို အာမခံချက်ပေးသော ပုံစံတစ်ခုဖြစ်သည်။[၃၁] လူမှုစည်းကမ်းသည် ပြစ်မှု ထိန်းချုပ်ခြင်း အစဉ်အလာယူဆချက်များနှင့် ဆက်နွယ်မှုအနည်းငယ်သာရှိသည်။ ပြစ်မှု ထိန်းချုပ်ခြင်းဆိုသည်မှာ သီအိုရီတွင် လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ကို တိုးမြှင့်ပြီး အမှုကြားနာခြင်းများ သို့မဟုတ် စစ်ဆေးခြင်းများတွင် နိုင်ငံတော်၏ သက်သေပြရန် တာဝန်ကို ဆန်းစစ် လေ့လာခြင်းမှတဆင့် ရရှိရန်အားထုတ်ခြင်းဖြစ်သည်။ မတူသည်မှာ ထိန်းချုပ်ခြင်းနှင့် စည်းကမ်းကို ကျင့်သုံးသည်မှတဆင့် အထက်အောက် ထည့်သွင်းထားသည့်စနစ်တစ်ရပ်ဖြစ်သည့် လူမှုရေးစည်းကမ်းသည် ရဲကအစုလိုက်အပြုံလိုက် ဖမ်းဆီးမှုများတွင်လူတစ်ဦးချင်းအပေါ်၌ ရဲ၏အခွင့်အာဏာကို မည်ကဲ့သို့ကျင့်သုံးနိုင်သည့်အပေါ် ထူးခြားသည့်ကန့်သတ်ချက်မပြုဘဲ ပြစ်မှုထင်ရှား စီရင်ရာတွင် အားလုံးကို အတူတူပင် စီရင်ချက်ချမှတ်သည်။ ဤအနေအထား၌ အပြစ်ရှိကြောင်းဝန်ခံခြင်းရေးသွင်းချက်သည် ပြစ်မှုကျူးလွန်သူ၏ လှုပ်ရှားမှုက အစတွင် ဖြစ်ပွားခဲ့သည် သို့မဟုတ် ၎င်းနောက်ပိုင်းတွင် ရပ်တန့်သွားလိမ့်မည်ဟု သေချာမှုတစ်ရပ်ရပ် မရှိခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် အပြစ်ရှိကြောင်း ဝန်ခံခြင်းမှတဆင့် ပုံမှန်အမှုလုပ်ငန်း စဉ်က ရဲနှင့်တရားခံများ၏ လုပ်ဆောင်မှုများအပြင် မှန်းဆချက်များကို ခိုင်မာစေခြင်းအားဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် စိုးမိုးခြင်းလုပ်ငန်းစဉ်တစ်ခုရှိ သိမ်းကြုံးဖမ်းဆီးခြင်းနှင့် အနီးပတ်ဝန်း ကျင်များ ရှင်းလင်းရေးကို တွန်းအားပေးသည်။

## ရှုမြင်ချက်များအကျယ်ဖွင့်ခြင်း

ယခုအခါ ဤအချက်ကိုကျွန်ုပ်တို့ ပြန်လည်သုံးသပ်ကြည့်သောအခါ မြင်တွေ့ခဲ့ရပြီးသည့် အသနားခံညှိနှိုင်းခြင်းပေါ်ပေါက်လာခြင်း၊ ဂျူရီစနစ်ပျောက်ကွယ်ရခြင်းနှင့် လက်တွေ့ အသုံးအနှုန်းအရ ယနေ့ခေတ်အမေရိကန်ပြည်ထောင်စုရှိ ပြစ်မှုဆိုင်ရာတရားစီရင်ရေး၌ သက်သေ ဖျောက်ဖျက်ခြင်းတို့၏ အကြောင်းရင်းကိုရှာဖွေသည့် အစဉ်အလာရှင်းလင်းချက်များကို ကျွန်ုပ်တို့ လက်မလျှော့နိုင်ခဲ့ပါ။ အဓိကဟောပြောရေးသားသူများ[၃၂] က အပြစ်ရှိကြောင်း ဝန်ခံချက်အပေါ် ယုံကြည်အားထားနေစဉ် ၁၉ ရာစု နှောင်းပိုင်းကာလထိတိုင် ဂျူရီစစ်ဆေးစီရင်ခြင်းအပေါ် အစောပိုင်းက ယုံကြည်အားထားခြင်းသည် အတွေ့အကြုံ နုသေးသူ များပါရှိခြင်း၏ လုပ်ငန်းဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်းကို သဘောတူညီသည်။ နောက်ပိုင်းတွင် ဂျူရီအမှုစစ်ဆေးစီရင်ခြင်းဖြင့် အစားထိုးလာရခြင်းမှာ ရဲနှင့်ရှေ့နေများအကြား အရည်အချင်းပြည့်ဝမှုဖြစ်စဉ် ပေါ်ထွန်း လာခြင်းကြောင့်ဖြစ်သည်ဟုလည်း သဘောတူခဲ့ကြသည်။ ထိုဖော်ပြချက်အောက်တွင် ရဲဝန်ထမ်း အသစ်က အပြစ်ရှိကြောင်း ယုံကြည်လက်ခံနိုင်သော သက်သေများကို ပြုလုပ်လာနိုင်သည့် အစွမ်းအစရှိလာသည်။ ၎င်းသက်သေကို ကြည့်ရှုနိုင်စွမ်းရှိသည့် ပြစ်မှုဆိုင်ရာ အမှုလိုက်ရှေ့နေများထံ ယူဆောင်လာပြီးတရားရုံးတွင်လုပ်ကိုင်သူများက ထို့နောက်တွင်မှ ပြစ်ဒဏ်ချရန်သေချာသော အမှုများ ('လွယ်ကူရှင်းလင်းသောအမှုများ' 'dead bang' cases) ဟူ၍ လည်းကောင်းနှင့် စစ်ဆေးစီရင်ရန် ပြဿနာများ ကျန်ရှိနေသေးသည့် အမှုဟူ၍လည်းကောင်း အတိအကျခွဲခြားသည်။ ကုန်ကျစရိတ်သက်သာခြင်း အကြောင်းအရာရှုထောင့်ဘက်တွင် လက်ခံထားသည့် အမှုပမာဏ လွှမ်းမိုးသည့် အတွေးနှင့်ပတ်သက်၍ ငြင်းခုံမှုပြုခဲ့သည်မှာ စစ်ဆေးစီရင်နိုင်သော ပြဿနာများ မပါရှိသည့် အမှုများက အသနားခံညှိနှိုင်းခြင်းကို ဖြစ်ပေါ်စေပြီး ၎င်း၏အစာဖြစ်လာသည်ဟု ဖြစ်သည်။

ဤအစဉ်အလာသီအိုရီကို အခြားဟောပြောရေးသားသူများ[၃၃] ကလည်း ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံခဲ့ကြသည်။ ခိုင်လုံသောစုပေါင်းခြင်းများဖြင့်ဖြစ်စေ၊ လက်ခံသည့်အမှုပမာဏ ဝေဖန်ဆန်းစစ် လေ့လာချက်ဖြင့်ဖြစ်စေ၊ နည်းပညာဆိုင်ရာငြင်းခုံဆွေးနွေးချက်များဖြင့်ဖြစ်စေ အစဉ်အလာသီအိုရီကို ပိုခိုင်မာအောင် ထောက်ခံပေးသည်။[၃၄] အသေးစိတ်မှာ ဤနေရာနှင့် မသက်ဆိုင်သော်လည်း နမူနာ ကောက်နုတ်ချက် အနည်းငယ်က အရေးကြီးလိမ့်မည်။

> အစပိုင်း၌...... ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင် သူတို့၏လုပ်ငန်းခွင်ဘဝတစ်ခုလုံးကို အချိန်ကုန်ဆုံးစေသည့်အလုပ်လုပ်သူများ စနစ်ထဲတွင်မရှိပါ။ ရဲ၊ အစိုးရရှေ့နေများ၊ တရားခံရှေ့နေများ၊ ထောင်ဝါဒါများ၊ ခံဝန်ဖြင့်လွှတ်သူကို ကြီးကြပ် ရသောအရာရှိများ၊ စုံထောက်များ၊ လူမှုဝန်ထမ်းများနှင့်အလားတူ ဟူ၍ မည်သူမျှမရှိခဲ့ပါ။ အချိန်ပြည့် ပြစ်မှုကျူးလွန်သူလည်း အနည်းငယ်သာရှိသည်။ သာမန်ပြည်သူများ၊ အတွေ့အကြုံနုသေးသူများနှင့် သာမန် တရားသူကြီးများ (အချို့မှာ မည်သည့် ဥပဒေ သင်တန်းမှ မရရှိပါ) က

ရှေ့နေအနည်းငယ်၊ နယ်မြေခံရဲများ၊ ညစောင့်များအပြင် ဖြစ်ကတတ်ဆန်းထောင်မှုုး များနှင့် စနစ်ကိုလည်ပတ်သည်။[၃၇]

မကြာခဏပင် တရားရုံးများသည် အချိန်ပိုင်းအရာရှိများကိုဝန်ထမ်းအဖြစ် ခန့်ထားသည်။ မကြာခဏပင်အစိုးရရှေ့နေများနှင့်တရားသူကြီးများသည် ဥပဒေပညာဖြင့် လေ့ကျင့်သင်ကြားပေးထားသူမဟုတ်ပါ.... ရဲအရာရှိများသည်မကြာခဏ တရားရုံးတွင် အစိုးရရှေ့နေများအဖြစ်ဆောင်ရွက်ခြင်းမှာ ဥပဒေ၏အခြေခံနှင့် မရင်းနှီးခြင်းဖြစ်ပြီး ပို၍အရေးမစိုက် ခြင်းပင် ဖြစ်သည်။ .....သက်သေခံဝင်နိုင်ခြင်းသည်လည်း ပြောင်းလဲလွယ်ပြီး ဥပဒေအချက်များကို သာမန်မျှသာ သဘောထားသည်။

သမိုင်းကြောင်းအရ ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်ဖြင့် လေ့ကျင့်မှုမရထားသော အတွေ့အကြုံနုသေးသူများကို ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းပြုချိန်တွင် ခေတ်သစ်ဂျူရီဖြင့် စစ်ဆေးစီရင်ခြင်းပေါ်ထွက်လာသည်။ ထိုအတွေ့အကြုံနုသေးသူများသည် တစ်စုံတစ်ဦးအား စွပ်စွဲခြင်း၊ စစ်ဆေးစီရင်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် အမှုမှကွင်းလုံးကျွတ်လွတ်ပေးခြင်းတို့ကို နားလည်တတ်ကျွမ်းလုပ်ကိုင်ကြိုးစားရန် လုပ်ငန်းတာဝန်များဖြင့် တာဝန်ပေးခံရသူဖြစ်သည်။ [၃၈]

မည်သည့်အရာတစ်ခုမှ ကျွန်ုပ်တို့မြင်ခဲ့ပြီးသည့် နယူးယောက်တရားရုံးများနှင့် အံဝင်ခွင်ကျဖြစ်ခြင်းမရှိပါ။ စုပေါင်းအကဲဖြတ်ခြင်းက အရည်အသွေးပြည့်ဝမှုဖြစ်စဉ်၏ အမြင့်ဆုံးအဖြစ် ဖော်ပြနိုင်ရန်ခက်ခဲသော်လည်း ဆက်လက်စုံစမ်းရန် ၎င်းတို့အားလုံးက လုံလောက်သော အတားအဆီးဖြစ်ကောင်းဖြစ်ခဲ့ပါမည်။ အကယ်၍ နောက်ဆုံးတွင်ဂျူရီနှင့် အသနားခံ ညှိနှိုင်းခြင်းစနစ်၏ သမိုင်းကြောင်းအရ တိုးတက်ပြောင်းလဲလာခြင်းသည် Roscoe Pound မှစ၍ ဆင်းသက်လာသောမျိုးဆက် အဓိကပညာရှင်များဖြင့် ထိုကဲ့သို့ စိစစ်ခြင်းကို လိုက်နာခဲ့ရလျှင် ထိုနေရာတွင် ရှာတွေ့စရာ ဘာများကျန်မည်နည်း။

ဤအရာက တက်သစ်စသုတေသီများအတွက် နောက်သင်ခန်းစာကိုဦးတည်သွားသည်- မည်သူက လက်ဆင့်ကမ်းပေးသည့် ဉာဏ်ပညာဖြစ်စေ 'အစဉ်အလာဉာဏ်ပညာ' ကို လက်မခံပါနှင့်။ သုတေသနအားလုံးသည် ရှေ့ကသွားပြီးသူ၏အလုပ်အပေါ် တည်ဆောက်ထားသည့် အဓိပ္ပာယ်ဖြစ်သော်လည်း စုဆောင်းလာသည့် 'အသိပညာ'ကို စစ်ဆေးခြင်းနှင့် အတည်ပြုခြင်းတို့အတွက် အမြဲလမ်းဖွင့်ထားရမည်။ အထူးသဖြင့် ဤသို့ ဖြစ်သည်မှာ သိပြီးသည့်အရာနှင့် ဆန့်ကျင်ဘက်ဖြစ်နေခြင်းကို သုတေသီက ရင်ဆိုင်ရသောအခါတွင်ဖြစ်သည်။ ယခုအချိန်တွင် သုတေသီက ရှေ့က 'ဉာဏ်ပညာ'သည် မည်ကဲ့သို့တည်ရှိလာခဲ့ပြီး စတင်တည်ထောင်လာခဲ့သည်ကို သေချာစွာ စိစစ်သင့်ပြီး ရှေ့ကသွားနှင့်ပြီးသူများ၏ ဂုဏ်သတင်းကို စုံးစမ်းစစ်ဆေးရန် အတားအဆီး မဖြစ်စေသင့်ပေ။

၁၈၀၀ မှ ၁၈၆၅ ခုနှစ်အထိ သမိုင်းမှတ်တမ်းများကို ပြီးပြည့်စုံသည့် လက်တွေ့မျက်မြင် စစ်ဆေးခြင်းအပေါ် ပြောဆိုရန် လိုလောက်သည်မှာ Roscoe Pound နှင့် အခြားသူများ၏ အရည်အသွေးပြည့်ဝမှု ဖြစ်စဉ်အဆိုကြမ်းဖြစ်သည့် အမေရိကန် 'ဥပဒေပုံသွင်းသည့်ခေတ်' (formative era) သည် (၁၉) ရာစု၌ ဖြစ်ခဲ့သည်ဆိုသည့် အချက်မှာ ရရှိသမျှသက်သေ အားလုံးနှင့် ဆန့်ကျင်နေခြင်းဖြစ်သည်။ ထိုခေတ်တွင် ကျွမ်းကျင်ပညာရှင်၏ လက်တွေ့လုပ်ငန်းက ရှေးကျသော 'ဥပဒေ ပြင်ပတရားစီရင်ခြင်း' (frontier justice) ကို အစားထိုးခဲ့သည်။ စနစ်တကျ ဆန်းစစ်လေ့လာခြင်း တစ်ခုခုဖြင့် မသိခဲ့သည့် အမေရိကန်ဥပဒေသမိုင်း၏ ပိုမိုကျယ်ပြန့်သော သဘောတရားအမြင်တစ်ခုသည် ယုံကြည်ချက်တစ်ရပ်နှင့် စိတ်ကူးယဉ်မှုဝါဒ (romanticism)[vii] အပေါ် အခြေခံထားချက်တစ်ခုအဖြစ် မျှသာ ပြောင်းလဲသွား ပါသည်။ (၁၉) ရာစု၌ စတင်ခဲ့ပြီး နယူးယောက်မြို့တော်အထိ ချဲ့ထွင်လာသော ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်သည် ဆင်ခြင်တုံ တရားများကိုအခြေခံသော စည်းစားတွေးခေါ်ခြင်းများအပေါ်တွင်လည်းကောင်း၊ သက်သေ အထောက်အထား အခြေခံအပေါ်တွင်လည်းကောင်းနှင့် ရှေ့နေများနှင့်တရားသူကြီးများ ခန့်အပ်ထားခြင်း အပေါ်တွင်လည်းကောင်း အခြေခံသည့် ကျွမ်းကျင် ပညာရှင်စနစ်ဖြစ်သည်။ ထိုရှေ့နေနှင့် တရားသူကြီးများသည် အစိုးရ၏ လက်လှမ်းမီခြင်းမှ တရားခံများကို အကာအကွယ် ပေးရန်ကြိုးစားသည့် လေ့ကျင့်သင်ကြားပေးထားသော သူများဖြစ်သည်။ သို့သော် ပါဝင်ပတ်သက် သူများ၏ အရည်အသွေးပြည့်ဝမှု ဖြစ်စဉ်တစ်ခုခု မပါဘဲ ၁၈၅၀ နှင့် ၁၈၆၅ အကြားတွင် ရုတ်ခြည်း ပြောင်းလဲမှုပေါ်ပေါက်ခြင်း၌ စနစ်က နေ့စဉ်အမှုများတွင် ဤဂျူရီအစားထိုးသည့် အပြစ်ရှိကြော င်းဝန်ခံချက်နှင့် သူ့ဦးတည်ရာကို ပြောင်းလဲခဲ့သည်။ လက်ရှိ 'အထက်မှ အောက်' ဖြေရှင်းချက် များသည် လက်တွေ့ မျက်မြင်အချက်အလက်ထံကင်းသော မေခရိုသီအိုရီ (macro-theories) များအပေါ် မှီတည်ပြီး ထည့်သွင်းတွက်ချက်၍မရနိုင်။ ထို့ကြောင့် အယူအဆဆိုင်ရာ နားလည် သဘောပေါက်မှု အသစ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်။

ဤနေရာ၌ကျွန်ုပ်တို့၏နည်းဗျူဟာမှာ ပိုမိုကျယ်ပြန့်သော လူမှုရေး-နိုင်ငံရေးဆိုင်ရာ စီးပွားရေးအတွင်း တည်ရှိ၍ တည်ဆောက်ထားသည့် လက်တွေ့နယ်ပယ်၌ အမှုနှင့် ပတ်သက်၍ စုဆောင်းထားသည့် အချက်အလက်အမြောက်အများ ဖြစ်သောအစိတ်အပိုင်းတွင် 'အောက်မှ အထက်' သီအိုရီ တည်ဆောက်ခြင်းကို လုပ်ဆောင်ရန်ဖြစ်သည်။ နယူးယောက် မြို့တော်တွင် အလွန်အံ့သြဖွယ် ဖြစ်ပျက်ခဲ့သည့်အရာသည် ရဲ သို့မဟုတ် ရှေ့နေများ လက်ခံထားသည့် အမူပမာဏ သို့မဟုတ် အရည်အသွေးပြည့်ဝမှုဖြစ်စဉ်၏ ဆောင်ရွက်ချက် မဟုတ်ပေ။ ၎င်းအစား နိုင်ငံရေးဆိုင်ရာ စီးပွားရေး၌ ပိုမိုကျယ်ပြန့်သောအပြောင်းအလဲများထံမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပြီး ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများ၏ ရည်မှန်းချက်များနှင့် သဘောသဘာဝများ၊ တရားရုံးခန်းတွင်း

---

[vii] ၁၉ရာစုနောက်ပိုင်းတွင် ထွန်းကားခဲ့သည့် အရိုင်းသဘာဝကိုဖော်ကျူးသော စာပေဂီတအနုပညာ ဆိုင်ရာအမြင် ဖြစ်သည်။

အလုပ်လုပ်သူများ၏အခန်းကဏ္ဍများနှင့် စီစဉ်သည့်နည်းလမ်းများတွင် ပြောင်းလဲမှုတစ်ခု ရရှိစေသည်။ ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်းများသည် ပေါ်ထွက်လာမည့် နိုင်ငံနှင့် လူတစ်ဦးချင်း အကြားရှိ ပြဿနာများအား ကိုယ်တိုင်ဆုံးဖြတ်ခြင်းထံသို့ အကြောင်းခြင်းရာနှင့် ဥပဒေအား အများကဆုံးဖြတ်ခြင်းမှတဆင့် ဖြေရှင်းသည့် ပုဂ္ဂလိက အမှုသည်များအကြားရှိ အငြင်းပွားမှုများထံမှ ပြောင်းလဲလာခဲ့သည်။ ထိုပြောင်းလဲသည့် တရားစွဲဆိုခြင်းလုပ်ငန်းစဉ်သည် ရဲ၏ကြီးမားသော ပါဝင်ပတ်သက်မှုနှင့် တရားခံများအား စီမံခန့်ခွဲမှုအပြင် ပိုကြီးမားသော အစိုးရရှေ့နေ၏ တရားစွဲဆိုခြင်းဆိုင်ရာ ဆင်ခြင်တုံတရား တို့ဖြင့် သတ်မှတ်ခဲ့သည်။ ဤကိစ္စ ပေါ်ပေါက်လာသည့်အတွက် ပြစ်မှုဆိုင်ရာတရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့်ဆိုင်သည့် ရည်ရွယ်ချက်က တစ်ဦးချင်းထံမှသည် စုပေါင်းသည့် တရားမျှတမှုဆီသို့ ဂျူရီဖြင့်စစ်ဆေးခြင်းမှ အပြစ်ရှိကြောင်းဝန်ခံခြင်း အမှုစီစဉ်ခြင်းနည်းလမ်း ပြုလုပ်ခဲ့သကဲ့သို့ ပြောင်းလဲခဲ့သည်။ ဤဖြစ်ပေါ်ခဲ့သည့် ကိစ္စအားလုံးက ပြစ်မှုဗေဒအသစ်၏ နောက်ခံအခြေအနေများကို ဆန့်ကျင်သည်။ ဥပရောပရှိ ၎င်း၏မူလဇစ်မြစ်နှင့်အတူ သူတို့၏တရားဝင်မှုသည် ဖခင်အသွင် အုပ်ချုပ်ရေးဝါဒနှင့် အရင်ခေတ် အမှတ်အသား ပြုခဲ့သည့် လူတန်းစားအခြေခံ အထက်တန်းလွှာ၏ နိုင်ငံရေးအကဲဆတ်မှုအစား မဲပုံးထံမှ ဆင်းသက်လာသည့် အုပ်ချုပ်သူ လူတန်းစားသစ်ဖြစ်လာသည်။

ထို့ကြောင့် ဤသုတေသနလုပ်ငန်းစဉ်၌ အပြစ်ရှိကြောင်းဝန်ခံခြင်းစနစ် သို့မဟုတ် အသနားခံညှိနှိုင်းခြင်းကို တရားရုံးခန်းနှင့်တွဲဖက်နေသည့် အစဉ်အလာရှင်းလင်းချက်များ မှတဆင့်နားလည်းနိုင်စွမ်း မရှိတော့ပါ။ ဥပဒေနှင့် ၎င်း၏လက်တွေ့လုပ်ရပ်များသည် နိုင်ငံရေးလက်အောက်တွင်ရှိနေပြီး အပြန်အလှန်အားဖြင့် အစိုးရအပါအဝင် လူ့အဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်ပုံအပြင် တရားရုံးများနှင့် ၎င်းတို့၏ဆက်နွယ်မှုသည် ရှာနေသည့် စုံစမ်းမေးမြန်းခြင်းတစ်ခုခုတွင် အရေးပါရမည်ဟု ကျွန်ုပ်တို့သိသလို အခြားသူများကလည်း သိလိမ့်မည်ဟု မျှော်လင့်သည်။ ဤဆန်းစစ်လေ့လာခြင်းသည် အခြားသူများအား သမိုင်းအကြောင်းရေးသားခြင်းနှင့် နိုင်ငံနှင့် ဥပဒေအကြားဆက်နွယ်မှု စိစစ်ခြင်း၏ဝန်ထုပ်ဝန်ပိုးကိုရယူရန် အားပေးခဲ့လိမ့်မည်ဖြစ်သော်လည်း အခြားချဉ်းကပ်နည်းလမ်းများအား ဖယ်ထုတ်မည့် အနေအထားမှ ဝေးနေသေးသည်ကို သတိပြုမိသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏စာကို Upendra Baxi က ပေးသည့် တိကျ၍ အပြုသဘောဆောင်သော ဝေဖန်ချက်ကို ဖတ်ခဲ့ရသည့်အတွက် များစွာ ပီတိဖြစ်ရသည်။[၃၇] ဤဝေဖန်ချက်ကိုယ်တိုင်က အဖိနှိပ်ခံတို့၏အစဉ်အလာကို အထူးအားရုံစိုက်မှုပေးသည့် ရွေးနုတ်ခြင်းသမိုင်းကြောင်း(redemptive history) မှတဆင့် နောက်ထပ် သဘောတရားရေးရာ စူးစမ်းရှာဖွေခြင်းအတွက် အကျိုးရှိသောနည်းလမ်းကို အကြံပြုသည်။

## သုံးသပ်ချက်

လက်တွေ့မျက်မြင် အခြေပြုသုတေသနသည် ကျောင်းသားများကို လက်တွေ့နှင့် သီအိုရီ နှစ်ခုစလုံးနှင့် ပတ်သက်၍ စိန်ခေါ်မှုများပေးသည်။ ၎င်းသည် နက်နက်ရှိုင်းရှိုင်း စိတ်ပျက်စရာ

ကောင်းခြင်းနှင့် ကြီးမားစွာအကျိုးခံစားခြင်းတို့ကို ဖြစ်နိုင်သည်။ ဂရုစိုက်မှုအများဆုံးဖြင့် ကြိုတင်စီမံခြင်းရှိသော်လည်း အောင်မြင်သောသုသေတနသည် မကြာခဏပင် အမှတ်မထင် ကံကောင်းစွာ ရှာဖွေတွေ့ရှိခြင်းအပေါ် မူတည်သည်။ လက်တွေ့မျက်မြင်အခြေပြု သုတေသနက အသိပညာ အဆင့် တိုးတက်မြင့်မားခြင်းအား အမှန်တကယ် ထောက်ပံ့ခြင်း ပြုလုပ်ရန် အခွင့်အရေးပေးသည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်အခါမှ တစ်ထပ်တည်းကျအောင် ပုံတူကူးနိုင်မည် မဟုတ်သော်လည်း ၎င်းက အနာဂတ်သုတေသီများအား ကန့်သတ်ရန် အသုံးပြုမည့် ထုံးစံတစ်ခုကို ဖွဲ့စည်းတည်ဆောက်နိုင်သည်။ ရန်ပုံငွေလုံခြုံရေး၊ အလားအလာ ရှိသော ဖြေကြားပေးမည့်သူများနှင့် ဆက်သွယ်မှုများ၊ လက်တွေ့ကွင်းဆင်း သုတေသနလုပ်ဆောင်မှုနှင့် တွေ့ရှိချက်များ အစီရင်ခံတင်ပြခြင်းတို့နှင့် ပတ်သက်၍ သုတေသီတစ်ဦးချင်းအပေါ် လေးနက်သော ကိုယ်ကျင့်တရားနှင့် နိုင်ငံရေးတာဝန်ကို သတ်မှတ်ပေးသည်။

လက်တွေ့မျက်မြင်အခြေပြုသုတေသနတွင် လက်တွေ့ကွင်းဆင်းသည့်နေရာတွင် သာမကဘဲ စီမံကိန်းမစခင်ကပင် ရွေးချယ်မှုများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်သည်။ သုတေသီတိုင်းသည် လက်တွေ့ကွင်းဆင်းရာ၌ ကြိုတင်မှန်းဆမရနိုင်သော စိန်ခေါ်မှုများအပြင် ရွေးချယ်မှုများနှင့်ရင်ဆိုင်ရလိမ့်မည်ဖြစ်သော်လည်း ပြဿနာအားလုံးနီးပါးသည် ကြိုတင်မှန်းဆနိုင်ပြီး သုတေသီတိုင်းက အခြေခံပြဿနာများကို စဉ်းစားထားကာ ထိုပြဿနာများ အတွက် အဖြေများ ရှာထားရန်လိုအပ်ပါသည် ။၎င်းတို့တွင် ငွေကြေးပံ့ပိုးပေးမည့် အဖွဲ့အစည်း၏ အကျိုးစီးပွားများနှင့် စိုးရိမ်ပူပန်မှုများအတွက် ကိုက်ညီနိုင်ခြေ ရှိမရှိအပြင် သုတေသီ၏ လွတ်လပ်မှုအတွက် လုံလောက်သော အာမခံချက်များရှိမရှိတို့ ပါဝင်သည်။ ဖြစ်နိုင်ခြေရှိသော အင်တာဗျူးဖြေဆိုသူများကို သုတေသနစီမံကိန်းအတွက် 'အတွင်းလူများ' အဖြစ် လုပ်နိုင်မည့် အတိုင်းအတာကိုလည်း ဖြေရှင်းထားရန်လိုအပ်ပေလိမ့်မည်။ အထူးသဖြင့် တွေ့ရှိချက်များသည် အင်တာဗျူးဖြေဆိုသူများ သို့မဟုတ် သူတို့နှင့်ဆက်နွယ်နေသည့် အဖွဲ့အစည်းအတွက် အခက်အခဲဖြစ်စေနိုင်သည့် အခါမျိုးတွင်ဖြစ်သည်။ နည်းစနစ်များနှင့် ပတ်သက်၍ တစ်စိတ်တစ်ပိုင်း ထုတ်ဖော် ပြောဆိုခြင်း သို့မဟုတ် တမင်လိမ်ညာပြောဆိုမှုအား ခွင့်ပြုမပြုကို သုတေသီက ဆုံးဖြတ်ရန်မှာ မရှိမဖြစ်အရေးပါသည်။

ရွေးချယ်စရာရှိသကဲ့သို့ သုတေသနနိုင်ငံရေး အကြောင်းကိုပြောရန် မလိုအပ်ကြောင်း ကျွန်ုပ်က တွေ့ရှိခဲ့ပြီးဖြစ်သည်။ ရွေးချယ်စရာမရှိပါက လက်တွေ့မျက်မြင်အခြေပြုသုတေသန၏ အရည်အသွေးတစ်ခုခုသည် နိုင်ငံရေးဆိုင်ရာဖြစ်သည်။ ကိုယ်ကျင့်တရားဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာတွင် တစ်ခုတည်းသောမေးခွန်းမှာ တာဝန်ယူလုပ်ဆောင်နေခြင်း၌ နက်နက်ရှိုင်းရှိုင်း စွဲခိုင်နေသည့်အရာကို စာဖတ်သူများနှင့် အနာဂတ်သုတေသီများ၏ အကျိုးအတွက် ရှင်းရှင်းလင်းလင်းပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ရန် ဖြစ်သည်။

လက်တွေ့ကွင်းဆင်းဆောင်ရွက်သည့် သုတေသီ၏အကြီးကျယ်ဆုံးသော အရည်အသွေးမှာ လူများနှင့်စကားပြောစွမ်းရည်ဖြစ်ပြီး သူတို့ဘဝများနှင့် ဆက်စပ်ပေးခြင်း ဖြစ်သည်။ သုတေသီများသည် လက်တွေ့ကွင်းဆင်းရာ၌လက်ခံမှုနှင့် ယုံကြည်မှုရရှိရန်အတွက် သက်သက်မဟုတ်ဘဲ ပို၍အရေးပါသည်မှာ လက်ခံဖြေကြားပေးသူများ၏အမြင်မှ ဘဝကိုတွေ့မြင်ရန်၊ သူတို့ဘဝကို နားလည်သဘောပေါက်ရန်နှင့် သူတို့၏ အမူအကျင့်များကို သေချာပေါက်ထောက်ခံခြင်းမရှိဘဲ သူတို့ဘဝဖြင့် ခွဲခြားနိုင်ရန်အတွက် အလွှာအားလုံးမှ လူများနှင့် သင့်မြတ်အောင်နေနိုင်ရမည်။

စူးစမ်းလေ့လာခဲ့သည့်အရာများ၊ မကြာခဏ သတိမမူမိ၍မမြင်မိသည့်အရာများအားလုံး၏ သင်ခန်းစာများကို ယုတ္တိရှိအောင်ပြုလုပ်ရန် ကြိုးစားရသည်မှာ သုတေသီ၏ တာဝန်ဖြစ်သည်။ သုတေသီများသည်သူတို့၏ စိတ်ဝင်စားမှုအကြောင်းအရာများကို အသက်ဝင်အောင်ပြုလုပ်ရန်၊ မကြာခဏ ပေါ်ပေါက်လာသည့် အစီအစဉ်မကျဖြစ်သောအရာ၊ သဘောမတူနိုင်သော သို့မဟုတ် မနှစ်မြို့ဖွယ် ကောင်းသောဘဝနေထိုင်မှုပုံစံများကို ချိတ်ဆက်မှုနှင့် အဓိပ္ပာယ်ပေးရန်လိုအပ်သည်။ တာဝန်မှာ ကောက်ယူထားသည့်အချက်အလက်၏ အပိုင်းအစများနှင့် သီးခြားစီစူးစမ်းလေ့လာ ထားမှုများဖြင့် အဆက်အစပ်ရှိသော ပန်းချီကားတစ်ချပ်ကို ဆက်စပ်လွှမ်းခြုံနေသောသီအိုရီဖြင့် အတူတူလက်ကိုင်ထား၍ တည်ဆောက်ရန်ဖြစ်သည်။ ၎င်းဆက်စပ်လွှမ်းခြုံနေသော သီအိုရီတွင် နေ့စဉ်လက်တွေ့လုပ်နေကျအလုပ်များ၊ ရိုးရာဓလေ့များနှင့်တည်ရှိမှုကစေ့စပ်သေချာသည့် လေ့လာသူ အတွက်သာအဓိပ္ပာယ်ထင်ရှားပြီး စိစစ်ခံရသည့်ပုဂ္ဂိုလ်အနေဖြင့် နားလည် သဘော ပေါက်ရန်မလိုအပ်သည့် ဆက်စပ်လွှမ်းခြုံနေသောသီအိုရီအား အတူတူလက်ကိုင်ထား၍ တည်ဆောက်ရန်ဖြစ်သည်။ ဤအရာအားလုံးထဲ၌ သုတေသီသည်က နှိမ့်ချသောစိတ်ထားကို အမြင်တစ်ခုအဖြစ် ထားရှိရန်ဖြစ်ပြီး လူသား၏ အတိတ်က လုပ်အားများကို မှတ်သားသည့် သတင်းအချက်အလက် သမုဒ္ဒရာထဲသို့ အားထုတ်မှုအသေးလေးတစ်ခုဖြင့် ထပ်ပေါင်းထည့်ရမည်။ ထိုသမုဒ္ဒရာထဲ၌ ကျွန်ုပ်တို့ အားလုံးက ထပ်ပေါင်းထည့်ရန် ဆန္ဒပြင်းပြသည့် သီးခြား အသိပညာကန် များရှိသည်။

## အဆုံးသတ်မှတ်စု

ဤအခန်း၏ ဗဟိုပြုရာသည် အသနားခံညှိနှိုင်းခြင်းဖြစ်သော်လည်း လက်တွေ့မျက်မြင်အခြေပြုသုတေသနအပေါ်တွင် အလုပ်လုပ်ဆောင်ရန်နှင့်ပတ်သက်၍ တရားမတွင်လည်း ပြစ်မှုနှင့် တူညီသောနည်းလမ်းနှင့် နည်းစနစ်များအသုံးချရာတွင် အခြေခံအားဖြင့် တူညီသော သုတေသန ပြဿနာများပေါ်ပေါက်သည်။ တရားမ တရားမျှတမှု နယ်ပယ်ရှိ လက်တွေ့မျက်မြင်အခြေပြု သုတေသန အကောင်းဆုံး အကြောင်းအရာများအတွက် ဥပမာအားဖြင့် H. Genn, Hard Bargaining: Out of Court Settlement in Personal Injury Actions (1987); H. Genn, Paths to Justice: What People Do and Think about Going to Law (1999); H. Genn and A.

Paterson, Paths to Justice in Scotland: What People in Scotland Do and Think about Going to Law (2001); T. Goriely, R. Moorehead and P. Abrams, More Civil Justice?: The Impact of the Woolf Reforms on Pre-Action Behaviour (2002); and J. Baldwin, Small Claims in County Courts in England and Wales: the Bargain Basement of Civil Justice (1997) တို့ကို ကြည့်ပါ။

## ထပ်မံဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာတမ်းများ


J. Baldwin, *Small Claims in County Courts in England and Wales: the Bargain Basement of Civil Justice* (Oxford: Clarendon Press, 1997).

J. Barnes, *Who Should Know What?* (Harmondsworth: Penguin Books, 1979). U. Baxi, 'The Craft of Disinterested History?' (2006) 17 *King's College Law Journal* 155.

H. Becker, *Outsiders: Studies in the Sociology of Deviance* (New York: Free Press, 1963).

C. Bell and H. Newby (eds), *Doing Sociological Research* (London: George Allen & Unwin, 1977).

R. Burgess, *In the Field: An Introduction to Field Research* (London: Allen and Unwin, 1984).

J. Flood, 'Researching Barrister's Clerks' in R. Luckham (ed.), *Law and Social Enquiry* (Uppsala: Scandinavian Institute of African Studies, 1981).

H. Genn, *Hard Bargaining: Out of Court Settlement in Personal Injury Actions* (Oxford: Clarendon Press, 1987).

H. Genn, *Paths to Justice: What People Do and Think about Going to Law* (Oxford: Hart Publishing, 1999).

H. Genn and A. Paterson, *Paths to Justice in Scotland: What Scottish People Do and Think about Going to Law* (Oxford: Hart Publishing, 2001).

T. Goriely, R. Moorehead and P. Abrams, *More Civil Justice?: The Impact of the Woolf Reforms on Pre-Action Behaviour* (London: Law Society and Civil Justice Council, 2002).

D. Hobbs and T. May (eds), *Interpreting the Field* (Oxford: Oxford University Press, 1993).

G. McCall and J. Simmons, *Issues in Participant Observation* (Reading, MA: Addison-Wesley, 1970).

M. McConville and C. Mirsky, *Jury Trials and Plea Bargaining: A True History* (Oxford: Hart Publishing, 2005).

M. Patton, *Qualitative Evaluation and Research Methods* (London: Sage, 1990).

M. Pogrebin (ed.), *Qualitative Approaches to Criminal Justice* (London: Sage, 2003).

G. Sjoberg (ed.), *Ethics Politics and Social Research* (London: Routledge & Kegan Paul, 1967).

M. Spector and J. Kitsuse, *Constructing Social Problems* (New Brunswick, NJ: Transaction Publishers, 2001).

G. Walford (ed.), *Debates and Developments in Ethnographic Methodology* (London: Elsevier Science, 2002).

## မှတ်စုများ

၁ Sir Robert Mark, Minority Verdict (London: BBC Publications, 1972).

၂ Morris Committee, Jury Service Cmnd. 2627 (London: HMSO, 1965).

၃ အက်ဥပဒေထဲဖော်ပြပါရှိသည့်အမျိုးမျိုးသော ခြွင်းချက်များနှင့် အရည်အချင်းမဲ့စေခြင်းတို့ကို လိုက်နာ၍။

၄ အကြံပြုတင်ပြချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများသည် the Juries Act 1973 တိုင်အောင် နှောင့်နှေးကြန့်ကြာခဲ့သည်။ ထိုစဉ်အချိန်က ကန့်ကွက်သူမရှိအားလုံးသဘောတူခြင်း လိုအပ်ချက်ကို (၁၉၆၇ ခုနှစ်၌) ဖျက်သိမ်းခဲ့သည်။

၅ James Committee, The Distribution of Criminal Business between the Crown Court and the Magistrates' Court Cmnd. 6323 (London: HMSO, 1975).

၆ S. Cohen and L. Taylor, *Psychological Survival: The Experience of Long-term Imprisonment* (London: Penguin, 1972) သုတေသနတွင် နိုင်ငံရေးဝင်ရောက်စွက်ဖက်ခြင်း ၏အခြားဥပမာများတွင်T. Morris and P. Morris, Pentonville: *A Sociological Study of an English Prison* (London: Routledge and Kegan Paul, 1963); and A. K. Bottomley, A. L. James, E. Clare and A. Liebling, *Monitoring and Evaluation of Wolds Remand Prison and Comparisons with Public-sector Prisons, in Particular HMP Woodhill* (London: Home Office Research and Statistics Directorate, 1997)တို့ပါဝင်သည်။.

၇ R. D. King and K. W. Elliot, *Albany: Birth of a Prison, End of an Era* (London: Routledge and Kegan Paul, 1978).

၈ ကျွန်ုပ်တို့ အကောင်းဆုံးကြိုးစားခဲ့သော်လည်း ဂျူရီလူကြီးများနှင့်အဆက်အသွယ်မရခဲ့ပါ။

၉ ထောင်အရာရှိများက ဖွင့်ဖောက်မထားသည့်ဗူးကို ထောင်သားများအားယူဆောင်သွားခွင့် မပေးကြောင်း မကြာမီကျွန်ုပ်တို့တွေ့ရှိသည်။ စကားပြောချိန်ကြာရှည်စေရန်မက်လုံးပေးသည့်အနေဖြင့် ကျွန်ုပ်တို့က စီးကရက်တစ်လိပ်အမြဲဖယ်၍ တွေ့ဆုံမေးမြန်းသည့် စားပွဲပေါ်ထားခဲ့သည်။ မဟုတ်လျှင် ထိုသို့ဖြစ်ပေါ်မည် မဟုတ်ပေ။

[၁၀] H. Becker, *Outsiders: Studies in the Sociology of Deviance* (New York: Free Press, 1963).

[၁၁] ကျွန်ုပ်၏ သုတေသနသက်တမ်းတလျှောက်လုံးတွင် စွဲကပ်လာခဲ့သည့် ပြောစရာမလိုအောင် မှန်ကန်သည့်အရာ တစ်ခုမဟုတ်သော်လည်း ဤအခန်းတွင် ရှင်းလင်းစွာပြုထားသည့်အတိုင်း တွေ့ဆုံမေးမြန်းမှုဖြေကြားသူများထံမှသတင်းအချက်အလက်ကို ထိန်ချန်ထားသည့်အခါ သို့မဟုတ် သတ္တိကြောင်သည့် အမှုအကျင့်ဖြင့်သုတေသနလုပ်ခဲ့သည့်အခါလည်းရှိခဲ့ဖူးသည်။ ထို့ကြောင့် ဥပမာ အားဖြင့် ဘာမင်ဟမ်ရှိ ရဲများ၏လက်တွေ့လုပ်ငန်းအပေါ် ယော့ခ်ရှိုင်းယားရုပ်မြင်သံကြားနှင့် အလုပ်လုပ်သည့် အခါ အချို့သောရိုက်ကူးရေးများကို စစ်ဆေးမေးမြန်းခြင်း ဥပဒေစည်းမျဉ်းများကို တက်ကြွစွာ ချိုးဖောက်နေသော ရဲအရာရှိများ၏ ကြိုတင်သဘောတူညီချက်မပါဘဲ လုပ်ဆောင်ခဲ့သည်။ M. McConville, 'Videotaping Interrogations: Police Behaviour On and Off Camera' (1992) *Criminal Law Review* 532 ကိုကြည့်ပါ။ သက်ဆိုင်သည့်အာဏာပိုင်အားလုံးထံမှ ထောက်ခံချက် ရရှိခြင်းအပေါ် ကြိုတင်မှန်းဆခဲ့မည်ဆိုလျှင် ကျွန်ုပ်၏လက်ရှိ တရုတ်နိုင်ငံ၏ ပြစ်မှုဆိုင်ရာတရားမျှတမှု စနစ်အပေါ် လက်တွေ့မျက်မြင်အခြေပြုသုတေသနသည် ဖြစ်နိုင်လိမ့်မည်မဟုတ်ပါ။

[၁၂] လူရွှင်တော် Lenny Bruceအား အမေရိကန်စနစ်ကို အကျဉ်းချုပ်ရန်ဖြစ်စေသည့် လက်တွေ့လုပ်ရပ်တစ်ခုမှာ တရားမျှတမှုခန်းမများထဲတွင် တရားမျှတမှုက ခန်းမထဲတွင်ရှိသည်။

[၁၃] J. Baldwin and M. McConville, *Negotiated Justice* (London: Martin Robertson, 1977).

[၁၄] ကျွန်ုပ်၏ ဘွဲ့လွန်ကျောင်းသားအတော်များများသည် ပိုမိုခက်ခဲသောအခြေအနေ၌ရောက်ခဲ့သည်။ ဥပမာအားဖြင့် ယာဉ်လမ်းကြောကြီးကြပ်ထိန်းသိမ်းခြင်းကိုလေ့လာသောသုတေသီတစ်ဦးက ရဲများ၏ ဥပဒေနှင့်မညီသော လုပ်ရပ်ကို အကြိမ်များစွာ မျက်မြင်တွေ့ဖူးသည်။ အဆိုပါဒွိဟဖြစ်ခြင်းကို ဖြေရှင်းရန် ကောင်းမွန်သောအရင်းအမြစ်များကိုR. Luckham (ed.), *Law and Social Enquiry: Case Studies of Research* (Uppsala: Scandinavian Institute of African Studies, 1981). တွင်တွေ့ရှိနိုင်သည်။

[၁၅] ထင်ရှားသောဥပမာတွင် S. Milgram, *Obedience and Authority* (New York: HarperCollins, 2004) and L. Humphreys, *Tearoom Trade* (New York: Aldine, 1975) တို့ ပါဝင်သည်။

[၁၆] ထင်ရှားသောဥပမာတစ်ခု၌ နှစ်ပေါင်းများစွာဆွေးနွေးပြီးနောက် ထိုစဉ်က တရားသူကြီးချုပ်က အာဏာသုံး၍ရပ်ဆိုင်းစေသည့်အချိန်တွင် အောက်စဖို့တက္ကသိုလ်ပြစ်မှုဗေဒဆိုင်ရာသုတေသနစင်တာက တရားစီရင်ရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းလေ့လာချက်ကို စွန့်လွှတ်ခဲ့သည်။

[၁၇] P. Rock, *The Making of Symbolic Interactionism* (Totowa, NJ: Rowman and Littlefield, 1979). အမျိုးအစားများက ပြောင်းလဲနိုင်သော်လည်း Rock အမြင်ကခိုင်မာနေဆဲဖြစ်သည်။

[၁၈] ဥပမာအားဖြင့် J. Baldwin and M. McConville, 'Plea Bargaining and the Court of Appeal' (1979) 6 *British Journal of Law and Society* 200; M. Zander and P. Henderson, *Crown Court Study*, Royal Commission on Criminal Justice Research Study No. 19 (London: HMSO, 1993); M. McConville and C. Mirsky, 'Guilty Plea Courts: A Social Disciplinary Model of Justice' (1995) 42 *Social Problems* 216; M. Travers, *The Reality of Law: Work and Talk in a Firm of Criminal Lawyers* (Aldershot: Ashgate, 1997) ကိုကြည့်ပါ။

[၁၉] M. McConville, 'Plea Bargaining: Ethics and Politics' (1998) 25 *Journal of Law and Society* 562.

၂၀ အချို့အချက်အလက်များကိုခက်ခဲသောနည်းလမ်းဖြင့်ထုတ်ယူခဲ့ရသည်။ ၁၈ (ခ) ၏ ဝင်ငွေအပေါ် ယုံကြည်အားထားလောက်သော သတင်းအချက်အလက်ရရှိရန် ရှေ့နေများကတင်သွင်းသည့် မူရင်းဘောက်ချာများကို ကျွန်ုပ်တို့ထံပေးရန် အယူခံတရားရုံးမှ အရာရှိများအား ဆွဲဆောင်ခဲ့သည်။ နောက်အပတ် တနင်္လာနေ့တွင် ပြန်ပေးမည်ဟူသော ကတိဖြင့် ဖိုင်ထည့်သည့် ဗီရိုကို ကျွန်ုပ်တို့က တက္ကသိုလ်ထံသောကြာနေ့ညနေခင်းတွင် လွှဲအပ်ပေးခဲ့သည်။ ဤနည်းအားဖြင့် သုတေသီအဖွဲ့က တရားရုံးခန့်အပ်သည့် ရှေ့နေများ၏ (၁၀) နှစ်ကျော်စာဝင်ငွေများကို နောက်ကြောင်းလိုက်ရန် လုပ်နိုင်ခဲ့သည်။ ဥပဒေအထောက်အကူပြုအဖွဲ့အစည်းရှိအချက်အလက်များကို သတင်းလွတ်လပ်ခွင့် ဥပဒေအရတရားစွဲဆိုရန်စတင်သည့်အခါ မှသာထုတ်ပေးခဲ့သည်။ သို့ရာတွင် မြို့တော်အာဏာပိုင်များက အစောကတည်းက အဖွဲ့အစည်းကို အမှန်တကယ်ပံ့ပိုးခဲ့သည့် ငွေကြေးဖုံးဖိရန်ကြိုးစားခဲ့ပြီး အဖွဲ့အစည်း၏ အစပိုင်းတွင်တင်သွင်းသောဘတ်ဂျက်က လျှို့ဝှက်ထားရန်ကိစ္စဖြစ်သည်။

၂၁ Baldwin and McConville, see note 13 above.

၂၂ ပြုပြင်ပြောင်းလဲရေးသမားများထဲမှ အစောဆုံးမှာ Roscoe Pound ဖြစ်ပြီး အပြန်အလှန် ခုခံချေပ လျှောက်လဲခြင်းက စွပ်စွဲခံရသူများအား အမှုလိုက်ပေးလေ့ရှိသူများသည် စနစ်၏ အားနည်းချက်များကို လေ့လာရန်နှင့် ၎င်းကိုမည်သို့ အခွင့်ကောင်းယူရမည့်အကြောင်း လေ့လာသင်ယူရန်ကို ဖြစ်စေသည်။ Pound, ‘Criminal Justice in the American City’ in R. Pound and F. Frankfurter (eds), *Criminal Justice in Cleveland* (Cleveland, OH: The Cleveland Foundation, 1922) ကို ကြည့်ပါ။

၂၃ L. Fabricant, ‘The Voluntary Defender in Criminal Cases’ (1924) *The Annals* 74.

၂၄ M. McConville and C. L. Mirsky, ‘Criminal Defense of the Poor in New York City’ (1986–7) 15 New York University of Law & Social Change 622 ကိုကြည့်ပါ။

၂၅ Gideon v. Wainwright, 372 US 335 (1963) က နိုင်ငံ့ပြစ်မှုဆိုင်ရာ တရားရုံးများသည် အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဆဋ္ဌမနှင့် (၁၄) ကြိမ်မြောက်ပြင်ဆင်ချက်များအရ အကျိုးဆောင်ကိုယ်စားလှယ်အတွက် မတတ်နိုင်သူများအား ရှေ့နေများပံ့ပိုးပေးရန်လိုအပ်သည်ဟု စတင်တည်ထောင်သည်။

၂၆ M. Galanter, ‘Why the “Haves” Come Out Ahead: Speculations on the Limits of Legal Change’ (1974) 19 *Law & Society Review* 95.

၂၇ ဥပမာအားဖြင့် D. J. Newman, *Conviction: The Determination of Guilt or Innocence Without Trial* (Boston, MA: Little, Brown and Company, 1966); J. Eisenstein and H. Jacob, *Felony Justice: An Organizational Analysis of Criminal Courts* (Boston, MA: Little, Brown and Company, 1977) ကို ကြည့်ပါ။

၂၈ A. S. Blumberg, ‘The Practice of Law as Confidence Game: Organizational Co-optation of a Profession’ (1967) 1 *Law & Society Review* 20.

၂၉ အဆိုပါရှေ့နေများကိုယ်တိုင် နေ့တိုင်းတရားရုံးခန်း၏ရှေ့ဆုံးခုံတန်းတွင် တရားသူကြီးက ဥပဒေအထောက်အကူပြုရှေ့နေရှိပုံမရသောအမှုများနှင့် ရားသူကြီးအားစိတ်ပြေငြင်စေသည့် ရှေ့နေတစ်ဦးဦးကို ထုတ်ပယ်ခြင်းအပေါ် သူတို့အား အမှုလွှဲအပ်မည်ကို ယုံကြည်မှုရှိသောအသိဖြင့် အမြဲအဆင်သင့်ရှိနေသည်။

[၃၀] ဥပမာအားဖြင့် L. Zimmer, Operation Pressure Point: *The Disruption of Street-level Drug Trade on New York's Lower East Side*, Occasional Paper (New York: Centre for Research in Crime and Justice, New York University School of Law, 1987) ကို ကြည့်ပါ။

[၃၁] ဤပုံစံကို by S. Choongh, *Policing as Social Discipline* (Oxford: Clarendon Press, 1997) က ထပ်မံ၍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့သည်။

[၃၂] ဥပမာအားဖြင့်J. Langbein, 'Understanding the Short History of Plea Bargaining' (1979) 13 *Law & Society Review* 261; M. Feeley, 'Plea Bargaining and the Structure of the Criminal Process' (1982) 73 *Journal of Justice Systems* 338; and L. Friedman, *Crime and Punishment in American History* (New York: Basic Books, 1993) ကို ကြည့်ပါ။

[၃၃] ဥပမာအားဖြင့် L. Mather, 'Comments on the History of Plea Bargaining' (1979) 13 *Law & Society Review* 282 ကိုကြည့်ပါ။

[၃၄] ဥပမာအားဖြင့် G. Fisher, *Plea Bargaining's Triumph: A History of Plea Bargaining in America* (Stanford, CA: Stanford University Press, 2003) ကိုကြည့်ပါ။

[၃၅] Friedman, see note 32 above, 67.

[၃၆] Feeley, see note 32 above, 349.

[၃၇] U. Baxi, 'The Craft of Disinterested History' (2006) 17 *King's College Law Journal* 155.

# ပါဝင်ရေးသားသူများမှတ်တမ်း

**Satnam Choongh -** ရရှိခဲ့သည့် ဘွဲ့ဂုဏ်ထူးများမှာ LLB (Warw)၊ DPhil (Oxon)၊ Final Pract. Cert. for the Bar of Eng. & Wales နှင့် Qualified Lawyers Transfer Exam တို့ ဖြစ်ကြသည်။ Dr Satnam Choongh သည် Hardwicke scholar နှင့် Sir Thomas Moore ပညာသင်ထောက်ပံ့ကြေးရရှိသူ တစ်ဦးဖြစ်ခဲ့သည့်နေရာ ဖြစ်သော Lincoln's Inn ၏ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ Satnam သည် ဘာမင်ဟမ်တက္ကသိုလ်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဥပဒေ ပညာသင်ကြားရေးစင်တာ၏ ပါမောက္ခနှင့် ညွှန်ကြားရေးမှူး၊ ဟောင်ကောင်တရုတ်တက္ကသိုလ် (Chinese University of Hong Kong) ၏ ပါမောက္ခ ဖြစ်သည်။ ရဲတပ်ဖွဲ့ဖြင့် တရားဥပဒေ စိုးမိုးရေးထိန်းသိမ်းခြင်းနှင့် လူမျိုးရေးအပေါ် အထူးအာရုံစိုက်သည့် လက်တွေ့မျက်မြင်အခြေပြု သုတေသနတွင် အတွေ့အကြုံ အများအပြား ရှိသည်။ သူသည် University of Warwickနှင့် ဟောင်ကောင်တရုတ်တက္ကသိုလ်တွင် သင်ကြားပို့ချခဲ့သည်။ သူသည် *Policing as Social Discipline (1997)* ၊ *Review of the Delay in the Criminal Justice System (1997)* ၊ *Improving Custodial Legal Advice* (with L. Bridges, 1998) ၊ *Ethnic Minority Defendants and the Right to Elect Jury Trial* (with L. Bridges and M. McConville, 2000)၊ နှင့် *Criminal Justice in China: An Empirical Inquiry* (with M. McConville, D. Wan Choy, W. Hong Chui, I. Dobinson and C. Jones, 2011) တို့ကိုရေးသားသူဖြစ်သည်။

**Wing Hong Chui (Eric) -** ရရှိခဲ့သည့် ဘွဲ့များမှာ B Social Work, the University of Hong Kong ၊ MPhil (Criminology) University of Cambridge နှင့် PhD (Criminology), University of Cambridge တို့ ဖြစ်ကြသည်။ Eric သည် အသုံးချလူမှုရေးသိပ္ပံပညာဌာန၊ City University Hong Kong ၏ ပါမောက္ခ ဖြစ်သည်။ ယခင်က University of Hong Kong အသုံးချလူမှုရေး သိပ္ပံပညာ မဟာဌာန၏ တွဲဖက် မဟာဌာနမှူး (ဘွဲ့ကြိုပညာရေး) နှင့် လူမှုရေးလုပ်ငန်းနှင့် လူမှုရေးစီမံခန့်ခွဲမှုဌာန၏ တွဲဖက် ပါမောက္ခ ဖြစ်ခဲ့သည်။ သူ၏လက်ရှိစိတ်ဝင်စားသော သုတေသနနယ်ပယ်သည် ပြစ်မှုကျူးလွန်သော လူငယ်များအတွက် ခံဝန်ချုပ်ဖြင့်နေထိုင်စဉ် ကြီးကြပ်ခြင်း၏ ထိရောက်မှုနှင့် ဟောင်ကောင်ရှိ ရှေ့နေများအပေါ် လူငယ်တရားခံများ၏ အမြင်များကို အထူး အလေးပေး လေ့လာခြင်း ဖြစ်သည်။ ထုတ်ဝေထားသောသူ့စာအုပ်များတွင် *Moving Probation Forward: Evidence, Arguments and Practice* (with M. Nellis, 2003)၊ *Social Work and Human Services Best Practice* (with J. Wilson, 2006)၊ *Criminal Justice in China: An Empirical Inquiry* (with M. McConville, S. Choongh, D. Wan Choy, I. Dobinson and C. Jones, 2011)၊ *The Hong Kong Legal System* (with S. Lo, 2012)၊ *School Social Work: Current Practice and Research* (2013)၊ *Responding to Youth Crime in Hong Kong: Penal Elitism, Legitimacy and Citizenship* (with M. Adorjan, 2014) တို့ ပါဝင်သည်။

**Ian Dobinson -** ရရှိခဲ့သည့် ဘွဲ့များမှာ BA/LLB (UNSW) နှင့် LLM (Hons) (Syd) တို့ ဖြစ်သည်။ Ian သည် ဆစ်ဒနီနည်းပညာ တက္ကသိုလ်၊ ဥပဒေမဟာဌာန၏ ဝါရင့်ကထိကဖြစ်သည်။ ဤအချိန် မတိုင်မီက သူသည် ဟောင်ကောင်၏ City University ၊ ဥပဒေကျောင်း၌ တွဲဖက်ပါမောက္ခ ဖြစ်ခဲ့သည်။ သူသည် Mitchell ကောလိပ်၊ Bathurst (ယခုအခါ Charles Sturt University) တွင် သင်ကြားပို့ချခဲ့ပြီး နယူးဆောက်ဝေးလ် ပြစ်မှုစာရင်းအင်းနှင့် သုတေသနဗျူရိုတွင် သုတေသန အရာရှိ ဖြစ်ခဲ့သည်။ Ian တွင် ပြစ်မှုဆိုင်ရာ ဥပဒေ၊ ပြစ်မှုဆိုင်ရာတရားစီရင်ရေးနှင့် ပြစ်မှုဗေဒ နယ်ပယ်များ၌ သင်ကြားရေးနှင့် သုတေသနအတွေ့အကြုံ အတော်များများ ရှိပြီး အရေအတွက် အခြေပြုနှင့် အရည်အသွေးအခြေပြု ဥပဒေ သုတေသနနည်းစနစ် နှစ်ခုစလုံးတွင် ကျွမ်းကျင်သည်။ ထုတ်ဝေထားသည့် သူ့စာအုပ်များတွင် *Criminal Justice in China: An Empirical Inquiry* (with M. McConville, S. Choongh, D. Wan Choy, W. Hong Chui and C. Jones, 2011)၊ '*The Guilty Plea: an Australian/Chinese Comparison'* in M. McConville and E. Pils (eds), *Comparative Perspectives on Criminal Justice in China* (2013)၊ နှင့် *'Doctors Who Kill or Harm Their Patients: the Australian Experience*' in A. Griffiths, D. Sanders and A. Sanders (eds), *Bioethics, Medicine and the Criminal Law Volume II* (2013) တို့ ပါဝင်သည်။

**Mark Findlay** - ရရှိခဲ့သည့် ဘွဲ့များမှာ BA, LLB (ANU)၊ DipCrim MSc (Edin) နှင့် LLM LLD (Nott) တို့ ဖြစ်သည်။ Mark သည် ဆစ်ဒနီတက္ကသိုလ်၊ ပြစ်မှုဗေဒအင်စတီကျူ့၏ ဒုတိယ ညွှန်ကြားရေးမှူးဖြစ်သည်။ လစ်(စ) တက္ကသိုလ် (University of Leeds)၊ ဥပဒေကျောင်း၌ အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာ တရားမျှတမှုဌာနတွင် အချိန်ပိုင်းပါမောက္ခအဖြစ် (၅) နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လန်ဒန်တက္ကသိုလ်၊ အဆင့်မြင့် ဥပဒေလေ့လာရေးအင်စတီကျူ့၌ သုတေသနအသင်း၏ ဝါရင့်အဖွဲ့ဝင် ဖြစ်ခဲ့သည်။ လက်ရှိအချိန်တွင် စင်္ကာပူစီမံခန့်ခွဲရေး တက္ကသိုလ်၌ ဥပဒေဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူ ထားသည်။ Mark သည် တည်ထောင်သူ ဥပဒေပါမောက္ခနှင့် ကျောင်း၏ ပထမဆုံးကျောင်းအုပ်အဖြစ် တောင်ပစိဖိတ်တက္ကသိုလ် (University of the South Pacific) ၌ ဥပဒေကျောင်းအသစ်ကို စတင်တည်ထောင်ခဲ့ပြီး ဟောင်ကောင် City University ၏ ဥပဒေဘာသာရပ်အစီအစဉ် စတင် တည်ထောင်ရာတွင်လည်း အရေးပါသောကဏ္ဍမှပါဝင်ခဲ့ကာ ယခုအခါ စင်္ကာပူရှိ ဒုတိယမြောက် ဥပဒေကျောင်း ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ရာတွင် ကူညီလျက်ရှိသည်။ သူသည် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားစီရင်ရေးကို ပုံဖော်ရာတွင် ကူညီလျက်ရှိသည့် WUN International and Comparative Criminal Justice Network ၏ တွဲဖက်ဥက္ကဋ္ဌ ဖြစ်သည်။ သူ့စာအုပ်များတွင် *Governing through Globalised Crime* (2008), *Transforming International Criminal Justice* (with R. Henham, 2010) နှင့် *Beyond Punishment-Analysing International Criminal Justice* (with R. Henham, 2012) တို့သည် အပြည်ပြည်ဆိုင်ရာတွင် ပြစ်ဒဏ်

ပေးခြင်းနှင့် မူလအတိုင်းပြန်လည်ထားရှိသည့် တရားစီရင်ရေးပုံစံတို့အကြား သင့်မြတ်အောင် ချိန်ညှိခြင်းကို အထောက်အပံ့ပြုပါသည်။

**Stephen Hall** - ရရှိခဲ့သည့် ဘွဲ့များမှာ LLB (Qld)၊ LLM (Technol Syd) နှင့် DPhil (Oxon) တို့ ဖြစ်ကြသည်။ ဩစတေးလျ တရားလွှတ်တော်တွင် ဝတ်လုံတော်ရရှေ့နေနှင့် နယူးဆောက်ဝေးလ် တရားရုံးချုပ်တွင် တရားရုံးရှေ့နေအဖြစ် ခွင့်ပြုထားသည်။ Stephen Hall သည် ယခင်က နယူးဆောက်ဝေးလ်(စ) တက္ကသိုလ်နှင့် ဟောင်ကောင် City University တို့တွင် သင်ကြားပို့ချခဲ့သည်။ သူ၏သုတေသန နယ်ပယ်နှင့် သင်ကြားရေး ကျွမ်းကျင်မှုများမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ဥရောပသမဂ္ဂဥပဒေ၊ ပဋိညာဉ်ဥပဒေ၊ သဘာဝတရားဥပဒေနှင့် အင်္ဂလိပ်ရိုးရာဥပဒေနှင့် စီမံခန့်ခွဲရေးဥပဒေတို့ ဖြစ်ကြသည်။ သူ့ကို ဩစတေးလျတွင် ဝတ်လုံတော်ရရှေ့နေနှင့် တရားရုံးရှေ့နေအဖြစ် ခွင့်ပြုထားပြီး ဩစတေးလျရှေ့နေချုပ်ဌာနတွင် ရှေ့နေအဖြစ်လုပ်ခဲ့သည်။ သူ၏ထုတ်ဝေထားသော အဓိကစာအုပ်များတွင် *Nationality, Migration Rights and Citizenship of the Union; International Law* (2006)၊ *Foundations of International Law* (2012)၊ *Principles of International Law* (2013)၊ *Ho and Hall's Hong Kong Contract Law* (with B. M. Ho, 2013) နှင့် *Law of Contract in Hong Kong: Cases and Commentary* (2015) တို့ ပါဝင်သည်။

**Ralph Henham** - နော့တင်ဟမ်ဥပဒေကျောင်းမှ ဖြစ်ပါသည်။ ဥပဒေသုတေသနစင်တာ၏ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးနှင့် သုတေသနအသင်း၏ အဖွဲ့ဝင် ဂုဏ်ထူးဆောင်ပါမောက္ခ ဖြစ်သည်။ Ralph သည် Mark Findlay နှင့်အတူ အပြည်ပြည်ဆိုင်ရာပြစ်မှုဆိုင်ရာစစ်ဆေးစီရင်မှု စီမံကိန်း၏ ပူးတွဲ တည်ထောင်သူ ဖြစ်သည်။ သူသည် ပြစ်ဒဏ်ပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအတွက် ကျယ်ပြန့်စွာထုတ်ဝေခဲ့ပြီး Mark Findlay နှင့်အတူ နောက်ခံအကြောင်းအရာတွင် နှိုင်းယှဉ်လေ့လာခြင်း၏ စံနမူနာကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့သည်။ ထုတ်ဝေထားသော သူ့စာအုပ်များတွင် *Punishment and Process in International Criminal Trials* (2005)၊ *Transforming International Criminal Justice: retributive and restorative justice in the trial process* (2005) နှင့် *Beyond Punishment: Achieving International Criminal Justice* (2010) (with M. Findlay)၊ *Sentencing and the Legitimacy of Trial Justice* (2011) နှင့် *Sentencing: Time for a Paradigm Shift* (2013) တို့ ပါဝင်သည်။

**Mark Israel** - ရရှိခဲ့သည့် ဘွဲ့များမှာ GradCertTertEd၊ MEdStud (Flin)၊ MPhil MA (Can tab) နှင့် DPhil (Oxon) တို့ ဖြစ်သည်။ Mark သည် University of Western Australia ၏ ဥပဒေနှင့်ပြစ်မှုဗေဒ ပါမောက္ခဖြစ်သည်။ သူသည် ဥပဒေ၊ လူမှုဗေဒ၊ ပြစ်မှုဗေဒနှင့် ပညာရေးတို့၌ ကျွမ်းကျင်ပြီး အောက်စဖို့ဒ်၊ ကင်းဘရစ်ချ်နှင့် ဖလင်ဒါးတက္ကသိုလ်များထံတွင် ပညာဆည်းပူးခဲ့သည်။ သူသည် အဆင့်မြင့် ပညာရေးမူဝါဒ၊ သုတေသနကျင့်ဝတ်များနှင့် ရိုးသားဖြောင့်မတ်ခြင်း၊ ပြစ်မှုဗေဒနှင့် လူမှုရေး-ဥပဒေလေ့လာမှုများ စသည့်နယ်ပယ်တို့တွင်စာအုပ်ထုတ်ဝေခဲ့သည်။

သူ့စာအုပ်များတွင် *Research Ethics and Integrity for Social Scientists: Beyond Regulatory Compliance* (2015) ပါဝင်သည်။ Mark သည် သင်ကြားရေးနှင့် သုတေသနဆိုင်ရာ ဆုများကို သြစတေးလျ ၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့မှ ရရှိခဲ့သည်။ သူသည် သုတေသနကျင့်ဝတ်များနှင့် ရိုးသားဖြောင့်မတ်ခြင်းဆိုင်ရာ အကြံပေးမှုများကို အစိုးရဌာနများ၊ အမျိုးသား သုတေသန ကောင်စီများနှင့် အေဂျင်စီများ၊ သြစတေးလျ၊ ဟောင်ကောင်၊ နယူးဇီလန်နှင့် ဗြိတိန်တို့၌ ရှိသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တက္ကသိုလ်များနှင့် ဥရောပ သုတေသနကောင်စီအတွက်ဆောင်ရွက်ခဲ့သည်။ ယခုအခါ သူသည် သြစတေးလျသုတေသန ကောင်စီကရန်ပုံငွေထောက်ပံ့သောစီမံကိန်းတွင် စုံစမ်းရေးမှူးချုပ်ဖြစ်ပြီး သုတေသနကျင့်ဝတ် ကော်မတီ၏ စည်းကမ်းထိန်းသိမ်းရေး နယ်ပယ်ချဲ့ထွင်ခြင်းကို စစ်ဆေးလေ့လာလျက်ရှိသည်။

**Francis Johns -** ရရှိခဲ့သည့် ဘွဲ့များမှာ BA (Hons) ၊ LLB, LLM (Syd) နှင့် MA(UTS) တို့ဖြစ်ကြသည်။ ကထိက၊ ဥပဒေပညာမဟာဌာန၊ ဆစ်ဒနီနည်းပညာတက္ကသိုလ် (University of Technology, Sydney (UTS)) အဖြစ်လည်း တာဝန်ထမ်းဆောင်သည်။ Francis သည် နည်းပညာ တက္ကသိုလ်တွင် ၂၀၀၂ခုနှစ် မှစတင်ကာ သင်ကြားပို့ချလျက်ရှိပြီး ဥပဒေနှင့် သတင်းအချက်အလက် သိပ္ပံ၌ အထူးကျွမ်းကျင်သည်။ ယခင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုမှာ Halsbury’s Laws of Australia ကို တည်းဖြတ်ခြင်းအပါအဝင် ဥပဒေစာတမ်းထုတ်ဝေခြင်း၊ အီလက်ထရောနစ် ထုတ်ကုန် လေ့ကျင့်သင်ကြားခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ စားသုံးသူ ဥပဒေသုတေသန အထောက် အကူပေးခြင်းနှင့် သြစတေးလျနှင့် နယူးဇီလန် ဈေးကွက်အတွက် LexisNexis ကို စီမံဆောင်ရွက်ပေးခြင်းတို့ဖြစ်သည်။ သူ့ထုတ်ဝေမှုများတွင် *Concise Legal Research* (with R. J. Watt, 2009) ပါဝင်သည်။

**Mike McConville -** ရရှိခဲ့သည့် ဘွဲ့များမှာ LLB (Lon) နှင့် PhD (Nottingham) ဖြစ်သည်။ Mike McConville သည် Chinese University of Hong Kong ၏ တည်ထောင်သူ ဥပဒေမဟာဌာနမှူး ဖြစ်ခဲ့ပြီး ယခုအခါ ဂုဏ်ထူးဆောင် ပါမောက္ခဖြစ်သည်။ Mike သည်ယခင်က University of Warwick၊ ဥပဒေကျောင်း၏ ကျောင်းအုပ်၊ Walter E. Meyer ပါမောက္ခ, New York University ဖြစ်ခဲ့သည်။ Mike သည် နှစ်သုံးဆယ်နီးပါးကြာ ဥပဒေ သုတေသနလုပ်ငန်းတွင် လုပ်ဆောင်ခဲ့ပြီး ဥပဒေ အကျိုးဆောင်ခြင်း၊ အသနားခံညှိနှိုင်းခြင်း၊ ဂျူရီများ၊ တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့ အင်အားသုံး၍ ထိန်းသိမ်းကြပ်မတ်ခြင်း၊ အနီးဝန်းကျင်စောင့်ကြည့်မှုနှင့် အမေရိကန် ဥပဒေသမိုင်း စသည့်အကြောင်းအရာများကို ကျယ်ပြန့်စွာ ရေးသားခဲ့သည်။ သူ့စာအုပ်များတွင် *Negotiated Justice* (with J. Baldwin, 1977) ၊ *Courts Prosecution and Conviction* (with J. Baldwin, 1981) ၊ *The Case for the Prosecution* (with A. Sanders and R. Leng, 1991); *Watching Police Watching Communities* (with D. Shepherd, 1992) ၊ *Standing Accused: The Organisation and Practices of Defence Solicitors in Britain* (with J. Hodgson, L. Bridges and A. Pavlovic, 1994) ၊ *Slippery Customers* (with M. Clarke and D. Smith, 1994) ၊ *Jury*

*Trials and Plea Bargaining* (with C. Mirsky, 2005) ၊ *Criminal Justice in China: An Empirical Inquiry* (with S. Choongh, D. Wan Choy, W. Hong Chui, I. Dobinson နှင့် C. Jones, 2011) ၊ Criminal Justice in China (with E. Pils, 2013) နှင့် *Criminal Judges* (with L. Marsh, 2014) တို့ ပါဝင်သည်။

**George Meszaros -** ရရှိခဲ့သည့် ဘွဲ့များမှာ BA Political Science (Sussex) ၊ M.Phil Latin American Studies (Glasgow) နှင့် PhD Sociology (LSE) တို့ ဖြစ်ကြသည်။ George သည် University of Warwick တွင် တွဲဖက်ပါမောက္ခဖြစ်ပြီး အများဆိုင်ဥပဒေ (ဗြိတိန်ရှိ ဥပဒေ ပြန်လည်သုံးသပ်ခြင်းအပေါ် အထူး အာရုံစိုက်ခြင်းနှင့်အတူ) နယ်ပယ်တွင် သုတေသနပြုကာ ရေးသားခဲ့သည်။ များမကြာသေးမီက သူ့သုတေသနအလေးပေးမှုမှာ မြေယာအခွင့်အရေးများ၊ လူမှုရေးလှုပ်ရှားမှုများနှင့် ဘရာဇီးလ်ကို ကိုးကား၍ ဥပဒေအပြောင်းအလဲ ယူဆချက်များ ဖြစ်ကြသည်။ သူ့ထုတ်ဝေမှုများတွင် *Judicial Review in Perspective* (with M. Sunkin and L. Bridges, 1995) ၊ *Landless People's Movements* (2008) ၊ *Social Movements, Law and the Politics Of Land Reform* (2013) တို့ ပါဝင်သည်။

**Michael Pendleton** သည် Murdoch University, Perth, Western Australia ၏ ဂုဏ်ထူးဆောင် ဥပဒေပါမောက္ခဖြစ်ပြီး လက်ရှိတွင်နယူးဇီလန်၊ University of Canterbury၊ ဥပဒေကျောင်းတွင် အချိန်ပိုင်းပါမောက္ခဖြစ်သည်။ သူ့ကို သြစတေးလျ၊ အင်္ဂလန်နှင့် ဝေးလ်(စ်)နှင့် ဟောင်ကောင် တို့တွင် ခုံသမာဓိ၊ ဖြန်ဖြေသူနှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ (ဂျနီဗာ) ၏ ဒိုမိန်းအမည် ခုံအဖွဲ့ဝင်အဖြစ် လက်ခံထားသည်။ Michael ကို ထိပ်တန်းဉာဏ ပစ္စည်းမူပိုင်ခွင့်ရှေ့နေအဖြစ် ဟောင်ကောင်၊ တရုတ်ပြည်မနှင့် သြစတေးလျတို့တွင် အသိအမှတ်ပြုထားသည်။ သူသည် အနောက်သြစတေးလျ ဥပဒေပြုပြင်ပြောင်းလဲရေးကော်မရှင်၏ ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ Michael သည် ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ပတ်သက်၍ စာအုပ်ပေါင်း (၁၂) အုပ်နှင့် စာတမ်းရာနှင့်ချီ၍ ရေးသားထုတ်ဝေခဲ့သည်။ သူ့ထုတ်ဝေမှုများတွင် *Intellectual Property Rights – Hong Kong SAR and PRC* (with J. Margolis and A. Lee, 2003) ၊ *Intellectual Property in Hong Kong* (with A. Lee, 2008) နှင့် *Intellectual Property Rights – Hong Kong SAR and PRC* (with J. Margolis and A. Lee, 2015) တို့ ပါဝင်သည်။

**Paul Roberts -** ရရှိခဲ့သည့် ဘွဲ့များမှာ BCL ၊ MA (Jurisprudence) (Oxon) နှင့် MPhil (Criminology) (Cantab) တို့ဖြစ်သည်။ Paul Roberts သည် နော့တင်းဟမ်တက္ကသိုလ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေသိပ္ပံပါမောက္ခ၊ နယူးဆောက်ဝေးလ်(စ်) တက္ကသိုလ်နှင့် ဘေကျင်းရှိ China University of Political Science and Law (CUPL) တွင် အချိန်ပိုင်းပါမောက္ခဖြစ်သည်။ သူသည် ပြစ်မှုဆိုင်ရာကျင့်ထုံးနှင့်သက်သေခံ၊ မှုခင်းသိပ္ပံ၊ ပြစ်မှု ဆိုင်ရာတရားစီရင်ရေးနှင့် ဥပဒေသီအိုရီ တို့ကို နှိုင်းယှဉ်မှုပြုခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒဿနရှုထောင့်အပေါ် အထူးဂရုပြု၍ သုသေတနပြုကာသင်ကြားပြသသည်။ သူသည် ပါရဂူဘွဲ့ သင်တန်းကျောင်းသားများကိုလည်း

သုတေသနနည်းလမ်းကို သင်ကြားပေးသည်။ စာရေးသားသူ သို့မဟုတ် တည်းဖြတ်သူအဖြစ် သူ၏ ကျယ်ပြန့်သောထုတ်ဝေမှုများတွင် *Criminal Evidence* (with A. Zuckerman, 2nd edn 2010)၊ *Theoretical Foundations of Criminal Trial Procedure* (2014) ၊ *Expert Evidence and Scientific Proof in Criminal Trials* (2014)၊ *Criminal Evidence and Human Rights* (with J. Hunter, 2012)၊ *The Logic of Forensic Proof: Inferential Reasoning in Criminal Evidence and Forensic Science* (with C. Aitken, 2014) နှင့် *Innovations in Evidence and Proof* (with M. Redmayne, 2007) တို့အပြင် စာတမ်းများ၊ အက်ဆေးများ၊ ဥပဒေ၊ ပြစ်မှုဗေဒ၊ ဒဿနိကဗေဒတို့တွင် မှတ်စုများနှင့် သုံးသပ်ချက်များ၊ မှုခင်းသိပ္ပံစာအုပ်များနှင့် ဂျာနယ်ပေါင်း တစ်ရာကျော်လည်း ပါဝင်သည်။

**Geoffery Wilson** (ကွယ်လွန်) - MA, LLB (Cantab) ဘွဲ့ကို ရရှိခဲ့ပြီး ယခင်က Law, University of Warwick ၏ ဂုဏ်ထူးဆောင်ပါမောက္ခနှင့် Queen's College Cambridge ၏အဖွဲ့ဝင် ဖြစ်သည်။ Geoffery Wilson သည် ဥပဒေအား ၎င်း၏လူမှုရေးနောက်ခံအကြောင်းအရာ၌ လေ့လာခြင်းကို ဦးဆုံး လေ့လာခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အင်္ဂလိပ်ဥပဒေစနစ်တို့တွင် ကျယ်ပြန့်စွာ ရေးသား ခဲ့ကာ ရှေးကျသော ယဉ်ကျေးမှုများပါဝင်သည့် နိုင်းယှဉ်လေ့လာမှုအခြေပြု သုတေသန ကိုလည်း လုပ်ဆောင်ခဲ့သည်။ သူ၏ အဓိကစာအုပ်များတွင် *Cases and Materials in Constitutional and Administrative Law* (1966)၊ *Cases and Materials on the English Legal System* (1973) နှင့် The *Handbook of the Criminal Justice Process* (with M. McConville, 2001) တို့ ပါဝင်သည်။

# ဝေါဟာရအဓိပ္ပာယ်

| | |
|---|---|
| Abstract phenomenon | သဘောတရားရေးရာဖြစ်ရပ် |
| Accidental sampling | မတော်တဆ နမူနာရွေးချယ်ခြင်း |
| Action research | ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှုအပေါ် စူးစမ်းလေ့လာသည့် သုတေသန |
| Actionable misrepresentation | အရေးယူနိုင်သောအလွဲတင်ပြခြင်း |
| Ad hoc tribunals | သီးခြားခုံရုံးများ |
| Administration law | စီမံခန့်ခွဲရေးဥပဒေ |
| Adversarial process | နှစ်ဖက်ရှေ့နေကခုခံလျှောက်လဲသည့် အချက်ပေါ်တွင်သာ တရားသူကြီးက ဆုံးဖြတ်ရသည့်လုပ်ငန်းစဉ် |
| Adversarial system | အင်္ဂလိပ်ရိုးရာဥပဒေစနစ်တွင် ကျင့်သုံးသော လျှောက်လဲပုံစနစ် |
| Advocacy tool | လူထုအကျိုးပြုစည်းရုံးတိုက်တွန်းသည့် လက်စွဲ |
| Approach | ချဉ်းကပ်နည်း |
| Australia Law Reform Commission | ဩစတေးလျဥပဒေပြုပြင်ပြောင်းလဲရေး ကော်မရှင် |
| Authoritative | ခိုင်လုံယုံကြည်လောက်သည့် |
| Authoritative resources | အခွင့်အာဏာအရင်းအမြစ်များ |
| Barristers | ဝတ်လုံတော်ရ ရှေ့နေများ |
| Best or good practice approach | အကောင်းဆုံး သို့မဟုတ် လိုက်နာဆောင်ရွက်ရမည့် စံနည်းလမ်း ချဉ်းကပ်နည်း |
| Bibliography | ကျမ်းကိုးစာရင်း |
| Bivariate descriptive | အချက်အလက်နှစ်ခုအား တွဲစပ် ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်ခြင်း |

| | |
|---|---|
| Black Letter Law | ပြည့်စုံလက်ခံပြီးဖြစ်သောဥပဒေနှင့် ဖြတ်ထုံးဥပဒေ |
| Boolean Search | အဓိကစကားလုံးနှင့် စကားဆက်သုံး အချက်အလက်ရှာဖွေနည်းဖြင့် ရှာဖွေခြင်း |
| British Home Office | ဗြိတိသျှ ပြည်ထဲရေးဌာနရုံး |
| Case Citators | အမှုအညွှန်းများ |
| Case law | စီရင်ထုံးဥပဒေ |
| Causal | ကျိုးကြောင်းဆက်နွှယ်သည့် ဒီဇိုင်း |
| Central tendency | ပျမ်းမျှ တန်ဖိုးဖြစ်လိုဟန်ရှိခြင်း |
| Circular reasoning | သံသရာလည် နေသည့် ကျိုးကြောင်းဆင်ခြင်ခြင်း |
| Civil Law system/ Code | ကိုဓဥပဒေ |
| Civil law | ပြည်တွင်းဥပဒေ/ တရားမဥပဒေ |
| Classical theory | ရှေးရိုးအယူအဆ |
| Code / Codex | ကိုဓဥပဒေကျမ်း |
| Codification | ဥပဒေများကို စနစ်တကျ စီစဉ်ပြဋ္ဌာန်းခြင်း |
| Colourable evasion | စစ်မှန်ခြင်းမှ သွေဖည်ခြင်း |
| Common law layer | အဂလိပ်ရိုးရာဥပဒေစနစ်ရှေ့နေ |
| Common Law system | အဂလိပ်ရိုးရာဥပဒေစနစ် |
| Common law | အင်္ဂလိပ်ရိုးရာဥပဒေ |
| Communicative model of consent | သဘောတူညီမှုကိုဆက်သွယ်သည့်ပုံစံ |
| Communitarian justifications | လူ့အသိုင်းအဝိုင်းက လက်ခံသည့် မျှတမှန်ကန်ကြောင်းပြသခြင်း |
| Comparative Law | နှိုင်းယှဉ်ဥပဒေ |
| Comparative legal research | နှိုင်းယှဉ်လေ့လာမှုအခြေပြု ဥပဒေ သုတေသန |
| Comparative | နှိုင်းယှဉ်လေ့လာသည့် |

| | |
|---|---|
| Compellability | သက်သေထွက်ဆိုခြင်း |
| Conceptual framework | အယူအဆ အခြေပြု မူဘောင် |
| Concluding report | အပြီးသတ်အစီရင်ခံစာ |
| Conflict of laws | ဥပဒေအချင်းချင်းပဋိပက္ခဖြစ်မှု |
| Conflicts of interest | အကျိုးစီးပွားဝိရောဓိ ဖြစ်မှု |
| Consent | သဘောတူညီချက် |
| Constitution | ဖွဲ့စည်းပုံခြေခံဥပဒေ |
| Constructivism | ကိုယ်တိုင် လေ့လာသင်ယူမှု ဝါဒ |
| Contextual appreciation | ပုဂ္ဂလဓိဋ္ဌာန်ကျသောအတွေ့အကြုံများ၏ ဆက်စပ်အကြောင်းအရာ |
| Contextual model | နောက်ခံအကြောင်းအရာစံနမူနာပုံစံ |
| Controversial | အငြင်းပွားဖွယ် |
| Convenience sampling | လက်သင့်ရာ နမူနာရွေးချယ်ခြင်း |
| cop a plea | ပြစ်ဒဏ်နည်းသည့်အမှုကို အပြစ်ရှိကြောင်း ဝန်ခံပြီး ပြစ်ဒဏ်များသည့်အမှုကို ကြားနာစစ်ဆေးခံမှု |
| Corporate law | ကုမ္ပဏီဥပဒေ |
| Cosmopolitanism | လူသားအားလုံး သာတူညီမျှရှိခြင်းဝါဒ |
| Court decision | တရားရုံးဆုံးဖြတ်ချက် |
| Courtroom workgroup | တရားရုံးလုပ်ငန်းအဖွဲ့ |
| Criminal justice | ပြစ်မှုဆိုင်ရာတရားမျှတမှု |
| Criminology | ပြစ်မှုဗေဒ |
| Critical legal studies | ဝေဖန်ဆန်းစစ်မှု အခြေပြု ဥပဒေလေ့လာမှုများ |

| | |
|---|---|
| Critical legal | ဝေဖန်ဆန်းစစ်ရေးဥပဒေဆိုင်ရာ |
| Cross-disciplinary | ပညာရပ်နယ်ပယ်တစ်ခုထက်ပိုသော |
| Cross-jurisdictional research | အခြားသောတရားစီရင်ပိုင်ခွင့် စနစ်များကို အပြန်အလှန် လေ့လာသည့် သုတေသန |
| Cross-sectional study | ဖြန့်ကျက်လေ့လာခြင်း |
| Crown Court | ရာဇဝတ်တရားရုံး |
| Current awareness service | လက်ရှိအသိပညာမြှင့်တင်ရေးဝန်ဆောင်မှု |
| Custody block | အချုပ်သားညှော်တွေ့ခန်း |
| Customary legal norm | ဓလေ့ထုံးတမ်း ဥပဒေစံနှုန်း |
| Database | အချက်အလက်စာရင်းစု |
| Dead bang cases | လွယ်ကူရှင်းလင်းသောအမှုများ |
| Dead law | သေဆုံးသွားပြီဖြစ်သော (အာဏာသက်ရောက်မှု မရှိသော) ဥပဒေ |
| Deductive reasoning | နှုတ်ယူဆင်ခြင်တွက်ဆမှု |
| Dependent variable | မှီခိုကိန်းရှင်/ လေ့လာသည့်အချက်အလက် |
| Descriptive | ခွဲခြမ်းစိတ်ဖြာသရုပ်ဖော်သည့် ဒီဇိုင်း |
| Discursive method | ဘာသာစကား လေ့လာသုံးသပ်သောနည်းလမ်း |
| Disjunction | သီးခြားစီဖြစ်ခြင်း |
| Doctoral research | ပါရဂူတန်းသုတေသန |
| Doctrinal analysis | အယူအဆအခြေပြုဆန်းစစ်လေ့လာမှု |
| Doctrinal legal scholarship | အယူအဆအခြေပြုဥပဒေပညာရပ် |
| Doctrinal research | အယူအဆအခြေပြုသုတေသန |
| Doctrinal | အယူအဆအခြေပြုသော |

| | |
|---|---|
| Doctrine of functional equivalents | လုပ်ငန်းဆောင်ရွက်နိုင်စွမ်းဆိုင်ရာတူညီမှု သဘောတရား |
| Doctrine of stare decisis | စီရင်ထုံးကိုလိုက်နာပြီး ဆုံးဖြတ်သော မူသဘောတရား |
| Doctrine | ဥပဒေမူသဘောတရား |
| Due Process | မျှတမှုရှိသော တရားရေးလုပ်ငန်းစဉ် |
| *effet utile* | *အဓိပ္ပာယ်ဖွင့်ဆိုခြင်း* |
| Empirical research | လက်တွေ့မျက်မြင်အခြေပြုသုတေသန |
| Empirical socio-legal studies | လက်တွေ့ မျက်မြင်အခြေပြု လူမှုဥပဒေ လေ့လာမှု |
| Empirical | လက်တွေ့မျက်မြင်အခြေပြုသော |
| English Law of Negligence | ပေါ့လျော့မှုဆိုင်ရာ အင်္ဂလိပ်ဥပဒေ |
| Epistemological | အတွေးအခေါ်ပညာရပ်နှင့်ဆိုင်သော |
| Erroneous assumption | မှားယွင်းနိုင်ခြေရှိသောယူဆချက် |
| Eternal Triangle of Intellectual Inquiry (ET) | ပညာရပ်ဆိုင်ရာစုံစမ်းစစ်ဆေးမှု၏ သုံးပွင့်ဆိုင်ချိတ်ဆက်မှု |
| Ethnographic research | လူမှုဓလေ့ထုံးတမ်းများအား သိပ္ပံနည်းကျ လေ့လာသည့် သုတေသန |
| Exclusivity | အမှုစစ်ဆေးခြင်း အကြောင်းအရာတွင် နစ်နာသူကို ဖယ်ထုတ်နိုင်သော အခြေအနေ |
| Explanatory design | ရှင်းလင်းပြသသည့် ဒီဇိုင်း |
| Explanatory | ရှင်းလင်းပြသသော |
| Exploratory | စူးစမ်းရှာဖွေလေ့လာသော |
| Factual issues | အကြောင်းခြင်းရာ ပြဿနာ/ အချက်အလက်ဆိုင်ရာ ပြဿနာ |

| | |
|---|---|
| Fair dealing | မျှတစွာ ဆက်ဆံခြင်း |
| Fairness | မျှတမှုရှိခြင်း |
| Family law | မိသားစုဆိုင်ရာ ဥပဒေ |
| Family of legal system | ဥပဒေစနစ်မိသားစု |
| Feminist legal studies | အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဥပဒေ လေ့လာမှုများ |
| First instance courts | မူလရုံးရုံး |
| Formalist approach | ထုံးပုံကျချဉ်းကပ်နည်း |
| Formative era | အမေရိကန်ဥပဒေပုံသွင်းသည့်ခေတ် |
| Free text search | စကားလုံး အကန့်အသတ်မဲ့ အချက်အလက်ရှာဖွေနည်း |
| Fringe of vagueness | မထင်ရှားမှုနယ်ပယ် |
| Frontier justice | ဥပဒေ ပြင်ပတရားစီရင်ခြင်း |
| Functionally equivalent | လုပ်ငန်းဆောင်ရွက်နိုင်စွမ်းအရ တူညီမှု |
| Gait analysis | လမ်းလျှောက်ဟန် လေ့လာဆန်းစစ်ခြင်း |
| General Rules | ယေဘုယျစည်းမျဉ်းများ |
| Good practice | လိုက်နာဆောင်ရွက်ရမည့်စံနည်းလမ်း |
| Graduate Law students | ဘွဲ့လွန်ဥပဒေကျောင်းသားများ |
| Grand theory | လူမှုရေးရာ ဖြစ်ရပ်မှန်များအား နားလည် သဘောပေါက်ရန် ဦးစားပေးဖော်ထုတ်ထားသည့် သီအိုရီ |
| Grounded theory | အချက်အလက်အခြေခံသီအိုရီ |
| Hard data | ကိန်းဂဏန်းအချက်အလက် |
| Harmonization of law | ဥပဒေအချင်းချင်းသဟဇာတဖြစ်မှု |

| | |
|---|---|
| Heuristic device | ကိုယ်တိုင်သင်ယူလေ့လာနိုင်သည့်ပစ္စည်း |
| Heuristic tool | ကိုယ်တိုင် သင်ယူလေ့လာနိုင်သည့် ယန္တရား/ကိရိယာ |
| Hierarchy | ရာထူးဂုဏ်သိမ်အဆင့်ဆင့် |
| High stakes | အန္တရာယ်ရှိသော စွန့်စားမှု |
| HRERP | လူ့အခွင့်အရေးဆိုင်ရာ ပညာရေးနှင့် သုတေသနစီမံကိန်း |
| Hybrid process | တရားသူကြီးသည် တရားခွင်တွင် နှစ်ဖက် ရှေ့နေက လျှောက်လဲသည့် အချက် သာမက တရားရုံးစစ်ဆေးမှု မတိုင်မီ အချိန် တွင်လည်းအချက်အလက်များကို စုံစမ်း နိုင်သည့် နည်းလမ်းပေါင်းစပ်ထားသော လုပ်ငန်းစဉ် |
| ICJ | အပြည်ပြည်ဆိုင်ရာတရားရုံး |
| In good faith | သဘောရိုးဖြင့် |
| Inclusivity | အမှုစစ်ဆေးခြင်း အကြောင်းအရာတွင် နစ်နာသူပါဝင်နိုင်သောအခြေအနေ |
| Independent Children Lawyers-ICLs | လွတ်လပ်သောကလေးသူငယ်ရှေ့နေများ |
| Independent variable | လွတ်ကိန်းရှင်/ဆက်စပ်သည့်အချက်အလက် |
| Inductive reasoning | ခြုံယူဆင်ခြင်မှုကို အသုံးပြုသော ဖယ်ထုတ်ခြင်းနည်းစနစ် |
| Inferential | သက်သေနှင့် ကျိုးကြောင်းဆင်ခြင်သုံးသပ်မှုအပေါ် အခြေခံကောက်ချက် ဆွဲထားသော |
| Information at base | သတင်းအချက် အလက်အခြေခံများ |
| Informed Imagination | ကြိုတင်သိရှိထားသောအကြောင်းအရာအား စိတ်ကူးမှန်းဆခြင်း |
| Inquisitorial system | စုံစမ်းစစ်မေးသည့်စနစ် |

| | |
|---|---|
| Instrumental approach | ဥပဒေကို ကိုယ်ပိုင်ပြဋ္ဌာန်းသည့် ချဉ်းကပ်မှု |
| Instruments | စာချုပ်စာတမ်းများ |
| Interested party | ပုဂ္ဂိုလ်ရေး အကျိုးစီးပွား ရှိနေသူ |
| International Law Commission | အပြည်ပြည်ဆိုင်ရာ ဥပဒေ ကော်မရှင် (ILC) |
| International | အပြည်ပြည် ဆိုင်ရာ |
| Interpretivism | အနက်အဓိပ္ပာယ်ဖော်ဆောင်မှုဝါဒ |
| Interviewer-administered questionnaires | အင်တာဗျူး မေးမြန်းသူကစီမံသည့် မေးခွန်းလွှာ |
| Issues of substance | သက်သေနှင့် ပတ်သက်သော ပြဿနာများ |
| Judgment | စီရင်ချက် |
| Judicial inductive reasoning | တရားစီရင်ရေးတွင်ခြုံယူဆင်ခြင်ခြင်း |
| Judicial notice | တရားစီရင်ရေးစည်းမျဉ်း |
| Judicial officer | တရားရေးအရာရှိ |
| Judicial reasoning | တရားစီရင်ရေးတွင်ကျိုးကြောင်းသင့်ဆင်ခြင်ပုံ |
| Jurisprudence | ဥပဒေသိပ္ပံပညာ |
| *Jus Commune* | *ဘုံဥပဒေ* |
| *jus gentium* | *အပြည်ပြည်ဆိုင်ရာဥပဒေ* |
| Justice | တရားမျှတမှု |
| Langdell | မူသဘောတရားအသစ်များကို ထွက်ပေါ်လာစေသည့် ယခင်အမှုများကို အလေးထားသင်ကြားသည့်နည်းစနစ် |
| *lato sensu* | *ယေဘုယျအားဖြင့်* |
| Law in actions | အကောင်အထည်ဖော် ကျင့်သုံးသည့် ဥပဒေ |
| Law in books | စာအုပ်ထဲက ဥပဒေ |

| | |
|---|---|
| Law in context | နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေနှင့် ဆက်စပ်၍ ဥပဒေကို လေ့လာမှု |
| Law review | ဥပဒေပြန်လည်သုံးသပ်ချက်စာစောင် |
| Legal argument | ဥပဒေဆိုင်ရာ လျှောက်လဲချက် |
| Legal formalism | ဥပဒေနည်းလမ်းအတိုင်းဆောင်ရွက်သောဝါဒ |
| Legal positivism | ပြုလုပ်ပြဋ္ဌာန်း ဥပဒေဝါဒ |
| Legal Realism | ဥပဒေ သရုပ်မှန်ဝါဒ |
| Legal realist | ဥပဒေဆိုင်ရာယထာဘူတဝါဒီ |
| Legal system | ဥပဒေစနစ် |
| Legalistic | ဥပဒေကြောင်းကိုတိတိကျကျလိုက်နာသော |
| Legislation | ဥပဒေပြုခြင်း/ ဥပဒေပြဋ္ဌာန်းခြင်း |
| Legislature | ဥပဒေပြုလွှတ်တော် |
| Level of confidence | ယုံကြည်လက်ခံနိုင်ဖွယ် အဆင့် |
| *Lex ferenda* | *အနာဂတ်တွင်ပြဋ္ဌာန်းကျင့်သုံးသင့်သည့်ဥပဒေ* |
| *Lex lata* | *ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် ဥပဒ* |
| Literal approach | မူရင်းစာတိုက်ရိုက်ချဉ်းကပ်နည်းလမ်း |
| Logical positivist | ကျိုးကြောင်းသင့် လက်တွေ့မျက်မြင်ဝါဒီ |
| Longitudinal study | ကာလအစဉ်အတိုင်းလေ့လာခြင်း |
| Material resources | ရုပ်ဝတ္ထုပစ္စည်း အရင်းအမြစ်များ |
| Matrimonial | အိမ်ထောင်ရေးဆိုင်ရာ |
| Macro-linguistic courtroom conversations | အပြန်အလှန်စကားပြောဆိုမှု တည်ဆောက်ပုံ၊ စကားလုံးအဓိပ္ပာယ်၊ အသံအနေအထား |
| Mean | ပျမ်းမျှကိန်း |

| | |
|---|---|
| Median | အလယ်ကိန်း |
| Mediation | ညှိနှိုင်းဖြန်ဖြေခြင်း |
| Meta-theory | မီတသီအိုရီ |
| Micro-linguistic courtroom conversations | တရားရုံး၌အပြန်အလှန်စကားပြောဆိုမှု တည်ဆောက်ပုံ၊ စကားလုံးအဓိပ္ပာယ်၊ အသံအနေအထား |
| Micro-representation | ဖွဲ့စည်းတည်ဆောက်ခြင်း ပုံစံငယ်တင်ပြမှု |
| Mock trial | အစမ်းလေ့ကျင့်သည့်တရားခွင် |
| Mode | ကြိမ်များကိန်း |
| Monograph | အသေးစိတ်လေ့လာချက်စာတမ်း |
| National Law | ပြည်တွင်းဥပဒေ |
| National orientation | နိုင်ငံကိုမျက်နှာမူခြင်း |
| Negotiated Justice | ဆွေးနွေး ညှိနှိုင်းသည့်တရားမျှတမှု |
| Nihilist | ဘုရားတရားမဲ့ဝါဒီ/ သုညဝါဒီ |
| Non-adversarial paradigm | တရားသူကြီးကဦးဆောင်၍ အမှုစစ်ဆေးသည့် နမူနာပုံစံ |
| Non-doctrinal approach | အယူအဆအခြေပြုမဟုတ်သောချဉ်းကပ်နည်း |
| Non-doctrinal | အယူအဆအခြေပြုမဟုတ်သော |
| Non-probability sampling | ဖြစ်နိုင်ခြေမညီမျှသည့် နမူနာရွေးချယ်ခြင်း |
| Normalization discourse | စံကျအောင်ပြုလုပ်ခြင်းဆိုင်ရာ ရေးသားချက် |
| Normalize | စံကျအောင်ပြုလုပ်သည် |
| Objectivism | လက်တွေ့ဝါဒ |
| Open texture | ဖွင့်ဟပေးထားသည့်အနေအထား |
| *opinio juris* | *ဥပဒေဆိုင်ရာတာဝန်ရှိမှုကို ယုံကြည်လက်ခံခြင်း* |

| | |
|---|---|
| Parody | ဟာသသဘောဖြင့်အတုခိုးမှု |
| Participant observation | ပါဝင်သူများအား စူးစမ်းလေ့လာခြင်း |
| Peer reviewed | ပညာရပ်နယ်ပယ်တူများမှ ပြန်လည်သုံးသပ်ချက် |
| Penology | ထောင်များကို စီမံအုပ်ချုပ်ခြင်း အတတ်ပညာ |
| Plea bargaining | အသနားခံ ညှိနှိုင်းခြင်း |
| Positive rights | ဥပဒေကပေးသောအခွင့်အရေး |
| Positivism | လက်တွေ့မျက်မြင်ဝါဒ |
| Post structural studies in Law | ဖွဲ့စည်းတည်ဆောက်ပုံအရေးပါမှုဝါဒကို ဆန့်ကျင်သော ဥပဒေလေ့လာမှု ပုံစံ |
| Postmodernist | မော်ဒန်ခေတ်လွန်ဝါဒီ |
| Pragmatic | လက်တွေ့ကျသော |
| Precedent | လိုက်နာကိုးကားရမည့် စီရင်ထုံးများ |
| Pre-trial witness interviewing – PTWI | တရားခွင်မတိုင်မီ သက်သေများအား အင်တာဗျူးခြင်း |
| Primary data | မူလအချက်အလက်အရင်းအမြစ် |
| Principles | စည်းမျဉ်းများ/ မူသဘောတရားများ |
| Private law | ပုဂ္ဂလိက ဥပဒေ |
| *Pro bono* | *အများပြည်သူအကျိုး* |
| Probation officers | ကလေးသူငယ်ကြီးကြပ်သူအရာရှိများ |
| Procedural Law | ကျင့်ထုံးဥပဒေ |
| Proceeding | အမှုတွဲ |
| Professionalization | အရည်အချင်းပြည့်ဝမှုဖြစ်စဉ် |
| Propositional style | တင်ပြချက်ရေးသားမှုပုံစံ |

| | |
|---|---|
| Prosecutor | အစိုးရရှေ့နေများ |
| Prospective research | အုပ်စုဖွဲ့အကြိမ်ကြိမ် လေ့လာသည့် သုတေသန |
| Psychological profilers | စိတ်ပညာဖြင့် ပြစ်မှုဖော်ထုတ်ခြင်း |
| Public international Law | အများဆိုင်အပြည်ပြည်ဆိုင်ရာ ဥပဒေ |
| Purposive sampling | ရည်ရွယ်ချက်ရှိရှိနမူနာရွေးချယ်ခြင်း |
| Quasi-legislative value | သဏ္ဍာန်ဆောင်ဥပဒေပြုတန်ဖိုး |
| Quota sampling | ခွဲတမ်းဖြင့် နမူနာရွေးချယ်ခြင်း |
| Randomised experiment | ပျံကျ လက်တွေ့စမ်းသပ်မှု |
| Rape myths | မုဒိမ်းကျင့်ခံရသူများက အပြစ်ရှိသည်ဟု မှားယွင်းသောယုံကြည်ချက် |
| Rape shield law | မုဒိမ်းမှုတွင် နစ်နာသူအား ကာကွယ်ရန်အတွက် တင်သွင်းလာသည့် သက်သေအချက်အလက်အား ကန့်သတ်သည့် ဥပဒေ |
| *ratio decidendi* | *တကယ့် အကြောင်းရင်းခံ* |
| Received wisdom | အစဉ်အလာဉာဏ်ပညာ |
| Relativist | သရုပ်မှန်ဝါဒီ |
| Representation | အမှုကိုယ်စားဆောင်ရွက်ပေးခြင်း/ အမှုလိုက်ပေးခြင်း |
| *res judicata* | *မီးသေဆုံးဖြတ်ချက်* |
| Research Excellence Framework – REF | ကောင်းမွန်သည့်သုတေသနမူဘောင် |
| Revelatory research | ဖြစ်စဉ်အသစ်များကို ရှာဖွေဖော်ထုတ်သည့် သုတေသန |
| Romano-Germanic system | ရောမ-ဂျာမန်ဥပဒေစနစ် |
| Rule of inference | ကောက်ချက်စည်းမျဉ်း |
| Rule | နည်းဥပဒေ/ စည်းမျဉ်း |

| | |
|---|---|
| Rule-based discipline | စည်းမျဉ်းအခြေခံထားသော ပညာရပ်နယ်ပယ် |
| Rulings | စီရင်ထုံးများ/ ပြဋ္ဌာန်းချက် |
| Second Speech Reading | ဥပဒေမူကြမ်း ဒုတိယအကြိမ်ဖတ်ကြားခြင်း |
| Secondary analysis | တဆင့်ခံအရင်းမြစ်များအား ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း |
| Secondary source | တဆင့်ခံရရှိသည့် အရင်းအမြစ် |
| Self-administered questionnaires | ဖြေဆိုသူကိုယ်တိုင် စီမံသည့် မေးခွန်းလွှာ |
| Semi-authoritative | တစ်စိတ်တပိုင်း တရားဝင်သည့် ထုတ်ပြန်ချက်များ |
| Semi-structured interview | တစ်စိတ်တစ်ပိုင်း ပြင်ဆင်ထားသည့် မေးခွန်းများဖြင့် အင်တာဗျူးမေးမြန်းခြင်း |
| Significant level | သိသာထင်ရှားမှု အဆင့် |
| Simple random sampling | ပုံကျနမူနာ လွယ်လင့်တကူ ကောက်ယူခြင်း |
| Snowball method | နှင်းဘော်လုံးနည်း နမူနာရွေးချယ်ခြင်း |
| Social actors | လူမှုအဖွဲ့အစည်းတွင် အဓိကပါဝင် လုပ်ဆောင်သူများ |
| Socio-legal research | လူမှုဥပဒေသုတေသန |
| Socio-legal studies | လူမှုဥပဒေလေ့လာမှုများ |
| Soft law | ပျော့ပျောင်းသော ဥပဒေ/ စည်းနှောင်အားနည်းသည့် ဥပဒေ |
| Solicitors | တရားရုံးရှေ့နေများ/အောက်တရားရုံးရှေ့နေများ |
| Speculation | ထင်မြင်ချက်များ |
| *stare decisis* | *စီရင်ထုံးများကို လိုက်နာ၍ ဆုံးဖြတ်ရမည် ဆိုသော မူသဘောတရား* |

| | |
|---|---|
| Statistical Package for the Social Sciences – SPSS | အချက်အလက် အများအပြားအား နည်းစနစ်တကျ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်နိုင်ရန်အလို့ငှာ လူမှုရေးသိပ္ပံပညာအတွက် စာရင်းအင်း ပညာ အသုံးချပရိုဂရမ် |
| Statutory law | ပြဋ္ဌာန်းဥပဒေ |
| Stepping stone approach | ကြားခံအဆင့်ချဉ်းကပ်မှု |
| Stratified sampling | အလွှာခွဲ၍ နမူနာရွေးချယ်ခြင်း |
| Structuration theory | လူမှုရေးစနစ်ဖွဲ့စည်းတည်ဆောက်ခြင်း သီအိုရီ |
| Subordinate legislation | တဆင့်ခံဥပဒေ |
| Substantive Law | ပင်ရင်းဥပဒေ |
| Superscript number | ထပ်ကိန်းပါ ကိန်းဂဏန်းအရေအတွက်ကို ဖော်ပြသည့် ဂဏန်း |
| Survey | စစ်တမ်းကောက်ယူခြင်း |
| Symbolic structure | လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ပြောဆိုဆက်သွယ်မှုသင်္ကေတမှတဆင့် တည်ဆောက်သည့် လူ့အဖွဲ့အစည်း |
| Systematic sampling | နည်းစနစ်တကျ နမူနာရွေးချယ်ခြင်း |
| Testimony | သီးသန့်သက်သေခံထွက်ဆိုချက် |
| The law common to all peoples | လူသားအားလုံးအတွက် ဘုံဥပဒေ |
| Theoretical | သဘောတရားဆိုင်ရာ |
| Theoretical method | သဘောတရားအခြေပြုနည်းလမ်း |
| Traditional legal doctrinal criticism | အစဉ်အလာ ဥပဒေအယူအဆဆိုင်ရာ ဝေဖန်ဆန်းစစ်ချက် |
| Traditional legal | အစဉ်အလာဥပဒေပညာ |
| *traités-contrat* | *ပြည်တွင်းဥပဒေအရ ပဋိညာဉ်* |

| | |
|---|---|
| *traités-lois* | *ဥပဒေပြုခြင်း/ ဥပဒေရေးဆွဲခြင်း* |
| Trial praxis | အမှုစစ်ဆေးခြင်း အလေ့အထ |
| Triangulation | သုံးနားညီစနစ် |
| Tribunal | ခုံရုံး |
| Undertaking | ကတိအာမခံချက် |
| Univariate descriptive | လက္ခဏာတစ်ရပ် သို့မဟုတ် အချက်အလက်တစ်ခုအပေါ် ခွဲခြမ်းစိတ်ဖြာ သရုပ်ဖော်ခြင်း |
| Universalist | အကောင်းမြင်ဝါဒီ |
| Valued-based approach | တန်ဖိုးအခြေပြု ချဉ်းကပ်မှု |
| Victim-complainant | နစ်နာသူ - တိုင်တန်းသူ |
| Victimology | ထိခိုက်နစ်နာသူများအား စိတ်ပညာသဘောဖြင့် လေ့လာခြင်း |
| VIWs | ခုခံနိုင်စွမ်းနည်းပါးပြီး ခြိမ်းခြောက် ခံထားရသည့် မျက်မြင်သက်သေများ |
| Voluntary Defenders' Committee | စေတနာ့ ဝန်ထမ်းတရားခံရှေ့နေများကော်မတီ |
| Wording | စကားအသုံးအနှုန်း |